# ဂန္ဓဝင် ဂိုဏ်းချုပ်

မိတ်ဆက်

ဒီဝတ္ထုရဲ့ မူရင်းစာရေးဆရာဟာ August Eagle, Ba Yue Fei Ying, 八月飞鹰, ဖြစ်ပြီးတော့...
မူရင်းနာမည်ဟာ History's Number 1 Founder ဖြစ်ပါတယ်။ အင်္ဂလိပ်လို ဘာသာပြန်သူကတော့ Sparrow ဖြစ်ပြီး မြန်မာဘာသာပြန် စာရေးဆရာကတော့ ကျွန်တော် မာစတာ ရှီးဖော်ပဲ ဖြစ်ပါတယ်။

လင်းဖုန်းဆိုတဲ့ လူတစ်ယောက်ဟာ
မှုလကောင်းကင်ဆိုတဲ့ ကျင့်ကြံမှု
ကမ္ဘာတစ်ခုကို အချိန်ခရီးသွားခဲ့ပြီး...
ဂန္ထဝင်ဂိုဏ်းချုပ် ဆိုတဲ့ စနစ်တစ်ခုကို
ရရှိခဲ့ကာ တခြားဝတ္ထုတွေထဲက
ဇာတ်လိုက်မင်းသားတွေကို
တပည့်အဖြစ်နဲ့ ဂျင်းလိုက်ထည့်ကာ
သိုင်းဂိုဏ်းတစ်ဂိုဏ်း တည်ထောင်တဲ့
အကြောင်းကို ဖတ်ရှုရမှာပါ။

## ဇာတ်လမ်းအကျဉ်း

လင်းဖုန်းဟာ အချိန်ခရီးသွားခဲ့ပြီး
စနစ်တစ်ခုကို ရရှိခဲ့ပေမယ့်
သူ့ရဲ့ဖိအားတွေဟာ
တောင်လိုပဲကြီးမားပါတယ်။

"စနစ်ရဲ့ အဓိကမစ်ရှင်"

လင်းဖုန်းဟာ ဂိုဏ်းတစ်ဂိုဏ်းကို
တည်ထောင်ရမှာပါ။ အဲ့ဒီဂိုဏ်းလဲ
ဒီကမ္ဘာမှာ သမိုင်းဝင်နံပါတ်တစ်ဂိုဏ်း
ဖြစ်လာရမယ်။ လင်းဖုန်းကလဲ
အဲ့ဒီဂိုဏ်းရဲ့ သမိုင်းဝင်ဂန္တဝင်ဂိုဏ်းချုပ်
ဖြစ်လာရမယ်လေ။

ဒီလိုမျိုး သမိုင်းဝင်ဂန္တဝင်ဂိုဏ်းချုပ် တစ်ယောက်ဖြစ်လာအောင် လင်းဖုန်းဟာ အပြင်းအထန်ပဲ ကြိုးစားရပါတော့တယ်။

"မင်းရဲ့နာမည်က ရှီဟောင်လား? မင်းလေးဟာ ဘုရင့်အနွယ်ဝင်ဖြစ်ပေမယ့် ဝမ်းကွဲညီအကိုရဲ့ အနိုင်ကျင့်တာကို ခံလိုက်ရတယ်။ အခုတော့ မင်းအဖေ ထားထားတဲ့ ရွာငယ်လေးမှာ နေနေရပြီ။ လာ လာ လာ လာ..ဆရာသခင်နားလာခဲ့…

တရားခံတွေဆီမှာ တရားမျှတမှုကို ပြန်တောင်းရမယ်။

"မင်းရဲ့နာမည်က ရှောင်ယန်လား?"
အတိတ်က
ပါရမီရှင်လေးတစ်ယောက်...
အခုတော့ အရှုံးသမားလေး ဖြစ်နေရပြီ။
မင်းရဲ့ ဇနီးလောင်းကတောင်
စေ့စပ်ပွဲကို လာဖျက်သိမ်းပြီး
အရှက်ခွဲသွားတယ်။ လာ လာ လာ
လာ..ဆရာသခင်နားလာခဲ့...
မြေနိမ့်ရာမှာ လှံစိုက်လို့
မရဘူးဆိုတာကို

ဒီကောင်မလေးသိအောင် ကောင်း
ကောင်းပညာပေးရမယ်။

"မင်းရဲ့နာမည်က ဇူရီလား?"
မင်းအဖေအမတ်ရဲ့ဖိနှိပ်ခြင်းကို
ခံနေရတဲ့ ပြဿနာကောင်
ကလေးလေး... မင်းအမေကလဲ
သူတော်စင်ဖြစ်ပေမယ့်
အသတ်ခံလိုက်ရတယ်။ လာ လာ လာ
လာ.. ဆရာသခင်နားလာခဲ့...
လက်ရုံးရည်ထက် နှလုံးရည်က
သာတယ်ဆိုတာ မင်းအဖေသိအောင်
ပြောပြရမယ်။

# စာစဉ် ၁ : အပိုင်း ၁

## အပိုင်း ၁ : အလိမ်အညာ စနစ်

သန်းခေါင်ယံညဟာ
မှောင်မည်းနေခဲ့ပေမယ်…
အဆုံးအစမရှိတဲ့ တောင်တန်းကြီးဟာ
တိတ်ဆိတ်လို့ မနေခဲ့ပါဘူး။
ကြမ်းတမ်းရက်စက်တဲ့
သားရဲကောင်တွေဟာ
ပုန်းလျှိုးကွယ်လျှိုးနဲ့
ခိုအောင်းချောင်းမြောင်း

နေကြတယ်လေ… မိုးကြိုးလိုမျိုး
ဟိန်းဟောက်သံတွေဟာ
တောင်တန်းတွေကို
တုန်ခါသွားစေပြီး… တောအုပ်တွေကို
လှုပ်ယမ်းသွားစေခဲ့ပါတယ်…
သစ်ရွက်တွေဟာလည်း
တဖြုတ်ဖြုတ်နဲ့ ကြွေကျကာ
လာခဲ့ပြီလေ။

နောက်ထပ်တစ်ခေါက် သားရဲတွေဟာ
အော်မြည်လိုက်ကြပါပြီ…
လင်းဖုန်းဟာ
သူ့ရဲ့ပခုံးကိုတွန့်လိုက်ပြီး…

သူ့ရဲ့ကိုယ်ပေါ်မှာ ကြွေကျနေတဲ့
သစ်ရွက်တွေကို ခါချလိုက်ပါတယ်…
မှောင်မိုက်နေတဲ့
တောင်စဥ့်တောင်တန်းတွေကို
ကြည့်လိုက်ပြီး ရင်ထဲကနေပဲ
သက်ပြင်းတစ်ချက်ကို ချလိုက်ပါပြီ…
ဟင်း… ဒီနေရာက ကမ္ဘာမြေနဲ့
တကယ်ကိုပဲ ကွဲပြားလှပါတယ်။

လင်းဖုန်းဟာ
သစ်ပင်တစ်ပင်အောက်မှာ
အညောင်းပြေ အညာပြေ
လမ်းလျှောက်နေရာကနေ

ထိုင်လိုက်ပါတယ်... အရိုင်းဆန်တဲ့
ဆယ်ကျော်သက် တစ်ချို့ဟာ သူ့ကို
အထင်သေးတဲ့ အကြည့်တွေနဲ့
ကြည့်နေကြတယ်လေ။
အနည်းငယ်ဝတဲ့
ကောင်လေးတစ်ယောက်ဟာ သူ့ဆီကို
အော်ပြောလိုက်ပါပြီ... "ဟေ့...
မင်းလိုမျိုး အပြင်လူကို ငါတို့က
စားဖို့သက်သက်
ခေါ်ထားတာမဟုတ်ဘူး...
မြန်မြန်အလုပ်သွားလုပ်ကွ!"

လင်းဖုန်းကလဲ
သတိပြန်ဝင်လာခဲ့ပါတယ်…
ဘာမှမပြောပဲနဲ့ မတ်တတ်ရပ်လိုက်ပြီး
ဖုက်ဖက်ခါလိုက်ကာ
ထွက်သွားခဲ့ပြီလေ။

သူ့ရဲ့အနောက်မှာ ဖက်တီးလေးက
နှာမှုတ်လိုက်ပါတယ်… "ဟွန့်…
အသုံးမကျတဲ့ အမှိုက်ပဲဟ…
ကိုယ်ခန္ဓာစွမ်းအင်က
ကလေးတစ်ယောက်ကိုတောင်
မယှဉ်နိုင်ဘူး… သူ့ကို
တောင်တွေထဲကို ပစ်လိုက်ပြီး

သားရဲစာကျွေးလိုက်ရင်
ကောင်းမယ်ထင်တယ်ကွ!"

လင်းဖုန်းရဲ့ နှုတ်ခမ်းလေးတွေဟာ
တွန့်သွားခဲ့ပါပြီ... ဟော့...ငါကဒီကို
မထင်မှတ်ပဲရောက်လာတဲ့
ကမ္ဘာဂြိုလ်သားလေးပါဟ...
မင်းတို့လိုမျိုး တိရိစ္ဆာန်လေးတွေရဲ့
စွမ်းအားနဲ့တော့ ယှဉ်လို့
ဘယ်ရပါ့မလဲကွာ။

ဒီမူလကောင်းကင် ကမ္ဘာဟာ… ကျင့်ကြံသူတွေ အုပ်စိုးတဲ့ ကမ္ဘာတစ်ခု ဖြစ်ပါတယ်။

အခု သူရောက်နေတဲ့ ဝံပုလွေကျေးရွာ ဆိုတာက… ကျယ်ပြောလှတဲ့ တောင်တန်းကြီးတွေ အကြားက ရွာငယ်လေး တစ်ရွာသာ ဖြစ်ပါတယ်။ သူတို့ဆီမှာတော့ ကျင့်ကြံသူတွေ မရှိပါဘူး… ဒါပေမဲ့ ရွာသားတွေ အကုန်လုံးဟာ သိုင်းပညာကို ကြိုးကြိုးစားစား လေ့ကျင့်ကြပြီး သူတို့ရဲ့စွမ်းအားတွေကို

တိုးတက်အောင်
ပြုလုပ်ကြတယ်လေ… မိန်းမနဲ့
ကလေးတွေတောင်မှ မကျန်ပါဘူး။

ဒါမှသာ… သူတို့ဟာ
ရက်စက်ကြမ်းကြုတ်တဲ့ သားရဲတွေ
သောင်းကျန်းပြီး…
ရေးဟောင်းသားရဲတွေရဲ့
မျိုးဆက်တွေတောင်
ကျင်လည်ကျက်စားတတ်တဲ့
ဒီကမ္ဘာကြီးမှာ အသက်ဆက်ရှင်
နေနိုင်မှာပဲ ဖြစ်ပါတယ်။

အခုအချိန်မှာလိုပဲပေါ့...
ညသန်းခေါင်ယံ အချိန်တောင်
ရောက်နေပေမယ့်လဲ... ကျေးရွာက
လူငယ်လူရွယ်တွေဟာ
တောင်ကြားထဲကို သွားပြီးတော့
အမဲလိုက်နေရဆဲပဲ ဖြစ်ပါတယ်။
သားရဲအများစုဟာ ညအချိန်မှာ
ထွက်လာပြီး
ကျင်လည်ကျက်စားကြတယ်လေ...
ညအချိန်မှာ တောင်တန်းတွေရဲ့
အကြားကို ဝင်ရတာဟာ အန္တရာယ်
ကြီးမားပေမယ့်...
အကျိုးအမြတ်ကတော့ ပိုလို့တောင်
ကြီးမားပါသေးတယ်။

ရွာသားတွေကလဲ ဒီလိုဘဝမျိုးနဲ့
နေသားကျနေကြပါပြီ။ ရွာထဲက
ကလေးတွေကလဲ
မအိပ်ကြသေးပါဘူး... စုဝေးနေကြပြီး
တစ်ယောက်နဲ့တစ်ယောက် ယှဥ်ပြိုင်
ဆော့ကစားနေကြကာ...
သူတို့ရဲ့အိမ်က လူကြီးတွေရဲ့
ပြန်အလာကို
စောင့်မျှော်နေကြပါတယ်။

နှပ်ချေးတွဲလောင်းနဲ့
ကလေးတွေဟာ... အလေးချိန်

၁၀၀ဂျင်ရှိတဲ့ ကျောက်တုံးတွေကို ကလေးကစားစရာလိုမျိုး သာမာန်ပဲ ဆော့ကစားနေကြတယ်လေ။ ဆယ်ကျော်သက် တစ်အုပ်စုကတော့ ရွာထဲက အလေးချိန် ဂျင်၁၀၀၀ရှိတဲ့ ဆေးအိုးကြီးကို ဘယ်သူမနိုင်သလဲဆိုတာကို ပြိုင်ဆိုင်နေကြပါတယ်။ (၁ဂျင် = ၀.၅ကီလိုဂရမ်= ၁.၁ပေါင်… ကျောက်တုံးတွေဟာ ပေါင်၁၁၀ရှိပြီး ဆေးအိုးကတော့ ပေါင် ၁၁၀၀ရှိပါတယ်)

လင်းဖုန်းဟာ တိရိစ္ဆာန်လေး
တစ်အုပ်စုကို ကြည့်လိုက်ပြီး…
တိတ်တခိုးလေးပဲ သက်ပြင်းတစ်ချက်
ချလိုက်ပါတယ်။ သူတို့လေးတွေနဲ့
ခွန်အားချင်း ယှဥ်လိုက်ရင်တော့
သူဟာ တကယ်ကိုပဲ အမှိုက်နဲ့
တူနေတယ်လေ။

ဒါပေမဲ့လည်း ဒါဟာ လင်းဖုန်းကို
စိတ်ဓာတ်မကျစေခဲ့ပါဘူး…
ဘာဖြစ်လို့လဲဆိုတော့
သူဟာနောက်ကွယ်မှာ ရုံဖန်ရုံခါ
အတင်းအတုတ် ခံနေရပေမဲ့…

ဒီဝံပုလွေကျေးရွာဆိုတဲ့ ရွာငယ်လေးမှာ ယာယီနေနိုင်ဖို့အတွက် သူ့ရဲ့ချိုသာတဲ့ စကားပြောစွမ်းရည်ကို အသုံးပြုထားတယ်လေ။ ဒါပေမယ့် သူ့ရဲ့ခေါင်းထဲကို ရောက်ရောက်လာတဲ့ အကြောင်းအရာတစ်ခု အကြောင်းကို စဥ်းစားမိလိုက်တိုင်း သူ့ရဲ့ဘောတွေဟာ အောင့်အောင့်လို့ လာခဲ့ပါပြီ။

ဂန္ထဝင်ဂိုဏ်းချုပ်စနစ်

အစပထမကတော့ လင်းဖုန်းဟာ မယုံနိုင်စရာ ကောင်းလောက်အောင် ပျော်ရွှင်လို့ နေခဲ့ပါတယ်... အာကာသ ခရီးသွားတွေရဲ့ အကျိုးအမြတ်တွေကို စဉ်းစားနေလို့ပါ... ဒါပေမဲ့ ဒီစနစ်ကြီးရဲ့ ပထမဆုံးသော ရှင်းပြချက်ကို ကြားရပြီးတဲ့ အချိန်မှာတော့ သူ့ရဲ့နှလုံးသားလေးဟာ အေးစက်လို့ သွားခဲ့ပြီလေ။

"စနစ်၏ အဓိကမစ်ရှင် : သင်ဟာ ဂိုဏ်းတစ်ဂိုဏ်းကို တည်ထောင်ရမယ်... ဒီကမ္ဘာရဲ့

နံပါတ်တစ်ဂိုဏ်း ဖြစ်လာအောင်လဲ
ပြုစုပျိုးထောင်ရမယ်… သင်ကလဲ
နံပါတ်တစ် ဂန္ထဝင်ဂိုဏ်းချုပ်
ဖြစ်လာရမယ်။

"အဓိကမစ်ရှင်ကို အဆင့်ပေါင်းများစွာ
ခွဲထားပါတယ်…
အဆင့်တစ်ခုချင်းစီကိုလဲ
သတ်မှတ်ထားတဲ့ အချိန်အတွင်းမှာ
ပြီးမြောက်ရမယ်။ တကယ်လို့များ
ကန့်သတ်ထားတဲ့ အချိန်အတွင်းမှာ
တာဝန်တွေကို မပြီးဆုံးခဲ့ရင်… သင့်ကို
တိုက်ရိုက်သုတ်သင်ပါမယ်!"

လင်းဖုန်းဟာ စနစ်ကြီးရဲ့
ရှင်းပြချက်တွေကို
ကြည့်နေခဲ့ပါတယ်... အထူးသဖြင့်
"သင့်ကိုတိုက်ရိုက် သုတ်သင်ပါမယ်"
ဆိုတဲ့ နောက်ဆုံးစာသားကိုပါ။
နောက်ဆုံးမှာတော့ သူ့ရဲ့
သွားကြားထဲကနေ စကားလုံးအချို့ကို
ဖျစ်ညှစ်ပြီး ပြောလိုက်ပါပြီ...
"ငါလခွီးပဲကွာ...
နင့်မေကလွှားတဲ့မှပဲ!"

သူ့ရဲ့ ဒေါသအိုးလေး ပေါက်ကွဲလို့
အပြီးမှာတော့… လင်းဖုန်းဟာ
ကူရာမဲ့စွာနဲ့ပဲ မစ်ရှင်ရဲ့အသေးစိတ်ကို
ဖတ်ကြည့်လိုက်ပါတော့တယ်။
သူ့ကိုတကယ်ပဲ
တိုက်ရိုက်သုတ်သင်မလား ဆိုတာကို
စမ်းကြည့်ဖို့အတွက်တော့…
စနစ်ကြီးကို စိန်ခေါ်ဖို့
မပြင်ဆင်ရသေးပါဘူး။ သူက
ဒီကမ္ဘာကို အခုမှ
ရောက်လာခဲ့တာလေ…
ဖင်ပူအောင်တောင်
မထိုင်ရသေးပါဘူး…

နောက်ထပ်တစ်ခေါက်တော့
မသေချင်သေးဘူးလေ။

အဓိကမစ်ရှင် အမှတ် ၁ -
တပည့်လေးယောက် လက်ခံပါ။

မစ်ရှင်၏
အသေးစိတ်အချက်အလက်များ :
တကယ်လို့များ မင်းဟာ
လေလွင့်နေတဲ့ တစ်ကိုယ်တော်
ကျင့်ကြံသူ ဖြစ်မယ်ဆိုရင်တောင်မှပဲ…
မင်းရဲ့ အမွေအနှစ်တွေကို
လက်ဆင့်ကမ်းဖို့ဆိုရင်…

တပည့်သာဝကတွေကို
လက်ခံဖို့လိုအပ်တယ်။
ဂိုဏ်းတစ်ဂိုဏ်းရဲ့
အရေးအကြီးဆုံးအင်အားဟာ...
အမြဲတစေ လူအင်အားပဲဖြစ်တယ်။
နာမည်ကြီးဆရာတွေဟာ
ထူးချွန်ပြောင်မြောက်တဲ့တပည့်တွေကို
မွေးထုတ်ပေးနိုင်တယ်...
နာမည်ကြီးဆရာ တစ်ယောက်ကို
တွေ့ဖို့ခက်ခဲ့တယ်...
ထူးချွန်ပြောင်မြောက်တဲ့
တပည့်တစ်ယောက်ကို တွေ့ဖို့ကတော့
ပိုပြီးတော့ခက်ခဲတယ်လေ။

မစ်ရှင်၏ အချိန်ကန့်သတ်ချက် :
တစ်နှစ်… တကယ်လို့များ
သတ်မှတ်ချိန်အတွင်း
မပြီးမြောက်ခဲ့လျှင်… သင့်ကို
တိုက်ရိုက်သုတ်သင်ပါမည်။

"ဟာကွာ…ချီးထုတ်ပဲ!" လင်းဖုန်းဟာ
သက်ပြင်းပူကြီး တစ်ခုကို
မှုတ်ထုတ်လိုက်ပါပြီ။ ငါကအခုမှ
အာကာသကြီးကိုဖြတ်ပြီး
ခရီးသွားလာခဲ့တဲ့
မျက်နှာသစ်လေးပါ… ပန်းပွင့်လေး
တစ်ပွင့်လို နူးညံ့လှပါတယ်ဗျာ။

စွမ်းအားကြီးတဲ့ ဆရာတစ်ယောက်ကို ရှာပြီး ခြေသလုံးဖက်ရမယ့်လူဆိုရင် ကျုပ်ပဲဖြစ်သင့်တာပေါ့... ဟုတ်တယ် မဟုတ်ဘူးလားဗျာ?

ဘရိုစနစ်ကြီးရာ... ကျုပ်က တပည့်တွေကို လက်ခံဖို့ဆိုရင် အနည်းဆုံးတော့ ခင်ဗျားက လှို့ဝှက်ကျမ်းစာလေး တစ်စောင်လောက်တော့ မစမှ ဖြစ်မှာပေါ့ဗျာ။ ကျုပ်မှာက ဘာမှမရှိဘူးလေ... ဦးနှောက်ဗလာနဲ့ ခင်ဗျားကကျုပ်ကို

ဘာများသင်ခိုင်းစေချင်တာလဲ?
စကားချိုချိုလေးနဲ့ ရွှီးရွှမ်းဖြိုးဖြန်းပြီး
ဂျင်းထည့်ရမှာလားဗျာ?

ပိုပြီးတော့ ချီးထုတ်ကျတာက...
စနစ်ကြီးဟာ မျက်နှာသစ်လက်ဆောင်
ပေးမယ်လို့ သေသေချာချာ
ပြောထားခဲ့ပါရက်နဲ့...
လက်ဆောင်စနစ်မှာ
ချို့ယွင်းချက်လေးတစ်ခု
ပေါ်ပေါက်လာလို့ဆိုပြီး...
နောက်ကျနေခဲ့တဲ့
မျက်နှာသစ်လက်ဆောင်ပဲ

ဖြစ်ပါတယ်… လင်းဖုန်းလေးဟာ
ဒီချီးထုတ်ထက်ပိုပြီး
ချီးထုတ်ကျတာကတော့
မရှိနိုင်တော့ပါဘူးဆိုပြီး
သက်ပြင်းလေးသာ
ချနိုင်ပါတော့တယ်။

ပွင့်သွားပြီဖြစ်တဲ့
ကုန်သွယ်မှုစနစ်မှာတော့
ပစ္စည်းကောင်းလေးတွေ
အများကြီးရှိပါတယ်…ဖြေဆေးတွေ…
မှော်လက်နက်တွေ… ကျမ်းစာတွေ…
နည်းစနစ်တွေပါ။ မရှိတာဆိုလို့

ဘာမှကို မရှိပါဘူး… သင်မစဥ်းစားနိုင်လောက်အောင်ပါပဲ။

ပြဿနာကတော့… ဒီအိုင်တမ်တွေအားလုံးဟာ ကုန်သွယ်မှုအမှတ်တွေနဲ့ ဝယ်ရတာပါ… လက်ရှိအချိန်မှာတော့ လင်းဖုန်းက ကုန်သွယ်မှုအမှတ် တစ်မှတ်မှ မရှိသေးပါဘူး… မျက်လုံးလေး ကလယ်ကလယ်နဲ့ပဲ စနစ်ကြီးကို စိုက်ကြည့်နေရုံပဲ တတ်နိုင်ပါတော့တယ်။

လင်းဖုန်းဟာ ဒီစနစ်ကြီးကို
မေတ္တာပို့သနေဆဲမှာပဲ ရွာအဝင်ဝမှာ
ရုတ်ရုတ်သဲသဲ ဖြစ်သွားကြပါတယ်။
ကြည့်ရတာတော့
အမဲလိုက်တဲ့အဖွဲ့တွေ
ပြန်ရောက်လာကြပြီနဲ့ တူပါတယ်။

အပေါက်ဝမှာ စောင့်နေကြတဲ့
ဆယ်ကျော်သက်တွေဟာ
ပျော်ရွှင်စွာနဲ့ပဲ ခရီးဦးကြို
ပြုလိုက်ကြပါတယ်။ လင်းဖုန်းကတော့
အမူအရာ ကင်းမဲ့စွာနဲ့ပဲ
ကြည့်လိုက်တယ်လေ… ဒါပေမဲ့လည်း

တောလိုက်ရာကနေ
ပြန်လာကြတဲ့သူတွေဟာ
လက်ဗလာနဲ့ပဲ ပြန်လာကြတာကို
အံ့အားသင့်ဖွယ်ရာ
တွေ့ရှိလိုက်ရပါတယ်။
သားကောင်တွေ မပါလာကြတာကို
မပြောနဲ့… သူတို့တတွေရဲ့
လက်နက်တွေတောင်
မရှိကြတော့ပါဘူး။

လင်းဖုန်းရဲ့
နှုတ်ခမ်းထောင့်စွန်းတွေဟာ
ကျိတ်ပြုံးတစ်ခုအဖြစ်

တွန့်သွားခဲ့ပါပြီ... "အင်း...
ကြည့်ရတာတော့
ဇာတ်လမ်းကောင်းလေး တစ်ပုဒ်ကို
နားထောင်ရတော့မယ်နဲ့ တူပါတယ်..."
စဉ်းစားနေရင်းနဲ့ပဲ သူဟာ
ရှာပေါက်ဝက လူအုပ်စုဆီကို
လျှောက်သွားလိုက်ပါတော့တယ်။

အနားမရောက်ခင်မှာကိုပဲ
တစ်စုံတစ်ယောက်က ဒေါသကြီးစွာနဲ့
အော်ဟစ်နေတာကို
ကြားလိုက်ရပြီလေ..."တောက်...
လန်ဖုန်းလေးက ငါတို့

ဝံပုလွေကျေးရွာရဲ့
မျှော်လင့်ချက်လေကွာ။ အခုတော့
ကျောက်ခေတ်ကျေးရွာက
လူတွေကြောင့် ဒဏ်ရာအကြီးအကျယ်
ရသွားပြီဟ… ငါတို့က
လက်ပိုက်ပြီးတော့
မကြည့်နိုင်ဘူးဟေ့!"

လင်းဖုန်းက မျက်လုံးပင့်ပြီး
ကြည့်လိုက်ပါတယ်…
ဆယ်ကျော်သက် တစ်ယောက်ဟာ
သုန်မှုန်တဲ့ အမူအယာနဲ့
လူအုပ်ကြားထဲက မြေကြီးပေါ်မှာ

လှဲလျောင်းနေတာကို
တွေ့လိုက်ရပါပြီ... သူ့ရဲ့
တစ်ကိုယ်လုံးဟာ ဒဏ်ရာတွေနဲ့
ပြည့်နှက်နေပြီး... သူ့ရဲ့
မျက်လုံးအစုံကနေလဲ အေးစက်စက်
အမုန်းတရား အငွေ့အသက်တွေကို
ထုတ်လွှင့်နေလို့ပါ။

"အင်း... ဒါက ဝံပုလွေကျေးရွာက
လူတွေအမြဲတမ်း ပြောပြောနေကြတဲ့
ပါရမီရှင်လေးလား?" လင်းဖုန်းက
သူ့ကို တိတ်တိတ်ကလေးပဲ
ကြည့်နေခဲ့ပါတယ်။ ဒီလန်ဖုန်းနဲ့

ပတ်သတ်ပြီးတော့
သူကြားနေခဲ့ရတာတော့ ကြာပါပြီ။
ဝံပုလွေကျေးရွာက
ဆယ်ကျော်သက်တွေ အားလုံးရဲ့
အိုင်ဒေါဖြစ်ပြီး… ကျေးရွာရဲ့
မျှော်လင့်ချက်အဖြစ်
သတ်မှတ်ထားခြင်းကို ခံနေရတာပါ။
ဒီကနေ့မှပဲ လင်းဖုန်းက သူ့ကို
လူချင်းတွေ့ဖူးခြင်း ဖြစ်ပါတယ်။

လန်ဖုန်းဟာ အခုအချိန်မှာ
ဒဏ်ရာရထားပြီး…
စိတ်ဓာတ်ကျနေတဲ့ပုံ ပေါက်နေပေမဲ့…

သူ့ရဲ့ခန္ဓာကိုယ်ထဲက ခွန်အားတွေက
သိသာမြင်သာ ရှိပါတယ်။
သူ့ရဲ့ကိုယ်ခန္ဓာစွမ်းအားဟာ
ကျင့်ကြံသူတွေနဲ့ နှိုင်းယှဉ်လို့
မရပေမယ့်… သာမာန်သိုင်းသမားတွေ
အကြားမှာတော့ သူဟာ
ထိပ်ပိုင်းနားမှာ ရှိပါတယ်။

မူလကောင်းကင် ကမ္ဘာက လူတွေရဲ့
အဆိုအရ… အသက်
ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလိုအဆင့်မျိုးကို
ရောက်နိုင်ခဲ့လို့ရှိရင်… တကယ်လို့များ
သူဟာ ကျင့်ကြံမှုတွေကို

ပြုလုပ်နိုင်ခဲ့ပြီး သူ့ရဲ့ချီခာတ်တွေကို လေ့ကျင့်နိုင်ခဲ့မယ် ဆိုရင်တော့ သူ့မှာ အနာဂတ် အလားအလာကောင်းတွေ ရှိနိုင်မှာပါ။ နောက်ဆုံးမှာတော့ ကျင့်ကြံသူတွေ ပြုလုပ်တာက ကမ္ဘာကြီးပေါ်က စွမ်းအင်တွေကို သူတို့ရဲ့ ခန္ဓာကိုယ် အတွင်းကို လမ်းညွှန်ပေးပြီး... သူတို့ရဲ့ မှော်စွမ်းအင်တွေကို သန့်စင်ကာ သူတို့ရဲ့ အခြေခံအုတ်မြစ်တွေကို ခိုင်မာအောင် ပြုလုပ်ကြတာပဲ ဖြစ်တယ်လေ။

လင်းဖုန်းဟာ သူ့ရဲ့ ဂန္ဓဝင်ဂိုဏ်းချုပ် စနစ်ကို တိတ်တိတ်ကလေး ထုတ်လိုက်ပါပြီ… အထဲမှာက တပည့်တွေရဲ့ ပင်ကိုစွမ်းရည်ကို တိုင်းတာတဲ့ကိရိယာ ရှိပါတယ်။ သူက လန်ဖုန်းဆီကို ချိန်ရွယ်လိုက်ပြီး ခလုတ်နှိပ်လိုက်ပြီလေ။

"ပစ်မှတ်ရဲ့ အထုံပါရမီဟာ အလွန်ပဲ နိမ့်ကျပါတယ်… သင့်ရဲ့တပည့် မဖြစ်နိုင်ပါဘူး…"

လင်းဖုန်းဟာ နဖူးကြီးကို
ရှုံ့လိုက်ပါပြီ… ဒီစနစ်ကြီးဟာ
အမတန်ကိုမှ ဂျီးများတာပဲ။ သူ့အစက
စဉ်းစားထားတာက
စနစ်ကြီးရဲ့အချိန်ကန့်သတ်ချက်
တစ်နှစ်ကို မြန်မြန်ကျော်လွှားနိုင်ဖို့
တပည့်လေးယောက်ကို ကျပန်း
လက်ခံလိုက်ဖို့ပဲ ဖြစ်ပါတယ်…
နောက်ပိုင်းမှာ တခုခုဆိုရင်လဲ
ကန်ထုတ်ပစ်လိုက်လို့ ရတာပဲလေ။

ဒါပေမဲ့ အခု
ကြည့်ရသလောက်ဆိုရင်…

စနစ်ကြီးကို ဂျင်းထည့်ဖို့ဆိုတာက
ထင်သလောက်တော့ မလွယ်လှပါဘူး။
လင်းဖုန်းလိုမျိုး
သူများမျက်ခုံးမွေးတွေရဲ့ အပေါ်မှာ
စကြိုန်လျှောက်နေကြ
လူမျိုးတောင်မှပဲ အရည်အချင်း
မမှီသေးပါဘူး။ လင်းဖုန်းရဲ့
တပည့်လေးယောက် လက်ခံပြီး
စနစ်ရဲ့ တာဝန်တွေကို အပြီးသတ်ဖို့
ဆိုတာက "လွယ်မယောက်နဲ့ခက်
တိမ်မယောင်နဲ့နက်" လို့လာခဲ့ပြီလေ။

"ဟင်း…အချိန်တစ်နှစ်…
အချိန်တစ်နှစ်…" လင်းဖုန်းဟာ
စိတ်ခေတ်ကျစွာနဲ့ပဲ
သက်ပြင်းချလိုက်ပါတော့တယ်။

လူအုပ်ထဲမှာ… လန်ဖုန်းဘေးက
အဘိုးကြီး တစ်ယောက်ဟာ
စူပုတ်နေတဲ့ မျက်နှာကြီးနဲ့
နှာမှုတ်လိုက်တယ်…"ဟေ့…
လန်ဖုန်းက ငါ့ရဲ့မြေးလေးဟ…
ငါတို့ကတော့ လက်ပိုက်ပြီးတော့
မကြည့်နိုင်ဘူးကွာ… ဒါပေမဲ့ အခုက
အချိန်မကျသေးဘူး။ ဒီရက်ပိုင်း

အတောအတွင်းမှာ
တောင်တန်းတွေကြားထဲမှာ
လှုပ်လှုပ်ရှားရှား ဖြစ်နေတယ်...
ကြည့်ရတာ
တောင်တန်းရတနာတစ်ပါး
ပေါ်ပေါက်လာတော့မှာ နဲ့တူတယ်ကွ။
ရတနာကို အရင်ရအောင်ယူ...
ပြီးတော့မှ ကျောက်ခေတ်ကျေးရွာနဲ့
စာရင်းရှင်းမယ်ဟေ့!"

ကျေးရွာကလန်တွေ အကြားမှာ
ရန်ပွဲတွေဟာ မကြာခဏ ဖြစ်ပွားလေ့
ရှိကြပါတယ်... လင်းဖုန်းက

ဒါတွေအပေါ်မှာ သိပ်ပြီးတော့
စိတ်သိပ်မဝင်စား လှပါဘူး။ ဒါပေမဲ့
"တောင်တန်းရတနာ"
ဆိုတဲ့စကားလုံးဟာ သူ့ရဲ့ နားအထဲကို
ရောက်လာတော့ သူက
ဟတ်ထိသွားခဲ့ပါပြီ။

လင်းဖုန်းဟာ တောင်တန်းရတနာ
အကြောင်းကို တစိမ့်စိမ့်
တွေးနေတုံးမှာပဲ  လူအုပ်ထဲက
တစ်စုံတစ်ယောက်ရဲ့
တိတ်တိတ်ကလေး ကျိန်ဆဲနေသံကို
ကြားလိုက်ရတယ်လေ… "ဟာကွာ…

ကျောက်ခေတ်ကျေးရွာက
ဘယ်လိုလုပ်ပြီး ဒီလို
မွန်းစတားလေးကို မွေးထားတာလဲ…
အသက်လေးနှစ်တောင်
မပြည့်သေးဘူး… ငါတို့ရွာက
ပါရမီရှင်လေး လန်ဖုန်းကို
အနိုင်တိုက်နိုင်တယ်… ခွီးပဲကွာ!"

လင်းဖုန်းရဲ့ မျက်လုံးအစုံဟာ
ချက်ချင်းပဲ တောက်ပသွားခဲ့ပါတယ်။

အသက်၄နှစ်တောင် မပြည့်သေးတဲ့
ချာတိတ်လေးက... သူ့ရဲ့ရှေ့က
လန်ဖုန်းကို ကျွေးလိုက်တာလားဟ?

လင်းဖုန်းရဲ့ ဘေးနားက
ဖက်တီးလေးဟာ တိတ်တဆိတ်ပဲ
ကျိန်ဆဲလိုက်ပါတယ်... "ဟာ...
ဒီကောင်စုတ်လေးကွာ... ငါတို့ကတော့
မဖြစ်မနေသတ်ရမယ်ဟေ့!"

သူ့ကို
တစ်ချက်ကြည့်လိုက်ရင်း...လင်းဖုန်း
က

သံယောင်လိုက်လိုက်ပါပြီ..."အင်း...
ဒါပေါ့ကွာ... ဒါပေါ့.." ဒါပေမဲ့
သူ့ရဲ့ရင်ထဲမှာကတော့
အတွေးတွေနဲ့ပါ... အင်း...
ဒီချာတိတ်လေး ဆိုရင်တော့
စနစ်ကြီးရဲ့ အသိအမှတ်ပြုတာကို
ခံရနိုင်တယ်ဟ။

စဥ်းစားနေရင်းနဲ့ပဲ... လင်းဖုန်းဟာ
လူအုပ်ကြားထဲကနေ
တိတ်တိတ်ကလေး
ထွက်လာလိုက်ပါတယ်။ ဒီအချိန်မှာ
သူဆုတောင်းနေတာက... သူ့မှာ

အတောင်တစ်စုံ ပေါက်လာပြီး
ကျောက်ခေတ်ကျေးရွာဆီကို
ပျံသန်းသွားဖို့ပါပဲ... ဒါပေမဲ့လည်း
သူ့ကိုယ်သူတော့ ရွာထဲကနေ
ထွက်မသွားရဲပါဘူး... ဒါဆိုရင်တော့
တောင်တန်းတွေ ကြားထဲက
သားရဲတွေရဲ့ အရံဟင်းတစ်ပွဲ
ဖြစ်သွားမှာပါ။

ဒီအချိန်မှာပဲ... ခပ်တိုးတိုး
စကားရပ်လေသံနဲ့ စနစ်ရဲ့
အကြောင်းကြားချက်ဟာ လင်းဖုန်းရဲ့
စိတ်ထဲမှာ အော်မြည်လို့ လာခဲ့ပြီလေ။

"မျက်နှာသစ် လက်ဆောင် ရောက်ရှိလို့
လာပါပြီ… သင်အခုပဲ
ဖွင့်ကြည့်ချင်ပါသလား?"

အနည်းငယ် ကြောင်သွားအပြီးမှာ
လင်းဖုန်းဟာ ရင်ထဲကနေ လှိုက်ဖိုကာ
လာခဲ့ပါပြီ။ ခပ်တိုးတိုး စက်ရုပ်လေသံနဲ့
စနစ်ကြီးရဲ့ အသံဟာ
ဒီလောက်တောင်မှ ချိုသာပြီး
နားထောင်ကောင်းလိမ့်မယ်လို့
သူတစ်ခါမှ မတွေးခဲ့ဖူးပါဘူး။

လူသူကင်းမဲ့တဲ့ နေရာတစ်နေရာကို
ရှာလိုက်ပြီး... လင်းဖုန်းဟာ
မျက်နှာသစ် လက်ဆောင်ကို
ဖွင့်ကြည့်လိုက်ပါတယ်။

မျက်နှာသစ်လက်ဆောင် : သင်ဟာ
အောက်ပါအရာများကို
လက်ခံရရှိပါတယ်။ အခြေခံ ချီသာ၀က
အဆင့် ၄... ကံစမ်းမဲ
နှိုက်ခွင့်တစ်ခေါက်...
ကုန်သွယ်မှုအမှတ် ၃၀၀...
လျှို့ဝှက်နည်းစနစ် ကျမ်းစာ
<<ကောင်းကင်ကိုးလွှာ

မိုးကြိုးနည်းစနစ်>>...
ကောင်းကင်ကိုးလွှာ
မိုးကြိုးဆင့်ခေါ်ချက် စွမ်းရည်။

လင်းဖုန်းဟာ ခေတ္တ
မှင်သက်သွားခဲ့ပါတယ်... နွေးထွေးတဲ့
အပူစီးကြောင်း တစ်ခုဟာ သူ့ရဲ့
ခေါင်းထိပ်ကနေစပြီး... သူ့ရဲ့
ရင်ဘတ်အထိတိုင်အောင်
စီးဆင်းသွားကာ... သူ့ရဲ့
ခန္ဓာကိုယ်ထဲမှာ ကွယ်ဝှက်ထားတဲ့
အာရုံကြောအမှတ်တစ်ခုကို
ဖွင့်လှစ်ပေးလိုက်ပြီလေ။

ခန္ဓာကိုယ် အတွင်းမှာ
ကျင့်ကြံသူတွေဟာ အထပ်ကြီး ၁၂ထပ်
လို့ခေါ်တဲ့... အရေးကြီး
အာရုံကြောအမှတ် ၁၂ခုကို
ကွယ်ဝှက်ထားပါတယ်။

ချီသာဝက အဆင့်ကို အဲ့ဒီ အထပ်ကြီး
၁၂ထပ်ကို ကျော်လွှားဖို့အတွက်
၁၂ဆင့် သတ်မှတ်ထားပါတယ်။
အာရုံကြောအမှတ် တစ်ခု
ပွင့်သွားအပြီးတိုင်းမှာ... စိတ်ဝိညာဉ်
စွမ်းအင်တွေဟာ မှော်စွမ်းအင်တွေ

အဖြစ်ကို
ပြောင်းလဲသွားပြီးနောက်မှာတော့…
ကျင့်ကြံသူရဲ့ မျှော်စွမ်းအင်တွေဟာ
အဆင့်တစ်ဆင့် တက်သွားမှာပဲ
ဖြစ်တယ်လေ။

အခုအချိန်မှာတော့ လင်းဖုန်းက
နွေးထွေးတဲ့ အပူစီးကြောင်းတစ်ခုဟာ
သူ့ရဲ့ ခန္ဓာကိုယ် အတွင်းမှာ
လှည့်ပတ်နေခဲ့တာကို
ခံစားနေရပါပြီ… ပျောက်ကွယ်လို့
မသွားခင်မှာပဲ သူ့ရဲ့ကိုယ်ထဲက
အာရုံကြောအမှတ် လေးခုကို

တိုက်ရိုက်ဖွင့်လှစ်
သွားပေးခဲ့တယ်လေ။ လင်းဖုန်းရဲ့
အသက်ရှူတာ နောက်ကိုလိုက်ပြီး…
ကမ္ဘာကြီးရဲ့ စွမ်းအင်တွေဟာ သူ့ရဲ့
ခန္ဓာကိုယ်အတွင်းကို စုပ်ယူခြင်းကို
ခံလိုက်ရပြီး… ပွင့်သွားပြီဖြစ်တဲ့
အာရုံကြောအမှတ် ၄ခုထဲမှာ
လှည့်ပတ်လို့ နေခဲ့ပြီလေ။

အာရုံကြောအမှတ်
တစ်ခုချင်းစီတိုင်းဟာ အဆက်မပြတ်ပဲ
လှည့်ပတ်နေတဲ့ ကြယ်စင်အစုဝေး
စကြာဝဠာကြီးလိုပါပဲ။ စိတ်ဝိညာဥ်

စွမ်းအင်တွေဟာ လင်းဖုန်းရဲ့ ကိုယ်ပိုင်
မှော်စွမ်းအင်တွေအဖြစ်
အဆက်မပြတ်ပဲ ပြောင်းလဲခြင်းကို
ခံနေရတယ်လေ… စကြာဝဠာကြီးဟာ
ပထမဆုံးအကြိမ် ဖန်ဆင်းခြင်းကို
ခံလိုက်ရသလိုပါပဲ…
ကမ္ဘာကြီးအတွင်းက
သက်ရှိတွေအားလုံးဟာလည်း
ရှင်သန်ကြီးထွားကာ လာကြပါပြီ။

လင်းဖုန်းက သူ့ရဲ့ခန္ဓာကိုယ်
တစ်ခုလုံးဟာ ပေါ့ပါးလာခဲ့သလို
ခံစားလိုက်ရပါတယ်။

အတွေးတစ်ချက်နဲ့တင်ပဲ သူ့ရဲ့
အာရုံကြောအမှတ် တွေအထဲက
မှော်စွမ်းအင်တွေဟာ
ပွင့်ထွက်လာတော့မယ့် ရေပူစမ်းတစ်ခု
အတိုင်းပါပဲ… ပေါက်ကွဲလုမတတ်
စွမ်းအင်တွေဟာ သူ့ရဲ့ကိုယ်ထဲမှာ
အမျက်တချောင်းချောင်း
ထွက်နေခဲ့တယ်လေ။

အချိန်အတော် ကြာသွားပြီးမှပဲ
လင်းဖုန်းဟာ သူ့ရဲ့ ခန္ဓာကိုယ်
အတွင်းက ပြောင်းလဲမှုတွေနဲ့
ကျင့်သားရလာခဲ့ပါတယ်။ သူက

သူ့ကိုယ်သူပဲ ရင်ထဲကနေ
နှစ်သိမ့်လိုက်ပါပြီ... "အင်း...
နောက်ဆုံးတော့ ကိုယ့်ကိုယ်ကိုယ်
ကာကွယ်ဖို့ စွမ်းရည်လေး
နည်းနည်းပါးပါးတော့ ရလာခဲ့ပြီဟ..."
ဒါပေမဲ့ စနစ်ကြီးရဲ့ အန္တိမ
ရည်မှန်းချက်ဖြစ်တဲ့ သမိုင်းဝင်
နံပါတ်တစ်ဂိုဏ်းကို တည်ထောင်ပြီး
သူကလဲ သမိုင်းဝင် နံပါတ်တစ်
ဂန္တဝင်ဂိုဏ်းချုပ် ဖြစ်လာရမှာကို
တွေးလိုက်တဲ့အခါမှာတော့
လင်းဖုန်းဟာ ချက်ချင်းပဲ
ဖိအားအကြီးကြီးတွေကို
ခံစားလိုက်ရပြီလေ။ သူဟာ

လျှင်မြန်စွာနဲ့ပဲ
မျက်နှာသစ်လက်ဆောင်ရဲ့
တခြားအိုင်တမ်တွေကိုလေ့လာလိုက်ပါ
ပြီ။

"ကံစမ်းမဲနှိုက်ခွင့်?" လင်းဖုန်းက
တစ်ချက်ကြည့်လိုက်ပါတယ်...
အထောက်အပံ့ လေ့ကျင့်မှုစနစ်ထဲမှာ
ကုန်သွယ်မှု စနစ်အပြင် ကံစမ်းမဲစနစ်
ဆိုတာကလဲ ရှိနေပါသေးတယ်။
ဒါပေမဲ့ သူက
အရောင်မှိန်နေပါသေးတယ်...
အသုံးပြုလို့တော့

မရနိုင်သေးဘူးလေ…
အခုအချိန်မှာတော့ သူ့ရဲ့အကြောင်းကို
စဉ်းစားဖို့ မလိုသေးပါဘူး။

လက်ရှိမှာတော့ သူက ဒီကုန်သွယ်မှု
အမှတ် ၃၀၀ရဲ့ ဝယ်ယူနိုင်စွမ်းဟာ
မြင့်မားနေဖို့ပဲ
ဆုတောင်းနိုင်ပါတော့တယ်။

စဉ်းစားနေရင်းနဲ့ပဲ လင်းဖုန်းဟာ
ကုန်သွယ်မှု စနစ်ထဲကို
ဝင်ရောက်လိုက်ပါပြီ။ ဒီ့မတိုင်ခင်
သူလုံးဝကို

ဘိုင်ပြတ်နေခဲ့တုံးကတော့...
ဈေးနှုန်းတွေကို ယောင်လို့တောင်မှ
ဝင်မကြည့်ရဲခဲ့ဘူးလေ။

ဈေးနှုန်းတွေကို သေချာစွာ
ကြည့်လိုက်ပြီးနောက်မှာ...
လင်းဖုန်းဟာ ဒီစနစ်ကြီးက
ချစ်တီးပဲလို့ လျှို့ဝှက်စွာနဲ့ပဲ
မေတ္တာပို့သ ပေးလိုက်ပါတယ်။
အဆင့်အနိမ့်ဆုံး ချီအားဖြည့်ဆေးလုံး
တစ်ပုလင်းတောင်မှပဲ
ကုန်သွယ်မှုအမှတ် ၁ဂမှတ်
ကျသင့်တယ်လေ...

စိတ်ဝိညာဉ်စွမ်းအင် အတန်ငယ်ရှိတဲ့
သံခါးတစ်ချောင်းဟာ အမှတ်၃ဂပါ။

အခြေခံအကျဆုံး ဝတ်စုံဖြစ်တဲ့…
တာအိုဆရာဝတ်စုံ တစ်စုံတောင်မှပဲ…
အမှတ်၅ဂ ကျသင့်ပါတယ်။

အခြေခံ မှော်ကျိန်စာတွေ ဖြစ်ကြတဲ့
"မီးဘော်လုံး"… "မိုးကြိုးလက်ဝါး"…
အစရှိတဲ့ သာမာန်စွမ်းရည်
တွေတောင်မှပဲ အမှတ်၁ဂဂ
လိုအပ်တယ်လေ။

သူတို့ရဲ့ ဖင်တွေနောက်မှာ
သုညတွေတန်းစီနေတဲ့
အလန်းစားအိုင်တမ် တွေကိုတော့…
လင်းဖုန်းဟာ မှုးမေ့သွားမှာစိုးလို့…
ကြည့်တောင်မှပဲ မကြည့်ရဲခဲ့ရှာပါဘူး။

လင်းဖုန်းဟာ သနားစရာကောင်းလှတဲ့
၃၀၀ဆိုတဲ့ သူ့ရဲ့ "ကုန်သွယ်မှုအမှတ်"
ကော်လံကို ကြည့်လိုက်ပြီး… ခေါင်းကို
ခါလိုက်ပါတယ်… "ဟင်း… ပဏာမ
အရင်းအနှီးက
နည်းလွန်းလှတယ်ကွာ…"

ဘုရားသခင်ကို ကျေးဇူးတင်ရမှာက
မျက်နှာသစ်လက်ဆောင်ဟာ
တာအိုနည်းစနစ် ကျမ်းစာတစ်စောင်နဲ့
စွမ်းရည်တစ်ခုကို ပေးခဲ့တာပါ…
နို့မဟုတ်ရင်တော့ လင်းဖုန်းကတော့
အရှုံးကြီးရှုံးပါပြီ။

တာအိုနည်းစနစ်တွေ ဆိုတာက
ကျင့်ကြံမှုရဲ့ အခြေခံတွေပါ… သူတို့ရဲ့
ရည်ရွယ်ချက်က တစ်ယောက်ရဲ့
အဆင့်ကို မြှင့်တင်ပေးနိုင်ရန်ပဲ
ဖြစ်ပါတယ်။ စွမ်းရည်တွေ
ဆိုတာကတော့ သက်ရောက်မှု

အမျိုးမျိုးကို ပေးစွမ်းနိုင်တဲ့ သိုင်းပညာ
ဒါမှမဟုတ် မှော်ကျိန်စာတွေပဲ
ဖြစ်ကြတယ်လေ။

ပျော်ရွှင်ဖွယ်ရာကောင်းတဲ့
အံ့အားသင့်မှု တစ်ခုကတော့
ကောင်းကင်ကိုးလွှာ
မိုးကြိုးနည်းစနစ်ရဲ့ အဆင့်ဟာ
အလွန်ကိုပဲ မြင့်မားနေခဲ့တာပါ။
လက်ရှိ ကုန်သွယ်မှုစနစ်
အထဲမှာတောင် မရှိသေးပါဘူး…
စနစ်ကြီးကို အဆင့်မြှင့်တင်ပြီးမှသာ
သူ့ကို ကုန်သွယ်မှု ပြုလုပ်နိုင်မှာပါ။

စနစ်ကြီးကို
အဆင့်မြှင့်တင်ဖို့ကတော့…
လင်းဖုန်းဟာ စနစ်ကပေးတဲ့
တာဝန်အတော်များများကို ပြီးဆုံးဖို့
လိုအပ်ပါတယ်… အခု
လောလောဆယ်တော့
သူ့အကြောင်းကို ပြောဖို့က
စောပါသေးတယ်လေ။

ကောင်းကင်ကိုးလွှာ မိုးကြိုးနည်းစနစ်
ဆိုတာက ပျောက်ဆုံးနေခဲ့တာ
အချိန်အတော်ကြာခဲ့ပြီ ဖြစ်ပေမယ့်…

ဒီမူလကောင်းကင်ကမ္ဘာကြီးရဲ့
ထိပ်တန်း တာအိုနည်းစနစ် တွေထဲမှာ
တစ်ခုအပါအဝင်ပဲ ဖြစ်ပါတယ်…
ဒီတာအိုစနစ်ကို အောင်မြင်စွာ
လေ့ကျင့်နိုင်ခဲ့ကြတဲ့ ရှေးဆရာတွေ
အားလုံးဟာလည်း ကိုယ်ထင်ရာ
ကိုယ်စိုင်းနိုင်ကြတဲ့
လူစွမ်းကောင်းတွေပဲ
ဖြစ်ကြပါတော့တယ်။

စနစ်ကြီးရဲ့ ရှင်းပြချက်အရ
မျက်နှာသစ် လက်ဆောင်ဟာ
တာအိုနည်းစနစ် တစ်ခုကို

ကျပန်းလက်ဆောင် ပေးတာပဲ
ဖြစ်ပါတယ်။ ဒီကောင်းကင်ကိုးလွှာ
မိုးကြိုးနည်းစနစ်ကို ရတာက
လင်းဖုန်းဟာ မယုံနိုင်စရာ
ကောင်းလောက်အောင်
ကံကောင်းတယ်လို့ပဲ ဆိုနိုင်ပါတယ်။
ကုန်သွယ်မှုအမှတ် ၃ဝဝရဲ့
ဝယ်ယူနိုင်စွမ်းဟာ အကန့်အသတ်
ရှိပေမယ့်… လင်းဖုန်းရဲ့ ရင်ထဲက
စိတ်ခါတ်ကျနေတဲ့ ခံစားမှုတွေဟာ
နေရောင်ထိတဲ့ နှင်းပမာ လုံးဝကိုပဲ
လွင့်ပြယ်လို့ သွားခဲ့ပြီလေ။

ဒီလိုမျိုး ထိပ်တန်း တာအိုနည်းစနစ်
တစ်ခုနဲ့သာဆိုရင်တော့...
တကယ်လို့များ စနစ်ကြီးရဲ့
အဓိကမစ်ရှင်
အစုတ်ပလုတ်ကြောင့်သာ
မဟုတ်လို့ကတော့... လင်းဖုန်းဟာ
ဘယ်သူမှမရှိတဲ့ နေရာတစ်ခုကို
ရှာပြီးတော့ လေ့ကျင့်ကာ...
ပြန်ထွက်လာရင်တော့
သောင်းကျန်းတော့မှာပဲ ဖြစ်ပါတယ်။

ဒါပေမဲ့ အခုသူ့မှာက တပည့်တွေကို
လိုက်ရှာရဦးမှာဆိုတော့… နောက်ထပ်
ဇာတ်လမ်းတစ်ပုဒ် ဖြစ်သွားပြီလေ။

မကျေနပ်တာက
မကျေနပ်တာပဲလေ… လင်းဖုန်းဟာ
သူ့ရဲ့အာရုံကို  လျင်မြန်စွာနဲ့ပဲ
ပြန်လည်စုစည်း လိုက်ပြီးတော့
လုပ်ငန်းကို စလိုက်ပါပြီ။

ကျောက်ခေတ်ကျေးရွာကို
သွားတဲ့လမ်းကို တည်ငြိမ်စွာနဲ့
မေးလိုက်ပြီး နောက်မှာတော့… သူဟာ

ဘယ်သူ့ကိုမှ သတိမထားမိစေပဲနဲ့
ဝံပုလွေကျေးရွာကနေ
တိတ်တဆိတ်နဲ့ပဲ ထွက်ခွါလာခဲ့ပြီလေ။

လက်ရှိအချိန်မှာက ကျေးရွာနှစ်ခုဟာ
ရန်စောင်နေကြပါတယ်။
ကျင့်ကြံသူတစ်ယောက်
ဖြစ်သွားပြီဖြစ်တဲ့ လင်းဖုန်းဟာ
ဝံပုလွေကျေးရွာက လူတွေက သူ့ကို
ပြဿနာရှာမှာကို မကြောက်ပါဘူး…
ဒါပေမဲ့ ကျောက်ခေတ်ကျေးရွာက
ရွာသားတွေရဲ့ရှေ့မှာ သူ့ရဲ့
အထောက်အထားတွေကို

ထုတ်ဖော်လိုက်မှာကိုတော့
သူကြောက်ပါတယ်။

ကျေးဇူးတင်စရာ ကောင်းတာက
အခုအချိန်မှာ ဝံပုလွေကျေးရွာက
လူတွေဟာ ရွာအဝင်ဝမှာ
စုရုံးနေကြပြီး လန်ဖုန်း ဒဏ်ရာရနေတဲ့
အကြောင်းကို သူတို့အချင်းချင်း
ပြောဆိုနေကြတာပါ။ လင်းဖုန်းဟာ
ရွာရဲ့အနောက်ဖက်ကနေပဲ
ပတ်ပြီးတော့ ထွက်လာခဲ့ပါတယ်…
ဘယ်သူမှ သူ့ကို
သတိမထားမိကြပါဘူး။

လမ်းလေးအတိုင်း လျှောက်လာရင်းနဲ့ လင်းဖုန်းဟာ လုံးဝကို ချီတုံချတုံ ဖြစ်မနေခဲ့ပါဘူး။ ကုန်သွယ်မှုအမှတ် ၅၀ကို တိုက်ရိုက် ရင်းနှီးမြှုပ်နှံလိုက်ပြီး သူ့အတွက် ဝတ်စုံတစ်စုံကို ဝယ်လိုက်ပါတယ်။

ကမ္ဘာမြေက လာခဲ့တဲ့ လင်းဖုန်းဟာ ဘယ်လိုလုပ်ပြီး "တောင်းမှာအကွပ် လူမှာအဝတ်" ဆိုတဲ့ သဘောတရားကို သဘောမပေါက်ပဲ နေပါ့မလဲ… တကယ်လို့ မင်းရဲ့ပစ္စည်းကို

ရောင်းကောင်းချင်တယ်ဆိုရင်တော့
ပထမဦးဆုံး ထုပ်ပိုးမှုပုံစံ လှလှလေးနဲ့
ကြော်ငြာဝင်ရမှာပေါ့။

ခေါင်းကိုငုံ့လိုက်ပြီး သူ့ရဲ့
တာအိုဆရာဝတ်စုံကို
တစ်ချက်ရှုံးလိုက်ပါတယ်။
လက်မောင်းအိုး ကျယ်ကျယ်နဲ့
အဖြူရောင် တာအိုဆရာဝတ်စုံ…
ဆရာသခင် သူတော်စင်ပမာပုံရိပ်…
လင်းဖုန်းဟာ ကျေနပ်အားရစွာနဲ့ပဲ
ခေါင်းကိုညိတ်လိုက်ပါပြီ။ ဒီစနစ်ကြီးရဲ့
အိုင်တမ်တွေဟာ ဈေးတော့

ကြီးကောင်းကြီးနိုင်ပါတယ်...
ဒါပေမဲ့လည်း သူတို့ရဲ့ ပုံစံနဲ့
အရည်အသွေးကတော့
အပြစ်ပြောစရာကို မရှိပါဘူး။

လင်းဖုန်းဟာ
ကျောက်ခေတ်ကျေးရွာရဲ့ အဝင်ဝကို
ရောက်လာတဲ့အချိန်မှာ... သူ့ရဲ့
မျက်လုံးထဲကို
အရင်ဝင်လာတဲ့အရာဟာ
တဝက်ကျိုးနေပြီဖြစ်တဲ့ ရောမ
သစ်ပင်သေကြီး တစ်ပင်ပဲ ဖြစ်ပါတယ်။
ဒီသစ်ပင်ရဲ့ အချင်းဝက်ဟာ

မီတာတစ်ဒါဇင်လောက်ရှိပြီး… သူ့ရဲ့
ပင်စည်တစ်ခုလုံးဟာလည်း
လောင်ကျွမ်းမည်းနက်လို့
နေခဲ့တယ်လေ။

လင်းဖုန်းဟာ အဲ့ဒီသစ်ပင်ကြီးကို
စိုက်ကြည့်လိုက်တယ်… စိတ်ထဲကနေ
ဒါဟာ လျှပ်စီးသစ်ပင် တစ်ပင်ပဲလို့
ကောက်ချက်ဆွဲလိုက်တယ်လေ။
လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက သူဟာ
လျှပ်စီးမိုးကြိုးတွေရဲ့ ပစ်ခတ်ခြင်းကို
ခံလိုက်ရတယ်… ဒီသစ်ပင်အိုကြီးရဲ့
ထုထည်ကြီးမားလှတဲ့

အကာအကွယ်တွေနဲ့ သန်စွမ်းလှတဲ့
အသက်စွမ်းအင်တွေဟာ ပျက်စီးလို့
သွားခဲ့ပြီလေ။ အခုမှာတော့
အပေါ်ယံမှာ အရှည်ဇမီတာ…
ဇမီတာလောက်သာ ရှိတော့တဲ့
သစ်ပင်ငုတ်တိုကြီး အဖြစ်နဲ့သာ
ကျန်နေခဲ့ပါတော့တယ်။

ဒါပေမဲ့ လက်ရှိမှာ ကျန်နေတဲ့
သစ်ပင်ပင်စည်ကို
ကြည့်လိုက်ခြင်းအားဖြင့် သူဟာ
အသက်ရှင်နေတုံးက

ဘယ်လောက်ထိများ ကြီးမားခဲ့သလဲ
ဆိုတာကို မှန်းဆနိုင်တယ်လေ။

ဒီသစ်ပင်သေကြီးရဲ့
ပင်စည်တစ်ခုလုံးဟာ
လောင်ကျွမ်းမည်းနက်နေပြီး
အသက်လက္ခဏာ တစ်စက်မှ
မရှိခဲ့ပါဘူး။

ဒီအချိန်မှာပဲ… အဘိုးကြီး
တစ်ယောက်ဟာ
လမ်းလျှောက်ပြီးတော့
ထွက်လာခဲ့ပါတယ်… ချောင်းဟန့်ပြီး

ပြောလိုက်ပါပြီ... "အဟမ်း... အဟမ်း... ဒီသစ်ပင်ကြီးက ညှိုးခြောက်နေခဲ့တာ ဆယ်နှစ်လောက် ရှိခဲ့ပြီဗျ..." သူက လင်းဖုန်းရဲ့အရှေ့ကို လျှောက်လာခဲ့တယ်လေ... သူ့ရဲ့မျက်ဝန်းအစုံဟာ လင်းဖုန်းကို အကဲခတ်နေလို့ပါ... "အင်း... ကျုပ်ကတော့ ဒီကျောက်ခေတ်ကျေးရွာက ရွာသူကြီးပါ... ဒီက တာအိုဆရာတော်ကို ဘာများ အကူအညီ ပေးရမလဲဗျာ"

လင်းဖုန်းက ဖွဖွလေးပဲ
ပြုံးလိုက်ပါတယ်...
သူ့ရဲ့ခန္ဓာကိုယ်ကနေ
ဂိုဏ်ရှိန်ဂိုဏ်ဝါတွေ တောက်ပနေတဲ့
အော်ရာတွေဟာ သဘာဝအတိုင်း
ထွက်နေခဲ့တယ်လေ။
သူ့ရဲ့လက်မောင်းအိုးကျယ်ကျယ်နဲ့
အဖြူရောင်ဝတ်ရုံရယ်...
တာအိုဝတ်စုံရယ်နဲ့ တွဲလိုက်တဲ့အခါ...
သူ့ရဲ့ပုံစံဟာ အကြွင်းမဲ့ ပြည့်စုံလို့
သွားခဲ့ပါပြီ... ဒီသာမာန်ကမ္ဘာနဲ့
လားလားမှ မဆိုင်တဲ့ ဆရာသခင်
သူတော်စင်ပမာပါပဲ။

"ပစ်မှတ်ကို ရှာဖွေတွေ့ရှိပါပြီ...
သင့်ရဲ့တပည့်အဖြစ် လက်ခံရန်
သင့်တော်ပါတယ်..."

လင်းဖုန်းက စကားပြောမယ်
ကြံလိုက်ရုံရှိသေးတယ် စနစ်ကြီးရဲ့
အကြောင်းကြားချက် အသံကို
ရုတ်တရက် ကြားလိုက်ရတော့...
တံတွေးသီးတော့ မလိုတောင်
ဖြစ်သွားခဲ့ပါတယ်။

ကျောက်ခေတ်ကျေးရွာက
ရွာသူကြီးဟာ လင်းဖုန်းကို

ပဟေဠိဖြစ်စွာနဲ့ ကြည့်လိုက်ပါတယ်...
ဒါပေမဲ့လည်း ခဏအကြာမှာ
ကြောက်ရွံ့မှုတွေနဲ့
တုန်လှုပ်သွားခဲ့တယ်လေ။

လင်းဖုန်းရဲ့ မျက်လုံးနှစ်လုံးဟာ
အစိမ်းရောင် အလင်းတန်းတွေကို
ထုတ်လွှတ်လို့ နေခဲ့ပါပြီ...
ဆာလောင်မွတ်သိပ်နေတဲ့ ဝံပုလွေ
တစ်ကောင်လိုပဲ ရွှာအဝင်ဝကို
စိုက်ကြည့်လို့ နေခဲ့ပြီလေ။

ရွာအဝင်ဝမှာတော့ ဆီးနှင်းလိုမျိုး
ဖြူဖွေးတဲ့ အသားအရေရှိပြီး
အလွန်ကိုပဲ ချစ်စရာကောင်းလှတဲ့
ကောင်လေးတစ်ယောက်ဟာ
ခွေးဝါကြီး တစ်ကောင်ရဲ့ အမြီးကို
ဆွဲလို့နေခဲ့ပါတယ်... သူ့ရဲ့
ကလေးဆန်တဲ့ အသံလေးဟာ
ကြွတ်ဆတ်ပြီး လေးနက်တယ်လေ...
"ဟေး... ဟေး... မပြေးနဲ့လေ!"

စနစ်ကြီးရဲ့အသံဟာ လင်းဖုန်းရဲ့
ခေါင်းထဲမှာ အဆက်မပြတ်ပဲ
အော်မြည်ကာ နေခဲ့ပါပြီ...

"ပင်ကိုစွမ်းရည်စနစ်ဟာ
အချက်အလက်များကို
စုဆောင်းလို့ပြီးပါပြီ...
ပစ်မှတ်အမှတ်၁ရဲ့
အချက်အလက်များဟာ
အောက်ပါအတိုင်း ဖြစ်ပါတယ်..."

"အရိုးအရင်းမြစ် -> ၁၀ ...
သဘောပေါက် နားလည်နိုင်စွမ်း ->
၈... စိတ်စွမ်းအား -> ၈...
ကောင်းချီးမင်္ဂလာ -> ၈..."

"သုံးသပ်ချက် : ပစ်မှတ်ရဲ့
ပင်ကိုစွမ်းရည်ဟာ အလွန်ပဲ
မြင့်မားပါတယ်... သူ့ကို တပည့်အဖြစ်
သိမ်းသွင်းရန် ထောက်ခံပါတယ်...
သေချာစွာ လေ့ကျင့်ပေးပါ...
ဂိုဏ်းရဲ့ထောက်တိုင် သေချာပေါက်
ဖြစ်လာပါလိမ့်မယ်..."

လင်းဖုန်းဟာ တခြားဘာကိုမှ
မမြင်နိုင်တော့ပါဘူး...
သူ့ရဲ့မျက်လုံးတွေဟာ
အရိုးအရင်းမြစ်ရဲ့နောက်က နီရဲနေတဲ့

"၁၀" ဆိုတဲ့စာလုံးကိုပဲ
တည့်တည့်ကြည့်နေ မိပါတယ်။

အရိုးအရင်းမြစ်ဆိုတာ… ကျင့်ကြံသူ
တစ်ယောက်ရဲ့ ခန္ဓာကိုယ်ရဲ့ မွေးရာပါ
ပင်ကိုစွမ်းရည် တစ်မျိုးဖြစ်ပါတယ်…
ဒီပင်ကိုစွမ်းရည် စနစ်ရဲ့
အမှတ်ပြည့်ဟာ ၁၀ဖြစ်ပါတယ်။

အရိုးအရင်းမြစ် အမှတ်၁၀… ဒါက
ဘာကိုဆိုလိုတာလဲ?

ဒီမှာက ဥပမာပါ... တခြားလူတွေဟာ
တာထွက်ကနေ ပန်းတိုင်အထိကို
မီတာ၁၀၀ ပြေးရတယ်ဆိုပါစို့...
ပန်းတိုင်က အတူတူပဲဆိုရင်...
ဒီကောင်လေးရဲ့ တာထွက်က
၉၀မီတာပါ!"

ဘာမှ မထူးဆန်းပါဘူး...
အသက်၄နှစ်တောင် မပြည့်သေးပဲနဲ့
လန်ဖုန်းကို
ဒီလောက်အထိကျွေးနိုင်တာ
ဘာမှမထူးဆန်းပါဘူး။

ဒီအချိန်မှာတော့ ဒီကောင်လေးကလဲ လင်းဖုန်းကို သတိထားမိသွားပါပြီ… စိတ်ရှုပ်ထွေးနေတဲ့ မျက်နှာလေးနဲ့ လှမ်းကြည့်လို့ နေခဲ့ပါတယ်… သူ့ရဲ့ မျက်လုံးကြီးတွေကို ပုတ်ခတ်ပုတ်ခတ် လုပ်နေလို့ပါ… အရမ်းကိုမှပဲ ချစ်စရာ ကောင်းလှတယ်လေ။

လင်းဖုန်းက သူ့ရဲ့နှုတ်ခမ်းကို ကိုက်လိုက်ပါတယ်။ ဒီကောင်လေးဟာ အရိုးအရင်းမြစ်သာ အမှတ်ပြည့် ရထားတာမဟုတ်ဘူး… သူ့ရဲ့ သဘောပေါက် နားလည်နိုင်စွမ်း…

စိတ်စွမ်းအား… ကောင်းချီးမင်္ဂလာ
အားလုံးဟာ မဟာပါရမီရှင်
အဆင့်တွေချည်းပါပဲ။

အင်း… ဒီလိုမျိုး ကောင်လေးကို
တပည့်တော်ရမယ် ဆိုရင်တော့…
ဖိုးအားက နည်းနည်းလေးများ
ကြီးမနေဘူးလားကွာ?

လင်းဖုန်းက တစိမ့်စိမ့်နဲ့
တွေးလိုက်ပါတယ်…
သူ့ရဲ့မျက်နှာပေါ်မှာ  နေဝန်းကဲ့သို့

နွေးထွေးတဲ့ အပြုံးလေး တစ်ခုဟာ
ပေါ်ပေါက်လို့ လာခဲ့ပါပြီ။

တကယ်လို့များ အရင်ဘဝက
လင်းဖုန်းနဲ့ ရင်းနှီးကျွမ်းဝင်တဲ့
သူတွေကသာ သူဒီလို
အပြုံးမျိုးပြုံးတာကို တွေ့ခဲ့ရင်တော့…
ပုန်းလျှိုးကွယ်လျှိုးနဲ့ သူ့ရဲ့အနားကနေ
ဝေးနိုင်သမျှဝေးအောင်
ရှောင်ရှားကြတော့မှာပဲ ဖြစ်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့
အများအားဖြင့်… လင်းဖုန်းက ဒီလိုမျိုး

ပြုံးလိုက်ပြီဆိုရင်တော့...
တစ်စုံတစ်ယောက်ဟာ
အကြီးအကျယ်ကို ဂျင်းအထည့်ခံရ
တော့မှာပဲ ဖြစ်ပါတော့တယ်။

## စာစဥ် ၁ : အပိုင်း ၂

## အပိုင်း ၂ : သူများအတွက်
## ဘိုးတော်ဖြစ်ရတာက မလွယ်ပါလားဟ

သူ့ရဲ့စိတ်ကို ပိုင်းဖြတ်လိုက်အပြီးမှာ...
လင်းဖုန်းဟာ သူ့ရဲ့ဘေးက
အဘိုးကြီးကို

လှမ်းကြည့်လိုက်ပါတယ်...
ချို့ယွင်းချက် ကင်းစင်နေတဲ့
ဆရာသခင် သူတော်စင်
တစ်ယောက်ရဲ့ အပြုအမူတွေဟာ
ထပ်ဖန်တစ်ခါ ထွက်ပေါ်ကာ
လာခဲ့ပါပြီ။

လင်းဖုန်းက အေးစက်စက်နဲ့ပဲ
ပြောလိုက်ပါတယ်... "အင်း...
မနေ့ညက တရားထိုင်နေတုံးမှာ ငါက
ရုတ်တရက်ပဲ ဉာဏ်အလင်း
ပွင့်သွားခဲ့တယ်ကွ...
ဒီတောင်တန်းတွေရဲ့ အကြားမှာ

ငါနဲ့ကံစပ်တဲ့ လူတစ်ယောက်ကို
ရုတ်တရက်ပဲ အာရုံခံမိ
လိုက်တယ်လေ။ ဒါကြောင့်မို့ပဲ
ငါကဒီမှာ လာရှာတာကွ... ဒါပေမဲ့
ဒီလိုမျိုး တောင်ကြားထဲက
ဇနပုဒ်ရွာလေးထဲမှာ
တွေ့လိုက်ရမယ်လို
မထင်ခဲ့မိဘူးရယ်..."

စကားပြော နေရင်းနဲ့ပဲ လင်းဖုန်းရဲ့
အကြည့်တွေဟာ ခွေးမြီးကို ဆွဲထားပြီး
ပဟောဋ္ဌိမျက်နှာလေး ဖြစ်နေသေးတဲ့
ကလေးလေးရဲ့ အပေါ်ကို

ကျရောက်လို့ လာခဲ့ပါပြီ... ရင်ထဲကနေ
သက်ပြင်းတစ်ချက် ချလိုက်ပြီလေ...
"ဟင်း... တခြား ဇာတ်လိုက်မင်းသား
တွေကျတော့ သူ့တို့တတွေရဲ့
ကိုယ်ပေါ်မှာက စောင့်ရှောက်ပေးမဲ့
ဘိုးတော်ကြီးတွေ ရှိနေကြတယ်...
ဘာကြောင့်မို့ ငါ့ကျမှ
သူများတွေအတွက် ဘိုးတော်ကြီး
လိုက်လုပ်နေရတာလဲကွာ..."

ဒါပေမဲ့လည်း... ဇာတ်လိုက်မင်းသား
တစ်အုပ်စုဟာ သူ့ရဲ့တပည့်တွေ
ဖြစ်လာကြပြီး... အနာဂတ်မှာ

သူလုပ်စရာ တစ်ခုခုရှိခဲ့ရင် အဲ့ဒီတပည့်
တစ်သိုက်ကိုလွှတ်ပြီးတော့
အကုန်လုံးကို အနိုင်ကျင့်နိုင်တာပဲလို
တွေးမိတော့မှပဲ… လင်းဖုန်းရဲ့
စိတ်တွေဟာ ချက်ချင်းပဲပြန်ပြီးတော့
သက်သာရာ ရလာခဲ့ပါတယ်။

"ဟဲဟဲ… ရှေ့က ငတိလေးကတော့
ပထမဆုံးပဲ…"

အဘိုးအိုကြီးဟာ
အချိန်အတန်ကြာအောင်
ကြက်သေသေ သွားခဲ့ပြီးမှ

ကောင်ကလေးဘက်ကို
လှမ်းကြည့်လိုက်တယ်... "ဟင်...
အရှင် ပြောလိုက်တဲ့သူဟာ...
သူလေးလား?"

လင်းဖုန်းက ခေါင်းကိုဖွဖွလေး
ညိတ်လိုက်ပါတယ်... "အေး... ငါကလဲ
အစ ပထမကတော့ ဒီကံစပ်တဲ့သူဟာ
ဘယ်ကလာသလဲ ဆိုတာကို ပဟေဠိ
ဖြစ်နေခဲ့တာ... ဒါပေမဲ့လည်း အခု
ဒီကောင်လေးကို တွေ့မှပဲ
ဒီဖြစ်ရပ်နောက်က အကြောင်းခံကို
သဘောပေါက်လာခဲ့တာကွ..."

သူဟာ လေးနက်တဲ့ ခံစားချက်တွေနဲ့
သက်ပြင်းတစ်ချက်ကို
မှုတ်ထုတ်လိုက်ပြီး...
သူ့အရင်ကတည်းက
ကြိုတင်ပြင်ဆင်ထားတဲ့
ဇာတ်လမ်းတစ်ပုဒ်ကို
ဖောပါတော့တယ်။

ဒီဇာတ်လမ်းလေးကတော့...
လင်းဖုန်းမှာ ဟိုးအရင်တုန်းက
သူ့အရမ်းကို ဂုဏ်ယူရတဲ့
တပည့်လေးတစ်ယောက် ရှိခဲ့တယ်...

ဒါပေမဲ့လည်း သူဟာ သူ့ရဲ့ရင်ထဲက
အချစ်နတ်ဆိုးရဲ့ ဖမ်းစားမှုကို
မတွန်းလှန်နိုင်ခဲ့တော့…
ကောင်းကင်ဘုံကို ကျော်လွှားတဲ့
အကျပ်အတည်းကို မဖြတ်ကျော်နိုင်ပဲ
သေသွားခဲ့ကာ… လူပြန်ဝင်စား
လာခဲ့တယ်လေ။

လင်းဖုန်းဟာ သူ့ရဲ့ လူဝင်စား
တပည့်ကို တချိန်လုံး
လိုက်ရှာနေခဲ့တာပါ… သူတို့ရဲ့ ဆရာ-
တပည့် ဆက်ဆံရေးကို ပြန်လည်ပြီး
တည်ဆောက်နိုင်ဖို့ပေါ့။

နောက်ဆုံးမှာတော့...
နှစ်ပေါင်းတစ်ရာကျော် ကာလအပြီးမှာ
သူ့ကိုပြန်ပြီး ရှာတွေ့ခဲ့ပြီလေ။

အဘိုးအိုကြီးကလဲ
သူ့ရဲ့ဇာတ်လမ်းအဆုံးမှာ
ကြောင်အမ်းအမ်း ဖြစ်သွားပြီးတော့...
ကောင်ကလေး ရှိရာဆီကို
မယုံကြည်နိုင်စွာနဲ့
လှမ်းကြည့်လိုက်ပါတယ်... "ဟာ...
ဒီကောင်လေးက အရှင့်ရဲ့ လူဝင်စား
တပည့်လေးလား?"

လင်းဖုန်းဟာ ခေါင်းကို အသာအယာပဲ
ညိတ်လိုက်ပါတယ်… သူဟာ
ကောင်ကလေးဆီကို
သိပ်မသိသာပေမယ့် ဂရုစိုက်တဲ့
ခံစားချက်တွေကို တွေ့နိုင်တဲ့
အကြည့်မျိုးနဲ့ ကြည့်လိုက်ပါပြီ။

ဇာတ်လမ်းကို စကမိမှတော့
အဆုံးအထိရောက်အောင်
ကရမှာပါပဲ… လင်းဖုန်းဟာ
သူတတ်နိုင်သလောက်တော့
ကြိုးစားခဲ့ပါတယ်… ဒါပေမဲ့လည်း

သူ့ရဲ့ရင်ထဲမှာတော့ အကောင်းဆုံးကို
မျှော်လင့်မထားပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ ဒီသူကြီးအိုရဲ့
မှင်သက်နေတဲ့
အမူအယာရဲ့အောက်မှာ အလွန်အမင်း
သတိထားနေတဲ့ ခံစားချက်မျိုးကို
သူက သတိပြုမိ လိုက်လို့ပါပဲ။

ဒီဘိုးတော်ကြီးဟာ သူ့ရဲ့
နောက်ကျောဘက်က
လက်တစ်ဖက်နဲ့တောင်

ကလေးလေးဆီကို
လက်ခါပြနေခဲ့ပါတယ်။

လင်းဖုန်းဟာ လျှို့ဝှက်စွာနဲ့ပဲ
မျက်မှောက်ကြီးကို ကြုတ်လိုက်ပါပြီ…
သူက ဒီဘိုးတော်ကြီးရဲ့
ခန္ဓာကိုယ်ကနေ ရင်းနှီးကျွမ်းဝင်နေတဲ့
အော်ရာလှုပ်ရှားမှုတွေကို
ခံစားမိလိုက်ပြီလေ။

အစစ်အမှန် ကျင့်ကြံသူ တစ်ယောက်ရဲ့
မှော်စွမ်းအင် လှုပ်ရှားမှုမျိုးပါ။

ဒီတောင်ကြား ဇနပုဒ် ရွာလေးထဲက
အဘိုးကြီးဟာ တကယ်ပဲ
ကျင့်ကြံသူတစ်ယောက် ဖြစ်ပါတယ်။
သူဟာ ချီသာဝက အဆင့် ၃
သာရှိပါသေးတယ်... ဒါပေမဲ့လည်း
သူဟာ အစစ်အမှန်
ကျင့်ကြံသူတစ်ယောက်
ဖြစ်နေခဲ့တယ်လေ။

အစစ်အမှန် ကျင့်ကြံသူတွေ ဆိုတာက
သိုင်းသမားတွေနဲ့ မတူပါဘူး...
အစစ်အမှန် ကျင့်ကြံသူတစ်ယောက်
ဖြစ်ဖို့နဲ့ ကမ္ဘာကြီးပေါ်က

စွမ်းအင်တွေကို
သူ့တို့ရဲ့ကိုယ်အတွင်းကို စုပ်ယူပြီး
မှော်စွမ်းအင်တွေ အဖြစ်ကို
ပြောင်းလဲဖို့ဆိုရင်… သူတို့ဟာ
တာအိုနည်းစနစ်တစ်ခုကို လေ့ကျင့်ဖို့
လိုအပ်ပါတယ်။

ဥပမာအားဖြင့် ဝံပုလွေကျေးရွာက
လန်ဖုန်းကို ကျင့်ကြံမှု ပါရမီစွမ်းရည်
ရှိတယ်လို့ ဆိုနိုင်ပါတယ်…
ဒါပေမဲ့လည်း သူဟာ
သာမာန်သိုင်းသမားလေး
တစ်ယောက်သာ ဖြစ်ပြီးတော့… သူ့ကို

အစစ်အမှန် ကျင့်ကြံသူ
တစ်ယောက်လို့ မဆိုနိုင်ပါဘူး။

အရင်တုန်းက… သူကြီးအိုကြီးဟာ
သူ့ရဲ့ အော်ရာတွေကို
ရည်ရွယ်ချက်ရှိရှိနဲ့
ဖုံးကွယ်ထားခဲ့တာပါ… ဒါ့ကြောင့်ပဲ
လင်းဖုန်းက သတိမပြုမိခဲ့တာပဲ
ဖြစ်ပါတယ်။ ဒါပေမဲ့ အခုတော့ သူက
လင်းဖုန်းကို
သတိထားလာခဲ့တဲ့အတွက် သူ့ရဲ့
ခန္ဓာကိုယ်အတွင်းက
မှော်စွမ်းအင်တွေဟာလည်း

သဘာဝအတိုင်းပဲ
ပေါ်ထွက်လာခဲ့တယ်လေ…
ဒါကြောင့်ပဲ လင်းဖုန်းဟာ သတိထားမိ
သွားရခြင်းပါ။

လင်းဖုန်းက လျှို့ဝှက်စွာနဲ့ပဲ
သက်ပြင်းချလိုက်ပါပြီ။ ဒီအဘိုးအိုဟာ
သူ့ရဲ့ပြိုင်ဖက်တော့ မဟုတ်နိုင်ပါဘူး…
ဒါပေမဲ့ သူက ဒီငတိလေးရဲ့
ဆရာသခင် ဖြစ်ချင်နေခဲ့တာလေ…
ဝတ္ထုဇာတ်လမ်းတွေ အထဲက
ဘိုးတော်ကြီးလိုပေါ့…
လူကုန်ကူးတဲ့လူမှ မဟုတ်တာ။

ဒါကြောင့်မို့ အလစ်သုတ်ပြီး
လုပြေးသွားဖို့ကတော့ နိုးပါပဲ။

လင်းဖုန်းဟာ ကောင်ကလေးကို
စိုက်ကြည့်လိုက်ပါတယ်…
တည်ငြိမ်စွာနဲ့ပဲ မေးလိုက်ပြီလေ…
"ကဲ… ချင်းဖုန်း… မင်းလေးက
ဆရာသခင်ရဲ့ ရင်ခွင်အောက်မှာ
ပြန်ပြီးတော့ ခိုလှုံချင်သလားကွယ့်?"

အဘိုးကြီးရဲ့ အမူအယာဟာ
မပြောင်းလဲခဲ့ပါဘူး… ဒါပေမဲ့ သူ့ရဲ့

နောက်ကျောဘက်ကနေတော့
လက်ကို ခါပြနေခဲ့ပါတယ်။

ကောင်ကလေးဟာ သူ့ရဲ့ခေါင်းကို
စိတ်ရှုပ်စွာနဲ့ပဲ ကုတ်လိုက်ပါတယ်...
လင်းဖုန်းကို တလှည့် သူကြီးအိုကြီးကို
တလှည့် စိုက်ကြည့်နေလို့ပါ...
အနည်းငယ် ရှက်ကိုးရှက်ကန်း
ဖြစ်နေတဲ့ မျက်နှာထားမျိုးနဲ့
ပြောလိုက်ပါပြီ... "အီးယား...
ကျွန်...ကျွန်တော့်ရဲ့ နာမည်ဟာ
ချင်းဖုန်းမဟုတ်ပါဘူး... ပြီး...

ပြီးတော့လဲ ကျွန်တော် ဒီရွာကနေ
ထွက်မသွားချင်ပါဘူး..."

လင်းဖုန်းကလဲ ငြိမ်သက်သွားပြီး
ဘာစကားကိုမှ မပြောတော့ပါဘူး...
အချိန်အနည်းငယ် ကြာအောင်
ပတ်ဝန်းကျင်မှာ မွန်းကြပ်ကြပ်ကြီး
ဖြစ်သွားခဲ့တယ်လေ။ သူကြီးအိုကြီးဟာ
သူ့ကို စိတ်လှုပ်ရှားစွာနဲ့ပဲ စိုက်ကြည့်လို့
နေခဲ့ပါတယ်... သူ့ရဲ့ မျှော်စွမ်းအင်
လှုပ်ရှားမှုတွေကလဲ ပိုပိုပြီးတော့
သိသာလာခဲ့ပါပြီ... အချိန်မရွေးပဲ

တိုက်ခိုက်နိုင်အောင်
ပြင်ဆင်ထားနေခဲ့လို့ပါ။

"အင်း... ကောင်းပြီလေ... မင်းဟာ
အရင် လူဝင်စားတုန်းက
အသိဉာဏ်တွေကို မဖော်ထုတ်ရသေးပဲ
အရင်ဘဝက အဖြစ်အပျက်တွေကိုလဲ
ပြန်မမှတ်မိသေးဘူးလေ... ငါက
မင်းကို အတင်းအကြပ်ကြီး
ဖိအားမပေးပါဘူးကွ..."
အဘိုးအိုကြီးဟာ အရုပ်ကြိုးပြတ်
ဖြစ်ခါနီးမှာပဲ လင်းဖုန်းက
သက်ပြင်းဖွဖွ တစ်ချက်ကို

ချလိုက်ပြီး... နောက်ဆုံးမှာတော့
ပါးစပ်ကိုဟကာ ပြောလိုက်ပြီလေ...
"ဟင်း... ဒါပေမဲ့... မင်းနဲ့ငါရဲ့
အကြားက ကံကြမ္မာဟာ
မပြီးဆုံးသေးဘူး ဆိုတာကို
ငါကကြိုပြီးတော့
ဟောကိန်းထုတ်ခဲ့မယ်ကွာ။
နောက်ဆုံးမှာတော့ ငါဒီနေ့
ထွက်သွားပြီးနောက်မှာ
ပြန်ဆုံကြတာပေါ့ကွာ။

လင်းဖုန်းဟာ သူ့ရဲ့ဝတ်ရုံထဲက
ခရမ်းရောင် အဆောင်လက်ဖွဲ့လေး

တစ်ခုကို ထုတ်လိုက်ပြီး
ကောင်ကလေးကို ပေးလိုက်ပါတယ်...
"အင်း... ငါက မင်းကိုယ်မင်း
အရေးကြုံရင် ကာကွယ်လို့ရအောင်
ဒီအဆောင်လက်ဖွဲ့လေးကို
ထားပေးခဲ့မယ်ကွာ။ တကယ်လို့များ
မင်းလေးက အန္တရာယ် တစ်စုံတစ်ရာနဲ့
ကြုံလာရတဲ့အခါ ဒီအဆောင်ကို
မင်းရဲ့ရန်သူဆီကို ပစ်လိုက်ကွ...
အဲ့ဒါက မင်းကိုကောင်းကောင်းကြီး
စောင့်ရှောက်ပေးမှာပါ... ကဲ...
ကံမကုန်ရင်တော့
ပြန်ဆုံကြတာပေါ့ကွာ..."

စကားဆုံးတာနဲ့ လင်းဖုန်းဟာ
ပေရှည်မနေတော့ပဲ... လှည့်ကာ
ထွက်လာခဲ့လိုက်ပါပြီ။ သူက သူကြီးအို
အနားကနေ ဖြတ်သွားတဲ့
အချိန်မှာတော့ အဘိုးကြီးကို
သာမာန်သာ ကြည့်လိုက်ပါတယ်...
သူ့ရဲ့နှုတ်ခမ်း ထောင့်စွန်း တွေမှာတော့
အပြုံးဖွဖွလေးကို
တွေ့မြင်နိုင်တယ်လေ... ဒါပေမဲ့
ဘာစကားတစ်ခွန်းမှ မပြောပဲနဲ့...
ဒီအတိုင်းလေးပဲ တိုက်ရိုက်ထွက်ခွာ
သွားခဲ့ပါပြီ။

အဘိုးအိုကြီးဟာ ချွေးတွေနဲ့
စိုရွဲနေခဲ့ပါတယ်။ လင်းဖုန်းက သူ့ကို
ထိုးဖောက်ပြီး မြင်သွားခဲ့ပြီ ဆိုတာကို
သူက သိနေခဲ့တယ်လေ… ဒါပေမဲ့
အခုအချိန်ထိတိုင် သူကတော့
လင်းဖုန်းရဲ့ အဆင့်အတိမ်အနက်ကို
ထွင်းဖောက်ပြီးတော့ မမြင်နိုင်ခဲ့ပါဘူး။
ဒါက သူ့ကို ကြောက်ရွံ့စေခဲ့ပါတယ်…
လင်းဖုန်းရဲ့အဆင့်ဟာ
သူ့ထက်အများကြီး မြင့်တယ်လို့
တွေးနေခဲ့တယ်လေ…
အခြေခံအုတ်မြစ် အဆင့်က
မဟာကျင့်ကြံသူ တစ်ယောက်
ဖြစ်နေနိုင်ပါတယ်… ဒါမှမဟုတ်

ရွှေရောင်ဇပဟိုချက်အဆင့် ကျင့်ကြံသူ
တစ်ယောက်တောင်မှ ဖြစ်နေမလားပဲ?

သာမာန်အချိန် တွေမှာဆိုရင်
အစစ်အမှန် ကျင့်ကြံသူတွေဟာ
သူတို့ရဲ့အော်ရာတွေကို
ဖုံးကွယ်ထားနိုင်ပါတယ်… ဒါပေမဲ့
လှုပ်ရှားမှု အနည်းငယ်တော့
ရှိနေတယ်လေ… သူတို့ကို အဆင့်တူ
ကျင့်ကြံသူ… ဒါမှမဟုတ်
အဆင့်ပိုမြင့်တဲ့ သူတွေက ရှာဖွေတွေ့ရှိ
နိုင်ပါတယ်။

ဒါကလဲ စနစ်ကြီးကပေးထားတဲ့
ဖုံးကွယ်ထားတဲ့ အကျိုးကျေးဇူး
တစ်ပါးပါ။ စနစ်ကြီးရဲ့
ရှင်းပြချက်အရဆိုရင်... လင်းဖုန်းဟာ
မလှုပ်ရှားမခြင်း တခြားလူတွေရဲ့
မျက်စိထဲမှာ သူဟာ
သာမာန်လူတစ်ယောက်နဲ့ မခြားပါဘူး။
သူ့ထက် ကျင့်ကြံမှုအဆင့် ပိုမြင့်တဲ့
သူတွေတောင်မှပဲ သူ့ကို
ထွင်းဖောက်ပြီး မမြင်နိုင်ဘူးလေ။

ဒါက သူ့ကိုယ်သူ ဆရာကြီး
ပုံဖမ်းရမယ့် လင်းဖုန်းအတွက်ကတော့

ရေငတ်နေတုံး ရေတွင်းထဲ
ကျသွားသလိုပါပဲ။

သူကြီးအိုနဲ့ ကောင်ကလေးတို့ရဲ့
မျက်ကွယ်ရာကိုရောက်တော့…
လင်းဖုန်းဟာ အရိပ်မဲ့နည်းစနစ်ကို
အသုံးပြုပြီး ကျောက်ခေတ်ကျေးရွာကို
တိတ်တဆိတ်ပဲ
ပြန်သွားခဲ့လိုက်ပါတယ်။

ကုန်သွယ်မှုစနစ်ရဲ့ အပေါ်ဆုံး
အသေးစား
မှော်ကျိန်စာတွေတောင်မှပဲ

ကုန်သွယ်မှုအမှတ် ၁၀၀
ကျသင့်ပါတယ်။ သေသေချာချာ
စဉ်းစားပြီးနောက်မှာ လင်းဖုန်းဟာ
တိုက်ခိုက်ခြင်း ဒါမှမဟုတ် ခုခံခြင်း
နည်းစနစ်တွေကို မရွေးချယ်ခဲ့ပါဘူး…
အဲ့ဒီအစား သူက
ဒီအရိပ်မဲ့နည်းစနစ်ကိုသာ
ရွေးချယ်ခဲ့ပါတယ်။

ဒီနည်းစနစ်ဟာ သူ့ရဲ့ခန္ဓာကိုယ်ကို
ကွယ်ဝှက်ပေးထားနိုင်ပြီး…
သူဘာမှမလုပ်သရွေ့ သူ့ကို
မြင်တွေ့နိုင်မှာ မဟုတ်ပါဘူး။

လင်းဖုန်းရဲ့ ထင်မြင်ချက်အရ...
ဒီမှော်ကျိန်စာကိုသာ
သင့်တင့်လျှောက်ပတ်စွာ
အသုံးချနိုင်ခဲ့ရင်... သူ့ရဲ့
လက်တွေ့အသုံးဝင်မှုဟာ အတော်ကိုပဲ
မြင့်မားမှာပါ။

သူကြီးအိုကြီးရဲ့ တုံ့ပြန်ပုံတွေဟာ
အတန်ငယ် ထူးဆန်းနေပြီး... ဒါဟာ
လင်းဖုန်းရဲ့ မသင်္ကာမှုတွေကို
ဖြစ်ပေါ်စေခဲ့ပါတယ်။

လင်းဖုန်းဟာ
ကျောက်ခေတ်ကျေးရွာထဲကို
ခိုးကြောင်ခိုးဝှက်နဲ့ ဝင်လာခဲ့ပါပြီ။
ပတ်ဝန်းကျင် အခြေအနေ
တွေကတော့ ဝံပုလွေကျေးရွာနဲ့
ထူးမခြားနားပါပဲ… ဝံပုလွေကျေးရွာက
လူတွေက ကြေကွဲနေကြတဲ့
အချိန်မှာ…
ဒီကျောက်ခေတ်ကျေးရွာက လူတွေက
ပျော်ရွှင်မြူးတူး နေကြတာပဲ
ကွာတာပါ။

ရွာလယ်မှာက သားရဲပေါင်း မျိုးစုံရဲ့
အလောင်းတွေနဲ့ ပြည့်နှက်လို့
နေခဲ့ပါတယ်… လူကြီးကအစ
ကလေးပါမကျန် ရွာသူရွာသားများ
အားလုံးရဲ့ မျက်နှာတွေဟာလည်း
မှုရသကဲ့သို့ ပြုံးရွှင်နေကြပါပြီ။

လင်းဖုန်းဟာ ရွာသူကြီးရဲ့
ကျောက်တုံးအိမ်လေးကို
ရှာတွေ့သွားခဲ့ပြီလေ။ အိမ်ထဲကို
ဝင်လိုက်တာနဲ့ပဲ ကောင်ကလေးဟာ
ကြွေခွက်လေးတစ်ခွက်ကို ကိုင်ပြီး…

သစ်သားဇွန်းလေး တစ်ချောင်းနဲ့
နို့သောက်နေတာကို တွေ့လိုက်ရပါပြီ။

ခြံပေါက်ဝက ကလေးတစ်ယောက်က
ကျယ်လောင်စွာနဲ့ပဲ
အော်ဟစ်လိုက်ပါတယ်... "အိုး...ဝိုး...
ကလေးလေးက
နို့သောက်နေပြန်ပြီဟ... မင်းလေးဟာ
အခုဆိုရင်တော့
အသက်သုံးနှစ်ခွဲတောင် ရှိနေပြီနော်!"

"အီးယား!" ကောင်ကလေးဟာ
အလွန်ကိုပဲ ရှက်ကိုးရှက်ကန်း

ဖြစ်သွားခဲ့ပါတယ်။ သူက
ခွက်ကလေးကို သူ့ရဲ့လက်
ဖြူဖြူနုနုလေးတွေနဲ့ အုပ်လိုက်ပြီး...
တခြား ကလေးကြီးတွေ
မမြင်အောင်လို့
ဖုံးကွယ်လိုက်တယ်လေ။ သူ့ရဲ့မျက်နှာ
သေးသေးလေးဟာ နီရဲတွတ်နေပြီး...
သူ့ရဲ့မျက်တောင်ရှည်လေး တွေကလဲ
အနည်းငယ် တုန်ခါနေခဲ့ပါတယ်...
ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု မရှိစွာနဲ့ပဲ
ငြင်းဆိုလိုက်ပြီလေ... "မင်း... မင်းတို့
မြင်တာက မှားနေတယ်...
တကယ်တော့... ငါ... ငါက
ရေသောက်နေတာ..."

"ဟား… ဟား… ဟား…" ကလေးကြီး တစ်အုပ်စုဟာ ကျယ်လောင်စွာနဲ့ပဲ ရယ်မောလိုက်ကြပါပြီ။

ချစ်စရာ ကောင်းလှတဲ့ ကလေးလေးကို ကြည့်ပြီးတော့ လင်းဖုန်းက သဘောကျစွာနဲ့ပဲ ရယ်မောလိုက်ပါတယ်။ ရယ်မောနေကြတဲ့ ကလေးတွေကို အရေးမလုပ်ပဲနဲ့ လင်းဖုန်းဟာ ခြံဝင်းထဲကို တောက်လျှောက်ဝင်လာပြီး

ကျောက်တုံးအိမ်လေးရဲ့ နံဘေးကို ရောက်ရှိကာ လာခဲ့ပြီလေ။ သူ့ရဲ့နားကို စွင့်လိုက်ပြီးတော့ အိမ်ထဲက အဘိုးကြီးရဲ့ စကားသံကို နားထောင်လိုက်ပါပြီ... "ဟင်း... အချိန်တွေဟာ ကုန်တာက မြန်လိုက်တာကွာ... မျက်စိတမှိတ် လျှက်တပြက်လေး အတွင်းမှာပဲ သုံးနှစ်ဆိုတဲ့ အချိန်ဟာ ကုန်လွန်သွားခဲ့ပြီ... ကောင်ကလေး တောင်မှပဲ သုံးနှစ်ခွဲတောင် ရှိသွားခဲ့ပြီနော်..."

အဘွားကြီး တစ်ယောက်ရဲ့ အသံကလဲ
အိမ်အထဲကနေ ပျံ့လွင့်ကာ
လာခဲ့တယ်လေ… ကြည့်ရတာတော့
သူကြီးကတော်နဲ့ တူပါတယ်…
"ဟင်း… ရှင်ကလဲ ကောင်ကလေးကို
ဆရာတော်ကို ငြင်းခိုင်းလိုက်တယ်…
ဒုက္ခများ ရောက်မလား မသိပါဘူးရှင်။
ဒါနဲ့… ရှင်က ဒီကောင်လေးဟာ
တကယ်ပဲ ဒီတာအိုဆရာတော်ရဲ့
လူဝင်စားတပည့်လို့
ထင်သလားတော်?"

အဘိုးကြီးက တစိမ့်စိမ့်
တွေးနေရင်းနဲ့ပဲ ပြောလိုက်ပါတယ်...
"အင်း... ငါက အစတုံးကတော့
ဒီတာအို ဆရာတော်ဟာ ရှီထျန်းရီကို
ကူညီတဲ့ ရှီမိသားစုက
လွှတ်လိုက်တဲ့သူ... ဒါမှမဟုတ်
ရှီထျန်းရီရဲ့ အမေဖက်ကအဘိုးဖြစ်တဲ့
ယုမိသားစုက ကောင်ကလေးကို
လက်စသတ်ဖို့ လွှတ်လိုက်တဲ့
သူလားလို့ ထင်နေခဲ့တာကွ။ ဒါပေမဲ့
အခု ကြည့်ရသလောက်ကတော့
သိပ်မဖြစ်နိုင်ဘူး ထင်တယ်... အင်း...
လူဝင်စားတပည့်
ဖြစ်မဖြစ်ကတော့......"

သူကြီးအိုဟာ အချိန်
အနည်းငယ်လောက် ချီတုံချတုံ
ဖြစ်သွားပါတယ်... "ဟင်း...
ကောင်ကလေးဟာ မေးစကတည်းက
အမတန်ကိုမှပဲ ထူးခြားတယ်ဆိုတာက
မင်းလဲအသိပဲ... သူဟာ
မေးစကတည်းက အခြေခံအုတ်မြစ်
အဆင့်နဲ့ မေးလာခဲ့တာဟ!
နောက်ပြီးတော့ သူ့မှာက ကမ္ဘာကို
ကိုင်လှုပ်နိုင်တဲ့ ဒဏ္ဍာရီလာ
ဧကရာဇ်ဦးသျှောင်
တာအိုအရင်းမြစ်ကိုလဲ
ပိုင်ဆိုင်ထားသေးတယ်။

တကယ်လို့များသူ့ကို ကြီးမြတ်တဲ့
ကျင့်ကြံသူ တစ်ယောက်က
ဝင်စားတယ်လို့ ပြောရင်လဲ ယုတ္တိတော့
ရှိပါတယ်ကွ..."

သူကြီးကတော်က
သက်ပြင်းတစ်ချက်ချပြီးတော့
ဆက်ပြောလိုက်ပါတယ်... "ဟင်း...
ဆိုးတာက သူ့ရဲ့ ကေရာဇ်ဦးသျှောင်
တာအိုအရင်းမြစ်ဟာ ရှီထျန်းရီရဲ့
ခိုးယူခြင်းကို ခံလိုက်ရတာပဲ။ သူတို့ဟာ
မိသားစုတစ်ခုထဲက
ဝမ်းကွဲညီအစ်ကိုတွေလေ...

ဘာကြောင့်မို့များ ဒီလောက်ထိ
ရက်စက်နိုင်ရ တာလဲတော်?
အဲ့ဒီအချိန်တုံးက ကောင်ကလေးဟာ
အသက်ဖလတောင် မပြည့်သေးဘူး...
ဟင်း... တကယ်ကိုပဲ
သနားစရာကောင်းလှတဲ့
ကလေးလေးပါရှင်..."

အိမ်အပြင်ဖက်ကနေ နားထောင်နေတဲ့
လင်းဖုန်းကလဲ အပျော်လုံး
ဆို့သွားခဲ့ပါပြီ... အင်း...
ဒီကောင်ကလေး... ဆယ်ပုံမှာ
ကိုးပုံကတော့

ဇာတ်လိုက်မင်းသားအဆင့်
ဇာတ်ကောင်ပဲ ဖြစ်ရမယ်။

သူ့ရဲ့ တာအိုအရင်းမြစ်ကို ခိုးယူသွားတဲ့
ရှီထျန်းရီကတော့… ပြိုင်ဘက်ဗီလိန်
အမျိုးအစားပေါ့။

အင်း… သူ့ရဲ့အရိုး အရင်းမြစ်တွေဟာ
အမှတ်ပြည့် ၁ဂမှတ်ရတာဟာ
အထူးအဆန်းတော့ မဟုတ်ပါဘူး…
မွေးရာပါ အခြေခံအုတ်မြစ်အဆင့်…
ပြီးတော့ ထိပ်တန်းအဆင့်
ဦးသျှောင်ကေရာဇ် တာအိုအရင်းမြစ်။

တကယ်လို့များ ဒီလို
ပင်ကိုစွမ်းရည်မျိုးကသာ အမှတ်ပြည့်
မရဘူးဆိုရင်တော့ ဘယ်သူကမှ
အမှတ်ပြည့် ရတော့မှာ မဟုတ်ဘူးဟ။

ဟင်… နေပါဦး… သူ့ရဲ့
တာအိုအရင်းမြစ်တွေဟာ
ထုတ်ယူသွားခြင်းကို ခံခဲ့ရပြီးပြီပဲ…
သူ့ရဲ့ အရိုးအရင်းမြစ်က ဘာဖြစ်လို့ ၁၀
ဖြစ်နေရသေးတာလဲ?

မဟုတ်မှလွဲရော… သူရဲ့
တာအိုအရင်းမြစ်တွေဟာ

ပြန်လည်ပေါက်ပွား  လာနိုင်လို့လား?
ဒါမှမဟုတ် သူက တာအို
နည်းစနစ်တွေကို လေ့ကျင့်ပြီးတော့…
အခြေခံအုတ်မြစ် အဆင့်ကို
တက်ရောက်သွားနိုင်လို့ရှိရင် သူဟာ
ဦးဿျောင်ကေရာဇ် တာအိုအရင်းမြစ်ကို
ပြန်ပြီးတော့များ ပုံသွင်းနိုင်မလား?

စဥ်းစားနေရင်းနဲ့ လင်းဖုန်းဟာ
ကျောက်ခေတ်ကျေးရွာကနေ
ပြန်ထွက်လာလိုက်ပြီး… ရွာအဝင်ဝနဲ့
သိပ်မဝေးလှတဲ့ တောလမ်းလေး
အနားကို ရောက်လာခဲ့ပါတယ်။

သူ့ရဲ့ အိတ်ကပ်ထဲကနေ
တောက်ပနေတဲ့ ခရမ်းရောင်
သလင်းကျောက်တုံးလေး ၉ခုကို
ထုတ်လိုက်ပြီး...
တောလမ်းလေးပေါ်မှာ
ပုံစံတစ်ခုအတိုင်း အစီအစဥ်တကျ
နေရာချထား လိုက်ပါတယ်။ ပြီးတော့မှ
လင်းဖုန်းဟာ သက်ပြင်းတစ်ချက်ကို
ချလိုက်ပြီလေ။ တခြားသူတွေအတွက်
ဘိုးတော်ဖြစ်ရခြင်းဟာ
ထင်သလောက်တော့လဲ
မလွယ်လှပါဘူး။

မျက်နှာသစ် လက်ဆောင်ကနေ
ရထားတဲ့ ကုန်သွယ်မှုအမှတ် ၃၀၀
ထဲကနေ… လင်းဖုန်းဟာ
အဝတ်အစား တစ်စုံအတွက်
အမှတ်၅၀သုံးလိုက်တယ်… အရိပ်မဲ့
နည်းစနစ်အတွက်က အမှတ်၁၀၀
သုံးလိုက်ရတယ်။ ကျန်တဲ့ အမှတ်
၁၅၀စလုံးကို ဒီခရမ်းရောင်
သလင်းကျောက်တွေ အပေါ်မှာ
ရင်းနှီးမြှုပ်နှံခဲ့ရတာပါ။

သူ့ဟာ ဝံပုလွေ ကျေးရွာဖက်ကို
လှမ်းကြည့်လိုက်ရင်း...
သူ့ရဲ့နှာခေါင်းကို ပွတ်လိုက်ပါတယ်...
"အင်း... တကယ်လို့များ
ဝံပုလွေကျေးရွာက လူတွေက
ကျောက်ခေတ်ကျေးရွာကို
လာတိုက်မယ်ဆိုရင်...
ဒီနေရာကိုတော့ မဖြတ်လို့
မရဘူးဟ..."

ပြင်ဆင်မှုတွေ လုပ်ပြီးသွားတော့
လင်းဖုန်းဟာ နောက်ထပ်ရွှေ့ရမယ့်
အကွက်တွေအတွက် တစိမ့်စိမ့်နဲ့

စဉ်းစားလို့ နေခဲ့ပါတယ်။
စဉ်းစားနေတုံးမှာပဲ တောနက်ကြီးတွေ
အထဲက ကျယ်လောင်တဲ့
မြည်ဟည်းသံကြီးတစ်ခု
ပေါက်ကွဲထွက်လာသံကို
ကြားလိုက်ရပါပြီ… မြေကြီးပေါ်ကို
မိုးကြိုးပစ်ချ လိုက်သလို ပါပဲလေ။

တောနက်ကြီး အထဲကနေ ခရမ်းရောင်
အလင်းတန်း တစ်ခုဟာ
ကောင်းကင်ပေါ်ကို
ထိုးတက်သွားတာကို
မြင်လိုက်ရပြီလေ…

တစ်ချက်ကြည့်လိုက်ရုံနဲ့ပဲ ဒါဟာ
တမူထူးခြားတဲ့ ရတနာ တစ်ပါးလို့
ပြောနိုင်ပါတယ်။ ဝံပုလွေရှာသားက
ပြောလိုက်တဲ့ တောင်တန်းရတနာ
တစ်ပါး မွေးဖွားခြင်း ဆိုတာကို
စဉ်းစားမိလိုက်တော့… လင်းဖုန်းဟာ
အံ့အားသင့်သွားခဲ့တယ်လေ…
"အင်း… ဒါက
ဟိုကောင်ကလေးအတွက်
ဖန်ဆင်းပေးထားတာပဲ ဖြစ်ရမယ်…
ဟုတ်တယ်မလား? ကောင်းချီးမင်္ဂလာ
အမှတ် ၈… အမှတ်အပြည့်
မဟုတ်ပေမယ့် အထင်သေးလို့တော့
မရဘူးဟ…"

နေဝန်းကဲ့သို့ နွေးထွေးတဲ့ အပြုံးလေး
တစ်ခုဟာ
လင်းဖုန်းရဲ့မျက်နှာအပေါ်မှာ
ပေါ်ပေါက်ကာ လာခဲ့ပြန်ပါပြီ။ သူက
တောင်တန်းရတနာ ထွက်ပေါ်လာခဲ့တဲ့
နေရာကို အမြန်ဆုံး
ပြေးသွားလိုက်ပါတော့တယ်။

တစ်စုံတစ်ယောက်ခင်ဗျား…
ကျေးဇူးပြုပြီး ဒီကောင့်ကို
အော်စကာဆုလေး
ပေးလိုက်စမ်းပါဗျာ။

## စာစဉ် ၁ : အပိုင်း ၃

## အပိုင်း ၃ : ရန်သူနှင့် တိုက်ခိုက်ခြင်း!

လင်းဖုန်းဟာ တောင်တန်းတွေရဲ့
အကြားမှာ တဟုန်ထိုးပြီး
ခြေကုန်သုတ်ကာ ပြေးနေခဲ့ပါတယ်…
သူ့ရဲ့အမြန်ဆုံး အလျင်နဲ့ ခရမ်းရောင်
အလင်းတန်း ရှိရာဆီကို
တက်သုတ်ရိုက်ပြီးတော့
သွားနေခဲ့ပြီလေ။

ချောက်ကမ်းပါး တစ်ခုပေါ်မှာ
ငေါထွက်နေတဲ့
ကျောက်တုံးကြီးတစ်တုံး
ရှိနေခဲ့ပါတယ်… မီးခိုးရောင်ရင့်ရင့်
ကျောက်တုံးကြီးကနေပြီး ခရမ်းရောင်
အလင်းတန်းတွေဟာ စိမ့်ထွက်လို့
နေခဲ့တယ်လေ။ လူတစ်ယောက်က
အသက်ရှူနေတဲ့ အတိုင်းပဲ
စည်းဝါးကျကျ ပြိုးပြိုးပြက်ပြက်နဲ့ပဲ
လင်းလက်ကာ နေခဲ့ပါပြီ။

ဒီခရမ်းရောင် အလင်းတန်းက
လက်ကနဲ ဖြစ်သွားတဲ့ အချိန်တိုင်းမှာ…

သူဟာ မိုးချုန်းသံ တစ်ခုကို
ထုတ်လွှတ်ခဲ့တယ်လေ… နက်ရှိုင်းစွာ
ကျယ်လောင်တဲ့ မြည်ဟည်းသံပဲ
ဖြစ်ပါတော့တယ်။

လင်းဖုန်းဟာ ပတ်ဝန်းကျင်ကို
ပိုက်စိတ်တိုက် ကြည့်ရှုလိုက်ပါတယ်…
ခွေးတစ်ကောင် ကြောင်တစ်မြီးကိုမှ
မတွေ့ခဲ့ရပါဘူး။

ဟဟ… ကံကောင်းလိုက်တာဟော့…
ကြည့်ရတာတော့ ငါက ပထမဦးဆုံး
ရောက်တာပဲကွ။

လင်းဖုန်းဟာ ချောက်ကမ်းပါးရဲ့
အပေါ်ကို လျင်မြန်စွာနဲ့ပဲ
တက်လိုက်ပါတယ်။
လက်တစ်ဘက်ကနေ
လက်သည်းလိုမျိုး ကျောက်တုံးကို
မြဲမြံစွာ ဆုပ်ကိုင်ထားပြီး…
ကျန်အခြားတစ်ဘက်ကို
ဘာမှော်ကျိန်စာမှ မသုံးပဲနဲ့… သူ့ရဲ့
မှော်စွမ်းအင်ကိုသာ လှည့်ပတ်ကာ
ငေါထွက်နေတဲ့ ကျောက်တုံးကြီးကို
သူ့ရဲ့လက်သီးနဲ့ ထိုးချလိုက်ပါပြီ။

ကျောက်တုံးကြီးဟာ ချောက်ကမ်းပါး
ပေါ်ကနေ ပွဲထွက်ပြီး…
အောက်ဘက်ကို
လိမ့်ဆင်းသွားခဲ့ပါတယ်။
လင်းဖုန်းကလဲ ကျောက်တုံးရှိရာဆီကို
လိုက်ဆင်းသွားခဲ့ပြီလေ။
ချောက်ကမ်းပါး ပေါ်ကနေ
ပွဲထွက်လာခဲ့ပြီ ဖြစ်ပေမယ့်…
ကျောက်တုံးကြီးဟာ အသက်ရှိနေတဲ့
အတိုင်းပဲ ခရမ်းရောင်
အလင်းတန်းဟာ ပြိုးပြိုးပြက်ပြက်နဲ့
လက်နေခဲ့ပါတယ်…
မိုးခြိမ်းသံတွေကလဲ တဂျိန်းဂျိန်းနဲ့
မြည်ဟည်းနေလို့ပါ။

လင်းဖုန်းဟာ ကျောက်တုံးကြီးကို
ခွဲခြေလိုက်ပြီး အတွင်းထဲမှာ
ဝှက်ထားတဲ့ ရတနာကို
ဖော်ထုတ်လိုက်ပါပြီ။ ဒါကတော့
ဘောလုံး အရွယ်အစားလောက်ရှိတဲ့
ခရမ်းရောင် သလင်းကျောက်လေးပါ…
သူ့ဆီကနေ မိုးချုန်းသံတွေ
ပေါက်ကွဲလွင့်ပျံလို့ ထွက်နေခဲ့ပါတယ်။

ဒီခရမ်းရောင် သလင်းကျောက်လေးရဲ့
မျက်နှာပြင်ဟာ ပြေပြစ်ခြင်းမရှိပဲ…

အဖုအထစ်တွေနဲ့ ကြမ်းတမ်းကာ…
မညီမညာ ဖြစ်နေခဲ့ပါတယ်။

ကျောက်တုံးရဲ့ မျက်နှာပြင်ကို
အနည်းငယ်
စမ်းသပ်လိုက်အပြီးမှာတော့…
လင်းဖုန်းဟာ ဒီခရမ်းရောင်
သလင်းကျောက် လေးဟာလည်း
တကယ့် အစစ်အမှန် ရတနာ
မဟုတ်သေးဘူး ဆိုတာကို
လေ့လာတွေ့ရှိ ခဲ့ရပါပြီ။ ဘာနဲ့
တူသလဲဆိုတော့ ကျောက်စိမ်းတုံးရဲ့
အပြင်ဘက်မှာ ကျောက်သားအခွံ

တစ်ထပ်နဲ့ လွှမ်းခြုံထွေးပတ်
ထားသလိုပါပဲ။

လင်းဖုန်းဟာ သူ့ရဲ့
မှော်စွမ်းအင်တွေကို ဒီခရမ်းရောင်
သလင်းကျောက်အတွင်းကို
ဖြေးဖြေးချင်းပဲ သွင်းလိုက်ပါပြီ…
သလင်းကျောက် အထဲက ရတနာနဲ့
ဆက်သွယ်ဖို့ကို ကြိုးစားလိုက်ပြီလေ။

ဝုန်း!!

လင်းဖုန်းက သူဟာ လျှပ်စီးကမ္ဘာတစ်ခု
အတွင်းကို ရောက်ရှိသွားသလိုမျိုး
ခံစားလိုက်ရပါတယ်…
ဘယ်နေရာကိုပဲ ကြည့်ကြည့်
အကုန်လုံးဟာ လျှပ်စီးမိုးကြိုးတွေနဲ့
လင်းလက်ပေါက်ကွဲလို့ နေခဲ့ပြီလေ။

မပြီးနိုင် မဆုံးနိုင်တဲ့
မြောက်မြားလှစွာသော
ကြောက်ရွံ့ထိတ်လန့်မှုတွေနဲ့
စိုးမိုးခြယ်လှယ်နိုင်မှုတွေပါ။

ရှေးပဝေသဏီက နတ်ဘုရားတွေရဲ့
ပြစ်ဒဏ်ခတ်မှုတွေ ဖြစ်တဲ့ ပြင်းထန်တဲ့
မိုးချုန်းသံတွေ... ရှေးကမ္ဘာက
ကပ်ဆိုးဖြစ်တဲ့ ခက်ထန်တဲ့
လျှပ်စီးတွေ... အားလုံးဟာ သူတို့နဲ့
ရင်ဆိုင်ရတဲ့ လူတွေအားလုံးရဲ့
စိတ်နှလုံးကို ကြောက်ရွံ့မှုတွေနဲ့
တုန်လှုပ်စေခဲ့တယ်လေ...
ဒါပေမဲ့လည်း မီးကိုတိုးတဲ့
ပိုးဖလံတွေလိုမျိုးပဲ သူတို့ကိုယ်သူတို့
စိတ်ပါလက်ပါ ဝင်တိုးကာ အပြီးအပိုင်
ပျောက်ကွယ်ပျက်သုန်းလို့ သွားခဲ့ပါပြီ။

နင်းခြေနိုင်တဲ့ ဖိအားတစ်မျိုး…
တကယ့်ကိုပဲ စစ်မှန်တဲ့ နင်းခြေနိုင်တဲ့
ဖိအားတစ်မျိုးပါ… တောင်ကုန်းကြီးရဲ့
အောက်မှာပဲ အရာအားလုံးဟာ
ချက်ချင်းပဲ တစ်ပိုင်းတစ်စစီ
ကြေမွနေအောင် နင်းခြေခြင်းကို
ခံလိုက်ရပြီလေ။

လင်းဖုန်းဟာ အလွန်ပဲ
အံ့အားသင့်သွားခဲ့ပါတယ်…
ကောင်းကင်ကိုးလွှာ
မိုးကြိုးနည်းစနစ်ရဲ့
တာအိုနည်းစနစ်ဟာလည်း

အလိုအလျှောက်ပဲ စတင်ကာ
လည်ပတ်လို့ နေခဲ့ပြီလေ။ သူဟာ
ခုခံခြင်း… သဟဇာတဖြစ်အောင်
ကြိုးစားခြင်း… စတာတွေကို
မပြုလုပ်ပဲ တိုက်ရိုက်ထိန်းချုပ်လို့
နေခဲ့ပါပြီ။

ဟဟ… ငါက ကောင်းကင်ဘုံက
လျှပ်စီးတွေကို ထိန်းချုပ်နိုင်တဲ့
မိုးကြိုးသခင်ပဲကွ!

အချိန်ဟာ တခဏတာလေး လိုပါပဲ…
ဒါပေမဲ့လည်း အချိန်အကြာကြီး

ကုန်ဆုံးသွားပြီလို့လဲ
ခံစားနေရပါတယ်… လင်းဖုန်းဟာ
နောက်ဆုံးတော့ သတိပြန်ဝင်
လာခဲ့ပါပြီ။ သူ့ရဲ့ လက်ထဲက
ခရမ်းရောင်
သလင်းကျောက်တုံးလေးကို
ကြည့်လိုက်တော့… သူဟာ အလယ်က
နေပြီးတော့ နှစ်ခြမ်းကွဲသွားခဲ့ကာ…
အလယ်မှာ လုံးဝကို လုံးဝိုင်းနေတဲ့
ရွှေရောင်ဖျော့ဖျော့ စက်လုံးလေး
တစ်လုံးကို တွေ့ရှိခဲ့ရပြီလေ။

တကယ်လို့သာ ဒီစက်လုံးလေး
အတွင်းက မိုးကြိုးစွမ်းအားတွေသာ
ပေါက်ကွဲသွားခဲ့မယ်ဆိုရင်တော့...
အခုလင်းဖုန်း လက်ရှိရောက်နေတဲ့
တောင်ကြောတစ်ခုလုံးကို ချိုင့်ဝှမ်းကြီး
ဖြစ်သွားစေဖို့ရာ...
လိုအပ်တာထက်တောင်
ပိုလို့နေပါသေးတယ်။

ကုန်သွယ်မှုစနစ် ထဲမှာလဲ
အလားတူအိုင်တမ် တစ်မျိုး
ရှိပါတယ်... သူ့ရဲ့ နာမည်ကတော့
ကောင်းကင်မိုးကြိုး

လမင်းကျောက်စိမ်းဖြစ်ပြီး... သူ့ကို
ဝယ်မယ်ဆိုရင် ကုန်သွယ်မှုအမှတ်
၂၀၀၀တောင် ကျသင့်မှာ ဖြစ်ပါတယ်။

စနစ်ကြီးရဲ့ ဖော်ပြချက် အရဆိုရင်...
ဒီအိုင်တမ်ဟာ အလွန်အမင်းကိုမှ
ရှားပါးလှပါတယ်။ သူ့ကို
ဖန်တီးဖို့ဆိုရင်
ထောင်ပေါင်းများစွာသော
မိုးကြိုးသွားတွေဟာ
ကျောက်တုံးတစ်တုံးထဲကို
အဆက်မပြတ် ရိုက်ခတ်ရန်
လိုအပ်ပြီး... အောင်မြင်ဖို့

ရာခိုင်နှုန်းကလဲ တစ်ရာပုံ တစ်ပုံသာ ရှိတယ်လေ။ သူ့ဆီမှာက ခြောက်မြားလှစွာသော မိုးကြိုးစွမ်းအင် အဆီအနှစ်တွေကို သိုလှောင်ထားပြီး… မိုးကြိုးအနွယ်ဝင် တာအိုနည်းစနစ်တွေကို လေ့ကျင့်တဲ့ ကျင့်ကြံသူတွေ အဖို့ကတော့ အဖိုးမဖြတ်နိုင်တဲ့ ရတနာတစ်ပါးပဲ ဖြစ်ပါတော့တယ်။

လင်းဖုန်းဟာ သူ့ရဲ့မျက်စိတွေကို အပေါက်ကျဉ်းကျဉ်းလေးသာ ကျန်တော့တဲ့အထိ ပြုံးလိုက်ပြီး

အလွန်ကိုမှပဲ အရှက်ကင်းမဲ့စွာနဲ့
တွေးလိုက်ပါပြီ... "ဟဲဟဲ...
ဆရာသခင်ရဲ့
တပည့်ကောင်းလေးရေ... ဒါကို မင်းက
ဆရာ့ရဲ့ တပည့်ဖြစ်တဲ့
အထိမ်းအမှတ်နဲ့ ဆရာ့ကိုပေးတဲ့
လက်ဆောင်လို့ပဲ
သဘောထားလိုက်ပါကွာ။
ဘာမှမပူပါနဲ့... ဆရာသခင်က
တပည့်လေးကို
ကောင်းကောင်းဆက်ဆံမှာပါဟ..."

တောင်ခြေက တောအုပ်ဆီကနေ
အသံသဲ့သဲ့တွေကို
ကြားလိုက်ရတော့… လင်းဖုန်းဟာ
ကောင်ကင်မိုးကြိုး
လမင်းကျောက်စိမ်းကို လျင်မြန်စွာနဲ့ပဲ
သိမ်းလိုက်ပြီး အောက်ကို
ငုံ့ကြည့်လိုက်ပါတယ်။ တောင်ကုန်းရဲ့
တစ်ဘက်တစ်ချက် ဆီကနေ
လူအုပ်စုနှစ်စုတို့ဟာ လျင်မြန်စွာနဲ့ပဲ
အပြေးအလွှား လာနေကြတာကို
တွေ့ရှိလိုက်ရပါပြီ။

အုပ်စုနှစ်စုအနက်… တစ်စုရဲ့
တပ်ရင်းမှာကတော့ ရှောင်ပုတန်လေး
ဖြစ်ပါတယ်။ ( Xiao Bu Dian 小不点
Chinese Phonetics အရ ရှောင်ပုတျန်
ဟုအသံထွက်ပြီး ကလေးလေးကို
ချစ်စနိုးခေါ်ခြင်းပဲ ဖြစ်ပါတယ်။
ဖတ်ရလွယ်ကူစေရန်
ရှောင်ပုတန်လို့သာ ပြန်သွားမှာပါ။)
သူဟာ အရုပ်လေး တစ်ရုပ်လို
ဖြူဖွေးပြီး ချစ်စရာ ကောင်းပါတယ်…
ဒါပေမဲ့လည်း အခုအချိန်မှာတော့
သူဟာ သားရဲပေါက်စလေး
တစ်ကောင်လို
တက်ကြွဖျတ်လတ်နေပြီး…

တောနက်ကြီး အတွင်းကနေ
လျှင်မြန်စွာနဲ့ပဲ ချီတက်ကာ
လာခဲ့ပြီလေ။

ဒီအချိန် မတိုင်ခင်တုံးက
ရှောင်ပုတန်လေးဟာ ဘာမှ
မလှုပ်ရှားသေးတာကြောင့်…
လင်းဖုန်းဟာ ဒီလေးနှစ်တောင်
မပြည့်သေးတဲ့
ချာတိတ်ပေါက်စလေးဟာ
တကယ်ကိုပဲ ချီသာ၀က အဆင့်၂
ရှိနေပြီဖြစ်တာကို အခုမှပဲ
သိရှိလိုက်ရတာပါ။

လင်းဖုန်းဟာ သူ့ရဲ့ဝသီအတိုင်း
နှာခေါင်းကိုပွတ်လိုက်ပြီး...
တောင်လိုမျိုး ကြီးမားတဲ့ ဖိအားတွေကို
ခံစားလိုက်ရပါပြီ... "အင်း...
ဒီသူကြီးအိုကြီးဟာ ရှုးမိုက်တဲ့သူပဲ...
ဟုတ်တယ်မို့လား? ဒီချာတိတ်
ပေါက်စနလေးကို
တာအိုနည်းစနစ်တွေ
သင်ထားပေးတယ်..."

တခြားအုပ်စုက လူတွေကတော့
ဝံပုလွေကျေးရွာက လူတွေပါပဲ။

လင်းဖုန်းဟာ နှစ်ဦးနှစ်ဘက်စလုံးရဲ့
အမြန်နှုန်းကို တွက်ချက်နေခဲ့ပါတယ်။
ရှောင်ပုတန်လေးနဲ့တကွ
ကျောက်ခေတ်ကျေးရွာက
ရွာသားတွေဟာ အရင်ဆုံးရောက်မယ်
ဆိုတာကို အတည်ပြုပြီး
နောက်မှာတော့… သူဟာ ပထမဆုံး
ဒီကောင်းကင်မိုးကြိုး
လမင်းကျောက်စိမ်းကို
ထုတ်ယူအပြီးမှာ ကျန်နေခဲ့တဲ့…
နှစ်ခြမ်းကွဲသွားပြီဖြစ်တဲ့ ခရမ်းရောင်
သလင်းကျောက်တုံးလေးကို
ယူလိုက်ပြီး ဒီနေရာမှာ

ချန်ထားခဲ့လိုက်ပါပြီ။ ပြီးတာနဲ့
တပြိုင်နက် သူဟာ ဒီနေရာကနေ
လျင်မြန်စွာနဲ့ပဲ ထွက်ခွာလာခဲ့ပြီလေ။

ကောင်းကင်မိုးကြိုး
လမင်းကျောက်စိမ်းကို
ထုတ်ယူလိုက်ပြီး ဖြစ်ပေမယ့်…
ဒီလမင်းကျောက်စိမ်းနဲ့
အချိန်အကြာကြီး ထိတွေ့နေရတော့…
နှစ်ခြမ်းကွဲသွားပြီဖြစ်တဲ့ ခရမ်းရောင်
သလင်းကျောက်တုံးလေး ဆီမှာလဲ
စွမ်းအားတွေ အများကြီး ခိုအောင်းလို့
နေခဲ့တယ်လေ… သူဟာလည်း

မြင်တွေ့ရရန် ခက်ခဲတဲ့
ရတနာတစ်ပါးပဲ ဖြစ်ပါတော့တယ်။

ကောင်းကင်ကြီးဟာ
တိမ်ညိုတိမ်မည်းတွေနဲ့ အုံ့မှိုင်းကာ
လာခဲ့ပါပြီ... မိုးခြိမ်းသံတွေဟာလည်း
ပွဲတင်သံတွေနဲ့ ရိုက်ခတ်လို့
နေခဲ့ပြီလေ။ လင်းဖုန်းဟာ
ကောင်းကင်ကို မော့ကြည့်လိုက်ပြီး
တစ်ယောက်ထဲပဲ
ရေရွတ်လိုက်ပါတယ်... "အင်း...
မုန်တိုင်းတစ်ခုကတော့
အစပြုနေပြီဟ..."

လင်းဖုန်းက ကြိုတင်ခန့်မှန်း
ထားတဲ့အတိုင်းပဲ… ရှောင်ပုတန်လေးနဲ့
အပေါင်းပါတို့ဟာ ခြေတစ်လှမ်း
စောပြီးတော့ ဒီကျောက်တုံး
အခွံလေးကို ရရှိလို့ သွားကြပါပြီ။
သနားစရာ ကောင်းတာက
တစ်စုံတစ်ယောက်ဟာ
သူတို့ကိုကျော်ပြီးတော့
ကျောက်တုံးအခွံထဲက ရတနာကို
ထုတ်ယူသွားခဲ့ပြီး ဖြစ်ပေမယ့်…
အနည်းဆုံးတော့ သူတို့ဟာ
လက်ဗလာနဲ့ အိမ်ကို
မပြန်ရတော့ဘူးပေါ့။ ဒီလူအုပ်ကြီးဟာ

စိတ်ခဲတော်တွေ တက်ကြွစွာနဲ့ပဲ ရွာကို ပြန်သွားခဲ့ကြပြီလေ။

တခြား တစ်ဘက်မှာကတော့…
ဝံပုလွေ ရွာသားတွေဟာ
မိအေးနှစ်ခါနာ ဖြစ်သွားခဲ့ကြပါပြီ။
အသား မရလိုက်ရုံတင် မကပဲ
အရိုးကိုတောင်မှ
မကိုက်ရတော့ပါဘူး…
လက်ဗလာနဲ့သာ
အိမ်ပြန်ကြရတော့မှာပါ။ သူတို့ဟာ
တကယ့် ရတနာဖြစ်တဲ့…
ကောင်းကင်မိုးကြိုး

လမင်းကျောက်စိမ်းဟာ လင်းဖုန်းရဲ့
လက်ထဲကို ကျရောက်သွားပြီ
ဆိုတာကို မသိကြပါဘူး…
ကျောက်ခေတ်ကျေးရွာက လူတွေက
အရင်ယူသွား ကြတာလို့ပဲ
ထင်နေကြတာလေ။

အနာဟောင်း အပေါ်မှာ
တုတ်ထပ်ကျလာလို့ အပြီးမှာတော့…
ဝံပုလွေကျေးရွာက လူတွေဟာ
အကြီးအကျယ်ပဲ
ပေါက်ကွဲကုန်ကြပါပြီ…
မျက်ထောင့်နီကြီးတွေနဲ့

ရှောင်ပုတန်လေးနဲ့ ရောင်းရင်းများ
အနောက်ကို လိုက်လံဖမ်းဆီး
ကုန်ကြပြီလေ။

ဒီအချိန်မှာပဲ လင်းဖုန်းဟာ အလွန်
တိုက်ဆိုင်လှစွာနဲ့ပဲ
ဝံပုလွေရွှာသားတွေနဲ့
ဝင်တိုးမိပါတော့တယ်။ လန်ဖုန်းရဲ့
အဖိုးဖြစ်တဲ့ လန်လိချင်းဟာ
လင်းဖုန်းကို ပုပ်သိုးနေတဲ့
မျက်နှာကြီးနဲ့ မေးလိုက်ပါပြီ...
"ဟေ့ကောင်... မင်းကဒီမှာ
ဘာလာလုပ် နေတာလဲကွ?"

လင်းဖုန်းကလဲ ရှက်ကိုးရှက်ကန်း
မျက်နှာပေးလေးနဲ့
ပြန်ဖြေလိုက်ပါတယ်... "အား...
ကျွန်...ကျွန်တော်က ဗဟုသုတလေး
ဘာလေးရအောင် တောထဲကို
လျှောက်ကြည့်လိုက်တာဗျာ...
အခုတော့ လမ်းပျောက်ပြီး
ရှာလည်နေလို့ပါ..."

လန်လိချင်းကလဲ စိတ်မရှည်စွာနဲ့ပဲ
လက်ကို ဝှေ့ယမ်းလိုက်ပြီး လင်းဖုန်းကို
အရေးမလုပ်တော့ပါဘူး...

သူ့ရဲ့အနောက်က လူစုကို ဦးဆောင်ပြီး
အရှေ့ကိုပဲ ဆက်သွားလိုက်ပါတယ်။

လင်းဖုန်းဟာ သူ့ရဲ့ အဆင့်အတန်းကို
သဘောပေါက်စွာနဲ့ လူအုပ်ကြီးရဲ့
အနောက်ကနေပဲ
လိုက်လာခဲ့တယ်လေ။ သူ့ရဲ့
စွမ်းအားတွေကို ဖုံးကွယ်ထားပြီး
တောင်ကြားတွေရဲ့အထဲမှာ
အားနည်းစွာနဲ့ပဲ
လမ်းလျှောက်နေခဲ့ပါတယ်…
ကြည့်ရတာက
လူအုပ်ကြီးအနောက်ကနေ

အချိန်မရွေး ပြတ်ကျန်ရစ်တော့မဲ့
အတိုင်းပါပဲ။

"ဟာ... ဒီလူနှစ်ယောက်..."
လင်းဖုန်းဟာ အခက်အခဲ တွေ့နေတဲ့ပုံ
ပေါက်နေခဲ့ပေမယ့်...
တကယ်တမ်းကတော့ ဒီအုပ်စုကို
တချိန်လုံး မျက်ခြေမပြတ်
စောင့်ကြည့်နေခဲ့တာပါ။
လျှင်မြန်စွာနဲ့ပဲ သူဟာ ဒီလူအုပ်ထဲမှာ
ဝံပုလွေ ကျေးရွာမှာတုံးက သူတစ်ခါမှ
မတွေ့ဘူးတဲ့ သက်လတ်ပိုင်း

လူကြီးနှစ်ယောက်ကို
သတိပြုမိလိုက်ပါပြီ။

ဒီလူနှစ်ယောက်ရဲ့ ဝတ်စားဆင်ယင်ပုံ
တွေကလဲ…
တောသူတောင်သားတွေနဲ့ မတူပဲ
တမူကွဲပြားပါတယ်။

ဒီလူနှစ်ယောက်ရဲ့ နှုတ်ခမ်းတွေဟာ
အနည်းငယ် လှုပ်နေကြပေမယ့်…
အသံကတော့ တစ်စက်မှ
မထွက်ပါဘူး။ တစ်ချက်ကြည့်လိုက်
အပြီးမှာတော့ လင်းဖုန်းဟာ ဘာမှ

မမြင်လိုက်ရသလိုပဲ မျက်လွှာကို
ချလိုက်တယ်လေ။

သူတို့ နှစ်ယောက်စလုံးဟာ
တကယ်တော့ အစစ်အမှန်
ကျင့်ကြံသူတွေ ဖြစ်ကြပါတယ်။
တစ်ယောက်က ချီသာဝက
အဆင့်၃ဖြစ်ပြီး…
ကျန်တစ်ယောက်ကတော့
လင်းဖုန်းလိုပဲ ချီသာဝက အဆင့်၄
ဖြစ်ပါတယ်။

သူတို့ဟာ သူတို့ရဲ့အသံတွေကို
ဖုံးအုပ်ထားဖို့အတွက်
မှော်စွမ်းအင်တွေကို
အသုံးပြုနေကြတာပဲ ဖြစ်တယ်လေ။
သာမာန် လူတွေကတော့
သူတို့စကားဝိုင်းရဲ့ အသံတွေကို
ကြားရမှာ မဟုတ်ပါဘူး... ဒါပေမဲ့
လင်းဖုန်းကတော့
ကြည်ကြည်လင်လင်
ပြတ်ပြတ်သားသားကြီးကို
ကြားနေခဲ့ရပါတယ်။

"ဟော့… ဘိုးတော်ချန်… ဟိုလူကြီး
လွန်ခဲ့တဲ့ ၃နှစ်မှာ
နောက်ဆုံးပေါ်လာတုံးက…
သူ့ရဲ့ဘေးမှာ ကလေးလေးကို
မတွေ့ရဘူးကွ။ မဟုတ်မှလွဲရော…
သူ့ကို ဒီတောင်ကြားထဲက ရွာလေးမှာ
ထားထားခဲ့တာများလားကွာ?"

ဘိုးတော်ချန်လို့ခေါ်တဲ့ သက်လတ်ပိုင်း
လူကြီးက တစိမ့်စိမ့်တွေးပြီးတော့
ပြောလိုက်ပြီလေ… "အင်း…
အသက်ကိုကြည့်ပြီး တွက်ကြည့်ရ
သလောက်တော့

ဟုတ်လောက်တယ်... ဒါပေမဲ့
ခုနှစ်လေးရေ... ဒီချာတိတ်လေးက
လစ်သွားလောက်ပြီ ထင်တယ်...
ငါထင်တာကတော့ ဒီလောက်အရွယ်
အထိတော့ အသက်မရှင်
နိုင်လောက်ဘူးကွ..."

ခုနှစ်လေးဆိုသူကလဲ
ပြန်ပြောလိုက်တယ်... "အေးကွ...
အခုငါတို့ လုပ်ရမှာက
ကျောက်ခေတ်ကျေးရွာကို
လိုက်သွားပြီးတော့ စုံစမ်းစစ်ဆေးဖို့ပဲ။
တကယ်လို့များကွာ... သူက တကယ်ပဲ

အဲ့ဒီကလေးလေး ဖြစ်ခဲ့မယ်
ဆိုရင်တော့... အခုရှုပ်မှ နောင်ရှင်း
ဆိုသလိုမျိုးပဲ ကျူပင်ခုတ်
ကျူငုတ်မကျန်အောင်တော့
လက်စတုံးပစ် ရမှာပဲဟ။ သူ့အသက်
ဆက်ရှင်နေသေးရင် တစ်ချိန်မဟုတ်
တစ်ချိန်တော့ သခင်လေးအတွက်
ပြဿနာဖြစ်လာလိမ့်မယ်ကွ..."

ဘိုးတော်ချန်ကလဲ အနည်းငယ်
စဉ်းစားလိုက်ပြီး သူ့ရဲ့ခေါင်းကို
ညိတ်လိုက်ပါတယ်... "အေး... ဒါပေမဲ့
ငါတို့က ကိုယ့်သဘောနဲ့ကိုယ်

ထင်ရာစိုင်းလို့တော့ မရဘူး...
ရှိမိသားစုမှာလဲ ဒီကလေးလေးကို
သနားနေတဲ့လူတွေ ရှိသေးတယ်ဟ...
တကယ်လို့များ ငါတို့လုပ်တာက
သဲလွန်စတွေ ကျန်နေခဲ့လို့ရှိရင်
ငါတို့က အကြီးအကျယ်ပဲ
တိုင်ပတ်လိမ့်မယ်ကွ။ ငါတို့မိသားစုက
ဒီကလေးလေးကို
သေစေချင်နေပေမယ့်... ငါတို့ကို
ထောက်ခံမယ်လို့ ပြောမရဘူး...
ကံမကောင်းရင် ငါတို့က ဓားစာခံတွေပဲ
ဖြစ်သွားလိမ့်မယ်ကွာ..."

ခုနှစ်လေးက လန်လိချင်းကို
ကြည့်လိုက်ပြီး မသိမသာနဲ့ပဲ
ရယ်လိုက်ပါပြီ... "ဟဲဟဲ...
ဒီအတွက်တော့ မပူပါနဲ့ကွာ... ငါတို့ရဲ့
အရှေ့ကလူဟာ အကောင်းဆုံး
ခေါးစာခံပဲ မဟုတ်ဘူးလား?"

စကားဆုံးတာနဲ့ သူတို့
နှစ်ယောက်စလုံးဟာ ပျော်ရွှင်စွာနဲ့ပဲ
ရယ်မောလိုက်ကြပြီလေ...
"ဟားဟားဟား... ငါတို့ရဲ့
ယုမိသားစုအတွက်
အပြစ်တင်ခံရတာဟာ...

မင်းတို့အတွက်တော့
ကံကောင်းတယ်လို့ပဲ ဆိုရမှာပဲဟော့..."

လင်းဖုန်းကတော့ လျှို့ဝှက်စွာနဲ့ပဲ
သက်ပြင်းတစ်ချက်ကို ချလိုက်ပါတယ်။
ကျောက်ခေတ်ကျေးရွာက
ရွာသူကြီးဟာ သူ့ရဲ့ကတိကို
အလေးထားပြီး ရှောင်ပုတန်လေးရဲ့
သတင်းကို အတတ်နိုင်ဆုံး ကြိုးစားပြီး
လျှို့ဝှက်ထားခဲ့ပါတယ်... ဒါပေမဲ့
ရှောင်ပုတန်လေး ဘယ်မှာရှိသလဲဆိုတဲ့
သတင်းဟာ ပေါက်ကြားသွားခဲ့ပြီ
ဆိုတာကိုတော့ သူမသိခဲ့လိုက်ပါဘူး။

ဒါပေမဲ့လည်း... ဒီလူနှစ်ယောက်ဟာ
တကယ့်ကိုပဲ
အချိန်ကောင်းမှာကွက်ပြီး
ရောက်ရှိလာကြတာပါ။
သူတို့နှစ်ယောက်ရဲ့
နောက်ကျောကိုကြည့်ပြီး...
လင်းဖုန်းရဲ့ မျက်နှာပေါ်က အပြုံးဟာ
ပိုပိုပြီးတော့ တောက်ပကာ လာခဲ့ပါပြီ။

ဇာတ်ပို့ဇာတ်ရံတွေကို
ရွေးချယ်ရတာကလဲ အနုပညာ
တစ်မျိုးပါ။ ဒီ့မတိုင်ခင်တုံးက

လင်းဖုန်းဟာ သူ့ရဲ့ ပြိုင်ဘက်တွေရဲ့
ခွန်အားဟာ အရမ်းအားနည်း နေမှာကို
စိုးရိမ်နေခဲ့ပါတယ်။
ကျောက်ခေတ်ကျေးရွာမှာက
သူကြီးအိုနဲ့ ရှောင်ပုတန်ဆိုပြီးတော့
အစစ်အမှန် ကျင့်ကြံသူ
နှစ်ယောက်ရှိတယ်လေ... ဒီဝံပုလွေ
ကျေးရွာက သာမာန်သိုင်းသမား
တွေနဲ့သာဆိုရင်တော့...
ရှောင်ပုတန်လေးကို
အတွေ့အကြုံရအောင်
လေ့ကျင့်ပေးသလိုမျိုးပဲ ဖြစ်သွားမှာပါ။

ဒါပေမဲ့လည်း… ပြိုင်ဘက်တွေရဲ့
အဆင့်တွေက အရမ်းမြင့်နေမယ်
ဆိုရင်တော့ ပိုဆိုးသွားမှာပါ။
ပထမအနေနဲ့… လင်းဖုန်းဟာ
ရှောင်ပုတန်လေးရဲ့ လုံခြုံရေးကို
အာမမခံနိုင်ပါဘူး။ ဒုတိယအနေနဲ့…
လင်းဖုန်းက အခုမှ ချီသာဝက အဆင့်
၄ သာ ရှိသေးတာလေ…
သူမယှဉ်နိုင်တဲ့ ပြိုင်ဘက်နဲ့
တွေ့ခဲ့ရင်တော့ ဟာသလုံးလုံး
ဖြစ်သွားမှာပါ။

အခု ဒီယုမိသားစုက ကျင့်ကြံသူ
နှစ်ယောက်ကတော့ "တိုင်း၍ရက်သည့်
ပက္ကလာ မိုးရွာသည်နှင့် အခန့်သင့်"
ဆိုသလိုပါပဲ။

လင်းဖုန်းရဲ့ မျက်နှာဟာ ပြုံးဖြီးဖြီးကြီး
ဖြစ်လာခဲ့ပါပြီ… စကားကိုတော့
တစ်ခွန်းမှ မပြောခဲ့ပါဘူး…
ငြိမ်သက်စွာနဲ့ပဲ ဓာတ်လမ်းစမှာကိုပဲ
စောင့်ကြည့်လို့ နေခဲ့ပါတယ်။

ဝံပုလွေကျေးရွာက လူတွေဟာ
လျင်မြန်စွာနဲ့ပဲ ရှောင်ပုတန်လေးတို့ကို

လိုက်မီလာကြပြီး… ခက်ထန်တဲ့
တိုက်ပွဲတစ်ပွဲကို ဆင်နွှဲခဲ့ကြပါပြီ။
ဝံပုလွေ ကျေးရွာဟာ လူအင်အားတွေ
အများကြီးရှိပြီး အကုန်လုံးကလဲ
ရက်စက်ကြမ်းကြုတ် ကြပါတယ်…
ဒါပေမဲ့လည်း သူတို့ဟာ သူကြီးအိုနဲ့
ရှောင်ပုတန်လေးဆိုတဲ့ ကျင့်ကြံသူ
နှစ်ယောက်ရဲ့ ပြိုင်ဘက်တွေတော့
မဟုတ်ခဲ့ကြပါဘူး။

အထူးသဖြင့်ကတော့
ရှောင်ပုတန်လေးပါပဲ… သူလေးဟာ
အတွေ့အကြုံ သိပ်မရင့်ကျက်သေးပဲ

တိုက်ခိုက်ရာမှာ အသည်း
သိပ်မမာသေးပေမယ့်… ဒီလိုသာမာန်
သိုင်းသမားမျိုးတွေကို ကျွေးရတာဟာ
ငှက်ပျောသီး အခွံနွှာရသလိုပဲလေ။
ရှေးဟောင်းသားရဲ ပေါက်စလေး
တစ်ကောင်လိုပဲ… သူဟာ
ဝံပုလွေရွာက ရွာသားတွေကို
ပယ်ပယ်နယ်နယ်ပဲ
ဆွမ်းကြီးလောင်းပါတော့တယ်။

နှစ်ဖက်စလုံးဟာ တိုက်ပွဲ
မစခင်မှာတင်ကိုပဲ လင်းဖုန်းဟာ
ကြောက်ရွံ့နေတဲ့ ယုန်ကလေး

တစ်ကောင်လို လှစ်ကနဲ
ထွက်ပြေးသွားကာ မြင်ကွင်းထဲကနေ
ပျောက်ကွယ်လို့ သွားခဲ့ပါပြီ…
ဖက်တီးလေးကတော့ ဒေါသဖြစ်စွာနဲ့ပဲ
လှမ်းအော်လိုက်ပြီလေ…"ဟေ့…
ချီးထုတ်ကြီး!"

လင်းဖုန်းကတော့ သူ့ရဲ့ ရင်ထဲကနေပဲ
ရယ်နေခဲ့ပါတယ်။ ဟုတ်တယ်လေ…
သူကစောစော မပြေးထားလို့မှ
မရတာ… နို့မဟုတ်ရင်
ရှောင်ပုတန်လေး တို့တတွေက သူ့ကို
ဝံပုလွေကျေးရွာက လူတွေနဲ့

တွဲပြီးတော့ တွေ့သွားခဲ့ရင်
ဘယ်လိုလုပ်ပြီးတော့ သင့်တော်မှာလဲ?

ပုန်းစရာ နေရာတစ်ခုကို ရှာလိုက်ပြီး
လင်းဖုန်းဟာ သူ့ရဲ့ အကြည့်တွေကို
ယုမိသားစုက ကျင့်ကြံသူ
နှစ်ယောက်ဆီမှာ
စူးစိုက်ထားလိုက်ပါပြီ။
ဘိုးတော်ချန်လို့ခေါ်တဲ့ သက်လတ်ပိုင်း
လူကြီးဟာ အေးအေးဆေးဆေးပဲ
အရိုးပုလွေ တစ်ချောင်းကို
ထုတ်ပြီးတော့ မှုတ်လိုက်တာကို
တွေ့ခဲ့လိုက်ရပြီလေ။ ပုလွေသံဟာ

ကြောက်စရာကောင်းတဲ့
အော်ဟာစ်ငိုကြွေးသံတွေ လိုပါပဲ....
အက်ကွဲစူးရှပြီး လုံးဝကို
နားဝင်မချိုပါဘူး။

ခဏအကြာမှာပဲ
သားရဲမိစ္ဆာကောင်တွေ
အတော်များများဟာ
တောအုပ်ထဲကနေ ခုန်ပေါက်ပြီးတော့
ထွက်လာကြပါတယ်။
တောင်ကုန်းငယ်လောက်
အရွယ်အစားရှိတဲ့
ကျောက်စာဆင်ကြီးတွေ... သူတို့ရဲ့

ဦးခေါင်းတွေပေါ်မှာ ချိုတစ်ချောင်းနဲ့
အနက်ရောင်
ယူနီကွန်းကျားကြီးတွေ... နီရဲနေတဲ့
အမွေးရှည်ကြီးများနဲ့
မီးလျှံဝက်ဝံတွေ......

သားရဲမိစ္ဆာ တစ်ကောင်ချင်း ဆီကလဲ
သာမာန်သားရဲတွေထက် ဆယ်ဆ
အဆတစ်ရာလောက်ကို ပိုပြီးတော့
ကြမ်းတမ်းခက်ထန်ပါတယ်။
သတ္တိကောင်းပြီး အတွေ့အကြုံ
ရင့်ကျက်တဲ့ ဝါရင့်မုဆိုး
တွေတောင်မှပဲ... အုပ်စုတွေဖွဲ့

ထောင်ချောက်တွေ ဆင်ပြီးမှ…
သူတို့ကို အမဲလိုက်ရဲ ကြတာပါ။
ဒါတောင်မှပဲ အသက်တွေသာ
ဆုံးရှုံးသွားပြီး… မအောင်မြင်တဲ့
သာဓကတွေ အများကြီး ရှိပါတယ်။

ဒါပေမဲ့ အခုတော့ ဒီလိုမျိုး
ရက်စက်ကြမ်းကြုတ်တဲ့
သားရဲမိစ္ဆာပေါင်း ဒါဇင်နဲ့ ချီပြီးတော့…
ရှောင်ပုတန်လေး တို့တတွေကို
ဘက်ပေါင်းစုံကနေ ဝိုင်းရံထားကြပြီး…
ဒီရေလှိုင်းလုံးကြီးပမာ ချီတက်ကာ
လာကြပြီလေ။

ဒီလိုမျိုး သားရဲလှိုင်းလုံးကြီး
တွေကိုတော့… သူကြီးအိုနဲ့
ရှောင်ပုတန်လေး တို့တောင်မှပဲ
ရင်ဆိုင်ဖို့နည်းလမ်း မရှိခဲ့ပါဘူး။
သူတို့တတ်နိုင်သလောက်
ရွာသားတွေကို အကာအကွယ်ပေးပြီး
နောက်ဆုတ်ဖို့သာ
တတ်နိုင်ပါတော့တယ်။ ဒါတောင်မှပဲ
သားရဲတွေရဲ့ လက်ချက်အောက်မှာ
အသက်ပေးလိုက်ရတဲ့
ရွာသားတွေကလဲ မနည်းမနောပါ။

ကောင်းကင်မှာလဲ
တိမ်ညိုတိမ်မှိုင်းတွေနဲ့ ဖုံးအုပ်နေပြီး…
လေပြင်းတွေကလဲ တစ်ဟူးဟူးနဲ့
တိုက်ခတ်နေခဲ့ပါပြီ။
မြေပြင်ပေါ်မှာကတော့
တိုက်ပွဲခေါ်သံတွေဟာ ကောင်းကင်ကို
တုန်လှုပ်သွားစေပြီး… သွေးတွေကလဲ
မြစ်ရေအလား စီးဆင်းလို့
သွားခဲ့ပြီလေ။

အခြေအနေတွေဟာ အကောင်းကနေ
အဆိုးဘက်ကို ရုတ်ခြည်းပဲ
ပြောင်းလဲသွားပါတော့တယ်…

လင်းဖုန်းတောင်မှပဲ အံ့အားသင့်သွား
ခဲ့ရတယ်လေ။ အဝေးကနေပဲ
လိုက်သွားပြီးတော့... ရင်ထဲကနေပဲ
ဆုတောင်းနေနိုင်ခဲ့ပါတယ်..."ကဲကဲ...
မြန်မြန်လေး ပြေးထားဟ... ဒီနေရာက
မဟုတ်သေးဘူးလေ။ အရှေ့ကို
နည်းနည်းလေး ဆက်ပြီးတော့
သွားလိုက်ဦး... သူတို့ကို
နည်းနည်းလောက်ဆက်ပြီး
မျှားခေါ်သွားလိုက်ဦးကွ..."

ကျောက်ခေတ်ရွာသားတွေဟာ
ရက်စက်ကြမ်းကြုတ်တဲ့ သားရဲတွေရဲ့

လက်ချက်အောက်မှာ

တစ်ယောက်ပြီးတစ်ယောက်

အဆက်မပြတ်

အသတ်ခံနေကြရပါတယ်။

ရှောင်ပုတန်လေးဟာ

စိတ်လှုပ်ရှားစွာနဲ့ပဲ

မျက်လုံးနီကြီးတွေနဲ့

ကြည့်နေနိုင်ခဲ့တယ်လေ… သူက

သူ့ကိုယ်သူပဲ သားရဲတွေရဲ့ ရန်ကနေ

ကာကွယ်နိုင်ခဲ့တာပါ။ သူ့ရဲ့

အပေါင်းအဖော်

ရွာသားတစ်ယောက်ကို

ကယ်တင်နိုင်ခဲ့တယ် ဆိုတောင်မှပဲ…

တစ်ယောက်ထက်ပိုတဲ့ လူတွေဟာ

အန္တရာယ်နဲ့ အတွင်းကို သက်ဆင်းလို့ နေခဲ့ကြတယ်လေ။

သူကြီးအိုကြီးဟာ ခြေတစ်ချက် ဆောင့်လိုက်ပါပြီ... သားရေလိုမျိုး အိုင်တမ်တစ်ခုကို ရှောင်ပုတန်လေးဆီကို လှမ်းပစ်ပေးလိုက်ပါတယ်။ သူကိုယ်တိုင်ကလဲ ဗုံသေးသေးလေး တစ်ခုကို ထုတ်ယူလိုက်ပြီလေ။

"ဟာ... မှော်အိုင်တမ်တွေ? နှစ်ခုတောင်မှဟာ!" လင်းဖုန်းရဲ့

မျက်လုံးတွေကလဲ အတန်ငယ်
တောက်ပကာ လာခဲ့ပါတယ်။

ရှောင်ပုတန်လေးရဲ့ဖခင်
ချန်ထားရစ်ခဲ့တဲ့ မှော်အိုင်တမ်
နှစ်ခုနဲ့… သူကြီးအိုနဲ့
ရှောင်ပုတန်လေးတို့ဟာ
ရွာသားတွေကို ခေါ်ပြီးတော့…
ကျောက်ခေတ်ကျေးရွာဆီကို
ဆုတ်ခွာနိုင်ခဲ့ကြပါပြီ။

သူတို့ရဲ့ ပစ်မှတ်ဟာ
ထွက်ပြေးလွတ်မြောက်

သွားတော့မှာကို တွေ့လိုက်ရတော့...
ယုမိသားစုက ကျင့်ကြံသူ
နှစ်ယောက်ဟာ
တစ်ယောက်မျက်နှာကို တစ်ယောက်
ကြည့်လိုက်ကြပါတယ်...
နောက်ဆုံးမှာတော့ လက်ပိုက်ပြီးတော့
ကြည့်မနေနိုင်တော့ပဲနဲ့ တိုက်ပွဲထဲကို
ဝင်လာခဲ့ကြပြီလေ။

အခုအချိန်မှာတော့ သူတို့ဟာ
ကျောက်ခေတ်ကျေးရွာနဲ့
တစ်မိုင်တောင်မှ မဝေးတော့ပါဘူး။
ဒါပေမဲ့လည်း

ဒီမီတာရာပေါင်းများစွာဟာ
ရှောင်ပုတန်လေးတို့ အတွက်ကတော့
ကျော်ဖြတ်နိုင်ရန် ခက်ခဲလှတဲ့
ချောက်နက်ကြီး တစ်ခုလိုပါပဲ။

ဒီကျင့်ကြံသူ နှစ်ယောက်က
စတင်တိုက်ခိုက် လိုက်ကြတာနဲ့ပဲ
သူကြီးအိုကြီးဟာ တစ်စုံတစ်ခု
မှားယွင်းနေပြီ ဆိုတာကို ချက်ချင်းပဲ
သတိပြုမိလိုက်ပါတယ်… "ဟိတ်…
မင်းတို့က ဘယ်ကလဲကွ?"

ဘိုးတော်ချန်လို့ခေါ်တဲ့ သက်လတ်ပိုင်း လူကြီးက အေးစက်စွာနဲ့ ပြန်ဖြေလိုက်တယ်... "ဟဲဟဲ... လူသေတွေဆိုတာက သိဖို့ မလိုတော့ဘူးကွ..."

သူကြီးအိုကြီးကလဲ ဒေါသဖြစ်လှစွာနဲ့ပဲ ပြန်ပက်လိုက်ပါတယ်..."ဟော့... မင်းတို့က ရှီမိသားစုက လွှတ်လိုက်တဲ့ လူတွေလား? ဒါမှမဟုတ် ယုမိသားစုကလား? ဒီလိုမျိုး ကလေးလေး တစ်ယောက်ကို မကောင်းကြံတဲ့အပြင်...

အခုအချိန်အထိတောင်
အလွတ်မပေးရလောက်အောင်
မင်းတို့တတွေက
ရန်ငြိုးကြီးလှချည်လားကွ!"

ခုနှစ်လေးလို့ခေါ်တဲ့
ကျင့်ကြံသူကတော့
ကျယ်လောင်စွာနဲ့ပဲ
ရယ်မောလိုက်ပါပြီ…
"ဟားဟားဟား… ငါတို့အိမ်က
သခင်လေးဟာ မွေးရာပါ
ဦးသျှောင်ကေရာဇ်ပဲကွ။
ဒီငတိလေးလား… ငါတို့ရဲ့

သခင်လေးကို ဖြည့်ဆည်းပံပိုး
ပေးရတာကပဲ သူ့ရဲ့ ကံကောင်းခြင်းလို့
ဆိုနိုင်နေပါပြီ။ အခုပဲ ငါကသူ့ကို
နောက်ထပ် လူဝင်စားခွင့်
ပေးလိုက်တော့မယ်...
နောက်ဘဝမှာတော့
ကံကောင်းပါစေလို့
ဆုတောင်းပေးလိုက် ပါတယ်ကွာ!"

ရှောင်ပုတန်လေးကလဲ သူတို့ရဲ့
စကားတွေကြောင့် စိတ်ရှုပ်ထွေး
သွားပါတော့တယ်... ဒါပေမဲ့လည်း
ဒါက သူ့ရဲ့ အကဲဖြတ်ချက်

တွေကိုတော့ မနှောင့်နှေးသွား
စေခဲ့ပါဘူး… "အီးယား…
ခင်ဗျားကြီးတို့က လူကောင်းတွေ
မဟုတ်ဘူးဗျ…" စကားဆုံးတာနဲ့ပဲ
သူဟာ ခုနှစ်လေးဆီကို
ဝင်ရောက်တိုက်ခိုက် လိုက်ပါပြီ။
သူဆီမှာက မှော်အိုင်တမ်တစ်ခု
ရှိတယ်လေ… ချီသာဝက အဆင့်၃ရှိတဲ့
ခုနှစ်လေးကို သူ့ရဲ့ ချီသာဝက
အဆင့်၂နဲ့ တိုက်ခိုက်ရာမှာ
အရေးနိမ့်လို့ မနေခဲ့ပါဘူး။

ဒါပေမဲ့လည်း သူလေးဟာ ခုနှစ်လေးရဲ့
အကောက်ဉာဏ်ကိုတော့
လိုက်မမီနိုင်ခဲ့ဘူးလေ။
ရှောင်ပုတန်လေးနဲ့
တိုက်ခိုက်နေဆဲမှာပဲ... သူဟာ
တစ်ချက်တစ်ချက်
ကျောက်ခေတ်ရွာသား တွေကိုလဲ
အလစ်တိုက်ခိုက်ခဲ့ပါတယ်...
သားရဲပေါင်း မြောက်များစွာတို့ရဲ့
ပိတ်ဆို့ဝန်းရံ တိုက်ခိုက်ခြင်းကိုလဲ
ခံနေကြရတဲ့
ကျောက်ခေတ်ရွာသားတွေဟာ
အခြေအနေတွေ
သိပ်မလှကြတော့ပါဘူး။

ရှောင်ပုတန်လေးဟာ သူ့ရဲ့လူတွေကို
ကယ်တင်ချင်နေခဲ့ပေမယ့်…
ခုနှစ်လေးရဲ့ တားဆီးပိတ်ဆို့ခြင်းကို
ခံနေရတယ်လေ… သူ့ရဲ့
မျက်နှာလေးဟာ စိုးရိမ်ပူပန်မှုတွေနဲ့
နီရဲနေပြီး… ငိုမဲ့မဲ့ဖြစ်ကာ နေခဲ့ပါပြီ။

လင်းဖုန်းဟာ ဘေးကနေပဲ
ပုန်းနေခဲ့ပြီး… ရင်ထဲကနေပဲ
အော်ဟစ်နေခဲ့ပါတယ်… "ကဲကဲ…
အချိန်ကျပြီဟ!
တပည့်ကောင်းလေးရေ… ဆရာသခင်

ပေးထားတဲ့ ဝှက်ဖဲလေးကို
အမြန်ထုတ်သုံးတော့လေ...
ကောင်စုတ်ကလေး... မင်းက
မေ့နေတယ်လို့တော့ မပြောနဲ့နော်..."

လင်းဖုန်းရဲ့ သတိပေးချက်ကို
ခံစားမိလိုက်ရလို့လား မသိပဲ...
အကြံကုန်နေတဲ့ ရှောင်ပုတန်လေးဟာ
လင်းဖုန်းက သူ့ကို ပေးထားခဲ့တဲ့
အဆောင်လက်ဖွဲ့လေးနဲ့
ဂဠုန်ဆားချက် ပါတော့တယ်...
အဆောင်လက်ဖွဲ့လေးကို ခုနစ်လေးရဲ့

မျက်နှာတည့်တည့်ဆီကို
ပစ်ပေါက်လိုက်ပြီလေ။

ခုနှစ်လေးဟာ အစပထမကတော့
အနည်းငယ် တုန်လှုပ်သွားခဲ့ပါတယ်...
ခဏအကြာမှာပဲ သူက ဒီအဆောင်
လက်ဖွဲ့လေးဟာ ဘာမှ
မထူးခြားတာကို ရိပ်မိသွားခဲ့တယ်လေ။
အဆောင်ကလေးကို လက်နဲ့ ဆုပ်ကိုင်
ဖိညှစ်လိုက်ပြီး... သရော်သလိုနဲ့
ပြောလိုက်ပါပြီ... "ဟင်းဟင်း...
နောက်ဆုံးမှာ ကလေးလေးကတော့
ကလေးလေး ပါပဲလေ..."

ဒါပေမဲ့လည်း သူ့ရဲ့စကား
မဆုံးသေးခင်မှာပဲ... သူ့ရဲ့ လက်ထဲက
အဆောင်လက်ဖွဲ့လေးမှာ ပြောင်းလဲမှု
တစ်ခုဟာ ရုတ်တရက်ပဲ ဖြစ်ပေါ်ကာ
လာခဲ့ပြီလေ။

သူ့ရဲ့ ပတ်ပတ်လည်မှာတော့
အလင်းတန်း ကိုးတန်းဟာ
ရုတ်တရက်ပဲ လင်းလက်လာခဲ့ပြီး...
ကြက်သေသေနေတဲ့
သူ့ရဲ့မျက်နှာကြီးကို ဆလိုက်မီးနဲ့
ထိုးထားသလိုမျိုးကို
ထိန်လင်းစေခဲ့ပါပြီ။

## စာစဥ် ၁ : အပိုင်း ၄

## အပိုင်း ၄ : ဒီသစ်ပင်အိုကြီးက တစ်ခုခုတော့ မှားနေပြီ!

ရှောင်ပုတန်လေးဟာ လင်းဖုန်းက
သူ့ကို ပေးထားတဲ့
အဆောင်လက်ဖွဲ့လေးကို
ထုတ်လိုက်ပြီး... ခုနှစ်လေး ရှိရာဆီကို
တိုက်ရိုက်ပစ်ပေါက် လိုက်ပါပြီ။

ဘေးကနေ ပုန်းနေခဲ့တဲ့ လင်းဖုန်းကလဲ
တိတ်တိတ်ကလေး ရယ်လိုက်ပြီလေ...
"ဟားဟား... ကောင်းလေစွ!"

သူဟာ သူ့ရဲ့လက်နဲ့ မှော်ကျိန်စာ
သင်္ကေတတစ်ခုကို
ဖန်ဆင်းလိုက်ပါတယ်... သူ့ရဲ့
ရင်ထဲကနေ တိတ်ဆိတ်စွာနဲ့ပဲ
ဂါထာမန္တရားတွေကို
မန်းမှုတ်လိုက်ပါပြီ... "ကဲ...
သွားစမ်း!" သူ့ရဲ့ စိတ်အတွင်းက
ထိန်းချုပ်မှုတွေရဲ့ အောက်မှာ...
ဒီအဆောင် လက်ဖွဲ့လေး အတွင်းမှာ

သူချန်ထားရစ်ခဲ့တဲ့
မှော်စွမ်းအင်တွေဟာ လျှင်မြန်စွာနဲ့ပဲ
လှည့်ပတ်ကာ လာခဲ့ပြီလေ။

သူ့အစောပိုင်းတုံးက ဝှက်ထားခဲ့တဲ့
မိုးကြိုးစွမ်းအင် သလင်းကျောက်တုံး
ကိုးတုံးတို့ဟာလည်း ဒီအချိန်မှာ
အသက်ဝင်လာ ကြပါပြီ…
ခွန်အားကြီးမားတဲ့
စွမ်းအင်လှိုင်းလုံးကြီးတွေကို
ထုတ်လွှတ်လို့ နေခဲ့ပြီလေ။

"ရှဲရှဲရှဲရှဲ… ဖျစ်ဖျစ်ဖျစ်ဖျစ်!"
လေထုကြီး အတွင်းမှာလဲ
နားကျိန်းဖွယ်  လျှပ်စစ်စီးကြောင်း
အသံတွေနဲ့ ပြည့်နှက်လို့
နေခဲ့ပါတယ်… ပြင်းထန်တဲ့
ခရမ်းပြာရောင် လျှပ်စီးကြောင်း
အဝေ့အဝိုက် လေးတွေကလဲ
ခုန်ပေါက်ပြေးလွှား ဆော့ကစားကာ
နေကြတယ်လေ။

ခုနစ်လေးက ဘာမှကို
မတုံ့ပြန်လိုက်နိုင်ခင်မှာပဲ…
ဒီမိုးကြိုးစွမ်းအင် ကျောက်တုံးကိုးခုက

နေပြီးတော့ အလင်းတန်း ဇတန်းဟာ
တပြိုင်နက်ထဲ ပစ်လွှတ်လို့
လာခဲ့ပြီလေ!

သူ့ရဲ့ လက်ထဲက
အဆောင်လက်ဖွဲ့လေးကို
လျှပ်ကူးပစ္စည်း အနေနဲ့
အသုံးချပြီးတော့… အလင်းတန်း
အငွေ့အဝိုက် ဇခုတို့ဟာ သူ့ဆီကို
ပစ်လွှတ်ကာ လာကြပါပြီ… သူ့ရဲ့
မှော်စွမ်းအင် အကာအကွယ်
အတားအဆီးတွေကိုလဲ ချက်ချင်းပဲ
ဖျက်ဆီးပစ်လိုက် ကြပြီလေ။

"အား!!!"

အော်သံလေးနဲ့ တွဲဖက်ပြီးတော့
လျှပ်စီးမြွေဆိုး ဇကောင်ဟာ
ခုနှစ်လေးရဲ့ ခန္ဓာကိုယ်ကို
လွှမ်းခြုံရစ်ပတ် ထားပြီးတော့...
မာန်ဟုန်ပြင်းပြင်းနဲ့ သူ့ရဲ့
ခန္ဓာကိုယ်အတွင်းကို သဲကြီးမဲကြီးနဲ့
တိုက်ခိုက်လိုက်ပါတော့တယ်။

ဘိုးတော်ချန်ကလဲ
မှင်တက်သွားခဲ့တယ်လေ...

ချက်ချင်းလက်ငင်းပဲ သူကြီးအိုကို
ချောင်ထိုးထားခဲ့ပြီး အပြေးကလေး
ရောက်ရှိကာ လာခဲ့ပါပြီ။ သူ့ရဲ့
လက်ဝါးတွေကို ဝေ့ယမ်းလိုက်ပြီး…
ခုနစ်လေးရဲ့ ခန္ဓာကိုယ်အတွင်းကို သူ့ရဲ့
မှော်စွမ်းအင်တွေကို
ထည့်ပေးလိုက်ကာ…
လျှပ်စီးမိုးကြိုးတွေကို
တွန်းလှန်ဖယ်ရှားဖို့
ကြိုးစားလိုက်ပါတော့တယ်။

ဘိုးတော်ချန်ရဲ့ လှုပ်ရှားမှုတွေကို
ကြည့်ပြီးတော့ လင်းဖုန်းဟာ

ဘယ်လိုမှ မနေခဲ့ပါဘူး... သူ့ရဲ့
ခေါင်းကိုမော့လိုက်ကာ...
မိုးချုန်းသံတွေနဲ့ မှောင်မည်း
အုံ့မှိုင်းနေတဲ့ ကောင်းကင်ယံကို
မော့ကြည့်လိုက်တယ်လေ... "အင်း...
ဒီနေ့က ရာသီဥတု
တော်တော်သာယာတာပဲ..."

ပြီးမှ သူ့ရဲ့ပုခုံးကို တွန့်လိုက်ပါတယ်...
"ဟွန့်... မင်းက ငါ့ရဲ့
ကောင်းကင်ကိုးလွှာ
မိုးကြိုးဆင့်ခေါ်ချက်က

ဒီလောက်တောင်မှ လွယ်တယ်လို့များ ထင်နေလားကွ?"

လင်းဖုန်းက သူ့ရဲ့ လက်ထဲက မှော်ကျိန်စာ သင်္ကေတကို ပြောင်းလိုက်ပြန်ပါပြီ... "ကဲ... စုစည်းစမ်း!"

လင်းဖုန်းရဲ့ မှော်ကျိန်စာ သင်္ကေတ အပြောင်းအလဲကို လိုက်ပြီးတော့... ခုနစ်လေးရဲ့ ခန္ဓာကိုယ်ပေါ်မှာ လွှမ်းခြုံရစ်ပတ်ထားတဲ့ လျှပ်စီးကြောင်းတွေဟာလည်း

ထူးခြားတဲ့ နရီစည်းချက်ကို
လိုက်ပြီးတော့… တညီတညာထဲ
စည်းကိုက်ဝါးကိုက်
ခုန်ပေါက်ကခုန်ကာ နေခဲ့ပြီလေ။

ခဏအကြာမှာပဲ…
ကြောက်မက်ဖွယ်ရာ
ရေပုံးကြီးလောက် အထူရှိတဲ့
မိုးကြိုးသွားဟာ
ကောင်းကင်ယံထက်က တိမ်တိုက်တွေ
ဆီကနေ ဆင်းသက်ကာ လာခဲ့ပါပြီ။
သူ့ရဲ့ပစ်မှတ်ကတော့ လျှပ်စီးတွေ
ဝိုင်းနေတဲ့ မြေပြင်ပေါ်က

ဘိုးတော်ချန်နဲ့ ခုနှစ်လေး တို့ကလွဲလို့
တခြားသူတွေ မဟုတ်ခဲ့ပါဘူး။

ဒါကတော့ လင်းဖုန်းရဲ့
ကောင်းကင်ကိုးလွှာ
မိုးကြိုးဆင့်ခေါ်ချက်ရဲ့
တကယ့်ရိုက်ချက်ပဲ ဖြစ်ပါတော့တယ်။

အခြေအနေတွေဟာ မလှတော့တာကို
တွေ့လိုက်ရတဲ့ အခါမှာတော့
ဘိုးတော်ချန်ဟာ သူ့ရဲ့မိတ်ဆွေကို
အရေးမစိုက် နိုင်တော့ပါဘူး... ဘေးကို
အလျင်အမြန်ပဲ ရှောင်တိမ်းခဲ့ရပြီလေ။

"မလုပ်နဲ့......!"

ကမ္ဘာပျက်တဲ့ နေ့လိုမျိုး
မိုးကြိုးသွားဟာ သူ့ရဲ့ခေါင်းပေါ်
တည့်တည့်ကို နတ်ဘုရားတို့ရဲ့
ပြစ်ဒဏ်ခတ်မှုလိုမျိုး ပစ်ချလိုက်တာကို
ကြည့်လိုက်ပြီး... ခုနှစ်လေးဟာ
ကူရာကယ်ရာ ကင်းမဲ့လို့
နေခဲ့ပါတယ်... သူ့ဆီမှာက
သူဘယ်သူလဲ ဆိုတာကို
ပြောပြဖို့တောင် အခွင့်အရေးလေး
မရှိခဲ့ပါဘူး။

ရှောင်ပုတန်လေးနဲ့ သူကြီးအို
တို့ကလဲ… ကောင်းကင်ယံကို
လင်းလက်စေပြီး လေထုကြီးကို
ထွင်းဖောက်ကာ ကျဆင်းလာတဲ့
မိုးကြိုးသွားကိုကြည့်ပြီးတော့မှပဲ
အံ့ဩထိတ်လန့်ကာ နေခဲ့ပါတယ်။
သူတို့ဟာ လင်းဖုန်းက
ရှောင်ပုတန်လေးကို သာမာန်ကာ
လျှံကာသာ ပေးထားခဲ့တဲ့
အဆောင်လက်ဖွဲ့လေးဟာ
ဒီလောက်တောင်မှ
စွမ်းအားကြီးလိမ့်မယ်လို့ လုံးဝကို
တွေးမထားခဲ့ဖူးပါဘူး။

အထူးအားဖြင့် ဝံပုလွေကျေးရွာနဲ့ ကျောက်ခေတ်ကျေးရွာက ရွာသားတွေဟာ ကြက်သေသေကုန် ကြပါတယ်… သူတို့က ဒါဟာ မိုးကြိုးနတ်ဘုရားရဲ့ စျာန်ဝင်စားမှုလို့ ထင်နေကြပါပြီ။

အရာအားလုံးဟာ မျက်စိတမှိတ် လျှက်တပြက်အတွင်းမှာပဲ ဖြစ်ပျက်သွားခဲ့တာပါ။

လျှပ်စီးဟာ မြေပြင်ပေါ်ကို
အရှိန်ပြင်းပြင်းနဲ့ ဝုန်းကနဲ ရိုက်ခတ်ကာ
လာခဲ့ပြီလေ... စူးရှတဲ့
အလင်းတန်းဟာ လူတွေအားလုံးရဲ့
မျက်စိကို ကျိန်းသွားစေခဲ့ပြီး
အဖြူရောင် မှုန်ဝါးဝါးလေးကိုသာ
တွေ့မြင်စေခဲ့ပါတယ်။

သူတို့ရဲ့ အမြင်တွေက ပြန်ပြီးတော့
ကြည်လင်လာတဲ့အခါမှာတော့...
သူတို့ဟာ ခုနစ်လေးရဲ့ နေရာကို
အလျင်အမြန်ပဲ ကြည့်လိုက်ကြပါပြီ။

အဲ့ဒီနေရာမှာ မီးသွေးခဲတုံးလေး
တစ်တုံးကိုသာ တွေ့ရှိခဲ့ရပြီလေ။

အစစ်အမှန် ကျင့်ကြံသူတစ်ဦးဟာ
မိုးကြိုးသွားရဲ့အောက်မှာ
အမှန်တကယ်ကိုပဲ ကြွေလွင့်ကာ
သွားခဲ့ရရှာပါပြီ။

ဒီအချိန်မှာတော့ လူတွေအားလုံးဟာ
သတိတွေ ပြန်ဝင်လာခဲ့ကြပြီလေ။
ဝံပုလွေကျေးရွာက ရွာသားတွေကလဲ
ချက်ချင်းပဲ ပေါက်ကွဲကုန်ကြပါပြီ…
နဲနဲလေးမှတောင် နောက်ပြန်လှည့်ပြီး

မကြည့်ပဲနဲ့ ခြေဦးတည့်ရာကို
ထွက်ပြေးကုန်ကြပြီလေ...
တစ်ဦးတစ်ယောက်ကမှ နေခဲ့ပြီး
ရှောင်ပုတန်လေးတို့ကို ဒုက္ခမပေးရဲ
ကြတော့ပါဘူး။ ဘိုးတော်ချန်ရဲ့
အရိုးပုလွေသံကြောင့်
ရောက်လာခဲ့ကြတဲ့ မိစ္ဆာသားရဲတွေ
အားလုံးဟာလည်း ကြောက်ချီးတွေ
ပန်းကုန်ကြပါပြီ...
ခြေနှစ်ဘက်ကြားမှာ အမြီးကုပ်ပြီး
တန်းနေအောင်
လစ်ပြေးကုန်ကြပြီလေ။

ကျောက်ခေတ်ကျေးရွာက
လူတွေကလဲ ဝမ်းသာအားရစွာနဲ့
ခုန်ပေါက်မြူးတူး နေကြပါပြီ။
သူကြီးအိုကြီးဟာ ခြေတစ်ချက်ကို
ပြင်းပြင်းဆောင့်နင်းလိုက်တယ်..."ကဲ
... သတ်ကြဟေ့... ဒီကနေ့တော့
ဝံပုလွေကျေးရွာက လူတွေကို
တစ်ယောက်မှ အရှင်မထားကြနဲ့ကွ!"
ကျောက်ခေတ်ကျေးရွာက
ရွာသားတွေရဲ့ စိတ်ဓာတ်တွေဟာ
အလွန်အမင်းကိုပဲ တက်ကြွလို့
နေကြပါပြီ... သူတို့တတွေရဲ့
အနောက်ကို တဟုန်ထိုးပြေးကာ
လိုက်ဖမ်းကုန်ကြပြီလေ။

ဘိုးတော်ချန်ဟာ
အချိန်အနည်းငယ်လောက်
မှင်သက်သွားအပြီးမှာ အက်ကွဲစွာနဲ့ပဲ
ဟိန်းဟောက်လိုက်ပါတယ်… "ဟော့…
ငါတို့က ယုမိသားစုက
လူတွေလေကွာ။ မင်းတို့လို
တောသားမျိုးတွေက သတ်ရဲတယ်
ဟုတ်လား… မင်းတို့ တစ်ရွာလုံးက
ရွာလုံးကျွတ် မီးရှို့ဖျက်စီးတာ ခံရမှာကို
မကြောက်ကြဘူးလားကွ?"

မျက်နှာသစ် လက်ဆောင်ဟာ
နောက်ထပ်တစ်ဖန် လင်းဖုန်းကို
ပျော်ရွှင်စွာနဲ့ပဲ
အံ့အားသင့်စေခဲ့ပြန်ပါပြီ။ သူက
မိုးကြိုးအပစ်ခံထားရတဲ့ လောင်ကျွမ်း
တူးချစ်နေတဲ့ မြေပြင်ကို
ကြည့်လိုက်ပြီးတော့… ခဏတာမျှ
ငြိမ်သက်လို့ သွားခဲ့ပါတယ်… အချိန်
အကြာကြီးနေမှ သက်သာရာရစွာနဲ့ပဲ
သက်ပြင်းပူကြီး တစ်ချက်ကို
မှုတ်ထုတ်လိုက်ပြီလေ… "ဟူး…
ကံကောင်းပေလို့ပေါ့ကွာ…
အသုံးပြုတဲ့နေရာမှာ
အကန့်အသတ်တွေ ရှိပြီး

ဒုက္ခများပေမယ့်… သူ့ရဲ့စွမ်းပကားက
နောက်ဆုံးတော့လဲ စိတ်မပျက်
စေခဲ့ဘူးလေ…"

လင်းဖုန်းဟာ သူ့ရဲ့နှာခေါင်းကို
ပွတ်လိုက်ပါပြီ။ ဒီကောင်းကင်ကိုးလွှာ
မိုးကြိုးဆင့်ခေါ်ချက်ကို
ခုတုံးလုပ်ပြီးတော့…
နောက်တစ်ခေါက် ထပ်တွေ့လို့ရှိရင်
ရှောင်ပုတန်လေးနဲ့
အကြီးအကဲအိုကြီးတို့ကို
ဂျင်းထည့်ဖို့ရာ တော်တော်လေးကိုပဲ
လွယ်ကူသွားတော့မှာပါ။

သူတို့တတွေရဲ့ မျက်စိထဲမှာ… ငါက
ဒီအဆောင်လက်ဖွဲ့ သေးသေးလေးနဲ့
ဒီလောက်ကြီး ရုတ်ရုတ်သဲသဲနဲ့
ပွက်လောရိုက်သွား စေခဲ့တာလေ။

တကယ်လို့များ လင်းဖုန်းကို
ဘိုးတော်ချန်နဲ့ ခုနစ်လေးကို
လူကိုယ်တိုင်  သူတင်ကိုယ်တင်
ချခိုင်းရင်လဲ နိုင်မှာပါပဲ။
ဘာပဲပြောပြော သူလေ့ကျင့်ထားတဲ့
ကောင်းကင်ကိုးလွှာ
မိုးကြိုးနည်းစနစ်ဟာ ဟိုငနဲနှစ်ကောင်
လေ့ကျင့်ထားတဲ့ တာအိုနည်းစနစ်

အစုတ်အပြတ်တွေထက် အပုံကြီး
သာတယ်လေ။

ဒါပေမဲ့လည်း ဒီလိုမျိုး အံ့အားသင့်ဖွယ်
ရလဒ်မျိုး ထွက်ပေါ်လာအောင်တော့
ဖန်တီးဖို့ရာ မဖြစ်နိုင်ပါဘူး။
ဒီလိုဆိုရင်တော့ သူ့ရဲ့ ဆရာသခင်
သူတော်စင်ပုံစံမျိုး
ဟန်ဆောင်ထားတာကလဲ
ဘွားဘွားကြီး ပေါ်သွားမှာပါ။

အခုလက်ရှိ ပုံစံမျိုး
ဘယ်ဖြစ်နိုင်ပါ့မလဲ။ တစ်ကွက်ထုတ်…

တစ်ယောက်သေ…
အေးအေးဆေးဆေး
ပေါ့ပေါ့ပါးပါးပါပဲ…
အကျီလက်စလေးကို
ငေ့ယမ်းလိုက်ရုံပဲလေ…
တိမ်မျှင်တိမ်စလေး တစ်စတောင်မှ
လွင့်စင်လို့ မသွားခဲ့ပါဘူး။

ကျန်ရစ်နေသေးတဲ့
ဘိုးတော်ချန်ကိုတော့ လင်းဖုန်းက
မျက်လုံးထဲတောင် မထည့်ပါဘူး။
ဒီငနဲဟာ မိုးကြိုးမုန်တိုင်းရဲ့
ဗဟိုချက်ကို ရှောင်နိုင်ခဲ့ပေမယ့်…

ဒီရိုက်ခတ်မှုရဲ့ လှိုင်းလုံးကြီးကနေ ဒဏ်ရာပြင်းထန်စွာ ရရှိသွားခဲ့ပါပြီ။ အကြီးအကဲအိုကြီးနဲ့ ရှောင်ပုတန်လေးတို့နဲ့တင် လုံလောက်နေခဲ့ပြီလေ။

ဒီအချိန်မှာတော့ လင်းဖုန်းဟာ သူကြီးရဲ့အိမ်ကို တိတ်တိတ်ကလေး လစ်ထွက်သွားပြီးတော့ သူကြီးအိုနဲ့ ရှောင်ပုတန်လေးတို့ရဲ့ ပြန်အလာကို အေးအေးလူလူ ထိုင်စောင့်နေဖို့ကို ပြင်ဆင်နေခဲ့ပါတယ်။ ဒါဆိုရင် အထူးသဖြင့် သူ့ရဲ့ အနာဂတ်မှာ ဖြစ်လာမယ့် အကြောင်းအရာတွေကို

ကြိုတင်ခန့်မှန်းနိုင်တဲ့ စွမ်းအင်…
ဂုဏ်သိက္ခာနဲ့ ဟန်မူရာ ကျော့မော့တဲ့
ပြောဆိုပြုမူ နေထိုင်ပုံတွေကို
ပြသနိုင်မယ်လေ။

အဲ့ဒီအချိန် မှာဆိုရင်တော့
ဒီကောင်ကလေးက သူ့ရဲ့ခေါင်းကို
ဦးမညွတ်မှာကို သူစိတ်ပူနေစရာ
လိုဦးပါ့မလား?

အိုး… ဟုတ်သားပဲ…
တောင်တန်းရတနာ စပေါ်လာစတုံးက
သူဟာ တောအုပ်ထဲမှာ လှုပ်ရှားရတာ

လွယ်ကူအောင်လို့ သူ့ရဲ့
တာအိုဝတ်စုံကို
ပြောင်းထားခဲ့တယ်လေ။ အခု
သူဝတ်ထားတာက ဖျင်ကြမ်းအင်္ကျီ
တစ်ထည်သာဖြစ်ပြီး
သာမာန်တောသားလေး
တစ်ယောက်နဲ့ပဲ တူနေခဲ့ပါတယ်...
အဝတ်အစား အရင်ပြန်လဲ ရဦးမယ်ဟ။

"ဟဟ... ငါ့ရဲ့ ပထမဆုံး
တပည့်လေးတော့
ဂျင်းမိတော့မယ်ကွ..." လင်းဖုန်းဟာ
အတွေးနဲ့တင်ပဲ ပျော်ရွှင်မြူးတူးလို့

နေခဲ့ပါပြီ… လှည့်ထွက်လိုက်ပြီး
ရွာအဝင်ဝဆီကို
ခြေဦးလှည့်လိုက်ပြီလေ။ သူ့ရဲ့ခေါင်းကို
မော့ကြည့်လိုက်စဉ်မှာပဲ… သူ့ရဲ့
မျက်နှာပေါ်က အပြုံးဟာ
အေးခဲသွားပြီး… တဖြေးဖြေးနဲ့
ပျောက်ကွယ်ကာ သွားခဲ့ပါပြီ။

ဘာဖြစ်လို့လဲဆိုတော့ နဂိုက
အသက်လုံးဝ ကင်းမဲ့နေခဲ့တဲ့
ရွာပေါက်ဝက ခြောက်ကပ်
မည်းနက်နေတဲ့ သစ်ပင်အိုကြီးဟာ…
တကယ်ပဲ သစ်ကိုင်း အသစ်တစ်ခု

နောက်ထပ် ထပ်ထွက်လာခဲ့တာကို
ပြတ်ပြတ်သားသားကြီး
တွေ့မြင်လိုက်ရလို့ပါပဲ!

ဒီသစ်ကိုင်းပျိုလေးကနေ အပန်းရောင်
မက်မွန်ပန်းပွင့် တစ်ချို့ဟာ
စိုပြည်တောက်ပနေပြီး... လေယူရာ
ယိမ်းနွဲ့ကာ တဖျပ်ဖျပ်နဲ့
လှုပ်ရှားလို့နေကြပါတယ်။

လွန်ခဲ့တဲ့ နေ့ဝက်လောက်တုံးက သူက
ကျောက်ခေတ်ကျေးရွာကို
စရောက်စတုံးမှာ... ဒီသစ်ပင်အိုကြီးမှာ

တောက်ပနေတဲ့ မက်မွန်ပန်းပွင့်တွေ
ရှိနေတဲ့ ဒီသစ်ကိုင်းလေးဟာ
မရှိသေးဘူး ဆိုတာကို… လင်းဖုန်းက
ကျိန်ပြောရဲပါတယ်။

လူတွေရဲ့ နှလုံးခုန်နှုန်းကို
ပိုပြီးမြန်စေတဲ့ အချက်က…
ဒီမက်မွန်ပန်းပွင့်တွေဟာ မယုံနိုင်စရာ
ကောင်းလောက်အောင် လှပပေမယ့်…
သူတို့ဆီမှာက မကောင်းဆိုးဝါး
အငွေ့အသက်တွေကို
ခံစားနေရလို့ပါပဲ။

"ဝါး... နိုးလာတာက မကြာသေးဘူး... စားစရာတွေက အများကြီးပဲ..."

လင်းဖုန်းရဲ့ စိတ်ဟာ ခေတ္တဗလာ ဖြစ်သွားခဲ့ပါတယ်။ သူ့ရဲ့စိတ်ထဲမှာ တိုးညှင်းပြီး... အက်ကွဲတဲ့ အမျိုးသမီး တစ်ယောက်ရဲ့ အသံကို ကြားလိုက်ရသလိုပါပဲ... သူမရဲ့ လေသံဟာ ပျော်ရွှင်ဖွယ်ကောင်းပြီး နားဝင်ချိုလှပါတယ်... ဒါပေမဲ့လည်း လူတွေရဲ့စိတ်ကို ဖိမ့်ဖိမ့်တုန်အောင် တုန်လှုပ်ချောက်ခြား စေခဲ့တယ်လေ!

တုန်ခါနေရင်းကပဲ လင်းဖုန်းဟာ
စိတ်နဲ့လူနဲ့ ပြန်ကပ်လာခဲ့ပါပြီ။ ဘေးကို
ကြည့်လိုက်တော့ သူက ဘိုးတော်ချန်ရဲ့
အမူအယာဟာ ပြင်းပြင်းထန်ထန်ကြီး
ပြောင်းလဲသွားခဲ့တာကို
တွေ့ခဲ့လိုက်ရပြီလေ…
ဘေးပတ်ပတ်လည်ကို
အထိတ်အလန့်နဲ့ပဲ ကြည့်နေခဲ့ပါတယ်။

ကျန်တဲ့လူတွေ အားလုံးကတော့
ဘာကိုမှ သတိမမူမိကြပါဘူး…
တိုက်ပွဲကိုသာ ဆက်လက်ဆင်နွှဲ
နေကြတယ်လေ။

လင်းဖုန်းဟာ အံ့ဩတုန်လှုပ်စွာနဲ့
သူ့ရဲ့ခေါင်းကို
လှည့်ကြည့်လိုက်တယ်…
ဟိုသစ်ကိုင်းပျို လေးပေါ်က
စိုစိုလွင်လွင်နဲ့ မက်မွန်ပန်းပွင့်တွေရဲ့
ပွင့်ဖတ်ပွင့်ချပ်တွေဟာ တကယ်ကိုပဲ
လေပေါ်ကနေ လွင့်မျောပြီး…
တစ်မိုင်အကွာက တိုက်ပွဲရှိရာဆီကို
ပျံသန်းကာ လာခဲ့ကြပြီလေ။

ပေါ့ပါးနူးညံ့ သိမ်မွေ့တဲ့
ပန်းဝတ်လွှာတွေပဲ ဖြစ်ပါတယ်…

သူတို့တတွေဟာ ပျော့ပြောင်း
အားနည်းတယ်လို့ ထင်နေရပေမယ့်
သူတို့ရဲ့ ပျံသန်းမှုအလျင်ဟာ
လျှပ်စီးလိုမျိုးပဲ မြန်ဆန်လှတယ်လေ။
ရာနဲ့ချီတဲ့  ပန်းပွင့်ပန်းချပ်ပေါင်း
များစွာတို့ဟာ ကောင်းကင်ရဲ့
အပြင်ဘက်ကနေကျလာတဲ့
ဥက္ကာပျံတွေလိုပါပဲ… လူအုပ်ကြီးရဲ့
အတွင်းကို ပျံသန်းလာကြပြီး
ထူးခြားတဲ့ ပတ်လမ်းတစ်ခုအတိုင်း
ယိမ်းထိုးလှုပ်ယမ်းလို့ နေကြပါပြီ။

ဘိုးတော်ချန်ကလဲ ထွက်ပြေးဖို့ကို
ကြိုးစားခဲ့ပါသေးတယ်… ဒါပေမဲ့လည်း
သူက ဘယ်လိုလုပ်ပြီး
ဒီလိုမျိုးထူးဆန်းတဲ့ မက်မွန်ပန်းပွင့်
တွေထက်ကို ပိုပြီးတော့ မြန်နိုင်မှာလဲ?

သူ့က ဆုံးဖြတ်ချက် တစ်ရပ်ကို
ချလိုက်ပြီး… သူ့ရဲ့လက်ဝါးကို
ရိုက်ထုတ်လိုက်ပါတယ်။ အားနည်းပြီး
အကြမ်းခံနိုင်ပုံ မပေါ်တဲ့
ပန်းဝတ်လွှာဟာ ဘိုးတော်ချန်ရဲ့
လက်ဝါးကို တိုက်ရိုက်
ထွင်းဖောက်သွားကာ…

သူ့ရဲ့နဖူးပေါ်မှာ သွားကပ်ပြီးတော့
နေခဲ့ပြီလေ။

လင်းဖုန်းကလဲ မျက်လုံးကြီး
ပြူးသွားခဲ့ပါပြီ… ဘိုးတော်ချန်ရဲ့
မျက်နှာမှာကတော့
ထိတ်လန့်တုန်လှုပ်တဲ့ အမူအရာမျိုး
ဖြစ်နေပြီး… ပါးစပ်ကြီးကို ဟကာ
အသားကုန် အော်ဟစ်နေခဲ့ပေမယ့်
ဘာအသံမှ ထွက်လို့ မလာခဲ့ပါဘူး။

ဘိုးတော်ချန်ရဲ့ အသွေးအသား…
ခန္ဓာကိုယ်နဲ့ အရေပြားတို့ဟာ

ကြည့်နေရင်းနဲ့ကိုပဲ လျင်မြန်စွာ
သွေ့ခြောက်တွန့်လိမ်ပြီး ရှုံ့တွလို့
သွားခဲ့ပြီလေ… နောက်ဆုံးမှာတော့
သူဟာ မံမီတစ်ကောင် ဘဝကို
တိုက်ရိုက်ကူးပြောင်းလို့ သွားခဲ့ပါပြီ!

မံမီရဲ့ နဖူးပေါ်က မက်မွန်
ပန်းပွင့်လေးဟာ ပိုပိုပြီးတော့
အရောင်စိုလွင်လာပြီး
လှပလာခဲ့ပြီလေ။

လင်းဖုန်းရဲ့ စိတ်ခံတတ်လေးဟာလည်း
အောက်ဆုံးအထိကို ပြုတ်ကျ

သွားပါတော့တယ်။ သူ့ရဲ့
အကြည့်တွေဟာ
ဘေးပတ်ပတ်လည်ကို
လှည့်ကြည့်လိုက်ပါပြီ… ဒီပန်းပွင့်
ပန်းချပ်တွေ အကပ်ခံလိုက်ရတဲ့
လူပဲဖြစ်ဖြစ်… သားရဲပဲ ဖြစ်ဖြစ်
အကုန်လုံးဟာ အချိန်အနည်းငယ်လေး
အတွင်းမှာပဲ အားလုံး
ခြောက်ကပ်သွားအောင် စုပ်ယူခြင်းကို
ခံခဲ့လိုက်ရပြီလေ။

ရှောင်ပုတန်လေးကို
အသေသတ်မယ်လို့ ကြုံးဝါးနေခဲ့တဲ့

လန်လိချင်း… သူနဲ့သိပ်ပြီး
အစေးမကပ်လှတဲ့ ဖက်တီးလေး…
သူနဲ့ ခနနေကပဲ စကားပြောနေခဲ့တဲ့
လူတွေအားလုံး… သူတို့ရဲ့
မျက်လုံးတွေမှာ အသက်ဝိညာဉ်တွေ
ကင်းမဲ့ကာ နေခဲ့ပါပြီ… လင်းဖုန်းရဲ့
တစ်ကိုယ်လုံးမှာလဲ
ကြက်သီးမွေးညင်းတွေ
ထကာလာခဲ့ပြီလေ။

ခဏအကြာမှာပဲ… ခြောက်ကပ်အောင်
စုပ်ယူခြင်း ခံရပြီးဖြစ်တဲ့
သားကောင်တွေပေါ်ကနေ

ပန်းဝတ်လွှာတွေဟာ
ကွာကျသွားပြီးတော့… သန်းကောင်ယံ
ကောင်းကင်ပေါ်ကနေ အပန်းရောင်
အငွေ့အဝိုက်လေး တွေနဲ့အတူ…
သစ်ပင်အိုကြီး ရှိရာဆီကို ပျံသန်းလို့
သွားခဲ့ကြပါတော့တယ်။

မက်မွန် ပန်းပွင့်တွေဟာ
သစ်ကိုင်းရဲ့အပေါ်မှာ ပြန်လည်ကာ
ဆင်းသက်ခဲ့ပါပြီ… လှပပြီး
စူးရှတောက်ပ လှပါတယ်… ဒါပေမဲ့
အသက်ရှူမှားလောက်အောင်လဲ

ကြောက်မက်ဖွယ်
ကောင်းလှတယ်လေ။

လင်းဖုန်းဟာ သစ်ပင်အိုကြီးဆီကို
စိုက်ကြည့်လို့ နေခဲ့ပါတယ်…
လောင်ကျွမ်း မည်းနက်နေတဲ့
ပင်စည်ကြီးကနေ
နောက်ထပ်သစ်ကိုင်း
အသစ်နှစ်ချောင်းဟာ ထပ်မံပြီးတော့
ပေါ်ပေါက်ရှင်သန်ကာ လာခဲ့ပြီလေ။

ဒီသစ်ကိုင်းပျို အသစ်သုံးချောင်းပေါ်က
မက်မွန်ပန်းပွင့်တွေဟာ

ညလေပြေညှင်းတွေ ဆောင်ယူရာကို
ညင်သာစွာနဲ့ ယိမ်းနွဲ့လို့
နေကြပြီလေ... ကြည့်ရတာက
အလွန်အမင်းကို နူးညံ့သိမ်မွေ့ပြီး
ဆွဲဆောင်မှုတွေ ရှိလှပါတယ်။
မွှေးကြိုင်သင်းပျံ့တဲ့ ပန်းရနံ့တွေကလဲ
လေထဲမှာ လွှင့်မျောနေပြီး...
လူတွေရဲ့စိတ်ကို ကြည်လင်လန်းဆန်း
တက်ကြွစေခဲ့တယ်လေ။

လင်းဖုန်းကတော့ ရင်ထဲကနေပဲ
ကျိန်ဆဲနေခဲ့ပါတယ်...
"ငါလခွီးပဲကွာ... ဒီသစ်ပင်အိုကြီးက

သေချာပေါက် တစ်ခုခုတော့
မှားနေပြီဟ!"

သူဟာ အချိန်အနည်းငယ်မျှ သေချာစွာ
လေ့လာကြည့်လိုက်ပါပြီ...
ဘိုးတော်ချန်ကလွဲလို့...
ခြောက်ကပ်အောင်
အစုပ်ယူခံလိုက်ရတဲ့ သူတွေ
အားလုံးဟာ ဝံပုလွေကျေးရွာက
ရွာသားတွေသာ ဖြစ်တာကို
တွေ့ရှိလိုက်ရပြီလေ။ မိစ္ဆာသားရဲတွေ
အားလုံးကလဲ အချမ်းသာ
မပေးခံခဲ့ရပါဘူး...

ကျောက်ခေတ်ရွာသားတွေကသာ
တိုက်ခိုက်ခြင်းကို မခံခဲ့ရတာပါ။

အကြီးအကဲအိုနဲ့
ကျောက်ခေတ်ကျေးရွာက
ရွာသားတွေအားလုံးဟာ သူတို့ရဲ့
အရှေ့က မြင်ကွင်းကို ကြောင်ပြီးတော့
ကြည့်နေကြပါပြီ။ ရုတ်တရက်ပဲ
ရွာသားတစ်ယောက်က
မြေကြီးအပေါ်ကို
ဒူးထောက်လိုက်ပြီလေ.. ရွာပေါက်ဝက
သစ်ပင်အိုကြီး ရှိရာဆီကို
ဝမ်းလျားမှောက်လိုက်ပြီး…

တတွတ်တွတ် ရေရွတ်လိုက်ပါပြီ…
"အရှင် ကောင်းကင်ဘုံ မက်မွန်ကို
ပူဇော်ပါတယ်! အရှင် ကောင်းကင်ဘုံ
မက်မွန်ကို ပူဇော်ပါတယ်!"

ပိုပြီးပိုပြီးများတဲ့ လူတွေဟာလည်း
ဒီရွာပေါက်ဝက သစ်ပင်အိုကြီးဟာ
သူတို့ရဲ့ ရန်သူတွေကို ကူညီပြီး
သုတ်သင်ပေးတဲ့ ကောင်းကင်ဘုံ
မက်မွန်ရဲ့ ကိုယ်စားလှယ်တော်ကြီးလို့
ယူဆလာကြပြီး… အကုန်လုံးဟာ
ဒူးထောက်ပြီးတော့ ပူဇော်ပသကာ
နေကြပြီလေ။

ရှောင်ပုတန်လေးကတော့ လူတွေ
အကုန်လုံးကို စိတ်ရှုပ်ထွေးစွာနဲ့
ကြည့်လိုက်ပြီး… ပဟေဠိ
မျက်နှာလေးနဲ့ ခေါင်းကို
ကုတ်နေခဲ့ပါတယ်။

သူကြီးအိုကြီးကလဲ သစ်ပင်အိုကြီးကို
ခက်ခဲရှုပ်ထွေးတဲ့ အမူအရာနဲ့
ကြည့်လိုက်ပြီး… သူ့ရဲ့နှုတ်ခမ်းကို
ကိုက်လိုက်ပါပြီ။

သူ့ရဲ့ မျက်နှာကို တစ်ခါမှ မပြသေးတဲ့ လင်းဖုန်းကတော့ အမူအရာ ကင်းမဲ့ကာ နေခဲ့ပါတယ်... သူ့ရဲ့ ရင်ထဲမှာကတော့ အေးစက်နေလို့ပါ။ သူ့ရဲ့နားထဲမှာ တိုးညှင်းအက်ကွဲတဲ့ အမျိုးသမီးရဲ့ အသံကို ကြားလိုက်ရပြန်ပါပြီ... "အင်း... ဒီနေ့အဖို့ကတော့ တော်လောက်ပြီ... ကျန်တဲ့လူတွေကတော့ နောက်မှပေါ့..."

ဒီသစ်ပင်အိုကြီးဟာ ရန်သူလား... မိတ်ဆွေလား ဆိုတာကို

ခွဲခြားထားခြင်း လုံးဝမရှိပါဘူး…
သူမရဲ့ မျက်စိထဲမှာတော့ လူတွေ
အကုန်လုံးက အတူတူတွေ
ချည်းပါပဲ… သူတို့က အစာတွေသာ
ဖြစ်ကြတယ်လေ!

ကွာခြားချက်ကတော့ သူမဟာ
ကျောက်ခေတ်ကျေးရွာရဲ့
အပေါက်ဝမှာ  ထိုင်စောင့်နေခဲ့တာ
ဖြစ်ပြီး… ဒီရွာကလူတွေ
ထွက်ပြေးသွားမှာကို ပူစရာ
မလိုခဲ့တာပါ။

ရွာနားကမြက် ရွာနွားမစား
ဆိုတာမျိုးလဲ ဖြစ်နိုင်ပါတယ်။

လင်းဖုန်းဟာ ကိုယ့်ကိုယ်ကို
ပျော်ရွှင်လာအောင်
အားပေးလိုက်ပါတယ်… သူ့ရဲ့စိတ်ဟာ
လုံးဝကို သက်တောင့်သက်သာ
မဖြစ်နေခဲ့ဘူးလေ။ အခုပဲ
တိုက်ခိုက်ခဲ့တဲ့ သစ်ပင်အိုကြီးရဲ့
အခြေအနေကို ကြည့်လိုက်လေ…
ပစ်မှတ်ပေါင်း တစ်ရာကျော်ကို
ချက်ချင်းပဲ သာမာန်သာ
သတ်ဖြတ်သွားခဲ့တာပါ… သူတို့တွေ

အထဲမှာ ဘိုးတော်ချန်လိုမျိုး
အစစ်အမှန် ကျင့်ကြံသူ
တစ်ယောက်တောင်မှ ပါပါသေးတယ်။

ဘိုးတော်ချန်ဟာ ဒဏ်ရာရထားတယ်
ဆိုဦးတော့... သူမရဲ့ တိုက်ခိုက်မှုဟာ
အသာအယာ လေးပါပဲ။
ပန်းပွင့်ပန်းချပ် ရာပေါင်းများစွာထဲက
တစ်ချပ်နဲ့တင် ဘိုးတော်ချန်ကို
ချက်ချင်းသတ်သွား ခဲ့တာပါ။
သူမအတွက်တော့... ချီသာဝက
အဆင့်၄က အစစ်အမှန်
ကျင့်ကြံသူမျိုးဟာ

သာမာန်သိုင်းသမားတွေနဲ့
ဘာမှမကွာပါဘူး။

လင်းဖုန်းကလဲ အဆိုးဆုံးအတွက်
ပြင်ဆင်ထားဖို့ကို လုံးဝ ချီတုံချတုံ
ဖြစ်မနေခဲ့ဘူးလေ။ သူ့ရဲ့ တွက်ချက်မှု
အရဆိုရင်... ဒီသစ်ပင် မိစ္ဆာအိုကြီးရဲ့
စွမ်းအားဟာ ချီသာဝက အဆင့်ကို
ကျော်လွန်သွားခဲ့ပါပြီ။

အနည်းဆုံးတော့ သူဟာ
အခြေခံအုတ်မြစ် အဆင့်မှာ ရှိနေမှာပါ။

လင်းဖုန်းက သူ့ရဲ့နှာခေါင်းကို
ပွတ်လိုက်ပါတယ်။ သင့်တော်တဲ့
တပည့်တစ်ယောက်ကို နောက်ဆုံးမှာ
တွေ့လိုက်ရပေမယ့်…
အခက်အခဲတွေနဲ့ ပတ်ချာဝိုင်းလို့
နေခဲ့ပြီလေ။

ဟင်း… ကောင်းကင်ဘုံက
ရွေးချယ်ထားတဲ့ လူတွေရယ်…
ဓာတ်လိုက်မင်းသားအဆင့်
ဓာတ်ကောင်တွေရယ်…
သူတို့တွေဟာ တကယ်ကိုပဲ

ပြဿနာပေါင်းစုံနဲ့ ဝိုင်းဝိုင်းလည်နေဖို့ လိုလို့လားကွာ?

စဥ်းစားနေဆဲမှာပဲ စနစ်ကြီးရဲ့ အကြောင်းကြားချက်ဟာ သူ့ရဲ့စိတ်ထဲမှာ ပေါ်ပေါက်ကာ လာခဲ့ပါပြီ။

"စနစ်စတင် လည်ပတ်တာ တစ်လတိတိ ပြည့်သွားပြီ ဖြစ်ပါတယ်... ကံစမ်းမဲစနစ်ကို တရားဝင် ဖွင့်လှစ်လိုက်ပါပြီ!"

# စာစဉ် ၁ : အပိုင်း ၅

## အပိုင်း ၅ : ပထမဦးဆုံးအကြိမ် ကံစမ်းမဲနှိုက်ခွင့်

"စနစ်စတင် လည်ပတ်တာ တစ်လတိတိ ပြည့်သွားပြီ ဖြစ်ပါတယ်... ကံစမ်းမဲစနစ်ကို တရားဝင် ဖွင့်လှစ်လိုက်ပါပြီ!"

စနစ်ကြီးရဲ့ အကြောင်းကြားချက်ကို ကြားလိုက်ရ အပြီးမှာ လင်းဖုန်းဟာ အနည်းငယ် မှင်သက်သွားခဲ့ပြီး...

မျက်ရည်ကျလုမတတ်တောင်
ဖြစ်သွားခဲ့တယ်လေ။

ကံစမ်းမဲစနစ် ဆိုတာကြီးဟာ
ရှိနေသေးပြီး… မျက်နှာသစ်
လက်ဆောင်ဟာ သူ့ကို
ကံစမ်းမဲနှိုက်ခွင့် တစ်ကြိမ်
ပေးထားခဲ့သေးတယ် ဆိုတာ
သူလုံးဝကို မေ့လုနီးပါး ဖြစ်နေခဲ့တာပါ။

လင်းဖုန်းဟာ ရှာပေါက်ဝက
မက်မွန်ပင်အိုကြီးကို
တစ်ချက်လှမ်းကြည့် လိုက်ပါတယ်။

ကျောက်ခေတ်ရွာသား တွေကလဲ
ရွာအတွင်းကို ဖြေးဖြေးချင်း
ပြန်လည်ဝင်ရောက် ကုန်ကြပါပြီ။
လူအုပ်ကြားထဲက ရှောင်ပုတန်လေးကို
ကြည့်လိုက်ပြီးတော့ လင်းဖုန်းဟာ
တိတ်တိတ်ကလေးပဲ
ဆုတောင်းလိုက်ပြီလေ... "အင်း...
တပည့်ကောင်းလေးရေ... မင်းက
ဇာတ်လိုက်အဆင့်
မင်းသားဇာတ်ကောင်နော်...
လွယ်လွယ်လေးနဲ့တော့
မသေဘူးလေ... ဟုတ်တယ်မို့လား?
ခဏလောက်တော့
တောင့်ခံထားလိုက်ပါဦး...

ဆရာသခင်က မြန်မြန်ပြန်လာပြီး
မင်းကို လာကယ်ပါ့မယ်ကွာ..."

မက်မွန်ပင်အိုကြီး အနားကနေ
အဝေးကို အရင်ဆုံး
ထွက်ခွာလာခဲ့ပါတယ်... ပြီးတော့
လင်းဖုန်းဟာ
စိတ်အားထက်သန်လှစွာနဲ့
ကံစမ်းမဲစနစ် အတွင်းကို
ဝင်ကြည့်လိုက်ပါတော့တယ်။

ကံစမ်းမဲစနစ်ထဲကို
ရောက်သွားတာနဲ့... လင်းဖုန်းရဲ့

စိတ်ထဲမှာ ပုံရိပ်သုံးခု
ပေါ်လာခဲ့ပါတယ်။

အံစာတုံးတစ်ခု… စက်ဝိုင်းကားချပ်
တစ်ခုနဲ့ မြူခိုးတိမ်တိုက် တွေလိုမျိုး…
မသဲမကွဲနဲ့ ကောင်းကောင်း
မမြင်ရသေးတဲ့ အရာတစ်ခုပဲ
ဖြစ်တယ်လေ။

လင်းဖုန်းဟာ အနည်းငယ်
ကြိုးစားကြည့်ပါသေးတယ်…
ဒီမြူခိုးတိမ်တိုက်လိုမျိုး အရာကို
ရှေးချယ်လို့ မရခဲ့ပါဘူး။ ဒါဟာ

မပွင့်သေးတဲ့ စနစ်တစ်ခုလဲ
ဖြစ်နိုင်တယ်လေ။

စက်ဝိုင်းကားချပ်နဲ့ အံစာတုံး
အနေနဲ့ကတော့… သူတို့ဟာ
ကွဲပြားတဲ့ ကံစမ်းမဲနည်းလမ်း
နှစ်မျိုးဖြစ်ကြပါတယ်။
စက်ဝိုင်းကားချပ်ဟာ လင်းဖုန်းရဲ့
အရင်ဘဝတုံးက ကာဆီနိုတွေမှာ
သုံးတဲ့ ဒင်္ဂါးပြားထည့်ပြီး လှည့်ရတဲ့
စက်ဝိုင်းပုံစံမျိုးပါ။ မတူညီတဲ့
အိုင်တမ်တွေကို ကိုယ်စားပြုနေတဲ့…
လုံးဝကို ကွဲပြားခြားနားတဲ့ ပုံရိပ်တွေနဲ့

ပြည့်နေတဲ့ စက်ဝိုင်းကားချပ် တစ်ခုပဲ
ဖြစ်တယ်လေ။ တကယ်လို့များ
လင်းဖုန်းက ဒီစက်ဝိုင်း ကားချပ်ကို
လှည့်မယ်ဆိုရင်တော့… ကျတဲ့
အကွက်မှာရှိတဲ့ အိုင်တမ်ကို
ရမှာပဲဖြစ်ပါတယ်။

လင်းဖုန်းက တစ်ချက်
ကြည့်လိုက်ပါပြီ။
စက်ဝိုင်းကားချပ်မှာက စုစုပေါင်း
အကွက်၁၈ကွက် ရှိပါတယ်..
သူတို့အနက် ၁၆ကွက်မှာ

အိုင်တမ်တွေရှိပြီး နှစ်ကွက်ကတော့
ဗလာဖြစ်တယ်လေ။

အိုင်တမ် ၁၆ခု တွေကတော့...
တာအိုနည်းစနစ် ကျမ်းစာသုံးမျိုး...
ဆေးရည်တွေ ဖြေဆေးတွေသုံးမျိုး..
မှော်အိုင်တမ်သုံးခု...
အဆောင်လက်ဖွဲ့သုံးရွက်...
စွမ်းရည်သုံးမျိုးနဲ့...
နောက်ဆုံးတစ်ခုကတော့
မေးခွန်းအမှတ်နဲ့
လျှို့ဝှက်သေတ္တာလေး တစ်လုံးတို့ပဲ
ဖြစ်ကြပါတယ်။

စက်ဝိုင်းကားချပ် မှာရှိတဲ့
တာအိုနည်းစနစ် သုံးမျိုးစလုံးဟာ
ကောင်းကင်ကိုးလွှာ မိုးကြိုးနည်းစနစ်
ထက်ကိုပိုပြီးတော့ နိမ့်ကျပါတယ်…
လင်းဖုန်းကို ဆွဲဆောင်ဖမ်းစားနိုင်ခြင်း
မရှိပါဘူး။

ဆေးဝါးတွေကလဲ သာမာန်ပါပဲ…
လင်းဖုန်းကို အခြေခံ အုတ်မြစ်အဆင့်
ပြိုင်ဘက်တွေကို ရင်ဆိုင်တိုက်ခိုက်
နိုင်တဲ့အထိ…

အဆင့်ခုန်တက်သွားအောင်
ကူညီပေးနိုင်စွမ်း မရှိပါဘူး။

မှော်အိုင်တမ်တွေ...
အဆောင်လက်ဖွဲ့တွေ...
စွမ်းရည်တွေ... လင်းဖုန်းက
ပတ်ကြည့်လိုက်ပါတယ်... သူ့ကို
မက်မွန်ပင်အိုကြီးနဲ့ ရင်ဆိုင်နိုင်ဖို့
ကူညီနိုင်တဲ့အရာ တစ်ခုကိုမှ
မတွေ့ခဲ့ရဘူးလေ။

ဒီလိုနဲ့ လင်းဖုန်းဟာ စက်ဝိုင်းကားချပ်
စနစ်ထဲကနေ ထွက်လာလိုက်ပြီး

အံစာတုံးစနစ် အတွင်းကို
ဝင်ရောက်လိုက်ပါပြီ။

အံစာတုံး သုံးတုံးတို့ဟာ
ချပ်ပြားဝိုင်းကြီး တစ်ခုရဲ့ အပေါ်မှာ
တိတ်ဆိတ်စွာ တင်နေကြလေရဲ့။
ချပ်ပြားဝိုင်းကြီးရဲ့ အစွန်းမှာတော့
ပုံရိပ်တွေဟာ စက်ဝိုင်းပုံစံနဲ့
ဝန်းရံထားကြပါတယ်။
စက်ဝိုင်းကားချပ်နဲ့ မတူတာကတော့
ပုံရိပ်တိုင်းကို ၁ကနေ ၁၈အထိ…
နံပါတ်ရေးထိုး ထားတာပါပဲ။

ပုံရိပ် စုစုပေါင်း ၁၆ခု ရှိပါတယ်…
နံပါတ် ၁၂ နဲ့ ၁၄ကတော့ ဗလာမဲပါ။

လင်းဖုန်းဟာ သူ့ကို အံစာတုံး
ပစ်ခိုင်းနေပြီ ဆိုတာကို
သဘောပေါက်လိုက်ပါပြီ။ အံစာတုံး
သုံးတုံးကို ပစ်ပြီးနောက်မှာ ရရှိလာတဲ့
နံပါတ်တွေကို ပေါင်းလိုက်ပြီး…
သူဘာရမလဲ ဆိုတာကို
ဆုံးဖြတ်ပေးသွားမှာပါ။

တကယ်လို့များ ပေါင်းလိုက်လို့ နံပါတ်
၁၂ ဒါမှမဟုတ် ၁၄ကျသွားရင်တော့
လက်ဗလာနဲ့ပဲ ပြန်ရမှာပါ။

စက်ဝိုင်းကားချပ် စနစ်မှာ လိုမျိုးပဲ…
အံစာတုံး စနစ်မှာလဲ အိုင်တမ်တွေ
၁၆ခု ရှိပါတယ်။ သူတို့တွေဟာလည်း
တာအိုနည်းစနစ်တွေ… ဆေးဝါးတွေ…
မှော်အိုင်တမ်တွေ…
အဆောင်လက်ဖွဲ့တွေနဲ့…
စွမ်းရည်တွေ ဖြစ်ကြပြီး… သုံးမျိုးစီ
ရှိကြကာ… နောက်ဆုံး တစ်ခုကတော့
မေးခွန်းအမှတ်နဲ့ လျှို့ဝှက်

သေတ္တာလေးတစ်လုံး
တို့ပဲဖြစ်ကြပါတယ်။

ရွေးချယ်ခံရဖို့ စောင့်နေတဲ့ အိုင်တမ်
၁၆မျိုးတို့ဟာ ကံစမ်းမဲတစ်ခါ
နှိုက်ခွင့်ရတိုင်းမှာ ကျပန်း
ရွေးချယ်ထားတဲ့ ပစ္စည်းတွေပဲ
ဖြစ်ကြမှာပါ။ စက်ဝိုင်းကားချပ် စနစ်နဲ့
ကံစမ်းမဲစနစ် တို့ဟာလည်း
သီးခြားစနစ်တွေ ဖြစ်ကြတယ်လေ။

လင်းဖုန်းဟာ အံစာတုံးစနစ်က
အိုင်တမ်တွေကို

စိုက်ကြည့်လိုက်ပါပြီ… နံပါတ်၁၃က
မှော်အိုင်တမ်ဖြစ်တဲ့ မဟူရာမိုးကြိုး
ကောင်းကင်ထိုးဖောက် ဆူးချွန်ကို
တွေ့လိုက်ရတဲ့ အချိန်မှာ… သူ့ရဲ့
မျက်လုံးတွေဟာ ချက်ချင်းပဲ
တောက်ပကာ လာခဲ့ပြီလေ။

ဒီမဟူရာမိုးကြိုး
ကောင်းကင်ထိုးဖောက် ဆူးချွန်ဟာ
တကယ်ပဲ အခြေခံအုတ်မြစ်အဆင့်
မှော်အိုင်တမ်တစ်မျိုး ဖြစ်ပါတယ်။

ဒီမဟာ မူလကောင်းကင် ကမ္ဘာမှာ
ကြီးမြတ်တဲ့ ကမ္ဘာဦးဝိညာဉ် အဆင့်က
ကျင့်ကြံသူတွေကသာ
မှော်ရတနာတွေကို
ထုလုပ်နိုင်ကြတာပဲ ဖြစ်ပါတယ်။
ကမ္ဘာဦးဝိညာဉ် အဆင့်ရဲ့အောက်က
ကျင့်ကြံသူတွေပြုလုပ်တဲ့
အိုင်တမ်အားလုံးဟာ
မှော်အိုင်တမ်တွေပဲ ဖြစ်ကြတာပါ။
ထုလုပ်သူရဲ့ အဆင့်တွေ
အပေါ်မူတည်ပြီး... သူတို့ကို
အခြေတည်ဝိညာဉ်အဆင့်
မှော်အိုင်တမ်...
ရွှေရောင်ဗဟိုချက်အဆင့်

မှော်အိုင်တမ်…
အခြေခံအုတ်မြစ်အဆင့်
မှော်အိုင်တမ်တွေနဲ့…
ချီသာဝကအဆင့် မှော်အိုင်တမ်တွေ
ဆိုပြီးတော့ အဆင့်တွေကို
ခွဲခြားသတ်မှတ် ထားတယ်လေ။

စက်ဝိုင်းကားချပ် စနစ်မှာရှိတဲ့
မှော်အိုင်တမ် သုံးမျိုးစလုံးနဲ့…
အံစာတုံးစနစ်မှာရှိတဲ့
အခြားမှော်အိုင်တမ် နှစ်မျိုးစလုံးဟာ
ချီသာဝကအဆင့် မှော်အိုင်တမ်တွေပဲ
ဖြစ်ကြပါတယ်။

အခုလက်ရှိ ချီသာဝက အဆင့် ၄မှာ
ရှိနေတဲ့ လင်းဖုန်းအတွက်ကတော့…
ဒီအိုင်တမ်တွေဟာ သင့်တော်တော့
သင့်တော်တာပေါ့။ ဒါပေမဲ့လည်း
သူတို့ကို အားကိုးပြီး အခြေခံအုတ်မြစ်
အဆင့်က မက်မွန်ပင်အိုကြီးကို
ရင်ဆိုင်မယ် ဆိုရင်တော့
ကျောက်တုံးကို ကြက်ဥနဲ့
ပစ်ပေါက်သလိုမျိုးပဲ ဖြစ်သွားမှာပါ။

ဒါပေမဲ့ မဟူရာမိုးကြိုး
ကောင်းကင်ထိုးဖောက် ဆူးချွန်နဲ့

ဆိုရင်တော့… မတူညီတဲ့
ဇာတ်လမ်းတစ်ပုဒ် ဖြစ်သွားပြီလေ။
ချီသာဝကအဆင့် ကျင့်ကြံသူတွေ
အနေနဲ့ဆိုရင်… ဒါဟာ
နတ်ဘုရားလက်နက် နီးပါးကို
ဖြစ်နေပါပြီ။ လင်းဖုန်း အနေနဲ့လဲ
မက်မွန်ပင်အိုကြီးကို ရင်ဆိုင်ဖို့အတွက်
စွမ်းအားတွေကို ရှိစေတယ်လေ။

မေးခွန်းအမှတ်နဲ့
သေတ္တာလေးကတော့ အထူးဆု
ဖြစ်နိုင်တာပေါ့… ဒါပေမဲ့လည်း

အခန့်မသင့်ရင် ချီးထုတ်လဲ
ဖြစ်သွားနိုင်ပါသေးတယ်။

လင်းဖုန်းဟာ အသက်တစ်ချက်ကို
ပြင်းပြင်းရှူလိုက်ပါပြီ…
ရင်ထဲကနေလဲ ဆုတောင်းနေလို့ပါ…
"ကဲ… မဟူရာမိုးကြိုး
ကောင်းကင်ထိုးဖောက် ဆူးချွန်…
မဟူရာမိုးကြိုး ကောင်းကင်ထိုးဖောက်
ဆူးချွန်… ၁၃… ၁၃!"

အချိန်အကြာကြီး အာရုံစိုက်ထားပြီး...
လင်းဖုန်းဟာ ကံစမ်းမဲကို
စတင်လိုက်ပြီလေ။

"ကဲ... သွားစမ်း!"

အံစာတုံး ၃တုံးဟာ ချပ်ပြားဝိုင်းကြီး
အပေါ်မှာ လှည့်နေကြပါပြီ။
သိပ်မကြာခင်မှာပဲ အံစာတုံး
တစ်တုံးဟာ ရပ်သွားခဲ့ပြီလေ...
နံပါတ်အကြီး ၆။

လင်းဖုန်းဟာ ကျန်နေသေးတဲ့
အံစာတုံးနှစ်တုံးကို စိတ်လှုပ်ရှားစွာနဲ့ပဲ
စောင့်ကြည့်လို့ နေခဲ့ပါပြီ…
ရင်ထဲကနေလဲ ဒီစနစ်ကြီးကို
ကောက်ကျစ်လိုက်တာလို့ မေတ္တာပို့သ
ပေးနေလို့ပါ။ ဒီအံစာတုံး သုံးတုံးဟာ
တကယ်ကိုပဲ တစ်ချိန်ထဲမှာ
တပြိုင်နက် ရပ်မသွားကြပါဘူး…
တမင်သက်သက်ပဲ လူကို မချင့်မရဲ
ဖြစ်စေတယ်လေ။

ဒုတိယ အံစာတုံးလေးကလဲ
သိပ်မကြာခင်မှာပဲ
ရပ်တန့်သွားပါတော့တယ်။

နံပါတ်မှာ ၅။

လင်းဖုန်းဟာ အနည်းငယ်
စိတ်အေးသွားခဲ့တယ်လေ... ပြီးတာနဲ့
ထပ်ပြီးတော့ ရင်မောသွားခဲ့ပြန်ပါပြီ။

ပထမ အံစာတုံး နှစ်တုံးဟာ
၆အပေါင်း၅ ဆိုတော့ ၁၁ ရတာပေါ့။
ဒါကဘာကို ဆိုလိုနေသလဲ ဆိုတော့

လင်းဖုန်းဟာ နံပါတ်၁၃မှာ ရှိတဲ့
မဟူရာမိုးကြိုး ကောင်းကင်ထိုးဖောက်
ဆူးချွန်ကို ရဖို့ရာ အခွင့်အရေး
ရှိပါသေးတယ်။

ဒါပေမဲ့ အလားတူစွာပဲ…
ဗလာအကွက်တွေ ဖြစ်တဲ့ ၁၂ နဲ့
၁၄တို့ကိုလဲ ကျနိုင်သေးတာပေါ့။

"၂! ၂! ၂!"

လင်းဖုန်းဟာ ကိုယ့်ကိုယ်ကိုယ်
အရူးတစ်ယောက်လိုမျိုး

ခံစားနေရပါပြီ… အသက်ကို
အောင့်ထားပြီး ပြင်းပြင်းတောင်
မရှူရဲခဲ့ပါဘူး… နောက်ဆုံး
အံစာတုံးကို အနီးကပ် သေချာစွာ
စိုက်ကြည့်လို့ နေခဲ့ပါတယ်။

သူ့ရဲ့အာရုံကို အပြည့်အဝ
စုစည်းထားလိုက်တော့… လင်းဖုန်းက
ဒီအံစာတုံးရဲ့ လှုပ်ရှားမှုတွေဟာ
နှေးသွားတယ်လို့တောင်
ခံစားလိုက်ရပါပြီ။

အံစာတုံးရဲ့ လည်ပတ်နေတဲ့
အားဟာလည်း တဖြေးဖြေးနဲ့ နဲလို့
လာခဲ့ပြီလေ... ဖြေးဖြေးချင်းပဲ
ရပ်တန့်တော့မယ့်
အရိုပ်အရောင်တွေကို တွေ့နေရပါပြီ။

အံစာတုံးဟာ ချပ်ပြားဝိုင်းကြီး
အပေါ်မှာ ရပ်တန့်သွားပြီးနောက်မှာ...
ရပ်ဆိုးလှတဲ့ "၆" ဆိုတဲ့ မျက်နှာပြင်ကို
တွေ့လိုက်ရတော့...
လင်းဖုန်းလေးဟာ
အသက်ကိုတောင်မှုပဲ ဝအောင်

မရှုနိုင်တော့ပဲ သူ့ရဲ့
တစ်ကိုယ်လုံးကလဲ နီရဲလို့ နေခဲ့ပြီလေ။

"အာ… မဟုတ်သေးဘူးလေ…
နည်းနည်းလေး လိမ့်လိုက်ဦး…
နောက်တစ်ခေါက်
ထပ်လိမ့်လိုက်ဦးဟ!" လင်းဖုန်းဟာ
ရင်ထဲကနေ စိတ်လှုပ်ရှားစွာနဲ့ပဲ
အော်ဟစ်ကာ နေခဲ့ပါတယ်။

၆+၅+၆ = ၁၇… ဒီအကွက်မှာက
သာမာန်စွမ်းအင် စုဆောင်းခြင်း
ဆေးလုံး တစ်ပုလင်းသာ ရှိပါတယ်။

လင်းဖုန်းအတွက်တော့ ဒီအချိန်မှာ
ဘာမှ အသုံးမဝင်ပါဘူး။

လင်းဖုန်းရဲ့ အတွေးတွေကို
ကြားလိုက်ရလို့ ထင်တယ်…
အံ့စာတုံးလေးဟာ တကယ်ကိုပဲ
နောက်ထပ်တစ်ခေါက်
ထပ်လိမ့်သွားခဲ့ပါပြီ။

"၂"… ဒီတစ်ခေါက်မှာတော့ အပေါ်မှာ
ပေါ်လာတဲ့ မျက်နှာပြင်ဟာ လင်းဖုန်း
အသည်းအသန် လိုချင်နေခဲ့တဲ့ နံပါတ်
"၂"ပဲ ဖြစ်ပါတော့တယ်။

လင်းဖုန်းရဲ့ မျက်နှာမှာ အပြုံးတစ်ခု
ပေါ်လာပြီးနောက်မှာတော့…
ချက်ချင်းပဲ ပြန်လည်ပြီးတော့
အေးခဲလို့ သွားခဲ့ပါပြီ။

သူ့ရဲ့ အကြည့်အောက်မှာပဲ…
အံစာတုံးလေးဟာ အပြည့်အဝ
မတည်ငြိမ်နိုင်သေးပဲ… အနည်းငယ်
ထပ်လိမ့်သွားကာ နီရဲတောက်ပနေတဲ့
အနီစက်ကြီး တစ်စက်ကို
ဖော်ပြလိုက်ပါတော့တယ်!

၆+၅… +၁ = ၁၂…

ငါလဖွတ်ပဲကွာ!

နံပါတ်၁၂… ဘာမှမရှိဘူး…

လင်းဖုန်းရဲ့ စိတ်ဓာတ်လေးဟာ
မိုးပေါ်ကနေ မြေကြီးအောက်ကို
ပြုတ်ကျသွားတဲ့ အချိန်မှာပဲ…
အံစာတုံးလေးဟာ တုန်ခါသွားပြီး…
နောက်ဆုံးအကြိမ် တစ်ခေါက်အဖြစ်…
ဘေးကို စောင်းသွားခဲ့ပြီလေ။

နံပါတ်ကလဲ ၁ကနေ ၄ဖြစ်လို့
သွားခဲ့ပါပြီ။

ဒီအချိန်မှာတော့ သူဟာ လုံးဝကို
အခြေကျသွား ခဲ့ပြီလေ… တတိယ
အံစာတုံးရဲ့ နံပါတ်က ၄ပါ။

လင်းဖုန်းဟာ သူ့ရဲ့မျက်စိတွေကို
ပုတ်ခတ်ပုတ်ခတ် လုပ်လိုက်ပြီး…
နံပါတ်၁၅ အကွက်ကို ကြည့်လိုက်ပါပြီ။

မေးခွန်းအမှတ်နဲ့
လျှို့ဝှက်သေတ္တာလေးဟာ

တိတ်ဆိတ်စွာနဲ့ပဲ
တည်ရှိနေခဲ့တယ်လေ။

လင်းခုန်းဟာ အနည်းငယ် ချီတုံချတုံ
ဖြစ်ပြီးနောက်မှာ
ဒီလျှို့ဝှက်သေတ္တာလေးကို
ဖွင့်ကြည့်လိုက်ပါပြီ…
ရွှေရောင်ဖျော့ဖျော့ ခါးနဲ့
ခါးအိမ်လေး တစ်ခုဟာ
သူ့ရဲ့မြင်ကွင်းထဲမှာ ပေါ်ပေါက်လို့
လာခဲ့ပြီလေ။ ခါးကို
ခါးအိမ်အတွင်းကနေ
မထုတ်ရသေးပေမယ့်… လင်းဖုန်းဟာ

အထဲမှာရှိတဲ့ ကြောက်မက်ဖွယ်ရာ
စွမ်းအားတွေကို ခံစားလိုက်ရပါပြီ။

မြောက်ပိုင်းအရုဏ်ဦးခေါး...
အခြေခံအုတ်မြစ်အဆင့်
မှော်အိုင်တမ်တစ်ခု...

အခြား အခြေခံအုတ်မြစ်အဆင့်
မှော်အိုင်တမ် တစ်ခုဖြစ်တဲ့
တောင်ပိုင်းအရုဏ်ဦးခေါးနဲ့
အတွဲအဘက် ဖြစ်ပါတယ်...
ဒီခေါးနှစ်ချောင်းကို ပေါင်းစပ်နိုင်ခဲ့မယ်
ဆိုရင်တော့ ရွှေရောင်ဗဟိုချက်

အဆင့်ဖြစ်တဲ့ ဝင်ရိုးစွန်းသံလိုက်
တာအိုခြေးအဖြစ်ကို အဆင့်မြှင့်နိုင်မှာပဲ
ဖြစ်တယ်လေ။

လင်းဖုန်းဟာ မြောက်ပိုင်း
အရဏ်ဦးခြေးကို စိုက်ကြည့်လိုက်နေပြီး
နောက်မှာတော့…
အချိန်အကြာကြီးနေမှ
သက်ပြင်းရှည်ကြီး တစ်ချက်ကို
ချလိုက်ပါပြီ… သူ့ရဲ့ခန္ဓာကိုယ်
တစ်ခုလုံးလဲ ပင်ပန်းနွမ်းနယ်လို့
နေခဲ့ပြီလေ။

နှစ်ခုစလုံးဟာ အခြေခံအုတ်မြစ်အဆင့်
မှော်အိုင်တမ်တွေ ဖြစ်ကြပေမယ့်...
ဒီမြောက်ပိုင်း အရဏ်ဦးခေါးဟာ
မဟူရာမိုးကြိုး ကောင်းကင်ထိုးဖောက်
ဆူးချွန်ထက်ကို ပိုပြီးတော့
အဆင့်မြင့်ပါတယ်။

စနစ်ကြီးကနေ
ထွက်လာပြီးနောက်မှာတော့...
လင်းဖုန်းရဲ့ အသိစိတ်ဟာ
သူ့ရဲ့ခန္ဓာကိုယ် အတွင်းကို
ပြန်လည်ပြီးတော့ ဝင်ရောက်ကာ
လာခဲ့ပါပြီ။ သူ့ရဲ့လက်ထဲက

လျှပ်စီးအလင်းတန်း ဖျော့ဖျော့နဲ့
သံလိုက်စက်ကွင်းတွေကို
ထုတ်လွှတ်နေတဲ့ ခေါ်ရှည်ကြီးကို
ကြည့်ပြီးတော့... လင်းဖုန်းဟာ
စပ်ဖြဲစပ်ဖြဲနဲ့ ရယ်လိုက်ပြီလေ။ ခေါ်ကို
ခေါ်အိမ်ထဲကနေ ဆွဲထုတ်လိုက်ပြီး...
သာမာန်သာ ဆန့်တန်းလိုက်ရုံနဲ့ပဲ
တောက်ပတဲ့ လျှပ်စီးတန်း တစ်ခုဟာ
ထွက်ပေါ်လာပြီးတော့...
အဝေးမှာရှိတဲ့ ကျောက်တုံးတစ်တုံးကို
ပေါက်ကွဲသွားစေခဲ့ပါတယ်။

"အင်း… ပထမဦးဆုံး
ကံစမ်းမဲနှိုက်ခွင့်… ငါ့ရဲ့ကံလေးကလဲ
သိပ်မဆိုးဘူးပဲ…" လင်းဖုန်းဟာ သူ့ရဲ့
မြောက်ပိုင်းအရဏ်ဦးခေါင်းကို
သိမ်းလိုက်ပါပြီ… သူ့ရဲ့ရင်ထဲက
တက်ကြွပျော်ရွှင်နေမှု တွေကလဲ
တဖြေးဖြေးနဲ့ ငြိမ်သက်လို့
သွားခဲ့ပြီလေ။ သူ့ရဲ့စိတ်ဟာ
တည်ငြိမ်စွာနဲ့ပဲ တွေးလိုက်ပါပြီ…
"အင်း… ငါက အခြေခံအုတ်မြစ်အဆင့်
မှော်အိုင်တမ်တစ်ခုကို
ရထားပေမယ့်… ငါ့ရဲ့
ကိုယ်ပိုင်အဆင့်ကတော့
ချီသာဝကအဆင့် ၄ ပဲ ရှိသေးတာဟ…

ဒီမှော်အိုင်တမ်ရဲ့ စွမ်းအားကို
အပြည့်အဝ အသုံးချနိုင်မှာတော့
မဟုတ်သေးဘူး။

လင်းဖုန်းဟာ သူ့ရဲ့လက်ထဲက
ဗုက်ဖဲတွေကို စတင်ပြီး
ရေတွက်ပါတော့တယ်။

ကောင်းကင်ကိုးလွှာ
မိုးကြိုးဆင့်ခေါ်ချက်ဟာ
အထင်ကြီးလောက်စရာ
စွမ်းပကားရှိပါတယ်… ဒါပေမဲ့ သူ့ကို
အသုံးချဖို့ဆိုတာက

ထင်သလောက်တော့ မလွယ်လှပါဘူး။
သူ့ကို ထိပ်တိုက်ရင်ဆိုင်တဲ့ နေရာမှာ
အသုံးမချနိုင်ပဲ ခြုံခိုတိုက်ခိုက်ဖို့
အတွက်သာ သင့်တော်တယ်လေ…
ဒါ့အပြင် သူ့ကို အသုံးပြုဖို့ဆိုရင်
မိုးကြိုးသလင်း ကျောက်တုံး ၁၀တုံးကို
လိုအပ်ပါတယ်။ လောလောဆယ်မှာလဲ
လင်းဖုန်းမှာ ဒီကျောက်တုံးတွေကို
လှဲလှယ်ဖို့ အမှတ်တွေ အပိုမရှိပါဘူး။

မြောက်ပိုင်း အရဏ်ဦးခေါးကလဲ
အစွမ်းတော့ ထက်ပါတယ်…
ဒါပေမဲ့လည်း လင်းဖုန်းရဲ့

လက်ရှိအဆင့်နဲ့ သူ့ရဲ့စွမ်းအားကို
အကုန် ထုတ်မသုံးနိုင်သေးပါဘူး။

မက်မွန်ပင်အိုကြီးဟာ
အခြေခံအုတ်မြစ် အဆင့်ကို
ခိုင်ခိုင်မာမာကြီး
ရောက်နေလောက်ပါပြီ။ သူအပြည့်အဝ
အသုံးမချနိုင်သေးတဲ့ မှော်အိုင်တမ်
တစ်ခုကို အားကိုးပြီး
ရင်ဆိုင်မယ်ဆိုရင်တော့...
လင်းဖုန်းဟာ တိုက်ခိုက်ဖို့အတွက်ပဲ
စွမ်းအားရှိမယ်လို့ ပြောနိုင်ပါတယ်။
တကယ်လို့များ နင်လားငါလား

ချကြမယ်ဆိုရင်တော့… သူဟာ
ဒီမက်မွန်ပင်အိုကြီးရဲ့ ပြိုင်ဘက်ဖြစ်ဖို့
မသေချာလှပါဘူး။

ကံမကောင်းလှစွာနဲ့ပဲ သူ့မှာကအချိန်
သိပ်မရှိတော့ပါဘူး…
မက်မွန်ပင်အိုကြီးဟာ
နောက်ထပ်တစ်ခေါက် ဘယ်အချိန်မှာ
တိုက်ခိုက်မလဲ ဆိုတာကို ဘယ်သူကမှ
မသိဘူးလေ။ သူမဟာ
ကျောက်ခေတ်ကျေးရွာရဲ့ အပေါက်ဝ
တည့်တည့်မှာ ရှိနေခဲ့တာဖြစ်ပြီး
ရောင်ပုတန်လေးနဲ့ ရောင်းရင်းများ

အတွက်ကတော့ ကြီးမားတဲ့
ခြိမ်းခြောက်မှုကြီး တစ်ရပ်ပဲ
ဖြစ်ပါတယ်။ ကံမကောင်း
အကြောင်းမလှစွာနဲ့ပဲ
လင်းဖုန်းကလွဲလို့ သူမရဲ့
အန္တရာယ်တွေကို ဘယ်သူကမှ
မသိကြပါဘူး။

လူအများစုဟာ ဒီသစ်ပင်အိုကြီးကို
ကျေးရွာရဲ့ စောင့်ရှောက်သူ
အနေနဲ့တောင် ကိုးကွယ်နေကြတာပါ။
တကယ်လို့များ လင်းဖုန်းက
ပြေးသွားပြီး သူတို့ကို

သတိသွားပေးမယ်ဆိုရင်... သူ့ကို
ရန်တောင် ပြန်တွေ့ပြီးတော့
လွှတ်လိုက်ကြမှာလေ။

"အင်း... ဒီယုမိသားစုက
ကျင့်ကြံသူနှစ်ယောက်ဟာ
ဒီတောနက်ကြီးထဲမှာ
ရှောင်ပုတန်လေးရဲ့ နေရာကို
ရှာနေကြတာဟ။ သူတို့မှာ
အပေါင်းအဖော်တွေ..
အထက်လူကြီးတွေလဲ ပါလာကြမှာပဲ။
သူတို့တတွေရဲ့ အထဲမှာ
အခြေခံအုတ်မြစ်အဆင့်

ဆရာကြီးတွေလဲ
ပါလာနိုင်တာပဲလေ..." လင်းဖုန်းက
ရင်ထဲကနေ တစိမ့်စိမ့်နဲ့
တွေးနေခဲ့ပါတယ်..."အင်း...
တကယ်လို့များ ငါက ယုမိသားစုက
ဆရာကြီးတွေကို မှျားခေါ်သွားပြီး..
မက်မွန်ပင်အိုကြီးနဲ့
တွေ့ပေးလိုက်ရင်...
နှစ်ဦးနှစ်ဖက်စလုံးက တိုက်ခိုက်ပြီး
အနာတရ ဖြစ်သွားကြမှာပဲ...
ဒီလိုဆိုရင်တော့ အခြေအနေက
တစ်မျိုးပြောင်းကောင်း
ပြောင်းသွားနိုင်တယ်ကွ..."

"ဒါပေမဲ့လည်း ငါက သူတို့ကို
ဘယ်အချိန်မှာ ရှာတွေ့မှာလဲလို့
ဘယ်သူကသိနိုင်မှာလဲ...
အချိန်နဲ့ဒီရေက လူကို စောင့်နေတာမှ
မဟုတ်တာ..."

လင်းဖုန်းဟာ အတွေးကြောထဲမှာ
မြောနေဆဲမှာပဲ တစ်စုံတစ်ခုကို
အာရုံခံမိလိုက်ပါတယ်။ အဝေးက
နေပြီးတော့ အားကောင်းလှတဲ့
မှော်စွမ်းအင် လှုပ်ရှားမှုတွေဟာ
ရောက်ရှိကာ လာခဲ့တယ်လေ...
တစ်စုံတစ်ယောက်က ဒီနေရာကို

အလွန်လျင်မြန်လှတဲ့ အရှိန်နဲ့ လာနေခဲ့ပါပြီ။

လူတချို့ရဲ့ စကားပြောသံ သဲ့သဲ့ဟာလည်း သူ့ရဲ့နားအတွင်းကို ရောက်ရှိကာ လာခဲ့ပြီလေ။

"ဂိုဏ်းတူ ညီမလေးရေ… မင်းက ရှောင်မိသားစုကို သွားပြီးတော့ စေ့စပ်ပွဲ ဖျက်သိမ်းဖို့ကို ဟိုးအရင်ကတည်းက ဆုံးဖြတ်ချက် ချလိုက်ရမှာဟ…"(Shi Mei… 师妹 … ဗမာလိုဆိုရင်တော့ ရှီးမေ့လို့

ပြန်ရမယ်ထင်တယ်။
တရုတ်အသံထွက်အရတော့ စွန်းမေ့
ပါ။ Shi… စွန်း… 师 ရဲ့ အဓိပ္ပာယ်က
Shifu စွန်းဖု 师父
ဆရာပါ…ဗမာလိုပြန်လိုက်တော့လဲ
ရှီးဖော် ဖြစ်သွားတာပေါ့ဗျာ☺။
ဒီနေရာမှာတော့ ဂိုဏ်းကို
ဆိုလိုပါတယ်။ Mei မေ့ 妹 ဆိုတာက
ညီမလေးပါ… အချို့တရုတ်
မိသားစုတွေထဲမှာ သမီးအငယ်တွေကို
မိန်မိန်းလို့ခေါ်တာ ဒီစကားလုံးပါပဲ။ )

"အင်း… အခုမှသွားလဲ သိပ်တော့
နောက်မကျသေးပါဘူး
အစ်ကိုကြီးရာ…"

စကားဆုံးတာနဲ့ပဲ… သူတို့ရဲ့
နောက်ကျောတွေ အပေါ်မှာ
ခေါးကိုယ်စီ လွယ်ထားကြတဲ့
ဝတ်ရုံဖြူနဲ့ လူသုံးယောက်ဟာ
လင်းဖုန်းရဲ့ အရှေ့မှာ
ပေါ်လာကြပါတယ်။

လူသုံးယောက်ထဲမှာ
တစ်ယောက်ကတော့ အဘိုးကြီးပါ။

ဒီဘိုးတော်ရဲ့မျက်နှာဟာ ပြုံးရွှင်နေပြီး
သူ့ရဲ့တစ်ကိုယ်လုံးမှာလဲ
စွမ်းအားတွေ.. အသက်စွမ်းအင်တွေနဲ့
ပြည့်လို့နေခဲ့ပါတယ်။ မျက်လုံးအစုံဟာ
အတန်ငယ် ကျဉ်းမြောင်းပေမယ့်...
စူးရှတောက်ပတဲ့ အလင်းတန်းဟာ
သူ့ရဲ့ မျက်လုံးထဲကနေ ရံဖန်ရံခါမှာ
ထွက်ပေါ်လို့ လာခဲ့တယ်လေ။

ဒီအဘိုးအိုကို ကြည့်ရတာ
သာမာန်သာဖြစ်ပြီး ရိုးစင်းတဲ့ပုံ
ပေါက်နေပေမယ့်... သူ့ရဲ့
တစ်ကိုယ်လုံးကနေ

ပင်လယ်ကြီးလိုမျိုး နက်ရှိုင်းတဲ့
မှော်စွမ်းအင် လှုပ်ရှားမှုတွေကို
ထုတ်လွှတ်နေခဲ့တာပဲ ဖြစ်ပါတယ်။

အခြေခံ အုတ်မြစ်အဆင့်
ကျင့်ကြံသူတွေရဲ့ ထူးခြားတဲ့
ဝိသေသလက္ခဏာ မှော်စွမ်းအင်
လှုပ်ရှားမှုတွေပဲ ဖြစ်တယ်လေ။

သူဒီကမ္ဘာကို ရောက်လာပြီးနောက်မှာ
ပထမဆုံး တွေ့ရတဲ့
အခြေခံအုတ်မြစ်အဆင့် ကျင့်ကြံသူကို

အာရုံစိုက်ဖို့အတွက်… လင်းဖုန်းမှာက
အချိန်မရှိခဲ့ပါဘူး။

လင်းဖုန်းရဲ့ မျက်နှာပေါ်မှာ
နေဝန်းကဲ့သို နွေးထွေးတဲ့ အပြုံးလေး
တစ်ခုဟာ ပေါ်ပေါက်ကာ လာခဲ့ပါပြီ…
သူ့ရဲ့ ရင်ထဲမှာလဲ အတွေးပေါင်း
မြောက်မြားစွာ စဥ်းစားလို့ နေခဲ့ပြီလေ။

"စေ့စပ်ပွဲကို ဖျက်သိမ်းမယ်?
တကယ်လို့ ငါကသာ
နားကြားမမှားခဲ့ဘူးဆိုရင်…
သူတို့ပြောနေကြတဲ့

အကြောင်းအရာဟာ... ဒဏ္ဍာရီလာ လက်ထပ်ပွဲ ဖျက်သိမ်းခြင်းပဲမလား?"

(ဝတ္ထုအတော်များများမှာ ဇာတ်လိုက်မင်းသားတွေဟာ အစပိုင်းမှာ လက်ထပ်ပွဲ ဖျက်အသိမ်းခံရခြင်းတို့လို ဝမ်းနည်းစရာကောင်းတဲ့ အဖြစ်အပျက် တစ်ခုကို ကြုံရအပြီးမှာ ပေါက်ကွဲကာ မခံချင်စိတ်နဲ့ ကြိုးစားပြီး နောက်ဆုံးမှာ စကြာဝဠာကြီးကို အုပ်စိုးနိုင်တဲ့အထိ အောင်မြင်သွားကြတာကို ဆိုလိုခြင်း ဖြစ်ပါတယ်...)

## စာစဥ် ၁ : အပိုင်း ၆

## အပိုင်း ၆ : မင်းတို့တတွေကိုမှ ဂျင်းမထည့်ရရင် ဘယ်သူတွေကို ဂျင်းထည့်ရမှာလဲကွာ

ကောင်မလေးရဲ့ မျက်နှာသွင်ပြင်
အမူအယာဟာ အလွန်ကိုမှပဲလှပပြီး
မယုံနိုင်စရာ ကောင်းလောက်အောင်
ရည်မွန်ကျော့ရှင်း လှပါတယ်... သူမရဲ့
ခန္ဓာကိုယ် တစ်ခုလုံးကနေလဲ
သန့်စင်ပြီး အေးစက်လှပတဲ့

ထူးခြားလှတဲ့ အငွေ့အသက်တွေကို
ထုတ်လွှတ်နေခဲ့တယ်လေ။

သူမရဲ့ နူးညံ့လှတဲ့ နားအစုံမှာတော့
အစိမ်းရောင်
ကျောက်စိမ်းနားဆွဲတွေကို
ပန်ဆင်ထားပြီး… သူတို့တတွေက
လှုပ်ခါသွားတဲ့အခါမှာ…
ထင်မှတ်မထားပဲ နားဝင်ချိုတဲ့
ဆည်းလည်းသံလေး တွေကိုလဲ
ကြားနိုင်ပါသေးတယ်။

အပြင်ပန်း မှာကတော့ လင်းဖုန်းဟာ
မိန်းမပျိုလေးရဲ့ အလှအောက်မှာ
အပြုစားခံလိုက်ရတဲ့
သာမာန်ကောင်လေး တစ်ယောက်
ပုံစံအတိုင်းပဲ… ရှက်ကိုးရှက်ကန်းနဲ့ပဲ
ခေါင်းကို ငုံ့ထားခဲ့ပါတယ်။

အမှန်ကတော့ သူ့ရဲ့မျက်လုံးတွေ
တောက်ပနေတာကို တခြားလူတွေကို
မမြင်စေချင်လို့ပဲ ဖြစ်ပါတော့တယ်။

လက်ထပ်ပွဲ ဖျက်သိမ်းခြင်း… ဒါဟာ
မရေမတွက်နိုင်တဲ့ သူရဲကောင်း

အမြောက်အမြားကို
မွေးထုတ်ပေးနိုင်ခဲ့တဲ့ ဒဏ္ဍာရီလာ
လက်ထပ်ပွဲ ဖျက်သိမ်းခြင်းပဲ
ဖြစ်ပါတော့တယ်။

ကောင်မလေးရဲ့ ဘေးမှာက သူမနဲ့
အတူတူ ဝတ်ရုံဖြူကို ဝတ်ဆင်ထားတဲ့
ဆယ်ကျော်သက် ကောင်လေး
တစ်ယောက်ပါ။ သူဟာ ရှည်လျားတဲ့
ခန္ဓာကိုယ်ရှိပြီး ချောမောတဲ့ မျက်နှာကို
ပိုင်ဆိုင်ထားပါတယ်… သူ့ရဲ့ကိုယ်မှာ
လှည့်ပတ်နေတဲ့ မှော်စွမ်းအင်
လှုပ်ရှားမှုတွေအရ… သူဟာ

ချီသာဝကအဆင့် ၁၀ စွမ်းအားကို
ပိုင်ဆိုင်ထားကြောင်းကို
သိနိုင်တယ်လေ။

ဒီဝတ်ရုံဖြူ လူငယ်ဟာ လင်းဖုန်းကို
တစ်ချက်မျှသာ စိုက်ကြည့်လိုက်ပြီး...
နောက်ထပ် တစ်ချက်မှ
မကြည့်တော့ပါဘူး... လင်းဖုန်းရဲ့
မြောက်ပိုင်းအရဏ်ဦး ခေါးစာမိထားတဲ့
ကျောက်တုံးဆီကို အကြည့်လွှဲလိုက်ပြီး
နဖူးကိုကြီးကို တွန့်လိုက်ပါပြီ...
"ဟာ... ငါတို့က ချက်ချင်းအမြန်
လာခဲ့တာပဲဟ... ကြည့်ရတာတော့

ဒီလူက ခပ်ဝေးဝေးတော့
မရောက်လောက်သေးဘူးကွ..."

ကောင်မလေးကတော့ သူမရဲ့ခေါင်းကို
ခါလိုက်ပါတယ်... "ဟင်း...
သွားလိုက်ပြီ ဆိုတော့လဲ
သွားပါစေပေါ့ရှင်..."

ဒီဝတ်ရုံဖြူ လူငယ်ဟာ ရုတ်တရက်ပဲ
မှော်စွမ်းအင်နဲ့ အသံကိုဖုံးပြီး
ကောင်မလေးကို ပြောလိုက်ပါတယ်...
"ဟော့... ဂိုဏ်းတူညီမလေး ယန်ရန်...
ကိုကြီး ကြားထားတာက

ရှောင်ယန်ဆိုတဲ့ ကောင်လေးဟာ
အစတုံးကတော့ ကျင့်ကြံမှု
ပါရမီရှင်လေးပဲ... နောက်ပိုင်းမှ
ဘာအကြောင်းကြောင့်မှန်း မသိပဲ ဒီလို
အမှိုက်ဘဝကို ရောက်သွားတာဆို?"

မုယုံယန်ရန်ဟာ အနည်းငယ်
မပျော်မရွှင် ဖြစ်သွားပါတယ်...
နှုတ်ခမ်းလေးကိုစူကာ
ပြန်ပြောလိုက်ပါပြီ... "ဟွန့်...
အပြင်လူရှေ့မှာ ဘာတွေ
လာပြောနေမှန်း မသိပါဘူး...
ပြောစရာရှိရင် နောက်မှဆက်ပြော..."

ဝတ်ရုံဖြူ လူငယ်က ဖွဖွလေးပဲ ပြုံးလိုက်ပါတယ်... "ဟဟ... ဒီကောင်လေးက တောသားမြို့တက် ငပိချက်လေးပါကွာ... ငါက မော်စွမ်းအင်နဲ့ အသံလွှင့်ပြီးတော့ ပြောတာလေ... ဒီကောင်က ဘယ်လိုလုပ်ပြီး ကြားနိုင်ပါ့မလဲဟ?"

လင်းဖုန်းကတော့ ရပ်နေတဲ့ နေရာကနေ တဖဝါးမှ မခွာပဲ မျက်တောင်လေး တွေကိုသာ ပုတ်ခတ်ပုတ်ခတ် လုပ်နေခဲ့ပါတယ်။

သူဟာ သူ့ရဲ့ တာအိုဝတ်စုံကိုလဲဖို့
အချိန်မရှိခဲ့ပါဘူး... လက်ရှိတော့
သူဟာ ဖျင်ကြမ်းအင်္ကျီလေး
တစ်ထည်ကိုသာ ဝတ်ဆင်ထားပြီး...
တကယ်ကိုပဲ တောသားပုံစံ
ပေါက်နေခဲ့တယ်လေ။

သူ့ရဲ့ စကားကို ကြားလိုက်ပြီးတော့
မုယုံယန်ရန်ဟာ သူမရဲ့ ခေါင်းကို
ခါလိုက်ပြီလေ... "ဟွန့်... သူက
ပါရမီရှင်ပဲ ဖြစ်ဖြစ်.. အမှိုက်ပဲ
ဖြစ်ဖြစ်... စေ့စပ်ပွဲကို
ဖျက်သိမ်းကတာတော့

ဖျက်သိမ်းရမှာပဲ။ ဘိုးဘိုးက
ဘယ်လိုပြောပြော ဒီလိုမျိုး တစ်ခါမှ
မတွေ့ဖူးတဲ့ လူကိုတော့
မယူနိုင်ဘူးရှင့်..."

လင်းဖုန်းရဲ့ အမူအရာဟာ ပိုပိုပြီး
ရိုးသားဖြူစင်တဲ့ပုံ ပေါက်လာပါပြီ...
ဒါပေမဲ့ သူ့ရဲ့ ရင်ထဲမှာတော့
အပျော်တွေနဲ့ ပြည့်နှက်နေလို့ပါ...
"အင်း... ကောင်းလေစွ...
ကောင်းလေစွ... ကောင်မလေးရေ...
ဘယ်သူတွေ ဘာပဲပြောပြော
နားမယောင်နဲ့...

တည်တည်ငြိမ်ငြိမ်နဲ့ပဲ စေ့စပ်ပွဲကို
သွားပြီးဖျက်သိမ်းလိုက်ဟ… မင်းကို
အားကိုးပါတယ် မိန်းကလေးရေ!"

တစ်ချိန်တုံးက ပါရမီရှင်လေး…
အခုတော့ အရှုံးသမား ဖြစ်နေပြီ…
သတို့သမီးလောင်းလေး ကလဲ
စေ့စပ်ပွဲကို ဖျက်သိမ်းပြီး
အရက်လာခွဲဦးမယ်… သေချာတယ်…
သေချာတယ်… ဒါက ရွှမ်ဟွမ်
တရုတ်ဝတ္ထုထဲက ဇာတ်လိုက်မင်းသား
တစ်ယောက်ပဲ ဖြစ်ရမယ်ကွ။

လင်းဖုန်းဟာ အခုချက်ချင်းပဲ
ရှောင်ယန်လေးကို ပြေးပြီးတော့
သွားရှာချင်နေခဲ့ပါပြီ။ စနစ်ကြီးက
တပည့်ကိုရွေးတဲ့ နေရာမှာ အမတန်မှ
ဂျီးများတယ်ဆိုတာကို… သူက
နောက်ဆုံးမှာ
သဘောပေါက်လာခဲ့ပြီလေ…
ကောင်းကင်ဘုံက မစခြင်းကို
ခံထားရတဲ့ ဒဏ္ဍာရီလာ ပုဂ္ဂိုလ်မျိုး…
ဝတ္ထုဇာတ်လမ်းတွေ အထဲက
ဇာတ်လိုက်မင်းသား ဇာတ်ကောင်မျိုး
စတဲ့သူမျိုး တွေကိုသာ သူက
မျက်စိကျတာပါ။

အခုလက်ရှိ အချိန်မှာ သူက
သက်သေမပြ နိုင်သေးပေမယ့်...
ရှောင်ပုတန်လေးကိုကြည့်ပြီးတော့
ကောက်ချက်ချရမယ် ဆိုရင်တော့...
ရှောင်ယန်လေးဟာလည်း စနစ်ကြီးရဲ့
တပည့်လက်ခံတဲ့ စံနှုန်းတွေနဲ့
ပြည့်စုံမယ်လို့ လင်းဖုန်းက ၈၀%
ယုံကြည်ချက် ရှိပါတယ်။

လင်းဖုန်းဟာ ရုတ်တရက်ပဲ
စဉ်းစားမိလိုက်ပါပြီ... မုယုံယန်ရန်ရဲ့
စေ့စပ်ပွဲကို ဖျက်သိမ်းခံရ အပြီးမှာ...
လက်ရှိအချိန်မှာ

ကံဆိုးမိုးမှောင်ကျနေတဲ့
ရှောင်ယန်လေးက... လက်ထပ်ပွဲ
ပျက်သွားအပြီးမှာတော့ သူ့ရဲ့
အတွင်းစိတ်ထဲကနေ အစွမ်းကုန်
ပေါက်ကွဲကာ ထွက်လာတော့မှာပါ။

သူ့ရဲ့ဘေးနားမှာ ဘိုးတော်ကြီး
တစ်ယောက်ပဲ ရှိနေသလား...
ဒါမှမဟုတ် အပြင်ကနေ အလန်းစား
နတ်ဘုရား အိုင်တမ်တစ်ခုကို
ကောက်ရထားသလား...... ဒါမှမဟုတ်
သူ့မိဘတွေရဲ့ ချာတူးလံ
စာအုပ်အဟောင်းပုံ ထဲကနေ

မဟာသိုင်းကျမ်း တစ်အုပ်ကို
ရှာတွေ့ထားသလား ဆိုတာကိုတော့
သူကမသိပါဘူး။

ဒါပေမဲ့လည်း... မုယုံယန်ရန်ဟာ
ရောက်လာပြီး စေ့စပ်ပွဲကို
ဖျက်သိမ်းလိုက် အပြီးမှာတော့...
ရှောင်ယန်ရဲ့ တိုက်ပွဲဝင်စိတ်တွေဟာ
နိုးကြားလာပြီး... သူ့ရဲ့ဘဝ
တစ်ဆစ်ချိုးမယ့် အချိန်ပဲ
ဖြစ်သွားမှာပါ။

ရွှေဝါငါးကြင်းကနေ နဂါးတစ်ကောင်
ဖြစ်လာဖို့ဆိုရင် လိုအပ်တဲ့
မုန်တိုင်းလေး တစ်ခုကိုတော့
ဖန်တီးပေးရမယ်လေ။

သူလုပ်ရမှာက အခွင့်အရေး
အနည်းငယ်ကို အသုံးချပြီး
ရှောင်ယန်လေးကို လမ်းကြောင်းမှန်
အပေါ်ကို ရောက်အောင်
ဆွဲတင်ပေးရမှာပါ… သူနဲ့
ရှောင်ယန်လေးသာ
ရေစက်ပါလာခဲ့မယ် ဆိုရင်တော့…
ဒီကောင်လေးဟာ ရပ်တန့်လို့

မရနိုင်တဲ့ လူစွမ်းကောင်းတစ်ယောက်
ဖြစ်လာတော့မှာပါ။

လင်းဖုန်းဟာ ရှောင်ယန်လေးရဲ့
လူစွမ်းကောင်း ဖြစ်လာမယ့် ရလဒ်ကို
ပြောင်းလဲမှာ မဟုတ်ပါဘူး...
လူစွမ်းကောင်း ဖြစ်လာမယ့်
ဖြစ်စဥ်ကိုသာ
ပြောင်းလဲပစ်ချင်နေတာပါ...
ရှောင်ယန်လေးက
ရွှေဝါငါးကြင်းတစ်ကောင် ဘဝကနေ
နဂါးတစ်ကောင် ဖြစ်လာစေမဲ့
မုန်တိုင်းလေးကို ဖန်တီးပေးမှာပါ။

တနည်းအားဖြင့်ဆိုသော်... သူဟာ
ရှောင်ယန်လေးရဲ့ ဘိုးတော်ကြီး
ဖြစ်လာမှာလေ။

ဒါပေမဲ့ လက်ရှိအချိန်မှာတော့
ရှောင်ပုတန်လေးရဲ့ ကိစ္စဟာ
မပြီးပြတ်သေးတဲ့အတွက်...
လင်းဖုန်းဟာ ထွက်သွားလို့
မရသေးပါဘူး။

အင်း... တကယ်လို့များ ငါက
မုယုံယန်ရန်ကို အခုချက်ချင်း

စေ့စပ်ပွဲကို ပေးပြီး
ဖျက်သိမ်းလိုက်ရင်...
ရှောင်ယန်လေးကို
တခြားဘိုးတော်ကြီး တစ်ယောက်က
ကယ်သွားလိမ့်မယ်ဟ... ဒါဆိုရင် ငါက
ဘာမှဆက်ပြီး လုပ်လို့ရတော့မှာ
မဟုတ်ဘူး။

ဒီလက်ထပ်ပွဲကို ဖျက်တော့
ဖျက်ရမယ်ကွ... ဒါပေမဲ့
အခုချက်ချင်းတော့ ဖျက်လို့
မရသေးဘူး။

ဒီအထိ စဉ်းစားလိုက်ပြီးနောက်မှာ... သူ့ရဲ့ခေါင်းထဲမှာ အတွေးတစ်ခု ပေါ်လာပါပြီ... သူ့ရဲ့ မျက်နှာမှာလဲ နေဝန်းကဲ့သို့ နွေးထွေးတဲ့ အပြုံးလေး တစ်ခုဟာ ပေါ်ပေါက်ကာ လာခဲ့ပြီလေ။

ဝတ်ရုံဖြူလူငယ်က ပြုံးပြီးတော့မှပဲ ပြောလိုက်ပါတယ်... "ကဲလေ... ဒီမှော်စွမ်းအင် လှုပ်ရှားမှုရဲ့ အရင်းအမြစ်ကို မတွေ့ဘူး ဆိုတော့လဲ ဘယ်တတ်နိုင်ပါ့မလဲ။ ဝူကျိုးမြို့က ရှောင်မိသားစုဆီကို အမြန်ရောက်ဖို့က

အရေးကြီးတယ်လေ... အခုက ဂူကျိုးမြို့ကို ရောက်ဖို့ဆိုရင် အဝေးကြီး လိုသေးတယ် မဟုတ်လား?"

တချိန်လုံး နှုတ်ဆိတ်နေခဲ့တဲ့ ဝတ်ရုံဖြူ အဖိုးကြီးက နောက်ဆုံးမှာတော့ ပါးစပ်ကိုဟကာ ပြောလိုက်ပါပြီ... "အင်း... ယန်ရန်လေးရေ... မင်းရဲ့ ပင်ကိုစွမ်းရည်က ထူးချွန်ပြောင်မြောက်ပြီး... မင်းလေးရဲ့ အနာဂတ်ဟာလည်း တောက်ပနေတယ်ကွယ့်။ မင်းက ငါတို့ အလင်းဓားမြန်ဂိုဏ်းရဲ့ ဗဟိုတပည့်လဲ

ဖြစ်တယ်… အဲ့ဒီတော့ မင်းရဲ့
အနာဂတ်ကို သာမာန်လူ
တစ်ယောက်အပေါ်မှာ ပုံအပ်လို့တော့
မသင့်ဘူးလေ။ ဒါပေမဲ့လည်း
စေ့စပ်ပွဲကို သွားပြီးဖျက်သိမ်းတယ်
ဆိုတာကလဲ တစ်ဘက်လူ
အတွက်တော့ အရှက်ရစရာ
ကိစ္စပဲကွယ့်… ဟိုရှောင်ယန်ဆိုတဲ့
ကောင်လေးကို လျှော်ကြေး
ကောင်းကောင်းလေး ပေးဖို့ကိုတော့
မမေ့နဲ့နော်…"

မုယံုယန်ရန်နဲ့ ဝတ်ရုံဖြူလူငယ်
တို့ကလဲ ခေါင်းညိတ်ပြီးတော့
ပြန်ပြောလိုက်ပါပြီ... "ဟုတ်ကဲ့...
အကြီးအကဲရဲ့
ရဲ့အဆုံးအမအတိုင်းပါ..."

ဝတ်ရုံဖြူအဘိုးအို ရဲ့ကော်ဟာ
ကျေနပ်အားရစွာနဲ့
ခေါင်းကိုညိတ်လိုက်ပြီး... သူ့ရဲ့
ဂျူနီယာလေး
နှစ်ယောက်ကိုခေါ်ပြီးတော့
ခရီးဆက်ရန် ဟန်ပြင်လိုက်ပါတယ်..
အစကနေ အဆုံးအထိ သူဟာ

လင်းဖုန်းကို ဖုတ်လေတဲ့ငပိ
ရှိတယ်လို့တောင် မထင်ခဲ့ပါဘူး။

စနစ်ကြီးရဲ့ ကျေးဇူးကြောင့်...
ရဲ့ကော်လိုမျိုး အခြေခံအုတ်မြစ်
အဆင့်က ကျင့်ကြံသူမျိုးတောင်မှပဲ
လင်းဖုန်းဟာ ကျင့်ကြံသူတစ်ယောက်
ဖြစ်တယ်ဆိုတာကို
ထွင်းဖောက်ပြီးတော့
မမြင်နိုင်ခဲ့ဘူးလေ။

ဒီအချိန်မှာတော့ လင်းဖုန်းဟာ
ကိုယ့်ကိုယ်ကိုယ်ပဲ အရှေ့ကို

တိုးသွားလိုက်ပါတယ်… အနည်းငယ် ကြောက်ရွံ့စွာနဲ့ ထိုသူသုံးယောက်ကို ကြည့်လိုက်ပါပြီး… "ဆ…ဆရာကြီး သုံးယောက်တို့ခင်ဗျား… ဆရာကြီးတို့တတွေဟာ ဒဏ္ဍာရီလာ ခေါ်သူရဲကောင်းကြီး တွေလားခင်ဗျား?"
သူ့ရဲ့အမူအယာဟာ ၇၀% လေးစားအားကျမှုနဲ့ ၃၀% ထိတ်လန့်တွန့်ဆုတ်မှုတို့ကို ပြည့်စုံစွာ အချိုးကျကျ ပေါင်းစပ်ထားပါတယ်။

မုယုံယန်ရန်ဟာ အနည်းငယ်
မျက်မှောင်ကြုတ်လိုက်ပြီးတော့
ဘာကိုမှ ပြန်မပြောခဲ့ပါဘူး။

ဝတ်ရုံဖြူ လူငယ်ကတော့
ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေတဲ့
အမူအယာနဲ့… ခေါင်းကို အနည်းငယ်
ညိတ်လိုက်တယ်… "အင်း…
ဘာကိစ္စများ ရှိလို့လဲ?"

လင်ဖုန်းရဲ့ မျက်နှာဟာ
အလွန်အမင်းကို ပျော်ရွှင်သွားတဲ့ပုံ
ပေါက်သွားပြီး လျင်မြန်စွာနဲ့ပဲ

ပြောလိုက်ပါပြီ… "ကျွန်…
ကျွန်တော်တို့နေတဲ့ ရွာလေးမှာ…
မိ…မိစ္ဆာတစ်ကောင်
ပေါ်လာလို့ပါခင်ဗျား။ ကျွန်တော်တို့ကို
ကူညီပြီးတော့ နှိမ်နင်းပေးပါဦး…
ကျွန်တော်မျိုးတို့ ရွာသားတွေကလဲ
အမတန်ကိုမှ ကျေးဇူးတင်ကြမှာပါ…
ကယ်တော်မူကြပါဦး ခင်ဗျား!"

ဝတ်ရုံဖြူ လူငယ်ကတော့ ထူးမခြားနား
ပုံစံနဲ့ပါပဲ။ တောကြိုအုံကြားမှာ
မကောင်းဆိုးဝါး မိစ္ဆာတွေဆိုတာက

သာမာန်ပါပဲ… အလေးအနက်ထားဖို့
သိပ်မလိုဘူးလေ။

လင်းဖုန်းကတော့ ဆက်ပြီး
ဖောပါတော့တယ်…
"ကျွန်တော်မျိုးကြီး ကိုယ်တိုင်
တွေ့ခဲ့တာပါခင်ဗျား… နဂိုက
လျှပ်စီးမိုးကြိုးတွေကြောင့်
လောင်ကျွမ်းမည်းနက်နေတဲ့
မက်မွန်ပင်အိုကြီးဟာ ရုတ်တရက်ပဲ
သစ်ကိုင်းအသစ်တွေ
ထွက်လာပြီးတော့… လှပတဲ့

မက်မွန်ပန်းပွင့်တွေတောင်
ဖူးပွင့်လာကြတယ် ခင်ဗျ..."

ဝတ်ရုံဖြူ လူငယ်က လက်ကို
ဝှေ့ယမ်းလိုက်ကာ
ဖြတ်ပြောလိုက်ပါတယ်... "အင်း...
နွေဦးရာသီမှာ ပြန်ပြီးတော့
နုပျိုလာတာက
အထူးအဆန်းမဟုတ်ပါဘူးကွာ..."

လင်းဖုန်းကလဲ ခေါင်းကို
တဆတ်ဆတ်ညိတ်ကာ
ထောက်ခံလိုက်ပါတယ်...

"ဟုတ်လိုက်လေ… အာစရိပြောတာ
ဟုတ်လိုက်လေ… ဒါပေမဲ့လည်း အဲ့ဒီ
မက်မွန်ပန်းပွင့်တွေက
လူသတ်တယ်ဗျ…
လူတွေအများကြီးကို သတ်ခဲ့တာဗျ…"

မုယုံယန်ရန်နဲ့ ဝတ်ရုံဖြူလူငယ်တို့ဟာ
တစ်ယောက်မျက်နှာ တစ်ယောက်
ကြည့်လိုက်ကြပါပြီ…
နောက်ဆုံးမှာတော့ အနည်းငယ်
စိတ်ဝင်စားလာကြပြီလေ… "ကဲကွာ…
ပြောစမ်းပါဦး… မက်မွန်ပန်းပွင့်တွေက

ဘယ်လိုမျိုး လူတွေအများကြီးကို
သတ်ခဲ့တာလဲ?"

လင်းဖုန်းက မက်မွန်ပန်းပွင့်တွေဟာ
သစ်ပင်ပေါ်ကနေ
ဘယ်လိုမျိုးလွင့်ပျံလာပြီး လူတွေရဲ့
နဖူးအပေါ်ကို
ကပ်သွားတဲ့အကြောင်း... လူတွေကို
ခြောက်ကပ်သွားအောင်
စုပ်ယူသွားအပြီးမှာ
ပန်းပွင့်ပန်းချပ်တွေဟာ သစ်ပင်ဆီကို
ဘယ်လို ပျံသန်းသွားတဲ့ အကြောင်း...
စတာတွေကို လျင်မြန်စွာနဲ့ပဲ

ခရေစေ့တွင်းကျ
ရှင်းပြလိုက်ပါတော့တယ်။

ဝတ်ရုံဖြူ လူငယ်ရဲ့
မျက်ခုံးအစုံဟာလည်း
မြင့်တက်သွားခဲ့ပြီလေ။ လင်းဖုန်းရဲ့
ပြောပုံအရဆိုရင် မက်မွန်ပင်ကြီးဟာ
မိစ္ဆာအဖြစ်ကို ပြောင်းသွားပြီး
လူတွေကို ဒုက္ခပေးနေတာပါ။
ပန်းပွင့်ပုံတွေကို အသုံးပြုပြီး
လူသတ်နိုင်တယ်ဆိုတော့…
ဒီမက်မွန်ပင်အိုကြီးဟာ
အသိဉာဏ်ရှိနေပြီး…

ကိုယ်ပိုင်စွမ်းရည် တွေကိုလဲ
ဆုပ်ကိုင်ထားနိုင်ပြီ ဖြစ်ပါတယ်။

ဒီလိုမိစ္ဆာမျိုးတွေမှာ မိစ္ဆာအမြူတေတွေ
ရှိနေတတ်ပြီး တန်ဖိုးလဲ
ကြီးမားလှတယ်လေ။

မုယုံယန်ရန်ရဲ့ မျက်မှောင်လေး
တွေဟာလည်း ကြုတ်သွားပြီး...
ဝတ်ရုံဖြူအဖိုးအို ရဲ့ကော်ဆီကို
လှမ်းကြည့်လိုက်ပါပြီ...
"အကြီးအကဲရဲ့... ကျွန်မတို့ကတော့
သွားမှ ရမယ်ရှင့်... မဟုတ်လို့ကတော့

ဒီသစ်ပင်မိစ္ဆာကြီးဟာ နောက်ထပ်
လူတွေကို ထပ်သတ်ဦးမှာပဲ..."

ရဲ့ကော်ကလဲ သူ့ရဲ့မှတ်ဆိတ်မွေး
အရှည်ကြီးတွေကို
ပွတ်သတ်လိုက်ပြီး... လင်းဖုန်းကို
ဒီမကော်မွန်ပင်အိုကြီးက လူတွေကို
ဘယ်လိုသတ်တယ်
ဆိုတဲ့အကြောင်းကို...
စိတ်ရှည်လက်ရှည်နဲ့ပဲ မေးမြန်းကာ
အသေးစိတ် အချက်အလက်တွေကို
အတည်ပြုစစ်ဆေး နေခဲ့ပါတယ်။

ဖြူစင်ရိုးသားလှတဲ့ မျက်နှာလေးနဲ့…
လင်းဖုန်းကလဲ ရဲ့ကော်ရဲ့
မေးခွန်းတိုင်းကို စိတ်ရှည်လက်ရှည်နဲ့
ဖြေကြားပေးနေခဲ့ပါပြီ။

သူဟာ အရာအားလုံးကို အမှန်အတိုင်း
ဖြေကြားပေးနေတဲ့ အတွက်ကြောင့်မို့
ရဲ့ကော်ရဲ့ မေးခွန်းတွေကို
သူမကြောက်ပါဘူး။

အသေးစိတ် အချက်အလက်လေး
တချို့ကိုပဲ သူက ထိမ်ချန်ထားခဲ့တာပါ။

လင်းဖုန်းဟာ သူတို့ကို
ဒီမက်မွန်ပင်အိုကြီးဟာ... ချီသာ၀က
အဆင့် ၄ က
ကျင့်ကြံသူတစ်ယောက်ကို
ပုရွက်ဆိတ်ကလေး တစ်ကောင်လို
သတ်သွားခဲ့တယ် ဆိုတာကိုတော့...
မပြောပြခဲ့ဘူးလေ။

ရဲ့ကော်ဟာ သူမရှင်းတဲ့ ပြဿနာ
တချို့ကို ထပ်ခါထပ်ခါ
မေးနေခဲ့ပါတယ်။ အမှားအယွင်း
မရှိတော့ဘူးလို့ အတည်ပြုပြီးတဲ့
နောက်မှာ... သူဟာ

နောက်ဆုံးမှာတော့ ခေါင်းကို
ညိတ်လိုက်ပါပြီ... "အင်း...
မကောင်းသူပယ် ကောင်းသူကယ်
ဆိုတာက ငါတို့
အလင်းဓားမြန်ဂိုဏ်းက
ကျင့်ကြံသူတွေရဲ့
ဆောင်ပုဒ်ပဲဖြစ်တယ်။
ဒီသစ်ပင်မိစ္ဆာကြီးက
ထင်တိုင်းသောင်းကျန်း
နေတာကိုတော့ ငါတို့က
လက်ပိုက်ကြည့်ပြီး မနေနိုင်ဘူးဟေ့။
ကဲ... လူငယ်လေး... ငါတို့ကို
လမ်းပြပေးတော့ကွာ..."

လင်းဖုန်းရဲ့ မျက်နှာဟာ
အလွန်အမင်းကိုမှပဲ
ပျော်ရွှင်ဝမ်းမြောက်နေပြီး... သူတို့ကို
အကြီးအကျယ်
ကျေးဇူးတင်နေခဲ့ပါတယ်... ဒါပေမဲ့
သူ့ရဲ့ ရင်ထဲမှာတော့
တိတ်တိတ်ကလေးနဲ့ပဲ ရယ်မောလို့
နေခဲ့ပါပြီ... "ဟဲဟဲဟဲ...
ကောင်းလေစွ... ကောင်းလေစွ!"

မင်းတို့ သုံးယောက်ရဲ့ လာခြင်းဟာ
တကယ့်ကို အချိန်ကောင်းပါပဲ... ငါရဲ့

တပည့်ကြီးကို ကယ်တင်ဖို့ အချိန်မီ
ရောက်လာတယ်။

ပြီးတော့ ငါ့ရဲ့အနာဂတ် ဒုတိယ
တပည့်လေးကိုလဲ
ကြော်ငြာဝင်ပေးသွားတယ်...
အဲ့ဒီတော့ တကယ်လို့များ
မင်းတို့သုံးယောက်ကိုမှ
ဂျင်းမထည့်ရရင် ဘယ်သူတွေကို
ဂျင်းသွားထည့်ရမှာလဲကွာ?"

## စာစဥ် ၁ : အပိုင်း ၇

# အပိုင်း ၇ : အလင်းခေါ်းမြန် Vs မက်မွန်ပန်းပွင့်

လင်းဖုန်းဟာ မုယုံယန်ရန်နဲ့ အခြားနှစ်ယောက်ကို ခေါ်လာပြီး ကျောက်တုံးကျေးရွာရဲ့ အပြင်ဘက်ကို ရောက်ရှိကာ လာခဲ့ပါပြီ... စစ်မြေပြင်ဟာ သန့်ရှင်းရေးတွေ မလုပ်ရသေးပါဘူး... မြေပြင်ပေါ်မှာ ခြောက်ကပ်နေတဲ့ အလောင်းကောင်တွေဟာ ပြန့်ကျဲနေပြီး ကမ္ဘာပေါ်က ငရဲသဖွယ် ဖြစ်နေခဲ့ပါတယ်။

ဒီလိုမျိုး အနိဋ္ဌာရုံ မြင်ကွင်းတွေကို
ကြည့်ပြီးတော့ အော့အန်နေတာ
မုယုံယန်ရန် တစ်ယောက်ထဲ
မဟုတ်ပါဘူး… ရဲ့ကော်နဲ့ ဝတ်ရုံဖြူ
လူငယ်တို့ဟာလည်း
မျက်မှောင်ကြီးတွေ အကြီးကြီး
ကုတ်ပြီးတော့ ပျို့တက်ကာ
လာကြပါပြီ။

ရှာပေါက်ဝက
မည်းတူးသွေ့ခြောက်နေတဲ့
မက်မွန်ပင်အိုကြီးရဲ့ ပင်စည်နဲ့

မျက်စိထဲကို ဝင်လာတဲ့ နှစ်လိုဖွယ်ရာ
ဆွဲဆောင်မှုရှိတဲ့ မက်မွန်ပန်းပွင့်တို့ရဲ့
ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်နေတဲ့
မတူညီတဲ့ ကွဲပြားခြားနားချက်တွေဟာ
ကြည့်နေရတဲ့ လူတွေရဲ့ စိတ်ကို
မသက်မသာ ဖြစ်စေခဲ့ပါတယ်။

ဒီငရဲပြည်လိုမျိုး ပတ်ဝန်းကျင်မှာ...
ဒီမက်မွန် ပန်းပွင့်တွေဟာ ပိုပြီးတော့
သန့်စွမ်းလေလေ... ကြည့်ရတာပိုပြီး
အံ့ဩထိတ်လန့် ချောက်ချားဖွယ်ရာ
ဖြစ်လေလေပါပဲ။

လင်းဖုန်းဟာ စကားစမယ် ကြံရုံပဲ ရှိသေးတယ်…
ကျောက်ခေတ်ကျေးရွာရဲ့ အထဲကနေ ချက်ချင်းဆိုသလိုပဲ ရုတ်ရုတ်သဲသဲ ဖြစ်သွားခဲ့ပါတယ်။ လူကြီးတွေရဲ့ ကျိန်ဆဲသံတွေဟာ ကလေးတွေရဲ့ ငိုကြွေးသံတွေနဲ့ ရောယှက်လို့ သွားခဲ့ပြီလေ… လူတိုင်းဟာ အရပ်မျက်နှာ ပေါင်းစုံကနေ ရွာအပြင်ဘက်ကို ပြေးထွက်ကာ လာခဲ့ကြပါပြီ။

လင်းဖုန်းဟာ သူ့ရဲ့မျက်လုံးတွေနဲ့
အာရုံစိုက်ပြီးတော့
ကြည့်လိုက်ပါတယ်...
ရွာအထဲကနေ... နီရဲတောက်ပနေတဲ့
မက်မွန်ပန်းပွင့် ပန်းချပ်တွေဟာ
လေထဲမှာ ပျံ့ဝဲနေပြီး...
ရွာသူရွာသားတွေရဲ့ အနောက်ကို
လိုက်ဖမ်းလို့ နေခဲ့တယ်လေ။

ဒီပန်းဝတ်လွှာတွေ အကပ်ခံလိုက်ရတဲ့
သူတွေဟာ... ချက်ချင်းပဲ သူတို့ရဲ့
အသက်စွမ်းအင်တွေကို
ခြောက်ကပ်အောင် အစုပ်ယူ

ခံလိုက်ကြရပြီး…
အလောင်းကောင်ခြောက်တွေ
အဖြစ်ကို အသွင်ပြောင်းကာ
သွားကြပါပြီ။

လူအုပ်ကြီးထဲကနေ…
ရှောင်ပုတန်လေးဟာ တခြားလူတွေကို
အကာအကွယ်ပေးရင်း
အကုန်လုံးနဲ့အတူ
ပြေးထွက်လာခဲ့တာကို
ကြည့်ပြီးတော့မှပဲ… လင်းဖုန်းဟာ
စိတ်သက်သာရာ ရစွာနဲ့
သက်ပြင်းအရှည်ကြီး တစ်ခုကို

ချူလိုက်ပြီး… ကံကောင်းလေခြင်းလို့
စိတ်ထဲကနေပဲ
ရေရွတ်လိုက်ပါတော့တယ်။

ကံကောင်းထောက်မ လှစွာနဲ့ပဲ…
သူဟာ မုယံုယန်ရန်နဲ့ အပေါင်းပါတို့ကို
ကြုံတွေ့ခဲ့တာပါ…
နို့မဟုတ်ရင်တော့…
ဒီမက်မွန်ပင်အိုကြီးဟာ
ဒီလောက်အမြန်ကြီး
တိုက်ခိုက်လာခဲ့တော့… သူ့ဆီမှာက
ဒီမိစ္ဆာနဲ့ ရင်ဆိုင်ဖို့
နည်းလမ်းတွေတစ်ခုမှ မရှိခဲ့ပါဘူး။

မက်မွန်ပန်းပွင့်တွေဟာ
ရွာအပြင်ဘက်ကို ထွက်လာတာကို
ကြည့်လိုက်ပြီးတော့… လင်းဖုန်းဟာ
အားကနဲ အော်လိုက်ကာ…
အလွန်ကြောက်ရွံ့နေတဲ့ ပုံစံနဲ့
သူ့ရဲ့ခေါင်းကို လက်နှစ်ဘက်နဲ့
အုပ်လိုက်ပြီး… တစ်ချိုးထဲပဲ
လစ်ပြေးသွားခဲ့ပါတော့တယ်။

မုယုံယန်ရန်နဲ့ ဝတ်ရုံဖြူ လူငယ်တို့ဟာ
အဝေးကြီးကို ရောက်သွားပြီဖြစ်တဲ့
လင်းဖုန်းရဲ့

နောက်ကျောကိုကြည့်ပြီးတော့…
တပြိုင်နက်ထဲပဲ
နှာမှုတ်လိုက်ကြပါပြီ… "ဟွန့်…
ငကြောက်ပဲ…"

လင်းဖုန်းက သူ့ရဲ့ အပြုအမူတွေဟာ
သူများတွေရဲ့ အထင်အမြင်
သေးခြင်းကို ခံနေရတယ် ဆိုတာကို
မသိခဲ့ရှာပါဘူး… တကယ်လို့
သိခဲ့ရင်လဲ ဂရုစိုက်မှာ
မဟုတ်ပါဘူးလေ။

ဒါပေါ့… သူကပြေးထားမှ ရမှာပေါ့…
တကယ်လို့များ ရှောင်ပုတန်လေးနဲ့
သူကြီးအိုကြီးတို့ဟာ သူ့ကို ဒီပုံစံမျိုးနဲ့
တွေ့သွားခဲ့ရင် သူက
ဘယ်လိုလုပ်ပြီးတော့ ပြိုင်ဘက်ကင်း
ဆရာသခင်လိုမျိုး ဟန်ဆောင်လို့
ရနိုင်ပါ့မလဲ?

တခြားတစ်ဘက်မှာလဲ… လင်းဖုန်းက
ဒီအလင်းဓားမြန်ဂိုဏ်းက
လူသုံးယောက်ရဲ့ မြင်ကွင်းကနေ
တတ်နိုင်သမျှ အမြန်ဆုံး
ထွက်သွားပြီး… သူတိုက်ခိုက်ဖို့အတွက်

လိုအပ်တာတွေကို
ပြင်ဆင်ရဦးမယ်လေ။

ဘယ်သူနိုင်နိုင်.. ဘယ်သူရှုံးရှုံး..
လင်းဖုန်းဟာ
အကွက်တစ်ကွက်ကိုတော့
ဝင်ရွှေ့ရမှာပါ။

တကယ်လို့များ
မက်မွန်ပင်အိုကြီးကသာ
အနိုင်ရသွားခဲ့မယ် ဆိုရင်လဲ
လင်းဖုန်းဟာ ပျော်နိုင်မှာ
မဟုတ်ပါဘူး။ အခုဆိုရင်

ရှောင်ပုတန်လေးရဲ့ လုံခြုံမှုကိုတောင်
မကတော့ပဲ… တကယ်လို့များ
မုယုံယန်ရန်တို့ အဖွဲ့က ရှုံးသွားခဲ့ရင်လဲ
သူတို့ဟာ မသေပဲနဲ့ အသက်ရှင်ပြီး
လွတ်မြောက်သွားနိုင်အောင်
အကြံအဖန် လုပ်ပေးရဦးမှာပါ။
အနည်းဆုံးတော့ မုယုံယန်ရန်ဆိုတဲ့
ငတိမလေးက လုံးဝသေလို့
မဖြစ်ပါဘူး။

နို့မဟုတ်ရင်… ဘယ်သူက
ရှောင်မိသားစု ဆီကိုသွားပြီးတော့
စေ့စပ်ပွဲကို ဖျက်သိမ်းပေးမှာလဲ?

ဒါပေမဲ့လည်း... ရဲ့ကော်နဲ့
ရောင်းရင်းတို့က အလွယ်တကူ
နိုင်သွားပြန်ရင်လဲ...
လင်းဖုန်းအတွက်က
ကောင်းတဲ့အရာတစ်ခု မဟုတ်ပါဘူး။
သူတို့က ရှောင်ပုတန်လေးရဲ့
အလားအလာကို မျက်စိကျပြီး...
အလင်းဓားမြန်ဂိုဏ်းကို
ခေါ်သွားမလား ဆိုတာကို ဘယ်သူက
သိမှာလဲ?

ဒီလိုဆိုရင်တော့ လင်းဖုန်းက
အရာအားလုံးကို ဆုံးရှုံးသွားတော့မှာပါ။

နှစ်ဘက်စလုံးဟာ ကိုယ်မသာ
သူ့အသုဘ
ဖြစ်သွားကြမယ်ဆိုရင်တော့…
လင်းဖုန်းက ပျော်ပျော်ကြီးပဲ
ကြည့်နေမှာပါ။

နေရာကောင်း တစ်ခုကို
သေချာစွာရှာပြီးတော့ ပုန်းလိုက်ကာ…
မြောက်ပိုင်း အရဏ်ဦးခေါင်းကို
ထုတ်လိုက်ပြီး… လင်းဖုန်းဟာ

တိုက်ပွဲကို အနီးကပ် အာရုံစိုက်ကာ
ကြည့်နေလိုက်ပါတော့တယ်။

ဝတ်ရုံဖြူ လူငယ်ဟာ သူ့ရဲ့ဓားကို
ဓားအိမ်ထဲကနေ ဆွဲထုတ်လိုက်ပြီး…
မက်မွန်ပင်အိုကြီးကို စတင်ပြီးတော့
တိုက်ခိုက်လိုက်ပါပြီ။

သူ့ရဲ့ ချီသာဝက အဆင့်၁၀ဟာ
အထင်ကြီးဖွယ်ရာရှိပြီး…
မက်မွန်ပန်းပွင့် အချို့ကို
ခုတ်ချနိုင်ခဲ့ပေမယ့်… သူဟာ
မက်မွန်ပင်အိုကြီးရဲ့

ပြိုင်ဘက်ဖြစ်ဖို့ကတော့ အဝေးကြီး
လိုပါသေးတယ်။

ဒီဝတ်ရုံဖြူ လူငယ်ရဲ့ ခေါးအော်ရာဟာ
သစ်ပင်ပင်စည်ကို ခုတ်ချမိတော့မယ့်
အချိန်မှာပဲ… ဒီမက်မွန်ပင်အိုကြီးမှာ
ပြောင်းလဲမှု တစ်ခုဟာ ရုတ်ချည်းပဲ
ထွက်ပေါ်လာခဲ့ပါတယ်။
သစ်ကိုင်းပေါ်က
မက်မွန်ပန်းပွင့်တွေဟာ အကုန်လုံး
စုပေါင်းသွားပြီးတော့ အပန်းရောင်
မြူခိုးမြူငွေ့တွေကို
ထုတ်လွှတ်လိုက်ကြပါပြီ… အတူတကွ

စုစည်းသွားကြပြီး မက်မွန်ပင်အိုကြီးကို
လွှမ်းခြုံလို့ ထားခဲ့ပြီလေ။

ဝတ်ရုံဖြူ လူငယ်ရဲ့ခေါင်းဟာ
အပန်းရောင် မြူခိုးမြူငွေ့
တွေအကြားကို ရောက်သွားတာနဲ့…
သူဟာ ရှုံ့ညွှန်အတွင်းကို
ကျရောက်သွားခဲ့သလိုမျိုး…
လှုပ်ရှားလို့ မရတော့ပါဘူး။

ဝတ်ရုံဖြူ လူငယ်ရဲ့ အမူအရာဟာ
ပြောင်းသွားခဲ့ပါပြီ… သူ့ရဲ့ခေါင်းပုံကို
ပြန်ခေါ်ဖို့ ကြိုးစားခဲ့ပေမယ့်… သူဟာ

ပန်းရောင်အငွေ့တွေရဲ့ ကြားထဲမှာ ပိတ်မိနေခဲ့တယ်လေ… သူဘယ်လိုပဲ ကြိုးစားကြိုးစား ပြန်ပြီးတော့ ယူလို့ မရခဲ့ပါဘူး။

ဒါတင် မကသေးဘူး… အနီရောင် မြူခိုးမြူငွေ့တွေဟာ ဝတ်ရုံဖြူ လူငယ်ရဲ့ မှော်စွမ်းအင်တွေ အနောက်ကို လိုက်ပြီး တိုက်စားနေခဲ့ကာ… သူ့ကို တန်ပြန် တိုက်ခိုက်ခဲ့ပြီလေ။ ဝတ်ရုံဖြူ လူငယ်ရဲ့ မျက်နှာဟာလည်း အရက်မူးနေတဲ့ ပုံစံမျိုး ချက်ချင်းကိုပဲ

နီရဲသွားပါတော့တယ်… ခက်ခက်ခဲခဲနဲ့
ခုခံနိုင်တယ် ဆိုရုံပဲ
ခုခံနိုင်ပါတော့တယ်။

အခြေအနေတွေဟာ
ပြင်းပြင်းထန်ထန်ပဲ ဧောက်ထိုးမိုးမျှော်
ဖြစ်သွားခဲ့ပါတယ်။ ရဲ့ကော်နဲ့
မုယုံယန်ရန် တို့ကိုလဲ အကြီးအကျယ်
တပ်လှန့်ပေးလိုက်သလိုမျိုး
ဖြစ်သွားခဲ့တယ်လေ။ မုယုံယန်ရန်က
ဝင်ရောက်ပြီးတော့
ကူညီချင်နေခဲ့ပေမယ့် ရဲ့ကော်ရဲ့
ဟန့်တားခြင်းကို ခံလိုက်ရပါပြီ…

"ဟော့... ဒီသစ်ပင်မိစ္ဆာက တခုခု
ထူးခြားနေတယ်ဟ...
ဝင်မစွက်နဲ့ဦး..."

ရဲ့ကော်ဟာ သူ့ရဲ့လက်ကို
ဆန့်တန်းလိုက်ပြီး
ဝှေ့ယမ်းလိုက်ကာ... မမြင်နိုင်တဲ့
ခေးချီခတ်တွေကို
ထုတ်လွှတ်လိုက်ပါပြီ... ဝတ်ရုံဖြူ
လူငယ်နဲ့ မက်မွန်ပင်အိုကြီးရဲ့
အကြားက ဆက်သွယ်မှုတွေကို
ဖြတ်တောက်ပစ်လိုက်ပြီလေ။
ဝတ်ရုံဖြူ လူငယ်ကို

ကယ်လိုက်ပြီးနောက်မှာ…
မုယုံယန်ရန်ရဲ့ အနားကို
ပို့လိုက်ပါတယ်… "ကဲ… မင်းတို့ခဏ
နောက်ဆုတ်လိုက်ကြဦး… ငါက
ဒီမိန်းမစ္ဆာနဲ့ ရင်ဆိုင်လိုက်ဦးမယ်ကွ…"

စကားဆုံးတာနဲ့ သူဟာ
ဓားအိမ်ထဲကနေ ဓားကို
ဆွဲထုတ်လိုက်ပြီး… ရှေ့ကို
ထိုးသွင်းလိုက်ကာ…
ရွှေရောင်အဆင်းရှိတဲ့
ဓားအော်ရာတွေကို
ထုတ်ဖော်လိုက်ပါတော့တယ်။

ရဲ့ကော်ရဲ့ ခေါ်အော်ရာတွေဟာ
ဝတ်ရုံဖြူလူငယ်ထက်ကို
အများကြီးပိုပြီးတော့
ခက်ထန်ကြမ်းတမ်း လှတယ်လေ…
ကောင်းကင်ယံရဲ့ အပေါ်ကနေပြီးတော့
ဖြာကျလာခဲ့တဲ့ မြူခိုးသက်တန့်ကြီး
တစ်ခုလိုပါပဲ…
မျက်စိကျိန်းလောက်အောင်
တောက်ပလှတဲ့
ခေါ်အော်ရာတွေဟာ…
မက်မွန်ပင်အိုကြီး ရှိရာဆီကို
တည့်တည့်ကြီး ခုတ်ချခဲ့လိုက်ပါပြီ။

မက်မွန်ပင်အိုကြီးကလဲ ဒီအကွက်ကိုပဲ ပြန်သုံးပါတယ်… အနီရောင် မြူခိုးငွေ့တွေဟာ ပိုမိုထူထဲလာပြီး… ရဲ့ကော်ရဲ့ ခါးအော်ရာတွေကို ခုခံလိုက်ပါပြီ။ လှိုင်းတွန့်လေးတွေဟာ ရေလှိုင်းလိုမျိုးပဲ အနီရောင် မြူခိုးငွေ့တွေရဲ့ အပေါ်မှာ ဂယက်ထလို့ နေခဲ့ပြီလေ… ရဲ့ကော်ရဲ့ ရက်စက်ပြင်းထန်တဲ့ တိုက်ခိုက်မှုကလဲ သူမရဲ့ လွှဲဖယ်မှုကို တကယ်ပဲ ခံလိုက်ရပါတော့တယ်။

လင်းဖုန်းကလဲ လျို့ဝှက်စွာနဲ့ပဲ
သက်ပြင်းတစ်ချက်ကို
ချလိုက်ပါတယ်... "ဟူး...
ဘုရားမပေးလို့ပေါ့ကွာ..."
အခြေခံအုတ်မြစ် အဆင့်ရှိတဲ့
ရဲ့ကော်ရဲ့ တိုက်ခိုက်မှုကို
ထိပ်တိုက်ရင်ဆိုင် နိုင်တဲ့အတွက်...
ဒီမက်မွန်ပင်အို ကြီးဟာလည်း
အခြေခံအုတ်မြစ်အဆင့် စွမ်းအားကို
ပိုင်ဆိုင်ထားမှာပါ။

ငါက အလေသုံးဆယ် မလုပ်မိတာ
ကံကောင်းလေခြင်း... နို့မဟုတ်ရင်...

မြောက်ပိုင်းအရှေ့ဦးခေါး
ရှိတယ်ဆိုဦးတော့...
ဒီမက်မွန်ပင်အိုကြီးကို တစ်ကိုယ်တော်
ပွဲသွားကြမ်းမိရင်... အသွားသာရှိပြီး
အပြန်မရှိတဲ့ အချည်းနှီး
ကြိုးပမ်းအားထုတ်မှု
တစ်ခုသက်သက်သာ ဖြစ်သွားခဲ့မှာပါ။

ရဲ့ကော်က အေးစက်စက်နဲ့
နှာတစ်ချက် မှုတ်လိုက်ပါတယ်...
တောက်ပတဲ့ ခေါးအော်ရာတွေဟာ
မြူမှုန်မြူခိုး သဏ္ဍာန်ကို
ပြောင်းသွားပြီး... ရုတ်ချည်းပဲ

ကျယ်ပြန့်လို့ လာခဲ့ပါပြီ။
ခေးချီခေတ်တွေဟာလည်း
အပေါ်ဘက်ကို ပျံ့နှံ့သွားခဲ့ကာ...
အလွန်ကိုပဲ ခံ့ညားထည်ဝါလှတဲ့
တိမ်တိုက်တိုင်လုံးကြီးပမာ
ဖြစ်သွားခဲ့တယ်လေ။

ဒီတိမ်တိုက်တိုင်လုံးကြီးဟာ
အစွမ်းကုန် ပြန့်ကားသွားခဲ့ပြီး...
မြူခိုးမြူငွေ့တွေကလဲ တိုက်ရိုက်ပဲ
ဟုန်းကနဲ ပေါက်ကွဲထွက်သွားကာ...
ကျိုင်းကောင်တစ်အုပ်လိုမျိုးပဲ
ခေးချီမိုးတွေအဖြစ်...

ရာနဲ့ထောင်နဲ့ချီတဲ့ ခေးချီခေတ်တွေဟာ
အတူတကွ စုစည်းပြီးတော့
အရပ်မျက်နှာ ပေါင်းစုံကနေ…
ရွာချလိုက်ပါတော့တယ်။

မက်မွန်ပင်အို ကြီးကလဲ
ပျာယာခတ်ပြီးတော့ မသွားခဲ့ပါဘူး…
သစ်ကိုင်းတွေပေါ်က
မက်မွန်ပန်းပွင့်တွေ အကုန်လုံးဟာ
မျောလွင့်လာခဲ့ပြီး… လေထဲမှာ
ပန်းမိုးတွေအဖြစ် ပြောင်းလဲသွားကာ
ရဲ့ကော်ဆီကို ရောက်လာခဲ့တယ်လေ။

အရင်တုံးက မြင်ခဲ့ရသလို
နူးညံ့အားနည်းတဲ့ ပုံစံမျိုးနဲ့ မတူပဲ…
ဒီတစ်ခေါက်မှာတော့
ပန်းပွင့်ပန်းချပ်တွေဟာ
ချွန်ထက်တဲ့မြားတွေလိုပဲ…
တိမ်တိုက်တွေထဲမှာ
တစ်ဟုန်ထိုးဝဲပျံကာ
ကျောက်တုံးတွေကို
ကွဲအက်စေခဲ့ပါတယ်။

ကောင်းကင်အနှံ့က ပန်းမိုးတွေဟာ
လေထုအလယ်မှာပဲ အဆုံးအစမဲ့တဲ့
ဓားချီဓာတ်တွေနဲ့

ထိပ်တိုက်တွေ့ဆုံကာ...
ရင်သပ်ရှုမောဖွယ်ရာ
တိုက်ခတ်မှုကြီးတစ်ခုကို
ဖြစ်ပေါ်လာစေခဲ့ပြီလေ။

ပန်းဝတ်လွှာတွေဟာ
ကွဲကြေသွားပြီး... ခေးချီခေတ်တွေဟာ
ကွယ်ပျောက်သွားခဲ့ပါတယ်...
နှစ်ဘက်စလုံးဟာ
ရောနှောသွားခဲ့ကာ... ကမ္ဘာကြီးဟာ
မှုန်ဝါးဝါး ဖြစ်သွားခဲ့ပါပြီ။

လင်းဖုန်းကလဲ
အကာအကွယ်နောက်မှာ
ပုန်းနေရင်းကနေ ကြည့်ပြီးတော့မှပဲ
ပီတိတွေ ဖြစ်နေခဲ့တယ်လေ...
"ဪ... လက်စသတ်တော့
အခြေခံအုတ်မြစ် အဆင့်က
ကျင့်ကြံသူတွေရဲ့ စွမ်းပကားက
ဒီလိုကိုး... တကယ်ကိုပဲ
အစွမ်းထက်လှပါပေတယ်..."

လင်းဖုန်းဟာ ကြည့်နေရင်းကပဲ
စဉ်းစားနေမိပါပြီ... တကယ်လို့များ
သူက အခြေခံအုတ်မြစ် အဆင့်

ကျင့်ကြံသူနဲ့ တွေ့ရမယ်ဆိုရင်...
ဒီလူကို ဘယ်လိုလုပ်ပြီး
ရင်ဆိုင်ရပါ့မလဲ?

တကယ်လို့များ မတိုက်ခိုက်ရပဲ
ရှောင်ရှားနိုင်ခဲ့မယ် ဆိုရင်တော့
အကောင်းဆုံးပေါ့... ဒါပေမဲ့လည်း
မဖြစ်မနေ တိုက်ခိုက်ရတော့မယ်
ဆိုရင်တော့... သူက ဦးစွာ
ခြုံခိုတိုက်ခိုက်နိုင်ဖို့
ကောင်းကင်ကိုးလွှာ
မိုးကြိုးဆင့်ခေါ်ချက်ကို
အရင်တည်ဆောက် ထားရမယ်...

ပြီးတော့မှ ဒီလူဟာ မိုးကြိုးအပစ်ခံရပြီး
ဒုက္ခရောက်နေတုံးမှာ
မြောက်ပိုင်းအရဏ်ဦးခေါင်းနဲ့
အပိုင်တိုက်ရမယ်လေ။

အောင်မြင်မှုက ဒီနှစ်ကွက် အပေါ်မှာပဲ
မူတည်နေပါတယ်... တကယ်လို့များ
ဒီတိုက်ခိုက်မှုဟာ ရန်သူကို
အနိုင်မတိုက်နိုင်ခဲ့ဘူး ဆိုရင်တော့...
နောက်ကျတဲ့ ခြေထောက်က
သစ္စာဖောက်ပါပဲ။

ခြုံငုံကြည့်ရရင်တော့… ပြိုင်ဘက်ကို လှို့ဝှက်ကြံစည်ပြီးတော့ ချောင်းမြောင်းတိုက်ခိုက် ရတယ်ဆိုတာက… မနိုင်နိုင်တာတော့ မဟုတ်ပါဘူး… ဒါပေမဲ့လည်း နိုင်ဖို့ အခွင့်အရေးတွေက တော်တော်လေး နည်းတာပေါ့။

လင်းဖုန်းဟာ အတွေးကြောထဲမှာ မျောနေတုံးမှာပဲ… ဟိုဘက်က တိုက်ပွဲဟာ တဖြည်းဖြည်းနဲ့ အရှိန်တက်ကာ လာခဲ့ပါပြီ။

ခေးချီခေတ်နဲ့ ပန်းပွင့်မုန်တိုင်းတို့ရဲ့
ထိပ်တိုက်တွေ့ဆုံမှုမှာ… ရဲ့ကောဒ်က
အသာစီး ရနေသလိုပါပဲ။
ခေးချီခေတ်တွေဟာ မက်မွန်ပန်းပွင့်
တစ်ရာကျော်လောက်ကို
ခြေမွလိုက်အပြီးမှာတော့…
ကျန်နေသေးတဲ့ အရှိန်အဟုန်ဟာ
ရပ်တန့်လို့ မသွားခဲ့ပဲ…
မက်မွန်ပင်အိုကြီး ရှိရာဆီကို တရစပ်
ထိုးနှက်ခဲ့ပြီလေ။

စုစည်းနေတဲ့ ခေးချီခေတ်တွေဟာ
မုန်တိုင်းကြီး တစ်ခုလိုမျိုးပဲ

မက်မွန်ပင်အိုကြီးဆီကို
တိုက်ခတ်လိုက်ပါပြီ။

မက်မွန်ပင်အိုကြီးရဲ့
ပင်စည်တစ်ခုလုံးဟာ
ကြက်သွေးရောင်ရင့်ရင့် အနီရောင်
မိစ္ဆာအော်ရာ အလွှာတစ်ခုနဲ့
လွှိုင်းထသွားခဲ့ပြီး... ခမ်းနားထည်ဝါ
တောက်ပစွာနဲ့... ခေးမုန်တိုင်းရဲ့
တရစပ် ထိုးနှက်မှုကို
ထိပ်တိုက်ရင်ဆိုင် လိုက်ပါတော့တယ်။

မိုးသက်မုန်တိုင်း တစ်ခုဟာ
ရေပြင်ပေါ်ကို
ကျရောက်သွားသလိုမျိုးပဲ… အနီရောင်
မိစ္ဆာအော်ရာ အပေါ်မှာ
လှိုင်းလုံးကြီးတွေဟာ
တစ်လုံးပြီးတစ်လုံး ဂယက်ရိုက်
နေခဲ့တယ်လေ။ ဓားချီအလင်းတန်း
တစ်တန်းဟာ မက်မွန်ပင်အိုကြီးရဲ့
ကာကွယ်မှုကို ချိုးဖောက်ချင်မှ
ချိုးဖောက်နိုင်ပါလိမ့်မယ်…
ဒါပေမဲ့လည်း ဒီတစ်ခေါက်
တိုက်ခိုက်မှုဟာ
ဓားချီအလင်းတန်းပေါင်း
ထောင်နဲ့ချီပြီးတော့ ရှိနေတာလေ။

ဒီလိုမျိုး သိပ်သည်းလှတဲ့
ခေးချီခေတ်တွေရဲ့ အဆက်မပြတ်
ထိုးနှက်မှုကို ခံနေရတော့...
မက်မွန်ပင်အိုကြီးဟာ မရေမရာလှတဲ့
ခံစားချက်မျိုးကို ခံစားနေခဲ့ရပါပြီ။

မုယုံယန်ရန်နဲ့ ဝတ်ရုံဖြူလူငယ်
တို့ကတော့ ကျယ်လောင်စွာနဲ့ပဲ
အော်ဟစ်အားပေး နေကြလို့ပါ။

အဝေးကြီးကို ထွက်ပြေးသွားပြီး
ဖြစ်ကြတဲ့ ကျောက်ခေတ်ကျေးရွာက
ရွာသားတွေကလဲ သူတို့ရဲ့

ခြေလှမ်းတွေကို
ရပ်တန့်လိုက်ကြပါပြီ…
တိုက်ပွဲရှိရာဆီကို အာရုံစူးစိုက်
လိုက်ကြပြီလေ။ ရဲ့ကော်က
အသာစီးရနေတာကို တွေ့လိုက်ရပြီး
သူတို့တတွေကလဲ ဝမ်းသာအားရနဲ့
ခုန်ပေါက်အော်ဟစ်လို့ နေကြပါတယ်။

လင်းဖုန်းတစ်ယောက်ပဲ
မျက်လုံးအစုံကို
အာရုံစူးစိုက်ထားကာ…
ရင်လေးနေခဲ့တယ်လေ… "ဟင်း…
တစ်ခုခုတော့ မှားနေပြီဟ…"

သူက ဒီမက်မွန်ပင်အိုကြီးအတွက်
စိတ်ပူပေးနေတာ မဟုတ်ပါဘူး...
ဒီသစ်ပင်အိုကြီးဟာ အကွက်တွေကို
လျှို့ထားတယ်လို့ သူက
ခံစားမိနေလို့ပါ။

ဒီမက်မွန်ပင်အိုကြီးဟာ
တိုက်ခိုက်မှုတွေကို ခုခံရုံသာ
ခုခံနိုင်ပြီး... ပြန်လည်
တိုက်ခိုက်မှုတွေကို ပြုလုပ်နိုင်ဖို့
ခွန်အားမရှိတော့တာကို
တွေ့လိုက်ရတော့... ရဲ့ကော်လိုမျိုး

သံသယကြီးတတ်တဲ့ သဘာဝရှိတဲ့
လူမျိုးတောင်မှပဲ စိတ်ခေတ်တွေ
တက်ကြွလာခဲ့ပြီး... သူ့ရဲ့လက်ထဲက
ခေးသကော်တတွေကလဲ ပြောင်းလဲလို့
သွားခဲ့ပါပြီ... သူ့ရဲ့ ခန္ဓာကိုယ်ကို
ခေးနဲ့ပေါင်းစည်းလိုက်ပြီး လေပေါ်ကို
ပျံတက်သွားခဲ့ပြီလေ။

မြူခိုးမြူငွေ့လိုမျိုး
ခေးချီခေတ်တွေကလဲ
ချက်ချင်းဆိုသလိုပဲ တောက်ပတဲ့
ခေးအော်ရာတွေအဖြစ်ကို
အသွင်ပြောင်းလဲလို့ သွားခဲ့ပါပြီ...

လူနဲ့ခွေး တစ်သားထဲဖြစ်သွားပြီး…
မက်မွန်ပင်အိုကြီးဆီကို
ခုတ်ချလိုက်ပါတော့တယ်။

ဒီတိုက်ခိုက်မှုဟာ
အသွင်သဏ္ဌာန်ကင်းမဲ့ကာ…
လှုပ်ခါနေတဲ့ မြူနှင်းမှုန်တွေရဲ့
သဘောတရားကို စွန့်လွှတ်ထားပြီး…
ရှိသမျှ ခွန်အားတွေ အားလုံးကို
သေစေနိုင်လောက်တဲ့ ဖျက်စီးနိုင်တဲ့
စွမ်းအားတွေအပေါ်မှာ
အလေးပေးထား ခဲ့တယ်လေ။

ဒါပေမဲ့ ဒီအချိန်မှာပဲ… လင်းဖုန်းရဲ့
နားထဲမှာ ရယ်သံ ခပ်တိုးတိုးလေး
တစ်သံကို ကြားလိုက်ရပါတော့တယ်။

ဒါကတော့ တိုးညင်းအက်ကွဲတဲ့
မိန်းမတစ်ယောက်ရဲ့ အသံပဲ
ဖြစ်ပါတော့တယ်… သူမရဲ့ ရယ်သံမှာ
အထင်သေးမှု.. ရွံရှာစက်ဆုပ်မှု တွေနဲ့
ပြည့်နှက်လို့ နေခဲ့တယ်လေ။

လင်းဖုန်းရဲ့ မျက်လုံးတွေဟာ
အစွမ်းကုန် ပြူးသွားခဲ့ပါပြီ…
မက်မွန်ပင်အိုကြီးရဲ့ အနားက

နီရဲတောက်ပနေတဲ့
မိစ္ဆာအောင်ရာတွေဟာ ရုတ်တရက်ပဲ
လက်သီးဆုပ်အရွယ် လောက်သာရှိတဲ့
အလင်းတန်း ခဲတ်လုံးလေး အဖြစ်ကို
ပြောင်းလဲသွားခဲ့တာကို
တွေ့လိုက်ရပြီလေ။

ဒီအလင်းတန်း ခဲတ်လုံးလေးကို
ကြည့်ရတာဟာ ဘာမှ
မထူးခြားသလိုပါပဲ… ဒါပေမဲ့လည်း
သူ့ကို ကြည့်ရင်းကနေ လင်းဖုန်းဟာ
သူ့ရဲ့ စိတ်ဝိညာဉ်တွေတောင်

တုန်လှုပ်လာတယ်လို့
ခံစားလိုက်ရပါတယ်။

ဒါက အစွမ်းကုန် သိပ်သည်းထားတဲ့
စွမ်းအားပါ… ဖျက်စီးနိုင်စွမ်းကလဲ
မိုင်ကုန်ကို ရောက်သွားခဲ့ပြီလေ။
လင်းဖုန်းဟာ ဒီအလင်းတန်း
ခတ်လုံးလေးရဲ့ အနားက
လေထုကြီးကတောင်
တွန့်လိမ်ပုံပျက်နေတာကို
တွေ့လိုက်ရပါတယ်…
လေဟာနယ်ကြီးတောင်မှပဲ
အလင်းတန်းခတ်လုံးလေးရဲ့

အတွင်းကို ပြိုကျပျက်စီးကာ
သွားတော့မယ်ပုံ ပေါက်နေခဲ့ပါပြီ။

ရဲ့ကော်ရဲ့ အမှုအယာကလဲ လုံးဝကို
ပြောင်းလဲသွားခဲ့ပါပြီ... "ဟာကွာ...
တော်တော်လည်တဲ့ မိစ္ဆာမပဲ!"

ဒါပေမဲ့လည်း သူဟာ သူ့ရဲ့
သိုင်းကွက်အဆုံးကို
ရောက်နေခဲ့ပြီဖြစ်လို့...
နောက်ပြန်ဆုတ်ဖို့
အချိန်မရှိတော့ပါဘူး...

အံကိုကြိတ်ပြီးပဲ ဆက်လက်ပြီးတော့
ရှေ့ဆက်တိုက်ရပါတော့တယ်။

ရဲ့ကော်ရဲ့ ခေးအော်ရာတွေဟာ
မက်မွန်ပင်အိုရဲ့
အလင်းတန်းခတ်လုံးနဲ့
တိုက်မိသွားခဲ့ပါပြီ…
စူးရှတောက်ပလှတဲ့
အလင်းတန်းတွေဟာ
ထွက်ပေါ်လာခဲ့ပြီး လူတွေရဲ့
မျက်စိတွေကို ဖွင့်လို့မရ စေခဲ့ပါဘူး။

နှစ်ဦးနှစ်ဘက်ဟာ
စတင်ထိတွေ့ခိုက်မှာတော့ ဘာမှ
မသိသာသေးပါဘူး… ဒါပေမဲ့လည်း
ခဏအကြာမှာပဲ နားကွဲလုမတတ်
မြည်ဟည်းသံကြီးဟာ ပေါ်ထွက်ကာ
လာခဲ့ပြီလေ။

ရောမ လှိုင်းလုံးကြီးဟာ အရပ်မျက်နှာ
အားလုံးကို ရိုက်ခတ်သွားခဲ့ပါပြီ…
အဝေးကြီးမှာ ရှိနေကြတဲ့
ကျောက်ခေတ်ရွာသားတွေကလဲ
ကောက်ရိုးမျှင်လေးတွေလိုပဲ…

လေပြင်းတိုက်ခတ်ရာကို လွင့်ပါလို့
သွားခဲ့ပြီလေ။

ဒီလှိုင်းလုံးကြီးကို
ရင်ဆိုင်လိုက်ရတော့…
ဟိုးအဝေးကြီးမှာ ရှိနေတဲ့
လင်းဖုန်းတောင်မှပဲ သူ့ရဲ့
ရင်ဘတ်တွေထဲမှာ တင်းကြပ်ကြပ်ကြီး
ခံစားလိုက်ရတယ်လေ… သူ့ရဲ့
ရှူထုတ်တော့မယ့် အသက်တောင်မှ
ဖိနှိပ်ခြင်းကို ခံလိုက်ရပြီး…
ရှူမထုတ်နိုင်ခဲ့ပါဘူး။

ပေါက်ကွဲမှုရဲ့ ဗဟိုချက်မှာတော့…
လူတစ်ယောက်ရဲ့ ပုံရိပ်ဟာ လွင့်စင်လို့
လာခဲ့ပါပြီ… မြေပြင်ရဲ့ အပေါ်ကို
ပြင်းထန်စွာ ကျရောက်ကာ
လာခဲ့ပြီလေ… သူကတော့ ရဲ့ကော်ပဲ
ဖြစ်ပါတော့တယ်။

အခု မြင်တွေ့နေရတဲ့ ရဲ့ကော်ဟာ သူနဲ့
စတွေ့တုံးက ပုံစံလိုမျိုး ပညာရှိ
ပဏ္ဍိတပုံစံ ပေါက်မနေခဲ့တော့ပါဘူး…
သူ့ရဲ့ကိုယ်ပေါ်က ဝတ်ရုံဖြူကလဲ
သွေးစိမ်းရှင်ရှင်တွေနဲ့ နီရဲလို့ နေခဲ့ပါပြီ။

မုယိုယန်ရန်နဲ့ ဝတ်ရုံဖြူ
လူငယ်တို့ဟာလည်း
ပါးစပ်အဟောင်းသားနဲ့
ဖြစ်နေခဲ့ပါတယ်... လျင်မြန်စွာနဲ့ပဲ
ရဲ့ကော်ဆီကိုသွားကာ
ထူပေးလိုက်ကြပါပြီ။ သူတို့ဘာမှ
မပြောနိုင်ခင်မှာပဲ ရဲ့ကော်က
ကြားကနေဖြတ်ပြီး
ပြောလိုက်ပြီလေ... "ပြေးဟ...
မြန်မြန်ပြေး!"

သူ့ရဲ့ စကားသံ မဆုံးခင်မှာကိုပဲ...
မက်မွန်ပင်အိုကြီး ဆီကနေ

ပန်းပွင့်ပန်းချပ်တွေဟာ လေထဲမှာ
ကခုန်ကာ နေကြပါပြီ…
နောက်တစ်ကြိမ်
တိုက်ခိုက်ဖို့အတွက်ကို ပြင်ဆင်လို့
နေခဲ့ပြီလေ။

အလင်းခေးမြန်ဂိုဏ်းက
လူသုံးယောက်တို့ကလဲ လုံးဝကိုပဲ
တွေဝေလို့ မနေခဲ့ပါဘူး…
တစ်ယောက်ကို
တစ်ယောက်ဖေးမရင်းနဲ့
လျင်မြန်စွာနဲ့ပဲ ထွက်ပြေးကာ
သွားကြပါပြီ။ လက်ရှိအချိန်မှာတော့

သူတို့ရဲ့ ခေါင်းထဲမှာ
မိစ္ဆာဖယ်ရှားဖို့ဆိုတဲ့ အတွေးမျိုး
မရှိကြတော့ပါဘူး... သူတို့ရဲ့
အတွေးထဲမှာတော့ စကာလုံးတစ်လုံးပဲ
ရှိပါတော့တယ်... "ပြေး!"

ဒီအချိန်မှာပဲ လင်းဖုန်းဟာ သူ့ရဲ့
မြောက်ပိုင်း အာရုဏ်ဦးဓားကို
ဆင့်ခေါ်လိုက်ပါပြီ... သူ့ရဲ့ဓားသွားကို
မက်မွန်ပင်အိုကြီးဆီကို
ဦးတည်လိုက်ပြီလေ။

"ကဲ... အခုက အချိန်ကျပြီကွ!"

# စာစဉ် ၁ : အပိုင်း ၈

# အပိုင်း ၈ : နင့်ကိုငါက မှတ်ထားလိုက်ပြီ

အခြေခံအုတ်မြစ် အဆင့်က ဆရာကြီး နှစ်ယောက်ရဲ့
အသေအကြေတိုက်ပွဲဟာ
မက်မွန်ပင်အိုကြီးရဲ့ နိုင်ပွဲနဲ့အတူ
ပြီးဆုံးလို့ သွားခဲ့ပါပြီ။

ပထမဆုံး အားနည်းသလိုမျိုး
ဟန်ဆောင်လိုက်ပြီး... နောက်မှ
ရဲ့ကော်ကို သူ့ရဲ့ အစွမ်းအထက်ဆုံး
သိုင်းကွက်နဲ့ အလောတကြီး
အရင်လာတိုက်အောင်
မြူဆွယ်လိုက်တယ်... ပြီးတော့မှပဲ
အလင်းခားမြန်ဂိုဏ်းက
အခြေခံအုတ်မြစ် အဆင့်ရှိတဲ့
ကျင့်ကြံသူတစ်ဦးကို အသားကုန်
ဆော်ပလော်
တီးလွှတ်လိုက်တယ်လေ။

ဒါပေမဲ့လည်း မက်မွန်ပင်အိုကြီး
ကိုယ်တိုင်ကလဲ
တန်ဖိုးကြီးကြီးမားမားကို
ပေးဆပ်ခဲ့ရပါတယ်... ဒီအချိန်မှာတော့
သူမရဲ့ အလွန်တောက်ပ ရွှန်းလက်ခဲ့တဲ့
အကာအကွယ် မိစ္ဆာအော်ရာတွေဟာ
ပျောက်ကွယ်လို့ သွားခဲ့ပြီလေ...
အနီရောင် မြူခိုးငွေ့နဲ့ မက်မွန်ပန်းမိုး
တို့ကိုသာ နောက်ထပ်တိုက်စစ်အဖြစ်နဲ့
သုံးနိုင်ပါတော့တယ်။

ဒါတောင်မှပဲ သူမဟာ
ဒဏ်ရာရသွားပြီဖြစ်တဲ့ ရဲ့ကော်နဲ့

အဖွဲ့တို့ အတွက်တော့
တောင့်ခံနိုင်တဲ့သူ မဟုတ်ခဲ့ပါဘူး...
ရဲ့ကော်နဲ့ အပေါင်းအပါတို့ဟာ
လျင်မြန်စွာနဲ့ပဲ ဆုတ်ခွာသွားခဲ့
ကြတယ်လေ။

ဒီအချိန်မှာပဲ အခြားတစ်ဖက်ကနေ...
စွမ်းအားကြီးမားတဲ့
မှော်စွမ်းအင်လှုပ်ရှားမှုတွေဟာ
ရုတ်ချည်းပဲ ပေါက်ကွဲကာ
ထွက်လာခဲ့ပါပြီ... မိုးကြိုးနဲ့
လျှပ်စီးတွေဟာ လင်းလက်နေခဲ့ပြီး
လူတွေကို အသက်ရှူ မှားစေခဲ့ပြီလေ။

လင်းဖုန်းရဲ့ မျက်နှာဟာ
ဖြူဆွတ်နေပြီး... ချွေးစေးတွေနဲ့
ရွှဲနစ်လို့ နေခဲ့ပါတယ်။

သူ့ရဲ့ ခေါင်းအပေါ်မှာ မြောက်ပိုင်း
အရက်ဦးခေါင်းဟာ လေထဲမှာ
လွင့်မျောလို့ နေခဲ့တယ်လေ။ ဒီခေါင်းကို
အလင်းတန်း အငွေ့အဝိုက်တွေနဲ့
ဖုံးအုပ်ထားပြီး... မီးပွင့်မီးပွားတွေဟာ
ခုန်ပေါက်ဆော့ကစား နေခဲ့ပါပြီ...
လျှပ်စစ်စီးကြောင်း တွေကနေ
ဒိုင်းကနဲ.. ဖြောင်းကနဲ အသံတွေကလဲ

ကျယ်လောင်စွာ မြည်ဟည်းကာ
နေကြပြီလေ။

လင်းဖုန်းရဲ့ လက်တွေကနေ
မှော်ကျိန်စာ သင်္ကေတတွေကို
ဖန်တီးပြီးတော့ နေခဲ့ပါတယ်...
ပါးစပ်ကနေလဲ မကျေမနပ်နဲ့
ရေရွတ်နေလို့ပါ... "ဟာကွာ...
ဒီဟာကြီးက မှော်စွမ်းအင်တွေ
အများကြီးကို သုံးလိုက်တာပဲ...
ဒါတောင်မှပဲ လုံလောက်ဖို့က
အများကြီး လိုသေးတယ်ဟ..." သူက
သူ့ရဲ့ မှော်စွမ်းအင်တွေ အားလုံးဟာ

ဒီမြောက်ပိုင်း အရဏ်ဦးခေါးရဲ့
ခြောက်ကပ်အောင် စုပ်ယူခြင်းကို
ခံရတော့မယ်လို့ ခံစားနေခဲ့ရပါပြီ။

လင်းဖုန်းမှာကလဲ အခွင့်အရေးတွေဟာ
များများစားစား မရှိပါဘူး…
ဒီမက်မွန်ပင်အိုကြီးက ရဲ့ကော်နဲ့
တိုက်ခိုက်ပြီး အားကုန်သွားတဲ့
အချိန်ကို အခွင့်ကောင်းယူပြီးတော့
တိုက်ခိုက်မှသာ သူမကို
အနိုင်တိုက်နိုင်မှာပါ… ဒါဟာ
သူ့အတွက်တော့ ရွှေရောင်

အခွင့်အရေးကြီး တစ်ရပ်ပဲ
ဖြစ်ပါတော့တယ်။

ရုတ်တရက်ပဲ… လင်းဖုန်းဟာ
တစ်စုံတစ်ခုကို စဉ်းစားမိလိုက်ပါပြီ…
"အိုး… ဟုတ်သားပဲ… ငါက ဘာဖြစ်လို့
အဲ့ဒါကြီးကို မေ့နေရတာလဲဟ?"

သူက အလောတကြီးနဲ့
ကောင်းကင်လမင်း
မိုးကြိုးကျောက်စိမ်းကို
ထုတ်ယူလိုက်ပါတယ်… သူ့ရဲ့ အထဲက

မိုးကြိုးစွမ်းအင်ကို စုပ်ယူဖို့အတွက်
ကြိုးစားလိုက်ပြီလေ။

ဒါနဲ့ပဲ သူဟာ ဒုက္ခလှလှကြီး
ရောက်သွားတော့မလို့ပါ...
ကောင်းကင်မိုးကြိုး
လမင်းကျောက်စိမ်းရဲ့ အတွင်းက
မိုးကြိုး အဆီအနှစ်တွေဟာ သန့်စင်ပြီး
အလွန်အမင်း ကိုမှပဲ
များပြားလှတယ်လေ...
ချက်ချင်းလက်ငင်းပဲ လင်းဖုန်းရဲ့
ခန္ဓာကိုယ် အထဲကို ဝင်သွားတော့...

သူဟာ မီးသွေးတုံးဖြစ်ဖို့ နဲနဲလေးပဲ
လိုပါတော့တယ်။

လင်းဖုန်းရဲ့ တစ်ကိုယ်လုံးကို
လျှပ်စီးတွေနဲ့ ရစ်ပတ်လွှမ်းခြုံ
ထားခဲ့ပါပြီ... အပေါ်ကနေ
အောက်ဆုံးအထိ သူ့ရဲ့ ခန္ဓာကိုယ်ဟာ
အပြာရင့်ရင့်နဲ့ ခရမ်းရောင်
မိုးကြိုးအော်ရာတွေနဲ့
ဖြတ်သန်းစီးဆင်းကာ နေခဲ့ပြီလေ။

သူ့ရဲ့ တစ်ကိုယ်လုံးကနေ
မီးပွင့်မီးပွားတွေ လွင့်ပျံထွက်နေတာကို

မပြောနဲ့... သူ့ရဲ့ကိုယ်က
အမွေးတွေတောင်မှပဲ
မိုးကြိုးစွမ်းအင်တွေကို
ထိန်းသိမ်းမထားနိုင်တော့ပဲနဲ့
ပေါက်ကွဲထွက်ကာ လာခဲ့ပါပြီ။

ဒီအတိမ်းအစောင်း မခံတဲ့
အချိန်ကာလမှာ... လင်းဖုန်းဟာ
ကောင်းကင်ကိုးလွှာ
မိုးကြိုးနည်းစနစ်ကို အစွမ်းကုန်
လည်ပတ်လိုက်ပြီး... သူ့ရဲ့စိတ်ကို
သူ့ရဲ့ခေါင်းပေါ်က မြောက်ပိုင်း
အာရုဏ်ဦးဓားနဲ့ ဆက်သွယ်လိုက်ပါပြီ။

အလွန်အမင်းကိုပဲ များပြားလှတဲ့
မိုးကြိုးစွမ်းအင်တွေဟာ
နောက်ဆုံးမှာတော့ ထွက်ပေါက်
ရသွားခဲ့ပြီး... ချက်ချင်းလက်ငင်းပဲ
မြောက်ပိုင်းအရဏ်ဦးခေါ်းရဲ့ အထဲကို
တာတမံ ကျိုးပေါက်လာတဲ့
မြစ်ရေတွေလိုမျိုးပဲ တဟုန်ထိုး
စီးဆင်းလို့ သွားခဲ့ပြီလေ။

လင်းဖုန်းဟာ သူ့ရဲ့ ကိုယ်ထဲက
မှော်စွမ်းအင် စီးဆင်းမှုတွေနဲ့
စိတ်ဝိညာဉ် စွမ်းအင်တွေကို သေချာစွာ

ထိန်းချုပ်လိုက်ပြီး… သူ့ကိုယ်သူ
ကောင်းကင်မိုးကြိုး
လမင်းကျောက်စိမ်းနဲ့ မြောက်ပိုင်း
အရှေ့ဦးခေါင်းရဲ့ အကြားမှာ
ဆက်သွယ်ထားတဲ့
တံတားတစ်စင်းပမာ
သဘောထားလိုက်ပါတယ်။

ကောင်းကင်မိုးကြိုး
လမင်းကျောက်စိမ်းရဲ့ များပြားလှတဲ့
စွမ်းအားပံ့ပိုးမှုတွေနဲ့ အတူ…
မြောက်ပိုင်း အရှေ့ဦးခေါင်းဟာ
ရုတ်ချည်းပဲ

စွမ်းအားကြီးမားလာခဲ့ပြီး…
ခေါ်အပေါ်က လျှပ်စီးအော်ရာ
တွေကလဲ ပိုပိုပြီး သိပ်သည်းကာ
လာခဲ့တယ်လေ… နောက်ဆုံးမှာတော့
လုံးဝကို ဖြူဖွေးသွားခဲ့ပြီး…
မြောက်ပိုင်း အရှေ့ဦးခေါ်
ကိုယ်တိုင်ကလဲ အလင်းရောင်ခေါ်သွား
အဖြစ်ကို ပြောင်းလဲလို့ သွားခဲ့ပါပြီ။

အလင်းရောင် ခေါ်သွားရဲ့ထိပ်မှာ…
လျှပ်စီးအော်ရာတွေဟာ
လျှပ်စီးဘောလုံး တစ်ခုအဖြစ်ကို
စုစည်းသွားခဲ့ပါတယ်။

အရွယ်အစားကလဲ တဖြေးဖြေး ကြီးမားလာပြီး... အလွန်အမင်းကို ဖျက်ဆီးနိုင်တဲ့ စွမ်းအားတွေကို ပြသနေခဲ့ပါပြီ။ လင်းဖုန်း အရင်က ကောင်းကင်ကိုးလွှာ မိုးကြိုးဆင့်ခေါ်ချက်ကို သုံးပြီး ဆင့်ခေါ်ခဲ့တဲ့ လျှပ်စီးတွေထက်တောင် ပိုပြီးတော့ အားကောင်းနေသေးတယ်လေ။

ဒီလျှပ်စီး ဘောလုံးလေးရဲ့ ကြောက်မက်ဖွယ် ကောင်းပုံဟာ မက်မွန်ပင်အိုကြီး ဖန်တီးထားခဲ့တဲ့

အလင်းတန်း ခါတ်လုံးနဲ့
ကောင်းကောင်းကြီးကို
ယှဉ်နိုင်ပါတယ်။

လင်းဖုန်းရဲ့ ဘက်ကနေ ရုတ်ရုတ်သဲသဲ
ဖြစ်နေခြင်းတွေက တိုက်ပွဲက
လူတွေကို သတိထားမိ စေခဲ့ပါပြီ…
နှစ်ဦးနှစ်ဘက် စလုံးကလဲ
မရေမရာမှုတွေနဲ့
တိုက်ခိုက်ခြင်းတွေကို
ရပ်တန့်လိုက်ကြပြီလေ။ သူတို့ဟာ
လင်းဖုန်းကို မမြင်နိုင်ခဲ့ပေမယ့်…

လင်းဖုန်းဘက်က လှုပ်ရှားမှုတွေကို
သေချာအာရုံစိုက် လာကြပါတယ်။

ဒါပေမဲ့ သူတို့ဘာမှ
မတုံ့ပြန်နိုင်သေးခင်မှာပဲ…
လင်းဖုန်းက စတင်ပြီးတော့
လှုပ်ရှားလိုက်ပါပြီ။

မယုံကြည်နိုင်စရာ
ကောင်းလောက်အောင်
လျှမ်းမိုးခြယ်လှယ်နိုင်ပြီး
စွမ်းအားကြီးလှတဲ့… စူးရှတောက်ပတဲ့
လျှပ်စီးအလင်းတန်း တစ်ခုဟာ

ကောင်းကင်ပေါ်ကနေ ပေါက်ကွဲကာ
ထွက်လာခဲ့ပြီလေ…
လောင်ကျွမ်းပြီးသားဖြစ်တဲ့
မက်မွန်ပင်အိုကြီးဆီကို
ပစ်ချလိုက်ပါတော့တယ်။

မြောက်ပိုင်းအရဏ်ဦး
လှျို့ဝှက်အလင်းတန်း!

မက်မွန်ပင်အိုကြီးရဲ့ ပန်းပွင့်တွေ
အားလုံးဟာ ပြင်းထန်စွာ
တုန်ခါသွားကြပါပြီ… အဆုံးအစမဲ့
အနီရောင် မြူခိုးငွေ့တွေနဲ့

ပန်းမုန်တိုင်းတို့ဟာ
မြောက်ပိုင်းအရဏ်ဦး
လျှို့ဝှက်အလင်းတန်းနဲ့
ထိပ်တိုက်ရင်ဆိုင် လိုက်ကြတယ်လေ။

အနီရောင် မြူခိုးငွေ့.. ပန်းမုန်တိုင်းတို့နဲ့
လျှပ်စီးအလင်းတန်းဟာ
လေထုအလယ်မှာ တွေ့ဆုံခဲ့ကြပါပြီ...
ဒီအခိုက်အတန့်မှာ အချိန်က
ရပ်တန့်သွားသလိုမျိုးတောင်
ဖြစ်သွားခဲ့တယ်လေ...
အရာရာတိုင်းဟာ အလွန့်အလွန်ကိုပဲ
နှေးကွေးသွားခဲ့ပါတယ်။

တခဏလေးပင်
ဖြစ်သောငြားလည်းပဲ… ရာစုနှစ်တစ်ခု
ကုန်သွားသလိုမျိုးကို
ခံစားလိုက်ရပြီလေ။

ကြည့်နေတဲ့ လူတိုင်းက ပန်းမိုးတွေနဲ့
အနီရောင် မြူခိုးငွေ့တွေဟာ
တစ်ပိုင်းတစ်စစီ… ဖုန်မှုန့်
အစက်အပြောက်တွေ အဖြစ်ကို
ပြောင်းလဲသွားပြီး… လျှပ်စီးမိုးကြိုးရဲ့
ဝါးမျိုခြင်းကို ခံလိုက်ရတာကို
တွေ့ရှိလိုက်ကြရပါတယ်။

နှစ်သက် ကြည်နူးဖွယ်ရာ ညို့ယူ
ဆွဲဆောင်နိုင်တဲ့ ပန်းပွင့်တွေဟာ…
တစ်စပြီးတစ်စ… ဖုန်မှုန့်တွေအဖြစ်ကို
အစိတ်စိတ် အမြွှာမြွှာ ပြိုကွဲလို့
သွားခဲ့ကြပါပြီ။

နောက်ဆုံးမှာတော့ အရှည်
၈,၉မီတာလောက်ရှိပြီး…
အချင်းဝက်မီတာ
တစ်ဒါဇင်လောက်ရှိတဲ့
မက်မွန်ပင်အိုကြီး ကိုယ်တိုင်ကပဲ
ကွဲအက်နေတဲ့ ကြွေထည်တစ်ခုလိုမျိုး

အက်ကွဲကြောင်းတွေ ပေါ်ပေါက်ကာ
လာခဲ့တယ်လေ။

ကွဲကြေတယ်… ကြေမွတယ်…
အဆက်မပြတ် ကျိုးပဲ့တယ်…
နောက်ထပ် ကွဲကြေတယ်!

မရေမတွက်နိုင်တဲ့ သစ်သားမီးသွေးခဲ
အပိုင်းအစတွေဟာ မြေပြင်ပေါ်ကို
ကျလာခဲ့ပါပြီ… အလွန်ကိုမှပဲ
ကြီးမားလှတဲ့ မက်မွန်ပင်အိုကြီးက
လင်းဖုန်းရဲ့ မြောက်ပိုင်းအရှေ့ဦး
လျှို့ဝှက်အလင်းတန်းရဲ့

တိုက်ရိုက်ချေမှုန်းခြင်းကို
ခံလိုက်ရပြီလေ။

သူ့အတွက် ကံဆိုးတာက အရင်ကလဲ
မိုးကြိုးအပစ် ခံထားရပြီးတော့...
အခုတစ်ခါလဲ လျှပ်စီးကပ်ဆိုးနဲ့
ကြုံတွေ့ခဲ့ရတော့...
သူဟာဆက်ပြီးတော့ တောင့်မထား
နိုင်တော့ပါဘူး။

လင်းဖုန်းဟာ သူ့ရဲ့ ခေါးတစ်ချက်ရဲ့
အကျိုးသက်ရောက်ပုံကို
တွေ့လိုက်ရတော့ စိတ်သက်သာရာ

ရစ္စာနဲ့ပဲ သက်ပြင်းရှည်ကြီး တစ်ခုကို
မှုတ်ထုတ်လိုက်ပါတော့တယ်။
သူ့ရဲ့စိတ်ဟာ အရမ်းကိုပဲ
ပင်ပန်းနွမ်းနယ် နေခဲ့ပါပြီ…
နောက်ထပ်တစ်ခေါက် ထပ်တိုက်ဖို့
အင်အားမရှိတော့ပါဘူး။

မိုးကြိုးစွမ်းအား ပင်လယ်ကြီး
တစ်ခုဟာ သူ့ရဲ့ ခန္ဓာကိုယ်ကို
ဖြတ်ပြီးမှ မြောက်ပိုင်း
အရဏ်ဦးခေါးထဲကို
စီးဝင်သွားခဲ့တာပါ… သူ့ရဲ့
ခန္ဓာကိုယ်ကလဲ အလွန်ကြီးမားတဲ့

ဝန်ထုတ်ဝန်ပိုးကြီး တစ်ခုကို
ထမ်းလိုက်ရတယ်လေ... အထူးသဖြင့်
သူ့ရဲ့နှလုံးသားလေးဟာ ထုံကျင်လို့
နေခဲ့ပါပြီ။

ဒါပေမဲ့လည်း သူ့ကိုယ်သူတော့
အားတင်းထားရ ပါသေးတယ်...
ဘာဖြစ်လို့လဲဆိုတော့
ဒီမက်မွန်ပင်အိုကြီးဟာ
ဖျက်ဆီးခံလိုက်ရ အပြီးမှာ
အဖြူရောင် အလင်းတန်းလေး
တစ်ခုဟာ လက်ကနဲ ဖြစ်သွားတာကို
တွေ့လိုက်ရလို့ပါ။

ဒါဟာ စက္ကန့်ပိုင်းလေးသာ
ဖြစ်ပေမယ့်လဲ… လင်းဖုန်းရဲ့
အမူအယာဟာ အကြီးအကျယ်
ပြောင်းလဲသွားခဲ့ပါတယ်။

ဒါကတော့ နှင်းပွင့်တွေလိုမျိုး
ဖြူဖွေးနေတဲ့ အဝတ်အစားနဲ့ ခြေဗလာ
အမျိုးသမီး တစ်ယောက်ပါ… သူမရဲ့
အလှမျိုးကို လင်းဖုန်းက သူ့ရဲ့
ဘဝတစ်သက်တာလုံး တစ်ခါမှ မ
တွေ့ခဲ့ဖူးပါဘူး။

မုယုံယန်ရန် လေးတောင်မှပဲ
မယုံနိုင်စရာ ကောင်းလောက်အောင်
လှပနေပြီလို့ ဆိုရမှာပါ… ဒါပေမဲ့
ဒီအမျိုးသမီးရဲ့ အရှေ့မှာတော့ သူမဟာ
အဆင့်တစ်ဆင့် ပိုနိမ့်နေခဲ့ပါတယ်။

သူမရဲ့ အလှကို ဖော်ပြရရင်… သူမရဲ့
ကိုယ်ခန္ဓာမှာ မပြည့်စုံတဲ့ နေရာဟာ
တစ်နေရာမှ မရှိပါဘူး…
သူမရဲ့အလှဟာ အသက်ရှူမှား
လောက်ပါတယ်… သူမရဲ့အလှဟာ
ယစ်မူးဖွယ် ကောင်းလှပါတယ်…

သူမရဲ့အလှဟာ နန်းဆန်လွန်း
လှတယ်လေ။

ဒါပေမယ့်လဲ လင်းဖုန်းဟာ သူ့အရင်က
မိန်းမလှလေးတွေနဲ့ တွေ့တုံးကလိုမျိုး
တဏှာစိတ်တွေ ထမလာခဲ့ပါဘူး။

သူက အရိုးထဲထိအောင် စိမ့်နေတဲ့
အအေးဓာတ် တစ်မျိုးကိုပဲ
ခံစားလိုက်ရပါတယ်… သူ့ရဲ့ ကျောပြင်
တစ်ခုလုံးဟာလည်း ချွေးအေးတွေနဲ့
စိုရွှဲလို့ နေခဲ့ပြီလေ။

ဒီဝတ်စုံဖြူနဲ့ အမျိုးသမီးဟာ သူမရဲ့
ဆံပင်တွေကို
ချည်နှောင်မထားခဲ့ပါဘူး… သူမရဲ့
တစ်ကိုယ်လုံးမှာလဲ
လက်ဝတ်တန်ဆာတွေကို
ဆင်မြန်းထားခြင်း မရှိဘူးလေ…
ဒါပေမဲ့ သူမက သဘာဝ အတိုင်းပဲ
စွဲမက်ဖွယ်ရာ အလှတရားတွေကို
ဖော်ပြနေခဲ့ပါတယ်။

လင်းဖုန်းက သူမဟာ သူ့ဆီကို
လှမ်းကြည့်လိုက်တယ်လို့
ခံစားလိုက်ရပြီလေ… တိုးညင်းပြီး

အက်ကွဲတဲ့ မိန်းမအသံကို
နောက်ထပ်တစ်ဖန်
ကြားလိုက်ရပြန်ပါပြီ။

"ငါ့ရဲ့နာမည်က လုံရဲ့… ကျေးဇူးပြုပြီး
မှတ်ထားလိုက်ပါ…
ဘာဖြစ်လို့လဲဆိုတော့……" (Long
Ye… 胧夜 … နှင်းဝေတဲ့ည
လို့အဓိပ္ပာယ်ရပါတယ်။)

သူမရဲ့ လှပကျော့ရှင်းပြီး
နှစ်သက်ကြည်နူးဖွယ်ရာ ပုံစံနဲ့
ခြားနားလှစွာပဲ… သူမရဲ့အသံဟာ

အလွန်မှ လေးနက်ပါတယ်…
ဒါပေမဲ့လည်း ညို့ခတ်
တစ်မျိုးပါနေပြီ… လူတွေကို
စိတ်ပါလက်ပါ လိုက်လျောစေအောင်
ဆွဲဆောင်နိုင်စွမ်း ရှိတယ်လေ။

ဒါပေမဲ့လည်း လင်းဖုန်းရဲ့ စိတ်ထဲမှာက
ချစ်ရေးချစ်ရာ ရမ္မက်လျှမ်းတဲ့
အတွေးတွေဟာ ပေါ်မလာခဲ့ပါဘူး…
ဘာဖြစ်လို့လဲဆိုတော့ ဒီအမျိုးသမီးရဲ့
စကားအနောက်ပိုင်းက ဒီလိုမျိုး
ဖြစ်နေလို့ပါ။

"...... ဘာဖြစ်လို့လဲဆိုတော့...
နင့်ကိုငါက မှတ်ထားလိုက်ပြီ!"

စကားတစ်ခွန်း ပြောပြီးတာနဲ့...
အလင်းတန်းတစ်ချက် လက်သွားပြီး
အဖြူရောင် ပုံရိပ်လေးဟာ
ပျောက်ကွယ်လို့ သွားခဲ့ပါပြီ...
ကျန်နေခဲ့တာတွေက
ပျက်စီးသွားခဲ့ပြီးဖြစ်တဲ့
မက်မွန်ပင်အိုကြီးရဲ့ မြေပြင်ပေါ်က
အကြွင်းအကျန်တွေပါပဲ။

လင်းဖုန်းက သူ့ရဲ့နှာခေါင်းကို
ပွတ်လိုက်ပါပြီ… တကယ်လို့များ
ဖြစ်နိုင်မယ်ဆိုရင် သူဟာ တကယ်ကိုပဲ
ပြောချင်နေခဲ့တာပါ… "သြော်…
အစ်မကြီးရာ… ကျေးဇူးပြုပြီး
မှတ်ဉာဏ်ကောင်းကောင်းတော့
မထားပါနဲ့နော်…"

ခပ်ဟောဟော့ မြာကလေးရဲ့
မှတ်မိချင်းကို ခံရတာဟာ
ကောင်းတဲ့အရာတစ်ခုပါ… ဒါပေမဲ့
အဲ့ဒီအထဲမှာတော့ လုံးရဲ့ မပါပါဘူး။

ဒီအချိန်မှာပဲ… တခြားလူတွေကတော့
အိမ်မက်ထဲကနေ နိုးထလာသလိုမျိုး
ခံစားနေခဲ့ ကြပါပြီ။

ကျောက်ခေတ်ကျေးရွာက
ရွာသားတွေဟာ ရဲ့ကော်အသာစီး
ရနေတုံးက ပျော်ရွှင်စွာနဲ့ပဲ
အော်ဟစ်အားပေး နေကြတာလေ…
ဘယ်သူကသိမှာလဲ
အခြေအနေတွေက အဆိုးဘက်ကို
ပြောင်းသွားမယ်ဆိုတာကို… ပြီးတော့
အလင်းဓားမြန်ဂိုဏ်းက
လူသုံးယောက်ဟာ အရှုံးပေးပြီး

ထွက်ပြေးသွားခဲ့ ရပါတယ်။
လူတွေအားလုံး တုန်လှုပ်ချောက်ချား
နေကြဆဲမှာပဲ... ကောင်းကင်ယံကနေ
မိုးကြိုးသွား တစ်ခုဟာ ကျလာပြီး
သစ်ပင်မိစ္ဆာကြီးကို
တိုက်ရိုက်နှိမ်နှင်းလိုက်တယ်လေ။

ဘဝရဲ့ အတက်အကျ..
အနိမ့်အမြင့်တွေဟာ ရိုးသားစွာ
ပြောရရင် အလွန်ကိုလျင်မြန်လို့
နေခဲ့ပါတယ်... ရွာသူရွာသားတွေဟာ
စိတ်နဲ့လူနဲ့ ပြန်ကပ်လာတဲ့
အချိန်မှာတော့ လူတွေအားလုံးဟာ

ပျော်ရွှင်မြူးတူးစွာနဲ့
ခုန်ပေါက်အော်ဟစ် နေကြပါပြီ…
တစ်ယောက်ပြီးတစ်ယောက်
လျှပ်စီးထွက်ပေါ်လာရာ အရပ်ကို
ရှိခိုးပြီး အရိုအသေ ပြုနေခဲ့ပြီလေ။

ခဏတာ ထွက်ပြေးလွတ်မြောက်
သွားခဲ့တဲ့ ရဲ့ကော်တို့ အဖွဲ့ကလဲ
ဒီအချိန်မှာ ကြက်သေသေသွား
ခဲ့ကြပါပြီ။ ဝတ်ရုံဖြူ လူငယ်က
ဒေါသဖြစ်စွာနဲ့ပဲ ပြောလိုက်ပါပြီ…
"ဟာ… ဒီကောင်က အချိန်ကောင်းကို
ရွေးလဲ ရွေးတတ်ပါ့ကွာ…

အကြီးအကဲရဲ့နဲ့ ဟိုသစ်ပင်မိစ္ဆာ
တို့နှစ်ယောက် ဒဏ်ရာရနေတဲ့
အချိန်ကို အခွင့်ကောင်းယူပြီးမှ
တိုက်တာပဲ..."

ရဲ့ကော်ကလဲ သူ့ရဲ့ခေါင်းကို
ခါလိုက်တယ်... "အင်း...
ဒီလျှပ်စီးမိုးကြိုးရဲ့ စွမ်းအားကို
ကြည့်ရတာ... ဒီလူရဲ့အဆင့်ဟာ
ငါ့ထက် သာရင်သာ သာမယ်...
ညံ့ဖို့တော့ မရှိဘူးကွ..."

မုယန်ယန်ရန်က အနည်းငယ်
ချီတုံချတုံဖြစ်စွာနဲ့ မေးလိုက်တယ်…
"အင်း… ကျွန်မတို့က ပြန်သွားပြီး
ကြည့်လိုက်ရင် ကောင်းမလားရှင့်?"

စကားပြောနေဆဲမှာပဲ…
လျှပ်စီးကြောင်း ရှိရာဘက်က
ရန်လိုနေတဲ့ အော်ရာတွေဟာ
ရုတ်ချည်းပဲ ထွက်ပေါ်လို့
လာခဲ့ပါတယ်… စွမ်းအားမြင့်
မှော်စွမ်းအင် လှုပ်ရှားမှုတွေကလဲ
နောက်ထပ်တစ်ခါ ထိုးတက်ကာ
လာခဲ့ပြီလေ။

ရဲ့ကောင်တို့ တတွေဟာ အကုန်လုံး
မျက်နှာမလှကြတော့ပါဘူး... ဝတ်ရုံဖြူ
လူငယ်က စိတ်တိုစွာနဲ့ပဲ
အော်လိုက်ပါပြီ... "ဟာ... မင်းက
ငါတို့ရဲ့ အလင်းဓားမြန်ဂိုဏ်းကို
ရန်စရဲတာလားဟ?"

မုယုံယန်ရန်က သူ့ကို ဒေါသတကြီးနဲ့
စိုက်ကြည့်လိုက်တယ်... "ဟွန့်...
အခုအချိန်မှာ အကြီးအကဲရဲ့က
ဒဏ်ရာရနေတာလေ...
သူကြွစောင်းကြွစောင်း

လုပ်နေတာကိုတော့
သည်းခံရမှာပဲရှင့်..."

"ကဲကဲ... ထားလိုက်ပါတော့ကွာ...
သွားကြပါစို့... ဘာပဲပြောပြော
သစ်ပင်မိစ္ဆာကိုလဲ နှိမ်နှင်းလို့
ပြီးသွားပြီပဲ..." ရဲ့ကော်က
သက်ပြင်းတစ်ချက် ချလိုက်ပြီး
မုယုံယန်ရန်ကို ကြည့်လိုက်တယ်...
"ဟင်း... ဒါပေမဲ့လည်း
မင်းရဲ့အချိန်ကတော့
နှောင့်နှေးသွားတော့မှာပဲ...
ငါကဒဏ်ရာကနေ

သက်သာလာတော့မှပဲ မင်းနဲ့အတူ
ဝူကျိုးမြို့က ရှောင်မိသားစုဆီကို
လိုက်နိုင်တော့မှာကွယ့်..."

မုယုံယန်ရန်ကလဲ လျင်မြန်စွာနဲ့ပဲ
ပြန်ပြောလိုက်ပါတယ်... "အာ...
ရပါတယ်... ကိစ္စမရှိပါဘူး...
အကြီးအကဲရဲ့ ဒဏ်ရာတွေက
ပိုပြီးတော့ အရေးကြီးတာပေါ့ရှင့်..."

မုယုံယန်ရန်နဲ့ အပေါင်းအပါတွေကို
ခြောက်လှန့်လို့ အပြီးမှာ...
လင်းဖုန်းကလဲ စိတ်သက်သာရာ ရစွာနဲ့

သက်ပြင်းတစ်ချက်ကို ချလိုက်ပါပြီ။
အဝေးက လူအုပ်ကြီးထဲက
ရှောင်ပုတန်လေးဆီကို
လှမ်းကြည့်လိုက်ပြီး...
သူ့ရဲ့ရင်ထဲကနေ ချက်ချင်းပဲ
ပြင်းပြင်းပြပြနဲ့ စိတ်အားထက်သန်
လာခဲ့ပါတော့တယ်... "အင်း...
နေ့တစ်ဝက်လောက်
အလုပ်ရှုပ်ပြီးတော့... နောက်ဆုံးမှာ
ရိုပ်သိမ်းချိန်ကို ရောက်ပြီဟ..."

တာအိုဆရာ အဝတ်အစားတွေကို
လျင်မြန်စွာနဲ့ ပြန်လဲလိုက်ပြီး

ဆရာသခင် သူတော်စင် ပုံသဏ္ဍာန်ကို
ပြန်လည်ကာ ပြောင်းလဲလို့ အပြီးမှာ...
လင်းဖုန်းဟာ သူကြီးရဲ့ အိမ်ထဲကို
ခိုးကြောင်ခိုးဝှက်နဲ့ ဝင်သွားခဲ့ပါပြီ...
သက်တောင့်သက်သာ
အရှိဆုံးနေရာကို ရှာလိုက်ပြီး
ထိုင်လိုက်ကာ... ရှောင်ပုတန်လေးတို့
ပြန်အလာကို စောင့်မျှော်နေခဲ့
ပါတော့တယ်။

ခဏလေးကြာတော့...
အကြီးအကဲအိုနဲ့ ရှောင်ပုတန်လေးတို့ရဲ့
အနောက်ကနေ လူတစ်စုဟာ ခြံထဲကို

ဝင်လာကြပါပြီ… မူလကတော့
သူတို့ဟာ ဒီအနိဋ္ဌာရုံရဲ့
နောက်ဆက်တွဲကို ဘယ်လိုဖြေရှင်း
ကြမလဲ ဆိုတာကို တိုင်ပင်ကြမလို့ပါ။

ဘယ်သူက သိမှာလဲ… တံခါးကနေ
ဝင်လိုက်ရုံ ရှိသေးတယ်…
ပူပင်ကြောင့်ကြ ကင်းမဲ့ပြီး
တင်းတိမ်ရောင့်ရဲတဲ့ ပုံစံနဲ့ လင်းဖုန်းကို
တွေ့လိုက်ရမယ် ဆိုတာကို… သူဟာ
တင်ပုလ္လင်ခွေ ထိုင်နေကာ… သူ့ရဲ့
ဒူးနှစ်ဘက်ပေါ်မှာ
မှော်ဓားတစ်ချောင်းကို အလျားလိုက်

တင်ထားပါတယ်။ ဒီမှော်ခေါ်းကနေ တစ်ခါတစ်ရံ ထွက်လာတဲ့ အလင်းတန်း အငွေ့အပိုက်တွေဟာ သူတို့ရဲ့မျက်စိကို ဖွင့်လို့မရအောင် ကျိန်းစေခဲ့တယ်လေ။

ရှောင်ပုတန်လေးဟာ ပထမဦးစွာ တုံ့ပြန်တဲ့သူ ဖြစ်ပါတယ်… "အား… တာအို ဆရာတော်ဘုရား… အရှင်ဘုရားက ဟိုမက်မွန်ပင်အိုကြီးကို နှိမ်နှင်းလိုက်တဲ့ သူလားခင်ဗျား?"

လင်းဖုန်းကတော့ အသာအယာပဲ
ပြုံးလိုက်ကာ ဘာမှပြန်မပြောခဲ့ပါဘူး။

လျှပ်စီးမိုးကြိုးတွေကို ဆင့်ခေါ်ခဲ့တဲ့
သူရှောင်ပုတန်လေးကို ပေးထားတဲ့
အဆောင်လက်ဖွဲ့ရယ်... လင်းဖုန်းရဲ့
ဒူးပေါ်က မြောက်ပိုင်း
အရဏ်ဦးခေါ်းရယ်...
မက်မွန်ပင်အိုကြီးကို ဖျက်ဆီးခဲ့တဲ့
အံဖွယ်လျှပ်စီးမိုးကြိုးရယ်...
စတာတွေကို တွေးမိလိုက်ကြတော့...
ကျောက်ခေတ်ရွာသားများ

အားလုံးဟာ တစ်ခဲနက် ဩဘာ
ပေးလိုက်ကြပါပြီ။

အကုန်လုံးဟာ လင်းဖုန်းကို
ကြည်ညိုလေးစားစွာနဲ့
ကြည့်နေကြပြီး…
ဒူးထောက်လိုက်ကြကာ
အသက်ကယ်ခဲ့တဲ့အတွက် လင်းဖုန်းကို
ကျေးဇူးတင်နေ ကြပါတော့တယ်။

သူ့ရဲ့ မျက်နှာက အရေခွံဟာ
ဘယ်လောက်ပဲထူတယ်လို့
ပြောပြော… လင်းဖုန်းဟာလည်း

ကသိကအောက်တော့
ဖြစ်သွားရသေးတာပါပဲ…
ဒါပေမဲ့လည်း ဆရာသခင် ပုံစံမျိုး
ဟန်ဆောင်ရဦးမယ်ဆိုတော့…
အားတင်းပြီးပဲ ဆက်နေရဦးမှာပါ။

သူကြီးအိုကြီးကတောင် ဒီအချိန်မှာ
လျှောက်လာခဲ့ပြီးတော့ လင်းဖုန်းကို
ကျေးဇူးတင်စကား
ပြောကြားခဲ့တယ်လေ။
ကျေးဇူးတင်ပြီးတဲ့နောက်မှာ
သူ့ကိုကြည့်ရတာ ပြောစရာတစ်ခုခု
ရှိနေတဲ့ပုံပါပဲ… သူ့ရဲ့အကြည့်တွေဟာ

ချီတုံချတုံ ဖြစ်စွာနဲ့ပဲ လင်းဖုန်းနဲ့
ရှောင်ပုတန်လေးတို့ရဲ့ အကြားမှာ
ရွှေ့ပြောင်းလို့ နေခဲ့ပြီလေ။

လင်းဖုန်းရဲ့ အပြင်ပန်းကတော့
ထူးမခြားနား ပုံစံမျိုးနဲ့ပါ...
ဒါပေမဲ့လည်း သူ့ရဲ့ မျက်လုံးထောင့်စွန်း
တွေကတော့ ရှောင်ပုတန်လေးရဲ့
အနားကနေ တစ်ဖဝါးမှ မခွာခဲ့ပါဘူး...
ရင်ဘတ်ကြီး အတွင်းကနေလဲ
လှိုက်လှဲစွာနဲ့ အော်ခေါ်နေလို့ပါ။

"ကဲ... ရှောင်ပုတန်ဆိုတဲ့
ချာတိတ်လေးရေ... ဆရာသခင်ရဲ့
ဂျင်းခွက်ထဲကို မြန်မြန်သာ
ပြေးလာခဲ့ပါတော့ကွာ!"

## စာစဉ် ၁ : အပိုင်း ၉

## အပိုင်း ၉ : ဆရာသခင်ရဲ့ ဂျင်းခွက်ထဲကို အမြန်သာ ပြေးလာခဲ့ပါတော့ကွာ

အကြီးအကဲအိုရဲ့ အကြည့်တွေဟာ
လင်းဖုန်းနဲ့ ရှောင်ပုတန်လေးတို့ရဲ့

အကြားမှာ ချီတုံချတုံနဲ့
ခေါက်တုံ့ပြန်နေ ခဲ့ပါတယ်။

"ကဲ... ရှောင်ပုတန်လေးရေ...
မြန်မြန်ပဲ ဆရာသခင်ရဲ့ ရင်ခွင်ထဲကို
ပြေးဝင်လာခဲ့ပါကွာ!" လင်းဖုန်းက
သူ့ရဲ့ ရင်ထဲကနေပဲ
အော်ခေါ်ပြီးနေခဲ့တယ်လေ။

ဒါပေမဲ့လည်း...
အပြင်ပန်းမှာကတော့... သူ့က
ရှောင်ပုတန်လေးဆီကို ထူးမခြားနား
ပုံစံမျိုးနဲ့ပဲ ကြည့်လိုက်ပြီး

တည်ငြိမ်စွာနဲ့ပဲ မေးလိုက်ပါပြီ...
"ကဲ... ဆရာသခင်က မင်းလေးကို
အဆောင်လက်ဖွဲ့ တစ်ခုကို
ပေးထားခဲ့တာ... မင်းလေးက
သုံးလိုက်ပြီ မဟုတ်လား?"

ရှောင်ပုတန်လေးရဲ့ မျက်နှာဟာ
အနည်းငယ် နီရဲသွားခဲ့ပြီး...
ရှက်ကိုးရှက်ကန်းနဲ့ သူ့ရဲ့ခေါင်းကို
ကုတ်လိုက်ပြီလေ... "အား...
ကျွန်တော်က သုံးလိုက်မိပါတယ်
ခင်ဗျ။ ပြီးတာနဲ့

ပြန်ရှာကြည့်လိုက်တော့လဲ… ရှာလို့
မတွေ့တော့ဘူးဗျ…"

လင်းဖုန်းကလဲ အေးစက်စက်နဲ့ပဲ
ရယ်မောလိုက်ပါတယ်… "ဟားဟား…
ကိစ္စမရှိပါဘူးကွာ။ ငါက မင်းလေးကို
အကာအကွယ် ပေးဖို့ပဲ
ထားထားခဲ့တာပဲ။ မင်းကိုပေးထားတဲ့
အဆောင်လက်ဖွဲ့လေးမှာ
ပြောင်းလဲမှုတွေကို ခံစားလိုက်ရလို့
ဆရာသခင်က ပြန်လာခဲ့တာကွ…"

ရှောင်ပုတန်လေးကလဲ ပြုံးလိုက်ပါပြီ... "အား... ဒီမက်မွန်ပင်အိုကြီးကို နှိမ်နင်းလိုက်ပြီး... အားလုံးကို ကယ်တင်ပေးလိုက်တဲ့ အတွက် ဒီက တာအိုဆရာတော်ကို ကျေးဇူးအထူး တင်ပါတယ်ခင်ဗျ..."

လင်းဖုန်းကလဲ ခပ်ဖွဖွသာ ပြုံးလိုက်တယ်လေ။ သူက နောက်ထပ် အဆောင်လက်ဖွဲ့ တစ်ခုကို ထုတ်ယူလိုက်ပြီး ရှောင်ပုတန်လေးကို ထပ်ပေးလိုက်ပါတယ်... "ကဲ...

ဒါလေးကိုတော့ လုံလုံခြုံခြုံ
သိမ်းထားပြီး… အနာဂတ်မှာလဲ
ဂရုစိုက်ပေါ့ကွာ။ ဆရာသခင်မှာလဲ
လုပ်စရာလေးတွေက
မပြီးပြတ်သေးတော့… ဒီနေရာမှာပဲ
လမ်းခွဲကြပါစို့ကွာ။ ကံမကုန်ရင်လဲ
ပြန်ဆုံကြဦးမှာပေါ့ကွာ…"

သူ့ရဲ့ဆီမှာက လှဲလှယ်ထားခဲ့တဲ့
မိုးကြိုးသလင်း ကျောက်တုံးတွေဟာ
ကုန်သွားခဲ့ပြီ ဖြစ်တယ်လေ။
ဒီအဆောင်လက်ဖွဲ့လေး
သက်သက်နဲ့ကတော့

ကောင်းကင်ကိုးလွှာ
မိုးကြိုးဆင့်ခေါ်ချက်ကို
အသက်သွင်းနိုင်မှာ မဟုတ်ပါဘူး…
ဒါပေမဲ့လည်း ဒါက လင်းဖုန်းရဲ့
ဖိန့်လုံးတွေကို မရပ်တန့်စေ
နိုင်ခဲ့ဘူးလေ။

စကားဆုံးတာနဲ့ပဲ… လင်းဖုန်းဟာ
သူ့ရဲ့ အဝတ်အစားတွေကို
ပြန့်အောင်လုပ်လိုက်ပြီး ထလိုက်ပါပြီ။
မြောက်ပိုင်း အရှေ့ဦးခေါးကို
သိမ်းလိုက်ကာ တံခါးရှိရာဆီကို
ဦးတည်လိုက်ပြီလေ။

ရှောင်ပုတန်လေးကတော့
အပြစ်ကင်းစင်စွာနဲ့ပဲ ခေါင်းကို
တဆတ်ဆတ်နဲ့
ညိတ်လို့နေခဲ့ပါတယ်... ဒါပေမဲ့လည်း
သူကြီးအိုကြီးကတော့ မှင်သက်စွာနဲ့ပဲ
ကြည့်နေခဲ့တယ်လေ။ သူက
လင်းဖုန်းဟာ အရင်
အကြောင်းအရာတွေကို ပြန်ဖော်ပြီး...
ရှောင်ပုတန်လေးကို တပည့်အဖြစ်
သိမ်းသွင်းလိမ့်မယ်လို့ ထင်နေခဲ့တာပါ။

အဘိုးကြီးဟာ လင်းဖုန်းကို ရှောင်ပုတန်လေးရဲ့ ဆရာ ဖြစ်စေချင်နေခဲ့ပါတယ်။ ဒါပေမဲ့လည်း တစ်ချိန်ထဲမှာပဲ ရှောင်ပုတန်လေးရဲ့ နောက်ခံ အသိုင်းအဝိုင်း အကြောင်းကို ပေါက်ကြားသွားမှာလဲ စိုးရိမ်နေခဲ့တယ်လေ။ သူက လေးလေးနက်နက် ဆင်ခြင်စဥ်းစား နေတုံးမှာပဲ... လင်းဖုန်းဟာ ဒီအတိုင်းပဲ ထထွက်သွားခဲ့မယ်လို့ လုံးဝကို ထင်မထားမိခဲ့ပါဘူး။

လင်းဖုန်းဟာ မှင်သေသေ
မျက်နှာထားမျိုးနဲ့ပဲ ရွာပေါက်ဝဆီကို
လျှောက်သွားခဲ့ပါတယ်။
ကျောက်ခေတ်ကျေးရွာက
လူတွေကလဲ မြတ်နိုးကြည်ညိုပြီး
ကျေးဇူးတင်လှစွာနဲ့
လမ်းဖယ်ပေးလိုက် ကြပါပြီ။

"၁...၂...၃..." လင်းဖုန်းက
စိတ်ထဲကနေပဲ တိတ်ဆိတ်စွာနဲ့
ရေတွက်ရင်း
လမ်းလျှောက်နေခဲ့တယ်လေ။
ဟုတ်တာပေါ့... ဒီအတိုင်းကြီးတော့

ထထွက်သွားလို့ ဘယ်ဖြစ်ပါ့မလဲ။
နို့မဟုတ်ရင်… သူကဘာဖြစ်လို့
ဒီလောက်ကြီး ကြိုးစားပါ့မလဲ?

မင်းက သရုပ်ဆောင်လို့ရှိရင်…
ဇာတ်ကောင် သဘာဝထဲမှာ
အပြည့်အဝ နစ်မြှုပ်ထားရမယ်လေ။
ဆရာသခင် သူတော်စင်လိုမျိုး
သရုပ်ဆောင်မှတော့… ဆရာသခင်
သူတော်စင်ရဲ့ အငွေ့အသက်တွေ
အပြည့်ရှိရမှာပေါ့။

တစ်ခါတစ်လေ မှာဆိုရင်…
လူတွေဟာ ပေါပေါပဲပဲ
ရတဲ့အရာတွေကို သိပ်ပြီးတော့ တန်ဖိုး
မထားတတ်ကြပါဘူး။ ဆရာနဲ့တပည့်
ဆက်ဆံရေးမှာလဲ ဒီအတိုင်းပဲပေါ့။
တကယ်လို့များ လင်းဖုန်းက
အရမ်းကြီး အသည်းအသန် စိတ်ဝင်စား
နေခဲ့လို့ရှိရင်… သူကြီးအိုနဲ့
ရှောင်ပုတန်လေးတို့ဟာ သံသယတွေ
ဝင်လာနိုင်ပါတယ်။
တခြားတစ်ဖက်မှာတော့… တကယ်လို့
လင်းဖုန်းက စိတ်ဝင်စားတဲ့ပုံ
သိပ်မပြခဲ့ရင်… သူတို့ကိုယ်တိုင်ပဲ
သူ့ကို လာပင့်မှာပါ။

သေချာတာပေါ့... လင်းဖုန်းရဲ့ ရေတွက်နေတာ "၁၀" ပြည့်တဲ့ အချိန်မှာပဲ သူကြီးအိုကြီးက အော်ခေါ်လိုက်ပြီလေ... "ခဏ ရပ်တော်မူပါဦး အရှင်ဘုရား!"

"ဟဲဟဲဟဲ... ကောင်းလေစွ!" လင်းဖုန်းဟာ မျက်နှာအမူအယာ တစ်စက်ကလေးမှ မပြောင်းပဲနဲ့ စိတ်ထဲကနေပဲ ရယ်လိုက်ပါတယ်။ သူဟာ လှည့်ကြည့်လိုက်ပေမယ့် ဘာမှမပြောခဲ့ပါဘူး။

အကြီးအကဲအိုကြီးကိုသာ
တည်ငြိမ်စွာနဲ့ပဲ ကြည့်နေခဲ့တယ်လေ။

ဒီလူကြီးက ဆုံးဖြတ်ချက်
ချလိုက်တာတော့ သေချာနေပါပြီ။
သူဟာ ရှောင်ပုတန်လေးရဲ့
လက်ကိုဆွဲလိုက်ပြီး
လမ်းလျှောက်လာခဲ့ပြီလေ...
နှိမ့်ချစွာနဲ့ ဒါပေမယ့်လဲ လေးနက်စွာနဲ့
ပြောလိုက်ပါတယ်... "ဟင်း...
ဒီကလေးလေးဟာ မွေးစကတည်းက
အကျပ်အတည်း.. အခက်အခဲတွေနဲ့
ရင်ဆိုင်ခဲ့ရတာပါ။ အရှင်ဘုရားရဲ့

အလေးပေးမှုကို ခံရတာက
သူကလေးရဲ့ ကံကောင်းခြင်း
တစ်ရပ်ပါပဲ။ သနားညှာတာတဲ့ အနေနဲ့
ဒီကောင်လေးကို တပည့်အဖြစ်နဲ့
လက်ခံတော်မူပါ… အရှင်ဘုရား…"

လင်းဖုန်းကလဲ ဒီအချိန်ဟာ သူ့ရဲ့
စိတ်ထားမြင့်မြတ်မှုကို ပြသရမယ့်
အချိန်ကောင်းလို့ သိနေတဲ့အတွက်…
ဘာကိုမှ အခက်အခဲဖြစ်အောင်
မလုပ်ခဲ့ပါဘူး… တည်ငြိမ်စွာနဲ့ပဲ
ပြန်ပြောလိုက်တယ်လေ… "အင်း…
ဒါက အလေးပေးတာတို့..

သနားညှာတာတာတို့
မဟုတ်ရပါဘူးကွာ။ ငါတို့ရဲ့ ဆရာ-
တပည့် ဆက်ဆံရေးကို
ရှေ့ဆက်နိုင်တာကိုပဲ ငါ့မှာက
ဝမ်းသာလှပါပြီကွာ။ ဒါပေမဲ့
ကာယကံရှင် ကိုယ်တိုင်ကလဲ
ကိုယ်ပိုင်ဆုံးဖြတ်ချက်ချမှ
ရမှာပေါ့လေ..."

အကြီးအကဲအိုက အလေးအနက်
စဉ်းစားပြီးတဲ့နောက်မှာ... ဘေးက
ရွာသားတွေကို ပြောလိုက်တယ်...
"ဟော့ကောင်တွေ... မင်းတို့တွေ

အိမ်ပြန်ကြတော့လေ။ ဒီရက်ပိုင်းတွေ
အတွင်းမှာ... အဖြစ်အပျက် ကိစ္စတွေ
တော်တော် ကြီးကြီးမားမားလေး
ဖြစ်သွားတယ်ဟ။ မင်းတို့ရဲ့
အိမ်တွေမှာလဲ ရှုပ်ရှက်ခတ်
နေကြမှာပဲ။ အိမ်လေးဘာလေး ပြန်ပြီး
သန့်ရှင်းရေးလေး
ဘာလေးလုပ်ပြီးတော့
အနားယူကြတော့ကွာ..."

ရွာသားတွေကလဲ တစ်ခုခု
ထူးဆန်းနေပြီ ဆိုတာကို
သိကြပေမယ့်... သူကြီးအိုရဲ့

အမိန့်အတိုင်းပဲ
တစ်ယောက်ပြီးတစ်ယောက်
ထွက်ခွာသွားကြ ပါတော့တယ်။
ထွက်မသွားခင်မှာတော့… လင်းဖုန်းကို
အကြီးအကျယ် ထပ်မံပြီး
ကျေးဇူးတင်သွား ကြသေးတယ်လေ။

ခဏအကြာမှာပဲ… လင်းဖုန်းရယ်..
အကြီးအကဲအိုရယ်..
ရှောင်ပုတန်လေးရယ်ပဲ ခြံထဲမှာ
ကျန်ရစ်နေခဲ့ ပါတော့တယ်။
အကြီးအကဲအိုက ဦးညွတ်ပြီးတော့
ပြောလိုက်ပါပြီ… "အင်း…

ကျွန်တော့်မှာက
ထုတ်ဖော်မပြောရသေးတဲ့
လျှို့ဝှက်ချက်တချို့ ရှိပါသေးတယ်။
တကယ်လို့  ခွင့်ပြုမယ်ဆိုရင်...
စကားပြောဖို့ အိမ်ထဲကိုကြွပါ
အရှင်ဘုရား..."

လင်းဖုန်းကလဲ သူ့ရဲ့ခေါင်းကို
ညိတ်လိုက်တယ်လေ။
သုံးယောက်သား ကျောက်တုံးအိမ်လေး
အတွင်းကို ဝင်သွားကြကာ
ထိုင်လိုက်ကြပါပြီ။ သူကြီးအိုက
ရောင်ပုတန်လေးကို ချစ်မြတ်နိုးစွာနဲ့

ကြည့်လိုက်ပြီး... "ကဲ...
ရှောင်ပုတန်လေးရေ... မင်းက
ဒီတာအို ဆရာတော်ရဲ့ အနားမှာ
တပည့်အဖြစ် ခံယူချင်သလားကွာ?"

ရှောင်ပုတန်လေးရဲ့
မျက်ဝန်းနက်ကြီးတွေဟာ
အရောင်တဖိတ်ဖိတ်နဲ့
လင်းလက်လာပြီးနောက်မှာ
လင်းဖုန်းကို ကြည့်လိုက်ပြီလေ...
"အား... ကျွန်တော်က
တာအိုဆရာတော်လိုမျိုး

အလန်းစားစကေးတွေကို
လေ့ကျင့်နိုင်မှာလားဗျ?"

လင်းဖုန်းကလဲ ဖွဖွလေး
ပြုံးလိုက်ပါတယ်... "ဟားဟား...
ဒီထက်လန်းတဲ့ဟာတွေ အပုံကြီး
ရှိသေးတယ်ကွ..."

ရှောင်ပုတန်လေးရဲ့
မျက်နှာလေးဟာလည်း
မျှော်လင့်ချက်တွေ အပြည့်နဲ့ ခေါင်းကို
တဆတ်ဆတ်နဲ့ ညိတ်လိုက်ပါပြီ...
"ဝိုး... ကျွန်တော်မျိုး

ဆန္ဒရှိပါတယ်ခင်ဗျ! ကျွန်တော်မျိုး ဆန္ဒရှိပါတယ်ခင်ဗျ!"

လင်းဖုန်းက သူ့ရဲ့ အပြုံးတွေကို ရုပ်သိမ်းလိုက်ပြီး ဖြေးဖြေးလေးပဲ ပြောလိုက်ပါပြီ... "အင်း... ဒါပေမဲ့လည်း... ဆရာသခင်က ဒီနေရာမှာ ကြာကြာနေမှာတော့ မဟုတ်ဘူးဟ။ တကယ်လို့ မင်းက ငါ့ရဲ့တပည့် ဖြစ်သွားလို့ရှိရင်... ဒီရွာကနေပြီး ဆရာသခင်ရဲ့ အနောက်ကို လိုက်လာခဲ့ရမှာနော်..."

ဒီစကားကို ကြားလိုက်ရတော့…
ရှောင်ပုတန်လေးဟာ ချက်ချင်းကိုပဲ
တွေဝေသွားပြီး စိတ်လှုပ်ရှားစွာနဲ့…
လင်းဖုန်းကိုတလှည့်
အကြီးအကဲအိုကြီးကို တလှည့်
ကြည့်ကာနေခဲ့တယ်လေ။

အကြီးအကဲအိုကြီးဟာ
ချောင်းခြောက်တစ်ချက် ဆိုးလိုက်ပြီး
လေးနက်တဲ့ မျက်နှာထားနဲ့
ပြောလိုက်တယ်… "အဟမ်း…
ရှောင်ပုတန်လေးရေ… မင်းကငါ့ကို
မင်းရဲ့ အဖေနဲ့အမေ

ဘယ်ကိုသွားနေသလဲ ဆိုတာကို
အမြဲတမ်းပဲ မေးနေခဲ့တယ်
မဟုတ်လားကွာ?"

မျက်လုံးတွေကို မှိတ်လိုက်ဖွင့်လိုက်
လုပ်ပြီး... ရှောင်ပုတန်လေးက
ပြန်ဖြေလိုက်ပါပြီ... "ဟုတ်...
ကျွန်တော့်ရဲ့ စိတ်ထဲမှာ
ရေးတေးတေးလေးတော့
မှတ်မိနေသလိုပဲ... ဒါပေမဲ့လည်း
ပြန်စဥ်းစားကြည့် လိုက်တော့လဲ
ဘာကိုမှ မမှတ်မိတော့ပြန်ဘူး။
ဖိုးဖိုးကြီးက ကျွန်တော့ကို

နောက်ဆုံးမှာတော့
ပြောပြတော့မယ်ပေါ့နော်?"

သူကြီးအိုဟာ သူ့ရဲ့ခေါင်းကို
ညိတ်လိုက်ပြီး... လင်းဖုန်းရှိရာဆီကို
လှမ်းကြည့်လိုက်ပါတယ်...
"အရှင်ဘုရား... ကျွန်တော့်ကို
ပြောခွင့်ပြုပါ။ ဒီကလေး... အင်း...
သူ့ရဲ့နောက်ခံက တော်တော့်ကို
ထူးခြားတာပဲ။ အနာဂတ်မှာ အရှင့်ကို
ဒုက္ခရောက်စေနိုင်တာပဲ။ သူ...
သူလေးက မဟာချင် အင်ပါယာရဲ့
တော်ဝင်မိသားစုကနေ

လာတာဖြစ်ပြီး... မဟာချင်
အင်ပါယာရဲ့ ယုမိသားစုနဲ့လဲ
အမျိုးတော်တယ်လေ..."

လင်းဖုန်းရဲ့ ရင်ခုန်သံဟာ အတန်ငယ်
မြန်သွားခဲ့ပါပြီ။
ဒီမူလကောင်းကင်ကမ္ဘာက
အင်ပါယာတွေ ဆိုတာက... သူ့ရဲ့အရင်
ကမ္ဘာမြေက သမိုင်းကြောင်းတွေနဲ့
ကွာခြားပါတယ်။ ဒီမူလကောင်းကင်
ကမ္ဘာမှာတော့...
တိုင်းပြည်တစ်ပြည်ကို အုပ်စိုးတဲ့
ဘုရင်မင်းမြတ်တွေ အားလုံးဟာ

စွမ်းအားကြီးမားတဲ့ ကျင့်ကြံသူတွေပဲ
ဖြစ်ကြပါတယ်။

အင်ပါယာတစ်ခုရဲ့
တော်ဝင်မိသားစုတွေ ဆိုတာက…
သူတို့ကို အင်အားကြီး ကျင့်ကြံမှု
မျိုးနွယ်စုတွေလို့ပဲ
ခေါ်ဖို့ကောင်းပါတယ်။ ဒီလိုမျိုး
ကလန်တွေဟာ
ထိပ်တန်းဂိုဏ်းကြီးတွေနဲ့
ကောင်းကောင်းကြီး ယှဉ်ပြိုင်လို့
ရတယ်လေ။

လင်းဖုန်းကလဲ ဒါဟာ အဘိုးကြီးက
သူ့ကိုစစ်တဲ့ နောက်ဆုံးစာမေးပွဲလို့
သိလိုက်ပါတယ်။ ဒါပေမဲ့
ဘယ်လောက်ပဲ ခက်ခဲခက်ခဲ… သူဟာ
ဒီရှောင်ပုတန်ဆိုတဲ့ တပည့်လေးကို…
ဘယ်လိုနည်းနဲ့မှ လက်လွှတ်ခံမှာ
မဟုတ်ပါဘူး။

မင်းက လာနောက်နေတာလား?
ဒီရှောင်ပုတန်လေးလိုမျိုး…
ဓာတ်လိုက်မင်းသားအဆင့်
ဓာတ်ကောင်မျိုးရဲ့ရှေ့မှာ…
နှစ်တစ်သောင်း ဂိုဏ်းပဲဖြစ်ဖြစ်..

နှစ်တစ်ထောင် မင်းဆက်ပဲဖြစ်ဖြစ်..
ဘယ်သူက သောက်ဂရုစိုက်မှာလဲ?
သူတို့ အားလုံးတွေဟာ ခြေနင်းခံ
ကျောက်တုံးလေးတွေ သက်သက်ပါပဲ။
ခရီးလမ်းက
ခက်ခဲကြမ်းတမ်းပေမယ့်...
အနာဂတ်ကတော့ တောက်ပနေမှာ
အမှန်ပါပဲ။

ဒါ့အပြင်... လင်းဖုန်းရဲ့
ဂန္ဓဝင်ဂိုဏ်းချုပ် စနစ်ကြီးရဲ့ အန္တိမ
ရည်မှန်းချက်ကလဲ သမိုင်းဝင်
နံပါတ်တစ်ဂိုဏ်းကို

ထူထောင်ရမှာပဲလေ။ သူ့ရဲ့တာဝန်ကို
ပြီးမြောက်ဖို့အတွက်... ဒီကမ္ဘာပေါ်က
လက်ရှိအင်အားစုတွေနဲ့
အတိုက်အခံလုပ်ရမှာ သဘာဝပါပဲ။

လင်းဖုန်းရဲ့ မျက်လုံးအစုံဟာ
လေးနက်လာခဲ့ပါပြီ။
သူ့ရဲ့နှုတ်ခမ်းထောင့်စွန်းတွေဟာ
ဖွဖွလေး ပြုံးလိုက်ပေမယ့်...
စကားတစ်ခွန်းကိုမှ
ထုတ်မပြောခဲ့ပါဘူး။

သူ့ရဲ့ အမူအရာ ပြောင်းလဲမှုဟာ
အကြီးအကဲအိုကြီးကို
သဘောပေါက်စေခဲ့ပါတယ်။ သူက
ဒီအခြေအနေရဲ့ ကြီးလေးမှုကို
သိပေမယ့်... သူဟာ ယုံကြည်မှုအပြည့်
ရှိနေပြီး ဘာကိုမှမကြောက်ခဲ့ပါဘူး။

သေချာတာပေါ့... သူကြီးအိုကြီးဟာ
စိတ်သက်သာရာ ရစွာနဲ့
သက်ပြင်းတစ်ချက်ကို
မှုတ်ထုတ်လိုက်ကာ ပြုံးပြီးတော့
ပြောလိုက်ပါပြီ... "အာ...
ကျွန်တော်မျိုးကြီး သေသင့်ပါတယ်။

အရှင်ဘုရား... ဖွဲ့မယူပါနဲ့နော်..."
စကားပြော နေရင်းကနေပဲ သူက
ရှောင်ပုတန်လေး ရှိရာဆီကို
လှမ်းပြီးတော့ ကြည့်လိုက်တယ်လေ...
"ဟင်း... ဒီကလေးဟာ
လာခြင်းကောင်းလှပေမယ့်... သူ့မှာက
အခက်အခဲ အကျပ်အတည်းတွေ
အများကြီးကို ရင်ဆိုင်ခဲ့ရရှာတယ်..."

ရှောင်ပုတန်လေးဟာ သူ့ရဲ့
နာမည်အရင်း မဟုတ်ပါဘူး။
အမှန်ကတော့... သူ့ရဲ့နာမည်ဟာ
မဟာချင် အင်ပါယာရဲ့

တော်ဝင်မိသားစုက ရှီထျန်းဟောင်
ဖြစ်ပါတယ်။ သူဟာ အဓိက
သွေးမျိုးဆက်ရဲ့ အစိတ်အပိုင်းတစ်ခု
မဟုတ်ပေမယ့်... မြင့်မြတ်တဲ့
မိသားစုကပါ။

ရှီထျန်းဟောင်လေးရဲ့ အဖိုးနဲ့ အဖေ
နှစ်ယောက်စလုံးကလဲ ထိပ်သီးအဆင့်
မဟာကျင့်ကြံသူတွေ
ဖြစ်ကြတယ်လေ။ အထူးသဖြင့်
ရှီထျန်းဟောင်လေးဟာ အလွန်ကိုမှပဲ
ထူးချွန်ပြောင်မြောက် လှပါတယ်...
သူဟာ မွေးရာပါ အခြေခံအုတ်မြစ်

အဆင့်နဲ့ မွေးလာခဲ့တာပါ။ သူဟာ
အဝ္ဝဲလေး ဘဝကတည်းက…
လူအများစုက သူတို့ရဲ့
ဘဝတစ်သက်တာလုံး
ကြိုးစားတာတောင် မပေါက်ရောက်..
မအောင်မြင်နိုင်ကြတဲ့ အဆင့်ကို
ရောက်နေခဲ့တာလေ။

ချီခေတ်တွေကို သူ့တို့ရဲ့ ခန္ဓာကိုယ်
အတွင်းကို စုပ်ယူနိုင်တဲ့
သာမာန်သိုင်းသမားတွေဟာ
ချီသာဝက အဆင့်က ကျင့်ကြံသူတွေ
ဖြစ်ကြပါတယ်။ သူတို့ဟာ

တာအိုအရင်းမြစ်ကို
တည်ဆောက်နိုင်တဲ့ အခါကျရင်
အခြေခံအုတ်မြစ်အဆင့်ကို
တက်လှမ်းနိုင်ကြမှာပဲ ဖြစ်တယ်လေ။

ဒီတာအို အရင်းမြစ်တွေမှာလဲ
အမျိုးအစားတွေ
ခွဲခြားထားပါသေးတယ်။
ကျင့်ကြံသူတစ်ယောက်ရဲ့
လေ့ကျင့်ထားတဲ့ တာအိုနည်းစနစ်နဲ့...
သူ့ရဲ့ မွေးရာပါ ပင်ကိုစွမ်းရည်တို့ဟာ
ဒီတာအို အရင်းမြစ်ရဲ့
အဆင့်အတန်းကို သတ်မှတ်ပေးမှာပါ။

တာအိုအရင်းမြစ်တွေကို
အများအားဖြင့် မော်တယ်အဆင့်..
စိတ်ဝိညာဉ်အဆင့်.. မြေကြီးအဆင့်နဲ့
ကောင်းကင်အဆင့် ဆိုပြီးတော့
အဆင့်တွေကို ခွဲခြားထားပါတယ်။

တစ်စုံတစ်ယောက်ရဲ့ တာအိုအရင်းမြစ်
အရည်အသွေးဟာ အဆင့်တူ
ကျင့်ကြံသူတွေရဲ့
စွမ်းအားကွာခြားမှုကို ဖြစ်ပေါ်စေရုံတင်
မကဘူး… သူတို့က တစ်ယောက်ရဲ့
အနာဂတ် ကျင့်ကြံမှု

အလားအလာတွေကို ဆုံးဖြတ်ပေးမှာပဲ
ဖြစ်တယ်လေ။

ရှိထျန်းဟောင်လေးဟာ
တာအိုအရင်းမြစ်နဲ့
မွေးလာရုံတင်မကဘူး… သူ့ရဲ့
တာအိုအရင်းမြစ်ဟာ
မယုံနိုင်လောက်အောင် ရှားပါးတဲ့
အန္တိမ တာအိုအရင်းမြစ်ဖြစ်ပြီး…
ကောင်းကင်အဆင့်က
တာအိုအရင်းမြစ်ထက်တောင်
အဆင့်မြင့်ပါသေးတယ်။

နားထောင်နေရင်းကနေ... လင်းဖုန်းရဲ့ မျက်နှာပေါ်က အမူအရာကတော့ မပြောင်းလဲခဲ့ပါဘူး။ ဒါပေမဲ့ သူ့ရဲ့ရင်ထဲမှာတော့... အပျော်လုံးတွေ ဆို့နေခဲ့ပါပြီ... "အင်း... အရိုးအရင်းမြစ် အမှတ်၁၀... အရိုးအရင်းမြစ် အမှတ် ၁၀..."

နားထောင်နေရင်းကပဲ... လင်းဖုန်းဟာ အနည်းငယ် စိတ်ရှုပ်ထွေးလို့ လာခဲ့ပါတယ်။ ဒီလိုမျိုး အံ့ဖွယ်စွမ်းရည် မျိုးနဲ့သာဆိုရင်... ရှောင်ပုတန်လေးဟာ

ရတနာတစ်ပါးလို ဖူးဖူးအမှတ်
ခံနေရမှာလေ။ ဘယ်လိုလုပ်ပြီး
ဒီလိုနေရာမျိုးမှာ
ရောက်နေရတာလဲဟ?

သူကြီးအိုကြီးရဲ့ နောက်ဆက်တွဲ
ရှင်းလင်းချက်တွေဟာ လင်းဖုန်းရဲ့
မေးခွန်းတွေကို ဖြေကြားပြီး
ဖြစ်ခဲ့တယ်လေ။

လက်စသတ်တော့...
ရှောင်ပုတန်လေးရဲ့ မွေးရာပါ
တာအိုအရင်းမြစ်ဟာ သူစမွေး

လာကတည်းက ထုတ်ဖော်ပြသခဲ့တာ
မဟုတ်ပါဘူး။ သူ့ရဲ့မိဘတွေကလဲ
သူ့ရဲ့အဖိုးဟာ အလွန်ကိုမှပဲ
အန္တရာယ်များတဲ့ နေရာတစ်ခုမှာ
ပျောက်ဆုံးသွားတဲ့ အချိန်မှသာ
ရှာဖွေတွေ့ရှိ ခဲ့တာပဲ ဖြစ်ပါတယ်။
ရှောင်ပုတန်လေးရဲ့ မိဘနှစ်ပါးဟာ
သူ့ရဲ့အဖိုးကို သွားကယ်ဖို့
ဆန္ဒစောနေတဲ့ အတွက်ကြောင့်မို့လို့...
သူတို့ဟာ အသက်ခြောက်လတောင်
မပြည့်သေးတဲ့ ရှောင်ပုတန်လေးကို...
တခြားမိသားစု တစ်ခုမှာ
ထားခဲ့ရတယ်လေ။

အဲ့ဒီအချိန်က စပြီးတော့
ရှောင်ပုတန်လေးရဲ့ ကံမကောင်းတဲ့
ဖြစ်ရပ်တွေဟာ စတင်လာတော့
တာပါပဲ။ ထိုမိသားစုမှာလဲ ပါရမီရှင်
ကလေးတစ်ယောက် ရှိတယ်လေ။
သူ့ရဲ့နာမည်ဟာ ရှီထျန်းရီဖြစ်ပြီး…
သူဟာ ရှောင်ပုတန်လေးထက်
နှစ်အနည်းငယ် ပိုကြီးပါတယ်။ သူဟာ
မျက်စိတစ်ဘက်မှာ မျက်လုံး
သူငယ်အိမ် နှစ်ခုနဲ့
မွေးလာခဲ့တာဖြစ်ပြီး…
ရှောင်ပုတန်လေးကို
တွေ့လိုက်တဲ့အခါမှာ သူဟာ အန္တိမ
တာအိုအရင်းမြစ် တစ်ခုကို

ပိုင်ဆိုင်ထားတာကို
သိရှိလိုက်တယ်လေ။

နောက်ဆုံးမှာတော့… ရှီထျန်းရီရဲ့
မိခင်ဖြစ်သူဟာ ရှောင်ပုတန်လေးကို
မကောင်းကြံပါတော့တယ်။ သူမဟာ
လူတစ်ယောက်ကို ရှာလိုက်ပြီး
မှော်ကျိန်စာ တစ်ခုကို အသုံးပြုကာ
ရှောင်ပုတန်လေးရဲ့ အန္တိမ
တာအိုအရင်းမြစ်ကို
ခိုးယူလိုက်တယ်လေ။ ပြီးတော့မှပဲ
သူမရဲ့သားဖြစ်သူ… ရှီထျန်းရီဆီကို
လွှဲပြောင်းပေးလိုက်ပါတယ်။

ရှောင်ပုတန်လေးရဲ့ မိဘနှစ်ပါး
ပြန်ရောက်လာတဲ့ အချိန်ကျတော့…
အလာကောင်းပေမယ့်
အခါနှောင်းသွားခဲ့ပါပြီ။ ဒီအန္တိမ
တာအိုအရင်းမြစ်ဟာ ရှီထျန်းရီနဲ့
အပြည့်အဝ ပေါင်းစပ်သွားပြီးခဲ့ပြီလေ။
သူ့ကို ပြန်ယူချင်တယ်ဆိုရင်
ရှီထျန်းရီကို သတ်ပြီးမှ ထုတ်ယူလို့
ရတော့မှာပါ။ ဒါကလဲ
တော်ဝင်မိသားစုဖြစ်တဲ့ ရှီမိသားစုက
လက်ခံနိုင်တဲ့ ကိစ္စမဟုတ်ပါဘူး။

ရလဒ်အနေနဲ့ကတော့…
ရှောင်ပုတန်လေးရဲ့ မိဘနှစ်ပါးဟာ
ရုတ်ရုတ်သဲသဲ အုတ်အော်သောင်းတင်း
အကြီးကြီး တစ်ခုကို ဖန်တီးခဲ့ပြီး…
မဟာချင် အင်ပါယာရဲ့
မင်းနေပြည်တော်ကနေ တိုက်ခိုက်ပြီး
ထွက်လာခဲ့ပါတယ်။
သေအံ့မူးမူးဖြစ်နေတဲ့
ရှောင်ပုတန်လေးကို
ကယ်တင်နိုင်ဖို့အတွက်… သူတို့ဟာ
ဆေးဝါးရှာဖွေရန် အန္တရာယ်တွေနဲ့
အတိပြီးတဲ့ နေရာတစ်ခုကို
သွားလိုက်ရတယ်လေ။

ဒီအကြီးအကဲအိုကြီးဟာ
ငယ်စဉ်တုံးက… ကမ္ဘာကြီးရဲ့
နေရာအနှံ့မှာ
ကျင်လည်ကျက်စားခဲ့ပြီး…
တာအိုနည်းစနစ် အခြေခံတချို့ကို
သင်ယူနိုင်ခဲ့ပါတယ်။ သူ့ရဲ့ စွန့်စားခန်း
တစ်ခုမှာ… ရှောင်ပုတန်လေးရဲ့
ဖခင်ဖြစ်သူနဲ့ ရင်းနှီးခဲ့တယ်လေ။
လက်ရှိအချိန်မှာ သူတို့နှစ်ယောက်ရဲ့
အဆင့်အတန်းဟာ မိုးနဲ့မြေလို
ကွာခြားသွားခဲ့ပေမယ့်…
သူတို့နှစ်ယောက်ရဲ့ ခင်မင်မှုဟာ
ပြောင်းလဲမသွား ခဲ့ပါဘူး။
ဒါ့ကြောင့်ပဲ… ရှောင်ပုတန်လေးကို

ဒီသူကြီးအိုရဲ့အိမ်မှာ
ယာယီလာထားရခြင်းပဲ
ဖြစ်ပါတော့တယ်။

ဒါပေမဲ့လည်း... အကြီးအကဲအိုကြီးဟာ
ရှောင်ပုတန်လေးရဲ့ မိဘတွေ လွန်ခဲ့တဲ့
သုံးနှစ်လောက်တုံးက ဆေးရှာသွားတဲ့
အချိန်ကစပြီး စကားတစ်လုံးကိုမှ
ထပ်ပြီးတော့ မကြားခဲ့ရတော့ပါဘူး။

သူကြီးအိုကြီးက သက်ပြင်းတစ်ချက်
ချလိုက်ပါပြီ... "ဟင်း...
သစ်ပင်အိုကြီးက ပြဿနာ

မရှာခင်တုံးကလဲ ယုမိသားစုကလူတွေ ရောက်လာကြပြီ။ ဒီယုမိသားစု ဆိုတာက ရှိထျန်းရီရဲ့ အမေဘက်က အဘိုးရဲ့ မိသားစုပဲ။
ဘယ်သူကသိမှာလဲ...
သူတို့တတွေဟာ ဒီလောက်အထိ ရက်စက်ကြလိမ့်မယ်ဆိုတာ။
ရှောင်ပုတန်လေးရဲ့ အန္တိမ တာအိုအရင်းမြစ်ကို ခိုးယူသွားရုံတင် မကသေးဘူး... အသက်ကိုပါ ချမ်းသာမပေး ချင်ကြဘူးကွာ..."

ယုမိသားစု ဆိုတာက မဟာချင်
အင်ပါယာရဲ့ မဟာကလန်
လေးခုထဲမှာ တစ်ခုအပါအဝင်
ဖြစ်ပြီးတော့… စွမ်းအားကြီးမားတဲ့
ကျင့်ကြံမှုကလန်
တစ်ခုလဲဖြစ်တယ်လေ။
မျိုးဆက်တစ်ဆက် တိုင်းမှာလဲ
ခွန်အားကြီးတဲ့လူတွေ
ပေါ်ထွက်လာနေကြပါပဲ။ ဟိုငနဲ
နှစ်ကောင်ကတော့ အဆင့်အနိမ့်ဆုံး
အစေခံ သာသာပဲလေ။

စကားဆုံးသွားတာနဲ့…
သူကြီးအိုကြီးဟာ တိတ်ဆိတ်သွားပြီး
လင်းဖုန်းကို စိတ်လှုပ်ရှားစွာနဲ့
ကြည့်လိုက်ပါပြီ။ တစ်ချိန်ထဲမှာပဲ…
လင်းဖုန်းက ရှောင်ပုတန်လေးကို
အကဲခတ်နေခဲ့ပါတယ်။

အကြီးအကဲအိုရဲ့ ရှင်းပြချက်
အပြီးမှာတော့… ရှောင်ပုတန်လေးဟာ
အစ ပထမကတော့
တုန်လှုပ်သွားခဲ့တယ်လေ။
သူ့ရဲ့အကြည့်တွေဟာ ရှုပ်ထွေးမှုတွေနဲ့
ပြည့်နှက်နေပြီး နောက်ပိုင်းမှာတော့

ဝမ်းနည်းမှုတွေက
အစားထိုးဝင်ရောက်လို့ လာခဲ့ပါပြီ။
သူ့ရဲ့ မျက်လုံးအစုံကနေ မျက်ရည်တွေ
တသွင်သွင် စီးကျလာ လာခဲ့ပြီလေ။

"ဖိုးဖိုးကြီး... ကျွန်တော် မှတ်မိပြီ...
အခုကျွန်တော် မှတ်မိပြီဗျ..."
ရှောင်ပုတန်လေးရဲ့ မျက်နှာမှာလဲ
မျက်ရည်တွေနဲ့ စိုရွှဲလို့ နေခဲ့ပါပြီ။
သူဟာ တာအိုအရင်းမြစ်နဲ့
မွေးဖွားလာခဲ့တာ ဖြစ်ပြီး... သူ့ရဲ့
အသိဉာဏ်ဟာ
သာမာန်ကလေးတွေထက် အများကြီး

ပိုစောပါတယ်။ ရလဒ်အနေနဲ့… သူဟာ သူ့ရဲ့ ကလေးလေး ဘဝက ခါးသီးတဲ့ အတွေ့အကြုံတွေကို အကုန်သိနေခဲ့တယ်လေ။ သူတို့ဟာ လွန်စွာပဲ စိတ်မချမ်းမြေ့ဖွယ်ရာ ကောင်းလွန်းတော့… တမင်သက်သက်ပဲ မေ့ဖျောက်ထားခဲ့တာပါ။

သူကြီးအိုကြီးဟာ သက်ပြင်းတွေကိုပဲ ထပ်ခါထပ်ခါ ချနေခဲ့ပါတယ်။ လင်းဖုန်းကတော့ ရှောင်ပုတန်လေးကို တည်ငြိမ်စွာနဲ့ပဲ မေးလိုက်ပါပြီ…

"ကဲ… အခုတော့ မင်းက မင်းရဲ့ အတိတ်က အကြောင်းအရာတွေကို ပြန်ပြီး မှတ်မိသွားခဲ့ပြီဟ။ မင်းရဲ့ အတွေးတွေက ဘယ်လိုရှိနေလဲကွာ?"

"အား… ကျွန်တော့်မှာက အရမ်းကိုပဲ နာကျင်ခံစား နေရတယ်ဗျာ။ အဖေ… အမေ… ခင်ဗျားကြီးတို့က ဘယ်ကိုများ ရောက်နေကြလဲဗျာ?"
ရှောင်ပုတန်လေးဟာ အဆက်မပြတ်ကိုပဲ ငိုကြွေးနေခဲ့ ရှာပါတော့တယ်။

လင်းဖုန်းကလဲ
ခေါင်းကိုညိတ်လိုက်ကာ
တွေးလိုက်ပြီလေ... "ဟင်း...
ဘယ်လောက်ထိတောင် သနားစရာ
ကောင်းလိုက်တဲ့ ကလေးလေးလဲ..."
ပြီးတော့မှပဲ ပါးစပ်ကိုဟကာ
မေးလိုက်ပါပြီ... "အင်း... အခုတော့
မင်းက မင်းရဲ့ အန္တိမ
တာအိုအရင်းမြစ်ကို
ဆုံးရှုံးသွားခဲ့ပြီကွာ။ မင်းရဲ့
ကလန်အစ်ကိုဖြစ်တဲ့...
ရှီထျန်းနီဆိုတဲ့ကောင်ကို
မမုန်းဘူးလားကွ? သူက
နဂိုကတည်းက ဒွိစုံမျက်လုံးနဲ့

မွေးလာခဲ့တာလေ… အခုတော့ မင်းရဲ့
အနှိမ တာအိုအရင်းမြစ်ကိုပါ
ရသွားပြီပဲ။ အခုဆိုရင်…
ကျားကိုအတောင်ပံ
တပ်ပေးလိုက်သလို ဖြစ်သွားတော့…
တခြား ပါရမီရှင်တွေတောင်မှပဲ သူ့ကို
အမှီလိုက်ဖို့ဆိုတာ
ခက်ခဲသွားကြပြီကွ…"

ရှောင်ပုတန်လေးကလဲ တဖြေးဖြေးနဲ့
ငြိမ်သက်ကာ လာခဲ့ပါပြီ။ သူ့ရဲ့
မျက်ရည်တွေကို သုတ်လိုက်ရင်းနဲ့ပဲ…
ပြောလိုက်ပြီလေ… "ဟင့်… ဒါက

တာအိုအရင်းမြစ် တစ်ခုပဲ
မဟုတ်လား? ဦးသျှောင်ကေရာဇ်
အဆင့်ဆိုတာ ခန့်အပ်ခြင်းကို
ခံထားရတာမဟုတ်ဘူးဗျ… သူတို့ကို
တစ်ယောက်ရဲ့ ခြေလှမ်းတွေနဲ့
ကိုယ်တိုင်လျှောက်လှမ်းမှ ရတာလေ။
ကျွန်တော်က သူနဲ့ ကမ္ဘာဦးဝိညာဉ်
အဆင့်ကျရင် တွေ့မယ်ဗျ!"

လင်းဖုန်းကလဲ ပြုံးလိုက်ပါတယ်။
ရှောင်ပုတန်လေးကလဲ
ကောင်းချီးပေးတာကို
ခံစားလိုက်ရပြီး… ချက်ချင်းပဲ

ဒူးထောက်လိုက်ပြီလေ... "အား...
ဆရာသခင်... ကျွန်တော့်ကို
တပည့်အဖြစ် လက်ခံပြီး
တာအိုနည်းစနစ်တွေကို
သင်ကြားပေးပါခင်ဗျာ..."

ဒီအချိန်မှာပဲ စနစ်ကြီးရဲ့
အကြောင်းကြားချက်ဟာ
သူ့ရဲ့နားအထဲမှာ ပေါ်ပေါက်လာခဲ့ပါပြီ။
လင်းဖုန်းအတွက်ကတော့
နတ်ဘုရားမလေး တစ်ပါးရဲ့
အသံအလားပါပဲ။

"သင့်ရဲ့ ပထမဦးဆုံးသော တပည့်...
ရှီထျန်းဟောင်ကို ရရှိတဲ့အတွက်
ဂုဏ်ယူပါတယ်..."

"သင်ဟာ အောက်ပါအရာများကို
ဆုလာဘ်အဖြစ်နဲ့ ရရှိပါတယ်...
ကံစမ်းမဲ နှိုက်ခွင့်တစ်ခေါက်နဲ့
ကုန်သွယ်မှု အမှတ် ၅၀၀
တို့ပဲဖြစ်ကြပါတယ်..."

စာစဥ် ၁ : အပိုင်း ၁၀

# အပိုင်း ၁၀ : ဒုတိယအကြိမ်
# ကံစမ်းမဲနှိုက်ခွင့်

ယုမိသားစုက ကျင့်ကြံသူတွေနဲ့
တိုက်ခိုက်ရတယ်… ပြီးတော့မှ
မုယုံယန်ရန်တို့ အဖွဲ့ကို
ဂျင်းထည့်ရတယ်…
နောက်ဆုံးမှာတော့
မက်မွန်ပင်အိုကြီးနဲ့ ခက်ထန်တဲ့
တိုက်ပွဲတစ်ပွဲကို ဆင်နွှဲရတယ်လေ။

အချိန်အကြာကြီး ပြင်းပြင်းထန်ထန်
ကြိုးစားပြီးတဲ့ နောက်မှာတော့…

ရိပ်သိမ်းချိန်ကို ရောက်ခဲ့ပါပြီ။ သူ့ရဲ့ အနောက်ကနေ တကောက်ကောက် လိုက်နေတဲ့ ရှောင်ပုတန်လေးကို ကြည့်ပြီး... လင်းဖုန်းရဲ့ ရင်ထဲမှာ ဖော်ပြလို့ မရနိုင်တဲ့ ပျော်ရွှင်မှုတွေကို ခံစားနေခဲ့ရပြီလေ။

ကျောက်ခေတ်ကျေးရွာက လူတွေကို နှုတ်ဆက်ကာ... ဝူကျိုးမြို့ကို သွားတဲ့လမ်းကို စုံစမ်းလို့ အပြီးမှာတော့... လင်းဖုန်းဟာ ရှောင်ပုတန်လေးကိုခေါ်ပြီးတော့ ခရီးစလိုက်ပါပြီ။

ဝူကျိုးမှာက ဓာတ်လိုက်မင်းသား
အဆင့်လို့ ယူဆရတဲ့ ရှောင်ယန်ဆိုတဲ့
ကောင်လေးတစ်ယောက်က သူ့ကို
စောင့်နေတယ်လေ။

ကျောက်တုံးကျေးရွာကနေ
ဝူကျိုးမြို့ကို သွားမယ်ဆိုရင်တော့...
ကျယ်ပြန့်လှတဲ့
တောင်တန်းကြီးတွေကို ကျော်ကာ...
ရှေးကျလှတဲ့ တောအုပ်ကြီးတွေကို
ဖြတ်သန်းရမှာပဲ ဖြစ်ပါတယ်။

ဒီရေးကျလှတဲ့ တောနက်ကြီးတွေဟာ
လူ့အဖွဲ့အစည်းက ရိုးရိုးသာမာန်
တောအုပ်မျိုးတွေနဲ့ မတူပါဘူး…
ကိုယ်တိုင်တွေ့ကြုံခံစား ခဲ့ရတဲ့
သူတွေကသာ ဒီအချက်ကို
နားလည်နိုင်မှာပါ။

ကောင်းကင်အထိကို မိုးထိုးနေပြီး
နေရောင်တောင် ထိုးမပေါက်တဲ့ ရောမ
သစ်ပင်ကြီးတွေ… နှစ်စဉ်နှစ်တိုင်း
သူတို့ဆီကနေ ကိန်းဂဏာန်း ပမာဏ
အလွန်ကြီးမားတဲ့ သစ်ရွက်တွေဟာ
ကြွေကျလို့ နေခဲ့ပါတယ်။ ဒီလို

ရေခိုးရေငွေ့များပြီး စိုစွတ်ထိုင်းမှိုင်းတဲ့ နေရာမျိုးမှာ... သစ်ရွက်ကြွေတွေဟာ ခြောက်သွေ့တဲ့ မြေဩဇာတွေ အဖြစ်ကို ပြောင်းမသွားနိုင်ပဲ... ဆွေးမြေ့စေတဲ့ ဖြစ်စဉ် အကြာကြီးကို ဖြတ်သန်းပြီးနောက်မှာ... ရေဝပ်နေတဲ့ စိမ့်မြေစိမ့်စမ်း လွင်ပြင်အဖြစ်ကို ပြောင်းသွားကာ... စိုထိုင်းနေတဲ့ မြေဆွေးတွေနဲ့အတူ ဒီတောနက်ကြီး အတွင်းက ကြောက်စရာကောင်းတဲ့ ထောက်ချောက်တွေ အဖြစ်ကို အသွင်ပြောင်းသွား ခဲ့ပါတော့တယ်။

တောအုပ်ထဲက ပိုးမွှားတွေကလဲ
အပြင်မှာတွေ့ရတဲ့ထက်ကို
အဆပေါင်းများစွာ ပိုပြီးတော့
ကြီးမားပါတယ်။ လေထဲမှာ
ပျံသန်းနေတဲ့ ပြွတ်ခဲနေတဲ့
ခြင်ကြီးတွေဟာ... ငှက်အုပ်တွေ
အစုလိုက်.. အစုလိုက် အတိုင်းပါပဲ!

ဘေးတစ်ဘက်တစ်ချက် မှာရှိတဲ့
သစ်ပင်ပင်စည်ကြီး တွေမှာလဲ
အစိမ်းရောင် နွယ်ပင်အိုကြီးတွေဟာ
ဖုံးလွှမ်းလို့ နေခဲ့တယ်လေ...
တစ်လွှာပြီးတစ်လွှာ..

တစ်ပတ်ပြီးတစ်ပတ်.. ပိပိရိရိနဲ့
ရစ်ပတ်နွယ်ငင်လို့ နေကြပါပြီ။
တစ်ချိန်မှာဆိုရင် လင်းဖုန်းက
ကျော်ဖြတ်သွားတော့... ဒီနွယ်ပင်တွေ
အကြားမှာ ခိုအောင်းနေတဲ့
အစိမ်းရောင်ရင့်ရင့် မြွေတစ်ကောင်က
ခုန်ကိုက်တာကိုတောင်
ခံလိုက်ရပါသေးတယ်!

ဒီလိုမျိုး ရှေးကျလှတဲ့
တောနက်တွေထဲမှာ တစ်ယောက်ထဲ
ခြေကျင်ခရီးကြမ်း သွားတာဟာ
အလွန် အန္တရာယ်များတဲ့ အလုပ်လို့...

လင်းဖုန်းကတော့ ဝန်ခံရပါလိမ့်မယ်။
ဒါပေမဲ့လည်း အခုက ရှောင်ပုတန်လေး
ပါလာတော့... အားလုံးက
ပြောင်းလဲသွားခဲ့ပါပြီ။

အသက်က ၄နှစ်တောင်
မပြည့်သေးပေမယ့်...
ဒီတောင်တန်းတွေ အကြားမှာ
ကြီးပြင်းလာခဲ့တဲ့ ရှောင်ပုတန်လေး
အဖို့ကတော့... ဝါရင့်
တောတွင်းသားလေး တစ်ယောက်
ဖြစ်လို့နေခဲ့ပြီလေ။

သူလေးကနေ အရှေ့က
ဦးဆောင်သွားနေတော့...
လင်းဖုန်းဟာ
လမ်းလျှောက်နေရင်းကပဲ သူ့ရဲ့
ကိုယ်ပိုင် ဂန္ဓဝင်ဂိုဏ်းချုပ် စနစ်ကို
ထုတ်ကြည့်ဖို့ အချိန်ရှိသွားပါပြီ။

ရှောင်ပုတန်လေးက သူ့ရဲ့တပည့်
ဖြစ်လာတော့... စနစ်ကြီးထဲမှာ
တပည့်စနစ် စနစ်ခွဲတစ်ခု ထပ်ပြီးတော့
ပေါ်ပေါက် လာခဲ့တယ်လေ။

လက်ရှိအချိန်မှာတော့
ဒီတပည့်စနစ်ထဲမှာ
ရှောင်ပုတန်လေးရဲ့ နာမည်ပဲ
ရှိပါသေးတယ်။

အမည် : ရှီထျန်းဟောင်

အသက် : ၃နှစ် ရလ

လက်ရှိအဆင့် : ချီသာဝက အဆင့်၂

ဖြစ်နိုင်သော ပင်ကိုအရည်အချင်း :
အရိုးအရင်းမြစ် -> ၁၀...
သဘောပေါက် နားလည်နိုင်စွမ်း ->
၈... စိတ်စွမ်းအား -> ၈...
ကောင်းချီးမင်္ဂလာ -> ၈

မှတ်ချက် : အလွန်သန်မာသော ကိုယ်ခန္ဓာ ရှိပါတယ်... သာမာန် ချီသာဝက အဆင့်၂က ကျင့်ကြံသူတွေထက် အများကြီး အထက်တန်းကျပါတယ်။

အကြံပြု ထောက်ခံသော သင်ကြားမှု
အစီအစဉ် : မိုးကြိုးအနွယ်ဝင်
တာအိုနည်းစနစ်များကို
လေ့ကျင့်ပေးရန် အကြံပြု
ထောက်ခံပါတယ်... စွမ်းရည်တွေ
အနေနဲ့ဆိုရင် မှော်ကျိန်စာရော
သိုင်းပညာရပ်ပါ လေ့ကျင့်သင်ကြား
နိုင်ပါတယ်။

လင်းဖုန်းကလဲ ကျေနပ်စွာနဲ့ ခေါင်းကို
ညိတ်လိုက်ပါပြီ... သူဟာ
ရှောင်ပုတန်လေးကို ပြည့်စုံစွာနဲ့ပဲ
ဒီကောင်းကင်ကိုးလွှာ

မိုးကြိုးနည်းစနစ်ကို
လက်ဆင့်ကမ်းပေးလို့ ရတယ်လေ။

ပြီးတော့မှသူဟာ ကံစမ်းမဲ စနစ်ထဲကို
နောက်ထပ်တစ်ကြိမ် ဝင်လိုက်ပါပြီ။
ရှောင်ပုတန်လေးကို တပည့်အဖြစ်
လက်ခံလိုက်တုံးက… စနစ်ကြီးက
သူ့ကို ကံစမ်းမဲ တစ်ခေါက်နှိုက်ခွင့်
ထပ်ပေးထားခဲ့တယ်လေ။

အံ့စာတုံးစနစ်နဲ့
စက်ဝိုင်းကားချပ်စနစ်… လင်းဖုန်းဟာ
ကျပန်းစနစ်နဲ့ ရွေးချယ်ထားတဲ့

ကံစမ်းမဲ ဆုမဲတွေကို
တစ်ချက်ကြည့်လိုက်ပြီး အနည်းငယ်
စိတ်ပျက်လက်ပျက်
ဖြစ်သွားခဲ့ပါတယ်။
ကောင်းကောင်းကန်းကန်းဆိုလို့
ဘာတစ်ခုမှ မရှိပါဘူး… သူ့ရဲ့
မျှော်လင့်ချက်တွေကို
လျှို့ဝှက်သေတ္တာလေး အပေါ်မှာပဲ
ထားရမှာပါ။

နောက်ဆုံးတစ်ခေါက်တုံးက
မြောက်ပိုင်း အရဏ်ဦးဓားကို
ရခဲ့ပြီးနောက်မှာတော့… လင်းဖုန်းဟာ

ဒီလျှို့ဝှက် သေတ္တာလေးက
အထူးဆုကြီးနဲ့ တူပြီး ...
အထူးကောင်းမွန်တဲ့ အိုင်တမ်တစ်ခုကို
ပေးနိုင်တယ်လို့ သိထားပြီး
ဖြစ်တယ်လေ။

ဒီတစ်ကြိမ်မှာတော့... လင်းဖုန်းဟာ
စက်ဝိုင်းကားချပ် စနစ်ကို
ရွေးချယ်ခဲ့ပါတယ်။

ဟင်းလင်းပြင်ကြီးထဲမှာ...
အကွက်၁၈ကွက်နဲ့ စက်ဝိုင်းကားချပ်
တစ်ခုကို ပုံဖော်ထားခဲ့ပါတယ်။

မေးခွန်းအမှတ်နဲ့
လျှို့ဝှက်သေတ္တာလေး အပါအဝင်…
အိုင်တမ် ၁၅မျိုးကို
ထည့်သွင်းထားတယ်လေ။
ဗလာအကွက်ကလဲ ၂ကွက်
ပါပါသေးတယ်။

"သေတ္တာ... သေတ္တာ... သေတ္တာ... ကဲ...
လှည့်စမ်း!"

အတွေးတစ်ချက် နဲ့တင်ပဲ…
စက်ဝိုင်းကားချပ် အပေါ်မှာ
အလင်းစက်တစ်စက်ဟာ

ပေါ်လာခဲ့ပြီး...
စက်ဝိုင်းတစ်လျှောက်ကို
လျှင်မြန်စွာနဲ့ပဲ လှည့်ပတ်လို့
နေခဲ့ပြီလေ။

နှစ်ပတ်လောက် လှည့်လို့
အပြီးမှာတော့... အလင်းစက်လေးရဲ့
အရှိန်ဟာ တဖြေးဖြေးနဲ့ နှေးလို့
လာခဲ့ပါပြီ။ လင်းဖုန်းက
ဒီအလင်းစက်လေးကို အနီးကပ်
စိုက်ကြည့်ပြီးတော့ နေခဲ့ပါတယ်...
စိတ်ထဲကနေပဲ ဘယ်နေရာမှာ

ရပ်သွားနိုင်တယ် ဆိုတာကို
တွက်ချက်နေလို့ပါ။

အလင်းစက်ကလေးဟာ ပိုပြီးတော့
ရွေ့သွားလေလေ.. ပိုပြီးတော့
နှေးသွားလေလေ ပါပဲ…
လျှို့ဝှက်သေတ္တာလေး ဆီကိုလဲ
တဖြေးဖြေးနဲ့ နီးကပ်ကာ လာခဲ့ပါပြီ။

ပစ္စည်းသုံးမျိုးတို့ဟာ
အစဉ်အလိုက်အားဖြင့် မှော်ကျိန်စာ
မီးလျှံခေးမော့… မိစ္ဆာဖယ်ရှား

အဆောင်လက်ဖွဲ့နဲ့ လျှို့ဝှက်
သေတ္တာလေးတို့ပဲ ဖြစ်ကြပါတယ်။

မှော်ကျိန်စာ မီးလျှံခားမော့ဟာ
မီးဘောလုံးနဲ့ မိုးကြိုးလက်ဝါး
တို့နဲ့စာရင် အဆင့်ပိုမြင့်တဲ့
မှော်ကျိန်စာ တစ်ခုပဲ ဖြစ်တယ်လေ။
လက်ရှိမှာ ချီသာဝက အဆင့်ပဲ
ရှိသေးတဲ့ လင်းဖုန်း အတွက်ကတော့
အနေတော်ပါပဲ။ အဆင့်သိပ်မြင့်တဲ့
မှော်ကျိန်စာတွေဟာ
တောင်းဆိုချက်တွေ များလွန်းပြီး
အသုံးပြုဖို့ မလွယ်ကူပါဘူး။

မိစ္ဆာဖယ်ရှား
အဆောင်လက်ဖွဲ့ကတော့ စွယ်စုံရတဲ့
အဆောင်လက်ဖွဲ့ပဲ  ဖြစ်ပါတယ်။
သူက အထူးသဖြင့်
မကောင်းဆိုးဝါးတွေနဲ့
ဝိညာဉ်လိပ်ပြာတွေကို နှိမ်နှင်းရာမှာ
အသုံးဝင်တယ်လေ။ တစ်ခါသုံး
အိုင်တမ်တစ်ခု ဖြစ်ပေမယ့်လဲ…
အကျိုးရှိရှိသာ အသုံးချမယ်
ဆိုရင်တော့ မီးလျှံခားမော့
ထက်တောင်မှ ပိုပြီးတော့
အသုံးဝင်နိုင်ပါတယ်။

ဒီပစ္စည်း နှစ်မျိုးစလုံးကလဲ ကုန်သွယ်မှု
စနစ်ထဲမှာ ရှိကြပြီး… နှစ်ခုလုံးက
ကုန်သွယ်မှုအမှတ် ရာနဲချီပြီးတော့
ကျသင့်မှာပါ။

ဒါပေမဲ့လည်း သူတို့ရဲ့
ဆွဲဆောင်နိုင်မှုဟာ လျို့ဝှက်
သေတ္တာလေးကိုတော့
မယှဉ်နိုင်ခဲ့ပါဘူး။

အလင်းစက် ကလေးဟာ
မီးလျှံခားမော့ အနားကို

ရောက်လာခဲ့ပြီး… ရပ်တန့်တော့
မလိုလို ဖြစ်နေခဲ့ပါပြီ။ လင်းဖုန်းဟာ
အသက်ရှူအောင့်ထားပြီး…
အသံတစ်စက်မှတောင်
မထွက်ရဲခဲ့ပါဘူး… ဒါပေမဲ့လည်း
ရင်ဘတ်ကြီး ထဲကနေတော့
အော်ဟစ်နေလို့ပါ… "ကဲ…
ကျော်လိုက်ဦး… ကျော်လိုက်ဦးဟေ့…
ကျော်လိုက်ဦးဟ!"

လင်းဖုန်းရဲ့ အတွေးတွေကို
ကြားလိုက်ရတဲ့ အတိုင်းပဲ…
ဒီအလင်းစက် ကလေးဟာ

မီးလျှံခေါးမော့ကို ကျော်ပြီးတော့
မိစ္ဆာဖယ်ရှား အဆောင်လက်ဖွဲ့လေး
ရှိတဲ့ အကွက်ဆီကို ရောက်ရှိကာ
လာခဲ့ပါပြီ။

"ကဲကဲ... ထပ်ကျော်လိုက်ဦး...
ထပ်ကျော်လိုက်ဦးဟေ့...
ထပ်ကျော်လိုက်ဦးဟ!"

ဒီအလင်းစက် ကလေးကလဲ
စိတ်မပျက် စေခဲ့ပါဘူး...
လင်းဖုန်းဆန္ဒအတိုင်းပဲ မိစ္ဆာဖယ်ရှား

အဆောင်လက်ဖွဲ့ကို ထပ်ဖန်တစ်ခါ
ကျော်လွန်ကာ သွားခဲ့ပြီလေ။

လင်းဖုန်းက ရင်ထဲကနေပဲ
ကျေနပ်အားရ နေလို့ပါ။ ဟဲဟဲ…
ငါ့ရဲ့ကံလေးကလဲ မဆိုးလှဘူးပဲ…
ကံစမ်းမဲ နှစ်ခါနှိုက်တာ အထူးဆု
နှစ်ခါပေါက်တယ်။

"အင်း… ကြည့်ရတာတော့ ငါ့ရဲ့
ကောင်းချီးမင်္ဂလာကလဲ
နိုင်းလောက်ရှိမယ်ထင်တယ်!"
လင်းဖုန်းဟာ သူ့ရဲ့စိတ်ထဲကပဲ

ပျော်ရွှင်မြူးတူးစွာနဲ့ပဲ
တွေးနေခဲ့ပါတယ်... ဒါပေမဲ့လည်း
သူ့ရဲ့ မျက်လုံးထောင့်စွန်းတွေက
စက်ဝိုင်းကားချပ်ကြီးရဲ့ အနားကို
ပြန်ရောက်သွားတဲ့ အချိန်မှာတော့...
ထိတ်လန့်ပြီး သေလုမတတ်
ဖြစ်သွားခဲ့ပါပြီ။

ဒီအလင်းစက် ကလေးဟာ
တကယ်ကိုပဲ ဆက်သွားခဲ့ပြီး
လျှို့ဝှက်သေတ္တာလေးကို
ကျော်တော့မလိုလို ဖြစ်နေခဲ့ပြီလေ။

လင်းဖုန်းကလဲ ချက်ချင်းကိုပဲ
စိတ်လှုပ်ရှား သွားပါတော့တယ်...
"ဟော့...ဟော့... ရပ်ဦးလေ...
ရပ်ဦးဟော့... ရပ်ဦးဟ...
နင့်မေကလွှားတဲ့မှပဲကွာ!"

အလင်းတန်းလေးဟာ
နောက်ဆုံးမှာတော့
ရပ်တန့်သွားခဲ့ပါပြီ... ဒါပေမဲ့လည်း
လျှို့ဝှက်သေတ္တာလေးကို
ကျော်သွားပြီး နောက်အကွက်ထဲကို
ရောက်သွားခဲ့တယ်လေ။

လင်းဖုန်းကလဲ ကြည့်လိုက်ပြီးတော့
မှင်သက်သွားခဲ့ပါတယ်။

ဝိညာဉ်တည်ငြိမ်မြက်ပင်။

တစ်ယောက်ရဲ့ စိတ်ဝိညာဉ်ကို
တည်ငြိမ်စေပြီး ခိုင်ခံ့မြဲမြံ
စေပါတယ်... ပြီးတော့
ဝိညာဉ်ကျောက်ဆူး ဆေးလုံးရဲ့
အဓိကအမယ်လဲ ဖြစ်တယ်လေ။
သူတို့ဟာ အမတန်မှ ရှားပါးပြီး ရှာဖွေရ
ခက်ခဲပါတယ်။

လင်းဖုန်းဟာ မျက်မှောက်ကြီးကို ကြုတ်လိုက်ပါပြီ… သူ့ရဲ့ အကြည့်တွေကို သူ့ရဲ့လက်ထဲကို ရောက်လာခဲ့ပြီဖြစ်တဲ့ ဝိညာဉ်တည်ငြိမ် မြက်ပင်ရဲ့အနားကို စူးစိုက်ကာ ထားလိုက်ပြီလေ။

အခုလေးတင်ပဲ သူ့ရဲ့စိတ်ထဲမှာ အတွေးတစ်ခုဟာ ပေါ်လာခဲ့ပါတယ်… ဒီဝိညာဉ်တည်ငြိမ် မြက်ပင်ဟာ တစ်ချိန်ချိန်မှာတော့ သူ့အတွက် အသုံးဝင်လာ လိမ့်မယ်လို့ပါ။

ဒါပေမဲ့လည်း အဲ့ဒီအတွေးလေးကလဲ
မှုန်ဝါးဝါးနဲ့ပါ... လင်းဖုန်းဟာ
ခပ်မြန်မြန်ပဲ ကုန်သွယ်မှု စနစ်ထဲကို
ဝင်ကြည့်လိုက်ကာ
ဝိညာဉ်ကျောက်ဆူး ဆေးလုံးကို
ရှာလိုက်ပြီး... သူ့ရဲ့ ဖော်ပြချက်တွေကို
ဖတ်ကြည့်လိုက်ပါတယ်။

ဒီဝိညာဉ်ကျောက်ဆူး ဆေးလုံးဟာ
သာမာန်လူတွေ အတွက်တော့ သိပ်ပြီး
အသုံးမဝင် လှပါဘူး... ဒါပေမဲ့ သူဟာ
သူတို့ရဲ့ ခန္ဓာကိုယ် ကိုယ်ထည်ကို
ဆုံးရှုံးလိုက်ရတဲ့ သရဲတစ္ဆေတွေ..

ဝိညာဉ်လိပ်ပြာတွေအတွက် သူတို့ရဲ့
စိတ်ဝိညာဉ် ကိုယ်ခန္ဓာကို ပြန်ပြီးတော့
မြဲမြံခိုင်ခန့်အောင်
ပြုလုပ်ပေးနိုင်တယ်လေ။

လင်းဖုန်းဟာ တစိမ့်စိမ့်နဲ့
တွေးနေပါတယ်...
စိတ်ကူးစိတ်သန်းလေး တစ်ခုတော့
ရေးရေးလေး ပေါ်လာသလိုပါပဲ...
ဒါပေမဲ့လည်း ရေရာသေချာမှုတွေ
မရှိသေးပါဘူး။ သူဟာ
အချိန်အကြာကြီးယူကာ
စဉ်းစားရဦးမှာဖြစ်တော့...

ဒီဝိညာဉ်တည်ငြိမ် မြက်ပင်ကို
သိမ်းလိုက်ပြီး ကုန်သွယ်မှုစနစ်ထဲကို
ဝင်ကြည့်လိုက်ပါပြီ။

ရှောင်ပုတန်လေးကို တပည့်အဖြစ်
လက်ခံလိုက်တော့… ကံစမ်းမဲ
နှိုက်ခွင့်အပြင် သူဟာ ဆုလဒ်အနေနဲ့
ကုန်သွယ်မှုအမှတ် ၅၀၀
ရရှိခဲ့တယ်လေ…
မျက်နှာသစ်လက်ဆောင်က
သူ့ကိုပေးတဲ့ ပဏာမ အရင်းအနှီး
ထက်တောင်မှပဲ ပိုများနေခဲ့
သေးပါတယ်။

လင်းဖုန်းဟာ မော့်ကျိန်စာ ဒါမှမဟုတ် စွမ်းရည်တစ်မျိုးကို ဝယ်ယူဖို့အတွက် ပြင်ဆင်နေခဲ့တာပါ။

နည်းစနစ် အနေနဲ့ဆိုရင် သူ့ဆီမှာက ကောင်းကင်ကိုးလွှာ မိုးကြိုးနည်းစနစ် ရှိပြီးသားလေ… မော့်အိုင်တမ် အနေနဲ့ကလဲ မြောက်ပိုင်းအရဏ်ဦးခါး ရှိပြီးသားဆိုတော့… နှစ်မျိုးစလုံးကို လောလောဆယ်မှာတော့ အရေးတကြီး မလိုအပ်သေးပါဘူး။ ဒါပေမယ်လဲ မော့်ကျိန်စာဖက်ကို

ပြန်ကြည့်လိုက်ရင်တော့…
ကောင်းကင်ကိုးလွှာ
မိုးကြိုးဆင့်ခေါ်ချက်ရဲ့ စွမ်းပကားဟာ
အံ့မခန်းဖြစ်ပေမယ့်… သူ့မှာလဲ သူ့ရဲ့
ကန့်သတ်ချက်တွေရှိပြီး
တကယ့်တိုက်ပွဲမှာ အဆင်မပြေ
နိုင်မှုတွေက အများကြီး ရှိတယ်လေ။

တကယ်တမ်း ဆိုရရင်…
ဒီကောင်းကင်ကိုးလွှာ
မိုးကြိုးဆင့်ခေါ်ချက်ဟာ ဝက်ပါ
နည်းစနစ် တစ်မျိုးဖြစ်ပါတယ်။
အသုံးပြုသူဟာ မှော်ကျိန်စာဝက်ပါကို

ကြိုတင်တည်ဆောက်
ထားရမှာဖြစ်ပြီး… နောက်မှ
ကမ္ဘာကြီးရဲ့ စွမ်းအားတွေကို ဆွဲငင်ကာ
ဝက်ပါကို အားဖြည့်ပေးရမှာ
ဖြစ်တယ်လေ။

ဒါပေမဲ့လည်း အရာအားလုံးဟာ
အားသာချက်ရှိသလို
အားနည်းချက်ကိုယ်စီလဲ ရှိကြတာပါပဲ။
ဒီဝက်ပါရဲ့ စွမ်းပကားဟာ
ကြီးမားပေမယ့်…
တည်ဆောက်ရတာက မလွယ်ပါဘူး။
မှော်ကျိန်စာ ဝက်ပါတွေကို

အသေထိုင်ထားရပြီး ရွှေ့ပြောင်းလို့
မရနိုင်တာကို မပြောနဲ့ဦး… ဝက်ပါ
တည်ဆောက်ရတာကိုက
ပစ္စည်းအမယ်ပေါင်း များစွာနဲ့
အချိန်အများကြီး လိုအပ်ပါတယ်။
ရှောင်တခင် အရေးပေါ်
အခြေအနေတွေနဲ့
ကြုံတွေ့လာခဲ့လို့ရှိရင်
အလစ်တိုက်ခိုက် လာတာကို ခံရဖို့
လွယ်ကူတယ်လေ။

ဒါ့ကြောင့်မို့ ဒီအချိန်မှာ လင်းဖုန်းဟာ
မှော်ကျိန်စာတို့.. စွမ်းရည်တို့ကို

ဝယ်ယူဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပြီး...
မှော်ကျိန်စာ တစ်မျိုးဖြစ်တဲ့
တိမ်လွှာနဂါး လွှတ်မြောက်ခြင်းကို
မျက်စိကျနေ ခဲ့ပါတယ်။

လွှတ်မြောက်ခြင်း နည်းစနစ်တွေဟာ
ကျင့်ကြံသူတွေ အတွက်တော့
အရမ်းကိုပဲ အသုံးဝင်လှတယ်လေ။
တစ်ယောက်က လွှတ်မြောက်ခြင်း
နည်းစနစ်တွေကို
ကျွမ်းကျင်ထားခဲ့မယ် ဆိုရင်...
ပြိုင်ဘက်ကို မယှဉ်နိုင်တဲ့ အခါမှာ
ထွက်ပြေးလို့ရပြီး... မနိုင်လို့

ထွက်ပြေးသွားခဲ့တဲ့
ပြိုင်ဘက်တွေကိုလဲ လိုက်ဖမ်းလို့
ရပါတယ်။

တိမ်လွှာနဂါး လွတ်မြောက်ခြင်းဟာ
အမှန်တကယ်တော့
မဟာလွတ်မြောက်ခြင်း
နည်းစနစ်တစ်ခုရဲ့ အစိတ်အပိုင်းလေး
တစ်ခုသာ ဖြစ်တယ်လေ။ ဒီမဟာ
လွတ်မြောက်ခြင်း နည်းစနစ်ကိုတော့
"နဂါးလွတ်မြောက်ခြင်း"လို့ခေါ်ပြီး…
တိမ်လွှာနဂါး လွတ်မြောက်ခြင်း..
အရိပ်နဂါး လွတ်မြောက်ခြင်း..

ရေပြင်နဂါး လွှတ်မြောက်ခြင်း
စတာတွေနဲ့ မတူညီတဲ့
အသုံးဝင်မှုပေါင်း များစွာနဲ့
အခြားလွှတ်မြောက်ခြင်း
နည်းစနစ်တွေလဲ ပါပါသေးတယ်။

တစ်ခုပဲ ရှိတာပါ… ဒီနဂါး
လွှတ်မြောက်ခြင်း တစ်ခုလုံးကို
ဝယ်ယူဖို့အတွက် ကုန်သွယ်မှုအမှတ်
အများအပြား လိုအပ်တာပဲ
ဖြစ်တယ်လေ… လင်းဖုန်းရဲ့
လက်ရှိအခြေအနေ နဲ့ကတော့
လုံးဝကိုပဲ ဝယ်ယူနိုင်စွမ်း

မရှိသေးပါဘူး။ ခြေတစ်လှမ်း
နောက်ဆုတ်ထားရုံသာ
တတ်နိုင်ပါတော့တယ်။ လေးနက်စွာနဲ့
စဉ်းစားစစ်ဆေး
ပြီးတဲ့နောက်မှာတော့… သူဟာ
ဒီတိမ်လွှာနဂါး လွတ်မြောက်ခြင်းကို
ရွေးချယ်ခဲ့ပါတယ်။

ဒီတိမ်လွှာနဂါး လွတ်မြောက်ခြင်း
နည်းစနစ်ဟာ အဓိကအားဖြင့် ခရီးတို
လှုပ်ရှားမှုတွေကို အသုံးပြုထားပြီး
နေရာကျဉ်း တွေထဲမှာ
တိုက်ခိုက်မှုတွေကို

ရှောင်တိမ်းနိုင်မှာပါ။ လေ့ကျင့်တဲ့သူရဲ့ ခြေထောက်ဟာ မြွေတွေ.. နဂါးတွေလို လှုပ်ရှားရမှာဖြစ်ပြီး… တိမ်လွှာစီးနေရ သလိုမျိုးနဲ့ ပြိုင်ဘက်တွေဟာ ကိုယ့်ရဲ့ အကျီစကိုတောင်မှပဲ ထိနိုင်မှာ မဟုတ်ပါဘူး။ သူက တကယ့်တိုက်ပွဲတွေမှာ  အလွန်တရာ ကိုမှပဲ အသုံးဝင်လှတယ်လေ။

သူ့ရဲ့ အသိစိတ်တွေဟာ စနစ်ကြီးရဲ့ အထဲကနေ ပြန်ထွက်လာတဲ့ အခါမှာတော့… ရှောင်ပုတန်လေးက သူ့ကို မျှော်လင့်နေတဲ့ မျက်နှာလေးနဲ့

စိုက်ကြည့်နေခဲ့တာကို
တွေ့ခဲ့ရပါတယ်... "အား...
ဆရာသခင်... ကျွန်တော်က ဆရာ
အနားကနေ တာအို နည်းစနစ်တွေကို
ဘယ်အချိန်ကစပြီးတော့
သင်ယူနိုင်မှာလဲဗျ?"

လင်းဖုန်းကလဲ ဖွဖွလေး ပြုံးလိုက်ပြီး...
သူ့ရဲ့ခေါင်းလေးကို ပွတ်လိုက်ကာ...
"ဟားဟား... စိတ်အေးအေး
ထားစမ်းပါကွာ... မင်းလေးက ဆရာရဲ့
တပည့်ကြီးပဲ... ဆရာသခင်က မင်းကို
ဘယ်လိုလုပ်ပြီး မေ့ထားပါ့မလဲဟ?"

ရှောင်ပုတန်လေးရဲ့
မျက်ဝန်းနက်ကြီးတွေဟာ
ကလယ်ကလယ်နဲ့ ဖြစ်သွားပါပြီ...
"အား... ဆရာသခင်ရေ...
ကျွန်တော်က တပည့်အကြီးဆုံး
မဖြစ်ချင်ဘူး ခင်ဗျ။ ကျွန်..
ကျွန်တော်က အငယ်ဆုံး
တပည့်လေးပဲ ဖြစ်ချင်တာလေ..."

လင်းဖုန်းကလဲ အနည်းငယ်
စိတ်ရှုပ်ထွေးသွားခဲ့တယ်လေ...
သူ့ရဲ့အရှေ့က နီထွေးနေတဲ့

နှုတ်ခမ်းအစုံ.. ဖြူဖွေးလှပတဲ့
သွားတွေနဲ့ ကြွေရုပ်လေးလိုမျိုး
ချစ်စရာ ကောင်းလှတဲ့
ရှောင်ပုတန်လေးကို ကြည့်လိုက်ပြီး...
"ဟားဟား... ဘာမှ မပူပါနဲ့ကွာ...
မင်းလေးက ငယ်သေးပေမယ့် မင်းက
ဂိုဏ်းထဲကို ထိပ်ဆုံးဝင်ခဲ့တာလေ...
မင်းလေးက အကြီးဆုံး
တပည့်ကြီးဖြစ်တာ ဘာမှ ပြဿနာ
မရှိပါဘူးဟ။ နောင်အနာဂတ်မှာ
ဆရာသခင်က နောက်ထပ်
တပည့်တွေကို လက်ခံတဲ့အခါ
သူတို့တတွေက တိတ်တိတ်လေးပဲ

မင်းရဲ့ ဂျူနီယာလေးတွေ
ဖြစ်လာကြမှာလေကွာ..."

ရှောင်ပုတန်လေးက လင်းဖုန်းရဲ့
လက်ကို ကိုင်လိုက်ကာ
ဆွဲယမ်းလှုပ်ခါလိုက်ပြီး... "ဒါ...
ဒါပေမဲ့ ဆရာသခင်ရယ်... ကျွန်...
ကျွန်တော်က အငယ်ဆုံး
တပည့်လေးပဲ
တကယ်ဖြစ်ချင်နေတာလေဗျာ..."

လင်းဖုန်းကလဲ စဉ်းစားရ
ခက်သွားပြီး... "ဟာ...
ဘာကြောင့်များလဲကွာ?"

ရှောင်ပုတန်လေးရဲ့ ခြေဖျားတွေဟာ
မြေကြီးပေါ်ကို ကုပ်ထားလိုက်ပြီး...
ရှက်ကိုးရှက်ကန်းနဲ့ပဲ
သူ့ရဲ့ခေါင်းလေးကို ငုံ့လိုက်ကာ...
"ရှာ... ရှာမှာဆိုရင်တော့ ဒီလိုပဲ
ဆရာရယ်... ကလေးတွေ
အများကြီးရှိတဲ့ မိသားစု
တွေမှာဆိုရင်... အငယ်ဆုံး
ကလေးကိုပဲ အချစ်ပို ကြတာလေ...

ပြီး... ပြီးတော့ ရွာမှာက ကျွန်တော်က
အငယ်ဆုံးလေးဆိုတော့...
အကုန်လုံးက ကျွန်တော့်ကို ဝိုင်းပြီး
အလိုလိုက် ကြတာပေါ့..."

လင်းဖုန်းကလဲ သူ့ရဲ့ အရှေ့က
ခပ်ဆိုးဆိုး ကောင်လေးကို
ကြည့်လိုက်ပြီး ဆွံ့အသွားခဲ့ပါတယ်...
အချိန်အတော်ကြီး ကြာပြီးမှ
ဒေါသတစ်ဝက်.. ဟာသတစ်ဝက်
လေသံနဲ့ ပြောလိုက်ပါပြီ... "ဟော့...
မှင်စာလေးရေ... ငါကတော့ မင်းကို
တော်တယ်လို့ပဲ ချီးကျူးရမလား...

အတယ်ဆိုပြီး ရိုက်ရတော့မလား
မသိတော့ပါဘူးကွာ။ ဒါက မင်းတို့ရဲ့
ကျောက်ခေတ်ကျေးရွာ
မဟုတ်ဘူးဟ… နေရာအားလုံးကို
အတူတူပဲလို့ တွက်လို့မရဘူးကွ…"

"ပြောင်းပြန်ပဲ… တစ်ချို့နေရာ
တွေမှာဆိုရင် အငယ်ဆုံး
ကလေးတွေက အနိုင်အကျင့်
အခံရဆုံးပဲ ဖြစ်တယ်ကွယ့်…"
လင်းဖုန်းက ရှောင်ပုတန်လေးကို
အပြုံးဖွဖွလေးနဲ့ပဲ ကြည့်လိုက်ပြီလေ…
"ကဲ… မင်းလေးက သေချာစဥ်းစားလို့

ပြီးပြီလား… မင်းဟာ အမြဲတမ်းပဲ
အငယ်ဆုံးလေး ဖြစ်ချင်နေတယ်
ဆိုရင်လဲ ကိစ္စတော့ မရှိပါဘူးကွာ။
ဒါပေမဲ့လည်း အနာဂတ်မှာ မင်းရဲ့
စီနီယာကြီး တွေက မင်းလေးကို
အဝတ်လျှော်..
အိမ်သာဆေးခိုင်းရင်တော့
နောင်တမရနဲ့ပေါ့ကွာ…"

ရှောင်ပုတန်လေးရဲ့ မျက်လုံးအစုံဟာ
ကလယ်ကလယ်လေး
ဖြစ်သွားခဲ့တယ်လေ… လင်းဖုန်းရဲ့
လက်ကို  ဆွဲခါလိုက်ရင်း…

စပ်ဖြဲစပ်ဖြဲနဲ့ပဲ ပြောလိုက်ပါပြီ...
"အား... ကျွန်တော်မျိုးလေးက
အဝတ်လျှော်.. အိမ်သာဆေးပြီးတော့
ဆရာသခင်ရဲ့ ပုခုံးလေးတွေကို
နှိပ်ပေးပါ့မယ်...ဗျ။ ဆရာသခင်က
ဘေးမှာရှိနေပြီးတော့
ရှောင်ပုတန်လေးကလဲ
ဒီလောက်လိမ္မာတာဆိုတော့...
စီနီယာကြီးတွေက
ဘယ်နှိပ်စက်ရက်ကြပါ့ မလဲဗျာ..."

လင်းဖုန်းကလဲ သူ့ရဲ့ မျက်စိရှေ့က
မှင်စာလေးကို ကြည့်လိုက်ပြီး...

အချိန်အနည်းငယ်မျှ ကြာအောင်
ငြိမ်သက်သွားခဲ့ပါပြီ။
နောက်ဆုံးမှာတော့
တစ်ချက်ရယ်လိုက်ပြီး...
ရှောင်ပုတန်လေးရဲ့ နဖူးကို
ထုလိုက်ကာ... "အိုး...
မင်းလေးကတော့ကွာ..."

ရှောင်ပုတန်လေးကလဲ
အပြစ်ကင်းစင်တဲ့ အပြုံးလေးနဲ့ပဲ
ရယ်လိုက်ပါတော့တယ်။

## စာစဥ် ၁ : အပိုင်း ၁၁

# အပိုင်း ၁၁ : ဆရာသခင်ကလဲ သန်မာအောင်ကြိုးစားရမယ်

နံပါတ်တစ် ဂိုဏ်းတူအကိုကြီး
အဖြစ်ကနေ အငယ်ဆုံးဂိုဏ်းသားလေး
ဘဝကို ရာထူး ကျသွား အပြီးမှာတော့
ရှောင်ပုတန်လေးဟာ
အူလှိုက်သည်းလှိုက်နဲ့ပဲ
ရယ်မောလို့နေခဲ့ပါပြီ။
သူလေးကိုကြည့်ရတာဟာ
အလွန်ကြီးမားတဲ့

ဈေးဆစ်မှုကြီးတစ်ရပ်ကို အောင်မြင်မှု
ရလိုက်သလိုပါပဲ။

ဟူး...တော်ပါသေးရဲ့ကွာ...
လင်းဖုန်းကလည်း
စိတ်သက်သာရာရစွာနဲ့
သက်မတစ်ချက်ကို
ချလိုက်ပါတော့တယ်။
ရည်ရွယ်တာပဲဖြစ်ဖြစ်...
မရည်ရွယ်တာပဲဖြစ်ဖြစ်
ရှောင်ပုတန်လေးဟာ
သူ့ရဲ့ခေါင်းစားနေတဲ့

ပြဿနာတစ်ရပ်ကို
ဖြေရှင်းပေးလိုက်ပြီလေ။

နို့မဟုတ်ရင်တော့ သူဟာအနာဂတ်မှာ
တပည့်လောင်းလေးတွေကို
လက်ခံပြီးရင်တော့ ဦး
နှောက်စားတော့မှာပါ။  ဟုတ်တာပေါ့
လေ... ဘယ်သူက ပါးစပ်မှာနို့ပေနေတဲ့
၄နှစ်အရွယ် ကလေးလေးကို
စီနီယာအကိုကြီးလို့ ခေါ်ချင်ပါ့မလဲ။

လင်းဖုန်းဟာ ရှောင်ပုတန်လေးကို
ပြုံးပြီးတော့ ကြည့်လိုက်ပါပြီ...

"အား... ကောင်ကလေးရာ...
မင်းလေးက ဒီလောက်အထိ
သိတတ်မှတော့ ဆရာသခင်ကလဲ
မင်းကိုကောင်းကောင်းလေး
စောင့်ရှောက်ပေးရ မှာပေါ့ကွာ"

အကြီးဆုံးတပည့်ပဲ ပြောပြော...
အငယ်ဆုံးတပည့်ပဲ ဆိုဆို...
လောလောဆယ်မှာတော့ တပည့်က
ဒီတစ်ယောက်ပဲ ရှိသေးတာလေ။

ရှောင်ပုတန်လေးကို ကြည့်ရင်းနဲ့ပဲ
ဆရာတစ်ယောက်ရဲ့ ပီတိတွေကို

ခံစားမိပြီး ဝမ်းသာကြည်နူးလာခဲ့ပါ
တော့တယ်။

ဒါပေမယ့်လဲ သိပ်မကြာခင်မှာပဲ အ
တွေးတစ်ချက်ဝင်လာတော့
လင်းဖုန်းတစ်ယောက်ဟာ
စိတ်ခေတ်ကျချင်ချင် ဖြစ်လာပါ
တော့တယ်။ ရှောင်ပုတန်လေးရဲ့
သဘောပေါက် နားလည်နိုင်စွမ်းက
အရမ်းကို
မြင့်မားနေခဲ့တာလေ...အရိပ်လေး
ပြလိုက်ရုံနဲ့ တစ်ကောင်လုံးကို
မြင်နေပါပြီ။

ကောင်းကင်ကိုးလွှာ
မိုးကြိုးနည်းစနစ်လိုမျိုး အလန်းစား
တာအိုနည်းစနစ် မျိုးကိုတောင်မှ
အားသိပ်မစိုက်ရပဲ လွယ်လွယ်ကူကူ
သင်ယူနိုင်ခဲ့တယ်လေ။

တိမ်လွှာနဂါးလွတ်မြောက်ခြင်း
နည်းစနစ်ကတော့ စာတောင်မဖွဲ့
လောက်ပါဘူး

သူ့ရဲ့ အရိုးအရင်းမြစ် အမှတ်ပြည့် ၁၀
မှတ်နဲ့ စာရင်တော့ သဘောပေါက်

နားလည်နိုင်စွမ်း အမှတ် ၈ဟာ
ကြည့်လိုက်ရင် မျက်စိကို သိပ်ပြီးတော့
မဖမ်းစားနိုင်သလိုပါပဲ။

ဒါပေမဲ့... တကယ်တမ်းကျတော့?

သဘောပေါက်နားလည်နိုင်စွမ်း အမှတ်
၈ ဆိုတာ မဟာပါရမီရှင်အဆင့်ပါ...
လူတစ်သန်းမှာ တစ်ယောက်
လောက်တောင်မှ မရှိပါဘူး။

လင်းဖုန်းဟာ သူ့ကို ဘာမှသိပ်ပြီးတော့
ညွှန်ပြပေးစရာ မလိုပါဘူး...သူ့ကို

သင်ပေးရတာဟာ ဘဲလေးတစ်
ကောင်ကို ရေအထဲ
ချပေးလိုက်ရသလိုပါပဲ...နောက်ပိုင်းမှာ
သူ့ကိုယ်သူပဲ
ပြန်သင်သွားပါတော့တယ်။

ဒီလိုတပည့်မျိုးနဲ့
ကြုံရတဲ့အခါမှာတော့... လင်းဖုန်းဟာ
ဇာတ်လိုက်အဆင့် ဇာတ်ကောင်တွေရဲ့
ထူးခြားပုံတွေကို ကြည့်ပြီးတော့ပဲ
သက်ပြင်းတွေကိုသာ တဟင်းဟင်းနဲ့
ချမိပါတော့တယ်။

သူ့ရဲ့ဖိအားတွေကလဲ တောင်လိုပဲ
ကြီးမားလာခဲ့ပြီလေ။

ဟင်း...သူဟာ
သူ့ရဲ့ကိုယ်ပိုင်စွမ်းအားကို
အမြန်ဆုံးမြှင့်တင်နိုင်ဖို့ လိုအပ်နေပါပြီ။
နောက်ဆုံးမှာတော့
သူ့ရဲ့တပည့်တွေဟာ
ဆရာဖြစ်တဲ့သူထက်
လက်စောင်းထက်နေရင်တော့ သူက
လုံးလုံးကြီးကို အရှက်ကွဲရမှာပါ။

သူရဲ့ရှေ့က ရှောင်ပုတန်လေးပဲ
ဖြစ်ဖြစ်…ဝူကျိုးမြို့မှာ စောင့်နေတဲ့
ရှောင်ယန်လေးပဲ ဖြစ်ဖြစ်… ဒီလို
ဇာတ်လိုက်အဆင့် ဇာတ်ကောင်တွေ
လျှောက်ရမဲ့ ခရီးလမ်းဟာ…
မီးလျှံတွေရဲ့ ကြားထဲကို ဖြတ်
ကျော်သွားရမယ့်
ဆူးခရီးလမ်းကြမ်းကြီး ဆိုတာကိုတော့
လင်းဖုန်းက ကောင်းကောင်းကြီး
သဘောပေါက်ထားပါတယ်။

သူတို့တွေဟာ အားကောင်းလှတဲ့
သံလိုက်စက်ကွင်းကြီး တွေလိုပါပဲ

လေ… ကြမ်းတမ်းရက်စက်ပြီး
ကောက်ကျစ်သန်မာကြတဲ့
ရန်သူတွေဟာ နေရာအနှံ့မှာ
ရှိနေကြပါတယ်။ မီးကိုတိုးတဲ့
ပိုးဖလံတွေလိုပဲ
အော်ဟစ်မြည်ကြွေးကာ သူတို့ဆီကို
အဆက်မပြတ်ပဲ
ခုန်ပေါက်ရောက်ရှိကာ လာကြမှာဟာ
ကေန်မုချပါပဲ။

ဒါပေမဲ့လည်း ကမ္ဘာကို
ကိုင်လှုပ်သွားနိုင်တဲ့ မဟာ့မဟာ
တိုက်ပွဲတွေ အပြီးမှာတော့

ဇာတ်လိုက်မင်းသားတွေကပဲ အောင်ပွဲဆင်နိုင်ကြမှာလေ။ သူတို့ဟာ သူတို့ရဲ့ကိုယ်ပိုင် ဒဏ္ဍာရီတွေကို ဖန်တီးသွားနိုင်ကြမှာဟာလည်း မြေကြီးလက်ခတ်မလွဲပါပဲ။ ပြဿနာကတော့ ဒီဇာတ်လမ်းမှာ လင်းဖုန်းဟာ ဘယ်နေရာကနေ ဝင်ကရမလဲ ဆိုတာပါ။

လက်ရှိအနေအထား အရတော့ သူဟာ အစပိုင်းမှာပဲ လမ်းညွှန်မှုကို ပေးနိုင်တဲ့ ဆရာသက်သက်ပါပဲ။

ဒီလိုဆိုရင်တော့ အဖြေက
နှစ်မျိုးပဲထွက်လာမှာပါ။

ပထမ... သူတို့ဟာ အလွန်မှပဲ
အရေးကြီးတဲ့ ပုဂ္ဂိုလ်တွေဖြစ်ကြတယ်။
ဇာတ်လိုက်မင်းသားတွေရဲ့
စိတ်ဝိညာဉ်အတွင်း ဘဝတစ်ခုလုံးမှာ
အရေးပါတဲ့ ထောက်တိုင်တွေ
ဖြစ်ကြတယ်လေ။ သူတို့ဟာ
ဇာတ်လိုက်မင်းသားတွေရဲ့
အတွင်းစိတ်ကို
လှုံ့ဆော်ပြီးတဲ့နောက်မှာ

သူတို့တွေဟာ အရမ်းကိုပဲ
ကြမ်းသွားကြပါတော့တယ်။

ဒါပေမယ့်လဲ အဲဒီဘိုးတော်ကြီးတွေဟာ
အများအားဖြင့် သိပ်ပြီး
အစွမ်းမထက်ကြတော့ဘူး... သူတို့တ
တွေဟာ ဓာတ်လိုက်မင်းသားတွေ
အမှိုက်ဖြစ်နေဆဲ ဘဝမှာသာ တွေ့ရတဲ့
နိမ့်ကျတဲ့ အခြေအနေမျိုးမှာ
ရောက်နေနိုင်တယ်လေ။ သူတို့ဟာ
အသက်မသေရင်တောင်မှပဲ မင်းသားရဲ့
ရန်သူကြီးတွေရဲ့ အဖမ်းကိုခံရပြီး
ညှဥ်းပန်းနှိပ်စက်မှုတွေကို ခံ

နေရနိုင်ပါတယ်...
ဇာတ်လိုက်မင်းသားတွေရဲ့
လာကယ်တာကိုပဲ စောင့်မျှော်လို့
နေရနိုင်တယ်လေ။

ဒုတိယ...သူတို့ရဲ့ အခန်းကဏ္ဍဟာ
လမ်းညွှန်သူ သက်သက်ပါ...
ဇာတ်လိုက်မင်းသားတွေကို
သန်မာသူတွေရဲ့ ကမ္ဘာကို
ပို့ဆောင်ပေးရမှာပါ။
နောက်ပိုင်းအခန်းတွေကတော့ သူတို့နဲ့
မသက်ဆိုင်တော့ပါဘူး။ ပိုပြီးတော်တဲ့
ဆရာတစ်ယောက်ယောက်...

ဒါမှမဟုတ်
ဂိုဏ်းတစ်ဂိုဏ်းဂိုဏ်းကသာ
ဆက်ပြီးတော့
စောင့်ရှောက်သွားကြမှာလေ။
သူတို့တတွေကသာ မင်းသားကို
သင်ကြားမယ့် ဇာတ်ကောင်စစ်စစ်တွေ
ဖြစ်သွားကြမှာပါ။

ပထမဇာတ်ညွှန်းက ခေးစာခံ…
ဒုတိယဇာတ်ညွှန်းက
လက်ပိုက်ကြည့်သူ။

သေချာတာတစ်ခုကတော့
လင်းဖုန်းဟာ ဘယ်တစ်ခုကိုမှ
မဖြစ်ချင်ပါဘူး။ ဒီလိုဆိုရင်တော့
လမ်းတစ်လမ်းပဲ ရွေးချယ်စရာ
ရှိပါတော့တယ်...သူ့ကိုယ်သူ
အမြန်သန်မာအောင် ကြိုးစားဖို့ပါ။

လင်းဖုန်းရဲ့ လက်ရှိအခြေအနေအရ
ဆိုရင်တော့ ကောင်းကင်မိုးကြိုး
လမင်းကျောက်စိမ်းဟာ ဘာနဲ့ကိုမှ
လဲလို့မရတဲ့ အဖိုးမဖြတ်နိုင်တဲ့
ရတနာတစ်ပါးပါ။ သူ့အထဲကနေ
အလွှန်ကိုမှပဲ သန့်စင်လှတဲ့

မိုးကြိုးစွမ်းအင်တွေကို
စုပ်ယူလို့ရပါတယ်။ ဒါဟာ
ပုံမှန်အခြေအနေတွေမှာ
လေ့ကျင့်တာထက် အဆပေါင်းများစွာ
ပိုပြီးတော့မှပဲ မြန်ဆန်လှတယ်လေ။

ကံကောင်းလှစွာနဲ့ပဲ
ကောင်းကင်မိုးကြိုး
လမင်းကျောက်စိမ်းဟာ မြောက်ပိုင်း
အာရုဏ်ဦးခေါ်ရဲ့ စွမ်းအားအရင်းအမြစ်
အဖြစ်ကို လုပ်နိုင်ခဲ့ပါတယ်...
နို့မဟုတ်ရင်တော့ လင်းဖုန်းရဲ့
ကိုယ်ထဲက မိုးကြိုးစွမ်းအင်တွေဟာ

အကုန်လုံး စုပ်ယူခြင်းကို
ခံလိုက်ရတော့မှာပါ။

ရှောင်ပုတန်လေးကလဲ
ကြိုးကြိုးစားစားနဲ့ပဲ လေ့ကျင့်လို့
နေခဲ့ပြီလေ...ဒါပေမဲ့လည်း
သူလေးတစ်ယောက်ဟာ
စိတ်ဖြောင့်ဖြောင့်နဲ့ လေ့ကျင့်လို့
မရနိုင်ခဲ့ပါဘူး။

လင်းဖုန်းဟာ မျက်နှာလေး နီမြန်းလို့
နေခဲ့တဲ့ ရှောင်ပုတန်လေးကို
သေချာစွာနဲ့ ကြည့်နေခဲ့ပါတယ်။

နောက်ဆုံးမှာတော့
မအောင့်နိုင်တော့ပဲ
မေးလိုက်ပါတော့တယ်... "ဟာ...
တပည့်လေး...
တကယ်ကြီးလားဟ...?"

ရှောင်ပုတန်လေးဟာ
ရှက်ကိုးရှက်ကန်းနဲ့ပဲ ခေါင်းလေးကို
ငုံ့ထားလိုက်ပါတယ်... "အီးယား...
တပည့်လေးက မသောက်ရ မ
နေနိုင်တော့ မဟုတ်ပါဘူးခင်ဗျ...
ဒါပေမဲ့လည်း အရမ်းကိုပဲ
ကြိုက်လို့ပါဗျား... ဖိုးဖိုးကြီး

တွေဆိုရင်လဲ အရက်ကို
အရမ်းကြိုက်ကြတယ်လေ… ဟီးဟီး…
တပည့်လေးကလဲ အဲ့ဒီလိုပဲပေါ့!"

အကြောင်းပြချက် ကောင်းကောင်း
လေးတစ်ခုကို ရှာတွေ့သွားပြီး
နောက်မှာတော့ ရှောင်ပုတန်လေးတစ်
ယောက်ဟာ အလွန်အမင်းကိုပဲ
တက်ကြွလို့ လာခဲ့ပါပြီ။ အနက်ရောင်
မျက်ဝန်းတစ်စုံဟာ
ရွှန်းလဲ့တောက်ပကာ
လာခဲ့တယ်လေ… လင်းဖုန်းရဲ့အပေါ်မှာ
မျှော်လင့်ချက် အပြည့်အဝထားကာ

သနားစရာ မျက်နှာလေးနဲ့
ကြည့်လို့နေခဲ့ပြီလေ။

လင်းဖုန်းကတော့ ခေါင်းတွေ
တစ်ဆစ်ဆစ်နဲ့ ကိုက်လို့လာခဲ့ပါတယ်။
ဘာပဲပြောပြော ရှောင်ပုတန်လေးဟာ
ဇာတ်လိုက်အဆင့်
မင်းသားဇာတ်ကောင်လေ... သုံးနှစ်ခွဲ
အရွယ်အထိ နို့မပြတ်နိုင်သေးတာကို
မယုံနိုင်ခဲ့မိပါဘူး။

ဒါပေမယ့်လဲ သူ့ရဲ့ အရင်ကမ္ဘာက
လူကြီးတစ်ချို့လည်း

နို့သောက်ကြတာကို ပြန်လည်ကာ
စဉ်းစားမိတော့မှပဲ လင်းဖုန်းကလဲ
စိတ်သက်သာရာ ရသွားပါတော့တယ်။
"အိန်း...အိန်း...အိန်း...
ကောင်းပြီလေ...နို့သောက်ခြင်းကလဲ
ကျန်းမာရေးကို အထောက်အကူ
ပြုနိုင်တာပဲ"

အမဲလိုက်ခြင်းရဲ့ ခက်ခဲမှုအဆင့်ဟာ
အများကြီးကို မြင့်တက်သွားခဲ့ပါပြီ။
သားကောင်ဟာ အမဖြစ်ရမယ်...
နို့တိုက်မိခင် ဖြစ်ရမယ့်အပြင်ကို
အရင်လည်း ဖမ်းမိရဦးမယ်လေ။

ရက်ပေါင်းများစွာ
ရှာဖွေခဲ့ပြီးနောက်မှာတော့…
လင်းဖုန်းဟာ နောက်ဆုံးမှာ
လက်သည်းငါးစုံ ရွှေခရမ်းရောင်
ကျားသစ်မကြီးကို ဖမ်းမိခဲ့ပါတယ်။

ဒါဟာ မူမမှန် မျိုးနွယ်စုပါ…
အခြားသာမာန် ကျားသစ်တွေနဲ့
ယှဉ်လိုက်ရင် သူမရဲ့
ဝမ်းဗိုက်အောက်မှာ လက်သည်းတစ်စုံ
အပိုပါပါတယ်။ သူမဟာ လေကဲ့သို့လဲ
လျှင်မြန်တယ်လေ…

ချောက်ကမ်းပါးတွေမှာလဲ
မြေပြန့်ပေါ်မှာလိုမျိုးပဲ
လွယ်လွယ်ကူကူနဲ့
လမ်းလျှောက်နိုင်ပါတယ်။ ဒါ့အပြင်
သူမရဲ့ ပါးစပ်ထဲကနေ လျှပ်စီးနဲ့
မီးလျှံတွေကိုလည်းပဲ
မှုတ်ထုတ်နိုင်ပါသေးတယ်။ သူမဟာ
တကယ်ကိုပဲ ခက်ထန်တဲ့
သားရဲတစ်ကောင် ဖြစ်ပါတော့တယ်။

သူမကို သတ်ချင်ရင်တော့ အဲ့ဒီလောက်
မခက်ခဲပါဘူး။ ဒါပေမဲ့လည်း
ယဥ်ပါးအောင်လုပ်ပြီး

ရှောင်ပုတန်လေးကို လိမ်လိမ်မာမာနဲ့
နို့ပေးစို့ဖို့ ဆိုရင်တော့
တစ်မျိုးတစ်ဘာသာ
ဖြစ်သွားပါပြီ...တကယ့်ကိုပဲ
ကျွမ်းကျင်ပါးနပ်မှ ရမှာပါ။

နောက်ဆုံးမှာတော့ လင်းဖုန်းဟာ
သူမရဲ့ အချိန်ဆွဲ
ဖင်လေးနေတာတွေကို
စိတ်မရှည်တော့ပါဘူး...သူမရဲ့
သားပေါက်ကလေးတွေကို
ဖမ်းပြီးတော့ ခေါးစာခံ
လုပ်ပါတော့တယ်။ လင်းဖုန်းရဲ့

ယုတ်မာပြီး အရက်ကင်းမဲ့တဲ့
ခြိမ်းခြောက်
အကြပ်ကိုင်မှုတွေရဲ့အောက်မှာ
ကျားသစ်အမေကြီးဟာ
အရှုံးပေးလိုက်ရပါပြီ။

အပိုဆုအနေနဲ့ လင်းဖုန်းနဲ့
ရှောင်ပုတန်လေးတို့ဟာ စီးတော်ကျား
တစ်ကောင်ကိုပါ ရရှိသွားခဲ့ပါတယ်။
ခရီးသွားနေတဲ့အခါ
သူမရဲ့ကျောပေါ်ကနေ
လိုက်စီးသွားရုံပါပဲ… နားနေတဲ့အချိန်
ဆိုရင်တော့ ရှောင်ပုတန်လေးဟာ

သူမရဲ့ ဝမ်းဗိုက်အောက်ကို ဝင်လိုက်ပြီး ကျေနပ်စွာနဲ့ပဲ နှုတ်ခမ်းကို မလွှတ်တော့ပဲ တစ်ပြွတ်ပြွတ်နဲ့ နို့စို့နေပါတော့တယ်။

ရက်ပေါင်းအနည်းငယ် အပြီးမှာတော့ သနားစရာကောင်းလှတဲ့ ကျားသစ်မကြီးဟာ ဘေးမဲ့ပေးခြင်းကို ခံလိုက်ရပါပြီ။ ဆရာကြီး လင်းဖုန်းရဲ့ မဟာဂရုဏာတော်ကြောင့်တော့ မဟုတ်ပါဘူး...ရှောင်ပုတန်လေးရဲ့ နို့ချဥ့်ခြင်းဟာ ပြောင်းလဲသွားလို့ပဲ ဖြစ်ပါတယ်။

ရှောင်ပုတန်လေးဟာ နှုတ်ခမ်း
ထောင့်မှာ ပေနေတဲ့ နို့တွေကို လက်က
လေးနဲ့ သုတ်လိုက်ပြီး သူ့ရဲ့ ဗိုက်က
လေးကိုပွတ်ကာ ပြောလိုက်ပြီလေ...
"အား... ဆရာသခင်ရာ...
တကယ်တမ်းကတော့ဗျာ... သားရဲ
နို့ပေါင်းတစ်ရာဟာ
အရသာအရှိဆုံးဗျ... တစ်ကောင်ထဲရဲ့
နို့အရသာနဲ့ကတော့
မိုးနဲ့မြေကြီးလိုပါပဲဗျာ"

လင်းဖုန်းကတော့ သူ့နဖူးသူ
လက်နဲ့ရိုက်လိုက်ပြီး ရှောင်ပုတန်
လေးရဲ့ ခေါင်းကို
ခေါက်လိုက်ပါတယ်... "ဟဲ့...
ကောင်စုတ်ကလေး... မင်း
လေးရဲ့ပါးစပ်ကိုတော့ ရွှေချထားဖို့ပဲ
ကောင်းတယ်ဟေ့... မင်းလေးဟာ
အစားပုတ်ရုံတင် မကဘူး...
ဂျီးများလိုက်တာကလဲ လွန်ပါရော။
အခု လောလောဆယ်တော့
နို့ပေါင်းတစ်ရာ မပြောနဲ့...
တစ်ကောင်ထဲရဲ့နို့ကို
ပြောင်းသောက်နိုင်ရင်ပဲ
ကံကောင်းတယ်လို့ မှတ်လိုက်ဟ..."

ပြီးတော့ ကူရာကင်းမဲ့စွာနဲ့ပဲ
သက်ပြင်းပူကြီးကို
မှုတ်ထုတ်လိုက်ပါတော့တယ်...
"ဟူး.... ဆရာသခင် လုပ်ရတာလဲ
မလွယ်ပါလားဟ... နို့ရှာရမယ့်
တာဝန်တစ်ခု ထပ်တိုးလာပြန်ပြီ..."

ဆရာတပည့် နှစ်ယောက်သားဟာ
တောင်တန်းတွေရဲ့ ကြားထဲကနေ
ခရီးဆက်ခဲ့ကြပြီလေ။
နောက်ဆုံးမှာတော့
တောင်တန်းတွေကို ကျော်လွန်လို့

လာခဲ့ပါပြီ... တောင်တန်းတွေရဲ့
အပြင်မှာတော့ ဝူကျိုးမြို့ဟာ
သိပ်ပြီးတော့ မဝေးလှတော့ပါဘူး။

တစ်လတာ အချိန်အတောအတွင်းမှာ
ကောင်းကင်မိုးကြိုး
လမင်းကျောက်စိမ်းရဲ့ အကူအညီနဲ့
လင်းဖုန်းဟာ ချီသာဝက အဆင့်၄
ကနေပြီး အဆင့် ၆ ရဲ့
အထွတ်အထိတ်ကို
ရောက်ရှိသွားခဲ့ပါပြီ... သူဟာ
ချီသာဝက အဆင့်၇ က

လူတွေနဲ့တောင်
တိုက်ခိုက်နိုင်နေပြီလေ။

ဒါပေမဲ့ ရှောင်ပုတန်လေးကလဲ
နောက်ကျလို့ မနေခဲ့ပါဘူး...သူ
လေးဟာလည်းပဲ ကောင်းကင်ကိုးလွှာ
မိုးကြိုးနည်းစနစ်ကို
လေ့ကျင့်နေခဲ့တာလေ။
တစ်လအချိန်အတွင်းမှာ သူကလဲ
ချီသာဝက အဆင့် ၂ ကနေ အဆင့် ၄
ကို ရောက်ရှိလို့ သွားခဲ့ပါပြီ။

လင်းဖုန်းကလည်း ဆွံ့အလို့
သွားခဲ့တယ်လေ… "အာ… ငါက
တော့… ကောင်းကင်မိုးကြိုး
လမင်းကျောက်စိမ်းရဲ့
အကူအညီနဲ့လေ…
သူလေးကတော့?….. ခွီးပဲကွာ"

"ကဲ… အခုတော့ ငါတို့ဟာ
တောင်တန်းတွေရဲ့ အပြင်ပိုင်းကို
ရောက်ရှိလာခဲ့ပြီ… မြို့နားကိုရောက်ဖို့
ရက်နည်းနည်းပဲ လိုတော့တယ်ကွ"
လင်းဖုန်းဟာ သူ့ရဲ့ အတွေးတွေကို
ရုပ်သိမ်းလိုက်ပြီး အာရုံတွေကို

စုစည်းလိုက်တယ်လေ... "အင်း...
မြို့ပေါ်ကို မတက်ခင်မှာတော့ ငါက
ချီသာဝက အဆင့်ဂုကို
ရောက်ရမယ်ကွ..."

လင်းဖုန်းဟာ အသက်ရှူ
လေ့ကျင့်ခန်းကို တိတ်ဆိတ်စွာနဲ့ပဲ
လုပ်ဆောင်နေခဲ့ပါတယ်...
အပြင်လောကက စွမ်းအင်တွေကို
စုပ်ယူပြီး သူ့ရဲ့ကိုယ်ထဲမှာ
လှည့်ပတ်လို့ နေလိုက်ပြီလေ။

သူ့ရဲ့ ဒန်တျန်ထဲမှာ သိမ်းဆည်းထားတဲ့
စွမ်းအင်တွေဟာ အဆက်မပြတ်ပဲ
သန့်စင်မှုတွေကို ခံနေရပါပြီ...
သွေးကြောတွေထဲကနေတဆင့်
တစ်ကိုယ်လုံးကို လှည့်ပတ်လို့
သွားနေခဲ့တယ်လေ... သူ့ရဲ့
စိတ်ဝိညာဉ်တွေကို အာဟာရပေးပြီး
သူ့ရဲ့ခန္ဓာကိုယ်ကို
ပြောင်းလဲစေခဲ့ပါတယ်။

ဒီစွမ်းအင်တွေဟာ သူ့ရဲ့
ခန္ဓာကိုယ်ထဲမှာ ၃၆ ကြိမ်တိုင်တိုင်
လည်ပတ်လို့ နေခဲ့ပါတယ်။

ပြီးတော့မှပဲ သူရဲ့ မျက်လုံးတွေဟာ ရုတ်တရက်ပွင့်ကာ လာခဲ့ပါပြီ... စွမ်းအင်တွေ အားလုံးကလဲ စုစည်းလို့ နေခဲ့ပြီလေ။ ပြီးတော့ ပထမ အာရုံကြောအမှတ် ခြောက်ခုတို့ရဲ့ စိတ်စွမ်းအားတွေရဲ့ မောင်းနှင်မှုအောက်မှာ အာရုံကြော အမှတ်ခုနစ်ဆီကို ချီတက်လို့ သွားကြပါတော့တယ်။

အချိန်တွေဟာ ကုန်လွန်သွားတာနဲ့ အမျှ လင်းဖုန်းဟာ တဖြည်းဖြည်းနဲ့ ပင်ပန်းနွမ်းနယ်လို့ လာခဲ့ပါပြီ...

ဒါပေမဲ့လည်း အာရုံကြော
အမှတ်ခုနစ်ကတော့ ပွင့်မယ့်
အရိပ်အယောင်ကို တစ်ချက်မှ
မပြသေးပါဘူး။ ဒါဟာ အမတန်ကိုမှ
ကြောက်စရာ ကောင်းတဲ့
အချက်ပေးမှုပဲလေ... လင်းဖုန်းရဲ့
ဒီတစ်ခေါက် ကြိုးစားမှုဟာ
ကျရှုံးသွားတော့မလိုပါပဲ။

ဒီတစ်ခါ ကျရှုံးသွားမယ်ဆိုရင်တော့
အရာအားလုံးဟာ အစကနေတစ်ဖန်
ပြန်လည်စတင် ရတော့မှာပါ။

"ကျား… ကျရှုံးမှုနဲ့ အောင်မြင်မှုဟာ ဒီတစ်ချက်ပေါ်မှာပဲ မူတည်နေတယ်ကွ!" လင်းဖုန်းရဲ့ ခေါင်းပေါ်မှာတော့ ချွေးသီးချွေးပေါက်တွေ အပြည့်နဲ့ပါ… လင်းဖုန်းရဲ့ အမူအရာကတော့ စိတ်ပိုင်းဖြတ်ပြီးသားပါ။ သူ့ရဲ့စိတ်ဟာ မိုးကြိုးစွမ်းအင်တွေကို စုပ်ယူနေတဲ့ ကောင်းကင်မိုးကြိုး လမင်းကျောက်စိမ်းနဲ့ ဆက်သွယ်လိုက်ပါပြီ… ပြီးတာနဲ့ အာရုံကြောအမှတ်ကို အဆက်မပြတ်ပဲ ထိုးနှက်လိုက်ပြီလေ။

ဒီတစ်ခါမှာတော့ လင်းဖုန်းဟာ
အင်အားကြမ်းကြီးတွေကို
အသုံးမပြုခဲ့ပါဘူး… အဲ့ဒီအစား
သူ့ရဲ့ခန္ဓာကိုယ်ထဲက
မှော်စွမ်းအင်တွေကို
ကြောင်လိမ်လှေကားပမာ
ပြောင်းလဲလိုက်ပြီး
အာရုံကြောအမှတ်ကို
ထိုးဖောက်လိုက်ပါတယ်။

ကြောင်လိမ်လှေကားပုံစံ
မှော်စွမ်းအင်တွေကို အဓိက
အင်အားအဖြစ် အရှေ့ကနေ

တိုက်ခိုက်ပါတယ်။ ပြီးတော့မှပဲ
အင်အားနည်းတဲ့ စွမ်းအင်အမျှင်တန်း
တချို့ကို ဘေးကနေ
ရစ်ပတ်လိုက်တယ်လေ...
အာရုံကြောအမှတ်ကို
အဆက်မပြတ်နဲ့ပဲ ဖိအားပေးနေလို့ပါ။
တဖြည်းဖြည်းနဲ့
ထိုးဖောက်ဝင်ရောက်ကာ
အဆက်မပြတ် အားနည်းအောင်
ပြုလုပ်နေခဲ့ပါတယ်။

အရှေ့ကနေတစ်မျိုး...
ဘေးကနေတစ်ဖုံ...

တစ်ချက်ပြီးတစ်ချက် အဆက်မပြတ်
ထိုးနှက်လို့ နေခဲ့တယ်လေ...
နောက်ဆုံးမှာတော့ အာရုံကြော
အမှတ်ခုနစ်ဟာ စတင်ပြီး
ပြောင်းလဲကာ လာခဲ့ပါပြီ။
လင်းဖုန်းလေး တစ်ယောက်ဟာလည်း
ဟောဟဲဆိုက်ကာ လာခဲ့ပြီလေ။

နဂိုကတော့ မှော်စွမ်းအင်တွေ
လှည့်ပတ်နေတာကို မမြင်နိုင်တဲ့
အကာအရံတစ်ခုက
တားဆီးနေခဲ့တာပါ။
မြစ်ပြင်ကျယ်ကြီးကို ပိတ်ဆို့ထားတဲ့

ရေကာတာကြီးဟာ မြစ်ရေတွေရဲ့
အဆက်မပြတ် တိုက်ခတ်မှုကို
မခံနိုင်တော့ပဲ
ကျိုးကျသွားခဲ့ရသလိုပါပဲ… လင်းဖုန်းရဲ့
စွမ်းအားတွေဟာလည်း နံပါတ်ခုနစ်
အာရုံကြောအမှတ်ဆီကို အော်ဟစ်ကာ
စီးဆင်းလို့ သွားခဲ့ကြပြီလေ။

အလွန်အမင်းကိုမှပဲ များပြားလှတဲ့
စွမ်းအားတွေဟာ အာရုံကြော
အမှတ်ရဲ့ဘေးမှာ
ဝန်းရံနေကြပါတယ်… ကြယ်တွေဟာ
ဂြိုလ်ကမ္ဘာတွေကို

လှည့်ပတ်နေကြသလိုပါပဲ…
ဒီနေရာမှာပဲ အဲ့ဒီစွမ်းအားတွေဟာ
လင်းဖုန်းရဲ့ မှော်စွမ်းအင်တွေအဖြစ်
ပြောင်းလဲခြင်းကို ခံလိုက်ခဲ့ရပါပြီ။

ချီသာဝက အဆင့် ၇ …
နောက်ဆုံးမှာတော့
အောင်မြင်သွားခဲ့ပြီလေ။

လင်းဖုန်းရဲ့ မျက်နှာပေါ်မှာ
အပြုံးပန်းတွေဟာ ဖူးပွင့်ကာ
လာခဲ့ပါပြီ… သူဟာ
နောက်ဆုံးမှာတော့

လေပူကြီးတစ်ချက်ကို
မှုတ်ထုတ်လိုက်တယ်လေ။
မကြည်လင်တဲ့
လေဆိုးလေညစ်တွေဟာ အပြင်ကို
ထွက်သွားခဲ့ပါတယ်... စိတ်ဝိညာဉ်
စွမ်းအင်တွေကတော့ တစ်စက်မှ
ပါမသွားခဲ့ပါဘူး။

လေရှူလေရှိုက် လေ့ကျင့်ခန်းကို
တစ်ခေါက်နှစ်ခေါက်
ထပ်လုပ်လိုက်ပါတယ်... သူ့ရဲ့
အသစ်ပွင့်သွားတဲ့
အာရုံကြောအမှတ်ကို

အားဖြည့်ပေးလိုက်ပြီလေ... ပြီးမှပဲ
လင်းဖုန်းဟာ မတ်တတ်ရပ်လိုက်ကာ
ပျင်းကြောဆန့်လိုက်ပါတော့တယ်။
"ဝါး... ဒီတစ်ခေါက်ကတော့
တော်တော့ကို
မလွယ်တာပဲဟ.. .ဟဲဟဲဟဲ...
ဘာပဲဖြစ်ဖြစ် နောက်ဆုံးတော့လဲ
အောင်မြင်သွားရတာပဲ..."

လင်းဖုန်းဟာ ပျော်လို့တောင်
မဆုံးသေးပါဘူး...
ဘေးကိုကြည့်လိုက်တော့
ရှောင်ပုတန်လေးကို မတွေ့ရတော့ဘူး

လေ။ စိတ်ပျက်လက်ပျက်နဲ့ပဲ
သက်ပြင်းတစ်ချက်
ချလိုက်ရပါတော့တယ်။

ရှောင်ပုတန်လေးဟာ တကယ်တော့လဲ
လေးနှစ်တောင် မပြည့်သေးပါဘူး...
အဆော့မက်တဲ့
ကလေးလေးတစ်ယောက်ရဲ့ ဇာတိကို
ပြလာခဲ့ပြီလေ။ ထိုင်လိုက် ထလိုက်
ခုန်လိုက် ပေါက်လိုက်နဲ့
မျောက်ရှုံးအောင်
အလွန်ဆော့တဲ့ကောင်ပါ... အခုလဲ

ဘယ်ကိုသွားပြီး ငှက်ပျောသီးတွေ
ရှာနေပြန်ပြီလဲ မသိပါဘူး။

သူလေးဟာ တိမ်လွှာနဂါး
လွှတ်မြောက်ခြင်း စွမ်းရည်ကို
ကျွမ်းကျင်သွားပြီး နောက်မှာတော့
တောထဲက တိရစ္ဆာန်တွေ အားလုံးဟာ
ငါးပါးမှောက်ကုန် ကြတော့တာပါပဲ။

လင်းဖုန်းဟာ အကြောအမှတ်ခုနစ်နဲ့
နပန်းလုံးနေရတုန်းမှာပဲ
သူလေးကတော့ အလွန်ကိုမှပဲ လှပတဲ့

အဝါရောင် စာကလေး တစ်ကောင်ကို
လိုက်ဖမ်းလို့ နေခဲ့တယ်လေ။

ရှောင်ပုတန်လေးဟာ အဲ့ဒီ
စာကလေးကို လိုက်ဖမ်းရင်းနဲ့ပဲ
တောနက်ကြီးထဲကို မသိမသာ
ရောက်ရှိလို့ သွားခဲ့ပါတော့တယ်။
စာကလေးဟာ သေးငယ်ပေမယ့်
မူမမှန် မျိုးနွယ်စုထဲ ဖြစ်တယ်လေ...
သူ့ရဲ့ အမြန်နှုန်းကလဲ
လျှပ်စီးအတိုင်းပါပဲ… ချီသာဝက
အဆင့် ၄ ရှိတဲ့ ရှောင်ပုတန်လေးက

အကြိမ်ကြိမ် ခုန်ဖမ်းတာတောင်
ဖမ်းလို့မမိခဲ့ပါဘူး။

ဒါပေမဲ့လည်း သူလေးကတော့
စိတ်မပျက်ခဲ့ပါဘူး... သူ့ရဲ့ ဆရာကြီး
လင်းဖုန်းရဲ့ အဆုံးအမကို
ပြန်လည်ပြီးတော့ ကြား
ယောင်လာပါတယ်... "ကဲ...
တပည့်လေး... မဆင်မခြင်
သိပ်မလုပ်နဲ့... စိတ်ကို ရှည်ရှည်ထား...
ပစ်မှတ်ရဲ့ အသေးစိတ်ကို
သေချာလေ့လာ... ဒါဆိုရင်
မင်းရဲ့အိတ်ထဲကို ပါလာလိမ့်မယ်ကွ"

ဒါကိုပြန်တွေးမိလိုက်တော့
ရှောင်ပုတန်လေးဟာ ဂရုးမူးထိုး
ဆက်ပြီးတော့ မလုပ်ပါတော့ပါဘူး....
စိတ်ရှည်လက်ရှည်နဲ့ပဲ အဝါရောင်
စာကလေးရဲ့ ပျံသန်းမှု ပုံစံတွေကို
လေ့လာခဲ့တယ်လေ။

ခဏအကြာမှာတော့
ရှောင်ပုတန်လေးဟာ ရုတ်တရက်ပဲ
ထခုန်လိုက်ပါပြီ... သူ့ရဲ့ခန္ဓာကိုယ်
သေးသေးလေးမှာ ချီသာဝက အဆင့် ၄
ရဲ့ မှော်စွမ်းအင်တွေဟာ ပျံ့နှံ့လို့

သွားခဲ့ပြီလေ... မျက်စိတမှိတ်
လျှပ်တပြက်လေး အတွင်းမှာပဲ
စာဝါလေးရဲ့ အရှေ့ကို ရောက်ရှိလို့
သွားခဲ့ပါတယ်။

အဝါရောင် စာကလေး
အတွက်ကတော့ ရှောင်တိမ်းဖို့ရာ
နောက်ကျလို့ သွားခဲ့ပါပြီ...
နောက်ဆုံးမှာတော့
ရှောင်ပုတန်လေးရဲ့ ဖမ်းဆီးခြင်းကို
ခံခဲ့ရလိုက်ပြီလေ။

ရှောင်ပုတန်လေးဟာ ပျော်ရွှင်စွာနဲ့ပဲ ရယ်မောလိုက်ပါတယ်… စာဝါလေးရဲ့ အမွှေးတွေကို ပွတ်သတ်ဆော့ကစား နေလို့ပါ။ မျောက်ရှုံးအောင် ဆော့နေဆဲမှာပဲ တခုခုကို သတိပြုမိလိုက်ပါပြီ… ဘေးကိုခေါင်းလှည့်ပြီးတော့ ကြည့်လိုက်တယ်လေ… ဝတ်စုံနီနဲ့ လူငယ်တစ်ယောက်ဟာ သူ့ကို ပါးစပ်အဟောင်းသားနဲ့ စိုက်ကြည့်နေတာကို တွေ့လိုက်ရပါတော့တယ်။

# စာစဥ္ ၁ : အပိုင္း ၁၂

## အပိုင္း ၁၂ : တပည့္လုသူနဲ႔ ႀကံဳေတြ႕ရျခင္း

ဝတ္ရံုနီ လူငယ္ေလးဟာ အံ့ၾသမယ္ဆိုရင္လည္း
အံ့ၾသေလာက္ပါေပတယ္...
သူရဲ႕အေရွ႕က ခ်ာတိတ္ေလးဟာ
ဒီအ႐ြယ္ေလးနဲ႔ေတာင္ ခ်ီသာဝက
အဆင့္ ၄ ကို ေရာက္ရွိလို႔ ေနခဲ့တာ
ေလ... သူ႕ရဲ႕ ဂိုဏ္းထဲမွာေတာင္မွပဲ

ဒီလိုပင်ကိုယ် အရည်အသွေးမျိုးကို
မတွေ့ရသလောက်ပါ။

"အင်း... တကယ်လို့များ ငါက
ဒီကောင်လေးကို
ဂိုဏ်းထဲခေါ်သွားနိုင်လို့ ရှိရင်တော့
ဂိုဏ်းက အကြီးအကဲတွေ
အကုန်လုံးဟာ အရူးအမူး
ဖြစ်ကုန်ကြမှာပဲ...
ဂိုဏ်းခေါင်းဆောင်တောင်မှပဲ
လက်ပိုက်ပြီးတော့ ကြည့်နေနိုင်မှာ
မဟုတ်ဘူးဟ... ဒီလိုဆိုရင်တော့ ငါဟာ

ဂိုဏ်းရဲ့ အကျိုးဆောင်အမှတ်တွေ
အများကြီး ရတော့မှာပဲ... ဟဲဟဲဟဲ..."

အတွေးလေးနဲ့တင် ဝတ်စုံနီလူငယ်ရဲ့
စိတ်ဟာ မြူးကြွလို့ လာခဲ့ပါပြီ...
ရှောင်ပုတန်လေးကို စပ်ဖြဲစပ်ဖြဲနဲ့
စိုက်ကြည့်လိုက်ပြီလေ။

ရှောင်ပုတန်လေးဟာ သူ့ကို
သတိထားပြီးတော့
ကြည့်လိုက်ပါတယ်... ဒါပေမဲ့လည်း
အပေါ်ယံမှာကတော့ အပြစ်ကင်းစင်ပြီး
ရိုးသားတဲ့ မျက်နှာလေးနဲ့ပါ။

ဝတ်စုံနီလူငယ်က ပြုံးပြီးတော့ မေးလိုက်ပါတယ်... "ဟော့... ချာတိတ်လေး... မင်းရဲ့ မိသားစု တွေကိုလဲ မတွေ့ပါလားဟ?"

ရှောင်ပုတန်လေးဟာ မျက်တောင်လေးကို ပုတ်ခတ်ပုတ်ခတ်လုပ်ပြီးတော့ ပြန်ဖြေလိုက်ပါပြီ... "အာ... ကျွန်တော်က ဆရာသခင်နဲ့ လာတာပါခင်ဗျ..."

ဝတ်ရုံနီလူငယ်ကလည်း
ထပ်ပြီးတော့မှပဲ
မေးလိုက်ပြန်တယ်..."ကဲ...
မင်းလေးဟာ ဘယ်ဂိုဏ်းကလဲ? မင်းရဲ့
ဆရာကကော... ဘယ်သူများလဲကွာ?"

ရှောင်ပုတန်လေးကလဲ
ခေါင်းကိုခါလိုက်ပါတယ်... "အာ...
ကျွန်တော့်မှာက ဂိုဏ်းမရှိပါဘူး...
ဆရာကတော့... ဆရာပဲပေါ့ဗျ..."

"ဟားဟားဟား... ငါကတော့ထိ
ပေါက်ပြီကွ... ကြည့်ရတာတော့

သူ့ရဲ့ဆရာက ဂိုဏ်းကောင်းကောင်း
ကန်းကန်းကနေ လာတဲ့ပုံမပေါ်ဘူး...
သူ့ကြည့်ရတာ တစ်ကိုယ်တော်
လေလွင့်နေတဲ့သူပဲ ဖြစ်လိမ့်မယ်ဟ..."

ဝတ်ရုံနီလူငယ်ဟာ လုံးဝကိုပဲ
အေးအေးဆေးဆေး
ဖြစ်သွားပါတော့တယ်။
သူ့ရဲ့မျက်နှာကလဲ မောက်မာတဲ့
မျက်နှာထားမျိုး ဖြစ်လာခဲ့ပါပြီ...
လေသံကလဲ ပြောင်းလဲကာ
လာခဲ့ပြီလေ။

"ဟော့... ကောင်ကလေး… မင်းက
ငါနဲ့တွေ့ရတာ အမတန်ကိုမှ
ကံကောင်းတာပဲ။ လာလာ…
ငါရဲ့ဂိုဏ်းအထဲကို ဝင်လေကွာ...
ဒါဆိုရင်မင်းက ထိပ်တန်းအဆင့်
တာအိုနည်းစနစ်တွေအများကြီးကို
သင်ယူနိုင်မှာဟ...
ကုန်ကုန်ပြောမယ်ကွာ...
စကြာဝဠာကြီးရဲ့
လျို့ဝှက်ချက်တွေကိုတောင် မင်းက
ထိုးထွင်းပြီးတော့
သိမြင်နိုင်လိမ့်မယ်ကွ…"

ရှောင်ပုတန်လေးဟာ သူ့ရဲ့
မျက်ဝန်းနက်ကြီးတွေကို
ကစားလိုက်ပါတယ်... သူ့ရဲ့ မျက်နှာ
လေးကလဲ ကြက်သေသေလို့
သွားခဲ့တယ်လေ။

ဝတ်ရုံနီ လူငယ်ကလဲ တစ်ချက်
ကြောင်သွားပြီးမှ သူ့ကိုယ်သူ အရူးလို့
အပြစ်တင်လိုက်ပြီလေ...
ဒီကောင်ကလေးဟာ
ပင်ကိုယ်စွမ်းရည်ကတော့
အရမ်းမြင့်ပါတယ်... ဒါပေမဲ့
ဘယ်လိုပဲပြောပြော သူဟာ

ကလေးလေး တစ်ယောက်ပဲ
ရှိသေးတာလေ။

ဒီတော့ သူ့ရဲ့လေသံကို
ပြောင်းလိုက်ပါပြီ... "ကဲကဲ...ဒီက
အစ်ကိုကြီးက မီးလျှံခေးဂိုဏ်းက
ဂိုဏ်းသားတစ်ယောက်ပါကွာ...
မင်းကကြားဖူးတယ် မဟုတ်လား?
တစ်ကမ္ဘာလုံးမှာ ကိုကြီးတို့ဂိုဏ်းက
အစွမ်းအထက်ဆုံးပဲကွ... မင်းကသာ
ဂိုဏ်းထဲကို ဝင်လိုက်ရင် ဘယ်သူကမှ
အနိုင်ကျင့်ရဲတော့မှာ မဟုတ်ဘူး...

မင်းလေးလုပ်ချင်တာ
လုပ်လို့ရပြီလေကွာ..."

ရှောင်ပုတန်လေးဟာ
နောက်ဆုံးမှာတော့
ပါးစပ်လေးကိုဟကာ
ပြောလိုက်ပါတော့တယ်... "ဒါ...
ဒါပေမဲ့... ကျွန်...ကျွန်တော့်မှာက
ဆရာသခင် ရှိပြီးသားလေဗျာ..."

ဝတ်ရုံနီလူငယ်က အသာအယာပဲ
ပြုံးလိုက်ပြန်တယ်... "ဟားဟားဟား...
ဘာမှ မဖြစ်ပါဘူးကွာ... မင်းမှာက

ဆရာရှိလဲ မီးလျှံခေးဂိုဏ်းထဲကို
ဝင်လို့ရပါတယ်ဟ။ ကိုကြီးကို
မင်းလေးရဲ့ ဆရာနားခေါ်သွားပါလား...
ကိုကြီးက သူနဲ့ ပြောလိုက်မယ်လေ...
သူက သဘောတူမှာ
သေချာပါတယ်ကွာ..."

သူက ခေါင်းကိုခါလိုက်ပြီးတော့
ဖွဖွလေး ထပ်ရယ်လိုက်ပြန်တယ်...
"အင်း... တကယ်လို့များ
မင်းရဲ့ဆရာဟာ  မင်းကို တကယ်
ဂရုစိုက်မယ်ဆိုရင်တော့ သဘောတူမှာ
သေချာပါတယ်ကွာ... ဒီလိုမှပဲ မင်းဟာ

အကောင်းဆုံး တိုးတက်လာပြီးတော့
မီးခဲပြာဖုံး ဘဝကနေ လွတ်နိုင်မှာလေ။
တစ်ကိုယ်တော် လေလွင့်နေတဲ့
လူမျိုးက မင်းကို ဘာများ
သင်ပေးနိုင်မှာမို့လဲကွာ? မင်းလေးရဲ့
မဟာပါရမီ ပင်ကိုယ်စွမ်းရည်မျိုးကို
အလဟဿ ဖြစ်သွားအောင်
လုပ်နေတာမျိုးပဲ ဖြစ်သွားမှာပေါ့ကွ..."

သူက ရှောင်ပုတန်လေးကို ကြည့်ပြီး
ထပ်ဖောလိုက်ပြန်ပါတယ်... "ဒါပေါ့...
တကယ်လို့များ သူဟာငါတို့ရဲ့
မီးလျှံဓားဂိုဏ်းကို

ဝင်ချင်တယ်ဆိုရင်လဲ
ညှော့်သည်အကြီးအကဲ လုပ်လို့ရတယ်
လေ... ငါတို့က သူ့ကို
ထိုက်ထိုက်တန်တန် ဆက်ဆံမှာပါဟ။
ဒီလိုဆိုရင် မင်းတို့နှစ်ယောက်လဲ
ခဏခဏ တွေ့လို့ရတာပေါ့ကွာ...
ရှဥ့်လည်းလျှောက်သာ
ပျားလည်းစွဲသာပဲပေါ့... ဟုတ်တယ်
မဟုတ်ဘူးလား?"

သူ့ရဲ့စိတ်ထဲမှာက ဒီလိုမျိုး လေလွင့်သူ
ပုရွက်ဆိတ် ကျင့်ကြံသူ
တစ်ယောက်အနေနဲ့ သူ့ရဲ့ဂိုဏ်းထဲမှာ

ညှော့သည်အကြီးအကဲ
ဖြစ်နိုင်တယ်ဆိုတာက အရမ်းကိုပဲ
ကံကောင်းလွန်းနေပါပြီ။

သူ့ကို ကတိပေးလိုက်တာနဲ့
တပြိုင်နက် သူဟာ သူ့ရဲ့တပည့်
လေးကို ပါဆယ်နဲ့တောင် ထုပ်ပြီးတော့
လာပေးမှာပါ… ဒီလိုဆိုရင်တော့
ဒီချာတိတ်လေးကို
အချိန်ကုန်ခံပြီးတော့
သွေးဆောင်ဖြားယောင်း နေစရာ
မလိုတော့ဘူးလေ… သူ့ရဲ့
ဆရာကိုယ်တိုင် အိမ်တိုင်ယာရောက်

ကိုယ်တိုင်ကိုယ်ကျ လာပို့ပေးမှာ
အသေအချာပဲပေါ့။

ဝတ်ရုံနီလူငယ်ဟာ လေထဲမှာ
အိမ်ဆောက်လို့ ကောင်းနေဆဲမှာပဲ
သူ့ရဲ့အရှေ့က
ကောင်ငယ်လေးကတော့ ပြုံးပြပြီး
ထွက်ပြေးသွားခဲ့ပါပြီ... သူရဲ့ကျောပြင်
သေးသေးလေးဟာ တဖြည်းဖြည်းနဲ့
ဝေးလို့ဝေးလို့ သွားခဲ့ပြီလေ။

"ဘာလဲဟ?" ဝတ်ရုံနီလူငယ်ဟာ
ကြက်သေသေ သွားခဲ့တယ်လေ...

နောက်မှပဲ ပြန်စဥ်းစားမိလိုက်တယ်…
"ဪ… သူဟာ အပျော်လွန်ပြီးတော့
သူ့ရဲ့ ဆရာဆီကို သတင်းကောင်း
သွားပါးတယ် ထင်ပါရဲ့… ဟဲဟဲဟဲ …"

ဝတ်ရုံနီလူငယ်ဟာ မျှော်လင့်ချက်တွေ
ကြီးနေခဲ့ပါတယ်… ဒါပေမဲ့လည်း
တဖြည်းဖြည်းနဲ့ တစ်ခုခု
မှားနေပြီဆိုတာကို သိလာခဲ့တယ်လေ။
သူက ချီတုံချတုံ မဖြစ်ရဲတော့ပါဘူး…
ချက်ချင်းပဲ ရှောင်ပုတန်လေးရဲ့
အနောက်ကို အမြန်ဆုံး
ပြေးလိုက်သွားခဲ့ပါတယ်။

ပထမ အစတုံးကတော့ သူဟာ
ရှောင်ပုတန်လေးကို
လွယ်လွယ်လေးနဲ့ပဲ ဖမ်းမိမယ်လို့
ထင်နေတာလေ... ဒါပေမဲ့ ခြေနှစ်လှမ်း
လှမ်းလို့အပြီးမှာပဲ သူရဲ့ပါးစပ်ဟာ
အဟောင်းသားထပ်ပြီးတော့
ဖြစ်သွားရပြန်ပါပြီ။

ရှောင်ပုတန်လေးဟာ
ကျယ်လောင်စွာနဲ့ပဲ
အော်ဟစ်လိုက်ပါတယ်... သူ့ရဲ့
မှော်စွမ်းအင်တွေဟာ တဟုန်ထိုးပြီး

တက်လာခဲ့တယ်လေ။ သူ့ရဲ့ အရိုးတွေ
အသားတွေဟာ တစ်သားထဲ
ဖြစ်သွားသလိုမျိုးပါ... ကောင်းကင်ကို
ထိုးဖောက်သွားတဲ့ နဂါးတစ်ကောင်
ဖြစ်သွားခဲ့တယ်လေ...
တိမ်တွေရဲ့ကြားထဲမှာ
လူးလွန့်လှုပ်ရှားနေရင်း
ယက်ကန်ယက်ကန်နဲ့ပဲ
ပျောက်ကွယ်လို့ သွားခဲ့ပါတော့တယ်။

သူဟာ တိမ်တိုက်နဂါး
လွတ်မြောက်ခြင်းစွမ်းရည်ကို
သုံးသွားခဲ့တာလေ... အခုပေါ်ပြီး

အခုပျောက် သွားခဲ့တဲ့
နဂါးတစ်ကောင်လိုပါပဲ...
တိမ်တွေကြားထဲကို ခေါင်းထိုးကာ
အပျောက်ရိုက်လို့ သွားခဲ့ပါပြီ။

အချိန်အနည်းငယ်လေး အတွင်းမှာပဲ
ရှောင်ပုတန်လေးဟာ ဝတ်ရုံနီလူငယ်ရဲ့
မျက်စိအောက်ကနေ ပျောက်ကွယ်လို့
သွားခဲ့ပြီလေ... သူဟာ
အံ့အားသင့်စွာနဲ့ပဲ
ရပ်တန့်လိုက်ပါတယ်... "ဘာလဲဟ...
ငါက ချီသာဝက အဆင့် ၆ လေ...
ချီသာဝက အဆင့် ၄ ကလေးလေးက

နှပ်ချသွားတာကို
ခံလိုက်ရတာလားဟ?!"

ဒါတောင်မှပဲ သူဟာ
ရှောင်ပုတန်လေးရဲ့ ရင်ထဲက
အတွေးတွေကို မသိလိုက်ခဲ့ဘူးလေ…
"တောက်… ငါက
ဒီလွတ်မြောက်ခြင်းစွမ်းရည်ကို
ကောင်းကောင်း
မကျွမ်းသေးလို့ပေါ့ကွာ…
ဆရာသခင်သာ ဆိုရင်တော့
ဟိုမျောက်နီကြီးကို ချက်ချင်းပဲ
နှပ်ချသွားလို့ရမှာဟ…"

ရှောင်ပုတန်လေးဟာ အခုတော့
အရမ်းကိုပဲ သတိထားနေပါတယ်...
တောအုပ်ထဲမှာ
နှစ်ပတ်သုံးပတ်လောက်တောင်
ပတ်ပြီးတော့ နေလိုက်သေးတယ်လေ။
ဝတ်ရုံနီလူငယ်ကို တကယ်ပဲ
မျက်ခြေပြတ်သွားပြီ ဆိုတာကို
သေချာအောင်လို့ပါ... ပြီးတော့မှပဲ
လင်းဖုန်းရှိရာဆီကို အပြေးလေး
ပြန်လာခဲ့ပါတော့တယ်။

ရှောင်ပုတန်လေး ပြန်ပြောပြတာကို
ကြားလိုက်ရပြီးတော့ လင်းဖုန်းဟာ
ဒေါသထွက်သွားပြီး မျက်မှောင်ကြီး
ကြုတ်သွားခဲ့ပါတယ်။

မီးလျှံခေးဂိုဏ်း!

ကျောက်ခေတ်ကျေးရွာက
သူကြီးအိုကြီးဟာ အမှန်တော့
ကျင့်ကြံမှုအဆင့်က သိပ်မမြင့်ပါဘူး...
ဒါပေမဲ့လည်း သူဟာ
ငယ်စဥ်ကတည်းက နေရာအနှံ့ကို
ခရီးအစုံသွားခဲ့ပြီး ဒေသန္တရ

ဗဟုသုတတွေ အတော်ကိုပဲ ကြွယ်ဝပါတယ်။ ခရီးမထွက်ခင်မှာ သူနဲ့လင်းဖုန်းဟာ စကားစမြည်တွေ ပြောခဲ့ပြီး ဗဟုသုတတွေ တော်တော်ရခဲ့ပါတယ်။

မီးလျှံခေါးဂိုဏ်းဟာ အလင်းခေါးမြန်ဂိုဏ်း လိုပါပဲ… မဟာချင်မင်းဆက်ရဲ့ နယ်နမိတ်ထဲက ထိပ်တန်းဂိုဏ်းတွေအနက် တစ်ခုအပါအဝင် ဖြစ်ပါတယ်။ သူတို့ရဲ့ ဂိုဏ်းထဲမှာလဲ သိုင်းထိပ်သီးပေါင်း မြောက်မြားစွာရှိတယ်လေ…

ရဲ့ကော်လိုမျိုး အခြေခံအုတ်မြစ်
အဆင့်က ကျင့်ကြံသူမျိုးဟာ
တကယ်တမ်းတော့
ပမွှားအဆင့်လေးပါ။

ပိုဆိုးတာကတော့ ဒီခေါးဂိုဏ်း
နှစ်ခုစလုံးဟာ ကောင်းကင်ကိုးလွှာ
ခေါးမဟာမိတ် အဖွဲ့ဝင်တွေပါ။

ကောင်းကင်ကိုးလွှာ
ခေါးမဟာမိတ်အဖွဲ့ဆိုတာက
ခေါးဂိုဏ်းကြီး ၉ ဂိုဏ်းပေါင်းပြီး
ဖွဲ့စည်းထားတာ ဖြစ်ပြီးတော့...

သူတို့တတွေဟာလည်း အချင်းချင်း
အလွန်ပဲ သွေးနီးကြပါတယ်။

ပြီးတော့ ဓါးမဟာမိတ်
ခေါင်းဆောင်ဖြစ်တဲ့
စူတောင်ဓားဂိုဏ်းဟာ ဓားသိုင်းနဲ့
ပတ်သတ်လာရင်တော့
မဟာ့မဟာသိုင်းကမ္ဘာပဲ
ဖြစ်ပါတော့တယ်။

ဗုဒ္ဓအနွယ်ဝင် မဟာမိုးကြိုး
ကျောင်းတော်... တာအိုအနွယ်ဝင်
ဟင်းလင်းပြင် ဘုရားကျောင်း တို့နဲ့

ပေါင်းပြီးတော့ သူတို့ဟာ မူလကောင်းကင်ကမ္ဘာရဲ့ မြင့်မြတ်သော မဟာနယ်မြေသုံးခု အဖြစ် သတ်မှတ်ထားခြင်းကို ခံထားရတယ်လေ။

(မဟာမိုးကြိုး ကျောင်းတော်ဆိုတာဟာ Journey to the West ဇာတ်ကားထဲမှာ ဗုဒ္ဓသီတင်းသုံးတဲ့ ကျောင်းတော်ဖြစ်ပါတယ်။ စူတောင်ဓားဂိုဏ်းကတော့ Chinese Paladin, Legend of Zu အစရှိတဲ့

ဇာတ်ကားတွေထဲက မင်းသားရဲ့
ဂိုဏ်းဖြစ်ပါတယ်)

ဝတ်ရုံနီလူငယ်ဟာ
ရှောင်ပုတန်လေးကို သူ့ရဲ့ဂိုဏ်းက
ကမ္ဘာပေါ်မှာ
အစွမ်းအထက်ဆုံးဂိုဏ်းလို့
ပြောတာဟာ ဂျင်းအကြီးကြီး
ထည့်တာပဲဖြစ်ပါတယ်။ တခြားသော
ဂိုဏ်းကြီးတချို့ကို
ထည့်မတွက်ရင်တောင်မှပဲ
ကောင်းကင်ကိုးလွှာ
ဓားမဟာမိတ်အဖွဲ့မှာ သူတို့ဂိုဏ်းဟာ

အလယ်အလတ် အဆင့်လောက်ပဲ
ရှိတာလေ။

ဒါပေမဲ့လည်း ဒီမူလကောင်းကင်
ကမ္ဘာမှာ မီးလျှံခေးဂိုဏ်းဟာ
ထိပ်တန်းအဆင့် ဂိုဏ်းတစ်ဂိုဏ်း
ဆိုတာကတော့ ငြင်းလို့မရပါဘူး။

လင်းဖုန်းဟာ ရှောင်ပုတန်လေးကို
တစ်ချက်ကြည့်လိုက်တယ်လေ...
ကောင်ကလေးရဲ့ ဆံပင်တွေဟာ
ပုခုံးပေါ်ကို ဝဲကျနေတယ်... သူ့ရဲ့
မျက်လုံးရွှဲကြီးတွေဟာ

မည်းနက်ပြီးတောက်ပနေတယ်... သူ့ရဲ့ ပုံစံဟာ ဖြူစင်ပြီး သန့်ရှင်းနေတယ်... ချောမောပြီးတော့ ချစ်စရာကောင်းတယ်။

"ဟူး... ဆရာသခင်ရဲ့ တပည့်ကျော်လေးရာ... မင်းလေးဟာ အမှောင်ထဲက ပိုးစုန်းကြူးလိုပါပဲ... အရမ်းကိုမှပဲ တောက်ပပြီး ထင်ရှားလွန်းတယ်ကွာ။ မင်းရဲ့ မျက်လုံးထဲက အဆွေးခါတ်တွေ... မင်းရဲ့နှုတ်ခမ်းထောင့်စွန်းမှာ ကပ်နေတဲ့ နို့ဖတ်တွေ... မင်းရဲ့

ထူးချွန်လှတဲ့ ပင်ကိုယ်စွမ်းရည်တွေ...
အားလုံးဟာ မင်းကို အကြီးအကျယ်
သစ္စာဖောက်နေကြတယ်ဟ။
လူတွေဟာ တစ်ယောက်ပြီး
တစ်ယောက် မက်လုံးအမျိုးမျိုး ပေးပြီး
လာမြူဆွယ်နေကြမှာ ဆရာသခင်က
မြင်ယောင်နေမိ ပါတယ်ကွာ..."

လင်းဖုန်းဟာ ကိုယ့်ကိုယ်ကိုယ်ပဲ
တိတ်တိတ်ကလေး
လှောင်ပြုံးပြုံးလိုက်ပါတယ်...
သူ့ရဲ့တပည့်ကို တိတ်တိတ်ကလေး
လာမြူဆွယ်တာဟာ သူ့ရဲ့

နောက်ကျောကို ဓားနဲ့
ထိုးလိုက်သလိုပါပဲလေ။

လောလောဆယ်မှာတော့ သူဟာ
ထိပေါက်ပြီးမှ သူခိုးကြောက်နေရတဲ့
အပြစ်ကင်းစင်တဲ့
လူတစ်ယောက်ရဲ့အဖြစ်နဲ့ တူနေပါပြီ။

သူရဲ့ စနစ်ကြီးဟာ
ဂျီးများလွန်းလှပါတယ်... ဒါကြောင့်ပဲ
ရှောင်ပုတန်လေး အပါအဝင်
နောက်ပိုင်း သူလက်ခံရမယ့်
တပည့်တွေ အားလုံးဟာ

ဇာတ်လိုက်မင်းသားအဆင့်
ဇာတ်ကောင်တွေပဲ ဖြစ်တော့မှာပါ။

တကယ်လို့ သူကသာ စွမ်းအား
မကြီးခဲ့ရင် သူ့ရဲ့တပည့်တွေဟာ
သစ္စာမဖောက်ရင်တောင်မှ
တခြားဂိုဏ်းတွေက ခဏခဏ
လာပြီးတော့ မြှူဆွယ်ကြမှာ
ကေန်မုချပါပဲ။

ဒါဟာ သူက အလင်းခါးမြန်ဂိုဏ်းကို
မက်မွန်မိစ္ဆာမယ် လုံရဲ့နဲ့
ရန်တိုက်ပေးတာနဲ့ မတူပါဘူး။ သူက

အလင်းဓားမြန်ဂိုဏ်းကို
ဂျင်းထည့်ရဲတာဟာ ဇာတ်လိုက်အဆင့်
ဇာတ်ကောင်လေး
ရှောင်ယန်ကြောင့်ပါ။ ဒီဂိုဏ်းဟာ
သူ့တပည့်လောင်းလေးရဲ့ ရန်သူလေ…
သူတို့ဟာ သေချာပေါက်
သူ့တပည့်လေးရဲ့ ခြေနင်းကျောက်တုံး
ဖြစ်သွားမှာပါ။

ဒါပေမဲ့လည်း ဒီမီးလျှံဓားဂိုဏ်းကတော့
မတူပါဘူး… ဒါကတော့ လင်းဖုန်း
ကိုယ့်ကိုယ်ကိုယ်ရှာတဲ့ ဒုက္ခပဲ
ဖြစ်ပါတော့တယ်။

ဒါပေမဲ့… ဘာဖြစ်လဲကွာ?
လင်းဖုန်းဟာ အေးစက်စက်နဲ့ပဲ
ရယ်လိုက်ပါတယ်။
ဒီလိုဂိုဏ်းကြီးမျိုးကို ရန်မစတာဟာ
အကောင်းဆုံးပါ… ဒါပေမဲ့လည်း
ရှောင်ပုတန်လေးနဲ့
ပတ်သတ်နေခဲ့ပြီလေ…
ပြောစရာစကား မရှိတော့ပါဘူး။
စကားက သုံးလုံးထဲပါ…
"လစ်လိုက်တော့!"

သူဟာ နည်းလမ်းအမျိုး
ပေါင်းစုံသုံးကာ အားကုန်ထုတ်ပြီးတော့
ရှောင်ပုတန်လေးကို
တပည့်တော်ထားရတာပါ၊
ဘယ်လိုလုပ်ပြီး
လက်လွှတ်ခံလို့ရမှာလဲ?

စနစ်ကြီးက သူ့ကို စောင့်နေတာကိုလဲ
ထည့်မတွက်ရသေးပါဘူး။
တကယ်လို့များ တနှစ်အတွင်း စနစ်
အသိအမှတ်ပြု
တပည့်လေးယောက်ကို

မရှာနိုင်ခဲ့ရင်တော့... စနစ်ကြီးကသူ့ကို ညွှာတာနေမှာ မဟုတ်ပါဘူး။

## စာစဥ် ၁ : အပိုင်း ၁၃

## အပိုင်း၁၃ : ကြွေလွင့်သွားသော ပါရမီရှင်လေး

စိတ်ပိုင်းဖြတ်လိုက် အပြီးမှာတော့ လင်းဖုန်းဟာ သူ့ရဲ့စိတ်ကို လျင်မြန်စွာနဲ့ပဲ ဂီယာချိန်းလိုက်ပါတယ်။ "အင်း...

ရှောင်ပုတန်လေး
တွေ့လာခဲ့တဲ့ကောင်ဟာ
အမှန်ရင်ဆိုတော့
ပမွှားအဆင့်လောက်ပဲ ရှိဦးမယ်…
ငါက အခုသူ့ကိုသွားပြီး
ကြိုရှင်းထားရင် ကောင်းမလား?
မဟုတ်ရင် အမှိုက်ကစပြီး
ပြဿဒ်မီးလောင်နိုင်တယ်ကွ…"

ဒါပေမဲ့လည်း သေချာစဥ်းစား
ကြည့်လိုက်ပြီး နောက်ပိုင်းမှာတော့
ဒီအကြံကို စွန့်လွှတ်လိုက်တယ်လေ…
သူဟာ

တစ်ယောက်ထဲလား...အဖော်တွေနဲ့လ
ား ဆိုတာမှ မသေချာတာ...
မလိုအပ်ပဲ မစွန့်စားတာဟာ
အကောင်းဆုံးပါ။

လင်းဖုန်းဟာ
ရှောင်ပုတန်လေးရဲ့ခေါင်းကို
ခေါက်လိုက်တယ်။ "ဟိတ်...
ကောင်စုတ်ကလေး... မင်းဒီကနေ
ရှေ့ဆက်ပြီး ဆော့ရဲရင်ဆော့ကြည့်..."
ရှောင်ပုတန်လေးဟာ စပ်ဖြဲဖြဲနဲ့ပဲ
ခေါင်းကိုကုတ်ကာ
ရယ်လိုက်ပါတော့တယ်။

တောင်ကုန်းတွေကို
ကျော်လိုက်အပြီးမှာတော့ လွင်ပြင်ကို
ရောက်လာခဲ့ပါပြီ… လင်းဖုန်းနဲ့
ရှောင်ပုတန်လေးဟာ နောက်ဆုံးတော့
ဝူကျိုးမြို့ကို ရောက်ရှိကာ
လာကြပြီလေ။

ဝူကျိုးမြို့ရဲ့ လမ်းမကြီးတွေ အပေါ်မှာ
စည်ကားလှတဲ့ လူအုပ်ကြီးကို
ကြည့်ပြီးတော့ လင်းဖုန်းဟာ
ပြုံးလိုက်ပါတယ်။ ဒီကမ္ဘာကို
ရောက်တာ သုံးလ ပြည့်တော့မယ်…

တစ်ချိန်လုံး
တောင်တွေကြားထဲကနေကို
မထွက်ရသေးဘူး… ဒီလိုမျိုး
မြူးမြူးကြွကြွ လေးတွေကို
မမြင်ရတာကြာပြီလေ။

သုံးလ… လင်းဖုန်းက ခပ်ဖွဖွပဲ
သက်ပြင်းတစ်ချက်ကို
ချလိုက်ပါတယ်… မစ်ရှင်ရဲ့အချိန်
လေးပုံတစ်ပုံ ကုန်သွားခဲ့ပြီ… သူကလဲ
မစ်ရှင်ရဲ့ လေးပုံတစ်ပုံ ကိုပဲ
ပြီးသေးတယ်…

ရှေ့ဆက်ရမယ့်လမ်းဟာ
အရှည်ကြီးပဲလေ။

လင်းဖုန်းကလဲ ကိုယ့်ကိုယ်ကိုယ်ပဲ
အားတင်းလိုက်ပါတယ်…
ရှောင်မိသားစု ခြံဝန်းကို
စုံစမ်းလိုက်ပါပြီ။

ဝူကျိုးမြို့ဟာ မဟာချင်
အင်ပါယာကြီးရဲ့
အရှေ့တောင်နယ်စပ်မှာ ရှိနေတာပါ…
ဒါပေမဲ့လည်း သူဟာ
အရှေ့တောင်ချင်ရဲ့ အဓိက

စီးပွားရေးမြို့တော်
ဖြစ်လို့နေခဲ့ပါတယ်။

ဒီနေရာဟာ အဆုံးအစ မရှိတဲ့
တောင်တန်းကြီးတွေနဲ့လဲ
နီးတယ်လေ… အဖိုးမဖြတ်နိုင်တဲ့
ဆေးပင်တွေ…
တိရိစ္ဆာန်သားရေတွေ…
တိရိစ္ဆာန်အရိုးတွေနဲ့ တခြား
ကုန်ပစ္စည်းပေါင်း များစွာကိုလဲ
ဝူကျိုးမြို့မှာ ရောင်းချပါတယ်။
ဒီကနေမှတဆင့် မဟာချင်

တစ်နိုင်ငံလုံးကိုလည်း
ဖြန့်ဖြူးပေးတယ်လေ။

ရှောင်ယန်ရဲ့ ရှောင်မိသားစုဟာ
ဝူကျိုးမြို့ရဲ့ စွမ်းအားကြီး
မိသားစုတွေထဲက တစ်ခုပါ...
သူတို့ဟာ ဝူကျိုးမြို့ ဆေးဈေးကွက်ရဲ့
သုံးပုံတစ်ပုံကို ထိန်းချုပ်ထားပါတယ်။

ဒါပေမဲ့ ဒီလိုမျိုးနယ်က မိသားစုဟာ
အလင်းခေးမြန်ဂိုဏ်းလိုမျိုး
ထိပ်သီးဂိုဏ်းရဲ့ ပြိုင်ဘက်
မဟုတ်တာကတော့ အသိသာကြီးပါ။

ရှောင်ယန်ဟာ မဟာပါရမီရှင်လေး
ဘဝကနေ အမှိုက်အဖြစ်ကို
ကြွေလွင့်သွားတော့... ဒီလိုဂိုဏ်းမျိုးက
မုယုံယန်ရန်ဟာ စေ့စပ်ပွဲကို
လာဖျက်သိမ်းတာကတော့ အဆန်းကြီး
မဟုတ်ပါဘူး။

လင်းဖုန်းအဓိက စုံစမ်းတဲ့အချက်က...
ရှောင်မိသားစုမှာ အခုလောလောဆယ်
ကြီးကြီးမားမား
ဖြစ်ပျက်သွားတာမျိုးတွေရှိလား...
အပြင်လူတချို့က ရှောင်မိသားစုဆီကို

ရောက်လာကြသေးလား…
စတာတွေပဲ ဖြစ်ပါတယ်။

မုယုံယန်ရန်နဲ့ အဖွဲ့ဟာ
ရောက်မလာကြသေးတာကို
သိရတော့မှ လင်းဖုန်းက
စိတ်အေးသွားခဲ့ပါတယ်။ "ဟူး…
တော်သေးတာပေါ့…
နောက်မကျသေးဘူးဟ…"

ရဲ့ကော်ဟာ မက်မွန်ပင်အိုကြီးနဲ့
တိုက်ခိုက်ပြီးမှ
ဒဏ်ရာရသွားခဲ့တာပါ…

ကြည့်ရတာတော့ ဒဏ်ရာက
မသေးလှဘူး...
အချိန်အတော်ကြာအောင်
ကုရမယ့်သဘောရှိတယ်...
မုယိုံယန်ရန်ကလဲ သူ့ရဲ့ဒဏ်ရာ
အရှင်းပျောက်အောင်
စောင့်နေရမှာပေါ့။

လင်းဖုန်းဟာ ဒီအချိန်မှာ အနည်းငယ်
ချီတုံချတုံ ဖြစ်လာခဲ့တယ်...
တကယ်လို့များ ရဲ့ကော်ရဲ့ ဒဏ်ရာဟာ
ဖလ.. ၁နှစ်လောက်မှပျောက်ရင်

ဘယ်လိုလုပ်မလဲ… အရူးကြီးလိုမျိုး ဝူကျိုးမြို့မှာ ထိုင်စောင့်နေရမှာလား?

"ကဲ… အရင်ဆုံးတော့ ရှောင်ယန်လေးကို အရင်ရှာရမယ်… ပြီးတော့မှ ပင်ကိုယ်စွမ်းရည် တိုင်းတဲ့ ကိရိယာနဲ့ တိုင်းကြည့်ရမယ်…"

ဝူကျိုးမြို့ထဲမှာ ရှောင်ယန်ကို နာမည်ကြီး တစ်ယောက်လို့ ဆိုနိုင်ပါတယ်။

အသက် ၈ နှစ်မှာ
စတင်ကျင့်ကြံခဲ့တယ်လေ… ပြီးတော့
တစ်နှစ်အကြာမှာပဲ ချီသာဝက အဆင့်
၅ ကို ရောက်ခဲ့ပါတယ်… အသက် ၁၂
နှစ်မှာတော့ ချီသာဝက မဟာစက်ဝိုင်း
ပြည့်စုံခြင်းအဆင့်ကို
တက်ခဲ့တယ်လေ။ ဒီလို ကျင့်ကြံမှု
အမြန်နှုန်းဟာ… ရှောင်မိသားစုနဲ့
ဝူကျိုးမြို့ထဲမှာကို မပြောနဲ့…
မဟာချင် အင်ပါယာ အတွင်းမှာတောင်
သူဟာ ကျော်ကြားပါတယ်။

ရှောင်မိသားစုကလဲ ကျင့်ကြံသူ
မိသားစုတစ်ခု ဖြစ်တယ်လေ...
ဒါပေမဲ့လည်း သူတို့ဟာ ဝူကျိုးမြို့က
ဒေသခံ စွမ်းအားစုမျှသာ ဖြစ်တာမို့...
သူတို့ရဲ့ တာအိုနည်းစနစ်တွေက
တတိယအဆင့်သာပါပဲ။ ဒါတောင်မှပဲ
ရှောင်ယန်လေးဟာ မှင်သက်ဖွယ်ရာ
စွမ်းဆောင်ရည်တွေကို ပြသခဲ့တာပါ။
တကယ်လို့များ အလန်းစား
တာအိုနည်းစနစ်တွေကို
ကျင့်ကြံနိုင်ခဲ့မယ် ဆိုရင်တော့... သူ့ရဲ့
စွမ်းဆောင်ရည်တွေဟာ
အတိုင်းအဆရှိမှာ မဟုတ်ပါဘူး။

ကောလဟာလတွေအရ ရှောင်ယန်ရဲ့
ဂုဏ်သတင်းဟာ မဟာမြင့်မြတ်
နယ်မြေ ၃ ခု အထိအောင်
မွှေးပျံ့သွားပါတယ်။ ဟင်းလင်းပြင်
ဘုရားကျောင်းကတောင်
လူလွှတ်စစ်ဆေးပြီး ဂိုဏ်းသားအဖြစ်
သိမ်းသွင်းဖို့ကို ပြင်ဆင်နေခဲ့တာပါ။

အဲဒီအချိန်က လူငယ်လေးဟာ
ယုံကြည်မှု ပြင်းထန်နေပြီး
တောက်ပနေတဲ့ အနာဂတ်
ရှိခဲ့ပါတယ်... သိပ်မကြာခင်မှာပဲ
သူဟာ

တစ်ဆယ့်သုံးနှစ်ပြည့်တော့မယ်…
တချို့လူတွေ တစ်သက်လုံး
မရနိုင်ကြတဲ့ အခြေခံအုတ်မြစ်
အဆင့်ကိုလည်း ရောက်တော့မယ်…
ဒါ့အပြင် မြင့်မြတ်နယ်မြေ တစ်ခုရဲ့
တပည့်ဖြစ်ပြီး ကိုယ်ပိုင်ဒဏ္ဍာရီ
တစ်ပုဒ်ကိုလည်း
ရေးနိုင်တော့မယ်လေ။

ဘယ်လောက်တောင်များ
စိတ်ခတ်တက်ကြွဖို့
ကောင်းလိုက်သလဲ!
ဘယ်လောက်တောင်မှပဲ

လင်းလက်တောက်ပလို့ နေခဲ့သလဲ!
ဒါပေမဲ့လည်း ရှောင်ယန်လေး
အသက်၁၂ နှစ် ပြည့်တဲ့နှစ်မှာပဲ
အခြေအနေတွေဟာ အကောင်းကနေ
အဆိုးအဖြစ်ကို ချက်ချင်းပဲ
ပြောင်းကာသွားပါတော့တယ်။

ရှောင်ယန်လေး ကျားကုတ်ကျားခဲ
ကြိုးစားလေ့ကျင့်ထားတဲ့
မှော်စွမ်းအင်တွေဟာ တစ်ရက်တာ
အချိန်လေးအတွင်းမှာပဲ ဝုန်းဆိုပြီး
ပျောက်ကွယ်လို့ သွားခဲ့တယ်လေ…
သူဖွင့်လှစ်ထားခဲ့တဲ့ အာရုံကြောအမှတ်

တွေဟာလည်း တစ်ခုပြီးတစ်ခု
ပြန်ပိတ်ကာ သွားခဲ့ပါတယ်။

သူဟာ ချီသာဝက မဟာစက်ဝိုင်း
ပြည့်စုံခြင်းအဆင့်ကနေ
ချီသာဝကအဆင့် ၁ အဖြစ်ကို
ဘာရယ်ကြောင့်မှန်း မသိပဲ
ကျဆင်းသွားခဲ့တယ်လေ…
တိမ်ပေါ်ကနေပြီးတော့
မြေကြီးအောက်ကို ရုတ်ခြည်းပဲ
ပြုတ်ကျသွားခဲ့ပါပြီ။

သူ့ဆီကို လာမယ်ပြောနေတဲ့
ဟင်းလင်းပြင် ဘုရားကျောင်းကလဲ
ရောက်မလာတော့ပါဘူး… သူ့ကို
ချီးမွမ်းသံတွေဟာလည်း
သက်ပြင်းချသံတွေ.. ပိုဆိုးတာက
ကဲ့ရဲ့ရှုံ့ချသံတွေ အဖြစ်ကို
ပြောင်းလဲလို့ သွားခဲ့ပြီလေ။

ဝူကျိုးမြို့က လူတွေ အကုန်လုံးဟာ
ပါရမီရှင်လေး ကျရှုံးသွားခဲ့တာကို
သနားကြည့်နဲ့ ကြည့်နေကြပါတယ်။

ရှောင်ပုတန်လေးဟာလည်း
ရှောင်ယန်ရဲ့ အကြောင်းကြားပြီးတော့
အတော်ကိုပဲ စိတ်မကောင်း
ဖြစ်သွားခဲ့တယ်လေ... "ဩော်...
သူ့ရဲ့ဘဝကလဲ မလွယ်ပါလား..."

"ဒါပေါ့... ဒါပေါ့..." လင်းဖုန်းကတော့
ဒီအတိုင်းလေးပဲ
ထောက်ခံလိုက်ပါတယ်...
ဒါပေမဲ့လည်း သူ့ရဲ့ စိတ်ထဲမှာတော့
စိတ်ဆန္ဒတွေက ပြင်းပြနေခဲ့ပါတယ်။

မြတ်စွာဘုရား…ဒါဟာ
ကောင်းကင်ဘုံရဲ့
အရွေးချယ်ခံလေးပဲ…
ဇာတ်လိုက်မင်းသား ဇာတ်လမ်းပဲ!

ရှောင်ယန်လေး ဒီလိုဖြစ်ရတာဟာ
နောက်ခံအကြောင်းရင်း တစ်ခုခုတော့
ရှိရမယ် ဆိုတာကို ငတုံးတောင်မှပဲ
သိနိုင်ပါတယ်။အစပိုင်းမှာ
ဖိနှိပ်ခံထားရသလောက် နောက်ကျရင်
ပြန်ပြီးတော့မှ ပေါက်ကွဲတယ်
ဆိုတဲ့စကားလဲ ရှိတယ်လေ။

အဆုံးထိတိုင် ဖိနှိပ်ခြင်း မခံရပဲ
ပေါက်ကွဲမှုကြီးကြီးတော့
ဘယ်ဖြစ်နိုင်ပါ့မလဲ?

ဒီမုယုံယန်ရန်က စေ့စပ်ပွဲကို
လာဖျက်သိမ်းပြီး အရှက်ရစေတာဟာ
ဇာတ်အချိုးအကွေ့ရဲ့ အဓိကအပိုင်းပဲ
ဖြစ်ပါတယ်… နောက်ပိုင်းမှာ
ရှောင်ယန်ရဲ့ အခြေအနေတွေဟာ
တိုးတက်လာပြီး… သားရဲတစ်ကောင်
ဖြစ်လာကာ ဆော်တွေလည်း
အများကြီး ထပ်ရဦးမှာပါ။

လင်းဖုန်းဟာ စိတ်ထဲကနေပဲ တွက်ချက်လို့ နေခဲ့ပါတယ်... "အင်း... ရှောင်ယန်လေး ဒီလိုဖြစ်ရတာဟာ အကြောင်းရင်း တစ်ခုခုတော့ ရှိရမယ်ကွ... ဒီအကြောင်းကြောင့်ပဲ သူဟာ အနာဂတ်မှာ ပြန်ပြီးတော့ တိုးတက်သွားမှာပဲ" တခြားစကားလုံးနဲ့ ပြောရရင်... "ဒါဟာငါ့ရဲ့ ပြိုင်ဘက်ပဲ!"

မုယုံယန်ရန်တို့ အဖွဲ့က အခုအချိန်ထိ ရောက်မလာကြသေးပါဘူး... လင်းဖုန်းဟာ  အကွက်တွေကို အေးဆေးရွှေ့ဖို့ အချိန်ရှိပါသေးတယ်။

ပထမဦးစွာ နေဖို့နေရာ တစ်နေရာ
ရှာလိုက်တယ်လေ… ပြီးတော့မှ
ရှောင်ပုတန်လေးကို ထားခဲ့ပြီး
လင်းဖုန်းက ရှောင်ဂေဟာ အနားကို
ထွက်လာလိုက်ပါတယ်။

ရက်အတန်ငယ် စောင့်ကြည့်အပြီးမှာ
ရှောင်ယန်ကိုလဲ မတွေ့ရသေးပါဘူး…
မုယုံယန်ရန်တို့ကလဲ
ရောက်မလာကြသေးဘူးလေ…
လင်းဖုန်းကလဲ စိတ်အနည်းငယ်
ပူလာခဲ့ပါပြီ။

မုယုံယန်ရန်တို့ စေ့စပ်ပွဲ
လာမဖျက်သိမ်းခင်မှာပဲ
ရှောင်ယန်လေး ဆီကိုသွားကာ
ဆရာသခင် သူတော်စင် ဟန်ဆောင်ပြီး
ဂျင်းအရင် ထည့်ဖို့တောင်
စဥ်းစားနေရပြီလေ။

ဒါပေမဲ့ အဲ့ဒီလိုလုပ်ရင်လည်း
ပြဿနာတွေ ရှိပါတယ်… စေ့စပ်ပွဲ
အဖျက်သိမ်းမခံရပဲ ရှောင်ယန်လေးရဲ့
ကံကြမ္မာကို ပြောင်းလဲဖို့ဆိုတာက
မဖြစ်နိုင်ပါဘူး။ဆိုလိုတာက
စေ့စပ်ပွဲသာ ဖျက်အသိမ်းမခံရရင်

ရှောင်ယန်လေးရဲ့
စွမ်းအားကြီးချင်စိတ်ဟာ
ဒီလောက်ကြီး အရင်လိုမှ
မဟုတ်ဘူးလေ... သူ့ရဲ့မာနဟာလည်း
ထိခိုက်မှာ မဟုတ်ပါဘူး... စေ့စပ်ပွဲ
ပျက်သွားတာကြောင့် အရှက်ရပြီး
ဒေါသထွက်မှာလည်း မဟုတ်ပေဘူး။

ရှောင်ပုတန်လေးနဲ့ မတူတာက
ရှောင်ယန်ဟာ အသက် ၁၅ နှစ်
ရှိပါပြီ... ဆင်ခြင်တုံတရား
နည်းနည်းပါးပါးတော့
ရှိတယ်လေ။တကယ်လို့များ သူဟာ

ဒေါသမထွက်ပဲ တည်ငြိမ်နေမယ်ဆိုရင်
လွယ်လွယ်ကူကူနဲ့တော့ ဂျင်းထည့်လို့
လွယ်ကူမှာ မဟုတ်ပါဘူး။

တစိမ့်စိမ့် စဉ်းစားပြီးနောက်မှာတော့
မုယုံယန်ရန်လေးကို စောင့်ပြီးမှပဲ
သူ့အကွက်တွေကို ရှေ့တော့မယ်လို့
လင်းဖုန်းက ဆုံးဖြတ်လိုက်တယ်လေ။

အတွေးထဲ နစ်မျောနေဆဲမှာပဲ စနစ်ရဲ့
အကြောင်းကြားချက်ဟာ
သူ့ရဲ့ခေါင်းထဲမှာ ရုတ်တရက်ပဲ
ပေါ်လာခဲ့ပါပြီ။

"ပစ်မှတ်ကို ရှာဖွေတွေ့ရှိပါပြီ...
သင့်ရဲ့တပည့်ဖြစ်ရန်
သင့်တော်ပါတယ်"

လင်းဖုန်းဟာ ခေတ္တ
မှင်သက်သွားခဲ့ပါတယ်...
"အမလေးဟ... လန့်လိုက်တာ!"သူက
ခေါင်းကို မော့ကြည့်လိုက်ပါပြီ...
ဝတ်ရုံနက်နဲ့ လူငယ်တစ်ယောက်ဟာ
ရှောင်ဂေဟာကနေ ထွက်လာတာကို
တွေ့လိုက်ရတယ်လေ။

ဝတ်ရုံနက်နဲ့လူငယ် ထွက်လာတာကို တွေ့လိုက်ရတော့ လမ်းမပေါ်မှာ ခေတ္တ တိတ်ဆိတ်သွားခဲ့ပါတယ်။ အားလုံးရဲ့ အကြည့်တွေဟာ သူ့ရဲ့အပေါ်ကို ကျရောက်ကာ လာခဲ့ပါပြီ…
ပြီးတော့မှပဲ တီးတိုး ရေရွတ်သံတွေဟာ ပေါ်ထွက်လို့ လာခဲ့ပြီလေ။ ဝတ်ရုံနက်နဲ့ လူငယ်အကြောင်းကို ပြောနေကြတာ ကေန်မုချပါပဲ။

ဒီလူငယ်ဟာ ရုပ်ရည်ချောမောပြီး ကြည့်ကောင်းပါတယ်…
သူ့ရဲ့မျက်နှာကလဲ တည်ငြိမ်လို့

နေခဲ့တယ်လေ။ အပြင်က လူတွေရဲ့
တုံ့ပြန်မှုကို ကြည့်ပြီးတော့ သူ့ရဲ့
နှုတ်ခမ်းထောင့်စွန်းမှာ
မဲ့ပြုံးလေးတစ်ချက်ဟာ
ပေါ်လာခဲ့ပါတယ်... အပြင်ဘက်ကို
မရပ်ပဲနဲ့ ဆက်လျှောက်လို့ သွားခဲ့ပါပြီ။

လင်းဖုန်းဟာ သူ့ရဲ့ အကြည့်တွေကို
ဝတ်ရုံနက်လူငယ်ရဲ့ ကိုယ်ပေါ်မှာ
စူးစိုက်ထားခဲ့ လိုက်ပါတယ်...စနစ်ရဲ့
အကြောင်းကြားချက် တွေဟာလည်း
သူ့ရဲ့ခေါင်းထဲမှာ မရပ်မနားနဲ့ပဲ
အော်မြည်ကာ နေခဲ့တယ်လေ။

"ပင်ကိုယ်စွမ်းရည်စနစ်
အချက်အလက်များကို စုစည်းလို့
ပြီးပါပြီ… ပစ်မှတ် အမှတ်နှစ်ရဲ့
အချက်အလက်များမှာ
အောက်ပါအတိုင်းပဲ ဖြစ်ပါတယ်။"

"အရိုးအရင်းမြစ် -> ၈ …
သဘောပေါက်နားလည်နိုင်စွမ်း -> ၉…
စိတ်စွမ်းအား -> ၉…
ကောင်းချီးမင်္ဂလာ -> ၈"

"သုံးသပ်ချက် :  ပစ်မှတ်ရဲ့
ပင်ကိုယ်စွမ်းရည်ဟာ အလွန်ပဲ
မြင့်မားပါတယ်… တပည့်အဖြစ်
သိမ်းသွင်းရန် ထောက်ခံပါတယ်။
သေသေချာချာ လမ်းညွှန်မှုပေးပါ…
သေချာပေါက် ဂိုဏ်းရဲ့ထောက်တိုင်
ဖြစ်လာပါလိမ့်မယ်…"

လင်းဖုန်းဟာ အသက်ပြင်းပြင်း
တစ်ချက် ရှိုက်လိုက်ပါတယ်… သူရဲ့
မျက်နှာပေါ်မှာလဲ နေဝန်းကဲ့သို့
နွေးထွေးတဲ့ အပြုံးလေးတစ်ခုဟာ
ပေါ်ထွက်ကာ လာခဲ့ပါပြီ။

" နံပါတ် ၂ !"

သူ့ရဲ့ မျက်လုံးအစုံဟာလည်း ရှောင်ယန်ရဲ့ ကိုယ်အပေါ်မှာ ရှာဖွေလို့ နေခဲ့ပါတယ်။ သူ့ရဲ့ကိုယ်ပေါ်မှာ လိမ်ညာနိုင်တဲ့ ပစ္စည်းမျိုး ရှိနေမလားလို့ပါ... သယ်ရလွယ်တဲ့ လက်စွပ်တို့.. လက်ကောက်တို့.. ဆွဲကြိုးတို့.. လိုမျိုးပေါ့။

သူ့ရဲ့လက်... ဘာမှမရှိဘူး... သူ့ရဲ့ လည်ပင်း... ဟာ... ကြိုးတစ်ချောင်း

တွေ့တယ်ဟ… ကြိုးပေါ်မှာက
လက်စွပ်နှစ်ကွင်းကို
ချည်ထားပါတယ်… တစ်ကွင်းဟာ
အလွန်အမင်းပဲ မည်းနက်နေပြီး
ကျန်တစ်ကွင်းက အလွန်အမင်းကိုပဲ
သာမာန်ဆန်နေတယ်လေ။

လင်းဖုန်းဟာ သူ့ရဲ့နှာခေါင်းကို
ပွတ်ပြီးတော့ ပြုံးလိုက်ပါပြီ…
"ဟဟ…
လက်စွပ်တစ်ကွင်းတော့တွေ့ပြီ…
နေဦး… နှစ်ကွင်းတောင်မှ…

အထဲမှာတော့ ဘိုးတော်ကြီး
တစ်ယောက်ရှိနေ..."

ဟဲ့... နေပါဦး...
တစ်ခုခုတော့မှားနေပြီ။
လက်စွပ်နှစ်ကွင်း? မင်းက
လာနှောက်နေတာလားဟ...
ဘာတွေများ ဖြစ်ကုန်ကြတာလဲဗျို့!
လင်းဖုန်းဟာ ကြောင်သွားခဲ့ပါတယ်...
သူ့ရဲ့မျက်လုံးတွေဟာ
ရှောင်ယန်ရင်ဘတ်က
တချင်ချင်မြည်ပြီး လှုပ်ယမ်းနေတဲ့

လက်စွပ်နှစ်ကွင်းကို ကြည့်ပြီးတော့
ကြက်သေသေနေခဲ့ပြီလေ။

## စာစဉ် ၁ : အပိုင်း ၁၄

## အပိုင်း ၁၄  : လက်စွပ်နှစ်ကွင်း

ရှောင်ယန်လေး အဝေးကို
ရောက်သွားတော့မှပဲ လင်းဖုန်းဟာ
သတိပြန်ဝင်လာခဲ့ကာ
အနောက်ကနေပဲ
အမြန်လိုက်သွားခဲ့ပါတယ်။

ရှောင်ယန်လေးဆီမှာ
လက်စွပ်နှစ်ကွင်း ရှိနေခဲ့ပါတယ်…
ဒါဟာ လင်းဖုန်းက ကြိုပြီးတော့
မထင်မှတ်ထားတဲ့
အခြေအနေတစ်ခုပါ။ လင်းဖုန်းဟာ
စိတ်ထဲကနေပဲ မသက်မသာ
ခံစားလာခဲ့ရပါပြီ… "ဘုရားရေ…
ရှောင်ယန်ရဲ့ ကိုယ်ပေါ်မှာ
ဘိုးတော်ကြီးက နှစ်ယောက်တောင်မှ
ရှိနေတာလားဟ?"

"နင့်မေကလွှားတဲ့မှပဲ… နည်းပြကြီး…
ကျွန်တော်မျိုး တင်ပြစရာ

တစ်ခုရှိပါတယ်ဗျို့… ဒါဟာ
စည်းကမ်းကို ချိုးဖောက်ရာ
ကျပါတယ်ခင်ဗျ!"

နေစမ်းပါဦး… ဘိုးတော်ကြီးက
လက်စွပ်တစ်ကွင်းမှာရှိပြီး…
ကျန်တဲ့တစ်ကွင်းက
သာမာန်လက်စွပ်လဲ ဖြစ်နိုင်တာပဲဟ။

လင်းဖုန်းက ထပ်ပြီးတော့
စဥ်းစားလိုက်ပြန်တယ်… ဒီလို
မဖြစ်နိုင်တာလဲ မဟုတ်ပါဘူး။
ဒီ့ထက်ပိုတာက…

လက်စွပ်နှစ်ကွင်းစလုံးက
သာမာန်လက်စွပ်တွေသာဖြစ်ပြီး
ဘိုးတော်တွေ တစ်ယောက်မှ
မရှိရင်ရော?

ဒါမှမဟုတ်… လက်စွပ်တစ်ကွင်းမှာ
ဘိုးတော်ကြီးရှိနေပြီး…
ကျန်တဲ့လက်စွပ်မှာက
ကောင်းကင်အိုင်တန်လိုမျိုး အလန်းစား
ပစ္စည်းတွေ ရှိနေနိုင်တယ်လေ။

လင်းဖုန်းရဲ့ စိတ်ထဲမှာ
မေးခွန်းပေါင်းများစွာနဲ့ တိုင်ပတ်လို့

နေခဲ့ပါတယ်… စဉ်းစားနေရင်းနဲ့ပဲ
ရှောင်ယန်လေးရဲ့ အနောက်ကို
လိုက်ခဲ့တာ မြို့ရဲ့ တစ်ဖက်ခြမ်းဆီက
ရေအိုင်လေးရဲ့ အနားကိုတောင်
ရောက်ကာလာခဲ့ပါပြီ။

လင်းဖုန်းက ပတ်ဝန်းကျင်
ရှုခင်းတွေကို
လှေ့လာကြည့်လိုက်ပါတယ်…
လူအနည်းငယ်ကိုသာ
တွေ့ခဲ့ရတယ်လေ။
ကြည့်ရတာကတော့ ဒီနေရာဟာ
ရှောင်ယန်ရဲ့ ကိုယ်ပိုင်နေရာလေးနဲ့

တူပါတယ်... သူစိတ်ညစ်နေရင်
ဒီမှာလာပြီးတော့ အပန်းဖြေတာပေါ့။

ဒီနေရာလေးကို
သေချာမှတ်ထားလိုက်ပြီး လင်းဖုန်းက
လျို့ဝှက်စွာနဲ့ပဲ
ခေါင်းညိတ်လိုက်တယ်။
စေ့စပ်ပွဲပျက်အပြီးမှာတော့
ရှောင်ယန်လေးက ဒီနေရာကို သေချာ
ပေါက်လာပြီးတော့
ပေါက်ကွဲလိမ့်မယ်... အဲ့ဒီမှာပဲ
ဘိုးတော်ကြီးနဲ့ စတွေ့မှာပဲ။

ကန်နံဘေးမှာ ဝတ်ရုံနက်
လူငယ်လေးဟာ သူ့ရဲ့လက်တွေကို
ဦးခေါင်းအနောက်မှာ
သွယ်ယှက်ထားလိုက်တယ်…
ပြီးတော့မှ သူ့ဦးခေါင်းကို
လက်ပေါ်မှာတင်ပြီးတော့
မြက်ခင်းပြင်အပေါ်ကို ဒီအတိုင်းပဲ
လှဲချလိုက်တယ်လေ…
မြက်တစ်ပင်ဟာ သူ့ရဲ့ပါးစပ်ကနေ
တွဲလောင်းကျနေပြီး
လှုပ်ယမ်းနေခဲ့ပါတယ်။

လင်းဖုန်းဟာ အဝေးကပဲ
ရှောင်ယန်လေးကို
လှမ်းကြည့်နေခဲ့ပါတယ်...
သူ့ရဲ့ပုံစံကတော့ မရေမရာနဲ့ပါ။

ဒီအချိန်မှာ မုယုံယန်ရန်ဟာ
စေ့စပ်ပွဲကို လာပြီးမဖျက်သိမ်းခင်
ရှောင်ယန်ကို သူ့ရဲ့တပည့်အဖြစ်
သိမ်းသွင်းဖို့ကို လေးလေးနက်နက်နဲ့ပဲ
စတင်စဥ်းစား နေရပါပြီ။ နို့မဟုတ်ရင်
စေ့စပ်ပွဲ ပျက်သွားအပြီးမှာ...
ဘိုးတော်ကြီး နှစ်ပါး တပြိုင်နက်ထဲ

ပေါ်လာရင်တော့
တိုင်ပတ်သွားလိမ့်မယ်။

လင်းဖုန်းဟာ အတွေးကြောထဲမှာ
မျောနေဆဲမှာပဲ… ဆယ်ကျော်သက်
တချို့က ရှောင်ယန်ဆီကို
လာနေတာကို တွေ့လိုက်ရပါတယ်…
ကြည့်ရတာတော့ လာခြင်းကောင်းတဲ့ပုံ
မပေါ်ပါဘူး။

တိတ်တခိုး သက်ပြင်းချလိုက်ရင်း
လင်းဖုန်းကလဲ သနားစွာနဲ့ပဲ
ခေါင်းခါလိုက်ပါတယ်။

အခ်ိပ္ပွာယ်ကောက် မမှားနဲ့လေ...
သူဟာ ရှောင်ယန်လေးက မိုးပေါ်ကနေ
ပြုတ်ကျလာတာကို သနားနေတာ
မဟုတ်ပါဘူး... ဟိုကောင်လေးတွေက
မဆင်မချင် လျှောက်လုပ်ကြတာကို
သက်ပြင်းချတာပါ။

ဟုတ်တာပေါ့... ရှောင်ယန်လေးဟာ
အခုအချိန်မှာ ကံဆိုးနေပြီး
အနိုင်ကျင့်ဖို့ လွယ်နေတာကတော့
မှန်ပါတယ်... ဒါပေမဲ့လည်း ဒီလို
ဇာတ်လိုက်အဆင့် ဇာတ်ကောင်မျိုးကို

အနိုင်ကျင့်ချင်ရင်… တစ်ခုခုတော့
ပြန်ပြီးပေးဆပ်ရမယ် ဆိုတာကို
သိထားသင့်တာပေါ့။

စေ့စပ်ပွဲ ပျက်သွားအပြီးမှာ
ရှောင်ယန်ရဲ့ စွမ်းအားတွေဟာ
တဖြည်းဖြည်းနဲ့
ပြန်ပြည့်လာလိမ့်မယ်… အဲ့ဒီအချိန်မှာ
သူ့ဟတ်ချိုးတစ်ချက် ချေလိုက်ရင်
ဒီလိုမျိုး သာမာန်
ဓာတ်ကောင်လေးတွေဟာ
ရာနဲ့ချီပြီးတော့ လွင့်ထွက်သွားမှာပါ။

ဒါပေမဲ့လည်း ရှောင်ယန်လေးက
စွမ်းအားတွေ ပြန်ပြည့်ဖို့အချိန်ကို
စောင့်နေဖို့ မလိုခဲ့ပါဘူး…
ဒီအချိန်မှာတောင် သူ့ရဲ့အပေါ်ကို
အခွင့်အရေးယူလို့ မရဘူးလေ။

လင်းဖုန်းအတွက်တော့ ဒါဟာ
မုတ်ဆိတ်ပျားစွဲတာပါပဲ။
ခေါင်းကိုငုံ့လိုက်ပြီး သူ့ရဲ့
တာအိုဝတ်စုံကို
တစ်ချက်ရှိုးလိုက်တယ်… ပြီးတော့မှ
သူ့ရဲ့ခေါင်းပေါ်က တာအိုသရဖူကို
အနည်းငယ် ရွှိုင်းလိုက်တယ်…

သူ့ရဲ့ပုံရိပ်ဟာ အပြစ်မရှိတာ
သေချာသွားတော့မှ လင်းဖုန်းဟာ
ချောင်းခြောက်တစ်ချက် ဆိုးလိုက်ပြီး
ရှေ့ထွက်ဖို့ကို ဟန်ပြင်လိုက်တယ်။

"ဟွန့်… မင်းတို့က
လက်ရည်သွေးချင်တယ်ဆိုရင်
ကိုကိုရှောင်ယန်နဲ့ ချဖို့မလိုပါဘူး…
ကျန်းအာလေးက မင်းတို့နဲ့
ဆော့ပေးမယ်…"

ဒီစကားကို ကြားလိုက်ရတော့
လင်းဖုန်းဟာ ကိုယ့်ရဲ့ တာအိုဝတ်စုံ

အပေါ်ကို ပြန်နင်းမိပြီး
ချော်လဲတော့မလို ဖြစ်သွားခဲ့ပါတယ်…
သူ့ရဲ့ ခြေလှမ်းတွေကို
မြန်မြန်ရပ်လိုက်ပြီး ရှေ့ကို
လှမ်းကြည့်လိုက်ပါပြီ။ ခရမ်းရောင်
ဝတ်စုံနဲ့ မိန်းမငယ်လေး
တစ်ယောက်က ရှောင်ယန်ရဲ့အရှေ့မှာ
လှပစွာ ရပ်နေတာကို
တွေ့လိုက်ရတယ်လေ… ရှောင်ရန်ကို
ရန်စနေကြတဲ့ လူတစ်အုပ်စုကို
တိတ်တိတ်ကလေး
ကြည့်နေခဲ့ပါတယ်။

ဒီကောင်မလေးရဲ့ အေးစက်ပြီး
အမူအယာ ကင်းမဲ့နေတဲ့
အော်ရာတွေဟာ ဖူးပွင့်စ
ကြာပန်းတစ်ပွင့်နဲ့ တူပါတယ်။
အသက်ငယ်ငယ်နဲ့ပဲ
အလွန်ကိုသန့်စင်တဲ့ အော်ရာတွေကို
ပိုင်ဆိုင်ပါတယ်။ အနာဂတ်မှာ
ကြီးလာရင် ဘယ်လောက်အထိ
လှပမလဲ ဆိုတာကိုတော့ ခန့်မှန်းလို့
မရနိုင်ပါဘူး။

အဝေးကနေ ကြည့်နေတဲ့
လင်းဖုန်းကလဲ လျို့ဝှက်စွာနဲ့ပဲ

ချီးကျူးလိုက်ပါတယ်။
ဒီလောက်ငယ်ငယ်လေးပဲ
ရှိသေးတယ်... မှင်သက်ဖွယ်ရာ
အလှကို ပိုင်ဆိုင်ထားပြီ။
မုယံုယန်ရန်ထက်တောင် အနည်းငယ်
ပိုသာပါတယ်... မက်မွန်မိစ္ဆာမယ်
လုံရဲ့ကို မှီဖို့ နည်းနည်းလေးပဲ
လိုပါတော့တယ်။ နည်းနည်းလေး
အရွယ် ပိုရောက်လာရင် လုံရဲ့နဲ့
နင်လားငါလား ပါပဲ။

တစ်ခုပဲရှိတာပါ... သူမဟာ
အချိန်မှားပြီးတော့ ရောက်လာခဲ့တယ်။

လင်းဖုန်းဟာ နောင်တရနေဖို့တောင် အချိန်မရှိပါဘူး... စနစ်ကြီးရဲ့ အကြောင်းကြားချက်ဟာ ရုတ်တရက်ပဲ ထွက်ပေါ်ကာ လာခဲ့ပါပြီ... "ပစ်မှတ်ကို ရှာဖွေတွေ့ရှိပါပြီ... သင့်ရဲ့ တပည့်ဖြစ်ရန် သင့်တော်ပါတယ်..."

"ဟင်? ငါ့ရဲ့ ကံဇာတာတွေက မြင့်လာပြီလား?" လင်းဖုန်းဟာ ခဏတာ ကြက်သေသေသွားပြီး အနောက်မှာ အလွန်ကိုမှပဲ ပျော်ရွှင်လို့

သွားပါတော့တယ်။ သူက ခရမ်းရောင် ဝတ်စုံနဲ့ မိန်းကလေးကို ရွှေဥ ဥပေးနိုင်တဲ့ ရွှေရောင်ကြက်မကြီးကို ကြည့်နေသလိုမျိုး ကြည့်လိုက်ပါပြီ။

"ပင်ကိုယ်စွမ်းရည်စနစ် အကြောင်းအရာများကို စုစည်းလို့ ပြီးပါပြီ… ပစ်မှတ် အမှတ် ၃ ရဲ့ အချက်အလက်များဟာ အောက်ပါအတိုင်း ဖြစ်ပါတယ်။"

"အရိုးအရင်းမြစ် -> ၉…
သဘောပေါက် နားလည်နိုင်စွမ်း ->

၈… စိတ်စွမ်းအား -> ၇…
ကောင်းချီးမင်္ဂလာ -> ၆…"

"သုံးသပ်ချက် : ပစ်မှတ်ရဲ့
ပါရမီစွမ်းရည်ဟာ အမတန်ကိုမှပဲ
မြင့်မားပါတယ်… တပည့်အဖြစ်
သိမ်းသွင်းဖို့ကို ထောက်ခံပါတယ်။
သေသေချာချာ လမ်းညွှန်မှုပေးပါ…
ဂိုဏ်းရဲ့ထောက်တိုင် သေချာပေါက်
ဖြစ်လာပါလိမ့်မယ်…"

"အထူးမှတ်ချက် : ပစ်မှတ်ရဲ့
လက်ရှိအဆင့်ဟာ သင့်ရဲ့အဆင့်ထက်
တစ်ဆင့်ပိုမြင့်ပါတယ်။"

လင်းဖုန်းဟာ စနစ်ကြီးရဲ့
အကြောင်းကြားချက်တွေကို
ရှင်ပျစွာနဲ့ပဲ နားထောင်နေခဲ့တာပါ…
ဒါပေမဲ့လည်း နောက်ဆုံးစာကြောင်းကို
ကြားလိုက်ရတော့ ဆွံ့အလို့
သွားခဲ့ပြီလေ။

ဟာ… ငါ့ထက်တစ်ဆင့်ပိုမြင့်တယ်…
ဒါ… ဒါဆိုရင်…

အခြေခံအုတ်မြစ်အဆင့်
မဟုတ်ဘူးလား?

လင်းဖုန်းက တံတွေးကို
မျိုချလိုက်တယ်... ပြီးတော့မှပဲ
ခရမ်းရောင် ဝတ်စုံနဲ့ မိန်းကလေးကို
အသေအချာ ကြည့်လိုက်ပါပြီ။ သူမရဲ့
ခန္ဓာကိုယ်က မှော်စွမ်းအင်တွေဟာ
အလွန်ကိုမှပဲ များပြားပြီး
မဆုံးနိုင်တဲ့အတိုင်း အကွင်းတစ်ကွင်း
ဖြစ်နေတာကို တွေ့လိုက်ရပါတယ်...
ဒါဟာ ချီသာဝက အဆင့် ၁၂

မဟာစက်ဝိုင်း ပြည့်စုံခြင်းအဆင့်ရဲ့

လက္ခဏာပဲလေ။

ချီသာဝက အဆင့် ၁၂

မဟာပြည့်စုံခြင်း... အကြောဆုံမှတ်

၁၂ခုလုံးဟာ ပွင့်သွားပြီးတော့

တစ်ခုထဲအဖြစ်ကို ဆက်သွားပြီ။

အကြောဆုံမှတ်တွေထဲမှာ

သိုလှောင်ထားတဲ့

မှော်စွမ်းရည်တွေဟာ

ရေသေကန်ထဲကလို့

သီးခြားဖြစ်မနေတော့ဘူး...

လှိုင်းလုံးထန်တဲ့ မြစ်ရေတွေလို

ကျင့်ကြံသူတွေရဲ့ ကိုယ်ခန္ဓာထဲမှာ
လှည့်ပတ်စီးဆင်းလို့ နေခဲ့ပြီလေ။

ယေဘူယျအားဖြင့် ချီသာဝက
အဆင့်၁၂ က ကျင့်ကြံသူတွေဟာ
အဆင့်၁၁ က ကျင့်ကြံသူတွေထက်
အများကြီး သန်မာကြပါတယ်။

ဒါပေမဲ့ အခြေခံအုတ်မြစ်
အဆင့်ကတော့ လုံးဝကို
ကွဲပြားခြားနားပါတယ်… ချီသာဝက
အဆင့် ၁၂ က မြစ်ဆိုရင်
အခြေခံအုတ်မြစ်ဟာ ပင်လယ်ပါ…

သူတို့နှစ်ခုကို လုံးဝကိုပဲ နှိုင်းယှဉ်လို့ မရနိုင်ပါဘူး။

လင်းဖုန်းဟာ ခရမ်းရောင် ဝတ်စုံနဲ့ မိန်းမပျိုကို ဘယ်လိုပဲကြည့်ကြည့် ချီသာဝက အဆင့်ရဲ့ ထိပ်ဆုံးပါပဲ… ဒါပေမဲ့ စနစ်ကြီးက သူမကို အခြေခံအုတ်မြစ် အဆင့်လို့ ပြောတော့လည်း အခြေခံအုတ်မြစ် အဆင့်ပဲပေါ့။ ဘယ်သူက သိမှာလဲ… ဒီငတိမလေးဟာ သူမရဲ့ အဆင့်ကို ဖုံးကွယ်ထားမယ်ဆိုတာ။

သူမဟာ အခြေခံ အုတ်မြစ်အဆင့်
စွမ်းရည်ရှိတယ် ဆိုတာကို
သိလိုက်ရတော့ လင်းဖုန်းဟာ သူမကို
တပည့်အဖြစ် သိမ်းသွင်းမယ်
ဆိုတဲ့စိတ်ကို လောလောဆယ်တော့
ခေါင်းထဲမှာ မထည့်နိုင်သေးပါဘူး။

ဘာမှ စဥ်းစားနေစရာ မလိုပါဘူး…
ဒီကောင်မလေးဟာ ဘက်ဂရောင်း
ရှယ်တောင့်မှာပါ။

အသက် ၁၃နှစ်.. ၁၄နှစ် နဲ့
အခြေခံအုတ်မြစ် အဆင့်ကို

ရောက်နေပြီ… ဒီနှုန်းဟာ
ရှောင်ယန်လေးထက်တောင်
ကြောက်စရာ ကောင်းပါတယ်။ သူတို့ရဲ့
အရိုးအရင်းမြစ်နဲ့ သဘောပေါက်
နားလည်နိုင်စွမ်းတို့ဟာ အများကြီး
မကွာကြဘူး… ဒါကဘာကို
ဆိုလိုနေသလဲဆိုတော့
ကောင်မလေးဟာ
ငယ်စဉ်ကတည်းကကိုပဲ
ရှောင်ယန်ထက် သာလွန်တဲ့ ကျင့်ကြံမှု
အထောက်အကူ ပစ္စည်းတွေကို
အများကြီး ရခဲ့တာပါ။

သူမရဲ့ ကျောထောက်နောက်ခံတွေကို
မသိရသေးပဲနဲ့ လင်းဖုန်းဟာ
အလောတကြီး လုပ်လို့မရပါဘူး။
ရေရှည်ပစ်မှတ် အနေနဲ့ပဲ ထားရမှာပါ။

ရေတိုပစ်မှတ်ကတော့
ဓာတ်လိုက်မင်းသားလေး
ရှောင်ယန်ပါပဲ။

ခရမ်းရောင် ဝတ်စုံနဲ့ မိန်းကလေးဟာ
ရှေ့ထွက်လာတာကို ကြည့်ပြီးတော့
ရန်စလာတဲ့ ကောင်တွေကလဲ
အောင်မြင်စွာနဲ့ပဲ တပ်ခေါက်ကာ

ပြန်သွားကြပါပြီ။ ထွက်သွားကြရင်းနဲ့ပဲ မေတ္တာတွေ ပို့သသွားကြတယ်လေ။

"ဟွန့်... လုံးဝကို နားမလည်နိုင်ဘူးကွာ... ကျန်းအာ မိန်းကလေးက ဘာဖြစ်လို့ ဒီအမှိုက်စုတ်လေးကို ကာကွယ်နေရသလဲ ဆိုတာကို..."

"ဟုတ်တာပေါ့... လုံးဝကို မဖြစ်သင့်ဘူး..."

လင်းဖုန်းကတော့ နားထောင်နေရင်းနဲ့
တိတ်တိတ်လေးပဲ
ရယ်နေလိုက်ပါတယ်… ဒီကျန်းအာ
မိန်းကလေးဟာ ရှောင်ယန်ဆိုတဲ့
ဘုရင်ကြီးအတွက် ဖန်ဆင်းထားတဲ့
မိဘုရားခေါင်ကြီးပဲ ဖြစ်ရမယ်။ အာ…
သေချာတာပေါ့… ဆယ်ပုံမှာ
ကိုးပုံလောက်တော့ သေချာတာပေါ့။

သူမရဲ့ ပင်ကိုယ်စွမ်းရည်ဟာ
အရမ်းမြင့်မားတယ်… သူမရဲ့
ကျင့်ကြံမှု အမြန်နှုန်းကလဲ
ရှောင်ယန်လေးနဲ့ ယှဥ်နိုင်တယ်…

သေချာတယ်… သေချာတယ်…
သူမဟာ ဇာတ်ပို့အဆင့်
ဇာတ်ကောင်တော့ မဖြစ်နိုင်ဘူး။
သူမရဲ့ ပင်ကိုယ်စရိုက်ဟာလည်း
အမတန်မှပဲ ကောင်းမွန်တယ်…
နူးညံ့သိမ်မွေ့ပြီး သန်မာတယ်။
အပြင်ပန်းမှာ နူးညံ့တယ်လို့
ထင်ရပေမယ့် အတွင်းပိုင်းမှာကလဲ
မပျော့ညံ့ဘူး… ဒီ့ထက်ပိုတာက
သူမဟာ ရှောင်ယန်ကို အသည်းထဲ
အူထဲကနေ ချစ်နေတာပါပဲ။

ကျွတ်ကျွတ်ကျွတ်… ဒါဟာ
တကယ့်ကိုပဲ ဇာတ်လိုက်မင်းသမီးရဲ့
ပုံစံပါ။

ဒီအတိုင်းပဲ
လျှောက်စဥ်းစားနေရင်းနဲ့ပဲ…
လင်းဖုန်းဟာ ရှောင်ယန်လေးနဲ့
ကျန်းအာမိန်းကလေးတို့
မမြင်နိုင်လောက်တဲ့ နေရာအထိ…
ထိုဆယ်ကျော်သက် အုပ်စုနောက်ကို
လိုက်သွားခဲ့ပါတယ်။

လင်းဖုန်းက ပြုံးပြီးတော့မှ
မေးလိုက်ပါပြီ... "ကဲ... မိတ်ဆွေတို့...
သူဟာ တစ်မြို့လုံးသိတဲ့
ရှောင်မိသားစုက ပါရမီရှင်လေး
မဟုတ်ဘူးလား? ဘယ်လိုလုပ်ပြီး
မိန်းမရဲ့ ထဘီအောက်မှာ ဝင်ပြီးတော့
ပုန်းနေရတာလဲဗျာ?"

ထိုဆယ်ကျော်သက်တွေဟာ
အစပထမတော့
ကြောင်သွားခဲ့ပါတယ်...
နောက်ပိုင်းမှာတော့ လင်းဖုန်းရဲ့
စကားတွေဟာ သူတို့ရင်ဘတ်ကြီးနဲ့

တစ်ထပ်ထဲ ကျနေတာကို
တွေ့လိုက်ရတော့… မတွေ့ရတာ
ကြာပြီး အခုမှပြန်တွေ့ရတဲ့
ဆွေမျိုးရင်းချာ တစ်ယောက်ကို
တွေ့လိုက်ရသလိုမျိုး
ဖြစ်သွားကြတယ်လေ။

တစ်ယောက်က သက်ပြင်းချပြီးတော့
ပြန်ဖြေလိုက်ပါတယ်… "ဟင်း…
မိတ်ဆွေက မသိလို့ဗျာ…
ကျန်းအာမိန်းကလေးဟာ အတိတ်က
သံယောဇဉ်တွေကို
သိပ်တန်ဖိုးထားတာဗျ။ သူမနဲ့

ဟိုရှောင်ယန် ဆိုတဲ့ကောင်က
ငယ်ငယ်လေး ကတည်းက အတူတူ
ကြီးပြင်းခဲ့တာဗျ… ဒါကြောင်မို့လဲ
ဒီလိုမျိုး အမှိုက်ကောင် ဖြစ်သွားတဲ့
အချိန်အထိ သူကိုလိုက်ပြီးတော့
အကာအကွယ် ပေးနေတာပဲဗျာ"

သူ့ဘေးက တစ်ကောင်ကတော့
အေးစက်စက်နဲ့
နှာခေါင်းရှုံ့လိုက်တယ်လေ… "ဟွန့်…
ဒီအမှိုက်ကောင်ကလည်း
မျက်နှာအရေခွံ ထူလွန်းပါတယ်ကွာ…
ကျန်းအာ မိန်းကလေးကို အခွင့်အရေး

ယူလွှန်းပါတယ်။ ငါကသာ သူ့နေရာမှာ ဆိုရင်တော့ ရေမရှိတဲ့ချောင်းမှာ နှာခေါင်းဖော်ပြီး သေလိုက်ပြီလေ..."

တဟားဟားနဲ့ ရယ်ရင်းနဲ့ပဲ သူတို့လေးတွေနဲ့ တစ်သားထဲကျအောင် ဝင်ရောလိုက်ပါပြီ... နောက်တော့မှပဲ မသိမသာနဲ့ပဲ မေးခွန်းတစ်ခုကို မေးလိုက်ပါတယ်... "အော်... ဒါနဲ့ ဒီကောင့်လည်ပင်းမှာ လက်စွပ်နှစ်ကွင်း ဆွဲထားတာက အတော်ကို ထူးဆန်းတာပဲ...

ကျုပ်ကဒါမျိုးကို ခုမှ ပထမဦးဆုံး မြင်ဖူးတာပဲဗျာ... ခင်ဗျားတို့ရော ဘာကြောင့်မှန်း သိလားဗျ?"

သူတို့ထဲက လူတစ်ယောက်က နှုတ်ခမ်းကို မဲ့လိုက်ပါတယ်... "အင်း... တစ်ကွင်းက သူ့အဖေ ပေးထားတာဗျာ... နောက်တစ်ကွင်းကတော့ သူ့ရဲ့အမေ ပေးထားတာလေ။ သူတို့ နှစ်ယောက်စလုံးဟာ အခုအချိန်မှာ မရှိကြတော့ဘူးဗျ... ကျွန်တော်တို့ကတော့ အဲ့ဒီလက်စွပ်

နှစ်ကွင်းစလုံးဟာ
ကျိန်စာသင့်နေတယ်လို့
ယူဆထားကြတာပဲ။ ရှောင်ယန်ဆိုတဲ့
ကောင်ကတော့ ဒါတွေကိုပဲ
ရတနာသိုက်ကြီးလိုမျိုး
သဘောထားပြီးတော့
မျက်စိအောက်ကကို
အပျောက်မခံဘူးဗျ..."

အကြောင်းစုံကို သိလိုက်ရပြီး
နောက်မှာတော့ လင်းဖုန်းဟာ
သူ့ရဲ့ခေါင်းကို တူကြီးနဲ့

အထုခံလိုက်ရသလိုမျိုး
ခံစားလိုက်ရပါပြီ။

ဘာလဲဟ… မိဘတွေရဲ့
အမွေအနှစ်တွေလား… သွားပါပြီ…
လက်စွပ်နှစ်ကွင်း…
ဘိုးတော်ကြီးနှစ်ယောက်…
အီးဟီးဟီး… ကယ်တော်မူကြပါဦးဗျို့!

လင်းဖုန်းဟာ
လှည့်ထွက်လာခဲ့လိုက်ပြီလေ…
ဒါပေါ့… လက်လျှော့လို့တော့
ဘယ်ရပါ့မလဲ။ အရင်ကထက်ပိုပြီး

ပြင်ဆင်မှုကောင်းကောင်း
လုပ်ရမှာပေါ့... ငုပ်မိသဲတိုင်
တက်နိုင်ဖျားရောက်ပဲဟော့။

ဟွန့်... ဘိုးတော်ကြီး နှစ်ယောက်ရှိလဲ
ဘာဖြစ်လဲကွ... ဟဲဟဲ...
ရှောင်ယန်လေးရေ...
မင်းလေးကတော့ ဆရာသခင်ရဲ့
လက်ထဲက ပြေးမလွတ်ပါဘူးကွာ။

## စာစဥ် ၁ : အပိုင်း ၁၅

# အပိုင်း ၁၅ : နို့တိုက်ဖခင် ဖြစ်ရတာလဲ မလွယ်ပါလား

လင်းဖုန်းဟာ ကန်ဘေးကနေ ထွက်လာလိုက်ပြီးတော့ ဈေးတစ်ပတ် ပတ်လိုက်ပါတယ်... အရသာရှိတဲ့ သားရဲနို့တွေ အမျိုးပေါင်း စုံနေအောင် ဝယ်ယူလိုက်ပါပြီ။

အခန်းကို ပြန်ရောက်တော့ ရှောင်ပုတန်လေးဟာ တင်ပုလ္လင်ခွေ ထိုင်နေပြီး အသက်ရှူ လေ့ကျင့်ခန်းကို

လေ့ကျင့်နေတာကို
တွေ့လိုက်ရပါတယ်။

ဒီကောင်လေးဟာ မျောက်ရှုံးအောင်
ဆော့ပေမယ့် စောစောစီးစီးပဲ
ရင့်ကျက်ကာ လာခဲ့ပါပြီ… သူများတွေ
အလေလိုက်နေတဲ့ အချိန်မှာ သူဟာ
ဖိဖိစီးစီးပဲ လေ့ကျင့်နေခဲ့တယ်လေ။
ကြိုးစားအားထုတ်မှု အပိုင်းမှာလဲ
သာမာန်လူတွေက မယှဉ်နိုင်ခဲ့ပါဘူး။

လင်းဖုန်းဟာ တိတ်တိတ်ကလေး
ကြည့်နေရင်းနဲ့ပဲ ကျေနပ်စွာနဲ့

ခေါင်းညိတ်လိုက်ပါတယ်...
ရှောင်ပုတန်လေးရဲ့ အနာဂတ်
စီနီယာလောင်းလေးဟာ
သူရောက်မလာခင် ကတည်းကပဲ
သူလေးကို ဖိအားပေးလို့ နေခဲ့ပြီလေ။

တရားထိုင်နေတဲ့ ရှောင်ပုတန်လေးကို
လင်းဖုန်းဟာ ဂရုမစိုက်
အားတော့ပါဘူး...
ဘေးမှာထိုင်လိုက်ရင်း သူ့ရဲ့အိတ်ထဲက
နို့ခွက်ပုံစံမျိုး အလယ်မှာ ချိုင့်နေတဲ့
သလင်းကျောက်လေးကို
ထုတ်လိုက်ပါတယ်။

ဒါက လင်းဖုန်းဟာ ကောင်းကင်မိုးကြိုး လမင်းကျောက်စိမ်းကို ထုတ်ယူလို့ အပြီးမှာ ကျန်ခဲ့တဲ့ ကျောက်တုံးအခွံပဲ ဖြစ်တယ်လေ။ သူက ကောင်းကင်မိုးကြိုး လမင်းကျောက်စိမ်းလောက်တော့ တန်ဖိုးမကြီးမားပါဘူး... ဒါပေမဲ့လည်း သူဟာ သဘာဝ ရတနာတစ်ပါးဖြစ်ပြီးတော့ သူ့ရဲ့ဆီမှာက မိုးကြိုးစွမ်းအားတွေ အမြောက်အမြား ရှိပါတယ်။

အစ ပထမမှာတော့
ကျောက်တုံးအခွံဟာ
နှစ်ခြမ်းရှိတယ်လေ…
တစ်ခြမ်းကိုတော့
ကျောက်ခေတ်ကျေးရွာက
ရွာသားတွေနဲ့ ကလေးတွေ
လေ့ကျင့်ဖို့အတွက် ရွာမှာပဲ
ထားပေးခဲ့ပါတယ်…
ကျန်တဲ့တစ်ခြမ်းကိုတော့ ရွာသူကြီးက
လင်းဖုန်းကို
အတင်းပြန်ပေးခဲ့တယ်လေ။

လင်းဖုန်းဟာ
ကျောက်တုံးအခွံလေးကနေ
အစသေးသေးလေး တစ်ပိုင်းကို
ဖွဲလိုက်ပါပြီ... ဒီအစ
သေးသေးလေးဟာ လင်းဖုန်းက
ကောင်းကင်ကိုးလွှာ
မိုးကြိုးဆင့်ခေါ်ချက်ကို
တည်ဆောက်တဲ့အခါမှာ အသုံးပြုလို့
ရပါတယ်။ ဒီကျောက်တုံး
အခွံလေးကြောင့်ပဲ လင်းဖုန်းဟာ
စနစ်ကြီးဆီကနေပြီးတော့
မိုးကြိုးသလင်းကျောက်တွေ
အများကြီးကို ဝယ်စရာမလိုပဲ

ကုန်ကျစရိတ်တွေကို
ချွေတာနိုင်ခဲ့တာပါ။

"အင်း... ပြောရမယ် ဆိုရင်တော့
ကောင်းကင်မိုးကြိုး
လမင်းကျောက်စိမ်းတောင် မကပဲ
သူ့ရဲ့ ကျောက်တုံးအခွံကတောင်
ရှောင်ပုတန်လေးအတွက်
ဖန်ဆင်းထားတဲ့ ကံကောင်းခြင်း
လက်ဆောင်တွေပဲဟ" လင်းဖုန်းက
စိတ်ထဲကနေပဲ တွေးနေမိတယ်...
"ဟဲဟဲဟဲ... ရှောင်ပုတန်လေးကို
တပည့်အဖြစ် လက်ခံလိုက်တော့

ဒီကံကောင်းခြင်း
လက်ဆောင်တွေကလဲ
ငါ့ဟာဖြစ်လာတာပေါ့..."

အပိုင်းအစ အသေးလေးကို
သိမ်းလိုက်ပြီးနောက်မှာ လင်းဖုန်းဟာ
ကျောက်တုံးအခွံလေးကို
သူ့ရဲ့အရှေ့မှာ ထားလိုက်ပြီလေ။
သူတိုက်ရင်း ချွတ်ရင်းနဲ့ပဲ
ဒီကျောက်တုံး အခွံလေးဟာ နို့ခွက်ပုံစံ
ပေါက်လာခဲ့ပါပြီ...
မိုးကြိုးသလင်းကျောက်နဲ့
ထုဆစ်ထားတဲ့ နို့ခွက်ကြီးပါ။

သူမီးဖိုချောင်ထဲမှာ ကျိုထားခဲ့တဲ့
သားရဲနို့တွေဟာလည်း အခုအချိန်မှာ
အဆင်သင့် ဖြစ်နေခဲ့ပါပြီ။
စားပွဲထိုးလေးအား
နို့တွေကိုယူခိုင်းလိုက်ပြီး
ဒီမိုးကြိုးသလင်း နို့ခွက်ကြီးထဲကို
လောင်းထည့်လိုက်ပြီလေ။
အနည်းငယ်လောက် စဥ်းစားလိုက်
အပြီးမှာတော့ ကောင်းကင်မိုးကြိုး
လမင်းကျောက်စိမ်းကိုလည်း
ထုတ်ယူလိုက်ပါတယ်။

နဂိုက လက်သီးဆုပ်လောက်
အရွယ်ရှိတဲ့ ကောင်းကင်မိုးကြိုး
လမင်းကျောက်စိမ်းဟာ
လင်းဖုန်းအကြိမ်ကြိမ် အသုံးပြုလို့
အပြီးမှာတော့ အခုဆိုရင်
ကြက်ဥအရွယ်သာ ကျန်ပါတော့တယ်။

လင်းဖုန်းဟာ သူ့ရဲ့ စွမ်းအားတွေကို
လေ့ကျင့်တဲ့နေရာမှာ အသုံးချလို့
မရတော့ပါဘူး… မြောက်ပိုင်း
အာရုဏ်ဦးခါးရဲ့ စွမ်းအား
အရင်းအမြစ်အဖြစ်

သုံးနိုင်အောင်လည်း
ချန်ထားရဦးမယ်လေ။

ဒါ့အပြင်လဲ သူဟာ အဲ့ဒါကို
ရှောင်ပုတန်လေးအတွက်
အစာတစ်ခွက်အဖြစ် ပြင်ဆင်ပေးလို့လဲ
ရပါသေးတယ်။

ကောင်းကင်မိုးကြိုး
လမင်းကျောက်စိမ်းကို နို့အထဲ
ထည့်စိမ်လိုက်ပြီး လင်းဖုန်းဟာ
သူ့ရဲ့မှော်စွမ်းအင်ကို အသုံးပြုပြီး

မိုးကြိုးစွမ်းအားတွေကို နို့နဲ့
ရောမွှေလိုက်တယ်လေ။

ဒီမိုးကြိုးသလင်း နို့ခွက်ကြီးနဲ့
ကောင်းကင်မိုးကြိုး
လမင်းကျောက်စိမ်းဟာ
အစကတည်းက အရင်းအမြစ်
အတူတူပဲလေ… ကောင်းကင်မိုးကြိုး
လမင်းကျောက်စိမ်းရဲ့ အကူအညီနဲ့
မိုးကြိုးသလင်း နို့ခွက်ကြီးထဲက
မိုးကြိုးစွမ်းအင်တွေဟာ
အဆက်မပြတ်ပဲ ထွက်လာခဲ့ပြီး

ခွက်ထဲကနို့နဲ့ ဖြည်းဖြည်းချင်းပဲ
ပေါင်းစပ်လို့ သွားပါတော့တယ်။

ခွက်ထဲက နို့တွေဟာ ဆူပွက်လာခဲ့ပြီး
ရနံ့တွေကလဲ သင်းပျံ့ကာ လာခဲ့ပါပြီ…
အပေါ်ယံ မျက်နှာပြင်ပေါ်မှာ
ပူစီပေါင်းလေးတွေ တစ်လုံးပြီးတစ်လုံး
တက်လာကာ
ဖောက်ဖောက်ဖောက်ဖောက်နဲ့
ပေါက်ကုန်ကြပြီလေ။

ခရမ်းပြာရောင်
လျှပ်စီးကြောင်းလေးတွေဟာ နို့ထဲမှာ

အငွေ့အဝိုက် ပုံစံမျိုးနဲ့
ခေါက်တုံ့ခေါက်ပြန်
လွန်းထိုးနေကြကာ ဖျစ်ဖျစ်ဖျစ်ဖျစ်နဲ့
လျှပ်စစ်စီးကြောင်း အသံတွေကို
ထုတ်လွှတ်နေခဲ့ပါတယ်။

အချိန်ကိုက်လှစွာပဲ
ရှောင်ပုတန်လေးရဲ့
လေ့ကျင့်မှုဟာလည်း ပြီးဆုံးလို့
သွားခဲ့ပါပြီ... တရားထိုင်နေရာကနေ
ထလာပြီး သူ့ရဲ့ နှာခေါင်းလေးကို
တရှုံ့ရှုံ့နဲ့ လုပ်နေပါတော့တယ်။

ရှောင်ပုတန်လေးဟာ မျက်လုံးကို ဖွင့်လိုက်ပါပြီ… လင်းဖုန်းနဲ့ မိုးကြိုးသလင်း နို့ခွက်ကြီးထဲက သားရဲနို့တွေကို မြင်လိုက်ရတော့ ပျော်ရွှင်စွာနဲ့ပဲ အော်ဟစ်လိုက်ပြီလေ… "ဝါး… ဆရာသခင်!"

သူဟာ ချက်ချင်းပဲ ထခုန်လိုက်ပြီး လင်းဖုန်းဆီကို အပြေးကလေး လာလိုက်ပါပြီ… နို့ခွက်ကြီးကို ပတ်ပြေးနေပြီးတော့ သူ့ရဲ့ မျက်ဝန်းနက်ကြီးတွေနဲ့ သားရဲ့နို့ကို

မမိုတ်မသုန်နဲ့ စိုက်ကြည့်လို့
နေခဲ့ပြီလေ။ ပါးစပ်ကလည်း
အငြိမ်မနေပဲ ရေရွတ်နေခဲ့ပါပြီ...
"အား... မွှေးလိုက်လေခြင်း..."

လင်းဖုန်းကလဲ တစ်ချက်
ရယ်လိုက်ပါတယ်...
ကောင်းကင်မိုးကြိုး
လမင်းကျောက်စိမ်းကို နို့ထဲကနေ
ထုတ်လိုက်ပြီးတော့ နို့ခွက်ကြီးကို
ရှောင်ပုတန်လေးဆီ
လှမ်းပေးလိုက်တယ်လေ။

ပါးစပ်ကနေ တစ်ချက်လဲ
သတိလှမ်းပေး လိုက်ပါသေးတယ်...
"ဟေ့... ဆရာက နို့ထဲမှာ
တခြားအမယ် တွေကိုလည်း
ရောထားသေးတယ်နော်...
မင်းလေးက ဂရုစိုက်ပြီး သောက်ဟ။
မင်းရဲ့ မှော်စွမ်းအင်တွေနဲ့ နို့ထဲက
စွမ်းအားတွေကို ထိန်းပြီးမှသောက်...
တစ်ခုတစ်ခုဆိုရင် ချက်ချင်းပဲ
ရပ်လိုက်ကွ..."

ရှောင်ပုတန်လေးဟာ ခေါင်းကို
တစ်ဆတ်ဆတ်နဲ့

ညိတ်လိုက်တယ်လေ… ပြီးတာနဲ့ပဲ ပြုံးဖြီးနေတဲ့ မျက်နှာကြီးနဲ့ နို့ခွက်ကို ဆွဲယူလိုက်ပြီး တစ်ကျိုက်ထဲနဲ့ မော့ချလိုက်ပါပြီ… ခဏကလေး အတွင်းမှာပဲ ခွက်ထဲမှာ နို့တစ်စက်မှ မကျန်တော့ပါဘူး။

နို့သောက်ရတာဟာ အမတန်ကိုပဲ အရသာရှိလှပါတယ်… ဒါပေမဲ့လည်း ခဏအကြာမှာတော့ ဘေးထွက်ဆိုးကျိုးတွေ စကာပေါ်လို့ လာခဲ့ပြီလေ။

အလွန်ကိုမှပဲ ချစ်စရာ ကောင်းလှတဲ့
ရှောင်ပုတန်လေးဟာ
အခုအချိန်မှာတော့ ပြဿနာ
အကြီးကြီး တက်နေခဲ့ပါပြီ...
ယုန်ဖြူလေးလိုမျိုး မျက်စိကြီးတွေ
နီရဲနေပြီး အခန်းထဲမှာ
အော်ဟစ်ပြီးတော့
ပတ်ပြေးနေခဲ့ပါတယ်။

လင်းဖုန်းကလဲ ငိုရမလို ရယ်ရမလို
ဖြစ်သွားခဲ့ပါပြီ... သူလေးကို
အစကတည်းက မှော်စွမ်းအင်ကို
သုံးပြီး ဖြည်းဖြည်းချင်း

ထိန်းသောက်ပါလို့
ကြိုမှာထားခဲ့တာပါ။ ဒါပေမဲ့ အခုတော့
ကြည့်လိုက်ဦး… အစားကိုမက်ပြီး
သတိပေးတာကို နားမထောင်တော့
ဒုက္ခကောင်းကောင်း ရောက်ပြီပေါ့။

ရှောင်ပုတန်လေးဟာ
သားရဲပေါက်စလေးလိုမျိုး
လျှောက်ပြေးနေကာ တွေ့တဲ့အရာတွေ
အားလုံးကို တစ်စစီ ဖျက်ဆီးပစ်လို့
နေခဲ့ပါပြီ… လင်းဖုန်းကသာ အချိန်မီ
မတားနိုင်ခဲ့ရင် တည်းခိုဆောင်
တစ်ခုလုံးဟာ ပြိုကျတော့မှာပါ။

ကူရာမဲ့စွာနဲ့ပဲ လင်းဖုန်းဟာ သူ့ရဲ့
တပည့်လေးကို ဖမ်းချုပ်လိုက်ပြီလေ...
ရှောင်ပုတန်လေးကလဲ
သတိပြန်ဝင်လာတော့ လင်းဖုန်းရဲ့
မျက်နှာအိုကြီးကို ကြည့်ပြီး
ဘာဖြစ်သွားသလဲ ဆိုတာကို
သဘောပေါက်လိုက်ပါပြီ။

မှင်သက်စွာနဲ့ ပဲခေါင်းကိုကုတ်လိုက်ပြီး
မျက်နှာငယ်လေးနဲ့ပဲ
ပြောလိုက်တယ်လေ... "အီးယား...

တပည့်ကလေး မှားသွားပါတယ်
ခင်ဗျ..."

တည်းခိုခန်းပိုင်ရှင်ရဲ့ ကန်အထုတ်ခံရပြီးနောက်မှာ... လင်းဖုန်းဟာ ဒေါသတစ်ဝက် ဟာသတစ်ဝက်နဲ့ ရှောင်ပုတန်လေးရဲ့ ခေါင်းကို ခေါက်လိုက်ပါတယ်... "ကျွတ်... တောထဲမှာလဲ သားရဲမကြီးတွေကို ဖမ်းမိတာနဲ့ တပြိုင်နက်... မင်းလေးဟာ ချက်ချင်းခုန်ဝင်သွားပြီး နှို့သွားစို့တယ်။ အခုတော့ မြို့ပေါ်ကို ရောက်လာပြီဟ... သောက်ချင်ရင်လဲ

ဈေးထဲမှာပဲ
သွားဝယ်သောက်တော့ကွ..."

"မင်းလေးက နို့ဝယ်ပြီး သွားလို့ရှိရင်
ဒီခွက်ထဲကို ထည့်ပြီးတော့
သောက်နိုင်တယ်... ဒီအချိန်ကစပြီး
ဒါဟာ မင်းရဲ့ ကိုယ်ပိုင်နို့ခွက်လေး
ဖြစ်သွားပြီ... ကိုယ့်နို့ခွက်ကိုယ်
ကောင်းကောင်းဂရုစိုက်...
ကြားရဲ့လား!"

ရှောင်ပုတန်လေးကလဲ ခေါင်းကို
တဆတ်ဆတ်နဲ့ ညိတ်လိုက်ပါပြီ...

ခွက်လေးကို ပျော်ရွှင်စွာနဲ့ပဲ သူ့ရဲ့လက်ဖြူဖြူနုနုလေးနဲ့ ထွေးပိုက်ထားရင်းပဲ ပြောလိုက်ပြီလေ... "အား... ကျေးဇူးအထူးပါ ဆရာသခင်..."

သူလေးရဲ့ ပျော်ရွှင်နေတဲ့ မျက်နှာလေးကို ကြည့်လိုက်အပြီး လင်းဖုန်းရဲ့ ရင်ထဲမှာလဲ အပျော်တွေဟာ ကူးစက်ကာ လာခဲ့ပါတယ်။ မှာစရာရှိတာတွေ မှာလိုက်ပြီးတော့ နောက်မှာတော့ လင်းဖုန်းကလဲ တင်ပုလ္လင်ခွေ ထိုင်လိုက်ပါပြီ။

လင်းဖုန်းဟာ မြောက်ပိုင်း
အာရုဏ်ဦးခေးကို အသုံးပြုပုံနဲ့
မှော်ကျိန်စာ နှစ်ခုတွေ ဖြစ်ကြတဲ့
တိမ်လွှာနဂါး လွတ်မြောက်ခြင်း
စွမ်းရည်နဲ့ ကောင်းကင်ကိုးလွှာ
မိုးကြိုးဆင့်ခေါ်ချက်တို့ကို သေချာစွာ
လေ့လာလို့ နေခဲ့ပြီလေ။

***************

အဆုံးအစမဲ့ တောင်တန်းတွေရဲ့
အစွန်မှာတော့ ကြက်သွေးရင့်ရောင်

နီရဲတောက်ပနေတဲ့
အလင်းတန်းတွေဟာ လက်ကနဲ
ဖြစ်သွားပြီးတော့ မြေပြင်ပေါ်ကို
ဆင်းသက်ကာ လာခဲ့ပါတယ်။

ဝတ်ရုံနီ လူတစ်စုဟာ အတူတကွပဲ
စုပြီးတော့ ရပ်နေကြပါပြီ…
သူတို့တတွေရဲ့ တစ်ကိုယ်လုံးမှာလည်း
မှော်စွမ်းအားတွေနဲ့ အပြည့်ပါပဲ။
မီးပြင်းဖိုကြီးလိုပဲ
မီးလျှံစွမ်းအင်တွေဟာ သူတို့ရဲ့
ကိုယ်ပေါ်ကနေ မရပ်မနားပဲ ထုတ်လွှင့်
လို့ နေခဲ့ပြီလေ… သူတို့တတွေရဲ့

ခြေထောက်အောက်နားက
မြက်ပင်ငယ်လေးတွေနဲ့
ဘေးပတ်ပတ်လည်က မိုးထိအောင်
မြင့်မားတဲ့ ရှေးကျလှတဲ့
သစ်ပင်ကြီးတွေတောင်
ညှိုးခြောက်ကာ လာကြပါပြီ။

အရှေ့ကနေ ဦးဆောင်လာကြသူ
သုံးယောက်အနက်က…
နှစ်ယောက်ဟာ အခြေခံ
အုတ်မြစ်အဆင့် ကျင့်ကြံသူတွေ
ဖြစ်ကြပါတယ်။ သူတို့ရဲ့

မှော်စွမ်းအင်တွေဟာ ပင်လယ်ကြီးလို
အဆုံးမရှိပဲ သန်မာကြတယ်လေ။

ဒါပေမဲ့လည်း ဒီအချိန်မှာက
သူတို့နှစ်ယောက်ဟာ
ကျန်တဲ့အဘိုးအိုရဲ့ အနောက်မှာ
ရိုရိုကျိုးကျိုးနဲ့ပဲ ရပ်နေကြပါတယ်။

ဒီအဘိုးကြီးဟာ အဝေးကြီးကနေ
ကြည့်လိုက်ရင်တောင်မှပဲ
ထင်းကနဲမြင်နိုင်တဲ့ အနီရောင်
ဆံပင်တွေကို ပိုင်ဆိုင်ထားတယ်လေ…
သူ့ရဲ့ ပုံစံကလဲ အရမ်းကိုပဲ

ခက်ထန်နေခဲ့ပါတယ်။ ဒါပေမဲ့လည်း
သူ့ရဲ့ ကိုယ်ပေါ်ကနေ စွမ်းအင်တွေဟာ
တစ်စွန်းတစ်စမှ
ထွက်လို့မနေခဲ့ပါဘူး… သူ့ကို
ကြည့်ရတာဟာ သာမာန်လူ
တစ်ယောက်နဲ့ ဘာမှ မခြားပါဘူး။

ဒါပေမဲ့လည်း ဒီအဘိုးကြီးရဲ့ နောက်မှာ
အခြေခံအုတ်မြစ်အဆင့် ကျင့်ကြံသူ
နှစ်ယောက်အပါအဝင် ကျန်ဝတ်ရုံနီ
လူအားလုံးတို့ဟာ အရှင်သခင်ကို
ကြည့်နေကြ သလိုမျိုး
ကြည့်နေကြပါတယ်။

ရွှေရောင် ဗဟိုချက်အဆင့် ဆရာကြီး...
သူတို့ရဲ့ အော်ရာတွေကို တစ်စက်မှ
မပြရင်တောင် လူတိုင်းကို
ကြောက်ရွံ့စေနိုင်တယ်လေ။

အားလုံးရဲ့ အကြည့်တွေဟာ
တောင်တန်းတွေရဲ့အလွန်က ဝူကျိုးမြို့
ရှိရာဆီကို ဦးတည်နေကြပါတယ်။
အခြေခံ အုတ်မြစ်အဆင့် အဘိုးကြီး
တစ်ယောက်က ရုတ်တရက်
ပါးစပ်ဟပြီးတော့
မေးလိုက်တယ်လေ...

"ဟော့ကောင်ရ... သူတို့ဟာ ဒီကနေ
ထွက်သွားပြီဆိုတာက
သေချာရဲ့လား?"

အနောက်ကနေ လူတစ်ယောက်ဟာ
ထွက်လာပြီး ဦးညွှတ်လိုက်ပါတယ်...
သူကတော့ ရှောင်ပုတန်လေး
နှပ်ချခဲ့တဲ့ ဝတ်ရုံနီ လူငယ်ကလွဲလို့
တခြားသူ မဟုတ်ပါဘူး။
သူကရိုသေစွာနဲ့ပဲ ပြန်ဖြေလိုက်ပါပြီ...
"ဟုတ်ကဲ့ပါ... သူတို့တတွေ
ချန်ထားခဲ့တဲ့ သဲလွန်စတွေအရ
သူတို့ဟာ တကယ်ပဲ

တောင်တန်းတွေထဲက
ထွက်သွားကြပါပြီ ခင်ဗျ"

အခြေခံအုတ်မြစ် ကျင့်ကြံသူ
အဘိုးကြီးရဲ့ မျက်စိထဲမှာ အနီရောင်
မီးအလင်းတန်းတစ်ချက်
လက်သွားခဲ့ပါတယ်။ သူဟာ
ဝူကျိုးမြို့ဘက်ကို ကြည့်လိုက်ပြီလေ...
"အင်း... တောင်တွေထဲကနေ
ထွက်လိုက်ရင် အနီးဆုံးဟာ
ဝူကျိုးမြို့ပဲကွ။ ငါတို့က အဲဒီကို
အရင်သွားကြည့်ရရင်
ကောင်းမယ်နဲ့တူတယ်..."

ဝတ်ရုံနီ လူငယ်ဟာ အနည်းငယ်
ချီတုံချတုံ ဖြစ်သွားပြီးမှ
မေးလိုက်ပါတယ်... "အာ...
ဝူကျိုးမြို့က နယ်စပ်မှာ
ရှိတယ်ဆိုပေမယ့်လဲ... ပထဝီ
အနေအထား အရဆိုရင်
အလင်းဓားမြန်ဂိုဏ်းရဲ့ နယ်မြေနဲ့က
ပိုနီးနေတာဆိုတော့..."

ဒီအချိန်မှာ အခြားအခြေခံ
အုတ်မြစ်အဆင့် ကျင့်ကြံသူက
သူ့ရဲ့လက်ကို ဝှေ့ယမ်းလိုက်တယ်...

"အင်း... တကယ်လို့များ
ဒီချာတိတ်လေးဟာ မင်းပြောသလိုပဲ
ပင်ကိုယ်စွမ်းရည်တွေ
ရှိမယ်ဆိုရင်တော့ စူတောင်ခေးဂိုဏ်းရဲ့
နယ်မြေဆိုလဲ စမ်းကြည့်ရမှာပဲကွ..."

အဲ့ဒီအချိန်မှာပဲ တစ်ချိန်လုံးမှာ
နှုတ်ဆိတ်နေခဲ့တဲ့ ဆံပင်နီ
အဘိုးအိုဟာ ရုတ်တရက်ပဲ
ပါးစပ်ကိုဟကာ ပြောလိုက်ပါပြီ...
"ကဲ... မင်းတို့ရဲ့ သောက်ပါးစပ်တွေကို
ပိတ်ထားလိုက်တော့... သွားမယ်...
ပစ်မှတ်က ဝူကျိုးမြို့ပဲဟေ့..."

စကားတောင် မဆုံးသေးဘူး...
သူဟာသူ့ရဲ့ ကျောပေါ်က ခေးပုံကို
ပုတ်လိုက်ပါပြီ... သူ့ရဲ့
ခေးအော်ရာတွေဟာ မီးလျှံအလား
ကောင်းကင်ပေါ်ကို ထိုးတက်လို့
သွားခဲ့ပြီလေ။

ကျန်နေသေးတဲ့ မီးလျှံခေးဂိုဏ်းက
လူတွေကလဲ အနောက်ကနေ
ထပ်ကြပ်မကွာ
လိုက်လာခဲ့ကြတယ်လေ...
တောက်ပလှတဲ့
မီးလျှံအလင်းတန်းတွေဟာ

တစ်စင်းပြီးတစ်စင်း ကောင်းကင်ယံမှာ
ကြယ်ကြွေလာကြသလိုမျိုး
ဝူကျိုးမြို့ဆီကို လှစ်ကနဲ
ဦးတည်သွားကြပါတော့တယ်။

***************

ဒီအချိန်မှာပဲ လင်းဖုန်းဟာ တည်းခိုခန်း
တစ်ခုထဲမှာ တိတ်တိတ်လေး
တရားထိုင်နေတုံးမှာ
တစ်စုံတစ်ယောက်က ရုတ်တရက်ပဲ
တံခါးကို လာခေါက်ပါတယ်။

လင်းဖုန်းက တံခါးကို
ထဖွင့်လိုက်ပါပြီ… အပြင်ဘက်မှာက
စားပွဲထိုးလေးဟာ
ဖော်လန်ဖားအပြုံးလေးနဲ့ ရပ်စောင့်လို့
နေခဲ့တယ်လေ။

လင်းဖုန်းကို မြင်လိုက်ရတော့ သူဟာ
ပြုံးပြီးတော့မှပဲ ပြောလိုက်ပါတယ်…
"ဟာ… ကိုယ့်ဆရာသမား…
အာစရိက ကျွန်တော့်ကို မြို့ထဲမှာ
စိတ်ဝင်စားစရာ ကောင်းတဲ့ဟာ
တစ်ခုခု ရှိပြီဆိုရင် ချက်ချင်းပဲ
လက်လာတို့လို့ မှာထားတယ်မလား?

ကဲ… အခုတော့ တစ်ခုခုဖြစ်နေပြီ
ခင်ဗျ"

လင်းဖုန်းကလဲ ဖွဖွလေးပဲ
ပြုံးလိုက်ပါတယ်… သူ့ရဲ့ဆီကို
ငွေစတစ်စ ဒီအတိုင်းပဲ
ပစ်ပေးလိုက်ပါပြီ။
စားပွဲထိုးလေးဟာလည်း
အပျော်လုံးဆို့ကာ သွားခဲ့ပြီလေ…
လင်းဖုန်းက စိတ်မရှည်တော့မှာစိုးလို့
ခပ်သွက်သွက်ပဲ ပြောလိုက်ပါတယ်။

"အာ... ကိုယ့်ဆရာသမား...
ဟိုရှောင်မိသားစုက သခင်လေး
ရှောင်ယန်ဟာ ကျင့်ကြံမှုတွေ
ဆက်မလုပ်နိုင်တော့ဘူး ဆိုတာကို
သိတယ်မို့လား? သူ့အရင်
ပါရမီရှင်ဘဝတုံးက သူနဲ့
စေ့စပ်ထားတဲ့သူ ရှိတယ်လေ...အခု..
အခုတော့ အဲဒီအမျိုးသမီးလေးဟာ...
ရှောင်ယန်ရဲ့ အိမ်တံခါးပေါက်ကို
ရောက်နေပြီဗျ"

မုယံ့ယန်ရန်ဟာ နောက်ဆုံးမှာတော့
ဝူကျိုးမြို့ကို ရောက်ရှိကာ
လာခဲ့ပြီလေ။

## စာစဥ် ၁ : အပိုင်း ၁၆

## အပိုင်း ၁၆ : ဘိုးတော်ကြီး ရာထူးအတွက် ပြိုင်ဆိုင်ခြင်း

လင်းဖုန်းဟာ လက်ကို
ဝှေ့ယမ်းလိုက်ပြီး နောက်မှာတော့
စားပွဲထိုးလေးကို
ပြန်လွှတ်လိုက်ပါတယ်။ တံခါးကို

ပိတ်လိုက်ပြီးနောက်မှာတော့ သူ့ရဲ့
ရင်ထဲက အပျော်တွေကို
ထိန်းမထားနိုင်တော့ဘူးလေ.. သူ့ရဲ့
မျက်နှာဟာလည်း မှိုရသလိုမျိုး
ပြုံးဖြီးဖြီးကြီး ဖြစ်လို့လာခဲ့ပါပြီ။

မုယံုယန်ရန်ဟာ ဝူကျိုးမြို့ကို
ရောက်လို့လာခဲ့ပြီလေ… ဒဏ္ဍာရီလာ
စေ့စပ်ပွဲကို ဖျက်သိမ်းခြင်းကို
တွေ့ရဖို့က သိပ်ပြီး မလိုတော့ပါဘူး။

လင်းဖုန်းက ရှောင်ပုတန်လေးဆီကို
လှမ်းကြည့်လိုက်ပါတယ်… "ကဲ…

ငတုံးလေး... ဆရာသခင်ရဲ့
အနောက်ကို လိုက်ခဲ့ဦးဟ..."

ရှောင်ပုတန်လေးဟာ မျက်လုံးကလေး
ကလယ်ကလယ်နဲ့ပဲ
ပြန်မေးလိုက်ပါတယ်... "အာ...
ဆရာသခင်... ဘယ်ကိုများ
သွားကြမှာလဲဗျ?"

လင်းဖုန်းကလဲ ပြုံးပြီးတော့မှပဲ
ပြန်ဖြေလိုက်ပြီလေ... "ဟားဟား...
နဂိုကတော့ မင်းရဲ့ ပထမဦးဆုံး
ဂျူနီယာလေးကို သွားတွေ့မလို့ပဲကွ...

ဒါပေမဲ့လည်း မင်းက အငယ်ဆုံးလေးပဲ ဖြစ်ချင်နေတယ်ဆိုတော့ အခု မင်းလေးရဲ့ ပထမဦးဆုံး စီနီယာ ဖြစ်သွားပြီဟော့..."

ရှောင်ပုတန်လေးကို ခေါ်ပြီးတော့ လင်းဖုန်းဟာ ရှောင်ယန်လေး လာနေကျ ကန်နံဘေးကို ရောက်ကာလာခဲ့ပါပြီ... သူဟာ ကန်ဘေးနားက မြက်ခင်းပြင်တွေရဲ့ အပေါ်မှာ မိုးကြိုးသလင်းတုံးတွေကို ဖြန့်ကြဲပြီး ကောင်းကင်ကိုးလွှာ ကိုးကြိုးဆင့်ခေါ်ချက်ကို

အသက်သွင်းဖို့ ဝက်ပါပုံစံ တစ်ခုကို ပုံဖော်လိုက်ပြီလေ။

လင်းဖုန်းရွေ့ထားတဲ့ အကွက်တွေ အရဆိုရင် တိုက်ခိုက်ဖို့တော့ လိုချင်မှ လိုမှာပါ... ဒါပေမဲ့လည်း သတိဆိုတာ ပိုတယ်လို့ မရှိဘူးလေ။

အကုန်လုံးကို ပြင်ဆင်ပြီးတဲ့ နောက်မှာတော့... လင်းဖုန်းဟာ ရှောင်ပုတန်လေးကို ခေါ်ပြီးတော့ ရှောင်ဂေဟာဆီကို ဦးတည်လိုက်ပါပြီ။

ရှောင်ဂေဟာကို ရောက်တာနဲ့ပဲ
ဝတ်စုံနက်နဲ့ ရှောင်ယန်ဟာ
တံခါးဝကနေ ထွက်လာတာကို
တွေ့လိုက်ရပါတော့တယ်။

ဝတ်ရုံနက် လူငယ်ဟာ သူ့ရဲ့
ခြေလှမ်းတွေကို ရပ်တန့်လိုက်ပါပြီ…
နောက်ကိုလုံးဝ ပြန်မလှည့်ကြည့်ပဲ
အေးစက်စွာနဲ့ပဲ ပြောလိုက်ပြီလေ။

"ကဲ… အချိန်သုံးနှစ်… သုံးနှစ်ပြီးရင်
မင်းနဲ့ ပြန်တွေ့မယ်ဟေ့!" နေရောင်
ထိုးထားတဲ့အတွက် သူ့ရဲ့အရိပ်ကို

အရှည်ကြီး တွေ့ရပါတယ်…
သူတစ်ယောက်ထဲပဲ
အထီးကျန်နေခဲ့တယ်လေ။

သူ့ရဲ့နောက်က တံခါးမကြီးမှာတော့
မုယိုယန်ရန်ရဲ့ ပါးစပ်ပေါက်လေးဟာ
အတန်ငယ် ဟနေတာကို
တွေ့မြင်နိုင်ပါတယ်…
ရှောင်ယန်လေးရဲ့ နောက်ကျောကို
တွေတွေကြီး စိုက်ကာ
ကြည့်နေခဲ့တယ်လေ။ ကောင်မလေးရဲ့
လက်ထဲမှာတော့ တုန်ခါနေပြီး
အချိန်မရွေးပဲ

ပြုတ်ကျသွားတော့မယ်လို့ ထင်ရတဲ့
စာချုပ်တစ်စောင်ကို ကိုင်ထားပါတယ်။
ကြည့်ရတာက
ပေါင်တစ်ထောင်လောက်လေးတဲ့
ပစ္စည်းတစ်ခုကို ကိုင်ထားရသလိုပါပဲ။

စကားဆုံးတာနဲ့ ရှောင်ယန်ဟာ
တံခါးဝကနေ ချာကနဲပဲ
လှည့်ထွက်ကာ လာခဲ့ပါပြီ။

"ကဲကဲ... မင်းတို့ရဲ့
ရည်မှန်းချက်တွေကလဲ
ပြည့်သွားပြီဆိုတော့

ပြန်ကြပါတော့ကွာ..."
အသံအိုကြီးဟာ ခြံအတွင်းကနေ
လွင့်ပျံ့လို့ လာခဲ့ပါတယ်...
ရှောင်ယန်ရဲ့ အဘိုး... ရှောင်ကလန်
အကြီးအကဲရဲ့ အသံပဲ ဖြစ်တယ်လေ။

"ဟင်း... ရှောင်ဘိုးဘိုးရှင့်... ဒီကနေ့
ကိစ္စအတွက် ယန်ရန်လေးက
တောင်းပန်ပါရစေ။ အချိန်ရမယ်
ဆိုရင်တော့ မုယုံမိသားစုဆီကို
လာလည်ပါဦးရှင့်!"

သူမရဲ့ ရည်မှန်းချက်ကလဲ
ပြည့်ဝသွားပြီဖြစ်လို့ မုယုံယန်ရန်ဟာ
အကြာကြီး မနေတော့ပါဘူး...
ဝတ်ရုံဖြူ လူငယ်ရယ်.. ရဲ့ကော်ရယ်ကို
ခေါ်ပြီးတော့ ရှောင်ဂေဟာကနေ
ထွက်လာခဲ့ပါပြီ။

"ဟော့... မုယုံမိသားစုက မိန်းကလေး...
မင်းဒီနေ့လိုမျိုး
ထင်ရှားစိုင်းခဲ့တဲ့အတွက် အနာဂါတ်မှာ
နှောင်တမရပါစေနဲ့လို့ ငါက
ဆုတောင်းပေးလိုက်ပါတယ်။ ပြီးတော့
အလင်းဓားမြန်ဂိုဏ်းက

ကျောထောက်နောက်ခံ ရှိတယ်ဆိုပြီး
ကိုယ်ထင်ရာ ကိုယ်လုပ်လို့
ရမယ်လို့တော့ ထင်မထားနဲ့လေ။
ဒီမူလကောင်းကင် ကမ္ဘာကြီးက
အရမ်းကြီးတာဟ…
အလင်းခါးမြန်ဂိုဏ်းထက်
ကြီးတဲ့ဂိုဏ်းတွေကလဲ
နည်းတာမှတ်ဖူး…"
မုယုံယန်ရန်တို့အဖွဲ့က
တံခါးဝအနားကို ရောက်တုန်းမှာပဲ
အနည်းငယ် အေးစက်စက်နဲ့ အသံပြတ်
တစ်သံဟာ ချက်ချင်းပဲ ပေါ်ထွက်ကာ
လာခဲ့တယ်လေ။

လူသုံးယောက်ရဲ့ ခြေလှမ်းဟာ
ရုတ်ခြည်းပဲ ရပ်တန့်သွားခဲ့ပါပြီ…
ခေါင်းကိုလှည့်ပြီး နောက်ကိုပြန်ကာ
လှည့်ကြည့်လိုက်ပြီလေ။

ရှောင်ကျန်းအာလေးဟာ ဂေဟာရဲ့
နံရံပေါ်မှာ လှပစွာနဲ့ ရပ်တန့်လို့
နေခဲ့ပါတယ်… နေရောင်အလင်းတန်း
တွေကလဲ သူမကို ပြည့်စုံစွာနဲ့
လွှမ်းခြုံရစ်ပတ်ကာ ထားခဲ့တယ်လေ။
အဝေးကြီးကနေ သူမကို
ကြည့်ရတာဟာ
ခရမ်းရောင်ကြာပန်းလေး

ဖူးပွင့်နေသလိုပါပဲ… တင့်တယ်လှပပြီး
ကျက်သရေရှိလှပါပေတယ်။ ဒီသာမာန်
ကမ္ဘာကြီးနဲ့ လုံးလုံးကိုမှပဲ
မသက်ဆိုင်သလိုပဲလေ။

လင်းဖုန်းကလဲ ရှောင်ကျန်းအာလေးရဲ့
ဆွဲဆောင်နိုင်မှုကို ချီးမွမ်းလိုက်ပါပြီ…
သူ့ရဲ့ ရင်ထဲမှာကလဲ
ပျော်ရွှင်နေလို့ပါ… "အင်း…
လူကောင်းနဲ့ လူဆိုးဆိုတာက
ကြည့်လိုက်ရုံနဲ့
အရမ်းကိုသိသာတာပဲ…
ကြည့်ရတာတော့ ငါက မင်းလေးကို

ဘယ်လိုမျိုး ဂျင်းထည့်ရမလည်းဆိုတာ
စဥ်းစားနေစရာတောင်
သိပ်မလိုတော့ဘူး ထင်တယ်။
ရှောင်ယန်လေးကို သိမ်းသွင်းပြီးတာနဲ့
မင်းလေးကလဲ ငါ့ရဲ့လက်ထဲကို
ရောက်ပြီပေါ့။

မုယုံရန်ယန်နဲ့ အပေါင်းပါတွေကို
ကြည့်နေရင်းနဲ့ပဲ သူမရဲ့
လှပကြည်လင်တဲ့ မျက်ဝန်းအစုံက
နေပြီးတော့ သေးသွယ်တဲ့ ရွှေရောင်
မီးတောက်လေးဟာ ရုတ်တရက်ပဲ
ထွက်ပေါ်လို့ လာခဲ့ပါတယ်။

ကောင်မလေးရဲ့ မျက်ဝန်းထဲက
ရွှေရောင်မီးတောက်လေးကို
ကြည့်ပြီးတော့ ရဲ့ကော်ရဲ့ကိုယ်ဟာ
တစ်ချက်တုန်ခါ သွားခဲ့ပါတယ်… သူရဲ့
မျက်နှာအိုကြီးလဲ အလွန်ကိုမှပဲ
ကြောက်ရွံ့သွားတဲ့ အမူအယာမျိုး
ဖြစ်သွားခဲ့ပြီလေ။ ပဟေဋ္ဌိ ဖြစ်နေတဲ့
မုယုံယန်ရန်နဲ့ ဝတ်ရုံဖြူ လူငယ်လေးရဲ့
ဂုတ်ကိုဆွဲပြီးတော့ ထိတ်လန့်စွာနဲ့ပဲ
အသက်ကိုလုပြီး
ပြေးသွားပါတော့တယ်။

ရဲ့ကော်ရဲ့ အပြုအမူတွေကို
ကြည့်ပြီးတော့... ရှောင်မိသားစုရဲ့
ခေါင်းဆောင်အိုကြီးသာ မကပဲ
ဝိုင်းကြည့်နေကြတဲ့
လူတွေအားလုံးကလဲ မှင်တက်လို့
သွားကြပါပြီ။

လင်းဖုန်းရဲ့ ရင်ထဲကနေလဲ ဆတ်ကနဲပဲ
တစ်ချက်တုန်သွားခဲ့ပါတယ်...
"အင်း... သူမဟာ အခြေခံအုတ်မြစ်
အဆင့်ကို ငယ်ငယ်လေးနဲ့
ရောက်နေခဲ့တယ် ဆိုပေမယ့်
ရဲ့ကော်ကလဲ အခြေခံအုတ်မြစ်

အဆင့်ပဲလေ… ဒီလောက်ထိကြီးတော့
ရုပ်ပျက်ဆင်းပျက် ဖြစ်သွားဖို့
မကောင်းပါဘူး။ မဟုတ်မှလွဲရော…
ဒါဟာ သူမရဲ့ မျက်စိထဲက
ရွှေရောင်မီးတောက်နဲ့
ပတ်သတ်နေရမယ်ဟ…"

"အင်း… ဒီကောင်မလေးရဲ့
နောက်ခံက တော်တော့်ကို
ထူးဆန်းတာပဲ… ရှေးဟောင်းကလန်
တစ်ခုခုက မြင့်မြတ်တဲ့ သမီးတော်
ဖြစ်ရင်ဖြစ်… မဖြစ်ရင်တော့
တိုင်းကြီးပြည်ကြီး တစ်ခုခုက

မင်းသမီးပဲ ဖြစ်ရမယ်ကွာ။
တကယ်လို့များ ငါခန့်မှန်းတာက
မှားခဲ့လို့ရှိရင်… ငါ့ရဲ့နာမည်ကို
ပြောင်းပြန်ရေးပစ် လိုက်မယ်ဟေ့…"

ပြီးတော့မှပဲ ဒီလိုမျိုး အမတန်မှ
ကြောက်စရာကောင်းတဲ့ နောက်ခံရှိတဲ့
ကောင်မလေးကို သွားမစမိတဲ့အတွက်
ကိုယ့်ကိုယ်ကိုယ်ပဲ ပြန်ပြီးတော့
ကျေးဇူးတင်နေခဲ့တယ်လေ။

ကဲကဲ… အခု လောလောဆယ်တော့
ရှောင်ယန်ကိစ္စကိုပဲ အရင်

စဥ်းစားရဦးမယ်…
ကျန်တာတွေကတော့ နောက်မှပဲ
ပြောတာပေါ့။ ကြည့်ရတာက
ရှောင်ယန်လေးက ဘယ်ပဲသွားသွား
ဒီကောင်မလေးက အနောက်ကနေ
တစ်ကောက်ကောက်နဲ့
လိုက်မဲ့သဘောရှိတယ်။
တကယ်လို့များ ရှောင်ယန်လေးဟာ
ငါ့ရဲ့တပည့် ဖြစ်လာခဲ့ရင်
ရှောင်ကျန်းအာလေးကလဲ
အဝေးကြီးမှာ မရှိလောက်ဘူး။

အင်း… အလုပ်ကြီး အကိုင်ကြီးလုပ်ရင်
ပေါ်လာတဲ့ အခွင့်အလမ်းတွေကို
မလွှတ်တမ်းပဲ ဖမ်းဆုတ်နိုင်ရမယ်လေ။

စဉ်းစားနေရင်းနဲ့ပဲ လင်းဖုန်းဟာ
ရှောင်ပုတန်လေးကိုခေါ်ပြီး
ရှောင်ဂေဟာကနေ
ထွက်လာလိုက်ပါပြီ… ရှောင်ယန်လေး
ထွက်သွားတဲ့ဘက်ကို
လိုက်သွားလိုက်ပြီလေ။

ရှောင်ယန်လေးဟာ ဒီအချိန်မှာ
သေချာပေါက် မြို့မြောက်ပိုင်းက

ရေကန်လေးရဲ့ အနားကိုသွားပြီးတော့
သူ့ရဲ့ ဒဏ်ရာတွေကို ကုစားမှာပါ။

မကြာမီမှာပဲ လင်းဖုန်းတို့ဟာ
ရှောင်ယန်လေးရဲ့ အနောက်ကို
လိုက်မီလာခဲ့ပါပြီ။

ဝတ်ရုံနက် လူငယ်လေးဟာ
ဒီအချိန်မှာတော့ ဒဏ်ရာရနေတဲ့
ဝံပုလွေ တစ်ကောင်လိုပါပဲ...
သူ့ရဲ့ကိုယ်ထဲက နေပြီးတော့
အေးစက်ပြီး ရန်လိုနေတဲ့

အော်ရာတွေဟာ ထွက်ပေါ်ကာ
လာခဲ့ပြီလေ။

"ဟားဟား... စွမ်းအား... စွမ်းအား...
စွမ်းအားမရှိရင် မင်းရဲ့ ဘဝဟာ
ခွေးချီးပုံထက်တောင် ဆိုးသေးတယ်။
အနည်းဆုံးတော့ ခွေးချီးပုံ အပေါ်ကို
ဘယ်သူကမှ တက်မနင်းရဲဘူးလေ!"
သူရဲ့ပခုံးဟာ အနည်းငယ်
တုန်ခါနေပါတယ်... သူရဲ့
အက်ကွဲနေတဲ့ ကိုယ့်ကိုယ်ကိုယ်
သရော်သံဟာ ဝမ်းနည်းကြေကွဲနေတဲ့

ဒေါသတွေနဲ့အတူ လေထုထဲကို
မျှောလွင့်လို့ သွားခဲ့ပါပြီ။

ရှောင်ယန်ရဲ့ သွားတွေဟာ
သူ့ရဲ့နှုတ်ခမ်းကို တင်းတင်းကြီး
ကိုက်ထားခဲ့ပါတယ်... သူ့ရဲ့
နှုတ်ခမ်းထောင့်ကနေတောင်
သွေးစလေးတွေဟာ စီးကျလာ
လာခဲ့ပါပြီ။ ခန်းမကြီးထဲမှာ ဘာမှ
မသင့်တော်တာတွေကို
မလုပ်ခဲ့ပေမယ်... မုယုံယန်ရန်ရဲ့
ပြောစကားတွေဟာ သူ့ရဲ့နှလုံးသားကို
ဓားနဲ့ ပါးပါးလှီးနေသလိုပါပဲ...

သူ့ရဲ့တစ်ကိုယ်လုံးဟာလည်း
တစ်ဆတ်ဆတ်နဲ့ တုန်နေခဲ့ပြီလေ။

"ဖေဖေ... မေမေ..."

သူ့ရင်ဘတ်က တွဲလောင်းကျနေတဲ့
လက်စွပ်လေး နှစ်ကွင်းကို ဆုပ်ကိုင်ပြီး
ရှောင်ယန်လေးဟာ အလွန်အမင်း
ကိုမှပဲ ဝမ်းနည်းကြေကွဲ
နေခဲ့ရှာပါတယ်။

သူ့ရဲ့မိခင်ဟာ လွန်ခဲ့တဲ့
နှစ်ပေါင်းများစွာကပဲ အပြင်းဖျားပြီး

သေသွားခဲ့တယ်လေ... သူ့ရဲ့ဖခင်ကလဲ
လွန်ခဲ့တဲ့သုံးနှစ်က တိုက်ပွဲတစ်ခုမှာ
အပြင်းအထန် ဒဏ်ရာရခဲ့ပြီး
သေသွားခဲ့ပါတယ်...
နောက်ဆုံးမှာတော့ သူ့ရဲ့လက်ထဲမှာ
လက်စွပ်လေး နှစ်ကွင်းနဲ့ပဲ
ကျန်ခဲ့ရရှာတယ်လေ။

သူ့ရဲ့ဖခင် မသေခင်မှာ
ရှောင်ယန်လေးက သူဟာတစ်နေ့မှာ
စွမ်းအားကြီးတဲ့
ကျင့်ကြံသူတစ်ယောက်
ဖြစ်အောင်ကြိုးစားပြီး ဖခင်အတွက်

လက်စားချေပေးမယ်လို့
သန္နိဋ္ဌာန်ချထားခဲ့ပါတယ်။

ဒါပေမဲ့ ဘယ်သူက သိမှာလဲ...
သူသန္နိဋ္ဌာန်ချပြီး နောက်တစ်ရက်မှာပဲ
သူ့ရဲ့ ခန္ဓာကိုယ်မှာ ပြောင်းလဲမှုတွေ
အကြီးအကျယ် ဖြစ်လာပြီးတော့
သူဟာလည်း ပါရမီရှင်ဘဝက
နေပြီးတော့ အမှိုက်ဘဝကို
ရောက်ရှိလာလိမ့်မယ်လို့။ သူက
ဘယ်လောက်ပဲ ကြိုးစားကြိုးစား...
ချီသာဝက အဆင့် ၁ ကနေ
မတက်နိုင်ခဲ့ပါဘူး။

"ကျား... ငါကအရှုံးပေးလိုက်လို့ မဖြစ်ဘူးကွ... အဖေအတွက်ရော... အမေအတွက်ရော... ဒီကနေ့အတွက်ရော!"

သွေးစွန်းထင်နေတဲ့ သူ့ရဲ့ ဘယ်လက်လက်ကို ဖြန့်လိုက်ပြီးတော့ ရှောင်ယန်ရဲ့ လေသံဟာ အက်ကွဲပြီး ခိုင်မာနေခဲ့ပါတယ်... "ကဲ... ငါက ဘယ်တော့မှ ဒီနေ့လိုမျိုး အရှက်ကွဲတာမျိုးကို မကြုံစေရတော့ဘူးကွ..."

ရှေ့ပိုင်းမှာက ရှောင်ယန်လေးဟာ
လမ်းလျှောက်နေရင်း
ဆုံးဖြတ်ချက်တွေ
ခိုင်မာနေတဲ့အချိန်မှာ
နောက်ပိုင်းမှာတော့ လင်းဖုန်းဟာ
ကြည့်ရင်းနဲ့ပဲ သူရဲ့သွေးတွေဟာ
ဆူပွက်ကာ လာခဲ့ပြီလေ။

သေချာပါတယ်... စေ့စပ်ပွဲ
ပျက်သွားအပြီးမှာ ဒီကလေးရဲ့ အခြေခံ
မျိုးစေ့တွေဟာ ပေါက်ကွဲလို့
လာခဲ့ပါပြီ။ ဘေးကနေ

ကြည့်နေတာတောင်မှပဲ သူ့ရဲ့
ခန္ဓာကိုယ်ကနေ လှိုင်းတံပိုးတွေ
ထနေတဲ့ မြစ်ရေတွေဟာ
ကုန်းမြေတွေကို လွှမ်းသွားတော့ မလိုပဲ
အဆုံးမသတ်နိုင်တဲ့ လွှမ်းမိုးနိုင်တဲ့
အော်ရာတွေကို ခံစားနေခဲ့ရပြီလေ။

လက်စွပ်ထဲက ဘိုးတော်နှစ်ပါးဟာ
မလှုပ်ရှားသေးတာကို ကြည့်ပြီးတော့
လင်းဖုန်းဟာ လုံးဝကိုပဲ
မတွေဝေရဲခဲ့ပါဘူး… အရှေ့ကို
တက်လိုက်ပြီး ရှောင်ယန်လေးရဲ့

အရှေ့ကနေ ပိတ်ဆို့ပြီးတော့
ရပ်လိုက်ပါပြီ။

မင်းက လာနှောက်နေတာလား…
ဒီလူတွေဟာ
ဇာတ်လိုက်မင်းသားလေးက
ဘယ်ကိုပဲသွားသွား
ပါသွားနေတာလေ… သူတို့က
အပေါ်စီးမှာ နေရတာဟ။
တကယ်လို့များ ငါက မိုးရွာတုန်းမှာ
ရေမခံထားရင် နောက်ပိုင်းမှာ
ဟင်းရည်တောင် သောက်ဖို့
ကျန်တော့မှာ မဟုတ်ဘူးကွ။

ဒီနေ့ ခေတ်ကြီးမှာက ဘိုးတော်ကြီး
ရာထူးအတွက် မင်းက
ပြိုင်ဆိုင်ရမှာပဲလေ။

"ဟီးဟီး… ချာတိတ်လေး… မင်းကို
ကြည့်ရတာ အကူအညီ လိုနေတဲ့ပုံ
ပေါက်နေပါလား?"

လင်းဖုန်းက ပြုံးရယ်ပြီးတော့
သာမာန်သာ မေးလိုက်ပါတယ်။

ရှောင်ယန်ဟာ သူ့ရဲ့အရှေ့က
တာအိုဝတ်စုံ အဖြူရောင်နဲ့
တာအိုသရဖူကို ဝတ်ဆင်ထားတဲ့
တာအိုဆရာ အငယ်လေးကို
ကြည့်ပြီးတော့ ကြက်သေသေ
သွားခဲ့တယ်လေ။ အနည်းငယ်
မှင်သက်သွားပြီးနောက်မှာ
မျက်မှောက်ကြုတ်ပြီးတော့
မေးလိုက်ပါပြီ... "ဒါနဲ့... ခင်ဗျားက
ဘယ်သူလဲ? ခင်ဗျားက
ဘာဖြစ်ချင်နေလို့လဲ?"

လင်းဖုန်းကလဲ အေးစက်စက်နဲ့ပဲ ရယ်လိုက်ပြီလေ... "ကဲကဲ... ငါဘယ်သူလဲ ဆိုတာကို မေးဖို့ ဆန္ဒမစောပါနဲ့ဦးကွ... မင်းအခု တွေးရမယ့် ပြဿနာက မင်းကဘာဖြစ်လို့ ဒီလို အခြေအနေမျိုးကို ရောက်နေရသလဲ ဆိုတာ မဟုတ်ဘူးလား?"

ရှောင်ယန်ရဲ့ အကြည့်တွေဟာ ချက်ချင်းပဲ ခဲသွားတွေလို အေးစက်သွားခဲ့ပါပြီ... "ဘာလဲ... ခင်ဗျားက သိလို့လား?" သူ့ရဲ့

အေးစက်စက် အကြည့်တွေ
အောက်မှာကတော့
မီးတောက်မီးလျှံတွေ ရှိနေခဲ့ပါတယ်။

လင်းဖုန်းက တဟားဟားနဲ့ပဲ
ရယ်လိုက်ပြီလေ... "ကဲ...
ငါ့ရဲ့အနောက်ကို လိုက်ခဲ့လေ... မင်းက
ခရေစေ့တွင်းကျ သိစေရမယ်ဟေ့..."

စကားဆုံးတာနဲ့ လင်းဖုန်းဟာ
တိမ်လွှာနဂါး လွတ်မြောက်ခြင်း
စွမ်းရည်ကို သုံးလိုက်ပါပြီ...
ရှောင်ယန်လေးကို

ဂုတ်ကနေဆွဲကိုင်ကာ
မြို့မြောက်ဘက်က ကန်လေးဆီကို
ဦးတည်ပြီး လေထဲကို
ပျံတက်သွားလိုက်တယ်လေ။

ရှောင်ယန်လေးကလဲ အမတန်ကိုမှပဲ
လန့်ဖျန့်လို့ သွားခဲ့ပါတယ်...
ဒါပေမဲ့လည်း အခုကသူဟာ အခြေခံ
ချီသာ၀က အဆင့်၁ သာ
ရှိတော့တာဆိုတော့... လင်းဖုန်းရဲ့
လက်ထဲကနေ ရုန်းမထွက်နိုင်ခဲ့ပါဘူး။
သူဟာ တည်ငြိမ်အောင်
ကြိုးစားလိုက်ရင်း အခြေအနေတွေကို

လေ့လာလိုက်ပါတယ်... ချက်ချင်းပဲ
ရင်ထဲမှာ အံ့သြလေးစား သွားခဲ့ပြီလေ။

တိမ်လွှာနဂါး လွတ်မြောက်ခြင်း
စွမ်းရည်ကို အသုံးပြုပြီးတော့
လင်းဖုန်းဟာ ပြိုင်ဖက်ကင်း
ကောင်းကင်နတ်နဂါး
ပုံစံပြောင်းသွားပြီး တိမ်တွေရဲ့
အပေါ်မှာ ပျံဝဲလို့ နေခဲ့တယ်လေ။

ကောင်းကင်နဂါး... သူက
လှုပ်ရှားတဲ့အခါမှာ
ကောင်းကင်ဘုံကိုးလွှာကို

ထိုးတက်သွားတယ်... သူက ပုန်း
နေတဲ့ အခါမှာ သမုဒ္ဒရာ
လေးစင်းထဲမှာ
ကျင်လည်ကျက်စားတယ်။ သူက
အသက်ရှူထုတ်လိုက်ရင်
တိမ်တွေအဖြစ်ကို
ပြောင်းလဲသွားတယ်... သူက
တံတွေးထွေးလိုက်ရင် မိုးတွေအဖြစ်ကို
ရွာကျတယ်... အဆုံးအစမဲ့ အင်အားနဲ့
လေပြင်း မိုးကြိုးတွေကိုလဲ
အုပ်စိုးတယ်လေ။

လင်းဖုန်းဟာ တိမ်လွှာနဂါး
လွတ်မြောက်ခြင်း စွမ်းရည်ရဲ့
အနှစ်သာရဝိညာဉ် တွေကို
အပြည့်အဝပဲ ပြသလိုက်ပြီလေ။

ဒါပေမဲ့လည်း ရှောင်ယန်လေးကို
အံ့ဩမှု အကြီးဆုံးပေးတာက အသက်
၃..၄ နှစ်လောက်ပဲ ရှိဦးမဲ့
ရှောင်ပုတန်လေးဟာ လင်းဖုန်းရဲ့
အနောက်ကနေ ထပ်ကြပ်မကွာပဲ
လိုက်ပါလာတာကိုပါ။

"အား… ဆရာသခင်ရေ…
တပည့်လေးကို စောင့်ပါဦးဗျို့…"
ရှောင်ပုတန်လေးကလဲ တိမ်လွှာနဂါး
လွှတ်မြောက်ခြင်း ကိုယ်ဖော့ပညာကို
အသုံးပြုနေတာပါ။ သူ့ရဲ့
ကြွေရုပ်လေးလို အသွင်အပြင်ဟာ
အင်မော်တယ် တစ်ယောက်လိုမျိုးပဲ
မိုးကောင်းကင် အော်ရာတွေကို
သယ်ဆောင်ထားပါတယ်…
သူ့ကိုပိုပြီးတော့
ထူးချွန်ပြောင်မြောက်စေတယ်လေ။

ရှောင်ယန်ဟာ ချီသာဝက အဆင့် ၄
ကျင့်ကြံသူတွေကို အများကြီး
တွေ့ဖူးပါတယ်… ဒါပေမဲ့လည်း
ရှောင်ပုတန်လေးရဲ့ အရွယ်နဲ့
ချီသာဝက အဆင့် ၄ ရောက်နေတဲ့
သူတွေကို  မြင်ဖူးဖို့ကို မပြောနဲ့…
ကြားတောင်မှ မကြားဖူးပါဘူး။

ရှောင်ယန်ဟာ လင်းဖုန်းဆီက
ဖိအားတွေကို အများကြီး
မခံစားခဲ့ရဘူးလေ။ လင်းဖုန်းက
သူ့ကိုပေးတဲ့ ခံစားချက်တွေဟာ တာအို
နည်းစနစ်တွေ ဘာတစ်ခုမှ

လေ့ကျင့်မထားတဲ့ ရိုးရိုး
သာမာန်လူတွေ အတိုင်းပါပဲ။

ဒါပေမဲ့လည်း ဒီတာအိုဝတ်စုံ
အဖြူရောင်နဲ့ တာအိုသရဖူကို
ဝတ်ဆင်ထားတဲ့ တာအို
ဆရာတော်လေးကပဲ
ရှောင်ပုတန်လေးကို
မွေးထုတ်ထားတာလေ။ ဒီလိုမျိုး
ထူးချွန်ပြောင်မြောက်တဲ့ တပည့်မျိုးကို
မွေးထုတ်နိုင်တဲ့ ဆရာမျိုးဟာ အဆင့်
မနိမ့်နိုင်ပါဘူး... သာမာန်လူတော့
ပိုလို့ကို မဖြစ်နိုင်ဘူးလေ။

ဒါဆိုရင် အကြောင်းပြချက်က တစ်ခုပဲ ကျန်တော့တယ်… ဒီငယ်သေးတယ်လို့ ထင်ရတဲ့ တာအိုဆရာတော်ဟာ ကိုယ့်ရဲ့ မူလသဘာဝကို ပြန်လည်သွားနိုင်တဲ့ အဆင့်ကို ရောက်ရှိနေပြီး… အဲ့ဒါကြောင့်ပဲ သူကထွင်းဖောက်လို့ မမြင်နိုင်တာပေါ့။

"အင်း… သူကတကယ်ပဲ ငါ့ရဲ့ ခန္ဓာကိုယ်မှာ ဘာများမှားနေသလဲ ဆိုတာကို သိနိုင်မှာလား?"

ရှောင်ယန်လေးဟာ မတွေးပဲနဲ့ မနေနိုင်တော့ပါဘူး။

လင်းဖုန်းဟာ ရှောင်ယန်ရဲ့ စိတ်အခြေအနေတွေကို မသိနိုင်ဘူးလေ... ဒါပေမဲ့လည်း သူ့ရဲ့ အမူအရာကို ကြည့်လိုက်ပြီးတော့ ရှောင်ယန်လေးရဲ့ နှလုံးသားထဲမှာ သူ့ရဲ့ သရာသခင် သူတော်စင်ပုံရိပ်ဟာ အောင်မြင်စွာနဲ့ပဲ ခတ်နှိပ်ပြီးသား ဖြစ်သွားပြီဆိုတာကို သိလိုက်ပါပြီ။

ဒါဟာ ရှောင်ပုတန်လေးကို သူနဲ့အတူ
ခေါ်လာရခြင်းရဲ့ အကြောင်းရင်းပါပဲ။

သူ့မှာက ရွေးချယ်စရာ မရှိခဲ့ဘူးလေ…
ဒီကောင်လေးဟာ
ကြော်ငြာဝင်ဖို့အတွက် အရမ်းကိုပဲ
ထင်ပေါ်နေခဲ့တာပါ။ သူဟာ
အပြင်ကမ္ဘာကို လင်းဖုန်းရဲ့
သင်ကြားခြင်း ရလဒ်တွေကို
အပြည့်အဝ ပြသနိုင်ပါတယ်။

တခါတလေမှာတော့ သူဟာ
ရှောင်ပုတန်လေးကို အရင်ဆုံး

တွေ့ရတာကို ဝမ်းမြောက်ပျော်ရွှင်လို့
မဆုံးပါဘူး။ ဒါဟာ သူ့ရဲ့
အနာဂတ်တပည့်တွေကို
ဂျင်းထည့်ရတာ ပိုပြီးတော့
လွယ်ကူသွားစေတယ်လေ။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်
အတွင်းမှာပဲ သူတို့ဟာ ကန်နံဘေးကို
ရောက်ရှိကာ လာခဲ့ပါတယ်…
လင်းဖုန်းက ရှောင်ယန်လေးကို
အောက်ချလိုက်ပါပြီ။ ရှောင်ယန်ဟာ
ရှောင်ပုတန်လေးကို တစ်လှည့်…
လင်းဖုန်းကိုတစ်လှည့်

ကြည့်လိုက်ပြီလေ… အသက်ပြင်းပြင်း
တစ်ချက်ကို ရှူလိုက်ပြီးနောက်မှာ
မေးလိုက်ပါပြီ… "အင်း…
ကျွန်တော့်ကို ကျေးဇူးပြုပြီးတော့
ပြောပြပေးပါ စီနီယာ… ကျွန်တော့်ရဲ့
ခန္ဓာကိုယ်မှာ ဘာတွေကများ
မှားနေတာလဲ?"

လင်းဖုန်းက ဖွဖွလေးပဲ
ပြုံးလိုက်ပါတယ်… သူ့ရဲ့
လက်ချောင်းတွေကို
ဆန့်ထုတ်လိုက်ပြီး ရှောင်ယန်လေးရဲ့
ရင်ဘတ်အပေါ်ကို အသာအယာပဲ

ပုတ်လိုက်တယ်လေ… "အင်း… မင်းရဲ့ ပြဿနာကတော့ ဒီလက်စွပ် နှစ်ကွင်းပဲကွ!"

## စာစဥ် ၁ : အပိုင်း ၁၇

## အပိုင်း ၁၇ : ဘွားတော်ကြီးလားဟ

"အင်း… မင်းရဲ့ ပြဿနာကတော့ ဒီလက်စွပ် နှစ်ကွင်းပဲကွ!"

လင်းဖုန်းဟာ ဖွဖွလေး ပြုံးလိုက်ပြီး
သူ့ရဲ့ လက်ချောင်းတွေကို
ဆန့်ထုတ်လိုက်ကာ ရှောင်ယန်လေးရဲ့
ရင်ဘတ်အပေါ်ကို အသာအယာပဲ
ပုတ်လိုက်တယ်လေ။

ရှောင်ယန်ရဲ့ အမူအယာတွေဟာ
အတန်ငယ် အေးစက်သွားခဲ့ပါတယ်...
"ဘာလဲ... ဒီက စီနီယာကလဲ
ကျွန်တော့်ရဲ့ ဒီလက်စွပ်
နှစ်ကွင်းအပေါ်မှာ
ကျိန်စာတိုက်ထားတယ် ဆိုတာကို
ယုံနေတာလား?"

ရှောင်ယန်ရဲ့ အမူအယာ
ပြောင်းလဲသွားတာကို လင်းဖုန်းကလဲ
မမြင်သလိုပဲ နေလိုက်ပါတယ်...
သူ့ရဲ့လေသံကလဲ ရုတ်တရက်ပဲ
ပြောင်းသွားခဲ့ပါပြီ... "အင်း... မင်းရဲ့
လက်စွပ်နှစ်ကွင်းဟာ ကျိန်စာ
အတိုက်ခံထားရတယ် ဆိုတာကတော့
မဟုတ်ပါဘူး။ ဒါပေမယ့်လဲ မင်းရဲ့
ခန္ဓာကိုယ်က ရုတ်တရက်
ပြောင်းလဲသွားခဲ့ ရတာဟာ သဘာဝ
ဘေးဒုက္ခလို့ ပြောရမယ့်အစား
လူကလုပ်တဲ့ ဘေးဒုက္ခလို့ ပြောရရင်
ပိုပြီးတော့ မှန်လိမ့်မယ်ကွ..."

"လူကလုပ်တဲ့ ဘေးဒုက္ခ?"
ရှောင်ယန်လေးဟာ အနည်းငယ်
စိတ်ရှုတ်ထွေး သွားခဲ့ပါတယ်...
ပြီးတာနဲ့ ချက်ချင်းပဲ သူ့ရဲ့မျက်နှာဟာ
ညိုမှောင်ကာ လာခဲ့ပါပြီ... "ဟာ...
စီနီယာက တစုံတယောက်ဟာ
ကျွန်တော့်ကို သက်သက်မဲ့ ဒုက္ခပေး
နေတယ်လို့ ပြောချင်တာလား? ဒါဟာ
ကျွန်တော့်ရဲ့ မိဘတွေတော့
ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးဗျ...
ဒါဆိုရင် ကျွန်တော့်ရဲ့ မိဘတွေ
သေဆုံးရတာဟာ ကျွန်တော့်ကို

ဒုက္ခပေးနေတဲ့ လူနဲ့များ
ပတ်သတ်နေမလား?"

လင်းဖုန်းဟာ သူ့ရင်ထဲကနေ
တိတ်တိတ်လေးပဲ
လက်မထောင်လိုက်ပါတယ်...
"အင်း... တော်တော်တော်တဲ့
ချာတိတ်လေးပဲ...
ကောင်းကောင်းကြီးကို
ဆက်စပ်ပြီးတော့
စဥ်းစားတတ်တယ်...
အနာဂတ်ကတော့
တောက်ပနေမှာပဲဟ!"

လင်းဖုန်းက လက်ကို
ဝေ့ယမ်းလိုက်တယ်... ရှောင်ယန်ရဲ့
ညိုမှိုင်းနေတဲ့ မျက်နှာလေးကို
သာမာန်သာ ကြည့်လိုက်တယ်လေ...
"ကဲ... ဒီအချိန်မှာတော့
မင်းရဲ့မိဘနှစ်ပါး သေရတာဟာ
ဒီလက်စွပ် တွေကြောင့်လား
ဆိုတာကတော့
ငါကမပြောနိုင်သေးဘူး...
ဒါပေမဲ့လည်း မင်းခန္ဓာကိုယ်ရဲ့
အကြီးအကျယ် ပြောင်းလဲမှုကတော့
ဒီလက်စွပ် နှစ်ကွင်းကြောင့်ပဲကွ..."

"ဒီလက်စွပ်တွေထဲမှာ စိတ်ဝိညာဉ်တွေ
နေနေတယ်ကွ… အဲ့ဒီ
စိတ်ဝိညာဉ်တွေကပဲ မင်းရဲ့
မှော်စွမ်းအင်တွေကို အသုံးချပြီး
သူတို့ကိုယ်သူတို့ ပြန်ပြီးတော့
အားကောင်းအောင်
လုပ်နေကြတာကွာ"

လင်းဖုန်းက ဖြေးဖြေးလေးပဲ
ပြောလိုက်ပါတယ်… သူ့ရဲ့အသံဟာ
တည်ငြိမ်နေပေမယ့် ရှောင်ယန်ရဲ့
နှလုံးသားလေး အပေါ်မှာကတော့

တောင်ကြီးတစ်လုံးနဲ့ အဖိခံထားရ
သလိုပါပဲ။

"ဒါဟာ လွန်ခဲ့တဲ့ သုံးနှစ်တုန်းက
မင်းရဲ့အဆင့်တွေဟာ ဘာဖြစ်လို့
ချက်ချင်းဆုတ်ယုတ် သွားရသလဲ
ဆိုတာရဲ့ အကြောင်းရင်းပဲ။ ဒီသုံးနှစ်
အတွင်းမှာလဲ မင်းကအစွမ်းကုန်
ကြိုးစားပေမယ့် ဘာအဆင့်မှ
တက်မလာဘူး ဆိုတာကလဲ
ဒါ့ကြောင့်ပဲကွ..."

"မင်းလေး အသားကုန် လေ့ကျင်ခဲ့တဲ့
မှော်စွမ်းအင်တွေ အကုန်လုံးဟာ
ဒီစိတ်ဝိညာဉ်တွေရဲ့
အားဖြည့်အစာတွေ
ဖြစ်သွားရတာပဲကွာ..."

ရှောင်ယန်ဟာ သူ့ရဲ့ရင်ဘတ်ပေါ်က
လက်စွပ်လေးနှစ်ကွင်းကို
ခေါင်းငုံ့ပြီးတော့ ကြည့်လိုက်ပါတယ်...
သူရဲ့ ကြက်သေသေနေတဲ့
အမူအယာတွေကလဲ တဖြည်းဖြည်း
အမုန်းတရားတွေနဲ့ ပြည့်နှက်ကာ
လာခဲ့ပြီလေ။

သူ့ရဲ့ ပြောင်းလဲသွားတဲ့
အမူအယာတွေကို ကြည့်ပြီးတော့
လင်းဖုန်းဟာ စိတ်သက်သာရာ
ရစွာနဲ့ပဲ လေပူတစ်ချက်ကို
မှုတ်ထုတ်လိုက်ပြီး
တိတ်တိတ်ကလေးနဲ့ပဲ ရယ်လိုက်ပါပြီ။

"ဟား..ဟား..ဟား... ငါကတော့
ဦးဆောင်ဂိုးကို အရင်သွင်းလိုက်ပြီကွ!"
မင်းတို့လို ငနဲကြီးတွေကို
ဗီလိန်နေရာကို အရင်ပို့လိုက်ပြီဟ...
ကဲ... မင်းတို့ကငါကို ဘယ်လိုမျိုး

ယှဉ်နိုင်ဦးမလဲ ဆိုတာကို
ကြည့်ကြသေးတာပေါ့ကွာ။

လင်းဖုန်းဟာ သူ့ရဲ့စိတ်ထဲမှာ
အလွန်ကိုပဲ အားရကျေနပ်လို့
နေခဲ့ပါတယ်… သူက
တစ်ပါးသူတွေကို ချောက်ကျအောင်
ကလိန်ဉာဏ် ဆင်တာတော့
မဟုတ်ရပါဘူး။

ဒီလက်စွပ်တွေထဲက
ဘိုးတော်ကြီးတွေဟာ
ရှောင်ယန်လေးကို အောင်မြင်အောင်

ကူညီကောင်း ကူညီပေးနိုင်မှာပါ…
ဒါပေမဲ့လည်း သူတို့ဟာ အရင်ဆုံးတော့
ရှောင်ယန်ကို မိုးပေါ်ကနေ
ဆွဲချလိုက်တာဟာ အမှန်တရားပါပဲ။

တကယ်လို့များ လင်းဖုန်းကသာ
ရောက်မလာခဲ့ဘူးဆိုရင်
သူတို့ဟာလည်း ရှောင်ယန်လေးကို
ဂျင်းထည့်ကြမှာ သေချာပါတယ်…
သူတို့ရဲ့ အပြစ်တွေကို
ပြေရာပြေကြောင်း နည်းစနစ်တွေနဲ့
ဆေးဝါးတွေကို
အလျှော်ပေးနိုင်တယ်လေ။

ဒါပေမဲ့လည်း အခုတော့ လင်းဖုန်းက
ဦးဆောင်ဂိုးကို အရင်သွင်းလိုက်ပြီး
ကစားကွက် အသာရသွားခဲ့ပြီလေ...
သူတို့အတွက် ပြန်လည်ချေပဖို့ရာ
အတော်ကိုပဲ ခက်ခဲသွားခဲ့ပါပြီ။ သူတို့
နှစ်ဦးနှစ်ဘက်ရဲ့ အကြားမှာ
အမုန်းတရားတွေသာ
ကျန်ရှိနေတော့တယ်လေ။

ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီလို့
ဘဝင်ခိုက်နေပေမယ့်လဲ...
လင်းဖုန်းဟာ လျှို့ဝှက်စွာနဲ့ပဲ

သတိထားနေခဲ့ပါတယ်...
နောက်တစ်ဆင့်မှာတော့
လက်စွပ်တွေထဲက ဘိုးတော်ကြီးတွေနဲ့
ထိပ်တိုက်ရင်ဆိုင် ရတော့မယ်လေ။

လင်းဖုန်းဟာ ခေါင်းမော့လိုက်ပြီး
ကောင်းကင်ကြီးကို ကြည့်လိုက်ပါပြီ။
နွေရာသီရဲ့ ရာသီဥတုဟာ
ကလေးလေးရဲ့ စိတ်လိုပါပဲ...
ကြိုတင်ပြီးတော့ မကြေငြာပဲ
ပြောင်းလဲလို့ သွားခဲ့ပြီလေ...
ခနလေးတင်ကပဲ နေသာပြီး
ထိန်လင်းလို့ နေခဲ့တာပါ...

အခုကတော့ တိမ်မည်းတွေ ဖုံးအုပ်ပြီး
မိုးခြိမ်းသံတွေနဲ့  အုံ့မှိုင်းကာ လာခဲ့ပါပြီ။

လင်းဖုန်းက သူရဲ့စိတ်ထဲမှာ
သက်သာရာရစွာနဲ့
အသက်မျှင်းမျှင်းလေး
ရှူလိုက်ပါတယ်… "ကဲ…
ရာသီဥတုလေးကလဲ ကိုယ့်ဘက်ကို
ပါလာပြီဟ… နို့မဟုတ်ရင်
ကောင်းကင်ကိုးလွှာ
မိုးကြိုးဆင့်ခေါ်ချက်ဟာ
သူရဲ့စွမ်းအားကို အပြည့်အဝ ပြနိုင်မှာ
မဟုတ်ဘူးလေ။ အခုတော့ ငါ့မှာက

မင်းတို့တွေနဲ့ဆော့ဖို့ ဝှက်ဖဲတွေ
စုံသွားပြီဟော့..."

ဒုက္ခိတဝိညာဥ် ဘဝမျိုးနဲ့
လက်စွပ်လေးထဲမှာ တခြားလူရဲ့
ဘိုးတော်ကြီး ဖြစ်ဖို့ကို စောင့်နေရတဲ့
ဘဝမျိုးကို ရောက်နေရတာလေ...
အတိတ်က နောက်ခံဘက်ဂရောင်း
ဘယ်လောက်ပဲ တောင့်ခဲ့တောင့်ခဲ့...
သူတို့ရဲ့ စွမ်းအားတွေဟာ
ဘယ်လောက်ပဲ ကြီးခဲ့ကြီးခဲ့... အခု
လောလောဆယ်မှာတော့ အလွန်ကိုပဲ

အားနည်းတဲ့ အခြေအနေတစ်ခုကို
ရောက်ရှိလို့ နေခဲ့ပါပြီ။

အရှေ့အရပ်က လေစိမ်းတွေဟာ
တိုက်ခတ်လို့ နေခဲ့ပါပြီ…
စစ်ခေါ်ဗုံမောင်းတွေကလဲ
မြည်ဟည်းကာ လာခဲ့ပြီလေ…
ငါတို့အားလုံးဟာ ဘိုးတော်တွေပဲ…
ဘယ်သူက ဘယ်သူ့ကို
ကြောက်နေရမှာလဲကွ?

ရှောင်ယန်လေးဟာ
အံကိုကြိတ်ထားပြီး သူ့ရဲ့ရင်ဘတ်က

လက်စွပ်တွေကို
တင်းတင်းဆုပ်ကိုင်ထားတဲ့
အချိန်မှာပဲ... နူးညံ့ရှည်လျားလှတဲ့
သက်ပြင်းချသံလေးဟာ
သူနဲ့လင်းဖုန်းရဲ့ နားထဲမှာ
ပေါ်လာခဲ့တယ်လေ။

"အင်း... မင်းလေးရဲ့ အနစ်နာခံမှု
တွေကြောင့်သာ မဟုတ်ခဲ့ရင် ငါဟာ
ဘယ်လောက်ထိတောင် ကြာကြာ
အိပ်ပျော်နေမလဲ ဆိုတာကို
မသိပါဘူးလေ..."

ရှောင်ယန်ဟာ သူ့ရဲ့လက်ထဲက
လက်စွပ်လေးကို တွေတွေကြီး
စိုက်ကြည့်လို့ နေခဲ့ပါတယ်။
အဖြူရောင် အခိုးငွေ့
အလင်းတန်းလေး တစ်ခုဟာ
လက်စွပ်လေးရဲ့ အထဲကနေ
ထွက်လာပြီး လူတစ်ယောက်
ပုံသဏ္ဍာန်ကို ပြောင်းသွားခဲ့ပါပြီ...
ဝေဝါးနေရာကနေ တဖြည်းဖြည်းနဲ့
ကြည်လင်ကာ လာခဲ့တယ်လေ...
နောက်ဆုံးမှာတော့ ရှုပ်ထွေးလှစွာနဲ့
အသေးစိတ်
ကွက်ကွက်ကွင်းကွင်းကြီးကို
မြင်လာခဲ့ရပါပြီ။

လင်းဖုန်းကလဲ ဒီအလင်းတန်း ပုံသဏ္ဍာန်ကို မှင်သက်စွာနဲ့ပဲ ကြည့်နေမိတာပါ။ အမှန်အတိုင်း ပြောရရင် ဒီလူရဲ့ အသံကို ကြားလိုက်ရပြီးကတည်းက လင်းဖုန်းဟာ ကြက်သေသေ သွားခဲ့တာလေ။

ဘာဖြစ်လို့လဲဆိုတော့ အဲ့ဒါက အမျိုးသမီး တစ်ယောက်ရဲ့အသံ ဖြစ်နေလို့ပါပဲ။

…ဟင်… ဒီငနဲက ဘိုးတော်ကြီး
မဟုတ်ဘူးလား…
ဘွားတော်ကြီးလားဟ?

လင်းဖုန်းရဲ့ စိတ်တွေဟာ အနည်းငယ်
ယောက်ယက်ခက် သွားခဲ့ပါတယ်။
ဒီအလင်းတန်း ပုံသဏ္ဍာန်ကို
ကြည့်ရတာက… ဘွားတော်လို့
ခေါ်ရင်တော့ သေချာပေါက်
ရိုင်းတယ်လို့ အပြောခံရမှာပါ။

သူမဟာ အလွန်တရာကိုမှ လှပတဲ့
အမျိုးသမီးတစ်ယောက်

ဖြစ်တယ်လေ… သူမရဲ့ အစိမ်းရောင်
ဖျော့ဖျော့နဲ့ ဝတ်စုံရှည်ဟာ
လေယူရာကို တဖျတ်ဖျတ်နဲ့
လွင့်နေခဲ့ပါတယ်။ သူမဟာ
ဖော်မပြနိုင်လောက်အောင်
ရည်မွန်ကျော့ရှင်းပြီး တည်ငြိမ်တဲ့
သမာဓိနဲ့ အောက်ဘက်က
စီးဆင်းနေတဲ့ စမ်းချောင်းငယ်လေးကို
ငေးကြည့်နေခဲ့တယ်လေ။

ဝတ်ရုံစိမ်း အမျိုးသမီးဟာ သူမရဲ့
အကြည့်ကို ရွှေ့လိုက်ပါပြီ… သူမဟာ
လင်းဖုန်းကိုတစ်လှည့်…

ရှောင်ယန်လေးကို တစ်လှည့်
စိုက်ကြည့်လို့ နေခဲ့ပြီလေ။

သူမကို ကြည့်နေရင်းနဲ့ သူအရင်ဘဝက
ဖတ်ခဲ့ဖူးတဲ့ "လျှို့မြစ်ပေါ်က
နတ်ဘုရားမလေး" ဆိုတဲ့
ဝတ္ထုတစ်ပုဒ်ကို လင်းဖုန်းဟာ
ရုတ်တရက်ပဲ သတိရလိုက်ပါတယ်။

သူမရဲ့ ခန္ဓာကိုယ်ဟာ လန့်ဖြန့်သွားတဲ့
ငန်းကလေး တစ်ကောင်လိုမျိုး
အနည်းငယ်ဝဲပျံသွားတယ်...
တိုက်ခိုက်နေတဲ့ နဂါးတစ်ကောင်လို

ကျက်သရေ အပေါင်းနဲ့
တင့်တယ်နေတယ်...
ခမ်းနားထည်ဝါမှုမှာ ဆောင်းဦး
ဂန္ဓမာပန်းတွေထက်
တောက်ပတယ်... ဖူးပွင့်လာခဲ့ရင်
နွေဦးရာသီက ထင်းရှူးပင်တွေထက်ကို
ပိုပြီးတော့ ရှင်သန်ထမြောက်တယ်...
ပါးလွှာတဲ့ တိမ်ဝတ်ရုံလွှာတွေ
ခြုံလွှမ်းထားတဲ့ လမင်းလိုပဲ
မှေးမှိန်နေတယ်... လေရှူးသုန်သုန်ရဲ့
ချာချာလည်အောင် ဆော့ကစားခံရတဲ့
နှင်းပွင့်လေးတွေလို မရပ်မနား
ဖြစ်နေပါတော့တယ်။

"ဒါဟာ ချောင်ဇီဟာ သူက
လျှို့မြစ်ပေါ်က နတ်ဘုရားမလေးကို
စတွေ့တုန်းက ခံစားမိတဲ့
ခံစားချက်မျိုးလား?" လင်းဖုန်းဟာ
အတွေးတွေနဲ့
ပတ်ချာလည်နေခဲ့ပါတယ်...
ဒါပေမဲ့လည်း သူ့ရဲ့စိတ်ထဲမှာက
သတိကို အမြင့်ဆုံး အဆင့်အထိ
တင်ထားခဲ့တယ်လေ။

(ချောင်ဇီဆိုတာ ချောင်ချောင်နဲ့
ညီအကိုဖြစ်ပြီး

သုံးပြည်ထောင်စုခေတ်မှာ ထင်ရှားတဲ့
ကဗျာဆရာတစ်ယောက် ဖြစ်ပါတယ်)

ဒီဝတ်ရုံစိမ်း အမျိုးသမီးရဲ့
ရင့်ကျက်တဲ့အလှနဲ့ နှိုင်းယှဉ်လိုက်ရင်
မှုယုံယန်ရန်လေးဟာ တည်ငြိမ်မှု
နည်းနေသေးပြီး
ရှောင်ကျန်းအာလေးကတော့
အနည်းငယ် ငယ်နေသေးတယ်လေ။
လင်းဖုန်း တွေ့ခဲ့ဖူးသမျှ
သူတွေထဲမှာတော့ မက်မွန်မိစ္ဆာမယ်
လုံရဲ့တစ်ယောက်ကသာ သူမနဲ့
ယှဉ်နိုင်ပါတယ်။

လုံရဲ့ရော သူမပါ သူတို့ရဲ့
အချိန်ကောင်းမှာ ဖူးပွင့်နေကြတဲ့
ပန်းပွင့်တွေအလား တူညီစွာ
လှပနေကြတယ်လေ။

ဒါပေမဲ့လည်း သူဟာလုံရဲ့ကို
အရင်တုံးက တွေ့လိုက်ရသလိုမျိုးပဲ
ဒီမှင်သက်စရာ အလှမျိုးကို
တွေ့ခဲ့ရပေမယ့် စိတ်ထဲကနေ
နှာမထလာခဲ့ပါဘူး… ရင်ထဲကနေပဲ
အေးစက်လို့တောင် လာပါသေးတယ်။
ဒီဝတ်ရုံစိမ်း အမျိုးသမီးဟာ

လုံရဲ့လောက်ကို
ကြောက်စရာကောင်းတယ်လေ။

ရှောင်ကျန်းအာလေးနဲ့ နေ့တိုင်း
အချိန်ကုန်ဆုံးပြီးတော့ အတူတူ
ကြီးပြင်းလာရတာဟာ
ရှောင်ယန်လေးရဲ့ ရှုမြင်ပုံတွေကို
ပြောင်းလဲစေခဲ့သလား မသိပါဘူး။
အခုအချိန်မှာတော့ ရှောင်ယန်ဟာ
ချီးကျူးလေးစားတဲ့ အမြင်တွေမရှိပဲ
သူမကို ရန်လိုနေတဲ့ အကြည့်နဲ့တောင်
ကြည့်နေခဲ့တယ်လေ။

"အနစ်နာခံတယ်?" ရှောင်ယန်ရဲ့ လေသံဟာ လုံးဝကို အေးစက်နေခဲ့ပါတယ်... "ငါ့ရဲ့ ကိုယ်ခန္ဓာ ပြောင်းလဲခြင်းတွေက မင်းနဲ့ သက်ဆိုင်နေသလား?"

ဝတ်ရုံစိမ်း အမျိုးသမီးဟာ ဖွဖွလေး သက်ပြင်းချလိုက်ပါပြီ... "ဟင်း... မင်းရွှဲ့က ရွေးချယ်စရာ မရှိလို့ပါ... ကျေးဇူးပြုပြီးတော့ အစ်မကို အပြစ်မတင်ပါနဲ့နော်..."

(သူမရဲ့နာမည်ဟာ ယန့်မင်းရွှဲ့... 燕明月... ဖြစ်ပါတယ်။ ယန့်ဟာပျံလွှားဖြစ်ပြီး မင်းရွှဲ့ဆိုတာက တောက်ပတဲ့ လမင်းလို့ အဓိပ္ပာယ်ရပါတယ်)

"ခင်ဗျားကြီးကို အပြစ်မတင်ရဘူးလား... ခွီးပဲ!" ရှောင်ယန်လေးဟာ စိတ်ကိုမထိန်းနိုင်တော့ပါဘူး... သူမ မှီခိုနေတဲ့ လက်စွပ်လေးကို သူ့ရဲ့ ရင်ဘတ်အပေါ်က ကြိုးကနေ ဖြုတ်လိုက်ပြီး လွှင့်ပစ်လိုက်ပြီလေ။

လက်စွပ်လေးဟာ ထူးဆန်းစွာနဲ့ပဲ
လေထဲမှာ ရပ်တန့်သွားခဲ့ပါတယ်...
လေထုရဲ့ အပေါ်မှာ တိတ်ဆိတ်စွာနဲ့ပဲ
ပေါလောပေါ်နေခဲ့တယ်လေ။
အနည်းငယ် တုန်ခါသွားလို့
အပြီးမှာတော့ ပုံရိပ်လေးဟာ
ပြန်လည်ပြီးတော့
တည်ငြိမ်သွားခဲ့ပါပြီ။

ဝတ်ရုံစိမ်း အမျိုးသမီးဟာ ယဲ့ယဲ့လေးပဲ
ပြုံးလိုက်ပါတယ်... "ဟင်း...
မောင်လေး စိတ်ဆိုးနေတာကို

အစ်မကြီးက နားလည်နိုင်ပါတယ်...
ဒါပေမဲ့လည်း မောင်လေးရဲ့ လွန်ခဲ့တဲ့
သုံးနှစ်အတွင်းက ကံဆိုးမိုးမှောင်
ကျမှုတွေဟာ တစ်ခြားလက်စွပ်
တစ်ကွင်းနဲ့ သက်ဆိုင်နေတယ်ကွယ့်"

စကားပြောနေရင်းနဲ့ သူမရဲ့
အကြည့်တွေဟာ လင်းဖုန်းဆီကို
ရောက်လာခဲ့တယ်... "ဟင်းဟင်း...
ဒီက တာအိုရောင်းရင်းလေးရဲ့
အကြည့်ဟာ အမှောင်ကို ထိုးခွင်းနိုင်တဲ့
မီးတုတ်လိုပဲ အတော်ကို
စူးရှထက်မြက်တာပဲ... ရှောင်ယန်လေး

ကျားကုတ်ကျားခဲ
ကြိုးစားလေ့ကျင့်ထားတဲ့
မှော်စွမ်းအင်တွေကို ကျွန်မဟာ
ဒီသုံးနှစ်အတွင်းမှာ စုပ်ယူခဲ့ပါတယ်...
ဒီ့အတွက်လဲ အနူးအညွတ်
ထပ်မံပြီးတော့ တောင်းပန်ပါရစေ..."

"ဒါပေမဲ့လည်း ရှောင်ယန်လေး
လွန်ခဲ့တဲ့သုံးနှစ်တုန်းက ချီသာဝက
မဟာစက်ဝိုင်း ပြည့်စုံခြင်း
အဆင့်ကနေ ချီသာဝက အဆင့် ၁ ကို
လျှောကျသွားတာဟာ ကျွန်မနဲ့
မဆိုင်ပါဘူး..."

ရှောင်ယန်ရဲ့ မျက်နှာလေးဟာ
ရေခဲနေတဲ့ ရေကန်လေးလို
အေးစက်နေပြီး ဝတ်ရုံစိမ်း
အမျိုးသမီးကို တစ်လှည့်…
လင်းဖုန်းကိုတစ်လှည့်
ကြည့်နေခဲ့ပါတယ်… နောက်ဆုံးမှာ
တော့ သူရဲ့အကြည့်ဟာ သူ့လက်ထဲက
ဒုတိယလက်စွပ်ရဲ့ အပေါ်ကို
ရောက်ရှိလို့ သွားခဲ့ပြီလေ။

လင်းဖုန်းရဲ့ အမူအယာဟာ
အရာအားလုံးက သူ့ရဲ့

ထိန်းချုပ်မှုအောက်မှာ ရှိနေသလိုမျိုး
အေးအေးဆေးဆေးပါပဲ...
အပြင်လူတွေဟာ သူ့ရဲ့
ပုံစံကိုကြည့်ပြီးတော့ သူကဘာတွေ
တွေးနေသလဲ ဆိုတာကို
မခန့်မှန်းနိုင်ဘူးလေ။

အမှန်တကယ်တော့ လင်းဖုန်းရဲ့
ရင်ထဲက ဘေးကျပ်နံကျပ် ဖြစ်နေတဲ့
ခံစားချက်တွေဟာ တဖြည်းဖြည်းနဲ့
ပိုပြီးတော့ဆိုးကာ လာနေခဲ့ပါပြီ။

ဒီအမျိုးသမီးဟာ ကိုင်တွယ်လို့
လွယ်မယ့်ပုံ မပေါ်ပါဘူး… စကားလေး
အနည်းငယ် ပြောလိုက်ရုံနဲ့ သူမရဲ့
တာဝန်ယူရမယ့်အရာ
တော်တော်များများကို
ပထုတ်နိုင်ရုံတင် မကဘူး…
စကားဝိုင်းမှာလည်း ဦးဆောင်သူ
နေရာကို ယူသွားပြီး ရှောင်ယန်လေးကို
သူမလိုရာကို ကြိုးဆွဲကာ
ထားနိုင်ခဲ့တယ်လေ။

ဝတ်ရုံစိမ်း အမျိုးသမီးဟာ လင်းဖုန်းနဲ့
ရှောင်ယန်လေးကို တည်ငြိမ်စွာနဲ့ပဲ

စိုက်ကြည့်နေခဲ့ပါတယ်… "ဟင်း…
ဟိုလက်စွပ်ထဲမှာက
တောက်တီလို့ခေါ်တဲ့
ရှေးဟောင်းမိစ္ဆာသားရဲ တစ်ကောင်ရဲ့
ဒုက္ခိတဝိညာဉ် ရှိနေတယ်ရှင့်…"

"တောက်တီ?" ရှောင်ယန်ဟာ
အလွန်ကိုပဲ အံ့အားသင့်သွားခဲ့ပါပြီ။
ဒဏ္ဍာရီတွေ အထဲမှာ
တောက်တီဆိုတာ ရှေးဟောင်း
မဟာမကောင်းဆိုးဝါး
မိစ္ဆာလေးကောင်ထဲမှာ ဟွန်းတွန်း..

ချုံးချိ.. တောက်ဝူ တို့နဲ့အတူ
တစ်ကောင်အပါအဝင် ဖြစ်တယ်လေ။

တောက်တီရဲ့ သဘာဝဟာ
မတော်လောဘ အလွန်ကြီးပြီး
အရာဝတ္ထု အားလုံးကို ဖျက်စီးဝါးမျို
တတ်ပါတယ်။ အစွမ်းအထက်ဆုံး
အကောင်တွေဆိုရင်  ကောင်းကင်ကို
မျိုချပြီး မြေကြီးကို ဝါးမျိုကာ
သက်ရှိအားလုံးကို ဖျက်ဆီးနိုင်တယ်လို့
အဆိုရှိတယ်လေ။

ကြီးမြတ်တဲ့ ကမ္ဘာဦးဝိညာဉ် အဆင့်က
ကျင့်ကြံသူတွေတောင်မှပဲ ဒီလိုမျိုး
ခက်ထန်တဲ့ သားရဲမျိုးကို
ရင်ဆိုင်တဲ့အခါမှာ
ခေါင်းကိုက်ယူရပါတယ်။
တောက်တီကို တိုက်ခိုက်မှုတွေ
အကုန်လုံးဟာ သူ့ရဲ့ကြီးမားတဲ့
ပါးစပ်ကြီးရဲ့ ဝါးမျိုခြင်းကို
ခံရတယ်လေ... ဒီလိုမျိုး
ရိုင်းစိုင်းကြမ်းကြုတ်ပြီး အစားပုတ်တဲ့
ကောင်ကြီးတွေကို ရင်ဆိုင်ဖို့ဆိုတာက
ထင်သလောက်တော့ မလွယ်ပါဘူး။

လင်းဖုန်းကလဲ မျက်မှောင်အနည်းငယ်
ကြုတ်လိုက်ပါပြီ… ရှောင်ယန်ရဲ့
လက်ထဲက ဒုတိယလက်စွပ်ကို
ကြည့်လိုက်ပြီလေ။

ဝတ်ရုံစိမ်း အမျိုးသမီးကတော့
ဆက်ပြီးတော့ ပြောပါတယ်…
"အင်း… လွန်ခဲ့တဲ့
၁၀နှစ်လောက်တုံးက
ဒဏ်ရာအပြင်းအထန် ရခဲ့လို့ အစ်မရဲ့
ဝိညာဉ်ဟာ မင်းလေးရဲ့ လက်စွပ်ထဲမှာ
ခိုလှုံခဲ့ရတယ်လေ။ အဲ့ဒီနောက်ပိုင်းမှာ
အစ်မဟာ တစ်ချိန်လုံး

အိပ်ပျော်နေခဲ့တာ လွန်ခဲ့တဲ့သုံးနှစ်
အထိပဲလေ။ ဒီတောက်တီ
ဆိုတဲ့ကောင်ဟာ မင်းရဲ့
မှော်စွမ်းအင်တွေကို ဝါးမျိုနေရုံသာ
မကပဲ မင်းရဲ့ အသက်စွမ်းအင်တွေကိုပါ
စုပ်ယူဖို့ ကြံစည်နေတာကို
သတိထားမိလိုက်မှပဲ
နိုးလာခဲ့တာကွယ့်..."

"အဲ့ဒီနောက်ပိုင်းမှာ အစ်မကလဲ
ကောင်းကင်လျှောင်အိမ်
မှော်အင်းကွက်ကို သုံးပြီးတော့
ဒီတောက်တီရဲ့ ဝိညာဉ်ကို ချိတ်ပိတ်ဖို့

ကြိုးစားလိုက်တာပေါ့... ဒါပေမဲ့လည်း
အစ်မရဲ့ စွမ်းအားတွေကို
လိုတာထက်ကို ပိုသုံးလိုက်ရတော့
နောက်ထပ်တစ်ခေါက်
ထပ်မျောသွားခဲ့တာလေ..."

ဝတ်ရုံစိမ်း အမျိုးသမီးဟာ အားနာတဲ့
အမူအရာတွေ ဖြစ်ပေါ်လာခဲ့တယ်...
"အင်း... ဒုတိယတစ်ခေါက်
ထပ်ပြီးတော့ အိပ်ပျော်သွားတော့
မောင်လေး ကျင့်ကြံထားတဲ့
မှော်စွမ်းအင်တွေကို မသိစိတ်ကနေပဲ
စုပ်ယူပြီးတော့ အစ်မရဲ့ ဝိညာဉ်ကို

ပြန်ပြီး အားဖြည့်ခဲ့တာပါကွယ်...
အဲဒါနဲ့ပဲ မောင်လေးက
ဒုက္ခရောက်သွားခဲ့တာပေါ့... အစ်မကို
ခွင့်လွှတ်ပေးပါနော်..."

ရှောင်ယန်ရဲ့ မျက်နှာဟာ သံသယတွေ
မကင်းသေးပေမယ့် သူ့ရဲ့
အမူအရာတွေဟာ အတန်ငယ်
ပျော့ပျောင်းလာခဲ့ပါပြီ။

လင်းဖုန်းရဲ့ မျက်နှာအမူအရာ တွေက
တော့ မပြောင်းလဲခဲ့ပါဘူး...

ဒါပေမဲ့လည်း သူ့ရင်ထဲမှာတော့
လေးသထက်လေးလို့ လာခဲ့ပြီလေ။

အထူးသဖြင့် သူဟာ ကုန်သွယ်မှု
စနစ်ထဲကို ဝင်လိုက်ပြီး
ကောင်းကင်လှောင်အိမ်
မှော်အင်းကွက် စွမ်းရည်အကြောင်းကို
ကြည့်လိုက်ချိန်မှာပါ...
သူ့ရဲ့အကြောင်း ဖော်ပြချက်တွေကို
ဖတ်လိုက်ရ အပြီးမှာတော့ လင်းဖုန်းရဲ့
စိတ်ခံစားလေးဟာ
ဟိုးအောက်ဆုံးအထိကို ပြုတ်ကျလို့
သွားခဲ့ပါပြီ။

ကောင်းကင်လှောင်အိမ်
မှော်အင်းကွက် ဆိုတာက
လူတစ်ယောက်ဟာ သူ့ရဲ့
ကိုယ်ပိုင်မှော်စွမ်းအင်ကို အသုံးပြုပြီး
မှော်အင်းကွက်ကို လှောင်အိမ်အဖြစ်
တည်ဆောက်ရတာပါ...
အခြားသူတွေရဲ့ မှော်စွမ်းအင်ကို
ချိတ်ပိတ်ဖို့ အသုံးပြုတာလေ...
ဝိညာဉ်ပစ်မှတ်တွေကို အသုံးပြုရင်
သူ့ရဲ့အစွမ်းက ပိုပြီးတော့
ထက်မြက်ပါတယ်။

မှတ်ချက် : ဒီမူလကောင်းကင်
ကျင့်ကြံမှုကမ္ဘာရဲ့ နံပါတ် ၁ ဂိုဏ်း...
မဟာမြင့်မြတ်နယ်မြေ သုံးခုရဲ့
ခေါင်းဆောင်ဖြစ်တဲ့... ဟင်းလင်းပြင်
ဘုရားကျောင်းရဲ့ ကိုယ်ပိုင်သီးသန့်
ပညာရပ်ဖြစ်တယ်။

## စာစဥ် ၁ : အပိုင်း ၁၈

## အပိုင်း ၁၈ : နံပါတ် ၁
## မြင့်မြတ်နယ်မြေဖြစ်လဲ ဘာဖြစ်လဲကွ

ဝတ်ရုံစိမ်း အမျိုးသမီးရဲ့ နောက်ခံဟာ
ဟင်းလင်းပြင် ဘုရားကျောင်းက
ဆိုတာကို သိလိုက်ရတော့ လင်းဖုန်းရဲ့
စိတ်ဓာတ်ဟာ ဟိုးအောက်ဆုံးအထိကို
ထပ်မံပြီးတော့
ပြုတ်ကျသွားခဲ့ပြန်ပါတယ်။

ဒီမူလကောင်းကင် ကမ္ဘာမှာ အကြီးဆုံး
ဂိုဏ်းသုံးဂိုဏ်းဟာ တာအိုအနွယ်ဝင်
ဟင်းလင်းပြင်ဘုရားကျောင်း...
ဗုဒ္ဓအနွယ်ဝင် မဟာမိုးကြိုး
ကျောင်းတော်နဲ့ မဟာ့မဟာ ဓားကမ္ဘာ
စူတောင်ဓားဂိုဏ်းတို့ ဆိုတာကို

မိန်းမနဲ့ ကလေးတွေတောင်မကျန်
သိကြတယ်လေ။

ဒါပေမဲ့လည်း မဟာမိုးကြိုး
ကျောင်းတော်နဲ့ စူတောင်ဓားဂိုဏ်းက
လူတွေတောင် ဒီမဟာမြင့်မြတ်
နယ်မြေသုံးခုမှာ ကွာခြားချက်တွေ
ရှိတယ်ဆိုတာကို မပြောကြပေမယ့်
ရင်ထဲမှာပဲ အလိုလို
နားလည်ထားကြတယ်လေ။

ဟင်းလင်းပြင် ဘုရားကျောင်းဟာ
ခြွင်းချက်မရှိ မဟာမြင့်မြတ်

နယ်မြေသုံးခုရဲ့ ခေါင်းဆောင်...
ဒီကမ္ဘာရဲ့ နံပါတ် ၁ ဂိုဏ်းပါ။

ဂိုဏ်းသူဂိုဏ်းသားတွေ..
တပည့်တပန်းတွေ အများကြီးရှိတဲ့
အခြားမြင့်မြတ်နယ်မြေ နှစ်ခုနဲ့မတူပဲ
ဟင်းလင်းပြင် ဘုရားကျောင်းဟာ
နှိမ့်နှိမ့်ချချနေတတ်ပြီး
တပည့်ဦးရေကလဲ သိပ်ပြီးတော့
မများပါဘူး။ ဒါပေမဲ့ ဟင်းလင်းပြင်
ဘုရားကျောင်းက တပည့်တွေ ဆိုတာနဲ့
ကမ္ဘာကြီးကို ကိုင်လှုပ်နိုင်စွမ်း ရှိကြတဲ့
သူတွေချည်းပါပဲ။

ဟင်းလင်းပြင် ဘုရားကျောင်းဟာ
တပည့်တွေကို ရွေးချယ်တဲ့ နေရာမှာ
အလွန်ကိုပဲ တင်းကျပ်တယ်လေ။
သူတို့ ရွေးချယ်ထားတဲ့
တပည့်တပန်းတွေ အားလုံးဟာလည်း
ပင်ကိုယ်စွမ်းရည်
အလွန်ထက်မြက်ကြတဲ့ ကျင့်ကြံသူ
ပါရမီရှင်လေး တွေချည်းပါပဲ။

တခြားအပိုင်းတွေကို
ထည့်မတွက်နဲ့ဦး… အရိုးအရင်းမြစ်နဲ့
သဘောပေါက် နားလည်နိုင်စွမ်း

မှာတင်ကိုပဲ ဟင်းလင်းပြင်
ဘုရားကျောင်းက တပည့်တွေရဲ့
ပျမ်းမျှအမှတ်ဟာ ဒီကမ္ဘာမှာ
နံပါတ်တစ်ပါပဲ။ ဒီမူလကောင်းကင်
ကမ္ဘာရဲ့ ကျင့်ကြံမှု ပါရမီရှင်လေးတွေ
စုစည်းရာလို့ဆိုရင် လိုတာထက်
ပိုရာမကျပါဘူး။

ဒီဟင်းလင်းပြင် ဘုရားကျောင်းရဲ့
တာအို နည်းစနစ်တွေနဲ့
စွမ်းရည်တွေဟာ ဒီမူလကောင်းကင်
ကမ္ဘာမှာ နာမည်ကြီးပါတယ်...
သူတို့ရဲ့ မဟာတာအို ကျမ်းစာဖြစ်တဲ့

"ဟင်းလင်းပြင်တာအိုရဲ့ သိမ်မွေ့နက်နဲခြင်း" ကျမ်းစာဟာ ကောင်းကင်ကို တက်လှမ်းနိုင်ဖို့ အနီးစပ်ဆုံး တာအိုနည်းစနစ်လို့ ဂုဏ်ပြု မှတ်တမ်းတင်ခြင်းကို ခံထားရတယ်လေ။ ဒီနည်းစနစ်ကို ကျင့်ကြံမယ်ဆိုရင် ကမ္ဘာဦး ဝိညာဉ်ဆိုတဲ့ မဟာအဆင့်ကို ရောက်နိုင်ဖို့အတွက်ကိုတောင် အာမခံနိုင်ပါတယ်။

ဒါ့အပြင် ဒီကောင်းကင်လှောင်အိမ် မှော်အင်းကွက်ဟာ ဟင်းလင်းပြင်

ဘုရားကျောင်းရဲ့ မှူပိုင်မှော်ကျိန်စာ ဖြစ်တယ်လေ… သူ့ရဲ့နာမည်ဟာ ဒီကျင့်ကြံမှု ကမ္ဘာမှာ မသိတဲ့သူ မရှိပါဘူး။

ရှောင်ယန်လေးတောင်မှပဲ အနည်းငယ် တွေဝေသွားပြီးနောက်မှာ ဒီကောင်းကင်လှောင်အိမ် မှော်အင်းကွက်ရဲ့ လာရာကို စဉ်းစားမိသွားပါပြီ… မထိန်းချုပ်နိုင်ပဲ အံ့ဩလို့ သွားခဲ့ရပြီလေ… "ဟင်… အစ်မက ကောင်းကင်လှောင်အိမ် မှော်အင်းကွက်လို့ ပြောလိုက်တာလား?

အစ်မဟာ ဟင်းလင်းပြင်
ဘုရားကျောင်းက
တပည့်တစ်ယောက်လား ခင်ဗျာ?"

ဝတ်ရုံစိမ်း အမျိုးသမီးဟာ ခေါင်းကို
အသာအယာပဲ ညိတ်လိုက်ပါတယ်...
"ဟုတ်ပါတယ်ကွယ်...
အစ်မရဲ့နာမည်က ယန့်မင်းရွဲ့ပါ...
အစ်မရဲ့ဂိုဏ်းဟာလည်း ဟင်းလင်းပြင်
ဘုရားကျောင်းပါပဲကွယ့်"

ရှောင်ယန်လေးရဲ့ အမူအယာဟာ
ရှုပ်ထွေးသွားပြီး အနည်းငယ်

ဝမ်းနည်းသွားတဲ့ပုံ
ပေါက်သွားပါတယ်... "ဩော်...
ဟင်းလင်းပြင်
ဘုရားကျောင်းကပဲကို..."

လင်းဖုန်းရဲ့ ရင်ထဲမှာလဲ ခါးသက်သက်
ဖြစ်သွားခဲ့ပါတယ်...
ရှောင်ယန်လေးဟာ အတိတ်က
ရှာမှရှားတဲ့
ပါရမီရှင်လေးဖြစ်ကြောင်း...
ဟင်းလင်းပြင် ဘုရားကျောင်း
အထိတောင် သူ့ရဲ့ ဂုဏ်သတင်းတွေက
မွှေးပျံ့သွားပြီး သူ့ကို တပည့်အဖြစ်

လက်ခံဖို့ကိုတောင်
စဥ်းစားနေကြောင်း... စတဲ့
ဝူကျိုးမြို့ထဲမှာ သူကြားခဲ့တဲ့
ကောလဟာလတွေကို
ပြန်လည်ပြီးတော့ စဥ်းစားမိပြီလေ။

ရှောင်ယန်လေးရဲ့ အခု
အမူအယာတွေကို ကြည့်ရတာတော့
ဒီကောလဟာလတွေဟာ
အမှန်ဖြစ်ပုံရတယ်။

ခေါင်းနဲ့မစဥ်းစားပဲ ခြေမနဲ့
စဥ်းစားရင်တောင်မှပဲ

ရှောင်ယန်လေးရဲ့
လက်ရှိခံစားချက်တွေကို
သိနိုင်တယ်လေ။ ဘာပဲပြောပြော
ဒါဟာ လူတိုင်း အသိအမှတ်
ပြုထားရတဲ့ ကမ္ဘာပေါ်က နံပါတ်တစ်
မဟာမြင့်မြတ် နယ်မြေလေ။

ဒီဟင်းလင်းပြင် ဘုရားကျောင်းရဲ့
တပည့်တစ်ယောက် ဖြစ်ရရင်…
ရှောင်ယန်ကိုယ်တိုင်က
လင်းလက်နေတဲ့ ကျင့်ကြံမှု
လမ်းကြောင်းပေါ်ကို ရောက်သွားရုံတင်
မကဘူး… သူ့ရဲ့ ရှောင်မိသားစု

တစ်စုလုံးဟာလည်း ဩဇာတိက္ကမတွေ
ကြီးမားလာပြီး ဂုဏ်သိက္ခာတွေ
တက်လာမှာလေ။

ဒါပေမဲ့လည်း နောက်ပိုင်းမှာတော့
အားလုံးက သိကြတဲ့အတိုင်းပဲ...
ရှောင်ယန်လေးဟာ ပါရမီရှင်
အဖြစ်ကနေ အမှိုက်အဖြစ်ကို
ပြောင်းလဲသွားခဲ့တယ်လေ...
ဒါကြောင့်ပဲ ဟင်းလင်းပြင်
ဘုရားကျောင်းနဲ့ ကံမဆုံတော့ပါဘူး။

ကိုယ်မရနိုင်တော့တဲ့ အရာဟာ ကိုယ့်ရဲ့ရင်ထဲမှာ အကောင်းဆုံးပဲလေ... ဒီဟင်းလင်းပြင် ဘုရားကျောင်းဟာ ရှောင်ယန်လေးရဲ့ ရင်ထဲမှာ အနှောင်အဖွဲ့ အထုံးအဖြစ် ရှိနေနိုင်ပြီး သူ့ဘဝရဲ့ အကြီးမားဆုံး နောင်တလဲ ဖြစ်နေနိုင်ပါတယ်။

ပိုဆိုးတာက သေသွားပြီဖြစ်တဲ့ သူ့ရဲ့ မိဘနှစ်ပါးတောင်မှပဲ နောင်တတွေ ရနေနိုင်တယ်လေ... "ဟာ... ငါတို့သေသွားတဲ့ အချိန်အထိ ငါတို့ရဲ့ သားလေးကို ဟင်းလင်းပြင်

ဘုရားကျောင်းရဲ့ ဂိုဏ်းသားလေးအဖြစ်
မတွေ့သွားရဘူးကွာ..."
ဆိုတဲ့စကားလိုမျိုးပေါ့။

ဒီလို အခြေအနေမျိုးမှာ ဟင်းလင်းပြင်
ဘုရားကျောင်းကို အသစ်တစ်ဖန်
ပြန်လည်ပြီးတော့ ဝင်ရောက်နိုင်မယ့်
အခွင့်အရေးဟာ ရှောင်ယန်ရဲ့
အရှေ့ကို ရောက်လာခဲ့ရင် သူက
ဘာကိုများ ရွေးချယ်ဦးမှာလဲ?

လင်းဖုန်းဟာ
သူရှေ့ဆက်တွေးရမှာကိုတောင်

ကြောက်နေခဲ့ပါပြီ... "ကဲ...
ဟင်းလင်းပြင် ဘုရားကျောင်းဆိုလဲ
ဘာဖြစ်လဲကွာ? နံပါတ်တစ်
မဟာမြင့်မြတ် နယ်မြေဆိုလဲ
ဘာဖြစ်လဲကွာ? လင်းဖုန်းဟာ
ရင်ထဲမှာ သန္နိဋ္ဌာန် ချလိုက်ပြီလေ...
"အင်း... ရှောင်ယန်လေးကိုသာ
ရမယ်ဆိုရင်တော့
ရှောင်ကျန်းအာလေးပါ အဆစ်ပါရင်
ပါလာဦးမှာဟ... ဒီလိုမျိုး
တစ်ထည်ဝယ်ရင်
တစ်ထည်လက်ဆောင် ပေးနေတဲ့
အံသြဖွယ် အပေးအယူမျိုးကို
လက်လွှတ်ခံလိုက်ရင်

ငါ့လောက်မိုက်တဲ့လူ ဒီကမ္ဘာပေါ်မှာ ရှိပါ့ဦးမလားကွာ..."

လင်းဖုန်းဟာ သူမကို အနီးကပ် အသေးစိတ် လေ့လာနေခဲ့တာပါ... သူမရဲ့ စကားသံဟာ တည်ငြိမ်နေပြီးတော့ သမာဓိအပြည့် ရှိပါတယ်... သူမရဲ့ အကြည့်တွေဟာ တောင်းပန်နေတဲ့ သဘောမျိုး ဆောင်နေပေမယ့် ပြင်းပြတဲ့ စိတ်အားထက်သန်မှုတွေကို မတွေ့ရဘူး ဆိုတာကို သူက သတိထားမိခဲ့တယ်လေ။

ယန်္တမင်းရွှဲ့ရဲ့ အမူအယာတွေထဲမှာ
ဟန်ဆောင်နေတာတွေ မပါပါဘူး…
ဒါကဘာကို ဆိုလိုနေသလဲဆိုရင်
သူမဟာ ရှောင်ယန်လေးကို
တောင်းပန်တဲ့ သဘောသာရှိပြီး
လျော်ကြေးပေးတဲ့ အနေနဲ့
ဟင်းလင်းပြင် ဘုရားကျောင်းကို
အပ်နှံကောင်း အပ်နှံပေးနိုင်ပါတယ်။

ဒါပေမဲ့လည်း သူမဟာ
ရှောင်ယန်လေးရဲ့ ပင်ကိုယ်
အရည်အသွေးတွေကို

အရမ်းသဘောကျပြီး
သူမရဲ့တပည့်အဖြစ်
သိမ်းသွင်းဖို့ကိုတော့ စိတ်ကူးထားခြင်း
မရှိပါဘူး။

ဒါကလည်းပဲ အံ့သြစရာ
သိပ်မရှိဘူးလေ… သူမက
ဟင်းလင်းပြင် ဘုရားကျောင်းက
လာခဲ့တာပါ… သူမဟာ ငယ်ငယ်လေး
ကတည်းက ပါရမီရှင်တွေ
တစ်ပုံကြီးကြားမှာ
ကြီးပြင်းလာခဲ့တာလေ…
သူမမြင်ဖူးတဲ့ မဟာ့မဟာ

ပါရမီရှင်တွေဟာ ဘယ်ရှိပါ့မလဲ။
သူမကိုယ်တိုင်ကိုကလဲ
လက်ဖျားခါလောက်တဲ့ ကျင့်ကြံမှု
ပါရမီရှင်တစ်ပါး ဖြစ်နေနိုင်တာပဲဟာ။

ဒီအတိုင်းသာ ဖြစ်မယ်ဆိုရင်တော့
လင်းဖုန်းအတွက်တော့ မဟာ
အခွင့်အရေးကြီး တစ်ရပ်ပါပဲ။
လင်းဖုန်းဟာ သူ့ရဲ့ရင်ထဲမှာ
မရပ်မနားပဲ တစိမ့်စိမ့်နဲ့
တွေးနေခဲ့ပါတယ်… ရုတ်တရက်ပဲ
အတွေးတစ်ခုဟာ သူ့ရဲ့စိတ်ထဲမှာ
ပေါ်လို့လာခဲ့ပြီလေ။

သူ့ရဲ့ မျက်နှာပေါ်မှာ နေဝန်းကဲ့သို့
နွေးထွေးတဲ့ အပြုံးလေးတစ်ခု
ပေါ်လာခဲ့ပါပြီ... သူရဲ့
အကြည့်တွေဟာ သူ့ရဲ့နံဘေးက
ရှောင်ယန်လေးရဲ့ အပေါ်မှာ
ကျရောက်လို့ သွားခဲ့ပြီလေ။

"တောက်တီ? အင်း...
ဒီလိုအကောင်မျိုးကို
နောက်ဆုံးတွေ့ခဲ့တာတောင်
အတော်ကြာသွားခဲ့ပြီဟ..."

လင်းဖုန်းရဲ့ အကြည့်တွေဟာ
ရှောင်ယန်ရဲ့လက်ဖဝါးပေါ်က ဒုတိယ
လက်စွပ်လေးကို
အကဲခတ်လိုက်တယ်လေ... သူ့ရဲ့
နှုတ်ခမ်းထောင့်စွန်းမှာ စိတ်ဝင်စားတဲ့
အပြုံးလေး တစ်ခုကို တွေ့နိုင်ပါတယ်။

ရှောင်ယန်လေးဟာ ကြက်သေသေ
သွားခဲ့တယ်လေ... ယန့်မင်းရွှဲ့ရဲ့
အကြည့်တွေကလဲ လင်းဖုန်းရဲ့
အပေါ်ကို ကျရောက်ကာ လာခဲ့ပါပြီ...
သူမရဲ့ မျက်လုံးတွေမှာလဲ

နားလည်ရန်ခက်တဲ့ အလင်းတန်းတွေ
လင်းလက်လို့ နေခဲ့ပြီလေ။

"ဩော်... ဒီက တာအိုရောင်းရင်းက
သန့်စင်တဲ့ တောက်တီမျိုးရိုးကို
အသက်ရှင်ရက်နဲ့ မြင်ဖူးတာလား?"
ယန့်မင်းရွဲ့က လင်းဖုန်းကို
စိုက်ကြည့်လိုက်တယ်... သူမရဲ့
နှုတ်ခမ်းနီ ဖူးဖူးရဲရဲလေးကို ဟပြီးတော့
မေးလိုက်ပါပြီ... "ကဲ...ရှင့်ကို
ဘယ်လိုများ ခေါ်ရပါ့မလဲ?"

လင်းဖုန်းကလဲ ဖွဖွလေးပဲ ပြုံးလိုက်တယ်... "အာ... ကျွန်တော်က တောင်ကြားထဲက မထင်ရှားတဲ့ လူတစ်ယောက်ပါ... ကျွန်တော့်ရဲ့ နာမည်က အရေးမပါပါဘူး။ ကျွန်တော့်ရဲ့ မျိုးရိုးနာမည်က လင်းပါ... ခင်ဗျားက ကျွန်တော့်ကို တာအိုရှောင်းရင်းလင်း လို့ပဲ ခေါ်နိုင်ပါတယ်ဗျာ..."

ပြီးတာနဲ့ ယန့်မင်းရွှဲ့ ပြန်ပြောတာကို မစောင့်ပဲ စကားဆက်လိုက်ပါတယ်... "အင်း... ခဏနေကပဲ

တာအိုရောင်းရင်းယန့်ဟာ လွန်ခဲ့တဲ့
ဆယ်နှစ်လောက်တုန်းက
ဒဏ်ရာရခဲ့ပြီး ဒီလက်စွပ်ထဲမှာ
ခိုလှုံခဲ့ရတယ် ဆိုတာကို
ကြားလိုက်ရတယ်...
ဟုတ်တယ်မို့လား?"

ဒီအချိန်မှာ လင်းဖုန်းဟာ စကားဝိုင်းကို
ဦးဆောင်ရတော့မှာပါ... ယန့်မင်းရွဲ့ကို
အခွင့်အရေးပေးလို့ မဖြစ်တော့ပါဘူး။
သူမက ရှောင်ယန်လေးကို
လျှော်ကြေးပေးတဲ့ အနေနဲ့
ဟင်းလင်းပြင် ဘုရားကျောင်းကို

အပ်နံပေးမယ်လို့ ပေးပြီးပြောလို့
မရဘူးလေ။ နို့မဟုတ်ရင်
ရှောင်ယန်လေးက ချက်ချင်းပဲ
ဝမ်းသာအားရနဲ့… ဦးညွှတ်ပြီးတော့
လက်ခံလိုက်ရင် လင်းဖုန်းဟာ
ဘာမှဆက်ပြီးတော့ လုပ်လို့ရတော့မှာ
မဟုတ်ပါဘူး။

ယန့်မင်းရွဲ့ဟာ လင်းဖုန်းကို
စိုက်ကြည့်လိုက်ပြန်တယ်…
ဒီအကြည့်ဟာ သူ့ရင်ထဲကို
ထွင်းဖောက်ပြီး မြင်နေသလိုပါပဲ။
သူမဟာ သူ့ရဲ့စိတ်ထဲမှာ

ဘာတွေတွေးနေသလဲ ဆိုတာကိုတော့
မသိနိုင်ပါဘူး... ဒါပေမဲ့ လင်းဖုန်းရဲ့
စကားဝိုင်းကို ဦးဆောင်လိုတဲ့
ရည်ရွယ်ချက်ကိုတော့
မြင်တွေ့နိုင်ခဲ့တယ်လေ။

လင်းဖုန်းဟာ အမူအယာ
မပြောင်းလဲခဲ့ပေမယ့် သူ့ရဲ့
လက်ဖဝါးတွေမှာတော့ ချွေးစေးတွေနဲ့
ပြည့်လို့နေပါပြီ။ ဒီမိန်းမက
အရမ်းနပ်တာပဲ... သူမကို ကြည့်ရတာ
လူတွေရဲ့စိတ်ကို ထွင်းဖောက်ပြီး
မြင်နေနိုင်သလိုပဲ။ သူမဟာ

ကန်ရေပြင်လို တည်ငြိမ်နေပြီး
ရန်လိုတဲ့ အပြုအမူမျိုးမရှိပါဘူး...
ဒါပေမဲ့လည်း သူမဟာ လင်းဖုန်းကို
တောင်ကြီးတစ်လုံးလိုမျိုး
ဖိအားတွေကို ပေးနိုင်ခဲ့တယ်လေ။

ကံကောင်းစွာနဲ့ပဲ ယန့်မင်းရွှဲ့ဟာ
ဆက်ပြီးတော့ စပ်မစုနေခဲ့ပါဘူး...
ခေါင်းလေးကိုပဲ တည်ငြိမ်စွာနဲ့
ညိတ်လိုက်ပါတယ်... "အင်း...
တကယ်ကိုပဲ လွန်ခဲ့တဲ့
ဆယ်နှစ်လောက်က ပါပဲလေ..."

စနစ်ကြီးရဲ့ ကောင်းမှုကြောင့် သူမဟာ
လင်းဖုန်းရဲ့ အဆင့်အတိမ်အနက်ကို
မမြင်တွေ့နိုင်ခဲ့ပါဘူး… ရိုးသားစွာနဲ့ပဲ
ပြောရရင် ဒီကမ္ဘာပေါ်မှာ သူမက
ထွင်းဖောက်ပြီးတော့
ကြည့်လို့မရတဲ့လူဟာ ရွှေထက်တောင်
ရှားတယ်လေ။ အဲ့ဒါကြောင့်ပဲ
ဒါဟာသူတို့ရဲ့ ပထမဦးဆုံး ဆုံတွေ့ခြင်း
ဖြစ်ပေမယ့် သူမဟာ လင်းဖုန်းကို
အနည်းငယ် လေးစားတဲ့
သဘောလေးတွေ ရှိပါတယ်။

လင်းဖုန်းကလဲ ခေါင်းကို
ညိတ်လိုက်ပါပြီ... "အင်း...
သိပ်မကြာသေးခင်ကပဲ ကျုပ်က
မိစ္ဆာတစ်ယောက်နဲ့ တွေ့ခဲ့တယ်ဗျ...
ဒီမိစ္ဆာကလဲ အတော်ကိုပဲ
ဒဏ်ရာရထားပြီး သူ့ရဲ့ စိတ်ဝိညာဉ်ဟာ
မက်မွန်ပင်အိုကြီး အနားမှာ
ခိုလှုံနေခဲ့ရတာလေ..."

ရှောင်ယန်လေးဟာ လင်းဖုန်းကို
အထူးအဆန်းလိုမျိုး
ကြည့်လိုက်ပါတယ်... ဘာကြောင့်များ
စကားပြောနေရင်းတန်းလန်း

မဆီမဆိုင်တာတွေကို
လာပြောနေသလဲ ဆိုတာကို
သဘောမပေါက် နိုင်ခဲ့ဘူးလေ။

ယန့်မင်းရွှေ့ရဲ့ အမူအရာကတော့
မပြောင်းလဲခဲ့ပါဘူး… လင်းဖုန်းကိုပဲ
တိတ်တိတ်ကလေး ကြည့်နေရင်းနဲ့ပဲ
စကားဆက်မှာကို စောင့်နေခဲ့ပါတယ်။

လင်းဖုန်းဟာ သူ့ရဲ့မျက်စိကို
ပင့်လိုက်ပြီး… သူမရဲ့ မျက်လုံးတွေကို
တည့်တည့်ကြီး စိုက်ကြည့်လိုက်ပါပြီ…
သူတို့ နှစ်ယောက်စလုံးရဲ့

အကြည့်တွေဟာ တည်ငြိမ်ပြီးတော့ လေးနက်တယ်လေ။

လင်းဖုန်းက အေးစက်စက်နဲ့ပဲ ဆက်ပြောလိုက်တယ်... "အင်း... ဘေးကလူတွေရဲ့ ပြောစကားအရ ဒီမိစ္ဆာ ပေါ်လာတာခဲ့တာလဲ ဆယ်နှစ်လောက်ရှိပြီတဲ့။ အိုး... ဒါနဲ့... ဒီမိစ္ဆာဟာ မိစ္ဆာမဟုတ်..."

ယန့်မင်းရွှဲ့ရဲ့ အမူအယာဟာ နောက်ဆုံးမှာတော့ ပြောင်းလဲသွားခဲ့ပါပြီ... သူမရဲ့

မျက်လုံးတွေကို အောက်ငုံ့လိုက်ပြီး
သူမရဲ့ ရှည်လျားကော့ပါးတဲ့
မျက်တောင်အစုံဟာ အနည်းငယ်
တုန်ခါလာပါတော့တယ်… "ဟင်…
ဒီ… ဒီက တာအိုရောင်းရင်းက
ဒီမိစ္ဆာမယ်ရဲ့ လာရာကို
သိသလားရှင့်?"

လင်းဖုန်းဟာ ခေါင်းကိုခါလိုက်ပြီးတော့
သူမကို ကြည့်လိုက်တယ်လေ…
စကားကို တစ်လုံးချင်းပဲ ဖြေးဖြေးချင်း
ပြောလိုက်ပါပြီ… "ဟင်း…
ကျုပ်ကတော့ သူမရဲ့ နာမည်ကိုပဲ

သိတာလေ… အင်း…
လုံရဲ့ဆိုလားပဲဗျ…"

ယန့်မင်းရွဲ့က အနည်းငယ်
ပြုံးလိုက်ပါတယ်… သူမရဲ့
အကြည့်တွေဟာ ဦးတည်ရာမဲ့
အဝေးကြီးကို ကြည့်လိုက်ပြီလေ။
အချိန်လေး အတော်ကြာမှ
သက်ပြင်းအရှည်ကြီး တစ်ခုကို
ချလိုက်ပါတယ်… "ဟင်း… ငါက
မသေသလိုပဲ သူမကလဲ
မသေပါလား…"

ယန့်မင်းရွှဲ့ဟာ လင်းဖုန်းကို ကြည့်လိုက်ပြီး လေးနက်စွာနဲ့ပဲ မေးလိုက်ပါတယ်... "အင်း... ကျွန်မကို ဒီသတင်း ပြောပြပေးတဲ့အတွက် တာအိုရောင်းရင်းကို အထူးပဲ ကျေးဇူးတင်ပါတယ်... ဒါနဲ့... ဒီလုံရဲ့ အခုဘယ်ရောက်သွားပြီ ဆိုတာကိုရော သိသလားရှင့်?"

သူ့ရဲ့ စိတ်ထဲမှာကတော့ လင်းဖုန်းဟာ သူမသိပါဘူးလို့ပဲ ပြောချင်နေခဲ့တာပါ... ဒါပေမဲ့လည်း ဒီမိန်းမယ်လေး ပြန်လည်ပြီးတော့

သက်သာလာတာနဲ့ သူ့ကို
အရင်ဆုံးလာပြီး ပြဿနာရှာမယ်
ဆိုတာကို သူကလဲ သိနေခဲ့တယ်လေ။

သူဟာခေါင်းကို သာသာလေးပဲ
ခါလိုက်ပါတယ်... "အာ...
အဲ့ဒါကိုတော့
ကျုပ်ကမသိဘူးဗျ..."စကားပြောနေတုံ
းမှာလဲ လင်းဖုန်းဟာ ယန့်မင်းရွဲ့ကို
အနုစိတ် လေ့လာနေခဲ့တာပါ...
သူမရဲ့အမူအယာ ပြောင်းလဲမှု
အသေးစိတ် တစ်ခုမှ သူ့ရဲ့မျက်စိ
အောက်ကနေ မလွတ်ခဲ့ဘူးလေ။

သူမဟာ လုံရဲ့ အသက်ဆက်ရှင်
နေသေးတယ် ဆိုတဲ့သတင်းကို
ကြားလိုက်ရပြီးတော့... သူမရဲ့
မျက်ဝန်းတွေဟာ တောက်ပနေတဲ့
လမင်းကြီးကို တိမ်ငပုပ်
ဖမ်းသွားသလိုမျိုး
ညှိုးမှိုင်သွားခဲ့ပါတယ်... အနည်းငယ်
စိုးရိမ်ပူပန်မှုတွေကို
မြင်တွေ့လိုက်ရတယ်လေ။

လင်းဖုန်းကလဲ စိတ်သက်သာ ရစွာနဲ့ပဲ
လေပူကြီး တစ်ချက်ကို

မှုတ်ထုတ်လိုက်ပါပြီ…
သူခန့်မှန်းတာက မှန်သွားခဲ့ပြီလေ။

ဒီယန့်မင်းရွှေ့နဲ့ လုံရဲ့ တို့ဟာ
မဟာပြိုင်ဘက်တွေ ဖြစ်ကြမှာပါ…
မြင့်မြတ်တဲ့ တာအိုသမီးတော်နဲ့
ရက်စက်တဲ့ မိစ္ဆာသမီးတော်တို့
ပြိုင်ဆိုင်တဲ့ ဒရာမာဇာတ်လမ်း
လိုမျိုးပေါ့။

သူတို့ရဲ့ အလှတရား..
ပင်ကိုအရည်အချင်းနဲ့ တာအိုနည်းစနစ်
တွေဟာလည်း အဆင့်အတူတူပါပဲ…

သူတို့တတွေဟာ အချင်းချင်းလဲ
လေးစားနားလည် သဘောပေါက်
ကြပါတယ်… ဒါပေမဲ့လည်း သူတို့ဟာ
တစ်ယောက်မသေရင်
နောက်တစ်ယောက်က
အသက်ဆက်ပြီးတော့
မရှင်နိုင်ကြဘူးလေ။

သူတို့ နှစ်ယောက်စလုံးရဲ့ အကြားမှာ
ကြားဝင်စေ့စပ်လို့ မရနိုင်တဲ့
သဘောထား ကွဲလွဲမှုတွေဟာ
တစ်ဘဝလုံးစာ ရှိနေကြပါတယ်…
အချစ်နဲ့ အမုန်းတရားတွေ အကြားက

ပြဇာတ်တစ်ပုဒ် လိုပါပဲ… အာ…
မဟုတ်သေးဘူး… ဒါဟာ သဘောထား
ကွဲလွဲနေကြတဲ့ မိတ်ဆွေနှစ်ယောက်ရဲ့
ဇာတ်လမ်းကောင်း တစ်ပုဒ်ပဲလေ…
ပြောရမယ်ဆိုရင်တော့ သူတို့ဟာ
ဇာတ်လိုက်မင်းသား
တစ်ယောက်ထဲကို ပြိုင်တူများ
မေတ္တာသက်ဝင် သွားကြမလားပဲ?

ဒါပေမဲ့ ဒါကသိပ်ပြီးတော့
အရေးမကြီးပါဘူး… အရေးကြီးတာက
လုံရဲ့ရဲ့ အကြောင်းကို

ကြားပြီးတဲ့နောက်မှာ ယန့်မင်းရဲ့ဟာ
တည်ငြိမ်မှု မရှိနိုင်တော့ပါဘူး။

သူမရဲ့ သတိသမာဓိနဲ့ တည်ငြိမ်အောင်
ထိန်းထားနိုင်မှုဟာ မဆိုးလှပေမယ့်...
လင်းဖုန်းက သူမဟာ လုံရဲ့ကို
ချက်ချင်းသွားရှာပြီး အကွက် ၃၀၀
လောက် ထပ်ချချင်နေတယ် ဆိုတာကို
ပြောနိုင်ပါတယ်။

ဒီလို အခြေအနေမျိုးမှာ သူမဟာ
ရှောင်ယန်လေးကို ကျေးဇူးဆပ်ဖို့

အကြောင်းကို တွေးနိုင်တော့မှာ
မဟုတ်ဘူးလေ.. ဟုတ်တယ်မို့လား?

အနည်းဆုံးတော့ ဒါဟာ ဦးစားပေးကိစ္စ
မဟုတ်တော့ပါဘူး။

လင်းဖုန်းဟာ မီးလောင်ရာမှာ
လေအနည်းငယ် ထပ်ပင့်ပေးဖို့ကို
ဆုံးဖြတ်လိုက်ပါတယ်...
ပါးစပ်ကိုဟပြီးတော့ မေးလိုက်ပါပြီ...
"ဟေး... တာအိုရှောင်းရင်းယန့်...
ခင်ဗျားဟာ ခင်ဗျားရဲ့ ကိုယ်ခန္ဓာကို
ဆုံးရှုံးရပြီး ဒီလက်စွပ်လေးရဲ့ အထဲမှာ

စိတ်ဝိညာဥ် အနေနဲ့ပဲ ရှိနေခဲ့တာပဲ...
လှုပ်လှုပ်ရှားရှား လုပ်ဖို့ရာက
သိပ်ပြီးတော့ အဆင်မပြေလှဘူးလေ...
ဟုတ်တယ်မို့လား?"

ယန့်မင်းရွှဲ့ရဲ့ မျက်ဝန်းအစုံဟာ
တောက်ပကာ လာခဲ့ပါတယ်။
လင်းဖုန်းကို သေချာစွာ
စိုက်ကြည့်လိုက်ပြီး သူမဟာဖြောင်ပဲ
ပြန်ပြောလိုက်ပါပြီ... "အင်း...
ဟုတ်တယ်ရှင့်... ဒါပေမဲ့ ကျွန်မမှာ
ကျွန်မရဲ့ ကိုယ်ခန္ဓာကို
ပြန်လည်တည်ဆောက်ဖို့

နည်းလမ်းတော့ရှိတယ်။
တစ်ခုရှိတာက ဒီမတိုင်ခင်မှာ
ပြင်ဆင်မှု အများကြီးကို
လုပ်ဖို့လိုအပ်တယ်လေ။ ဒီအတော
အတွင်းမှာတော့ ဒီလက်စွပ်လေးရဲ့
အထဲမှာပဲ ခိုလှုံနေရဦးမှာပဲ…
ဒါမှမဟုတ်ရင် ကျွန်မရဲ့ စိတ်ဝိညာဉ်ကို
မထိခိုက်ရင်တောင်မှပဲ ကျွန်မရဲ့
မှော်စွမ်းအင်တွေဟာ
အလကားနေရင်းနဲ့
ဆုံးရှုံးသွားလိမ့်မယ်ရှင့်…"

သူမရဲ့ သမာဓိကို အပြည့်အဝ
ပြန်လည်တည်ဆောက် ပြီးသွားတဲ့
ယန့်မင်းရှဲ့ကို ကြည့်ပြီးတော့
လင်းဖုန်းရဲ့ စိတ်ထဲမှာ
အချက်ပေးသံတွေ မြည်လာခဲ့ပါပြီ…
သူဟာ နည်းနည်းလေးကိုမှ
သတိမပေါ့ရဲခဲ့ပါဘူး။

ယန့်မင်းရှဲ့က ပွင့်လင်းစွာ
ပြောလိုက်တာကို ကြည့်ပြီး
လင်းဖုန်းကလဲ ဝေ့ပတ်ပြီးတော့
ပြောမနေတော့ပါဘူး… "ကဲ… ဒါဆို…

ကျုပ်ကခင်ဗျားကို ကူညီနိုင်လိမ့်မယ်
ထင်တယ်ဗျ..."

စကားဆုံးတာနဲ့ လင်းဖုန်းဟာ
ဝိညာဉ်တည်ငြိမ် မြက်ပင်ကို
ထုတ်ယူလိုက်ပါပြီ။ အဲ့ဒါကို
တွေ့လိုက်ရတာနဲ့ ယန့်မင်းရွှဲ့ဟာ
ချက်ချင်းပဲ မှတ်မိလိုက်ပါတယ်...
"ဟာ... ဝိညာဉ်တည်ငြိမ်မြက်ပင်?
ဝိညာဉ်ကျောက်ဆူး ဆေးလုံးရဲ့
အဓိကအမယ်ပဲ။ ဝိညာဉ်ကျောက်ဆူး
ဆေးလုံးရဲ့ အကူအညီနဲ့သာ
ဆိုရင်တော့ ကျွန်မဟာ

ဒီလက်စွပ်ထဲကနေ ထွက်နိုင်ပြီး
ကျွန်မရဲ့ စိတ်ဝိညာဉ်ကို
တည်ငြိမ်အောင်
လုပ်နိုင်တော့မှာလေ... တစ်ရက်ထဲနဲ့
မိုင်တစ်သောင်းလောက်တောင်
ခရီးဆက်နိုင်တော့မှာရှင့်..."

သူမဟာ လင်းဖုန်းကို လေးနက်စွာနဲ့ပဲ
ကြည့်လိုက်ပြီလေ... ချက်ချင်းပဲ
ပြန်ပြီးတော့မှ နှုတ်ဆိတ်သွားခဲ့ပါပြီ...
အဲဒီအစား သူမရဲ့ မျှော်စွမ်းအင်နဲ့ပဲ
ရှောင်ယန်လေး မကြားအောင်

လင်းဖုန်းဆီကို အသံလွှင့်ပြီးတော့ ပြောလိုက်ပါပြီ။

"ကဲ... တာအိုရောင်ရင်းလင်း... ရှင်က ဒီလောက်အထိ ခက်ခက်ခဲခဲ ကြိုးစားနေတာ ရှောင်ယန်လေး အတွက်လား?"

## စာစဥ် ၁ : အပိုင်း ၁၉

## အပိုင်း ၁၉ : ကူညီခြင်း နှင့် စမ်းသပ်ခြင်း

တခဏတာလေး အတွင်းမှာပဲ
လင်းဖုန်းရဲ့ နှလုံးသားလေးဟာ
ရပ်တန့်လို့ သွားခဲ့ပါတယ်။

သူတို့ စတွေ့တဲ့အချိန် ကတည်းက
ယန်မင်းရွဲ့ဟာ အမြဲပဲ
အလွန်ယဉ်ကျေး.. ငြိမ်းချမ်းပြီး
တည်ငြိမ်နေတဲ့ အမူအရာကိုပဲ
ပြသနေခဲ့တာပါ။

သူမဟာ ဒီကမ္ဘာရဲ့ နံပါတ်တစ်
မြင့်မြတ်နယ်မြေက လာခဲ့တာလေ…
ဒါပေမဲ့လည်း သူမကို ချဉ်းကပ်ရတာက

လွယ်ကူပါတယ်... သူမမှာက
မာနကြီးပြီး အထက်စီးဆန်တဲ့
ခံစားချက်မျိုး တစ်စက်မှ မရှိခဲ့ပါဘူး။

လက်ရှိအချိန်မှာတော့ သူမဟာ
ဒုက္ခရောက်နေခဲ့ပါတယ်...
ဒါပေမဲ့လည်း သူမဟာ ခက်ခဲတဲ့
အနေအထား ရောက်နေတဲ့ ပုံစံမျိုးကို
မပြခဲ့ပါဘူး... အဲ့ဒီအစား သူမဟာ
လေထုလိုမျိုး
တည်ငြိမ်နေခဲ့တယ်လေ...
အရာရာတိုင်းဟာ သူမရဲ့

ထိန်းချုပ်ခြင်းအောက်မှာ
ရှိနေသလိုမျိုးပါပဲ။

ဒါပေမဲ့လည်း ဒီလိုမျိုး နှိမ့်ချပြီး
ကြင်နာတတ်တဲ့ ပုံစံမျိုး ရှိနေတဲ့
ယန်မင်းရွှဲ့ရဲ့ ရင်ထဲက အနက်ရှိုင်းဆုံး
နေရာမှာ မာနတရား ရှိနေတယ်
ဆိုတာကို လင်းဖုန်းက
ကောင်းကောင်းကြီး
အာရုံခံမိခဲ့ပါတယ်။

အပြင်ပန်းမှာက ချဥ်းကပ်ဖို့ရာ
လွယ်ကူတယ်လို့ ထင်ရပေမယ့် သူမရဲ့

ရင်ထဲမှာက မာနတွေ အပြည့်နဲ့ပါ…
ဒါပေမဲ့ သူမနဲ့ ပထမဦးဆုံး ဆက်ဆံဖူးတဲ့
လူတွေအဖို့တော့ အထင်မှားလွယ်
စေခဲ့တယ်လေ။

ဒါပေမဲ့ စိတ်ရောကိုယ်ပါ အမှန်တကယ်ကိုမှ
ကြံ့ခိုင်တဲ့ လူတွေရဲ့ ပုံစံပါပဲ…
ကြံ့ခိုင်လွန်းတော့ အသေးအဖွဲ့
ကိစ္စတွေကို ခေါင်းထဲမှာ
မထည့်တော့ဘူးလေ… သူများတွေက
သူမကို ဘယ်လိုထင်မလဲဆိုတာ
ဂရုကိုမစိုက်တာပါ။

သူမရဲ့ မာနဟာ သူများကို
မသိမ်ငယ်စေပါဘူး…
စိတ်ကြီးဝင်တာလဲ မဟုတ်ရသလို
ဘဝင်မြင့်တာမျိုးလဲ မဟုတ်ဘူးလေ။
ပြောင်းပြန်ပါပဲ… သူမရဲ့ မာနဟာ
သူမရဲ့ ဖော်ရွေမှု.. သူမရဲ့ ယဉ်ကျေးမှုနဲ့
သူမရဲ့ စိတ်ရှည်မှုတွေပဲ
ဖြစ်ပါတော့တယ်။

ဘာဖြစ်လို့လဲ?... ဘာဖြစ်လို့လဲဆိုတော့
သူမရဲ့ စိတ်ထဲမှာ… မင်းတို့ဟာ
ငါ့ထက်နိမ့်ကျတယ်…
ဒါကြောင့်မို့ငါဟာ မင်းတို့ကို

ကောင်းကောင်းပဲ ဆက်ဆံမယ်...
မင်းတို့က ရိုင်းနေလဲ ကိစ္စမရှိပါဘူး...
ငါက စိတ်ရှည်ရှည်နဲ့ပဲ
သင်ပြပေးမယ်လေ။

သူမရဲ့ နှလုံးသားထဲမှာ သူတပါးဟာ
သူမထက် နိမ့်ကျတယ်လို့
ကြိုတွက်ပြီးသားပါ... တခြားလူတွေရဲ့
ရိုင်းစိုင်းမှုကြောင့်လဲ သူမက
ဒေါသမထွက်ပါဘူး... အဲ့ဒါကြောင့်လဲ
သူများကို အထင်မသေးဘူးလေ။
တဖက်လူတွေရဲ့ အဆင့်က
နိမ့်လွန်းတော့ သူမကို နားလည်ဖို့

မဖြစ်နိုင်ဘူးလို့ပဲ သူမက
ယူဆထားတာပါ။

ဘာနဲ့ တူသလဲဆိုတော့ လူတွေဟာ
မြွေတို့.. ပိုးမွှားတို့.. ကြွက်တို့..
ပုရွက်ဆိတ်တို့.. စတဲ့ တိရိစ္ဆာန်တွေရဲ့
ရန်စခြင်းကို ခံရတဲ့ အခါမှာ ဂရုမစိုက်
သလိုပါပဲ... ဒါကိုမာနလို့ ခေါ်မှာလား?
နိုးပါ... အားလုံးကဒါဟာ သဘာဝပဲလို့
ထင်ကြမှာပဲလေ... ယန့်မင်းရွှဲ့ရဲ့
စိတ်သဘောကလဲ အဲ့ဒီအတိုင်းပါပဲ။

ခဏာနေက စကားစမြည်
ပြောတုန်းကလိုပဲ… ချီသာဝက အဆင့်
၁ သာရှိတဲ့ ရှောင်ယန်လေးကို
ဆက်ဆံတဲ့အခါမှာရော… သူမက
ထွင်းဖောက်ပြီး မမြင်နိုင်တဲ့
လင်းဖုန်းကို ဆက်ဆံတဲ့အခါမှာပါ…
သူမရဲ့ အမူအရာဟာ တသမတ်ထဲပဲ
တည်ငြိမ်နေတာပါ…
ကောင်းကင်ဘုံက မစခြင်းကို
ခံထားရတဲ့ ကမ္ဘာ့နံပါတ်တစ်
ဂိုဏ်းသူတစ်ယောက် အနေနဲ့ရော…
တစ်ချိန်က လွတ်လပ်စွာ
ကမ္ဘာပတ်နေခဲံတဲ့ လူတစ်ယောက်
အနေနဲ့ပါ… မတူခဲ့ပါဘူး။

ဒါပေမဲ့လည်း အခုအချိန်မှာတော့
သူမဟာ ဘာကိုမှ
တွက်မနေတော့ပါဘူး… လင်းဖုန်းရဲ့
ရင်ဘတ် အဆုံးထဲအထိ
စကားတစ်ခွန်းနဲ့ပဲ
ထိုးဖောက်လိုက်ပါပြီ…
တိုက်ရိုက်တဲ့တိုးပါပဲ။

အံဩကာ တုန်လှုပ်နေပေမယ့်
လင်းဖုန်းရဲ့ စိတ်ထဲမှာတော့
တစ်ချိန်ထဲမှာပဲ စိတ်လှုပ်ရှား
နေခဲ့ပါတယ်။ ယန့်မင်းရွှဲ့ရဲ့ အမူအယာ

ပြောင်းလဲသွားတာဟာ သူမရဲ့ မာနကို ဘေးချလိုက်ပြီး လင်းဖုန်းကို သူမနဲ့ တန်းတူ အနေအထားမျိုး ထားလိုက်တာပဲလေ။

"အင်း… ဒီလိုမျိုး ကြုံရလေလေ… ငါကပိုပြီးတော့ တည်ငြိမ်ဖို့ လိုလေလေပဲဟ…" လင်းဖုန်းက သူ့ရဲ့စိတ်ကို ကြိုးစားပြီးတော့ တည်ငြိမ်အောင် ထားလိုက်ပါတယ်… ရိုးရိုးသာ ပြန်ပြောလိုက်ပါပြီ… "အာ… ကျွန်တော်ဟာ တောင်ကြားထဲက သာမာန်လူ တစ်ယောက်သာ

ဖြစ်ပါတယ်... ဟင်းလင်းပြင်
ဘုရားကျောင်းနဲ့တော့ ယှဥ်လို့
ဘယ်ရပါ့မလဲ။ အင်း... ကျွန်တော့်ရဲ့
ဆက်ခံသူတွေကို ရှာရတာ
အတော့်ကိုပဲ ခက်ခဲတာဗျ..."

"ဒါကြောင့် အစ်မကာသာ ခြေတစ်လှမ်း
နောက်ဆုတ်လိုက်မယ် ဆိုရင်တော့
ကျွန်တော်က အရမ်းကိုပဲ
ကျေးဇူးတင်မိမှာပဲဗျာ..."

တခြားဖက်ကလည်း
ရှင်းရှင်းလင်းလင်း လုပ်လာမှတော့

လင်းဖုန်းကလဲ ဘာကိုမှ
အားနာနေစရာ မလိုတော့ဘူးလေ။

တစ်ခုပဲ ရှိတာပါ… သူဟာ
ဟင်းလင်းပြင် ဘုရားကျောင်းကို
ချီးမွမ်းနေခဲ့ပေမယ့် လင်းဖုန်းရဲ့
လေသံဟာ သဘာဝအတိုင်းပဲ
တည်ငြိမ်နေခဲ့ပါတယ်… နှစ်ဦး
နှစ်ဘက်စလုံးဟာ အဆင့်တူပုံစံ
လိုမျိုးပါ။

သူက ဒီလိုမျိုး လုပ်လေလေ
ယန်မင်းရွှဲ့က သူကို ခန့်မှန်းရတာ

ခက်လေလေပါပဲ။ အနည်းငယ်
တွေးတောလိုက်အပြီး
နောက်ဆုံးမှာတော့ ယန်မင်းရွဲ့ဟာ
သူ့ကိုလိုက်လျှောဖို့
ဆုံးဖြတ်လိုက်ပါပြီ… မှော်စွမ်းအင်နဲ့
အသံမလွှင့်တော့ပဲ ပါးစပ်ကိုဟကာ
ပြောလိုက်ပြီလေ… "အင်း…
ဒီလိုဆိုရင်တော့ ရှင့်ရဲ့
ဝိညာဉ်တည်ငြိမ် မြက်ပင်အတွက်
ကျေးဇူးတင်ပါတယ်ရှင်…"

လင်းဖုန်းကလဲ ပြုံးလိုက်ပြီးတော့
ခေါင်းကို ညိတ်လိုက်ပါတယ်…

ပြီးတော့မှ သူ့ရဲ့ဘေးက
ရှောင်ယန်လေးကို
ကြည့်လိုက်တယ်လေ။

ရှောင်ယန်ဟာ ဒီအချိန်မှာတော့
တည်ငြိမ်လို့ လာခဲ့ပါပြီ…
ယန့်မင်းရွှဲ့ကို ကြည့်နေတဲ့ သူ့ရဲ့
အကြည့်တွေကလဲ အလွန်အမင်းကိုမှပဲ
ရှုပ်ထွေးကာ နေခဲ့တယ်လေ။

ယန့်မင်းရွှဲ့ကလဲ ရှောင်ယန်ရဲ့
လက်ထဲက ဒုတိယ လက်စွပ်လေးကို
စိုက်ကြည့်လိုက်တယ်…

သာသာလေးပဲ ပြောလိုက်ပါပြီ…
"အင်း… အစ်မထားထားတဲ့
ဒီကောင်းကင်လှောင်အိမ်
မှော်အင်းကွက်က အခုအချိန်မှာ
တော်တော်လေးကို
အားနည်းနေပြီကွယ့်… ဒီတောက်တီရဲ့
ကျန်နေသေးတဲ့ စိတ်ဝိညာဉ်ဟာ
အချိန်မရွေးပဲ နိုးထလာနိုင်တယ်။
မောင်လေးက ဒီလက်စွပ်ကို
ဆက်ပြီးတော့ သယ်မသွားတော့ရင်
ကောင်းမယ်ကွယ့်…"

ပြောရင်းနဲ့ပဲ သူမဟာ လင်းဖုန်းကို
အခိပ္ပာယ်ပါပါနဲ့ပဲ
စိုက်ကြည့်လိုက်ပါတယ်။

လင်းဖုန်းကလဲ သူမဟာသူ့ကို
ဒီတောက်တီရဲ့ လက်ကျန်
စိတ်ဝိညာဥ်ကို
တာဝန်ယူစေချင်နေတယ် ဆိုတာကို
သဘောပေါက်လိုက်ပါပြီ။ ဒီလိုဆိုရင်
ရှောင်ယန်လေးဟာ
သူ့ကိုကျေးဇူးတင်ပြီးတော့ သူ့ကို
တပည့်အဖြစ် သိမ်းသွင်းဖို့ကလဲ
ပိုပြီးတော့ လွယ်ကူသွားမှာပါ။

ဒါပေမဲ့လည်း တခြားရှုထောင့်ကနေ
ကြည့်လိုက်ရင် ဒါဟာ ယန့်မင်းရွဲ့က
သူ့ကိုစစ်တဲ့ နောက်ထပ်
စာမေးပွဲတစ်ခု မဟုတ်ဘူးလား?

လင်းဖုန်းကတော့ သူ့ရင်ထဲကပဲ
ကျိတ်ပြီးတော့
မေတ္တာပို့သလိုက်တယ်လေ…
ဒီမိန်းမဟာ တကယ်တော့
ပျော့ပျော့လေးနဲ့ နံတဲ့ကြောင်ချီးပဲ။
ဒါပေမဲ့လည်း တကယ်လို့ သူကသာ
ဒီတောက်တီးရဲ့ လက်ကျန်

စိတ်ဝိညာဉ်ကို ချောချောမောမောနဲ့
ကောင်းကောင်းရှင်းလင်း ပေးနိုင်ခဲ့ရင်
သူ့ရဲ့စွမ်းအားကို ရှောင်ယန်ရှေ့မှာ
ပြသနိုင်မှာ ဖြစ်ပြီး သူ့ကို
သူ့ရဲ့တပည့်အဖြစ်
ဆွဲဆောင်နိုင်မှာလေ။

အရာအားလုံးဟာ လင်းဖုန်းရဲ့ စွမ်း
ဆောင်ရည် အပေါ်မှာမှာပဲ
မူတည်နေပါတယ်။ တကယ်လို့များ
သူကသာ တကယ်တော်ခဲ့ရင်
ကောင်းကျိုးသာရှိပြီး
ဆိုးကျိုးမရှိနိုင်ပါဘူး...

ယန့်မင်းရွဲ့ဟာလည်း သူ့ကို
အကြီးအကျယ် အကူအညီ
ပေးသလိုမျိုး ဖြစ်သွားမှာပါ။

တကယ်လို့သာ သူ့ရဲ့ စွမ်း
ဆောင်ရည်ဟာ ညံ့ခဲ့ရင်တော့
သူကလိမ်ညာ
ဟန်ဆောင်နေတာတွေဟာ အကုန်
ပေါ်သွားမှာလေ... ဘာစကားမှ
ပြောစရာ ထပ်ရှိတော့မှာ
မဟုတ်ပါဘူး။

ယန့်မင်းရွဲ့ကလဲ လင်းဖုန်းကို
ကျိတ်ပြုံးလေးပြုံးကာ
စိုက်ကြည့်နေလိုက်ပါပြီ... ခပ်ဆိုးဆိုး
ကောင်မလေးရဲ့ အငွေ့အသက်မျိုးကို
အံ့သြစွာနဲ့ပဲ တွေ့လိုက်ရပါတယ်...
လင်းဖုန်းကို ခေါင်းအကြီးကြီး
ကိုက်စေခဲ့ပြီလေ။

"ဟွန့်... လုံရဲ့နဲ့ အမွေးအတောင်
တူတဲ့ငှက်မျိုးပဲ... တစ်ယောက်မှ
ငှက်ကောင်းထဲမှာ မပါဘူး။
နှစ်ယောက်စလုံးကို လေးဂွနဲ့
ပစ်ဖို့ပဲကောင်းတယ်။ ဘာဖြစ်လို့များ

မင်းတို့နှစ်ယောက်စလုံး တစ်ခါထဲနဲ့
မာလကီးယား မသွားတာကြလဲကွာ...
ကမ္ဘာကြီး အပေါ်မှာ ကပ်ဆိုးနှစ်ပါး
လျော့သွားတာပေါ့!"

လင်းဖုန်းဟာ စိတ်ထဲမှာတော့
မေတ္တာအကြီးအကျယ်
ပို့သနေခဲ့ပါတယ်... ဒါပေမဲ့လည်း
အပြင်ပိုင်းမှာတော့ သူ့ရဲ့ပုံစံဟာ
မဟာ့မဟာ သိုင်းဆရာ ပုံစံမျိုးပါပဲ...
ပြုံးပြုံးလေးနဲ့ပဲ ပြောလိုက်တယ်လေ...
" ဟဲဟဲ... ဒါလောက်ကတော့
အသေးအမွှားလေးပါ...

စာမဖွဲ့လောက်ပါဘူး...
ကျုပ်ရဲ့တာဝန်သာ
ထားလိုက်စမ်းပါ..."

စကားပြောနေရင်းနဲ့ပဲ လင်းဖုန်းဟာ
အလေးအနက်မထားတဲ့ ပုံစံမျိုးနဲ့
ရှောင်ယန်ရဲ့ လက်ထဲက
လက်စွပ်လေးကို လှမ်းယူလိုက်ပါပြီ။

ဒီလိုမျိုး အခြေအနေမျိုးနဲ့
ကြုံရလေလေ ပိုပြီးတော့
ဟန်ဆောင်ကောင်းရလေလေပါ။ သူ့ရဲ့

သရုပ်အမှန် ပေါ်သွားလို့
လုံးဝမဖြစ်ပါဘူး။

လင်းဖုန်းက လက်စွပ်လေးကို
ယူလိုက်ပြီး သူ့ရဲ့ မှော်စွမ်းအင်တွေနဲ့
စစ်ဆေးကြည့်လိုက်ပါပြီ… သူ့ရဲ့
အသိစိတ်ဟာ ချက်ချင်းပဲ
သီးသန့်လေဟာနယ် တစ်ခုရဲ့ အထဲကို
ရောက်သွားခဲ့ပါတယ်။

မှောင်မိုက်နေတဲ့ အာကာသထဲမှာ
ဖရိုဖရဲဖြစ်နေတဲ့ အလင်းတန်းတွေဟာ
လှောင်ချိုင့် အကြီးကြီးပုံစံကို

ဖန်တီးထားပါတယ်။
လှောင်အိမ်ကြီးထဲမှာတော့
ခက်ထန်တဲ့ မိစ္ဆာသားရဲ
တစ်ကောင်ဟာ ကြမ်းကြုတ်စွာ
ဟိန်းဟောက်နေလေရဲ့။

ဒီမိစ္ဆာသားရဲရဲ့ ပုံစံဟာ လူမျက်နှာနဲ့
ဆိတ်တစ်ကောင် ပုံပါပဲ… သူ့ရဲ့
မျက်စိတွေဟာ မျက်တွင်းတွေရဲ့
အောက်မှာပါ.. သူဟာ လူရဲ့လက်နဲ့
ကျားရဲ့သွားမျိုးကို
ပိုင်ဆိုင်ထားပါတယ်။ သူ့ရဲ့
အသံကတော့ ကလေးငယ်လေးရဲ့

အသံနဲ့တူပြီးတော့… ဒီအလင်းတန်း
လှောင်အိမ်ကို တရစပ်
ထိုးနှက်နေခဲ့တယ်လေ။ ဒါကတော့
ဒဏ္ဍာရီလာ မဟာရှေးဟောင်း
သားရဲလေးကောင်ထဲမှာ တစ်ကောင်
အပါအဝင်ဖြစ်တဲ့ တောက်တီရဲ့ပုံပါပဲ။

ဒီအချိန်မှာတော့ အလင်းတန်းတွေဟာ
အတော်ကိုပဲ ပါးလွှာလို့ နေခဲ့ပါပြီ…
တောက်တီကြီးနဲ့ ယှဉ်လိုက်ရင်တော့
လက်သန်းအရွယ် ကြိုးလုံးလေးနဲ့
ဆင်တစ်ကောင်ကို
ချည်ထားသလိုပါပဲလေ။

တကယ်လို့သာ ဒီတောက်တီကြီးဟာ
လှောင်အိမ်လေးကို ဆောင့်လိုက်တဲ့
အချိန်တိုင်းမှာ အလင်းတန်းတွေထဲက
ထူးဆန်းတဲ့ အလင်းရောင်လေးကသာ
ထွက်ပေါ်ကာ မလာခဲ့ရင်တော့
ဒီအလင်းတန်းတွေဟာ
ပေါက်ပြဲသွားခဲ့တာ ကြာနေခဲ့ပြီပဲ
ဖြစ်ပါတော့တယ်။

ကြည့်လိုက်ရုံနဲ့ပဲ လင်းဖုန်းဟာ သူ့ရဲ့
တစ်ကိုယ်လုံးက သွေးတွေဟာ
ခဲသွားသလိုမျိုးကို

ခံစားလိုက်ရတယ်လေ။ ဒါဟာ
တကယ့် တောက်တီအစစ်မဟုတ်ပဲ
လက်ကျန် စိတ်ဝိညာဥ်လေးသာ
ဆိုပေမယ့်... သူ့ရဲ့စွမ်းအားဟာ
အနည်းဆုံးတော့ အခြေခံအုတ်မြစ်
အဆင့်မှာရှိပြီးတော့ အရာအားလုံးကို
ဝါးမျိုနိုင်တာလေ… သူဟာ
သာမာန်လူသား အခြေခံ
အုတ်မြစ်အဆင့်ထက်
အပုံကြီးသာပါတယ်။

ဒဏ်ရာအကြီးအကျယ်
ရပြီးနောက်မှာတော့ ယန်မင်းရွဲ့ရဲ့

အဆင့်ဟာလည်း အခြေခံအုတ်မြစ်
အဆင့်မှာပဲ ရှိနေခဲ့တယ်လေ။
ဟင်းလင်းပြင် ဘုရားကျောင်းရဲ့
လျို့ဝှက် နည်းစနစ်ဖြစ်တဲ့
ကောင်းကင်လှောင်အိမ်
မှော်အင်းကွက်ကြောင့်သာ
မဟုတ်ရင်... ဒီလိုမျိုး
ရက်စက်ကြမ်းကြုတ်တဲ့ သားရဲမျိုးကို
သူမက ထိန်းချုပ်ဟန့်တား ထားနိုင်မှာ
မဟုတ်ပါဘူး။

အရင်တုန်းက ရှောင်ယန်လေး
ချီသာဝက မဟာစက်ဝိုင်း ပြည့်စုံခြင်း

အဆင့် ၁၂ မှာ ရှိနေတုန်းက… သူဟာ အသုံးမကျတဲ့ အရှုံးသမားအဖြစ် ဒီတောက်တီရဲ့ စုပ်ယူခြင်းကို ခံလိုက်ရတာလေ။

လင်းဖုန်းရဲ့ လက်ရှိအဆင့်ဟာ ချီသာဝက အဆင့် ၇ သာ ရှိသေးတာပါ… ဒီလိုမျိုး ခက်ထန်တဲ့ သားရဲမျိုးကို ရင်ဆိုင်ရတယ်ဆိုတာက နည်းနည်းနောနော မဟုတ်ပါဘူး။

အော်ဟစ်ရုန်းကန် ဟိန်းဟောက်နေတဲ့ တောက်တီကြီးကို

အာရုံမထားတော့ပဲနဲ့… လင်းဖုန်းဟာ
သူ့ရဲ့အာရုံတွေ အားလုံးကို
အလင်းတန်းတွေနဲ့ ဖွဲ့စည်းထားတဲ့
ကောင်းကင်လှောင်အိမ်
မှော်အင်းကွက်ဆီကို ပို့လိုက်ပါပြီ။
ဒီကောင်ကြီးကို ထိန်းချုပ်နိုင်ဖို့ဆိုရင်
သူက ဒီကောင်းကင်လှောင်အိမ်
မှော်အင်းကွက်ကိုပဲ အားကိုးရမှာလေ။

ဒီတောက်တီကြီးက
တစ်ချက်ဝင်ဆောင့်လိုက်တိုင်း
ဒီအလင်းတန်းတွေဟာ
တစ်ချက်ပါးလာပါတယ်…

ဒီကောင်းကင်လှောင်အိမ်
မှော်အင်းကွက်ကို ဖွဲ့စည်းထားတဲ့
မှော်စွမ်းအင်တွေဟာလည်း
နည်းနည်းချင်းဆီ ကုန်ဆုံးကာ
လာခဲ့ပါတယ်။

ယန့်မင်းရွဲ့က ပထမဆုံး
ဒီကောင်းကင်လှောင်အိမ်
မှော်အင်းကွက်ကို
စတင်တည်ဆောက်တုန်းက
ဒီအလင်းတန်းတွေဟာ အထူကြီးပါ။
သုံးနှစ်လောက် ကြာပြီးနောက်မှာတော့

လက်ရှိ အခြေအနေမျိုးကို ရောက်လို့ နေခဲ့ပါပြီ။

ဒါကို နားလည်လိုက်တော့ လင်းဖုန်းဟာ အကြံတစ်ချက် ရလာပါတယ်။ သူဟာ သူ့ရဲ့ကိုယ်ပိုင် မှော်စွမ်းအင်တွေကို ဒီအလင်းတန်း လှောင်အိမ်ရဲ့ အထဲကို ထည့်သွင်းကာ လှောင်အိမ်လေးကို အားပြန်ဖြည့်ဖို့ ကြိုးစားလိုက်တယ်လေ။

ဒါပေမဲ့ ဒါကလဲ လွယ်ကူတဲ့ ကိစ္စမျိုးတော့ မဟုတ်ပါဘူး။

ဟင်းလင်းပြင် ဘုရားကျောင်းရဲ့
ကိုယ်ပိုင်မှော်ကျိန်စာ ဖြစ်တာနဲ့အညီ…
ဒီကောင်းကင်လှော်င်အိမ်
မှော်အင်းကွက်ရဲ့ ပုံစံဟာ ရိုးရိုးလေးလို့
ထင်ရပေမယ်… တကယ်တမ်းမှာတော့
အတွင်းက မှော်စွမ်းအင်တွေရဲ့
လုပ်ဆောင်ပုံတွေဟာ
ထင်သလောက်တော့ မရိုးစင်းလှပါဘူး။

မှော်အင်းကွက် သင်္ကေတပေါင်း
များစွာတို့ဟာ လွန်စွာ
ဆန်းပြားရှုပ်ထွေးတဲ့ စက်ကြီးလိုမျိုး

အားလုံး အတူတကွ ပူးပေါင်းပြီးတော့
လုပ်ဆောင်နေကြပါတယ်။

လင်းဖုန်းလေးဟာ သူ့ရဲ့
မှော်စွမ်းအင်ကို အထဲကို
ထည့်လိုက်ပြီးတဲ့ အချိန်မှာပဲ…
သိုးတစ်အုပ်စုထဲကို
နွားရိုင်းတစ်ကောင်က
ပြေးဝင်သွားရသလိုမျိုးကို
ခံစားလိုက်ရပါပြီ။ အားပြန်မပြည့်
လာရုံတင်မကပဲ နဂိုမူလ
လုပ်ဆောင်ချက်တွေတောင်
ပျက်ပြားသွားတော့မလိုပါပဲ။

လင်းဖုန်းဟာ ထပ်ပြီးတော့ အရဲစွန့်ကာ မစွန့်စားရဲတော့ပါဘူး… မှော်စွမ်းအင် အနည်းငယ်ကိုသာ ထည့်သွင်းပြီး စိတ်ရှည်စွာနဲ့ပဲ ဒီမှော်အင်းကွက်ရဲ့ အလုပ်လုပ်ပုံတွေကို အေးအေးဆေးဆေးနဲ့ပဲ လေ့လာလိုက်တယ်လေ။

ဒါပေမဲ့လည်း သူ့ရဲ့ပုံစံဟာ မျက်မမြင် ခြောက်ယောက်က ဆင်တစ်ကောင်ရဲ့ ပုံစံကို စမ်းသပ်နေသလိုပါပဲ… သူ့ရဲ့

လေ့လာနိုင်စွမ်းဟာ အမတန်ကိုမှပဲ
နှေးကွေးလှပါတယ်။

လင်းဖုန်းက အခု
လောလောဆယ်မှာတော့ ဘာကိုမှ
ရွေးချယ်စရာ မရှိတော့ပါဘူး…
ချောင်ထဲမှာ ပိတ်ရိုက်တာကို
ခံနေရပြီလေ… အောင်ကိုအောင်မြင်မှ
ရတော့မှာပါ။

ကောင်းကင်လှောင်အိမ်
မှော်အင်းကွက်ကို လျှို့ဝှက်စွာ
ကြိုးစားနေရင်းမှာပဲ…

အပြင်ပိုင်းမှာတော့ လင်းဖုန်းဟာ
ကျော့ကျော့မော့မော့ ပုံစံမျိုးနဲ့ပဲ
ရှောင်ယန်လေးကို တည်ငြိမ်စွာနဲ့ပဲ
မေးလိုက်တယ်လေ… "ကဲ…
မင်းကမင်းရဲ့ ဇနီးလောင်းလေးနဲ့
သုံးနှစ် ချိန်းထားတယ်မို့လား…
အခုမှာက ဘာတွေများ
ကြံစည်ထားသလဲကွာ?"

တချို့အရာတွေဟာ ဆုံးရှုံးသွားမှပဲ
သူတို့ရဲ့ တန်ဖိုးကို
နားလည်နိုင်တာလေ…
ဆုံးရှုံးသွားတာကို ပြန်လည်ရယူပြီးမှပဲ

ကောင်းကောင်းကြီးကို
တန်ဖိုးထားရမှန်း သိကြတာပါ။

ရှောင်ယန်လေးကလဲ ဒီလိုပဲပေါ့…
သူ့ရဲ့ ခန္ဓာကိုယ်ဟာ ဘာလို့
ပြောင်းလဲသွားသလဲ ဆိုတာကို
သိရပြီးတဲ့နောက်မှာ သူဟာ
ယုံကြည်ချက်တွေ ပြန်လည်လို့
ရှင်သန်ကာ လာခဲ့ပြီလေ။
ဒီလက်စွပ်နှစ်ကွင်းကို
စွန့်လွှတ်လိုက်ပြီးနောက်မှာတော့ သူ့ရဲ့
ကိုယ်ပိုင် အရည်အသွေးတွေဟာ
နဂိုအတိုင်း ပြန်ဖြစ်သွားခဲ့ပါပြီ။

တစ်ခုပဲ ရှိတာပါ... ဇနီးလောင်းဆိုတဲ့ စကားကို ကြားရပြီးတော့... ဒီကိစ္စကိုပြန်ပြီး စဥ်းစားမိတာနဲ့... ရှောင်ယန်ရဲ့ အမူအရာဟာ ပြန်ပြီးတော့ ပြောင်းသွားခဲ့တယ်လေ။

သူက အသက်ပြင်းပြင်း တစ်ချက်ကို ရှူပြီးတော့ ပြန်ပြောလိုက်ပါတယ်... "အင်း... ကျွန်တော်ကတော့ အတတ်နိုင်ဆုံး ကြိုးစားပြီး ကျွန်တော် ဆုံးရှုံးခဲ့ရတာတွေ အကုန်လုံးကို

ပြန်ပြီးတော့မှ ယူနိုင်အောင်လို့
လုပ်ရမှာပဲဗျ..."

လင်းဖုန်းက ဖွဖွလေးပဲ
ပြုံးလိုက်ပါတယ်... "အင်း... မင်းရဲ့
ပင်ကိုယ်စွမ်းရည်ကတော့
မဆိုးပါဘူးကွ... ဒါပေမဲ့
ဟိုကောင်မလေးကိုလဲ
လျှော့တွက်လို့တော့ မရဘူးနော်။
မင်းလေးက တိုးတက်လာတာနဲ့အမျှ
သူမကလဲ တိုးတက်လာမှာပဲ... ဒါပေမဲ့
သူမရဲ့ တာထွက်က မင်းထက်ကို
အများကြီး စောတယ်ဟ..."

"တကယ်လို့များ မင်းဟာ
အရင်ကလိုမျိုး ပါရမီရှင်လေး
ပြန်ဖြစ်သွားရင်တောင်မှပဲ… မင်းရဲ့
ပင်ကိုယ်ကျင့်ကြံမှု အမြန်နှုန်းနဲ့ သူမကို
သုံးနှစ်အတွင်းမှာ လိုက်မီမယ်လို့
ယုံကြည်ချက်မျိုး ရှိသလားကွ?"
လင်းဖုန်း ရဲ့အပြုံးဟာ နားလည်ရန်
ခက်ခဲလို့ လာခဲ့တယ်လေ… "အင်း…
သူမရဲ့ အနောက်မှာ
အလင်းခေါးမြန်ဂိုဏ်း ရှိတာကို
ထည့်မတွက်ရင်တောင်မှပဲ… သူမရဲ့
ကျင့်ကြံမှု အထောက်အကူပြု

ပစ္စည်းတွေဟာ မင်းထက်ကို
အများကြီး ပိုများတယ်ကွာ..."

ရှောင်ယန်က ဆတ်ကနဲ
လှုပ်သွားခဲ့ပါတယ်... လင်းဖုန်းကို
ဖျတ်ကနဲပဲ တစ်ချက်
ကြည့်လိုက်တယ်လေ... ပြီးတော့မှ
မသိစိတ်ထဲကနေပဲ ယန့်မင်းရွှဲ့ဆီကို
လှမ်းကြည့်လိုက်ပါပြီ။

ယန့်မင်းရွှဲ့က ယွဲ့ယွဲ့လေးပဲ
ပြုံးလိုက်ပါတယ်... "အင်း... အပြင်လူ
တစ်ယောက်အနေနဲ့ အစ်မဟာ

မောင်လေးနဲ့ မုယ့ုံမိန်းကလေးတို့ရဲ့
အကြားက အာဃာတ အကြောင်းကို
ဝင်မစွက်ချင်ပါဘူး... ဒါပေမဲ့လည်း
မောင်လေးရဲ့ ကိုယ်ခန္ဓာ
ပြောင်းလဲချက်က  အစ်မရဲ့ အပြစ်လဲ
မကင်းဘူးလေ။ ဒါကြောင့်မို့လဲ
အစ်မဟာ တောင်းပန်တဲ့ အနေနဲ့
ဟင်းလင်းပြင် ဘုရားကျောင်းက
မှော်ကျိန်စာတစ်ခုနဲ့
လျှော်ကြေးပေးလိုက်ပါမယ်...
အစ်မကို ခွင့်လွှတ်ပေးနိုင်ဖို့ကို
မျှော်လင့်ပါတယ်..."

ဘေားကနေ နားထောင်နေရင်းကပဲ
လင်းဖုန်းဟာ ရင်ထဲကနေ
အော်လိုက်ပါပြီ... "ဟာ...
ကောင်းလေစွ!" ဒီဆော်ကြီးက
ကလိန်ကကျစ် ကျပေမယ့်
စိတ်ရင်းကတော့ ကောင်းသားပဲဟ။

ရှောင်ယန်လေးကလဲ အလွန်ကိုမှ
ပျော်သွားခဲ့ပါတယ်... ယန့်မင်းရွှဲ့က
သူ့ကိုသင်ပေးမယ့် မှော်ကျိန်စာဟာ
အချဉ်မဟုတ်တာတော့
သေချာနေတယ်လေ... ဒါပေမဲ့လည်း
လျင်မြန်စွာနဲ့ပဲ သူ့ရဲ့

စိတ်အနေအထားက အောက်ကို ပြန်ကျသွားခဲ့ပါပြီ။ ဒီမှော်ကျိန်စာနဲ့ တောင်မှပဲ သူဟာ မုယံ့ယန်ရန်ကို သုံးနှစ်အကြာမှာ အနိုင်တိုက်နိုင်ပြီး ဒီနေ့ရဲ့ အရှက်တကွဲ ဖြစ်ရခြင်းကို အောင်မြင်စွာနဲ့ လက်စားချေနိုင်ဖို့ ဆိုတာက သေချာပါ့မလား?

သူဟာ သူ့ရဲ့အကြောင်းသူ ကောင်းကောင်းသိပါတယ်… အတိတ်တုံးက သူဟာ ချီသာဝက မဟာစက်ဝိုင်း ပြည့်စုံခြင်း အဆင့်၁၂ ကိုရောက်ဖို့ လေးနှစ်ကျင့်ရတယ်လေ။

သုံးနှစ်ပြီးရင် သူ့ရဲ့အဆင့်က
ဘယ်လောက်အထိ မြင့်နိုင်မှာမို့လဲ?

တကယ်လို့ နှစ်ဘက်စလုံးက
အဆင့်တူနေတယ် ဆိုရင်တောင်မှပဲ…
အခု သူလေ့ကျင့်နေတဲ့
ရှောင်မိသားစုရဲ့
တာအိုနည်းစနစ်တွေဟာ
တတိယအဆင့်ပဲ ရှိတာလေ…
မုယုံယန်ရန်ကတော့
အလင်းခားမြန်ဂိုဏ်းရဲ့
လက်ရင်းတပည့် ဖြစ်တာဆိုတော့…
သူမ လေ့ကျင့်တာတွေက

အလင်းခေါ်းမြန်ဂိုဏ်းရဲ့
အကောင်းတကာ့ အကောင်းဆုံးသော
တာအို နည်းစနစ်တွေ..
အကောင်းဆုံးသော မှော်ကျိန်စာတွေနဲ့
စွမ်းရည်တွေပါ... သူမသောက်ဖို့ရာက
တောင်လိုပုံနေတဲ့ ဆေးလုံးတွေနဲ့
အားဆေးတွေလဲ ရှိနေတယ်လေ...
သူမရဲ့ ဆရာ ဒါမှမဟုတ် ဂိုဏ်းက
ချန်ထားခဲ့တဲ့ မှော်အိုင်တန်
တွေတောင်မှပဲ ရှိနေနိုင်ပါတယ်။

စိတ်မချမ်းမြေ့စွာနဲ့ပဲ
သက်ပြင်းတစ်ချက်ကို

ချလိုက်ပြီးနောက်မှာတော့…
ရှောင်ယန်ဟာ ဖွဖွလေး ပြုံးနေတဲ့
လင်းဖုန်းကို ကြည့်လိုက်ပါပြီ… သူ့ရဲ့
မျက်လုံးတွေကလဲ တဖြည်းဖြည်းနဲ့
တောက်ပကာ လာခဲ့ပြီလေ။

လင်းဖုန်းရဲ့ မျက်လုံးတွေဟာလည်း
အရောင်လက်ကာ လာခဲ့ပါပြီ… "ကဲ…
ဟုတ်ပြီကွ…
တပည့်ကောင်းလေးရေ…
ဆရာသခင်ရဲ့ ဂျင်းခွက်ထဲကို
အပြေးလေးသာ လာခဲ့ပါကွာ!"

## စာစဥ် ၁ : အပိုင်း ၂၀

## အပိုင်း ၂၀ : အံ့သြခြင်းပေါင်းများစွာ

လင်းဖုန်းကို ကြည့်နေရင်းနဲ့
ရှောင်ယန်လေးက ပါးစပ်ကိုဟပြီး
မေးလိုက်ပါတယ်... "ဟာ...
စီနီယာက ဒီလိုမေးတယ် ဆိုတော့...
ခင်ဗျားက ကျွန်တော့်ကို
သုံးနှစ်အပြီးမှာ မုယုံယန်ရန်ကို
အနိုင်တိုက်နိုင်အောင်
ကူညီပေးနိုင်မှာမို့လား?"

လင်းဖုန်းကလည်း အေးစက်စက်ပဲ
ပြုံးလိုက်တယ်လေ... "ဒါပေါ့ကွ....
ငါ့မှာက နည်းလမ်းရှိတာပေါ့...
ဒါပေမဲ့လည်း ရလဒ်တွေကတော့
မင်းကဘယ်လောက်အထိ
စိတ်ခတ်ကြွခိုင်သလဲ ဆိုတာနဲ့...
မင်းက ဘယ်လောက်အထိ
လုံ့လစိုက်ထုတ်နိုင်သလဲ
ဆိုတဲ့အပေါ်မှာလဲ
မူတည်နေတယ်ကွ..."

"ဆရာက တပည့်ကို သင်ရုံသာ
သင်ပေးနိုင်တာပါ... သူတို့က

ဘယ်လောက်အထိ လက်ခံနိုင်သလဲ
ဆိုတာကတော့ သူတို့တွေရဲ့
လုံ့လဝီရိယ အပေါ်မှာပဲ
မူတည်နေပါတယ်။ ဘာပဲပြောပြော
မျိုးစေ့မကောင်းတဲ့ သစ်ပင်ဟာ
ကောင်းကောင်းကြီး ရှင်သန်ဖွင့်ဖြိုးဖို့
ဆိုတာက မဖြစ်နိုင်ဘူးလေ။

ရှောင်ယန်က သူ့ရဲ့မျက်ခုံးအစုံကို
ပင့်လိုက်ပါပြီ… "စီနီယာရဲ့
မျက်လုံးထဲမှာ ကျွန်တော်ဟာ
မျိုးစေ့မကောင်းတဲ့ အပင်လား…
ဒါမှမဟုတ် စိန်ရိုင်းတုံးကြီးလား

ဆိုတာကိုတော့ ကျွန်တော်က မသိဘူး... ဒါပေမဲ့ ကျွန်တော်သိတာက ကျွန်တော့်ရဲ့ စိတ်ခါတ်တွေကတော့ ဘယ်တော့မှ ယိမ်းယိုင်သွားမှာ မဟုတ်ဘူး... အကောင်းဆုံး ဖြစ်ဖို့ကိုပဲ ကြိုးစားသွားမှာပါ..."

ဝတ်ရုံနက် လူငယ်ရဲ့ အကြည့်တွေဟာ ဆုံးဖြတ်ချက်တွေနဲ့ ခိုင်မာလို့ နေခဲ့ပါတယ်... "အင်း... ဘယ်လောက်အထိ နာကျင်တာမျိုးပဲ ဖြစ်ဖြစ် ကျွန်တော်က သည်းခံနိုင်တယ်...

ဘယ်လောက်အထိ ကြီးမားတဲ့
ဒုက္ခပဲဖြစ်ဖြစ် ကျွန်တော်က
ရင်ဆိုင်ပြီးတော့
ကျော်လွှားသွားမယ်..."

လင်းဖုန်းက ကျေနပ်စွာနဲ့
ခေါင်းကိုညိတ်လိုက်ပြီလေ... "ကဲ...
ဒီလိုဆိုရင်တော့ ငါ့ကို ဆရာအဖြစ်
အသိအမှတ်ပြုတော့လေ...
ဆရာကမင်းကို လက်ခံမှာပါကွ..."

"ဟင်... ကျွန်တော်က ခင်ဗျားကို
ဆရာတော်ရမှာလား?"

ရှောင်ယန်လေးဟာ အနည်းငယ်
တွေဝေသွားခဲ့ပါတယ်။

လင်းဖုန်းကလည်း အချက်ကျစွာနဲ့
ထောက်ပြလိုက်ပါတယ်... "အေးကွ...
ငါ့ရဲ့ သင်ပြမှုအောက်ကို
ဝင်လာတဲ့သူတိုင်းကို ငါက
ဆရာစားမချန် သင်ပေးမှာပဲ။ ငါက
နှောင်လာနောက်သားတွေကိုသာ
လိုချင်တာ... အခွင့်အရေး
သမားတွေကို မလိုချင်ဘူးကွ"

ရှောင်ယန်လေးကလဲ
အချိန်အနည်းငယ်မျှ
တွေးလိုက်ပြီးနောက်မှာ လက်ခံဖို့ကို
ပြင်ဆင်လိုက်ပါပြီ။

သူလေးတစ်ယောက်
လက်ခံတော့မှာကို ကြည့်ရင်းနဲ့ပဲ
လင်းဖုန်းရဲ့ ရင်ထဲမှာ ဆူဝေလို့
လာခဲ့ပါတယ်။ ဒါပေမဲ့လည်း
သိပ်မကြာခင်မှာပဲ အနည်းငယ်
ရင်းနှီးကျွမ်းဝင်နေတဲ့ မှော်စွမ်းအင်
လှုပ်ရှားမှုတွေဟာ ကန်ဘေးနားကို

ချဉ်းကပ်လာနေတယ် ဆိုတာကို သူက
ခံစားမိလိုက်ပြီလေ။

ခေါင်းလှည့်ပြီး ကြည့်လိုက်တော့
သေးငယ်တဲ့ ခရမ်းရောင်
ပုံရိပ်လေးဟာ အပြေးကလေး
လာနေတာကို တွေ့ခဲ့ရပါတယ်။

ယန့်မင်းရွဲ့ကလဲ တွေ့လိုက်ပါပြီ…
သူမကလဲ လင်းဖုန်းနဲ့အတူ ခရမ်းရောင်
ပုံရိပ်လေးကို ကြည့်လိုက်ပါပြီ။
ရှောင်ယန်လေးကလဲ သူတို့ရဲ့
အနောက်ကို လိုက်ကြည့်ရင်း

အနည်းငယ် မှင်သက်သွားခဲ့ပါတယ်…
"ဟာ… ကျန်းအာလေးလား?"

လင်းဖုန်းကတော့
တိတ်တိတ်ကလေးပဲ
မျက်မှောင်ကြုတ်လိုက်ပါပြီ။ ဒီလိုမျိုး
အရေးပေါ် အခြေအနေတွေမှာ
မထင်မှတ်ထားတဲ့ ပြဿနာတွေဟာ
မထင်မှတ်ပဲ ပေါ်လာမှာကို သူက
အကြောက်ဆုံးပါ။
ရှောင်ကျန်းအာလေးရဲ့ ပင်ကိုယ်
အရည်အသွေးကို သူက
တပ်မက်ပေမယ့်… သူမဟာ

ဒီအချိန်မှာ ပေါ်လာပြီး သူက ရှောင်ယန်လေးကို တပည့်အဖြစ် လက်ခံတဲ့ကိစ္စမှာ အပြောင်းအလဲတွေ ဖြစ်အောင်လုပ်မှာကို သူက လက်မခံနိုင်ပါဘူး။

"ကဲ... အခု လောလောဆယ်တော့ ငါက တခြားလူတွေနဲ့ မတွေ့ချင်သေးဘူး... သူမကို သွားနှုတ်ဆက်ပြီး သူမက ဘာလိုချင်သလဲ ဆိုတာကို ကြည့်လိုက်ကွာ... ငါက ဒီနေရာမှာပဲ မင်းကိုစောင့်နေမယ်..." လင်းဖုန်းက

ရှောင်ယန့်မငြင်းနိုင်အောင်
ပြောလိုက်ပါတယ်… သူ့ကို
ရှောင်ကျန်းအာလေးရဲ့
အနားကိုသွားပြီး ပထုတ်ဖို့ကို
အမိန့်ပေးလိုက်တယ်လေ။

ရှောင်ယန့်လေးကလဲ
လင်းဖုန်းကိုတစ်လှည့်…
ယန့်မင်းရွှဲ့ကိုတစ်လှည့်
လှမ်းကြည့်လိုက်တယ်…
နောက်ဆုံးမှာတော့ သူ့ရဲ့ခေါင်းလေးကို
ညိတ်လိုက်ပြီး ရှောင်ကျန်းအာလေးရဲ့

အနားကိုသွားကာ သူမကို
အဝေးကြီးမှာပဲ ရပ်တန့်လိုက်ပါပြီ။

လင်းဖုန်းဟာ ရှောင်ကျန်းအာလေးရဲ့
စူးစမ်းတဲ့ အကြည့်တွေကို
ခံစားမိလိုက်ပါတယ်... ဒါပေမဲ့လည်း
ရှောင်ယန်က ဘာတွေကို
အကြောင်းပြလိုက်လဲ မသိပါဘူး...
သူနဲ့သူမ နှစ်ယောက်သားဟာ
အဝေးတစ်နေရာကို
လမ်းလျှောက်ထွက်ကာ
သွားကြပါတော့တယ်။

ယန့်မင်းရွဲ့ကလဲ
ရှောင်ကျန်းအာလေးရဲ့နောက်ကျောကို
စိုက်ကြည့်လို့ နေခဲ့ပါတယ်... သူမရဲ့
အကြည့်တွေဟာ အလင်းရောင်တွေ
ဖြာထွက်လို့ နေခဲ့တယ်လေ... "အင်း...
ဒီကျန်းအာ မိန်းကလေးနဲ့
ရှောင်ယန်တို့ရဲ့ ဆက်ဆံရေးဟာ
အရမ်းပဲ ကောင်းမွန်တာ... ဒါဟာ
ကံအားလျော်စွာ ရလာတဲ့ နောက်ထပ်
အခွင့်အရေးတစ်ခုပဲ
မဟုတ်ဘူးလားရှင့်?"

သူမဟာ ရှောင်ယန်ရဲ့ လက်စွပ်ထဲမှာ
ခိုလှုံနေခဲ့တာ သုံးနှစ်တောင်
ရှိခဲ့ပြီလေ… ရှောင်ကျန်းအာလေးကလဲ
သာမာန်မဟုတ်ဘူး ဆိုတာကို သူမက
သိရှိထားပြီး ဖြစ်ပါလိမ့်မယ်။

"အင်း… ဒီဘဝမှာ ခင်ဗျားတွေ့တဲ့
လူတွေတိုင်းဟာလည်း အခွင့်အရေး
တစ်ရပ်ပါပဲ… သူတို့က ခင်ဗျားရဲ့
အနာဂတ်မှာ ဘယ်လိုမျိုး
အကျိုးသက်ရောက်မှုတွေ ရှိမလဲ
ဆိုတာကတော့
ပြောရခက်တယ်လေ…"

လင်းဖုန်းကလဲ သာမာန်သာ
ပြန်ဖြေလိုက်ပါတယ်။

ယန့်မင်းရွဲ့ကလဲ သူ့ကို
စိုက်ကြည့်လိုက်ကာ... "ဟင်းဟင်း...
တာအိုရောင်းရင်းလင်းရဲ့
အတွေးအမြင်တွေက ဗုဒ္ဓရဲ့
အဆုံးအမတွေနဲ့ သွားတူနေပါလား?"

လင်းဖုန်းက မယုတ်မလွန်ပဲ
ပြုံးလိုက်ပါတယ်... သူ့ရဲ့ သမာဓိတွေ
အားလုံးနီးပါးကို လက်စွပ်ထဲက
ကောင်းကင်လှောင်အိမ်

မှော်အင်းကွက်ထဲမှာပဲ
အာရုံစိုက်ထားခဲ့တယ်လေ။

သူ့ရဲ့ ကိုယ်ပိုင်မှော်စွမ်းအင်
တွေကိုသုံးပြီး ကောင်းကင်လှောင်အိမ်
မှော်အင်းကွက်ရဲ့ အခြေခံ
သဘောတရားတွေကို နားလည်ဖို့
ကြိုးစားနေခဲ့တာပါ... ဒါပေမဲ့လည်း
အနည်းငယ်သာ အောင်မြင်မှု
ရပါသေးတယ်။ ဒါကလည်းပဲ
ဖြစ်သင့်ပါတယ်လေ။ တကယ်လို့များ
အဖြေရှာလို့ ဒီလောက်တောင်မှ
လွယ်မယ်ဆိုရင်တော့...

ဒီကောင်းကင်လှောင်အိမ်
မှော်အင်းကွက်ဟာ ဟင်းလင်းပြင်
ဘုရားကျောင်းရဲ့ လျှို့ဝှက်စွမ်းရည်
ဘယ်ဟုတ်တော့ပါ့မလည်း?

ဒါပေမဲ့လည်း လင်းဖုန်းဟာ
ဒီကောင်းကင်လှောင်အိမ်
မှော်အင်းကွက်ရဲ့
သဘောတရားတွေကို နားလည်ပြီး
အဖြေရှာဖို့ အချိန်အနည်းငယ်ပဲ
ရပါတော့တယ်... တောက်တီရဲ့
လက်ကျန်စိတ်ဝိညာဉ်က

မကြာခင်မှာပဲ
ပေါ်ထွက်လာတော့မှာပါ။

အဲ့ဒီအချိန်ဆိုရင် ယန့်မင်းရွှဲ့ကတော့
နောက်ထပ်တစ်ခေါက်
ချုပ်နှောင်လိုက်ဦးမှာပါ...
ဒါပေမဲ့လည်း လင်းဖုန်းရဲ့
သရုပ်မှန်ကတော့ ဘွားဘွားကြီး
ပေါ်သွားတော့မှာလေ။ ဆရာသခင်
သူတော်စင်လိုမျိုး ဟန်ဆောင်လို့
ဘယ်ရတော့ပါ့မလဲ... သူ့ရဲ့လက်ထဲကို
ရောက်နေပြီဖြစ်တဲ့

ရှောင်ယန်လေးကိုလဲ
လက်လွှတ်လိုက်ရတော့မှာပါ။

သူတို့ စကားပြောနေစဉ်
တစ်လျှောက်လုံးမှာ
ရှောင်ပုတန်လေးဟာ
လိမ်လိမ်မာမာနဲ့ပဲ ဘေးကနေပြီး
ရပ်ကြည့်နေခဲ့တာပါ… ဒါပေမဲ့ သူဟာ
လေးနှစ်တောင် မပြည့်သေးတဲ့
ကလေးလေး ဆိုတာကိုလဲ မမေ့ပါနဲ့။
လျှင်မြန်စွာနဲ့ပဲ သူ့ရဲ့ အာရုံတွေဟာ
ကန်ရဲ့နံဘေး အနားကနေ
လှစ်ကနဲပျံသန်းသွားတဲ့

ငှက်အနီရောင်လေး
တစ်ကောင်ရဲ့အနားကို ကျရောက်လို့
သွားခဲ့တယ်လေ။

လင်းဖုန်းရဲ့ မျက်လုံးအစုံဟာ
ဂဏှာမငြိမ် ဖြစ်နေတဲ့
ရှောင်ပုတန်လေးကို
ကြည့်လိုက်ပါပြီ… ခပ်ပြတ်ပြတ်ပဲ
ပြောလိုက်ပါတယ်… "ကဲ…
ဆော့ချင်ရင်လည်း သွားဆော့ချည်…
အဝေးကြီးကိုတော့
လျှောက်မသွားနဲ့နော်…"

"အား.. ကျေးဇူးပါ ဆရာသခင်!"
ရှောင်ပုတန်လေးဟာ ပျော်ရွှင်စွာနဲ့ပဲ
အော်ဟစ်လိုက်ပါတယ်... သူ့ရဲ့
ကိုယ်လေးကို ဆန့်လိုက်ပြီး
ငှက်နီလေးရဲ့ အနောက်ကို
ပြေးလိုက်သွားပါတော့တယ်။

ယန့်မင်းရွှဲ့ကလဲ
ပျောက်ကွယ်သွားပြီဖြစ်တဲ့
ရှောင်ပုတန်လေးကို စိုက်ကြည့်ကာ
နေခဲ့ပါတယ်... အံ့အားသင့်စွာနဲ့ပဲ
အာမေဋိတ်သံ
ပြုလိုက်တယ်လေ..."ဟင်းဟင်း...

တာအိုရောင်းရင်းလင်းက
တော်တော့်ကို နောက်တတ်တာပဲ...
တပည့်ရှာရတာ မလွယ်ဘူးလို့သာ
ပြောတာ... အခု ရှင့်တပည့်လေးရဲ့
ပင်ကိုယ်စွမ်းရည်ကတော့
ရှာမှရှားပဲရှင့်..."

"ကျွန်မရဲ့ စီနီယာ
တစ်ယောက်ကလွဲရင်
ဒီလောက်အရွယ် ငယ်ငယ်လေးနဲ့
ချီသာဝက အဆင့် ၄
ရောက်နေတဲ့သူမျိုးကို တစ်ယောက်မှ
မတွေ့ဖူးသေးဘူးရှင့်"

လင်းဖုန်းကလည်း ဂရုမထားပဲ
ပြုံးလိုက်ပါတယ်… "အေးဗျ…
သူ့ရဲ့ရှေ့မှာတော့
သွားမပြောမိစေနဲ့ဗျာ…
ကလေးလေးတွေဆိုတာ အချိုးကျူး
သိပ်မခံဘူးဗျ။ နည်းနည်းပါးပါး
ဘဝင်လေး မြင့်သွားရင်
ပြန်ပြီးပုံသွင်းဖို့က ခက်သွားပြီဗျာ…"

လင်းဖုန်းဟာ စိတ်ထဲကပဲ
ကျိတ်ပြီးတော့ ရယ်နေပါတယ်။ မင်းတို့
ဟင်းလင်းပြင် ဘုရားကျောင်းက

ကျင့်ကြံမှု ပါရမီရှင်တွေနဲ့
ပြည့်နေတာဆို... ငါ့ရဲ့
ရှောင်ပုတန်လေးက ဒါတောင်မှ
ပင်ကိုယ်စွမ်းရည် အစစ်ကို
မပြရသေးဘူးဟ။

သူ့ရဲ့ ကလန်ညီအကိုရဲ့
ဒုက္ခပေးခြင်းကိုသာ မခံရရင်
ရှောင်ပုတန်လေးဟာ အခြေခံ
အုတ်မြစ်အဆင့်နဲ့ မွေးလာတဲ့သူလေ။

ဒါပေမဲ့လည်း ဟင်းလင်းပြင်
ဘုရားကျောင်းရဲ့ ပါရမီရှင်

ရေကန်ကြီးဟာ လင်းဖုန်းရဲ့
မျက်စိတွေကို နီရဲစေခဲ့ပါတယ်။

သူဟာ စနစ်ကြီးထဲက
ပင်ကိုယ်စွမ်းရည် စစ်ဆေးတဲ့
ကိရိယာကို ထုတ်လိုက်ပြီး
ယန့်မင်းရွဲ့ကို လျှို့ဝှက်စွာ
စစ်ဆေးကြည့်လိုက်တယ်လေ...
ဒါပေမဲ့လည်း စနစ်ကြီးရဲ့
သတိပေးခြင်းကိုသာ ခံလိုက်ရပါတယ်။

"ပစ်မှတ်ဟာ စံညွှန်းတွေနဲ့
ပြည့်စုံပါတယ်... ဒါပေမဲ့လည်း

သူမမှာက ဆရာရှိပြီးသား
ဖြစ်ပါတယ်… လက်ရှိ ဆရာတပည့်
ဆက်ဆံရေးကို ဖျက်သိမ်းပြီးမှသာ
သင့်ရဲ့တပည့် ဖြစ်နိုင်မှာပါ…"

လင်းဖုန်းဟာ စိတ်ထဲကနေပဲ
တွေးလိုက်ပြီလေ… "အင်း…
ကြည့်ရတာက ဆရာရှိပြီးသား
လူတွေကိုတော့ ဂျင်းထည့်လို့
မရဘူးဟ… တကယ်လို့များ
တပည့်ခိုးချင်တယ် ဆိုရင်တော့ သူ့ကို
မူလဂိုဏ်းကို သစ္စာဖောက်ဖို့

သွေးထိုးပေးရမယ်… ပြီးမှပဲ
တပည့်အဖြစ် သိမ်းသွင်းလို့ ရမှာကွ…"

ယန့်မင်းရွဲ့ကလဲ အနည်းငယ်
မျက်မှောင်ကြုတ်လိုက်ပါတယ်…
"ဟင်… ဒီငှက်လေးကို ကြည့်ရတာ
မီးလျှံငှက်ပိတုန်းနဲ့ တူပါလား…
ဒီလိုငှက်မျိုးက အမတန်မှ ရှားတာပဲ…
ကျွန်မဟာ သူတို့ကို
မီးလျှံခေးဂိုဏ်းမှာပဲ မြင်ဖူးတာလေ။
ဒီဝူကျိုးမြို့မှာ ရှိတယ်လို့ တစ်ခါမှ
မကြားဖူးဘူးရှင့်…"

လင်းဖုန်ကလဲ
ဒီကောင်းကင်လျှောင်အိမ်
မှော်အင်းကွက်နဲ့
အလုပ်ရှုပ်နေတာဆိုတော့ သာမာန်ပဲ
ပြန်ပြောလိုက်တယ်လေ... "အင်း...
တစ်ယောက်ယောက်နဲ့
ပါလာတာနေမှာ..."

စကားတစ်ဝက်မှာပဲ လင်းဖုန်းရဲ့
လေသံဟာ ရုတ်ကနဲပဲ
ပြတ်တောက်သွားခဲ့ပါပြီ။

ငါလန့်သွားပါကွာ...
မီးလျှံခေါးကိုကျော်းလားဟ!

***************

"ဟော့... ငှက်နီလေးရေ...
မပြေးနဲ့လေ!"

ရှောင်ပုတန်လေးဟာ ငှက်နီလေးကို
အနောက်ကနေ
ပြေးလိုက်နေခဲ့တယ်လေ...
တောအုပ်လေးရဲ့ အလွန်မှာ အဲ့ဒီ
ငှက်နီလေးဟာ ဝတ်ရုံနီ

လူတစ်ယောက်ရဲ့ ပုခုံးအပေါ်မှာ
နားလိုက်တာကို တွေ့လိုက်ရပါပြီ။

အဲဒီလူဟာ ဝတ်ရုံနီ လူတစ်စုရဲ့
ကြားထဲမှာ ရပ်နေခဲ့တာပါ။
လူဆယ်ယောက်ကျော်လောက်ဟာ
အတူတူစုပြီး ရပ်နေကြတယ်လေ…
သူတို့ရဲ့ မှော်စွမ်းအင်တွေဟာ
လှိုင်းထနေပြီး သူတို့ရဲ့
ပတ်ပတ်လည်ကို အလွန်အမင်း
ပူလောင်စေခဲ့ပါတယ်။ သူတို့ရဲ့
ဘေးနားမှာ ရပ်နေရတာဟာ

မီးတောင်ဝရဲ့ အနားမှာ
ရပ်နေရသလိုပါပဲ။

သူတို့ရဲ့ ကြားထဲမှာမှ လူနှစ်ယောက်ရဲ့
မှော်စွမ်းအင်ဟာ ပင်လယ်ကြီးလိုမျိုး
နက်ရှိုင်းတယ်လေ… စွမ်းအားတွေ
ကြီးမားပြီး အဆုံးအစ မရှိပါဘူး…
သူတို့တတွေဟာ အခြေခံအုတ်မြစ်
အဆင့်က ကျင့်ကြံသူတွေပဲ
ဖြစ်ကြပါတော့တယ်။

သူတို့တတွေရဲ့ရှေ့ဆုံးမှာက
ရက်စက်ခက်ထန်တဲ့ ပုံစံမျိုးနဲ့

ဆံနီအဘိုးကြီး တစ်ယောက်ပါ... သူ့ကို
ကြည့်ရတာ တည်ငြိမ်နေသလို
ထင်နေရပေမယ့် သူက
ရှောင်ပုတန်လေးကို ပေးနေတဲ့
ဖိအားဟာ ကျန်တဲ့လူတွေ
အကုန်ပေါင်းထားတာထက်ကို
ပိုပါသေးတယ်။

"အား!" ရှောင်ပုတန်လေးဟာ
အသက်ကသာ ငယ်ပေမယ့်... သူက
အရွယ်နဲ့မလိုက်အောင် ပါးနပ်ပြီး သူ့ရဲ့
မျက်လုံးတွေက စူးရှတယ်လေ။
အကြည့်တစ်ချက်နဲ့ပဲ သူဟာ

လူအုပ်ကြားထဲက ဝတ်ရုံနီ
လူငယ်လေး တစ်ယောက်ကို
မှတ်မိလိုက်ပါပြီ... သူကတော့
သူတောင်တန်းတွေရဲ့ ကြားထဲမှာ
တွေ့ခဲ့တဲ့ မီးလျှံခြား
ဂိုဏ်းသားလေးကလွဲလို့ တခြားသူ
မဟုတ်ပါဘူး။

ဒီကောင်လေးက ဆံနီအဖိုးအိုကို
ရိုသေစွာပြောလိုက်ပါတယ်...
"အကြီးအကဲလီ ခင်ဗျား...
ဒီကောင်လေးက ကျွန်တော်တွေ့ခဲ့တဲ့
ကောင်လေးပါပဲ ခင်ဗျ..."

"ဟင်း... နေရာတကာကို
ပတ်ရှာနေတာ မတွေ့ဘူးကွ...
တွေ့ချင်တော့လဲ ကိုယ့်ရဲ့အရှေ့ကို
ဆိုက်ဆိုက်မြိုက်မြိုက်
ရောက်လာတာပဲကွာ..."
ဆံနီအဖိုးအိုဟာ ရှောင်ပုတန်လေးကို
အကဲခတ်နေတယ်လေ... သူရဲ့
အကြည့်တွေထဲမှာ အလွန်တရာ
အံ့အားသင့်ခြင်းတွေကို
တွေ့နိုင်ပါတယ်... ခေါင်းကို
ဖြည်းဖြည်းချင်းပဲ ညိတ်ပြီးတော့
ပြောလိုက်ပါပြီ... "အင်း...
ကောင်းလေစွ... ကောင်းလေစွ!

အရမ်းကိုပဲ ထင်ရှားထူးချွန်တဲ့
ပင်ကိုယ်စွမ်းရည်ပဲဟေ့..."

သူဟာ ရှောင်ပုတန်လေးဆီကို
ခြေလှမ်းကျဲကြီးတွေနဲ့
လျှောက်လာလိုက်ပါတယ်...
ပွင့်ပွင့်လင်းလင်းပဲ ပြောလိုက်ပါပြီ...
"ကဲ... ချာတိတ်လေး... ငါတို့နဲ့
လိုက်ခဲ့တော့... ဒီကနေ့ကစပြီး
မင်းဟာ မီးလျှံဓားဂိုဏ်းရဲ့
ဂိုဏ်းသားတစ်ယောက်
ဖြစ်သွားပြီကွ..."

ရှောင်ပုတန်လေးဟာ
မျက်စိကလယ်ကလယ်လေး
ဖြစ်သွားခဲ့ပါတယ်… "ဒါပေမဲ့…
ဒါပေမယ့်… ဘိုးဘိုးကြီး…
ကျွန်တော့်မှာက
ဆရာရှိပြီးသားလေ…"

ဆံပင်နီတွေနဲ့ အကြီးအကဲလီဟာ
သူ့ရဲ့မျက်ခုံးတွေကို ဆတ်ကနဲ
ပင့်လိုက်ပါပြီ… "ဟ…
ချာတိတ်လေး… မင်းလေးက
ဘယ်လိုမျိုး ပြုမူရမယ် ဆိုတာကို
မသိသေးဘူးပဲ… ငါက မင်းကို

မီးလျှံဂိုဏ်းသားလို့ ပြောလိုက်ရင်
မင်းက မီးလျှံဂိုဏ်းသားပဲ
ဖြစ်ရမှာပေါ့ကွ!"

"ဘိုးဘိုးကြီး... ကျွန်...ကျွန်တော်
သွားရတော့မယ် ခင်ဗျ..."
ရှောင်ပုတန်လေးဟာ နောက်ကို
ခြေလှမ်းအနည်းငယ်
ဆုတ်လိုက်တယ်လေ... ပြီးတော့မှ
ချက်ခြင်းပဲ လှည့်ပြီးတော့
ပြေးပါတော့တယ်။

အကြီးအကဲလီက အေးစက်စက်နဲ့ပဲ
နှာတစ်ချက် မှုတ်လိုက်ပါတယ်။
သူ့ရဲ့ဘေးနားမှာ ရှိနေတဲ့
မီးလျှံခေးဂိုဏ်းက အခြေခံအုတ်မြစ်
အဆင့်က ကျင့်ကြံသူ တစ်ယောက်ဟာ
အရှေ့ကို ထွက်လာခဲ့ပါပြီ…
သူ့ရဲ့လက်ဝါးကို ဆန့်ထုတ်လိုက်ပြီး
ဖွင့်လိုက်ပြီလေ… သူ့ရဲ့
မှော်စွမ်းအင်တွေဟာ အကန့်အသတ်မဲ့
မီးလျှံတွေ အဖြစ်ကို
ပြောင်းလဲသွားခဲ့ပါတယ်…
သူ့ရဲ့အောက်က ရှောင်ပုတန်လေးကို
အဖုံးအကာကြီး တစ်ခုလိုမျိုး

တိုက်ရိုက်ဖမ်းဆီး ထိန်းသိမ်းကာ
ထားလိုက်ပါပြီ။

## စာစဥ် ၂ : အပိုင်း ၁

## အပိုင်း ၂၁ : ရွှေရောင်ဗဟိုချက်အဆင့် ကျင့်ကြံသူ နဲ့ ရန်သူဖြစ်ရခြင်း

အကန့်အသတ်မဲ့ မီးလျှံတွေဟာ
ရှောင်ပုတန်လေးရဲ့ ပတ်ဝန်းကျင်
တစ်ခုလုံးကို ပတ်ရံလွှမ်းခြုံ
ထားလိုက်ပြီး သူ့အတွက် ပြေးစရာမြေ
မရှိတော့ပါဘူး။

ရှောင်ပုတန်လေးဟာ ဒေါ်နဲ့မောနဲ့
အော်လိုက်ပါပြီ... "အား...
ခင်ဗျားကြီးတို့က လူဆိုးကြီးတွေပဲ...
ကျွန်တော်က ခင်ဗျားတို့နဲ့
မလိုက်ဘူးဗျ!"

အခြေခံ အုတ်မြစ်အဆင့် ကျင့်ကြံသူက
မျက်မှောင်ကြုတ်ပြီးတော့
ပြန်ပြောလိုက်ပါတယ်... "ဟင်း...
ဇနပုဒ် ရွာကလေးက
ကလေးရိုင်းလေးပဲ... သူ့အတွက်က
ဘာကောင်းသလဲ ဆိုတာကို

မသိဘူးဟ။ ငါတို့က
မီးလျှံခြားဂိုဏ်းကလေ... သူ့က
တပည့်တော်ရတာ သူ့အတွက်တော့
ကံကောင်းတဲ့ဟာကို လာပြီးတော့
ဦးနှောက်စားနေတယ်...
တော်တော်ကိုပဲ စိတ်တိုစရာ
ကောင်းတာပဲကွာ..."

"ကဲ... ကျန်းနန်... မင်းကသူ့ကို
သင်ခန်းစာလေး ဘာလေး
နည်းနည်းပါးပါး ပေးလိုက်ပါဦးကွာ...
နို့မဟုတ်ရင် ဂိုဏ်းကိုပြန်ရောက်တဲ့
အချိန်အထိ ဒီလိုမျိုး

ဇီဇာကြောင်နေဦးမယ် ဆိုရင်တော့
ငါတို့က မျက်နှာပျက်ရလိမ့်မယ်ကွ..."

ရှောင်ပုတန်လေးနဲ့ စတွေ့ခဲ့တဲ့
ကျန်းနန်ဆိုတဲ့ ဝတ်ရုံနီ ငနဲဟာ
ခေါင်းကိုညိတ်လိုက်ပြီး မီးလျှံ
အတားအဆီးနားကို လျှောက်လှမ်းကာ
လာခဲ့လိုက်ပါပြီ။

ရှောင်ပုတန်လေးကို ကြည့်ပြီးတော့
ကျန်းနန်က ရင်ထဲကနေ
အေးစက်စက်နဲ့ပဲ ရယ်နေခဲ့ပါပြီ...
"ဟဲဟဲ... ငချွတ်လေး...

နောက်ဆုံးတော့လဲ မင်းက
ငါ့လက်ထဲက မလွတ်ပါဘူးကွာ..."
တောင်တန်းတွေထဲမှာ
စတွေ့ကတည်းက နှပ်ချခြင်းကို
ခံလိုက်ရတာမို့ သူက အခုအချိန်အထိ
အစာမကြေသေးပါဘူး။

အခုလဲ အကြီးအကဲလီဟာ
ရှောင်ပုတန်လေးကို တွေ့တွေ့ချင်းပဲ
သူ့ရဲ့ တပည့်အဖြစ်
လက်ခံလိုက်တာကို
ကြည့်လိုက်ပြီးတော့ ကျန်းနန်ရဲ့
ရင်ထဲမှာက ပိုပိုပြီးတော့

စိတ်မသက်မသာ ဖြစ်လာခဲ့ပါတယ်။
အတိတ်တုန်းက သူ့ရဲ့
ဇာတိမြို့လေးမှာတော့ သူက
နာမည်ကြီး ပါရမီရှင်လေး
တစ်ယောက်ပါ... ဒါပေမဲ့လည်း
မီးလျှံခြားဂိုဏ်းထဲကို
ဝင်နိုင်ဖို့အတွက်တော့
သူဟာအတော်လေး
ကြိုးစားခဲ့ရတာလေ။

ဒါပေမဲ့လည်း သူ့ကို နှပ်ချသွားခဲ့တဲ့
ဒီငတိလေးကတော့ ဒီလိုမျိုး
လွယ်လွယ်လေးပဲ

တပည့်ဖြစ်သွားတာကို
တွေ့လိုက်ရတော့… နဂိုကတည်းက
စိတ်နေသဘောထား သေးသိမ်တဲ့
ကျန်းနန်ဟာ အားလည်းကျ..
မုန်းလည်းမုန်း.. ဖြစ်နေပါတော့တယ်။

အခြေခံအုတ်မြစ် အဆင့်က
ကျင့်ကြံသူဟာ ကျန်းနန်ဝင်ရတာ
လွယ်ကူအောင် ဒီမီးလျှံ
အဟန့်အတားမှာ
အပေါက်တစ်ပေါက်ကို
ဖောက်ပေးလိုက်တယ်လေ။

ဒီမိုးလျှံ အတားအဆီးမှာ
အကြားအလပ်တစ်ခု ဖြစ်လာတာကို
တွေ့လိုက်ရတော့
ရှောင်ပုတန်လေးဟာ ချက်ချင်းပဲ
အရှေ့ကိုပြေးသွားပြီး
လွတ်မြောက်စေရန်
ကြိုးစားလိုက်ပါပြီ။

ဒါပေမဲ့ ကျန်းနန်ကလဲ အဲ့ဒီအချိန်ကိုပဲ
စောင့်နေခဲ့တာပါ... ရှေ့တစ်လှမ်း
တိုးလိုက်ပြီး ရှောင်ပုတန်လေးကို
ဟန့်တားလိုက်ပါတယ်။
ရှောင်ပုတန်လေးဟာ စိုးရိမ်ပူပန်စွာနဲ့ပဲ

အော်လိုက်ပါပြီ… "ဟော့…
အရှေ့ကနေ ဖယ်လိုက်စမ်း!"

"ဟိတ်ကောင်လေး… အထဲမှာပဲ
လိမ်လိမ်မာမာနေဟ…" ကျန်းနန်က
အေးစက်စက်နဲ့ပဲ ရယ်လိုက်ပါပြီ…
ရှောင်ပုတန်လေးရဲ့ ရင်ဘတ်ကို
သူ့ရဲ့လက်ဝါးနဲ့ပဲ
ရိုက်တွန်းလိုက်ပါတယ်။

ဒီအကြားအလပ် နေရာက
သိပ်ပြီးတော့ မကျယ်လှပါဘူး…
ရှောင်ပုတန်လေးအတွက်ကတော့

ရှောင်ဖို့နေရာ မရှိဘူးလေ...
ထိပ်တိုက်ပဲ ရင်ဆိုင်ရတော့မှာပါ...
သူ့ရဲ့လက်ဝါးကို ကျန်းနန်ဆီကို
ရိုက်ထုတ်လိုက်ပါပြီ။

ကျန်းနန်ကတော့ စိတ်ထဲကနေပဲ
အေးစက်စက်နဲ့ပဲ ရယ်နေခဲ့ပါတယ်။
ရှောင်ပုတန်လေးရဲ့ လွတ်မြောက်ခြင်း
စွမ်းရည်ဟာ အရမ်းလန်းပေမယ့် သူ့ရဲ့
အဆင့်ကတော့ ချီသာဝက အဆင့် ၄
သာ ရှိသေးတာလေ။ သူ့လိုမျိုး
ချီသာဝက အဆင့် ၆ နဲ့

ထိပ်တိုက်ရင်ဆိုင်တာတော့
အကင်ခံချင်နေလို့ပဲလေ။

စဉ်းစားနေတုန်းမှာပဲ ကျန်းနန်ဟာ
ရှောင်ပုတန်လေးက လက်ကို
ချက်ချင်းပဲ လှန်လိုက်တာကို
တွေ့လိုက်ရပါပြီ… သူ့ရဲ့
လက်ကောက်ဝတ်ကို
ဆုပ်ကိုင်လိုက်ပါပြီ။ လက်စသတ်တော့
ရှောင်ပုတန်လေးရဲ့
လက်ဝါးရိုက်ချက်က အယောင်ပြ
သက်သက်ပဲလေ… ကျန်းနန်ရဲ့
လက်ကောက်ဝတ်ကို ဖမ်းကိုင်လိုက်ပြီး

နောက်မှာတော့ သူ့ရဲ့ ပုံမှန်မဟုတ်တဲ့
ကိုယ်ခန္ဓာစွမ်းအားဟာ
ပြင်းပြင်းထန်ထန်ပဲ ပေါက်ကွဲကာ
လာခဲ့ပါပြီ။

ကျန်းနန်ကဘာမှ
မလုပ်လိုက်နိုင်ခင်မှာပဲ သူဟာ
ရှောင်ပုတန်လေးရဲ့ ခေါင်းပေါ်ကနေ
ကိုင်ပေါက်ခြင်းကို ခံလိုက်ရပါပြီ…
မြေကြီးပေါ်ကို တူကြီးနဲ့
အထုခံလိုက်ရသလိုမျိုး
ရိုက်ပေါက်ခြင်းကို ခံလိုက်ရပြီလေ။

မီးလျှံခြားဂိုဏ်းက ကျင့်ကြံသူ
တစ်အုပ်စုလုံးက ပါးစပ်အဟောင်းသား
ဖြစ်သွားကြပါတယ်... ဘယ်သူကမှ
ရှောင်ပုတန်လေးဟာ ဒီလောက်ကြီး
ကြမ်းလိမ့်မယ်လို
ထင်မထားကြဘူးလေ။

ကျန်းနန်ကို
ကိုင်ပေါက်လိုက်ပြီးနောက်မှာတော့
ရှောင်ပုတန်လေးဟာ မီးလျှံ
အတားအဆီးရဲ့ အပေါက်ထဲကနေ
လွတ်မြောက်တော့မှာကို
တွေ့လိုက်ရတော့... ဒီမီးလျှံ

အတားအဆီးကို ဖန်တီးခဲ့တဲ့
အခြေခံအုတ်မြစ် အဆင့်က
ကျင့်ကြံသူဟာ အလွန်ကိုပဲ
ကသိကအောက် ဖြစ်သွားခဲ့ပြီလေ။
အေးစက်စွာနဲ့ နှာခေါင်းတစ်ချက်ကို
ရှုံ့လိုက်ပြီး သူရဲ့စွမ်းအားကြီး
မှော်စွမ်းအင်တွေနဲ့
ရှောင်ပုတန်လေးကို ချက်ချင်းပဲ
လွှမ်းမိုးလိုက်ပါတော့တယ်။

ရှောင်ပုတန်လေးဟာ မြေကြီးပေါ်မှာပဲ
အဆက်မပြတ် ရုန်းကန်လှုပ်ရှား
နေခဲ့တယ်လေ။ သူဟာ လူကသာ

ငယ်ပေမယ့် စွမ်းအားတွေကတော့
ကြီးပါတယ်။ အခုလိုမျိုး
ဒေါါဖောင်းနေတဲ့ အချိန်မှာဆိုတော့
ပိုဆိုးတာပေါ့… အော်ဟစ်ရုန်းကန်
နေခဲ့တာဟာ ခက်ထန်တဲ့
သားရဲပေါက်စလေးလိုပါပဲ။

အခြေခံအုတ်မြစ် ကျင့်ကြံသူရဲ့
မျက်နှာကလဲ တဖြေးဖြေးနဲ့ ပုပ်သိုးကာ
လာခဲ့ပြီလေ။ သူဟာ
ပွဲသိမ်းတိုက်ကွက်ကို မထုတ်ခဲ့ပါဘူး…
ရလဒ်ကတော့ ရှောင်ပုတန်လေးကို

ကောင်းကောင်းကြီး ထိန်းမထားနိုင်ခြင်းပါပဲ။

အဲ့ဒီအချိန်မှာပဲ ကျန်းနန်က ပြန်ပြီးတော့ ရောက်လာခဲ့ပါပြီ။ မီးလျှံ အတားအဆီးရဲ့ အပြင်မှာတော့ သူ့ရဲ့ ဂျူနီယာတွေရော.. စီနီယာတွေပါ တဝါးဝါးနဲ့ ရယ်နေကြပြီလေ။ သူ့ရဲ့ မျက်နှာကြီးဟာ နီရဲနေပြီး သူ့ရဲ့စိတ်ထဲမှာလဲ ဒေါသတွေနဲ့ အမျက်တချောင်းချောင်း ထွက်လို့နေခဲ့ပါတယ်။ ပြန်လည် ကုန်းထလိုက်ပြီး နောက်မှာတော့

သူဟာ ရှောင်ပုတန်လေးရဲ့ အပေါ်ကို
ခုန်အုပ်လိုက်ပြီလေ… မြေကြီးပေါ်က
သူလေးရဲ့ခေါင်းကို ရက်ရက်စက်စက်ပဲ
ရိုက်ချလိုက်ပါပြီ။

ကျန်းနန်ဟာ လေသံတိုးတိုးနဲ့ပဲ
ကျိန်ဆဲလိုက်တယ်… "ကဲ…
ကောင်စုတ်ကလေး… ဒီနေ့တော့
ငါကမင်းကို ဘယ်လိုမျိုး ပြုမူရမလဲ
ဆိုတာကို သင်ပေးမယ်ကွ!"
စကားပြောနေဆဲမှာပဲ
ရှောင်ပုတန်လေးရဲ့ ကိုယ်ပေါ်ကို
ရိုက်ချက်တွေဟာ

တစ်ချက်ပြီးတစ်ချက် ကျရောက်ကာ
လာခဲ့ပြီလေ။

ရှောင်ပုတန်လေးဟာ သူ့ရဲ့
တစ်ကိုယ်လုံးမှာ ပူစပ်ပူလောင်နဲ့
နာကျင်စွာ ခံစားနေရပါပြီ… ဒါပေမဲ့လဲ
သူလေးဟာ လုံးဝမငိုသလို အော်လဲ
မအော်ခဲ့ပါဘူး… သူ့ရဲ့ ပါးစပ်ကနေ
အသံတစ်စက်မှ ထွက်မလာခဲ့ဘူးလေ။

ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့
ဆရာသခင်က ဒီလိုမျိုး မှာထားလို့ပါ…
"အင်း… တကယ်လို့များ မင်းလေးဟာ

အခြေအနေမလှတဲ့ အဖြစ်မျိုးကို ရောက်နေခဲ့မယ် ဆိုရင်တော့… မင်းက အညွှံ့ခံလေလေ ရန်သူက ပိုပြီးတော့ ပျော်လေလေပဲဟ… ပြီးတော့မင်းကို ပိုပြီးတော့ ပြင်းပြင်းထန်ထန် အနိုင်ကျင့်လေလေပဲကွ။ ဘယ်သူ့ကိုပဲ အရှုံးပေးရရ မျက်နှာပျက်ရ လောက်အောင်တော့ အရှုံးမပေးရဘူးကွ… ကိုယ့်ကိုယ်ကိုယ် သန်မာနေအောင် ကြိုးစားပြီး အရှုံးကနေ အနိုင်အဖြစ်ကို ပြောင်းသွားအောင် တတ်နိုင်သမျှ ကြိုးစားရမယ်လေကွာ…"

ရှောင်ပုတန်လေးဟာ
အရှုံးမပေးတဲ့အပြင် ပိုပြီးတော့တောင်
လှုပ်ရှားရုန်းကန် နေတာကို
တွေ့ရတဲ့အခါမှာ… ကျန်းနန်ရဲ့
သွေးဆာနေတဲ့ စိတ်ဟာ
ပိုပိုပြီးတော့ဆိုးလို့ လာခဲ့ပါပြီ…
သူ့ရဲ့အားတွေကို အစွမ်းကုန်
စုစည်းလိုက်ပြီး ရှောင်ပုတန်လေးရဲ့
ဂုတ်ပိုးကို သူ့ရဲ့လက်ဝါးနဲ့ အသားကုန်
ခုတ်ချလိုက်ပြီလေ။

"ဟိတ်… ရပ်လိုက်စမ်း!"

အမြန်ကလေး ပြေးလာနေတဲ့
လင်းဖုန်းဟာ သူ့ရဲ့အရှေ့က
မြင်ကွင်းကို မြင်တွေ့လိုက်ရတဲ့
အခါမှာတော့ သူ့ရဲ့ တစ်ကိုယ်လုံးက
သွေးတွေဟာ ဒေါသတွေနဲ့ ဆူပွက်ကာ
လာခဲ့ပါပြီ... မြေကြီးအပေါ်မှာ
မိုးကြိုးပေါက်ကွဲ သွားသလိုမျိုး
အသံအကျယ်ကြီးနဲ့ အော်လိုက်ပြီလေ။

အော်သံကျယ်ကြီးနဲ့အတူ...
မြောက်ပိုင်းအရဏ်ဦး
လျှို့ဝှက်အလင်းတန်းရဲ့ တောက်ပတဲ့
အလင်းတန်းတွေဟာ မီးလျှံ

အတားအဆီးဆီကို ဦးတည်ပြီးတော့
ပစ်ခတ်လိုက်ပါပြီ။ ပြင်းထန်တဲ့
လျှပ်စီးကြောင်းတွေဟာ မီးလျှံ
အတားအဆီးကို တိုက်ရိုက်ပဲ
ချေမွဖျက်ဆီး လိုက်ပြီလေ…
မီးလျှံဥက္ကာခဲတွေဟာ ပတ်ဝန်းကျင်
တစ်ခုလုံးကို ပျံ့လွင့်လို့ သွားခဲ့ပါတယ်။

လျှပ်စီး အလင်းတန်းတွေဟာ
ရပ်တန့်လို့ မသွားခဲ့ပါဘူး… အဲ့ဒီအစား
သစ်သားကြက်ရုပ်ကြီးလို
ကြက်သေသေနေတဲ့ ကျန်းနန်ကို

ဆက်လက်ပြီးတော့
ရိုက်ခတ်လိုက်ပါပြီ။

မီးလျှံခါးဂိုဏ်း ဘက်မှာတော့...
အကြီးအကဲလီရဲ့ မျက်လုံးအစုံမှာ
အလင်းတန်းလေး
လက်သွားခဲ့ပါတယ်... သူက
အေးစက်စွာနဲ့ပဲ
နှာမှုတ်လိုက်တယ်လေ... "ဟွန့်...
ဘယ်လိုမျိုး အပေါစား အကွက်တွေကို
လာခင်းနေတာလဲဟ..." သူ့ရဲ့လက်ကို
မြှောက်လိုက်ပြီး လက်ချောင်းကို
ဆန့်ထုတ်လိုက်ပါပြီ...

ကြက်သွေးရောင်ရင့်ရင့် အနီရောင်
ခေးအော်ရာတွေကို
ပစ်လွှတ်လိုက်ပြီလေ။

ကျန်းနန်အနားကို
ရောက်ခါနီးလေးမှာပဲ...
ဒီကြက်သွေးရောင် ရင့်ရင့် အနီရောင်
ခေးအော်ရာတွေဟာ
မြောက်ပိုင်းအရှေ့ဦး
လျို့ဝှက်အလင်းတန်းကို
တားဆီးလိုက်ပါပြီ... လေထုရဲ့
အလယ်မှာပဲ လျှပ်စီးတန်းတွေဟာ

အစိတ်စိတ်အမြွှာမြွှာ ကွဲကြေလို့
သွားခဲ့ပြီလေ။

လင်းဖုန်းရဲ့
မျက်လုံးသူငယ်အိမ်တွေဟာ
ရုတ်ချည်းပဲ ကျဉ်းမြောင်းကာ
လာခဲ့ပါပြီ... "ဟာ... ရွှေရောင်
ဗဟိုချက်အဆင့်!"

ဒီမြောက်ပိုင်းအရဏ်ဦး
လျို့ဝှက်အလင်းတန်းဟာ
အခြေခံအုတ်မြစ်အဆင့်
မှော်အိုင်တန်ဖြစ်တဲ့

မြောက်ပိုင်းအရှေ့ဦးခေါ်ရဲ့
အပြင်းဆုံးသိုင်းကွက် ဖြစ်တယ်လေ။
လင်းဖုန်းရဲ့ အဆင့်နဲ့တောင်
အဲ့ဒီအကွက်ကို မထုတ်နိုင်ပဲ
ကောင်းကင်မိုးကြိုး
လမင်းကျောက်စိမ်းကို မှီခိုပြီးမှ
သုံးနိုင်တာပါ။ ဒီအကွက်ဟာ
အခြေခံအုတ်မြစ် အဆင့်က
အထွတ်အထိပ် ကျင့်ကြံသူရဲ့
အားကုန်တိုက်တဲ့ စွမ်းအားနဲ့ တူညီပြီး
လင်းဖုန်းရဲ့ နောက်ဆုံးဝှက်ဖဲပဲ
ဖြစ်ပါတယ်။

အငယ်ကနေ ဒီမီးလျှံ အတားအဆီးရဲ့
မှော်စွမ်းအင် လှုပ်ရှားမှုကို
တွေ့လိုက်ရတော့ ဒါဟာ
အခြေခံအုတ်မြစ် အဆင့်က ကျင့်ကြံသူ
တစ်ယောက်ရဲ့ လက်ရာပဲ ဆိုတာကို
သိလိုက်ရပါတယ်။
ရှောင်ပုတန်လေးကို ကယ်ချင်ရင်
အရင်ဆုံး ဒီမီးလျှံ အတားအဆီးကို
ဖယ်ရှားရမှာပါ... ဒါကြောင့်လဲ ဒီမီးလျှံ
အတားအဆီးကို တစ်ချက်ထဲနဲ့
ဖျက်စီးနိုင်အောင် ပွဲဦးထွက်မှာပဲ
အကွက် ခပ်ကြမ်းကြမ်းလေးနဲ့
တစ်ခါထဲပဲ ဝင်လိုက်ရတာလေ။

ဒါပေမဲ့လည်း အခုတော့ သူ့ရဲ့
မြောက်ပိုင်းအရှေ့ဦး
လျို့ဝှက်အလင်းတန်းဟာ
ဆံနီအဘိုးအိုရဲ့ အသာအယာပဲ
ဖယ်ရှားခြင်းကို ခံလိုက်ရပြီလေ..
လင်းဖုန်းရဲ့ စိတ်ဓာတ်လေးဟာလည်း
ဟိုးအောက်ဆုံး အထိကို ပြုတ်ကျလို့
သွားပါတော့တယ်။

ကျင့်ကြံမှု အဆင့်တစ်ဆင့်နဲ့
တစ်ဆင့်ဟာ အကြီးအကျယ်ပဲ
ကွာခြားလှတယ်လေ…
သာမာန်လူတွေ အနေနဲ့ကတော့

ကျော်လွှားရန် ခက်ခဲလှတဲ့
ကြီးမားလှတဲ့ အသူရာ ချောက်နက်ကြီး
လိုပါပဲ။ အခုလိုမျိုး လင်းဖုန်းရဲ့
လက်ရှိအဆင့် ချီသာဝက အဆင့် ၇
မပြောနဲ့... တကယ်လို့များ သူဟာ
အခြေခံအုတ်မြစ် အဆင့်ကို
အောင်မြင်စွာနဲ့ ရောက်ရှိသွားတယ်
ဆိုရင်တောင်မှပဲ... ရွှေရောင်ဗဟိုချက်
အဆင့်က အကြီးအကဲလီနဲ့
ရင်ဆိုင်မယ်ဆိုရင်
ကိုယ့်သေတွင်းကိုယ် တူးတာနဲ့
အတူတူပါပဲ။

ဒီလောက်ကြီးမားတဲ့ ကွာခြားချက်ကို
အမီလိုက်ဖို့ ဆိုတာက လုံးဝကိုပဲ
မဖြစ်နိုင်ပါဘူး… ဒီလိုမျိုး
မဟာအင်အား ကွာခြားချက်ဟာ
အကြီးအကဲလီကို လင်းဖုန်းရဲ့
ဉာဏ်နီဉာဏ်နက်တွေ အားလုံးကို
လျစ်လျူရှုထား စေနိုင်ပြီး တိုက်ရိုက်ပဲ
ချေမှုန်းလိုက်လို့ ရတယ်လေ။

ခြိမ်းခြောက်နိုင်စွမ်း အားကောင်းတဲ့
မီးလျှံဂိုဏ်းသား တစ်စုနဲ့
ယှဉ်ပြိုင်ရတော့… လင်းဖုန်းရဲ့
ကျောနောက်ဘက်က

ချွေးအေးတွေဟာ သူ့ရဲ့အင်္ကျီတွေကို စိုရွှဲစေခဲ့ပြီလေ။

"အား... ဆရာသခင်!" လင်းဖုန်းရဲ့ အစောနက တိုက်ကွက်ဟာ အချည်းနှီးတော့ မဖြစ်ခဲ့ပါဘူး။ ဒီကြက်သွေးရောင် ရင့်ရင့် အနီရောင် ဓားအော်ရာနဲ့ မြောက်ပိုင်းအရဏ်ဦး လျှို့ဝှက်အလင်းတန်းနဲ့ ထိပ်တိုက် တိုက်ခိုက်ရာကနေ ထွက်ပေါ်လာတဲ့ လှိုင်းလုံးကြီးတွေဟာ ရှောင်ပုတန်လေးရဲ့ အပေါ်ကို

ဖိထားတဲ့ ကျန်းနန်ကို
လွင့်ထွက်သွားစေခဲ့ပါတယ်။

ရှောင်ပုတန်လေးဟာ အမြန်ပဲ
ကုန်းရုန်းထပြီး လင်းဖုန်းဆီကို
ပြေးလာခဲ့တယ်လေ။

ဒါပေမဲ့လည်း ခြေနှစ်လှမ်းပဲ
လှမ်းရသေးတယ်…
သူ့ရဲ့ကိုယ်လေးဟာ ချက်ချင်းပဲ
ရပ်တန့်လို့ သွားခဲ့ပါပြီ… ပြီးတာနဲ့
အနောက်ဘက်ကို လွင့်သွားပြီး
အကြီးအကဲလီရဲ့ လက်အပေါ်ကို

ကျရောက်လို့ သွားခဲ့ပြီလေ...
ဆံနီအဘိုးအိုရဲ့ လေထဲမှာပဲ
ဂုတ်ပေါ်ကနေ ဆွဲထားတာကို
ခံလိုက်ရပါတော့တယ်။

ဒီအဘိုးကြီးရဲ့ ဆုပ်ကိုင်ထားခြင်းကို
ခံထားရတော့ ရှောင်ပုတန်လေးဟာ
လုံးဝကိုပဲ အင်အားမဲ့နေခဲ့ပါတယ်...
သူ့ရဲ့ မှော်စွမ်းအင်ရော
ခန္ဓာကိုယ်စွမ်းအားပါ ဘာတစ်ခုကိုမှ
ထုတ်သုံးလို့ မရခဲ့ပါဘူး။

ရှောင်ပုတန်လေးရဲ့ ခြေလက်လေးချောင်းစလုံးဟာ လေပေါ်မှာပဲ ကူရာမဲ့စွာ ယက်ကန်ယက်ကန်နဲ့ ယမ်းခါလို့နေခဲ့ပါတယ်… "ဟော့… ငါ့ကိုလွှတ်… ငါ့ကိုလွှတ်! အစုတ်ပလုတ် ဘဲအိုကြီး! အား… ဆရာသခင်… ကျွန်တော့်ကို ကယ်ပါဦး ခင်ဗျ… ဆရာသခင်!"

လင်းဖုန်းကတော့ ရင်ထဲမှာ ခါးသီးစွာနဲ့ပဲ အပြင်ပန်းက ဆရာသခင်သူတော်စင်ပုံစံကို ပျက်မသွားရအောင် ကြိုးစားပြီးတော့

ထိန်းထားရတယ်လေ။ သူက မီးလျှံခါးဂိုဏ်းက ကျင့်ကြံသူ တစ်စုကို အေးစက်စွာနဲ့ပဲ စိုက်ကြည့်လိုက်ပါပြီ... "ဟွန့်... ဂုဏ်သိက္ခာ ကြီးမားတဲ့ မီးလျှံခါးဂိုဏ်း... ကောင်းကင်ကိုးလွှာ ခါးမဟာမိတ် အဖွဲ့ဝင်... တကယ်ကိုပဲ ကလေးငယ်လေး တစ်ယောက်ကို အနိုင်ကျင့်နေတာလား?"

အကြီးအကဲလီကလဲ အေးစက်စက်နဲ့ပဲ ရယ်လိုက်ပြန်တယ်... "ဟွန့်... မင်းက အခြေခံအုတ်မြစ် အထွတ်အထိပ်အဆင့်က

တစ်ကိုယ်တော် လေလွင့်နေတဲ့
ကျင့်ကြံသူ သာသာပါပဲ... မင်းကငါ့ကို
နှုတ်ပြန်လှန်ထိုးဖို့
အဆင့်မီတယ်လို့များ
ထင်နေသလားကွ?"

"ဒီချာတိတ်လေးက ထင်ရှားထူးချွန်တဲ့
ပင်ကိုယ်စွမ်းရည်ကို
ပိုင်ဆိုင်ထားတယ်ကွ... မင်းဆီမှာ
သင်ယူရရင် ပုလဲလုံးလေးကို
ဝက်တစ်ကောင်ရဲ့ အရှေ့မှာ
ပုံသွင်းနေရ သလိုမျိုး
ဖြစ်သွားမှာပေါ့ဟ... သူ့ရဲ့ပင်ကိုယ်

အရည်အသွေးတွေကလဲ အလဟဿပဲ ဖြစ်သွားလိမ့်မယ်။ အခုငါက သူလေးကို ငါတို့ရဲ့ ဓားဂိုဏ်းကို ခေါ်တယ်ဆိုတာက သူ့ရဲ့ ပင်ကိုယ်စွမ်းရည်တွေ အလကား ဖြစ်မသွားအောင်လို့ကွ။ ဒါက သူ့အတွက်တော့ ကောင်းချီးမင်္ဂလာပဲဟ... ဟဲဟဲ... မင်းအတွက်ကတော့..."

အကြီးအကဲလီဟာ အထင်သေးစွာနဲ့ပဲ သူ့နှုတ်ခမ်းတွေကို တွန့်လိုက်ပါတယ်… "ဟွန်း... ဒီနေ့မှာ

ငါက တပည့်ကောင်းလေး
တစ်ယောက်ကို ရလိုက်တော့
စိတ်ကောင်းဝင်နေတယ်ကွ။
မင်းကိုတော့ သွားခွင့်ပြုလိုက်မယ်...
ဝေးနိုင်သမျှ ဝေးအောင်သာ
လစ်လိုက်တော့။ ဒီနေ့ကနေ စပြီး
မင်းက ငါရဲ့ရှေ့မှာ လုံးဝကို
ပေါ်မလာစေနဲ့... မဟုတ်လို့ကတော့
မင်းကို အရှင်မထားဘူးကွ။ ငါ့ကို
ဘယ်သူကများ ပြန်ပြောရဲသလဲ
ဆိုတာကို ကြည့်ချင်သေးတယ်ဟေ့!"

သူကလင်းဖုန်းကို သာမာန်ပဲ
ကြည့်လိုက်ပါတယ်... ဒါကလဲ
လင်းဖုန်းရဲ့ မြောက်ပိုင်းအရှေ့ဦး
လျှို့ဝှက်အလင်းတန်းကြောင့်ပါ...
နို့မဟုတ်ရင် လင်းဖုန်းကို
တစ်ချက်မှတောင် လှည့်ကြည့်မှာ
မဟုတ်ပါဘူး။

ဒါပေမဲ့လည်း
ဒီအကြည့်တစ်ချက်နဲ့တင်ကိုပဲ
လင်းဖုန်းဟာ ရေခဲတွေရဲ့ အကြားမှာ
ပြုတ်ကျသွားသလိုမျိုး
ခံစားလိုက်ရပါတယ်။ ခန့်မှန်းလို့

မရနိုင်တဲ့ အန္တရာယ်
အငွေ့အသက်တွေကို သူ့ရဲ့ရင်ထဲမှာ
ခံစားလိုက်ရပါပြီ။

သူဟာတစ်ခါမှ ဒီလောက်အထိ
သေမင်းနဲ့ နီးနီးကပ်ကပ်ကို
မခံစားခဲ့ဖူးပါဘူး... သူ့ရဲ့
အသက်ဝိညာဉ် စွမ်းအင်တွေဟာ
ညှိုးခြောက်သွားပြီး... သူ့ရဲ့
စိတ်ဝိညာဉ်တွေက ကြေမွကာ
သွားခဲ့ပါတယ်။

လင်းဖုန်းရဲ့ လက်ချောင်းလေးတွေဟာ လှုပ်ရှားသွားပါတယ်... သူဟာ အစကတော့ လက်သီးဆုပ်မလို့ပါ... ဒါပေမဲ့ ချက်ချင်းပဲ သူ့ကိုယ်သူ ထိန်းချုပ်လိုက်ပြီး... ပြန်ပြီးတော့ အေးဆေးသွားပါပြီ။

ဒီအချိန်မှာ လင်းဖုန်းဟာ သူ့ကိုယ်သူ စိတ်ထဲမှာပဲ တိုက်ပွဲဆင်နွှဲနေခဲ့ပါတယ်... "ကဲ... ငါကဘာများ လုပ်သင့်သလဲ? ဒီလိုပဲ သည်းညည်းခံလိုက်ရမှာလား?

အင်အားကွာခြားချက်က

များလွန်းတယ်ကွာ။ တကယ်လို့သာ
တိုက်မယ်ဆိုရင် ငါကတော့
ဒီဘဲအိုကြီးရဲ့ သတ်တာကို ခံရမှာပဲဟ"

တကယ်လို့များ တစ်နှစ်အတွင်း
တပည့်လေးယောက်ကို မရှာနိုင်ပဲ...
စနစ်ကြီးက ပေးထားတဲ့
တာဝန်တွေကို
အဆုံးမသတ်နိုင်ခဲ့ရင်လဲ စနစ်ကြီးရဲ့
သုတ်သင်ခြင်းကို ခံရမှာကတော့
မုန်ပါတယ်... ဒါပေမဲ့လည်း ဒီကနေ့မှာ
နောက်မဆုတ်လိုက်ရင်တော့

မနက်ဖြန် နေထွက်တာကို
မြင်နိုင်တော့မှာ မဟုတ်တော့ပါဘူး..."

"အင်း... ဆယ်နှစ်ဆိုတာ
ယောကျ်ားကောင်း
တစ်ယောက်ရဲ့လက်စားချေခြင်းအတွ
က် နောက်မကျပါဘူး။ ဒီနေ့တော့
သည်းခံလိုက်ပြီး နောင်အနာဂတ်မှာ
ငါ့ရဲ့အဆင့်တွေ မြင့်လာရင်
ဒီငနဲအိုကြီးကို နှစ်ဆပြန်ပြီး
ပေးဆပ်ခိုင်းရမယ်။ မနိုင်မှန်း သိရက်နဲ့
ရှေ့ဆက်တိုးတာကို သတ္တိရှိတယ်လို့
မခေါ်ဘူး...

မိုက်မဲတယ်လို့ပဲခေါ်တယ်ဟ..."
လင်းဖုန်းဟာ ကိုယ့်ကိုယ်ကို
စိတ်နဲ့ကနေပဲ နှစ်သိမ့်နေခဲ့ပါတယ်...
ဒါပေမဲ့လည်း ရှောင်ပုတန်လေးနဲ့
မျက်လုံးချင်း ဆုံမိတဲ့အခါမှာတော့
ရှေ့ဆက်ပြီးတော့ မစဉ်းစားနိုင်ခဲ့ပါဘူး။

ဒီလေးနှစ်အရွယ်
ကလေးလေးရဲ့အကြည့်ဟာ
ကြောက်ရွံ့ခြင်း... ထိတ်လန့်ခြင်းတွေ
မရှိခဲ့ပါဘူး... အဆုံးမသတ်နိုင်တဲ့
မျှော်လင့်ခြင်းတွေသာ ရှိခဲ့တာပါ။
သူလေးဟာ သူ့ရဲ့ ဆရာသခင်က

ရန်သူရဲ့ပြိုင်ဘက် မဟုတ်ဘူး
ဆိုတာကို လုံးဝ တွေးမထားခဲ့ပါဘူး…
သူ့ရဲ့ ဆရာသခင်က သူ့ကိုပစ်သွားမယ်
ဆိုတာကို ပို့လို့တောင်
တွေးမထားဘူးလေ။

လင်းဖုန်းဟာ လက်သီး
နှစ်ဖက်စလုံးကို ကျစ်ကျစ်ပါအောင်
ဆုပ်ထားလိုက်ပါပြီ…
သူ့ရဲ့စိတ်ထဲကနေ ဟစ်ကြွေးလို့
နေခဲ့ပြီလေ… "ဟာကွာ… ခွီးပဲ…
ငအကြီး ဖြစ်မယ်ဆိုလည်း
ဖြစ်ပါစေတော့ကွာ။ ငါက ဒီကမ္ဘာကို

အနိုင်ကျင့်ခံရဖို့ လာခဲ့တာ
မဟုတ်ဘူးဟ.. ဒီလိုမျိုး တန်ဖိုးမရှိပဲ
အသက်ရှင်ရမယ် ဆိုရင်လဲ
ဘာထူးမှာလဲကွ?"

သတ္တိရှိတဲ့လူဟာ သေရင်လည်း
ခေါင်းမော့ပြီး သေနိုင်တယ်ဟေ့...
မသေဘူး ဆိုရင်လဲ အသက်ရှည်ရှည်
နေသွားရမှာကွ... စကားက
နှစ်လုံးထဲပါ... လုပ်လိုက်!

လင်းဖုန်းက လက်သီးကို
ဆုပ်လိုက်တာဟာ အကြီးအကဲလီရဲ့

စူးရှတဲ့ အကြည့်အောက်ကနေ
မလွတ်ခဲ့ပါဘူး။ သူက
အေးစက်စက်နဲ့ပဲ
တစ်ချက်ရယ်လိုက်ပါပြီ... "ဟဲဟဲ...
မင်းကိုကြည့်ရတာ သေချင်နေတယ်
ဆိုတော့လည်း မင်းရဲ့ဆန္ဒကို
ဖြည့်ဆည်းပေးရတာပေါ့ကွာ..."

လက်တစ်ဖက်က ရှောင်ပုတန်လေးရဲ့
ဂုတ်ကိုဆွဲထားရင်း...
ကျန်လက်တစ်ဖက်က နေပြီးတော့
လက်ချောင်းတွေဟာ ခေါးပုံစံမျိုး
စုစည်းလာခဲ့ပါပြီ။ တောက်ပနေတဲ့

အနီရောင် မီးလျှံခြား အော်ရာတွေဟာ
သူ့လက်ချောင်းရဲ့ ထိပ်တွေမှာ
စုစည်းပြီးတော့ သိပ်သည်းကာ
လာခဲ့ပြီလေ။

သူ့ရဲ့ ဂျူနီယာလေးတွေက ခြားပျံကို
ထိန်းချုပ်တာနဲ့ မတူပဲ...
အကြီးအကဲလီဟာ သူ့ရဲ့ခြားပျံကို
မီးလျှံခြား အလင်းတန်း တစ်ခုအဖြစ်
လုံးဝကိုပဲ သန့်စင်နိုင်ခဲ့ပါပြီ... ခြားနဲ့လူ
တစ်သားထဲ ဖြစ်သွားခဲ့ပြီလေ။ သူ့ရဲ့
စွမ်းအားကလဲ နောက်တစ်ဆင့်ကို
တက်သွားခဲ့ပါတယ်။

ဒီမီးလျှံခြား အော်ရာဟာ
မှိတ်တုတ်မှိတ်တုတ် ဖြစ်နေတဲ့
မီးတောက်တစ်ခုလိုပါပဲ။ သူက
မထုတ်လွှတ်ရသေးပေမယ့် လုံးဝကိုပဲ
ကြောက်စရာ ကောင်းလှတဲ့ အော်ရာ
လှိုင်းလုံးကြီးတွေကို ခံစားနေခဲ့ရပါပြီ။

ပတ်ဝန်းကျင် မီတာတစ်ရာ
ပတ်ပတ်လည်မှာတော့...
သဘာဝပေါက်ပင် မှန်သမျှဟာ
အကုန်လုံးပဲ ခြောက်သွေ့ညှိုးနွမ်း

ကုန်ကြပြီး... အစိုခေတ်တွေကလဲ
အကုန်လုံး အငွေ့ပျံကုန်ကြပြီလေ။

လင်းဖုန်းက အဲ့ဒီနေရာမှာပဲ
မတ်တတ်ရပ်နေခဲ့တယ်လေ... သူ့ရဲ့
အဆုတ်ထဲကို ရှူသွင်းတဲ့ လေတွေဟာ
မီးများ ထတောက်တော့မလားလို့
ထင်နေရပါတယ်။ ဒီလို
အလွန်ပူပြင်းတဲ့ အခြေအနေမျိုးမှာ
သူဟာ ရေခေတ်တွေ
ခန်းခြောက်လာပြီး မူးဝေလို့တောင်
လာခဲ့ပါပြီ။

အဝေးကြီးမှာ ရှိနေတဲ့
ရေကန်လေးမှာတောင် တိမ်တွေလိုမျိုး
ရေငွေ့တွေဟာ ထလာခဲ့ပြီး မြူမှုန်တွေ
ဆိုင်းလာတာကို တွေ့မြင်နိုင်ခဲ့ပြီလေ။

ဒါဟာ ရွှေရောင်ဗဟိုချက် အဆင့်က
ကျင့်ကြံသူတွေရဲ့ ကြောက်မက်ဖွယ်
စွမ်းအားပါ။ အကြီးအကဲလီသာ
သူ့ရဲ့တိုက်ကွက်ကို
ထုတ်လွှတ်လိုက်ရင်
ဒီမြို့မြောက်ပိုင်းက ရေကန်လေးရဲ့
အနားက ပတ်ဝန်းကျင် တစ်ခုလုံးဟာ

ပြားပြားဝပ်သွားမှာ
သေချာနေခဲ့ပါတယ်။

လင်းဖုန်းဟာ
ခြောက်သွေ့အက်ကွဲနေတဲ့ သူ့ရဲ့
နှုတ်ခမ်းလေးကို
လျှာနဲ့သပ်လိုက်ပါပြီ… အခု
လောလောဆယ်တော့ သူဟာ ဒီခေါ်ရဲ့
တိုက်ရိုက်ပစ်မှတ် ဖြစ်လို့နေခဲ့ပြီလေ။

## စာစဥ် ၂ : အပိုင်း ၂

## အပိုင်း ၂၂ : စနစ်ရဲ့ ကိရိယာအသစ်

အကြီးအကဲလီရဲ့ ပြင်းထန်လှတဲ့
တိုက်စစ်ကို ရင်ဆိုင်ဖို့အတွက်...
လင်းဖုန်းဟာ ပါးစပ်ဟပြီး အသက်ကို
ဝဝရှူလိုက်ပါတယ်... ကြောက်ရွံ့စိတ်
အနည်းငယ်မှ ရှိလို့မနေခဲ့ပါဘူး။

ဆုံးဖြတ်ချက်ကို ချထားပြီးပြီပဲ...
ဘာကိုမှ ကြောက်နေစရာ
မလိုတော့ဘူးလေ။

လင်းဖုန်းဟာ ကောင်းကင်လှောင်အိမ်
မှော်အင်းကွက်ကို စစ်ဆေးနေတဲ့

သူ့ရဲ့မှော်စွမ်းအင်ကို ပြန်လည်ပြီးတော့
ရုပ်သိမ်းလိုက်ပါပြီ။ ရင်ဆိုင်ရမယ်
ဆိုပေမယ့် တုံးတိုက်တိုက်
ကျားကိုက်ကိုက်တော့
ထိပ်တိုက်ရင်ဆိုင်မှာ မဟုတ်ပါဘူး...
သုံးလို့ရနိုင်သမျှ အကွက်အားလုံးကို
သုံးရမှာပါ။ သူ့မှာက အကြံတစ်ခု
ရှိပြီးသားပါ... ဒါကတော့
ဒီကြေမွပျက်စီးပြီးသား ဖြစ်နေတဲ့
ကောင်းကင်လှောင်အိမ်
မှော်အင်းကွက်ကို ဖျက်ဆီးလိုက်ပြီး
ဟိုတောက်တီရဲ့ လက်ကျန်
စိတ်ဝိညာဉ်ကို လွှတ်လိုက်ဖို့ပါပဲ။

ယန့်မင်းရွဲ့က ဘာဆက်လုပ်မယ်
ဆိုတာကိုလဲ ခန့်မှန်းရခက်ပါတယ်။
သူ့တစ်ယောက်ထဲနဲ့ ဒီလိုမျိုး
ကြောက်မက်ဖွယ်ရာ
ရွှေရောင်ဗဟိုချက် အဆင့်က
ကျင့်ကြံသူကို ရင်ဆိုင်ရတော့…
လင်းဖုန်းရဲ့ ရွေးချယ်စရာဟာ
ရေတွေကို နောက်သွားအောင် လုပ်ရုံပဲ
ရှိခဲ့တာပါ။ ဒီလိုမျိုး ဖရိုဖရဲ
ကမောက်ကမ အခြေအနေတွေ
အောက်မှာမှ  အန္တရာယ် နည်းနည်းနဲ့
ဒုက္ခရောက်နေတဲ့ ရေအောက်ကငါးကို
မျှားလို့ရမှာပါ။

လင်းဖုန်းဟာ ကောင်းကင်လျှောင်အိမ်
မှော်အင်းကွက်ဆီက
မှော်စွမ်းအင်တွေကို ပြန်ယူလိုက်တဲ့
အချိန်မှာပဲ... မကြားရတာ
ကြာပြီဖြစ်တဲ့ စနစ်ကြီးရဲ့
အကြောင်းကြားချက်ဟာ လင်းဖုန်းရဲ့
ခေါင်းထဲမှာ ပေါ်လို့လာခဲ့ပါတယ်။

"သင်ဟာ မိမိဘာသာ
ခွဲခြမ်းစိတ်ဖြာခြင်းကို ကျရှုံးသွားပါပြီ...
သင်က စနစ်ရဲ့ကိရိယာ...
စွမ်းရည်စိစစ်ခြင်းကို
စတင်လိုပါသလား?"

လင်းဖုန်းကလဲ မသိစိတ်ထဲကနေ
"လုပ်မယ်" ဆိုတဲ့ခလုတ်ကို
နှိပ်လိုက်ပါတယ်... စနစ်ကြီးကလဲ
ချက်ချင်းပဲ တုံ့ပြန်ခဲ့ပါပြီ...
"စနစ်ကိရိယာ စွမ်းရည်စိစစ်ခြင်း
စတင်လည်ပတ်ပါပြီ…"

လက်ရှိအချိန်အထိ...
ဒီဂန္တဝင်ဂိုဏ်းချုပ် စနစ်မှာ
စနစ်ခွဲပေါင်း သုံးခုရှိပါတယ်...
ကုန်သွယ်မှုစနစ်... ကံစမ်းမဲစနစ်နဲ့
တပည့်စနစ်တို့ ဖြစ်ကြပါတယ်။

ဒီစနစ်ခွဲ သုံးခုအပြင် စနစ်ကိရိယာ
တစ်ခုလဲ ရှိပါသေးတယ်...
ပင်ကိုယ်စွမ်းရည် စစ်ဆေးတဲ့
ကိရိယာပါ... အရိုးအရင်းမြစ်...
သဘောပေါက် နားလည်နိုင်စွမ်း...
စိတ်စွမ်းအားနဲ့
ကောင်းချီးမင်္ဂလာတို့ကို...
ဂဏန်းနဲ့ပြပြီးတော့ ပစ်မှတ်တွေရဲ့
ပင်ကိုယ်စွမ်းရည်ကို
စမ်းသပ်စစ်ဆေးတာပဲ ဖြစ်ပါတယ်။

အခုနောက်ဆုံး ပွင့်သွားတဲ့
စွမ်းရည်စိစစ်ခြင်းရဲ့ အကျိုးက
လင်းဖုန်းဟာ စွမ်းရည်တစ်ခုကို
ခွဲခြမ်းစိတ်ဖြာပြီး သူ့ရဲ့ တည်ဆောက်ပုံ
အခြေခံ သဘောတရားတွေကို
ဖြေရှင်းဖို့ ကူညီတာပါပဲ။
သူ့ရဲ့ရည်မှန်းချက်ဟာ လင်းဖုန်းကို
အချိန်အနည်းငယ်လေး အတွင်းမှာပဲ
စွမ်းရည်တစ်ခုကို အောင်မြင်စွာနဲ့
လေ့ကျင့်နိုင်ဖို့ပဲ ဖြစ်ပါတယ်။

ဒီစွမ်းရည် စိစစ်ခြင်းမှာလည်း
ကန့်သတ်ချက်တွေတော့ ရှိပါတယ်...

ခွဲခြမ်းစိတ်ဖြာဖို့အတွက်
အချိန်အနည်းငယ်တော့ လိုတယ်လေ။
ဥပမာ အနေနဲ့ ဒီမီးလျှံခေးဂိုဏ်းက
အကြီးအကဲလီရဲ့ သိုင်းကွက်ပေါ့...
သူ့ရဲ့စွမ်းအားတွေကို ထုတ်လွှတ်လို့
ပြီးတာနဲ့ ဒီသိုင်းကွက်က
ပြီးသွားပြီလေ...
ဒီလောက်အချိန်တိုတိုလေး
အတွင်းမှာတော့ ဒီစွမ်းရည်
စိစစ်ခြင်းဟာ သူသုံးလိုက်တဲ့
စွမ်းရည်ကို ခွဲခြမ်းစိတ်ဖြာနိုင်မှာ
မဟုတ်ပါဘူး။

ဒါ့ကြောင့် ဒီစနစ် ကိရိယာဟာ
ဝက်ပါတို့... မှော်အင်းကွက်တို့...
အစရှိတဲ့ အကျိုးသက်ရောက်မှု
ကြာရှည်ပြီး မှော်စွမ်းရည်
လှည့်ပတ်မှုတွေ အကြာကြီးရှိနိုင်တဲ့
စွမ်းရည်မျိုးတို့ကို ပိုပြီးတော့
ပစ်မှတ်ထားလို့ ကောင်းပါတယ်။

ဥပမာ... အခု ကောင်းကင်လှောင်အိမ်
မှော်အင်းကွက်ပေါ့။

ဘာမှ တွေဝေမနေတော့ပဲ
လင်းဖုန်းဟာ စွမ်းရည်စိစစ်ခြင်းကို

စတင်ပြီး... ကောင်းကင်လှောင်အိမ်
မှော်အင်းကွက်ကို စတင်ကာ
ခွဲခြမ်းစိတ်ဖြာပါတော့တယ်။

တစ်ချိန်ထဲမှာပဲ သူ့ရဲ့ခေါင်းထဲကို
ရဲရင့်တဲ့ အတွေးတစ်ချက်ဟာ ဝင်ကာ
လာခဲ့ပြီလေ။

လျှို့ဝှက်စွာနဲ့ပဲ ပြင်ဆင်မှုတွေကို
လုပ်လိုက်ပြီး... အပြင်ပန်းမှာက
လင်းဖုန်းဟာ တောင်ကြီးလိုမျိုးပဲ
တည်ငြိမ်နေခဲ့ပါတယ်... အမူအယာ
ကင်းမဲ့စွာနဲ့ပဲ အဲ့ဒီနေရာမှာပဲ

ရပ်နေခဲ့တယ်လေ... ပြီးတော့
အကြီးအကဲလီရဲ့ သိုင်းကွက်ဖြစ်တဲ့
မီးလျှံဓားဂိုဏ်းရဲ့ နက်နဲတဲ့
ဓားလမ်းကြောင်းရဲ့ တစ်စိတ်
တစ်ဒေသဖြစ်တဲ့ "ဥက္ကာပျံ မီးခဲဓား"
ကိုရင်ဆိုင်လိုက်ပြီလေ။

... ပုံပန်းသဏ္ဍာန် အနေနဲ့
ဆိုရင်တော့... သူ့ရဲ့အခု
ပုံပန်းသဏ္ဍာန်ဟာ ကြောက်လွန်းလို့
လိပ်ပြာလွင့်တော့မယ့် ပုံစံမျိုး
ဖြစ်နေခဲ့ပါတယ်။

ကျန်းနန်ကတော့ အေးစက်စက်နဲ့ပဲ ရယ်လိုက်ပါပြီ... ရှောင်ပုတန်လေးကိုကြည့်ကာ ပြောလိုက်ပြီလေ... "ဟော့... သေချာကြည့်ထားကွ... ငါတို့ မီးလျှံခေါင်းဂိုဏ်းရဲ့ အရှေ့မှာကတော့ မင်းရဲ့ဆရာက အမှိုက်ပဲဟ"

ရှောင်ပုတန်လေးကတော့ ကျန်းနန်ကို သောက်ဂရုမစိုက်ပါဘူး... သူ့ရဲ့ မျက်ဝန်းနက်ကြီးတွေနဲ့ လင်းဖုန်းကို စိတ်လှုပ်ရှားစွာနဲ့ပဲ စိုက်ကြည့်လို့ နေခဲ့ပါတယ်။ အကြီးအကဲလီရဲ့

အားကောင်းတဲ့ ခေါ်းစွမ်းရည်
ဥက္ကာပျံမီးခဲရဲ့ အောက်မှာ
ရှောင်ပုတန်လေးရဲ့
ယုံကြည်ချက်တွေဟာ အပြည့်အဝ
တော့ မရှိခဲ့ဘူးလေ။

အကြီးအကဲလီဘက်က
မဟာအရှိန်အဟုန်နဲ့ နှိုင်းယှဥ်လိုက်ရင်
လင်းဖုန်းရဲ့ဘက်က လှုပ်ရှားမှုဟာ
တစ်စုံတစ်ရာမှ မရှိခဲ့ပါဘူး… လူတွေက
သူ့ရဲ့အပေါ်မှာ ယုံကြည်မှု ရှိဖို့ကို
ခက်ခဲစေခဲ့ပါတယ်။

ပြိုင်ဘက်ရဲ့ စွမ်းအားဟာ
တဖြည်းဖြည်းနဲ့ပဲ ကြီးမားလာပြီး
အထွတ်အထိတ်ကို တဖြည်းဖြည်းနဲ့
ရောက်ရှိကာ လာခဲ့ပြီလေ။
လင်းဖုန်းက ဒီအကြီးအကဲလီရဲ့
ဥက္ကာပျံ မီးခဲခဲဲးဟာ ဒီလောက်အထိ
အချိန်ကြာကြာကြီး အားဖြည့်ဖို့
မလိုဘူး ဆိုတာကို သိနေခဲ့ပါတယ်။

ဒီလောက်ထိ အချိန်ကြာအောင်
ဟန်ရေးပြနေတာဟာ လင်းဖုန်းကို
ခြောက်လှန့်ဖို့ မဟုတ်ပါဘူး... သူ့ရဲ့
မျက်လုံးထဲမှာက လင်းဖုန်းဟာ

လူသေတစ်ယောက် ဖြစ်လို့နေခဲ့ပါပြီ...
သူတကယ်တမ်း
ခြောက်လှန့်ချင်နေခဲ့တာက
ရှောင်ပုတန်လေးပါ။

အကြီးအကဲလီဟာ
ရှောင်ပုတန်လေးကို ချိုးနှိမ်ထားချင်
နေခဲ့တာပါ... ရှောင်ပုတန်လေးကို
လင်းဖုန်းနဲ့ မီးလျှံခေးဂိုဏ်းရဲ့
ကြီးမားတဲ့ ကွာဟချက်ကို
သိစေချင်နေခဲ့တာလေ... သူ့ကို
မီးလျှံခေးဂိုဏ်းရဲ့ စွမ်းအားကြီးမှုကို
ခံစားမိစေချင်နေခဲ့တာပဲ ဖြစ်ပါတယ်...

ဒါမှပဲ သူလေးဟာ သူ့ရဲ့တပည့်
လွယ်လွယ်လေးနဲ့ ဖြစ်လာမှာပေါ့။

နောက်ဆုံးတော့ အကြီးအကဲလီရဲ့
အော်ရာတွေဟာ ထိပ်ဆုံးကို
ရောက်လာခဲ့ပါပြီ... သူ့ရဲ့ လက်ညှိုးနဲ့
လက်ခလယ် နှစ်ချောင်းတို့ဟာ
ဓားတစ်စင်း လိုမျိုးပဲ
ဆန့်တန်းပြီးတော့ လင်းဖုန်းဆီကို
ညွှန်လိုက်ပြီလေ။

သူ့ရဲ့ လက်ချောင်းထိပ်က
မီးတောက်မီးလျှံတွေဟာ ပေါက်ကွဲလို့

သွားခဲ့ပါပြီ... မီးလျှံခားအော်ရာပေါင်း
ထောင်ပေါင်းများစွာ အဖြစ်ကို
ပြောင်းလဲလို့ သွားခဲ့ပြီလေ...
ရှည်လျားတဲ့ မီးညွှန့်မီးလျှံတွေဟာ
လေထုထဲမှာ မှိုတ်တုတ်မှိုတ်တုတ်နဲ့
ထောင်ပေါင်းများစွာသော
မီးနဂါးတွေလိုပဲ ဟိန်းဟောက်ပြီး
ရှေ့သို့ချီတက်ကာ လာခဲ့ပါတယ်။

မြေပြင် အနီးအနားကနေ
ပျံသန်းသွားတဲ့  ခားအော်ရာတွေ
အနေနဲ့... ပျံသန်းခြင်း ဖြစ်စဥ်ကနေ
ဖြစ်ပေါ်လာခဲ့တဲ့ ကြီးမားတဲ့

စွမ်းအားတွေဟာ...
မြေကြီးတစ်လျှောက်မှာ
ထယ်ထိုးထားသလိုမျိုး
မီတာဒါဇင်ပေါင်း များစွာနက်တဲ့
မြောင်းကြီးတွေကို
ဖြစ်ပေါ်လာစေခဲ့တယ်လေ။

ဘယ်လိုစွမ်းအားမျိုးလဲကွာ?

ဓားအော်ရာ အလင်းတန်း
တစ်ခုချင်းတိုင်းဟာ
တောင်ကုန်းငယ်လေး တစ်ခုကို
ဖျက်ဆီးပစ်နိုင်ပါတယ်... ဓားအော်ရာ

အလင်းတန်း တစ်ခုချင်းတိုင်းဟာ
အခြေခံအုတ်မြစ် အဆင့်က ကျင့်ကြံသူ
တစ်ယောက်ရဲ့ အစွမ်းကုန်
တိုက်ခိုက်ခြင်းနဲ့ တူတယ်လေ...
အလင်းတန်း တစ်ခုချင်းတိုင်းဟာ
အခုလက်ရှိ လင်းဖုန်း ခုခံနိုင်တဲ့
အရာမျိုး မဟုတ်ပါဘူး။

အခုတော့ အဲ့ဒီလိုမျိုး
ဓားအော်ရာတွေဟာ ရာနဲ့ထောင်နဲ့
ချီပြီးတော့ ကောင်းကင်ယံမှာ
ပြည့်နှက်လို့ နေခဲ့ပြီလေ!

ခါးအောင်ရာတွေ ဖြတ်သွားတဲ့
နေရာတွေ အကုန်လုံးဟာ
ခြစ်ခြစ်တောက်ပူနေတဲ့ မြေကြီးတွေ
ဖြစ်ကုန်ကြတယ်လေ…
ဒီအချိန်မှာတော့ ဒီပြင်းထန်လှတဲ့
စွမ်းအားဟာ ဝူကျိုးမြို့ တစ်မြို့လုံးကို
တုန်လှုပ်စေခဲ့ပါပြီ။

ရှောင်ပုတန်လေးက
သူ့ရဲ့မျက်လုံးကြီးတွေကို ပြူးပြီးတော့
အော်လိုက်ပါတယ်… "အား…
ဆရာသခင်… ဘယ်သူက

ဆရာပိုကျသလဲ ဆိုတာ
ပြလိုက်စမ်းပါဗျ!"

သူ့ကို ဆုပ်ကိုင်ထားတဲ့
အကြီးအကဲလီက အေးစက်စွာနဲ့ပဲ
နှာခေါင်းရှုံ့လိုက်ပါပြီ... "ဟွန့်...
ချာတိတ်လေး... မျက်စိကိုပြူးပြီး
သေချာကြည့်ထားဟ... ဒါက
အင်မော်တယ်တွေရဲ့
တကယ့်စွမ်းရည်ပဲကွ!"

ရှောင်ကျန်းအာနဲ့ ရှောင်ယန်တို့ကလဲ
တုန်လှုပ်သွားပြီး

ချက်ချင်းပြေးလာကြပါတယ်။
ဒီထောင်ပေါင်းများစွာသော
ခားအော်ရာတွေကိုကြည့်ပြီး
ရှောင်ယန်ရဲ့ အမူအယာတွေဟာ
အကြီးအကျယ် ပြောင်းလဲကာ
သွားခဲ့ပြီလေ... "အား...
ရွှေရောင်ဗဟိုချက်အဆင့် ကျင့်ကြံသူ!"

"ကိုကိုရှောင်ယန်... ကြည့်ရတာတော့
ကိုကို့ရဲ့ဆရာဟာ အရေခြုံထားတာ
ထင်တယ်..." လူအကြီးလိုမျိုး
ဘာမှပြန်မလုပ်ပဲ ငြိမ်ပြီးကြည့်နေတဲ့
လင်းဖုန်းကိုကြည့်ပြီးတော့

ရှောင်ကျန်းအာလေးဟာ
မျက်မှောင်ကြုတ်သွားခဲ့ပါတယ်...
သူမရဲ့ ရင်ထဲမှာလည်း ချီတုံချတုံ
ဖြစ်နေခဲ့တယ်လေ... "အင်း...
ငါကသူ့ကိုကယ်လိုက်ရင်
ကောင်းမလား?"

ယန့်မင်းရွှဲ့ဟာလည်း
အမှန်တကယ်တော့ ဘေးနားကနေ
တစ်ချိန်လုံး ပုန်းနေခဲ့တာပါ... သူမရဲ့
အာရုံတွေ အားလုံးကိုလည်း
လင်းဖုန်းရဲ့ဆီမှာ စူးစိုက်ကာ
ထားခဲ့တယ်လေ။ "အင်း...

ရှင့်ရဲ့လက်ထဲမှာ ဝှက်ဖဲတွေ ရှိရင်တော့
ဒီအချိန်မှာ ထုတ်တော့လေ...
နို့မဟုတ်ရင်
နောက်ကျသွားတော့မယ်တော့်"

အားလုံးကလည်း အသက်တောင်
မရှူနိုင်ပဲ ကြည့်နေကြပြီလေ... ဒါပေမဲ့
ဒီမုန်တိုင်းရဲ့ ဗဟိုချက်မှာ ရှိနေတဲ့
လင်းဖုန်းကတော့ ခံစားချက်တစ်ခုပဲ
ရှိပါတယ်... အဲ့ဒါကတော့ ပူတာပါပဲ။

နှိုင်းယှဥ်စရာမျိုးကို မရှိတဲ့ အပူမျိုးပါ...
သူဟာ မီးပြင်းဖိုကြီး တစ်ခုအတွင်းကို

ရောက်နေတဲ့ အတိုင်းပါပဲ...
အချိန်မရွေး ပြာပုံအဖြစ်ကို
လောင်ကျွမ်းသွားတော့မလိုပါ။

သူ့မျက်စိထဲမှာ မြင်နေရတာကလဲ
မီးပင်လယ်ကြီးပါ... တောက်ပနေတဲ့
ကြက်သွေးရောင်ရင့်ရင့် အနီရောင်
ခေါ်အောင်ရာတွေဟာ
သူ့ရဲ့မျက်လုံးတွေကို
ဖွင့်လို့မရစေခဲ့ပါဘူး။

လင်းဖုန်းဟာ သေမင်းရဲ့
အငွေ့အသက်တွေကို
စတင်ပြီးခံစားလာရပါပြီ။

"ကဲ... ပွင့်စမ်း!"

အကြီးအကဲလီဟာ သူ့ရဲ့ဓားကို
ပစ်လွှတ်လိုက်တဲ့ အချိန်မှာပဲ
လင်းဖုန်းရဲ့ မှော်စွမ်းအင်တွေဟာ
ထိုးတက်လာခဲ့ပါတယ်...
တောက်တီကို အတွင်းကနေရော
အပြင်ကနေပါ တိုက်ခိုက်လိုက်ပါပြီ...
ပြီးတော့ လက်စွပ်ထဲက

ကောင်းကင်လျှောင်အိမ်
မှော်အင်းကွက်ကို ခွဲချေလိုက်ပြီလေ။

"ဟား...ဟား...လွတ်ပြီဟေ့...
နောက်ဆုံးတော့ ငါကလွတ်ပြီဟေ့!"

"ယန့်မင်းရွှဲ့... မင်းလေးကိုမှ မစားရရင်
ငါ့ရဲ့အမုန်းတွေကို
မဖြေဖျောက်နိုင်ဘူးကွ!"

"စားမှာပဲ... စားမှာပဲ...
ငါ့ကိုလာမတားနဲ့!"

စူးရှတဲ့ အသံလေးဟာ လင်းဖုန်းရဲ့
စိတ်ထဲမှာ အဆက်မပြတ်ပဲ
အောင်မြည်နေခဲ့ပါတယ်။

သူ့ရဲ့လက်ထဲက လက်စွပ်လေးဟာ
တွင်းနက်ကြီးလိုပါပဲ... အနီးအနားက
သူနဲ့ထိတွေ့နေတဲ့ အရာဝတ္ထု
မှန်သမျှကို ဝါးမျိုချင်နေတဲ့
အင်အားကောင်းတဲ့ ဆွဲအားမျိုးကို
ထုတ်လွှတ်လိုက်ပြီလေ။

လင်းဖုန်းဟာ သူ့ရဲ့မှော်စွမ်းအားတွေ
အကုန်လုံးဟာ ဒီလက်စွပ်လေးထဲကို

ထိန်းမနိုင် သိမ်းမရ စီးဝင်သွားတာကို
ချက်ချင်းပဲ ခံစားလိုက်ရပါတယ်...
ရေကာတာ ကျိုးပေါက်ပြီးတော့
ရေတွေဟာ တရဟော
စီးဆင်းသွားသလိုပါပဲ။

ရာထောင်ပေါင်းများစွာသော
ခေးအော်ရာ အလင်းတန်း
တွေဟာလည်း သူ့ရဲ့ ရှေ့တည့်တည့်ကို
ရောက်ရှိလို့ လာခဲ့ပါပြီ... ဒီ့အပြင် သူ့ရဲ့
မှော်စွမ်းအင်တွေကို အဆက်မပြတ်
ဝါးမျိုနေတဲ့ တွင်းနက်ကြီးကလဲ ရှိ
နေသေးတယ်လေ။ အတွင်းရန်...

အပြင်ရန် နှစ်မျိုးစလုံးနဲ့ တပြိုင်နက်
ရင်ဆိုင်နေရပေမယ့် လင်းဖုန်းဟာ
အပြုံးမပျက်ခဲ့ပါဘူး...
သူ့ရဲ့လက်ချောင်းမှာ လက်စွပ်လေးကို
ဝတ်ဆင်လိုက်ပါတယ်။

လင်းဖုန်းဟာ သူ့ရဲ့ညာလက်ကို
ဒီအတိုင်းပဲ
ဆန့်ထုတ်လိုက်တယ်လေ... သူ့ဆီကို
ပြေးဝင်လာနေတဲ့
မီးတောက်မီးလျှံတွေကို
တားဆီးလိုက်ပါပြီ။

"သောက်ရူးပဲ!"

မီးလျှံခားဂိုဏ်းက ကျင့်ကြံသူတွေ
အားလုံးဟာ အထင်သေးတဲ့
အမှုအရာမျိုးတွေ ဖြစ်သွားကြပါပြီ။
အခြေခံအုတ်မြစ် အဆင့်က ကျင့်ကြံသူ
တစ်ယောက်ဟာ ရွှေရောင်ဗဟိုချက်
အဆင့်က ကျင့်ကြံသူရဲ့ ခားချက်ကို
ဒီလိုမျိုး ကာကွယ်တာဟာ
ရယ်စရာကြီးဖြစ်လို့ နေခဲ့ပါတယ်။

သူ့ရဲ့ရလဒ်ဟာ ဘယ်လိုပဲဖြစ်ဖြစ်
ပြာပုံပဲ ဖြစ်သွားမှာပါ။

မီးလျှံခေါးဂိုဏ်းက ကျင့်ကြံသူ
အုပ်စုဟာ ဒီခေါးအော်ရာရဲ့
ပထမအလင်းတန်းဟာ လင်းဖုန်းရဲ့
ညာလက်ကို ဖြတ်တောက်သွားပြီလို့
ကြိုတင်ပြီးတော့
မြင်ယောင်နေကြပါပြီ... ပြီးတော့
ဒုတိယအလင်းတန်း...
တတိယအလင်းတန်း......

ရာနဲ့ထောင်နဲ့ချီတဲ့ ခေါးအော်ရာ
အလင်းတန်းတွေဟာ သူ့ကို တစ်စစီ
နှုတ်နှုတ်စင်းပစ်လိုက်မယ်... ပြီးတော့

ဒီခါးအောင်ရာတွေဟာ
မီးတောက်မီးလျှံတွေအဖြစ်
ပြောင်းသွားကြပြီး... ဒီလိုမျိုး
သေးငယ်ပြီး တစ်ကိုယ်တော်
လေလွင့်နေတဲ့... ကောင်းကင်က
ဘယ်လောက်မြင့်မှန်း.. မြေကြီးက
ဘယ်လောက်ထူမှန်း... မသိတဲ့
ကျင့်ကြံသူကို ပြာမှုန်တွေအဖြစ်
ပြောင်းလဲပေးလိုက်မယ်။

"ကဲ... ဘယ်လောက်အထိတောင်မှ
ပြည့်စုံလှပတဲ့ မြင်ကွင်းမျိုးလဲ!"

အကြီးအကဲလီနဲ့ အပေါင်းပါတွေဟာ
ပြုံးဖြီးဖြီးနဲ့ ကြည့်နေကြပါတယ်...
ဒါပေမဲ့လည်း အချိန်တွေဟာ
ရွေ့သွားတာနဲ့အမျှ သူ့တို့ရဲ့
မျက်နှာပေါ်က အပြုံးတွေဟာ
အေးခဲပြီးတော့ လာကြပါပြီ။

သူတို့က ဘာကိုများ
မြင်တွေ့လိုက်ရလို့လဲ?

လင်းဖုန်းရဲ့ ဆန့်ထုတ်လိုက်တဲ့လက်နဲ့
တွေ့လိုက်ပြီးတဲ့နောက်မှာ...
အကြီးအကဲလီရဲ့

မနိုင်းယှဥ်နိုင်လောက်အောင်
ပြင်းထန်တဲ့ ခေါ်အော်ရာတွေဟာ
ရုတ်ခြည်းပဲ မျက်စိအောက်ကနေ
ပျောက်ကွယ်လို့ သွားခဲ့ပြီလေ။

ဟုတ်ပါတယ်... လုံးဝကိုပဲ
ပျောက်ကွယ်သွားတာပါ...
အစအနလေးတောင်မှ
မကျန်ရစ်ခဲ့ပါဘူး။

အပြင်းအထန်
ထိပ်တိုက်ရင်ဆိုင်ခြင်းမျိုး မရှိခဲ့ပါဘူး...
ရင်သပ်ရှုမောဖွယ်ရာ အော်ရာတွေ

ထွက်မလာခဲ့ဘူးလေ.. ဒီအတိုင်းလေးပဲ
မျက်စိအောက်ကနေ ဖျောက်ကနဲ
ပျောက်သွားခဲ့တာပါ။

ဒုတိယအလင်းတန်း... ပြီးတော့
တတိယအလင်းတန်း...
ဒီအချိန်မှာတော့ လင်းဖုန်းရဲ့
လက်ဖဝါးဟာ အဆုံးမရှိတဲ့ အသူရာ
ချောက်နက်ကြီးလိုပါပဲ...
အကြီးအကဲလီရဲ့ ဥက္ကာပျံ မီးခဲခဲဲးက
ထုတ်လွှတ်လိုက်တဲ့ ရာနဲ့ထောင်နဲ့ချီတဲ့
ခဲးအော်ရာတွေကို တိတ်ဆိတ်စွာနဲ့...

တိကျပြတ်သားစွာနဲ့ ဝါးမျိုလို့
နေခဲ့ပြီလေ။

ကန့်နံ့ဘေးမှာလဲ ရုတ်ခြည်းပဲ လုံးဝကို
တိတ်ဆိတ်သွားပါတော့တယ်။
နှစ်ဘက်စလုံးဟာ မျက်နှာချင်းဆိုင်
ရပ်နေကြတုံးပါပဲ... ကြည့်ရတာက
ဒီပတ်ဝန်းကျင် မိုင်ပေါင်းများစွာကို
ကွဲကြေသွားစေနိုင်တဲ့ ဥက္ကာပျံ
မီးခဲခဲေးဟာ တစ်ခါမှ
မပေါ်လာဖူးခဲ့သလိုပဲလေ။

လေထုထဲမှာ ရှိနေဆဲဖြစ်တဲ့
ပူစပ်ပူလောင် အခြေအနေနဲ့
မည်းနက်ပြီး ရှုပ်ပွနေတဲ့
မြေပြင်ကြောင့်သာ မဟုတ်ရင်
ဒါကြီးဟာ အရင်က တစ်ခါမှ
မရှိဖူးခဲ့သလိုမျိုးပါ။

လူသေတွေလို တိတ်ဆိတ်နေတဲ့
လူအုပ်ကြီးထဲကနေ... ကျယ်လောင်ပြီး
ကြွတ်ဆတ်တဲ့ ကလေးလေးရဲ့
အသံဟာ ချက်ချင်းပဲ
ပေါ်ထွက်လာပါတော့တယ်... "ဝါး...
ဆရာသခင်က စွန်းလန်းတာပဲ..."

ဒါကတော့ ရှောင်ပုတန်လေးကလွဲလို့ ဘယ်သူဖြစ်မှာလဲ... အကြီးအကဲလီရဲ့ လေထဲမှာ ဂုတ်ကနေ ဆွဲကိုင်ခြင်းကို ခံနေရပေမယ့် ကောင်ကလေးဟာ လင်းဖုန်းကို အားရဝမ်းသာစွာနဲ့ ကောင်းချီးဩဘာ ပေးနေခဲ့ပါတယ်။

"ဒါ... ဒါက ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ!"

ဒီအချိန်မှာတော့ မီးလျှံခေးဂိုဏ်းက လူတွေဟာ သတိတွေ

ပြန်ဝင်လာကြပါပြီ…
ကျယ်လောင်စွာနဲ့ပဲ
အော်ဟစ်ကုန်ကြပြီလေ။

အထူးသဖြင့် အကြီးအကဲလီဟာ သူ့ရဲ့
မျက်လုံးပြူးကြီးတွေနဲ့ လင်းဖုန်းကို
စိုက်ကြည့်လို့ နေခဲ့ပါပြီ… သူ့ရဲ့
လည်ချောင်းကနေ အသက်ရှူသံ
ပြင်းပြင်းတွေ ထွက်နေပါတယ်…
ဒါပေမဲ့လည်း သူဟာ
စကားတစ်ခွန်းကိုမှ မပြောနိုင်ခဲ့ပါဘူး။

ဒီအချိန်မှပဲ လင်းဖုန်းလေးဟာ
စိတ်သက်သာရာရစွာနဲ့ လေပူကြီး
တစ်ချက်ကို
မှုတ်ထုတ်လိုက်နိုင်ပါတော့တယ်...
သူ့ရဲ့ ကျောပြင်မှာလည်း ချွေးတွေနဲ့
စိုရွှဲလို့ နေခဲ့ပါပြီ။

သူ့ရဲ့ လက်ချောင်းပေါ်က
လက်စွပ်လေးရဲ့ ဆွဲငင်အားဟာလည်း
တဖြည်းဖြည်းနဲ့ အလွန်ပဲ
အားနည်းကာ လာခဲ့ပြီလေ... သူ့ရဲ့
နှာနံဘေးမှာ တောက်တီရဲ့
တီးတိုးရေရွတ်သံဟာ လွင့်ပျံလို့

လာခဲ့ပါပြီ... "အား.. အရသာ ရှိလိုက်တာကွာ... စားလို့ အရမ်းကောင်းတာပဲဟေ့! ဒီနှစ်ပေါင်း အတောအတွင်းမှာ ဆုံးရှုံးခဲ့ရတဲ့ ဟာတွေကိုတော့ ပြန်ပြီးတော့ ကာမိပြီကွာ... ဒါပေမဲ့ စားပြီးရင်း စားချင်ပဲဟေ့!"

စကားပြောနေရင်းမှာပဲ... လင်းဖုန်းဟာ ဒီလက်စွပ်ထဲက ဆွဲငင်အားဟာ နောက်ထပ်တစ်ဖန် အားပြန်ကောင်းလာတာကို ခံစားမိလိုက်ပြီလေ!

# စာစဥ် ၂ : အပိုင်း ၃

## အပိုင်း ၂၃ : ကောင်ကလေး... မင်းကရှုပ်လို့ ဝပြီလား?

အစကနေ အဆုံးအထိ လင်းဖုန်းရဲ့
မျက်နှာပေါ်က အမူအယာတွေဟာ
ဘာတစ်ခုမှ မပြောင်းလဲခဲ့ပါဘူး...
တည်ငြိမ်စွာနဲ့ပဲ သူ့ရဲ့အရှေ့က
မီးလျှံခွားဂိုဏ်း အုပ်စုကို သာမာန်သာ
ကြည့်နေခဲ့တာပါ။

ခဏာနေတုန်းက... သူဟာ
အကြီးအကဲလီရဲ့
မဟာတိုက်စစ်ကြောင့်
ကြက်မှိုင်မှိုင်နေခဲ့တာလို့ အများက
ထင်နေကြတာပါ။

ဒါပေမဲ့လည်း... အခုတော့
အကြီးအကဲလီရဲ့ ကြောက်လန့်ဖွယ်
ဥက္ကာပျံ မီးခဲခဲဲးဟာ ဘာမှမရှိခြင်း
အဖြစ်ကို အရည်ပျော်သွားတော့...
အားလုံးရဲ့ အမူအရာတွေဟာလည်း
ပြောင်းလဲလို့ သွားခဲ့ပြီလေ။

အကြီးအကဲလီရဲ့ ကြက်သွေးရောင်
ဆံပင်တွေဟာ လေထဲမှာ
လွင့်လို့နေခဲ့ပါပြီ... သူ့ရဲ့လက်ကို
ဝှေ့ယမ်းလိုက်ပြီး သူဟာ
ရှောင်ပုတန်လေးကို သူ့ရဲ့
အနောက်ကလူကို
ပစ်ပေးလိုက်ပါတယ်... ပြီးတာနဲ့
တိတ်ဆိတ်စွာနဲ့ပဲ လင်းဖုန်းဆီကို
ခြေလှမ်းကျဲကြီးတွေနဲ့
လျှောက်လှမ်းပြီးတော့ လာခဲ့ပြီလေ။

သူ့ရဲ့လက်ကို လှန်လိုက်တော့...
အဆုံးအစမဲ့ မီးလျှံတွေဟာ

ဆံနီအဘိုးအိုရဲ့ လက်ဖဝါးကနေ
လွင့်ပျံကာ လာခဲ့ပါတယ်။
အချိန်ခဏလေး အတွင်းမှာပဲ
မီးလျှံတွေဟာ သိပ်သည်းသွားပြီး...
သူ့ရဲ့လက်ထဲမှာ အနီရောင်ရင့်ရင့်
အလင်းရောင် ခါးအဖြစ်
ပြောင်းလဲကာ သွားခဲ့ပါပြီ။

ဒီအလင်းရောင်ခါးဟာ ကြည့်ရတာ
သာမာန်လို့ပဲ ထင်ရတယ်...
အရောင်ခပ်မှိန်မှိန်နဲ့ အလင်းတန်း
တစ်ခုသာ ဒီခါးရဲ့ ခါးသွားအပေါ်မှာ
လှည့်နေခဲ့တယ်လေ။

ဒါပေမဲ့လည်း ဒီအလင်းရောင်ခေါးက
လင်းဖုန်းကိုပေးတဲ့ ဖိအားဟာ
ဒီ့အရင်က မြင့်မားလှတဲ့
အော်ရာတွေရှိတဲ့ ဥက္ကာပျံ
မီးခဲခေါးထက်တောင် ပိုပြီးတော့မှ
ကြီးမားနေခဲ့ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ဒီအချိန်မှာ
ဒီငနဲအိုကြီးဟာ သူ့ရဲ့
နောက်ဆုံးဗုက်ဖဲကို
ထုတ်သုံးလာခဲ့လို့ပါ... သူ့ရဲ့
စွမ်းအားမြင့် မှော်စွမ်းအင်တွေဟာ

ဒီအလင်းရောင်ခေါး အပေါ်မှာ
စုစည်းလို့ နေခဲ့ပါပြီ… သူ့ရဲ့
စွမ်းအားတွေကလဲ အစွမ်းကုန်
သိပ်သည်းလို့ သွားခဲ့ပြီလေ။ ဒီမီးလျှံ
မှော်စွမ်းအင်တွေဟာ
တစ်စက်ကလေးကိုမှ ယိုစိမ့်ခြင်း
မရှိခဲ့ပါဘူး… ဒီ့အပြင် ပတ်ဝန်းကျင်
လေထုထဲက အပူခါတ်တွေကိုတောင်
စုပ်ယူလို့ နေခဲ့သေးတယ်လေ။

နဂိုက ပူလောင်ခြောက်သွေ့နေခဲ့တဲ့
လေထုကြီးဟာ ဒီအချိန်မှာတော့
အေးမြလို့ လာခဲ့ပါပြီ။

မီးလျှံခေါးဂိုဏ်းက ကျင့်ကြံသူတွေဟာ
အုပ်စုလိုက် ရောက်နေတာလေ...
အမှန်ဆိုရင်တော့ မဆုံးနိုင်တဲ့ အပူတွေ
ထွက်နေရမှာပေါ့... ဒါပေမဲ့လည်း
ဒီအချိန်မှာတော့ အပူခေါတ်တွေဟာ
လုံးဝကိုပဲ ကွယ်ပျောက်လို့
သွားခဲ့ပြီလေ။

ဒါဟာ သူတို့က သူတို့ရဲ့
မှော်စွမ်းအင်တွေကို ထိန်းချုပ်လိုက်လို့
မဟုတ်ပါဘူး... အကြီးအကဲလီရဲ့
အလင်းရောင်ခေါးဟာ

ဒီအပူခါတ်တွေကိုတောင်
စုပ်ယူပစ်လိုက်လို့ပါ။

ဒီအချိန်မှာတော့... သာမာန်ပဲလို့
ထင်ရတဲ့ ဒီအလင်းရောင်ခါးဟာ
အလွန်ကိုမှပဲ ကြောက်စရာကောင်းတဲ့
စွမ်းအားတွေကို ထုတ်လွှတ်လို့
နေခဲ့ပါပြီ... အစွမ်းကုန် ဖျက်ဆီးခြင်း
အောဝ်ရာပဲ ဖြစ်ပါတော့တယ်!

လင်းဖုန်းဟာ အဲ့ဒီခါးကို
စိုက်ကြည့်ကာ နေခဲ့ပါတယ်။
တကယ်လို့များ သူကသာ ဒီခါးချက်

တစ်ချက်မိလိုက်ရင် မီးလျှံတွေရဲ့
လွှမ်းခြုံခြင်းကို ခံရမှာ မဟုတ်ဘူး
ဆိုတာက သေချာပါတယ်...
လောင်ကျွမ်းတဲ့ ဖြစ်စဉ်တောင်
ရှိလိုက်မှာ မဟုတ်ဘူးလေ။ သူဟာ
မီးခိုးပြာမှုန့်တွေ အဖြစ်ကို
တန်းပြီးတော့ ဘဝပြောင်းသွားမှာပါ...
အချခံလိုက်ရတာနဲ့ တပြိုင်နက် သူဟာ
ပြင်းထန်တဲ့ အပူတွေကြောင့်
ချက်ချင်းပဲ အငွေ့ပျံသွားမှာလေ။

တကယ်လို့သာ ဟိုးအဝေးက
ရေကန်ငယ်လေးရဲ့ အပေါ်မှာ

ဒီခါးချက်သာ
ကျရောက်သွားမယ်ဆိုရင်တော့…
ကုဗမီတာပေါင်း ထောင်သောင်းနဲ့ချီတဲ့
ကန်ရေတွေဟာ ချက်ချင်းပဲ အကုန်လုံး
အငွေ့ပျံသွားမှာပါ။ တကယ်လို့
ဂူကျိုးမြို့ရဲ့ မြို့ရိုးအပေါ်ကို
ကျသွားမယ် ဆိုရင်တော့…
မြို့တစ်ဝက်လောက်က
ပျက်စီးသွားမှာလေ။

အလေးအနက် ထားလာပြီဖြစ်ခဲ့တဲ့
အကြီးအကဲလီဟာ ဘာစကားအပိုကိုမှ
မပြောတော့ပါဘူး… သူ့ရဲ့လက်ထဲက

အလင်းရောင်ခေါ်ကို လင်းဖုန်းဆီကို
ဦးတည်လိုက်ပါပြီ။

လင်းဖုန်းဟာ ဒီလိုမျိုး မဟာ
ရွှေရောင်ဗဟိုချက် အဆင့်က
ကျင့်ကြံသူတွေနဲ့ တုံ့ပြန်ခြင်း
အလျှင်ကို ယှဥ်ပြိုင်ရင် ကိုယ့်ကိုယ်ကို
သတ်သေသလိုပဲ ဆိုတာကို
ကောင်းကောင်းကြီး
သဘောပေါက်ထားခဲ့ပါတယ်...
ဒါကြောင့်ပဲ အကြီးအကဲလီက သူ့ဆီကို
ခေါ်ဦးတည်လိုက်တာနဲ့ တပြိုင်နက်
သူဟာ လက်စွပ်ဝတ်ထားတဲ့ သူ့ရဲ့

ညာဘက်လက်ကို သူ့ရဲ့
ရင်ဘတ်အရှေ့ကို
ပြန်ရုတ်လိုက်ပါတယ်။

ဥက္ကာပျံ မီးခဲခဲလေးက ပေးတဲ့
သင်ခန်းစာအရ… ဒီဘဲအိုကြီးဟာ
ဒီတစ်ချိန်မှာတော့ သူ့ရဲ့
စွမ်းအားတွေကို
ဖြန့်ကျက်ထားတော့မှာ မဟုတ်ဘူး…
တစ်နေရာထဲကိုပဲ သူ့ရဲ့
အင်အားတွေကို စုစည်းပြီးတော့
တိုက်ခိုက်လိမ့်မယ်။

လင်းဖုန်းဟာ အရဲစွန့်လိုက်ပါပြီ…
အကြီးအကဲလီရဲ့ တိုက်ခိုက်မယ့်
နေရာကို အရဲစွန့်လိုက်တာပါ။

တကယ်လို့များ သူ့ရဲ့ ခန့်မှန်းချက်ဟာ
မှားသွားမယ် ဆိုရင်တော့
ဒီလက်စွပ်ကတောင်မှပဲ သူ့ကို
အကာအကွယ် ပေးနိုင်တော့မှာ
မဟုတ်ပါဘူး… သူဟာသေချာပေါက်
သေမှာပါ။

လင်းဖုန်းဟာ နောက်မဆုတ်ပဲ
မီးလျှံခြားဂိုဏ်းနဲ့

ထိပ်တိုက်ရင်ဆိုင်ဖို့ကို
ဆုံးဖြတ်လိုက်ပြီးကတည်းက... သူဟာ
မျှော်လင့်ချက် ကင်းမဲ့တဲ့
အခြေအနေမျိုးကို
ရင်ဆိုင်ရနိုင်တယ်လို့ သိပြီးသားပါ...
ဒါပေမဲ့လည်း ဒါဟာ သူ့ရဲ့
တိုက်ပွဲဝင်လိုစိတ်ကို
တက်ကြွလာအောင် ပိုပြီးတော့တောင်
လှုံ့ဆော်မှု ပေးပါသေးတယ်။

သူဟာ အစွမ်းကုန် ကြိုးစားပြီး
အသက်ရှင်နိုင်ဖို့ လမ်းတစ်လမ်းတော့
ဖောက်ရမယ်လေ။

ဒီအချိန်မှာပဲ လင်းဖုန်းဟာ နှလုံးခုန်ရပ်တန့်သွားပါတော့တယ်။

တချိန်ထဲမှာပဲ... ဆံနီအဘိုးအိုကလဲ နေရာကနေ ပျောက်လို့သွားခဲ့ပါပြီ။

သူ့ရဲ့ အလျှင်နှုန်းဟာ မြန်လွန်းတော့ လင်းဖုန်းက ဘာမှ
မလုပ်နိုင်သေးခင်မှာပဲ အနီရင့်ရောင် ခေါးအော်ရာတွေဟာ သူနဲ့
လက်မအနည်းငယ်သာ ကွာပါတော့တယ်။

လင်းဖုန်းက ရင်ထဲမှာပဲ
ကျယ်လောင်စွာ
အော်ဟစ်နေပါတော့တယ်။
သူလောင်းတာ မှန်သွားခဲ့ပါပြီ…
ဒီခေါ်အော်ရာတွေဟာ သူ့ရဲ့
ရင်ဘတ်ကိုပဲ ဦးတည်နေခဲ့တာပါ!

တကယ်လို့များ သူဟာ ရန်သူရဲ့
ဦးတည်ချက်ကို ကြိုတင်ပြီးတော့
မခန့်မှန်းထားပဲ စောစောကြိုပြီး
မကာထားရင်… ဒီလူသတ်ခေါ်းကွက်ကို

သေချာပေါက် ကာကွယ်နိုင်မှာ
မဟုတ်ပါဘူး။

ဒါပေမဲ့ အခုတော့ အရာရာဟာ
ပြောင်းလဲလို့ သွားခဲ့ပါပြီ...
လက်စွပ်လေးထဲက နေပြီးတော့
ပြင်းထန်တဲ့ ဆွဲငင်အားဟာ
ပေါက်ကွဲထွက်ကာ လာခဲ့ပါတယ်...
အကြီးအကဲလီရဲ့ ခေါ်အောင်ရာ အထဲက
မှော်စွမ်းအင်တွေ အကုန်လုံးကို
အားရပါးရ ဝါးမျိုလိုက်ပြီလေ။

လင်းဖုန်းရဲ့ နားထဲမှာကတော့...
တောက်တီရဲ့ ဒေါသတကြီး
အော်ဟစ်လိုက်တဲ့ အသံဟာ
ပျံ့လွင့်ကာ လာခဲ့ပါတယ်...
"တောက်...
လောက်ကောင်စုတ်လေး...
မင်းကငါ့ကို အသုံးချရဲတာလားဟ?
တကယ်လို့များ... ဒီနေ့မှာ
ငါကမသေခဲ့ရင်... မင်းကို အစိမ်းလိုက်
ဝါးစားမယ်ဟေ့!"

ဒီအချိန်မှာတော့... အကြီးအကဲလီရဲ့
မျက်နှာကလဲ ဖွေးဆွတ်လို့ နေခဲ့ပါပြီ...

သူ့ရဲ့ မှော်စွမ်းအင်တွေဟာ သူ့ဆီကနေ
အလျှင်အမြန်နဲ့ စီးထွက်လို့
သွားနေခဲ့တာကို ခံစားလိုက်ရပြီလေ။

လက်စွပ်ထဲက တောက်တီဟာ…
အကြီးအကဲလီရဲ့
မှော်စွမ်းအင်တွေကို… အငမ်းမရ
စုပ်ယူနေခဲ့ပါတယ်။ အကြောင်းရင်း
တစ်ခုက… ဒီတောက်တီဟာ
အမတန်ကိုမှပဲ အစားကြီးပါတယ်…
စားပိုးနင့်ပြီး သေရမှာထက်စာရင်…
ပါးစပ်အထဲက

စားကောင်းသောက်ဖွယ်တွေကို
လွှတ်သွားမှာကို ပိုကြောက်တယ်လေ။

နောက်ထပ်အကြောင်းရင်း
တစ်ခုကတော့... ဒီတောက်တီဟာ
ကြိုးတန်းပေါ်မှာ
လမ်းလျှောက်နေရသလိုမျိုး
အမှားမခံတော့ပါဘူး။ တကယ်လို့များ
ဒီအချိန်မှာ လက်လျှော့လိုက်ရင်...
သူဟာ လင်းဖုန်းအတွက် ခေးစာခံသာ
ဖြစ်သွားပြီး... အကြီးအကဲလီရဲ့
အလင်းရောင်ခေးအောက်မှာ

ပထမဦးဆုံး အသက်ပေးလိုက်ရတဲ့သူ
ဖြစ်သွားမှာပါ။

အကြီးအကဲလီရဲ့ အရှိန်ဟာ အလွန်ပဲ
လျင်မြန်လှပါတယ်... ဘေးကလူတွေ
ဘာမှ မမြင်လိုက်ခင်မှာပဲ...
အလင်းရောင်ဓားဟာ လင်းဖုန်းရဲ့
ရင်ဘတ်အနားကို ရောက်လာခဲ့ပါပြီ။

ဒီအချိန်မှာတော့...
အလင်းရောင်ဓားဟာ တွင်းနက်ကြီး
တစ်ခုလိုပါပဲ... သူ့ဆီကို ဝင်လာတဲ့
အလင်းတန်းတွေ အားလုံးဟာ

မြင်ကွင်းအောက်ကနေ
ပျောက်ကွယ်လို့ သွားခဲ့ပါပြီ။
ကြည့်နေကြတဲ့သူတွေ အကုန်လုံးဟာ
စိတ်တည်ငြိမ်မှု မရှိကြတော့ပါဘူး…
သူတို့ရဲ့ ဝိညာဉ်တွေပါ စုပ်ယူခြင်းကို
ခံလိုက်ရသလိုပါပဲ။

မီးလျှံခေးဂိုဏ်းက ကျင့်ကြံသူတွေ
အကုန်လုံးဟာလည်း ပျော်ရွှင်စွာနဲ့ပဲ
အော်ဟစ်အားပေးကာ နေကြပါပြီ။

"ဟွန့်… ဒီတစ်ခါတော့ မင်းက
ဘယ်လိုလုပ်မလဲ

စောင့်ကြည့်ရသေးတာပေါ့ကွာ..."
ဒီလူစုဟာ အကြီးအကဲလီရဲ့
အောင်မြင်မှုကို တက်ကြွစွာနဲ့
ကြည့်နေကြပါပြီ...
စိတ်လှုပ်ရှားလွန်းလို့ သူတို့ရဲ့
မျက်လုံးတွေတောင်မှပဲ နီရဲကာ
လာကြပြီလေ။

ဒါပေမဲ့လည်း ခဏအကြာမှာပဲ...
သူတို့တတွေရဲ့ ပျော်ရွှင်စွာ
ဟစ်ကြွေးနေမှုတွေဟာ တိကနဲပဲ
ရပ်တန့်သွားခဲ့ပါတယ်...
ကျန်နေခဲ့တာတွေဟာ လေထုထဲမှာ

တုန်ခါနေတဲ့ ပဲ့တင်သံ
တိုးတိုးလေးတွေပါပဲ။

ဘာဖြစ်လို့လဲဆိုတော့ ခေါနဲ့
အတိုက်ခိုက်ခံလိုက်ရတဲ့ လင်းဖုန်းဟာ
အေးအေးဆေးဆေးလေးပဲ ရပ်နေပြီး…
ဘေးမသီ ရန်မခတာကို
အံ့အားသင့်စွာနဲ့ တွေ့ရှိလိုက်ရလို့ပဲ
ဖြစ်ပါတယ်။

တခြားတစ်ဖက်မှာတော့
အကြီးအကဲလီရဲ့ အလင်းရောင်ခေါဟာ

သိသိသာသာကြီးကို
ယုတ်လျော့မှေးမှိန်လို့ သွားခဲ့ပါပြီ။

လင်းဖုန်းဟာ ဘာလှုပ်ရှားမှုမျိုးကိုမှ
မလုပ်သေးပါဘူး... သူ့နေရာမှာသူ
သာမာန်သာ ရပ်နေခဲ့ပါတယ်။ သူ့ရဲ့
တစ်ကိုယ်လုံးမှာလဲ ဘာမှော်စွမ်းအင်
လှုပ်ရှားမှုမျိုးမှ မရှိပါဘူး။ သူဟာ
တည်ငြိမ်စွာနဲ့ပဲ အကြီးအကဲလီကို
အမတန်မှ ရယ်ရတဲ့
လူပြက်တစ်ယောက်ကို
ကြည့်နေရသလိုမျိုး
ကြည့်နေခဲ့တယ်လေ။

တခဏတာလေး အတွင်းမှာပဲ
အကြီးအကဲလီရဲ့ အလင်းရောင်ဓားဟာ
ပျောက်ကွယ်လို့ သွားခဲ့ပါပြီ… သူ့ရဲ့
ဆန့်ထုတ်လိုက်တဲ့ လက်ဟာ
ဒီအတိုင်းပဲ လင်းဖုန်းဆီကို
ဆန့်တန်းပြီးတော့ ရောက်ရှိကာ
လာခဲ့ပြီလေ။

အကြီးအကဲလီရဲ့မျက်နှာဟာ
အံ့အားသင့်မှုတွေနဲ့
ပြည့်နေခဲ့ပါတယ်… လေထဲမှာ
မီးတောက်မီးလျှံတွေအလား

ကခုန်နေခဲ့တဲ့ သူ့ရဲ့
ဆံပင်နီတွေဟာလည်း စွမ်းအားတွေ
ကုန်သွားခဲ့ပြီလေ... သူ့ရဲ့ ပုခုံးနှစ်ဖက်
အပေါ်မှာ ဝဲကာကျလာခဲ့ပါပြီ။

သူဟာ သူ့ရဲ့စွမ်းအားတွေကို
အကုန်သုံးခဲ့တာပါ... ဒါပေမဲ့လည်း
သူ့ရဲ့ ပြိုင်ဖက်ကတော့ အရေးတောင်
မလုပ်ပါဘူး။ ဒီအချိန်မှာတော့
အကြီးအကဲလီဟာ နောက်ဆုံးမှာ
ကြောက်ရွံ့မှုတွေကို စတင်ပြီးတော့
ခံစားလာရပါပြီ... "ဟာ... သွားပြီ...
ငါကတော့ တကယ်ကိုပဲ သွားပြီကွာ...

ဒီလူရဲ့ အဆင့်ဟာ ငါ့ရဲ့
အပေါ်မှာပဲဟ… တကယ်တော့…
တကယ်တော့ ကလေးနဲ့လူကြီး
ဆော့နေတဲ့ အတိုင်းပဲကွာ…"

"ကဲ… ပြေးမှပဲ… ငါတို့ပြေးမှ
ရတော့မယ်ဟ… အကုန်လုံးလဲ
ပြေးကြဟေ့… သူအကွက်ထုတ်တာကို
စောင့်နေရင်တော့ ငါတို့အားလုံး
မာလကီးယား သွားကြမယ်ဟေ့!"

အကြီးအကဲလီတို့
နောက်ဆုတ်တော့မယ် ကြံလိုက်တဲ့

အချိန်မှာပဲ... တချိန်လုံး ဘာစကားတခွန်းမှ မပြောခဲ့တဲ့ လင်းဖုန်းဟာ နောက်ဆုံးတော့ ပါးစပ်ကို ဟလိုက်ပါပြီ။

"ကဲ... ကောင်ကလေး... မင်းကရှုပ်လို့ ဝပြီလား?"

လင်းဖုန်းဟာ သူ့ရဲ့ ရင်ဘတ်အပေါ်မှာ ထားထားတဲ့ သူ့ရဲ့ညာဘက်လက်ကို ရုပ်လိုက်ပြီးတော့မှပဲ ပြန်ပြီးတော့ ဆန့်ထုတ်လိုက်ပါတယ်... သူ့ရဲ့ လက်ညှိုးနဲ့ လက်ခလယ်ကိုလဲ

ခေါးလိုမျိုး ဆန့်ထုတ်လိုက်ပါပြီ...
ခေါးသကော်တ တစ်ခုဟာ
ပေါ်ထွက်လာပြီးတော့ အကြီးအကဲလီ
ဆီကို ပစ်လွှတ်လိုက်ပြီလေ။

လက်စွပ်အတွင်းက တောက်တီရဲ့
အော်ဟစ်ငိုကြွေးသံတွေကို
လင်းဖုန်းတစ်ယောက်ပဲ
ကြားရတာပါ... "အား...
ငါမခံနိုင်တော့ဘူး... ငါကတကယ်ကိုပဲ
မခံနိုင်တော့ဘူးဟာ!"

ဒီတောက်တီ ဝါးမျိုလိုက်တဲ့
ကြက်သွေးရောင်ရင့်ရင့် အနီရောင်
ခေါးအော်ရာတွေဟာ
ရွှေရောင်ဗဟိုချက် အဆင့်က
ကျင့်ကြံသူရဲ့ အသန့်စင်ဆုံးသော
စွမ်းအင်တွေပါ။ လက်ရှိ အချိန်မှာတော့
ဒီတောက်တီဟာ
လက်ကျန်စိတ်ဝိညာဉ် အဖြစ်ကိုပဲ
ရောက်ရှိလို့ နေခဲ့တာလေ… သူ့ရဲ့
စားနိုင်စွမ်းဟာ အကန့်အသတ်
ရှိပါတယ်။ သူဟာ ဒီခေါးအော်ရာကို
မဝါးမျိုနိုင်ရုံတင် မကပဲ…
ဒီခေါးအော်ရာကြောင့်

ဒဏ်ရာပြင်းထန်စွာ ရရှိလို့
သွားခဲ့ပြီလေ။

ဘာကိုမှ ရွေးချယ်စရာ မရှိတော့ပဲ
ဒီတောက်တီဟာ ခေးအော်ရာကို
ပြန်လည်ပြီးတော့
ထွေးထုတ်လိုက်ရပါတော့တယ်။

"ကဲ... မင်းကရှုပ်လို့ ဝသွားပြီးဆိုတော့
ငါကလဲ တစ်ခုခုပြန်ပြီးတော့
ပေးရတာပေါ့ကွာ..." လင်းဖုန်းရဲ့
လက်ချောင်းထိပ်မှာလဲ အနီရောင်
အလင်းတန်းတစ်ခုဟာ

ထိုးထွက်လာခဲ့ပြီး... ခဏနေက
အကြီးအကဲလီနဲ့ အလားတူ
အနီရောင်ရင့်ရင့် ခေါ်အော်ရာတွေဟာ
သူ့ရဲ့လက်ဖျားထိပ်မှာ ပေါ်လာခဲ့ကာ...
အကြီးအကဲလီထံကို
ပစ်လွှတ်လိုက်ပြီလေ!

"မလုပ်နဲ့!"

အကြီးအကဲလီဟာ မယုံကြည်နိုင်တဲ့
အမူအရာမျိုး ဖြစ်နေခဲ့ပါတယ်...
ရက်စက်ကြမ်းကြုတ်တဲ့
မီးလျှံအော်ရာတွေဟာ

မာန်ဟုန်ပြင်းပြင်းနဲ့ ဒေါသူပုန်
ထနေကြတယ်လေ။
မီးတောက်မီးလျှံတွေဟာ
အကြီးအကဲလီရဲ့ မျက်နှာကနေ
ထွက်လာကြပါပြီ… မီးလျှံ
အဆီအနှစ်တွေ အမြောက်အမြားဟာ
သူ့ရဲ့ မွေးညှင်းပေါက်တွေကနေ
စီးထွက်လာခဲ့ပြီး… သူ့ရဲ့ကိုယ်ပေါ်က
အဝတ်အစားတွေ အားလုံးကို
ချက်ချင်းပဲ
လောင်ကျွမ်းသွားစေခဲ့ပြီလေ။

ကိုယ်တုံးလုံး ဖြစ်သွားတဲ့ ဘဲအိုကြီးဟာ
အလွန်ကိုပဲ အရှက်ရနေပြီး ဒေါသလဲ
အရမ်းထွက်နေခဲ့ပါတယ်… ဒါပေမဲ့
သူဟာ ဘာတစ်ခုကိုမှ မလုပ်ရဲခဲ့ပါဘူး။
ဒီလိုမျိုးနဲ့ပဲ သူဟာ ဒီနေရာမှာပဲ
မတ်တတ်ရပ်နေရင်း… သူ့ရဲ့
မှော်စွမ်းအင်တွေကိုသာ လည်ပတ်ကာ
သူ့ရဲ့ ခန္ဓာကိုယ်ထဲက
အမျက်ချောင်းချောင်း ထွက်နေတဲ့
မီးတောက်မီးလျှံတွေကို
ခက်ခက်ခဲခဲနဲ့ပဲ ခုခံနေခဲ့ပါတယ်။
နည်းနည်းလေး သတိလွတ်သွားတာနဲ့
သူဟာ မီးသွေးခဲတုံးတစ်တုံး
ဖြစ်သွားမှာပါ။

လင်းဖုန်းအပေါ်မှာ ယုံကြည်ချက်
အပြည့်ရှိခဲ့တဲ့
ရှောင်ပုတန်လေးတောင်မှပဲ...
သူ့ရဲ့အရှေ့က မြင်ကွင်းကိုကြည့်ကာ
ပါးစပ်အဟောင်းသား
ဖြစ်သွားခဲ့ပါတယ်။
အချိန်အကြာကြီးနေမှပဲ သူဟာ သူ့ရဲ့
သွားကြားထဲကနေ စကားလုံး
အနည်းငယ်ကို ဖြစ်ညှစ်ပြီးတော့
ပြောလိုက်ပါပြီ... "ဝါး...
ဆရာသခင်က စွန်းလန်းတာပဲ!"

ဒီအချိန်မှာ သူ့ရဲ့ဘေးနားက
မီးလျှံခေးဂိုဏ်းမှ ကျင့်ကြံသူတွေကလဲ
သစ်သားကြွက်ရုပ်ကြီးတွေလို
ကြောင်အကုန်ကြပြီလေ။ သူလေးရဲ့
စကားကို ကြားလိုက်ရတော့ သူတို့ဟာ
မတတ်နိုင်တော့ပဲ ခေါင်းကိုသာ
ညိတ်လိုက်နိုင်ပါတော့တယ်။ ဒီလိုမျိုး
တုံ့ပြန်ပြီးသွားတဲ့နောက်မှာတော့
သူတို့ဟာ မယုံနိုင်လောက်အောင်
ခွတီးခွကျ ဖြစ်သွားကြတယ်လေ…
ဒါပေမဲ့လည်း သူတို့မှာ ပြောစရာစကား
မရှိကြတော့ပဲနဲ့
တစ်ယောက်ကိုသာတစ်ယောက်

ရပ်ပြီးတော့
ကြည့်နေကြပါတော့တယ်။

သူတို့က ဘာကို မြင်လိုက်ရတာလဲ?

ဒီတိုက်ပွဲမှာ… အစကနေ အဆုံးအထိ
လင်းဖုန်းဟာ ဘာသိုင်းကွက်
တစ်ကွက်ကိုမှ မထုတ်ခဲ့ပါဘူး။
နေရာမှာတင် ဘာမှမလှုပ်ရှားပဲ
ဒီအတိုင်း ရပ်နေတာပါ။
ငါးစိတ်တိုလာတဲ့ အခါကျမှပဲ
မင်းရဲ့တိုက်ကွက်ကို သာမာန်သာ

ပြန်တိုက်လိုက်ပြီး မင်းကို
အလဲထိုးလိုက်တာလေ!

အဝေးက ရှောင်ယန်ကလဲ
အံ့အားသင့်စွာနဲ့ ဘာမှ
မပြောနိုင်ခဲ့ပါဘူး။ ဒီဆံနီ
အကြီးအကဲဟာ ရွှေရောင်ဗဟိုချက်
အဆင့်က ကျင့်ကြံသူ စစ်စစ်ဖြစ်ပြီး…
ထိပ်တန်းအဆင့်ဂိုဏ်း ဖြစ်တဲ့
မီးလျှံဓားဂိုဏ်းရဲ့ ရွှေရောင်ဗဟိုချက်
အဆင့်က ကျင့်ကြံသူကြီးပါ။

ဒီအချိန် မတိုင်မီက
ရှောင်ယန်တွေ့ဖူးတဲ့ အမြင့်မားဆုံး
ကျင့်ကြံသူဟာ ဝူကျိုးမြို့ရဲ့
ခေါင်းဆောင်ပါ... သူကလည်းပဲ
ရွှေရောင်ဗဟိုချက် အဆင့်က
ကျင့်ကြံသူ တစ်ယောက်သာ
ဖြစ်ပါတယ်။ ပြီးတော့လဲ သူဟာ
သူ့ရဲ့အရှေ့က အကြီးအကဲလီနဲ့တောင်
ယှဥ်လို့မရပါဘူး။

ဒီလိုမျိုး ကြီးမြတ်တဲ့
ကျင့်ကြံသူတောင်မှပဲ လင်းဖုန်းရဲ့

အရှေ့မှာ ပြန်ချဖို့စွမ်းအား
နည်းနည်းလေးမှ မရှိခဲ့ပါဘူး။

အင်း... တကယ်လို့များ ငါကသာ
သူ့ရဲ့တပည့်ဖြစ်သွားခဲ့ရင်...

ဒီအကြောင်း တွေးလိုက်တာနဲ့
ရှောင်ယန်ရဲ့ ရင်ထဲမှာ ဆူပွက်ကာ
လာခဲ့ပါပြီ။ သူဟာ သုံးနှစ်အကြာမှာ
ရင်ဆိုင်ရမယ့်... အလင်းဓားမြန်ဂိုဏ်းနဲ့
မုယုံယန်ရန် အကြောင်းကို
စဉ်းစားမိလိုက်ပါပြီ... သူ့ရဲ့ဖခင်ကို
ဒဏ်ရာ အပြင်းအထန်ရပြီး

သေစေခဲ့တဲ့ ရန်သူရဲ့ အကြောင်းကိုလဲ စဥ်းစားမိလိုက်ပြီလေ။

ရှောင်ကျန်းအာလေးကလဲ ထူးမခြားနား အမူအယာမျိုးနဲ့သာ ရှိနေသေးတဲ့လင်းဖုန်းကို အံ့အားသင့်နေတဲ့ အမူအရာမျိုးနဲ့ ကြည့်နေခဲ့ပါတယ်... သူမရဲ့ မျက်စိထဲမှာတော့ တောက်ပတဲ့ အလင်းတန်းတစ်ခုဟာ ဖျတ်ကနဲပဲ လက်သွားတယ်လေ... " အင်း... ငါကလဲ လူတွေကို အထင်သေးမိတာ မှားလေခြင်း... ဒီကမ္ဘာမှာ

မိုးကောင်းကင်ဟာ တကယ်ကိုပဲ
အဆုံးမရှိပါလား..."

"ဟင်း... ငါ့ရဲ့ ကလန်ကလဲ
ကိုကိုရှောင်ယန်ကို လက်မခံနိုင်တာ
ဆိုးတာပဲ... ဒါပေမဲ့လည်း သူကသာ
ဒီစီနီယာရဲ့ တပည့်ဖြစ်သွားခဲ့မယ်
ဆိုရင်တော့ သူ့ရဲ့အနာဂတ်က
အလားအလာကောင်းမှာပဲ..."

အခုအချိန်မှာတော့ ဒီနေရာမှာရှိနေတဲ့
လူတိုင်းဟာ အံ့အားသင့်လွန်းလို့
ဆွံ့အကုန်ကြပါပြီ...

လင်းဖုန်းတစ်ယောက်သာ
ပုံမှန်အတိုင်းပဲ တည်ငြိမ်နေခဲ့တာပါ။
သူ့ရဲ့မျက်စိကို ပင့်လိုက်ပြီးတော့
မီးလျှံခေါင်းဂိုဏ်းက ကျင့်ကြံသူအုပ်စုကို
ကြည့်လိုက်ပါပြီ... သူ့ရဲ့
အကြည့်တွေကို လူအုပ်ကြားထဲက
ရှောင်ပုတန်လေးရဲ့ အပေါ်ကို
စူးစိုက်ကာ ထားလိုက်ပြီလေ။

သူ့ရဲ့ ဒီအကြည့်ကြောင့်
မီးလျှံခေါင်းဂိုဏ်းက ကျင့်ကြံသူတွေ
အားလုံးဟာ ဖိန့်ဖိန့်တုန်အောင်
ကြောက်ကုန်ကြပါပြီ... အကုန်လုံးပဲ

အနောက်ကို ဆုတ်ကုန်ကြပြီလေ။
ရှောင်ပုတန်လေးရဲ့
ဘေးပတ်ပတ်လည်မှာလဲ ရှင်းလင်းလို့
သွားပါတော့တယ်။

## စာစဥ် ၂ : အပိုင်း ၄

## အပိုင်း ၂၄ : မင်းက အ
## တွေးလွန်နေတယ်

လင်းဖုန်းက ထပ်မံပြီးတော့
စိုက်ကြည့်လိုက်ပါတယ်။
မီးလျှံခေးဂိုဏ်းက ကျင့်ကြံသူတွေ

အားလုံးဟာ ကင်းမြီးကောက်
အကိုက်ခံရသလိုမျိုး...
သူတို့ကိုယ်သူတို့ ရှောင်ပုတန်လေးရဲ့
အနားကနေ ကတိုက်ကရိုက်ပဲ
ခပ်ကင်းကင်း နေလိုက်ကြပါပြီ။

အခြေခံအုတ်မြစ် ကျင့်ကြံသူ
တစ်ယောက်ရဲ့ မျက်စိဟာ
လက်သွားခဲ့ပါတယ်... သူ့ရဲ့
နောက်ဆုတ်နေတဲ့ ခန္ဓာကိုယ်ကို
ရပ်လိုက်ပြီး ရှောင်ပုတန်လေးဆီကို
ခုန်အုပ်လိုက်တယ်လေ။

သူက သူလေးကို ခေးစာခံ
လုပ်မလို့ပါ... ဒါမှ မဟုတ်ရင်တော့
သူတို့ဟာ အန္တရာယ်ကင်းကင်းနဲ့
ဆုတ်ခွာနိုင်မှာ မဟုတ်ပါဘူး။

လင်းဖုန်းက သူ့ကို
တစ်ချက်ကြည့်လိုက်တယ်...
အသာအယာပဲ ပြောလိုက်တယ်လေ...
"ဟွန့်!... ဒီအချိန်ကစလို့... ငါ့ရဲ့
တပည့်လေးဟာ ဆံပင်တစ်ချောင်း
ကျွတ်ခဲ့ရင်... မင်းတို့တတွေရဲ့
အသက်တစ်ချောင်းကို
ထားခဲ့ရမယ်ကွ..."

ဒီအခြေခံအုတ်မြစ် ကျင့်ကြံသူရဲ့
ခန္ဓာကိုယ်ဟာ လက်ရှိနေရာမှာတင်ပဲ
ရပ်တန့်လို့ သွားခဲ့ပါတယ်...
တစ်စက်ကလေးမှတောင်
မလှုပ်ရဲခဲ့ပါဘူး။

ဒါကို တွေ့လိုက်ရတော့ လင်းဖုန်းကလဲ
စိတ်သက်သာရာ ရစွာနဲ့
သက်ပြင်းတစ်ချက် ခိုးချလိုက်ပါတယ်။
လက်ရှိအချိန်မှာတော့ သူ့ခန္ဓာကိုယ်ရဲ့
အခြေအနေဟာ တော်တော့်ကို
ဆိုးနေတာပါ။ တောက်တီဟာ

အကြီးအကဲလီရဲ့ တိုက်ခိုက်မှုကို
ဝါးမျိုလိုက်တယ် ဆိုပေမယ့်...
ကြီးမြတ်တဲ့ ရွှေရောင်ဗဟိုချက်အဆင့်
ကျင့်ကြံသူ တစ်ယောက်က
တိုက်ခိုက်မှုရဲ့ လှိုင်းလုံးတွေဟာ
လင်းဖုန်းတောင့်ခံနိုင်တဲ့ အရာမျိုး
မဟုတ်ခဲ့ပါဘူး။

နောက်ပိုင်းမှာတော့ အကြီးအကဲလီရဲ့
မှော်စွမ်းအင်တွေဟာ ဒီတောက်တီရဲ့
ခံနိုင်ရည်ကို ကျော်လွန်သွားခဲ့ပြီး
ဒီတောက်တီဟာ သူမျိုချထားခဲ့တဲ့
မှော်စွမ်းအင်တွေ အားလုံးကို

မဖြစ်မနေ ပြန်ပြီးတော့
အန်ထုတ်လိုက်ရတယ်လေ။

အနီရောင်ရင့်ရင့် ခေးအော်ရာတွေတင်
မကပဲ… ဒီအရင်က
ထုတ်လွှတ်ထားခဲ့တဲ့ ဥက္ကာပျံ
မီးခဲခေးရဲ့ မှော်စွမ်းအင်တို့ဟာ
လင်းဖုန်းရဲ့ ကိုယ်ခန္ဓာထဲကို
အနည်းငယ် စီးဝင်လို့ သွားခဲ့ပါတယ်။
လက်ရှိအချိန်မှာတော့ သူ့ရဲ့
အတွင်းအင်္ဂါတွေဟာ မီးလောင်နေတဲ့
အတိုင်းပါပဲ… သူ့ရဲ့ ကိုယ်အတွင်းက
သွေးတွေ အားလုံးကလည်း

ပွက်ပွက်ဆူနေပြီး ပူဖောင်းတွေ
ပလုံစီထတော့မယ့် အတိုင်းပါပဲ။

ဒီအချိန်မှာပဲ… ဒီတောက်တီရဲ့
ဝါးမျိုနိုင်တဲ့ စွမ်းအားဟာ
သူ့ရဲ့လက်ချောင်းပေါ်က
လက်စွပ်လေးရဲ့ အထဲကနေ
နောက်ထပ်တစ်ဖန် ထွက်ပေါ်ကာ
လာခဲ့ပြန်ပါပြီ။ သူဟာ
အကြီးအကဲလီကြောင့် အပြင်းအထန်
ဒဏ်ရာရထားခဲ့တာဖြစ်ပြီး…
လက်ကျန်စိတ်ဝိညာဉ် အဖြစ်သာ
ရှိနေတဲ့ ဒီတောက်တီရဲ့ စွမ်းအားဟာ

အတော်လေးကို ယုတ်လျော့သွားခဲ့ပြီ ဖြစ်ပေမယ့်... သူ့ရဲ့အစားပုတ်တဲ့ သဘာဝဟာ မပြောင်းလဲသွားပဲ... သူအသက် ပြန်ရှူနိုင်တာနဲ့ ပထမဆုံးလုပ်တဲ့ တုံ့ပြန်မှုဟာ စားဖို့ပဲဖြစ်ပါတယ်။ (စားမှာပဲ... စားမှာပဲ...
ဗိုက်ပေါက်အောင်စားမယ်☺)

"အင်း... ငါက ငါ့ရဲ့စွမ်းအားတွေ ပြန်ရတာနဲ့ တပြိုင်နက် မင်းကို အကောင်လိုက် မျိုချပစ်မယ်ဟေ့!" တောက်တီဟာ စိတ်ဆိုးဒေါသ

ထွက်စွာနဲ့ပဲ လက်စွပ်အထဲကနေ
ဟိန်းဟောက်လို့ နေခဲ့ပါတယ်။

လင်းဖုန်းကလဲ အေးစက်စက်နဲ့ပဲ
ရယ်လိုက်တယ်လေ... "ဟားဟား...
မင်းမှာက သွားကောင်းကောင်း
မရှိမှာကိုပဲ စိုးတယ်ဟ..."

စကားဆုံးတာနဲ့ လင်းဖုန်းရဲ့
မှော်စွမ်းအင်တွေဟာ လက်စွပ်လေးရဲ့
အထဲကို စီးဝင်သွားပါတော့တယ်...
အလင်းတန်းတိုင်လုံး ဒါဇင်ပေါင်း
များစွာအဖြစ်ကို ပြောင်းသွားပြီး...

အချင်းချင်း ယှက်လိမ်သွားကာ...
လျှောင်အိမ်အကြီးကြီး အဖြစ်ကို
ရုတ်ချည်းပဲ ပြောင်းသွားခဲ့ပြီး...
အထဲကတောက်တီလေးကို
ပိတ်လှောင်ထားလိုက်ပြီလေ။

ဒီတောက်တီဟာ တစ်ချက်အူလိုက်ပြီး
လှောင်အိမ်ဆီကို ခုန်ဝင်လိုက်ပါပြီ...
ဒီအလင်းတန်း တိုင်လုံးတွေကို
ဖွဲ့စည်းထားတဲ့ မှော်စွမ်းအင်တွေကို
ဝါးမျိုပစ်ချင် နေခဲ့တာလေ။
ဒါပေမဲ့လည်း နက်နဲသိမ်မွေ့တဲ့
သဘောတရားတွေဟာ ဒီအလင်းတန်း

တိုင်လုံးတွေမှာ လှည့်ပတ်နေပြီး…
လှောင်အိမ်တစ်ခုလုံးဟာလည်း
ထူးကဲတဲ့ အလင်းရောင်တွေကို
ထုတ်လွှင့်နေခဲ့ကာ… ဒီတောက်တီကို
တင်းကျပ်စွာနဲ့ပဲ ဖိနှိပ်လို့ ထားခဲ့ပြီလေ။

အချိန်အနည်းငယ်ကြာအောင်
ကြက်သေသေသွားပြီးမှ…
ဒီတောက်တီဟာ ချက်ချင်းပဲ
ဒေါသတွေ ပြန်လည်ပြီးတော့
ပေါက်ကွဲကာ လာခဲ့ပါတော့တယ်…
"ခွီးပဲ… ဒီကောင်းကင်လှောင်အိမ်
မှော်အင်းကွက်ပဲလားဟ! မင်းကလဲ

ဟင်းလင်းပြင်
ဘုရားကျောင်းကပဲလားကွ? ဝါးးးးး!
သေစမ်းကွာ... တစ်နေ့မှာ ငါက
မင်းတို့ ဟင်းလင်းပြင်
ဘုရားကျောင်းက တာအိုဆရာတွေ
အကုန်လုံးကို မျိုချပစ်မယ်ဟေ့!"

လင်းဖုန်းကတော့ သူ့ရဲ့
ပွက်ပွက်ညံအောင် ဆူနေတဲ့
အသံတွေကို ဂရုမစိုက်ပါဘူး...
ရင်ထဲကနေပဲ ပီတိတွေ
ဖြစ်နေခဲ့ပါတယ်။ ဒီစနစ်ကြီးရဲ့
ကိရိယာတွေဟာ တကယ်ကိုပဲ

ပြောင်မြောက်လှပါပေတယ်...
ဒီစွမ်းရည် စိစစ်ခြင်းကနေ သူဟာ
ကောင်းကင်လှောင်အိမ်
မှော်အင်းကွက်ရဲ့ လျှို့ဝှက်ချက်တွေကို
အချိန်အနည်းငယ်လေး အတွင်းမှာပဲ
ဖြေရှင်းနိုင်ခဲ့တယ်လေ။

လင်းဖုန်းဟာ ဒီဟင်းလင်းပြင်
ဘုရားကျောင်းရဲ့ လျှို့ဝှက်နည်းစနစ်ကို
လျင်မြန်စွာနဲ့ပဲ လေ့ကျင့်နိုင်ခဲ့တာပါ...
ဒါ့ကြောင့်ပဲ သူက အဲ့ဒါကို
ဒိုင်းတစ်ခုအနေနဲ့ အသုံးချပြီးတော့
ဒီတောက်တီကို

ဖိနှိပ်ထားနိုင်ခဲ့တာလေ။
နို့မဟုတ်ရင်တော့ သူဟာ
အကြီးအကဲလီကို
ကျော်ဖြတ်နိုင်ခဲ့ရင်တောင်မှ
ဒီတောက်တီရဲ့
ခြောက်ကပ်သွားအောင် စုပ်ယူခြင်းကို
ခံရတော့မှာလေ။

လင်းဖုန်းဟာ အကြီးအကဲလီကို
တစ်ချက်ရှိုးလိုက်တယ်…
သူ့ရဲ့အသားတွေ အကုန်လုံးဟာ
နီရဲနေပြီး အငွေ့ဖြူတွေ
ထွက်လို့နေခဲ့ပြီလေ…

ဒီအချိန်မှာတော့ သူဟာ
အလွန်ကြီးမားတဲ့ ပုစွန်တုတ်ကြီး
တစ်ကောင်ကို
ချက်ထားတာနဲ့တူနေပါပြီ။

သူ့ရဲ့ စိတ်ထဲမှာတော့
ကံကောင်းလိုက်တာလို့
ရေရွတ်လိုက်ပါတယ်... သူက
တစ်ကွက်ထဲနဲ့ အောင်မြင်ခဲ့တာဟာ...
အကြီးအကဲလီရဲ့ အစွမ်းအထက်ဆုံး
တိုက်ကွက်ကို ထိပ်တိုက်ရင်ဆိုင်
လိုက်တာကြောင့်ဖြစ်ပြီး...
ရလဒ်တွေက အံ့အားသင့်စရာ

ဖြစ်သွားကာ...
ဒီရွှေရောင်ဗဟိုချက်အဆင့်
ကျင့်ကြံသူကို ပျာယာခတ်သွားစေလို့ပဲ
ဖြစ်ပါတယ်။

သူဟာ လင်းဖုန်းရဲ့
တန်ပြန်တိုက်ခိုက်မှုကို
မရှောင်ရှားလိုက်နိုင်ရုံတင် မကဘူး...
ခုခံဖို့ အတွက်ပါ အချိန်မရှိခဲ့ဘူးလေ...
တောင့်တောင့်ကြီးနဲ့ တိုက်ခိုက်မှုကို
ဒီအတိုင်းပဲ ခံလိုက်ရတာပါ။

ဒီတိုက်ခိုက်မှုဟာ အကြီးအကဲလီနဲ့
အဆင့်အတန်းတူ
ရွှေရောင်ဗဟိုချက်အဆင့် ကျင့်ကြံသူရဲ့
အားကုန်သုံးထားတဲ့ တိုက်ကွက်နဲ့
တူညီပါတယ်။ ဘာမှ ကာကွယ်မှု
မပြုလုပ်ရပဲ ဒီလိုရိုက်ချက်မျိုးကို
ခံလိုက်ရတာ... ဒီဘဲအိုကြီးဟာ
မသေတာကိုပဲ အလွန်
ကံကောင်းလှပါပြီ။

ရှောင်ပုတန်လေးကလည်း
သူ့ရဲ့ဘေးနားကို အပြေးကလေး
ရောက်ရှိကာ လာခဲ့ပြီလေ...

ပြုံးရွှင်စွာနဲ့ပဲ ပြောလိုက်ပါတယ်...
"ဝါး... ဆရာသခင်ရဲ့ ခုနတုန်းက
အကွက်က စွန်းလန်းတာပဲ...
တပည့်လေးကို
သင်ပေးလို့ရမလားဟင်?"

လင်းဖုန်းဟာ သူ့ရဲ့ခေါင်းလေးကို
ပုတ်လိုက်တယ်လေ... "အေး...
မင်းကအခုတော့
သင်လို့မရသေးဘူးကွ...
ကောင်းကောင်းကြိုးစားပေါ့... ဒါဆို
ဆရာသခင်ကလဲ မင်းကို

နောက်ပိုင်းမှာ ဖြေးဖြေးချင်း
သင်ပေးမှာပေါ့ကွာ..."

စကားဆုံးတာနဲ့ လင်းဖုန်းဟာ
ခေါင်းမော့လိုက်ပြီး လူအုပ်ကြားထဲက
ကျန်းနန်ကို ကြည့်လိုက်ပြီလေ...
သူ့ရဲ့လေသံဟာ အနည်းငယ်
အေးစက်နေခဲ့ပါတယ်... "ခုနကပဲ
မင်းက ငါ့ရဲ့တပည့်လေးကို
ရိုက်ထားတာ... ရိုက်လို့မှ
ကောင်းရဲ့လားကွာ?"

လင်းဖုန်းဟာ ကျန်းနန်ကြောင့်
အလွန်အမင်းပဲ စိတ်အနှောက်အယှက်
ဖြစ်နေခဲ့ပါတယ်... သူ့ကြောင့်များသာ
မဟုတ်ရင် သူက ဘယ်လိုလုပ်ပြီး
ဒီလိုမျိုး ကြီးမြတ်တဲ့
ရွှေရောင်ဗဟိုချက်အဆင့် ကျင့်ကြံသူနဲ့
မလိုအပ်ပဲ အသက်နဲ့ရင်းပြီး
တိုက်ခိုက်ရမှာလဲ?

ကျန်းနန်ဟာလည်း ငေးတိငေးမော
ဖြစ်နေခဲ့ပါတယ်... သူ့ရဲ့ အာရုံတွေဟာ
အကြီးအကဲလီရဲ့ ရှုံးနိမ့်သွားတဲ့
မယုံနိုင်စရာ အဖြစ်မှန်ရဲ့ အထဲကနေ

ရှန်းမထွက်နိုင်သေးပါဘူး။ အခုတော့ လင်းဖုန်းရဲ့ အကြည့်တွေကို ရင်ဆိုင်လိုက်ရတော့… သူဟာ ချက်ချင်းပဲ ရေခဲတုံးကြီး အတွင်းကို ရောက်သွားသလိုမျိုး ခံစားလိုက်ရပါပြီ။

"စီ..စီနီယာ… ကျွန်..ကျွန်တော်က…" ကျန်းနန်ရဲ့ မျက်နှာဟာ ဖြူဖတ်ဖြူလျော် ဖြစ်နေခဲ့ပါတယ်… သူက စကားကိုတောင် ဖြောင့်အောင်မှ မပြောနိုင်တော့ဘူးလေ။

အခုအချိန်မှာတော့ သူ့ရဲ့ဘေးနားက
မီးလျှံခေးဂိုဏ်း ကျင့်ကြံသူ တစ်စုဟာ
သူ့ရဲ့ ဘေးနားကနေ
ရှဲသွားကြပြီလေ…
ပလိပ်ရောဂါပိုးလိုမျိုးပဲ
ဝေးဝေးရှောင်သွားကြပါပြီ။ သူတို့ရဲ့
ကျန်းနန်အပေါ်မှာကြည့်တဲ့
အကြည့်တွေဟာလည်း ပိုပိုပြီးတော့
မိတ်ဆွေမဆန် လာကြတော့ပါဘူး။

…အားလုံးက ဒီကောင့်ရဲ့
အပြစ်တွေပဲလေ… သူ့ကြောင့်သာ
မဟုတ်ရင် အကြီးအကဲလီဟာ

ဘယ်လိုလုပ်ပြီး ဒီလိုမျိုး
ကပ်ဆိုးကြီးကို ခံစားရမှာလဲ…
ငါတို့ကလဲ ဘယ်လိုလုပ်ပြီး
ဒီအရှုပ်တော်ပုံကြီးထဲမှာ ဝင်ပါမိမှာလဲ?

အကြီးအကဲလီဟာ
ရှုံးနိမ့်မသွားမီကတော့… ဘယ်သူမှ
ဒီလိုရလဒ်မျိုးကို
မထင်မှတ်ထားခဲ့ဘူးလေ။

မီးလျှံခေးဂိုဏ်းက ကျင့်ကြံသူ
အားလုံးဟာ သူတို့က
ရှောင်ပုတန်လိုမျိုး ရှာမှရှားတဲ့

ပါရမီရှင်လေးကို ဂိုဏ်းထဲကို
အလွယ်တကူပဲ ခေါ်ဆောင်သွားလို့
ရမယ်လို့ ထင်ထားကြတာပါ။
ရှောင်ပုတန်လေးရဲ့ ဆရာ...
တစ်ကိုယ်တော် လေလွင့်နေတဲ့
ကျင့်ကြံသူမျိုးဟာ သူ့အဆင့်သူ
သဘောပေါက်ရမယ်... ဒါမှမဟုတ်ရင်
ငါတို့က သူ့ကို
သင်ခန်းစာကောင်းကောင်း
ပေးပြီးတော့ သူ့ကို မီးလျှံခေါးဂိုဏ်းရဲ့
စွမ်းပကားကို
သိအောင်ပြလိုက်မယ်ကွ။

ဒါပေမဲ့လည်း လက်ရှိအချိန်မှာတော့
အားလုံးဟာ နောင်တကြီးစွာ
ရနေကြပါပြီ... သူတို့ရဲ့
ရင်ဘတ်တွေဟာလည်း
နေလို့မကောင်းတော့ပဲ
တင်းကျပ်ကျပ်ကြီး ဖြစ်နေကြပြီလေ။
နားလည်ရခက်လောက်အောင်
နက်နဲလှတဲ့ လင်းဖုန်းဟာ
အလွန်ကိုမှပဲ ကြောက်မက်ဖွယ်
ကောင်းလှပါတယ်... သူတို့ဟာ
ဒီမွန်းစတားရဲ့ အနားကနေ
ဝေးနိုင်သမျှဝေးအောင်
ထွက်ပြေးချင်နေကြပါပြီ။

သူ့တို့ နှစ်ဦးနှစ်ဖက်ရဲ့
ကွာခြားချက်ဟာ ကြီးမားလှပါတယ်…
သူတို့ဟာ ကြောက်ရွံ့မှုကိုသာ
ခံစားနေရပါပြီ… သူတို့က
အမုန်းတရားမျိုး
နည်းနည်းလေးကိုတောင်မှ
မထားရဲကြဘူးလေ။

သူတို့ရဲ့ ထူထပ်လာတဲ့ ဒေါသတွေကို
စွန့်ထုတ်ဖို့ နည်းလမ်းတစ်ခုကို
လိုအပ်လာပြီး… ဒီကိစ္စရဲ့
အရင်းအမြစ်ဖြစ်တဲ့ ကျန်းနန်လေးဟာ
သူရဲ့ အပေါင်းအဖော်တွေရဲ့

ထိုးပွဲကြိုတ်ပွဲက သဲအိတ်လေး
တစ်ခုပမာ ဖြစ်သွားရှာပါတော့တယ်။

အခြေခံအုတ်မြစ်အဆင့်
ကျင့်ကြံသူတစ်ယောက်က ကျန်းနန်ကို
စိုက်ကြည့်လိုက်ပြီး... ဒေါသပြင်းစွာနဲ့
ပြောလိုက်တယ်... "ဟိတ်...
အားလုံးက မင်းရဲ့အပြစ်တွေပဲကွ!"

အခြား အခြေခံအုတ်မြစ်အဆင့်
ကျင့်ကြံသူ တစ်ယောက်ကတော့
ဘာကိုမှ မပြောတော့ပါဘူး...
တိုက်ရိုက်ပဲ သူ့ကို ပါးရိုက်လိုက်ပြီး

ကောင်းကောင်းကြီး
ရိုက်နှက်ပါတော့တယ်။

သနားစရာကောင်းလှတဲ့ အဝေးကြီးကို
လွင့်ထွက်သွားတဲ့ ကျန်းနန်လေးဟာ
ဘာမှကို မတုံ့ပြန်ရသေးခင်မှာပဲ...
သူ့ရဲ့ခန္ဓာကိုယ်က လေထဲမှာ
နှစ်ပတ်သုံးပတ်လောက်
ဂျွမ်းပစ်သွားကာ မြေပြင်ပေါ်ကို
ဂျွမ်းထိုးမှောက်ခုံကြီး
ပြုတ်ကျသွားပါတော့တယ်။

လူပုံအလယ်မှာ ကိုယ့်ရဲ့ဂိုဏ်းက
တပည့်ကို ပြန်ရိုက်တာဟာ
အမှန်တကယ်တော့ အရမ်းကိုပဲ
စိတ်ခတ်ကျဆင်းဖွယ် ကောင်းလှပြီး
အရှက်ရစရာ ကိစ္စမျိုးပဲ ဖြစ်ပါတယ်။

မင်းက တစ်ဖက်သားရဲ့
ပြိုင်ဖက်မဟုတ်ခဲ့ဘူး… ဒါကို မင်းက
မင်းရဲ့ဒေါသတွေကို မင်းရဲ့
ဂိုဏ်းသားအပေါ်မှာ ပုံချတယ်။ မင်းက
ကိုယ့်ရဲ့ဂိုဏ်းက တပည့်ကို
မကာကွယ်နိုင်တဲ့အပြင် သူ့ကိုတောင်
ခေးစာခံ လုပ်လိုက်သေးတယ်။

ဒီလိုဂိုဏ်းမျိုးဟာ သံသယဖြစ်ဖွယ်ရာ
မရှိပဲ သူတို့ရဲ့ ပေါင်းစပ်ညီညွတ်မှုဟာ
ပြိုကွဲသွားပြီး သူတို့ဂိုဏ်းသားတွေကို
တခြားဂိုဏ်းတွေရဲ့
ဆွဲဆောင်မှုနောက်ကို ပါသွားစေမှာပါ။

ဒါပေမဲ့လည်း ဒီအခြေခံ
အုတ်မြစ်အဆင့် ကျင့်ကြံသူဟာ
ကျန်းနန်ကို
အပီတွယ်လိုက်ချိန်မှာတော့…
အခြားသော မီးလျှံဓားဂိုဏ်းက
တပည့်တွေ အားလုံးဟာ သူတို့ရဲ့
ရင်ထဲကနေ ကျယ်လောင်စွာနဲ့ပဲ

အောင်ပဲဟစ်အားပေးနေကြပါပြီ…
သူတို့ရဲ့ စိတ်ထဲမှာလဲ ဒါဟာ
အမတန်ကိုမှပဲ
ဖြစ်သင့်ဖြစ်ထိုက်တယ်လို့ ခံစားကာ
နေခဲ့ကြပြီလေ။ ဒီလို ဂုဏ်ယူမြှင့်တတ်တဲ့
ငနဲမျိုးက ရက်ရက်စက်စက်
အရိုက်ခံရခြင်းဟာ
ကောင်းကောင်းကြီးကို
ထိုက်တန်ပါတယ်လေ။

လင်းဖုန်းက သူတို့ရဲ့ အပေါ်မှာ
ပေးနေတဲ့ ဖိအားကြောင့် သူတို့ဟာ
တည်ငြိမ်စွာ စဥ်းစားမှုမျိုးကို

မစွမ်းဆောင်နိုင်ကြတော့ပါဘူး…
သူတို့ရဲ့ ရင်ထဲမှာ အသက်ရှူထုတ်လို့
မရနိုင်တော့ပဲ… တကယ်လို့များ
မဖောက်ထုတ်နိုင်ခဲ့ရင်တော့
ရှူးသွားကြတော့မှာပါ။

အသက်တစ်ဝက် ထွက်နေပြီဖြစ်နေတဲ့
ကျန်းနန်လေးကို စိုက်ကြည့်လိုက်ပြီး…
လင်းဖုန်းဟာ မအောင့်နိုင်တော့ပဲ
ပြုံးဖြဲဖြဲနဲ့ ဖြစ်လာပါတယ်။
ဒီအခြေခံအုတ်မြစ် အဆင့်က
ကျင့်ကြံသူဟာ တကယ့်ကိုပဲ
လက်ဆပြင်းလွန်းပါတယ်…

ကျန်းနန်ရဲ့ အသက်တစ်ဝက်ကို တစ်ချက်ချလိုက်ရုံနဲ့ ထွက်သွားစေခဲ့တယ်လေ။

"ကဲ… ဒီကနေ့တော့ ငါကမင်းကို ဒုက္ခဆက်မပေးတော့ဘူးကွာ… ဒါပေမဲ့လည်း ဒါက ပြီးသွားပြီလို့တော့ မမှတ်လိုက်နဲ့ကွ…" လင်းဖုန်းဟာ ကျန်းနန်ကို အေးစက်စက်နဲ့ပဲ စိုက်ကြည့်လိုက်ပါတယ်… ပြီးတော့မှ အသာအယာလေးပဲ ဆက်ပြောလိုက်ပါတယ်။ "ငါကမင်းကို ဒီကနေ့ လွှတ်ပေးလိုက်တာက ငါ့ရဲ့

တပည့်လေးအတွက်
ချန်ထားပေးတာဟ… သူကကိုယ်တိုင်
လက်စားပြန်ချေနိုင်တဲ့ အခွင့်အရေးကို
ထားထားပေးတာကွ… မှတ်ထား…"

လင်းဖုန်းက ခေါင်းငုံ့လိုက်ပြီး
ရှောင်ပုတန်လေးကို
ကြည့်လိုက်တယ်… "ကဲ…
မင်းလေးကရော ဘာများ
ထပ်ပြောဦးမလဲ?"

ရှောင်ပုတန်လေးကလဲ
ခွေးသေတစ်ကောင်နဲ့ တူနေပြီဖြစ်တဲ့

ကျန်းနန်ကို ကြည့်လိုက်ပြီးတော့
ဟွန့်ကနဲ့ လုပ်လိုက်တယ်… "ဟွန့်…
သူကဒီလိုမျိုး ဖြစ်နေမှတော့…
ကျွန်တော်က သူ့နဲ့ချရင်လဲ
တော်တယ်လို့ ဘယ်ခေါ်နိုင်ပါ့မလဲ။
နောက်ပိုင်းမှာ ကျွန်တော်က
ဆရာသခင်ဆီက စွမ်းရည်တွေကို
နည်းနည်းပိုသင်ပြီးမှ သူ့ကိုရှာပြီး
လက်စားပြန်ချေမယ်ဗျာ…"

လင်းဖုန်းက သူ့ရဲ့ရင်ထဲကပဲ
ရေထဲကခွေးကို သနားညှာတာမှု
ကင်းမဲ့စွာနဲ့ ရိုက်နှက်တာဟာ

တရားမျှတတယ်လို့
ပြောနေခဲ့ပါတယ်... ဒါပေမဲ့ သူဟာ
ရှောင်ပုတန်လေးကို လုံးဝ
စိတ်မပူနေခဲ့ပါဘူး...
ပြောင်းပြန်ဖြစ်စွာနဲ့ပဲ သူဟာ
ကျန်းနန်ကို သူ့ရဲ့ရင်ထဲကနေပဲ
တိတ်တိတ်ကလေး
ချီးကျူးဂုဏ်ပြုနေခဲ့တယ်လေ။

မင်းက လာနှောက်နေတာလား...
ဇာတ်လိုက်အဆင့်
ဇာတ်ကောင်တစ်ကောင်ရဲ့
မှတ်မိခြင်းကို ခံလိုက်ရတဲ့

ရန်သူတစ်ယောက်ဟာ
ဘယ်လိုလုပ်ပြီး
ဇာတ်သိမ်းလှနိုင်ပါ့မလဲ?

လင်းဖုန်းဟာ သူ့ရဲ့ မျက်စိအစုံကို
ပင့်လိုက်ပြီးတော့ မီးလျှံခေးဂိုဏ်းက
လူတွေကို ကြည့်လိုက်ပါပြီ…
တည်ငြိမ်စွာနဲ့ပဲ ပြောလိုက်ပြီလေ…
"ကဲ… မင်းတို့အားလုံးကလဲ ငါ့ရဲ့
တပည့်လေး ပြောတာကို
ကြားတယ်မလား? ဒီကောင့်ကို
သေချာကြည့်ထား… တစ်နေ့မှာ ငါက
ငါ့ရဲ့တပည့် ရှီဟောင်လေးကို

ခေါ်ပြီးတော့… မင်းတို့ရဲ့
မီးလျှံခေါးဂိုဏ်းကို လာပြီးတော့
ဒီကိစ္စကို အဆုံးသတ်မယ်ဟေ့…"

ထိပ်က အခြေခံအုတ်မြစ်အဆင့်
ကျင့်ကြံသူ နှစ်ယောက်ကလဲ
တမင်တကာ မဟုတ်ပဲနဲ့ ခေါင်းတွေကို
တဆတ်ဆတ်နဲ့
ညိတ်နေပါတော့တယ်။

ဒီအခြေခံ အုတ်မြစ်အဆင့်
ကျင့်ကြံသူတွေရဲ့ အမူအရာတွေနဲ့
သူတို့တတွေရဲ့ ကျန်းနန်ကို

ကြည့်နေတဲ့ မျက်စိတွေထဲက
အကြည့်တွေကို ကြည့်ကာ...
လင်းဖုန်းဟာ စိတ်ထဲကနေပဲ
ကျိတ်ပြီးရယ်နေပါတယ်။ သူ့ရဲ့
နောက်ဆုံးမှတ်ချက်ကြောင့်...
တကယ်လို့များ ရှောင်ပုတန်လေးက
အနာဂတ်မှာ ဒီလိုမျိုး
ယင်ကောင်သေးသေးလေးကို
မေ့သွားခဲ့ရင်တောင်မှပဲ...
မီးလျှံခေးဂိုဏ်းထဲက ကျန်းနန်ရဲ့
နေ့ရက်တွေဟာ အသက်ရှင်ရက်နဲ့
ငရဲကျနေသလိုမျိုး ဖြစ်သွားတော့မှာပါ။

လင်းဖုန်းရဲ့
မျက်လုံးထောင့်စွန်းတွေဟာ
အကြီးအကဲလီရဲ့ အနားကို
ပြန်ရောက်သွားပါပြီ။ ဒီအချိန်မှာတော့
ဒီဘဲအိုကြီးဟာ အသက်ကိုတော့
ပြန်ရှူနေနိုင်ပါပြီ... ဒါပေမဲ့လည်း သူ့ရဲ့
အလွန်ဆိုးရွားလှတဲ့
ဒဏ်ရာတွေကြောင့် သူဟာ
အသက်တစ်ဝက်ပဲ ရှိတော့တယ်လို့
ပြောနိုင်ပါတယ်။

လင်းဖုန်းရဲ့ သူ့ကိုကြည့်နေပုံကို
ကြည့်ပြီးတော့ အကြီးအကဲလီဟာ

ရုက်လွန်းလို့ သေချင်စိတ်တောင်
ပေါက်နေပါပြီ... မြေကြီးထဲမှာ
အပေါက်တစ်ခု ပေါ်လာကာ
ဝင်ပြီးတော့ ပုန်းနိုင်အောင်လို့
ဆုတောင်းနေခဲ့ပြီလေ။

ဒါပေမယ့်လဲ လင်းဖုန်းက
သူ့ကိုထပ်ပြီးတော့ ပြဿနာ
မရှာတော့ပါဘူး... သူ့ဆီကို
မေးငေါ့ပြလိုက်ပြီး... "ဟော့... မင်းတို့ရဲ့
အကြီးအကဲကို ခေါ်ပြီး
ထွက်သွားလိုက်တော့... နောက်တစ်ခါ
ငါ့ရဲ့မျက်စိ အရှေ့မှာ

ဘယ်တော့မှထပ်ပြီး
ပေါ်မလာစေနဲ့တော့ကွာ..."

မီးလျှံခေးဂိုဏ်းက ကျင့်ကြံသူတွေက
သူ့တို့ဟာ ပြစ်ဒဏ်ကနေ
လွတ်ငြိမ်းချမ်းသာခွင့်ကို
အပေးခံလိုက်ရတယ်လို
ခံစားလိုက်ကြရပြီး...
အကြီးအကဲလီကို လျင်မြန်စွာနဲ့
ခေါ်ဆောင်လိုက်ကာ ခပ်သွက်သွက်ပဲ
ထွက်ခွာသွားလိုက်ကြပါတော့တယ်။

ယန့်မင်းရွဲ့ရဲ့ ဝိညာဉ်ပုံရိပ်လေးဟာ
သူမရဲ့ အစိမ်းရောင် ဝတ်စုံနဲ့အတူ
လေထုထဲမှာ ပြန်လည်ပေါ်ထွက်ကာ
လာခဲ့ပါပြီ... သူမရဲ့ အကြည့်တွေဟာ
လင်းဖုန်းကို ရှုပ်ထွေးစွာနဲ့ပဲ
ကြည့်ရှုနေခဲ့ပြီး... အခုအချိန်မှာ
တကယ်ကိုပဲ စကားတစ်ခွန်းမှ
မပြောနိုင်ခဲ့ဘူးလေ။

သူမက လင်းဖုန်းကို တောက်တီကို
ချိတ်ပိတ်ထားတဲ့ လက်စွပ်အား
ပေးလိုက်တာဟာ သူ့ကို ကူညီဖို့
ရည်ရွယ်ချက်

သက်သက်မဟုတ်ပါဘူး... သူ့ကို
စမ်းသပ်ချင်တာလဲ ပါပါတယ်။

ဒါ့အပြင် သူမဟာ သူ့ကို
စုံစမ်းစစ်ဆေးချင်တဲ့ တတိယ
ရည်ရွယ်ချက်လဲ ရှိပါသေးတယ်...
မြားတစ်ချက်ထဲနဲ့ ငှက်သုံးကောင်ကို
ပစ်လိုက်တာပါ။

လင်းဖုန်းဟာ လက်စွပ်ထဲက
ကောင်းကင်လှောင်အိမ်
မှော်အင်းကွက်ကို ထိလိုက်တာနဲ့...
ယန့်မင်းရွဲ့ဟာ သူမချန်ထားခဲ့တဲ့

မှော်စွမ်းအင်တွေနဲ့
ဆက်စပ်ပြီးတော့... လင်းဖုန်းရဲ့
စွမ်းအား... တာအိုနည်းစနစ်နဲ့
ကျောထောက်နောက်ခံတွေကို
ကောင်းကောင်းကြီး သဘောပေါက်
နားလည်သွားမှာပါ။

ပထမတုံးက လင်းဖုန်းဟာ
မှော်စွမ်းအင် အနည်းငယ်ကိုသာ
သုံးပြီးတော့ ကောင်းကင်လှောင်အိမ်
မှော်အင်းကွက်ကို
စုံစမ်းစစ်ဆေးတဲ့အတွက်...
ယန့်မင်းရွှဲ့ဟာ သိပ်ပြီးတော့

အလေးဂရုမပြုမိပါဘူး… ဒါပေမဲ့လည်း
နောက်ပိုင်းမှာတော့ သူမနဲ့
ကောင်းကင်လှောင်အိမ်
မှော်အင်းကွက်ရဲ့ အကြားက
ဆက်သွယ်မှုဟာ ရုတ်ခြည်းပဲ
ပြတ်တောက်လို့ သွားခဲ့တယ်လေ။

သူမက လင်းဖုန်းဟာ
စွမ်းရည်စိစစ်ခြင်း ကိရိယာကို
အသုံးပြုလိုက်တယ် ဆိုတာကို
မသိခဲ့ပါဘူး… လင်းဖုန်းက သူ့မရဲ့
လျှို့ဝှက် အကြံအစည်ကို
သိသွားပြီးတော့ သူမနဲ့

ကောင်းကင်လှောင်အိမ်
မှော်အင်းကွက်ရဲ့ ဆက်စပ်မှုကို
ဖြတ်တောက်လိုက်တယ်လို့ပဲ
ထင်နေခဲ့တာပါ။

နောက်ပိုင်းမှာတော့
အကြီးအကဲလီဟာ ပေါ်လာခဲ့ပြီး
လင်းဖုန်းကလဲ
အေးဆေးတည်ငြိမ်စွာနဲ့ပဲ
အနိုင်ယူလိုက်တယ်လေ။ ဒီနေရာမှာ
ရှိနေကြတဲ့ လူတွေအားလုံးထဲမှာမှ...
ယန့်မင်းရွှဲ့တစ်ယောက်ပဲ လင်းဖုန်းက
ဒီတောက်တီရဲ့ အစွမ်းကို

အသုံးချလိုက်တယ် ဆိုတာကို
သိခဲ့တာပါ။

ဒါပေမဲ့လည်း သူမဟာ လင်းဖုန်းကို
နည်းနည်းလေးမှ
အထင်မသေးရဲခဲ့ပါဘူး…
ပြောင်းပြန်ဖြစ်လှစွာနဲ့ပဲ လင်ဖုန်းဟာ
တောက်တီကိုပဲ အသုံးပြုပြီးတော့
ရန်သူနဲ့ ရင်ဆိုင်လိုက်တာဟာ သူမကို
သူ့ရဲ့အစွမ်းတွေ ဘယ်လောက်အထိ
ရှိသလဲ ဆိုတာကို မပြသချင်လို့ပဲလို့
ထင်နေခဲ့ပါတယ်။

ပြီးတော့ တကယ်လဲ အဲ့ဒီအတိုင်း
ဖြစ်လာခဲ့တယ်လေ။
ကြမ်းတမ်းပြင်းထန်တဲ့ တိုက်ပွဲအပြီးမှာ
ယန့်မင်းရွှဲ့ဟာ လင်းဖုန်းက
ဘယ်အဆင့်မှာ ရှိနေသလဲဆိုတာနဲ့
သူ့ရဲ့ တာအိုနည်းစနစ် တွေကိုလဲ
မသိလိုက်ရပါဘူး။

ယန့်မင်းရွှဲ့ရဲ့ အမြင်အရဆိုရင်…
အခုထိပ်တိုက် ရင်ဆိုင်ခြင်းမှာ
တိုက်ကြတဲ့ နှစ်ဦးနှစ်ဖက်ဟာ သူမနဲ့
လင်းဖုန်းတို့ပဲ ဖြစ်ကြပါတယ်။
သူမဟာ လင်းဖုန်းရဲ့ အသေးစိတ်

အချက်အလက်တွေကို
နားလည်သဘောပေါက်ချင်နေခဲ့ပြီး...
လင်းဖုန်းဟာ သူမရဲ့ ဆန္ဒတွေကို
မပြည့်ဝစေချင်ခဲ့ဘူးလေ။
ဟိုမီးလျှံခရားဂိုဏ်းက
ဆံနီအကြီးအကဲဟာ ဘာမှမဟုတ်ပဲ
သူမတို့နှစ်ယောက်
ထိပ်တိုက်ရင်ဆိုင်ရာမှာ အသုံးပြုတဲ့
လက်နက်တစ်ခုမျှသာပါပဲ။

ရလဒ်ကတော့ သူမရဲ့ အကြွင်းမဲ့
လုံးဝဥဿုံအရှုံးပဲ ဖြစ်ပါတော့တယ်။

ရွှေရောင်ဗဟိုချက် အဆင့်က
ကျင့်ကြံသူ တစ်ယောက်နဲ့
ရင်ဆိုင်ရတာတောင်မှပဲ လင်းဖုန်းဟာ
သူ့ရဲ့ ကိုယ်ပိုင်စွမ်းအားကို မဖော်ပြပဲ…
သူမက သူ့ကိုပေးထားတဲ့
တောက်တီရဲ့ လက်ကျန်
စိတ်ဝိညာဉ်လေးကိုပဲ အသုံးချပြီး
ရန်သူကို အနိုင်ယူလိုက်တာပါ။ ဒါက
ယန့်မင်းရွဲ့ကို သိုးမွှေးသွားရှာတာ
အိမ်ကို သိုးမွှေးအရိတ်ခံပြီး
ပြန်လာရသလိုမျိုး ရှုံးနိမ့်တဲ့
ခံစားချက်မျိုးကို ပေးစွမ်းနိုင်ခဲ့ပါတယ်။

လင်းဖုန်းက အကြီးအကဲလီကို
ပြောလိုက်တဲ့ စကားနှစ်ခွန်း
ကိုတောင်မှပဲ… ယန့်မင်းရွဲ့ဟာ
လင်းဖုန်းက သူမကို ရည်ရွယ်ပြီး
ပြောသယောင်ယောင်
ခံစားလိုက်ရပါတယ်။

"ကဲ… ကောင်ကလေး… မင်းကရှုပ်လို့
ဝပြီလား?"

"ကဲ… မင်းကရှုပ်လို့ ဝသွားပြီဆိုတော့
ငါကလဲ တစ်ခုခုပြန်ပြီးတော့
ပေးရတာပေါ့ကွာ"

ဒီစကားနှစ်ကြောင်းဟာ ယန်နှမင်းရွဲ့ရဲ့
ငြိမ်သက်အေးဆေးနေတဲ့ ရင်ကို
အနည်းငယ် စိတ်အနှောင့်အယှက်
ဖြစ်စေခဲ့ပါတယ်။

သူမဟာ ဟင်းလင်းပြင်
ဘုရားကျောင်းရဲ့ သာမာန်တပည့်
မဟုတ်ပါဘူး။ နှစ်ပေါင်းများစွာ
နံပါတ်တစ် မြင့်မြတ်နယ်မြေ ဖြစ်ခဲ့တဲ့
ဟင်းလင်းပြင်
ဘုရားကျောင်းမှာတောင်မှ... သူမဟာ
ကောင်းကင်ဘုံက ပစားပေးခံထားရတဲ့

သူမျိုးဖြစ်ပါတယ်။ သူမဟာ
ငယ်စဉ်ကတည်းက စပြီး ဘယ်သူမှ
သူမကို ဒီလိုမျိုး အခက်အခဲ
ကျရောက်စေတဲ့ ခံစားချက်မျိုးကို
မပေးခဲ့ဖူးပါဘူး။

သူမနဲ့ အဆုံးသတ်အထိ ခါးသီးစွာ
တိုက်ခဲ့တဲ့ သူမရဲ့ အဓိကပြိုင်ဖက်
လုံရဲ့တောင်မှပဲ သူမကို
ဒီလိုမျိုးဖြစ်အောင် မလုပ်နိုင်ခဲ့ဘူးလေ။

ဒီအချိန်မှာတော့… ယန့်မင်းရှဲ့ဟာ
လင်းဖုန်းနဲ့ ရင်ဆိုင်ရာမှာ

နည်းနည်းကလေးမှ
မပေါ့ဆရဲတော့ပါဘူး... သူမ
လေးနက်စွာ ရင်ဆိုင်ရမယ့်
ပစ်မှတ်အဖြစ်နဲ့သာ
သတ်မှတ်ထားလိုက်ပြီလေ။

"ပညာရှင်တစ်ယောက်
သေဆုံးရခြင်းရဲ့ အကြောင်းရင်းများ
အနက်မှ
တစ်ရာ့တစ်ချက်မြောက်ဟာ...
အတွေးလွန်ခြင်းပဲ ဖြစ်ပါတော့တယ်!"

ဒီအချိန်မှာတော့ လင်းဖုန်းရဲ့ အာရုံတွေ
အားလုံးဟာ သူ့ဆီကို
အပြေးလေးလာနေတဲ့
ရှောင်ယန်လေးရဲ့ အနားမှာပဲ
ကျရောက်လို့ နေခဲ့ပါပြီ...
ရင်ထဲကနေလဲ ရေရွတ်နေလို့ပါ...
"ဟဟ... ဒုတိယတစ်ယောက်...
ဒုတိယတစ်ယောက်..."

## စာစဥ် ၂ : အပိုင်း ၅

## အပိုင်း ၂၅ : ဒုတိယ! တတိယ?

ရှောင်ယန်လေးဟာ ဆရာ-တပည့်
ခံယူခြင်း အခမ်းအနားကို
ပြုလုပ်ပြီးသွားတဲ့ အချိန်မှာ…
သူ့ရဲ့နားထဲမှာ ပေါ်လာတဲ့ စနစ်ကြီးရဲ့
အကြောင်းကြားချက်ကို
နားထောင်ပြီးတော့ လင်းဖုန်းရဲ့
တစ်ကိုယ်လုံးဟာလည်း
ခြေကုန်လက်ပန်းကျလို့ နေခဲ့ပြီလေ။

"သင့်ရဲ့ ဒုတိယတပည့် ရှောင်ယန်ကို
လက်ခံရရှိတဲ့အတွက်
ဂုဏ်ယူပါတယ်…"

"သင်ဟာ ကံစမ်းမဲနှိုက်ခွင့်တစ်ကြိမ် နဲ့
ကုန်သွယ်မှုအမှတ် ၅၀၀ ကို
ဆုလာဒ်အဖြစ် ရရှိပါတယ်..."

လင်းဖုန်းဟာ သူ့ရဲ့ အရှေ့က
ရှောင်ယန်လေးကို ကြည့်လိုက်ပြီး...
ရင်ထဲကနေပဲ
သက်ပြင်းချလိုက်ပါတယ်... "အင်း...
ဒီတစ်ခေါက်တော့ ငါက အသက်နဲ့
ရင်းပြီးတော့ကို
စာရင်းရှင်းလိုက်ရတာပဲဟ..."

တပည့်စနစ်မှာတော့...
ရှောင်ပုတန်လေးအပြင် ရှောင်ယန်ရဲ့
အချက်အလက်တွေကိုပါ
ပေါင်းထည့်ပေးလိုက်ပါပြီ။

အမည် : ရှောင်ယန်

အသက် : ၁၅ နှစ် ၁ လ

လက်ရှိအဆင့် : ချီသာဝက အဆင့် ၁

ဖြစ်နိုင်သော ပင်ကိုအရည်အချင်း :
အရိုးအရင်းမြစ် -> ၈… သဘောပေါက်
နားလည်နိုင်စွမ်း -> ၉…  စိတ်စွမ်းအား
-> ၉… ကောင်းချီးမင်္ဂလာ -> ၈

မှတ်ချက် : အဂ္ဂိရတ်ပညာတွင် အထူး
ပင်ကိုစွမ်းရည် ရှိသည်။

အကြံပြုထောက်ခံသော သင်ကြားမှု
အစီအစဉ် : မီးအနွယ်ဝင်
တာအိုနည်းစနစ်များကို သင်ကြားဖို့
ထောက်ခံပါတယ်… စွမ်းရည်တွေ
အနေနဲ့ သိုင်းပညာအပေါ်မှာ

အာရုံစိုက်ပြီး တိုးတက်အောင်
လေ့ကျင့်ဖို့အတွက်
ထောက်ခံပါတယ်… အမတန်
ထူးကဲတဲ့ အလားအလာရှိတဲ့အတွက်
သူ့ရဲ့ အဂ္ဂိရတ်အဆင့်ကို
တိုးတက်အောင် လေ့ကျင့်ဖို့
ထောက်ခံပါတယ်။

သူဟာ ပင်ကိုအရည်အသွေး
တစ်မျိုးမှာ အမှတ်ပြည့်ရထားတဲ့
ရှောင်ပုတန်လေးနဲ့ မတူပေမယ်…
သူ့ရဲ့ သဘောပေါက် နားလည်နိုင်စွမ်းနဲ့
စိတ်စွမ်းအားတို့ဟာ တစ်ဆင့်

ပိုပြီးတော့ မြင့်ပါတယ်။ သူ့ရဲ့
ပင်ကိုအရည်အသွေး လေးခုစလုံးဟာ
အလွန်ကိုပဲ
ထူးချွန်ပြောင်မြောက်ပြီးတော့ သူဟာ
အဂ္ဂိရတ် ပညာမှာလဲ အပို
ပင်ကိုစွမ်းရည် ရှိပါသေးတယ်။

ဒါပေမဲ့လည်း ဒီစနစ်ကြီးက သူ့ကို
မီးအနွယ်ဝင် တာအိုနည်းစနစ်တွေကို
လေ့ကျင့်ဖို့ ထောက်ခံထားခဲ့ပါတယ်…
ဒီအချက်ကို ကြည့်လိုက်တော့
လင်းဖုန်းဟာ လျှို့ဝှက်စွာနဲ့ပဲ
မျက်မှောင်ကြီးကို ကြုတ်လိုက်ပါပြီ။

စနစ်ကြီးကတော့ အသင့်တော်ဆုံး
သင်ကြားမှု အစီအစဥ်ကို
ဆွဲပေးတာဟာ သံသယဖြစ်ဖွယ်ရာ
မရှိပါဘူး… ဒါပေမဲ့လည်း
အခုလင်းဖုန်းရဲ့ လက်ထဲမှာက
ကောင်းကင်ကိုးလွှာ
မိုးကြိုးနည်းစနစ်သာ ရှိသေးတာပါ…
သူက ဘယ်ကိုသွားပြီးတော့
မီးအနွယ်ဝင် တာအိုနည်းစနစ်ကို
ရှာရပါ့မလဲ?

… ပြီးတော့ ဒါကလဲ
ထူးခြားဆန်းပြားတဲ့ မီးအဆင့်
တာအိုနည်းစနစ်မျိုး
ဖြစ်ရဦးမယ်လေ… နို့မဟုတ်ရင်တော့
ရှောင်ယန်လေးက ဘယ်လိုလုပ်ပြီး
လက်ခံနိုင်ပါ့မလဲ?

ရှောင်ယန်လေးက ဘာမှ
မပြောရင်တောင်မှပဲ… သူ့ရဲ့အရှေ့က
ခရမ်းရောင် ဝတ်စုံနဲ့ ကောင်မလေးက
ကျေနပ်မှာ မဟုတ်ပါဘူး။

ရှောင်ကျန်းအာလေးဟာ ရှောင်ယန်ကို ကြေကွဲနေတဲ့ အမူအယာလေးနဲ့ စိုက်ကြည့်လိုက်ပြီး... လင်းဖုန်းကို လှည့်ကာ မေးလိုက်ပါတယ်... "စီနီယာရှင့်... ရှင်က ကိုကိုရှောင်ယန်ကို ခေါ်ပြီးတော့ ဒီဝူကျိုးမြို့ကနေ ထွက်သွားမှာလား?"

လင်းဖုန်းက ဖွဖွလေးပဲ ပြုံးလိုက်ပါတယ်... "အင်း... ငါက ဒီနေရာမှာ ကြာကြာနေမှာ မဟုတ်ဘူး... မင်းလေးရဲ့ ကိုကိုရှောင်ယန်က အိမ်မှာ လုပ်စရာ

ရှိတာတွေကို လုပ်ပြီးသွားရင် ငါတို့ဟာ ထွက်သွားဖို့ အချိန်ကျပြီကွယ့်..."

ခဏငြိမ်လိုက်ပြီးတော့... လင်းဖုန်းက ရှောင်ယန်လေးကို လှည့်ပြီးတော့ ပြောလိုက်ပါတယ်... "ဟင်း... သူ့ဆီမှာက ပြီးမြောက်ဖို့ အရမ်းကို ခက်ခဲတဲ့ ဦးတည်ချက်တစ်ရပ် ရှိနေတယ်... တကယ်လို့များ သူကသာ လုပ်ရိုးလုပ်စဉ်အတိုင်း လေ့ကျင့်နေမယ် ဆိုရင်တော့ အချိန်အရမ်း နောက်ကျသွားလိမ့်မယ်ကွ။

ပိုပြီးကျယ်ပြန့်တဲ့
အပြင်လောကကိုသွားပြီးတော့...
စမ်းသပ်မှု စစ်ဆေးမှုတွေကို ခံယူကာ
အတွေ့အကြုံလေး ရှာပြီးတော့...
အခွင့်အရေးတွေနဲ့
များများထိတွေ့မှသာ သူဟာ
ခုန်ပျံကျော်လွှားပြီးမှ
တိုးတက်လာနိုင်လိမ့်မယ်ကွာ..."

ရှောင်ကျန်းအာလေးကလဲ
ရှောင်ယန်ရဲ့ ရည်မှန်းချက်တွေကို
သိနေတယ်လေ... ဒီစကားကို

ကြားပြီးတော့ သူမဟာ အနည်းငယ်
စိတ်မချမ်းမသာ ဖြစ်သွားခဲ့ပါတယ်။

"အင်း... မင်းလေးကလဲ သူနဲ့ အတူတူ
လိုက်ခဲ့လို့ ရတာပဲလေ..."

ဒီစကားဟာ သူ့ရဲ့နှုတ်ဖျားအပေါ်ကို
ရောက်လို့လာခဲ့ပါပြီ... ဒါပေမဲ့လည်း
အနည်းငယ်လောက် လှည့်ပတ်လို့
အပြီးမှာတော့ သူ့ရဲ့ လည်ပင်းထဲကို
ပြန်လည်ကာ ခုန်ဆင်းလို့
သွားခဲ့ပြီလေ... သူကပြောလို့
မထွက်ခဲ့ပါဘူး။

သူ့ရဲ့ အကြီးအကဲလီကို
အနိုင်ယူလိုက်တဲ့ လုပ်ရပ်ဟာ
မယုံနိုင်လောက်အောင် တစ်ဖက်သတ်
ဆန်လွန်းပါတယ်။ ဒီကောင်မလေးဟာ
အံ့အားတော့ သင့်သွားတယ်လေ...
ဒါပေမဲ့ သူမရဲ့ အံ့အားသင့်သွားတဲ့
အကြည့်ဟာ "ဪ... ဒီနေရာမှာ
ဒီလိုမျိုး ပညာရှင်လဲ ရှိသေးတာကို"
မျိုးပဲဖြစ်ပြီး... "အိုး... ဒီကမ္ဘာကြီးမှာ
ဒီလိုမျိုး ပညာရှင်က တကယ်ရှိတာပဲ"
လိုမျိုးမဟုတ်ပါဘူး။

သူ့ရဲ့ စွမ်းဆောင်ရည်ဟာ သူမကို
အထင်မကြီးလောက်စေပါဘူး…
ပြီးတော့ သူမရဲ့ အရမ်းအံ့သြဖွယ်
ကောင်းလောက်အောင် ဖြစ်နိုင်ချေရှိတဲ့
နောက်ခံအသိုင်းအဝိုင်းနဲ့
ဆိုရင်တော့… ရှောင်ယန်လေးနဲ့ အတူ
သူ့ကို ဦးညွှတ်ဖို့ဆိုတာ
မဖြစ်နိုင်သလောက်ပါပဲ။

သေချာတာပေါ့…
ရှောင်ကျန်းအာလေးဟာ
ရှောင်ယန်ရဲ့လက်ကို ကြေကွဲစွာ
ဆုပ်ကိုင်လိုက်ပြီး…

"စိတ်မကောင်းပါဘူး...
ကိုကိုရှောင်ယန်ရယ်...
ကျန်းအာလေးက ကိုကိုနဲ့
အတူမလိုက်နိုင်ဘူး...
တကယ်စိတ်မကောင်းပါဘူး...ဟင့်ဟ
င့်..."

တကယ်လို့သာ တတ်နိုင်မယ်ဆိုရင်
သူမဟာ သူမရဲ့ ကိုကိုရှောင်ယန်နဲ့
အတူတူ လိုက်ချင်ခဲ့တာပါ... ဒါပေမဲ့
သူမကသာ ဒီလိုမျိုးလုပ်ခဲ့ရင်
ရှောင်ယန်ကို မကူညီနိုင်ရုံသာ

မကပဲ… အန္တရာယ်တွေပါ
ဖြစ်စေနိုင်မှာ သေချာနေခဲ့ပါတယ်။

နှစ်တစ်ဝက်တောင် မရောက်သေးပဲနဲ့
သူဟာ တပည့်လေးယောက်မှာ
တစ်ဝက်တိတိကို ရခဲ့ပြီး ဖြစ်ပေမယ့်…
ဒီအချိန် အကန့်အသတ် တစ်နှစ်ဟာ
လင်းဖုန်းရဲ့ရင်ကို
လေးလံစေခဲ့တယ်လေ…
"နံပါတ်သုံး… ဩော်… နံပါတ်သုံး…
မင်းလေးက ဘယ်အနားမှာများ
ရောက်လို့နေတာလဲကွာ?"

ဘာမှ သဲလွန်စမရှိပဲနဲ့ ခြေဦးတည့်ရာ
လျှောက်ရှာနေလို့ရှိရင် သူ့ရဲ့
အချိန်တွေဟာ အလဟဿ
ကုန်သွားရုံပဲရှိမှာပါ။

ရှောင်ကျန်းအာလေးက အင်တင်တင်
ဖြစ်နေတာကို ကြည့်ပြီးတော့…
ရှောင်ယန်က အပူအပင်မရှိတဲ့
ပုံစံမျိုးနဲ့ပဲ ပြုံးလိုက်တယ်…
"ကဲ…ကျန်းအာလေးရေ…
ကိုကို့အတွက်ကိုတော့
စိတ်ပူမနေပါနဲ့… ကိုကိုက အမြန်ကြီး
ထွက်သွားဦးမှာမှ မဟုတ်တာ။

ဒါ့အပြင်... တို့နှစ်ယောက်ဟာ
သိပ်မကြာခင်မှာပဲ
ပြန်ဆုံနိုင်ကြမယ်လို့ ကိုကို့မှာ
ခံစားမိနေတယ်ဟာ..."

ယန့်မင်းရှဲ့ရဲ့ အကြည့်တွေဟာလည်း
ဒီအချစ်စုံတွဲရဲ့ အနားမှာ ရစ်ဝဲလို့
နေခဲ့ပါတယ်... နူးညံ့တဲ့
အပြုံးတစ်ခုဟာ သူမရဲ့
နှုတ်ခမ်းထောင့်စွန်း အနားကနေ
မွေးဖွားကာ လာခဲ့ပြီလေ... "ကဲ...
ရှောင်ယန်လေးရေ... အစ်မက
ဒီသုံးနှစ်တာ ကာလအတွင်းမှာ

မောင်လေးရဲ့စောင့်ရှောက်မှုကို
ကျေးဇူးဆပ်တဲ့ အနေနဲ့...
ဟင်းလင်းပြင် ဘုရားကျောင်းရဲ့
ပညာရပ် တစ်ခုကို မောင်လေးကို
သင်ပေးမယ်လို့
ပြောထားခဲ့တယ်နော်..."

"အစကတော့ မောင်လေးကို
ကောင်းကင်လှောင်အိမ်
မှော်အင်းကွက် ပညာကို
သင်ပေးမလို့ပဲကွယ့်... ဒါပေမဲ့
အခုကြည့်ရတာတော့ အစ်မက

သင်ပေးစရာ မလိုတော့ဘူး
ထင်တယ်..."

ဒီစကားကို ကြားလိုက်ရတော့
ရှောင်ယန်လေးဟာ
မှင်တက်သွားခဲ့ပါတယ်...
ရှောင်ကျန်းအာလေးကလဲ အနည်းငယ်
စိတ်လှုပ်ရှားသွားခဲ့တယ်လေ။

ဒီကောင်းကင်လှောင်အိမ်
မှော်အင်းကွက်ဟာ ဟင်းလင်းပြင်
ဘုရားကျောင်းရဲ့ မူပိုင်မှော်ကျိန်စာ
ဖြစ်ပါတယ်... ဟင်းလင်းပြင်

ဘုရားကျောင်းရဲ့
များပြားကျယ်ပြန့်လှတဲ့ ပညာရပ်တွေ
အထဲမှာတော့ သူ့ကို အနည်းငယ်
အခြေခံကျတဲ့ မှော်ကျိန်စာလို့
ဆိုနိုင်တယ်လေ... ဒါပေမဲ့လည်း
ဒီပညာရပ်ဟာ ဟင်းလင်းပြင်
ဘုရားကျောင်းက တပည့်တွေ
အကုန်နီးပါး သင်ယူကြတဲ့ ပညာလဲ
ဖြစ်ပါတယ်။

ဒါကလဲ တခြားအကြောင်းပြချက်
မရှိပါဘူး... မရေမတွက်နိုင်တဲ့
ယခင်က လေ့ကျင့်ခဲ့တဲ့သူတွေရဲ့

အမြဲမပြတ်
တိုးတက်ကောင်းမွန်အောင်
ပြုပြင်မွမ်းမံမှုတွေကြောင့်ပဲ…
ဒီမော်ကျိန်စာဟာ ပကတိ
ပြည့်စုံကောင်းမွန်လုနီးပါး
ဖြစ်နေပြီးတော့ အလွန်ကိုမှပဲ
အသုံးတည့်လှတယ်လေ။

ကောင်းကင်လှောင်အိမ်
မော်အင်းကွက်… ချီသာဝကအဆင့်
ကျင့်ကြံသူတွေ သုံးမယ်ဆိုရင်တော့…
အစွမ်းသတ္တိတစ်မျိုးပါ။ ကမ္ဘာဦး
ဝိညာဥ်အဆင့် ကျင့်ကြံသူတွေ

သုံးမယ်ဆိုရင်တော့…
ကမ္ဘာတုန်လောက်တဲ့ အစွမ်းသတ္တိ
နောက်တစ်မျိုးပါ။

အဆုံးစွန် ကန့်သတ်ချက်တွေရှိပြီး…
ကျင့်ကြံသူရဲ့ ကိုယ်ပိုင်အဆင့်
တိုးတက်လာပြီး နောက်ပိုင်းမှာ
မလိုက်နိုင်တော့ပဲ နောက်ဆုံးမှာ
စွန့်ပစ်လိုက်ရတဲ့ များပြားလှတဲ့
မှော်ကျိန်စာမျိုးတွေနဲ့ မတူပဲ…
ဒီကောင်းကင်လှော်အိမ်
မှော်အင်းကွက်ရဲ့ ဖြစ်တန်စွမ်းဟာ
အဆုံးမရှိပါဘူး။ ခွန်အားကြီးမားတဲ့

ကမ္ဘာဦး ဝိညာဉ်အဆင့်
ပညာရှင်ကြီးတွေရဲ့
တိုက်ပွဲမှာတောင်မှပဲ သူဟာ
အလွန်အသုံးတည့်လှတဲ့
မှော်ကျိန်စာတစ်မျိုးပဲ ဖြစ်ပါတယ်။

ဒီစကားကို ကြားလိုက်ရတော့
လင်းဖုန်းဟာ အစပထမမှာ
မှင်သက်သွားခဲ့ပြီးတော့မှ
တုံ့ပြန်လိုက်နိုင်ပါတယ်...
ယန့်မင်းရွှဲ့ကို ကြည့်နေတဲ့ သူ့ရဲ့
မျက်စိထဲက သတိထားမှုတွေဟာ ပိုမို

ကြီးမားလားပြီးတော့ ပိုပြီးတော့လဲ
လျှို့ဝှက်လာခဲ့ပါတယ်။

လင်းဖုန်းရဲ့ တောက်တီကို အသုံးချပြီး
ရန်သူကို တွန်းလှန်လိုက်တဲ့
နည်းကိုကြည့်ပြီးတော့...
ယန့်မင်းရွဲ့ဟာ သူမလက်စွပ်ထဲမှာ
ချန်ထားခဲ့တဲ့ ကောင်းကင်လှောင်အိမ်
မှော်အင်းကွက်ဟာ လင်းဖုန်းရဲ့
ဖြေရှင်းတာကို ခံလိုက်ရပြီဆိုတာကို
ခန့်မှန်းလိုက်နိုင်ပါတယ်။ လင်းဖုန်းက
ဒီအခွင့်အရေးကို မလွတ်စတမ်း
အသုံးချပြီးတော့

ဒီကောင်းကင်လှောင်အိမ်
မှော်အင်းကွက်ကိုလဲ လက်ထဲမှာ
ဖမ်းဆုပ်သွားနိုင်ခဲ့တယ်လေ။

ကောင်းကင်လှောင်အိမ်
မှော်အင်းကွက်ဆိုတာက
ဟင်းလင်းပြင် ဘုရားကျောင်းရဲ့
လျို့ဝှက်မှော်ကျိန်စာ တစ်မျိုးဖြစ်ပြီး
အပြင်လူတွေကို လွယ်လွယ်ကူကူနဲ့
သင်ပေးတာမျိုး မရှိပါဘူး…
ဘာဖြစ်လို့လဲဆိုတော့ သူ့ကိုသိတဲ့
လူတွေရဲ့ရှေ့မှာ… အသုံးပြုတဲ့သူဟာ
ဟင်းလင်းပြင် ဘုရားကျောင်းရဲ့

နာမည်ကို အများအားဖြင့်
အသုံးချကြပါတယ်... ပြီးတော့ သူတို့ရဲ့
ကျော်ကြားမှုကို အသုံးချပြီးတော့
ပြဿနာရှာဖို့ ဆိုတာကလဲ အရမ်းကိုပဲ
လွယ်ကူနေခဲ့တယ်လေ။

ဒါပေမဲ့ အခုတော့ ယန့်မင်းရွဲ့ဟာ
ဒီကိစ္စကို ဆက်လက်ပြီးတော့
စုံစမ်းဖို့ရာ ရည်ရွယ်ချက်မျိုး
မရှိခဲ့ပါဘူး။ လင်းဖုန်းလို
ဘယ်ကလာမှန်း မသိပဲ ပဟေဋ္ဌိဆန်တဲ့
လူမျိုးနဲ့ ဆက်ဆံရာမှာ... ပဋိပက္ခ
ကြီးကြီးမားမား မရှိပဲနဲ့တော့

ယန့်မင်းရွှဲ့ဟာ ရန်သူ
ဖြစ်ရတာထက်စာရင် မိတ်ဆွေ
ဖြစ်ရတာက ပိုကောင်းတယ်ဆိုတဲ့
သဘောထားမျိုး ရှိနေခဲ့ပါတယ်။

သူမက ရှောင်ယန်လေးကို
ကြည့်ပြီးတော့မှပဲ ပြောလိုက်ပါပြီ...
"ကဲ... ဒီကနေ့မှာ အစ်မက
မောင်လေးကို သင်ပေးမယ့်
မှော်ကျိန်စာရဲ့ နာမည်က
အနီရောင်ကြာပန်း
ချိုးဖောက်ခြင်းလို့ခေါ်တဲ့ မီးအနွယ်ဝင်
ပထမတန်းစား မှော်ကျိန်စာ

တစ်မျိုးပဲကွယ့်။ သူ့ရဲ့
အားနည်းချက်ကတော့
လေ့ကျင့်ရန်ခက်ခဲခြင်းပဲ... ပြီးတော့
လေ့ကျင့်တဲ့ နေရာမှာလဲ အန္တရာယ်
အနည်းငယ် ရှိနိုင်တယ်...
ဒါပေမဲ့လည်း သူ့ရဲ့စွမ်းပကားဟာ
တကယ့်ကိုပဲ ကျေနပ်ဖွယ်ရာ
ကောင်းတယ်ကွယ့်..."

ယန့်မင်းရွဲ့ဟာ ရှောင်ယန်လေးနဲ့
သုံးနှစ်တိုင်တိုင် အတူနေခဲ့တာပါ...
သူမက ရှောင်ယန်လေးဟာ
မီးအနွယ်ဝင် တာအိုနည်းစနစ်တွေကို

လေ့ကျင့်ဖို့ သင့်တော်တယ်ဆိုတာကို သိတာဟာ သဘာဝပါပဲ။

ကောင်းကင်လှောင်အိမ် မှော်အင်းကွက်လိုမျိုးပဲ… အနီရောင်ကြာပန်း ချိုးဖောက်ခြင်းဟာ ဒီကမ္ဘာအတွင်းမှာ နာမည်ကြီးတဲ့ အထဲမှာပါပြီးတော့ ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ အလွန်ကျော်ကြားတဲ့ မီးအနွယ်ဝင် မှော်ကျိန်စာ တစ်မျိုးလဲ ဖြစ်ပါတယ်။ သူက ကျင့်ကြံသူရဲ့ လက်ရှိအဆင့်ထက်ပိုတဲ့ စွမ်းအားကို

ထုတ်နိုင်တဲ့ အတွက်ကြောင့်ပဲ
နာမည်ကြီးတာပါ။

ဒီမှော်ကျိန်စာမှာလဲ
သူ့အားနည်းချက်နဲ့သူ ရှိပေမယ့်...
သူဟာ အဆင့်ပိုမြင့်တဲ့ ပြိုင်ဖက်တွေနဲ့
ယှဉ်ပြိုင်တဲ့ နေရာမှာ အန္တရာယ်
အကင်းဆုံး ဖြစ်စေဖို့ အတွက်တော့
အသင့်တော်ဆုံးပဲ ဖြစ်တယ်လေ။
လက်ရှိရှောင်ယန်လေး
အတွက်ကတော့ သူ့ရဲ့
ဆွဲဆောင်နိုင်စွမ်းဟာ
ကောင်းကင်လျှောင်အိမ်

မှော်အင်းကွက် ထက်တောင်မှပဲ
ပိုပြီးတော့ ကြီးမားပါတယ်။

ရှောင်ယန်ကလဲ ပျော်ရွှင်စွာနဲ့ပဲ
ခေါင်းကို တဆတ်ဆတ်နဲ့
ညိတ်လိုက်ပါတယ်။ ယန့်မင်းရွဲ့က
လင်းဖုန်းကို
တစ်ချက်စိုက်ကြည့်လိုက်ပြီးတော့
ပြောလိုက်ပါပြီ...
"အင်း...တာအိုရှောင်းရင်းလင်းက
ပေးထားတဲ့ အဓိကအမယ်
ဝိညာဉ်တည်ငြိမ် မြက်ပင်အပြင်...
ကျွန်မဟာ ဝိညာဉ်ကျောက်ဆူး

ဆေးလုံးကို ဖော်စပ်ဖို့အတွက်
အမယ်အနည်းငယ်ကိုလဲ
လိုသေးတယ်ရှင့်..."

"ဒီအမယ်တွေက ရှာရမခက်ပါဘူး။
ဝူကျိုးမြို့မှာတင်ကို ရှိပါတယ်။
အစ်မက မောင်လေးကို ကူပြီးရှာပေးဖို့
အပူကပ်ရမှာပဲကွယ့်..."

ရှောင်ယန်ကလဲ ရိုးသားပွင့်လင်းစွာနဲ့ပဲ
သဘောတူလိုက်ပါတယ်...
ယန့်မင်းရွဲ့ဟာ လင်းဖုန်းနဲ့
ရှောင်ကျန်းအာလေးတို့ကို

မရှောင်ပဲနဲ့… ဒီနေရာမှာတင်ပဲ သူ့ကို
အနီရောင်ကြာပန်း ချိုးဖောက်ခြင်း
ပညာရပ်ကို စတင်ပြီးတော့
သင်ပေးလိုက်ပါပြီ။

ယန့်မင်းရွဲ့ဟာ သူတို့ကို
မရှောင်ပေမယ့်…
ရှောင်ကျန်းအာလေးကတော့
စည်းကမ်း မလိုက်နာတာတွေမျိုးကို
မလုပ်ပါဘူး။ သူမက ရှောင်ယန်ကို
သတိတစ်ချက် ပေးလိုက်ပါတယ်…
"ကဲ… ကိုကိုရှောင်ယန်… ညီမလေးက
အိမ်အရင် ပြန်နှင့်မယ်နော်။ ဒီနေရာမှာ

ဒီလောက်ကြီး
ဆူညံပွက်လောရိုက်သွားတော့
အိမ်ကလူတွေလဲ လန့်နေလောက်ပြီ။
ညီမလေးက အရင်ပြန်ပြီးတော့
အကျိုးအကြောင်းတွေကို
ရှင်းပြလိုက်ဦးမယ်…
ကိုကိုရှောင်ယန်လဲ
ဖြေးဖြေးလေ့ကျင့်နော်…"
စကားဆုံးတာနဲ့ သူမကလဲ
လှည့်ထွက်ကာ လာလိုက်ပြီလေ။

လင်းဖုန်းကလည်းပဲ လျှို့ဝှက်စွာနဲ့ပဲ
နှုတ်ခမ်းကို တွန့်လိုက်ကာ

ရှောင်ပုတန်လေးကို ခေါ်ပြီးတော့ပဲ
အဝေးတစ်နေရာကို
ထွက်လာခဲ့ပါတယ်။

ရှောင်ယန်လေးက သူ့ကိုပြန်ပြီး
လက်ဆင့်ကမ်းကမ်း မကမ်းကမ်း...
ဒီအချိန်မှာတော့ သူဟာ
အရေးမထားတဲ့ ဆရာသခင်
သူတော်စင် ပုံစံမျိုးကို
ဖမ်းထားရမယ်လေ။

"ဟာ... ဝိညာဉ်တည်ငြိမ်မြက်ပင်?
ဝိညာဉ်ကျောက်ဆူးဆေးလုံး? ဒါတွေ

အကုန်လုံးကို ဟိုကောင်မက
ရတော့မှာလား... သေစမ်း! သေစမ်း!
တကယ်လို့များ ငါကသာ
စားရရင်တော့ ငါ့စွမ်းအားရဲ့ ၅၀%
လောက်ကို ပြန်ရမှာဟ… ပြီးတော့မှ
ရွှေရောင်ဗဟိုချက် အဆင့်က
ကျင့်ကြံသူ တစ်ချို့ကို သွားပြီး
ရှာစားလိုက်ရင်… ငါ့ရဲ့
အရင်စွမ်းအားကို ခပ်မြန်မြန်ပဲ
ပြန်ရမှာပဲ… သေစမ်းကွာ!!!"

တောက်တီးရဲ့ မကျေမချမ်း ဖြစ်နေတဲ့
ပြင်းထန်တဲ့ ဟိန်းဟောက်သံတွေဟာ

လက်စွပ်အတွင်းကနေ ထွက်ပေါ်ကာ
လာခဲ့ပါတယ်... "ဟွန့်...
ဟင်းလင်းပြင် ဘုရားကျောင်း!
ဟိုကောင်မကလဲ ဟင်းလင်းပြင်
ဘုရားကျောင်းကပဲ.. နင်ကလဲ
ဟင်းလင်းပြင် ဘုရားကျောင်းကပဲ...
ဟင်းလင်းပြင် ဘုရားကျောင်းက
လူတွေအကုန်လုံးက
ချီးထုတ်တွေပဲဟေ့!"

"နင်ကလဲ ချီးထုတ်ပဲ...
ဟိုကောင်မစုတ်က ပိုပြီးတော့တောင်
ချီးထုတ်ကျသေးတယ်။ ငါက နင်တို့

ဟင်းလင်းပြင် ဘုရားကျောင်းက
လူတွေ အကုန်လုံးကို အသေဆိုးနဲ့
သေပါစေလို့ ကျိန်စာတိုက်တယ်ဟေ့!"

"မင်းတို့ ဘုရားကျောင်းရဲ့ ဟိုးအရင်က
မြင့်မြတ်တဲ့ အပျိုစင် သမီးတော်လိုပဲ...
အနန္တ စကြဝဠာ လမ်းစဥ်ကို
လေ့လာလိုက်စားမယ်ဆိုတဲ့
သန္ဒိဌာန်တွေ ပြတ်တောက်ပြီးတော့...
သူမရဲ့ ကျင့်ကြံမှု အသီးအပွင့်တွေ
အဖျက်ဆီးခံရပြီးတော့... တခြားလူကို
မောင်းမမိဿံ အဖြစ်နဲ့ ယူရပြီးတော့...
မော်တယ်အမျိုးသမီးရဲ့ နှိပ်စက်ခြင်းကို

ခံရပြီးတော့... သွေးပွက်ပွက်အန်ကာ
သေရပြီးတော့... အထီးကျန်နေတဲ့...
သူ့အဖေရဲ့ လျစ်လျူရှုမှုကို ခံနေရပြီး...
သူ့မိထွေးရဲ့ ဖိနှိပ်တာကို ခံနေရတဲ့...
သားလေးကို မွေးပြီးတော့......"

ဒီတောက်တီဟာ သူ့ရဲ့ နှလုံးသားထဲက
ခံစားချက်တွေကို ရင်ပွင့်လုမတတ်
အော်ဟစ်နေခဲ့တာပါ... လင်းဖုန်းဟာ
ရုတ်တရက် သူ့ရဲ့အရှေ့မှာ
ပေါ်လာပြီး... ကောင်းကင်လျှောင်အိမ်
မှော်အင်းကွက်ရဲ့ အရှေ့ကနေ သူ့ကို

တည့်တည့်ကြီး စိုက်မကြည့်နေချိန်
အထိပေါ့။

လင်းဖုန်းရဲ့ လက်ရှိအကြည့်ဟာ သူ့ရဲ့
ဘဝသက်တမ်း တစ်လျှောက်လုံးမှာ
ငတ်ပြတ်နေပြီးမှ အသားကို
ရုတ်တရက် တွေ့လိုက်ရတဲ့ ဝံပုလွေ
တစ်ကောင်လိုပါပဲ... ဒီလိုမျိုး
အစားပုတ်တဲ့ သဘာဝရှိတဲ့
တောက်တီကိုတောင်မှ
ကြောက်ရွံ့သလိုမျိုး
ခံစားမိစေခဲ့တယ်လေ။

"အင်း… ငါကသာ နားကြားမမှားဘူး ဆိုရင်တော့… မင်းက ဒီလိုပြော…" လင်းဖုန်းက သူ့နှုတ်ခမ်းကို လျှာနဲ့သပ်လိုက်ပါတယ်… "မင်းက ဒီလို ပြောလိုက်တယ်မလား… အရင်က မြင့်မြတ်တဲ့ အပျိုစင် သမီးတော်ဟာ တစ်ယောက်ယောက်ရဲ့ သတ်ဖြတ်ခြင်းကို ခံလိုက်ရပြီး သားတစ်ယောက် ကျန်ခဲ့တယ်။ သူက ချမ်းသာပြီး အစွမ်းထက်တဲ့ မိသားစုက ကိုယ်လုပ်တော်ရဲ့သားလေ… ဒါပေမဲ့ အဖေနဲ့ မိထွေးရဲ့ ဖိနှိပ်ချုပ်ချယ်မှုတွေကို ခံနေရပြီး… စိတ်မချမ်းမြေ့စွာနဲ့

အသက်ရှင်နေရတယ်
ဆိုတာဟုတ်လား?"

တောက်တီဟာ မသိစိတ်ကနေပဲ
ခေါင်းကိုညိတ်မိပါတယ်။
လင်းဖုန်းကလဲ သူ့ရဲ့ ရင်ထဲကနေပဲ
ပီတိတွေဖြစ်ပြီး တက်ကြွစွာနဲ့ပဲ
အော်ဟစ်လိုက်ပါတော့တယ်...
"အင်း... ပျော်ရွှင်မှုဆိုတာဟာ
ရတ်တရက် လာတတ်တာပဲဟ...
လူကို အံ့အားသင့်အောင်
လုပ်တတ်တယ်!
ဘယ်လိုပဲကြည့်ကြည့်

ဒီကောင်လေးဟာ
ဇာတ်လိုက်မင်းသားအဆင့်
ဇာတ်ကောင်ပဲ ဖြစ်ရမယ်...
ကောင်းကင်ဘုံက ရွေးချယ်ထားတဲ့
သူလေးပဲ... ဟဲဟဲ... တတိယ
တစ်ယောက်ကလဲ
လာတော့မယ်ထင်တယ်?"

## စာစဉ် ၂ : အပိုင်း ၆

## အပိုင်း ၂၆ : ဝမ်းနည်းကြေကွဲဖွယ် မြင့်မြတ်သော အပျိုစင်သမီးတော်

လက်စွပ်အတွင်းမှာ လင်းဖုန်းရဲ့
အသိစိတ်ဟာ ပုံရိပ်ယောင် ပုံစံမျိုးနဲ့...
အလင်းတန်း လျှောင်အိမ်ထဲက
တောက်တီရဲ့ လက်ကျန် စိတ်ဝိညာဉ်နဲ့
မျက်နှာခြင်းဆိုင်လိုက်ပါတယ်။

လင်းဖုန်းက တောက်တီကို
ကြည့်ပြီးတော့မှပဲ မေးလိုက်ပါပြီ...
"တကယ်လို့များ ငါက
နားကြားမမှားခဲ့ဘူးဆိုရင်...
ခဏနေက မင်းပြောလိုက်တာဟာ...
အရင်က မြင့်မြတ်တဲ့ အပျိုစင်
သမီးတော်ဟာ တစ်ယောက်ယောက်ရဲ့

သတ်ဖြတ်ခြင်းကို ခံလိုက်ရပြီး
သားတစ်ယောက် ကျန်ခဲ့တယ်။ သူက
ချမ်းသာပြီး စွမ်းအားကြီးတဲ့ မိသားစုက
မောင်းမဲ့မိသားရဲ့သားလေ... ဒါပေမဲ့
အဖေနဲ့ မိထွေးရဲ့
ဖိနှိပ်ချုပ်ချယ်မှုတွေကို ခံနေရပြီး...
စိတ်မချမ်းမြေ့စွာ
အသက်ရှင်နေရတယ်
ဆိုတာဟုတ်လား?"

တောက်တီဟာ ယောင်ယမ်းပြီး
ခေါင်းကိုညိတ်လိုက်ပါတယ်...
ဒါပေမဲ့လည်း ချက်ချင်းပဲ

မကျေနပ်စွာနဲ့
ပြန်ပြောလိုက်တယ်လေ... "ဟွန့်...
ဘာဖြစ်လို့ မင်းကို ပြောပြရမှာလဲကွ?"

လင်းဖုန်းကလဲ တောက်ပစွာနဲ့
ပြုံးလိုက်ပါပြီ...
အတွေးတစ်ချက်နဲ့တင်ပဲ
ကောင်းကင်လှောင်အိမ်
မှော်အင်းကွက်နဲ့ ပုံဖော်ထားတဲ့
အလင်းတန်း လှောင်အိမ်လေးဟာ
ချက်ချင်းပဲ ကြုံ့သွားပြီး...
တောက်တီလေးကို
ဖျစ်ညှစ်လိုက်ပြီလေ။ အလင်းတန်း

တိုင်လုံးကြီးတွေနဲ့ ဖွဲ့စည်းထားတဲ့
သံတိုင်တွေဟာ တောက်တီရဲ့
ကိုယ်ခန္ဓာကို ဖိနှိပ်ထားလိုက်ပါပြီ…
သူ့ရဲ့ခန္ဓာကိုယ် မျက်နှာပြင်ပေါ်ကနေ
အငွေ့တွေဟာ ထောင်းကနဲ ထလာပြီး
တောက်တီလေးကို နာကျင်စွာနဲ့
ထပ်ခါထပ်ခါ
အော်ဟစ်နေစေခဲ့ပါတယ်။

ကောင်းကင်လှောင်အိမ်
မှော်အင်းကွက်ဟာ ရန်သူတွေကို
ချုပ်နှောင်ထားနိုင်ရုံတင် မကပါဘူး…
သူ့မှာက တိုက်ခိုက်နိုင်တဲ့ စွမ်းရည်

တွေလဲ ရှိပါသေးတယ်။ သူဟာ
အထူးသဖြင့် စိတ်ဝိညာဥ်တွေ…
လိပ်ပြာတွေ အပေါ်မှာ
အကျိုးသက်ရောက်မှု
ကြီးမားတယ်လေ။

"အား… နာတယ်ဟ… နာတယ်ဟ!"
တောက်တီရဲ့ မျက်နှာလေးဟာ
နာကျင်မှုတွေနဲ့ ရှုံ့မဲ့လို့နေပါတယ်…
သူ့ရဲ့ တဝက်တပျက်
ဖောက်ထွင်းမြင်နိုင်တဲ့
စိတ်ဝိညာဥ်ကလဲ တွန့်လိမ်လာပြီး…
သေးငယ်တဲ့ လူပုံသဏ္ဍာန်မျိုးကို

ပြောင်းသွားကာ… အလင်းတန်း
လှောင်အိမ်ရဲ့ ဖိနှိပ်ခြင်းကို
ရှောင်ရှားရန် ကွေးကွေးလေး
ဖြစ်သွားပါတော့တယ်။

ဒါကို တွေ့လိုက်ရတော့ လင်းဖုန်းဟာ
အနည်းငယ် မှင်သက်သွားမိပါတယ်။
သူ့ရဲ့အရှေ့က တောက်တီဟာ
အလွန်အံ့အားသင့်ဖွယ်
ကောင်းလောက်အောင်ပဲ အသက် ၃,၄
နှစ်သာ ရှိဦးမယ့် ကျစ်ဆံမြီးလေး
နှစ်ချောင်းနဲ့ ကောင်မလေး အသွင်ကို
ပြောင်းသွားခဲ့ပြီလေ။ သူမဆီမှာက

ဆီးနှင်းလိုမျိုး ဖြူဖွေးတဲ့
အသားအရေရှိပြီး အလွန်ကိုပဲ ချစ်စရာ
ကောင်းလှပါတယ်။

ဒီတောက်တီရဲ့ လူပုံစံဟာ
တကယ်တမ်းတော့
ကောင်မလေးရဲ့ပုံပါ။ သူမရဲ့
ချစ်စရာကောင်းလှတဲ့ အမူအယာဟာ
ရှောင်ပုတန်လေးရဲ့ ပုံစံနဲ့
ကောင်းကောင်းကြီးကို
ယှဉ်နိုင်တယ်လေ။

တစ်ခုပဲ ရှိတာပါ... ဒီကောင်မလေးဟာ
အရမ်းကိုပဲ ခက်ထန်လှပါတယ်။
သူမကို ကြည့်ရတာဟာ အလွန်ပဲ
ချစ်စရာ ကောင်းနိုင်ပါတယ်...
ဒါပေမဲ့လည်း သူမရဲ့ အမူအရာဟာ
ကျိုးကြောင်းဆီလျော်မှု မရှိပဲ
ဗိုလ်ကျလိုစိတ် ရှိတယ်လေ။
လင်းဖုန်းက သူမကို ကြောင်ပြီးတော့
ကြည့်နေတာကို တွေ့လိုက်တော့
သူမဟာ ဒေါသကြီးစွာနဲ့ပဲ
နှာမှုတ်လိုက်တယ်... "ဟွန့်...
ဘာကြည့်နေတာလဲ... ငါ့ရဲ့
အသက်နဲ့ဆိုရင် လူပုံစံကို

ပြောင်းသွားရင် ဒီပုံပဲထွက်မှာပေါ့...
တောသားမြို့တက် ငပိချက်လေးရဲ့!"

တောက်တီဟာ ရုပ်ပြောင်းရုပ်လွဲ
လုပ်တဲ့နေရာမှာ နာမည်ကြီးတဲ့
သားရဲမျိုး မဟုတ်ပါဘူး။
ဒီလိုဆိုတော့ကာ အခုပြောင်းသွားတဲ့
လူပုံစံဟာ အတုတော့
မဟုတ်နိုင်ဘူးလေ... ဒီတောက်တီဟာ
တကယ်တော့ တောက်တီမ
ပေါက်စလေး ဖြစ်ပါတယ်။

လင်းဖုန်းဟာလည်း
သတိပြန်ဝင်လာခဲ့ပါပြီ... ခေါင်းကို
တဆတ်ဆတ်နဲ့ ညိတ်လိုက်ပြီလေ...
"အင်း... မင်းရဲ့ လေသံနဲ့
အပြုအမူတွေဟာ ကလေးဆန်နေတာ
အထူးအဆန်းတော့ မဟုတ်ပါဘူး...
ဟဲဟဲ... မင်းက တကယ်တော့
ချာတိတ်မလေးပဲ ရှိသေးတာကို..."

တောက်တီမလေးက ချက်ချင်းပဲ
ဒေါသအိုး
ပေါက်ကွဲသွားပါတော့တယ်...
ခုန်ပေါက်ပြီးတော့

အော်ဟစ်နေခဲ့ပါပြီ… "ဟွန်း… ဘယ်သူ့ကို ချာတိတ်မလေးလို့ ခေါ်တာလဲကွ?"

လင်းဖုန်းက သူမကို ပြုံးပြီးတော့ပဲ ကြည့်လိုက်ပါတယ်… "ဟဲဟဲ… မင်းကသာ တကယ်လို့များ မင်းကိုယ်မင်း လူကြီးဖြစ်ပြီလို့ ထင်ခဲ့ရင်… နည်းနည်းလောက်တော့ ရင့်ရင့်ကျက်ကျက်လေး စဉ်းစားကြည့်လိုက်ဦးလေ။ အနည်းဆုံးတော့ မင်းရဲ့ လက်ရှိ

အခြေအနေကို
တွက်ဆလိုက်ဦးလေကွာ..."

သူက တောက်တီမလေးကို
ပုတ်လိုက်ပါပြီ... သူ့ရဲ့ မျက်နှာပေါ်က
အပြုံးဟာလည်း တဖြေးဖြေးနဲ့
ပျောက်ကွယ်လို့ သွားခဲ့ပြီလေ...
"ဥပမာအားဖြင့်ပေါ့ကွာ... အခုဒီမှာ
ဘယ်သူက ဆရာကြီးလဲ ဆိုတာကို
တွေးကြည့်လိုက်ပါဦးဟ..."

တောက်တီလေးဟာ တဖြေးဖြေးနဲ့
ကျုံ့ဝင်လာပြီး သူမဆီကို

ဖျစ်ညှစ်လာတဲ့ အနီးက အလင်းတန်း
လှောင်အိမ်ကြီးကို
ကြည့်လိုက်ပါတယ်။
ချာတိတ်မလေးဟာ မကျေမနပ်နဲ့ပဲ
ငြိမ်သက်သွားခဲ့ပြီလေ...
နှုတ်ကနေတော့ တတွတ်တွတ်နဲ့
ရွတ်နေခဲ့လို့ပါ... "ဟွန်း...
တကယ်လို့များ ငါက
ဟိုမီးလျှံခြားဂိုဏ်းက ဘဲအိုကြီးရဲ့
ရိုက်ချက် ပြင်းပြင်းကိုများ
မခံလိုက်ရရင်တော့... ဒီလိုမျိုး
မှော်စွမ်းအင်အဆင့်နဲ့ ဖန်တီးထားတဲ့
ကောင်းကင်လှောင်အိမ်
မှော်အင်းကွက်က ငါ့ကို

ဘယ်လိုလုပ်ပြီး ချုပ်ထားနိုင်မှာလဲ…
ငါက တစ်ကိုက်ထဲနဲ့ပဲ
ဝါးစားပစ်လိုက်မှာကွ…"

လင်းဖုန်းရဲ့ မျက်နှာအပေါ်မှာ နွေဦးရဲ့
နေဝန်းကဲ့သို့သော နွေးထွေးတဲ့
အပြုံးလေးဟာ ပေါ်ထွက်လို့
လာခဲ့ပါပြီ… "ဩော်… မင်း
ဆိုလိုချင်တာက…  မင်းလေးရဲ့ အခု
အားအနည်းဆုံး အချိန်ကို
ရွေးပြီးတော့မှ မင်းကို
ရှင်းပစ်ခိုင်းနေတာပေါ့…
ဟုတ်တယ်မလား?"

တောက်တီမလေးရဲ့ ကိုယ်ဟာ
တုန်ခါသွားခဲ့ပါတယ်... လျှင်မြန်စွာနဲ့ပဲ
ခေါင်းကို ခါလိုက်တယ်လေ... သူမရဲ့
မျက်နှာလေးမှာလဲ အပြုံးတစ်ခုကို
ဖျစ်ညှစ်ပြီးတော့ ပြုံးလိုက်ပါပြီ...
"ဟီးဟီးဟီး... ဒီလိုတော့လဲ
ဘယ်ဟုတ်ပါ့မလဲ... ဒီလိုတော့လဲ
ဘယ်ဟုတ်ပါ့မလဲ..."

လင်းဖုန်းကလဲ ခေါင်းကို
တဆတ်ဆတ်နဲ့ပဲ ညိတ်လိုက်ပါပြီ...
"ဒါပေမဲ့လည်း ငါကတော့ မင်းကို

ဒီအချိန်မှာပဲ အပြတ်ရှင်းချင်
နေတယ်လေကွာ..."

သူက ကောင်မလေး ပုံစံနဲ့
တောက်တီမ ပေါက်စလေးကို
မျက်လုံးတွေ စွေစောင်းပြီးတော့
ကြည့်လိုက်ပါတယ်...
လက်ချောင်းလေးတွေကို
ရေတွက်ရင်းနဲ့ပဲ ပြောလိုက်ပါပြီ...
"အင်း... ပထမဆုံးအနေနဲ့...
မင်းလွန်ခဲ့တဲ့ သုံးနှစ်တုန်းက
မှော်စွမ်းအင်တွေကို
ကုန်အောင်စုပ်ယူခဲ့တဲ့ ကောင်လေးက

အခုတော့ ငါ့ရဲ့တပည့်လေး
ဖြစ်နေပြီဟ။ သူ့ကို ဒီလောက်အထိ
အခြေအနေဆိုးအောင်
ရိုက်စားလုပ်ထားတာကွာ... သူ့ရဲ့
ဆရာဖြစ်တဲ့ငါက သူ့ဖက်ကနေ
ရပ်တည်ပေးပြီး သူ့ကို
လက်စားချေပေးဖို့
မကူညီပေးသင့်ဘူးလား?"

"ပြီးတော့... မင်းရဲ့ အသည်းထဲကနေ
မုန်းနေတဲ့ ယန့်မင်းရွှဲ့ကွာ...
သူနဲ့ငါနဲ့က မိတ်ဆွေကောင်းတွေလို့
မဆိုသာပေမယ်... အနည်းဆုံးတော့

ငါတို့နှစ်ယောက်ရဲ့ ဆက်ဆံရေးက
သိပ်ပြီးတော့ မဆိုးလှဘူးလေ..."

"နောက်ဆုံးနဲ့ အရေးအကြီးဆုံး
အချက်က... ငါကမင်းကို ဒီအတိုင်းပဲ
ထားလိုက်ရင်... မင်းက
အရင်စွမ်းအားတွေကို ပြန်ရလာပြီးရင်
ငါ့အတွက်တော့ ဆိုးကျိုးတွေပဲ
ဖြစ်လာမှာကွ..."

တောက်တီမလေးရဲ့
အမူအယာတွေဟာ ပိုပိုပြီးတော့
ပျက်လာပါပြီ... သူမရဲ့ မျက်လုံးအစုံမှာ

ကြောက်ရွံ့မှုတွေကို သိသိသာသာကြီး
တွေ့နေရပြီလေ။

လင်းဖုန်းက သူမကို
စိုက်ကြည့်လိုက်ပါတယ်… "ကဲ…
ငါ့မှာက မင်းကို ရှင်းပစ်ဖို့အတွက်
အကြောင်းရင်းတွေ အများကြီး
ရှိတယ်ကွ… ငါကမင်းကို ဘာဖြစ်လို့
လွှတ်လိုက်ရမှာလဲ…
ပြောကြည့်စမ်းပါဦးကွာ?"

တောက်တီမလေးဟာ တံတွေးတွေကို
ဂလုကနဲ မျိုချလိုက်တယ်…

ကြီးမား..တောက်ပလှတဲ့
မျက်ဝန်းနက်ကြီးတွေကို အစွမ်းကုန်
ဖွင့်လိုက်ပြီးတော့ လင်းဖုန်းကို
သနားစရာ ကောင်းလှစွာနဲ့ပဲ
ကြည့်လိုက်ပါပြီ… "ဒီ… ဒီက
စီနီယာရှင့်… ဘာခိုင်းစရာများ
လိုအပ်ပါသလဲ…
ကျွန်မတတ်နိုင်တာတွေ အကုန်လုံးကို
လုပ်ပေးပါမယ်ရှင့်…"

လင်းဖုန်းက ပြုံးလိုက်ပြီး…
သာမာန်သာ ပြန်ပြောလိုက်ပါတယ်…
"အင်း… ဒါကတော့ မင်းလေးရဲ့

စွမ်းဆောင်ရည် အပေါ်မှာ
ကြည့်ရမှာပေါ့ကွာ..."

ကူရာမဲ့နေတဲ့ တောက်တီမလေးဟာ
လင်းဖုန်းရဲ့ မေးခွန်းတွေကို
လိမ်မာစွာနဲ့ပဲ ဖြေကြားရပါတော့တယ်။

ဟင်းလင်းပြင် ဘုရားကျောင်းဟာ
တပည့်တွေကို လက်ခံတဲ့ နေရာမှာ
အရေအတွက်ထက် အရည်အချင်းကို
ပိုပြီးတော့ အလေးပေးပါတယ်။
သူတို့ရဲ့ တပည့်တွေဟာ အရေအတွက်
အမတန်ကိုမှ နည်းပြီးတော့ သူတို့ရဲ့

ဘဝတစ်သက်တာလုံးမှာ
ဂိုဏ်းအပြင်ကို သိပ်ပြီးတော့
မထွက်ကြဘူးလေ...
ဂိုဏ်းအတွင်းမှာပဲ စိတ်ရောကိုယ်ပါ
နှစ်မြှုပ်ပြီးတော့ အနန္တ စကြာဝဠာရဲ့
လမ်းစဉ်အတိုင်းပဲ တရားထိုင်
လေ့ကျင့်ကြပါတယ်။

ဒါပေမဲ့လည်း ဟင်းလင်းပြင်
ဘုရားကျောင်းက တပည့်တွေဟာ
အပြင်ကမ္ဘာကို ဝင်ရောက်ပြီး
လေ့ကျင့်တဲ့ အခါတိုင်းမှာ ကြီးကျယ်တဲ့
လှိုင်းလုံးကြီးတွေကို

ရိုက်ခတ်စေခဲ့ပါတယ်။ တပည့်တွေရဲ့
ကြားထဲမှာ အထူးချွန်
အပြောင်မြောက်ဆုံးသော
ခေါင်းဆောင်ဟာ ဟင်းလင်းပြင်
ဘုရားကျောင်းရဲ့ ကိုယ်စားလှယ်
အနေနဲ့ ပြင်ပကမ္ဘာမှာ
ကျင်လည်ပြီးတော့
ကျက်စားတယ်လေ။

ဒီတပည့်ကို အပြင်ကမ္ဘာက လူတွေက
တာအိုခြေလျင် ခရီးသည်လို့
ခေါ်ကြပါတယ်။ တကယ်လို့များ
ထိုသူက အမျိုးသမီး ဖြစ်ခဲ့မယ်

ဆိုရင်တော့ သူမကို ဟင်းလင်းပြင်
ဘုရားကျောင်းမှ မြင့်မြတ်သော
အပျိုစင် သမီးတော်လို
ခေါ်ကြတယ်လေ။

အစပိုင်းတုံးကတော့ ဒီအယူဟာ
အားယားနေသူတွေရဲ့ လှောင်ပြောင်
သရော်လိုမှုတွေသာ ဖြစ်ခဲ့ပါတယ်…
ဒါပေမဲ့လည်း နံပါတ်တစ်
မြင့်မြတ်နယ်မြေဖြစ်တဲ့ ဟင်းလင်းပြင်
ဘုရားကျောင်းရဲ့ ကြီးမြတ်တဲ့
အဆင့်အတန်းနဲ့ ပြီးခဲ့တဲ့ အမျိုးသမီး
တာအိုခြေလျင် ခရီးသည်တွေရဲ့

ထူးချွန်ပြောင်မြောက်တဲ့
စွမ်းအားတွေကြောင့်... ဂုဏ်ယူစရာ
နာမည်တစ်ခုအဖြစ်
အခြေခိုင်သွားပါတော့တယ်။

ဟင်းလင်းပြင် ဘုရားကျောင်းရဲ့
ယခင်က မြင့်မြတ်သော အပျိုစင်
သမီးတော်ရဲ့ နာမည်ဟာ
မုန့်ပင်းယွင်ပဲဖြစ်ပါတယ်... သူမရဲ့
ပင်ကိုစွမ်းရည်ဟာ
အလွန်အံ့အားသင့်ဖွယ်
ကောင်းပြီးတော့... သူမဟာ
နောက်ဆုံးထောင်စုနှစ် အတွင်းမှာ

ဒီကမ္ဘာထဲကို ဝင်ရောက်လာတဲ့
ဟင်းလင်းပြင် ဘုရားကျောင်းရဲ့
အထင်ရှားဆုံးသော တပည့်အဖြစ်
အများရဲ့ သတ်မှတ်ထားခြင်းကို
ခံခဲ့ရတာပါ။

မုန့်ပင်းယွင် လေ့ကျင့်တဲ့
တာအိုနည်းစနစ်ရဲ့ နာမည်ဟာ
"ဥပေက္ခာ မဟာလမ်းစဉ်" ဖြစ်ပြီး…
ဟင်းလင်းပြင်ဘုရားကျောင်းရဲ့ အခြား
တာအိုနည်းစနစ် တစ်ခုဖြစ်တဲ့
"ဟင်းလင်းပြင်၏ ယင်-
ယန်လမ်းကြောင်း" နဲ့တွဲပြီး သူတို့ဟာ

"မဟာ" နဲ့ "ဟင်းလင်းပြင်"
ကျမ်းစာတွေ ဆိုပြီးတော့
နာမည်ကြီးပါတယ်။ သူတို့တတွေဟာ
ဟင်းလင်းပြင် ဘုရားကျောင်းရဲ့
တာအိုကျမ်းစာဖြစ်တဲ့ "ဟင်းလင်းပြင်
တာအို၏ နက်နဲသိမ်မွေ့သော
အဆိုအမိန့်" ထဲမှာ ပါတဲ့
အစွမ်းအထက်ဆုံးသော တာအို
နည်းစနစ်တွေပဲ ဖြစ်ကြတယ်လေ။

ဒီတာအို နည်းစနစ်ရဲ့ လေ့ကျင့်နည်းက
ပထမဦးဆုံး အချစ်ကို ရယူပြီးနောက်
မေ့ပျောက်ရခြင်းပဲ ဖြစ်ပါတယ်...

ကောင်းကင်ဘုံရဲ့ လမ်းစဥ်ကို
လူသားဆန်တဲ့ နည်းလမ်းနဲ့
ရှာဖွေခြင်းပဲ ဖြစ်တယ်လေ။

အဆင့်အမြင့်ဆုံးကို
လေ့ကျင့်ပြီးသွားရင်တဲ့သူဟာ
ဥပေက္ခာကို မဟာကရုဏာအဖြစ်
ပြောင်းလဲသွားနိုင်မှာ ဖြစ်ပါတယ်…
သက်ရှိ မှန်သမျှကို စကားလုံး မသုံးပဲနဲ့
ကွပ်ကဲနိုင်မှာ ဖြစ်ပြီးတော့…
ကောင်းကင်နဲ့ မြေကြီးတို့ကို မလှုပ်ပဲနဲ့
ထိန်းချုပ်နိုင်မှာပဲ ဖြစ်တယ်လေ။

သူ့ရဲ့ ရှောင်ကြဉ်ရမယ့် အချက်က တော့ အချစ်နဲ့ ရစ်ပတ်ငြိတွယ် မနေဖို့ပါပဲ... သံယောဇဉ် အမျှင်အတန်းတွေ မပြတ်ပဲနဲ့ အချစ်ရဲ့ ဦးဆောင်မှုကို ခံရပြီး အချစ်ရဲ့ ထောင်ချောက်ထဲမှာ အပိတ်မခံရဖို့ပဲ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း မုန့်ပင်းယွင်ဟာ သူမရဲ့ တစ်သက်တာလုံးမှာ ရစ်ပတ်ငြိတွယ် သွားမယ့်လူနဲ့ တွေ့သွားခဲ့တယ်လေ... သူကတော့ ကြီးမြတ်တဲ့ မဟာကျိုး အင်ပါယာရဲ့ မဟာသုခမိန်...

ရွှမ်ကျိုအမတ်... ဇူဟုန်ဝူ
ပဲဖြစ်ပါတော့တယ်။

မုန့်ပင်းယွင်ဟာ ဇူဟုန်ဝူကြောင့်
အချစ်ရဲ့ စမ်းသပ်စစ်ဆေးခြင်းကို
တွေ့ကြုံခံစား လိုက်ရပါတော့တယ်...
နောက်ဆုံးမှာတော့ ပြေလည်အောင်
မဖြေရှင်းနိုင်ခဲ့ပဲ... သူမရဲ့ အနန္တ
စကြာဝဠာ လမ်းစဥ်ကို ရှာဖွေခြင်းဟာ
ကျရှုံးသွားပြီး... သူမရဲ့ ကျင့်ကြံမှု
အသီးအပွင့်တွေဟာ ဗလာနတ္ထိ
အဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။
ဒါက မဟာဥပေက္ခာ လမ်းစဥ်

ကိုလေ့ကျင့်ခြင်းရဲ့ အဆိုးရွားဆုံး
ရလဒ်လို့ ဆိုရင်လဲ မမှားပါဘူး။

မဟာကျိုး အင်ပါယာ ဆိုတာက
မဟာချင် အင်ပါယာ ထက်ကိုတောင်
ပိုပြီးတော့ စွမ်းအားကြီးကာ
သာယာဝပြောတဲ့ နိုင်ငံတစ်နိုင်ငံပဲ
ဖြစ်ပါတယ်။ အတိတ်က ဘုရင်တွေ
အားလုံးဟာ လုံ့လဝီရိယ
ကောင်းကောင်းနဲ့  တိုင်းပြည်ကို
ကြီးပွားချမ်းသာအောင် ကြိုးစားခဲ့တာ
အခုတော့ အောင်မြင်တိုးတက်တဲ့
တိုင်းပြည်တစ်ခု ဖြစ်လို့နေခဲ့ပါပြီ။

ယခုလက်ရှိ ကောရာဇ်ဖြစ်တဲ့
လျှန်ပန်းရဲ့ လက်ထဲကို
ထီးနန်းရောက်လာတဲ့
အချိန်မှာတော့… တိုင်းပြည်ရဲ့
ခွန်အားဟာ အရင်ကထက်ကို
ဆထက်တပိုး ပိုပိုပြီးတော့
တိုးတက်လာခဲ့ပါတော့တယ်။

လျှန်ပန်းရော ရှုဟုန်ဝူပါ ဂိုဏ်းတွေနဲ့
မြင့်မြတ်နယ်မြေတွေရဲ့
တိုးတက်ခြင်းကို ဖိနှိပ်ဖို့
ထောက်ခံအားပေးတဲ့ သူတွေပဲ
ဖြစ်ကြပါတယ်။ နောက်ပြီးတော့…

လွန်ခဲ့တဲ့ ၂၇ နှစ်လောက်တုံးက
သူတို့ဟာ ကောင်းကင်ကိုးလွှာ
ခေးမဟာမိတ်အဖွဲ့… အခြားသော
ထိပ်တန်းအဖွဲ့တွေနဲ့
ပူးပေါင်းပြီးတော့… ကမ္ဘာကို
ကိုင်လှုပ်နိုင်တဲ့ ဖြစ်ရပ်တစ်ခုကို
လုပ်ဆောင်ခဲ့ပါတယ်… ရလဒ်ကတော့
ဒီမူလကောင်းကင် ကမ္ဘာကြီး
တစ်ခုလုံးရဲ့ စွမ်းအားချိန်ခွင်လျှာ
ပြောင်းလဲသွားရခြင်းပါ။

ဗုဒ္ဓဝါဒကို ရှင်းလင်းဖယ်ရှားပစ်ခြင်းပဲ
ဖြစ်ပါတယ်! (စိတ်ဝင်စားစရာ

အချက်တစ်ခုက ဒီလိုမျိုးဖြစ်ရပ်ဟာ တရုတ်သမိုင်းမှာ အကြိမ်ပေါင်းများစွာ ဖြစ်ပွားခဲ့ပါတယ်။)

မဟာကျိုး အင်ပါယာနဲ့ အခြားအင်အားစုများစွာက စုပေါင်းပြီးတော့… ဒီကမ္ဘာရဲ့ မြင့်မြတ်နယ်မြေ သုံးခုထဲမှာ တစ်ခု အပါအဝင်ဖြစ်ပြီး ကျိုးအင်ပါယာရဲ့ နယ်စပ်မှာ တည်ရှိတဲ့… မဟာမိုးကြိုး ကျောင်းတော်ကြီးနဲ့… စစ်ပွဲကြီး ဆင်နွှဲခဲ့ကြပါတယ်။

ဒီစစ်ပွဲဟာ အမတန်ကိုမှပဲ ကြေကွဲစရာ
ကောင်းလှပါတယ်...
မရေမတွက်နိုင်တဲ့ ပညာရှင်တွေဟာ
တိုက်ပွဲမှာ ကျရှုံးခဲ့ကြတယ်လေ...
သေသွားတဲ့ အထဲမှာ ကမ္ဘာဦးဝိညာဥ်
အဆင့်က ကျင့်ကြံသူတွေ
အတော်များများတောင်
ပါသွားကြပါသေးတယ်။

နောက်ဆုံးမှာတော့ လျှန်ပန်းနဲ့
ဇူဟုန်ဝူတို့ဟာ
အောင်မြင်သွားကြတယ်လေ...
အဲ့ဒီနောက်ပိုင်းကစလို့ မဟာမိုးကြိုး

ကျောင်းတော်ဟာ ကမ္ဘာပေါ်ကနေ
ကွယ်ပျောက်သွားခဲ့ပါတော့တယ်။

ဟင်းလင်းပြင် ဘုရားကျောင်းကလဲ
တာအို မြင့်မြတ်နယ်မြေတစ်ခု
ဖြစ်တယ်လေ… အဲ့ဒီတော့ မဟာကျိုး
အင်ပါယာနဲ့ အတိုက်အခံ ဖြစ်တာပေါ့။
သူမနဲ့ ရှုဟုန်ဝူရဲ့
ဆက်ဆံရေးကြောင့်… မုန့်ပင်းယွင်ဟာ
ဂိုဏ်းကနေ အထုတ်ခံလိုက်ရပြီးတော့
အသတ်ခံရတော့မယ့် အထိတောင်
ဖြစ်သွားခဲ့ပါသေးတယ်။

တကယ်လို့များ ပုံပြင်လေးကသာ
ဒီနေရာမှာ
အဆုံးသတ်သွားခဲ့ရင်တော့...
မုန့်ပင်းယွင်နဲ့ ဇူဟုန်ဝူတို့ဟာ
အသက်ထက်ဆုံး ပျော်ရွှင်စွာ
နေထိုင်သွားကြတော့လေသတည်း...
ဆိုပြီးတော့ လှပတဲ့ အချစ်ပုံပြင်လေး
တစ်ပုဒ်ပဲ ဖြစ်သွားခဲ့မှာပါ။ ဒါပေမဲ့လဲ
မုန့်ပင်းယွင်လေး အဖို့ကတော့...
ရွှမ်ကျိအမတ် ဂေဟာကို
လက်ထပ်ပြီးတော့
ရောက်သွားရတာဟာ
အိမ်မက်ဆိုးတွေရဲ့ အစပဲ
ဖြစ်ပါတော့တယ်။

သူမလေ့ကျင့်ခဲ့တဲ့
တာအိုနည်းစနစ်ကြောင့်...
မုန့်ပင်းယွင်ဟာ ပြင်ပကမ္ဘာကို
လေ့ကျင့်ဖို့ လာခဲ့တဲ့အခါမှာ
ပြည့်တန်ဆာအိမ်မှာ သူမရဲ့
စွမ်းရည်တွေကိုသာ ရောင်းပြီးတော့
ခန္ဓာကိုယ်ကို မရောင်းတဲ့
အမျိုးသမီးတစ်ယောက်
ဖြစ်လာခဲ့ပါတယ်။ ကျင့်ဝတ်တွေ
ပညာတွေကို တန်ဖိုးထားတဲ့
ရွှမ်ကျိအမတ်ဂေဟာကို လက်ထပ်ပြီး
ရောက်လာတဲ့ အခါမှာတော့...
လက်မထပ်ခင်မှာ သူမဟာ ဘယ်လိုပဲ

တောက်ပတောက်ပခဲ့...ဒီမှာတော့
သူမက ဘာမှမဟုတ်ခဲ့ပဲ
ကိုယ်လုပ်တော် တစ်ယောက်သာ
ဖြစ်လာခဲ့တယ်လေ။

တာအိုနည်းစနစ်တွေ...
ကျင့်ကြံမှုတွေ... မိသားစု
အဆင့်အတန်းတွေ... မရှိတော့တဲ့
အရင်က ဟင်းလင်းပြင်
ဘုရားကျောင်းရဲ့ မြင့်မြတ်တဲ့ အပျိုစင်
သမီးတော်ဟာ နောက်ဆုံးမှာတော့
သာမာန်လူသာဖြစ်တဲ့ အိမ်က
အမျိုးသမီး တစ်ယောက်ရဲ့

သေတဲ့အထိ အနိုင်ကျင့်
နှိပ်စက်ခြင်းကို ခံခဲ့ရပါတော့တယ်။

ဒီအထိ နားထောင်ပြီးတဲ့ အခါကျတော့
လင်းဖုန်းဟာ သက်ပြင်းတစ်ချက်ကို
လေးလေးကြီးပဲ ချလိုက်ပါတယ်...
"ဟင်း... ဆွေကြီးမျိုးကြီးတွေရဲ့
အိမ်ဟာ ပင်လယ်ကြီးလိုမျိုး
နက်ရှိုင်းလှချည်လားဟ... ဇူဟုန်ဝူလို
သန်မာတဲ့ လူမျိုးဟာ... သူက
မေတ္တာသက်ဝင်တယ် ဆိုဦးတော့...
တန်ခိုးစွမ်းအားတွေနဲ့

ယှဉ်လိုက်တော့လဲ
ဘာမှမဟုတ်ပါလား..."

ခဏလောက် သက်ပြင်းချလို့
အပြီးမှာတော့ လင်းဖုန်းဟာ သူ့ရဲ့
အဓိကရည်ရွယ်ချက်ကို
စဉ်းစားမိလိုက်ပါပြီ... "အင်း...
ဒါဆိုရင် မုန့်ပင်းယွင်ရဲ့
သားလေးကရော?"

တောက်တီမလေးဟာ သူမရဲ့ ခေါင်းကို
ခါလိုက်ပါတယ်... "အင်း...
ကျွန်မကတော့ မုန့်ပင်းယွင်ဟာ

ဇူဟုန်ဝူနဲ့ သားတစ်ယောက်
ရခဲ့တယ်လို့ပဲ ကြားလိုက်တာရှင့်။
သူရဲ့နာမည်က နည်းနည်းတော့
ထူးဆန်းတယ်ရှင့်... ဘာလဲ... ဇူရီ
ဆိုလားပဲ..."

"မုန့်ပင်းယွင်လိုမျိုးပဲ သူ့ရဲ့
အခြေအနေကလဲ သိပ်ပြီးတော့မှ
မကောင်းလှဘူး... မုန့်ပင်းယွင်
သေသွားပြီးတော့ အခြေအနေတွေဟာ
ပိုပြီးတော့ ဆိုးသွားတာပေါ့ရှင်။
ကျွန်မကလဲ အသေးစိတ်ကိုတော့
သိပ်မသိဘူးလေ... သူအခု သေပြီလား

ရှင်နေသေးလားဆိုတာတောင်
မသိဘူးရှင့်..."

လင်းဖုန်းကလဲ အတန်ငယ်ပဲ
မျက်မှောင်ကြီးကို ကြုတ်လိုက်ပါပြီ...
"အင်း... ကြည့်ရတာတော့ ငါက
ကျိုးအင်ပါယာကို တတ်နိုင်သမျှ
အမြန်ဆုံးသွားမှ ဖြစ်မယ်ဟ..."

ကောင်းကင်လှောင်အိမ်
မှော်အင်းကွက်ကို ပြန်လည်အားဖြည့်
အပြီးမှာတော့ လင်းဖုန်းရဲ့
အသိစိတ်ဟာ လက်စွပ်ထဲကနေ

ပြန်ပြီးတော့ ထွက်လာခဲ့ပါတယ်။
သူက ကျိုးအင်ပါယာကို
အခုချက်ချင်းပဲ ထွက်သွားပြီးတော့
ဇူရီလေးကို ရှာချင်နေခဲ့ပေမယ့်...
သူ့ဆီမှာက ဖြေရှင်းလို့ မပြီးသေးတဲ့
ပြဿနာတွေဟာ လက်ထဲမှာ
ရှိသေးတယ်လေ။ ဥပမာအားဖြင့်
တစ်ချိန်လုံး သူ့ရဲ့
ကိုယ်ပိုင်မှော်စွမ်းအင်တွေကို
အသုံးချပြီးတော့ ဖိနှိပ်နေရတဲ့
သူ့ရဲ့ကိုယ်ထဲကို ဝင်ရောက်နေတဲ့
မီးစွမ်းအင်တွေ လိုမျိုးပေါ့။

"အင်း... ဒီတစ်ခေါက်နှိုက်မယ့်
ကံစမ်းမဲကတော့
ကောင်းမှဖြစ်မယ်ဟော့..."
လင်းဖုန်းဟာ တိတ်တိတ်ကလေးပဲ
ဆုတောင်းလိုက်ပါတယ်... ပြီးတော့မှပဲ
သူ့ရဲ့ အသိစိတ်ဟာ ကံစမ်းမဲ
စနစ်ထဲကို ဝင်ရောက်လို့ သွားခဲ့ပြီလေ။

## စာစဥ် ၂ : အပိုင်း ၇

## အပိုင်း ၂၇ : ကွယ်ဝှက်ထားသော အကျိုးတရား

တတိယအကြိမ် ကံစမ်းမဲ နှိုက်တဲ့
အခါမှာ... လင်းဖုန်းရဲ့ အဓိက
ရည်မှန်းချက်ကတော့ မီးအနွယ်ဝင်
တာအိုနည်းစနစ် တစ်ခုပဲ
ဖြစ်ပါတယ်... ဒုတိယ
ရည်မှန်းချက်ကတော့ သူ့ရဲ့
ကိုယ်ထဲက လက်ကျန်
မီးစွမ်းအင်တွေကို ဖယ်ရှားပေးနိုင်တဲ့
အိုင်တမ်တစ်ခုပဲ ဖြစ်တယ်လေ။

တောက်တီရဲ့ ဝါးမျိုပြီးနောက်
ပြန်လည်ထွေးထုတ်လိုက်တဲ့
မီးစွမ်းအင် တစ်စိတ်တစ်ဒေသဟာ

လင်းဖုန်းရဲ့ ကိုယ်ထဲမှာ
ကျန်နေခဲ့သေးပါတယ်… သူ့ရဲ့
တစ်ကိုယ်လုံးဟာ ပူလောင်သလိုမျိုး
ခံစားနေရပြီး… သူ့ရဲ့ အတွင်းအင်္ဂါတွေ
အားလုံးကလဲ မီးပြင်းအတိုက်
ခံထားရသလိုမျိုး ဖြစ်နေတယ်လေ။

ဒါကို သူ့ရဲ့မှော်စွမ်းအင်တွေနဲ့
ဖြေရှင်းနိုင်ပေမယ့်လဲ…
သံသယဖြစ်ဖွယ်ရာ မရှိပဲ
အချိန်အကြာကြီး ခံစားရမှာပါ။

မီးအနွယ်ဝင် တာအိုနည်းစနစ်
တစ်ခုကိုသာ ကျင့်နိုင်ခဲ့မယ် ဆိုရင်
တော့... သူဟာ ဒီမီးစွမ်းအင်
ပြဿနာကို ဖြေရှင်းနိုင်ရုံတင်
မကဘူး... ဒီစွမ်းအားကို အသုံးချပြီး
သူ့ရဲ့ ကိုယ်ပိုင်အဆင့်ပါ
တက်လာနိုင်သေးတယ်လေ။

အရင်အတိုင်းပဲ... လင်းဖုန်းဟာ
စက်ဝိုင်းကားချပ် စနစ်နဲ့ အံစာတုံး
စနစ်ရဲ့ ပေးထားတဲ့ ရနိုင်တဲ့ ဆုတွေကို
အရင်ကြည့်လိုက်ပါတယ်။

အံစာတုံး စနစ်မှာတော့
ကြက်သွေးရောင် ပုလဲနှင်းခဲဆေးလုံး
ဆိုတဲ့ ဆေးအမယ်တစ်ခု ရှိပါတယ်…
သူက မီးမှော်စွမ်းအင်တွေကြောင့်
ဖြစ်တဲ့ ဒဏ်ရာတွေကို
ကုစားပေးနိုင်တယ်လေ။

စက်ဝိုင်းကားချပ်စနစ် မှာကတော့
မီးအနွယ်ဝင် တာအိုနည်းစနစ်
နှစ်မျိုးရှိပါတယ်… တစ်ခုက
ပူပြင်းနေမင်းတိုက်ပွဲ ချီနည်းစနစ်နဲ့
နောက်တစ်ခုကတော့ မပြည့်စုံသေးတဲ့

အေကာလာ ပညာရပ်ပဲ
ဖြစ်ပါတော့တယ်။

လင်းဖုန်းက အချိန်
အနည်းငယ်လောက်ကြာအောင်
တစိမ့်စိမ့်နဲ့ တွေးနေခဲ့ပါတယ်...
သူဟာ ဒီကြက်သွေးရောင် ပုလဲနှင်းခဲ
ဆေးလုံးကို ကျိန်းသေရမယ်လို့
မပြောနိုင်ရုံတင် မကဘူး...
တကယ်လို့များ ရခဲ့ရင်တောင်မှပဲ
သူဟာ သူ့ရဲ့ဒဏ်ရာတွေကိုသာ
ကုစားနိုင်မှာဖြစ်ပြီး... သူ့ရဲ့
အရေးတကြီး လိုအပ်နေတဲ့

မီးအနွယ်ဝင် တာအိုနည်းစနစ်ကို
ဖြေရှင်းပေးနိုင်မှာ မဟုတ်ပါဘူး။

"ကဲ... စက်ဝိုင်းကားချပ်ကိုပဲ
လှည့်တာပေါ့ကွာ..." လင်းဖုန်းက
ဆုံးဖြတ်ချက်ကို ချလိုက်ပါပြီ...
ပစ်မှတ်က နှစ်ခုဆိုရင် အောင်မြင်ဖို့
အခွင့်အလမ်းကလဲ ပိုများတယ်လေ။

တာအိုနည်းစနစ် နှစ်ခုထဲမှာ...
ပြောရမယ်ဆိုရင်တော့...
ပူပြင်းနေမင်းတိုက်ပွဲချီ ဟာ
အနည်းငယ် နိမ့်ကျပြီးတော့

ပူပြင်းနေမင်းမီးလျှံကို
လေ့ကျင့်နိုင်ပါတယ်။

ပူပြင်းနေမင်း မီးလျှံကိုတော့
သာမာန်မီးလျှံ တစ်ခုလို့သာ
ယူဆနိုင်ပါတယ်… ဒါပေမဲ့လဲ သူဟာ
မဟာအကြွင်းမဲ့မီးတောက်
ခုနစ်ခုထဲက တစ်ခုဖြစ်တဲ့… အကြွင်းမဲ့
သူရိယမီးတောက်ရဲ့
အခြေခံအုတ်မြစ်ပဲ ဖြစ်တယ်လေ။

တကယ်လို့များ ပူပြင်းနေမင်းမီးလျှံကို
ကျင့်ကြံတဲ့သူတွေဟာ နေထွက်ခြင်း

ပညာရပ်ကို
လေ့ကျင့်နိုင်မယ်ဆိုရင်တော့...
သူတို့ဟာ အကြွင်းမဲ့ အရဏ်ဦး
မီးတောက်ကိုပါ လေ့ကျင့်နိုင်မှာပဲ
ဖြစ်ပါတယ်။

တကယ်လို့များ အကြွင်းမဲ့ အရဏ်ဦး
မီးတောက်ကို လေ့ကျင့်တဲ့ သူတွေဟာ
အကြွင်းမဲ့ သူရိယမီးတောက်
နည်းစနစ်ကို
သင်ယူနိုင်မယ်ဆိုရင်တော့...
သူတို့ဟာ အကြွင်းမဲ့ မီးတောက်
ခုနစ်ခုထဲမှာ တစ်ခု အပါအဝင်ဖြစ်တဲ့

အကြွင်းမဲ့ သူရိယမီးတောက်ကို
ကျင့်ကြံနိုင်မှာပဲ ဖြစ်ပါတော့တယ်။

အလုပ်က
တော်တော်လေးကိုရှုပ်ပေမယ့်...
အနည်းဆုံးတော့ တိုးတက်အောင်
လုပ်လို့ရသေးတာပေါ့။

တခြား တာအိုနည်းစနစ် တစ်ခုဖြစ်တဲ့
အေကာလာ ပညာရပ်ကတော့
မတူပါဘူး... သူက အမျက်ဒေါသ
အေကာလာမီးတောက်ကို
ကျင့်ကြံနိုင်မှာ ဖြစ်ပါတယ်။

သူ့ရဲ့စွမ်းအားဟာ
မဟာအကြွင်းမဲ့မီးတောက်
ခုနစ်ခုပြီးရင် ဒုတိယဖြစ်ပြီး...
အကြွင်းမဲ့ အရဏ်ဦး
မီးတောက်ထက်ကို ပိုပြီးတော့
အဆင့်မြင့်ပါတယ်။ ပူပြင်းနေမင်းမီး
လျှံနဲ့ ယှဉ်လိုက်ရင်တော့
အဆင့်အများကြီး ပိုမြင့်တယ်လေ။

ပုံမှန်အတိုင်း ဆိုရင်တော့
လက်ရှိစနစ်ရဲ့ အဆင့်အတန်းနဲ့ဆိုရင်
ဒီအေကာလာ ပညာရပ်ကို
ထုတ်ပေးနိုင်သေးမှာ မဟုတ်ပါဘူး...

ဒါပေမဲ့လည်း အခုက အပြည့်အစုံ
မဟုတ်ပဲ ပထမအပိုင်းသာ
ဖြစ်သေးတာကြောင့် သူဟာ
ကျပန်းအနေနဲ့ ပေါ်လာရခြင်းပဲ
ဖြစ်ပါတယ်။

ဒါပေမဲ့လည်း ဒီတာအိုနည်းစနစ်
နှစ်ခုနဲ့ တွေ့လိုက်ရတော့ လင်းဖုန်းဟာ
ရွေးချယ်ရ ခက်ခဲနေခဲ့ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ စနစ်ကြီးရဲ့
ရှင်းပြချက်အရ… ဒီအောကာလာ
ပညာရပ်ဟာ အတိတ်က ဗုဒ္ဓအနွယ်ဝင်

မြင့်မြတ်နယ်မြေ တစ်ခုဖြစ်တဲ့
မဟာမိုးကြိုး ကျောင်းတော်ရဲ့ လျို့ဝှက်
တာအိုနည်းစနစ် တစ်ခုဖြစ်လို့ပဲ
ဖြစ်ပါတယ်။ ဒီမဟာမိုးကြိုး
ကျောင်းတော်လိုမျိုး
မြင့်မြတ်နယ်မြေမှာတောင်မှ
ဒီပညာရပ်ဟာ အကောင်းတကာ့
အကောင်းဆုံး အဆင့်မြင့်
တာအိုနည်းစနစ်တွေ အထဲမှာ
ပါပါတယ်... မဟာမိုးကြိုး
ကျောင်းတော်ကြီး ကျဆုံးသွားတော့
သူကလည်းပဲ ပျောက်ကွယ်လုနီးပါး
ဖြစ်သွားတယ်လေ။

အတိတ်ကာလတုန်းက ဒီပညာရပ်ဟာ
အရမ်းကိုပဲ ထင်ရှားခဲ့တော့…
တကယ်လို့များ သူဟာအခု
လေ့ကျင့်ပြီးတော့
အသုံးပြုလိုက်မယ်ဆိုရင်… လူတွေက
တစ်ချက်ကြည့်ရုံနဲ့
မှတ်မိသွားကြမှာပါ။

သူက ရှောင်ယန်နဲ့ ရှောင်ပုတန်လေးကို
ခေါ်ပြီးသွားမယ့် နောက်တစ်နေရာဟာ
မဟာကျိုးအင်ပါယာရဲ့
မင်းနေပြည်တော်ဖြစ်တဲ့
ထျန်းကျင်းမြို့တော်ပဲ ဖြစ်ပါတယ်…

ဟိုအချိန်တုန်းက မဟာမိုးကြိုး
ကျောင်းတော်ကို
ဝိုင်းရံလုပ်ကြံတဲ့သူတွေကို
ဦးဆောင်တာဟာလည်း မဟာကျိုး
အင်ပါယာပဲ ဖြစ်တယ်လေ။
တကယ်လို့များ သူတို့က
ဒီနည်းစနစ်သုံးတာကို တွေ့သွားရင်
သူတို့ကို ဒီကျောင်းတော်က
အသက်ရှင် ကျန်ရစ်သူတွေလို့
သတ်မှတ်ပြီးတော့
လိုက်များဖမ်းကြလေမလား?

ဒါကလည်း ဟာသပြောနေတာ
မဟုတ်ပါဘူး… ဒီအချိန် အထိတောင်မှ
မဟာကျိုး အင်ပါယာဟာ သူတို့ရဲ့
နယ်စပ်မှာ ဗုဒ္ဓဘာသာဝင်တို့ရဲ့
လှုပ်ရှားမှုကို တားမြစ်ထားဆဲပဲ
ဖြစ်ပါတယ်… မဟာမိုးကြိုး
ကျောင်းတော်ကြီး ကျဆုံးသွား
အပြီးမှာ
ထွက်ပြေးလွတ်မြောက်သွားခဲ့တဲ့
ဘုန်းတော်ကြီးတွေကို
အကြင်နာမဲ့စွာနဲ့
လိုက်လံဖမ်းဆီးနေတုန်းပဲလေ။

ရှောင်ယန်လေးလို မင်းသားအဆင့်
ဇာတ်ကောင်မျိုးနဲ့သာဆိုရင်…
သူတို့က ဝူကျိုးမြို့ကနေ
ထွက်သွားတာနဲ့ တပြိုင်နက်
မရေမတွက်နိုင်တဲ့ ရန်သူတွေဟာ
အော်ဟစ်ပြေးလွှားပြီး
ရောက်လာကြမှာ ကေန်မုချပါပဲ။

တကယ်လို့များ သူဟာ အေကာလာ
ပညာရပ်ကို ရခဲ့ပြီး ရှောင်ယန်လေးကို
လက်ဆင့်ကမ်းပေးလိုက်တယ်
ဆိုပါစို့… သူက မဟာကျိုး
အင်ပါယာရဲ့ နယ်စပ်မှာ

ရန်ဖြစ်ပြီးတော့ ဒီပညာရပ်ကို
သုံးခဲ့လိုက်ရင်တော့...
သူတို့သုံးယောက်သားဟာ
ဒုက္ခကောင်းကောင်းကြီး
တွေ့မှာပဲဖြစ်ပါတယ်။

သေချာစွာ စဥ်းစားပြီးတဲ့နောက်မှာ
လင်းဖုန်းက သူဟာ
ပူပြင်းနေမင်းတိုက်ပွဲ
ချီနည်းစနစ်ကိုသာ
ရည်မှန်းသင့်တယ်လို့
ခံစားလိုက်ရပါပြီ။
လောလောဆယ်မှာတော့

သူ့ရဲ့အဆင့်ဟာ အနည်းငယ်
နိမ့်နေသေးပေမယ့်... အနာဂတ်
ပြဿနာတွေကို ရှောင်နိုင်တဲ့
အားသာချက်ရှိတယ်လေ။

ဒီအချိန်မှာ သူက ရှောင်ယန်လေးရဲ့
အပေါ်မှာ အကြွေးတင်နေပါတယ်...
သူလုပ်နိုင်တာကတော့ အနာဂတ်မှာ
အတိုးနဲ့ ပြန်ဆပ်ဖို့ပါပဲ... ပြီးတော့
နေထွက်ခြင်း ပညာရပ်နဲ့ အကြွင်းမဲ့
သူရိယမီးတောက် နည်းစနစ်
ကိုရအောင် ကြိုးစားရမယ်လေ...

ဒါမှသာ သူလေးက
နောက်ကျမကျန်ရစ်ခဲ့မှာပါ။

သူက ဒီပူပြင်းနေမင်းတိုက်ပွဲ
ချီနည်းစနစ်ကို ပစ်မှတ်အဖြစ်
ထားရတဲ့ အကြောင်းရင်းဟာ
လင်းဖုန်းက ဒီစက်ဝိုင်းကားချပ် စနစ်ရဲ့
လည်ပတ်ပုံကို ခန့်မှန်းနိုင်ခဲ့လို့ပဲ
ဖြစ်ပါတယ်။

စက်ဝိုင်းကားချပ်ရဲ့ လည်ပတ်မှုဟာ
လင်းဖုန်းရဲ့ အတွေးတွေ အနောက်ကို
လိုက်ပြီးတော့မှ ဖြစ်တာပါ… သူက

လည်ပတ်ချင်တဲ့အချိန်မှာ စက်ဝိုင်းက စပြီးတော့ လည်ပတ်ပါတယ်။

ဒါဟာ အပြင်ဖက်က အစစ်အမှန် စက်ဝိုင်းကားချပ်တွေနဲ့ ကွာပါတယ်။ တကယ့် စက်ဝိုင်းကားချပ် အစစ်နဲ့ဆိုရင် လူတွေဟာ သူတို့ရဲ့ လက်ကိုသုံးပြီးတော့ လှည့်ရတာပါ... သုံးလိုက်တဲ့အားဟာ စက်ဝိုင်းကားချပ်ရဲ့ လည်ပတ်ခြင်း အပေါ်မှာ တိုက်ရိုက်သက်ရောက်မှု ရှိပါတယ်။

ပုံရိပ်ယောင် စက်ဝိုင်းကားချပ်စနစ်…
သူ့မှာကရော လည်ပတ်မှု ပုံစံကို
ရေးဆွဲပြီးသားများ ဖြစ်လေမလား?

လင်းဖုန်းဟာ စက်ဝိုင်းကားချပ်ကြီးကို
စိုက်ကြည့်လိုက်ပါတယ်။
ဝိညာဉ်တည်ငြိမ် မြက်ပင်ကို ရရှိခဲ့တဲ့
နောက်ဆုံး အတွေ့အကြုံအရ
စက်ဝိုင်းဟာ သုံးဆခွဲအရှိန်နဲ့
လည်ပတ်တယ်လေ။ တကယ်လို့သာ
ဒီပုံစံဟာ ပုံသေဆိုရင်တော့
ပူပြင်းနေမင်းတိုက်ပွဲ ချိနည်းစနစ်ဟာ
နံပတ် ၉ အကွက်မှာ ရှိနေတာပါ။

ဒီလိုဆိုရင်တော့ ဒီတစ်ခေါက်မှာ
သူဟာ နံပါတ် "၁၈" ဒါမှမဟုတ် "၁"
အကွက်ကနေ စပြီးတော့
လှည့်ရမှာလေ။

လင်းဖုန်းဟာ "၁၈"
ကိုရွေးချယ်လိုက်ပါပြီ...
ရင်ထဲကနေလဲ တိတ်တိတ်ကလေး
ဆုတောင်းနေလို့ပါ... "ကဲ...
လာထား!" လျို့ဝှက် သေတ္တာလေးဟာ
ပိုပြီးတော့ ကောင်းနိုင်ပါတယ်...
ဒါပေမဲ့လည်း လက်ရှိအချိန်မှာတော့
သူကမလိုချင်နေပါဘူး...

သေတ္တာလေးက အခုအချိန်မှာ
သူ့အလိုချင်နေဆုံး အရာကို
ပေးနိုင်မပေးနိုင် ဆိုတာကို ဘယ်သူက
သိနိုင်မှာလဲ။

လင်းဖုန်းက ရင်ထဲကနေ
အတည်ပြုပြီးလိုက်ပြီး
နောက်မှာတော့...
စက်ဝိုင်းကားချပ်ကြီးဟာ စတင်ပြီး
လည်ပတ်လာပါတော့တယ်။

"တစ်ပတ်... နှစ်ပတ်... သုံးပတ်!"
လင်းဖုန်းက အနီးကပ် စိုက်ကြည့်လို့

နေခဲ့ပါတယ်… တိတ်တဆိတ်နဲ့ပဲ
ဆုတောင်းနေလို့ပါ… "အပတ်ဝက်…
အပတ်ဝက်… အပတ်တစ်ဝက်… နင့်
မေကလွှားတဲ့မှပဲ…
ရပ်လိုက်တော့ဟ!"

စက်ဝိုင်းကားချပ်ကြီးဟာ
အပတ်ဝက်ကို
လှည့်ပြီးသွားပြီးနောက်မှာ လင်းဖုန်းကို
စိတ်ပျက်စေခဲ့တာက… သူဟာ
ပူပြင်းနေမင်းတိုက်ပွဲ ချီနည်းစနစ်ရှိတဲ့
နံပါတ် ၉ အကွက်မှာ
ရပ်တန့်မသွားပဲ…

နောက်ထပ်လေးကွက်
ထပ်ရွှေ့သွားပြီးမှ ဖြေးဖြေးချင်းနဲ့
ရပ်တန့်သွားခဲ့တာပါ။

နပါတ် ၁၃ အကွက်… အေကာလာ
ပညာရပ်!

လင်းဖုန်းဟာ ကြည့်စရာမလိုပဲနဲ့
ဘာလဲဆိုတာကို သိနှင့်နေခဲ့ပါပြီ။
မလှည့်ခင် ကတည်းက
သူကအားလုံးကို
လေ့လာထားပြီးသားလေ။
လက်ရှိအချိန်မှာ သူ့ရဲ့မျက်နှာပေါ်မှာ

ခနဲ့တဲ့တဲ့ အပြုံးလေးတစ်ခု
ရှိနေပါတယ်... "စနစ်ကြီးရေ...
မင်းကငါ့ကို တမင်သက်သက်များ
ကျပ်နေတာလားကွာ?"

"ကံစမ်းမဲနှိုက်လို့ ပြီးဆုံးသွားပါပြီ..."
စနစ်ရဲ့ စက်ရုပ်လေသံနဲ့
အကြောင်းကြားချက် အပြီးမှာ...
လင်းဖုန်းဟာ မဲ့ရွဲ့နေတဲ့ အပြုံးလေးနဲ့
ကံစမ်းမဲစနစ်ရဲ့ အထဲကနေ
ပြန်ထွက်ကာ လာခဲ့ပြီလေ။
ကျမ်းစာတစ်စောင်ရဲ့ စာသားတွေဟာ
သူ့ရဲ့ခေါင်းထဲမှာ

ရှင်းရှင်းလင်းလင်းကြီး
ပေါ်လို့လာခဲ့ပါပြီ… ဒါကတော့
အေကာလာ ပညာရပ်ရဲ့
ပထမအပိုင်းကလွဲလို့
တခြားမဟုတ်ဘူးလေ။

အင်း… အေကာလာ ပညာရပ်ဟာ
တကယ်ပဲ ကောင်းသလားကွာ?

တာအိုနည်းစနစ်ရဲ့
အဆင့်အတန်းအနေနဲ့ ကြည့်ရင်တော့
ကောင်းတယ်ဆိုတာက
အငြင်းပွားဖွယ်ရာ မရှိပါဘူး။

အပိုင်းတွေ စုံသွားခဲ့ရင် သူက
ကောင်းကင်ကိုးလွှာ
မိုးကြိုးနည်းစနစ်နဲ့ အဆင့်အတူတူပဲ
ဖြစ်မှာပါ။

လင်းဖုန်းက သူ့ရဲ့ခေါင်းကို
ခါယမ်းလိုက်ပါတယ်... "အင်း...
ပြီးတာတွေလဲ ပြီးပါစေတော့...
ဘယ်လိုပဲဖြစ်ဖြစ် ဒါက
တော်တော်ကိုကောင်းတဲ့
တာအိုနည်းစနစ် တစ်ခုပဲလေ။
ဒုတိယအပိုင်းကို ဘယ်အချိန်မှာမှ
ရနိုင်မလဲ ဆိုတာကို မသိသေးတာပဲ

ရှိတာပဲ…" သူက စိတ်ကို ပိုင်းဖြတ်လိုက်ပါပြီ… ဝူကျိုးမြို့ကနေ ခွာပြီးနောက်မှာ ရှောင်ယန်လေးကိုတော့ အနီးကပ် စောင့်ကြည့်ထားရမယ်လေ။

တကယ်လို့များ တစ်စုံတစ်ခုများ ဖြစ်လာမယ်ဆိုရင်တော့ သူက လုပ်စရာရှိတာတွေကို လုပ်ရုံပါပဲ။ သူဟာ ဒီသတင်းအချက်အလက်ကို လုံးဝကိုမှ အပေါက်ကြားခံလို့ မဖြစ်ပါဘူး။ မဟာကျိုး အင်ပါယာထဲကို ဝင်လိုက်ရုံနဲ့

အလိုရှိကြောင်း အကြေငြာခံရပြီးတော့ လိုက်အဖမ်းခံရတာမျိုးကို လင်းဖုန်းက မလိုလားဘူးလေ။

လင်းဖုန်းဟာ အေကာလာ ပညာရပ်ရဲ့ အခြေခံ လိုအပ်ချက်တွေအတိုင်း သူ့ရဲ့ မှော်စွမ်းအင်ကို စတင်ပြီးတော့ လည်ပတ်လိုက်ပါပြီ… သူ့ရဲ့ ခန္ဓာကိုယ်အတွင်းက မီးစွမ်းအင်တွေကို လမ်းကြောင်းဖော်ဆောင်ဖို့ ကြိုးပမ်းအားထုတ်လိုက်ပြီလေ။

စတင် လေ့ကျင့်လိုက်တာနဲ့ပဲ
လင်းဖုန်းဟာ တစ်ခုခုတော့
မှားနေပြီလို့ ခံစားမိလိုက်ပါတယ်။ သူရဲ့
ကောင်းကင်ကိုးလွှာ
မိုးကြိုးနည်းစနစ်ကနေ အခြေခံလာတဲ့
သန့်စင်တဲ့ မိုးကြိုး
မှော်စွမ်းအင်တွေဟာ သူ့ရဲ့
သွေးကြောဆုံမှတ်တွေမှာ
လျှင်မြန်စွာနဲ့ပဲ
အပြောင်းလဲခံနေရပါပြီ... ပူပြင်းတဲ့
မီးတောက်မီးလျှံတွေ အဖြစ်ကို
ပြောင်းလဲလို့ သွားခဲ့ပြီလေ။

သူဖွင့်လှစ်ခဲ့ပြီးဖြစ်တဲ့
သွေးကြောဆုံမှတ် ခုနစ်ခုစလုံးဟာ
လက်ရှိအချိန်မှာတော့
တောက်လောင်နေတဲ့ သန့်စင်သော
မီးလျှံမှော်စွမ်းအင်တွေနဲ့ ပြည့်နှက်လို့
နေခဲ့တယ်လေ။

လင်းဖုန်းရဲ့ မျက်လုံးတွေဟာ
တောက်ပလို့ သွားခဲ့ပါပြီ... "ဟာ...
ဒီခံစားချက်... ကြည့်ရတာ ငါက
အေကာလာပညာရပ်ကို
အစကနေစပြီး လေ့ကျင့်လိုက်တော့

ချီသာဝက အဆင့် ၈ ကိုတက်လှမ်းနိုင်
တော့မယ်နဲ့တူတယ်။

စဥ်းစားနေရင်းနဲ့ပဲ လင်းဖုန်းဟာ
အေကာလာပညာရပ်ကို
အသုံးချလိုက်ပါပြီ… သူ့ရဲ့
သွေးကြောဆုံမှတ်တွေမှာ
တောက်လောင်နေတဲ့
မီးလျှံမှော်စွမ်းအင်တွေကို
သုံးလိုက်ပြီး… သူ့ရဲ့ ခန္ဓာကိုယ်ထဲကို
ကျူးကျော်ဝင်ရောက်နေတဲ့
မီးစွမ်းအင်တွေကို
လမ်းကြောင်းဖော်ပေးလိုက်ပါပြီ။

ဒီမီးစွမ်းအင်တွေဟာ လင်းဖုန်းရဲ့
မိုးကြိုးမှော်စွမ်းအင်တွေရဲ့ ဖိနှိပ်မှုကို
တစ်ချိန်လုံး ခံနေခဲ့ရတာပါ။ သူက
ဘာမှ ကြီးကြီးကျယ်ကျယ်
ပြန်မလုပ်နိုင်ခဲ့ပေမယ့်...
အရှုံးပေးလိုတဲ့ အရိပ်အယောင်တွေကို
မပြပဲ အမြဲတမ်းပဲ ပြင်းပြင်းထန်ထန်
ပြန်တိုက်နေခဲ့တာလေ...
ခေါင်းမာစွာနဲ့ပဲ နောက်ဆုံးအချိန်အထိ
ခုခံနေခဲ့ပါတယ်။

ဒါပေမဲ့လည်း အခုအချိန်မှာ
အေကာလာ ပညာရပ်ကနေ
ကျင့်ကြံထားတဲ့
မီးလျှံမှော်စွမ်းအင်တွေနဲ့
တွေ့လိုက်ရတော့... အိမ်ကနေ
ခြေဦးတည့်ရာ
လျှောက်သွားနေတဲ့သူဟာ
သူ့ရဲ့မိသားစုကို ရုတ်တရက်
ပြန်တွေ့လိုက်ရသလိုပဲ...
ပျော်ရွှင်စွာနဲ့ပဲ ပေါင်းစည်းလို့
သွားခဲ့ပြီလေ။

ချက်ချင်းပဲ လင်းဖုန်းရဲ့
ခန္ဓာကိုယ်ထဲက
မီးလျှံမှော်စွမ်းအင်တွေဟာ
ထိုးတက်လာခဲ့ပါတယ်…
မထင်မှတ်စွာနဲ့ပဲ လင်းဖုန်းရဲ့
မဖွင့်လှစ်ရသေးတဲ့ နံပါတ်ရှစ်
သွေးကြောဆုံမှတ်ဆီကို ဝါးလုံးထိုး
ဝင်လာပါတော့တယ်။

"ဘုန်း!"

အသံတစ်ခု ကျယ်လောင်စွာ
မြည်ဟိန်းသွား အပြီးမှာတော့…

ခက်ထန်တဲ့ မီးလျှံမှော်စွမ်းအင်တွေဟာ
ပေါက်ကွဲစေတတ်တဲ့ ပစ္စည်းလိုပဲ
သွေးကြောဆုံမှတ် အမှတ် ၈ ကို
တိုက်ရိုက်ပဲ ဖွင့်လှစ်လို့
ပေးလိုက်ပါပြီ… သူ့ရဲ့အတွင်းဖက်မှာ
ပတ်လိမ်ကာ တလိပ်လိပ်နဲ့
ရစ်ပတ်လို့နေခဲ့ပြီလေ။

လင်းဖုန်းဟာ ပျော်ရွှင်စွာနဲ့ပဲ
အံ့အားသင့်သွားခဲ့ပါတယ်… ဒီလိုနဲ့ပဲ
သူဟာ ချီသာဝကအဆင့် ၈ ကို
တကယ်ပဲ မတော်တဆ
ရောက်သွားခဲ့တယ်လေ။

သူကိုပိုပြီး ပျော်ရွှင်အံ့အားသင့်
စေခဲ့တာကတော့
အတွေးတစ်ချက်နဲ့တင်ပဲ... မူလက
တောက်လောက်နေတဲ့
မီးလျှံမှော်စွမ်းအင်တွေဟာ ချက်ချင်းပဲ
လျှပ်စစ်စီးကြောင်းရဲ့
အက်ကွဲသံတွေနဲ့အတူ...
မိုးကြိုးမှော်စွမ်းအင် အဖြစ်ကို
ပြန်လည်တော့ ပြောင်းလဲသွားတာပဲ
ဖြစ်ပါတော့တယ်။

သူ့ရဲ့ သွေးကြောဆုံမှတ် အမှတ် ရှစ်
မှာရှိတဲ့ မိုးကြိုးမှော်စွမ်းအင်တွေဟာ
မသက်မသာ ဖြစ်နေခြင်းမျိုး
လုံးဝမရှိခဲ့ပါဘူး… လင်းဖုန်းဟာ
မူလကတည်းက
မိုးကြိုးမှော်စွမ်းအင်ကို အသုံးပြုပြီး
ချီသာဝက အဆင့် ၇ ကနေ ချီသာဝက
အဆင့် ၈ ကို တက်လှမ်းသွားခဲ့တဲ့
အတိုင်းပါပဲ။

လင်းဖုန်းဟာ အလွန်အမင်းကို
စိတ်လှုပ်ရှားနေပါတော့တယ်…
"အင်း… လူတွေက ငါ့ရဲ့ ကျင့်ကြံမှု

အဆင့်ကို မတွေ့နိုင်သလိုမျိုးပဲ...
ဒါကလဲ စနစ်ကြီးရဲ့ ကွယ်ဝှက်ထားတဲ့
အကျိုးကျေးဇူးလို့
သတ်မှတ်ရမှာပဲဟ...
ဟုတ်တယ်မလား? ငါက ငါ့ရဲ့အဓိက
တာအိုနည်းစနစ်ကို လွတ်လပ်စွာနဲ့ပဲ
ပြောင်းလဲနိုင်တယ်လေ... ငါက
ဘယ်လို တာအိုနည်းစနစ်မျိုးကိုပဲ
လေ့ကျင့်လေ့ကျင့်... ငါ့ရဲ့ မှော်စွမ်းအင်
အဆင့်ဟာ ငါ့ရဲ့လက်ရှိအဆင့်ကို
အဆင့်မြှင့်ပေးနိုင်တယ်ကွ..."

ကျင့်ကြံမှု ကမ္ဘာကြီးမှာ
တာအိုနည်းစနစ်ပေါင်း
မြောက်မြားစွာကို တပြိုင်နက်
လေ့ကျင့်တဲ့သူတွေဟာ ရှားတော့
မရှားပါဘူး... ဒါပေမဲ့လည်း
သူတို့တတွေဟာ တခြား
တာအိုနည်းစနစ်တွေကို အတူတူ
လေ့ကျင့်ကာ သူတို့ရဲ့ ကျင့်ကြံမှု
တစ်ဆို့ကြန့်ကြာနေတဲ့
အခြေအနေတွေကို
ကျော်လွှားနိုင်အောင် ကြိုးစားကြတဲ့
ကြီးမြတ်တဲ့ မဟာကျင့်ကြံသူတွေပဲ
ဖြစ်ကြပါတယ်။ သူတို့ဟာ
တာအိုနည်းစနစ် နှစ်ခုမှာရှိတဲ့

တူညီချက်တွေကို အခြေခံကာ
တွေးခေါ်ဆင်ခြင်ပြီး သဘောပေါက်
နားလည်နိုင်စွမ်းကို တိုးမြှင့်ကာ
သူတို့ကိုယ်သူတို့ တိုးတက်အောင်
ကြိုးစားကြတာပဲ ဖြစ်တယ်လေ။

အဆင့်နိမ့် ကျင့်ကြံသူတွေ
အဖို့ကတော့... သူတို့မှာ
တာအိုနည်းစနစ်တစ်ခုကို
ကောင်းကောင်း လေ့ကျင့်ဖို့တောင်မှပဲ
အချိန်မလောက်ပါဘူး။ တကယ်လို့များ
သူတို့ဟာ တာအိုနည်းစနစ်တွေကို
တစ်ခုထက်ပိုပြီးတော့ တွဲကာ

လေ့ကျင့်မယ်ဆိုရင်တော့…
နောက်ဆုံးရလဒ်ကတော့ သူတိုဟာ
တစ်ခုရဲ့ အစစ်အမှန် နက်နဲသိမ်မွေ့မှု
တွေကိုတောင်မှပဲ နားလည်
သဘောပေါက်နိုင်မှာ
မဟုတ်ကြဘူးလေ။

မတူညီတဲ့ တာအိုနည်းစနစ်တွေက
ကျင့်ကြံလို့ ရလာတဲ့ မတူညီတဲ့
မှော်စွမ်းအင်တွေဟာ တစ်ခုနဲ့တစ်ခု
သဟဇာတ မဖြစ်တာကို
မပြောနဲ့လေ… တချို့ဆိုရင်
မီးနဲ့ရေလိုပဲ တစ်မျိုးက တစ်မျိုးကို

ထိန်းချုပ် တားမြစ်မှုတွေတောင်
ရှိနေကြပါတယ်။ သူတို့ကိုတွဲပြီး
လေ့ကျင့်လိုက်မယ်ဆိုရင်တော့
ကောင်းကျိုးမရနိုင်ရုံတင် မကပဲ…
သူတို့ရဲ့ ကျင့်ကြံမှု တွေကိုပါ
ထိခိုက်စေနိုင်တယ်လေ။

ကြီးမြတ်တဲ့ ကမ္ဘာဦးဝိညာဥ် အဆင့်က
ကျင့်ကြံသူ တွေတောင်မှပဲ သူတို့မှာ
သူတို့ရဲ့ ကိုယ်ပိုင်အဓိက
တာအိုနည်းစနစ်တွေ ရှိကြပါတယ်။
ဒါက သူတို့ကျင့်ကြံမှု အားလုံးရဲ့
အခြေခံပါ… တခြားတာအို

နည်းစနစ်တွေကို ကျင့်ကြံတယ်
ဆိုရင်တောင်မှပဲ သူတို့ဟာ
အရန်အဆင့်ပဲ ရှိပါတယ်။

ဒါပေမဲ့လည်း အခုတော့ လင်းဖုန်းဟာ
ဘယ်လိုပဲ ခြားနားတဲ့
တာအိုနည်းစနစ်တွေကိုပဲ ကျင့်ကျင့်
သူဟာ ပြောင်းလွယ်ပြင်လွယ်
ရှိလှစွာနဲ့ပဲ... လွတ်လပ်စွာနဲ့
တစ်မျိုးပြီးတစ်မျိုး
ပြောင်းကာသုံးနိုင်ပြီလေ။
သူ့ရဲ့ကျင့်ကြံမှုအတွက်တော့ ဒါဟာ
အရမ်းကိုပဲ အကျိုးရှိလို့ သွားခဲ့ပါပြီ။

သူ့ရဲ့ စွမ်းအားနဲ့ ဘယ်သူဘယ်ဝါ
ဆိုတာကို ဖုံးကွယ်ထားနိုင်လို့
တခြားပြိုင်ဖက်တွေက သူ့ရဲ့
နောက်ခံအသိုင်းအဝိုင်းကို
မခန့်မှန်းနိုင်တာကို ထည့်မပြောနဲ့ဦး…
ကျင့်ကြံမှု အမြန်နှုန်းမှာတင်ကိုပဲ
လင်းဖုန်းဟာ အားသာချက် အကြီးကြီး
တစ်ခုကို ရရှိသွားခဲ့ပါပြီ။

ဥပမာအားဖြင့် ဒီနေ့လိုမျိုးပေါ့…
မူလက ကောင်းကင်ကိုးလွှာ
မိုးကြိုးနည်းစနစ်ကိုပဲ

အားကိုးနေခဲ့ရတဲ့ လင်းဖုန်းဟာ
ချီသာဝက အဆင့် ၈ ကို
ဒီလောက်အထိ မြန်မြန်နဲ့
ရောက်နိုင်မှာ မဟုတ်ပါဘူး။
ဒါပေမဲ့လည်း
အကြောင်းအမျိုးမျိုးကြောင့်
ဒီအချိန်မှာ သူ့ရဲ့ ခန္ဓာကိုယ်ထဲမှာ
မီးလျှံစွမ်းအင်တွေ အများကြီး
စုပုံနေခဲ့ပါတယ်… ဒါ့ကြောင့်ပဲ
မီးအနွယ်ဝင် တာအိုနည်းစနစ်ဖြစ်တဲ့
အေကာလာ ပညာရပ်ကို
မှီခိုအားထားပြီး သူနဲ့ သဟဇာတ
ဖြစ်လာခဲ့တဲ့ အပြင်က စိတ်ဝိညာဉ်
စွမ်းအင်တွေကို အသုံးချကာ

ချီသာဝက အဆင့် ၈ ကို တစ်ခါထဲနဲ့
တက်လှမ်းသွားနိုင်ခဲ့တာပဲ
ဖြစ်ပါတော့တယ်။

သူ့ရဲ့ကိုယ်ထဲက များပြားလှတဲ့
မှော်စွမ်းအင်တွေကို ခံစားမိပြီးတော့
လင်းဖုန်းဟာ
အပျော်လုံးဆို့နေခဲ့ပါတယ်… သူက
အေကာလာ ပညာရပ်ကို ရစတုန်းက
ခံစားရတဲ့ ရောထွေးနေတဲ့
ခံစားချက်တွေတောင်
တော်တော်ကြီးပဲ
အားနည်းသွားခဲ့ပြီလေ။

သူက ရှောင်ယန်လေးနဲ့ ယန့်မင်းရွှဲ့တို့
ရှိရာဆီကို ပြန်လာလိုက်ပါပြီ။
ယန့်မင်းရွှဲ့ကလဲ အနီရောင်ကြာပန်း
ချိုးဖောက်ခြင်း စွမ်းရည်ကို သင်ကြား
ပေးလို့ ပြီးသွားပြီလေ...
ရှောင်ယန်ကတော့
ခေါင်းလေးကိုငုံ့ကာ သင်ကြားခဲ့တဲ့
ပညာရပ်တွေကို နားလည်အောင်
ကြိုးစားနေဆဲပဲ ဖြစ်ပါတယ်။

ယန့်မင်းရွှဲ့ဟာ
လင်းဖုန်းလျှောက်လာတာကို

တွေ့လိုက်ရတော့... သူမရဲ့
မျက်ဝန်းအစုံဟာ
လင်းလက်သွားခဲ့ပါတယ်..
"ဟင်းဟင်း...
တာအိုရှောင်းရင်းလင်းကို ကြည့်ရတာ
ပျော်စရာတစ်ခုခုနဲ့ ကြုံလာရပုံ
ပေါက်နေတယ်နော်?"

(အေကာလာ ဆိုတာဟာ သက္ကတ
ဘာသာစကားဖြစ်ပြီး မြဲမြံခြင်းလို့
အဓိပ္ပါယ် ရပါတယ်။ သူဟာ
မဟာယာန ဗုဒ္ဓဘာသာရဲ့ ဓမ္မပါလ
တစ်ပါးဖြစ်ပြီး သူ့ကို ကာကွယ်စောင့်

ရှောက်တဲ့ နတ်တစ်ပါးအဖြစ် ဂျပန်...
တရုတ်နဲ့ ထိုင်ဝမ်တို့မှာ
ကိုးကွယ်ကြပါတယ်)

## စာစဥ် ၂ : အပိုင်း ၈

## အပိုင်း ၂၈ : စီနီယာ နဲ့ ဂျူနီယာ

ညင်သာတဲ့ လေပြည်လေညှင်း
တဖြူးဖြူးရဲ့အောက်မှာ ယန့်မင်းရှဲ့ရဲ့
အစိမ်းရောင် ဝတ်စုံရှည်လေးဟာ
လေထဲမှာ လွင့်မျောလို့ နေခဲ့ပါတယ်...
မိုးပေါ်က နတ်သမီးလေး တစ်ပါးဟာ

လူ့ပြည်ကို နတ်သက်ကြွေလာခဲ့တဲ့
အတိုင်းပါပဲ… ဒီကမ္ဘာကြီးနဲ့
သီးခြားဖြစ်ကာ နေခဲ့တယ်လေ။

သူမဟာ ပေါ့ပေါ့ပါးပါးနဲ့ပဲ ရယ်မောကာ
ပြောလိုက်ပါတယ်… "ဟင်းဟင်း…
တာအိုရောင်းရင်းလင်း…
ရှင့်ကြည့်ရတာ ပျော်စရာဖြစ်ရပ်လေးနဲ့
ကြုံခဲ့ရပုံ ပေါက်နေပါလား?"

လင်းဖုန်းကလဲ အသာအယာပဲ
ရယ်လိုက်တယ်လေ…
သူ့ရဲ့အကြည့်တွေကို ရှောင်ယန်လေး

အနားကို ဝဲကြည့်လိုက်ပါပြီ။ ဘာမှ
မဖြစ်ခဲ့သလိုမျိုးပဲ
ပြန်ပြောလိုက်ပြီလေ... "ဟဲဟဲ...
ဒီလိုမျိုး အံ့အားသင့်ဖွယ်
တပည့်လေးကို ရလိုက်တာဟာ
ပျော်ရွှင်စရာ ကိစ္စပဲ
မဟုတ်ဘူးလားဗျာ..."

ယန့်မင်းရွဲ့ဟာ ယဲ့ယဲ့လေးသာ
ပြုံးလိုက်ပြီး ဘာကိုမှ
ပြန်မပြောခဲ့ပါဘူး။

အနီရောင်ကြောပန်း ချုံးဖောက်ခြင်း
စွမ်းရည်ကို ပျော်မွေ့စွာ
လှေ့လာနေခဲ့တဲ့
ရှောင်ယန်လေးဟာလည်း ဒီအချိန်မှာ
သတိပြန်ဝင်ကာ လာခဲ့ပြီလေ… သူ့ရဲ့
အကြည့်တွေဟာလည်း
စိတ်အားထက်သန်စွာနဲ့ လင်းဖုန်းရဲ့
အပေါ်ကို ကျရောက်လို့ လာခဲ့ပါပြီ။

လင်းဖုန်းကလဲ ခေါင်းကို
တဆတ်ဆတ်နဲ့ပဲ
ညိတ်လိုက်ပါတယ်… တဖြေးဖြေးနဲ့
သူ့ရဲ့အပြုံးတွေကို ရုပ်သိမ်းလိုက်ပြီး

လေးနက်စွာနဲ့ ပြောလိုက်ပါပြီ...
"အင်း... ဒီသုံးနှစ်အတွင်းမှာ မင်းရဲ့
အဆင့်တွေဟာ တစက်မှ တိုးတက်
မလာခဲ့ပေမယ့်... မင်းက လုံးဝကို
အရှုံးမပေးပဲနဲ့ မရပ်မနား
ဆက်လက်ပြီးတော့ ကြိုးစားခဲ့တယ်။
ဒါဟာ အမတန်မှ ကောင်းမွန်ပြီးတော့
တွေ့ဖို့ကို အလွန်ကိုမှပဲ
ခဲယဥ်းလှတယ်ကွာ..."

ဓာတ်လိုက်အဆင့် ဓာတ်ကောင်မျိုး
ဖြစ်ဖို့ဆိုရင် သူ့ဆီမှာက ထူးခြားတဲ့
အရာတစ်ခုခုကို ပိုင်ဆိုင်ထားမှာပါပဲ...

ရှောင်ယန်လေးရဲ့ စိတ်စွမ်းအား အဆင့်
၉ ဆိုတာက ဟာသတစ်ခု
မဟုတ်ပါဘူး။

စိတ်စွမ်းအား ဆိုတာကဘာလဲ... သူက
စိတ်ဓာတ်နဲ့ စိတ်ဝိညာဉ်ပါ။

မူလကောင်းကင် ကမ္ဘာပေါ်မှာ
သက်ရှိသတ္တဝါ အပေါင်း
သိန်းနဲ့သန်းနဲ့ချီပြီးတော့
ရှိကြပါတယ်...
ထူးချွန်ပြောင်မြောက်တဲ့
ပင်ကိုစွမ်းရည်နဲ့ သဘောပေါက်

နားလည်နိုင်စွမ်းကို ပိုင်ဆိုင်ထားတဲ့ ပါရမီရှင်လေး တွေဟာလည်း အမြောက်အမြားပဲ ရှိကြတယ်လေ… ဒါပေမဲ့လည်း သူတို့တွေထဲကမှ တချို့ပဲ အောင်မြင်ဖြစ်ထွန်းမှု အနည်းငယ်ကို ရကြတာပါ။ သူတို့က အနာဂတ်မှာ ဘယ်လောက်အထိ ဆက်လျှောက်နိုင်မလဲဆိုတာနဲ့ သူတို့ရဲ့ ထူးချွန်ပြောင်မြောက်လှတဲ့ ပင်ကိုစွမ်းရည်ကို ဘယ်လောက်အထိ အသုံးချနိုင်မလဲ ဆိုတာဟာ သူတို့ရဲ့ စိတ်စွမ်းအား အပေါ်မှာ မူတည်နေပါတယ်။

ကြံ့ခိုင်တဲ့ စိတ်စွမ်းရည်
ရှိတဲ့သူတွေဟာ သူတို့နဲ့ ပင်ကိုစွမ်းရည်
အတူတူ ရှိနေတဲ့သူတွေထက်စာရင်
ပိုပြီးတော့ အောင်မြင်နိုင်ကြမှာပါပဲ။

လင်းဖုန်းက ရှောင်ယန်လေးကို
စိုက်ကြည့်လိုက်ပါတယ်…
ဖြေးဖြေးချင်းပဲ ပြောလိုက်ပါပြီ…
"အင်း… မင်းလေးဟာ တစ်ချိန်လုံး
မဆုတ်မနစ်ပဲ
လုံ့လထုတ်နေတဲ့အတွက် မင်းရဲ့
အခြေခံအုတ်မြစ်တွေဟာ
သာမာန်လူတွေထက် ပိုပြီးတော့

ခိုင်မာနေတယ်ကွ... ပြီးတော့ မင်းက
နက်ရှိုင်းစွာ နားလည်နိုင်မှုကိုလည်း
အဆင့်ဆင့် ဆည်းပူးထားမိပြီဟ...
ဒါကြောင့်မို့ အနာဂတ်မှာ
မင်းအဆင့်တက်တဲ့ အခါတွေမှာဆိုရင်
တစ်ဆို့ကြန့်ကြာနေတဲ့ အဆင့်တွေဟာ
နည်းသွားတော့မှာပဲ။
ဒီအတိုင်းကြည့်ရင်တော့ မင်းက
အချိန်သုံးနှစ်ကို အလဟဿ
ဖြုန်းတီးပစ်လိုက် သလိုပဲလေ...
ဒါပေမဲ့လည်း အနာဂတ်မှာ မင်းက
ဒီသုံးနှစ်ကို အလွယ်တကူပဲ
ပြန်ပြီးကာမိလိမ့်မယ် ဆိုတာကို
တွေ့လာရမယ်လေကွာ..."

ရှောင်ယန်လေးဟာလည်း အနည်းငယ် မှင်သက်သွားမိပါတယ်။ သူက ဒီအိမ်မက်ဆိုးလိုမျိုး အချိန်သုံးနှစ်ဟာ ဒီလိုလည်း ကောင်းတာလေးတွေကို ပေးနိုင်စွမ်းရှိတာကို မသိခဲ့ဘူးလေ။

"အာ... ဒါဆို ဆရာက ကျွန်တော့်ကို ဘယ်အချိန်မှာ တာအိုနည်းစနစ်တွေကို စပြီးတော့ သင်ပေးမှာလဲဗျ?" မျက်လုံးတွေကို ပြန်ရုပ်သိမ်းလိုက်ပြီး ရှောင်ယန်ဟာ

အရေးအကြီးဆုံး အရာကို
အာရုံစိုက်လိုက်ပါပြီ။

ဘေးမှာရှိနေတဲ့ ယန့်မင်းရွှဲ့ကလည်း
ရုတ်တရက်ပဲ ကြားဖြတ်ပြီးတော့
ဝင်ပြောလိုက်ပါတယ်… "ဟင်းဟင်း…
တာအိုရှောင်းရင်းလင်း… ကျွန်မ
ကြည့်ရတာတော့ ရှင့်ရဲ့ တပည့်
ပေါက်စနလေးဟာ မိုးကြိုးအနွယ်ဝင်
တာအိုနည်းစနစ်တွေကို
လေ့ကျင့်ထားသလိုပဲရှင့်…"

ဒါကို ကြားလိုက်ရတော့ ရှောင်ယန်ဟာ
အနည်းငယ် အံ့အားသင့်သွားခဲ့ပါတယ်။
သူက အနီရောင်ကြာပန်း
ချိုးဖောက်ခြင်းကို မသင်ရသေးခင်မှာ
ယန့်မင်းရွှဲ့က သူ့ကို သူဟာ
မီးအနွယ်ဝင် တာအိုနည်းစနစ်တွေကို
လေ့ကျင့်ဖို့ သင့်တော်တယ်လို့
အကြံပေးထားခဲ့တာပါ။
တကယ်လို့များ ဆရာသခင်က
မိုးကြိုးအနွယ်ဝင်
တာအိုနည်းစနစ်တွေကိုသာ
သင်ပေးနိုင်မယ် ဆိုရင်တော့...
ဒီတာအိုနည်းစနစ်က ဘယ်လောက်ပဲ
နက်နဲသိမ်မွေ့ပြီး

စွမ်းအားကြီးမားတယ်
ဆိုပေမယ့်လည်း သူ့အတွက်တော့
နောင်တရစရာမျိုးပဲ ဖြစ်သွားခဲ့မှာပါ။

လင်းဖုန်းက ဖွဖွလေးပဲ
ပြုံးလိုက်ပါတယ်... "အင်း...
ဒီချာတိတ်လေးက မိုးကြိုးအနွယ်ဝင်
တာအိုနည်းစနစ်တွေကို သင်ယူဖို့
သင့်တော်တယ်ဆိုတော့လည်း...
သူ့ကို မိုးကြိုး တာအိုနည်းစနစ်
တွေကိုပဲ သင်ပေးရတာလေ။
ဆရာတစ်ယောက် အနေနဲ့
ကိုယ့်တပည့်တွေရဲ့ အထုံပါရမီတွေကို

လိုက်ပြီးတော့
သင်ကြားပေးရမှာပေါ့ဗျာ..."

ဒါကဘာကို ဆိုလိုနေသလဲဆိုတော့
သူဟာ တာအိုနည်းစနစ်
တစ်ခုထက်ပိုပြီးတော့ သိနေတယ်
ဆိုတာရယ်... ရှောင်ယန်လေးကို
သင်ပေးဖို့ သင့်တော်တဲ့
တာအိုနည်းစနစ်တွေ
သူ့ဆီမှာရှိနေတယ် ဆိုတာပါပဲ။

ဒီစကားကို ကြားလိုက်ရမှပဲ
ရှောင်ယန်လေးလဲ
စိတ်ပေါ့ပါးသွားပါတော့တယ်။

သူမရဲ့ရင်ထဲမှာလည်း လင်းဖုန်းရဲ့
စွမ်းအားနဲ့ ပတ်သတ်ပြီး သုံးသပ်ချက်
အသစ်တစ်မျိုး ထွက်ပေါ်လို့
လာခဲ့ပါပြီ။ ယန့်မင်းရွဲ့ကလည်း
ပြုံးပြီးတော့ ခေါင်းညိတ်လိုက်ကာ…
ဘာတစ်ခုကိုမှ ဆက်ပြီးတော့
မပြောတော့ပါဘူး။

မင်းတို့လိုမျိုး ခြေဦးတည့်ရာ

လျှောက်သွားနေတဲ့

လေလွင့်ကျင့်ကြံသူမျိုးဟာ

ကြီးကျယ်တဲ့

ရှေးဟောင်းကျင့်ကြံသူတွေရဲ့

အမွေအနှစ်တွေကို ကံကောင်းစွာနဲ့ပဲ

ရခဲ့ပြီး ကျင့်ကြံမှု

လမ်းကြောင်းအပေါ်ကို

ရောက်လာခဲ့တာလေ။

တာအိုနည်းစနစ် တစ်မျိုးကို

ရနိုင်တာဟာ မဟာကံကောင်းခြင်း

တစ်ရပ်ပဲ ဖြစ်လို့နေခဲ့ပါပြီ။

တကယ်လို့များ လင်းဖုန်းဟာ
မတူညီတဲ့ တာအို နည်းစနစ်တွေကို
ပိုင်ဆိုင်ထားပြီး သူတို့အားလုံးကလဲ
ခက်ခဲနက်နဲတဲ့ တာအိုနည်းစနစ်တွေ
ဖြစ်ခဲ့မယ်ဆိုရင်... လင်းဖုန်းရဲ့
စွမ်းအားကို သာမာန်လေလွင့်
ကျင့်ကြံသူတွေရဲ့ အဆင့်အတန်းနဲ့
နှိုင်းယှဥ်လို့ရမှာ မဟုတ်ပါဘူး။

ဒီအချိန်မှာတော့ ယန့်မင်းရွှဲ့က
လင်းဖုန်းဟာ ပြင်ပကမ္ဘာထဲကို
ရုတ်တရက်ဝင်လာတဲ့ ထိပ်သီးဂိုဏ်း
တစ်ဂိုဏ်းက ရသေ့ကျင့်ကြံသူ

တစ်ယောက်လို့တောင်
သံသယဝင်နေခဲ့ပြီလေ။

အခြားတစ်ဖက်မှာတော့...
ရှောင်ယန်ဟာ ရှောင်ပုတန်လေးဆီကို
တိတ်တိတ်ကလေး
ခိုးကြည့်နေခဲ့ပါတယ်။ တစုံတခုကို
တွေးမိလိုက်တော့ သူဟာချက်ချင်းပဲ
မျက်နှာကြီးရှုံ့မဲ့လို့ သွားခဲ့ပြီလေ။

လင်းဖုန်းကလဲ သူ့ရဲ့အမူအယာကို
ကြည့်လိုက်ခြင်းအားဖြင့် သူလေးက
ဘာကိုတွေးမိသွားသလဲ ဆိုတာကို

သိလိုက်ပါတယ်။ မထိန်းနိုင်တော့ပဲ
စိတ်ထဲကနေ ရယ်မိလိုက်ပြီလေ...
အပြင်ပိုင်းမှာတော့ သူက
ခပ်တည်တည်နဲ့ပဲ ပြောလိုက်ပါပြီ...
"အင်း... ဒီကနေ့ကစပြီးတော့
မင်းကငါ့ရဲ့ အကြီးဆုံးတပည့်ပဲကွာ...
တပည့်အကြီးအကဲ ရာထူးကိုလည်း
ယာယီခန့်ထားလိုက်ပြီဟေ့။
တပည့်ကြီးဆိုတော့... ဆရာသခင်က
အနာဂတ်မှာ နောက်ထပ်
တပည့်အသစ်တွေကို
လက်ခံတဲ့အခါမှာ မင်းက
သူ့တို့အတွက် စံထားစရာ
ပြယုဂ်ဖြစ်ဖို့ကို ကြိုးစားရမယ်ကွာ..."

ရှောင်ယန်ဟာလည်း ကြက်သေသေ
သွားခဲ့ပါတယ်… သူက
ရှောင်ပုတန်လေးဆီကို
ဝေ့ကြည့်လိုက်တော့
ရှောင်ပုတန်လေးဟာ သူ့ကို
စပ်ဖြဲစပ်ဖြဲလေးနဲ့ ကြည့်နေတာကို
တွေ့လိုက်ရတယ်လေ။

လင်းဖုန်းက ရှောင်ယန်ရဲ့
အပြုအမူတွေကို
အရေးမလုပ်ခဲ့ပါဘူး…
ရှောင်ပုတန်လေးရဲ့

ခေါင်းကိုပုတ်လိုက်ပြီးတော့
ဆက်ပြောလိုက်ပါပြီ... "ကဲ...
ဒါကတော့ မင်းရဲ့ ဂျူနီယာလေး...
ရှီထျန်းဟောင်တဲ့ကွာ...
စီနီယာတစ်ယောက် အနေနဲ့ မင်းကသူ
လေးကို ကောင်းကောင်းစောင့်ရှောက်
ရမယ်နော်..."

ရှောင်ယန်ကလဲ ခေါင်းကို
ချက်ချင်းညိတ်လိုက်ပါတယ်...
သူရဲ့ခေါင်းလေးဟာ ဆန်စေ့တွေကို
နှုတ်သီးနဲ့ဆိတ်ကာ ကောက်စားနေတဲ့
ကြက်ပေါက်လေး

တစ်ကောင်လိုပါပဲ… စိတ်ထဲကနေလဲ
ပျော်ရွှင်နေလို့ပါ။ အခုလေးတင်ပဲ
သူက ဒီချာတိတ် ပေါက်စနလေးကို
စီနီယာလို့ ခေါ်ရမယ်ထင်ပြီးတော့
တကယ်ကိုပဲ ခွတီးခွကျ
ဖြစ်နေခဲ့တာပါ။ သူ့မှာက တကယ်ကိုပဲ
တပည့်အကြီးအကဲ
ဖြစ်လာလိမ့်မယ်လို့ လုံးဝကို
ထင်မထားခဲ့ဘူးလေ။

အနာဂတ်မှာ လင်းဖုန်းက
တပည့်တွေကို လက်ခံလိုက်ရင်လည်း
အကုန်လုံးက သူ့ကို စီနီယာလို့

ခေါ်ရတော့မှာပါ... ရှောင်ယန်ရဲ့
ရင်ထဲမှာ ပီတိတွေနဲ့ ပြည့်လို့နေခဲ့ပါပြီ။

ရှောင်ပုတန်လေးကလဲ အရှေ့ကို
လျှောက်လာခဲ့ပါပြီ... သူ့ရဲ့
ပျိုမြစ်လှတဲ့ မျက်နှာလေးကို
မော့လိုက်ပြီး သေသေချာချာ အရိုအ
သေ ပြုလိုက်ပြီလေ... "အား...
ဂိုဏ်းတူ အစ်ကိုကြီးကို
နှုတ်ဆက်ပါတယ် ခင်ဗျ..." လူက
ပေါက်စန ကလေးသာသာပဲ
ရှိသေးတာလေ... ဒါပေမဲ့လည်း
လူကြီးလိုမျိုး ရင့်ကျက်တဲ့ ပုံစံမျိုးကို

လုပ်ပြနေတော့...
ဘယ်လိုပဲကြည့်ကြည့် သူလေးဟာ
အလွန်ကိုမှပဲ ချစ်စရာ
ကောင်းလွန်းနေခဲ့ပါတယ်။

ရှောင်ယန်ကလဲ သူလေးကြောင့်
သဘောတွေ ခွေ့သွားခဲ့ပါပြီ...
"ဟဲဟဲဟဲ... ဘာမှမပူပါနဲ့ကွာ...
နောက်ဆိုရင် ဘာပဲဖြစ်ဖြစ်
ကိုကြီးကိုလာရှာလေ... ကိုကြီးက
အကုန်လုံးကို ကာကွယ်ပေးမယ်ကွ..."
ဒီအထိ စကားပြောလို့ ပြီးသွားတာနဲ့
သူ့ရဲ့အသံဟာ ရုတ်တရက်ပဲ

ရပ်သွားခဲ့ပါတယ်။ ဒီအချိန်မှာတော့
ချစ်စရာကောင်းလှတဲ့
ဒီချာတိတ်လေးဟာ ချီသာဝက အဆင့်
၄ ရှိတယ် ဆိုတာကို သူက ရုတ်ချည်းပဲ
သတိရသွားခဲ့ပါပြီ။

အသက် လေးနှစ်တောင်
မပြည့်သေးပဲနဲ့ ချီသာဝကအဆင့် ၄
ကျင့်ကြံသူဖြစ်နေပြီ…

ဒီနေရာအထိကို
တွေးမိပြီးနောက်မှာတော့ ရှောင်ယန်ရဲ့
နဖူးပေါ်မှာ ချွေးတွေဟာ

ထွက်စပြေးလာခဲ့ပါပြီ။ ဒီအချိန်မှာ သူ့ရဲ့အဆင့်က ချီသာဝက အဆင့် ၁ မှာပဲ ရှိသေးတာလေ... သူ့ရဲ့ ဂျူနီယာလေးနဲ့ ယှဉ်လိုက်ရင် သူဟာ အများကြီးကို နောက်ကျကျန်နေခဲ့တာပါ... ဘယ်သူက ဘယ်သူ့ကို ကာကွယ်ပေးရမယ် ဆိုတာကို ဘယ်သူက သိမှာလဲ။

ရှောင်ယန်လေးက သူ့ရဲ့ မျက်လုံးအစုံကို ပင့်လိုက်ပြီး လင်းဖုန်းကို ကြည့်လိုက်ပါတယ်...

လင်းဖုန်းကလဲ သူ့ကို
စိုက်ကြည့်နေတယ် ဆိုတာကို
တွေ့လိုက်ရတယ်လေ…
သူ့ရဲ့အကြည့်မှာ စေ့ဆော်မှု
တွန်းအားတွေနဲ့ စမ်းသပ်မှုတွေကို
တွေ့မြင်နိုင်ပါတယ်။

"စိတ်ချပါ ဆရာသခင်… ကျွန်တော်က
လေ့ကျင့်မှုတွေကို နှစ်ဆတိုးပြီးတော့
သေချာကြိုးစားပါ့မယ်ဗျ…"
ရှောင်ယန်ကလဲ ချက်ချင်းပဲ
စိတ်ဓာတ်တွေ တက်ကြွလာပြီး…

ငြိမ်သက်သွားကာ လေးနက်စွာနဲ့ပဲ
ပြောလိုက်ပါပြီ။

မင်းက လာနှောက်နေတာလားဟ…
အကြီးဆုံး တပည့်ဖြစ်ပြီး
သူ့ရဲ့အဆင့်က သူ့ရဲ့
ဂျူနီယာလေးလောက်တောင်
မမြင့်ဘူး… ဘယ်လို
ဟာသမျိုးလဲကွာ?

လင်းဖုန်းကလဲ သူ့ရဲ့ခေါင်းကို
ကျေနပ်စွာနဲ့ပဲ ညိတ်လိုက်ပါတယ်…
"အင်း… ငါက မင်းကို မင်းရဲ့

ဂျူနီယာလေးကို စောင့်ရှောက်ဖို့
ပြောတာဟာ နှောက်နေတာ
မဟုတ်ဘူးကွ။ သာမာန် မိသားစုတွေ
မှာတောင်မှပဲ အစ်ကို အကြီးဆုံးဟာ
ညီငယ် ညီမငယ်လေးတွေကို
စောင့်ရှောက်ရမယ် ဆိုတာကို
သိထားကြတယ်။ နောင်ဆိုရင် မင်းရဲ့
ဂျူနီယာလေးတွေက
ဒုက္ခရောက်နေတဲ့ အခါကျရင် မင်းက
ဂိုဏ်းတူအစ်ကို အကြီးဆုံး
တစ်ယောက်အနေနဲ့ ရှေ့ကနေ
မားမားမတ်မတ်နဲ့
ရပ်တည်ပေးရမယ်ကွ..."

"တကယ်လို့များ မင်းတို့ဟာ အခြား လူငယ်လေးတွေရဲ့ ရိုက်နှက်ခြင်းကို ခံရတဲ့အခါကျလို့ရှိရင် မင်းတို့က ကိုယ့်ဘာသာကိုယ် ပြန်ပြီးတော့ ချကြကွာ... အရွယ် မရောက်သေးတဲ့ ကလေးလေးလိုမျိုး ငါ့ရဲ့အနားမှာ လာပြီးတော့ မငိုပြနဲ့။ ငါမှာက ဒီလိုမျိုး အသုံးမကျတဲ့ တပည့်မျိုးတွေ မရှိဘူးဟ..."

"အဲ... ဒါပေမဲ့ မင်းတို့က တခြား ကလေးလေးတွေကို ချမိလို့ လူကြီးတွေဝင်ပါလာပြီ ဆိုပါတော့..."

အဲဒီအချိန်ကျရင် ဆရာသခင်က
မင်းတို့ရဲ့ အရှေ့မှာ
ရပ်တည်ပေးမှာပေါ့ကွာ..."

ဘေးက ရှောင်ပုတန်လေးကလဲ
အော်ပြောလိုက်တယ်လေ... "ရေး...
ဆရာသခင်... ကျွန်တော်ကလဲ
အစ်ကိုကြီးကို သွားကူပေးမှာပေါ့ဗျ!"

လင်းဖုန်းကလဲ
ထိန်းမထားနိုင်တော့ပဲနဲ့
ရယ်လိုက်မိပါတော့တယ်...
သူ့ရဲ့ခေါင်းလေးကို ခေါက်လိုက်ပြီး...

"မင်းကတော့ ပြဿနာတွေကို မီးထွန်းပြီး ရှာချင်နေတဲ့ ကောင်လေးပဲဟ…" ပြီးတော့မှ ရှောင်ယန်ဖက်ကို ခေါင်းလှည့်လိုက်ပါပြီ… "ကဲကဲ… အိမ်ပြန်ပြီး စီစဉ်စရာရှိတာတွေကို စီစဉ်ထားတော့ကွ… ငါတို့က သုံးရက်ပြီးရင် ဝူကျိုးမြို့ကနေ ထွက်မယ်ဟေ့…"

"ဒီသုံးရက် အတွင်းမှာ မင်းကြိုက်တဲ့အချိန်မှာ ဒီကန်နံဘေးကို လာနိုင်တယ်။ ငါကမင်းကို တာအို

နည်းစနစ်တွေကို သင်ပေးမှာပေါ့..."
ပြီးတော့ လင်းဖုန်းက ယန့်မင်းရှဲ့ကို
လှမ်းကြည့်လိုက်တယ်... "ပြီးတော့
ဝိညာဉ်ကျောက်ဆူး ဆေးလုံးကို
ဖော်စပ်ဖို့ တာအိုရောင်းရင်းယန့်ရဲ့
လိုအပ်နေတဲ့
တခြားဆေးအမယ်တွေကိုလည်း
စုဆောင်းပေးလိုက်ဦးကွ..."

ရှောင်ယန်လေးဟာ
ခေါင်းကိုညိတ်လိုက်ပြီး ဟုတ်ကဲ့လို့
ပြောလိုက်ပါတယ်။
ဘေးကယန့်မင်းရှဲ့ကလဲ

ယွဲ့ယွဲ့လေးပဲပြုံးကာ ပြောလိုက်ပါပြီ... "ကဲ... ဒုက္ခပေးရတဲ့အတွက် ကျေးဇူးတင်ပါတယ်ကွယ်။ အစ်မကလဲ ဒီသုံးရက်အတွင်းမှာ ဒီကန်နံဘေးကပဲ စောင့်နေပါ့မယ်..." ရှောင်ယန်က လင်းဖုန်းကို ဆရာသခင်အဖြစ် သတ်မှတ်လိုက်ပြီလေ... သူမကလဲ ရှောင်ယန်လေးနဲ့ ဟိုဟိုဒီဒီ ဆက်လိုက်သွားလို့ မရတော့ဘူးပေါ့။

ရှောင်ယန်လေး ထွက်သွားအပြီးမှာတော့ လင်းဖုန်းနဲ့ ယန့်မင်းရွှဲ့တို့ နှစ်ယောက်ဟာ

မျက်နှာချင်းဆိုင်ပြီးတော့
ရပ်နေကြပါတယ်... အချိန်
အတန်ကြာတဲ့တိုင်အောင်
နှစ်ယောက်စလုံးက
နှုတ်ဆိတ်နေခဲ့တယ်လေ။

ရှောင်ပုတန်လေးကလဲ
အသံတစ်စက်မှ မထွက်ခဲ့ပါဘူး...
လင်းဖုန်းရဲ့ ဘေးနားမှာပဲ
ငြိမ်ငြိမ်ကလေး ရပ်နေခဲ့ပါတယ်။
သူဟာ အဆော့မက်ပေမယ့် ရွယ်တူ
ကလေးတွေနဲ့စာရင် အသိဉာဏ်က
အများကြီး ပိုမြင့်တယ်လေ။ သူက

သူ့ရဲ့ဆရာနဲ့ ခပ်ချောချော အစ်မကြီး
တို့ရဲ့ကြားက အခြေအနေဟာ
နည်းနည်းလေး ထူးဆန်းနေတယ်
ဆိုတာကို ရိပ်မိနေခဲ့ပါတယ်။

အချိန်အကြာကြီး တိတ်ဆိတ်နေခဲ့ပြီးမှ
လင်းဖုန်းကပဲ စပြောလိုက်ပါတယ်...
"ကဲ... တာအိုရောင်းရင်းယန့်က
အနာဂတ်မှာ ဘာများဆက်လုပ်ဖို့
စီစဉ်ထားလဲဗျ?"

သူက တောက်တီမလေးကနေတဆင့်
ဒီအစိမ်းရောင် ဝတ်ရုံရှည်ကို

ဝတ်ထားတဲ့ မိန်းမချောလေးဟာ ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ သာမာန်တပည့် မဟုတ်ဘူး ဆိုတာကို သိထားရပါတယ်။ သူမဟာ မုန့်ပင်းယွင် နောက်ပိုင်းက တာအိုခြေလျင်ခရီးသည် ဖြစ်ပါတယ်... အပြင်ကမ္ဘာက ခေါ်ဆိုနေကြတဲ့ ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ မြင့်မြတ်တဲ့ အပျိုစင် သမီးတော် အသစ်ပဲ ဖြစ်တယ်လေ။

လွန်ခဲ့တဲ့ ၁၀ နှစ်ကျော် လောက်တုန်းက လုံရဲ့နဲ့ အသေအကျေ

တိုက်ခိုက်လို့ အပြီးမှာ…
ယန်မင်းရွှဲ့ဟာ ဒီလက်စွပ်လေးရဲ့
အထဲမှာ ဒဏ်ရာတွေကို
ကုစားနေခဲ့ရပါတယ်။
အပြင်လောကက လူတွေအဖို့တော့
ယန်မင်းရွှဲ့ဟာ
အသက်ရှင်နေသေးလား…
သေသွားပြီလား ဆိုတာကို ပဟေဠိ
ဖြစ်နေကြတယ်လေ။

ဟင်းလင်းပြင် ဘုရားကျောင်းရဲ့
မြင့်မြတ်သော အပျိုစင် သမီးတော်
ပျောက်ဆုံးနေခဲ့ခြင်းဟာ

ဒီမူလကောင်းကင် ကမ္ဘာကြီး
တစ်ခုလုံးမှာ ပျောက်လှုပ်သွား
သလိုမျိုးပဲ ဆိုတာကိုတော့...
သံသယဖြစ်ဖွယ်ရာ မရှိပါဘူး။

အတိတ်ကရော ပစ္စုပ္ပန်မှာပါ တာအို
ခြေလျင်ခရီးသည်တွေဟာ
ကံမကောင်းပဲ အကြောင်းတွေ
မလှခဲ့ပါဘူး... ဂုဏ်သိက္ခာပိုင်း အရလဲ
ဟင်းလင်းပြင် ဘုရားကျောင်းဟာ
ကြီးမားစွာ ထိခိုက်ခဲ့ပါတယ်။
ဒီအဖြစ်ဆိုးကို ကျော်လွှားနိုင်ပြီး
ကိုင်တွယ်ဖြေရှင်းနိုင်ဖို့ အတွက်

ဟင်းလင်းပြင် ဘုရားကျောင်းဟာ
ခြေလျင်ခရီးသည် တာအိုဆရာ
အသစ်ကို အလျင်အမြန်
ပြန်လည်ပြီးတော့
အစားထိုးတော့မှာပါပဲ။

ဟင်းလင်းပြင် ဘုရားကျောင်းဟာ
ဒီလူအသစ်ကို ပိုပြီးတော့
အာရုံစိုက်ကာ လေ့ကျင့်ပေးမှာ
သေချာပါတယ်… သူ/သူမဟာ
အရင်ကလူတွေ မရခဲ့တဲ့
လုပ်ပိုင်ခွင့်တွေနဲ့ ကျင့်ကြံမှု

အထောက်အကူ ပစ္စည်းတွေကိုတောင်
ပိုပြီးတော့ ရနိုင်ပါသေးတယ်။

ယန့်မင်းရွဲ့ရဲ့ အသိဉာဏ်အရတော့
သူမဟာ ဒါတွေကို မတွေးမိပဲ
ဘယ်နေပါ့မလဲ? ဒါပေမဲ့လည်း
သူမဟာ အပြင်ပိုင်းမှာတော့ လုံးဝကို
ဘာမှမဖြစ်သလိုပါပဲ…
ဖွဖွလေးပြုံးကာ
ပြောလိုက်တယ်လေ… "အင်း…
ကျွန်မက တာအိုရှောင်းရှင်းလင်းကို
လမ်းညွှန်ပေးဖို့ တောင်းဆိုပါရစေ…
ရှင်က လုံရဲ့နဲ့ အရင်က ဘယ်နေရာမှာ

တွေ့ခဲ့တာလဲ? ကျွန်မဟာ ကျွန်မရဲ့
စိတ်ဝိညာဉ် တည်ငြိမ်သွားပြီ ဆိုတာနဲ့
သူမကို ပထမဦးဆုံး
သွားရှာမယ်ရှင့်..."

လင်းဖုန်းကလဲ အနည်းငယ်
မှင်သက်သွားခဲ့ပါတယ်။
မင်းတို့နှစ်ယောက်ရဲ့
အမုန်းတရားတွေက တော်တော်ကို
ကြီးမားတာပဲ... သူမက မင်းရဲ့လူကို
လုသွားလို့ များလားကွာ?

ယန်မင်းရဲ့ဟာ ယဲ့ယဲ့လေးပဲ
ပြုံးလိုက်တယ်... ပွင့်ပွင့်လင်းလင်းပဲ
ပြောလိုက်ပါပြီ... "အင်း...
သူမရဲ့လက်ထဲမှာ ကျွန်မပဲဖြစ်ဖြစ်...
ကျွန်မရဲ့ဂိုဏ်းကပဲ ဖြစ်ဖြစ်
ကြိုးစားပြီးတော့ ပြန်ယူရမဲ့
ပစ္စည်းလေးတစ်ခု ရှိနေတယ်ရှင့်..."

## စာစဥ် ၂ : အပိုင်း ၉

## အပိုင်း ၂၉ : နှုတ်ဆက်ခြင်း

"အင်း... သူမရဲ့ လက်ထဲမှာ
ကျွန်မပဲဖြစ်ဖြစ်... ကျွန်မရဲ့ဂိုဏ်းကပဲ
ဖြစ်ဖြစ် ကြိုးစားပြီးတော့ ပြန်ယူရမဲ့
ပစ္စည်းလေးတစ်ခု ရှိနေတယ်ရှင့်..."

ယန့်မင်းရွဲ့ရဲ့ အသံဟာ
တည်ငြိမ်နေခဲ့ပေမယ့် လင်းဖုန်းဟာ
လုံရဲ့ရဲ့ လက်ထဲက ပစ္စည်းဟာ
လုံးဝကိုပဲ သာမာန် မဖြစ်နိုင်ဘူး
ဆိုတာကို သိနေခဲ့ပါတယ်။

အခုတော့ ယန့်မင်းရွဲ့ဟာ သူမက
ဂိုဏ်းကို ပြန်သွားပြီးရင် ကြုံရမယ့်

အနေအထား အပေါ်မှာ ဘာ့ကြောင့်
ပူပင်မှု မရှိနေရသလဲ ဆိုတာနဲ့…
သူမဟာ လုံရဲ့ကို ဘာဖြစ်လို့
အလောတကြီး လိုက်ရှာနေရသလဲ
ဆိုတာကို လင်းဖုန်းက
သဘောပေါက်သွားခဲ့ပါပြီ။

တကယ်လို့များ သူမဟာ လုံရဲ့ဆီက
ပစ္စည်းကို အောင်မြင်စွာနဲ့
ပြန်ယူနိုင်ခဲ့မယ်ဆိုရင်တော့…
အနာဂတ်မှာ သူမက သူမရဲ့ဂိုဏ်းကို
ပြန်ပြီးတော့ သွားခဲ့မယ်ဆိုရင်…

ဘယ်သူကမှ သူမကို လျစ်လျူရှုပြီး ထားရဲမှာ မဟုတ်တော့ဘူးလေ။

ဒါကို နားလည်သွားတော့ လင်းဖုန်းကလဲ ခပ်ပြတ်ပြတ်ပဲ ပြန်ဖြေလိုက်ပါတယ်... "ဟင်း... လုံရဲ့က အခု ဘယ်ရောက်နေသလဲ ဆိုတာကတော့ ကျွန်တော်က မသိဘူးဗျ။ ကျွန်တော်က ဒီမိစ္ဆာမယ်ကို ဝူကျိုးမြို့ရဲ့ အရှေ့မြောက်ဖက်က အဆုံးအစမဲ့တဲ့ တောင်တန်းတွေရဲ့ အကြားမှာ တွေ့ခဲ့တာဗျ..."

လင်းဖုန်းက ရင်ထဲကပဲ ကျိတ်ပြီးတော့
ပြောနေခဲ့ပါတယ်...
ပြိုင်ဖက်ဟောင်းကြီး နှစ်ယောက်
ဆက်ချကြပြော့။ ယန့်မင်းရွှဲ့က
လှုပ်ရှားလိုက်ရင် ဒီမိစ္ဆာမယ်လေးရဲ့
မှတ်ဉာဏ်ဟာ
ဘယ်လောက်ပဲကောင်းကောင်း...
သူ့ကိုလိုက်ရှာဖို့ကို မှတ်မိတော့မှာ
မဟုတ်ဘူးလေ... ဟုတ်တယ်မို့လား?

သူက ရှောင်ပုတန်ရဲ့
ခေါင်းလေးကိုပွတ်ပြီးတော့မှပဲ
ပြောလိုက်ပါတယ်... "အင်း...

တောင်တန်းတွေရဲ့ အကြားမှာ
ရွာကလေးတစ်ရွာ ရှိတယ်ဗျ...
ဒီမိစ္ဆာမယ်ဟာ မက်မွန်ပင်အိုကြီး
တစ်ပင်အနားမှာ ခိုအောင်းနေပြီး
နိုးလာခါစဗျာ... ရွာသားတွေရဲ့
အသက်ကို ခြိမ်းခြောက်နေခဲ့တာပေါ့။
ကျုပ်ကလဲ အဲ့ဒီနေရာကို
အဖြတ်နဲ့ကြုံတော့ သူမရဲ့
လမ်းမှားလုပ်ရပ်တွေကို
ဖယ်ရှားပေးလိုက်ပြီး...
ဒီကောင်ကလေးကို
ကယ်တင်ခဲ့တာပေါ့ဗျာ..."

ပြီးတော့မှပဲ လင်းဖုန်းဟာ
ယန့်မင်းရှဲ့ကို မေးလိုက်ပါပြီ...
"အင်း... ဒီလုံရဲ့ရဲ့ ပုံစံအစစ်က
ဘယ်လိုမျိုးလဲဗျာ? သူမကတော့
သာမာန်သစ်ပင် မိစ္ဆာမယ်တော့
ဟုတ်မယ်မထင်ဘူးဗျ..."

ယန့်မင်းရှဲ့ကလည်း
သက်ပြင်းဖွဖွလေးကို
ချလိုက်ပါတယ်... "အင်း...
မှန်တာပေါ့ရှင်။
ဟိုမက်မွန်ပင်ဆိုတာက သူမက
ဒဏ်ရာရနေတဲ့ အချိန်မှာ ခိုလှုံနေတဲ့

နေရာလေး တစ်ခုသာသာပါပဲ။ သူမရဲ့ မူလခန္ဓာကိုယ်ဟာ လွန်ခဲ့တဲ့ ၁၀ နှစ်ကတည်းက ကျွန်မရဲ့ သတ်ဖြတ်ခြင်းကို ခံလိုက်ရပြီးရှင့်… အဲ့ဒါက ကမ္ဘာကြီးရဲ့ စိတ်ဝိညာဉ်သစ်ပင်တစ်ခုဖြစ်တဲ့… အသိပညာ ကျောက်စိမ်းသစ်ပင် ပါပဲရှင်…"

လင်းဖုန်းဟာ နှလုံးခုန်တစ်ချက် မှားသွားခဲ့တယ်လေ။

သက်ရှိအားလုံးမှာ စိတ်ဝိညာဉ်တွေ
ရှိကြပါတယ်... သစ်ပင်တို့..
ကျောက်တုံးတို့တောင်မှပဲ မိစ္ဆာတွေ
ဖြစ်နိုင်တယ်လေ။ ဒါပေမဲ့လည်း
သာမာန်သားရဲတွေနဲ့ တခြား
မိစ္ဆာအမျိုးအစား တွေနဲ့စာရင်
အတော်လေးကို ပိုပြီးတော့
ခက်ခဲပါတယ်။ ဒါပေမဲ့လည်း
သစ်ပင်မိစ္ဆာတွေဟာ ကျင့်ကြံမှုမှာ
အောင်မြင်သွားခဲ့ရင်တော့ သူတို့ရဲ့
အသက်စွမ်းအင်တွေနဲ့
မှော်စွမ်းအင်တို့ဟာလည်း
မယုံနိုင်လောက်အောင်
စွမ်းအားကြီးလာမှာပါ။

သစ်ပင်မိစ္ဆာတွေရဲ့
ကျင့်ကြံမှုဖြစ်နိုင်စွမ်းဟာ သူတို့ရဲ့
အပင်အမျိုးအစား အပေါ်မှာ တိုက်ရိုက်
မူတည်နေပါတယ်... သူတို့တွေရဲ့
အထဲက အဆင့်အမြင့်ဆုံး
အပင်တွေဟာ ကမ္ဘာကြီးရဲ့
မဟာနတ်သစ်ပင်လေးပင်ပဲ
ဖြစ်ကြတယ်လေ။

သူတို့တွေဟာ အထွတ်အမြတ်
ဖီးနစ်သစ်ပင်... ရှီရာသာကူသစ်ပင်...
ဂျင်ဆင်းအသီး သစ်ပင်နဲ့.....

အသိပညာ ကျောက်စိမ်းသစ်ပင်
တို့ပဲဖြစ်ကြပါတယ်!

သူ့ကို သူမရဲ့ စိတ်ထဲမှာ မှတ်ထားခဲ့တဲ့
လုံရဲ့ဟာ အသိပညာ
ကျောက်စိမ်းသစ်ပင် ဖြစ်နေခဲ့မယ်လို့
လင်းဖုန်းဟာ လုံးဝကိုပဲ
မထင်ထားခဲ့မိပါဘူး။ လူသားမျိုးနွယ်
ထဲမှာဆိုရင်… ဒီလိုမျိုး အခြေခံ
ပင်ကိုစွမ်းရည်ဟာ ရှောင်ပုတန်လေးရဲ့
အဆင့်လောက်ရှိပါတယ်။ ယန့်မင်းရွှဲ့ရဲ့
မဟာပြိုင်ဖက် ဖြစ်နေတာကလဲ
အံ့ဩဖွယ်ရာ မရှိပါဘူးလေ။

ဒီလိုမျိုး မဟာမိစ္ဆာမယ် တစ်ယောက်ရဲ့
မှတ်မိခြင်းကို ခံလိုက်ရတဲ့ လင်းဖုန်းရဲ့
ဖိအားတွေဟာလည်း
တောင်ကြီးတစ်တောင်လိုပဲ
ကြီးမားလာခဲ့ပြီလေ။
အပြင်ပန်းမှာတော့ ထူးမခြားနား
ပုံစံမျိုးကို ဖမ်းထားပြီး
ခေါင်းကိုညိတ်လိုက်ပါပြီ... "အင်း...
ဒါကြောင့်လဲ သူမရဲ့ မူလ ကိုယ်ခန္ဓာကို
ဆုံးရှုံးလိုက်ရပြီး စိတ်ဝိညာဉ်
အဖြစ်သာ ကျန်နေခဲ့ပေမယ့်...
သူမဟာ ပြဿနာတွေကို
ရှာနိုင်သေးပြီး ဆိုးယုတ်တဲ့

အပြုအမူတွေကို လုပ်နိုင်သေးတာကိုး။
အဲ့ဒီ အချိန်တုန်းက ကျုပ်ကလည်း
သူမရဲ့အကြောင်းတွေကို သိပ်ပြီးတော့
မသိသေးဘူးလေ... နို့မဟုတ်ရင်
အဲ့ဒီကတည်းက သူမကို တစ်ခါထဲ
နှိမ်နှင်းလိုက်တာပေါ့ဗျာ..."

ယန့်မင်းရွဲ့ကလဲ သူမရဲ့ခေါင်းကို
ညိတ်လိုက်ပါတယ်... "အင်း...
လုံရဲ့ဟာ မိစ္ဆာကလန်ရဲ့
မဟာသူတော်စင် ထျန်းမေ့ရဲ့
တိုက်ရိုက်တပည့် ဖြစ်တယ်ရှင့်။
သူမက မိစ္ဆာကလန်ရဲ့ အထွတ်အထိတ်

တာအိုနည်းစနစ်ဖြစ်တဲ့
"ကောင်းကင်လမ်းစဉ်
မိစ္ဆာကျမ်းစာ"ကို
လေ့ကျင့်ထားတာလေ။ ကျွန်မက
သူမနဲ့ အတိတ်တုန်းက
အကြိမ်ပေါင်းများစွာ
တိုက်ခိုက်ခဲ့တာရှင့်... အကြိမ်တိုင်း
သရေပဲ ကျခဲ့တယ်လေ။
တကယ်လို့သာ သူသေကိုယ်သေသာ
တိုက်ကြမယ် ဆိုရင်တော့...
အဖြစ်နိုင်ဆုံးဟာ ကျွန်မတို့
နှစ်ယောက်စလုံး အသက်ရှင်နိုင်မှာ
မဟုတ်ဘူးရှင့်..."

ဒီအထိ ပြောပြီးတာနဲ့ ယန့်မင်းရွဲ့က ဖွဖွလေးပဲ ပြုံးလိုက်ပါပြီ... "အင်း... ကျွန်မကတော့ ရှင့်ကိုပဲ ကျေးဇူးတင်ရမှာပဲ။ လုံရဲ့က ရှင့်ကြောင့် ဒဏ်ရာအပြင်းအထန် ရသွားပြီး... သူမရဲ့ ၁၀နှစ်တာ နာလန်ထူလာတာတွေက အလဟာသ ဖြစ်သွားပြီလေ။ ဒါပေမဲ့လည်း ကျွန်မကတော့ ဝိညာဥ်တည်ငြိမ် မြက်ပင်ရဲ့ အကူအညီကို ရပြီးတော့ ကျွန်မရဲ့ နာလန်ထူတာတွေဟာ နောက်ထပ် ပိုပြီးတော့ တိုးတက်လာတော့မှာရှင့်။ ဒီလိုမျိုး ခြားနားချက် တွေနဲ့သာဆိုရင် သူမနဲ့

နောက်ထပ်တစ်ခေါက်
ထပ်တွေ့ရင်တော့ ကျွန်မအနေနဲ့
နိုင်ဖို့အခွင့်အလမ်း များသွားပြီလေ..."

လင်းဖုန်းကတော့ သာမာန်သာ
ပြန်ဖြေလိုက်ပါတယ်... "ဟာ...
မရည်ရွယ်ရပါဘူးဗျာ... ကျွန်တော်က
ကျေးဇူး အတင်မခံရဲပါဘူးဗျ..."
ဒါပေမဲ့လည်း သူ့ရဲ့ ရင်ထဲမှာက
နောက်ထပ်တစ်မျိုး
ပြောနေခဲ့တယ်လေ...
"ဟုတ်တာပေါ့ဗျာ... မြန်မြန်သာ

သွားပြီးတော့ သူမနဲ့
စာရင်းရှင်းလိုက်ပါဗျ..."

နောက်သုံးရက် အတောအတွင်းမှာ...
လင်းဖုန်းဟာ ရှောင်ပုတန်လေးရယ်...
ယန့်မင်းရွှဲ့ရယ်နဲ့ ကန်နံ့ဘေးမှာပဲ
ငြိမ်သက်စွာ စောင့်နေခဲ့ပါတယ်။

ဒီ့အရင်က မီးလျှံဓားဂိုဏ်းနဲ့ ဖြစ်ခဲ့တဲ့
တိုက်ပွဲကြီးကြောင့်... အတော်ပဲ
ဆူညံပွက်လောရိုက်သွားခဲ့ပေမယ့်...
ရှောင်ကျန်းအာလေးဟာ
ဘာမှန်းမသိတဲ့ နည်းလမ်းတွေနဲ့

ရှောင်မိသားစုကို
ဖျောင်းဖျလိုက်တယ်နဲ့တူတယ်။
ရှောင်မိသားစု တစ်စုလုံးဟာ
တိတ်ဆိတ်ငြိမ်သက် နေရုံတင်
မကပဲ…
ကလန်ခေါင်းဆောင်အိုကြီးကတောင်
မြို့တော်ဝန် ဂေဟာကို
ကိုယ်တိုင်ကိုယ်ကျ သွားပြီးတော့
နေ့တဝက်လောက် အချိန်သွားဖြုန်း
လိုက်သေးတယ်လေ။

ကလန်ခေါင်းဆောင်အိုကြီး
ပြန်သွားပြီးနောက်မှာ မြို့တော်ဝန်ဟာ

ထွက်လာပြီး အရာအားလုံးကို
ထိန်းချုပ်လိုက်ပါတယ်။ လှုပ်ရှားဖို့ရာ
ဟန်ပြင်နေကြတဲ့ အင်အားစုတွေလဲ
အကုန်ငြိမ်ကုန်ကြတယ်လေ။

ဝူကျိုးဟာ ပြန်ပြီးတော့
ငြိမ်းချမ်းသွားခဲ့ပါပြီ… ဘယ်သူကမှ
ကန်ရဲ့နံဘေးကို လာပြီးတော့
မစပ်စုတော့ပါဘူး။ ဒီအချိန်
အတောအတွင်းမှာ
မြို့ရဲ့မြောက်ဖက်က
ဒီကန်ပတ်ပတ်လည်ဟာ

ကန့်သတ်နယ်မြေ တစ်ခုအလား
ဖြစ်လို့နေခဲ့ပါတယ်။

ရှောင်ကျန်းအာလေးဟာလည်း
ရှောင်ယန်ကို ထုတ်ဖော်မပြခဲ့ပါဘူး…
ဒီရက်ပိုင်းအတွင်းမှာ ဒီဝတ်ရုံနက်
လူငယ်ဟာ နေမြဲပုံစံအတိုင်းပဲ
နေနေခဲ့ပါတယ်။ ကန်နံဘေးက
ဖြစ်စဉ်ဟာ သူ့နဲ့ ပတ်သတ်နေတယ်
ဆိုတာကို  ဘယ်သူကမှ မသိခဲ့ပါဘူး။
ဒါ့အပြင် ဒီလူငယ်ရဲ့ ကံကြမ္မာမှာ
ကမ္ဘာကို ကိုင်လှုပ်နိုင်စေတဲ့
ပြောင်းလဲမှုမျိုး ဖြစ်ပေါ်ခဲ့တယ်

ဆိုတာကိုလဲ ဘယ်သူကမှ
မခန့်မှန်းနိုင်ခဲ့ဘူးလေ။

ဒီသုံးရက် အတောအတွင်းမှာ
ရှောင်ယန်ဟာ သူ့ရဲ့ခြေထောက်က
မြေကြီးနဲ့ လုံးဝမထိဘူးလို့
ထင်ရလောက်အောင် အလုပ်တွေ
များနေခဲ့ပါတယ်။
ဆေးတွေကိုရှာရတာ...ထုပ်ပိုးရတာတွ
ေနဲ့ပေါ့... ပြီးတော့လဲ ကန်နံဘေးကို
သွားပြီးတော့ လင်းဖုန်းရဲ့ အနားမှာလဲ
တာအိုနည်းစနစ်တွေကို
သင်ယူရသေးတယ်လေ။ သူဟာ

ပိုပြီးတော့ သန်မာလာအောင်
နည်းနည်းကလေးမှ
မစောင့်နိုင်တော့ပါဘူး။

လင်းဖုန်းက ယန့်မင်းရွှဲ့ကို
ဘာမှမဖုံးကွယ်ခဲ့ပဲ…
ရှောင်ယန်လေးကို အေကာလာ
ပညာရပ်ကို တိုက်ရိုက်ပဲ
လက်ဆင့်ကမ်းပေး လိုက်ပါတယ်။

အေကာလာ ပညာရပ်ကို စပြီး
လေ့ကျင့်လိုက်ချိန်မှာပဲ ရှောင်ယန်ဟာ
ဒီတာအိုနည်းစနစ်ရဲ့

ထူးချွန်ပြောင်မြောက်မှုတွေကို
သဘောပေါက်သွားခဲ့ပါတယ်... ဒါဟာ
သူလေ့ကျင့်နေတဲ့ ရှောင်မိသားစုက
တာအို နည်းစနစ်တွေထက် အပုံကြီး
သာတယ်လေ... သူက သူ့ရဲ့
ကိုယ်ရောစိတ်ပါ လေ့ကျင့်မှုထဲမှာ
နစ်မြုပ်ထားလိုက်ပါတော့တယ်။

ယန့်မင်းရွှဲ့ရဲ့ လင်းဖုန်းကိုကြည့်တဲ့
အကြည့်တွေထဲမှာ မေးခွန်း
အရိပ်အမြွက်တွေ သန်းလာခဲ့ပါပြီ။
သူမရဲ့ အသိပညာနဲ့ဆိုရင် တစ်ချက်
ကြည့်လိုက်ရုံနဲ့ အေကာလာ

ပညာရပ်ရဲ့ ဇစ်မြစ်ကို သိတယ်လေ... သူမရဲ့ ရင်ထဲမှာလဲ လင်းဖုန်းဟာ တဖြေးဖြေးနဲ့ လျှို့ဝှက်ဆန်းကြယ်လို့ လာခဲ့ပါပြီ... "အင်း... သူက တာအိုဆရာလို ဝတ်ထားတာလဲ အသိအသာကြီးပါ... ဒါပေမဲ့လည်း ဘာဖြစ်လို့သူက မဟာမိုးကြိုး ကျောင်းတော်ရဲ့ လျှို့ဝှက် တာအိုနည်းစနစ်ကို တတ်ကျွမ်းနေရတာလဲ?"

"အင်း... သူက မဟာမိုးကြိုး ကျောင်းတော်က

လွတ်မြောက်လာခဲ့တဲ့
ဘုန်းကြီးတစ်ပါးဖြစ်ပြီး...
အခုလူတွေကို အရူးလုပ်ရအောင်
တာအိုဆရာလိုမျိုး
ဝတ်ဆင်ထားတာလား? ဒါမှမဟုတ်
မဟာမိုးကြိုး ကျောင်းတော်ကြီး
ကျဆုံးအပြီးမှာ ပျံ့နှံ့သွားတဲ့
တာအိုနည်းစနစ် တစ်ခုကို
မတော်တဆနဲ့ ရခဲ့တာများလား?

လင်းဖုန်းကတော့ ယန့်မင်းရွှဲ့ရဲ့
စူးစမ်းတဲ့ အကြည့်တွေကို မသိသလိုပဲ
နေလိုက်ပါတယ်။ သူဟာ အခုတော့

သူ့ရဲ့ တပည့်နှစ်ယောက်က ကျင့်ကြံမှု
အထောက်အကူပြု ဆေးလုံးတွေကို
သကြားလုံး စားနေသလိုမျိုး
ဝါးစားနေကြတာကို ကြည့်ပြီးတော့
ရင်နာနေခဲ့တယ်လေ... "ဟေး...
မင်းတို့ အစားပုတ်တဲ့နှစ်ကောင်...
ဖြေးဖြေးစားကြဟ! မင်းတို့ ဒီပုံအတိုင်း
ဆက်စားနေမယ်ဆိုရင်
ဆရာသခင်တော့ မကြာခင်မှာပဲ
ဒေဝါလီ ခံရတော့မယ်ဟ..."

သူ့တပည့်နှစ်ယောက်ရဲ့ အဆင့်တွေ
အမြန်တက်နိုင်ဖို့ အတွက်ရော...

သူရဲ့စွမ်းအားကို အမြန်မြှင့်တင်နိုင်ဖို့
အတွက်ပါ... လင်းဖုန်းဟာ
ရှောင်ယန်လေးကို တပည့်အဖြစ်
လက်ခံတုန်းက စနစ်ကြီးဆီကနေ
ရလာခဲ့တဲ့ ကုန်သွယ်မှုအမှတ် ၅၀၀
စလုံးကို ကျင့်ကြံမှုကို
အဟုန်မြှင့်ပေးနိုင်တဲ့ ဆေးလုံးတွေ...
ဖြေဆေးတွေ အမျိုးမျိုးနဲ့
လဲလှယ်ခဲ့တယ်လေ။

ရလဒ်ကတော့ ဒီကောင်စုတ်လေး
နှစ်ကောင်ဟာ လုံး၀ကို
တွေ၀ေနေခြင်းမရှိပဲ... သူတို့ရဲ့

ပါးစပ်တွေကိုဟပြီး အရူးတွေလို
စားကြတော့တာပဲလေ…
လင်းဖုန်းလေးကတော့ ရင်နာနာနဲ့ပဲ
ကြည့်နေရပါတော့တယ်။

ဒါပေမဲ့လည်း ဒီလိုမျိုး စားတာကလဲ
သူ့အကျိုးနဲ့သူတော့ ရှိပါတယ်။
ရှောင်ယန်လေးက ဒီသုံးနှစ်တာကာလ
အတောအတွင်းမှာ နာကျင်စွာနဲ့
တည်ဆောက်ထားခဲ့တဲ့ အခြေခံ
အုတ်မြစ်တွေဟာ နောက်ဆုံးတော့
အသုံးဝင်လာခဲ့ပြီး

သူ့ရဲ့စွမ်းအားတွေတွေကို
ထုတ်ပြခဲ့ပြီလေ။

ယန့်မင်းရွဲ့နဲ့ တောက်တီတို့ရဲ့ ဆွဲချမှုကို
ထပ်မံပြီးတော့ မခံခဲ့ရတော့…
သူနဲ့လိုက်ဖက်တဲ့ အေကာလာ
ပညာရပ်နဲ့ ကျင့်ကြံမှုဆေးလုံး
အမြောက်အမြားတို့ကို တွဲလိုက်ပြီး…
ရှောင်ယန်လေးဟာ သွေးကြောဆုံမှတ်
တစ်ခုကို တိုက်ရိုက်ဖွင့်လှစ်လိုက်ပြီး
လေ့ကျင့်မှု ပထမနေ့မှာတင်ပဲ
ချီသာဝကအဆင့် ၂ အဖြစ်ကို
ရောက်ရှိလို့ သွားခဲ့ပါတယ်!

သုံးရက်တာကာလ အတောအတွင်းမှာ ရှောင်ယန်လေးဟာ ချီသာဝကအဆင့် ၂ ရဲ့ အထွတ်အထိပ်ကို ရောက်ရှိကာ နေခဲ့ပါပြီ။ သူလုပ်ရမှာက တတိယ သွေးကြောဆုံမှတ်ကို ပိတ်ဆို့ထားတဲ့ အတားအဆီးကို ဖွင့်လှစ်ရမှာပါ… ပြီးရင်တော့ သူဟာ ချီသာဝကအဆင့် ၃ ကိုရောက်ပါပြီ။

သချာတာက… စေ့စပ်ပွဲ ပျက်သွားပြီးနောက်မှာ ဒီကောင်လေးရဲ့ ကြီးစိုးလွှမ်းမိုးနိုင်တဲ့

အောင်ရာတွေဟာ ထိုးတက်လာခဲ့ပြီး...
မြစ်ဝါမြစ် ရေကြီးသလိုပဲ လုံးဝကို
တားဆီးလို့ မရနိုင်ခဲ့ပါဘူး။

ဒီလိုမျိုး ကျင့်ကြံမှု အမြန်နှုန်းဟာ
လင်းဖုန်းကို ဆွံ့အစွာနဲ့ ကောင်းကင်ကို
မော့ကြည့်စေခဲ့ပါတယ်...
"နည်းပြကြီး... ကျွန်တော်မျိုးလဲ
စေ့စပ်ပွဲ အဖျက်ခံရချင်ပါတယ်
ခင်ဗျာ..."

သူတင်မကပဲ... ယန့်မင်းရွှဲ့နဲ့
ရှောင်ပုတန်လေးတို့ဟာလည်း

ရှောင်ယန်ရဲ့ သိသာမြင်သာတဲ့
လေ့ကျင့်မှု အမြန်နှုန်းတို့ကြောင့်
အံ့အားသင့်နေခဲ့ကြပါတယ်။

သူမဟာ ရှောင်ယန်လေးရဲ့
ကြီးစိုးလွှမ်းမိုးနိုင်တဲ့ အော်ရာတွေကို
ခံစားမိလိုက်လို့လား မသိပဲ…
ယန့်မင်းရွှဲ့က သက်ပြင်းဖွဖွလေး
ချလိုက်ပါတယ်… "ဟင်း…
တာအိုရှောင်းရင်းလင်းက
အမြင်တော်တော် ကောင်းတာပဲရှင်…
မင်းရွှဲ့တောင်မှ အခု

နောင်တနည်းနည်း ရချင်သလို
ဖြစ်လာပြီရှင့်..."

လင်းဖုန်းကတော့ တဟားဟားနဲ့ပဲ
ရယ်လိုက်ပါတယ်... "ဟဲဟဲ...
တာအိုရောင်းရင်းယန့်ကလဲ
လာနောက်နေပြန်ပြီဗျာ..."
ပြီးတော့မှပဲ ရှောင်ယန်ကို ကြည့်ကာ
ပြောလိုက်ပါပြီ... "ကဲ... မင်းရဲ့
သူငယ်ချင်းလေးကို
သွားနှုတ်ဆက်ချေ... ငါတို့က
သွားရတော့မယ်ကွ..."

ရှောင်ယန်ကလဲ
ခေါင်းကိုညိတ်လိုက်ပါတယ်…
ဘေးမှာရှိတဲ့ ရှောင်ကျန်းအာလေး
အနားကို
လျှောက်သွားလိုက်တယ်လေ။
ကောင်မလေးရဲ့ မျက်ဝန်းအစုံမှာတော့
ချစ်ခြင်းမေတ္တာတွေနဲ့
ဝမ်းနည်းကြေကွဲမှုတွေဟာ ရိုပ်သန်းလို့
နေခဲ့ပြီလေ။

ရှောင်ကျန်းအာလေးဟာ ဘာကိုမှ
မပြောခဲ့ပါဘူး… သူမရဲ့ နူးညံ့ဖြူဖွေးတဲ့
လက်ကလေးတွေကို ဆန့်တန်းပြီး…

ခါတိုင်းလိုပဲ ရှောင်ယန်ရဲ့ အနည်းငယ် တွန့်ကြေနေတဲ့ အင်္ကျီစတွေကို သေချာစွာနဲ့ပဲ ပြန့်သွားအောင် လုပ်ပေးနေခဲ့ပါတယ်။

ကျန်းအာလေးဟာ လိမ္မာတဲ့ ဇနီးလေးတစ်ယောက်ရဲ့ ပုံစံမျိုးနဲ့ သူ့ရဲ့အင်္ကျီကို ဖြန့်ပေးနေတာကို တွေ့လိုက်ရတော့… ရှောင်ယန်ကလဲ အနည်းငယ် မငြိမ်မသက် ဖြစ်ကာသွားခဲ့ပြီလေ။ ငြိမ်သက်နေတဲ့ သူ့ရဲ့ အသက်ရှူသံဟာလည်း တဖြေးဖြေးနဲ့ပဲ ပြင်းလာခဲ့ပြီး…

ချစ်စိတ်ပြင်းပြမှု
အငွေ့အသက်တွေကလဲ သူ့ရဲ့
မျက်စိအစုံမှာ ပေါ်ကာလာခဲ့ပါပြီ။

မူလကတော့ ရှောင်ကျန်းအာလေးဟာ
ဝမ်းနည်းမှုတွေနဲ့ လွှမ်းခြုံနေခဲ့တာပါ…
ဒါပေမဲ့ ခေါင်းမော့လိုက်ပြီး
ရှောင်ယန်ရဲ့ အကြည့်တွေကို
သတိထားမိလိုက်တော့
မထိန်းနိုင်တော့ပဲ မျက်နှာလေးဟာ
နီရဲလို့ သွားပါတော့တယ်… "ဘာ…
ဘာကြည့်နေတာလဲ?"

ရှောင်ယန်ကလဲ
သတိပြန်ဝင်လာခဲ့ပါပြီ...
သူ့ရဲ့အရှေ့က နူးညံ့ရည်မွန်တဲ့
ကောင်မလေးကို ကြည့်လိုက်ပြီး
ဒီလူငယ်လေးရဲ့ အမူအယာဟာ
အလွန်ကိုပဲ လေးနက်ကာ
လာခဲ့ပြီလေ... "ကဲ... ကိုကို
ကျန်းအာလေးကို တွေ့ဖို့
သေချာပြန်လာပါ့မယ်..."

ရှောင်ကျန်းအာလေးရဲ့
မျက်ဝန်းထဲမှာလဲ အနည်းငယ်
စိုစွတ်ကာ လာခဲ့ပါပြီ... သူမက

ပြုံးပြီးတော့မှ ပြန်ပြောလိုက်တယ်...
"အင်း... ကိုကိုရှောင်ယန်
ပြန်လာပြီး... အရင်ကလိုမျိုး
ဂုဏ်ကျက်သရေတွေကို
ပြန်ယူလာတာကို ကြည့်ဖို့ ညီမလေး
စောင့်နေမယ်နော်..."

လင်းဖုန်းက ဘေးကနေပဲ
ရပ်ကြည့်နေခဲ့ပါတယ်... ဪ...
ငယ်ချစ်ဦး... အမွန်မြတ်ဆုံး
အသန့်စင်ဆုံးသော
မေတ္တာတရားတွေပါပဲလား။

သူက ဘေးမှာရှိနေတဲ့ ယန့်မင်းရွှဲ့ကို
ကြည့်လိုက်ပါပြီ... "ကဲ...
တာအိုရောင်းရင်းယန့်...
ကျုပ်တို့ဒီတင်ပဲ လမ်းခွဲကြပါစို့...
ခရီးလမ်း တစ်လျှောက်မှာ ခလုတ်မထိ
ဆူးမငြိစေဖို့ကို
ဆုတောင်းပေးလိုက်ပါတယ်ဗျာ..."

လက်ရှိအချိန်မှာတော့ ယန့်မင်းရွှဲ့ဟာ
ဝိညာဉ်ကျောက်ဆူး ဆေးလုံးကို
အသုံးပြုလို့ ပြီးသွားပါပြီ...
သူမရဲ့အော်ရာတွေကလဲ စုစည်းကာ
လာခဲ့ပြီး မြေပြင်ပေါ်မှာပဲ လှုပစွာ

မတ်တတ်ရပ်နေခဲ့ပါတယ်။ သူမဟာ လူအစစ် တစ်ယောက်နဲ့ မခြားတော့ပါဘူး။

လရောင်အလား သဏ္ဍာန်တူတဲ့ မျက်ဝန်းအစုံမှာလဲ ရှုပ်ထွေးတဲ့ အကြည့်တစ်ချက်ဟာ လက်ကနဲ ဖြစ်သွားခဲ့ပါတယ်။ ယန့်မင်းရှဲ့က အေးချမ်းစွာနဲ့ပဲ ပြုံးလိုက်ပါပြီ...
"ဟုတ်... တာအိုရောင်းရင်းလင်းလဲ ဂရုစိုက်ပါနော်..."

လင်းဖုန်းကလဲ
ခေါင်းညိတ်လိုက်ပါတယ်...
ရှောင်ယန်နဲ့ ရှောင်ပုတန်လေး
တို့ကိုခေါ်ပြီးတော့ ခရီးစလိုက်ပါပြီ။
နွေးထွေးတဲ့ အရုဏ်ဦး နေမင်းကို
မျက်နှာမူလိုက်ပြီး သူ့ရဲ့နောက်က
တပည့်လေး နှစ်ယောက်ကို
ကြည့်လိုက်ကာ... လင်းဖုန်းရဲ့
စိတ်ခံစားချက်တွေဟာလည်း တက်ကြွလို့
လာခဲ့ပါတော့တယ်... "ကဲ...
ဇူရီလေးရေ... ဆရာသခင်ကို
စောင့်ဦးဟ... ဆရာက အမြန်ဆုံး
လာနေပါပြီကွာ!"

****************

ဝူကျိုးမြို့နဲ့ မိုင်ထောင်ချီ ကွာဝေးတဲ့ နေရာတစ်ခုမှာ… ဝတ်ရုံနီ လူတစ်စုဟာ စုပြီးတော့ ရပ်နေကြပါတယ်… အကုန်လုံးကလဲ စိတ်ဓာတ်ကျနေတဲ့ မျက်နှာလေးတွေနဲ့ပါ။

"ဘန်း!"

ဝတ်ရုံနီ လူငယ်တစ်ယောက်ဟာ အရိုက်ခံရပြီး လွင့်ထွက်သွားပါတယ်…

ဘယ်သူမှသူ့ကို စာနာစိတ်တွေ
မရှိကြပါဘူး… သူအရိုက်ခံရတာကို
ကျေနပ်နေတဲ့ပုံတောင်
ပေါက်နေကြပါသေးတယ်။

ကျန်းနန်ဟာ စိတ်တိုနေတဲ့
အမူအရာမျိုး ရှိပေမယ့် ဘာကိုမှ
ပြန်မပြောရဲခဲ့ပါဘူး။
ဘာဖြစ်လို့လဲဆိုတော့ သူ့ကို
ရိုက်လိုက်တဲ့သူဟာ ရွှေရောင်ဗဟိုချက်
အဆင့်က ကျင့်ကြံသူဖြစ်တဲ့
အကြီးအကဲလီ ဖြစ်နေလို့ပါပဲ။

ဒီအချိန်မှာတော့ ဒီဆံနီအဘိုးကြီးဟာ အသက်ကိုတော့ ရှူနိုင်ခဲ့ပါပြီ... ဒါပေမဲ့လည်း ဒဏ်ရာတွေကတော့ ပြင်းထန်နေဆဲပါပဲ။ ဒီလိုမျိုး နည်းနည်းလေး လှုပ်လိုက်ရတာကိုပဲ အသက်ရှူမြန်လို့ နေခဲ့တယ်လေ။

သူက ကျန်းနန်ကို စိတ်ဆိုးစွာနဲ့ပဲ ပြောလိုက်တယ်... "အင်း... ငါကမင်းကို ရိုက်ရတာဟာ မင်းက ဟိုပါရမီရှင် ကောင်လေးကို အကြံပြု ထောက်ခံပေးလို့ မဟုတ်ဘူးကွ... မင်းက သူများရဲ့ နောက်ခံ

အသိုင်းအဝိုင်းကို ကောင်းကောင်း
မဖတ်တတ်လို့ဟာ... နားလည်ရဲ့လား?"

အခြေခံ အုတ်မြစ်အဆင့် ကျင့်ကြံသူ
တစ်ယောက်က အနည်းငယ် ချီတုံချတုံ
ဖြစ်ပြီးနောက်မှာ မေးလိုက်တယ်...
"သိုင်းဦးလေးခင်ဗျာ...
ကျွန်တော်တို့က ဘာများဆက်ပြီး..."

အကြီးအကဲလီရဲ့ မျက်လုံးထဲမှာ
ကြောက်ရွံ့မှု အငွေ့အသက်တွေ
အနည်းငယ် လက်သွားခဲ့ပါတယ်...
ပြီးတာနဲ့ ဒေါသတွေနဲ့ ပြန်လည်ကာ

ဖုံးလွှမ်းလို့ သွားခဲ့ပြီလေ... "ဟွန့်... ငါတို့က ဒီအတိုင်း နေလို့တော့ ဘယ်ရပါ့မလဲ... နို့မို့ဆိုရင် ငါတို့ရဲ့ မီးလျှံဓားဂိုဏ်းက ဘယ်လိုလုပ်ဆက်ပြီး ရပ်တည်နိုင်မှာလဲကွ? ငါတို့က လက်စားကိုတော့ ပြန်ပြီးတော့ ချေရမယ်ဟေ!"

"အိုး? မင်းတို့ဂိုဏ်းက ဘာရန်ငြိုးများ ရှိနေတာလဲ... နည်းနည်းလောက် ပြောပြပါလားဟ? ငါတို့ ကောင်းကင်ကိုးလွှာ ဓားမဟာမိတ်

အဖွဲ့က တသားထဲပဲလေ။ ငါက
အကူအညီလေး နည်းနည်းလောက်
ပေးရတာ အရေးမကြီးပါဘူးကွ...."

ရယ်သံလေး တစ်သံဟာ လေထဲမှာ
ပျံ့လွင့်ကာ လာခဲ့ပါတယ်။
မီးလျှံခေးဂိုဏ်းက ကျင့်ကြံသူ
တစ်အုပ်စုရဲ့ မျက်နှာတွေဟာလည်း
အရောင်ပြောင်းလဲ သွားကြပါပြီ။
တစ်ဖက်သားက လက်တစ်ကမ်း
အကွာမှာ ရောက်နေပေမယ့် သူတို့က
ဘာကိုမှ သတိမထားမိဘူးလေ။

အကြီးအကဲလီက ချက်ချင်းပဲ ခေါင်းကို လှည့်ကြည့်လိုက်ပါတယ်။ သူ့ရဲ့ မြင်ကွင်းထဲကို ဝင်လာတာကတော့ အဖြူရောင် သတ်မှတ်ဝတ်စုံကို ဝတ်ထားပြီး အစိမ်းရောင် ဝါးဦးထုပ်ကို ဆောင်းထားတဲ့

လူရွယ်တစ်ယောက်ပါ။ သူက အေးအေးဆေးဆေးပဲ ရယ်မောလို့ နေခဲ့ပေမယ့် သူ့ရဲ့ လုံးဝကို ဖုံးကွယ်မထားတဲ့ မှော်စွမ်းအင် လှုပ်ရှားမှုတွေကို ကြည့်ပြီးတော့… သူဟာ ရွှေရောင်ဗဟိုချက် အဆင့်က ကျင့်ကြံသူတစ်ယောက် ဆိုတာကို သိနိုင်ပါတယ်။

ဒီလူရွယ်ရဲ့ အမူအယာဟာ သဘာဝ
အတိုင်းပါပဲ။ အကြီးအကဲလီက
အခုဒဏ်ရာ အပြင်းအထန်
ရထားတာကို မပြောနဲ့…
တကယ်လို့များ ဒီဘဲအိုကြီးဟာ
အကောင်းဆုံး အခြေအနေမှာ
ရှိနေရင်လဲ သူက ဂရုစိုက်မှာ
မဟုတ်ပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ခေါင်းက
ပိုပြီးတော့ အစွမ်းထက်လို့ပါပဲ။

သူ့ရဲ့ အဆွဲဆောင်နိုင်ဆုံး
အစိတ်အပိုင်းကတော့ သူ့ရဲ့ခါးမှာ
ချိတ်ဆွဲထားတဲ့ဓားပါ… ဓားအိမ်မှာ
တည်ကြည်ငြိမ်သက်ပြီး
ရှေးဟောင်းကျလှတဲ့
ရှုခင်းပန်းချီကားပုံကို
ထွင်းထုထားတယ်လေ။

ဒါကတော့ ဓားပညာမှာ
မြင့်မြတ်နယ်မြေဖြစ်တဲ့
စူတောင်ဓားဂိုဏ်းရဲ့ သင်္ကေတပဲ
ဖြစ်ပါတော့တယ်!

## စာစဥ် ၂ : အပိုင်း ၁၀

## အပိုင်း ၃၀ : အမတ်ရဲ့ ပြဿနာကောင်သား... အမှန်တရားကို မြတ်နိုးသူ

ဒီမူလကောင်းကင် ကမ္ဘာကြီးဟာ အမတန်ကိုမှပဲ ကျယ်ပြန့်လှပါတယ်။ လင်းဖုန်းဟာ နည်းလမ်းပေါင်းစုံကို အသုံးပြုခဲ့ပေမယ့် အချိန်သုံးလတောင် ကုန်သွားခဲ့တယ်လေ... ရှည်လျားပြီး ခက်ခဲကြမ်းတမ်းတဲ့ ခရီးကို

ဖြတ်ကျော်လို့ အပြီးမှာတော့ သူတို့ဟာ
မဟာကျိုး အင်ပါယာရဲ့
မင်းနေပြည်တော်... ထျန်းကျင်းကို
နောက်ဆုံးမှာ ရောက်ရှိလို့ လာခဲ့ပါပြီ။

ဒီအချိန်မှာတော့ လင်းဖုန်းက
သူ့ရဲ့အဆင့်တွေဟာ အမတန်ကိုမှပဲ
နိမ့်ကျနေတယ် ဆိုတာကို
ရိုးသားစွာနဲ့ပဲ ခံစားမိခဲ့ပါတယ်... သူ့ရဲ့
တန်ဖိုးရှိလှတဲ့ အချိန်တွေဟာ
ခရီးသွားရင်းနဲ့ပဲ
ကုန်ဆုံးသွားခဲ့တယ်လေ။

ဒီကမ္ဘာမှာ... တခဏလေးနဲ့
မိုင်တစ်ထောင်
သွားနိုင်တယ်ဆိုတာဟာ အဆင့်မြင့်
ကျင့်ကြံသူတွေ အဖို့တော့
အသေးအဖွဲလေးပါ။

ဒါပေမဲ့လည်း... သူ့ရဲ့
တပည့်နှစ်ယောက် ပါလာတော့
တစ်မျိုးတစ်ဘာသာ
ဖြစ်သွားတာပေါ့...
စကားလှလှလေးကို သုံးရရင်

သူ့ရဲ့တပည့်နှစ်ယောက်ကို
အတွေ့အကြုံရအောင်
လေ့ကျင့်ပေးတာပါ။

လင်းဖုန်းကလဲ ဒီသုံးလကို အလဟဿ
အဖြစ်မခံခဲ့ပါဘူး...
ခရီးသွားချိန်ကလွဲလို့ သူဟာ
ဖိဖိစီးစီးနဲ့ပဲ အားထုတ်ခဲ့ပါတယ်။

မီးလျှံဓားဂိုဏ်းက အကြီးအကဲလီနဲ့
တိုက်ခိုက်ပြီးနောက်မှာ...
လင်းဖုန်းဟာ အန္တရာယ်ရဲ့

အငွေ့အသက်တွေကို
ကောင်းကောင်းကြီး ခံစားမိတယ်လေ။
သူ့ရဲ့လက်ရှိ အခြေအနေနဲ့ဆိုရင်
ရွှေရောင်ဗဟိုချက် အဆင့်က
ကျင့်ကြံသူတွေဟာ ရောမ
ပုဂ္ဂိုလ်ကြီးတွေပါ… သူတို့ရဲ့
ခြေသလုံးမွေး တစ်ချောင်းဟာ
သူ့ရဲ့ခါးထက်ကို ပိုပြီးတော့
တုတ်တယ်လေ။

အရင် တစ်ခေါက်တုံးက သူဟာ
တောက်တီလေးကို အသုံးချပြီး

အကြီးအကဲလီကို တွန်းလှန်ခဲ့တာပါ…
ဒါ့ကြောင့်လဲ ဆရာကြီးအဖြစ်
အောင်မြင်စွာနဲ့
ဟန်ဆောင်နိုင်ခဲ့တာပေါ့။ ဒါပေမဲ့
ဒါကလဲ သူ့ရဲ့ ကျွမ်းကျင်စွာနဲ့
ကြိုးကိုင်ခြယ်လှယ်
နိုင်မှုကြောင့်လေ… အရာရာတိုင်းဟာ
သူ့အလိုအတိုင်း ဖြစ်လာလို့
အောင်မြင်ခဲ့တာပါ။

ဒါပေမဲ့လည်း အကြီးအကဲလီရဲ့
တိုက်ခိုက်မှု အပြီးမှာတော့

တောက်တီမလေးဟာ အလွန်ကိုမှပဲ
အားနည်းသွားခဲ့ပါပြီ။
ဒီကောင်မလေးရဲ့ ကိုယ်ပိုင်စကား
အရဆိုရင် "သုံးနှစ်အလွန်က ရထားတဲ့
ဒဏ်ရာတွေထက်တောင် ပိုပြီးတော့
ပြင်းထန်ပါသေးတယ်" အခုအချိန်မှာ
ဒီတောက်တီမလေးကို သုံးပြီးတော့
ရွှေရောင်ဗဟိုချက် အဆင့်က
ကျင့်ကြံသူ တစ်ယောက်ရဲ့
တိုက်ခိုက်မှုကို ရင်ဆိုင်မယ်
ဆိုရင်တော့ အိမ်မက်တစ်ခုသာ
ဖြစ်သွားပါလိမ့်မယ်။

တောက်တီမလေးသာ မရှိရင်...
ရွှေရောင် ဗဟိုချက်အဆင့်က
ကျင့်ကြံသူမျိုးကို မဆိုထားနဲ့...
အခြေခံအုတ်မြစ် အဆင့်က ကျင့်ကြံသူ
တွေကတောင် လင်းဖုန်းကို
ဖနောင့်နဲ့တင်ပါး တသားထဲကျအောင်
ပြေးစေနိုင်ဖို့အတွက်
လုံလောက်နေခဲ့ပါပြီ။ တကယ်လို့များ
သူတို့ကို ခြံုခိုတိုက်ခိုက်ရာမှာ
မအောင်မြင်ခဲ့ဘူးဆိုရင်တော့ သူက

ထိပ်တိုက်ရင်ဆိုင်ရာမှာ အောင်မြင်ဖို့
အခွင့်အရေး လုံးဝမရှိပါဘူး။

ဒါ့ကြောင့် အခုအချိန်မှာ
ခရီးသွားခြင်းက လွဲလို့...
ကျန်တဲ့အချိန်တိုင်းကို လင်းဖုန်းဟာ
ကျင့်ကြံမှုထဲမှာပဲ
နှစ်မြှုပ်ထားခဲ့ပါတယ်။ သူ့ရဲ့အဆင့်ကို
အမြန်ဆုံး မြှင့်တင်နိုင်ဖို့အတွက်
သူဟာ ကောင်းကင်မိုးကြိုး
လမင်းကျောက်စိမ်းထဲက
မိုးကြိုးစွမ်းအင် တစ်စိတ်တစ်ပိုင်းကို

ဝန်လေးစွာနဲ့ပဲ
စုပ်ယူလိုက်ရပါတော့တယ်။

ဒီအချိန်မှာတော့ ကောင်းကင်မိုးကြိုး
လမင်းကျောက်စိမ်းထဲမှာ
စိတ်ဝိညာဉ်တွေ အနည်းငယ်သာ
ကျန်ပါတော့တယ်။ တကယ်လို့များ
သူက မြောက်ပိုင်းအရဏ်ဦးခေါ်းကို
အသုံးပြုပြီး မြောက်ပိုင်းအရဏ်ဦး
လျှို့ဝှက်အလင်းတန်းကို
ထုတ်လွှတ်မယ် ဆိုရင်တော့

နှစ်ခါအတွက်သာ
လုံလောက်ပါတော့တယ်။

ကြိုးစားမှု ရှိရင်တော့
အသီးအပွင့်တွေကို အမြဲတမ်း
ခံစားရတာပါပဲ… လမ်းခရီးမှာ
လင်းဖုန်းဟာ ချီသာဝက အဆင့် ၉ ကို
တက်လှမ်းနိုင်ခဲ့ပြီး သူတို့က
ကျိုးအင်ပါယာရဲ့ မင်းနေပြည်တော်
ထျန်းကျင်းမြို့ကို
ရောက်တဲ့အချိန်ကျတော့…
လင်းဖုန်းဟာ နောက်တစ်ဆင့်

ထပ်တက်ပြီး ၁၂ဆင့် အနက်က
နံပါတ်၁၀ သွေးကြောဆုံမှတ်ကို
ဖွင့်လှစ်လိုက်ပြီး... ချီသာ၀ကအဆင့်
၁၀ ကို အောင်မြင်စွာနဲ့ပဲ
တက်လှမ်းနိုင်ခဲ့ပြီလေ။

လင်းဖုန်းကလဲ သူ့ရဲ့ ကျင့်ကြံမှု
အမြန်နှုန်းကို အားရကျေနပ်
နေခဲ့ပါတယ်။ မျက်နှာသစ်
လက်ဆောင်ဟာ သူ့ကို ချီသာ၀က
အဆင့် ၄ အထိ တိုက်ရိုက်ခုန်တင်
ပေးလိုက်ပေမယ့်... နှစ်တစ်၀က်

အချိန်နဲ့ ချီသာဝက အဆင့် ၁၀ ကို
တက်လှမ်းနိုင်ခဲ့တာဟာ
ဒီမူလကောင်းကင်
ကမ္ဘာတစ်ခုလုံးမှာတောင်
အံ့အားသင့်ဖွယ်ရာ စွမ်းဆောင်မှု
တစ်ခုပဲလေ။

ဒါပေမဲ့လည်း... သူ့ရဲ့ ပါရမီရှင်
တပည့်လေး နှစ်ယောက်နဲ့
ယှဉ်လိုက်ရင်တော့
လင်းဖုန်းရဲ့ဖိအားတွေဟာ ကြီးမားလို့
နေသေးတယ်လေ။

ရှောင်ပုတန်လေးဟာလည်း
ဥာဏ်အရမ်း ကောင်းပါတယ်...
ချီသာဝက အဆင့် ၄ ကနေ ချီသာဝက
အဆင့် ၇ အထိကို
တက်လှမ်းနိုင်ခဲ့ပြီလေ။ သူလေးဟာ
အသက် ၄ နှစ်ပြည့်ဖို့
၁လကြီးများတောင် လိုပါသေးတယ်။

အသက် ၄ နှစ်နဲ့ ချီသာဝက အဆင့် ၇
ကို ရောက်နေပြီ... အတိတ်နဲ့
ယခုလက်ရှိ ကျင့်ကြံသူ

အများအပြားတို့ဟာ
ရှက်ကိုးရှက်ကန်းဖြစ်ပြီး
သေဖို့တောင်မှ
လုံလောက်နေခဲ့ပါတယ်။

ရှောင်ယန် အနေနဲ့ကတော့… သူကလဲ
တောက်ပလာဖို့ အသင့်ပါပဲ။
အတိတ်ကသူဟာ ချီသာဝကအဆင့်
၁၂ က မဟာစက်ဝိုင်း
ပြည့်စုံခြင်းအဆင့် အထိကို
ရောက်ခဲ့တာလေ။ အစကနေပြန်ပြီး
လေ့ကျင့်ရတာက သူ့အတွက်တော့

ရင်းနှီးကျွမ်းဝင်ပြီးသား ခံစားချက်တွေ
ရှိနေခဲ့ပါတယ်။

လင်းဖုန်းပြောခဲ့တဲ့ အတိုင်းပါပဲ…
ခိုင်မာတဲ့ အခြေခံ အုတ်မြစ်နဲ့ဆိုရင်
ပြန်စတဲ့အခါမှာ
တစ်ဆို့ကြန့်ကြာနေတဲ့ အဆင့်တွေဟာ
လျော့သွားမှာပါ။
တခြားလူတွေအတွက်
ပိတ်ဆို့တားဆီးနေတဲ့ အဆင့်
အတားအဆီးတွေဟာ ရှောင်ယန်လေး

အတွက်တော့ ငှက်ပျောသီးကို
အခွံနွှာစားရသလိုပါပဲ။

သူတို့က ထျန်းကျင်းမြို့ကို
ရောက်သွားတဲ့ အချိန်မှာပဲ
ရှောင်ယန်လေးဟာ ချီသာဝက အဆင့်
၆ ကို ရောက်ရှိလို့ သွားခဲ့ပါပြီ။ သူ့ရဲ့
ကြောက်မက်ဖွယ် ကျင့်ကြံမှု
အမြန်နှုန်းကလဲ
ရှောင်ပုတန်လေးထက်ကို
နောက်မကျနေခဲ့ပါဘူး။

အခုလက်ရှိ ရှောင်ယန်ဟာ
စိတ်ဓာတ်တွေ မြင့်မားနေပြီး
တက်ကြွစွာနဲ့ ကြိုးစားနေခဲ့ပါတယ်…
အေးစက်ပြီး စိတ်ဓာတ်ကျနေတဲ့
အော်ရာတွေဟာ အတိတ်မှာ
ကျန်ခဲ့ပြီလေ။

ဒီဝတ်ရုံနက် လူငယ်လေးကို
စိတ်သောက ရောက်စေတဲ့ အချက်ဟာ
လင်းဖုန်းက ဘဝကြီးကို
ခံစားပျော်ရွှင်နေတဲ့ အချိန်မှာ
နို့တိုက်ဖခင်ရဲ့ တာဝန်ဟာ သူ့ရဲ့ပုခုံး

အပေါ်ကို ရောက်လာခဲ့တာပဲ
ဖြစ်ပါတယ်။

ထျန်းကျင်းမြို့ထဲကို
ဝင်ပြီးတဲ့နောက်မှာတော့…
လင်းဖုန်းဟာ စည်ကားလှတဲ့
ရှုခင်းတွေကို ကြည့်ရှုခံစားဖို့
မရပ်နားခဲ့ပါဘူး… သူ့ရဲ့ ရည်မှန်းချက်
ပန်းတိုင်ဖြစ်တဲ့… ရွှမ်ကျိအမတ်
ဂေဟာကို တိုက်ရိုက်ပဲ
ဦးတည်လိုက်ပါတော့တယ်။

ရွှမ်ကျိုအမတ် ဂေဟာက
ထျန်းကျင်းမြို့ရဲ့ အရှေ့တောင်ဖက်မှာ
ရှိပါတယ်… ကျယ်ပြန့်တဲ့ မြေပြင်
အနေအထားပေါ်မှာ ကေ
၁၀၀လောက်ကို
လွှမ်းခြုံထားတယ်လေ။ အနီရောင်
ဖိတ်ဖိတ်တောက်နေတဲ့
ဂိတ်ပေါက်ဝကြီးတွေရဲ့
အပြင်ဖက်မှာက
လူသုံးရပ်စာလောက်ရှိတဲ့ ကိန္နရီ-
ကိန္နရာ မောင်နှံ
ကျောက်တုံးရုပ်ထုကြီးတွေဟာ

ရှိနေပါတယ်... ခမ်းနားကြီးကျယ်ပြီး
ရင်သပ်ရှုမောဖွယ်ရာ
ကောင်းလှတယ်လေ။

အိမ်အပြင်မှာတော့ သတိအပြည့်နဲ့..
အပတိတ်အဟန့် ကောင်းလှတဲ့ မိသားစု
အစေခံတွေဟာ စီတန်းပြီးတော့
ရပ်နေပါတယ်။ အခြားမိသားစုတွေက
တာဝန်ချိန်မှာ လေပေါ်နေကြပြီး
ရေသာခိုဖို့လောက်သာ
ချောင်းနေကြတဲ့ အစေခံတွေနဲ့
မတူပဲ... ဒီမိသားစု အစေခံတွေဟာ

တစ်ယောက်နဲ့တစ်ယောက်
အဆက်အသွယ်တွေ မလုပ်ကြပဲ…
အကုန်လုံးဟာ အိမ်ရှေ့ကို
ဖြတ်သွားတဲ့ လူတိုင်းကို စူးရှစွာနဲ့
သတိရှိစွာ
သေချာစောင့်ကြည့်နေကြပါတယ်။

လင်းဖုန်းကို ပိုပြီးတော့
မျက်မှောင်ကြုတ်စေခဲ့တာက
ဒီမိသားစု အစေခံတွေ အားလုံးဟာ
သေချာစွာ လေ့ကျင့်ထားတဲ့
ကျင့်ကြံသူတွေပဲ ဖြစ်ကြတာပါ…

အညှံ့ဆုံးလူ တောင်မှပဲ ချီသာဝက
အဆင့် ဖြမှာ ရှိတယ်လေ။

ကျင့်ကြံသူတွေဟာ တကယ်ကိုပဲ
တခြားလူအတွက် အပေါက်စောင့်
လုပ်ပေးနေကြတာပါ... ပြီးတော့လဲ
သူတို့က စိတ်မလုံမလဲ
လဲဖြစ်မနေကြပါဘူး... သူတို့ရဲ့
အလုပ်အပေါ်ကို
ထားတဲ့သဘောထားက ပိုလို့တောင်
လေးနက်နေပါသေးတယ်။ သူတို့က
ဒါကို သူတို့ကို သိက္ခာကျစေတဲ့

အလုပ်လို့ သဘောမထားတာ
သေချာနေပါတယ်။

ကျိုးအင်ပါယာရဲ့ မဟာသုခမိန်…
ရှမ်ကျိအမတ် ဇူဟုန်ဝူရဲ့ စွမ်းအားနဲ့
အဆင့်အတန်းကို ဒီလိုမျိုး
အချက်အလက် အသေးစိတ်ကနေအစ
တွေ့မြင်နိုင်ပါတယ်။

တချို့တွေရဲ့ ပြောစကားအရ ဇူဟုန်ဝူ
ကိုယ်နှိုက်ကိုကလဲ အရမ်းကို
အဆင့်မြင့်တဲ့ ထိပ်သီးကျင့်ကြံသူ

တစ်ယောက်ပါ... သူ့ရဲ့ စွမ်းပကားနဲ့ ကမ္ဘာကြီးကို စိုးမိုးခြယ်လှယ် ထားတာပါ။ အတိတ်တုံးက မဟာမိုးကြိုး ကျောင်းတော်ကို ဝိုင်းတိုက်စဉ်က သူဟာ ရှေ့ဆုံးကနေ ပါဝင်တိုက်ခိုက်ခဲ့ပြီး ဗုဒ္ဓဝါဒကို နှိမ်နှင်းတဲ့ အဓိက အင်အားစုတစ်ခု ဖြစ်ခဲ့ပါတယ်။

"အင်း... ဒီကနေ့ ကြည့်ရတာကတော့ ကောလဟာလတွေဟာ မှားတဲ့ပုံ မရဘူးဟ..." လင်းဖုန်းကတော့

မျက်မှောင်ကြီးကို ကြုတ်လိုက်ပါပြီ။
ဒီပုံစံအတိုင်းဆိုရင် ဇူရီလေးကို
သူ့ရဲ့တပည့်အဖြစ် သိမ်းသွင်းဖို့က
ပိုပိုပြီးတော့ ခက်လာခဲ့ပြီလေ။

သူက ဇူရီဟာ ဘယ်နေရာမှာ နေသလဲ
ဆိုတာကိုတောင် မသိဘူးလေ…
အိမ်အထဲကို ဝင်ဖို့ကလဲ လွယ်မယ်
မထင်ပါဘူး။ တကယ်လို့သူက
လူကိုတောင်မှ မမြင်ရရင်
ဘယ်လိုလုပ်ပြီးတော့
သိမ်းသွင်းရမှာလဲ?

ပထမဦးစွာ ရှောင်ယန်နဲ့
ရှောင်ပုတန်လေးတို့ကို
နေရာချပေးလိုက်ပြီး
နောက်မှာတော့... လင်းဖုန်းဟာ
သူကိုယ်တိုင်ပဲ ရွှမ်ကျိအမတ် ဂေဟာရဲ့
အနီးအနားမှာ လမ်းသလား
နေခဲ့ပါတယ်။

စိတ်ပူနေလို့လဲ
အကျိုးမရှိနိုင်တဲ့အတွက် လင်းဖုန်းဟာ
အသာလေးပဲ စိတ်ကို

လျှော့ထားလိုက်ပါတယ်...
အမတ်ဂေဟာ အနားက
လက်ဖက်ရည်ဆိုင် တစ်ဆိုင်ကို
ရှာလိုက်ပြီး လက်ဖက်ရည်ကြမ်း
တစ်အိုးကို မှာသောက်လိုက်ပါပြီ။
အဝေးကနေပဲ အမတ်ဂေဟာကို
လှမ်းကြည့်လိုက်ပြီး သူ့ရဲ့ ရင်ထဲကနေ
သေချာစွာနဲ့ပဲ အကြံထုတ်လို့
နေခဲ့ပြီလေ။

စားပွဲထိုးလေးဟာ
လက်ဖက်ရည်ကြမ်းအိုးကို

လာချလိုက်ပါတယ်... သူ့ရဲ့
မျက်လုံးအစုံဟာ လင်းဖုန်းရဲ့
အစွန်းအထင်း မရှိတဲ့ တာအိုဆရာ
ဝတ်စုံအပေါ်ကို ကျရောက်သွားပြီး
နောက်မှာတော့ မျက်နှာလေးဟာ
ပြုံးရွှင်လာခဲ့တယ်လေ... "ဟဲဟဲ...
တကယ်လို့များ အာစရိဟာ
ခမ်းနားကြီးကျယ်တဲ့ ပုဂ္ဂိုလ်တွေ
အကြောင်းကို ပြောမယ်ဆိုရင်...
လူတွေက ဒီလူကို အသိပညာ
ကြွယ်မင်းနတ်ဘုရား ဝင်စားတဲ့သူလို့
ပြောကြတယ်... ဒါမှမဟုတ် စစ်ပွဲ

ကြွယ်မင်းနတ်ဘုရား ဝင်စားတဲ့သူလို့
ပြောကြတယ်ဗျ။ ဒါပေမဲ့လည်း
ကျွန်တော့်ကို မေးရင်တော့ သူတို့ဟာ
ရွှမ်ကျိုအမတ်ကို မယှဉ်နိုင်ဘူးလို့ပဲ
ပြောရမှာပဲဗျာ..."

"ဒီရွှမ်ကျိုအမတ်ဟာ ကြီးကျယ်တဲ့
ဘွဲ့ထူးဂုဏ်ထူးတွေကို ရထားရုံတင်
မကဘူး... သူက နန်းတွင်းထဲမှာလဲ
အမြင့်ဆုံး ရာထူးဖြစ်တဲ့ အမတ်ချုပ်
ရာထူးကိုလည်း ရထားတယ်လေ...
သူဟာ မင်းသားလေးရဲ့ ဆရာလဲ

ဖြစ်သေးတယ်။ သူက
ကလောင်သွားရော ဓားသွားပါ
ထက်တယ်ဗျ... ကမ္ဘာအနှံ့မှာလဲ
ဘာသာရေး စစ်ပွဲတွေ ဆင်နွဲပြီး...
ရန်သူဗိုလ်ချုပ်တွေကို ခေါင်းဖြတ်ပြီး
သူ့တို့တတွေရဲ့ အလံကို ပန်းခြံထဲမှာ
လမ်းလျှောက်သလိုမျိုးပဲ
သိမ်းပိုက်လိုက်တာဗျာ..."
စားပွဲထိုးလေးရဲ့
တံတွေးတွေဟာလည်း နေရာအနှံ့ကို
ပျံ့လွင့်လို့ သွားပါတော့တယ်...
"အသက် ၂၂နှစ်မှာပဲ စစ်ရေးဆိုင်ရာ

အောင်မြင်မှုတွေကို ရပြီးတဲ့နောက်မှာ
သူက စစ်တပ်ကနေ ထွက်ပြီးတော့...
ကလောင်ဘက်ကို
လိုင်းပြောင်းလိုက်တယ်လေ...
အရပ်ဘက် စာပေးပွဲမှာလဲ တတိယ
ချိတ်တယ်ဗျ။ ဒီလို လူမျိုးမှပဲ လက်မ
အကြီးကြီးထောင်ဖို့ကို
ထိုက်တန်တာလေဗျာ!"

သူ့ရဲ့ မျက်နှာအရှေ့က စားပွဲထိုးလေးရဲ့
လက်မကို ကြည့်လိုက်ပြီး လင်းဖုန်းက
ဖွဖွလေးပဲ ပြုံးလိုက်ပါတယ်... သူ့ရဲ့

ရှီးလုံးတွေကို တချက်တချက်
နားထောင်ရင်း... သူ့ရဲ့ မျက်စိအစုံဟာ
ရွှမ်ကျိုအမတ် ဂေဟာရဲ့ အရှေ့ကို
စိုက်ကြည့်ကာ နေခဲ့တယ်လေ။

"ပစ်မှတ်ကို ရှာဖွေတွေ့ရှိပါပြီ... သင့်ရဲ့
တိုက်ရိုက်တပည့်ဖြစ်ရန်
သင့်တော်ပါတယ်..."

လင်းဖုန်းက လက်ဖက်ရည်ကြမ်း
သောက်နေဆဲမှာပဲ စနစ်ကြီးရဲ့
အကြောင်းကြားချက်ဟာ

ရုတ်တရက်ပဲ ပေါ်ထွက်လို့
လာခဲ့ပါတယ်… သူ့ရဲ့ ပါးစပ်ထဲက
လက်ဖက်ရည်ကြမ်းတွေဟာ
စားပွဲထိုးလေးရဲ့ မျက်နှာကို
စင်သွားလုနီးနီးပါပဲ။

လက်ဖက်ရည်ခွက်ကို ချထားလိုက်ပြီး
နောက်မှာတော့ လင်းဖုန်းဟာ
လမ်းပေါ်က လူတွေရဲ့ အကြားကို
လိုက်ရှာလိုက်ပါပြီ…
နောက်ဆုံးမှာတော့ ဝတ်ရုံစိမ်း
လူငယ်တစ်ယောက်ကို

တွေ့လိုက်ရပြီလေ။ စနစ်ကြီးရဲ့
အကြောင်းကြားချက်ကလဲ သူဟာ
ပစ်မှတ်ဖြစ်ကြောင်းကို အမှားမရှိပဲ
ပြောနေပါတယ်။

အသေအချာ ကြည့်လိုက်အပြီးမှာ…
ဒီဝတ်ရုံစိမ်း လူငယ်ဟာ အသက်
၁၅..၁၆နှစ် လောက်ရှိပြီး ချောမောတဲ့
မျက်နှာရှိကာ အနည်းငယ် ပိန်ပါးတဲ့
ခန္ဓာကိုယ် ရှိတာကို
တွေ့လိုက်ရတယ်လေ။

သူ့ကိုကြည့်ရတာ ချည့်နဲ့တဲ့

ကျောင်းတော်သားနဲ့ တူပါတယ်...

ဒါပေမဲ့လည်း သူ့ရဲ့

မျက်ခုံးတွေကြားမှာ

အံ့ဩဖွယ်ကောင်းတဲ့ အမှန်တရားကို

မြတ်နိုးမှုတွေကို မှိန်မှိန်လေး

တွေ့နိုင်တယ်လေ... သူ့ရဲ့

အကြည့်တွေဟာ နွေးထွေးနူးညံ့သလို

တည်ကြည်တဲ့ သမာဓိ တွေကိုလဲ

ပိုင်ဆိုင်ထားပါသေးတယ်...

ဒုက္ခပေးတတ်တဲ့ သူတွေတောင်မှပဲ

သူ့ကို တိုက်ခိုက်ရဲမှာ မဟုတ်ဘူးလေ။

စနစ်ကြီးရဲ့ အသံဟာ လင်းဖုန်းရဲ့ နားထဲမှာ အောင်မြင်ကာ နေခဲ့ပါပြီ... "ပင်ကိုစွမ်းရည်စနစ်ဟာ အချက်အလက်တွေကို စုစည်းလို့ ပြီးပါပြီ... ပစ်မှတ် အမှတ်လေးရဲ့ အချက်အလက်များဟာ အောက်ပါအတိုင်းပဲ ဖြစ်ပါတယ်..."

"အရိုးအရင်းမြစ် -> ၇...
သဘောပေါက် နားလည်နိုင်စွမ်း ->

၈... စိတ်စွမ်းအား -> ၉...
ကောင်းချီးမင်္ဂလာ -> ၁၀..."

"သုံးသပ်ချက် : ပစ်မှတ်ရဲ့
ပင်ကိုစွမ်းရည်ဟာ အလွန်ပဲ
မြင့်မားပါတယ်... တပည့်အဖြစ်
လက်ခံရန် ထောက်ခံပါတယ်...
သေသေချာချာ လမ်းညွှန်မှုပေးပါ...
ဂိုဏ်းရဲ့ထောက်တိုင် သေချာပေါက်
ဖြစ်လာပါလိမ့်မယ်..."

လင်းဖုန်းဟာ တခြားဘာကိုမှ
မတွေ့တော့ပါဘူး... သူ့ရဲ့
မျက်လုံးတွေဟာ ကောင်းချီးမင်္ဂလာရဲ့
အနောက်က "၁၀" ဆိုတဲ့ နီရဲနေတဲ့
ဂဏန်းရဲ့ အပေါ်ကနေ
မခွာတော့ပါဘူး။

ရှောင်ပုတန်လေးပြီးတော့ သူဟာ
ပင်ကိုအရည်အသွေး တစ်ခုမှာ
အမှတ်ပြည့်ရတဲ့ ဒုတိယ
တစ်ယောက်ကို နောက်ဆုံးမှာတော့
တွေ့လိုက်ရပြီလေ။

ကောင်းချီးမင်္ဂလာဆိုတာက
တစ်ယောက်ရဲ့ ကြမ္မာပါ…
ကောင်းချီးမင်္ဂလာဆိုတာ
တစ်ယောက်ရဲ့ ကမ္မတရားပါ…
အခြေခံအားဖြင့် ကံပါပဲ။

ဒါကဘာကို ဆိုလိုတာလဲဆိုတော့
တကယ်လို့သူဟာ ဖြုတ်စဖျင်းတောင်း
တစ်ခုကို ကောက်ယူလိုက်မယ် ဆိုရင်
အဲ့ဒါက ရှေးဟောင်း ဂမ္ဘီရပစ္စည်းတစ်ခု
ဖြစ်နေနိုင်တယ်…

တကယ်လို့များသူဟာ စာအုပ်ဟောင်း
တစ်အုပ်ကို
ကောက်ကိုင်လိုက်မယ်ဆိုရင်
အဲ့ဒီအထဲမှာ အဖိုးမဖြတ်နိုင်တဲ့
နည်းစနစ် တစ်ခုကို
ဖွက်ထားနိုင်တယ်...
တကယ်လို့သူဟာ ရင်ဆိုင်ရန်ခက်ခဲပြီး
အားကောင်းတဲ့ ပြိုင်ဖက်နဲ့
ရင်ဆိုင်ရရင်တောင်မှပဲ စိတ်ပူနေစရာ
မလိုဘူးလေ... သူဟာ သူ့ကို
ရတနာတွေ.. အတွေ့အကြုံတွေကို
လာပေးတဲ့ ပို့ဆောင်ရေး

အရာရှိတစ်ယောက်
ဖြစ်နေနိုင်တယ်လေ။
ကောင်းချီးမင်္ဂလာ အမှတ်၁၀...
တကယ်လို့များ ဒီကောင်လေးဟာ
အိမ်သာတက်ဖို့
တောထိုင်လိုက်ရင်တောင်မှပဲ သူက
နတ်ဆေးပင် တစ်ခုနဲ့
ခလုတ်တိုက်မိနိုင်ပါတယ်။

လင်းဖုန်းဟာ လေပူကြီး တစ်ချက်ကို
မှုတ်ထုတ်လိုက်ပါပြီ... "အင်း...

မှားဖို့တော့ မရှိဘူးဟ...
သူပဲဖြစ်ရမယ်!"

ရွှမ်ကျိအမတ် ဂေဟာထဲကို ဝင်သွားတဲ့
လူငယ်လေးကို တွေ့လိုက်ရတော့...
သူက ကောင်လေးဆီကို
မေးငေါ့ပြပြီးတော့ စားပွဲထိုးလေးကို
မေးလိုက်ပါတယ်... "ဟေ့...
ဟိုဝတ်ရုံစိမ်းနဲ့ ကောင်လေးက
ဘယ်သူလဲကွ?"

စားပွဲထိုးလေးကလည်း အနည်းငယ်
တုံ့ဆိုင်းသွားပါတယ်။
လင်းဖုန်းကလည်း ပြုံးလိုက်ပါပြီ...
တိတ်တိတ်ကလေးပဲ
ငွေစအနည်းငယ်ကို ပေးလိုက်ပြီးတော့
ဘာမှမဖြစ်သလိုပဲ
ပြောလိုက်ပြီလေ..."အင်း...
ဒီကောင်လေးက ရိုးရိုးလေးပဲ
ဝတ်ထားပြီး ကြည့်ရတာက
ဒီအမတ်ဂေဟာထဲမှာ အဆင့်အတန်း
သိပ်ရှိတဲ့ပုံတော့ မပေါ်ဘူး... ဒါပေမဲ့

သူက တင်းမာခက်ထန်တဲ့ ဟန်ပန်ရှိပြီး အစေခံနဲ့တော့ မတူဘူးကွ..."

"အာ... ဆရာလေးရဲ့ အမြင်က တော်တော်စူးရှတာပဲဗျာ... ဒီကောင်လေးရဲ့ နာမည်က ဇူရီတဲ့ဗျ... သူက အမတ်ရဲ့ ပြဿနာကောင်ဗျ။ ကျွန်တော် ကြားထားတာက သူ့ရဲ့ မွေးမိခင်က ဇိမ်ခန်းက လာပြီးတော့ သိပ်မကြာသေးခင်ကပဲ နေမကောင်းပဲ ဆုံးသွားပြီလေ..." စားပွဲထိုးက သူ့ရဲ့သွားကို ကိုက်လိုက်တယ်...

ငွေစကို လှမ်းယူလိုက်ပြီး

အသံကိုနှိမ့်ကာ

ပြောလိုက်ပါပြီ..."အင်း... ကျွန်တော်

ကြားထားတာက သူဟာ အသိပညာ

ဗဟုသုတတွေနဲ့ အတော်ပြည့်စုံပြီး

နွေဦးနဲ့ ဆောင်းဦးရာသီ အစတွေမှာ

ကျင်းပတဲ့ အရပ်ဘက် စာမေးပွဲတွေကို

ဝင်ဖြေဖို့ ပြင်ဆင်နေတာဗျ။

တကယ်လို့များ သူက

အောင်မြင်နိုင်မယ် ဆိုရင်တော့

ကံကောင်းတယ်လို့ပဲ ပြောရမှာပေါ့။

နောက်ဆုံးတော့ဗျာ... သူ့လိုမျိုး

မိမစစ်သားက သူ့အဖေရဲ့ အမွေကို ဆက်ခံဖို့ဆိုတာက အခွင့်အရေး မရှိဘူးလေ..."

စကားပြောနေရင်းနဲ့ပဲ စားပွဲထိုးလေးက သက်ပြင်းတစ်ချက်ကို ချလိုက်ပါတယ်... "ဟင်း... ကျွန်တော့်တို့က ဒီသခင်လေးရဲ့ အကြောင်းကို ပြောရရင်... သူ့ရဲ့ ကိုယ်ရည်ကိုယ်သွေးက တကယ့်ကိုပဲ ကောင်းတာဗျ။ သူက ကျွန်တော်တို့ရဲ့

ဆိုင်ကိုလည်းလာပြီးတော့
လက်ဖက်ရည် သောက်ဖူးတယ်လေ…
သူက တော်တော်လေးလဲ
ယဉ်ကျေးသိမ်မွေ့တယ်ဗျ… ဒါပေမဲ့…
ဒါပေမဲ့ အမတ်ဂေဟာထဲမှာ သူ့ရဲ့
အခြေအနေက သာမာန်ပါပဲဗျာ…"

"အင်း… လွန်ခဲ့တဲ့
ရက်အနည်းငယ်ကပဲ သူကအိမ်ကနေ
ထွက်သွားမယ့် အကြောင်းကို
ရေရွတ်နေသေးတယ်ဗျ… မြို့ပြင်က
တောင်ကုန်းပေါ်က ဘုရားကျောင်းမှာ

အချိန်ခဏနေပြီး စာကို
အာရုံစိုက်ပြီးကျက်ဖို့
ပြောနေသေးတယ်လေ..."

ဒီစကားကို ကြားလိုက်ရတော့
လင်းဖုန်းရဲ့ မျက်လုံးအစုံဟာ
တောက်ပလာခဲ့ပြီလေ။

သူ့ရဲ့ အနီးအနားမှာပဲ ထိုင်နေတဲ့...
သာမာန်သာ ဝတ်ဆင်ထားတဲ့သူ
လူနှစ်ယောက်ကလဲ ဒီစကားကို
ကြားလိုက်ပါတယ်...

တစ်ယောက်မျက်နှာကို
တစ်ယောက်ကြည့်လိုက်ကြပြီး
သူတို့တတွေရဲ့ မျက်လုံးတွေဟာလည်း
တောက်ပကာ လာခဲ့ပါပြီ။

## စာစဉ် ၃ : အပိုင်း ၁

## အပိုင်း ၃၁ : အမှတ်ပြည့် ကောင်းချီးမင်္ဂလာရဲ့ စွမ်းပကား

လင်းဖုန်းဟာ ရွှမ်ကျိုအမတ်
ဂေဟာအတွင်းကို ဝင်ရောက်ဖို့
အတွက်တော့ စိတ်ကူးမရှိပါဘူး။

ရွှမ်ကျိုအမတ်ကိုယ်တိုင်က
အိမ်မှာရှိမရှိကို မပြောနဲ့... ခံတပ်ကို
စောင့်ကြပ်နေကြတဲ့
ကျွမ်းကျင်သူတွေကိုက
နည်းမှာမဟုတ်ဘူးလေ။

ဇူရီလေးဟာ အိမ်ကနေထွက်မယ်
ဆိုတာကို သိလိုက်ရတော့
လင်းဖုန်းဟာ စိတ်ရှည်ရှည်နဲ့ပဲ

ဆက်စောင့်နေဖို့ကို
ဆုံးဖြတ်လိုက်ပါတယ်။

၁၀ရက် အကြာမှာပဲ ဇူရီလေးဟာ
အဝတ်ထုတ်ကို
ကျောပေါ်မှာထမ်းပြီးတော့
ထျန်းကျင်းမြို့ပြင်မှာရှိတဲ့ပဖြ
နွေဦးတောင်ပေါ်ကို
ခြေကျင်တက်သွားခဲ့ပါပြီ။

သူဟာ နန်းတွင်းစာမေးပွဲတွေကို
ဝင်ဖြေဖို့အတွက် ပြင်ဆင်နေခဲ့တာပါ…
အိမ်ထဲမှာ ထပ်ပြီးတော့ အနိုင်အကျင့်

မခံချင်တော့ဘူးလေ။ ဒါကြောင့်ပဲ
သူဟာ အချိန်ကာလ တစ်ခုအထိ
နွေဦးတောင်ပေါ်မှာ သွားနေမလို့ပါ…
သူ့မိခင်ရဲ့ အုတ်ဂူကို
ထိန်းသိမ်းစောင့်ရှောက်လို့လည်း
ရတာပေါ့။

မုန့်ပင်းယွင်ရဲ့ အုတ်ဂူဟာလည်း
နွေဦးတောင်ပေါ်မှာ ထီးထီးကြီး
တည်ရှိနေခဲ့ပါတယ်။ မောင်းမမိဿံ
တစ်ယောက်ရဲ့ အဆင့်အတန်းနဲ့
သူမဟာ သေပြီးတဲ့နောက်မှာ

ဇူမိသားစုရဲ့ ဘိုးဘွားပိုင် သင်္ချိုင်းထဲမှာ မြှုပ်နှံခွင့် မရခဲ့ရှာပါဘူး။

လင်းဖုန်းဟာ ဇူရီလေး အမတ်ဂေဟာကနေ ထွက်သွားတဲ့အထိကို စောင့်ပြီးတော့ တိတ်တဆိတ်ပဲ သူ့ရဲ့ အနောက်ကနေ လိုက်သွားခဲ့ပါတယ်။

ဇူရီဟာ နွေဦးတောင်တန်းရဲ့ တောင်ခြေအထိရောက်အောင် လျှောက်သွားခဲ့ပါတယ်။ မုန့်ပင်းယွင်ရဲ့ အုတ်ဂူကို

လှည်းကျင်းသန့်ရှင်းရေးလုပ်..
အမွေးတိုင်တစ်တိုင်ကို ထွန်းပြီးတဲ့
နောက်မှာတော့ တောင်ခြေနဲ့
သိပ်မဝေးလှတဲ့
ဘုရားကျောင်းငယ်လေး တစ်ခုမှာ
နေရာယူလိုက်ပါပြီ။

လင်းဖုန်းကလဲ ဒီဘုရားကျောင်းဟာ
ဟောင်းနွမ်းနေပြီဖြစ်တဲ့
ကျောင်းတစ်ကျောင်းသာ ဖြစ်တာကို
တွေ့ရှိလိုက်ရပါတယ်။
ကျောင်းအတွင်းမှာ
သာမာန်ဘုန်းကြီးအိုကြီး တစ်ပါးသာ

စောင့်ကြပ်တဲ့သူအဖြစ် ရှိ
နေခဲ့တယ်လေ။ နှစ်စဉ်နှစ်တိုင်း
ဇူရီလေးဟာ ဒီနေရာမှာ
အချိန်အနည်းငယ်လောက်
နေလေ့ရှိပါတယ်... ပထမက
သူ့အမေရဲ့ အုတ်ဂူကို
စောင့်ရှောက်ဖို့ဖြစ်ပြီး...
ဒုတိယကတော့ ငြိမ်းချမ်းမှု အတွက်ပါ။

ဘုန်းကြီးအိုကို အမွေးတိုင်အတွက်
ငွေစအနည်းငယ်
ပေးလိုက်ပြီးနောက်မှာတော့ ဇူရီဟာ
ဘေးက အခန်းလေးထဲမှာ

အနားယူလိုက်ပါတယ်။ သူ့ရဲ့အိတ်ကို ဖွင့်လိုက်ပြီး ဖယောင်းတိုင် အချို့ကို ထွန်းလိုက်ကာ စာတွေကို စတင်ကာ လေ့လာလိုက်ပြီလေ။

သူ့ရဲ့လက်ထဲက စာအုပ်လေးကို ပုတ်လိုက်ရင်း ဇူရီဟာ ရေရွတ်လို့ နေခဲ့ပါပြီ... "အင်း... သေသွားပြီးဖြစ်တဲ့ ငါ့ရဲ့မိခင်ရဲ့ နာမည်ကို အဖတ်ပြန်ဆယ်ဖို့ဟာ ဒီနွေဦးရဲ့ အရပ်ဘက်စာမေးပွဲနဲ့ ဒီဆောင်းဦးရဲ့ နန်းတွင်းစာမေးပွဲရဲ့ အပေါ်မှာ မူတည်နေတယ်ကွ။

ပထမဦးဆုံး ကျူးရန်ဘွဲ့ကို ယူရမယ်…
နောက်ပိုင်းမှာတော့ ကျင်းရှိဘွဲ့ပေါ့။
တစ်ယောက်က စာမေးပွဲတွေကို
အောင်မြင်ပြီးသွားရင် သူ့တို့ရဲ့
နောက်မျိုးဆက် သုံးဆက်တိုင်တိုင်
ဘွဲ့ထူးဂုဏ်ထူးတွေကို ရမှာလေ…
တရားရုံးကလဲ ငါ့မိခင်အတွက်
ဂုဏ်သရေရှိ အမျိုးသမီးဖြစ်တဲ့ လေဒီ
ဆိုတဲ့ဘွဲ့ကိုလဲ
အမိန့်ထုတ်ပြန်ပေးဦးမှာ… ဒါဆိုရင်
အမေ့ရဲ့အုတ်ဂူကို ဇူမိသားစုရဲ့
ဘိုးဘွားပိုင် သင်္ချိုင်းထဲကို
ရွှေ့လို့ရမှာဟ… သူမရဲ့
ဝိညာဉ်ကျောက်ပြားကိုလဲ

ဘိုးဘွားပိုင်ခန်းမထဲမှာ
ပူဇော်လို့ရအောင် ထားနိုင်မှာပဲကွ..."
(ကျူးရန်ဘွဲ့... ကျင်းရှိဘွဲ့တို့မှာ
ယခုခေတ်တွင် မာစတာဘွဲ့...
ပါရဂူဘွဲ့ စသည်တို့နဲ့ ပုံစံတူပါတယ်။)

"အင်း... ငါက သိုင်းပညာကို
မလေ့ကျင့်နိုင်ပဲ ကျင့်ကြံမှုတွေကို
မပြုလုပ်နိုင်တာက ဆိုးတာပဲကွာ။
ဒီမဟာကျိုး အင်ပါယာက
တရားရုံးတွေမှာ အရပ်ဘက်
အရာရှိတွေက အုပ်ချုပ်တယ်
ဆိုပေမယ့်... တကယ်မြင့်မြတ်တဲ့

ဘွဲ့ထူးဂုဏ်ထူးတွေကို ရဖို့ရာက
စစ်မြေပြင်မှာလဲ စွန့်စားခန်းတွေကို
လုပ်ထားရဦးမှာဟ။ တကယ်လို့များ
ငါဟာ ကျင့်ကြံသူတစ်ယောက်
ဖြစ်သွားပြီး စစ်တပ်ထဲကို
ဝင်နိုင်မယ်ဆိုရင်တော့ ငါ့ရဲ့
အဆင့်အတန်းတွေကလဲ
မြင့်မားလာမှာပဲ။ နောက်ပိုင်းမှာငါက
စစ်ဖက်ဆိုင်ရာ
အောင်မြင်မှုတွေကိုရပြီး
ဘွဲ့ထူးဂုဏ်ထူး တစ်ခုကို
ထပ်ပြီးရရင်တော့… ငါမိခင်ရဲ့
ဘွဲ့ကလဲ လေဒီထက်ကို ပိုပြီးတော့
မြင့်မြတ်တဲ့ ဘွဲ့ကိုရမှာဟ… သူမရဲ့

အဆင့်အတန်းတွေကလဲ
လေဒီဆောင်ထက်ကို အများကြီး
မြင့်သွားမှာပဲကွာ..."

ဒီလေဒီဆောင် ဆိုတဲ့အမျိုးသမီး
(ရွှမ်ကျိုအမတ်ရဲ့ ပထမဇနီး)
အကြောင်းကို စဥ်းစားမိလိုက်တော့
ဇူရီလေးဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ပဲ
သေသွားတဲ့ သူ့ရဲ့မိခင်ကို
ပြန်တွေးမိပြီးတော့... သူ့ရဲ့
မျက်လုံးအစုံမှာ ဝမ်းနည်းကြေကွဲမှုနဲ့
မကျေမချမ်းမှုစတဲ့ ခံစားချက်တွေဟာ
ပေါ်ပေါက်ကာ လာပါတော့တယ်။

လင်းဖုန်းက ဘုရားကျောင်းရဲ့
အပြင်ဖက်မှာပဲ တိတ်ဆိတ်စွာနဲ့
ရပ်နေခဲ့ပါတယ်... သူ့ရဲ့
နှုတ်ခမ်းထောင့်စွန်းတွေမှာ
စိတ်ဝင်စားဖွယ် အပြုံးလေးကို
တွေ့မြင်နိုင်တယ်လေ။

နောက်ဖက် အခန်းထဲကို အရင်ဆုံး
သွားလိုက်ပြီး သတင်း
မပေါက်ကြားရအောင်
ဘုန်းကြီးအိုကြီးကို သတိမေ့အောင်
လုပ်လိုက်အပြီးမှာတော့...

လင်းဖုန်းဟာ ဘေးပတ်ဝန်းကျင်
အခြေအနေကို သေချာစွာနဲ့ပဲ
ကြည့်လိုက်ပါတယ်။ ဘာပြဿနာမှ
မရှိဘူးဆိုတာကို သေချာတော့မှ
လင်းဖုန်းဟာ ဘုရားကျောင်းရဲ့
အရှေ့က ကျောက်ဆောင်တစ်ခု
အပေါ်မှာ ဖြောင်ကျကျပဲ
တင်ပုလ္လင်ခွေပြီးတော့
ထိုင်နေခဲ့တယ်လေ။

လင်းဖုန်းဟာ ကောင်းကင်ကိုးလွှာ
မိုးကြိုးနည်းစနစ်ကို စွမ်းအားပြည့်
လည်ပတ်လိုက်ပါပြီ… သူ့ရဲ့

ခန္ဓာကိုယ်အထဲမှာ လှည့်ပတ်နေတဲ့
မှော်စွမ်းအင်တွေကို သူ့ရဲ့
အာရုံကြောအမှတ်တွေ ထဲကနေ
တမင်သက်သက်ကိုပဲ
ထုတ်လွှတ်လိုက်ပြီလေ။

သူ့ရဲ့ အခုလုပ်ရပ်ဟာ
ပုံမှန်ကျင့်ကြံမှုတွေနဲ့ လုံးလုံးကြီးကို
ဆန့်ကျင်နေခဲ့ပါတယ်။ ကျင့်ကြံခြင်း
ဆိုတာက ကမ္ဘာပေါ်က စိတ်ဝိညာဉ်
စွမ်းအင်တွေကို ခန္ဓာကိုယ်အတွင်းကို
လမ်းကြောင်းသွင်းပြီး သန့်စင်ရတာပဲ
ဖြစ်တယ်လေ… လင်းဖုန်းဟာ သူ့ရဲ့

ကိုယ်ထဲက စွမ်းအင်တွေကို
အပြင်ထုတ်လိုက်တာဟာ သူ့ရဲ့
စွမ်းအင်တွေကို သက်သက်ကြီး
ဖြုန်းတီးပစ်လိုက်တာပါပဲ။

ဒါပေမဲ့လည်း… အပြင်ပန်းမှာတော့
လုံးဝကို ခြားနားနေတဲ့
ဓာတ်လမ်းတစ်ပုဒ်ပါ။

လက်ရှိအချိန်မှာတော့ လင်းဖုန်းကို
ခရမ်းရောင် စွမ်းအင်တွေနဲ့
လွှမ်းခြုံထားပါတယ်…
တစ်ခါတစ်လေမှာတော့

လျှပ်စစ်မီးပွားတွေကို လေထဲမှာ
လက်ကနဲ တွေ့နိုင်တယ်လေ။
လျှပ်စစ်စီးကြောင်းရဲ့
စွမ်းအားတွေကြောင့် သူ့ရဲ့ ဆံပင်တွေ
အားလုံးဟာလည်း လေထဲမှာ
မျောလွင့်လို့ နေကြပါပြီ။

လျှပ်စစ်စီးကြောင်းတွေရဲ့
အက်ကွဲသံတွေဟာ အဆက်မပြတ်ပဲ
ထွက်ပေါ်နေပြီး တောင်တန်းတွေရဲ့
အကြားမှာ မိုးခြိမ်းသံတွေဟာ
ပဲ့တင်ရိုက် နေတာကိုတောင်
ခပ်တိုးတိုးလေး ကြားနိုင်ခဲ့ပါတယ်။

မင်းတို့ ရိုးရိုးသာမာန် ချီသာဝက
အဆင့်ာဂက ကျင့်ကြံသူတွေ
အနေနဲ့… မင်းတို့က စွမ်းအင်တွေကို
ခန္ဓာကိုယ် အပြင်ဖက်ကို
ထုတ်လိုက်တာတောင် ဒီလိုမျိုး
ဆူညံပွက်လောရိုက်သွားမှာ
မဟုတ်ဘူးလေ။

စနစ်ကြီးရေ ကျေးဇူးတင်ပါတယ်…
မျက်နှာသစ် လက်ဆောင်လေးရေ
ကျေးဇူးတင်ပါတယ်…
ကောင်းကင်ကိုးလွှာ

မိုးကြိုးနည်းစနစ်ရေ
ကျေးဇူးတင်ပါတယ်… ဒီလိုမျိုး
အံ့အားသင့်ဖွယ် ရုပ်သံခံစားမှု
ရသလေးကို ပေးစွမ်းနိုင်လို့ပါ။

ဒါတွေဟာ လင်းဖုန်းရဲ့
ဖြူစင်သန့်ရှင်းတဲ့ လက်မောင်းအိုး
ကျယ်ကျယ်နဲ့ တာအိုဝတ်စုံ…
တာအိုသရဖူတို့နဲ့ တွဲလိုက်တော့…
သူ့ရဲ့ပုံစံဟာ လုံးဝကို ပြီးပြည့်စုံသွားပြီး
ဆရာသခင် သူတော်စင် ပုံစံမျိုး
ပေါက်သွားခဲ့ပါပြီ။

သူ့ရဲ့ အနောက်ကနေ အားနည်းတဲ့
ခြေသံတွေကို ကြားနေရပါပြီ။
ကြားလိုက်တာနဲ့ပဲ တစ်ခါမှ ကျင့်ကြံမှု
မပြုလုပ်ထားတဲ့သူရဲ့ ခြေသံလို့
သိသာပါတယ်... ဒါပေမဲ့လည်း
သူတို့ဟာ တည်ငြိမ်ပြီး
ခိုင်မာတယ်လေ။ လင်းဖုန်းကတော့
သူက ဇူရီမှန်း သိလိုက်ပါတယ်...
ဒီဝတ်ရုံစိမ်း လူငယ်လေးရဲ့
အသက်ရှူသံဟာ သိသိသာသာကြီးကို
တိုးသွားတာကို ကြားလိုက်ရပြီး
နောက်မှာတော့ လင်းဖုန်းက
ရင်ထဲကပဲ ပြုံးလိုက်ပြီလေ... "ကဲ...

နောက်ဆုံးမှာတော့
သူရောက်လာပြီဟ..."

လင်းဖုန်းဟာ သူ့ရဲ့ မှော်စွမ်းအင်ကို
ချက်ချင်းပဲ ရုပ်တန့်လိုက်ပါတယ်...
ဒါပေမဲ့လည်း အနောက်ကိုတော့
လုံးဝကို လှည့်မကြည့်ခဲ့ပါဘူး...
သာသာလေးပဲ ပြောလိုက်ပါတယ်...
"ဟော့... မင်းက
ကြည့်ချင်တယ်ဆိုရင်လည်း ဘာဖြစ်လို့
ထွက်လာပြီးတော့
ပြောင်မကြည့်တာလဲကွ?"

သူ့ရဲ့အနောက်က အသက်ရှူသံဟာ ခဏရပ်သွားပါတယ်... ဒါပေမဲ့လည်း ပြီးတာနဲ့ ချက်ချင်းပဲ ပြန်ပြီးတော့ တည်ငြိမ်သွားခဲ့ပါပြီ။
ခြေသံလေးတွေဟာ ပေါ်လာပြီး လင်းဖုန်းရဲ့အနောက် သိပ်မဝေးတဲ့ နေရာတစ်ခုမှာ
ရပ်တန့်သွားခဲ့တယ်လေ။ မနှိမ့်ချသလို မမောက်မာတဲ့ အသံလေး တစ်ခုဟာလည်း ထွက်ပေါ်ကာ လာခဲ့ပါတယ်... "အာ...
ကျွန်တော့မှာက ချောင်းကြည့်ဖို့ ရည်ရွယ်ချက် မရှိပါဘူး။
တကယ်လို့များ ခင်ဗျား

အနှောင့်အယှက်
ဖြစ်သွားတယ်ဆိုရင်တော့
တောင်းပန်ပါတယ် ခင်ဗျာ..."
သေချာတာပေါ့... ဒါက ဇူရီရဲ့
အသံပါပဲ။

လင်းဖုန်းက ရုတ်တရက်ပဲ
မေးလိုက်ပါပြီ... "ဟဲဟဲ... မင်းက
ကြောက်နေပြီလားကွ?"

ဇူရီလေးဟာ အနည်းငယ်
ငြိမ်သက်သွားပြီးတော့
ကြည်လင်ပြတ်သားတဲ့ အသံနဲ့ပဲ

ပြန်ဖြေလိုက်ပါတယ်... "အင်း...
သူတော်စင်တို့ရဲ့ စာအုပ်တွေ အလိုအရ
အမှန်တရားကို မြတ်နိုးခြင်းနဲ့
တန်ဖိုးရှိတဲ့ အသိဉာဏ် ပညာတို့ဟာ
ကမ္ဘာကြီးကို နားလည်နိုင်ဖို့
သော့ချက်တွေ ဖြစ်ကြတယ်။
စာသင်သားတွေဟာ
ရိုးသားဖြောင့်မတ်ပြီး စည်းကမ်းကျန
သေသပ်တဲ့ နှလုံးသားနဲ့
ခိုင်မာသန့်စင်တဲ့ ရည်ရွယ်ချက်တွေ
ရှိမယ်ဆိုရင်တော့
မကောင်းဆိုးဝါးတွေကို ကြောက်စရာ
မလိုဘူးလေဗျာ..."

သူက ခဏလောက် ရပ်လိုက်ပြီးမှ
ဆက်ပြောလိုက်ပါတယ်...
"မကောင်းဆိုးဝါး ဝိညာဉ်တွေဟာ
ရုပ်ပြောင်းရုပ်လွဲ လုပ်ခြင်းနဲ့
လိမ်ညာလှည့်ဖြားခြင်း စတဲ့
စွန်းအတတ်တွေကို တတ်ပေမယ့်...
မကောင်းဆိုးဝါး ဝိညာဉ်တွေဆိုတာက
ထိတွေ့လို့ မရနိုင်တဲ့ အတွေးနဲ့သာ
ဖန်တီးထားတာလေ။ သူတို့ဟာ
ကိုယ်ထင်ပြနိုင်လောက်အောင်
အစွမ်းထက်ကြတယ် ဆိုပေမယ့်...
သူတို့က ဘာမှမဟုတ်ပဲ အေးခဲနေတဲ့
ဖယောင်းစက်တွေသာ ဖြစ်ကြတယ်...
သူတို့မှာ အသွေးအသား ခန္ဓာကိုယ်ကို

ခံစားနိုင်တဲ့ အရည်အချင်းတွေ
မရှိကြဘူးလေ..."

ဇူရီရဲ့ အသံဟာ ပိုပိုပြီးတော့
တည်ငြိမ်လာပြီး... သူ့ရဲ့
စဥ်းစားပုံကလဲ ပိုပိုပြီးတော့
ကြည်လင်ပြတ်သားကာ
လာပါတော့တယ်... "အင်း...
လျှပ်စီးတွေဆိုတာက
ကောင်းကင်ကိုးလွှာရဲ့ အပြင်းထန်ဆုံး
ယန်အဆီအနှစ်တွေဖြစ်ပြီး...
ယင်ဝိညာဥ်တွေကို ဒုက္ခပေးတတ်တဲ့
အရာဆိုတာကို မပြောနဲ့... ခင်ဗျားဟာ

လျှပ်စီးတွေကို ထိန်းချုပ်နိုင်ပြီး
သန်မာတဲ့ ခန္ဓာကိုယ် ရှိတယ်ဗျာ…
ဒါဆိုတော့ ခင်ဗျားဟာ
မကောင်းဆိုးဝါး ဝိညာဉ်တစ်ကောင်
မဖြစ်နိုင်တော့ဘူးပေါ့။ ဒါပေမဲ့လည်း
ခင်ဗျားက သာမာန်ပုဂ္ဂိုလ်တော့
မဟုတ်လောက်ဘူး… အရှင်က
အင်မော်တယ်လား… ဒါမှမဟုတ်
တောင်ကြားထဲမှာ နေထိုင်တဲ့
ဓားသမားတစ်ယောက်လား ခင်ဗျာ?"

လင်းဖုန်းက ဖြေးဖြေးလေးပဲ
လှည့်ကြည့်လိုက်ပါတယ်။ ယုံကြည်မှု

အပြည့်နဲ့ တည်ငြိမ်အေးဆေးစွာ
စကားပြောနေတဲ့ ဇူရီကို
ကြည့်လိုက်ပြီး ရုတ်တရက်ပဲ တစ်ချက်
ပြုံးလိုက်ပါပြီ... "အင်း...
မင်းကိုကြည့်ရတာ မိစ္ဆာနတ်ဆိုး
မကောင်းဆိုးဝါးတွေနဲ့ ပတ်သတ်ပြီး
ဗဟုသုတ အတော်ရှိပုံ ရတယ်ကွ။
စာသင်သားတွေဆိုရင်တော့
သဘာဝလွန် ဖြစ်ရပ်တွေကို
ပြောလေ့ပြောထ သိပ်မရှိဘူး... မင်းက
သာမာန် စာသင်သားတော့
မဟုတ်နိုင်ဘူးကွာ..."

ဇူရီကလဲ ပွင့်လင်းစွာနဲ့ပဲ
ပြန်ဖြေလိုက်ပါတယ်... "ဟင့်...
သူတို့က သာမာန် စာဂျပိုးတွေပဲ။
ကျုပ်တို့ စာသင်သားတွေ ဆိုတာက
အမှန်တရားကို မြတ်နိုးတယ်...
ကမ္ဘာကြီးကို နားလည်တယ်...
သဘာဝလွန် ဖြစ်ရပ်တွေကို
သဘောပေါက်ပြီးတော့
နတ်ဘုရားတွေဆီကို
ရောက်နိုင်တယ်ဗျ... ဒါတွေဟာ
အရာဝတ္ထုတိုင်းရဲ့ စစ်မှန်တဲ့
သဘာဝတွေပဲလေ..."

လင်းဖုန်းဟာ ပြုံးပြီးတော့
ပြောလိုက်ပါပြီ..."အင်း... မင်းလေးက
ကျင့်ကြံမှုနဲ့ ပတ်သတ်ပြီးတော့
ဒီလောက်အထိ စိတ်ဝင်စားလိမ့်မယ်လို့
ငါကလုံးဝကို မထင်ထားမိဘူးကွာ..."

ဒီအချိန်မှာတော့ ဇူရီဟာ
ချက်ချင်းပြန်ပြီးတော့ မဖြေခဲ့ပါဘူး...
မျက်လုံးတွေကလည်း
လင်းလက်သွားခဲ့ပြီးတော့
ရင်ထဲကနေပဲ တစိမ့်စိမ့်နဲ့
တွေးနေခဲ့ပါတယ်... "အင်း...
မဟုတ်မှလွဲရော ဒီတာအိုဆရာက ငါ့ကို

သူ့ရဲ့ တပည့်အဖြစ်
လက်ခံချင်နေတာလား မသိဘူး? သူက
အမတ်ဂေဟာမှာ ကြီးပြင်းခဲ့ရပြီး
သူ့ရဲ့မိခင်ဟာ စောစောစီးစီးနဲ့
သေဆုံးခဲ့ရတာပါ။ ပြဿနာကောင်
တစ်ယောက်အနေနဲ့ သူဟာ
မတည်တံ့ပဲ ပြောင်းလဲလွယ်တဲ့
လူ့သဘာဝနဲ့
ဩဇာအာဏာတွေအတွက်
ရုန်းကန်ပြိုင်ဆိုင် နေကြတာတွေကို
တွေ့နေကျဆိုတော့... သူ့ရဲ့
နိုးကြားသတိရှိမှုက အမတန်မှ
ကောင်းပါတယ်။ လင်းဖုန်းက
ထူးဆန်းစွာနဲ့ပဲ ပေါ်လာခဲ့တော့ သူက

သတိကောင်းကောင်းတော့
ထားရမှာပေါ့..."

"အင်း... ငါ့ရဲ့ ဖခင်ကလဲ ငါ့ကို
ကျင့်ကြံဖို့ကို ခွင့်မပြုဘူး... ငါ့မှာကလဲ
သင်ပေးဖို့ကို ဆရာငှားဖို့အတွက်ကလဲ
ပိုက်ဆံမရှိဘူး။ အခုတော့ အခွင့်အရေး
ကြုံလာပြီထင်တယ်... ဒါပေမဲ့လည်း
ဒီလူရဲ့ နောက်ခံက ဘာလဲဆိုတာကို
ဘယ်သူက သိမှာလဲ?"

ဇူရီလေး တွေဝေနေတာကို
ကြည့်လိုက်ပြီးမှ လင်းဖုန်းကလည်း

သူ့ရဲ့ အတွေးတွေကို ချက်ချင်းပဲ ခန့်မှန်းမိလိုက်ပြီလေ... သူ့ရဲ့ ရင်ထဲကနေပဲ ပြောလိုက်ပါပြီ... "ဟားဟား... ငါခန့်မှန်းထားတဲ့ အတိုင်းပဲကွ..."

ဘယ်လိုပဲဖြစ်ဖြစ် ငါကတော့ ဒီလိုမျိုး ပုံစံနဲ့ပဲ သူ့ကို သိမ်းသွင်းဖို့ကို ဘယ်တုံးကမှ ကြံထားတာ မဟုတ်ဘူး... မူလအစီအစဉ် အတိုင်းပဲ ဆက်လုပ်မှဖြစ်မယ်။

ဇူရီကို တုံ့ပြန်ဖို့ အချိန်မပေးခဲ့ပဲနဲ့
လင်းဖုန်းကပဲ အကြောကြီး
ရယ်မောလိုက်ပါတယ်…
"ဟားဟားဟား…
မင်းသိထားတာတွေက သူများတွေ
လျှောက်ပြောထားတာကို
ကြားထားတာတွေပဲ ဖြစ်တာက
ဆိုးတာပဲဟ… ကျင့်ကြံမှုဆိုတာက
ဒီလောက်အထိတော့
ဘယ်လွယ်ပါ့မလဲဟ… တံခါးရဲ့
အပြင်ဘက်က လူတွေက တံခါးရဲ့
အနောက်မှာ ဘာရှိနေသလဲ ဆိုတာကို
မသိတာဟာ သဘာဝပါပဲကွာ…"

"ငါက ဒီနေရာကို ဒီအတိုင်းလေးပဲ ဖြတ်သွားတာကွ… မင်းလိုမျိုး စိတ်ဝင်စားစရာကောင်းတဲ့ ကောင်လေးတစ်ယောက်နဲ့ တွေ့ရလိမ့်မယ်လို့ မထင်ထားမိဘူးကွာ။ မင်းနဲ့က စကားပြောလို့ ကောင်းပေမယ့် ငါ့မှာကလဲ လုပ်စရာလေးတွေက ရှိနေသေးတော့ ဆက်ပြောလို့ မဖြစ်တော့ဘူးကွာ။ ဒီမှာပဲ နှုတ်ဆက်ခဲ့ပါတယ်… တစ်နေ့နေ့မှာတော့ ပြန်တွေ့ကြမှာပေါ့ကွာ…"

စကားဆုံးတာနဲ့ လင်းဖုန်းဟာ ဇူရီလေး
ဘာမှပြန်ပြောတာကို
စောင့်မနေတော့ပါဘူး… တိမ်လွှာနဂါး
လွတ်မြောက်ခြင်း စွမ်းရည်ကို
သုံးပြီးတော့ သူ့ရဲ့ ခန္ဓာကိုယ်ထဲမှာ
လျှပ်စီးတွေ လက်သွားပြီးတော့…
နေရာကနေ တစ်ခါထဲ
ပျောက်သွားပါတော့တယ်။

လျှပ်စီးရဲ့ အလင်းကို
အကာအကွယ်လုပ်ပြီးတော့…
လင်းဖုန်းရဲ့ ခန္ဓာကိုယ်ဟာ ပျံဝဲသွားပြီး
ဘုရားကျောင်းအိုရဲ့ ဘေးက

တောအုပ်လေးထဲမှာ
ပုန်းနေလိုက်ပါတယ်... သူ့ရဲ့
အောင်ရာတွေကို ရုပ်သိမ်းလိုက်ပြီးတော့
အဲ့ဒီနေရာမှာပဲ ပုန်းနေလိုက်တယ်လေ။

လျှပ်စီးရဲ့ အလင်းကြောင့်
မျက်စိကျိန်းသွားတဲ့ ဇူရီလေးဟာ
အခုအချိန်မှာတော့
အမြင်တွေပြန်ပြီးတော့ ကြည်လင်လာ
လာခဲ့ပါပြီ... သူ့ရဲ့အရှေ့က
ကျောက်ဆောင်ကြီးကို
ကြည့်ပြီးတော့... လင်းဖုန်းက

ဒီအတိုင်း ထထွက်သွားခဲ့မယ်
ဆိုတာကို မျှော်လင့်မထားမိပါဘူး။

ဇူရီကလဲ ဘုရားကျောင်း တဝိုက်မှာ
ပတ်ပြီးတော့ ရှာလိုက်ပါသေးတယ်။
တစ်ခါမှ မလေ့ကျင့်ခဲ့ဖူးတဲ့ သူ့ရဲ့
စိတ်အာရုံတွေနဲ့ သူဟာ လင်းဖုန်းကို
ရှာလို့မတွေ့နိုင်ခဲ့ဘူး ဆိုတာက
သဘာဝပါပဲ။

ကျောက်ဆောင်အနားကို
ပြန်လာပြီးတော့မှပဲ ဇူရီက
သူ့ဘာသာသူ ရေရွတ်လိုက်ပါတယ်…

"အင်း... ဒီတာအိုဆရာက
ငါ့ကိုတပည့်အဖြစ် လက်ခံမယ်လို့
တွေးထားတာ... ကြည့်ရတာတော့
ငါက အတွေးလွန်နေတာ
ထင်တယ်ဟ..."

"နေပါဦး... သူကငါ့ကို လှည့်စားဖို့များ
ကြံနေတာလား? ဒါပေမဲ့ ဒီလိုနဲ့လည်း
မတူပါဘူး... နို့မဟုတ်ရင်တော့
ဘာမှမပြောပဲ ထွက်သွားမှာ
မဟုတ်ဘူးလေ..."

"အင်း… ဒီတာအိုဆရာက ကြည့်ရတာတော့ ငယ်သေးတယ်… သူ့ရဲ့အသက်က ဘယ်လောက်များ ရှိပါလိမ့်? တာအိုနည်းစနစ်… ကျင့်ကြံမှု… ဟင်း… တကယ်လို့များ ငါက ကျင့်ကြံမှုမှာ အောင်မြင်နိုင်ခဲ့မယ် ဆိုရင်တော့ အဖေကို သူ့ရဲ့အမှားတွေကို ဝန်ခံစေပြီး လေဒီဆောင်ကို ခေါင်းငုံ့အောင်များ လုပ်နိုင်မလား?

"တံခါးရဲ့ အပြင်ဘက်က လူတွေဟာ တံခါးရဲ့ အနောက်မှာ ဘာရှိသလဲ

ဆိုတာကို  မသိနိုင်ဘူး... ဟင်း...
ဒီတံခါး... ငါဝင်များ ဝင်နိုင်ပါ့မလား?"

ဇူရိဟာ ရုတ်တရက် အာမေဋိတ်အသံ
ထွက်သွားခဲ့ပါတယ်။
ကျောက်ဆောင်အပေါ်ကို
တက်သွားပြီးတော့
ငုံ့ကြည့်လိုက်ပြီလေ...
ကျောက်ဆောင်ပေါ်က ခရမ်းရောင်
သလင်းကျောက် တစ်ခုကို
ကောက်လိုက်ပါပြီ။

လင်းဖုန်းကတော့
တိတ်တိတ်ကလေးပဲ
ရယ်နေခဲ့ပါတယ်။ ငါးကတော့
ငါးစာအနားကို ရောက်နေပြီး...
ငါးမျှားချိတ်မှာ မိဖို့ပဲ
လိုတော့တယ်လေ။

သူဟာ ခရမ်းရောင်
သလင်းကျောက်လေးရဲ့ အထဲမှာ
ကောင်းကင်ကိုးလွှာ
တာအိုနည်းစနစ်ရဲ့ ပထမအပိုင်းကို
ထားခဲ့ပြီး ဘာအတားအဆီးကိုမှ
ချန်မထားခဲ့ဘူးလေ။ ဇူရီလေးဟာ

တစ်ခါမှ မကျင့်ကြံဖူးပေမယ့် သူကသာ
အာရုံစိုက်လိုက်ရင် အထဲမှာရှိတဲ့
စာသားတွေကို တွေ့မြင်နိုင်မှာပါ။

ဇူရီဟာ ခရမ်းရောင်
သလင်းကျောက်လေးနဲ့
ဆော့ကစားနေတုံးမှာပဲ သူ့ရဲ့
နှာခေါင်းထဲမှာ မီးလောင်တဲ့ အနံ့ကို
ရုတ်တရက် ရလိုက်ပါပြီ။
ဘုရားကျောင်းဘက်ကို
ခေါင်းလှည့်ကြည့်လိုက်ပြီး ချက်ချင်းပဲ
အော်လိုက်ပြီလေ... "အား...
သွားပါပြီ!"

သူက အပြင်ထွက်လာတော့
တံခါးကိုပိတ်ဖို့ကို မေ့နေခဲ့ပါတယ်။
တောင်တန်းတွေရဲ့ အကြားက
လေတွေဟာ ပြင်းထန်ပြီး ပွင့်နေတဲ့
တံခါးကနေတဆင့် အခန်းထဲကို
ဝင်သွားခဲ့ကာ သူ့ရဲ့စာအုပ်ကို
မီးလင်းဖိုထဲကို ပို့လိုက်ပါပြီ။

ပြာပုံဖြစ်သွားတဲ့ စာအုပ်ကလေးကို
ကြည့်ကာ ဇူရီလေးဟာ စိတ်မကောင်း
ဖြစ်နေခဲ့ပါတယ်... ဒါပေမဲ့လည်း
သေချာကြည့်လိုက်တော့ ဒီမီးလင်းဖိုရဲ့

အတွင်းမှာ ရွှေအိုရောင် မှိန်မှိန်နဲ့
စာရွက်ကလေး တစ်ရွက်ကို ပြာပုံရဲ့
အထဲကနေ တွေ့လိုက်ရပြီလေ။

ဒီရွှေအိုရောင် စာရွက်ထဲမှာ
စာလုံးသေးသေးလေးတွေ…
သရုပ်ပြပုံတွေနဲ့
ပြည့်နှက်လို့နေခဲ့ပါတယ်။
သူ့ကိုကြည့်ရတာ ရွှေနဲ့တူပြီးတော့
မီးထဲမှာ လောင်မကျွမ်းသွားခဲ့ပါဘူး။

"ခိစတိဂါဘ သျှတ္တရ… ဒါ…ဒါက
ဗုဒ္ဓတာအို နည်းစနစ်လား?"

ဇူရီလေးဟာ အရမ်းကိုပဲ
အံ့အားသင့်သွားပြီး နောက်မှာတော့
အပျော်လုံး ဆို့သွားခဲ့ပါပြီ...
"ဟားဟား... အခုပဲ ကျင့်ကြံမှု
တံခါးကို ဘယ်လိုမျိုး ဝင်ရမလဲလို့
စိတ်ညစ်နေရုံ ရှိသေးတယ်... အခုပဲ
တာအိုနည်းစနစ် တစ်ခုက
ငါ့ရဲ့အရှေ့ကို ရောက်လာပြီ..."

တံခါးရဲ့ အပြင်ဘက်မှာတော့
လင်းဖုန်းဟာ ပါးစပ်အဟောင်းသား
ဖြစ်နေခဲ့ပါပြီ... သူ့ရဲ့

အောက်မေးရိုးဟာ မြေကြီးအပေါ်ကို ပြုတ်ကျလု နီးနီးပါပဲ။

"ဟ... ဒါကလဲ အလုပ်ဖြစ်တာလားဟ? ဒီစာအုပ်... ငါမှတ်မိသလောက် ဆိုရင်တော့ သူမြို့ကနေ မထွက်ခင်လေးမှာကို စာအုပ်ဆိုင် တစ်ခုကနေ ဝယ်လာခဲ့တာလေ... ဟင်း... ကောင်းချီးမင်္ဂလာ အမှတ်၁၀... ကောင်းချီးမင်္ဂလာ အမှတ်၁၀... ခွီးပဲကွာ!"

## စာစဥ် ၃ : အပိုင်း ၂

## အပိုင်း ၃၂ : တပည့်ကို လိမ်ညာသော ဆရာသခင်

ဘုရားကျောင်းရဲ့ အပြင်ဖက်က
ညလေပြေလေညှင်းထဲမှာ…
လင်းဖုန်းရဲ့ အမူအရာတွေဟာ
မရေမရာမှုတွေနဲ့ပါ။

ဒီခိစတိဂါဘ သျှတ္တရဟာ အေကာလာ
ပညာရပ်နဲ့ ဇာစ်မြစ်အတူတူပါပဲ…
သူတို့ နှစ်ခုစလုံးဟာ အတိတ်က

မဟာမိုးကြိုး ကျောင်းတော်ရဲ့
လျှို့ဝှက်ဗုဒ္ဓဓမ္မတွေ ဖြစ်ကြတယ်လေ။

ခိစတိဂါဘ ဆိုတာက
သဘောထားကြီးကာ
သည်းခံနိုင်စွမ်းရှိပြီး... မြေကြီးကဲ့သို
တည်ငြိမ်ကာ ကျမ်းစာလိုမျိုး
နက်နဲပါတယ်။ (ခိစတိဂါဘဟာ အ
ရှေ့အာရှက မဟာယာန ဗုဒ္ဓဘာသာဝင်
တွေ ကိုးကွယ်တဲ့ တရုတ်ဗောဓိသတ္တ...
地藏 ... di zang... နဲ့တူပြီး 地
ဆိုတာ မြေကြီးလို့ အဓိပ္ပာယ်ရပြီး... 藏

ဆိုတာက ကျမ်းစာလို့ အဓိပ္ပာယ်
ရပါတယ်။)

အေကာလာ ပညာရပ်ကို ကျင့်ကြံရင်
ရလာမယ့် စွမ်းရည်ဟာ အမျက်ဒေါသ
အေကာလာ မီးတောက်ဖြစ်ပြီး…
ခ်ိစတိဂါဘ သျှုတ္တရကို အောင်မြင်စွာ
ကျင့်ကြံနိုင်ရင်တော့ သူဟာ
ဗုဒ္ဓကိုယ်ခန္ဓာ တစ်မျိုးဖြစ်တဲ့
ညက်ညောစွာ လှုပ်ရှားနိုင်တဲ့
ခ်ိစတိဂါဘ ကိုယ်ခန္ဓာကို ရရှိမှာပဲ
ဖြစ်ပါတယ်။ ဒီဗုဒ္ဓကိုယ်ခန္ဓာ
ရှိနေသေးသရွေ့ သူဟာ အတိဒုက္ခတွေ

အကုန်လုံးကနေ လွတ်မြောက်နိုင်မှာ
ဖြစ်ပြီးတော့ နိယာမ အားလုံးကိုလဲ
ခံနိုင်ရည်ရှိမှာ ဖြစ်ပါတယ်။ ဒါဟာ
အမတန်ကိုမှပဲ ကျော်ကြားတဲ့
ဗုဒ္ဓကာကွယ်ခြင်း နည်းစနစ် တစ်မျိုးပဲ
ဖြစ်ပါတော့တယ်။

ဇူရီလေး အခုရလိုက်တဲ့
တာအိုနည်းစနစ်ဟာ တကယ်တမ်း
ဆိုရင်တော့ အေကာလာ ပညာရပ်
အပြည့်အစုံနဲ့ အဆင့်အတန်း တူညီတဲ့
လျှို့ဝှက် ဗုဒ္ဓလမ်းစဉ်ပဲ ဖြစ်တယ်လေ။

စာအုပ်ဟောင်းလေး တစ်ခုထဲမှာ
ဝှက်ထားတာကတော့… မဟာမိုးကြိုး
ကျောင်းတော်ကြီး ကျဆုံးသွား
အပြီးမှာ ထွက်ပြေးလွတ်မြောက်
လာကြတဲ့ ဘုန်းတော်ကြီးတွေက
ကံစပ်တဲ့သူတွေ ရရှိအောင်လို့ ဗုဒ္ဓရဲ့
တာအိုနည်းစနစ်တွေကို
လက်ဆင့်ကမ်းလိုက်တာပဲ
ဖြစ်ပါလိမ့်မယ်။

နောက်ဆုံးမှာတော့ ဘယ်သူကမှ ဒါကို
မတွေ့ရှိခဲ့ဘူးလေ… ဒါပေမဲ့လည်း
ကောင်းချီးမင်္ဂလာ အမှတ်ဝဂရှိတဲ့

ဇာတ်လိုက်မင်းသားအဆင့်
ဗူရီလေးကတော့ သူဒီစာအုပ်ကိုရတဲ့
ပထမဦးဆုံးနေ့မှာတင်ကိုပဲ
ရှာဖွေတွေ့ရှိလို့ သွားခဲ့ပါပြီ။

နှစ်ပေါင်းများစွာ ကံမကောင်း
အကြောင်းမလှခဲ့တဲ့ ဗူရီလေးဟာ
အခုဆိုရင်တော့ ရပ်တန့်လို့
မရနိုင်တော့တဲ့ မရှုံးနိုင်သော
လမ်းကြောင်းပေါ်ကို ရောက်စပြုနေပြီ
ဆိုတာကို လင်းဖုန်းက သိလိုက်ပါပြီ။
သူ့ရဲ့ဘိုးတော် ရွှမ်ကျိအမတ်ဟာ
အခုအချိန်မှာ

မောက်မာနေတာကတော့
မှန်ပါတယ်... ဒါပေမဲ့လည်း
အနာဂတ်မှာကတော့ သူက
ဦးညွှတ်ပြီးတော့ပဲ အရှုံးပေးရမှာပါ။
အရှုံးမပေးရင်လဲ ပေးတဲ့အချိန်အထိကို
အရိုက်ခံရမှာလေ!

"အာ... ဒါ... ဒါဆိုရင်
ငါ့အတွက်ကရော?" လင်းဖုန်းရဲ့
အမူအယာတွေဟာ သိပ်ပြီးတော့
မချောမွေ့တော့ပါဘူး။ ဇူရီရဲ့
ကံကောင်းခြင်းတွေဟာ
အပြောင်းအလဲတွေ စပြီးတော့

ဖြစ်လာနေပါပြီ။ သူ့ရဲ့
အခြေအနေတွေဟာ ကောင်းသထက်
ကောင်းလာနေခဲ့ပြီး သူ့ရဲ့တပည့်
ဖြစ်စရာ မလိုတော့ဘူးလေ။

ခိစတိဂါဘ သျှတ္တရကို
ရရှိသွားခဲ့ပြီဖြစ်တဲ့ ဇူရီဟာ သူ့ရဲ့
ပဏာမ အရင်းအနှီးတစ်ခုကို
ပိုင်ဆိုင်သွားခဲ့ပြီလေ။
ကြည့်ရတာတော့ လင်းဖုန်းက သူ့ကို
တာအိုနည်းစနစ်တွေ သင်ပေးဖို့ကို
မလိုအပ်တော့ပါဘူး။

တကယ်လို့များ မင်းက ဒီလိုမျိုး
ဇာတ်လိုက်အဆင့်
မင်းသားဇာတ်ကောင်မျိုးကို
တပည့်တော်ချင်တယ် ဆိုရင်တော့
မင်းက သူ့ရဲ့ကံတွေ
အရမ်းမကောင်းနေခင်မှာပဲ… သူက
အကူအညီ လိုနေတဲ့ အခါမျိုးမှာ
မြန်မြန်ပဲ အကူအညီ
ပေးထားရမယ်လေ။ နို့မဟုတ်ရင်တော့
သူ့ရဲ့ ကြီးစိုးလွှမ်းမိုးနိုင်တဲ့
အော်ရာတွေဟာ
ပေါက်ကွဲထွက်လာပြီးမှ ဆိုရင်တော့
ဘယ်သူက ဘယ်သူ့ကို ဦးညွှတ်ရမယ်
ဆိုတာကို သိနိုင်မှာလဲ။

လင်းဖုန်းက သူ့ရဲ့ရင်ထဲမှာပဲ
လျှင်မြန်စွာနဲ့
တွေးနေပါတယ်..."အင်း...
ငါကဘာကိုများ ဆက်ပြီးတော့
လုပ်ရပါ့မလဲ? ငါက ငါ့ရဲ့လက်ထဲက
အေကာလာ ပညာရပ်ကို သုံးပြီးတော့
ဗုဒ္ဓကျင့်ကြံသူအဖြစ် အနေနဲ့
ဟန်ဆောင်လိုက်ပြီးတော့...
ဒီစာအုပ်ထဲမှာ ခိစတိဂါဘ သျှုတ္တာရကို
သူ့ကိုရှာတွေ့နိုင်အောင် ဖွက်ထားတဲ့
လူလို့များ လိမ်လိုက်ရမလား?

ဒါကလဲ မဖြစ်သေးဘူး… ဇူရီက
လွတ်လပ်တဲ့လူ ဖြစ်ပြီး သူများနဲ့
အပြန်အလှန် ဆက်ဆံတဲ့ နေရာမှာ
နိုးနိုးကြားကြားနဲ့ သတိရှိတယ်ကွ။
တကယ်လို့များ ငါကသူ့ကို
ဘလိုင်းကြီး သွားရှီးလို့ကတော့
သူကငါ့ကို ယုံမှာမဟုတ်ဘူးဟ။

အနည်းငယ် တစိမ့်စိမ့်နဲ့
စဥ်းစားလိုက်ပြီး အနောက်မှာတော့
လင်းဖုန်းရဲ့မျက်နှာ အပေါ်မှာ
နေဝန်းကဲ့သို့ နွေးထွေးသော

အပြုံးတစ်ခုဟာ ထပ်မံလို့
ပေါ်ပေါက်ကာ လာခဲ့ပြန်ပါပြီ။

"ဟီးဟီး... ဒါကတော့
သိပ်မကောင်းဘူး ထင်ပါတယ်...
နည်းနည်းလေး ရက်စက်ရာများ
ကျသွားမလား?"

တာအိုနည်းစနစ်ကို လေ့ကျင့်တဲ့
နေရာမှာ ဈာန်ဝင်နေပြီဖြစ်တဲ့
ဇူရီလေးကို ကြည့်လိုက်ပြီးမှ...
လင်းဖုန်းရဲ့ မျက်နှာပေါ်က အပြုံးဟာ
ပိုပိုပြီးတော့ အသက်ဝင်ကာ

လာခဲ့ပြီလေ... "အား... ဇူရီလေးရေ... ငါ့ရဲ့တပည့်လေး... မင်းလေးရဲ့ အနာဂတ်မှာ ပိုကောင်းနိုင်ဖို့အတွက် ဆရာသခင်က မင်းကို အခုအချိန်မှာတော့ နည်းနည်းလေး ဒုက္ခရောက်အောင် လုပ်ရဦးမယ်ကွာ။ မင်းလေးက ဆရာသခင်ရဲ့ စိတ်ကောင်းစေတနာကို နားလည်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်ကွာ..."

စိတ်ပိုင်းဖြတ်လိုက် အပြီးမှာတော့ လင်းဖုန်းဟာ စိတ်တွေ သိပ်ပြီးတော့

မလှုပ်ရှားတော့ပါဘူး။ အခုအချိန်ဟာ
ညအချိန် ရောက်နေခဲ့ပြီဖြစ်လို့
ထျန်းကျင်းရဲ့ မြို့တံခါးတွေဟာလည်း
ပိတ်သွားခဲ့ပြီ ဖြစ်ပါတယ်။ သူက
ပြန်လို့မရတော့မယ့် အတူတူ
ဒီနေရာမှာပဲ မနက်ဖြန် မနက်အထိ
စိတ်ရှည်စွာနဲ့ စောင့်ရုံပဲ
ရှိပါတော့တယ်။

တချိန်ထဲမှာပဲ သူဟာ ဇူရီလေးရဲ့
ခိစတိဂါဘ သျှတ္တရကို လေ့ကျင့်နေတဲ့
ရလဒ်တွေကို အနီးကပ်
အာရုံစိုက်နေခဲ့ပါတယ်။

အဖြစ်မှန်တွေက
ဇာတ်လိုက်မင်းသားတွေဟာ
ဟာသလုံးဝ မဟုတ်ဘူး ဆိုတာကို
ဖော်ပြနေခဲ့ပါတယ်။ အချိန်
အနည်းငယ်လေး အတွင်းမှာပဲ ဇူရီဟာ
စွမ်းအင်လမ်းကြောင်းတွေကို
သူ့ရဲ့ကိုယ်ထဲမှာ လည်ပတ်နေပြီး
ကျင့်ကြံမှု လမ်းကြောင်းပေါ်ကို
ခြေချမိနေပြီ ဖြစ်တယ်လေ။ သူက
တစ်ယောက်မှ သူ့ရဲ့အနားမှာ
လမ်းညွှန်ပေးမယ့်သူ မရှိပဲ…
သူ့ကိုယ်သူပဲ အားကိုးပြီးတော့
ဒီသျှုတ္တရကို ဖတ်နေတယ်

ဆိုတာကိုတော့ မင်းက
သိထားရမှာပေါ့။

ကောင်းချီးမင်္ဂလာ အမှတ် ၁၀အပြင်…
သဘောပေါက် နားလည်နိုင်စွမ်း
အမှတ် ၉ ကလဲ အချဉ်တော့
မဟုတ်ပါဘူး။

ဒါကသူ့ကို တပည့်အဖြစ်
သိမ်းသွင်းမယ်ဆိုတဲ့ လင်းဖုန်းရဲ့
အတွေးတွေကို ပိုပြီးတော့
ခိုင်မာလာစေခဲ့ပါတယ်။
မိုးလင်းလာတာနဲ့ တပြိုင်နက်

လင်းဖုန်းဟာ ထျန်းကျင်းမြို့ကို
ချက်ချင်းပြန်သွားပြီးတော့...
ရွှမ်ကျိအမတ်ဂေဟာ
အနားကိုသွားကာ စိတ်ရှည်စွာနဲ့
စောင့်နေခဲ့တယ်လေ။

သိပ်မကြာပါဘူး...
တံခါးနောက်ပေါက်ကနေ မိသားစု
အစေခံတစ်စုဟာ
ထွက်လာကြပြီးတော့... မနီးမဝေးက
မြို့ရင်ပြင်မှာရှိတဲ့ စားသောက်ဆိုင်
တစ်ဆိုင်ဆီကို
လျှောက်သွားကြပါတော့တယ်။

ထိပ်ဆုံးကနေ ဦးဆောင်လာတဲ့
ရုပ်ခပ်ဆိုးဆိုးနဲ့ ဖက်တီးဟာ
အကုန်လုံးရဲ့ ဝန်းရံခြင်းကို ခံထားရပြီး
ခေါင်းဆောင်ဆိုတာ
သိသာနေပါတယ်။

လင်းဖုန်းဟာ တိတ်တိတ်လေးပဲ
ရယ်လိုက်ပါပြီ။ ဒီဖက်တီးရဲ့နာမည်ဟာ
ဇူကျွန်းဖြစ်ကြောင်းကို သူက
သိပြီးသွားပါပြီ... သူဟာ
ရွှမ်ကျိအမတ်ရဲ့ဇနီး လေဒီဆောင်က
သူမရဲ့ မိသားစုကနေ ခေါ်လာခဲ့တဲ့
အစေခံ ဖြစ်ပါတယ်။ သူ့ရဲ့

မူလအမည်ဟာ
ဆောင်ကျွန်းဖြစ်ပြီးတော့…
လေဒီဆောင်နဲ့အတူ ရွှမ်ကျိအမတ်
ဂေဟာကို ရောက်လာပြီးမှ
သူရဲ့နာမည်ကို ဇူကျွန်းအဖြစ်
ပြောင်းလိုက်တာပဲ ဖြစ်တယ်လေ…
သူရဲ့ နာမည်ပြောင်ကတော့ ဖက်တီးဇူ
ဖြစ်ပါတယ်။

ဖက်တီးဇူဟာ လေဒီဆောင်ကို
အလွန်သစ္စာရှိတဲ့သူ ဖြစ်ပြီးတော့…
လေဒီဆောင်ကို
မျက်နှာလုပ်နိုင်ဖို့အတွက် ဇူရီလေးကို

ဒုက္ခရောက်အောင် မကြာခဏ
ကျပ်လေ့ရှိတယ်လေ။

ဒီဖက်တီးဟာ ကြည့်ရတာက
ရုပ်ဆိုးလှပေမယ့်
ကျင့်ကြံမှုပါရမီကတော့
သိပ်မဆိုးလှပါဘူး… ဂေဟာက
ညွှဲဆရာတွေရဲ့ သင်ပြမှုတွေနဲ့အတူ
ဒီနှစ်ပိုင်း အတောအတွင်းမှာ သူကလဲ
ချီသာဝက အဆင့် ၈ ကို ရောက်ရှိလို့
နေခဲ့ပြီလေ။

ဖက်တီးဇူနဲ့ အပေါင်းပါတို့ဟာ
စားသောက်ဆိုင်ထဲကို
ဝင်လိုက်ပြီးတော့... ဒုတိယအထပ်ကို
တက်သွားကြကာ ရှုခင်းအကောင်းဆုံး
နေရာဖြစ်တဲ့ ပြတင်းပေါက်ရဲ့
ဘေးနားက နေရာမှာ
ထိုင်လိုက်ကြပါပြီ။

သူတို့ကို ကြည့်လိုက်ပြီးမှ
လင်းဖုန်းဟာ
တစ်ချက်ပြုံးလိုက်ပါတယ်...
သူ့ရဲ့ကိုယ်ဟာလည်း လူအုပ်ထဲကို

ရောနှောသွားပြီးတော့ ပျောက်ကွယ်လို့ သွားခဲ့ပြီလေ။

သိပ်မကြာခင်မှာပဲ ထူးဆန်းတဲ့ ဇာတ်လမ်းတစ်ပုဒ်ဟာ စားသောက်ဆိုင် အထဲက ဖောက်သည်တွေရဲ့ အကြားမှာ ပျံ့နှံ့လို့ လာခဲ့ပါပြီ… တောင်ကြားတွေ အထဲက ဘုရားကျောင်း တစ်ခုမှာ ဝတ်ရုံစိမ်းနဲ့ လူငယ်တစ်ယောက်ဟာ ထူးဆန်းတဲ့ အပြုအမူတွေကို ပြုလုပ်နေပြီး… သူ့ရဲ့ ကိုယ်ထဲကနေ  လျှပ်စီးတွေတောင် ထွက်နေသတဲ့။

ဒီသတင်းဟာ သိပ်မကြာခင်မှာပဲ
ဖက်တီးဇူးနဲ့ အပေါင်းပါတို့တတွေရဲ့
နားထဲကို ရောက်ရှိလို့
သွားပါတော့တယ်… သူ့တို့က
အချင်းချင်းပဲ
ပြန်ကြည့်လိုက်ကြတယ်လေ။

ရွှမ်ကျိုဂေဟာက
လာတာဖြစ်တဲ့အတွက်… ဇူကျွန်းနဲ့
အပေါင်းပါတို့ဟာ သာမာန်
ဖောက်သည်တွေထက်
ကျင့်ကြံမှုလောက အကြောင်းကို

ဗဟုသုတ ပိုပြီးတော့ ရှိပါတယ်။ လျှပ်စီးဆိုတာက ကမ္ဘာကြီးအပေါ်မှာ အပြင်းထန်ဆုံး စွမ်းအားတစ်ခု ဖြစ်တယ်လေ။ မိုးကြိုးစွမ်းအင်တွေကို စုပ်ယူနိုင်တဲ့ တာအိုနည်းစနစ်တွေ ဆိုတာက ထိပ်တန်းအဆင့်မှာ ရှိနေပါတယ်။ သူတို့ကလဲ ဇူရီဟာ တောင်ပေါ်က ဘုရားကျောင်းပေါ်မှာ စာပေလေ့လာနေတယ် ဆိုတာကို သိထားကြတယ်လေ။ ဒါကို နားထောင်လိုက်ရတော့… ဒီလူဟာ ဇူရီများ ဖြစ်နေမလား?

မိသားစုအစေခံ တစ်ယောက်က
မရေမရာနဲ့ ပြောလိုက်ပါတယ်...
"အင်း... ဒီတောင်ကြားက လူတွေဟာ
တောသားတွေပဲ ဖြစ်ဖို့များတယ်...
သူတို့က  မဟုတ်တရုတ်တွေ
လျှောက်ပြောနေကြတာပဲ
ထင်ပါတယ်... ဟုတ်တယ်မို့လား?
ဇူရီက ဘယ်လိုလုပ်ပြီးတော့ ဒီလိုမျိုး
စွမ်းအားကြီးတဲ့ တာအို
နည်းစနစ်တွေကို ရနိုင်မှာလဲ?"

နောက်တစ်ယောက်ကလဲ
ပြန်ပြောလိုက်ပါပြီ... "အင်း...

အမတ်က ပြောထားတာတော့...
သူကဇူရီကို အခြေခံ ဗဟုသုတတွေ
အရင်ရှာပြီးနောက်မှာမှ ကျင့်ကြံမှုကိစ္စ
အကြောင်းကို ပြောမယ်တဲ့။
လမ်းတောင် မလျှောက်တတ်သေးပဲနဲ့
ဘယ်လိုလုပ်ပြီးတော့
အပြေးလေ့ကျင့်မှာလဲဟ?
တကယ်လို့များ သူက
တိတ်တိတ်ကလေး ခိုးပြီးတော့
လေ့ကျင့်နေခဲ့ရင် ငါတို့ကတော့ သူ့ရဲ့
ကျင့်ကြံမှု စွမ်းပကားကို
ဖျက်ဆီးပစ်ရမှာပဲကွာ။ ဘယ်သူက
အမတ်ရဲ့ စည်းကမ်းတွေကို
ချိုးဖောက်ရဲသလဲကွ?"

တချိန်လုံး စကားမပြောပဲနေခဲ့တဲ့
ဖက်တီးဇူရဲ့
ပါးဖောင်းဖောင်းကြီးတွေဟာ
နောက်ဆုံးမှာတော့ လှုပ်လာခဲ့ပါပြီ...
"ကဲ... သွားပြီးတော့
ကြည့်ကြတာပေါ့ကွာ။ တကယ်လို့များ
ဇူရီက တကယ်ပဲ
တိတ်တိတ်ကလေးခိုးပြီး
ကျင့်ကြံနေခဲ့မယ် ဆိုရင်တော့ သူ့ရဲ့
တာအိုနည်းစနစ်ကို သိမ်းပြီးတော့...
အမတ်ကိုပဲ ဆုံးဖြတ်ဖို့ ပို့ပေးရမယ်။
အမိန့်မရပဲနဲ့တော့ ဘာမှ
လျှောက်မလုပ်ကြနဲ့ကွ..."

အားလုံးရဲ့ မျက်လုံးတွေဟာ
တောက်ပလာကြပါတယ်…
အကုန်လုံးပဲ တဝါးဝါးနဲ့
ရယ်လိုက်ကြပါပြီ။ တကယ်လို့များ
ဇူရီက တကယ်ပဲ ထိပ်တန်းအဆင့်
တာအိုနည်းစနစ် တစ်ခုကို ရထားခဲ့ရင်
သူတို့ဟာ သူတို့အတွက် သိမ်းထားရဲမှာ
မဟုတ်ပဲ ရွှမ်ကျိအမတ်ကို
ယူသွားပေးမှာတော့ သေချာပါတယ်။

ဒါပေမဲ့လည်း သူတို့က
မအေပ်ခင်မှာတော့ ကော်ပီတစ်စုံ

ကူးထားဖို့ အချိန်ရှိတယ်လေ။
ထိပ်တန်းအဆင့် တာအိုနည်းစနစ်…
ဘယ်လိုပဲဖြစ်ဖြစ် သူတို့က
ကိတ်မုန့်လေး တစ်တုံးတော့
လိုချင်တာပေါ့။

ဇူကျွန်းကလဲ သူ့ရဲ့
ပါးမို့မို့ဖောင်းဖောင်းကြီး အပေါ်က
အဆီတွေကို လှုပ်သွားအောင်
ရယ်လိုက်ပြီလေ။

ဒီလူစုဟာ စားသောက်ဆိုင် ထဲကနေ
ချက်ချင်းပဲ ထွက်သွားလိုက်ကြပါပြီ…

မြို့ပြင်ဖက်က နွေဦးတောင်တန်းဆီကို
ဦးတည်လိုက်ပြီလေ။ ဒါပေမဲ့လည်း
သူတို့ဟာ သူ့တို့ရဲ့ အနောက်ကနေ
တစ်ချိန်လုံး နောက်ယောင်ခံ
လိုက်နေတဲ့ လင်းဖုန်းကိုတော့
သတိမထားမိခဲ့ကြပါဘူး။

ဇူကျွန်းနဲ့ အပေါင်းပါတို့ရဲ့
နောက်ကျောကို ကြည့်ပြီးတော့…
လင်းဖုန်းရဲ့ မျက်နှာပေါ်က အပြုံးဟာ
ပိုပိုပြီးတော့ တောက်ပကာ
လာခဲ့ပြီလေ။

ဒုတိယ မင်းသားဟာ
သူပြင်ဆင်ထားတဲ့ ဇာတ်စင်အပေါ်မှာ
ကြိုးစောင့်နေခဲ့ပါတယ်... အခုတော့
ဇာတ်ပို့ဇာတ်ရံ တွေကလဲ ရောက်ရှိကာ
လာခဲ့ပါပြီ။ ဒါရိုက်တာကြီး
လင်းဖုန်းကိုယ်တိုင် ဇာတ်ညွှန်းရေး...
ရိုက်ကူးပြီးတော့ ပါဝင်
သရုပ်ဆောင်ထားတဲ့ ပြဇာတ်ကြီးဟာ
မကြာခင်မှာပဲ စတင်ပြီးတော့
ပြသတော့မှာ ဖြစ်ပါတော့တယ်။

ကောင်းကင်ဘုံက မစခြင်းကို
ခံထားရတဲ့ ဇူရီလိုမျိုး.. ဦးခေါင်းပေါ်မှာ

ဇာတ်လိုက်မင်းသားရဲ့
ရောင်ခြည်တော်စက်ဝန်း ရှိနေတဲ့
သူမျိုးအတွက်ကတော့ ပိုပြီးတော့
အဆင့်မြင့်တဲ့ မွန်းစတားတွေကို
သတ်နိုင်တဲ့ စွမ်းရည်မျိုးကို
ပိုင်ဆိုင်ထားပါတယ်။ တကယ်လို့များ
ပြိုင်ဖက်တွေရဲ့ အဆင့်ဟာ
နိမ့်နေခဲ့မယ် ဆိုရင်တော့ ဇူရီကို
အတွေ့အကြုံတွေ
လာပေးနေသလိုမျိုးပဲ ဖြစ်သွားမှာလေ။

ဒါပေမဲ့ ဖက်တီးဇူနဲ့
အပေါင်းအပါတွေဟာ အနည်းဆုံး

ချီသာဝကအဆင့် ၅.. အဆင့်ဖြ
တွေရှိကြပြီး… ဖက်တီးဇူလိုမျိုး
ချီသာဝက အဆင့်ရကာ
ဦးဆောင်လာကြတာပါ။

ဇူရီလေးဟာ အခုမှ တာအိုနည်းစနစ်ကို
စတင်ထိတွေ့ဖူးတာဖြစ်ပြီး ကျင့်ကြံစပဲ
ရှိသေးတာလေ… သူ့မှာက
အတွေ့အကြုံလဲ မရှိသေးပါဘူး။ သူက
ဘယ်လိုမျိုး ပါရမီရှင်လေးပဲ ဖြစ်ဖြစ်…
ကောင်းချီးမင်္ဂလာ ဘယ်လောက်ပဲ
မြင့်မြင့်… ဖက်တီးဇူတို့ အဖွဲ့ကို
ရင်ဆိုင်ရရင်တော့ အရိုက်ပဲ ခံရမှာပါ။

အဆင့်မြင့်တဲ့ မွန်းစတားတွေကို
သတ်နိုင်တယ် ဆိုတာကလဲ
အကန့်အသတ်တော့ ရှိတယ်လေ။

တကယ်လို့များ သူက ဇူရီကို
လေ့ကျင့်ဖို့ အချိန်ပေးလိုက်မယ်
ဆိုရင်တော့... သူက ဆေးဝါးတွေ
သုံးထားသလိုမျိုး အဆင့်တွေ
အမြန်ကြီး ခုန်တက်သွားတော့မှာပါ။
ဒါပေမဲ့လည်း လင်းဖုန်းဟာ သူ့ကို
အဆင့်တက်အောင် လေ့ကျင့်ဖို့ကို
အချိန်လုံးဝ မပေးခဲ့ပါဘူး...
မွန်းစတားကောင်ကြီး တစ်အုပ်ကို

ဝိုင်းရိုက်ဖို့ ခေါ်လာခဲ့ပါပြီ...
ဓာတ်လိုက်မင်းသားတွေတောင်မှပဲ
ဘာကိုမှတတ်နိုင်မှာ
မဟုတ်တော့ပါဘူး။

လင်းဖုန်းဟာ ဇူကျွန်းနဲ့
အပေါင်းပါတွေရဲ့ အနောက်ကို
သက်တောင့်သက်သာပဲ
လိုက်လာခဲ့ပါတယ်... ဓာတ်ညွှန်းက
အားလုံး ရေးပြီးသွားပြီလေ...
အခုတော့သူဟာ သရုပ်ဆောင်တွေ
စတင်ပြီး ကပြတာကို
ထိုင်ကြည့်နေရုံပါပဲ။

"အင်း… ဆရာသခင်ရဲ့ တပည့်ကောင်းလေးရေ… မင်းကလဲ သမိုင်းကို သေသေချာချာ လေ့လာထားတာပဲကွာ… မင်းက "ကောင်းကင်က လူတစ်ယောက်ကို လေးလံတဲ့ တာဝန်တွေကို ယုံယုံကြည်ကြည် မပေးအပ်ခင်မှာ… သူ့ရဲ့စိတ်ကို နားလည်သဘောပေါက်အောင် အရင်လုပ်တယ်… သူ့ရဲ့ အသားတွေကို ဖြတ်တောက်ပြီး… သူ့ရဲ့ အရေခွံတွေကို အခြောက်လှန်းတယ်…"

ဆိုတဲ့စကားကို ကြားဖူးမှာပေါ့ကွာ…
ဟုတ်တယ်မလား? ဒါ့ကြောင့်မင်းလေး
ဒုက္ခနည်းနည်း ရောက်တဲ့အချိန်ကျရင်
မကြောက်ပါနဲ့ကွာ… ဆရာသခင်က
မင်းရဲ့အနောက်မှာ ရှိနေပါတယ်ကွ…"

သေချာတာပေါ့… ဖက်တီးဇူနဲ့
အပေါင်းပါတို့ဟာ
ဘုရားကျောင်းကိုရောက်ပြီး
ဇူရီလေးကို တွေ့တာနဲ့ ချက်ချင်းပဲ
စတင်ပြီးတော့ တိုက်ခိုက်လိုက်ပါပြီ။

ဇူရီကလဲ သတိကောင်းတယ်လို့
ဆိုရမယ်... ခြေတစ်လှမ်း ကြိုပြီးတော့
ရွှေရောင်စာရွက်နဲ့ ကျမ်းစာလေးကို
ဖွက်ထားလိုက်တယ်လေ။ ဖက်တီးဇူနဲ့
အပေါင်းပါတွေဟာ ဘယ်လိုပဲ
အရှက်ရအောင် လုပ်လုပ် လုံးဝကို
ဝန်မခံခဲ့ပါဘူး။

ဒါပေမဲ့ ဖက်တီးဇူဟာ
ဝက်တစ်ကောင်ရဲ့
မျက်နှာမျိုးရှိပေမယ့်
လူအတစ်ယောက် မဟုတ်ဘူး
ဆိုတာကို သူက မခန့်မှန်းနိုင်ခဲ့ပါဘူး။

သူက မျက်စိတချက်
ဝေ့ကြည့်လိုက်တာနဲ့ ဗူရီရဲ့
အကျီလက်ရှည်စအောက်မှာ
ပြာမှုန်နေတွေ ပေနေတာကို
သတိထားမိခဲ့ပါတယ်။

ဖက်တီးဗူဟာ မီးလင်းဖိုကို
ဆောင့်ကန်လိုက်ပါပြီ… အနည်းငယ်
လွင့်သွားတော့ ဒီမီးလင်းဖိုမှာ မီးခဲမီးစ
အနည်းငယ် ရှိနေသေးပါတယ်။
ခိစတိဂါဘ သျှတ္တရကို ရေးထားတဲ့
ရွှေရောင်စာရွက်လေးကိုလဲ ချက်ချင်းပဲ
တွေ့ရှိလိုက်ရပြီလေ။

ဗူရီရဲ့ မျက်နှာလေးဟာ ချက်ချင်းကိုပဲ အရောင်ပြောင်းသွားခဲ့ပါတယ်။

ဖက်တီးဗူနဲ့ ရောင်းရင်းများဟာလည်း ရယ်ကုန်ကြပြီလေ။

တံခါးအပြင်ဖက်ကနေ... အရာရာကို စောင့်ကြည့်နေတဲ့ လင်းဖုန်းကလည်း ပြုံးလိုက်ပါပြီ။

## စာစဥ် ၃ : အပိုင်း ၃

# အပိုင်း ၃၃ : မိဘအကြွေးကို သားသမီးက ဆပ်ရခြင်း

မြေပေါ်ကို ပြုတ်ကျသွားပြီးဖြစ်တဲ့ မီးလင်းဖိုနဲ့ ထွက်ပေါ်လာခဲ့တဲ့ ခိစတိဂါဘ သျှတ္တရကို ကြည့်လိုက်ပြီးမှ...ဇူရီရဲ့ ရင်ထဲမှာ မျှော်လင့်ချက်တွေဟာ ပျက်သုန်းသွားခဲ့ပါတယ်... "ဟင်း... ဒါက ငါ့ရဲ့ကံပဲလား? ဘာဖြစ်လို့များ မျှော်လင့်ချက်တွေ ပေးပြီးမှ ပြန်ပြီးတော့ ရိုက်ချရတာလဲကွာ?"

"ကျား... အရှုံးပေးလို့ မဖြစ်ဘူး... ယောကျာ်းကောင်းဆိုတာ ကိုယ့်ကိုယ်ကိုကောင်းအောင် အမြဲတမ်း ကြိုးစားနေရမယ်... ငါရဲ့ နှလုံးသားက ပျော့ညံ့လို့ မဖြစ်ဘူးကွ..."

ဖက်တီးဇူးက ခိစတိဂါဘ သျှတ္တရကို ရေးသားထားတဲ့ ရွှေရောင်စာရွက်လေးကို ကောက်ကိုင်လိုက်ပြီး... ဇူရီကို လှောင်ပြုံးပြုံးပြီးတော့မှပဲ

ကြည့်လိုက်ပါပြီ... "ကဲ... သခင်လေးရီ... ဒါကဘာများလဲဗျ?"

ဇူရီကတော့ သူ့ရဲ့နှုတ်ခမ်းကို တင်းတင်းစေ့လိုက်ပါတယ်... သူ့ရဲ့ အမူအယာ တွေဟာလည်း ပြန်ပြီးတော့ တည်ငြိမ်ကာ လာခဲ့ပြီလေ... "ဟာ... ဒီမီးလင်းဖိုလေးထဲမှာ ဘာတွေ ရှိနေတာလဲ? ကျွန်တော်အရင်က မတွေ့မိပါလား..."

ဖက်တီးဗူနဲ့ အပေါင်းပါတွေဟာ
အချင်းချင်း
ပြန်ကြည့်လိုက်ကြပါတယ်...
အကုန်လုံးကပဲ တဟားဟားနဲ့
ရယ်လိုက်ကြတယ်လေ... "ဩော်...
အဲ့ဒီလို ဆိုရင်လဲ ကျုပ်တို့ကပဲ
ယူသွားပြီးတော့ အမတ်ကိုပဲ
ဆုံးဖြတ်နိုင်အောင်
တင်ပြပေးရမှာပေါ့..."

"အဲ... ဒါပေမဲ့လည်း သခင်လေးရီ...
ကျွန်တော်တို့က အတူတူ
တွေ့ခဲ့ကြတာဆိုတော့ သခင်လေးလဲ

ကျွန်တော်တို့နဲ့ အတူတူ လိုက်လာခဲ့မှ
ရမယ်ဗျ။ ဒါမှလဲ အမတ်ရှေ့မှာ
မှန်ကန်ကြောင်းကို
သက်သေပြနိုင်မှာပေါ့..."
ဖက်တီးကျိုးဟာ သူ့ရဲ့
မျက်လုံးမှေးကြီးတွေကို စွေပြီးတော့
ကြည့်လိုက်ပါတယ်... သူ့ရဲ့
မျက်နှာမှာကလည်း ကိုယ့်ကိုယ်ကိုယ်
ကျေနပ်အားရနေတဲ့
အမူအယာမျိုးနဲ့ပါ။

ဇူရီက ခေါင်းကို တည်ငြိမ်စွာနဲ့ပဲ
ညိတ်လိုက်ပါတယ်။ ခိစတိဂါဘ

သျှတ္တရကို ဆုံးရှုံးခဲ့ရတာကြောင့်
သူဟာ စိတ်ခေတ်ကျနေမယ် ဆိုတာက
သံသယဖြစ်ဖွယ်ရာ မရှိပါဘူး...
ဒါပေမဲ့လည်း အခုအချိန်မှာ
အရေးအကြီးဆုံးက သူ့ရဲ့ဘိုးတော်
ရွှမ်ကျိအမတ် ဇူဟုန်ဝူကို အရင်ဆုံး
ကျေနပ်အောင် လုပ်ရမှာပါ။

ဇူဟုန်ဝူဟာ စည်းကမ်းအလွန်
တင်းကျပ်တဲ့သူပါ။ ဇူရီလိုမျိုး
ပြဿနာကောင်ကို မပြောနဲ့... သူ့ရဲ့
အရိုက်အရာကို ဆက်ခံမဲ့ သူ့ရဲ့
အကြီးဆုံးသား တောင်မှပဲ

အမှားသေးသေးလေး လုပ်မိတာနဲ့
ဇူဟုန်ဝူရဲ့ မိသားစု
အပြစ်ပေးမှုတွေကြောင့် အရေခွံတွေ
ပါးပါးအလှီးခံရမှာ အသေအချာပါပဲ။

တကယ်လို့များ ဇူဟုန်ဝူက သူဟာ
တာအို နည်းစနစ်တွေကို ခိုးပြီးတော့
လေ့ကျင့်နေတယ် ဆိုတာကို
သိသွားလို့ကတော့ သူ့ရဲ့အသက်ဟာ
တစ်ဝက်ထွက်ဖို့ သေချာနေခဲ့ပါတယ်။

တံခါးအပြင်ဘက်က လင်းဖုန်းဟာ
ဖွဖွလေးပဲ ပြုံးလိုက်ပါပြီ။ အခုက

သူစင်ပေါ် တက်ရမယ့်
အချိန်ကျပြီလေ။ တကယ်လို့များ
ဇူရီကို အမတ်ဂေဟာ ပြန်အခေါ်ခံရတဲ့
အချိန်အထိ စောင့်လိုက်ရင်တော့…
သူဟာ ရွှမ်ကျိအမတ်ရဲ့
ချုပ်နှောင်ခြင်းကို ခံရပြီး အိမ်ထဲကနေ
ပြန်ထွက်ခွင့် ရတော့မှာ မဟုတ်ပါဘူး။
ရွှမ်ကျိအမတ်ရဲ့ မျက်စိအောက်ကနေ
ဇူရီကို တပည့်အဖြစ် သိမ်းသွင်းရမယ်
ဆိုရင်တော့ အလွန်ကိုပဲ
ခက်ခဲသွားတော့မှာလေ။

"ဟာ... တစ်ခုခုတော့ မှားနေပြီ! ဒါ...ဒါ..."

လင်းဖုန်းက အကွက်ချနေဆဲမှာပဲ တောအုပ်ထဲကနေ လူတစ်စုဟာ ဘုရားကျောင်း တည့်တည့်ကို ပြေးလာနေတာကို တွေ့လိုက်ရပါပြီ။

လင်းဖုန်းဟာ ရင်ထဲမှာ အေးစက်သွားခဲ့ပါတယ်... "ဟာ... ဒီလူတွေက ဘာများ လုပ်ချင်နေတာလဲ... သူတို့ရဲ့ ပစ်မှတ်ကရော ဇူရီလေးများ ဖြစ်နေမလား?"

ဒီလူစုဟာ ဖက်တီးကျိုးနဲ့
အပေါင်းပါတွေထက် အပုံကြီး
သာပါတယ်… တောအုပ်ထဲကနေ
လျှင်မြန်သွက်လက်စွာနဲ့
ထွက်လာခဲ့ပါပြီ… စနစ်တကျ ရှိလှပြီး
စစ်တပ်က လူတွေလိုပဲ
စည်းကမ်းသေဝပ်မှု ရှိကြပါတယ်။

ပိုဆိုးတာက သူ့တို့ရဲ့ အထဲမှာ
အခြေခံအုတ်မြစ်အဆင့် ကျင့်ကြံသူ
တစ်ယောက်လဲ ပါလာခဲ့တယ်လေ!

စဥ်းစားနေရင်းနဲ့ လင်းဖုန်းဟာ
အရင်ပုန်းလိုက်ပါတယ်... ပြီးတော့
ဒီလူစုဟာ ဇူရီလေးရှိနေတဲ့ ဘေးက
အဆောင်ထဲကို ဝင်သွားတာကို
တွေ့လိုက်ရပါပြီ။

ဘေးက အဆောင်ထဲမှာတော့... ဇူရီတို့
တတွေဟာ တရကြမ်း တိုးဝင်လာတဲ့
လူစုကို ကြောင်ပြီးတော့
ကြည့်နေကြပါတယ်။ အခန်းထဲကို
ရောက်တာနဲ့ပဲ  သူတို့ရဲ့
အကြည့်တွေဟာ ဇူရီလေးရဲ့

ကိုယ်ပေါ်ကို ရုတ်ချည်းပဲ ကျရောက်လို့ သွားခဲ့ပြီလေ။

ခေါင်းဆောင်ကတော့ ပါးပေါ်မှာ အမာရွတ် ရှိနေတဲ့ ဝတ်ရုံနက်နဲ့ လူတစ်ယောက်ပါ။ ဒီလူဟာ အနောက်ကို လှည့်လိုက်ပြီး သူ့ရဲ့ ရဲဘော်ရဲဘက် နှစ်ယောက်ကို ကြည့်လိုက်ပါတယ်။
ဒီလူနှစ်ယောက်ကလဲ သူ့တို့ရဲ့ ခေါင်းတွေကို ညိတ်လိုက်ကြပါပြီ…
"အင်း… အဲ့ဒီစာသင်သားပဲ…"

ခန်းမရဲ့ အပြင်ဖက်မှာတော့
လင်းဖုန်းဟာ ခေါင်းအကြီးကြီး
ကိုက်နေခဲ့ပြီလေ... ရင်ထဲကနေပဲ
ကြုံးဝါးနေခဲ့ပါပြီ... "အား...
ဒါကြောင့်မို့ ငါက မထင်မှတ်ထားတဲ့
အဖြစ်အပျက်တွေကို မုန်းတယ်လို့
ပြောတာဟ!"

နောက်ထပ်တစ်ဖွဲ့က ရုတ်တရက်
ထပ်ပြီးတော့မှပဲ
ရောက်လာခဲ့ပေမယ့်... ဇူရီကတော့
ဟန်မပျက်အောင် ထိန်းနိုင်ခဲ့ပါတယ်...
"ဟင်... ခင်ဗျားတို့က ကျုပ်ကို

ရှာနေတာလား? ဒါပေမဲ့ ကျုပ်က
ခင်ဗျားတို့ကို မသိဘူးလေ...
ခင်ဗျားတို့က ဘယ်သူတွေလဲဗျ?"

ဒီအချိန်မှာလဲ ဖက်တီးဇူက
သတိပြန်ဝင်လာခဲ့ပါပြီ...
သရော်ပြုံးလေးနဲ့ပဲ
ပြောလိုက်တယ်လေ... "ဟာ...
သခင်လေးရီ... သခင်လေးက
ဘာပြဿနာတွေကိုများ
ရှာထားပြန်ပြီလဲ... သူတို့ကို
လောင်းကစားအကြွေး

တင်နေတာတော့ မဟုတ်လောက်
ပါဘူးနော်? ဟားဟားဟား..."

ဝတ်ရုံနက်လူက မျက်မှောင်ကြီးကို
ကြုတ်လိုက်ပါတယ်... "ဟော့...
မင်းရဲ့ပါးစပ်ကို ပိတ်ထားလိုက်စမ်း..."

ဖက်တီးဇူဟာ
မျက်နှာပျက်သွားခဲ့ပါပြီ... သူ့ရဲ့
မျက်နှာကြီးကလဲ နီရဲကာ
လာခဲ့ပြီလေ... "ခွေးသူတောင်းစား...
မင်း... မင်း..."

သူ့ရဲ့ စကားကိုဆုံးအောင်
နားမထောင်ပဲနဲ့ ဝတ်စုံနက်နဲ့လူဟာ
ယင်ကောင်ဖမ်းသလိုမျိုး သူ့ရဲ့လက်ကို
ဝှေ့ယမ်းလိုက်ပါတယ်... "ဟှေ့...
ဒီကျောင်းတော်သားက လွဲပြီးတော့
ကျန်တဲ့ဇူခွေးတွေ အကုန်လုံးကို
သတ်ကြကွ..."

ဒီလူရဲ့အသံဟာ အံ့အားသင့်ဖွယ်
တည်ငြိမ်နေပါတယ်...
မနှစ်မြို့ခြင်းတွေကိုလဲ
ခံစားနိုင်တယ်လေ...

ယင်ကောင်ကလေးတွေကို သတ်ဖို့
အမိန့်ပေးနေသလိုပါပဲ။

ဖက်တီးဇူးရဲ့ အမူအရာကလဲ
အလွန်အမင်းကိုမှပဲ ပျက်သွားခဲ့ပါပြီ…
ဒေါသဖြစ်စွာနဲ့ပဲ အော်လိုက်ပြီလေ…
"ဟော့… မင်းတို့က ငါတို့ကို
ထိရဲသလား? ငါတို့က ရွှမ်ကျိအမတ်
ဂေဟာကကွ… မင်းတို့က ငါ့ရဲ့
လက်ချောင်းလေး တစ်ချောင်းကို
ထိရဲရင် ထိကြည့်… ငါက မင်းတို့ရဲ့
တစ်မိသားစုလုံးကို သတ်ပစ်မယ်ကွ!"

ဝတ်ရုံနက်နဲ့လူဟာ ခါးသီးစွာနဲ့ပဲ ရယ်လိုက်ပါတယ်... "ဟားဟားဟား... ငါ့ရဲ့ တစ်မိသားစုလုံးကို သတ်ပစ်မယ်? ငါတို့ရဲ့ ကလန်တစ်ခုလုံးက လူကြီးလူငယ်ပါမကျန် မင်းတို့ဇူခွေးတွေရဲ့ လက်အောက်မှာ သေသွားခဲ့တာ အကြာကြီးရှိပြီကွ..."

သူ့ရဲ့လက်ကို ဆန့်လိုက်ပြီး သူ့ရဲ့ မျက်နှာပေါ်က အမာရွတ်ကို စမ်းလိုက်ပါတယ်... သူရဲ့ အမူအယာဟာလည်း ရုတ်ခြည်းပဲ အေးစက်လို့ သွားခဲ့ပါပြီ...

"ရွှမ်ကျိုအမတ်… ဟားဟား…
ရွှမ်ကျိုအမတ်… ဒီကောင်လေးက
ဇူဟုန်ဝူရဲ့ သားမှန်းသိလို့ ငါတို့က
လာခဲ့တာကွ။ ဒီခွေးအိုကြီးရဲ့လက်ဟာ
ငါတို့ရဲ့ တိုင်းသူပြည်သားတွေရဲ့
သွေးတွေနဲ့ စွန်းထင်းနေခဲ့တာဟ…
ဒီကနေ့တော့ ငါတို့က သူ့ကို
အတိုးနည်းနည်း ပြန်ပြီးတော့
ဆပ်ခိုင်းမယ်ဟေ့!"

ဒီဝတ်ရုံနက်နဲ့လူဟာ သူ့ရဲ့
အကျီအနားကွပ်ကို အနည်းငယ်
မလိုက်ပါတယ်…

ထောင့်ခြောက်ထောင့်နဲ့ နှင်းပွင့်ပုံစံဟာ ပေါ်ထွက်ကာ လာခဲ့ပြီလေ။

"ဟာ... နှင်းပွင့်... မင်းတို့တွေဟာ နှင်းမုန်တိုင်းက အသက်ရှင်ကျန်ခဲ့တဲ့ သူတွေပဲ... မင်းတို့က "ပြင်းထန်သောမုန်တိုင်း
အဖွဲ့အစည်း"ကလူတွေပဲ!"
ဖက်တီးကျိုးဟာ တံတွေးကို ဂလုကနဲ မျိုချလိုက်တယ်... လုပ်ပြီးတော့ ပြုံးထားတဲ့ အပြုံးလေး တစ်ခုကို ပြုံးပြလိုက်ပါပြီ။

လင်းဖုန်းကလဲ မျက်မှောင်ကြီးကို
ကြုတ်လိုက်ပါပြီ… သူဟာ
ပြင်းထန်သောမုန်တိုင်း အဖွဲ့အစည်းကို
မသိပဲ တစ်ခါမှလည်း
မကြားဖူးပါဘူး… ဒါပေမဲ့လည်း သူက
နှင်းမုန်တိုင်းကိုတော့ ကြားဖူးပါတယ်။

နှင်းမုန်တိုင်း ဆိုတာက မြောက်ပိုင်းက
ဆီးနှင်းလွင်ပြင်ထဲမှာ တည်ရှိတဲ့
နိုင်ငံငယ်လေး တစ်နိုင်ငံ ဖြစ်ပြီးတော့
မဟာကျိုး အင်ပါယာရဲ့
မြောက်ဘက်ပိုင်းနဲ့ နယ်နိမိတ်ခြင်း
ထိစပ်နေပါတယ်။ လွန်ခဲ့တဲ့

ဆယ်နှစ်လောက်တုံးက
ကျိုးအင်ပါယာရဲ့ နယ်မြေချဲ့ထွင်တဲ့
အချိန်ကာလက... ဒီနိုင်ငံလေးဟာ
တိုက်ခိုက်သိမ်းပိုက်ပြီး ကိုလိုနီ
ပြုတာကို ခံလိုက်ရတယ်လေ။
အဲ့ဒီအချိန်တုံးက ဒီနိုင်ငံကို စစ်ချီခဲ့တဲ့
စစ်တပ်ခေါင်းဆောင်ဟာ
ရှမ်ကျိအမတ်ပဲ ဖြစ်ပါတော့တယ်။

မြောက်ပိုင်းသားတွေဟာ
လျင်မြန်ဖျတ်လတ်ပြီး
ရဲစွမ်းသတ္တိတွေနဲ့ ပြည့်စုံပါတယ်။
သူတို့ရဲ့ တိုင်းပြည်က

ကျရှုံးသွားပေမယ့်... နှင်းမုန်တိုင်း
နိုင်ငံသားတွေဟာ အညံ့မခံ
အရှုံးမပေးကြပါဘူး...
နယ်ချဲ့တော်လှန်ရေးတွေ
တစ်ခုပြီးတစ်ခု ပေါ်ပေါက်ပြီးတော့
လာခဲ့တယ်လေ။ ဒါက
ကျိုးအင်ပါယာရဲ့ လက်အောက်ကို
ကျရောက်ခဲ့တဲ့ ဒေသတွေ အနက်ကမှ
တည်ငြိမ်မှုကို မရသေးတဲ့
ဒေသတစ်ခုပဲ ဖြစ်ပါတော့တယ်။

အခုကြည့်ရတာက... ဒီပြင်းထန်
သောမုန်တိုင်း အဖွဲ့အစည်းဟာ

ကျရှုံးသွားပြီဖြစ်တဲ့ နှင်းမုန်တိုင်းရဲ့
လက်ကျန်လူတွေနဲ့ ဖွဲ့စည်းထားတဲ့
သောင်းကျန်းသူ အုပ်စုဖြစ်ပြီး…
မဟာကျိုး အင်ပါယာကို
အထူးတလည် ရည်ရွယ်ပြီးမှ
ဆန့်ကျင်နေကြတာပဲ ဖြစ်ပါတယ်။

ဘယ်သူက ထင်ထားမိမှာလဲ…
သူတို့က ဒီကျိုးအင်ပါယာရဲ့
အချက်အချာနေရာ အထိကို
လာရဲလိမ့်မယ်လို့… ပြီးတော့လည်း
မင်းနေပြည်တော်ရဲ့ အနားမှာတောင်
လှုပ်ရှားပြီးမှ…

ရှမ်ကျိုအမတ်ကိုတောင်မှပဲ
မျက်စိကျရဲခဲ့တယ်လေ။

ဇူရိကလဲ ဒီအချိန်မှာတော့
အကုန်လုံးကို
သဘောပေါက်သွားခဲ့ပါပြီ... ပါးစပ်ကို
ဟပြီးတော့ ပြောလိုက်ပြီလေ...
"ဟင်း... ကျွန်တော်က ဘာမှမဟုတ်ပဲ
အပယ်ခံ ပြဿနာကောင်
သက်သက်ပါ... တကယ်လို့များ
ခင်ဗျားတို့က ကျုပ်ကို
ဓားစာခံလုပ်ပြီးမှ ကျုပ်ရဲ့ဖခင်ကို
အကျပ်ကိုင်မယ် ဆိုရင်တော့

မှားသွားလိမ့်မယ်ဗျ။
ဘာဖြစ်လို့လဲဆိုတော့
ဘာအကျိုးသက်ရောက်မှုမှ  ရှိမှာ
မဟုတ်လို့ပဲလေ... ကျုပ်ရဲ့ဖခင်က
ဘာကိုမှ အလျှော့ပေးမှာ
မဟုတ်ဘူးဗျ..."

"ဟင်း... ကျုပ်ကို
သတ်လိုက်ရင်တောင်မှပဲ
ကျုပ်ရဲ့အဖေက ဒီလောက်အထိ
ဝမ်းနည်းမှာ မဟုတ်ဘူးဗျ။
ခင်ဗျားတို့က ကျုပ်ကိုလာရှာတာ
လူမှားသွားပြီဗျာ..."

ဝတ်ရုံနက်နဲ့လူက ပြုံးဖြဲဖြဲကြီး
ဖြစ်သွားပါတယ်... "ဟားဟား...
မင်းကို ခွေးအိုကြီးက ဂရုမစိုက်ဘူး
ဆိုတာကို ငါတို့က သိတာပေါ့ကွ...
နို့မဟုတ်ရင် မင်းကဒီကနေ့ ငါတို့ရဲ့
လက်ထဲကို ဘယ်ရောက်ပါ့မလဲကွာ..."

သူက ဇူရီလေးကို လှောင်ပြုံးရိပ်နဲ့ အဝင်တဲ့
အပြုံးလေးနဲ့ပဲ ကြည့်လိုက်ပါပြီ...
"ကဲ... မင်းကိုမင်းလဲ သိပ်ပြီးတော့
အထင်မသေး ပါနဲ့ကွာ...
ငါတို့အတွက်တော့ မင်းဟာ

တန်ဖိုးနည်းနည်းလေးတော့ ရှိပါသေးတယ်။ ဥပမာအားဖြင့်… မင်းက ဒီခွေးအိုကြီးရဲ့အိမ်မှာ ကြီးလာခဲ့တာလေ… မင်းက ဒီအိမ်ရဲ့ ဖွဲ့စည်းပုံ အပြင်အဆင်… လူတွေရဲ့ အမူအကျင့်… အစောင့်တွေရဲ့ လုပ်ငန်းစဉ် စတာတွေနဲ့ တရင်းတနှီး ရှိမှာပေါ့"

ဇူရီကလဲ နှုတ်ခမ်းကို တင်းတင်းစေ့ထားခဲ့ပြီး ဘာကိုမှ ပြန်မပြောခဲ့ပါဘူး။ ရုတ်တရက်ပဲ သူ့ရဲ့နားထဲမှာ လေတိုးသံ တစ်ချက်ကို

ကြားလိုက်ရပါပြီ… အံ့အားသင့်စွာနဲ့
ကြည့်လိုက်တော့ ဝတ်ရုံနက်နဲ့လူဟာ
သူ့ရဲ့ရှေ့ကို ဘယ်အချိန်ကတည်းက
ရောက်မှန်းမသိ ရောက်နေခဲ့ပြီလေ…
နှစ်ယောက်သားဟာ
လက်မအနည်းငယ်သာ
ကွာဝေးပါတော့တယ်။

ဝတ်ရုံနက်နဲ့လူဟာ ရေခဲရိုက်ထားတဲ့
အပြုံးတစ်ခုကို ပြုံးလိုက်ပါပြီ…
သူ့ရဲ့အမာရွတ် အရှည်ကြီးတောင်မှပဲ
တွန့်လိမ်လို့ သွားခဲ့ပြီလေ။
သူကစကားကို တစ်လုံးချင်း

ပြောလိုက်ပါပြီ... "ကဲ... မင်းကတော့
ပြောကို ပြောရမှာပဲဟေ့..."
စကားဆုံးတာနဲ့ပဲ သူဟာ ဖက်တီးဇူးနဲ့
ရောင်းရင်းများကို
လှည့်ကြည့်လိုက်ပြီလေ... သူ့ရဲ့
အကြည့်တွေက လူသေတစ်အုပ်စုကို
ကြည့်နေရတဲ့ အတိုင်းပါပဲ။ သူက
လက်ကို ဝေ့ယမ်းလိုက်ပါပြီ... "ကဲ...
လက်စတုံးလိုက်တော့ဟေ့..."

သူ့ရဲ့ အမိန့်အောက်မှာ ပြင်းထန်
သောမုန်တိုင်း အဖွဲ့အစည်းက
ကျင့်ကြံသူတွေဟာ စတင်ပြီးတော့

တိုက်ခိုက်လိုက်ပြီလေ…
အေးစက်နေတဲ့ မှော်စွမ်းအင်
လှုပ်ရှားမှုတွေဟာ ဘုရားကျောင်း
တစ်ခုလုံးကို လွှမ်းခြုံလို့ သွားခဲ့ပါပြီ။

ဒီကျင့်ကြံသူတွေ အားလုံးဟာ
မဟာကျိုး အင်ပါယာ အတွင်းမှာ
ကြီးလေးတဲ့ ပြစ်မှုတွေနဲ့ အလိုရှိခြင်းကို
ခံနေကြရတဲ့ ရာဇဝတ်သားတွေပဲ
ဖြစ်ကြပါတယ်… အကုန်လုံးဟာလည်း
တုံးတိုက်တိုက် ကျားကိုက်ကိုက်
သမားတွေချည်းပါပဲ။
သူတို့အားလုံးဟာ ထူးချွန်တဲ့

တိုက်ခိုက်ရေးသမားတွေ ဖြစ်ကြပြီး
အသင်းလိုက် တိုက်ခိုက်ရာမှာလဲ
အပေးအယူ အလွန်မျှကြပါတယ်။
မှော်ကျိန်စာ ထုတ်လွှတ်ရာမှာလဲ
အလွန်ကိုပဲ ကျွမ်းကျင်လှပြီး
မှော်စွမ်းအင်
နည်းနည်းလေးတောင်မှပဲ အလဟာသ
မဖြစ်သွားခဲ့ပါဘူး… အထိရောက်ဆုံး
နည်းလမ်းတွေနဲ့ ရန်သူတွေကို
ရက်ရက်စက်စက်ပဲ
သတ်ဖြတ်ကြပါတော့တယ်။

ဖက်တီးဇူးနဲ့ အပေါင်းအပါတို့ဟာ
ဒီလိုမျိုး တိုက်ပွဲမျိုးနဲ့ တခါမှ
မကြုံဖူးကြပါဘူး... ဒီလူစုဟာ
လုံးဝကိုပဲ အင်အားမဲ့နေခဲ့ပါတယ်...
အားလုံးဟာ တံစဥ်နဲ့
ရိတ်လှီးခံလိုက်ရတဲ့
ကောက်ပင်တွေလိုပဲ
တစ်ယောက်ပြီးတစ်ယောက်
ကျဆုံးကုန်ကြပါပြီ။

ချီသာဝက အဆင့်ဇမှာ ရှိနေတဲ့
အမြင့်ဆုံး ကျင့်ကြံသူဖြစ်တဲ့
ဖက်တီးဇူးဟာ အလျင်မြန်ဆုံး

တုံ့ပြန်တဲ့သူ ဖြစ်ပါတယ်... သူ့ရဲ့
ခန္ဓာကိုယ် ဝဝကြီးနဲ့ မလိုက်ဖက်စွာနဲ့ပဲ
လျင်မြန်စွာ လှုပ်ရှားလိုက်ပါပြီ...
ဘုရားကျောင်း အထဲကနေ
ငှက်တစ်ကောင်လိုမျိုး ပျံသန်းကာ
သွားလိုက်ပြီလေ။

ဝတ်ရုံနက်နဲ့လူက မျက်မှောင်ကြီးကို
ကြုတ်လိုက်ပါပြီ... "ဟေ့...
အသက်ရှင်လျက်နဲ့ တစ်ယောက်မှ
မလွတ်စေနဲ့ကွ... ငါတို့က
ဘယ်နေရာမှာရှိတယ် ဆိုတဲ့သတင်းကို
အပေါက်ကြားခံလို့ မဖြစ်ဘူးကွ..."

ပြင်းထန်သောမုန်တိုင်း အဖွဲ့အစည်းက
ကျင့်ကြံသူ နှစ်ယောက်ကလဲ
ခေါင်းညိတ်လိုက်ကြပါတယ်...
ဘာကိုမှ မပြောခဲ့ပဲ ဖက်တီးဇူးရဲ့
အနောက်ကို
လိုက်ဖမ်းလိုက်ကြပါတော့တယ်။

ခန်းမရဲ့ အပြင်ဖက်မှာကတော့
လင်းဖုန်းဟာ တိတ်တိတ်ကလေးပဲ
ညည်းညူလို့ နေခဲ့တယ်လေ...
အဖြစ်အပျက်တွေဟာ သူရဲ့
မူလအစီအစဥ် တွေကနေ
အဝေးကြီးကို သွေဖယ်ကာ သွားခဲ့ပါပြီ။

ကံကောင်းတာ တစ်ခုက သူတို့ဟာ
ဇူရီလေးကို ချက်ချင်းသတ်ဖို့ အစီအစဥ်
မရှိကြသေးတာပါပဲ... သူ့မှာက
အကြံထုတ်ဖို့ အချိန်ရှိသေးတယ်လေ။

လျင်မြန်စွာ စဥ်းစားပြီးနောက်မှာတော့
လင်းဖုန်းဟာ ယေဘူယျ
အကြံတစ်ခုကို ရလာခဲ့ပါတယ်...
ဖက်တီးဇူရဲ့ အနောက်ကို
အပြေးကလေး လိုက်သွားခဲ့ပါပြီ။

ဒီဖက်တီးက အသုံးဝင်တဲ့နေရာ
ရှိသေးတယ်ဟ... သူကသေလို့
မဖြစ်သေးဘူး။

## စာစဥ် ၃ : အပိုင်း ၄

## အပိုင်း ၃၄ : ဗုဒ္ဓ၏ သာဝက

ဘုရားကျောင်းကနေ
ထွက်လာပြီးနောက်ပိုင်းမှာ...
လင်းဖုန်းဟာ မြန်မြန်ပြေးနေရင်းနဲ့ပဲ
အသံလွှင့် သလင်းကျောက်တုံးကို
ဖိခြေလိုက်ပါတယ်။ ကြေမွသွားတဲ့

ဒီသလင်းကျောက်တုံး အစိတ်အပိုင်း
တွေကနေ အဖြူရောင် အလင်းတန်း
ဖျော့ဖျော့လေး တစ်ခုဟာ
ထိုးထွက်ကာ လာခဲ့တယ်လေ…
လင်းဖုန်းကလည်း ပြောလိုက်ပါပြီ…
"ကဲ… ယန်ကလေးရေ… မင်းရဲ့
ဂျူနီယာလေးကိုခေါ်… မြို့ရဲ့
အနောက်ဖက်က နွေဦးတောင်တန်းကို
လာပြီးတော့ ဆရာနဲ့ လာတွေ့ချေ…"

ရှောင်ယန်လေးရဲ့ အသံဟာလည်း
အဖြူရောင် အလင်းတန်းရဲ့
အထဲကနေ ချက်ချင်းပဲ ထွက်ပေါ်ကာ

လာခဲ့ပါတယ်… ဒီလူငယ်လေးရဲ့
အသံဟာ အသက်ရှူသံတွေ
ပြင်းနေခဲ့တယ်လေ။ သူကလည်း
ချက်ချင်းပဲ ပြန်ဖြေလိုက်ပါတယ်…
"ဟုတ်… စိတ်ချပါ ဆရာသခင်…
ကျွန်တော်တို့ ချက်ချင်းပဲ လာခဲ့ပါ့မယ်
ခင်ဗျ…" စကားတစ်ကြောင်း
ဆုံးသွားတာနဲ့ အဖြူရောင်
အလင်းတန်းလေးဟာ တဖြေးဖြေး
မှိန်ဖျော့ကာ လာခဲ့ပါပြီ…
အလင်းကျောက်တုံး
အပိုင်းအစတွေဟာလည်း
အရောင်အဆင်း ကင်းမဲ့ပြီးတော့…

သာမာန်ကျောက်တုံးတွေအလား
ဖြစ်သွားခဲ့ပြီလေ။

လင်းဖုန်းက သူ့ရဲ့ခေါင်းကို
ခါလိုက်ပါပြီ… ဒီအသံလွင့်
သလင်းကျောက်တုံးဟာ အသုံးတော့
တော်တော်ဝင်ပါတယ်… ဒါပေမဲ့
ကံမကောင်းစွာနဲ့ပဲ သူက တစ်ခါသုံး
ပစ္စည်းဖြစ်ပြီး ဈေးကလဲ
အမတန်ကိုမှပဲ ကြီးလှပါတယ်။

ရှောင်ယန်လေးရဲ့ အလောတကြီး
လေသံကလဲ သူ့ကို စိတ်မသက်မသာ

ဖြစ်စေခဲ့ပါတယ်။ အသက်ရှူသံ
ပြင်းနေတဲ့ ပုံကိုထောက်တော့ သူဟာ
တစ်ယောက်ယောက်နဲ့
တိုက်ခိုက်နေခဲ့တာနဲ့ တူတယ်လေ။

လင်းဖုန်းကလည်း မျက်မှောင်ကြီးကို
အတန်ငယ် ကြုတ်လိုက်ပါပြီ...
"အင်း... ဒီမျောက်နှစ်ကောင်တော့
ဘာမှမဖြစ်မှ ရမယ်ဟ..."

အချိန်အကြာကြီး အတူရှိပြီးတဲ့
နောက်ပိုင်းမှာတော့ သူတို့ရဲ့
ဆက်ဆံရေး တွေဟာလည်း

အမတန်ကိုမှပဲ ကောင်းမွန်ကာ
လာခဲ့ပါပြီ။ ဒီဇာတ်လိုက်
မင်းသားအဆင့် တပည့်နှစ်ယောက်ကို
အလွယ်တကူ အနိုင်ကျင့်လို့ မရမှန်း
သိပေမယ့်... သူတို့နှစ်ယောက်ဟာ
အရွယ်မရောက်သေးတော့ လင်းဖုန်းက
စိတ်မပူလို့ မရပါဘူး။

ခေါင်းကို အနည်းငယ် ခါလိုက်ပြီးမှ
လင်းဖုန်းဟာ ပျံ့လွင့်နေတဲ့
အတွေးတွေကို စုစည်းလိုက်ပါတယ်...
တိမ်လွှာနဂါး လွတ်မြောက်ခြင်း
နည်းစနစ်ကို သုံးလိုက်ပြီးတော့

ဖက်တီးဇူ ထွက်ပြေးတဲ့နေရာမှာ
ဖြတ်ကိုဖြတ်ရမယ့် နေရာတစ်ခုကို
ကြိုတင်ပြီးမှ သွားလိုက်ပါပြီ...
ကောင်းကင်ကိုးလွှာ
မိုးကြိုးဆင့်ခေါ်ခြင်း ဝင်္ကပါကို
ကြိုတင်ကာ ချထားလိုက်ပြီလေ။

အားလုံးကို ပြင်ဆင်လို့ အပြီးမှာပဲ...
သူ့ရဲ့ မြင်ကွင်းထဲမှာ ဖက်တီးဇူဟာ
ပေါ်ပေါက်ကာ လာခဲ့ပါပြီ...
ပြေးရလွန်းလို့ တဟောဟော တဟဲဟဲ
ဖြစ်နေလို့ပါ။

ဒီလူတွေဟာ ပြင်းထန်သောမုန်တိုင်း
အဖွဲ့အစည်းက လူတွေဆိုတာကို
သိလိုက်ရတော့... ဖက်တီးဇူဟာ
သူ့ရဲ့နောက်ခံကို သုံးပြီးတော့ သူတို့ကို
ခြောက်လှန့်မယ့် အကြံအစည်ကို
စွန့်လွှတ်လိုက်ပါတယ်။

နှင်းမုန်တိုင်းနိုင်ငံက အသက်ရှင်
ကျန်ရစ်တဲ့သူတွေ အမုန်းဆုံးလူဟာ
ရွှမ်ကျိအမတ်ပဲ ဖြစ်မှာပါ။ သူတို့က
ရွှမ်ကျိအမတ်ကိုတော့ ဘာမှလုပ်နိုင်မှာ
မဟုတ်ပါဘူး... ဒါပေမဲ့လည်း
ဒီဖက်တီးဇူလိုမျိုး

အိမ်စောင့်ခွေးမျိုးကိုတော့ သူတို့က ဘာမှတုံ့ဆိုင်းနေမှာ မဟုတ်ဘူးလေ။

အမတ်ဂေဟာထဲမှာ... ဖက်တီးဇူရဲ့ အဆင့်အတန်းဟာ မြင့်မားပါတယ်။ ရှမ်ကျိအမတ်နဲ့ ဆက်ဆံရေး ပိုပြီးတော့ ကောင်းလေလေ... သူတို့က ပိုပြီးတော့ ရိုက်ချင်လေလေ ဖြစ်မှာပါပဲ။

"အား... အဖေ...အမေ... ခင်ဗျားတို့က ဘာဖြစ်လို့ ကျွန်တော့်ကို ခြေထောက်နှစ်ချောင်းပဲ ပေးထားခဲ့တာလဲဗျာ?" ဖက်တီးဇူဟာ

ရင်ထဲကနေပြီးတော့ ထပ်တလဲလဲ
ညည်းညူကာ နေခဲ့ပါတယ်။

သူက ချီသာဝက အဆင့်ရ
ရှိတာကတော့ မှန်ပါတယ်...
ဒါပေမဲ့လည်း သူ့ရဲ့အနောက်ကို
လိုက်လာတဲ့ လူနှစ်ယောက်ဟာ
ချီသာဝက အဆင့်၉က လူတွေပါ။
သူ့ဆီမှာရှိတဲ့ ခွန်အားတွေကို
အကုန်ညှစ်ထုတ်ပြီး
ပြေးပေမယ့်လည်း...
နောက်ဆုံးမှာတော့ သူ့ကို လိုက်မီကာ
လာကြပြီလေ။

ဖက်တီးကြီးဟာ ကြံရာမရ ဖြစ်နေတဲ့
အခိုက်မှာပဲ… ခရမ်းပြာရောင်
အလင်းတန်း ကိုးတန်းဟာ
ပတ်ဝန်းကျင် တစ်ခုလုံးကို
ထိန်လင်းသွားစေခဲ့ပါတယ်။

"ရှဲရှဲရှဲရှဲ!" စူးရှလှတဲ့
လျှစ်စစ်စီးကြောင်းတွေရဲ့ အသံဟာ
လေထုထဲမှာ ပျံ့လွင့်ကာ လာခဲ့ပါပြီ…
ခရမ်းပြာရောင် အလင်းတန်း
အငွေ့အဝိုက်တွေကလဲ
အမှောင်ညထဲမှာ တောက်ပတဲ့

အလင်းတန်းတွေကို ထုတ်လွှတ်လို့
နေခဲ့ပြီလေ။

ပြင်းထန်သောမုန်တိုင်း အဖွဲ့အစည်းက
ကျင့်ကြံသူ နှစ်ယောက်ဟာလည်း
မျက်နှာတွေ ပျက်သွားကြပါတယ်…
တိုက်ပွဲပေါင်း များစွာက
အတွေ့အကြုံအရ သေမင်းက သူတို့နဲ့
လက်တစ်ကမ်းမှာ ရောက်နေပြီ
ဆိုတာကို သူတို့က
သဘောပေါက်နေကြတယ်လေ။

ဒါပေမဲ့လည်း သူတို့ ဘာမှတုံ့ပြန်မှာကို စောင့်မနေတော့ပဲနဲ့… လျှပ်စီးကြောင်း ကိုးတန်းဟာ သူတို့ရဲ့ ကိုယ်ခန္ဓာကို ရိုက်ခတ်လိုက်ပါပြီ။ တခဏတာလေး အတွင်းမှာပဲ… ကျယ်လောင်လှတဲ့ မိုးခြိမ်းသံဟာ နတ်ဘုရားတွေရဲ့ ဒဏ်ခတ်မှုအလား ကောင်းကင်ပေါ်ကနေ ကျဆင်းကာ လာခဲ့ပြီလေ။

ချီသာဝက အဆင့်၉ ကျင့်ကြံသူ နှစ်ယောက်ဟာ နေရာမှာတင်ပဲ

နတ်မိုးကြိုးရဲ့ ပစ်သတ်ခြင်းကို
ခံလိုက်ရပါတော့တယ်!

ဖက်တီးဗူဟာ သူ့ရဲ့အရှေ့က မီးသွေး
အတုံးအခဲတွေကို ကြောင်ပြီးတော့ပဲ
ကြည့်နေခဲ့ပါပြီ... သူကိုယ်တိုင်ကပဲ
မိုးကြိုးအပစ်ခံရပြီး မီးသွေးတုံးကြီး
ဖြစ်သွားသလိုမျိုး သူ့ရဲ့
ခြေထောက်နှစ်ချောင်းဟာ
တဆတ်ဆတ်နဲ့ တုန်နေခဲ့ပြီလေ။

သူက အန္တရာယ်ကနေ လွှန်မြောက်ခဲ့ပြီ
ဖြစ်ပေမယ့်လည်း... ဖက်တီးဗူဟာ

နည်းနည်းကလေးမှ
စိတ်သက်သာရာကို မရခဲ့ပါဘူး။

လင်းဖုန်းဟာ တောအုပ်အတွင်းကနေ
ဖြေးဖြေးချင်းပဲ
လမ်းလျှောက်ပြီးတော့မှ
ထွက်လာခဲ့ပါတယ်...
လက်မောင်းအိုးကျယ်ကျယ်
အဖြူရောင်ဝတ်စုံနဲ့ တာအိုသရဖူ
ဆောင်းထားပြီး... သူ့ရဲ့ပုံစံဟာ
ကြည်ညိုလေးစားဖွယ်ရာ ဆရာသခင်
သူတော်စင်သဏ္ဍာန်
ပေါက်နေခဲ့တယ်လေ။

ကောင်းကင်ကိုးလွှာ
မိုးကြိုးဆင့်ခေါ်ခြင်းရဲ့
ပစ်ခတ်တိုက်ခိုက်မှုကြောင့်
ဖြစ်ပေါ်လာတဲ့ ပြာပုံတွေကို
ကြည့်ပြီးတော့... လင်းဖုန်းက
စိတ်သက်သာရာ ရစွာနဲ့
တိတ်တခိုးလေးပဲ
သက်ပြင်းတစ်ချက်ကို ချလိုက်ပါတယ်။
ကံကောင်းပေလို့ပေါ့... ဖက်တီးဇူ
အဖမ်းခံရမယ့် နေရာကို တွက်ထားတဲ့
အကွာအဝေးနဲ့က သိပ်မကွာခဲ့ပါဘူး။

တည်ဆောက်ရတာ အချိန်ကုန်ပြီး
အားဖြည့်ရတာ အနည်းငယ်
နှေးပေမယ့်... ကောင်းကင်ကိုးလွှာ
မိုးကြိုးဆင့်ခေါ်ချက်ဟာ
ကျေနပ်ဖွယ်ရာ ကောင်းလှပါတယ်...
ချီသာဝက အဆင့်၉က ကျင့်ကြံသူ
နှစ်ယောက်ကို တပြိုင်နက် ပွဲချင်းပြီး
သတ်နိုင်ခဲ့တာပါ။

တကယ်လို့များ ဒီကောင်းကင်ကိုးလွှာ
မိုးကြိုးနည်းစနစ်ကိုသာ
အသုံးမပြုခဲ့ရင်... ဒီချီသာဝက
အဆင့်၉ ကျင့်ကြံသူ နှစ်ယောက်နဲ့

ရင်ဆိုင်ဖို့ရာက ဒီလောက်ကြီးတော့
လွယ်မှာမဟုတ်ပါဘူး။

ဒီလူနှစ်ယောက်ရဲ့ အဆင့်ဟာ
ဟိုးအရင်တုံးက ယုမိသားစု
ကျင့်ကြံသူထက်စာရင်တော့
တော်တော်လေးကို ပိုမြင့်ပါတယ်…
ဒါပေမဲ့ လင်းဖုန်းရဲ့ အဆင့်ကလည်း
အဲ့ဒီအချိန်တုံးကနဲ့ နှိုင်းယှဥ်လို့
မရတော့ဘူးလေ။
ရေမြင့်တက်လာတာနဲ့အမျှ လှေကလဲ
လိုက်မြင့်ပြီးတော့လာမှာပါ…
ကောင်းကင်ကိုးလွှာ

မိုးကြိုးဆင့်ခေါ်ချက်ဟာလည်း
အဆင့်တစ်ဆင့်မကာ မြင့်မားပြီးတော့
လာခဲ့တယ်လေ။

လင်းဖုန်းကို ကောင်းကောင်းကြီး
မြင်လိုက်ရပြီး နောက်မှာတော့...
ဖက်တီးဇူဟာ ဟန်ကိုယ်ဖို့
လိုက်ပါတယ်...
ချောင်းခြောက်တစ်ချက်ကို
ဆိုးလိုက်ပြီး... "အဟမ်း...
ကူညီပေးတဲ့အတွက် အာစရိကို
ကျေးဇူးတင်ပါတယ်...
ဒီနှင်းမုန်တိုင်းက ခွေးကောင်တွေက

သေသင့်ပါတယ်ဗျာ။ ကျွန်တော်တို့
မဟာကျိုး အင်ပါယာက နိုင်ငံသားတွေ
အနေနဲ့ သူတို့ကို တွေ့တာနဲ့......"

သူ့ရဲ့ စကားတောင် မဆုံးသေးဘူး...
သူ့ရဲ့နားဘေး နားကနေ
လျှပ်စီးကြောင်းတစ်ကြောင်း
ဖြတ်သွားကာ... သူ့ရဲ့အနောက်က
သစ်ပင်ကြီးရဲ့
အလယ်တည့်တည့်ကိုထိကာ
ထက်ပိုင်းကျိုးသွားစေခဲ့ပါတယ်။

လင်းဖုန်းက သူ့ကိုကြည့်တောင်မှ
မကြည့်ပါဘူး… သူ့ရဲ့
အကြည့်တွေဟာ ဇူရီလေးရှိနေတဲ့
ဘုရားကျောင်း အနားမှာပါ…
တည်ငြိမ်စွာနဲ့ပဲ ပြောလိုက်ပါပြီ…
"ကဲ… နားငြီးတယ်ကွ…
စကားအပိုတွေကို သိပ်မပြောနဲ့…
ထားစရာရှိတာ ထားခဲ့ပြီး မြန်မြန်သာ
ထွက်သွားတော့…"

ဖက်တီးဇူက တံတွေးကို
မျိုချလိုက်ပါတယ်… "အာ…
ကျွန်တော်က အာစရိရဲ့

ကြိုးပမ်းကူညီမှုတွေကို
အမတ်အနားကို
သေချာတင်ပြပေးမှာပါ..."

လင်းဖုန်းရဲ့ အကြည့်တွေဟာ
နောက်ဆုံးတော့ သူ့ရဲ့အပေါ်ကို
ကျရောက်လို့ လာခဲ့ပါပြီ... ခံစားချက်
တစ်စက်မှ မပါပဲနဲ့... တည်ငြိမ်စွာနဲ့ပဲ
ပြောလိုက်ပြီလေ... "အင်း...
အနာဂတ်မှာ အချိန်ရှိမယ်
ဆိုရင်တော့... ငါက ဇူဟုန်ဝူကို
လာတွေ့မှာပါ...
မင်းအနေနဲ့ကတော့......"

"ငါက စကားတစ်ခွန်းကို ဘယ်တော့မှ နှစ်ခါမပြောဘူးကွ..."

ဖက်တီးဇူးရဲ့ ဆံပင်မွေးတွေဟာ အကုန်လုံး ထောင်ကုန်ပါပြီ... ဒီတာအိုဆရာ အငယ်လေးက ရွှမ်ကျိအမတ်ကို ဘယ်လိုများ ခေါ်လိုက်တာလဲ?''

သူက သူ့ရဲ့နာမည်ကို ဇူဟုန်ဝူလို့ တိုက်ရိုက်ပဲ ခေါ်လိုက်တာလေ။

ဒီတာအို ဆရာငယ်လေးရဲ့ အဆင့်က
ဘယ်လောက်ပဲရှိရှိ… ရွှမ်ကျိအမတ်ရဲ့
အရှေ့မှာ ဒီလိုမျိုး မောက်မောက်မာမာ
ဆက်ဆံရဲရဲ မရဲရဲ … အနည်းဆုံးတော့
ရွှမ်ကျိအမတ်ရဲ့ နာမည်ကို သုံးပြီးတော့
ဒီဆရာလေးကို ခြောက်လို့တော့
မရတော့ဘူးလေ။

ဖက်တီးက ကံဆိုးလေခြင်းလို့ပဲ
စိတ်ထဲကနေ ရေရွတ်လိုက်ပါပြီ။
အတိတ်တုံးကတော့ ရွှမ်ကျိအမတ်ရဲ့
နာမည်ကို သုံးပြီးတော့ ထျန်းကျင်းမြို့
တစ်မြို့လုံးမှာ သူလုပ်ချင်တာ

အကုန်လုံးကို လုပ်လို့ရခဲ့ပါတယ်…
ဒါပေမဲ့လည်း တစ်နေ့ထဲမှာပဲ
ရွှမ်ကျိုအမတ် ဂေဟာကို မျက်စိထဲ
မထည့်တဲ့ လူနှစ်အုပ်စုနဲ့
ဆက်တိုက်ဆိုသလိုပဲ
တွေ့လိုက်ရတယ်လေ။

သူ့ရဲ့ အကျႌအိတ်ထဲက ခိစတိဂါဘ
သျှတ္တရကို ပုံနှိပ်ထားတဲ့
ရွှေရောင်စာရွက်လေးကို
ကိုင်လိုက်ပြီးမှ… ဖက်တီးဟာ
အရမ်းကိုပဲ အင်တင်တင်
ဖြစ်နေခဲ့ပါတယ်။ သူက လင်းဖုန်း

ဘာလိုချင်နေသလဲ ဆိုတာကို
သိနေပေမယ့်လဲ... မသိချင်
ယောင်မဆောင်ပဲ
မနေနိုင်ခဲ့ပါဘူး..."ထား...
ထားခဲ့ရမယ်? ဘာကိုများ
ထားခဲ့ရမှာလဲ... ကျွန်... ကျွန်တော်က
မသိ......"

လင်းဖုန်းရဲ့ အကြည့်တွေဟာ
တဖြေးဖြေးနဲ့ အေးစက်လို့
လာခဲ့ပါပြီ... ဖက်တီးဇူရဲ့
တစ်ကိုယ်လုံးဟာလည်း ပိုပိုပြီးတော့
အေးစက်ကာ လာခဲ့ပြီလေ...

ခပ်သွက်သွက်နဲ့ပဲ ပြောလိုက်ပါပြီ...
"အား... သိပ်မလောပါနဲ့ဗျာ...
ပစ္စည်းလေးက ဒီမှာပါ... ဒီမှာပါ..."

အလွန်အမင်း ဝန်လေးတွန့်ဆုတ်စွာနဲ့ပဲ
သူ့ရဲ့ အကျီအိတ်ထဲက
ရွှေရောင်စာရွက်လေးကို
ထုတ်ပေးလိုက်ပြီးမှ...
ဟန်ဆောင်ထားရတဲ့ အပြုံးလေးနဲ့ပဲ
မေးလိုက်ပါပြီ... "ကဲ... အခု
ကျွန်တော်သွားလို့ ရပြီလား ခင်ဗျာ?"

လင်းဖုန်းက သူ့လက်ကို သာမာန်ပဲ
ဝေ့ယမ်းလိုက်ပါတယ်…
မှော်စွမ်းအင်နဲ့
ရွှေရောင်စာရွက်လေးကို
ဆွဲယူဖမ်းကိုင်လိုက်ပြီး
နောက်ကိုတစ်ချက်မှ
လှည့်မကြည့်တော့ပဲနဲ့
ထွက်ခွာသွားခဲ့ပါပြီ။

ဖက်တီးဇူဟာ လင်းဖုန်းက
ရွှေရောင်စာရွက်ကို ဆွဲငင်ရာမှာ
အသုံးပြုခဲ့တဲ့ မှော်စွမ်းအင်ဟာ
သိပ်ပြီးတော့ ပြောင်မြောက်နေ

သလိုမျိုးကို မခံစားခဲ့ရပါဘူး။
ချီတုံချတုံဖြစ်စွာနဲ့ သူ့ကို သေချာစွာ
စစ်ဆေးကြည့်လိုက်ပါတယ်... သူ့ရဲ့
အဆင့် အတိမ်အနက်ကို လုံးဝကိုပဲ
ထွင်းဖောက်ပြီးတော့
မမြင်နိုင်ခဲ့ဘူးလေ။ သူကလည်း
ဘာကိုမှ စိတ်လိုက်မာန်ပါ
မလုပ်ရဲတော့ပါဘူး...
လိမ်လိမ်မာမာနဲ့ပဲ ဒီနေရာမှာ
ရပ်နေခဲ့ပြီး လင်းဖုန်း ထွက်သွားတာကို
ရပ်ကြည့်လို့ နေခဲ့ပါတယ်။

လင်းဖုန်းဟာ တဖြေးဖြေးနဲ့ သူ့ရဲ့ မြင်ကွင်းထဲကနေ ပျောက်သွားတာကို ကြည့်ပြီးတော့... ဖက်တီးဇူးဟာ သက်ပြင်းအရှည်ကြီး တစ်ခုကို ချလိုက်ပါပြီ... လျင်မြန်စွာနဲ့ပဲ ထျန်းကျင်းမြို့ဆီကို ဦးတည်လိုက်ပြီလေ... "အင်း... အဖြစ်အပျက် အကြီးကြီး တစ်ခုတော့ ဖြစ်နေပြီ... လေဒီဆီကို ပြန်ပြီးတော့ သံတော်ဦး တင်တာက အကောင်းဆုံး ဖြစ်လိမ့်မယ်ဟ..."

သူရထားပြီးသားဖြစ်တဲ့ ခိစတိဂါဘ
သျှတ္တာရကို လက်လွှတ်ဆုံးရှုံး
လိုက်ရလို့... ဖက်တီးဟာ
အလွန်အမင်းကိုပဲ ရင်ကွဲနာကျ
ဖြစ်နေခဲ့ပါတယ်... "ဟာ...
သေစမ်းကွာ... ငါ့ရဲ့လက်ထဲကိုတော့
မရောက်စေနဲ့ဟ... နို့မဟုတ်ရင်
ဘယ်သူက ဆရာကြီးလဲဆိုတာ မင်းကို
သေချာပြလိုက်မယ်ဟေ့..."

လင်းဖုန်းက အမှန်တကယ်တော့
ထွက်ခွာသွားခဲ့တာ မဟုတ်ပါဘူး...
တောအုပ်လေး ထဲမှာပဲ ပုန်းနေပြီး...

ဖက်တီးဇူဟာ ထျန်းကျင်းမြို့ကို
ထွက်ပြေးလွတ်မြောက် သွားခဲ့တာကို
စောင့်ကြည့်နေခဲ့တာပါ။

သူက အမတ်ဂေဟာကို ပြန်သွားပြီး
တင်ပြမယ့် လူတစ်ယောက်ကို
လိုအပ်နေခဲ့တာလေ။ ဘယ်လောက်ပဲ
ဂရုစိုက်ခြင်းကို မခံရ မခံရ...
ဇူရီလေးဟာ ရှမ်ကျိအမတ်ရဲ့
သားတစ်ယောက်ပဲ ဖြစ်ပါတယ်။
ပြန်ပေးအဆွဲ ခံလိုက်ရပြီး...
နှင်းမုန်တိုင်းက လူတွေလဲ
ပါဝင်ပတ်သတ် နေတယ်ဆိုတော့...

ရွှမ်ကျိအမတ်ပဲဖြစ်ဖြစ် လေဒီဆောင်ပဲ
ဖြစ်ဖြစ်… နှစ်ယောက်စလုံးဟာ
ဒီကိစ္စကို အလေးအနက်ထားမှာ
သေချာနေခဲ့ပါတယ်။

ရွှမ်ကျိအမတ် ဂေဟာက နေပြီးတော့မှ
လိုက်ဖမ်းတဲ့လူတွေကို
လွှတ်လိုက်မှသာ လင်းဖုန်းဟာ
ပြင်းထန်သောမုန်တိုင်း အဖွဲ့အစည်းက
လူတွေကို နှောင့်နှေးအောင်
ပြုလုပ်နိုင်မှာဖြစ်ပြီ… ကြားထဲက
နေပြီးတော့ အမြတ်ဝင်ထုတ်နိုင်မှာ
ဖြစ်ပါတော့တယ်။

လင်းဖုန်းက သူ့ရဲ့ စိတ်အာရုံတွေကို ဖြန့်ကျက်လိုက်ပါတယ်။ သူရဲ့ ဖူရီအနားမှာ ထားထားတဲ့ သလင်းကျောက်လေးဟာ ရှာအတွေ့ မခံရလောက်သေးပါဘူး... သူက ဖူရီရဲ့ နေရာကို တိကျစွာ ညွှန်ပြပေးနေခဲ့ပါတယ်။ ပြင်းထန်သောမုန်တိုင်း အဖွဲ့အစည်းက လူတွေဟာ ဖူရီလေးကို ခေါ်ပြီးတော့ ဘုရားကျောင်းရဲ့ အထဲကနေ ထွက်ခွာလို့ သွားကြပါပြီ... တောင်တန်းတွေကနေ အရှေ့ဘက်ကို ရွှေ့လျားလို့ နေခဲ့တယ်လေ။

လင်းဖုန်းက အနောက်ဖက်
ခပ်ကွာကွာကနေပဲ
လိုက်သွားခဲ့ပါတယ်။
အချိန်ဘယ်လောက်
ကုန်သွားပြီမှန်းတောင်
မသိတော့ပါဘူး… နောက်ဆုံးမှာသူက
ရှောင်ယန်နဲ့ ရှောင်ပုတန်တို့ရဲ့
အနားမှာ ထားခဲ့တဲ့ အမှတ်ကို
ခံစားမိလိုက်ပါပြီ… လျှင်မြန်စွာနဲ့ပဲ
အဲ့ဒီအမှတ် ရှိရာဆီကို သွားပြီးတော့
သူတို့ကို ရှာလိုက်ပြီလေ။

သူတို့ကို တွေ့လိုက်တာနဲ့ပဲ
လင်းဖုန်းဟာ မျက်မှောင်ကြီးကို
ကြုတ်လိုက်ပါတော့တယ်။

ရှောင်ပုတန်လေးကတော့
ဘာမှမဖြစ်ပေမယ့် ရှောင်ယန်ရဲ့
အနက်ရောင် ဝတ်စုံဟာ
နေရာအများကြီးမှာ စုတ်ပြဲနေခဲ့ပြီး
သူ့ရဲ့ အော်ရာကလဲ
မတည်ငြိမ်နေခဲ့ပါဘူး… သေချာတာက
သူဟာ တစုံတယောက်နဲ့
အပြင်းအထန် တိုက်ပွဲဝင်ထားခဲ့တာပါ။

လင်းဖုန်းက သူ့ရဲ့ပုခုံးကို
ပုတ်ပြီးတော့မှပဲ မေးလိုက်ပါပြီ...
"ကဲ... ဘယ်သူ့ရဲ့ လက်ချက်လဲကွ?"

ရှောင်ယန်က ပြုံးပြီးတော့ပဲ
ပြန်ဖြေလိုက်ပါပြီ... "အာ...
စိတ်မပူပါနဲ့ ဆရာသခင်ရယ်...
ကျွန်တော်က ဆိုးဆိုးဝါးဝါးကြီးတော့
မရှုံးခဲ့ပါဘူးဗျ..." ခဏလောက်
ရပ်လိုက်ပြီးမှ ဆက်ပြီးတော့
ပြောလိုက်ပါတယ်... "အင်း...
အစကတော့ ပြဿနာက
သေးသေးလေးပါပဲ။ ကျွန်တော်နဲ့

ဂိုဏ်းတူညီလေးတို့ဟာ
ထျန်းကျင်းမြို့တော်ရဲ့ မြို့ရင်ပြင်မှာ
လျှောက်လည်နေကြရင်းနဲ့ တဏှာရူး
တစ်ချို့က မိန်းကလေး
တစ်ယောက်ကို အနိုင်ကျင့်နေတာကို
တွေ့ရတော့ မနေနိုင်တာနဲ့
ဝင်ကူမိတယ်လေ..."

"ဟိုနှာဘူးကောင်တွေကို
ပညာပေးပြီးတော့
ကျွန်တော်တို့ကလည်း
ပြန်ထွက်လာတော့မလို့ပဲ...
ဒါပေမဲ့လည်း ကျွန်တော်တို့ကို

ဆံပင်ခပ်တိုတိုနဲ့ သက်လတ်ပိုင်း
လူကြီးတစ်ယောက်က
တားလိုက်တယ်လေ။ သူက
ကျွန်တော့ကို ဒီအေကာလာ
ပညာရပ်ကို ဘယ်ကနေ
သင်လာသလဲလို့ မေးတယ်...
ဒီလူကြီးက အရမ်းကိုပဲ
ဗိုလ်ကျပြီးတော့ ကျွန်တော့်ကို
ဖမ်းဆီးချင်နေခဲ့တာဗျ..."

"သူ့ရဲ့အဆင့်က ကျွန်တော့်ထက်
ပိုမြင့်ပြီး အခြေခံအုတ်မြစ်
အဆင့်လောက်တော့

ရှိမယ်နဲ့တူပါတယ်။ တကယ်လို့များ
ဒီလူက လှည့်ကင်းအဖွဲ့နဲ့
မတွေ့ခဲ့ရင်တော့
ကျွန်တော်တို့ကလည်း
ထွက်ပြေးလွတ်မြောက်ဖို့
မလွယ်ဘူးဗျ..." ဒီအထိ ပြောပြီးတာနဲ့
ရှောင်ယန်ဟာ သူ့ရဲ့ မျက်ခုံးတွေကို
ပင့်ပြီးတော့ စိတ်ရှုပ်ထွေးစွာနဲ့ပဲ
ပြောလိုက်ပါတယ်... "ဒါပေမဲ့...
ဒီလူသုံးတဲ့ တာအို နည်းစနစ်ကလဲ
အေကာလာ ပညာရပ်ပဲဗျ..."

ဘေးမှာရှိနေတဲ့ ရှောင်ပုတန်လေးကလဲ
ရုတ်တရက်ပဲ ဝင်ပြောလိုက်ပါတယ်...
"ဟုတ်တယ်... ဒီလူက
ဆံပင်တိုတိုလေးနဲ့...
သူ့ရဲ့ခေါင်းပေါ်မှာ အမွှေးတိုင်
အမှတ်တွေ ရှိတာကိုလည်း
တွေ့လိုက်ရသေးတယ်ဗျ..."

လင်းဖုန်းဟာ ဘာမှတော့
ပြန်မပြောခဲ့ပါဘူး... ဒါပေမယ့်လည်း
ဒီလူဟာ ဆံပင်ရှိနေပေမယ့်...
အတိတ်က မဟာမိုးကြိုး
ကျောင်းတော်က

ဘုန်းတော်ကြီးတစ်ပါး ဖြစ်နေခဲ့မယ်
ဆိုတာကို ရင်ထဲကနေ
သဘောပေါက်နှင့် နေခဲ့ပါပြီ။

ရှောင်ယန်လေးရဲ့ အေကာလာ
ပညာရပ်ဟာ မဟာကျိုး အင်ပါယာက
အင်အားစုတွေရဲ့ အာရုံစိုက်မှုကို
မခံလိုက်ရခင်မှာပဲ… ဗုဒ္ဓသာဝက
တစ်ပါးရဲ့ အာရုံစိုက်မှုကို
ခံလိုက်ရမယ်လို့ ဘယ်သူက
ထင်ထားမိမှာလဲ။

"အင်း… အခု အချိန်မှာတော့
ငါကမင်းရဲ့ ဂိုဏ်းတူညီ အသစ်လေးရဲ့
အနောက်ကို လိုက်နေတယ်…
သူလေးက ပြန်ပေးအဆွဲ
ခံထားရတယ်ဟ…" လင်းဖုန်းက
ခေါင်းကိုညိတ်လိုက်ပြီး ရှောင်ယန်ကို
လှမ်းကြည့်ကာ ပြောလိုက်ပါတယ်…
"ဒါပေမဲ့လည်း ငါတို့က ဒီကိစ္စကို
ဒီအတိုင်း ထားလို့တော့ မဖြစ်ဘူး။
ဒီလူရဲ့ ပုံစံကို သေချာမှတ်ထားဟ…
နောက်ကျရင် စာရင်းပြန်ရှင်း
ရမယ်ကွ…"

ရှောင်ယန်က သူ့ရဲ့ခေါင်းကို
ညိတ်လိုက်ပါတယ်… တဖက်မှာတော့
ရှောင်ပုတန်လေးဟာ ပြုံးပြီးတော့မှ
ပြောလိုက်ပါပြီ… "အား…
ကျွန်တော်က ဂိုဏ်းတူအစ်ကိုအသစ်
နောက်တစ်ယောက်
ထပ်ရတော့မှာလား?"

လင်းဖုန်းကတော့ ရယ်လိုက်ပြီးမှ
သူ့ရဲ့ခေါင်းလေးကို
ပုတ်လိုက်ပါတယ်… "ဟားဟား…
ဒါကတော့ မင်းလေးရဲ့
ရွေးချယ်မှုပဲလေကွာ…"

***********

နွေဦးတောင်တန်းရဲ့
အရှေ့ဘက်တောအုပ် အထဲမှာတော့...
ပြင်းထန်သော မုန်တိုင်းအဖွဲ့အစည်းက
လူတွေဟာ ဇူရီလေးကို ခေါ်ပြီးတော့
အလျင်အမြန်ပဲ
ခရီးဆက်နေကြပါတယ်။

ထိပ်ကနေ ဦးဆောင်နေတဲ့ မျက်နှာမှာ
အမာရွတ်နဲ့ ဝတ်ရုံနက် လူကြီးက
မေးလိုက်ပါပြီ... "ဟေ့... ဟွေကုက

အခုအချိန်အထိ ချိန်းထားတဲ့ နေရာကို မရောက်သေးဘူးလားကွ?"

ဘေးက လူတစ်ယောက်က ပြန်ပြောလိုက်တယ်... "ဟုတ်... သူက မရောက်လာသေးဘူး... သူ့ကို ထပ်ပြီးတော့ စောင့်မနေပါနဲ့တော့ဗျာ။ ဒီလူက ကိုယ်လုပ်ချင်ရာ စွတ်လုပ်တဲ့လူမျိုးပဲ... သူက မဟာမိုးကြိုး ကျောင်းတော်က လာတဲ့လူဆိုလည်း ဘာဖြစ်လည်းဗျ?"

ဝတ်ရုံနက်နဲ့ လူကြီးက ဘာကိုမှ ပြန်မပြောလိုက်နိုင်ခင်မှာပဲ... တောအုပ်ထဲမှာ ဝုန်းဆိုတဲ့ အသံကြီးကို ကြားလိုက်ရပါတယ်... "အေး... ဘာမှတော့ မဖြစ်ပါဘူး... ငါက မင်းတို့အားလုံးထက် ပိုပြီးတော့ သန်မာရုံလေး တင်ပါပဲကွ..."

စကားပြောနေရင်းနဲ့ပဲ မီးခိုးရောင် ဝတ်စုံကို ဝတ်ဆင်ထားတဲ့ ဆံပင်တိုတိုနဲ့ လူကြီးဟာ တောနက်ကြီး ထဲကနေ ပေါ်ထွက်လို့ လာခဲ့တယ်လေ။ ဒီလူဟာ

သုန်မှုန်နေတဲ့ မျက်နှာထားမျိုး
ရှိပါတယ်… သူ့ရဲ့
ဆံပင်တိုတိုလေးတွေဟာ သူ့ရဲ့
ဦးရေခွံပေါ်က သိသာမြင်သာတဲ့
အမွေးတိုင်အမှတ် ခြောက်ခုကို
မဖုံးကွယ်ထားနိုင်ခဲ့ပါဘူး။

## စာစဥ် ၃ : အပိုင်း ၅

## အပိုင်း ၃၅ : လိုက်ဖမ်းသောသူများ ရောက်ရှိလာခြင်း

လင်းဖုန်းဟာ ပြင်းထန်သောမုန်တိုင်း
အဖွဲ့အစည်းမှ လူတွေရဲ့ အနောက်ကို
ဆက်ပြီးတော့ လိုက်နေခဲ့ပါတယ်။
လမ်းလျှောက်နေရင်းနဲ့ပဲ သူ့ရဲ့
အင်္ကျီအိတ်ထဲက  စာအုပ်ဟောင်းလေး
တစ်အုပ်ကို ထုတ်လိုက်ပြီးမှ... သူ့ရဲ့
တပည့်လေးနှစ်ယောက်
သတိမထားမိတဲ့ အချိန်မှာ
စာရွက်လေး တစ်ရွက်ကို ဖြဲပြီးတော့
ပစ်ချလိုက်ပါတယ်... ဒါမှလဲ
ရှမ်ကျီအမတ် ဂေဟာကလူတွေ
လိုက်လာတဲ့ အချိန်ကျရင် ခြေရာခံလို့
ရမှာပေါ့။

"ဆရာသခင် ခင်ဗျား...
ကျွန်တော်တို့က ဘာဖြစ်လို့
ညအမှောင်ထဲက  သူခိုးတွေလိုမျိုး
ခိုးကြောင်ခိုးဝှက် လုပ်နေရတာလဲ?"...
ရှောင်ယန်လေးက ဇဝေဇဝါ ဖြစ်စွာနဲ့ပဲ
မေးလိုက်ပါတယ်... " ဆရာက
ဘာဖြစ်လို့ တစ်ခါထဲ
တိုက်ရိုက်သွားပြီးတော့
မကယ်လိုက်တာလဲ ခင်ဗျ?"

လင်းဖုန်းကလဲ တည်ငြိမ်စွာနဲ့ပဲ
ပြန်ဖြေလိုက်ပါတယ်... "အင်း...
သူတို့ရဲ့ လှုပ်ရှားမှု မှန်သမျှဟာ

ဆရာသခင်ရဲ့ မျက်လုံးအောက်ကနေ မလွတ်ပါဘူးကွာ။ အခုအချိန်မှာ ငါက လောလောလောလောနဲ့ သွားပြီးတော့ မကယ်တင်ချင်သေးဘူးဟ... ဆရာသခင်က မင်းတို့ ဂျူနီယာလေးရဲ့ ပင်ကိုစရိုက်နဲ့ စိတ်စွမ်းအင်တွေ ဘယ်လိုရှိသလဲ ဆိုတာကို အချိန်ယူပြီးတော့ အရင်လေ့လာ ချင်သေးတယ်ကွ။

"ဒီလိုမျိုး ဆိုးရွားတဲ့ အန္တရာယ်အောက်မှာ သူကဘယ်လိုမျိုး

တုံ့ပြန်မလဲ ဆိုတာကို
စောင့်ကြည့်ကြတာပေါ့ကွာ..."

လင်းဖုန်းက ရှောင်ယန်ကို
အပြုံးလေးနဲ့ပဲ ကြည့်လိုက်ပါတယ်...
"အင်း... ဆရာက မင်းကိုလဲ
အသေအချာ
စောင့်ကြည့်နေခဲ့တာကွ... မင်းကလဲ
ဒုက္ခတွေနဲ့ တွေ့တဲ့အချိန်မှာ အနိုင်မခံ
အရှုံးမပေးတဲ့ စိတ်ဓာတ်မျိုး မရှိခဲ့ရင်...
ဆရာသခင်ကလဲ မင်းကို တပည့်အဖြစ်
လက်ခံခဲ့မှာ မဟုတ်ဘူးဟ..."

ရှောင်ယန်ကလဲ ပြုံးလိုက်ပါပြီ…
ဘဝင်ကျစွာနဲ့ပဲ
ခေါင်းကိုညိတ်လိုက်ပြီးတော့ ဘာကိုမှ
ဆက်ပြီးတော့ မမေးတော့ပါဘူး။

ရုတ်တရက်ပဲ တစ်စုံတစ်ခုကို
တွေးမိလိုက်ပြီး လင်းဖုန်းကလည်း
မေးလိုက်ပါတယ်… "ကဲ…
ယန်ကလေးရေ… မင်းတွေ့ခဲ့တဲ့
ဘုန်းကြီးက အမျက်ဒေါသ
အေကာလာ မီးတောက်ကိုများ
လေ့ကျင့်နိုင်သလားကွ?"

လင်းဖုန်းရဲ့ အေကာလာ ပညာရပ်ဟာ
အပေါ်တစ်ပိုင်းပဲ ရှိတာပါ။ သူ့ကို
လေ့ကျင့်လို့ ရပေမယ့်...
အကန့်အသတ်တွေတော့ ရှိပါတယ်။
ဒါ့အပြင် ဒီတာအို နည်းစနစ်ရဲ့
အံ့မခန်းဖွယ်ရာ စွမ်းရည်ဖြစ်တဲ့
အမျက်ဒေါသ အေကာလာ
မီးတောက်ကိုလည်း လေ့ကျင့်နိုင်မှာ
မဟုတ်ပါဘူး။

ရှောင်ယန်ဟာ လင်းဖုန်းက သူ့ကို
ဒီတာအို နည်းစနစ်အား
အပိုင်းတစ်ပိုင်း ပြီးမှတစ်ပိုင်း

သင်ပေးမယ်လို့
ယူဆထားခဲ့တာကြောင့် ဘာကိုမှ
သံသယ မဝင်ခဲ့မိပါဘူး။ လင်းဖုန်းက
မေးတာကို ကြားလိုက်ရတော့
ဒီအတိုင်းပဲ ပြန်ဖြေလိုက်ပါတယ်…
"အင်း… ကျွန်တော်ကလည်း
သတိမထား မိလိုက်ဘူးဗျ။
ကျွန်တော်တို့က ကင်းလှည့်လာတဲ့
တပ်ဖွဲ့နဲ့ တိုးမိပြီးတော့ သူတို့က
ဒီဘုန်းကြီးကို ဝိုင်းထားလိုက်တယ်။
ဒီနောက်ပိုင်းမှာတော့ သူက
ကြောက်စရာကောင်းတဲ့
အစိမ်းရောင်မီးတောက် တစ်ခုကို

ထုတ်လွှတ်လိုက်ပြီးတော့
လွတ်မြောက်သွားခဲ့တာပဲဗျ..."

"သာမာန် မီးအနွယ်ဝင် တာအို
နည်းစနစ်တွေက ထုတ်လွှတ်တဲ့
မှော်စွမ်းအင် မီးတောက်တွေ
အကုန်လုံးဟာ လိမ္မော်ရောင်တွေပဲ
ဖြစ်ကြတာလေ။ အေကာလာ
ပညာရပ်ရဲ့ မှတ်တမ်းအရ
ဆိုရင်တော့... အမျက်ဒေါသ
မီးတောက်ဟာ သန့်စင်တဲ့ရွှေရောင်
ဖြစ်ရမှာပေါ့..." ရှောင်ယန်လေးက
သူ့ရဲ့ မျက်ခုံးတွေကို စိတ်ရှုပ်ထွေးစွာနဲ့

ပင့်လိုက်ပါတယ်... "ဒါပေမဲ့လည်း
ဒီဘုန်းကြီး ထုတ်လွှတ်လိုက်တဲ့
မီးတောက်က အစိမ်းရောင်ပဲ...
ပြီးတော့ သူသုံးလိုက်တဲ့
တာအိုနည်းစနစ်ကလည်း အောကာလာ
ပညာရပ်ဆိုတာက သေချာတယ်...
လုံးဝကို မမှားနိုင်ဘူးဗျ..."

အချိန်အနည်းငယ်
စဉ်းစားပြီးနောက်မှာ
လင်းဖုန်းကလည်း
ကောက်ချက်ချလိုက်ပါပြီ... "အင်း...
ဒီဘုန်းကြီး လေ့ကျင့်တဲ့ အောကာလာ

ပညာရပ်က မပြည့်စုံသေးဘူး...
ဒါ့အပြင် သူ့မှာ ပျောက်ဆုံးနေတဲ့
အပိုင်းက အရေးအကြီးဆုံး အခြေခံ
သဘောတရားတွေပါတဲ့ ပထမအပိုင်းပဲ
ဖြစ်ရမယ်ကွ..."

တာအို နည်းစနစ်မှာ
ပါတဲ့စာသားတွေဟာ နောက်ပိုင်းကို
ရောက်လေလေ   ပိုပြီးတော့
ခက်ခဲနက်နဲ လာလေလေပါပဲ...
ဒါပေမဲ့လည်း အေကာလာ ပညာရပ်ရဲ့
အစပိုင်းက တချို့လက်ကဲ့တွေဟာ
အနှစ်သာရတွေကို ရှင်းပြထားတဲ့

အခြေခံ သဘောတရားတွေ
ဖြစ်ကြပါတယ်။ သူတို့ဟာ
သိပ်ပြီးတော့ မလေးနက်ဘူးလို့
ထင်ရပေမယ့် တကယ်တမ်းကတော့
ဒီတာအိုနည်းစနစ်  တစ်ခုလုံးရဲ့
အခြေခံ အုတ်မြစ်သဖွယ်
ဖြစ်နေခဲ့တယ်လေ။

ဒီလက်ာ အနည်းငယ်ကသာ
ပျောက်ဆုံးနေလို့ရှိရင်… ကျန်တဲ့
တာအိုနည်းစနစ်ကြီး တစ်ခုလုံးက
ပြည့်စုံနေတဲ့တိုင်အောင်…
တစ်ယောက်က လေ့ကျင့်ခဲ့မယ်ဆိုရင်

လမ်းလွဲကို ရောက်သွားနိုင်ပါတယ်။
တကယ်လို့များ အေကာလာ ပညာရပ်
တစ်ခုလုံးကို ပြီးမြောက်အောင်
လေ့ကျင့်နိုင်ခဲ့မယ် ဆိုရင်တောင်မှပဲ…
လေထဲမှာ ဆောက်ထားတဲ့ ရဲတိုက်ကြီး
တစ်ခုလိုမျိုး အခြေခံအုတ်မြစ်
ကောင်းကောင်းရှိမှာ
မဟုတ်တော့ပဲနဲ့… တစ်စတစ်စနဲ့ပဲ
ပြိုလဲပျက်စီးသွားမှာ ဖြစ်ပါတော့တယ်။

လင်းဖုန်းဟာ ဒီအေကာလာ
ပညာရပ်ရဲ့ အောက်တစ်ပိုင်းကို
မရှိသေးတာကတော့ မှန်ပါတယ်…

ဒါပေမဲ့လည်း သူ့မှာရှိတဲ့
အပေါ်တစ်ပိုင်းက အလုံးစုံ
ပြည့်စုံတယ်လေ… စကားလုံးအမှား
တစ်လုံးမှ မရှိပါဘူး…
ရှောင်ယန်လေးကလဲ စေ့စပ်တိကျစွာ
အသေးစိတ် လေ့ကျင့်ထားတာပါ။

ဒီဘုန်းကြီးဟာ သူ့ဘဝ တလျှောက်လုံး
ဒီအေကာလာ ပညာရပ်ကို
တောက်လျှောက်လေ့ကျင့်
လာခဲ့တာပါ… ရှောင်ယန်လေး
လေ့ကျင့်ထားတဲ့ အေကာလာ
ပညာရပ်မှာ အခြေခံ သဘောတရား

လက်ာတွေ ပါနေတယ် ဆိုတာကို
အကြည့်တစ်ချက်နဲ့တင်
သိခဲ့ပါတယ်... အဲ့ဒါကြောင့်ပဲ သူဟာ
အငမ်းမရဖြစ်ကာ ရှောင်ယန်လေးကို
ဖမ်းဆီးချင်နေခဲ့တာပဲ ဖြစ်ပါ
တော့တယ်။

စကားဆုံးတော့ ရှောင်ယန်လေးဟာ
စပ်ဖြဲစပ်ဖြဲနဲ့ လင်းဖုန်းကို
မေးလိုက်ပါပြီ... "အား...
ဆရာသခင်... ကျွန်တော်
လေ့ကျင့်နေခဲ့တဲ့ အေကာလာ
ပညာရပ်ကလဲ မပြည့်စုံသေးဘူးလေ...

နောက်တစ်ပိုင်းကို ဆရာက
ကျွန်တော့်ကို ဘယ်အချိန်ကျမှ
သင်ပေးမှာလဲ ခင်ဗျ?"

လင်းဖုန်းကလဲ ပြုံးပြီးတော့ပဲ
ပြန်ဖြေလိုက်ပါတယ်... "ဟော့...
သိပ်မလောပါနဲ့ဦးဟ...
ကိုယ်ဝါးနိုင်တာထက် ပိုပြီးတော့
မကိုက်ရဘူး... ရှိတာကိုပဲ ပိုင်အောင်
အရင် လေ့ကျင့်ထားဦးကွ..."

ရှောင်ယန်လေးကို မောင်းထုတ်လိုက်
အပြီးမှာတော့... လင်းဖုန်းဟာ

ရင်ထဲကနေ အေးစက်စွာနဲ့ပဲ
ရယ်လိုက်ပါပြီ... "ဟွန့်...
ငါ့ရဲ့တပည့်ကို ခေးမြ
လာတိုက်ချင်နေတာလား...
ငါ့ရဲ့သိုင်းကျမ်းကို လာပြီးတော့
လုချင်နေတာလား? ကတုံးကြီး...
ဘယ်သူက ဘယ်သူ့ရဲ့ အနားကနေ
လုမလဲ ဆိုတာကို
စောင့်ကြည့်ထားဦးပေါ့ကွာ..."

ဒီပြင်းထန်သောမုန်တိုင်း
အဖွဲ့အစည်းက လူတွေဟာ
ဒီကျိုးအင်ပါယာရဲ့ အချက်အချာ

နေရာမှာ ပုန်းလျှိုးကွယ်လျှိုး
နေနေကြတာဟာ အချိန်အတော်
ကြာနေပြီဆိုတာက သိသာပါတယ်။
သူတို့တတွေဟာ ပတ်ဝန်းကျင်
အနေအထားကို ရင်းနှီးကျွမ်းဝင်
နေရုံတင် မကဘူး… စစ်ကူပေးပို့နိုင်ဖို့
လျှို့ဝှက်စခန်းငယ်တွေ
အများကြီးကိုလဲ
တည်ဆောက်ထားပြီး…
ဘေးကင်းရာကို ဆုတ်ခွာဖို့အတွက်
လမ်းကြောင်းတွေနဲ့ အစီအစဥ်
တွေကိုလဲ ဆွဲထားပြီး ဖြစ်တယ်လေ။

ဒါပေမဲ့လည်း လင်းဖုန်းရဲ့
အဆက်မပြတ် လမ်းညွှန်မှု
တွေနဲ့အတူ… သူတို့ရဲ့ နေရာဟာ
အလွယ်တကူပဲ ရှာအတွေ့
ခံလိုက်ရပြီလေ။ အချိန်သုံးရက်တောင်
မကြာသေးပဲနဲ့ ရွှမ်ကျိအမတ်
ဂေဟာက လိုက်ဖမ်းတဲ့သူတွေဟာ
သူတို့ရဲ့နေရာကို ရောက်ရှိလို့
လာခဲ့ပါပြီ။

သူတို့ရဲ့နေရာ အတိအကျကို
မသိရသေးပေမယ့်… လိုက်လံ
ဖမ်းဆီးသူတွေဟာ အရပ်မျက်နှာ

ပေါင်းစုံကနေ ဝိုင်းရံထားကြပါပြီ…
ပြင်းထန်သောမုန်တိုင်း အဖွဲ့အစည်းကို
ဝန်းရံပိတ်ဆို့ထားပြီး ဝိုင်းပတ်ထားတဲ့
နေရာဟာ အဆက်မပြတ်ပဲ
ကျဉ်းမြောင်းကာ လာခဲ့ပြီလေ။

လင်းဖုန်းဟာ သူ့ရဲ့
တပည့်နှစ်ယောက်နဲ့ အတူတကွ
သတိကြီးစွာ ထားနေခဲ့ပါတယ်။ သူ့ရဲ့
ခြေရာလက်ရာတွေကို
ဖျောက်ဖျက်ပြီးမှ ကျွဲနှစ်ကောင်
ခတ်တဲ့အကြားက မြေစာပင်

မဖြစ်အောင် ကြိုတင်ပြီးတော့မှပဲ
ကာကွယ်နေခဲ့တယ်လေ။

တောင်တန်းတွေရဲ့ အကြားမှာ
ဒီလူစုဟာ လျှင်မြန်စွာနဲ့ပဲ
ချီတက်လာခဲ့ပါပြီ။
ခေါင်းဆောင်ကတော့
ထိပ်ပြောင်ပြောင်နဲ့ လူကြီးပါ…
သူ့ဆီမှာက လင်းယုန်လိုမျိုး
နှာခေါင်းရှိပြီး ချိုင့်ဝင်နေတဲ့
မျက်ဝန်းအစုံ ရှိပါတယ်။ သူ့ရဲ့ပုံစံဟာ
လင်းတတစ်ကောင်နဲ့ တကယ်ကိုပဲ
တူလှပါတယ်။

သူ့ရဲ့အနောက်က လူတစ်ယောက်ဟာ
အသံတိုးတိုးလေးနဲ့ပဲ
မေးလိုက်ပါတယ်… "အာ... မစ္စတာ
လင်းတ… တစ်ခုခုတော့
မှားနေပြီထင်တယ်…"

မစ္စတာ လင်းတရဲ့ မျက်လုံးအစုံဟာ
လက်ကနဲ ဖြစ်သွားပါပြီ… သူက
ငြိမ်သက်သွားပြီး ဘာကိုမှ
မပြောတော့ပါဘူး။ ရုတ်တရက်ပဲ သူ့ရဲ့
အင်္ကျီလက်ထဲက အဖြူရောင်

အရိုးတစ်ချောင်းဟာ ပျံ့ဝဲထွက်ကာ
လာခဲ့ပြီလေ။

သူ့ကိုကြည့်ရတာက သတ္တဝါ
တစ်ကောင်ကောင်ရဲ့ ပေါင်ရိုးနဲ့
တူပါတယ်... သူဟာ
အရောင်တင်ထားတဲ့
ကျောက်စိမ်းလိုမျိုး ဖြူဖွေးနေပြီး
ကြည်လင်တောက်ပနေတယ်လေ...
ဒီအရိုးတုတ်ချောင်းရဲ့ တစ်ဖက်က
အလွန်ပဲ ထူထဲနေပြီး ထုတဲ့
တူတစ်ချောင်းနဲ့ တူနေခဲ့ပါတယ်။

ဒီအရိုး တုတ်ချောင်းဟာ လေထဲမှာ
ပျံဝဲသွားပြီး...
အချိန်ကြာလာတာနဲ့အမျှ
ရှည်ထွက်လာခဲ့ပါတယ်။ နဂိုက
တစ်ပေလောက်ပဲ ရှည်တာပါ...
ဒါပေမဲ့လည်း အဆုံးသတ်မှာတော့
မီတာတစ်ဒါဇင်လောက်
အလျားရှိသွားပါပြီ။ သူဟာ
ရေပုံးတစ်ပုံးလောက်ကို ထူပြီးတော့
သူ့ဆီကနေ ထူထဲလှတဲ့
နတ်ဆိုးအော်ရာတွေဟာ ထွက်ပေါ်လို့
နေခဲ့ပါတယ်... တောအုပ်အတွင်းက
သတ္တဝါတွေ အားလုံးကို
ထိတ်လန့်ကြောက်ရွံ့ စေခဲ့ပြီး...

သေတော့မလို ခံစားချက်မျိုးကို
ပေးစွမ်းနိုင်ခဲ့တယ်လေ။

မစ္စတာလင်းတဟာ သူ့ရဲ့လက်ကို
ဝှေ့ယမ်းလိုက်တယ်...
အရိုးတုတ်ချောင်းဟာ
မိုးသက်လေပြင်းလိုမျိုး အသံနဲ့အတူ
လေထဲမှာ လွင့်ပျံသွားပြီး...
အဝေးမှာရှိတဲ့ တောင်ကုန်းတစ်ခု
အပေါ်ကို ရိုက်ချလိုက်တယ်လေ။

"ဘုန်း" ဆိုတဲ့ အသံကျယ်ကြီးနဲ့ အတူ
ဒီကြီးမားလှတဲ့

တောင်ကုန်းထိပ်ပိုင်းဟာ အစိတ်အပိုင်း
ပေါင်း များစွာအဖြစ် ရောမ
အရိုးတူကြီးရဲ့ ထုထောင်းခြင်းကို
ခံလိုက်ရပါတယ်။ မရေမတွက်နိုင်တဲ့
ကျောက်တုံး အပိုင်းအစတွေဟာ
တောင်ကုန်း တလျှောက်ကနေ
လိမ့်ဆင်းကာ လာခဲ့ပါပြီ…
ဖုန်မှုန့်အစအနပေါင်း များစွာတို့ဟာ
ထလာခဲ့ပြီး ကောင်းကင်ယံကိုတောင်
ဖုံးလွှမ်းလို့ သွားခဲ့ပြီလေ။

ဒီအရိုး တုတ်ချောင်းဟာ
မစ္စတာလင်းတရဲ့ ခေါင်းပေါ်ကို

ပြန်ပြီးတော့ ရောက်ရှိလာခဲ့ပြီး
တစ်ပေအရွယ်ကို
ပြန်ပြောင်းသွားကာ...
မစ္စတာလင်းတရဲ့ အင်္ကျီလက်ထဲကို
ပြန်ဝင်လို့ သွားခဲ့ပါပြီ။

အကုန်လုံးက သူ့ကို
စိုက်ကြည့်နေကြတာကို ကြည့်ပြီးမှ...
မစ္စတာလင်းတဟာ  မကျေမနပ်နဲ့
ကျွတ်ကနဲ စုပ်သတ်လိုက်ပါတယ်...
"ကျွတ်... ငါတို့ကို
တစ်စုံတစ်ယောက်က
စောင့်ကြည့်နေသလိုမျိုး

ခံစားနေရတယ်ကွ… ငါကပဲ
သတိလွန်ကဲ နေတာလားတော့
မသိပါဘူး… ကဲကဲကဲ…
သွားကြစို့ကွာ…"

ဒီလူစုဟာ သူတို့ရဲ့ ခရီးကို
ဆက်လိုက်ကြပါပြီ… တောနက်ကြီးရဲ့
အတွင်းကို ဝင်ရောက်ပြီး
ပျောက်ကွယ်လို့ သွားခဲ့ပြီလေ။

အဖျက်ဆီး ခံလိုက်ရတဲ့
တောင်ကုန်းထိပ်ရဲ့ ဘေးက
တောင်ကုန်းတစ်ခုမှာ… လင်းဖုန်းနဲ့

အပေါင်းပါတို့ဟာ သူတို့ရဲ့
အော်ရာတွေကို ဖုံးကွယ်ပြီးတော့
နေနေကြပါတယ်။
ထိပ်ပြောင်ကြီးနဲ့အဖွဲ့
ထွက်သွားတာကို ကြည့်လိုက်ပြီးမှ
ရှောင်ယန်က စိတ်သက်သာရာ
ရစွာနဲ့ပဲ သက်ပြင်းတစ်ချက်ကို
ချလိုက်ပါတယ်... "ဟူး...
ဟိုဘဲအိုကြီးက အခြေခံ
အုတ်မြစ်အဆင့်
ကျင့်ကြံသူပဲဖြစ်ရမယ်...
ဟုတ်တယ်မို့လား?"

လင်းဖုန်းက ခေါင်းကို ညိတ်လိုက်ပါတယ်။ အမှန်ဆိုရင်တော့ သူ့ကို ရှာဖွေတွေ့ရှိ သွားမှာကို စိတ်ပူနေစရာ မလိုပါဘူး... အဓိကက ရှောင်ယန်နဲ့ ရှောင်ပုတန်လေးတို့ကို ဘယ်မှာရှိနေသလဲ ဆိုတာကို ရှာတွေ့ဖို့က အမတန်ကိုမှပဲ လွယ်ကူလို့ နေခဲ့တာပါ။ "ဟဲဟဲ... ငါတို့ကို တွေ့သွားလဲ ကိစ္စတော့ မရှိပါဘူးကွာ..." လင်းဖုန်းက ရယ်ပြီးတော့မှပဲ ပြောလိုက်တယ်လေ။

ဒီထိပ်ပြောင်အိုကြီးက သူတို့ဟာ
သူတို့လိုက်ရှာနေတဲ့ လူတွေနဲ့
တော်တော်ကြီးကို နီးကပ်နေပြီ
ဆိုတာကို သတိမပြု မိပါဘူး… ဒီလို
တိုက်ခိုက်လိုက်ခြင်းဟာ သူတို့ကို
သတိပေးလိုက်သလိုမျိုး
ဖြစ်သွားခဲ့ပါတယ်။

သေချာတာပေါ့… ခဏအကြာမှာပဲ
အရှေ့က တောင်ကြားလေးရဲ့ အထဲမှာ
ခက်ထန်တဲ့ မှော်စွမ်းအင်
လှုပ်ရှားမှုတွေဟာ ပေါ်ထွက်လို့
လာခဲ့ပြီလေ။

လင်းဖုန်းနဲ့ အပေါင်းပါ တွေဟာလည်း
အနီးအနားကို ရောက်ရှိကာ
လာခဲ့ပါပြီ… ဒီတောင်ကြားလေး
အထဲမှာ မစ္စတာ လင်းတနဲ့ အဖွဲ့ဟာ
မီးခိုးရောင် ဝတ်စုံနဲ့ လူတစ်ယောက်ကို
အလယ်မှာ ဝိုင်းရံထားကြပြီး…
ပြင်းထန်တဲ့ တိုက်ပွဲတစ်ပွဲကို ဆင်နွှဲလို့
နေကြပြီလေ။

မစ္စတာ လင်းတရဲ့
အရိုးတုတ်ချောင်းဟာ မီတာတစ်ဒါဇင်
ရှည်လျားတဲ့ ဧရာမ တုတ်ချောင်းကြီး

အဖြစ်ကို ပြောင်းသွားပြီးမှ
အပေါ်ရောက်လိုက်
အောက်ရောက်လိုက်နဲ့
သွားလာရွေ့လျား နေခဲ့ပါတယ်။ သူ့ကို
အဓိကအင်အား အဖြစ်ထားပြီးတော့
ကျန်တဲ့ ကျင့်ကြံသူတွေဟာ
မှော်ကျိန်စာမျိုး ပေါင်းစုံကို
ထုတ်လွှတ်ပြီး... ဒီမီးခိုးရောင်
ဝတ်စုံနဲ့လူကို ဝိုင်းရံတိုက်ခိုက်ကာ
နေကြတယ်လေ။

ရှောင်ယန်နဲ့ ရှောင်ပုတန်လေးတို့ဟာ
တစ်ယောက်မျက်နှာကို တစ်ယောက်

ကြည့်လိုက်ကြပါတယ်... သူတို့ရဲ့
အသံကို နှိမ့်လိုက်ပြီးမှ တိုးတိုးလေးပဲ
ပြောလိုက်ပါပြီ... "ဟာ...
ဆရာသခင်... ဟိုမီးခိုးရောင်
ဝတ်ထားတဲ့လူက ကျွန်တော်တို့ကို
ကြားဖြတ်တိုက်ခိုက်တဲ့ လူပဲဗျ!"

လင်းဖုန်းဟာ သူ့ရဲ့မျက်လုံးတွေကို
အာရုံစိုက်ကြည့်လိုက်ပြီး
လှေ့လာလိုက်ပါတယ်။ ဒီမီးခိုးရောင်
ဝတ်ရုံနဲ့ လူရဲ့ခေါင်းပေါ်မှာ ဆံပင်တို
ထိုးထိုးထောင်ထောင်
တွေရှိပြီးတော့... အမွေးတိုင်

အမှတ်ခြောက်ခုကို သူ့ရဲ့
ဦးရေခွံပေါ်မှာ ရေးရေးလေး
တွေ့နိုင်ပါတယ်။

သူဟာ အခြေအနေ
သိပ်မကောင်းပေမယ့်
တည်ငြိမ်နေခဲ့ပြီး အလောတကြီးလည်း
ဖြစ်မနေခဲ့ပါဘူး... အစိမ်းရောင်
ဖျော့ဖျော့နဲ့ မီးတောက်တွေဟာ သူ့ရဲ့
ကိုယ်ပေါ်ကနေ
ပေါက်ကွဲထွက်လာပြီးတော့...
အမျက်ပြင်းစွာနဲ့
တောက်လောင်နေခဲ့တယ်လေ။

သူ့ပြိုင်ဖက်တွေရဲ့
မှော်ကျိန်စာတွေဟာ ဒီအစိမ်းရောင်
မီးတောက်တွေကို ထိလိုက်တာနဲ့
တပြိုင်နက် ဗလာနတ္ထိ အဖြစ်ကို
လောင်ကျွမ်းပြီးတော့ သွားကြပါတယ်။
တချို့လူတွေဟာ မီးအနွယ်ဝင်
မှော်ကျိန်စာ တွေကိုသုံးပြီးမှ သူ့ကို
တိုက်ခိုက်ကြပေမယ့်… ဒီအစိမ်းရောင်
မီးတောက်တွေဟာ တကယ်ကိုပဲ
ကြီးစိုးခြယ်လှယ်နိုင်စွမ်း
ကြီးမားလှပါတယ်…
မာန်ဟုန်ပြင်းပြင်းနဲ့ လိမ္မော်ရောင်
မီးတောက်တွေကိုတောင်

လောင်စာအဖြစ် သဘောထားပြီး
လောင်ကျွမ်းပစ်လိုက်တယ်လေ။

ဒီလူစုဟာ သူ့ကို ဝိုင်းတိုက်နေကြတာ
အချိန်အတော် ကြာသွားခဲ့ပါပြီ…
ဒါပေမဲ့လည်း ဒီမီးခိုးရောင် ဝတ်စုံနဲ့
ဘုန်းကြီးရဲ့ အစိမ်းရောင်
မီးတောက်ဟာ  ပိုပိုပြီးတော့
စွမ်းအားကြီးမားလာခဲ့ပြီး…
မီးတောက်ရဲ့ အရှိန်အဝါဟာလည်း
ပိုပိုပြီးတော့ တောက်ပကာ
လာခဲ့တယ်လေ။

မစ္စတာ လင်းတရဲ့ အရိုးတုတ်ချောင်း
မှော်အိုင်တမ်သာ ဒီမီးခိုးရောင် ဝတ်စုံနဲ့
ဘုန်းကြီးကို ခြိမ်းခြောက်
နိုင်ခဲ့ပါတယ်... ဒီအစိမ်းရောင်
မီးတောက်တွေတောင် သူ့ကိုတော့
မတားဆီး နိုင်ခဲ့ဘူးလေ... မီးခိုးရောင်
ဝတ်စုံနဲ့ ဘုန်းကြီးဟာ လျှင်မြန်စွာနဲ့ပဲ
ရှောင်တိမ်းနေခဲ့ရပါတယ်။

သူ့ရဲ့ မှော်အိုင်တမ်ကို ထိန်းချုပ်ရင်းနဲ့ပဲ
မစ္စတာ လင်းတဟာ စကားလုံး
စစ်ပွဲကိုလဲ စတင်ဆင်နွှဲ
လိုက်ပါတော့တယ်... "ဟော့...

ဘုန်းကြီးအိုကြီး...
ပြင်းထန်သောမုန်တိုင်း အဖွဲ့အစည်းက
လူတွေဟာ မင်းကို ခေါ်စာခံ
အဖြစ်နဲ့သာ
သဘောထားနေကြတာက
အသိသာကြီးပါကွာ... မင်းကို
နောက်ဆုံးမှာ ချန်ခဲ့ပြီး
နောက်ပေါက်စောင့်ခိုင်း ထားတာဟ။
မင်းလိုမျိုး ငတုံးကြီးကပဲ
သူတို့တတွေရဲ့ စကားကို
နားထောင်တာကွ..."

မီးခိုးရောင် ဝတ်စုံနဲ့
ဘုန်းကြီးဟွေကုဟာ
ဒေါသချောင်းချောင်း
ထွက်သွားခဲ့ပါတယ်။ မူလကတော့
သူက နောက်မှာ ချန်နေခဲ့ဖို့ကို
တာဝန်ယူပေးခဲ့တာဟာ သူ့ရဲ့
အစွမ်းတွေကို ပြချင်လို့ပဲ
ဖြစ်တယ်လေ... ဒါပေမဲ့လည်း သူဟာ
ရန်သူတွေရဲ့ ဝန်းရံထားခြင်းကို
ခံနေရမယ်လို့ မတွေးထားမိခဲ့ပါဘူး။
ဒီလိုသာ ဆိုရင်တော့
ပြင်းထန်သောမုန်တိုင်း အဖွဲ့အစည်းက
လူတွေကို သူက ဘယ်လိုလုပ်ပြီးမှ
သိမ်းသွင်းစည်းရုံးလို့ ရတော့မှာလဲ။

ဟော့ကုက သူ့ရဲ့ ရင်ထဲကနေပဲ ကြုံးဝါးလိုက်ပါတယ်... "အင်း... ဒီကိစ္စ ပြီးရင်တော့ ငါက ဟိုတစ်နေ့က တွေ့ခဲ့ရတဲ့ ကောင်လေးကို လိုက်ဖမ်းရမယ်ကွ။ တကယ်လို့များ ငါက စစ်မှန်တဲ့ အမျက်ဒေါသ အေကာလာ မီးတောက်ကို ကျင့်ကြံနိုင်ခဲ့မယ် ဆိုရင်တော့ ဘယ်လိုလုပ်ပြီး ဒီလောက်အထိ ခက်ခက်ခဲခဲကြီး ကြိုးစားနေရမှာလဲ?"

စဥ်းစားနေဆဲမှာပဲ အဝေးကြီးကနေ
ခားအော်ရာ အလင်းတန်း တစ်ခုဟာ
ရုတ်တရက်ပဲ ပျံ့လွင့်ကာ
လာခဲ့ပါတယ်… ဟွေကုရဲ့
ခေါင်းပေါ်ကနေပြီးတော့
ခုတ်ချလိုက်ပြီလေ။ အစိမ်းရောင်
မီးတောက်တွေဟာလည်း သူ့ကို
လုံးဝပဲ မတားဆီးနိုင်ခဲ့ပါဘူး။

ဟွေကုဟာ အလွန်အမင်းပဲ
အံ့အားသင့်သွားခဲ့ပါတယ်…
အလျင်အမြန်ပဲ ဘေးကို
ခုန်ရှောင်လိုက် ရတယ်လေ။

ဒီခေါအောင်ရာဟာ လွဲသွားပြီးတော့…
ဟွေကုရဲ့ အနောက်ဖက်က
တောင်ကုန်းငယ်လေးရဲ့ ထိပ်ကို
ထိမှန်သွားခဲ့ပါပြီ…
တောင်ကုန်းထိပ်ကြီးကလဲ
တိတိရိရိကြီးကို ပြုတ်ကျသွားခဲ့ပြီလေ။
တောင်ကုန်းထိပ်ကြီးဟာ
ကုန်းဆင်းတလျှောက် အောက်ကို
လိမ့်ကျလာခဲ့ပြီး… ကျယ်လောင်လှတဲ့
အသံတွေနဲ့အတူ လျှင်လျှပ်သလိုမျိုး
မြေကြီးတွေဟာ ခါသွားပြီး
တောင်တန်းတွေဟာလည်း
တုန်လှုပ်လို့ သွားခဲ့တယ်လေ။

တောင်ကုန်းထိပ်ဟာ အောက်ဘက်ကို
ရောက်လာပြီး နောက်မှာတော့... သူ့ရဲ့
အဖြတ်ခံထားရတဲ့ မျက်နှာပြင်ဟာ
မှန်လိုမျိုး ချောမွေ့နေခဲ့ပါတယ်။
ဘေးကနေ ပုန်းပြီးမှ
ချောင်းကြည့်နေတဲ့
လင်းဖုန်းဟာလည်း မျက်မှောင်ကြီး
အတန်ငယ် ကြုတ်သွားခဲ့ပါပြီ...
"ဟာ... စွမ်းအားကြီးလိုက်တဲ့
ဓားသမား တစ်ယောက်ပဲ...
သူရဲ့အဆင့်ဟာ အခြေခံအုတ်မြစ်
အဆင့်မှာ ရှိပြီးတော့ သူ့မှာက
အဆင့်မြင့် ဓားပျံတစ်ချောင်းကိုလဲ
ပိုင်ဆိုင်ထားသေးတယ်ဟ..."

ဝတ်ရုံနက်နဲ့ ခေါသမား
တစ်ယောက်ဟာ မြင်ကွင်းထဲမှာ
ပေါ်လာခဲ့ပါပြီ… သူ့ရဲ့ အဆိပ်ပြင်းတဲ့
မျက်လုံးအစုံဟာ ဟွေကုကို
စိုက်ကြည့်နေလို့ပါ။

ဟွေကုဟာ ဒီဝတ်ရုံနက် ခေါသမားကို
ပြန်ပြီးတော့
စိုက်ကြည့်လိုက်ပါတယ်…
ဒါပေမဲ့လည်း သူ့ရဲ့ အာရုံတွေကို
သူ့တစ်ယောက်ထဲ အပေါ်မှာ
မစူးစိုက်ထားရဲခဲ့ပါဘူး။ သူ့ရဲ့

မျက်လုံးထောင့်စွန်းတွေဟာ
အခြားတစ်ဖက်ကို
ဝေ့ကြည့်လိုက်တယ်လေ...
သူမျှော်လင့်ထားတဲ့ အတိုင်းပဲ...
အဖြူရောင် ဝတ်စုံနဲ့ သက်လတ်ပိုင်း
လူတစ်ယောက်ဟာ
တောအုပ်အတွင်းကနေ
ထွက်လာခဲ့ပါတယ်။ သူဟာ
ကျောင်းတော်သားနဲ့ ပုံစံတူပေမယ့်
ကျယ်ပြန့်လှတဲ့ မှော်စွမ်းအင်
လှုပ်ရှားမှုတွေက သူ့ကို ဝတ်ရုံနက်
ဓားသမားနဲ့ မစ္စတာလင်းတတို့လို
အခြေခံ အုတ်မြစ်အဆင့်

ကျင့်ကြံသူတစ်ယောက်လို့
ပြောပြနေခဲ့တယ်လေ။

"ဟာ... ဘယ်သူက
ထင်ထားမိမှာလဲ... မဟာမိုးကြိုး
ကျောင်းတော်က  ကျန်ခဲ့တဲ့ နတ်ဆိုးနဲ့
ပြင်းထန်သောမုန်တိုင်း အဖွဲ့အစည်းက
လူတွေဟာ  ပူးပေါင်းမိသွားမယ်လို့..."
ဝတ်ရုံဖြူ ကျောင်းတော်သားက
အံ့အားသင့်စွာနဲ့ပဲ အာမေဋိတ်သံ
ပြုလိုက်ပါတယ်။ ဟွေကုကို
အကဲခတ်နေရင်းကနေပဲ သူ့ရဲ့လက်ကို
မြှောက်လိုက်ပြီး အဖြူရောင်

အလင်းတန်း တချို့ကို
ထုတ်လွှတ်လိုက်တယ်လေ။
ဒီအဖြူရောင် အလင်းတန်းတွေဟာ
လေထဲကို ပျံ့လွင့်သွားကာ
ပေါက်ကွဲသွားကြပါပြီ… အဖြူရောင်
ကန့်လန့်ကာ တစ်ခုအဖြစ်ကို
အသွင်ပြောင်းသွားကြပြီး
ဘေးပတ်ပတ်လည်က
တောင်တန်းတွေကို ရစ်ပတ်လွှမ်းခြုံ
လိုက်ပြီလေ။

ဟွေကုက သူ့ကို အေးစက်စွာနဲ့
စိုက်ကြည့်နေခဲ့ပါတယ်… ဝတ်ရုံဖြူ

ကျောင်းတော်သားကလဲ
အေးစက်စွာနဲ့ပဲ ပြောလိုက်ပါပြီ…
"ကဲ… ဘေးပတ်ပတ်လည်ကို
ငါ့ရဲ့မှော်ဝင်ကော်ပါနဲ့ ပိတ်ဆို့လိုက်ပြီကွ…
မင်းက ဘယ်လိုနည်းနဲ့မှ
မလွတ်နိုင်တော့ဘူးဟေ့…"

စကားဆုံးတာနဲ့… သူ့ရယ်.. ဝတ်ရုံနက်
ခေါးသမားရယ်.. မစ္စတာ
လင်းတတို့ဟာ တြိဂံပုံစံ
နေလိုက်ကြပြီး… ဟွေကုကို
အလယ်ကနေထားကာ
နေရာယူလိုက်ပါတယ်… ကျန်တဲ့

အခြား ချီသာဝကအဆင့် ကျင့်ကြံသူ
တွေကတော့ အပြင်ဖက်ကနေ
စက်ဝိုင်းပုံစံမျိုး ဝိုင်းထားလိုက်ကြပါပြီ။

လင်းဖုန်းကတော့ မျက်မှောင်ကြီးကို
ကြုတ်လိုက်ပါတယ်။
ဒီလူသုံးယောက်စလုံးရဲ့ အဆင့်ဟာ
ဟွေကုနဲ့ မတိမ်းမယိမ်း တွေချည်းပါပဲ။
သုံးယောက်တစ်ယောက် ချရင်တော့…
လွတ်မြောက်ဖို့ကို မပြောနဲ့…
တစ်ယောက်ယောက်ကို အဖော်အဖြစ်
ခေါ်သွားနိုင်ရင်ပဲ ဟွေကုအတွက်တော့
အတော်ကိုပဲ ဟုတ်လှပါပြီ။

အဖြစ်နိုင်ဆုံး ရလဒ်ကတော့ သူက
အရှင်တောင် အဖမ်းခံရနိုင်တာပါပဲ။

လင်းဖုန်းဟာ အတွေးကြောထဲမှာ
မျောနေဆဲမှာပဲ ဟွေ့ကုဟာ
ဘုန်းကြီးတစ်ပါးရဲ့ လက္ခဏာနဲ့
မလိုက်ဖက်လှစွာနဲ့ပဲ
ယုတ်မာကောက်ကျစ်တဲ့
အပြုံးတစ်ခုဟာ သူ့ရဲ့
မျက်နှာအပေါ်မှာ ထွက်ပေါ်လာတာကို
တွေ့လိုက်ရပါပြီ။

မီးခိုးရောင် ဝတ်ရုံနဲ့ ဘုန်းကြီးဟာ ရယ်ပြီးတော့ ပြောလိုက်ပါတယ်... "ဟားဟားဟား... ထွက်မပြေးနိုင်တဲ့ လူတွေဟာ မင်းတို့ပဲဟ..." သူ့ရဲ့ စကားသံတွေ မပျောက်သေးခင်မှာပဲ ဟွေကုဟာ သူ့ရဲ့လက်ကို မြှောက်လိုက်ပါတယ်... အလင်းတန်း ၂၄တန်းတို့ဟာ လေထုထဲကို လွင့်ပျံသွားပြီး... ရှုပ်ထွေးတဲ့ ဝင်္ကပါတစ်ခု အဖြစ်ကို ပြောင်းလဲလို့ သွားခဲ့ပြီလေ။

လင်းဖုန်းရဲ့ အမူအရာတွေဟာ
အနည်းငယ် ပြောင်းလဲသွားခဲ့ပါတယ်။
အဲ့ဒီဝက်ပါရဲ့ အထဲမှာ သူဟာ
ယုံနိုင်ဖွယ် မရှိလောက်အောင်
စွမ်းအားကြီးတဲ့ စွမ်းအင်
လှုပ်ရှားမှုတွေကို အာရုံခံမိခဲ့ပါတယ်…
ဒီလိုမျိုး သူ့ရဲ့ စိတ်ဝိညာဉ်အထိ
ခံစားမိတဲ့ အန္တရာယ်မျိုးဟာ
မီးလျှံခေါးဂိုဏ်းက ရွှေရောင်
ဗဟိုချက်အဆင့် အကြီးအကဲ
ကပေးတဲ့ ခံစားချက်မျိုးနဲ့
တူနေခဲ့တယ်လေ။

# စာစဥ် ၃ : အပိုင်း ၆

## အပိုင်း ၃၆ : ခက်ထန်သောဘုန်းကြီး... ၂၄ ကောင်းကင် ရဟန္တာဝက်ပါ

လင်းဖုန်းဟာ အနီးကပ် သေချာစွာ
စိုက်ကြည့်လိုက်ပါတယ်... ဟွေကုရဲ့
လေထဲကို ပစ်လွှတ်လိုက်တဲ့
အလင်းတန်း ၂၄တန်းဟာ
တကယ်တော့ အညိုရောင်
ပုတီးလုံးတွေ ဖြစ်တယ်ဆိုတာကို
တွေ့ရှိလိုက်ရတယ်လေ။ သူတို့
တစ်ခုချင်းဆီဟာ သစ်ကြားသီးတစ်လုံး

အရွယ်လောက် ကြီးမားပြီး…
တောက်ပတဲ့ ရွှေရောင်
အလင်းတန်းတွေကို
ထုတ်လွှင့်နေကြပါပြီ။

လင်ဖုန်းက သူ့ရဲ့နှာခေါင်းကို တရှုံ့ရှုံ့နဲ့
လုပ်လိုက်ပါတယ်… စန္ဒကူးရနံ့
သင်းသင်းလေးကို ရလိုက်ပါပြီ။
လေထဲက ပုတီးလုံး ၂၄လုံးတို့
အားလုံးဟာ တည်ငြိမ်အေးချမ်းပြီး
ခန်းနားထည်ဝါတဲ့ အော်ရာတွေကို
ထုတ်လွှတ်နေကြတယ်လေ။

ဒီပုတီးလုံး ၂၄လုံး
ကိုကြည့်လိုက်ပြီးတော့ လင်းဖုန်းဟာ
အသိဉာဏ်အလင်း ပွင့်သွားတဲ့
ရဟန်း၂၄ပါးကို တွေ့နေရတယ်လို့
ခံစားနေရပါတယ်။

ဟွေ့ကုကို ဝိုင်းရံထားတဲ့ အခြေခံ
အုတ်မြစ်အဆင့် ကျင့်ကြံသူ
သုံးယောက်ရဲ့ အမူအရာကလဲ
အနည်းငယ် ပြောင်းလဲသွားခဲ့ပါပြီ။
ဝတ်ရုံဖြူနဲ့ သက်လတ်ပိုင်း လူကြီးက
ဟွေ့ကုကို အံ့အားသင့်တဲ့ အမူအရာနဲ့
ကြည့်လိုက်ပါတယ်... "ဟာ...

ခုတ်တော်တွေ... အဲ့ဒါက
ခုတ်တော်တွေပဲ! မင်းမှာက
ခုတ်တော်တွေ ၂၄ခုတောင်မှ
ရှိတယ်ဟုတ်လား... မင်းက
မင်းတို့ကျောင်းတော်က
အကြီးအကဲတွေရဲ့ ခုတ်တော်တွေကို
မှော်အိုင်တမ်တွေအဖြစ်ကို
သန့်စင်လိုက်တာလား?"

ဒီစကားကို ကြားလိုက်ရတော့
မစ္စတာလင်းတနဲ့ ဝတ်ရုံနက်
ခေါသမားတို့ရဲ့ အမူအယာတွေဟာ
မှုန်မှိုင်းလို့ သွားခဲ့ပြီလေ။ ဝတ်ရုံနက်

ခေါးသမားဟာ သူ့ရဲ့ပါးစပ်ကို
ပထမဆုံးဦးဆုံး အကြိမ်အဖြစ်
ဟလိုက်ပါပြီ... "ဟာ... မင်းက
သစ္စာဖောက်တဲ့ ဘုန်းကြီးစုတ်ပဲ!"

ခေတ်တော် ၂၄ပါးဟာ ကောင်းကင်ရဲ့
အပေါ်ကို ပျံတက်သွားတဲ့ ဖြစ်စဥ်မှာ...
ဟွေကုရဲ့ မျက်လုံးတွေ အထဲမှာ
နာကျင်ခြင်းနဲ့ နောင်တရခြင်းတွေဟာ
ခဏတာ ဖျတ်ကနဲ
လက်သွားခဲ့ပါတယ်... ဒါပေမဲ့လည်း
ပြီးတာနဲ့ သူတို့ဟာ အဆုံးမဲ့

ဒေါသတွေ… ရန်ငြိုးတွေနဲ့
ပြည့်နှက်လို့ သွားခဲ့တယ်လေ။

ဝတ်ရုံနက် ခေးသမားရဲ့ ရှုတ်ချတဲ့
စကားတွေကို ကြားလိုက်ရတော့…
ဟွေကုဟာ ကျယ်လောင်စွာနဲ့ပဲ
ရယ်မောလိုက်ပါတော့တယ်… သူ့ရဲ့
အမူအယာတွေဟာ
အရူးတစ်ယောက်ရဲ့ အတိုင်းပါပဲ…
"အေ…တကယ်လို့များ ငါက
အဆုံးမရှိတဲ့ ငရဲအောက်ကို
ဆင်းသွားခဲ့ရရင်တောင်မှပဲ…
မင်းတို့လိုမျိုး နတ်ဆိုးမိစ္ဆာတွေကို

ပြန်ပြီးတော့ ပေးဆပ်ရစေမယ်ကွ။
ဒါက အရှင်ဗုဒ္ဓက ငါ့ကို ပြသခဲ့တဲ့
လမ်းကြောင်းပဲ... ငါ့ရဲ့
စိနိယာတွေကလဲ ငါ့ကို
ကောင်းကောင်းကြီး
နားလည်ပေးကြမှာပဲကွ..."

သူက သူ့ရဲ့ လက်နှစ်ဖက်ကို
တင်းကျပ်စွာ စုထားလိုက်ပြီး...
အသံနက်ကြီးနဲ့ အော်လိုက်ပါပြီ...
"ဗုဒ္ဓက မဟာကရုဏာ ကြီးမားတယ်...
မကောင်းဆိုးဝါးတွေ အားလုံးကို

ဖယ်ရှားပေးတယ်… ၂၄ ကောင်းကင်
ရဟန္တာဝက်ပါ… ကဲ… ပွင့်စမ်း!"

ဟွေကုရဲ့ အလျင်စလို အော်သံရဲ့
အဆုံးမှာ… လေထုထဲက ခါတ်တော်
၂၄ပါး စလုံးဟာ တောက်ပနေတဲ့
ဗုဒ္ဓအလင်းတန်းတွေကို
ထုတ်လွှတ်လိုက်ကြပါတယ်။

ဒီဗုဒ္ဓ အလင်းတန်းတွေဟာ အချင်းချင်း
ပေါင်းစည်းသွားကြပြီးမှ…
ရွှေရောင်တိမ်တိုက်ကြီး
တစ်ခုအဖြစ်ကို ပြောင်းသွားခဲ့ကာ…

ဟော့ကုရဲ့ ပေတစ်ထောင်
ပတ်ပတ်လည်ကို ရစ်ပတ်လွှမ်းခြုံလို့
သွားခဲ့ပါပြီ။ ဗုဒ္ဓရဲ့ ဇင်ဝါဒ ရွတ်ဖတ်
သရဇ္ဈာယ်သံတွေဟာ
ဗုဒ္ဓအလင်းရောင်တွေရဲ့ အထဲကနေ
ထွက်ပေါ်ခဲ့လာပြီး... နားကွဲလုမတတ်
ကျယ်လောင်စွာ ကြားနေခဲ့ရပြီလေ။

မစ္စတာ လင်းတနဲ့ အပေါင်းပါ တစ်စုတို့
အကုန်လုံးဟာ ဗုဒ္ဓအလင်းရောင်တွေရဲ့
လွှမ်းခြုံထားမှုကို ခံနေကြရပြီး...
သီးသန့်လေဟာနယ် တစ်ခုရဲ့ အထဲကို
ရောက်သွားသလိုမျိုး

ပြင်ပကမ္ဘာကြီးကနေ
ဖြတ်တောက်ထားခြင်းကို
ခံလိုက်ရပါပြီ။

ဝတ်ရုံဖြူနဲ့ သက်လတ်ပိုင်း လူကြီးဟာ
သူ့ရဲ့ခေါင်းကို
ခါလိုက်ပါတယ်..."ဟွန့်... မင်းကငါနဲ့
ဝင်္ကပါပညာရပ်မှာ
လာပြိုင်ချင်နေတာလား?
ဘုန်းကြီးစုတ်... မင်းက ငါ့ရဲ့ပြိုင်ဘက်
မဟုတ်ဘူးဟ... မင်းက
အရှက်ခွဲတာကိုပဲ ခံချင်နေ......" သူ့ရဲ့

စကားဟာ တစ်ဝက်တစ်ပျက်နဲ့ပဲ
ရပ်တန့်သွားခဲ့တယ်လေ။

ဝတ်ရုံဖြူနဲ့ သက်လတ်ပိုင်း လူကြီးဟာ
အရှေ့ကို ကြည့်လိုက်ပြီး
ပါးစပ်အဟောင်းသား
ဖြစ်သွားခဲ့ပါတယ်... မစ္စတာ လင်းတနဲ့
ဝတ်ရုံနက် ခေးသမား တို့ဟာလည်း
အတူတူပါပဲ။ တခြား ချီသာဝကအဆင့်
ကျင့်ကြံသူတွေ အားလုံးကလဲ
အကုန်လုံး ကြောက်လန့်ပြီး ဒူးတွေ
တုန်နေကြပြီလေ။

ဗုဒ္ဓ အလင်းရောင်တွေ အထဲကနေ
ပုံရိပ်ကြီးတွေဟာ ထွက်ပေါ်လို့
လာခဲ့ပါပြီ… တစ်ခုချင်းစီက
ပေတစ်ရာကျော် မြင့်မားပါတယ်…
သူတို့ရဲ့ တစ်ကိုယ်လုံးက နေပြီးတော့
ရွှေရောင် အလင်းတန်းတွေ
ထွက်ပေါ်လို့ နေခဲ့တယ်လေ။
သူတို့တွေ အားလုံးဟာ မဟာ
ရဟန္တာတွေ ဖြစ်ကြပါတယ်…
တစ်ဦးတစ်ယောက်ချင်း တွေစီကနေ
အံ့အားသင့်ဖွယ်ရာ ကြောက်မက်ဖွယ်
အော်ရာတွေကို ထုတ်လွှတ်လို့
နေခဲ့ပြီလေ။

ရဟန္တာ အလင်းရောင်ပုံရိပ်
အားလုံးစုစုပေါင်း ၂၄ခု ရှိခဲ့ပါတယ်…
တစ်ခုချင်းစီရဲ့ မှော်စွမ်းအင်
လှုပ်ရှားမှုတွေဟာ အခြေခံအုတ်မြစ်
အဆင့်က ကျင့်ကြံသူ တစ်ယောက်နဲ့
ကောင်းကောင်းကြီး
ယှဉ်နိုင်တယ်လေ။

အခြေခံ အုတ်မြစ်အဆင့် ကျင့်ကြံသူ
၂၄ယောက်!

လင်းဖုန်းနဲ့ သူ့ရဲ့ တပည့်တွေ
အကုန်လုံးကလဲ မျက်လုံးပြူးကြီးတွေနဲ့

စိုက်ကြည့်လို့ နေခဲ့ပါတယ်။
ဒီဘုန်းကြီးက အရမ်းကိုပဲ
စွမ်းအားကြီးတာပဲ... ဒီလိုမျိုး
ပြင်းထန်တဲ့ မှော်အိုင်တန် တစ်ခုကို
တကယ်ပဲ ပိုင်ဆိုင်ထားခဲ့တယ်လေ။

"ဘုရားရေ... အခြေခံ အုတ်မြစ်အဆင့်
ကျင့်ကြံသူ ၂၄ယောက်အထိ
ကိုယ်ထင်ပြနိုင်တဲ့ မှော်အိုင်တမ်တစ်ခု!
ဒီလိုမျိုး မှော်အိုင်တမ် တစ်ခုကို
ပိုင်ဆိုင်ထားတဲ့ ဘယ်သူမဆို
အခြေခံအုတ်မြစ် အဆင့်အတွင်းမှာ
သူတို့ကြိုက်တာကို လုပ်လို့ရပြီဟ..."

လင်းဖုန်းက သူ့ရဲ့တံတွေးကို ဂလုကနဲ မျိုချလိုက်ပါတယ်... အလွန်အမင်းကိုပဲ အားကျနေလို့ပါ... "အင်း... အခြေခံအုတ်မြစ် အဆင့်ကို မပြောနဲ့... တကယ်လို့များ သူဟာ သာမာန်ရွှေရောင် ဗဟိုချက်အဆင့်က ကျင့်ကြံသူမျိုးနဲ့ ရင်ဆိုင်ရမယ် ဆိုရင်တောင်မှ သူ့ကိုယ်သူ ကာကွယ်နိုင်တဲ့ စွမ်းအားမျိုးရှိမှာပဲ... သူ့ဘာသာသူ တစ်ယောက်ထဲ အနောက်မှာ ချန်နေခဲ့တာက အထူးအဆန်းတော့ မဟုတ်ပါဘူးလေ..."

ဟွေကုရဲ့ ပုံပန်းသဏ္ဍာန်ကို
မမြင်ရတော့ပဲ...
ဗုဒ္ဓအလင်းရောင်တွေရဲ့ အကြားမှာ
ပျောက်ကွယ်လို့ သွားခဲ့ပါပြီ။ ရဟန္တာ
အလင်းရောင် ပုံသဏ္ဍာန် ၂၄ပါးတို့ရဲ့
လက်တွေပဲ စုစည်းကာ...
သံပြိုင်ရွတ်ဆို နေကြပြီလေ...
"ဗုဒ္ဓဟာ မဟာ ကရုဏာတော်နဲ့
ပြည့်စုံတယ်... နောင်တရပြီး
ကယ်တင်ခြင်းကို ခံယူပါ..."

အသံတွေဟာ ဘုရားကျောင်းမှာတီးတဲ့
မနက်ခေါင်းလောင်းသံနဲ့ ညနေစည်သံ

တွေလိုမျိုးပဲ ဝိညာဥ်လိပ်ပြာ
တွေထဲအထိကို
ထိုးဖောက်ဝင်ရောက်လို့
သွားခဲ့ပါတယ်။ ဗုဒ္ဓအလင်းရောင်
အထဲက လူတွေ အကုန်လုံးဟာ
ချက်ချင်းပဲ စိတ်ရဲ့
လှည့်ဖြားမှုတွေကြောင့် အတွေးမှား
အမြင်မှားတွေ
ဖြစ်ပေါ်လာခဲ့ကြတယ်လေ... သူတို့ရဲ့
အလွန်ဆိုးဝါးတဲ့ ပြစ်မှုတွေကြောင့်
အပြစ်ရှိသလိုမျိုးကို ခံစားနေခဲ့ရပြီး
ဖိနှိပ်ဖမ်းဆီးကာ ဘဝ သံသရာထဲကို
လွှတ်အချခံရခြင်းကို
ထိုက်တန်တယ်လို့ ယူဆလာကြပါပြီ။

ဒီလူသုံးယောက်စလုံးဟာ
အခြေခံအုတ်မြစ် အဆင့်အထိကို
ရောက်ရှိနေကြတဲ့ ကျင့်ကြံသူတွေပဲ
ဖြစ်ကြပါတယ်။ သူတို့ရဲ့
စိတ်စွမ်းအားတွေဟာ ခိုင်မာပြီးတော့
ချက်ခြင်းဆိုသလိုပဲ
တုံ့ပြန်လိုက်ကြပါပြီ။ ချီသာဝကအဆင့်
ကျင့်ကြံသူတွေ အနေနဲ့…
တစ်ယောက်ကမှ ဒဏ်ရာတော့
မရကြပါဘူး… ဒါပေမဲ့လည်း
သူတို့အားလုံးဟာ မြေပြင်အပေါ်ကို
ပစ်လဲကုန်ကြပြီလေ… ခုခံဖို့အတွက်

အသိတရားတွေ လုံးဝကိုပဲ
မရှိကြတော့ဘူးလေ။

လင်းဖုန်းကတော့ ဘေးက
တောင်ကုန်းလေးကနေ
ကြည့်နေရင်းနဲ့ပဲ
ကြက်သီးမွေးညင်းတွေ
ထနေခဲ့ပါတယ်။ ဗုဒ္ဓ အခြေခံ
အုတ်မြစ်အဆင့်  ကျင့်ကြံသူ
၂၄ယောက်တို့ဟာ အတူတကွ
ရွတ်ဆိုလို့ နေကြတယ်လေ...
သူတို့တတွေဟာ ရန်သူကို အန္တရာယ်
ပေးဖို့ကိုတောင် မလိုအပ်ခဲ့ပါဘူး...

ဒီအတိုင်းပဲ လွှမ်းမိုးခြယ်လှယ်
နိုင်ခဲ့ပါတယ်... သူတို့ကို ခုခံဖို့
စိတ်စွမ်းအားတွေကို
ကင်းမဲ့စေခဲ့တယ်လေ။

"အင်း... ဒီ ၂၄ ကောင်းကင် ရဟန္တာ
ဝက်ပါဟာ ဘာအားနည်းချက်များ
ရှိမလဲဟ? ဝက်ပါ တစ်ခုဖြစ်လို့
အလွယ်တကူများ
မရှေ့လျှားနိုင်ဘူးလား?" လင်းဖုန်းဟာ
လျှင်မြန်စွာနဲ့ပဲ
တွေးတောနေခဲ့ပါတယ်... သူ့ကို
တန်ပြန်နိုင်မယ့် နည်းလမ်းတွေကို

ရှာဖွေနေခဲ့တယ်လေ… "မှော်စွမ်းအင်
သုံးစွဲမှုတွေ အရမ်းကြီး များသလား?
ဒါမှမဟုတ် ဒီရဟန္တာ အလင်းရောင်
ပုံသဏ္ဍာန်တွေဟာ လူတွေကို
ခြောက်လှန့်ဖို့သက်သက် အပေါ်ယံအခွံ
သက်သက်ပဲလား?"

လျှင်မြန်စွာနဲ့ပဲ သူတို့ရဲ့
လုပ်ရပ်တွေဟာ လင်းဖုန်းရဲ့
မေးခွန်းတွေကို အဖြေပေးခဲ့ပါတယ်။

မစ္စတာ လင်းတနဲ့ တခြား
အခြေခံအုတ်မြစ် ကျင့်ကြံသူ

နှစ်ယောက်ဟာ အညှံ့မခံကြတာကို ကြည့်ပြီးတော့... ဒီရဟန္တာပုံရိပ် ၂၄ပါးတို့ဟာ ဘုရားစာ နောက်တစ်ပိုဒ်ကို ရွတ်ဆိုပြီးမှ အုပ်စုငယ်များအဖြစ် ချီတက်တိုက်ခိုက် လာကြပါတယ်။

ဝတ်ရုံနက် ဓားသမားဟာ အေးစက်စက်နဲ့ပဲ နှာခေါင်းတစ်ချက်ကို ရှုံ့လိုက်ပြီးတော့... ရွှေရောင်ရဟန္တာ တစ်ပါးကို သူ့ရဲ့ဓားနဲ့ လျက်တပြတ် ခုတ်ပိုင်းလိုက်ပါတယ်။

"ဒင်..."

သံသံချင်း ထိခိုက်မိတဲ့ အသံတစ်ခုဟာ စူးရှစွာနဲ့ပဲ ထွက်ပေါ်လာခဲ့ပါတယ်။ တောင်တစ်တောင်ကိုတောင်မှပဲ ဖြတ်တောက်နိုင်ခဲ့တဲ့ ဓားပျံဟာ ရွှေရောင်ရဟန္တာရဲ့ ရင်ဘတ်မှာတော့ အက်ကွဲကြောင်း တစ်ခုကိုမျှသာ ဖြစ်ပေါ်စေခဲ့တယ်လေ။ ဒီရွှေရောင် ရဟန္တာဟာ ဘာကိုမှ မခံစား ခဲ့ရပါဘူး... ဓားပျံကို သူ့ရဲ့ကြီးမားတဲ့ လက်အစုံနဲ့ ဖမ်းယူဆုပ်ကိုင် လိုက်ပါပြီ။

ဝတ်ရုံနက် ခေါးသမားဟာ
သူ့ရဲ့ခေါးပုံကို ကျွမ်းကျင်စွာနဲ့ပဲ
ထိန်းလိုက်ပြီးမှ နောက်ကို
ပြန်ဆုတ်လိုက်ပါတယ်… ဒါပေမဲ့လည်း
ဘေးကနေ နောက်ထပ်
ရွှေရောင်ရဟန္တာ နှစ်ပါးဟာ ဘယ်ညာ
နှစ်ဖက်စလုံးကနေ ဝိုင်းရံပိတ်ဆို့
လိုက်ပြီးတော့မှပဲ တိုက်ခိုက်လိုက်ပါပြီ။
လက်ဝါးလေးဖက်စလုံးကို
တွန်းထုတ်လိုက်တာ… တောက်ပတဲ့
ဗုဒ္ဓ အလင်းရောင်တွေဟာ အစိုင်အခဲ
ပုံစံအဖြစ်ကို  စုစည်းသွားခဲ့ပြီး…
လျှင်မြန်သွက်လက်တဲ့ ခေါးပုံကို

တကယ်ကိုပဲ လေထုထဲမှာ ပိတ်ဆို့ကာ
ထားခဲ့ပြီလေ။

နောက်ထပ်တခြား ရွှေရောင်ရဟန္တာ
နှစ်ပါးတို့ကလဲ ဝတ်ရုံနက် ခေးသမား
ကိုယ်တိုင်ဆီကို ပြေးလာခဲ့ပါတယ်...
ရေခရားလိုမျိုး ကြီးမားတဲ့
လက်သီးဆုပ်ကြီးတို့ဟာ
သူ့ရဲ့ခေါင်းပေါ်ကို
ရိုက်နှက်လိုက်ခဲ့ပြီလေ!

"ဟာ... ဒီသေနာ
ကတုံးကြီးကတော့ကွာ!" ဝတ်ရုံနက်

ခေါသမားရဲ့ မျက်နှာဟာ
ဖြူဖတ်ဖြူရော်
ဖြစ်လို့သွားပါတော့တယ်။
သူ့ရဲ့ကျင့်ကြံမှု စွမ်းပကားတွေ
အားလုံးကို သူ့ရဲ့ ခေါးပုံ့အပေါ်မှာ
ပို့လွှတ်ထားခဲ့တာလေ....
ဒီခေါးပုံ့ကိုသာ ဆုံးရှုံးလိုက်ရရင်တော့
သူ့ရဲ့ တိုက်ခိုက်နိုင်စွမ်းဟာ
ဘာမှရှိတော့မှာ မဟုတ်ပါဘူး။ သူဟာ
ကပျာကယာနဲ့ပဲ
ရှောင်တိမ်းလိုက်ရပါတယ်...
တချိန်ထဲမှာပဲ တတ်နိုင်သလောက်
ကြိုးစားပြီး သူ့ရဲ့ခေါးပုံ့ကို ပြန်ယူဖို့
ကြိုးစားလိုက်ပါတော့တယ်။

ခေါင်းပုံလေးဟာလည်း ကြံ့ရာမရပဲ
ဗုဒ္ဓအလင်းတန်းတွေရဲ့ အကြားမှာ
ရုန်းကန်နေခဲ့ရရှာပါတယ်… တဝီဝီနဲ့
စူးရှတဲ့အသံကို ထုတ်လွှင့်နေလို့ပါ။
သူ့ရဲ့ ခေါင်းသွားတောင်မှပဲ နဂိုပုံစံ
မဟုတ်တော့ပဲ ပုံစံပျက်ကာ
လာခဲ့ပါပြီ… ဒါပေမဲ့လည်း ဘယ်လိုပဲ
ကြိုးစားကြိုးစား သူဟာ ဒီဗုဒ္ဓ
အလင်းရောင်တို့ရဲ့ အကျဥ်းချခံ
ထားခြင်းကနေ
မလွတ်မြောက်နိုင်ခဲ့ပါဘူး။

ဆန့်ကျင်ဘက် ဖြစ်လှစွာပဲ....
ဒီခားပျံကို ချုပ်နှောင်ထားတဲ့
ရွှေရောင်ရဟန္တာ သုံးပါးရဲ့
စွမ်းအားတွေကသာ ဆထက်တပိုး
ပိုပိုပြီးတော့ တိုးလာခဲ့ပါတယ်။ ရောမ
လက်ဝါးကြီး ခြောက်ခုတို့ဟာ
စုစည်းသွားခဲ့ပြီး... သူတို့ရဲ့ လက်ထဲက
ဗုဒ္ဓ အလင်းရောင်တွေဟာ ပိုပိုပြီးတော့
တောက်ပခဲ့လာကာ... ဝတ်ရုံနက်
ခားသမားရဲ့ ခားပျံပေါ်ကနေ
မီးခိုးငွေ့တွေဟာ
တထောင်းထောင်းနဲ့ပဲ
ထလာခဲ့ပါတော့တယ်။

ခေါင်းပုံလေးဟာ အသက်ရှိနေတဲ့
အတိုင်းပဲ တစီစီနဲ့ အော်မြည်လို့
နေခဲ့ပါတယ်… စိတ်မချမ်းမြေ့ဖွယ်ရာ
မြည်တမ်းသံတွေကို
ထုတ်လွှတ်နေလို့ပါ။

ဒါကို မြင်လိုက်ရတော့ ဟွေကုရဲ့
လက်ထဲက ဒီမှော်အိုင်တမ်ဟာ
ဒီအခြေခံ အုတ်မြစ်အဆင့် ရဟန္တာ
အလင်းရောင် ပုံသဏ္ဍာန်တွေကို
အကောင်အထည်အဖြစ်
ရုပ်လုံးပေါ်လာအောင်
စွမ်းဆောင်နိုင်တယ် ဆိုတာကို

လင်းဖုန်းက လုံးဝသေချာစွာ
သိလိုက်ပါပြီ။

သူ့တို့ဟာ အသိဉာဏ် မြင့်ချင်မှလဲ
မြင့်မယ်… သွက်လက်ထက်မြက်မှုလဲ
ရှိချင်မှလဲ ရှိမယ်… သူတို့ဟာ
အနီးကပ် တိုက်ပွဲကိုသာ ဆင်နွဲနိုင်ပြီး
မှော်ကျိန်စာ တစ်ခုကိုမှ မတတ်ပဲနဲ့လဲ
ဖြစ်နိုင်တယ်… ဒါပေမဲ့
မှော်စွမ်းအင်တွေ အနေနဲ့ကတော့
ဒီရွှေရောင် ရဟန္တာ အားလုံးတို့ဟာ
အခြေခံအုတ်မြစ် ကျင့်ကြံသူ အဆင့်မှာ
ရှိနေကြပါတယ်။

ပြီးတော့ သူတို့ဟာ နာကျင်မှုတွေကို
မခံစားရပဲ ဒဏ်ရာရမှာကိုလဲ
မကြောက်နေကြပါဘူး။ သူတို့ဟာ
အသက်တစ်ချောင်းနဲ့ တစ်ချောင်း
လဲရမယ် ဆိုရင်လည်း ဝန်လေး
နေကြမှာ မဟုတ်ကြဘူးလေ။

နေရာမှာတင် ရပ်နေခဲ့ပြီး
မလှုပ်ရှားကြသေးတဲ့
ရွှေရောင်ရဟန္တာဟာ  ဆယ်ပါးတောင်
ရှိပါသေးတယ်… တခြား
၁၄ပါးကတော့ စုပေါင်းပြီးမှ… မစ္စတာ

လင်းတနဲ့ အခြားနှစ်ယောက်ကို
ပယ်ပယ်နယ်နယ်ပဲ
ဆွမ်းကြီးဝိုင်းလောင်း
ကြပါတော့တယ်။

ဒီလိုမျိုး ကြီးကျယ်ခမ်းနားတဲ့ စွမ်းအား
ကွာခြားမှုရဲ့ အောက်မှာတော့…
မစ္စတာလင်းတနဲ့ ရောင်းရင်းတို့ဟာ
တစ်ယောက်နဲ့တစ်ယောက်
အသက်ချင်း လဲဖို့ကိုတောင်မှပဲ
အခွင့်အရေးလေး မရှိခဲ့ပါဘူး။ အရှင်ပဲ
အဖမ်းခံရမလား… အသေပဲ
အသတ်ခံရမလား… အားလုံးဟာ

ဟျှော့ကုရဲ့ သဘောထားအပေါ်မှာ
မူတည်နေခဲ့ပါတယ်။

ဒီမတိုင်ခင်တုံးကတော့ ဘယ်သူကမှ
ဟျှော့ကုဟာ ဒီလောက်ကြီး
ကြမ်းနေလိမ့်မယ်လို့
တွေးမထားခဲ့မိပါဘူး။ အစ
ပထမကတော့ မျှော်လင့်ချက်မဲ့နေတဲ့
သုံးယောက် တစ်ယောက် တိုက်ပွဲပါ...
ဒါပေမဲ့လည်း အခြေအနေတွေဟာ
ရုတ်ခြည်းပဲ ပြောင်းလဲသွားခဲ့ပြီး
၂၄ယောက် ၃ယောက် တိုက်ပွဲ
ဖြစ်သွားခဲ့တယ်လေ။

ဒီအချိန်မှာတော့ မစ္စတာ လင်းတနဲ့
အပေါင်းပါတွေရဲ့ ရင်ထဲမှာကတော့
ထောင်ပေါင်းများစွာသော မြင်းတွေ
ဖြတ်ပြေးသွားကြတဲ့ ရှုံ့ညွှန်ထူထပ်တဲ့
မြက်ခင်းပြင်ကြီးလိုမျိုး ဖြစ်နေကြပါပြီ။

လင်းဖုန်းလေးဟာလည်း
စိတ်ဓာတ်တွေ အတော်ကို
ကျသွားခဲ့ပြီလေ။ ဟင်း… ရှောင်ယန်…
မင်းလေးက တော်တော့်ကို
တော်ပါပေတယ်… မင်းရန်စခဲ့တဲ့
ပထမဦးဆုံး ရန်သူက ဒီလောက်ကြီး

အထိကိုပဲ ခက်ထန်ကြမ်းကြုတ်တာပဲ။
ပိုပြီးတော့ မထင်မှတ်ထားခဲ့တာက
ဒီကတုံး အစုတ်ပလုတ်ကြီးဟာ
ဇူရီလေးကို ပြန်ပေးဆွဲသွားတဲ့
ပြင်းထန်သောမုန်တိုင်း အဖွဲ့အစည်းနဲ့
အလိုတူ အလိုပါ ဖြစ်နေခဲ့တာပါပဲ။

ရှောင်ယန်လေးကို ကာကွယ်နိုင်ဖို့...
ဇူရီလေးကို ကယ်တင်နိုင်ဖို့...
ဒါတွေအားလုံးဟာ ဟွေကုကို
ကျော်ဖြတ်နိုင်မှပဲ ရမှာပါ။

ဒီအထိ တွေးလိုက်ပြီးတော့ လင်းဖုန်းရဲ့ မျက်စိတွေမှာ အေးစက်တဲ့ အလင်းတန်းတွေက လက်ကနဲ ဖြစ်သွားခဲ့ပါတယ်... "အင်း... ငါကတော့ သူ့ရဲ့ အခြေအနေတွေ ချောချောမွေ့မွေ့ ဖြစ်နေတာကို လက်ပိုက်ကြည့်နေလို့ မဖြစ်ဘူးဟ... သူ့ကို နဲနဲတော့ အချွန်လေးနဲ့ မမှရမယ်... ပထမဦးဆုံး သူ့မှာက ဘာအားနည်းချက် ရှိသလဲဆိုတာကို အရင်ရှာမှ ရမယ်ကွ..."

လင်းဖုန်းဟာ အချိန်အနည်းငယ်မျှ စဥ်းစားလိုက်ပြီးမှပဲ… ရှောင်ယန်လေးကိုခေါ်ကာ သူ့ရဲ့ နားအနားမှာ ညွှန်ကြားချက်တွေကို တီးတိုးပြောလိုက်ပါတယ်။

ရှောင်ယန်လေးဟာ ခဏကြာအောင် ကြက်သေသေ သွားခဲ့ပါပြီ… "အာ… ဆရာသခင်က ဘာလုပ်မလို့လဲဗျ?"

လင်းဖုန်းကတော့ ခက်ခဲသိမ်မွေ့သလို ဟန်ဆောင်လိုက်ပြီးတော့… တိုးတိုးလေးပဲ

ပြန်ဖြေလိုက်တယ်လေ...
"ဟင်းဟင်း... ငါ့မှာကလဲ
ငါ့အကွက်နဲ့ငါ ရှိတာပေါ့ကွာ...
မင်းလုပ်ရမှာက ငါပြောတဲ့
အတိုင်းပဲလုပ်။ အင်း... ကံကောင်းရင်
မင်းအတွက်တောင် လက်ဆောင်
ကောင်းကောင်းလေးတစ်ခု
ရနိုင်သေးတယ်ကွ..."

ရှောင်ယန်ရဲ့ နှုတ်ခမ်းလေးတွေဟာ
တွန့်သွားခဲ့ပါပြီ... "အား...
ကျွန်တော့်ကို မနောက်ပါနဲ့နော်...
ဆရာသခင်!"

လင်းဖုန်းက
လက်ကိုမြှောက်လိုက်ပြီး...
ရယ်ရယ်မောမောနဲ့ပဲ
ဆူလိုက်ပါတယ်...
"ခွေးကောင်စုတ်လေး... မင်းက
နာချင်နေပြီနဲ့ တူတယ်..."

ရှောင်ယန်လေးဟာ
လျှာကိုထုတ်လိုက်ပြီး...
တောင်ကုန်းပေါ်ကနေ
ပြေးဆင်းသွားကာ... ဗုဒ္ဓ
အလင်းရောင်တွေနဲ့ ဖွဲ့စည်းထားတဲ့

တိမ်တိုက်အနီးကို
ရောက်သွားခဲ့ပြီလေ။

သူဟာ လင်းဖုန်း
ညွှန်ကြားထားတဲ့အတိုင်း
တသွေမတိမ်းပဲ
လုပ်ဆောင်လိုက်ပါတယ်… ဗုဒ္ဓ
အလင်းရောင်တွေရဲ့ အနားမှာ
နှစ်ပတ်သုံးပတ်လောက်
ပတ်လိုက်ပါပြီ။ သူ့ကို ဗုဒ္ဓ
အလင်းရောင်တွေရဲ့ ကြားထဲက
နေပြီးတော့ ဟွေကုကလဲ
တွေ့လိုက်ပြီလေ။

"ဟားဟား… မင်းက
အမဲလိုက်ကွင်းထဲကို သံဖိနပ်စီးပြီးမှ
ဝင်လာတာပဲ… ဘယ်အချိန်ပဲ ဖြစ်ဖြစ်
အလွယ်တကူ ရှာတွေ့နိုင်တာပဲကွာ!"
ဟွေကုဟာ  အစ ပထမကတော့
အလွန်ကိုပဲ ပျော်သွားခဲ့ပါတယ်…
ဒါပေမဲ့လည်း မစ္စတာ လင်းတနဲ့
ရောင်းရင်းများကို ကြည့်လိုက်ပြီးတော့
အနည်းငယ်
အခက်တွေ့သွားခဲ့တယ်လေ…
"အင်း… ငါကတော့ ဒီလူလိမ်
လူညစ်တွေကို အရင်စာရင်း
ရှင်းလိုက်ဦးမယ်… ဒီအချိန်ကျမှ

နောက်ဆုတ်လိုက်ရင်တော့
နှမြောစရာကြီးတွေ
ဖြစ်ကုန်လိမ့်မယ်ဟ။ ဒါပေမဲ့လည်း
အချိန်တွေ ကြာသွားပြီး
ဟိုချာတိတ်လေး ထွက်ပြေးသွားရင်
ဘယ်လိုလုပ်မလဲ?"

ဟွေကုဟာ အနည်းငယ်
ချီတုံချတုံဖြစ်လို့ အပြီးမှာတော့
သူ့ရဲ့အံကို ကြိတ်လိုက်ပြီးမှ… သူ့ရဲ့
ကိုယ်ပိုင်အိတ်ကို ဖွင့်လိုက်ကာ
မြွေအသေးလေး တစ်ကောင်ကို
ထုတ်ယူလိုက်ပါတယ်။

ဒီမြွေလေးဟာ လေထဲရောက်တာနဲ့ပဲ
ကြီးထွားလို့ လာခဲ့ပါတယ်...
တကယ်ကိုပဲ မီတာ ၁၀၀ကျော်ရှည်တဲ့
ရောမရွှေရောင် စပါးအုံးမြွေကြီး
အဖြစ်ကို ပြောင်းလဲကာ
လာခဲ့တယ်လေ။ သူ့ရဲ့ခေါင်းဟာလည်း
အခန်းငယ်လေး တစ်ခန်းရဲ့
အရွယ်အစားလောက် ရှိပြီးတော့...
သူ့ရဲ့ပါးစပ်ထဲမှာလဲ
ဆင်စွယ်လောက်ရှိတဲ့ ထက်မြက်တဲ့
အစွယ်ကြီးတွေနဲ့ အပြည့်ပါပဲ။
ဟွေကုက သူ့ရဲ့လက်ကို
ဆန့်တန်းလိုက်ပြီးမှရှောင်ယန်ဆီကို

ညွှန်ပြလိုက်ပါတယ်… "ဟော့…
ငါကသူ့ကို အရှင်လိုချင်တယ်ကွ…"

ဒီရောမ စပါးအုံးမြွေကြီးဟာ
မြေပြင်ပေါ်ကို ဆင်းသက်လာခဲ့ပြီး…
ရှောင်ယန်လေး ရှိရာဆီကို
မြားတစ်စင်းလိုမျိုး တဟုန်ထိုး
ပျံသန်းကာ လာခဲ့ပြီလေ။

ဒီရောမရွှေရောင် စပါးအုံးမြွေကြီးကို
ကြည့်ပြီးမှ ရှောင်ယန်ဟာ အနည်းငယ်
ထိတ်လန့်သွားခဲ့ပါတယ်။ ဒီမြွေကြီးက
လျှောတိုက်လာတဲ့ အခါမှာ

သူ့ရဲ့ဆီကနေ သွေးအနံ့တွေကို
မရပါခဲ့ဘူး... ပြောင်းပြန်ဖြစ်စွာနဲ့ပဲ
စန္ဒကူးရနံ့ သင်းသင်းလေးတွေကိုပဲ
ထုတ်လွှတ်လို့ နေခဲ့ပါတယ်။

ဒီရောမ စပါးအုံးမြွေကြီးရဲ့ ခေါင်းမှာ
အဖုနှစ်ဖု ထွက်လာခဲ့ပါတယ်...
ရေပြင်နဂါး တစ်ကောင်ရဲ့ ခေါင်းက
ဦးချိုတွေလိုပါပဲ... သူ့ရဲ့ မြေပြင်ပေါ်မှာ
တွားသွားနေတဲ့ အမြန်နှုန်းဟာ
လျှပ်စီးလျှပ်တဲ့ အတိုင်းပဲလေ...
ဒီလိုမျိုး ခက်ထန်တဲ့
သားရဲတစ်ကောင်ရဲ့

တိုက်ခိုက်နိုင်စွမ်းဟာ
ချီသာဝကအဆင့် ၁၀နဲ့အထက်က
ကျင့်ကြံသူတွေနဲ့ ကောင်းကောင်းကြီး
ယှဉ်နိုင်ပါတယ်။

ဒီအချိန်မှာ လင်းဖုန်းရဲ့ သူ့ကို
သတိပေးထားတဲ့ အချက်ဟာ
ရှောင်ယန်ရဲ့ ခေါင်းထဲမှာ လက်ကနဲ
ပေါ်လာခဲ့ပါတယ်... "အင်း...
တကယ်လို့များ... ဒီဘုန်းကြီးဟာ
မှော်အိုင်တန် တစ်ခုခု ဒါမှမဟုတ်
စိတ်ဝိညာဉ် အိမ်မွေးတိရိစ္ဆာန်
တစ်ကောင်ကောင်ကို သုံးပြီးတော့မှ

မင်းကို ရင်ဆိုင်ခဲ့လို့ရှိရင်တော့...
အဲ့ဒီနေရာမှာပဲ ရပ်မနေနဲ့ကွ...
အဝေးက တောင်ကုန်းတွေ ရှိရာဆီကို
ပြေးသာပြေးဟ..."

ရှောင်ယန်လေးဟာ
သူ့ရဲ့နှုတ်ခမ်းလေးတွေကို
တွန့်လိုက်ကာ...
လှည့်ပတ်ပြီးတော့မှပဲ ပြေးလိုက်ပါပြီ။
ဒီရောမရှေ့ရောင် စပါးအုံးမြွေကြီးကလဲ
သူ့ရဲ့ အနောက်က နေပြီးတော့
ထပ်ကြပ်မကွာပဲနဲ့ လိုက်လာခဲ့ပြီလေ။

တောင်ကုန်းထိပ်ပေါ်ကနေ
လင်းဖုန်းဟာ ရှောင်ယန်လေးနဲ့ ရောမ
စပါးအုံးမြွေကြီးရဲ့ စိန်ပြေးတန်း
ကစားနေကြတာကို
ကြည့်နေခဲ့ပါတယ်... သူတို့တွေဟာ
ဝေးသထက် ဝေးသွားကြပေမယ့်...
ဗုဒ္ဓအလင်းရောင် ဝက်ပါရဲ့ ကြားထဲက
ဟွေ့ကုဟာ လိုက်မဖမ်းတာကို
ကြည့်လိုက်ပြီးတော့... လင်းဖုန်းရဲ့
မျက်နှာမှာ နေဝန်းကဲ့သို့ နွေးထွေးတဲ့
အပြုံးလေး တစ်ခုဟာ ထပ်မံပြီးတော့
ပေါ်ပေါက်ကာ လာခဲ့ပြန်ပါပြီ။

# စာစဉ် ၃ : အပိုင်း ၇

## အပိုင်း ၃၇ : ကလေးနှစ်ယောက်က မြွေတစ်ကောင်ကို သတ်ခြင်း

ဟော့ကုဟာ ရှောင်ယန်လေးကို လိုက်ဖမ်းဖို့အတွက် ရောမရွှေရောင် စပါးအုံးမြွေကြီး တစ်ကောင်ကိုသာ လွှတ်လိုက်ပြီး သူကိုယ်တိုင်ကတော့ ဒီဗုဒ္ဓ အလင်းရောင် ဝင်္ကပါရဲ့ အတွင်းမှာပဲ နေနေခဲ့တယ်လေ။

ဒါကို မြင်လိုက်ရတော့ လင်းဖုန်းဟာ သူ့သံသယ ဖြစ်နေတဲ့ အရာတွေကို ကောင်းကောင်းကြီး သဘောပေါက်သွားခဲ့ပါပြီ... " အင်း... ငါထင်ထားတဲ့ အတိုင်းပဲ... ဒီရွှေရောင် ရဟန္တာ ၂၄ပါးဟာ ဗုဒ္ဓ အလင်းရောင်တွေ လွှမ်းခြုံထားတဲ့ ပေ၁၀၀၀ ဧရိယာ အတွင်းမှာပဲ လှုပ်ရှားနိုင်တာဟ။ ဝင်ပေါက်ကို ထိန်းချုပ်နေတဲ့သူ အနေနဲ့ ဒီဘုန်းကြီးကလဲ ဗုဒ္ဓအလင်းရောင် ဧရိယာရဲ့ အထဲကနေ အပြင်ကိုထွက်လို့ မရဘူးကွ။

ပြီးတော့ ကြည့်ရတာက ဟော့ကုဟာ
သူ့ရဲ့အာရုံတွေ အကုန်လုံးကို ဝက်ပါကို
ထိန်းချုပ်ဖို့အတွက်ပဲ
စူးစိုက်ထားရပြီး... တခြား
ကျင့်ကြံမှုစွမ်းရည်တွေကို အသုံးလဲ
မပြုနိုင်တော့ပါဘူး။

လင်းဖုန်းဟာ ရင်ထဲကနေပဲ
ထပ်တွေးနေခဲ့ပါတယ်... "အင်း...
ဒီအတိုင်းဆိုရင်တော့ အတည်မပြု
နိုင်သေးတာက အချက်တစ်ချက်ပဲ
ကျန်တော့တယ်ဟ... ဒါကတော့
ဒီဝက်ပါကို ပုံဖော်ဖို့အတွက် ဓါတ်တော်

၂၄ ပါး စလုံးကို မရှိမဖြစ်
လိုအပ်သလား ဆိုတာပါပဲ။
တစ်ပါးပါးများ လျော့သွားခဲ့ရင်
ဒီဝက်ပါကြီးကို မထိန်းသိမ်းနိုင်တော့ပဲ
နေမလား?

စဥ်းစားနေရင်းနဲ့ပဲ လင်းဖုန်းဟာ
သူ့ရဲ့ဘေးနားက ရှောင်ပုတန်လေးကို
တိတ်တိတ်ကလေး
ပြောလိုက်ပါတယ်... "ကဲကဲ... မင်းရဲ့
ဂိုဏ်းတူအစ်ကိုကြီးကို
သွားကူလိုက်ပါဦးကွာ... ငါကတော့
ဒီမြွေကြီးကို မင်းတို့နဲ့ပဲ

လွှတ်ထားလိုက်တော့မယ်။
ဆရာသခင်က ဘာကိုမှ ဝင်ပြီးတော့
စွက်ဖက်မှာ မဟုတ်ဘူးနော်... ဒါက
မင်းတို့ကို စာမေးပွဲ စစ်တယ်လို့ပဲ
သဘောထားလိုက်ပေါ့ကွာ..."

ဒီစကားကို ကြားလိုက်ရတော့
ရှောင်ပုတန်လေးဟာ နဲနဲကလေးမှ
ပြာယာခတ်သွားခဲ့ခြင်းမျိုး မရှိခဲ့ပါဘူး။
အဲ့ဒီအစား သူဟာ
စမ်းသပ်ကြည့်ဖို့အတွက်
စိတ်အားထက်သန် နေခဲ့ပါတယ်…
ဒီ့အပြင် သူခိုးတစ်ယောက်ရဲ့ ပုံစံမျိုးနဲ့

ပြုံးလိုက်ပြီးမှ... "ဟီးဟီး...
ဆရာသခင်... တကယ်လို့များ
ကျွန်တော်တို့က ဒီမြွေကြီးကို
သတ်နိုင်ခဲ့လို့ရှိရင် အသွေးအသားနဲ့
တခြားပစ္စည်းတွေကို ကျွန်တော်တို့က
ရမှာလားဟင်?"

လင်းဖုန်းဟာ သူ့ရဲ့
ခေါင်းသေးသေးလေးကို
ခေါက်လိုက်ရင်း... အပြုံးလေးနဲ့ပဲ
ဆူလိုက်ပါတယ်...
"ကောင်စုတ်ကလေး... မင်းကတော့
စားဖို့လောက်ပဲ ချောင်းနေတာပဲဟ!"

ရှောင်ပုတန်လေးကတော့
တခစ်ခစ်နဲ့သာ ရယ်မောလို့
နေခဲ့ပါတယ်။ လင်းဖုန်းကတော့
စိတ်ပျက်စွာနဲ့ပဲ ခေါင်းကိုခါလိုက်ရင်း...
"ကဲ... သွားသွား...
ဘယ်လောက်အထိ ရမလဲ
ဆိုတာကတော့ မင်းရဲ့အစွမ်း ပေါ်မှာပဲ
မူတည်နေတယ်ကွ..."

"အား... ကျေးဇူးပါ ဆရာသခင်!"
ရှောင်ပုတန်လေးဟာ ပျော်ရွှင်စွာနဲ့ပဲ
အော်ဟစ်လိုက်ပါပြီ... မျက်စိတမှိတ်

အတွင်းမှာပဲ မြင်ကွင်းထဲကနေ
ပျောက်သွားပြီး ရှောင်ယန်နဲ့
စပါးအုံးမြွေကြီးတို့ ရှိတဲ့ဘက်ကို
တစ်ဟုန်ထိုး ပြေးသွားခဲ့ပြီလေ။

ဒီရောမရွှေရောင် စပါးအုံး မြွေကြီးဟာ
မွေးရာပါ မျိုးကွဲသတ္တဝါ တစ်မျိုးဖြစ်ပြီး
သူ့ကိုဟွေကုက လျှို့ဝှက်ဗုဒ္ဓ
နည်းစနစ်တွေနဲ့
လေ့ကျင့်ထားပေးတာပါ။
သူ့ရဲ့ခွန်အားနဲ့ အမြန်နှုန်းတွေဟာ
အံ့အားသင့်ဖွယ်
ကောင်းလောက်အောင်

မြင့်မားပြီးတော့
သာမာန်သားရဲတွေထက်
အပုံကြီးသာပါတယ်။

တကယ်လို့များ လင်းဖုန်းကသာ
ရှောင်ယန်လေးကို တိမ်လွှာနဂါး
လွတ်မြောက်ခြင်း နည်းစနစ်ကို
သင်မပေးထားဘူး ဆိုရင်တော့ သူဟာ
ဒီမြွေကြီးကို လွတ်အောင်ပြေးနိုင်မှာ
မဟုတ်ပါဘူး။

"ဟင်း... ဒီကောင်ကြီးက
ခွေလိုက်လို့ရှိရင် တောင်ကုန်းငယ်

တစ်ခုစာလောက် ရှိတယ်ဟ...
ဒီလောက်ကြီးတဲ့ ကိုယ်ခန္ဓာကြီးနဲ့
ဘာကြောင့်များ ဒီလောက်တောင်မှ
မြန်နေရတာလဲကွာ!" ရှောင်ယန်က
ရင်ထဲကနေပဲ ကျိန်ဆဲလို့
နေခဲ့ပါတယ်... သူ့ရဲ့ ခန္ဓာကိုယ်ဟာ
ထူးဆန်းတဲ့ အလှည့်အပြောင်း
တစ်ခုကို ရုတ်တရက် လုပ်လိုက်ပြီးမှ
သူ့ရဲ့နောက်ကနေ ပြင်းထန်စွာနဲ့
ဆတ်ကနဲ ဟပ်လိုက်တဲ့
မြွေပါးစပ်ကြီးကို ရှောင်ရှားလိုက်ပါပြီ။

ဒီမြွေကြီးရဲ့ ဦးခေါင်းဟာ အိမ်လေး
တစ်လုံးစာလောက် ကြီးမားပြီး...
သူ့ရဲ့ပါးစပ် အကျယ်ကြီးတွေကို
ဟလိုက်ကာ ရှောင်ယန်လေးကို
တစ်ကောင်လုံး မျိုချဖို့
အတွက်ကတော့ အလွယ်လေးပါပဲ။

"စီနီယာ... ဒီဘက်မှာဗျ... ဒီဘက်မှာ!"

ရှောင်ယန်ဟာ သွေးရူးသွေးတန်းနဲ့
ခြေကုန်သုတ်ကာ ရှောင်တိမ်းနေရတဲ့
အချိန်မှာပဲ ရှောင်ပုတန်လေးရဲ့
အော်သံကို ရုတ်တရက်ပဲ

ကြားလိုက်ရပါတော့တယ်။
သူ့ရဲ့ခေါင်းကို
မော့ကာကြည့်လိုက်တော့…
ရှောင်ပုတန်လေးဟာ
တောင်ကုန်းတစ်ခုရဲ့ အပေါ်က
နေပြီးတော့ သူ့ကို
လက်လှမ်းပြနေတာကို
တွေ့လိုက်ရပြီလေ။

"ဟာ… ဒီကောင်လေး…
သူကများ……" စဥ်းစားမိလိုက်တာနဲ့
ရှောင်ယန်ဟာ ချက်ချင်းပဲ
လမ်းကြောင်းကို

ပြောင်းလိုက်ပါတယ်…
ရှောင်ပုတန်လေး ရှိနေတဲ့
တောင်ကုန်းလေးဆီကို အပြေးလေး
သွားလိုက်ပါပြီ။

ဒီရောမရွှေရောင် စပါးအုံး
မြေကြီးဟာလည်း သူ့ရဲ့
အနောက်ကနေ ထပ်ကြပ်မကွာ
လိုက်လာခဲ့ပါတယ်…
အတားအဆီးတွေ အကုန်လုံးကိုလဲ
တိုက်ချပစ်လိုက်လို့ပါ။ သူ့ရဲ့
ကြီးမားလှတဲ့ ခန္ဓာကိုယ်ကြီး
ဖြတ်သွားတဲ့ နေရာတိုင်းက…

ကျောက်တုံးကြီးတွေဟာ
ပေါက်ကွဲကုန်ကြပြီး... မြင့်မားလှတဲ့
သစ်ပင်အိုကြီးတွေဟာ တံစဥ့်နဲ့
ရိတ်လှီးခြင်းကို ခံလိုက်ရတဲ့
ဂုံပြင်လေး တွေလိုပဲ
ကျိုးကျကုန်ကြပြီလေ။

"ဟွန့်... မင်းရဲ့အစွမ်းကို စမ်းကြည့်ရ
သေးတာပေါ့ကွာ..."
ရှောင်ပုတန်လေးဟာ
တောင်ကုန်းထိပ်ကနေ လေထဲကို
ပျံဝဲကာ တက်လာခဲ့ပါတယ်...
သူ့ရဲ့ကိုယ်လေးဟာ

ထူးချွန်ပြောင်မြောက်လှတဲ့
တိမ်လွှာနဂါး တစ်ကောင်လိုပါပဲ…
ဒီရောမရွှေရောင် စပါးအုံး မြွေကြီးရဲ့
ခေါင်းပေါ်ကို ဝါးလုံးထိုး
ဝင်လာလိုက်ပြီလေ။

ရောမရွှေရောင် စပါးအုံး မြွေကြီးဟာ
အသံမထွက်ပဲနဲ့
ဟိန်းဟောက်လိုက်ပါပြီ… သူ့ရဲ့
ပါးစပ်ကြီးနဲ့ ရှောင်ပုတန်လေးကို
ဟပ်လိုက်တယ်လေ။ ဒါပေမဲ့လည်း
ရှောင်ပုတန်လေးရဲ့ ကိုယ်လေးဟာ
လေထဲမှာ လက်ကနဲ ဖြစ်သွားပြီး…

သွေးကန်အလား သဏ္ဍာန်တူတဲ့
မြွေပါးစပ်ကြီးကို ရှောင်လိုက်ကာ...
မြွေကြီးရဲ့ လည်ပင်းပေါ်ကို
လျှင်မြန်သွက်လက်စွာနဲ့ပဲ
ပြန်လည်ကျရောက်လို့ သွားခဲ့ပြီလေ။

ရှောင်ပုတန်လေးဟာ စပ်ဖြဲစပ်ဖြဲနဲ့ပဲ
ပြောလိုက်ပါတယ်... "ဟီးဟီး...
မြွေကို ရိုက်တယ်ဆိုတာက
ပျော့ကွက်ကို ရှာပြီးတော့မှ
ရိုက်ရတာဟ... မင်းရဲ့ ခန္ဓာကိုယ်
အတ္တဘောက အကြီးကြီးပေမယ့်...
မင်းရဲ့ပျော့ကွက်ကို ရှာဖို့ရာကတော့

အလွယ်လေးပါ..." စကားဆုံးတာနဲ့
သူ့ရဲ့ ခြေထောက်လေးကို
မြှောက်လိုက်ပြီးမှ မြွေကြီးရဲ့ကိုယ်ကို
ကန်လိုက်ပါတော့တယ်။

သူ့ရဲ့ ခြေထောက်လေး
ဆီကနေပြီးတော့
လျှပ်စီးအလင်းတန်းတွေဟာ
ထွက်လာခဲ့ပါပြီ... သူ့ရဲ့သေးငယ်တဲ့
ခန္ဓာကိုယ် ထဲကနေလဲ
မိုးကြိုးခြိမ်းသံတွေ
ပေါ်ထွက်နေလို့ပါ... သူ့ရဲ့
စိတ်ဝိညာဥ်နဲ့ ဝန်းကျင်ဟာ

ဒီရောမရွှေရောင် စပါးအုံး
မြေကြီးထက်ကို တစ်စက်ကလေးမှ
အားနည်းလို့ မနေခဲ့ပါဘူး။

လျှပ်စီးတွေဟာလည်း ပေါက်ကွဲလို့
သွားခဲ့ပါပြီ… ရွှေရောင်
အလင်းတန်းတွေနဲ့
သွေးနီနီရဲရဲတွေဟာလည်း
ဖြာထွက်ကာ လာခဲ့ပြီလေ။ ဒါတွေဟာ
မြေအကြေးခွံနဲ့ မြေသွေးတွေကလွဲလို့
အခြား မဟုတ်ပါဘူး။
ရောင်ပုတန်လေးရဲ့ ကန်ချက်
တစ်ချက်နဲ့တင်ပဲ ဒီရောမရွှေရောင်

စပါးအုံး မြွေကြီးဟာ
ဒဏ်ရာရသွားခဲ့တယ်လေ။

ဒီရောမရွှေရောင် စပါးအုံး မြွေကြီးဟာ
ဒေါသထွက်စွာနဲ့
အော်ဟစ်လိုက်ပါတယ်... သူ့ရဲ့
ခန္ဓာကိုယ်ကို ရုတ်တရက်
တွန့်လိမ်လိုက်ပါပြီ... သူ့ရဲ့
ကြီးမားလှတဲ့ ရွှေရောင်အမြီးနဲ့
ရှောင်ပုတန်လေး ရှိရာဆီကို
ရိုက်ချလိုက်ပြီလေ။

တကယ်လို့များ အဲ့ဒီရိုက်ချက်သာ
မိသွားခဲ့ရင်တော့…
ရှောင်ပုတန်လေးရဲ့ ကိုယ်ခန္ဓာဟာ
ဘယ်လောက်ပဲ
သန်မာတယ်ပြောပြော… သူဟာ
အသားပြားတစ်ပြား ဖြစ်သွားခဲ့မှာပါ။

ဒါပေမဲ့လည်း ရှောင်ပုတန်လေးဟာ
သူနဲ့ထိပ်တိုက် ရင်မဆိုင်ခဲ့ပါဘူး…
သူ့ရဲ့ ကိုယ်လေးကို
လျှင်မြန်ဖျတ်လတ်စွာနဲ့
ဘေးကိုယိမ်းလိုက်ပြီး ဒီမြွေကြီးရဲ့

လက်တုံ့ပြန်တာကို
ရှောင်ရှားခဲ့တယ်လေ။

ဒီရောမ စပါးအုံး မြွေကြီးရဲ့
လိုက်ဖမ်းတာကို တစ်ချိန်လုံး
ခံနေခဲ့ရတဲ့ ရှောင်ယန်လေးကလဲ
ဒီအချိန်မှာ တိတ်တဆိတ်ပဲ
ပေါ်လာခဲ့ပါတယ်။ ဒီမြွေကြီးရဲ့
ရိုက်လိုက်တဲ့ အမြီးကို
ရှောင်လိုက်အပြီးမှာတော့ သူဟာ
မြွေကြီးရဲ့ ကျောပေါ်ကို ရောက်ရှိကာ
လာခဲ့ပါပြီ… သူ့ရဲ့
ဦးတည်ချက်ကတော့ ရှောင်ပုတန်လေး

အခုကလေးတင်ကပဲ ဖန်တီးထားတဲ့ ဒဏ်ရာပဲ ဖြစ်တယ်လေ။

ရှောင်ယန်ရဲ့ မျက်နှာပေါ်မှာ ရန်လိုမှု လက္ခဏာတွေကို တွေ့မြင်နိုင်ပါတယ်... "ဟွန့်... ရှည်ရှည်မျောမျောနဲ့ တိရိစ္ဆာန်ကောင်ကြီး... မင်းကငါ့ကို လိုက်ဖမ်းရတာ ပျော်နေတာပေါ့...ဟော?" သူ့ရဲ့ လက်ဖဝါးကို လှန်လိုက်ပြီး... ပေါက်ကွဲထွက်နေတဲ့ မီးစွမ်းအား မှော်စွမ်းအင်တွေကို စုစည်းလိုက်ပါပြီ... တောက်ပလှတဲ့

မီးတောက်တွေဟာ ရှောင်ယန်ရဲ့
လက်ဖဝါးပေါ်မှာ တောက်လောင်ကာ
လာခဲ့ပြီလေ။

ခဏအကြာမှာပဲ
မီးတောက်မီးလျှံတွေဟာ ဖိနှိပ်ခြင်းကို
ခံလိုက်ရပါတယ်…
ရှောင်ယန်လေးဟာ မီးတောက်တွေကို
ပျံ့နှံ့ခွင့် မပြုတော့ပါဘူး… အဲ့ဒီအစား
သူဟာ အလယ်ဗဟိုမှာ
စုစည်းလိုက်တယ်လေ။

သူက သူ့ရဲ့ လက်နှစ်ဘက်ကို
ဆန့်ထုတ်လိုက်တယ်... သူ့ရဲ့
လက်ဝါးနှစ်ဖက်ကို တစ်ပေအကွာမှာ
မျက်နှာခြင်းဆိုင် ထားလိုက်ပါပြီ။
ကြက်သွေးရောင်ရင့်ရင့် အနီရောင်
မီးတောက်တွေဟာ သူ့ရဲ့ လက်ဖဝါး
နှစ်ဖက်အတွင်းမှာ အဆက်မပြတ်
စုစည်းခြင်းကို ခံနေရပြီလေ...
နောက်ဆုံးမှာတော့ အနီရောင်
အလင်းတန်း အလုံးလေး တစ်ခု
အဖြစ်ကို ကူးပြောင်းလို့
သွားပါတော့တယ်။

ဒီအလင်းတန်း အလုံးလေးဟာ
အရွယ်အစားအားဖြင့်
ငယ်ကောင်းငယ်နေနိုင်ပါတယ်။
ဒါပေမယ့်လည်း သူဟာ နေမင်း
အငယ်စားလေးနဲ့ တူနေခဲ့ပါတယ်…
ဖိနှိပ်ခြယ်လှယ်နိုင်တဲ့… ဖျက်ဆီးနိုင်တဲ့
အော်ရာတွေနဲ့ ပြည့်နှက်လို့
နေခဲ့တယ်လေ။

ဒါဟာ ယန့်မင်းရွဲ့က သူ့ကို
သင်ပေးခဲ့တဲ့ ဟင်းလင်းပြင်
ဘုရားကျောင်းက လျှို့ဝှက်

နည်းစနစ်ဖြစ်တဲ့… အနီရောင်ကြာပန်း
ချိုးဖောက်ခြင်းပဲ ဖြစ်ပါတော့တယ်!

ဒီအလင်းတန်း အလုံးလေးဟာ
လူတစ်ယောက်ရဲ့
လက်သီးဆုပ်အရွယ်လောက်သာ
ကြီးတာပါ… သူ့ရဲ့ အရွယ်အစားဟာ
ဒီရောမရွှေရောင် စပါးအုံး မြေကြီးနဲ့
စာလိုက်ရင် ဘာမှ
မပြောပလောက်ပါဘူး… ဒါပေမဲ့လည်း
ဒီမြေကြီးဟာ ပထမဦးဆုံး အန္တရာယ်ရဲ့
အငွေ့အသက်တွေကို စတင်ပြီးတော့
ခံစားနေခဲ့ရပါပြီ။ သူ့ရဲ့ အေးစက်ပြီး

ကျဉ်းမြောင်းလှတဲ့
မျက်လုံးသူငယ်အိမ်အစုံမှာ
ကြောက်ရွံ့ခြင်းတွေကို
မြင်တွေ့လိုက်ရပြီလေ။

ရှောင်ယန်ရဲ့ လက်တွေဟာ အရှေ့ကို
ဆန့်တန်းလိုက်ပါပြီ... အနီရောင်
အလင်းတန်း အလုံးလေးဟာ ဒီရောမ
မြွေကြီးရဲ့ ဒဏ်ရာဆီကို ပျံသန်းလို့
သွားခဲ့ပြီလေ။

ဒီရောမရွှေရောင် စပါးအုံး မြွေကြီးဟာ
ရှောင်တိမ်းဖို့ကို ကြိုးစားခဲ့ပါ

သေးတယ်… ဒါပေမဲ့လည်း
အလင်းတန်း အလုံးလေးရဲ့ ပျံသန်းမှု
အရှိန်ဟာ အလွန်ကိုပဲ
လျင်မြန်နေခဲ့တယ်လေ…
သူ့ကိုရှောင်ဖယ်ဖို့ အခွင့်အရေး
တစ်ခုကိုမှ မပေးခဲ့ပဲ… သူ့ရဲ့ပစ်မှတ်ကို
တိုက်ရိုက်ထိမှန် သွားခဲ့ပါပြီ။

အဲ့ဒီကာလမှာပဲ အချိန်တွေဟာ
ရုတ်တရက်ပဲ ရပ်တန့်သွားသလိုမျိုး
ဖြစ်သွားခဲ့ပါတယ်… ဒါပေမဲ့လည်း
အေးခဲနေတဲ့ မြင်ကွင်းတွေဟာ
ရုတ်ချည်းပဲ ကွဲကြေသွားပြီး…

ပြင်းထန်လှတဲ့
မီးတောက်မီးလျှံတွေဟာ
ဟိန်းဟောက်သံနဲ့အတူ
ပေါက်ကွဲထွက်ကာ လာခဲ့ပြီလေ...
ပြင်းထန်လှတဲ့ စွမ်းအားတွေဟာ
ဒီလေဟာနယ် တစ်ခုလုံးကို
ခွဲခြေပစ်လိုက်တော့ မလိုလိုပါပဲ။

"ရှီးးး---"

ဒီရောမ ရွှေရောင် စပါးအုံး မြွေကြီးဟာ
ကျယ်လောင်စွာနဲ့ပဲ
အော်ဟစ်မြည်ကြွေးလိုက်ပါတယ်...

သူ့ရဲ့ခန္ဓာကိုယ် တစ်ဝက်လုံးကလဲ
မီးတောက်မီးလျှံတွေနဲ့
ဝိုင်းရံဝါးမျိုခြင်းကို ခံနေရပါပြီ…
တောင်ကုန်းတွေ အပေါ်မှာ
နာကျင်စွာနဲ့ လူးလိမ့်ကာ နေခဲ့ပြီလေ။

လင်းဖုန်းဟာ ဟွေကုတို့ရဲ့ တိုက်ပွဲကို
အနီးကပ် အာရုံစိုက်နေခဲ့ပေမယ့်…
ရှောင်ယန်နဲ့ ရှောင်ပုတန်လေး
တို့ဆီကိုလဲ သူ့ရဲ့ အာရုံတွေကို
တစ်ဝက်ခွဲထားခဲ့ပါတယ်။ သူ့ရဲ့
တပည့်နှစ်ယောက်ဟာ အပေးအယူ
မျှမျှနဲ့… မီတာ တစ်ရာကျော်ရှည်တဲ့

ဒီရောမမြေကြီးကို
ဆွမ်းကြီးဝိုင်းလောင်း နေကြတာကို
ကြည့်ပြီးတော့... လင်းဖုန်းဟာ
ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့ပါပြီ...
"အင်း... ဒီကောင်စုတ်လေး
နှစ်ကောင်က တော်တော်လေးကို
ရက်စက်ကြတာပဲ..."

သူ့ရဲ့ခေါင်းကို ခါလိုက်ပြီး
နောက်မှာတော့ လင်းဖုန်းဟာ
ဒီတိုက်ပွဲနဲ့ ပတ်သတ်ပြီးတော့
သူကဘာမှ စိတ်ပူနေစရာ
မလိုတော့ဘူးလို့ တွေးနေဆဲမှာပဲ...

ဒီရောမရွှေရောင် စပါးအုံး မြေကြီးမှာ
ပြောင်းလဲမှုတစ်ခု ဖြစ်ပေါ်လာတာကို
သူက ခံစားမိလိုက်ရပါတော့တယ်။

နာကျင်စွာ အော်ဟစ်နေဆဲမှာပဲ
ဒီရောမ မြေကြီးဟာ သူ့ရဲ့
ပါးစပ်ကြီးကို အကျယ်ကြီး
ဟလိုက်ပါတယ်… ရွှေရောင်
အလင်းတန်းတွေဟာ သူ့ရဲ့
ပါးစပ်ထဲကနေ ပွင့်အန်ပြီးတော့
ထွက်လာခဲ့ပါပြီ။ ဗုဒ္ဓတရားသံ
အသံလှိုင်းတွေဟာလည်း သူ့ရဲ့
ပါးစပ်အတွင်းကနေ လွင့်ပျံကာ

လာခဲ့ပြီလေ… အဆုံးအစမဲ့
ဗုဒ္ဓမှော်စွမ်းအင် လှုပ်ရှားမှုတွေကလဲ
အပြင်ဘက်ကို ထုတ်လွှတ်လို့
နေခဲ့ပါတယ်။

လင်းဖုန်းက အနီးကပ် သေချာစွာ
စိုက်ကြည့်လိုက်ပါပြီ… ဒီရောမ
မြေကြီးရဲ့ ပါးစပ်ကနေ အလင်းတန်း
အစုအဝေးလေး တစ်ခုဟာ
ပျံတက်လာခဲ့တာကို
တွေ့ရှိလိုက်ရပြီလေ။ သူဟာ
တောက်ပစွာ လောင်ကျွမ်းနေခဲ့တာ
ကြည့်နေတဲ့ လူတွေရဲ့

မျက်စိတွေကိုတောင် ဖွင့်ဖို့ကို
ခက်ခဲစေခဲ့ပါတယ်...
ဗုဒ္ဓအလင်းရောင်နဲ့ တရားသံတွေဟာ
အဲ့ဒီအလင်းတန်း  အစုအဝေး
လေးကနေ ထွက်ပေါ်လာနေခဲ့တာပဲ
ဖြစ်တယ်လေ။

ဒီအလင်းတန်း အစုအဝေးလေးဟာ
ရောမ စပါးအုံး မြွေကြီးရဲ့
ကိုယ်ထဲကနေ ထွက်ခွာကာ
လာခဲ့ပါတယ်... သူ့ရဲ့ ခန္ဓာကိုယ်
အပေါ်က ရွှေရောင်အကြေးခွံ
တွေဟာလည်း တော်တော်လေးကို

အရောင်မှိန်လို့ သွားခဲ့ပါပြီ။ စန္ဒကူး
ရနံ့တို့ဟာလည်း ကွယ်ပျောက်ပြီး…
မြွေတစ်ကောင်ရဲ့ အနံ့ဆိုးဟာလည်း
ထောင်းကနဲပဲ ထွက်လာခဲ့ပြီလေ။

ရောမ စပါးအုံး မြွေကြီးဟာ သူ့ရဲ့
ထောင့်မှန်ကျနေတဲ့
မျက်လုံးသူငယ်အိမ် အစုံကို
ကျယ်ပြန့်စွာနဲ့ ပြူးထားလိုက်ပြီးမှ…
ရှောင်ယန်နဲ့ ရှောင်ပုတန်လေးကို
အေးစက်စွာနဲ့ပဲ စိုက်ကြည့်လို့
နေခဲ့တယ်လေ… သူ့ရဲ့အကြည့်ဟာ

အလွန်အမင်း သွေးဆာနေတဲ့
စိတ်တွေနဲ့ ပြည့်နှက်လို့ နေခဲ့ပါတယ်။

ကောင်လေး နှစ်ယောက်ကလဲ တစ်ခုခု
မှားနေပြီ ဆိုတာကို ချက်ချင်းပဲ
သဘောပေါက်လိုက်ကြပြီး…
လူစုခွဲလိုက်ကြကာ ဘယ်ညာ
တစ်ဘက်စီကို ထွက်ပြေးတိမ်းရှောင်
လိုက်ကြပါပြီ။

သူတို့ဟာ နဂိုရပ်နေတဲ့ နေရာကနေ
ထွက်ခွာသွားပြီးတာနဲ့ တပြိုင်နက်…
တောက်ပလှတဲ့ ရွှေရောင်အလင်းတန်း

တစ်ခုဟာ ဒီအလင်းတန်း
အစုအဝေးကနေ ထွက်ပေါ်လာခဲ့ပြီး…
တောင်ကုန်းလေး ရှိရာဆီကို
ရိုက်ခတ်လိုက်ပြီလေ။

ရွှေရောင် အလင်းတန်းက
ပျောက်ကွယ်သွားတော့…
ဒီတောင်ကုန်းကြီးရဲ့ အလယ်မှာ
ဝိုင်းစက်နေတဲ့ အပေါက်ကြီး တစ်ခုဟာ
ပေါ်ထွက်ကြွ လာခဲ့ပါတယ်…
အဲ့ဒီအပေါက်ကြီးရဲ့ အထဲက
နေပြီးတော့ သူတို့ဟာ အဝေးက
ရှုခင်းတွေကို

ကြည်လင်ပြတ်သားစွာနဲ့ပဲ
မြင်နေရတယ်လေ။

ဒီရွှေရောင် အလင်းတန်းလေးဟာ
တောင်ကုန်းကြီး တစ်ခုလုံးကို
တိုက်ရိုက်ထွင်းဖောက် သွားခဲ့တာပါ!

လင်းဖုန်းကလဲ အတော်လေးကို
အံ့အားသင့်သွား ခဲ့ပါတယ်…
ဒီစွမ်းအားဟာ အခြေခံအုတ်မြစ်
အဆင့်က ကျင့်ကြံသူတွေရဲ့
တိုက်ခိုက်မှုနဲ့တောင်

ကောင်းကောင်းကြီး
ယှဉ်နိုင်တယ်လေ။

ဒီအချိန်မှာတော့ ဒီအလင်းတန်း
အစုအဝေးရဲ့ အလယ်ဗဟိုမှာ
ထူးဆန်းတဲ့ ပုံစံနဲ့ မှော်အိုင်တမ်
တစ်ခုကို သူက သေချာစွာ
တွေ့လိုက်ရပါပြီ… မှော်စွမ်းအင်
လှုပ်ရှားမှုတွေဟာ အဆက်မပြတ်ပဲ
ထိုးတက်လို့ နေခဲ့ပြီလေ။ သူက
နက်ရှိုင်းပြီး စွမ်းအားကြီးပေမယ့်…
လုံလောက်တဲ့ တည်ငြိမ်မှုမျိုးတော့
မရှိသေးပါဘူး။

"အင်း... ဒီမှော်အိုင်တမ်ဟာ အရင်က ပျက်စီးထားဖူးခဲ့တာပဲ..." တစ်ချက် စဥ်းစားလိုက်တာနဲ့ပဲ လင်းဖုန်းက သဘောပေါက်လိုက်ပါပြီ...
"ဒီဘုန်းကြီးက အကြံတော့ တော်တော်ကောင်းသားပဲ..."

ဟော့ကုဟာ ဒီမူမမှန် မြွေကြီးရဲ့ အသက်စွမ်းအင်ကို တကယ်ပဲ အသုံးချပြီးတော့ ပျက်စီးနေခဲ့တဲ့ မှော်အိုင်တန်ကို အားဖြစ်စေခဲ့ပါတယ်... ဒီလိုနဲ့ပဲ

မှော်အိုင်တမ်ကို
မြန်မြန်ပြန်ကောင်းစေခဲ့ပြီး…
တစ်ချိန်ထဲမှာပဲ ဒီမှော်အိုင်တမ်ရဲ့
စိတ်ဝိညာဉ် စွမ်းအင်ကို အသုံးချပြီး
ဒီဧရာမ စပါးအုံး မြွေကြီးကို အာဟာရ
ပေးထားခဲ့တယ်လေ… ဒီမြွေကြီးကို
ပိုပြီးသန်မာ လာစေခဲ့ပြီး သူ့ရဲ့
စွမ်းအားတွေကိုလည်း
မြှင့်တင်ပေးခဲ့ပါတယ်။

ဒီလိုမျိုးတော့ လင်းဖုန်းဟာ
အေးအေးဆေးဆေးလေး
ထိုင်ကြည့်နေလို့ မဖြစ်တော့ပါဘူး…

ဒီရောမ စပါးအုံးမြေကြီးဟာ
ရှောင်ယန်နဲ့
ရှောင်ပုတန်လေးတို့အတွက်
ကြီးမားတဲ့ ခြိမ်းခြောက်မှုကြီး တစ်ရပ်
ဖြစ်လာခဲ့ပြီလေ။

ရှောင်ယန်နဲ့ ရှောင်ပုတန်လေး
တို့ကလဲ ဒီမြေကြီးဟာ အလေးအနက်
ထားလာခဲ့ပြီ ဆိုတာကို
သဘောပေါက်နေကြပါတယ်။
ရှောင်ပုတန်လေးက အော်ပြီးတော့
ပြောလိုက်ပါပြီ... "အား...
ဗျာများမနေပါနဲ့... ဂိုဏ်းတူအစ်ကိုကြီး

ခင်ဗျ… တကယ်လို့များ ကျွန်တော့်ရဲ့
အစွမ်းကို မပြသရရင်
ကျွန်တော်ဆွဲထားတဲ့
အစီအစဉ်တွေဟာ အလကား
ဖြစ်သွားတော့မှာပေါ့ဗျ!"

စကားပြောနေရင်းနဲ့ပဲ
ရှောင်ပုတန်လေးဟာ
သူ့ရဲ့လက်တွေကို စုစည်းလိုက်ပါပြီ…
မှော်ကျိန်စာ သင်္ကေတ တစ်ခုကို
ဖန်ဆင်းလိုက်ကာ
အော်လိုက်ပြီလေ…"ကဲ…
သွားစမ်းကွာ!"

တောင်ကုန်းရဲ့ ပတ်ပတ်လည်မှာ
ခရမ်းရောင် အလင်းတန်း ကိုးစက်ဟာ
လေထုအပေါ်ကို ပျံတက်ကာ
လာခဲ့ပါတယ်...
လျှပ်စစ်စီးကြောင်းတွေရဲ့ ပြင်းထန်တဲ့
အသံတွေနဲ့အတူ လျှပ်စီးကြောင်း
အဝေ့အဝိုက် ကိုးခုတို့ဟာ
ဒီဧရာမရွှေရောင် စပါးအုံး
မြွေကြီးဆီကို ပစ်လွှတ်လိုက်ပါပြီ။

လင်းဖုန်းဟာ သူ့ရဲ့
တပည့်နှစ်ယောက်တို့ရဲ့ ရင်ထဲမှာ သူ့ရဲ့

ဆရာသခင် သူတော်စင် ပုံရိပ်ကို
အောင်မြင်စွာနဲ့
ခတ်နှိပ်ထားခဲ့ပြီးပါပြီ... သူကလဲ ပညာ
တော်တော်များများကို ဆရာစား
မချန်ထားပဲနဲ့... သူ့ရဲ့
တပည့်နှစ်ယောက်ရဲ့ စွမ်းအားတွေကို
မြှင့်တင်နိုင်အောင်လို့
လက်ဆင့်ကမ်းထား ပေးခဲ့တယ်လေ။

ဒီအချိန်မှာက ရှောင်ပုတန်လေးဟာ
လင်းဖုန်းက သူ့ကို သင်ထားပေးခဲ့တဲ့
ကောင်းကင်ကိုးလွှာ

မိုးကြိုးဆင့်ခေါ်ချက်ကို
ထုတ်လွှတ်နေခဲ့တာပဲ ဖြစ်ပါတယ်။

အစ ပထမကတော့ ဒီလျှပ်စီးကြောင်း
အဝေ့အဝိုက် ကိုးခုတို့ဟာ ဒီရောမ
စပါးအုံး မြွေကြီးကို ဒဏ်ရာ
ကြီးကြီးမားမား မဖြစ်စေခဲ့ပါဘူး…
ဒါပေမဲ့လည်း ခဏအကြာမှာပဲ
ကောင်းကင်ကနေ
လျှပ်စီးမိုးကြိုးတွေဟာ ကျဆင်းလို့
လာခဲ့ပြီး သူ့ရဲ့ခန္ဓာကိုယ်ကို တရစပ်
ထိုးနှက်ခဲ့တယ်လေ… အမြီးအပါအဝင်
သူ့ရဲ့ခန္ဓာကိုယ်

အောက်ပိုင်းတစ်ခုလုံးကို
စုတ်ပြဲစေခဲ့ပါပြီ။

ရှောင်ယန်ကလဲ ဘေးကနေ
ရပ်ကြည့်နေခဲ့ပြီး...
စိတ်မထိန်းနိုင်တော့ပဲနဲ့
အော်ဟစ်ပြီးတော့
အားပေးလိုက်ပါတော့တယ်... "ဟ...
ကောင်းတယ်ဟေ့! အကွက်လေးက
လှတယ်ကွ... ဟာ... သတိထား...
ရှောင်လိုက်ဦးဟ..."

ရှောင်ပုတန်လေးဟာ ကိုယ့်ကိုယ်ကို
နှစ်သိမ့်အားရ နေခဲ့တာပါ…
ရှောင်ယန်လေးရဲ့ သတိပေးချက်ကို
ကြားတော့မှ… ဒီရောမရွှေရောင်
စပါးအုံး မြွေကြီးဟာ
ဒီလောက်အထိတောင် ဒဏ်ရာ
ပြင်းပြင်းထန်ထန်
ရထားတာတောင်မှပဲ… ပိုပြီးတော့
ဒေါသအိုး ပေါက်ကွဲလာတာကို
တွေ့လိုက်ရပါတော့တယ်။

သူ့ရဲ့ ကြီးမားလှတဲ့ ခေါင်းကြီးဟာ
ပျံတက်လာခဲ့ပြီး… သတိလွှတ်နေခဲ့တဲ့

ရှောင်ပုတန်လေးရဲ့ အပေါ်မှာ
အုပ်မိုးထားလိုက်ပါပြီ။

သူ့ရဲ့ ပါးစပ်ကို အကျယ်ကြီး
ဟလိုက်ပြီး… ရွှေရောင်
မှော်အိုင်တမ်ကနေပြီးမှ
ဗုဒ္ဓကျမ်းစာတွေဟာ
လွင့်ပျံလာခဲ့ကာ… တောက်ပတဲ့
ရွှေရောင် အလင်းတန်းတွေဟာလည်း
တစ်ဖန်တစ်ခါ ပြန်လည်စုစည်းကာ
သွားခဲ့ပြီလေ။ ခဏအကြာမှာပဲ
ရှောင်ပုတန်လေးရဲ့ အပေါ်ကို
အုပ်မိုးကာ ရိုက်ချလိုက်ပါတော့တယ်။

# စာစဉ် ၃ : အပိုင်း ၈

## အပိုင်း ၃၈ : ပြိုင်ဘက်ကို အရှင်ဖမ်းဖို့ မှန်ကန်သောနည်းလမ်း

ရှောင်ပုတန်လေးဟာ
သူ့ရဲ့ခေါင်းပေါ်က
မိုးကောင်းကင်ကြီးဟာ ရုတ်တရက်ပဲ
မည်းမှောင်သွားတယ်လို့
ခံစားလိုက်ရပါပြီ... အဲ့ဒါကြီးက ရောမ
စပါးအုံး မြွေကြီးရဲ့ ဦးခေါင်းပဲ
ဖြစ်ပါတော့တယ်။

ခဏအကြာမှာပဲ သူ့ရဲ့ခေါင်းပေါ်က
အမှောင်ထုကြီးဟာ ရုတ်တရက်ပဲ
လင်းလက်လို့ သွားခဲ့ပြန်ပါပြီ…
တောက်ပလွန်းလို့ သူ့ရဲ့
မျက်စိကိုတောင်မှပဲ ဖွင့်လို့
မရတော့ပါဘူး။ အဲ့ဒါကတော့ ဒီဧရာမ
စပါးအုံး မြွေကြီးရဲ့ ပါးစပ်ထဲက
မှော်အိုင်တမ်ကနေ
ထုတ်လွှတ်လိုက်တဲ့ အလင်းတန်းပဲ
ဖြစ်ပါတော့တယ်။

ကြောက်မက်ဖွယ် ကောင်းလှတဲ့
စွမ်းအားမြင့် မှော်စွမ်းအင်
လှုပ်ရှားမှုတွေဟာလည်း
ထုတ်လွှတ်လို့ လာခဲ့ပြီလေ။

"အား... မြန်မြန်ရှောင်!"

ရှောင်ယန်ဟာ ရုတ်ချည်းပဲ
ဘေးကနေပြီးတော့ ခုန်ဝင်ကာ
လာခဲ့ပါပြီ... ရှောင်ပုတန်လေးကို
ဘေးကို တွန်းထုတ်လိုက်ပြီလေ။
ရှောင်ပုတန်လေးကတော့ ဒီရောမ
စပါးအုံး မြွေကြီးရဲ့ တိုက်ခိုက်မှု

အပိုင်းအခြားကနေ လွတ်မြောက်လို့
သွားခဲ့ပါပြီ... ဒါပေမဲ့
ရှောင်ယန်လေးကတော့ ဒီမြွေကြီးရဲ့
ပါးစပ်အောက် တည့်တည့်ကို
ရောက်ရှိလို့ သွားခဲ့ပြီလေ...
ကြောက်မက်ဖွယ်ရာ ဗုဒ္ဓ
မှော်အိုင်တမ်နဲ့ တိုက်ရိုက်ထိပ်တိုက်
ရင်ဆိုင်လိုက်ရပါပြီ။

ရှောင်ပုတန်လေးကလဲ
ထိတ်လန့်တုန်လှုပ်စွာနဲ့ပဲ
အော်လိုက်ပါတယ်... "အား...
ဂိုဏ်းတူ အစ်ကိုကြီး!"

ဒီဝတ်ရုံနက် လူငယ်ရဲ့ ရဲရင့်တဲ့
သတ္တိတွေကလဲ လုံးဝကို
နိုးကြွလာခဲ့ပါပြီ… ဒီတောက်ပလှတဲ့
ရွှေရောင် ဗုဒ္ဓအလင်းတန်းနဲ့
ရင်ဆိုင်ရာမှာ သူဟာ လုံးဝကို
တိမ်းဖယ်ရှောင်ရှားခြင်းမျိုးကို
မပြုလုပ်ခဲ့ပါဘူး… သူ့ရဲ့
လက်နှစ်ဖက်ကို
ပင့်မြှောက်လိုက်ပြီလေ။

သူ့ရဲ့ လက်နှစ်ဘက် အတွင်းမှာက
မီးတောက်မီးလျှံတွေ… ဖျက်ဆီးနိုင်တဲ့

အောဲရာတွေနဲ့ ပြည့်နှက်နေတဲ့…
ကြက်သွေးရောင်ရင့်ရင့် အနီရောင်
အလင်းတန်း စက်လုံးလေးဟာ
လွင့်မျောလို့ နေခဲ့ပါပြီ။

"ကဲ… ဘယ်သူက အရင်သေမလဲ
ဆိုတာကို ကြည့်ရသေးတာပေါ့ကွာ!"
ရှောင်ယန်ဟာ သူ့ရဲ့အံကို
တင်းတင်းကြိတ် လိုက်ပါတယ်…
သူ့ကို တစ်ချက် ထိလိုက်ရုံနဲ့
ဖုန်မှုန့်အဖြစ်ကို ပြောင်းသွားစေနိုင်တဲ့
ဗုဒ္ဓ အလင်းတန်းနဲ့ ထိပ်တိုက်
ရင်ဆိုင်လိုက်ပြီးမှ ကြိုတင်လက်ဦးမှုကို

ရယူကာ အနီရောင်ကြာပန်း
ချိုးဖောက်ခြင်းကို
ထုတ်လွှတ်လိုက်ပါပြီ!

အနီရောင် အလင်းတန်း
စက်လုံးလေးဟာ ကြက်သွေးရောင်
အလင်းတန်းလေး တစ်ခုအဖြစ်ကို
အသွင်ပြောင်းသွားပြီးမှ… ရောမ
စပါးအုံး မြေကြီးရဲ့ အကျယ်ကြီး
ဟထားတဲ့ ပါးစပ်ကြီးရဲ့ အတွင်းကို
ပျံသန်းလို့ သွားခဲ့ပြီလေ။
တစ်ချိန်ထဲမှာပဲ… သူ့ရဲ့
မှော်စွမ်းအင်တွေကို အစွမ်းကုန်

စုစည်းထားပြီးဖြစ်တဲ့ မြေကြီးရဲ့
ပါးစပ်ထဲက ဗုဒ္ဓ
မှော်အိုင်တမ်ဟာလည်း...
တောက်ပတဲ့ ဗုဒ္ဓအလင်းတန်း
တစ်ခုအဖြစ်ကို
အသွင်ပြောင်းသွားပြီးတော့
ရှောင်ယန်လေး ရှိရာဆီကို
ရိုက်ချခဲ့လိုက်ပါပြီ။

ရှောင်ယန်ရဲ့ အနီရောင်ကြာပန်း
ချိုးဖောက်ခြင်းဟာ
ခြေတစ်လှမ်းလောက် ပိုပြီးတော့
မြန်သွားခဲ့ပါတယ်... တစက္ကန့်ရဲ့

အပုံတစ်ထောင်ပုံ တစ်ပုံလောက်ကို
ပိုစောပြီးတော့မှပဲ… မြွေကြီးရဲ့
ပါးစပ်ထဲမှာ ဦးစွာပေါက်ကွဲလို့
သွားခဲ့တယ်လေ။

ဒါပေမဲ့လည်း ရပ်တန့်လို့ မရနိုင်တဲ့ ဗုဒ္ဓ
အလင်းတန်းကလဲ သွင်ပြင်သဏ္ဍာန်
ပေါ်နေခဲ့ပြီးပြီလေ… သူက
ဒီပေါက်ကွဲမှုကြောင့်
ကွယ်ပျောက်သွားနိုင်ပါ့မလား?

ရှောင်ယန်နဲ့ ရှောင်ပုတန်လေး
နှစ်ယောက်စလုံးကလဲ အဖြေကို

မသိခဲ့ကြပါဘူး…
ဘာဖြစ်လို့လဲဆိုတော့ ဒီဗုဒ္ဓ
အလင်းတန်းထက်တောင် ပိုမို
ကြီးစိုးခြယ်လှယ်နိုင်စွမ်းရှိပြီး
ပြင်းထန်တဲ့ အဖြူရောင်
လျှပ်စစ်စီးကြောင်း အဝေ့အဝိုက်လေး
တစ်ခုဟာ ကောင်းကင်ယံပေါ်ကနေ
လင်းလက်လာခဲ့ပြီး…
အနီရောင်ကြာပန်း
ချိုးဖောက်ခြင်းထက် ခြေတစ်လှမ်း
ပိုဦးကာ ဒီရောမ စပါးအုံး မြွေကြီးရဲ့
ခေါင်းကို ထိမှန်သွားလို့ပဲ
ဖြစ်ပါတော့တယ်။

မြောက်ပိုင်းအရဏ်ဦး
လျှို့ဝှက်အလင်းတန်း!

ဒီလွှမ်းမိုး ခြယ်လှယ်နိုင်စွမ်း
ကြီးမားလှတဲ့ လျှပ်စစ်စီးကြောင်းဟာ
ဧရာမ ရွှေရောင် စပါးအုံး
မြေကြီးရဲ့ခေါင်းမှာ
အပေါက်တစ်ပေါက်ကို
ဖြစ်သွားစေခဲ့တယ်လေ။
မြေကြီးရဲ့ခေါင်းကို ထိုးဖောက်လိုက်
အပြီးမှာတော့ ဒီလျှပ်စီးကြောင်းဟာ
ဟိုဗုဒ္ဓ မှော်အိုင်တမ်နဲ့ ပြင်းထန်စွာ
ရိုက်ခတ်ခဲ့မိပါပြီ။

ဒီမှော်အိုင်တမ်က နေပြီးတော့
ကျယ်လောင်တဲ့ ခေါင်းလောင်းသံ
တစ်သံဟာ ထွက်ပေါ်ကာ
လာခဲ့ပါတယ်… သူဟာ မူလက
ရှောင်ယန်ဆီကို တိုက်ခိုက်ဖို့အတွက်
ပြင်ဆင်ထားခဲ့တဲ့ ဗုဒ္ဓအလင်းရောင်
အားလုံးကို သူ့ကိုယ်သူ ကာကွယ်ဖို့
အတွက်သာ အသုံးပြုခဲ့ရပါပြီ…
နောက်ထပ် တိုက်ခိုက်ဖို့အတွက်
စွမ်းအားတွေ လုံးဝ မရှိတော့ပါဘူး။

ဒီအချိန်မှာပဲ ရှောင်ယန်လေးရဲ့
အနီရောင်ကြာပန်း
ချိုးဖောက်ခြင်းကလဲ မြွေကြီးရဲ့
ပါးစပ်ထဲမှာ ပေါက်ကွဲလို့
သွားခဲ့ပြီလေ… နဂိုကတည်းကမှ
အပြင်းအထန်
ဒဏ်ရာရနေခဲ့ပြီးသားဖြစ်တဲ့ ဒီရောမ
စပါးအုံးမြွေကြီးရဲ့ ခေါင်းပေါ်မှာ
သွေးရောင် အခိုးအငွေ့
အမှုန်အမွှားတွေကလဲ
ပေါက်ကွဲလွင့်ထွက်ကာ လာခဲ့ပါပြီ။

"အား... ဆရာသခင်!"
ရှောင်ပုတန်လေးဟာ
ကျယ်လောင်စွာနဲ့ပဲ ကောင်းချီးဩဘာ
ပေးလိုက်ပါတယ်...
ရှောင်ယန်လေးကတော့ ချွေးတွေနဲ့
စိုရွှဲလို့ နေခဲ့တယ်လေ... "ဟူး...
ဆရာသခင်... ကျွန်တော့်ကိုများ
အသေသတ်နေတာလားဗျာ!"

လင်းဖုန်းဟာ သူတို့ရဲ့ဘေးကို
လျှင်မြန်စွာနဲ့ပဲ ရောက်ရှိလို့
လာခဲ့ပါတယ်... သူ့ရဲ့ တာအိုဝတ်စုံနဲ့
ခန္ဓာကိုယ်ဟာ တိုက်ပွဲကြောင့်

ပြားပြားဝပ်ပြီး ပျက်စီးနေတဲ့
တောင်တန်းတွေထက်တောင်မှပဲ...
နတ်ဘုရားတွေအလား
အံ့ဖွယ်ကောင်းလောက်အောင်
လှပမြူးကြွ တောက်ပလို့ နေခဲ့ပြီလေ။

သူ့ရဲ့လက်ကို မြှောက်လိုက်ပြီးမှ
လေထဲကနေ ပြုတ်ကျလာတဲ့
ဗုဒ္ဓမှော်အိုင်တမ်ကို ဖမ်းလိုက်ရင်း...
လင်းဖုန်းက ရှောင်ယန်ဘက်ကို
လှည့်လိုက်ကာ ပြုံးလိုက်ပြီးတော့မှပဲ
ပြောလိုက်ပါတယ်... "ဟဲဟဲ...
ဆရာသခင်က ပြောထားပြီးသားပဲ...

မင်းက ဒီနေ့မှာ ကံကောင်းမှုတစ်ရပ်နဲ့ ကြုံတွေ့ရလိမ့်မယ်လို့… ပြီးတော့ ခြိမ်းခြောက်မှုတွေ ရှိလိမ့်မယ်… ဒါပေမဲ့လည်း အန္တရာယ်တော့ မဖြစ်ပါဘူးလို့…"

စကားပြောနေရင်းနဲ့ပဲ လင်းဖုန်းဟာ သူ့ရဲ့လက်ထဲက ဗုဒ္ဓ မှော်အိုင်တန်ကို မြှောက်လိုက်ပြီးတော့ လှုပ်ကြည့်လိုက်ပါတယ်.. "အင်း… ငါက မူလပိုင်ရှင်ရဲ့ ချုပ်ချယ်ကန့်သတ်ချက်တွေကို ဖယ်ရှားပြီးလို့ ရှိရင်တော့

ဒီပစ္စည်းလေးဟာ မင်းရဲ့ပစ္စည်း
ဖြစ်သွားပြီကွာ..."

ရှောင်ယန်လေးကလဲ အဲ့ဒါမှပဲ
ဘဝင်ခိုက်သွားပါတော့တယ်...
"ဟားဟားဟား... အကုန်လုံးကို
ပြန်တွက်ကြည့်လိုက်ရင်...
ကျွန်တော့်ရဲ့ အသက်စွန့်
တိုက်ခိုက်မှုကလဲ အလကားတော့
မဖြစ်ပါဘူးဗျ..."

လင်းဖုန်းကလဲ သူ့ကိုပြုံးပြီးတော့
ကြည့်လိုက်ပါပြီ... "အင်း...

ယန်ကလေးရေ... ဆရာသခင်ကလဲ
မင်းအတွက် ဂုဏ်ယူပါတယ်ကွ...
မင်းမှာက ဂိုဏ်းတူအစ်ကိုကြီး
တစ်ယောက်ရဲ့ စိတ်နေသဘောထား
အပြည့်ရှိသားပဲဟ..."

အဲ့ဒီအချိန်မှာပဲ ရှောင်ပုတန်လေးဟာ
ခုန်ပေါက်ပြေးလွှားကာ လာခဲ့ပြီး
ရှောင်ယန်ရဲ့လက်ကို
ဖမ်းဆုပ်လိုက်ပါတယ်... "ရေး...
ဟုတ်တယ်ဗျ...
ဂိုဏ်းတူအစ်ကိုကြီးရာ... ခုနက
အစ်ကိုကြီးရဲ့ ကျေးဇူးကြောင့်သာပဲ..."

ရှောင်ယန်က သူ့ရဲ့ မျက်ခုံးလေးတွေကို ပင့်လိုက်ပါတယ်… ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီလို့ ဘဝင်ခိုက်စွာနဲ့ပဲ ပြောလိုက်ပြီလေ… "ဟားဟား… ဒါ လောက်လေးနဲ့တော့ ချွေးတောင် မထွက်ပါဘူးကွာ…"

ဒါပေမဲ့လည်း ရှောင်ပုတန်လေးဟာ ဘာဆက်ပြောမလဲ ဆိုတာကို ဘယ်သူက သိခဲ့မှာလဲ… "အာ… ကျွန်တော့်ဘာသာ ဆိုရင်လဲ ရှောင်နိုင်မှာပါပဲ… ဒါပေမဲ့လည်း

အစ်ကိုကြီးကို
ကျေးဇူးတင်တာကတော့
တင်ရမှာပဲဗျာ..." ရှောင်ယန်ကလဲ
ရယ်ရမလို ငိုရမလို ဖြစ်သွားခဲ့ပါတယ်။
သူ့ရဲ့ ဂိုဏ်းတူညီငယ်လေးဟာ
သူ့ထက်တောင်မှပဲ ဘဝင်ပိုပြီးတော့
ခိုက်နေခဲ့တယ်လေ။

ရှောင်ပုတန်လေးဟာ နောက်ပြီးတော့
လင်းဖုန်းဘက်ကို လှည့်ပြီးမှ
မေးလိုက်ပါပြီ... "အား...
ဆရာသခင်... ဆရာသခင်...
ဒီမှော်အိုင်တမ်က ဂိုဏ်းတူ

အစ်ကိုကြီးဆီကို
ရောက်သွားပြီဆိုတော့...
ကျွန်တော့်ဖို့ရောဗျ?"

လင်းဖုန်းကလဲ သေနေပြီဖြစ်တဲ့ ရောမ
စပါးအုံး မြွေကြီးကို
လက်ညှိုးထိုးပြလိုက်ပါတယ်... "ဟ...
မင်းလေးက သူ့ကို မျက်စိကျနေခဲ့တာ
မဟုတ်ဘူးလား? ဒါတွေအားလုံးက
မင်းအတွက်ပဲဟေ့... မင်းက
ဘယ်လောက်ယူနိုင်မလဲ
ဆိုတာကတော့ မင်းရဲ့ အပေါ်မှာပဲ
မူတည်နေတယ်ကွ..."

ခဏနားလိုက်ပြီးမှ လင်းဖုန်းက
ဆက်ပြီးတော့မှပဲ ပြောလိုက်ပါပြီ...
"ကဲ... မြွေသွေးတွေကို နဲနဲ
ပိုယူထားဟ... သည်းခြေရည်ကိုလဲ
မမေ့နဲ့ဦး။ မင်းလေးက အသက်ငါးနှစ်
ပြည့်ခါနီးနေပြီ... ဒီပစ္စည်းတွေ
အားလုံးက မင်းရဲ့ ကင်ပွန်းတပ်
မင်္ဂလာ အခမ်းအနားမှာ
အသုံးဝင်တယ်ကွ..."

ရှောင်ပုတန်လေးဟာ ပျော်ရွှင်စွာနဲ့ပဲ
ဟစ်ကြွေးလိုက်ပါပြီ... ပြီးတာနဲ့ ရှောမ
စပါးအုံးမြွေကြီး ရှိရာဆီကို

အပြေးကလေးနဲ့ သွားလိုက်ပြီလေ။
သူက  အသက်ငယ်ကောင်း
ငယ်ပါလိမ့်မယ်... ဒါပေမဲ့လည်း
သူဟာ ရွာမှာရှိစဉ်ကတည်းက
လူကြီးတွေနဲ့ အမဲလိုက်ခဲ့တာပါ...
ဒီလိုမျိုး အမဲဖျက်ခြင်း အလုပ်ကတော့
သူ့အတွက်တော့
ရင်းနှီးကျွမ်းဝင်ပြီးသားပါ။

လင်းဖုန်းဟာ ရှောင်ပုတန်လေးကို
ကင်ပွန်းတပ် မင်္ဂလာ
ပြုလုပ်ပေးချင်နေတာကို
ကြားလိုက်ရတော့ ရှောင်ယန်ကလဲ

သွားပြီးတော့
အကူအညီပေးလိုက်ပါပြီ။
ကလေးတစ်ယောက်ရဲ့ ငါးနှစ်ပြည့်
ကင်ပွန်းတပ်မင်္ဂလာ ပြုလုပ်ခြင်းဟာ
သူတို့ရဲ့ ကိုယ်ခန္ဓာအတွက်တော့
အရမ်းကိုပဲ အရေးကြီးတဲ့
အကျိုးသက်ရောက်မှု ရှိတယ်လေ။

ရှောင်ယန်ဟာ မစဉ်းစားပဲနဲ့
မနေနိုင်ခဲ့ပါဘူး... "အင်း... ဂိုဏ်းတူ
ညီငယ်လေးရဲ့ ပင်ကိုစွမ်းရည်ဟာ
နဂိုကတည်းကမှ အရမ်းကိုပဲ
မြင့်မားနေခဲ့တာဟ... တကယ်လို့များ

သူက ကင်ပွန်းတပ် မင်္ဂလာကို
ခံယူပြီးသွားခဲ့ရင်တော့
ဘယ်လောက်အထိများ ကြောက်စရာ
ကောင်းလိမ့်မလဲ မသိဘူး?
စဉ်းစားလိုက်ရုံနဲ့ပဲ အဲ့ဒီအချိန်အထိ
ရောက်အောင်
မစောင့်ချင်တော့ဘူးကွာ..."

သူ့ရဲ့ တပည့်လေး နှစ်ယောက်ဟာ
ဒီရောမ စပါးအုံးမြွေကြီးကို
အမဲဖျက်တာနဲ့
အလုပ်ရှုပ်နေကြတုံးမှာ... လင်းဖုန်းရဲ့
အာရုံတွေဟာ ဟွေကုနဲ့

အပေါင်းပါတွေဆီကို ပြန်ပြီးတော့
ရောက်သွားခဲ့ပါပြီ။

သူ့ရဲ့ စပါးအုံးမြွေကြီးက
အသတ်ခံလိုက်ရပြီး... သူ့ရဲ့
မှော်အိုင်တမ်ကို အလုခံလိုက်ရတာကို
ခံစားမိလိုက်လို့လား မသိပဲ...
ဟွေကုရဲ့ စိတ်ထဲမှာ လှိုင်းလုံးတွေဟာ
ဂယက်ထလာခဲ့ပြီး... သူ့ရဲ့
စွမ်းအားကြီးမားလှတဲ့ ၂၄ ကောင်းကင်
ရဟန္တာဝက်ပါကို
ကောင်းစွာထိမ်းသိမ်းထားနိုင်ခြင်း
မရှိတော့ပါဘူး။

မူလကတော့… သေဖို့ သေချာနေတဲ့
အခြေအနေမှာ မစ္စတာ လင်းတနဲ့
ရောင်းရင်းများဟာ မျှော်လင့်ချက်တွေ
အားလုံးကို လက်လျှော့လိုက်ပြီးသား
ဖြစ်နေကြပါပြီ… ဒါပေမဲ့လည်း
ဟော့ကုကိုယ်တိုင်က တစ်ခုခု
အမှားအယွင်းတွေ ဖြစ်လာမယ်လို့
သူတို့က ထင်မထားကြပါဘူး။
ဝက်ပါအတွင်းက သူတို့
သုံးယောက်သားဟာ အတွင်းက
ပြောင်းလဲမှုတွေကို
အာရုံခံမိလိုက်ကြပြီလေ… သူတို့ရဲ့

ရင်ထဲမှာလဲ မျှော်လင့်ချက်တွေဟာ
ပြန်လည်ရှင်သန်လို့ လာခဲ့ပါပြီ။

သူတို့ သုံးယောက်စလုံးကလဲ
ဒီအချိန်ဟာ သူတို့ရဲ့ သေရေးရှင်ရေးကို
အဆုံးအဖြတ်ပေးမယ့် အချိန်လို့
သိလိုက်ကြပါတယ်... အကုန်လုံးကလဲ
သူတို့ရဲ့ အစွမ်းအထက်ဆုံး
စွမ်းရည်တွေကို
ထုတ်သုံးလိုက်ကြပါပြီ။ သူတို့ဟာ
ဟွေကုကို အနိုင်တိုက်ဖို့
မလိုအပ်ပါဘူး... ဒီဗုဒ္ဓ အလင်းရောင်

ဝက်ပါထဲကနေ လွတ်မြောက်ဖို့ကိုပဲ
မျှော်လင့်နေကြတာပါ။

သူတို့ သုံးယောက်စလုံးကလဲ
အတူတကွ အရူးအမူးနဲ့ပဲ
တိုက်ခိုက်ခဲ့ကြပါတယ်... ဟော့ကုကလဲ
သူ့ရဲ့ အကောင်းဆုံး အခြေအနေမှာ
ရှိမနေခဲ့ဘူးလေ။ ဒီလိုနဲ့ပဲ သူတို့ဟာ
တကယ်ကိုပဲ ဒီဝက်ပါရဲ့ အထဲက
နေပြီးတော့ ထွက်ပြေးလွတ်မြောက်လို့
သွားခဲ့ကြပါပြီ။

သူက အရာအားလုံးကို
ဆုံးရှုံးရတော့မှာကို
တွေးမိလိုက်တော့… ဟွေကုဟာ
ဒေါသကြီးစွာနဲ့
ဟိန်းဟောက်လိုက်ပါတယ်… သူ့ရဲ့
အာရုံတွေကို ပြန်လည်
စုစည်းလိုက်ပြီး ဒီ၂၄ ကောင်းကင်
ရဟန္တာ ဝင်္ကပါကို အစွမ်းကုန်
လည်ပတ်ခဲ့ပါပြီ။

ရှောမ ဗုဒ္ဓလက်ဝါး နှစ်ဘက်ဟာ
ကောင်းကင်ပေါ်ကနေ
ရိုက်ချလိုက်ပြီလေ… ဝတ်ရုံဖြူ

သက်လတ်ပိုင်း လူကြီးနဲ့ ဝတ်ရုံနက်
ခေါသမားတို့ကို မြေကြီးပေါ်ကို
အမှောက်သိပ်လိုက်ပါတယ်။

ဒါပေမဲ့လည်း သူတို့ဟာ မစ္စတာ
လင်းတကိုတော့
လွတ်သွားခဲ့တယ်လေ။
ဒီအချိန်မှာတော့
ဒီထိပ်ပြောင်အိုကြီးဟာ
ဘယ်လိုလုပ်ပြီးတော့ သူ့ရဲ့
အပေါင်းအဖော်တွေကို
ဂရုစိုက်နိုင်တော့ပါ့မလဲ…
အရိုးတုတ်ချောင်း မှော်အိုင်တမ်

အပေါ်ကို အသက်သွေး တစ်လုတ်ကို
အန်ချလိုက်ပါပြီ။

ဒီကျောက်စိမ်းလိုမျိုး ဖြူဖွေးနေတဲ့
အရိုးတုတ်ချောင်းလေးဟာ အနီရောင်
အလင်းတန်း ဖျော့ဖျော့လေးနဲ့အတူ
ပိုပိုပြီးတော့ တောက်ပကာ
လာခဲ့ပါတယ်… ၁၀၀မီတာကျော်
အထိ ရှည်ထွက်လာခဲ့ပြီး
ဗုဒ္ဓအလင်းရောင် ဝက်ံပါကို
ပြင်းထန်စွာနဲ့ပဲ ရိုက်နှက်လိုက်ပါပြီ…
ဗုဒ္ဓ အလင်းရောင်ကို
တိုက်ရိုက်ထွင်းဖောက်ပြီးမှ

မစ္စတာလင်းတကို ဝင်္ကပါရဲ့
အပြင်ဘက်ကို
ပို့ဆောင်ပေးလိုက်ပြီလေ။

ဟွေကုဟာ အလွန်ပဲ ပြင်းပြင်းထန်ထန်
အမျက်ထွက်နေခဲ့ပါပြီ…
ဗုဒ္ဓအလင်းတန်းတွေနဲ့ ဖွဲ့စည်းထားတဲ့
လက်ဝါးတွေဟာ မစ္စတာလင်းတ
ရှိရာဆီကို ရိုက်ချလိုက်ပြီလေ။ မစ္စတာ
လင်းတကလဲ သူ့ရဲ့အရိုး
တုတ်ချောင်းကိုမပြီးတော့…
ဒီတိုက်ခိုက်မှုကို ခုခံနိုင်ရုံမျှသာ
ခုခံနိုင်ခဲ့ပါတယ်…သူ့ရဲ့ ပါးစပ်ကနေလဲ

သွေးတစ်လုတ်က အန်ထွက်ကာ
လာခဲ့တယ်လေ။ ဒီတိုက်ခိုက်မှုကနေ
သူ့ရဲ့မှော်စွမ်းအင်တွေ အကုန်လုံးဟာ
ပြန့်ကြဲလို့ သွားခဲ့ပါပြီ။

ဒီရိုက်ချက်ကို
ခံလိုက်ရအပြီးမှာတော့…
မစ္စတာလင်းတနဲ့
အရိုးတုတ်ချောင်းတို့ဟာ အတူတကွပဲ
အဝေးကြီးကို လွင့်ထွက်သွားခဲ့ပြီလေ။
တောင်ကုန်းတစ်ခုရဲ့ အပေါ်ကို
ကျော်သွားပြီးမှ… မိုင်ပေါင်း

တစ်ဒါဇင်လောက်က တောအုပ်လေးရဲ့
အထဲကို ကျရောက်လို့ သွားခဲ့ပါတယ်။

မစ္စတာ လင်းတဟာ မြေပြင်ပေါ်မှာ
လဲကျသွားပြီးနောက်မှာတော့...
နောက်ထပ် သွေးတစ်လုတ်ကို
ထပ်မံပြီးမှ အန်လိုက်ပါပြီ။ သူဟာ
သူ့ရဲ့ တစ်ကိုယ်လုံးက အရိုးတွေ
အားလုံးဟာ တစ်စစီ
ကြေမွကုန်ကြပြီလို့ ခံစားနေရပြီး...
သူ့ရဲ့ အတွင်းကလီစာတွေတောင်မှပဲ
နေရာရွေ့သွားသလိုမျိုး
ဖြစ်ကုန်ကြပြီလေ။

"အား... ဒီဘုန်းကြီးက တော်တော့်ကို
ရက်စက်တာပဲ... သူ့ရဲ့
အကြီးအကဲတွေရဲ့
ခါတ်တော်တွေကိုတောင်
မှော်အိုင်တမ်တွေအဖြစ် တကယ်ပဲ
သန့်စင်ခဲ့တယ်။ အင်း... အခြေအနေ
တွေကတော့ သိပ်မကောင်းဘူး...
တပ်ပြန်ခေါက်ပြီး ဒီခွေးအိုကြီးကို
နှိမ်နှင်းဖို့ စစ်ကူပြန်ခေါ်မှ ရမယ်ဟ..."
မစ္စတာ လင်းတဟာ မြေကြီးပေါ်ကနေ
ကြိုးစားရုန်းကန်ပြီးမှ
ထလိုက်ပါတယ်... ရင်ထဲကနေလဲ
ဝမ်းမြောက်ဝမ်းသာ

ဖြစ်နေခဲ့တယ်လေ။
လူသုံးယောက်သား ထောင်ချောက်
မိနေရာကနေ...
သူတစ်ယောက်ကသာ
အောင်မြင်စွာနဲ့ပဲ
လွတ်မြောက်နိုင်ခဲ့တာပါ။

ဒါပေမဲ့လည်း သူ့ရဲ့အတွေးတွေဟာ
ဒီအထိပဲ ရောက်တုံးမှာ မစ္စတာ
လင်းတဟာ ခေါင်းကျိန်းသွားပြီးတော့
သူ့ရဲ့ ဆံပင်မွေးတွေ အကုန်လုံးဟာ
ထောင်လာသလိုမျိုးကို
ခံစားလိုက်ရပါပြီ...

ကပ်ဘေးဒုက္ခတစ်ခုဟာ သူ့ရဲ့အပေါ်ကို ကျရောက်လာတော့မယ့် ပုံစံမျိုးပါပဲ။

တစ်ခုခုတော့ မှားနေပြီလို့ ခံစားလိုက်ရပြီး… တုံ့ပြန်ဖို့ကို ကြိုးစားလိုက်ပေမယ့်လဲ နောက်ကျလို့ သွားခဲ့ပြီလေ။

အသံတစ်စက်မှ မထွက်ပဲနဲ့ လင်းဖုန်းဟာ သူ့ရဲ့အနောက်မှာ ပေါ်လာခဲ့ပါတယ်… သူ့ရဲ့ လက်ထဲမှာကတော့ မစ္စတာလင်းတရဲ့ အရိုးတုတ်ချောင်း မှော်အိုင်တမ်ကို

ကိုင်ထားလို့ပါ။ ဒီအချိန်မှာတော့
သူဟာ သူ့ရဲ့ မူလအရှည်ဖြစ်တဲ့
တစ်ပေအရွယ်ကို
ပြန်လည်ကျုံ့ဝင်သွားခဲ့ပြီ ဖြစ်ပြီး
လင်းဖုန်းရဲ့ တူတစ်ချောင်းအဖြစ်
အသုံးပြုခြင်းကို ခံနေခဲ့ရတယ်လေ...
ဘန်းကနဲပဲ မစ္စတာလင်းတရဲ့
ခေါင်းအနောက်ဘက်ကို အားရပါးရ
ရိုက်ချလိုက်ပါပြီ။

မစ္စတာ လင်းတဟာ အားကနဲပဲ
အော်လိုက်ပါတယ်... သူ့ရဲ့
မျက်လုံးတွေကလဲ

ချာချာလည်နေလို့ပါ... သူဟာ
စိုးရိမ်ဖွယ်ဒဏ်ရာ ရထားခဲ့ပေမယ့်
သူ့ရဲ့ မှော်စွမ်းအင်တွေဟာ
ပရမ်းပတာနဲ့ပဲ
ထိုးတက်နေခဲ့တယ်လေ...
သွေးရူးသွေးတန်းနဲ့
ပြန်လည်တိုက်ခိုက်ပြီး သူ့ကိုယ်သူ
မူးမလဲအောင် တောင့်ခံထားခဲ့ပါပြီ...
ဒါ့အပြင် အနောက်ကို
လှည့်ကြည့်လိုက်ပြီး ဘယ်သူက
တိုက်ခိုက်ခဲ့သလဲ ဆိုတာကို
ကြည့်ချင်နေခဲ့ပါတယ်။

ဒါပေမဲ့လည်း ခေါင်းကိုလှည့်လိုက်ရုံပဲ
ရှိသေးတယ်... ဆီးနှင်းလိုမျိုး
ဖြူဖွေးနေတဲ့ အရာတစ်ခုဟာ
သူကဘယ်သူ့ကိုမှ
မတွေ့လိုက်ရသေးခင်မှာပဲ
သူ့ရဲ့အပေါ်ကို ကျရောက်လို့
လာခဲ့ပြန်ပါပြီ... အရိုးတုတ်ချောင်း
မှော်အိုင်တမ်ဟာ
နောက်ထပ်တစ်ခေါက် သူ့ရဲ့နဖူး
အပေါ်ကို ရိုက်ချလိုက်ပြီလေ။

"ဘန်း..."

မစ္စတာ လင်းတရဲ့ မျက်လုံးတွေဟာ ကြယ်တွေလတွေ မြင်သွားခဲ့ပြီး မူးမေ့လို့ သွားခဲ့ပါပြီ... သူ့ရဲ့ နောက်ဆုံး အတွေးလေးကတော့...
"ဟာ... ရောမ
အရိုးတုတ်ချောင်းကြီး... ဒါ...ဒါက ဘယ်လိုလုပ်ပြီး ငါ့ရဲ့ အရိုးတင်းပုတ်နဲ့ တူနေရတာလဲဟ?"

လင်းဖုန်းဟာ အရိုးတင်းပုတ်ကြီးကို သူ့ရဲ့ လက်နှစ်ဘက်နဲ့ ချိန်ဆကြည့်လိုက်ပါတယ်။ ဒီမှော်အိုင်တမ်ဟာ ဟွေကုရဲ့ ရောမဗုဒ္ဓ

လက်ဝါးရိုက်ချက်ကို
ခံလိုက်ရတဲ့အတွက် အလွန်တရာကိုမှ
အားနည်းသွားခဲ့ပြီး... လင်းဖုန်းက
သူ့ကို လက်နဲ့ကိုင်ပြီးမှ သူ့ရဲ့သခင်ကို
ပြန်ရိုက်ခဲ့တာကို လုံးဝပဲ မခုခံခဲ့ပါဘူး။
ဒီမှော်အိုင်တမ်ရဲ့ မှော်စွမ်းအင်
လှုပ်ရှားမှုတွေဟာလည်း
အားအင်ကုန်ခမ်း သွားခဲ့ပါပြီ...
ကြည့်ရတာတော့ အားပြန်ပြည့်ဖို့ဆိုရင်
အချိန်တွေ အကြာကြီး လိုအပ်မှာ
ဖြစ်ပါတယ်။

ဒါပေမဲ့လည်း သူဟာ တူတစ်ခုအဖြစ်နဲ့
လူတွေကို ရိုက်ဖို့အတွက်ကတော့
အသုံးတည့်လှတယ်လေ...
သူ့ရဲ့အလျား... အထုနဲ့
အလေးချိန်တို့ဟာ အနေတော်ပါပဲ။

စဥ်းစားနေရင်းကပဲ သူ့ရဲ့တပည့်လေး
နှစ်ယောက်ဟာ ဘေးနားကနေပြီး
သူ့ကို ကြက်သေသေပြီးမှ
ကြည့်နေခဲ့တာကို လင်းဖုန်းက
ရုတ်တရက်ပဲ သတိထားမိလိုက်ပါပြီ...
သူတို့ရဲ့ အကြည့်တွေဟာ လင်းဖုန်းနဲ့
သူ့ရဲ့လက်ထဲက

အရိုးတင်းပုတ်အကြားမှာ
ခေါက်တုံ့ခေါက်ပြန်
ဖြစ်နေကြတယ်လေ။

လင်းဖုန်းကတော့ ခပ်တည်တည်ပါပဲ...
ချောင်းခြောက်တချက်
ဆိုးလိုက်ပါတယ်... "အဟမ်း...
အဟမ်း... မင်းတို့လေးတွေ
သေချာတွေ့လိုက်ကြရဲ့လား?
ခေါင်းပေါ်က ပိုင်ဟွေ့အမှတ်ကို
အမှတ်အသားလုပ်ပြီးမှ...
အရှေ့ကပဲဖြစ်ဖြစ်
အနောက်ကပဲဖြစ်ဖြစ်

တလက်မလောက် ခွာပြီးတော့...
အဲ့ဒီနေရာနှစ်ခုကို ရိုက်လိုက်ရင်
လူတွေကိုချက်ချင်းပဲ
သတိမေ့သွားစေတယ်ကွ..."

"ဟော... မင်းတို့လေးတွေက
မှတ်မိကြရဲ့လား?"

ရှောင်ပုတန်လေးဟာ မှင်တက်စွာနဲ့
ခေါင်းညိတ်လိုက်တဲ့ အချိန်မှာ
ရှောင်ယန်ရဲ့ နှုတ်ခမ်းလေးတွေဟာ
တွန့်သွားခဲ့တယ်လေ... "အား...
ဆရာသခင်... ဒါ... ဒါက

အလစ်ချောင်းရိုက်တာ
မဟုတ်ဘူးလားဗျ?"

"မဟုတ်ဘူး... မှားတယ်...
ဆရာသခင်က မင်းတို့ကို
ပြိုင်ဘက်တွေကို အရှင်ဖမ်းဖို့
မှန်ကန်တဲ့ နည်းလမ်းတွေကို
ပြသပေးနေတာဟ..." လင်းဖုန်းက
လေးနက်စွာနဲ့ပဲ ပြောလိုက်ပါတယ်...
"အင်း... တကယ်လို့များ မင်းတို့က
ကောင်းကောင်း အာရုံမစိုက်မိသေးဘူး
ဆိုရင် ဆရာသခင်က

နောက်ထပ်တစ်ခေါက်
သရုပ်ထပ်ပြီးတော့ ပြဦးမယ်ကွ..."

စကားအဆုံးမှာ လင်းဖုန်းဟာ
မိုးကြိုးမှော်စွမ်းအင် တစ်စကို
ထုတ်လွှတ်လိုက်ပြီးမှ...
မစ္စတာလင်းတရဲ့
အာရုံကြောအမှတ်ကို နှိုးဆွလိုက်ကာ
သူ့ကို ထပ်မံပြီးတော့ နိုးထစေခဲ့ပါပြီ။

ထိပ်ပြောင်အဘိုးကြီးဟာ ထလာပြီး...
အိပ်မှုံစုံမွှားနဲ့... "ဟာ...
ဘာဖြစ်သွားတာလဲဟ... ငါ့ကို

တစ်ယောက်ယောက်က
အနောက်ကနေ
ချောင်းရိုက်လိုက်သလိုပဲ..." သူ့ရဲ့
ပတ်ဝန်းကျင်ကိုတောင်
ကောင်းကောင်း မကြည့်ရသေးဘူး...
မစ္စတာ လင်းတရဲ့ ဆံပင်မွှေးတွေဟာ
ရုတ်ချည်းထောင်လာခဲ့ပြီလေ... သူ့ရဲ့
ဦးရေပြားတွေဟာလည်း
ကျိန်းသွားခဲ့ပြီး... ရင်းနှီးကျွမ်းဝင်နေတဲ့
ခံစားချက် တစ်မျိုးဟာ
နောက်ထပ်တစ်ဖန် ရောက်ရှိကာ
လာခဲ့ပြန်ပါပြီ။

"ဘန်း..."

သူ့ရဲ့ခေါင်း အနောက်ဘက်ကနေ
စူးရှနာကျင်တဲ့ ဝေဒနာတစ်ခုကို
ထပ်မံပြီးတော့ ခံစားလိုက်ရပါပြီ...
သူ့ရဲ့ မြင်ကွင်းတွေဟာလည်း
မှောင်မိုက်လို့ သွားခဲ့ပြီလေ။
နောက်ဆုံး တစ်ခေါက်ကနဲ့ ခံစားချက်
အတူတူပါပဲ... သူဟာ အကြီးအကျယ်
ရိုက်ချက်တစ်ခုကို နောက်ထပ်တစ်ဖန်
ခံစားခဲ့ရပြန်ပါတယ်။

"အား... နောက်ထပ်
တစ်ခေါက်လားဟ?!"
မစ္စတာလင်းတဟာ အားတင်းပြီးတော့
နာကျင်မှုကို ခုခံလိုက်ပါတယ်...
သူ့ရဲ့မျက်လုံးတွေကို ကြိုးစားပြီး
ဖွင့်ထားလို့ပေါ့... သူ့ဟာချက်ချင်း
မူးမမေ့သွားအောင် အားတင်းပြီးမှ...
အစွမ်းကုန် ကြိုးစားကာ သူ့ရဲ့ခေါင်းကို
လှည့်လိုက်တယ်လေ။ ဒီအချိန်မှာတော့
သူဟာ သူ့ရဲ့ အနောက်ကနေ
တစ်ခေါက်ပြီးတစ်ခေါက်
ချောင်းရိုက်နေတာ ဘယ်သူလဲ
ဆိုတာကို သေချာစွာ တွေ့လိုက်ရပါပြီ။

သူ့ရဲ့ မျက်စိထဲကို ဝင်လာတာကတော့
မြူထနေတဲ့ ဖြူဖွေးတဲ့
အလင်းရောင်နယ်ပယ် တစ်ခုပါပဲ...
မစ္စတာ လင်းတဟာ
မအောင့်ထားနိုင်တော့ပဲနဲ့
ကျိန်ဆဲလိုက်ပြီလေ... "ခွီးပဲ... ဒါက
တကယ်ပဲ ငါ့ရဲ့ အရိုးတင်းပုတ်..."
ဒါပေမဲ့ သူရဲ့အမြင်တွေကို
ပိုပြီးကြည်လင်လာအောင်
မစောင့်ခဲ့ပဲနဲ့... တူကြီးတစ်ချောင်းဟာ
ကျလာပြီး သူ့ရဲ့နဖူးကို
နောက်ထပ်တစ်ခေါက်
ရိုက်ချလိုက်ပြန်ပါပြီ။

"အား..." မစ္စတာ လင်းတရဲ့
မျက်လုံးတွေဟာ
ချာချာလည်သွားခဲ့ပြန်ပါပြီ... အန္တိုင်းမဲ့
ဒေါသနဲ့ အတိုင်းမသိ နောင်တတို့ကို
ထွေးပိုက်ရင်းနဲ့ပဲ သူဟာ
ထပ်ဖန်တစ်ခါ မူးမေ့လို့
သွားခဲ့ရရှာပါတယ်။

လင်းဖုန်းဟာ သူ့ရဲ့ခေါင်းကို
လှည့်လိုက်ပြီး တည်ငြိမ်နေတဲ့
အမူအရာနဲ့... ထူးမခြားနား ပုံစံမျိုးနဲ့ပဲ
ပြောလိုက်ပါပြီ... "ကဲ...
မင်းတို့တတွေ ဒီတစ်ခေါက်တော့

သေသေချာချာတွေ့ပြီ
မဟုတ်လားဟေ့?"

ရှောင်ယန်ကတော့
ပါးစပ်အဟောင်းသား
ဖြစ်နေခဲ့ပါတယ်...
ရှောင်ပုတန်လေးကတော့ သူ့ရဲ့
လက်နှစ်ဘက်နဲ့ လက်ခုပ်တီးနေခဲ့ကာ
ပြုံးပြီးတော့ ပြောလိုက်ပါပြီ... "ရေး...
ဆရာသခင်... ကျွန်တော်လဲ
စမ်းကြည့်လို့ ရမလားဗျ?"

လင်းဖုန်းကလဲ ရှောင်ပုတန်လေးကို
အရိုးတင်းပုတ်ကြီးကို
လှမ်းပေးလိုက်ရင်းနဲ့ ဖွဖွလေးပဲ
ပြုံးလိုက်ပါတယ်... "အေးအေး...
စမ်းတာကလဲ စမ်းပေါ့ကွာ...
လက်ဆလဲ သိပ်မပြင်းစေနဲ့ဦး...
သူကသေလို့ မဖြစ်သေးဘူးဟ...
ဆရာသခင်က သူ့ကို
မေးစရာလေးတွေ ရှိသေးတယ်ကွ..."

ရှောင်ယန်လေးဟာ အဖန်တလဲလဲ
သတိမေ့အောင် အရိုက်ခံထားရတဲ့
မစ္စတာလင်းတ ရှိရာဆီကို

စိတ်လှုပ်ရှားနေတဲ့ အမူအရာနဲ့
လမ်းလျှောက်သွားနေတဲ့
ရှောင်ပုတန်လေးကို
ကြည့်လိုက်ပါတယ်။ ကူရာမဲ့စွာနဲ့ပဲ
ခေါင်းကိုခါလိုက်ကာ တစ်ဘက်ခြမ်းကို
ခေါင်းလှည့်လိုက်ပါပြီ။

နောက်ထပ်ဆက်ဖြစ်မဲ့ အရာတွေဟာ
တကယ်ကိုပဲ ကြည့်နိုင်ရက်စရာ
မရှိခဲ့ဘူးလေ။

## စာစဥ် ၃ : အပိုင်း ၉

# အပိုင်း ၃၉ : ဗုဒ္ဓဓမ္မလက်နက်…
# မိုးကြိုးလျှပ်စီးတောင်ဝှေး

မစ္စတာလင်းတကို
ဖမ်းဆီးပြီးနောက်မှာတော့
လင်းဖုန်းဟာ အနည်းငယ်
စိတ်အေးသွားခဲ့ပါပြီ။ ဝတ်ရုံနက်
ခေါင်းသမားနဲ့ ဝတ်ရုံဖြူ သက်လတ်ပိုင်း
လူကြီးကိုတော့ သူဟာ
စိတ်မကောင်းပါဘူးလို့သာ
ပြောနိုင်ပါတော့တယ်။

အခုအချိန်မှာတော့ သူ့ရဲ့စိတ်ကို
သူ့ရဲ့လက်ထဲက ငရုတ်ကျည်ပွေ့နဲ့
စူးချွန်တို့ကို ပေါင်းထားတဲ့ပုံနဲ့တူတဲ့
ဗုဒ္ဓမှော်အိုင်တမ် အပေါ်မှာ
နှစ်မြှုပ်ထားလိုက်ပါပြီ။

ကုန်သွယ်မှု စနစ်ကြီးရဲ့ အထဲမှာ
ရှာဖွေလိုက်ပြီး နောက်မှာတော့...
လင်းဖုန်းက ဒီမှော်အိုင်တမ်ဟာ
ဗုဒ္ဓဝါဒရဲ့ ဒဏ္ဍာရီလာ
ဗုဒ္ဓဓမ္မလက်နက် ၁၈ပါးထဲမှာ တစ်ပါး
အပါအဝင်ဖြစ်တဲ့...
မိုးကြိုးလျှပ်စီးတောင်ဝှေး

ဖြစ်တယ်ဆိုတာကို
အတည်ပြုနိုင်ခဲ့တယ်လေ!

ဗုဒ္ဓဝါဒရဲ့ မဟာဗုဒ္ဓဓမ္မ
လက်နက်ဆယ်ပါး အားလုံးတို့ဟာ
စွမ်းအားကြီးမားတဲ့ ကမ္ဘာကို
ကိုင်လှုပ်နိုင်စွမ်းရှိတဲ့ ရတနာတွေ
ဖြစ်ကြပါတယ်။ ဒီဗုဒ္ဓလက်နက်
ဆယ်မျိုးကို တစ်ခုထဲစုပေါင်းပြီးတော့
"အနန္တ အသင်္ချေကမ္ဘာ"လို့
ခေါ်ကြပြီး... သူဟာ မဟာမိုးကြိုး
ကျောင်းတော်ရဲ့ သရဖူရတနာ
တစ်ပါးလဲ ဖြစ်တယ်လေ။

တကယ့် ဗုဒ္ဓဓမ္မလက်နက်
အစစ်တွေဟာ ထိပ်တန်းအဆင့်
မှော်ရတနာတွေ ဖြစ်ကြပါတယ်…
သူတို့ဟာ ကမ္ဘာဦးဝိညာဉ် အဆင့်က
ကျင့်ကြံသူတွေကသာ ဖန်တီးနိုင်ကြတဲ့
ရတနာတွေ ဖြစ်ကြတာပါ။

ဒါပေမဲ့လည်း ဗုဒ္ဓလက်နက်တွေကို
ဖန်တီးနိုင်တဲ့ နည်းလမ်းတွေဟာ
မဟာမိုးကြိုး ကျောင်းတော်ကြီးရဲ့
အတွင်းမှာက ပျံ့နှံ့လို့
နေခဲ့တယ်လေ… အဆင့်ပေါင်းစုံက

ဘုန်းကြီးတွေဟာ သူတို့ကို
ထုလုပ်နိုင်ကြပါတယ်…
ကမ္ဘာဦးဝိညာဉ် အဆင့်အောက်က
ကျင့်ကြံသူတွေ ပြုလုပ်တဲ့
လက်နက်တွေဟာ
မှော်အိုင်တမ်တွေသာ ဖြစ်ကြပြီး…
သူတို့ကို အချိုးကျပုံစံငယ် အဖြစ်နဲ့သာ
သတ်မှတ်နိုင်မှာပါ။

ဟွေကု သန့်စင်နေခဲ့တဲ့ မိုးကြိုးလျှပ်စီး
တောင်ဝှေးဟာ ဒီလိုမျိုး
အချိုးကျပုံစံငယ် အထဲမှာ
ပါနေခဲ့ပါတယ်။

လင်းဖုန်းဟာ အနည်းငယ်တော့ စိတ်ပျက်သွားခဲ့ပါတယ်... "ဪ... လက်စသတ်တော့ ဒါက ပျက်စီးနေတဲ့ ရတနာတစ်ပါး မဟုတ်ဘူးပဲ... ဒီဘုန်းကြီးက ဒါကို အောင်မြင်စွာ သန့်စင်နိုင်ခြင်း မရှိသေးတာသာ ရှိတာကို..."

သူ့ကို အောင်မြင်စွာ သန့်စင်နိုင်ခြင်း မရှိသေးပေမယ့်... ဒီမှော်အိုင်တမ်ရဲ့ စွမ်းအားဟာ လူတွေကို စိတ်လှုပ်ရှားစေရန် လုံလောက်ပြီး...

ဗုဒ္ဓဓမ္မလက်နက် တစ်ခုအနေနဲ့
မိုးကြိုးလျှပ်စီး တောင်ဝှေးဆိုတဲ့
နာမည်ကိုရဖို့အတွက်
ထိုက်တန်ပါတယ်။

ဗုဒ္ဓကျမ်းစာတွေရဲ့ အဆိုအရ…
ဟိုးရှေးရှေးတုန်းက ဖိနှိပ်ညင်းပန်းပြီး
နိုင်လိုမင်းထက် ပြုလိုတဲ့ ဘုရင်တစ်ပါး
ရှိခဲ့ပါတယ်… လူတွေအားလုံးကလဲ
အခြေခံအကျဆုံး မကောင်းမှုဒုစရိုက်
လေးပါးရဲ့ အထဲမှာပဲ
မွေ့လျော်နေကြတယ်လေ…
ဟီရိသြတ္တပ္ပ ကင်းမဲ့ခြင်းတွေဟာ

ကောင်းကင်ဘုံထိတိုင်အောင်
ရောက်သွားပြီး… နတ်ဘုရားတွေရဲ့
ဒဏ်ခတ်ခြင်းကို ခံခဲ့ရပါပြီ။

ဒီတိုင်းပြည်မှာ အကြီးအကျယ်
မိုးခေါင်ခြင်းတွေကို ခံစားခဲ့ရပြီး…
တိုင်းပြည်တစ်ခုလုံးကိုလဲ
သဲမုန်တိုင်းတွေက
လွှမ်းမိုးထားခဲ့ပြီလေ… ဒရဟောရွှာတဲ့
မိုးရေတွေကလဲ
ရေကြီးရေလျှံခြင်းတွေကို
ဖြစ်ပေါ်စေခဲ့ပါတယ်…
ပုလိပ်ရောဂါတွေကလဲ နေရာအနှံ့ကို

ပျံ့နှံ့နေခဲ့ပြီး... မိုင်ပေါင်းတစ်သောင်း
အတွင်းက လူတွေ တိရိစ္ဆာန်တွေရဲ့
အသက်ကို နှုတ်ယူနေကြပါပြီ။
တိုင်းပြည်ဟာ တစ်ကယ်ကိုပဲ
ကပ်ဆိုက်လို့ နေခဲ့ပြီလေ။

ဗုဒ္ဓဟာ တရားဒေသနာတော်တွေကို
ဟောကြားဖို့ ရောက်ရှိလာခဲ့ပြီး...
လူသားတွေရဲ့ ဘေးဒုက္ခ
ခံစားနေရတာတွေကို မကြည့်ရက်လို့
သူဟာသူ့ကိုယ်သူ အနစ်နာခံပြီး
သူတို့ရဲ့ အပြစ်တွေကို သူရဲ့အပေါ်ကို
ခံယူခဲ့ပါတယ်။ ကောင်းကင်ဘုံမှာ

စိတ်ကြီးတဲ့ မိုးကြိုးနတ်ဘုရား
တစ်ပါးရှိတယ်လေ… သူ့ရဲ့
နတ်လက်နက်နဲ့ ပစ်ချခဲ့တာ ဗုဒ္ဓရဲ့
ခေါင်းကိုတောင်မှပဲ
ထိုးဖောက်သွားခဲ့ပါတယ်။

ဒါပေမဲ့လည်း ဒီနတ်လက်နက်ရဲ့
စိတ်ဝိညာဉ်ဟာ ဗုဒ္ဓရဲ့
မဟာကရုဏာတော်ကြောင့်
စိတ်နူးညံ့သွားကာ…
ပြိုင်ဘက်ကင်းတဲ့ စွမ်းအားကြီး
ဗုဒ္ဓလက်နက် အဖြစ်ကို
အသွင်ပြောင်းသွားပြီးမှ…

ကမ္ဘာမြေကြီးကို ထက်ခြမ်းခွဲလိုက်ကာ
လမ်းကြောင်းတစ်ခုကို ဖောက်လိုက်ပြီး
ရေကြီးရေလျှံနေတာကို ပင်လယ်
သမုဒ္ဒရာတွေရဲ့ အထဲကို
လမ်းလွှဲလိုက်ကာ...
ကပ်ဆိုးဘေးတွေက နေပြီးတော့
ကယ်တင်လိုက်တယ်လေ။

ပြီးတော့ အဲ့ဒီမြေ်အိုင်တမ်ဟာ
မိုးကြိုးလျှပ်စီး တောင်ဝှေးပဲ
ဖြစ်ပါတော့တယ်။

လင်းဖုန်းဟာ ဒီလိုမျိုး အားမနာ
လျှာမကျိုး ဖြီးဖြန်းထားတဲ့
ဒဏ္ဍာရီတွေကို မယုံကြည်ပါဘူး...
ဒါပေမဲ့လည်း ဒီဒဏ္ဍာရီကနေ
သူသဘောပေါက်လိုက်တာက
ဒီမိုးကြိုးလျှပ်စီး တောင်ဝှေးရဲ့
အကြီးမားဆုံး အသုံးဝင်မှုဟာ
တိုက်ခိုက်ခြင်းမဟုတ်ပဲ
တခြားသူတွေရဲ့ တိုက်ခိုက်မှုကို
ဖြေရှင်းဖို့ပဲ ဖြစ်တယ်လေ။ အလွန်ပဲ
အံ့အားသင့်ဖွယ်ကောင်းတဲ့
အကာအကွယ်ဟာ ဒီမှော်အိုင်တမ်ရဲ့
စစ်မှန်တဲ့စွမ်းအားပဲ ဖြစ်ပါတော့တယ်။

လင်းဖုန်းဟာ
အချိန်အတန်ငယ်ကြာအောင် သူ့ကို
အသေးစိတ် လေ့လာနေခဲ့ပါတယ်။
ဒီမိုးကြိုးလျှပ်စီး တောင်ဝှေးဟာ
အခြေခံအုတ်မြစ်အဆင့်
မှော်အိုင်တမ်တစ်ခု ဖြစ်တယ်လေ...
သူ့ကို အပြည့်အဝ အောင်မြင်စွာ
သန့်စင်မှုကို ခံထားရခြင်းတောင်
မရှိသေးဘူး... ဒါပေမဲ့လည်းသူဟာ
တခြား အခြေခံအုတ်မြစ်အဆင့်
မှော်အိုင်တမ်ဖြစ်တဲ့...
မြောက်ပိုင်းအရဏ်ဦးခေးရဲ့
အားကုန်တိုက်ခိုက်ခြင်းကို ခံနိုင်စွမ်း
ရှိခဲ့ပါတယ်။ သူဟာ အနည်းငယ်

ထိခိုက်သွားခဲ့ပေမယ့်...
လုံးဝပျက်စီးသွားခြင်းမျိုး မရှိခဲ့ပါဘူး...
သူ့ရဲ့ ကာကွယ်နိုင်စွမ်းဟာ
တကယ်ကိုပဲ ချီးကျူးထိုက်ပါပေတယ်။

လင်းဖုန်းဟာ စဥ်းစားလို့
ကောင်းနေဆဲမှာပဲ... သူ့ရဲ့လက်ထဲက
မိုးကြိုးလျှပ်စီး တောင်ဝှေးဟာ
ရုတ်တရက်ပဲ တုန်ခါလို့
လာခဲ့တယ်လေ။ ကြည့်ရတာ
အင်အားတစ်ခုက နေပြီးတော့ သူ့ကို
ဆွဲဆောင်နေသလိုပါပဲ... လင်းဖုန်းရဲ့

ထိန်းချုပ်မှုအောက်ကနေ
ရုန်းထွက်ချင်နေခဲ့ပြီလေ။

"အင်း… ဒါက ပျော့ကုပဲဖြစ်ရမယ်…
ဒီဘုန်းကြီးက နောက်ဆုံးတော့
အားသွားပြီပဲဟ…" လင်းဖုန်းက
အနည်းငယ်
စိတ်လှုပ်ရှားသွားခဲ့ပါတယ်… သူ့ရဲ့
လက်ကိုမြှောက်လိုက်ပြီး လေထဲမှာ
စုတ်ချက်အနည်းငယ်ကို
ရေးဆွဲလိုက်ပြီလေ…
ကောင်းကင်လျှောင်အိမ်
မော်အင်းကွက်ကို

ထုတ်လွှတ်လိုက်ပြီး... ဒီမိုးကြိုးလျှပ်စီး
တောင်ဝှေးကို ချိတ်ပိတ်လိုက်ပါပြီ။

ဟော့ကုဟာ အခြေခံအုတ်မြစ်အဆင့်
ကျင့်ကြံသူ တစ်ယောက်ဖြစ်ပြီး...
မိုးကြိုးလျှပ်စီး တောင်ဝှေးကလဲ
အခြေခံအုတ်မြစ်အဆင့်
မှော်အိုင်တမ်တစ်ခု ဖြစ်ပါတယ်။
လင်းဖုန်းကတော့ ချီသာဝက အဆင့်
၁၀သာ ရှိသေးတာလေ...
သူတည်ဆောက်လိုက်တဲ့
ကောင်းကင်လှောင်အိမ်
မှော်အင်းကွက်ဟာ...

အမှန်ဆိုရင်တော့ ဒီမိုးကြိုးလျှပ်စီး
တောင်ဝှေးကို ချိတ်ပိတ်နိုင်ခဲ့မှာ
မဟုတ်ပါဘူး။

ဒါပေမဲ့လည်း ဒီမိုးကြိုးလျှပ်စီး
တောင်ဝှေးဟာ အပြည့်အဝ
အောင်မြင်စွာ သန့်စင်ထားနိုင်ခြင်း
မရှိသေးပဲ… ဒီအရင်တုံးက လင်းဖုန်းရဲ့
မြောက်ပိုင်းအရှဏ်ဦး
လျှို့ဝှက်အလင်းတန်းရဲ့
ရိုက်ချက်ကိုလဲ ခံထားရသေးပါတယ်။
ဒါ့ကြောင့်မို့ပဲ သူဟာ
ရုန်းကန်နေခဲ့ပေမယ့်…

ကောင်းကင်လှောင်အိမ်
မှော်အင်းကွက်ရဲ့ အထဲကနေ
မလွတ်မြောက်နိုင်ခဲ့ပါဘူး။

ကောင်းကင်လှောင်အိမ်
မှော်အင်းကွက်ရဲ့အစွမ်းနဲ့… သူဟာ
ဟွေကုနဲ့ မိုးကြိုးလျှပ်စီး တောင်ဝှေးရဲ့
အကြားထဲက ဆက်သွယ်မှုတွေကို
ဖြတ်တောက်ပစ်လိုက်ပြီး… သူ့ကို
မိုးကြိုးလျှပ်စီး တောင်ဝှေးနဲ့
အဆက်အသွယ် ပြတ်သွားစေခဲ့ကာ
လင်းဖုန်းနဲ့ မှော်အိုင်တန်တို့ရဲ့ နေရာကို
အာရုံခံလို့ မရစေခဲ့ပါဘူး။

ဒီဘုန်းကြီးဟာ ဘယ်လောက်အထိ
တောင်မှပဲ ဒေါသထွက်နေမလဲ
ဆိုတာကို လျစ်လျူရှုထားလိုက်ပြီး...
လင်းဖုန်းဟာ သူ့ရဲ့တပည့်
နှစ်ယောက်နဲ့အတူ ရှောင်ပုတန်လေးရဲ့
လက်ချက်ကြောင့် ကြယ်တွေလတွေ
မြင်နေတဲ့ မစ္စတာလင်းတကို
ခေါ်ပြီးတော့
ဒီတောင်ကြားကိုပတ်ကာ...
အခြားတစ်ဖက်က နေပြီးမှပဲ
ပြင်းထန်သောမုန်တိုင်း အဖွဲ့အစည်းနဲ့
ဇူရီလေးတို့ရဲ့ အနောက်ကို
ဆက်ပြီးတော့ လိုက်သွားခဲ့ပြီလေ။

လမ်းတစ်လျှောက်မှာ လင်းဖုန်းဟာ
ဒီမိုးကြိုးလျှပ်စီး တောင်ဝှေးရဲ့
ဖွဲ့စည်းတည်ဆောက်ပုံကို
တောက်လျှောက်ပဲ
လေ့လာခဲ့ပါတယ်…
ဒီမှော်အိုင်တမ်ဟာ တကယ်တမ်းတော့
ဗုဒ္ဓနည်းစနစ် တစ်မျိုးကိုသုံးပြီး
သန့်စင်ခံနေရတာကို
တွေ့ရှိလိုက်ရပါပြီ… ဟွေကုဟာ
သူ့ကိုသန့်စင်တုံးက ကျန်ရစ်ခဲ့တဲ့
သဲလွန်စတွေဟာ ဒီမှော်အိုင်တမ်ရဲ့
အတွင်းမှာ ပြည့်စုံစွာ

အကောင်းပကတိအတိုင်း
ရှိနေခဲ့သေးတယ်လေ။

"အင်း... ဒါဆိုရင်တော့
လွယ်သွားပြီပေါ့..." လင်းဖုန်းကလည်း
ပြုံးလိုက်ပါပြီ... အခြားလူတွေ
ဆိုရင်တော့ ဒီလိုမျိုး သဲလွန်စ
အကြွင်းအကျန်တွေက နေပြီးတော့
မှော်ကျိန်စာတို့... နည်းစနစ်တို့ကို
လေ့လာသင်ယူဖို့ ဆိုတာက
မဖြစ်နိုင်ပါဘူး...
ကျောင်းတစ်ကျောင်းထဲက
ဗုဒ္ဓကျင့်ကြံသူတွေ အပါအဝင်ပေါ့။

ဒါပေမဲ့လည်း
လင်းဖုန်းအတွက်ကတော့
ငှက်ပျောသီး အခွံနွှာရသလိုပါပဲ။

စနစ်ရဲ့ ကိရိယာတွေထဲက
စွမ်းရည်စိစစ်ခြင်းကို
ဖွင့်ထားလိုက်ပြီး...
လင်းဖုန်းလုပ်ရမှာက စိတ်ရှည်စွာနဲ့
စောင့်နေရုံပါပဲ။

"ခွဲခြမ်းစိတ်ဖြာမှု ပြီးဆုံးသွားပါပြီ"
ခဏအကြာမှာပဲ စနစ်ရဲ့
အကြောင်းကြားချက်ဟာ လင်းဖုန်းရဲ့

နားထဲမှာ ပေါ်လာခဲ့ပြီလေ…
စွမ်းရည်စိစစ်ခြင်း ကိုရိယာဟာ
အသေးစိတ် အချက်အလက်တွေကို
စာရင်းပြုစုပေးခဲ့ပါတယ်။

အမည် : အသေးအဖွဲ့ သံသရာ
နည်းစနစ်
အမျိုးအစား : မှော်ကျိန်စာ

အကျိုးသက်ရောက်မှု : အများကနေ
အမုန်ဖြစ်စေပါတယ်… ကမ္ဘတရားကို
ထိုးထွင်းသိမြင် နိုင်စေပါတယ်…
တခြားသူတွေရဲ့ တိုက်ခိုက်မှုကို

မူလလမ်းကြောင်းမှ
သွေဖယ်စေပါတယ်… ဒါ့ကြောင့်ပဲ
ခုခံကာကွယ်ခြင်း ရည်မှန်းချက်ကို
ပြည့်မြောက်စေပါတယ်။

စွမ်းရည်စိစစ်ခြင်း ကိရိယာကို
အသုံးချပြီး လင်းဖုန်းဟာ
ဒီမှော်ကျိန်စာရဲ့ အခြေခံ
သဘောတရားတွေ…
အနှစ်သာရတွေကို လျင်မြန်စွာနဲ့
သဘောပေါက်သွားခဲ့ပြီးမှ…
ဒီမှော်ကျိန်စာကို
အသုံးပြုသွားနိုင်ခဲ့ပြီလေ။

လင်းဖုန်းဟာ ရှောင်ယန်နဲ့
ရှောင်ပုတန်လေးတို့
စုဆောင်းထားခဲ့တဲ့
မြွေသွေးအနည်းငယ်ကို
ထုတ်ယူလိုက်ပါပြီ။ ဒီမိုးကြိုးလျှပ်စီး
တောင်ဝှေးရဲ့ ပြုစုပျိုးထောင်
ပေးထားခြင်းကို အကြာကြီး
ခံထားရတဲ့အတွက်... ဒီရောမ
စပါးအုံးမြွေကြီးရဲ့ သွေးတွေဟာ
တကယ်ကိုပဲ ရွှေရောင်ဖျော့ဖျော့
သန်းနေခဲ့ပါတယ်။ ဒီသွေးတွေဟာ
အလွန်ကိုမှ ပျစ်ပေမယ့်
ခဲတော့မသွားပါဘူး....

အလင်းရောင်ဖျော့ဖျော့နဲ့
လှိုင်းထနေခဲ့တယ်လေ။

မြွေသွေးကို အနည်းငယ်
ယူလိုက်အပြီးမှာတော့... လင်းဖုန်းဟာ
မိုးကြိုးလျှပ်စီး တောင်ဝှေးကို
မြွေသွေးထဲမှာ စိမ်လိုက်ပြီး
သူ့ရဲ့ကိုယ်ပိုင် မှော်စွမ်းအင်နဲ့
ဒီအသေးအဖွဲ့ သံသရာနည်းစနစ်
ဗုဒ္ဓမှော်ကျိန်စာကို
လည်ပတ်လိုက်ပါတယ်... ဟွေကုရဲ့
မပြီးဆုံးသေးတဲ့ အလုပ်ကို

ဆက်လိုက်ပြီး ဒီဗုဒ္ဓမမွ လက်နက်ကို
သန့်စင်လိုက်ပါပြီ။

မိုးကြိုးလျှပ်စီး တောင်ဝှေးရဲ့
မျက်နှာပြင်ပေါ်ကနေ
ရွှေရောင်အလင်းတန်းတွေဟာ
အဆက်မပြတ် လင်းလက်လို့
နေခဲ့ပါတယ်... ကြည့်ရတာ
အသက်ရှိနေပြီး အသက်ရှူသွင်းလိုက်
ရှူထုတ်လိုက် လုပ်နေသလိုမျိုးပါပဲ။
အသက်ရှူနေဆဲမှာပဲ သူဟာ
မြွေသွေးထဲကနေ စိတ်ဝိညာဉ်

စွမ်းအင်တွေကို အဆက်မပြတ်ပဲ
စုပ်ယူနေပါတော့တယ်။

ဟွေကုဟာ ဒီမှော်အိုင်တမ်ကို
သန့်စင်နေတာ
နောက်ဆုံးအဆင့်ကိုတောင်
ရောက်နေခဲ့ပါပြီ.. နောက်ရက်
အနည်းငယ်ကြာရင် လုပ်ငန်းက
ပြီးဆုံးတော့မှာပါ။ ဒါပေမဲ့လည်း
နောက်ဆုံးမှာတော့
သူ့ရဲ့လောဘကြောင့်
ရှောင်ယန်လေးရဲ့ အနောက်ကို

လိုက်ရင်းနဲ့ပဲ လင်းဖုန်းရဲ့လက်ထဲကို ကျရောက်သွားခဲ့တာပဲ ဖြစ်တယ်လေ။

အခုတော့ လင်းဖုန်းဟာ အနစ်နာခံ ဆိုးရှုံးရမှုတွေ အားလုံးကို ဥပေက္ခာပြုထားလိုက်ပြီး လုံ့လဝီရိယ ကြီးကြီးနဲ့ သန့်စင်မှုတွေကို ပြုလုပ်နေခဲ့ပါတယ်။ ဒီတော့ အချိန်နှစ်ရက်တောင် မရှိသေးပဲနဲ့ သူဟာ အောင်မြင်စွာနဲ့ သန့်စင်လို့ ပြီးသွားခဲ့ပါပြီ။

အပြည့်အဝ သန့်စင်ပြီးသွားတဲ့
မိုးကြိုးလျှပ်စီးတောင်ဝှေးဟာ
ရွှေရောင်အတိ ပြီးနေခဲ့ပါတယ်… သူ့ရဲ့
မျက်နှာပြင်ကနေ တောက်ပတဲ့
ရွှေရောင် အလင်းတန်းတွေဟာ
ကွန့်မြူးလို့ နေခဲ့တယ်လေ…
သင်းပျံ့တဲ့ စန္ဒကူးရနံ့တွေဟာ
နှာခေါင်းကို လာရောက် ရိုက်ခတ်ခဲ့ပြီး
ဗုဒ္ဓကျမ်းစာတွေကို
သံပြိုင်ရွတ်ဆိုသံတွေဟာ နားထဲမှာ
ပြည့်နှက်လို့ နေခဲ့ပါပြီ။

ဒီနေရာမှာပဲ ချထားလိုက်တော့…
ဒီမှော်အိုင်တမ် တစ်ခုလုံးဟာ
ဗုဒ္ဓအလင်းရောင်တွေနဲ့
ရစ်ပတ်လွှမ်းခြုံနေပြီး
ဗုဒ္ဓအလင်းရောင်တွေရဲ့ အကြားမှာ
မရေတွက်နိုင်တဲ့ ပုံရိပ်တွေဟာ
တဖျပ်ဖျပ်နဲ့ လှုပ်ရှားနေခဲ့ကြပြီလေ။

ဗုဒ္ဓတွေ… ရဟန္တာတွေ…
ဘုန်းကြီးတွေ… နတ်ဘုရားတွေ…
ခေါဘဏီ စစ်တပ်ကြီးရှစ်ခု…
ရောမဆင်ကြီးတွေ…
မှော်သစ်ပင်တွေ… မရေမတွက်နိုင်တဲ့

အလင်းရောင် ပုံရိပ်တွေဟာ
တစ်ခုပြီးတစ်ခု ပေါ်ထွက်လို့
လာခဲ့ပါပြီ။

ဒါ့အပြင် ဟွေကုရဲ့
ပြီးမြောက်ခဲ့တဲ့အလုပ် ၉၉%
ကြောင့်… နောက်ဆုံးအပြီးသတ်ခဲ့တဲ့
လင်းဖုန်းဟာ ချီသာဝကအဆင့်က
ကျင့်ကြံသူပင် ဖြစ်သော်ငြားလည်းပဲ…
ဒီမိုးကြိုးလျှပ်စီး တောင်ဝှေးဟာ
အခြေခံအုတ်မြစ်အဆင့်
မှော်အိုင်တမ်သာ ဖြစ်ခဲ့ပါတယ်…
ဒါကြောင့်မို့လဲ လင်းဖုန်းဟာ

အလွန်ကိုပဲ ကျေနပ်အားရ
နေခဲ့တယ်လေ။

ဒီမိုးကြိုးလျှပ်စီး တောင်ဝှေးကို
သန့်စင်ပြီးသွားတော့… လင်းဖုန်းဟာ
သူ့ကို ရှောင်ယန်လေးဆီကို
ပစ်ပေးလိုက်ပါတယ်။ ဒါက
သူကတိပေးထားခဲ့တဲ့ အတိုင်းပါပဲ…
ဒီမှော်အိုင်တမ်ဟာ သူ့တပည့်လေးရဲ့
စွမ်းအားကို ဆထက်တပိုး
တိုးတက်စေနိုင်တယ်လေ။

ရှောင်ပုတန်လေးကလဲ မျက်စိလေး
ကလယ်ကလယ်နဲ့ လင်းဖုန်းကို
ကြည့်နေခဲ့ပါတယ်...
အပြေးလေးလာခဲ့ကာ သူ့ရဲ့လက်ကို
ဆွဲလှုပ်လိုက်ရင်း... "အား...
ဆရာသခင်... ကျွန်တော်ကလဲ
အခြေခံ အုတ်မြစ်အဆင့် မှော်အိုင်တန်
တစ်ခုကို လိုချင်တယ်လေဗျာ..."

လင်းဖုန်းကလဲ ပြုံးပြီးတော့ပဲ
ပြန်ပြောလိုက်တယ်..."ဟော့...
ကောင်ကလေး... မင်းက ဒီတူကြီးကို
မကြိုက်ဘူးလားကွ?"

ရှောင်ပုတန်လေးဟာ
ဒီအရိုးတင်းပုတ်ကို
ဆုပ်ကိုင်လိုက်ပါတယ်...
သူ့ရဲ့ခေါင်းလေးကို ကုတ်လိုက်ပြီး
ရယ်ကာမောကာနဲ့ပဲ ပြောလိုက်ပါပြီ...
"အား... ကျွန်တော်က
ကြိုက်တာပေါ့ဗျာ... ဆိုးတာက သူက
ပျက်စီးနေပြီလေ... ဆရာသခင်က
ပြန်ပြီးတော့ ပြင်ပေးပါလားခင်ဗျ..."

လင်းဖုန်းကလဲ ခေါင်းကို
ညိတ်လိုက်ပါတယ်... "အင်း...

အားရင်တော့ လုပ်ပေးရတာပေါ့ကွာ...
ပထမဦးဆုံး ဆရာသခင်မှာ တရားဝင်
လုပ်စရာလေးတွေ
နည်းနည်းရှိသေးတယ်ဟ..."
စကားပြောနေရင်းနဲ့ပဲ လင်းဖုန်းဟာ
မြေကြီးပေါ်မှာ သတိလစ်နေတဲ့
မစ္စတာလင်းတကို
ဆွဲထူလိုက်တယ်လေ။

သနားစရာ ကောင်းလှတဲ့
ထိပ်ပြောင်အဘိုးအိုရဲ့
ခေါင်းပေါ်မှာကတော့...
ရှောင်ပုတန်လေး

လက်သံပြောင်ပြောင်နဲ့ ဆော်ထားတဲ့
အာလူးဘူးသီးတွေ အပြည့်နဲ့ပါ။
လင်းဖုန်းက လျှပ်စီးကြောင်းနဲ့
သူ့ကိုရှော့တိုက်ပြီး
နိုးလိုက်တဲ့အချိန်မှာ... သူ့ရဲ့
ပထမဦးဆုံးသော တုံ့ပြန်မှုဟာ
သူ့ရဲ့မျက်စိကို ဖွင့်ဖို့မဟုတ်ပဲနဲ့...
အလိုအလျှောက်ပဲ သူ့ရဲ့လက်နဲ့
ခေါင်းအပေါ်ကို ကာထားခဲ့တာပဲ
ဖြစ်ပါတော့တယ်။

ရှောင်ပုတန်လေးကလဲ
ကြိုတင်ပြင်ဆင်မှုတွေ

လုပ်ထားပြီးသားပါ… တိရိစ္ဆာန်
အရွတ်ကြိုးနဲ့ သူ့ကို
ကောက်ညှင်းထုတ်နဲ့တူအောင်
အထပ်ထပ်တုပ်လိုက်ပါပြီ။

ခဏတာ ရုန်းကန်လိုက်အပြီးမှာ…
လာနေကျ ဖောက်သည်တူကြီးဟာ
သူ့ရဲ့ခေါင်းပေါ်ကို
ကျရောက်မလာတော့…
မစ္စတာလင်းတဟာ အပျော်လွန်ပြီးမှ
မျက်ရည်တွေတောင် ကျလုမတတ်
ဖြစ်သွားခဲ့တယ်လေ။

သနားစရာ ကောင်းလှတဲ့
ဘိုးတော်ကြီးပါ... သူသတိရလာတဲ့
အချိန်တိုင်းမှာ တစက္ကန့်တောင်
မကြာပဲနဲ့ သတိပြန်မေ့သွားအောင်
အရိုက်ခံခဲ့ရရှာတာလေ။ ဒီတစ်ခါ
သူသတိပြန်ရလာအပြီး
ကြာတဲ့အချိန်ဟာ... အရင်အချိန်တွေ
အကုန်ပေါင်းတာထက်ကို
ပိုများပါတယ်။

လင်းဖုန်းက ဒီမြင်ကွင်းကို
ရယ်စရာတစ်ခု အနေနဲ့
ကြည့်လိုက်ပါတယ်... ချောင်းတစ်ချက်

ဟန့်လိုက်အပြီးမှာ မေးလိုက်ပါပြီ...
"ကဲ...ရွှမ်ကျိုအမတ် ဂေဟာက
ပြင်းထန်သောမုန်တိုင်း အဖွဲ့အစည်းကို
လိုက်ဖမ်းဖို့ ဒီတောင်တန်းကို
လွှတ်လိုက်တဲ့လူ ဘယ်နှစ်ယောက်
ရှိသလဲဟော့?"

## စာစဥ် ၃ : အပိုင်း ၁၀

## အပိုင်း ၄၀ : အမည်မဲ့
## မြေအောက်နန်းတော်

"ကဲ... ရွှမ်ကျိအမတ် ဂေဟာက ပြင်းထန်သော မုန်တိုင်းအဖွဲ့အစည်းကို လိုက်ဖမ်းဖို့ ဒီတောင်တန်းကို လွှတ်လိုက်တဲ့လူ ဘယ်နှစ်ယောက် ရှိသလဲဟေ့?"

ခဏာတာ ငြိမ်သက်သွားပြီး နောက်မှာတော့ မစ္စတာလင်းတဟာ အက်ကွဲစွာနဲ့ပဲ မေးလိုက်ပါတယ်...
"ဟေ့... မင်းက ဘယ်သူလဲကွ?"
ဘယ်သူလဲ ဆိုတာကို သိရဖို့ သူဟာလှည့်ကြည့်ဖို့ ကြိုးစားလိုက်ပါပြီ... ဒါပေမဲ့

သူ့ရဲ့ကိုယ်ဟာ လှုပ်လိုက်ရုံပဲ
ရှိသေးတယ်… သူ့ကို
တစ်ယောက်ယောက်က ခြေထောက်နဲ့
ဖိနင်းလိုက်ကာ ဖုန်မှုန့်တွေကိုပဲ
မျက်နှာမှူစေခဲ့တယ်လေ။

လင်းဖုန်းရဲ့ အသံဟာ တိုးတိုးလေးနဲ့
ပျံ့လွင့်လာခဲ့ပါတယ်… "ဟွန့်…
မင်းမှာက မေးခွန်းတွေကို ပြန်ထုတ်ဖို့
အခွင့်အရေး မရှိဘူးကွ။ မင်းက
မသေချင်ဘူးဆိုရင်တော့ ငါ့ရဲ့
မေးခွန်းတွေကို လိမ်လိမ်မာမာနဲ့သာ
ပြန်ဖြေကွ…"

"ခင်ဗျားက အသက်လည်း
တော်တော်ကြီးနေပြီ...
အခြေခံအုတ်မြစ် အဆင့်ထိကို
ရောက်အောင်ကျင့်ဖို့ကလဲ
လွယ်တာမှုတ်ဖူး... ခင်ဗျားက
အသက်ဆက်ရှင်နေပြီး ဘဝကြီးရဲ့
အရသာကို ဆက်ပြီးတော့
မခံစားချင်တော့ဘူးလား?"
လင်းဖုန်းကလဲ ပြုံးပြီးတော့မှပဲ
ပြောလိုက်ပါပြီ... "ရှမ်ကျိအမတ်ကလဲ
ခင်ဗျားရဲ့အဖေ မဟုတ်ဘူး...
ခင်ဗျားက သူ့အတွက်
အလုပ်လုပ်ပေးရုံ သက်သက်ပဲလေ...

သက်စွန့်ဆံဖျား လုပ်ဖို့မလိုပါဘူး…
ဟုတ်တယ်မို့လား?"

မစ္စတာလင်းတဟာ
အချိန်အတန်ငယ်ကြာအောင်
နှုတ်ဆိတ်သွားခဲ့ပါတယ်…
လေသံတိုးတိုးလေးနဲ့ပဲ ပြန်ပြီးတော့
ဖြေလိုက်ပြီလေ… "အင်း…
ကျုပ်အပါအဝင် အခြေခံ
အုတ်မြစ်အဆင့် ကျင့်ကြံသူ
၁၀ယောက်ရှိပြီး… ချီသာ၀ကအဆင့်
ကျင့်ကြံသူပေါင်း ၁၀၀ကျော်ရှိတယ်…
ရွှမ်ကျိအမတ်ဂေဟာက

မစ္စတာဟွမ်စန်းက
ခေါင်းဆောင်ပဲဗျ..."

လင်းဖုန်းက ပြန်ပြီးတော့မှ
မေးလိုက်ပါပြီ... "မစ္စတာ ဟွမ်စန်း?"

မစ္စတာလင်းတဟာ အနည်းငယ်
အံ့အားသင့်သွားခဲ့ပါတယ်...
ရွှမ်ကျိအမတ် ဂေဟာက
မစ္စတာဟွမ်စန်း ဆိုတာက
နာမည်ကြီးပဲလေ... ဘယ်လိုလုပ်ပြီး
လင်းဖုန်းက တစ်ခါမှ မကြားဖူးတဲ့
ပုံစံမျိုး ဖြစ်နေရတာလဲဟ?

ဒါပေမဲ့လည်း အခုအချိန်မှာက သူက
လင်းဖုန်းရဲ့ လက်ခုပ်ထဲကရေ
ဖြစ်နေတော့… ဘာကိုမှ အပို
ဆက်မပြောရဲတော့ပဲနဲ့… သူ့ကို
မိတ်ဆက်ပေးလိုက်ရပါတော့တယ်…
"အင်း… မစ္စတာဟွမ်စန်း ဆိုတာက
အမတ်ဂေဟာက တတိယ
ဘဏ္ဍာစိုးဖြစ်ပြီး… သူဟာ
အမတ်ဂေဟာရဲ့
ပြင်ပအရေးကိစ္စတွေကို အမြဲတမ်း
တာဝန်ယူရတဲ့သူ ဖြစ်တယ်ဗျ…"
အချိန်အနည်းငယ်မျှ နားလိုက်ပြီးမှ
ဆက်ပြောလိုက်ပါပြီ…

"မစ္စတာဟွမ်စန်းဟာ ကြီးမြတ်တဲ့
ရွှေရောင်ဗဟိုချက် အဆင့်က
ကျင့်ကြံသူလဲ ဖြစ်တယ်ဗျ..."

လင်းဖုန်းက ကူရာမဲ့စွာနဲ့ပဲ
ပြုံးလိုက်ပါတယ်... ဒီရွှမ်ကျိအမတ်
ဇူဟုန်ဝူဟာ အတော်ကို
ထောင်ထောင်လွှားလွှား
နေတတ်တဲ့လူပဲ... ရွှေရောင်ဗဟိုချက်
အဆင့်က လူကိုတောင် ဘဏ္ဍာစိုး
ခန့်ထားတယ်။ ဒါတောင်မှ သူက
တတိယ ဘဏ္ဍာစိုးပဲ ရှိသေးတယ်...
သူ့ရဲ့အထက်မှာ

သူထက်အဆင့်မြင့်တဲ့သူ
နှစ်ယောက်တောင်မှ ရှိသေးတယ်လေ။

သဘောတရား အရသာဆိုရင်...
ဒီလူထုတ်ပုံနဲ့ ဆိုရင်တော့ ဟွေကုဆိုတဲ့
ဘုန်းကြီးကို အနိုင်ယူဖို့တော့
သိပ်မခက်ခဲလှပါဘူး... ဒါပေမဲ့
သူတို့က လူစုမကွဲစေပဲနဲ့ ဟွေကုရဲ့
အမှည့်ခြွေ ခြွေတာကို မခံရဖို့တော့
လိုတာပေါ့။

လင်းဖုန်းဟာ မြေကြီးပေါ်မှာ
မှောက်နေတဲ့ မစ္စတာလင်းတကို

ကြည့်လိုက်ပြီးမှ
ခေါင်းကိုတဆတ်ဆတ်နဲ့
ညိတ်လိုက်ပါတယ်။
မစ္စတာဟွမ်စန်းဆီကို
သတင်းသွားပို့ဖို့ခိုင်းဖို့ သူ့ကို
အသက်ချမ်းသာ ပေးလိုက်ရင်လဲ
အသုံးတော့ ဝင်တာပါပဲ။

ရွှေရောင်ဗဟိုချက် အဆင့်က
ကျင့်ကြံသူ တစ်ယောက်က
ဦးဆောင်နေတယ်ဆိုတော့…
ဟွေကုမှာက ၂၄ကောင်းကင်

ရဟန္တာဝင်ပါ ရှိတယ်ဆိုပေမယ့်
သတိတော့ ထားရမှာပဲလေ။

အဝေးမှာရှိနေတဲ့
ရှောင်ပုတန်လေးဆီကို ခေါင်းမော့ပြီး
လှမ်းကြည့်လိုက်ပါတယ်...
ကောင်ကလေးဟာ
အရိုးတင်းပုတ်ကြီးကို ထမ်းပြီးတော့
လျှောက်ပြေးနေခဲ့တယ်လေ။
လင်းဖုန်းကသူ့ကို
တစ်ချက်လှမ်းကြည့်လိုက်တော့...
ရှောင်ပုတန်လေးဟာ ပြုံးရွှင်နေတဲ့
မျက်နှာလေးနဲ့ မစ္စတာလင်းတရဲ့

အနောက်ကို ချက်ချင်းပဲ
လျှောက်လို့လာခဲ့ပါပြီ။

မစ္စတာလင်းတဟာ မြေကြီးပေါ်မှာ
မှောက်နေပြီး...
သူ့ရဲ့ခေါင်းအနောက်က
မြင်ကွင်းတွေကို မမြင်ခဲ့ရပေမယ့်...
သူ့ရဲ့ရင်ထဲမှာ ရင်းနှီးကျွမ်းဝင်နေတဲ့
ခံစားချက်ဖြစ်တဲ့ ဆံပင်မွှေးတွေ
ထောင်လာခြင်းနဲ့ ဦးရေပြားတွေ
ကျိန်းလာခြင်းတို့ကို
ခံစားမိလိုက်ပြီလေ။

"အား... မလုပ်နဲ့!"

ဒီအချိန်မှာတော့
ဒီထိပ်ပြောင်ဘိုးတော်ဟာ
တခြားဘာအတွေးမှ မရှိခဲ့ပါဘူး...
သူ့ကို သတိမေ့သွားအောင်
အရိုက်မခံရဖို့ ဘာကိုပဲ လုပ်ပေးရ
လုပ်ပေးရ လုပ်ပေးဖို့ အဆင်သင့်ပါပဲ။

ဒါပေမဲ့လည်း အဖြစ်အပျက်တွေဟာ
သူ့ရဲ့အလိုအတိုင်း မဖြစ်ခဲ့ဘူးလေ။
ရှောင်ပုတန်လေးဟာ သူ့ရဲ့နောက်စိကို
သေချာချိန်ရွယ်လိုက်ပါပြီ...

ကျွမ်းကျင်နေပြီဖြစ်တဲ့ ရိုက်ကွက်နဲ့
တူကြီးကို ထုချလိုက်ပြီး
မစ္စတာလင်းတကို
သတိလစ်သွားအောင်
လုပ်လိုက်ပြီလေ။

လင်းဖုန်းကလဲ မစ္စတာလင်းတရဲ့
သိုလှောင်အိတ်ကို ယူလိုက်ပြီး
အဘိုးကြီးကို ကျောက်ဂူတစ်ခုထဲကို
ရွှေ့လိုက်ပါတယ်။ ပြီးတော့မှပဲ
ရှောင်ယန်နဲ့ ရှောင်ပုတန်လေးတို့ကို
ခေါ်ပြီးတော့ ထွက်လာခဲ့တယ်လေ။

မစ္စတာလင်းတဟာ ရွှမ်ကျိုအမတ်
ဂေဟာက လက်အောက်ငယ်သား
တစ်ယောက်ဖြစ်ပြီး… သူ့ရဲ့ ကျင့်ကြံမှု
အထောက်အကူပြု ပစ္စည်းတွေကို
အမတ်ဂေဟာက
ထောက်ပံ့ပေးတာပဲဖြစ်ပြီး…
အများအပြား ရရှိထားခဲ့တာပဲ
ဖြစ်ပါတယ်။

လင်းဖုန်းက သူ့ရဲ့ သိုလှောင်အိတ်ကို
ဖွင့်ကြည့်လိုက်ပါပြီ။ ဖြေဆေးနဲ့
ဆေးဝါး အမျိုးပေါင်းစုံတို့ဟာ
သူ့ရဲ့မျက်စိကို တောက်ပစေခဲ့ပြီလေ။

သူဟာ စိတ်မထိန်းနိုင်တော့ပဲနဲ့ သူ့ရဲ့
ရင်ထဲကနေပဲ
ကောက်ချက်ချလိုက်ပါတယ်...
"အင်း... ပိုက်ဆံဆိုတာက
တစ်ဖက်သတ် ကုန်သွယ်မှုကနေဆိုရင်
အမြန်ကြီး ရတာပဲဟ..."

ဒီသိုလှောင်အိတ် ထဲမှာက
တာအိုနည်းစနစ် တစ်ခုလဲ ရှိပါတယ်...
သူ့ရဲ့နာမည်က အပြာရောင်
ပင်လယ်မြစ်ရေ
နည်းစနစ်ဖြစ်တယ်လေ။ သူဟာ
ရေအနွယ်ဝင် တာအိုနည်းစနစ်

တစ်ခုဖြစ်ပြီး... လေ့ကျင့်တဲ့သူရဲ့
မော်စွမ်းအင် သိပ်သည်းမှုကို
မြှင့်တင်ပေးနိုင်ပါတယ်။

ရေဆိုတာက အရေအတွက်နဲ့
အနိုင်ယူတတ်တဲ့ အရာဝတ္ထုတစ်ခု
ဖြစ်ပါတယ်... သိပ်သည်းဆ
ပြင်းလေလေ... သူ့ရဲ့စွမ်းအားဟာ
ကြီးလေလေပဲ ဖြစ်တယ်လေ။
ရေအနွယ်ဝင် တာအိုနည်းစနစ်တွေကို
ကျင့်ကြံတဲ့သူတွေဟာ အဆင့်တူတဲ့
အခြား ကျင့်ကြံသူတွေနဲ့စာရင်
ပိုမိုသိပ်သည်းပြီး များပြားတဲ့

မှော်စွမ်းအင်တွေကို
ပိုင်ဆိုင်ထားကြပါတယ်။

ဒီအပြာရောင် ပင်လယ်မြစ်ရေ
နည်းစနစ်ကလဲ အဲ့ဒီအတိုင်းပါပဲ။
သူဟာ လေ့ကျင့်တဲ့သူရဲ့ မှော်စွမ်းအင်
သိပ်သည်းမှုကို
မြှင့်တင်ပေးနိုင်ပါတယ်။
ဒီတာအိုနည်းစနစ်ကို အဆုံးအထိ
လေ့ကျင့်နိုင်ခဲ့မယ်ဆိုရင်…
လေ့ကျင့်တဲ့သူရဲ့ မှော်စွမ်းအင်တွေဟာ
လှိုင်းထန်နေတဲ့ မြစ်လိုပဲ…
အဆုံးအစမဲ့ပြီး မာန်ဟုန်ပြင်းပြင်းနဲ့…

ရပ်တန့်လို့ မရနိုင်တဲ့
အင်အားတွေလိုမျိုး ဖြစ်သွားခဲ့မှာပါ။

ဒီအချိန်မှာတော့ လင်းဖုန်းဟာ
တာအိုနည်းစနစ် နှစ်မျိုးကို
လေ့ကျင့်ပြီးသား ဖြစ်ပါတယ်…
ကောင်ကင်ကိုးလွှာ မိုးကြိုးနည်းစနစ်နဲ့
အေကာလာပညာရပ်တို့ပဲ
ဖြစ်ကြတယ်လေ။ ဒီတာအိုနည်းစနစ်
နှစ်မျိုးကနေ လေ့ကျင့်လိုက်တဲ့
လျှပ်စီးမိုးကြိုးနဲ့ မီးတောက်မီးလျှံ
မှော်စွမ်းအင်တွေဟာ… နှစ်ခုစလုံး
လွှမ်းမိုးခြယ်လှယ်နိုင်စွမ်း ကြီးမားပြီး

ခက်ထန်ကြမ်းတမ်းပါတယ်... ဒါပေမဲ့
မှော်စွမ်းအင် သုံးစွဲမှု အလျင်ကလဲ
အလွန်ကိုပဲ လျင်မြန်လှတယ်လေ။

လင်းဖုန်းရဲ့လက်ရှိ တိုက်ခိုက်ခြင်း
ပညာရပ်ကလဲ အခြေခံအုတ်မြစ်အဆင့်
လက်နက်ဖြစ်တဲ့
မြောက်ပိုင်းအရှေ့ဦးဓားကို
အသုံးပြုရတာ ဖြစ်ပြီးတော့... သူကလဲ
မှော်စွမ်းအင်တွေ အများကြီးကို
သုံးစွဲပါတယ်။ တကယ်လို့များ
လင်းဖုန်းဟာ ဒီအပြာရောင်
ပင်လယ်မြစ်ရေ နည်းစနစ်ကို

ကျင့်ကြံနိုင်ခဲ့မယ် ဆိုရင်တော့...
သူ့ရဲ့အဆင့်ဟာ ပြောင်းလဲမှုမရှိခဲ့ဘူး
ဆိုရင်တောင်မှပဲ... သူ့ရဲ့ မှော်စွမ်းအင်
စုစုပေါင်းဟာ အများကြီး
တိုးတက်လာမှာဖြစ်ပြီး... သူ့ရဲ့
မြောက်ပိုင်းအရှဏ်ဦးခေါးရဲ့ အပေါ်မှာ
ထိန်းချုပ်ခြင်းကို အများကြီး
အထောက်အကူ ဖြစ်စေနိုင်မှာ
အသေအချာပါပဲ။

လင်းဖုန်းအတွက်ကတော့...
ဒီရေအနွယ်ဝင်
တာအိုနည်းစနစ်တွေဟာ

"တိုင်း၍ရက်သည့် ပက္ကလာ
မိုးရွာသည်နှင့် အခန့်သင့်"
ဆိုသလိုပါပဲ။

တခြားလူတွေသာဆိုရင်
တာအိုနည်းစနစ် တစ်ခုကို
စတင်ပြီးတော့ လေ့ကျင့်မယ်ဆိုရင်
အခြေခံအဆင့်ကစပြီးမှ
လေ့ကျင့်ရမှာပါ... ဒါပေမဲ့လည်း
စနစ်ကြီးရဲ့ ဖုံးကွယ်ထားတဲ့
ပင်ကိုအရည်အသွေးကို
အသုံးပြုပြီးတော့ လင်းဖုန်းဟာ

အလွယ်တကူပဲ လေ့ကျင့်အောင်မြင်လို့ သွားခဲ့ပြီလေ။

သူ့ရဲ့ ပွင့်လုစ်သွားပြီးဖြစ်တဲ့ သွေးကြောဆုံမှတ် ၁၀ခုဆီကနေ… ခါတိုင်းထက် ၃၀%လောက် ပိုနေတဲ့ ထိုးတက်နေတဲ့ မှော်စွမ်းအင်တွေကို ကြည့်ပြီးတော့… လင်းဖုန်းဟာ အားရကျေနပ်စွာနဲ့ပဲ ပြုံးလိုက်ပါတော့တယ်။

အပြာရောင် ပင်လယ်မြစ်ရေ နည်းစနစ်ကို လည်ပတ်နေရင်းနဲ့ပဲ…

လင်းဖုန်းဟာ ဆက်လက်ပြီးတော့
ခရီးဆက်ခဲ့ပြီး…
ပြင်းထန်သောမုန်တိုင်း အဖွဲ့အစည်းက
လူတွေကို အလျင်အမြန်ပဲ
လိုက်လို့မီခဲ့ပါပြီ။

ဒါပေမဲ့ လိုက်မီခဲ့တယ်လို့
ပြောမယ့်အစား…
ပြင်းထန်သောမုန်တိုင်း အဖွဲ့အစည်းက
လူတွေဟာ တစ်နေရာမှာ
ရပ်နားခဲ့တယ်လို့ ပြောရရင် ပိုပြီးတော့
မှန်ပါလိမ့်မယ်။

သူ့ရဲ့မျက်နှာပေါ်မှာ အမာရွတ်ရှိတဲ့
ဝတ်ရုံနက် လူကြီးဟာ... ညှိုးမှိုင်းနေတဲ့
မျက်နှာအမူအယာနဲ့ ချောက်ကမ်းပါး
တစ်ခုရဲ့ အစွန်းမှာ ရပ်နေခဲ့ပါတယ်...
ပြင်းထန်သောမုန်တိုင်း အဖွဲ့အစည်းက
ကျင့်ကြံသူတွေ အားလုံးကလဲ
သူ့ရဲ့နံဘေးမှာ စုရုံးပြီးတော့
နေခဲ့တယ်လေ။

ဇူရီလေးကလဲ လူနှစ်ယောက်ရဲ့
အနီးကပ် စောင့်ကြပ်ခြင်းကို
ခံနေရပြီး... တောအုပ်အတွင်းမှာ
ခရီးဆက်နေရပါတယ်။ ခဏခဏ

အလျှော်ဖွပ်ခံရပြီး
အရောင်လွင့်နေပြီဖြစ်တဲ့ သူ့ရဲ့
အစိမ်းရောင် ဝတ်စုံဟာလည်း နေရာ
အတော်များများမှာ စုတ်ပြဲလို့
နေခဲ့ပါပြီ... သူ့ကိုကြည့်ရတာ
စုတ်ပြတ်နေပေမယ့် သူ့ရဲ့
အမူအရာကတော့ တည်ငြိမ်နေလို့ပါ။

ပြင်းထန်သောမုန်တိုင်း အဖွဲ့အစည်းက
ကျင့်ကြံသူ တစ်ယောက်က
မအောင့်နိုင်တော့ပဲ ပြောလိုက်ပါပြီ...
"အင်း... မင်းတို့က ဒီဘုန်းကြီး
သေသွားပြီလို့ ထင်နေလားဟ? သူက

အမြဲတမ်း ဖြီးလုံးဖြန်းလုံးတွေပဲ
ပြောနေပြီး တခြားလူတွေကိုပဲ
အထင်သေးနေခဲ့တာ... အခုတော့
သူ့ရဲ့ပုံစံအမှန်ကို တွေ့ရပြီပေါ့ကွာ..."

ဝတ်ရုံနက်လူကြီးက
သူ့ရဲ့မျက်နှာပေါ်က အမာရွတ်ကို
ပွတ်သပ်လိုက်ပြီး တည်ငြိမ်စွာနဲ့ပဲ
ပြောလိုက်ပါတယ်... "အင်း... သူ့ကို
သိပ်ပြီး အထင်သေးလို့တော့
မရဘူးဟ... သူ့ရဲ့ပြိုင်ဘက်က
ရွှေရောင်ဗဟိုချက် အဆင့်က
ကျင့်ကြံသူ မဟုတ်လို့ကတော့...

ဟွေကုက ဘာပြဿနာမှ
မရှိနိုင်လောက်ဘူးကွ..."

"ဒီဘုန်းကြီးက တော်တော်ကိုပဲ
အစွမ်းထက်တာဟာ...နို့မဟုတ်ရင်
ငါတို့က သူ့ကိုဘာဖြစ်လို့
သိမ်းသွင်းစရာ လိုမလဲကွ?"

သူ့ရဲ့ဘေးက ကျင့်ကြံသူက
မေးလိုက်တယ်... "ကဲ... ဒါဆို
ကျွန်တော်တို့က သူ့ကို ဒီမှာပဲ
ဆက်ပြီးတော့ စောင့်နေရမှာပေါ့?"

ဝတ်ရုံနက်နဲ့ လူကြီးကလဲ
သက်ပြင်းအနည်းငယ် ချပြီးမှ
ပြန်ပြောလိုက်ပါတယ်... "ဟင်း...
ငါက ဟွေကုကို စောင့်နေတာ
မဟုတ်ဘူးကွ... ဖက်တီးဇူနောက်ကို
လိုက်သွားတဲ့ ဟိုနှစ်ကောင်ကို
စောင့်နေတာဟ..."

"ဇူဟုန်ဂူဆိုတဲ့ ဟိုခွေးအိုကြီးက
နောက်ကနေ လိုက်ဖမ်းတဲ့ သူတွေကို
ဒီလောက်အမြန်ကြီး
လွတ်လိုက်တာဆိုတော့...
မဟုတ်မှလွဲရော ဟိုဖက်တီးက

လွတ်သွားပြီး
သတင်းသွားပေးလိုက်ပြီဟ။
အခုအချိန်မှာတော့ ဟိုနှစ်ကောင်က
လိမ္မာပါးနပ်မှုရှိပြီး အခြေအနေ
မကောင်းတာနဲ့
နောက်ပြန်ဆုတ်လာကြဖို့ကိုပဲ
ဆုတောင်းရတော့မှာပဲ..." ဝတ်ရုံနက်
လူကြီးဟာ သူ့ရဲ့ မျက်မှောင်ကြီးကို
ကြုတ်လိုက်ပြီးမှ... "ဟူး... ဒါပေမဲ့
ရက်တွေဒီလောက်တောင်
ကြာသွားပြီ... သူတို့ရဲ့
အရိပ်အယောင်ကို
အခုအချိန်အထိတောင်မှ
မတွေ့ရသေးဘူး... ကြည့်ရတာ

ဒီကောင်တွေတော့ သွားပြီနဲ့တူတယ်... ဟင်း!"

ပြင်းထန်သောမုန်တိုင်း အဖွဲ့အစည်းက ကျင့်ကြံသူတွေ အားလုံးဟာလည်း အကုန်လုံး တိတ်ဆိတ်သွားကြပါပြီ... ဝတ်ရုံနက်လူကြီးက အသက်ပြင်းပြင်း တစ်ချက်ရှူလိုက်ပြီးတော့... "ကဲ... လိုက်ဖမ်းတဲ့လူတွေကလဲ အနီးအနားကို ရောက်လာကြပြီ... ငါတို့ကလဲ ထပ်ပြီးစောင့်လို့တော့ မရတော့ဘူးဟေ့..."

စကားဆုံးတာနဲ့ သူဟာ သူ့ရဲ့
အင်္ကျီအိတ်ထဲကနေ ထူးဆန်းတဲ့
ပုံသဏ္ဌာန်ရှိတဲ့
စိတ်ဝိညာဉ်ကျောက်တုံး တစ်ခုကို
ထုတ်ယူလိုက်ပါတယ်... သူ့ရဲ့လက်ကို
ဆတ်ကနဲလှုပ်လိုက်ပြီး လေပေါ်ကို
မြောက်တင်လိုက်တယ်လေ။ သူ့ရဲ့
လက်နှစ်ဘက်ကနေလဲ မှော်ကျိန်စာ
သင်္ကေတပေါင်း မြောက်မြားစွာကို
ရေးဆွဲနေခဲ့ပါပြီ... မှော်ကျိန်စာ
သင်္ကေတတွေဟာ ပုံပေါ်လာတဲ့အခါ...
စိတ်ဝင်စားဖွယ်ကောင်းတဲ့
စည်းချက်ဝါးချက် ဂီတသံတွေနဲ့အတူ
စိတ်ဝိညာဉ်စွမ်းအင်

အမြောက်အမြားတို့ဟာ ထိုးတက်ကာ
လာခဲ့ပြီလေ။

လင်းဖုန်းဟာ အဝေးတစ်နေရာကနေ
တစ်ချိန်လုံး လျှို့ဝှက်စွာနဲ့ပဲ
စောင့်ကြည့်နေခဲ့တာပါ။
ဝတ်ရုံနက်လူကြီးရဲ့
လုပ်ဆောင်ချက်တွေကို
တွေ့လိုက်ရတော့… သူဟာချက်ချင်းပဲ
အထူးဂရုပြုလိုက်ပါပြီ။

ဒီဝိညာဉ် ကျောက်တုံးလေးဟာ
လေထဲမှာ အကြိမ်အနည်းငယ်မျှ

လက်ကနဲဖြစ်သွားပြီး… ရုတ်တရက်ပဲ
လေထဲမှာ ပျောက်ကွယ်သွားခဲ့ပါတယ်။

ချောက်ကမ်းပါးအောက်က
မတ်စောက်လှတဲ့
တောင်နရံကြီးမှာတော့…
အလင်းတန်းလေး
ပျောက်ကွယ်သွားတဲ့ အချိန်မှာပဲ
သူ့ဟာရုတ်တရက်
လင်းလက်လာခဲ့တယ်လေ။
မူလသာမာန် ကျောက်နံရံကြီးမှာ
ထူးဆန်းအံ့ဩဖွယ် ကောင်းလှစွာပဲ

ဂူဝင်ပေါက်တစ်ခုဟာ ရုတ်တရက်ပဲ ပေါ်လာခဲ့ပါပြီ။

ဂူဝင်ပေါက် ပေါ်ပေါက်လာခဲ့တဲ့ အချိန်မှာပဲ... လင်းဖုန်းဟာ အထဲဘက်က နေပြီးတော့ ပြင်းထန်လှတဲ့ စိတ်ဝိညာဉ်စွမ်းအင် တစ်မျိုးဟာ စိမ့်ထွက်လာခဲ့တာကို ခံစားလိုက်ရပါတယ်။ ဒါဟာ တောင်ကြားထဲက ရိုးရိုးသာမာန်ဂူမျိုးတော့ မဖြစ်နိုင်ပါဘူး... ထူးခြားတဲ့ ကျင့်ကြံမှု

နယ်မြေတစ်ခုရဲ့ ဝင်ပေါက်ပဲ
ဖြစ်ပါလိမ့်မယ်။

ဒီဝတ်ရုံနက် လူကြီးရဲ့ ခုနက
လုပ်ဆောင်ချက်တွေဟာ
ဒီဂူပေါက်ဝကို ဖုံးကွယ်ထားတဲ့
ပုံရိပ်ယောင်ကို ဖယ်ရှားရုံ
သက်သက်တော့ မဟုတ်နိုင်ပါဘူး…
ဒီစိတ်ဝိညာဉ် ကျောက်တုံးကို
သော့အဖြစ် အသုံးချပြီး မြင့်မြတ်တဲ့
ကျင့်ကြံမှုနယ်မြေ ဆီကိုသွားတဲ့
လမ်းကြောင်းကို ဖွင့်လှစ်လိုက်တာပဲ
ဖြစ်မှာပါ။

ဒီနေရာဟာ ပြင်းထန်သောမုန်တိုင်း
အဖွဲ့အစည်းရဲ့ ထိန်းချုပ်မှုအောက်က
သူတို့ရဲ့ အခြေအနေမဟုတ်ရင်
ဆုတ်ခွာနိုင်တဲ့
လမ်းကြောင်းတွေအထဲက တစ်ခုပဲ
ဖြစ်ပါတော့တယ်။ အခုအချိန်မှာ
သူတို့ဟာ ချောင်ပိတ်မိနေခဲ့ပြီ
ဖြစ်တဲ့အတွက်... ဒီလမ်းကြောင်းကို
သုံးဖို့ရာ ဆုံးဖြတ်ချက် ချခဲ့တာပဲ
ဖြစ်တယ်လေ။

ဒီဝတ်ရုံနက် လူကြီးက ဦးဆောင်ပြီးမှ
ချောက်ကမ်းပါးပေါ်ကနေ
ခုန်ချလိုက်ပါပြီ… တောင်နံ့ရံပေါ်က
ဂူအထဲကို လျှောဝင်သွားခဲ့ပြီလေ။
ပြင်းထန်သောမုန်တိုင်း အဖွဲ့အစည်းက
ကျန်နေတဲ့ ကျင့်ကြံသူတွေကလဲ
ချက်ချင်းပဲ ဇူရီလေးကိုခေါ်ပြီးတော့…
စည်းကမ်းသေဝပ်စွာနဲ့ပဲ
ဂူအတွင်းထဲကို တညီတညာထဲ
ဝင်သွားကြပါတော့တယ်။

လင်းဖုန်းကလဲ
တို့ဆိုင်းမနေရဲခဲ့ပါဘူး… ချက်ချင်းပဲ

သူ့ရဲ့တပည့်လေး
နှစ်ယောက်ကိုခေါ်ပြီးတော့
ချောက်ကမ်းပါးအောက်ကို
ရောက်လာခဲ့ပါတယ်။
ကံကောင်းစွာနဲ့ပဲ ဂူဝင်ပေါက်ဟာ
ပွင့်နေဆဲပါ… သူဟာ
ပြင်းထန်သောမုန်တိုင်း
အဖွဲ့အစည်းကလူတွေ
အထဲရောက်သွားပြီးမှာ ချက်ချင်းပဲ
ပြန်မပိတ်သွားခဲ့ပါဘူး။

ဆရာတပည့်တွေဟာ ဂူအတွင်းကို
ဝင်ရောက်သွားခဲ့ကြပါပြီ။ ဂူအတွင်းကို

ကြည့်လိုက်တော့ ဒါဟာ
ဥမင်လှိုဏ်ခေါင်းတစ်ခု
ဖြစ်တယ်ဆိုတာကို
တွေ့ရှိလိုက်ကြရတယ်လေ။
လှိုဏ်ခေါင်းအတွင်းကို
ဆက်လျှောက်သွားရင်း လင်းဖုန်းဟာ
အကွာအဝေးကို
တွက်ချက်ကြည့်နေခဲ့ပါတယ်...
ဒီလှိုဏ်ခေါင်းဟာ တကယ်ကိုပဲ
မြေကြီးအောက်ကို အနက်ကြီး
တူးထားခဲ့တာပါ။

ရှေ့ကို ဆက်လျှောက်သွားတော့…
လမ်းဆုံလမ်းခွပေါင်း များစွာကို
တွေ့ရှိလိုက်ရပါပြီ…
ဥမင်လှိုဏ်ခေါင်းပေါင်း
မြောက်မြားစွာတို့ဟာ အရပ်မျက်နှာ
ပေါင်းစုံကို ဖြန့်ကျက်ထားခဲ့တယ်လေ။
ဒီဂူဟာ လက်စသတ်တော့ ရှုပ်ထွေးတဲ့
မြေအောက်နန်းတော် တစ်ခုပဲ
ဖြစ်ပါတော့တယ်။

ဒီအချိန်မှာတော့ လင်းဖုန်းရဲ့
မျက်မှောင်ကြီးဟာ
ကြုတ်သွားခဲ့ပါပြီ…

ဘာဖြစ်လို့လဲဆိုတော့ သူဟာ
ဇူရီလေးရဲ့ တည်နေရာကို အာရုံခံလို့
မရနိုင်တော့လို့ပါပဲ။

ဒီမြေအောက်နန်းတော်ဟာ
စိတ်ဝိညာဉ် စွမ်းအင်တွေ အလွန်ကိုပဲ
ကြွယ်ဝပါတယ်... ဒါပေမဲ့
သူနဲ့တွဲပြီးတော့ ညစ်ညမ်းတဲ့
စွမ်းအင်တွေကလဲ ရောယှက်နေပြီး
အထူးကိုပဲ ပရမ်းပတာ
ဖြစ်နေခဲ့တယ်လေ။

ဒီလိုမျိုး ပရမ်းပတာ အခြေအနေမျိုးမှာ
လင်းဖုန်းဟာ ဇူရီလေးရဲ့ အနားမှာ
ထားခဲ့တဲ့ သလင်းကျောက်တုံးလေးနဲ့
အဆက်အသွယ်
ပြတ်တောက်သွားခဲ့ပါတယ်။

ဒီအချိန်မှာပဲ… စနစ်ကြီးရဲ့
အကြောင်းကြားချက်ဟာ လင်းဖုန်းရဲ့
နားထဲမှာ ရုတ်တရက်ပဲ
ပေါ်လာခဲ့ပါတော့တယ်။

## စာစဉ် ၄ : အပိုင်း ၁

# အပိုင်း ၄၁ : ကျပန်း အရန်မစ်ရှင်

"သင်ဟာ ကျပန်း အရန်မစ်ရှင်ဖြစ်တဲ့
မဟူရာတိမ်တိုက်
မြေအောက်နန်းတော်ကို
အစပြုလိုက်ပါပြီ..."

လင်းဖုန်းဟာ ဘာမှ
မတုံ့ပြန်လိုက်နိုင်ခင်မှာပဲ
အချိန်အနည်းငယ်လောက်
မှင်သက်သွားခဲ့ပါတယ်။ သူ့မှာက
မပြီးဆုံးသေးတဲ့ မစ်ရှင်တစ်ခု
လက်ထဲမှာ ရှိနေသေးတယ်လေ...

အဲ့ဒါကို ဒီစနစ် အစုတ်ပလုတ်ကြီးက
နောက်ထပ် မစ်ရှင်အသစ် တစ်ခုကို
ထပ်ပြီးတော့ ပေးလာပြန်ပြီ။

ဒီတာဝန်ကရော အချိန်
အကန့်အသတ်ရှိပြီး... မပြီးဆုံးရင်
အသတ်ခံရမှာလား?

လင်းဖုန်းဟာ ခေါင်းကို ခါယမ်းလိုက်ပြီး
မစ်ရှင်ရဲ့ ဖော်ပြချက်တွေကို
ကြည့်ရှုလိုက်ပြီလေ။

ကျပန်း အရန်မစ်ရှင်…
မဟူရာတိမ်တိုက်
မြေအောက်နန်းတော်…

မစ်ရှင်၏ နောက်ခံအကြောင်းအရာ :
ဒီမြေအောက်နန်းတော်ဟာ မူလက
လေလွင့်ကျင့်ကြံသူ
တစ်ယောက်ဖြစ်တဲ့ တာအိုမာစတာ
ဟေးယွင်ရဲ့ ကျင့်ကြံမှု
ဘုံဗိမာန်ဖြစ်တယ်။ ဒီတာအိုမာစတာ
ဟေးယွင်ဟာ သူ့ရဲ့ဘုံဗိမာန်ကို
တည်ဆောက်ပြီးတဲ့ အချိန်မှာ…
မတော်တဆနဲ့ ဟင်းလင်းပြင်
လေဟာနယ်တစ်ခုကို

ဖွင့်လှစ်သွားမိခဲ့ပြီး...
ဒီမြေအောက်နန်းတော်ရဲ့
အောက်ဆုံးအပိုင်းကို ငရဲသွေးမြစ်နဲ့
ဆက်စပ်သွားစေခဲ့တယ်။
တာအိုမာစတာ ဟေးယွင်ကလဲ
ကပ်ဘေးဆိုက်ပြီးတော့
သေဆုံးသွားခဲ့တယ်။ (黑云 ...
ဟေးယွင်... ဆိုတာက
မဟူရာတိမ်တိုက်လို့
အဓိပ္ပာယ်ရပါတယ်။)

မစ်ရှင်၏ အဓိကပန်းတိုင် : သင်ဟာ
တာအိုမာစတာ ဟေးယွင်က
သူ့ရဲ့ကျင့်ကြံမှု ဘုံဗိမာန် အတွင်းမှာ

ပျောက်ဆုံးသွားခဲ့တဲ့ သူ့ရဲ့ စိတ်ဝိညာဉ်
တွယ်ကပ်နေတဲ့ မှော်အိုင်တမ်ဖြစ်တဲ့
မဟူရာ တိမ်တိုက်အလံကို ရယူရမယ်။

မစ်ရှင်၏ အချိန်ကန့်သတ်ချက် :
ခုနှစ်ရက်... အချိန်မီ မပြီးဆုံးပါက
မစ်ရှင်ဟာ အလိုအလျောက်ပဲ
ပျက်ပြယ်သွားပါမယ်..."

"မစ်ရှင်ဟာ အလိုအလျောက်ပဲ
ပျက်ပြယ်သွားမယ်?" လင်းဖုန်းဟာ
မျက်တောင်တွေကို ပုတ်ခတ်ပုတ်ခတ်
လုပ်လိုက်ပြီး စိတ်သက်သာရာရစွာနဲ့ပဲ

သက်ပြင်းတစ်ချက်ကို
မှုတ်ထုတ်လိုက်ပါတော့တယ်။

ဒီစနစ်ကြီးဟာ ပေါက်တတ်ကရတော့
လုပ်ကောင်း လုပ်နိုင်ပါတယ်…
ဒါပေမဲ့လည်း သူက
အရှေ့တည့်တည့်ကနေ ဖြောင်ကျကျပဲ
ကျပ်တာဖြစ်ပြီးတော့…
နောက်ကျောဘက်ကနေ ဓားနဲ့ထိုးတဲ့
အလုပ်မျိုးကိုတော့ မလုပ်ပါဘူး။ သူက
ဒီမစ်ရှင်ကို သတ်မှတ်ချိန် အတွင်းမှာ
မပြီးရင် ပြစ်ဒဏ်မပေးဘူးပြောတော့…
အန္တရာယ် မရှိနိုင်ဘူးလေ။

အခု ကြည့်ရတာကတော့… အဓိက
မစ်ရှင်ကပဲ သေဒဏ်ပေးတာဖြစ်ပြီး…
အရန်မစ်ရှင် တွေကတော့ အများကြီး
ပိုကောင်းပါတယ်။ တကယ်လို့
အောင်မြင်တယ်ဆိုရင်
ဆုလာဘ်ရမှာဖြစ်ပြီး…
မအောင်မြင်ရင်လဲ ဘာမှမဖြစ်ပါဘူး။

လင်းဖုန်းရဲ့စိတ်ဟာ
အခြားအကြောင်းအရာ တစ်ခုကို
ပြောင်းပြီးတော့ စဥ်းစားလိုက်ပါပြီ…
"အင်း… တာအိုမာစတာ ပေးယွင်…

တာအိုမာစတာ... ဒါဆိုရင်တော့
သူဟာ ရွှေရောင်ဗဟိုချက် အဆင့်က
ကျင့်ကြံသူတစ်ယောက်ပဲ..."

ဒီမူလကောင်းကင် ကမ္ဘာမှာ အများက
လက်ခံထားကြတဲ့
စည်းမျဉ်းစည်းကမ်းတွေ ရှိပါတယ်...
ရွှေရောင်ဗဟိုချက် အဆင့်က
ကျင့်ကြံသူတွေကို တာအိုမာစတာလို့
ခေါ်ပြီးတော့... ကမ္ဘာဦးဝိညာဉ်
အဆင့်က ကျင့်ကြံသူတွေကိုတော့
စစ်မှန်သော အရှင်သခင် ဒါမှမဟုတ်
ဘိုးဘေးဘီဘင်လို့ ခေါ်ကြတာပါ။

ဒီဘွဲ့ထူးတွေဟာ အကုန်လုံးက
အသိအမှတ် ပြုထားကြတာဖြစ်ပြီး
မမှားနိုင်ပါဘူး။ တကယ်လို့များ
အခြေခံအုတ်မြစ်အဆင့်
ကျင့်ကြံသူတစ်ယောက်က သူ့ကိုယ်သူ
တာအိုမာစတာ စသဖြင့် ခေါ်ရဲခဲ့မယ်
ဆိုရင်တော့... အားလုံးရဲ့
ဝိုင်းဝန်းလှောင်ပြောင်ခြင်းကို
ခံနိုင်ရရုံသာမကပဲ... ပြဿနာက
တံခါးဝကို ခေါက်ပြီးတော့
ရောက်ရှိကာ လာနိုင်ပါသေးတယ်။

ဒါပေမဲ့လည်း မစ်ရှင်ရဲ့ နောက်ခံ
အကြောင်းအရာက ဒီမဟူရာတိမ်တိုက်
မြေအောက်နန်းတော်ရဲ့
အောက်ဆုံးအပိုင်းဟာ ငရဲသွေးမြစ်နဲ့
တကယ်ကိုပဲ ဆက်စပ်နေတယ်လို့
ပြောထားတော့... လင်းဖုန်းရဲ့
ဘောတွေဟာ ချက်ချင်းဆိုသလိုပဲ
အောင့်ကာလာခဲ့ပါတော့တယ်။

ဒဏ္ဍာရီတွေရဲ့ အဆိုအရဆိုရင်
ငရဲပြည်မှာက အဆုံးအစမဲ့..
အကန့်အသတ်မဲ့တဲ့ ငရဲသွေးမြစ်
ဆိုတာရှိပြီးတော့... သူ့အထဲမှာက
သွေးဆိုးသွေးညစ်တွေဖြစ်တဲ့

အကြွင်းမဲ့ သွေးမြစ်ရေတွေဟာ
စီးဆင်းနေခဲ့တာပါ။

အကြွင်းမဲ့ သွေးမြစ်ရေ ဆိုတာက
ကမ္ဘာကြီးရဲ့ မဟာအကြွင်းမဲ့
ရေခုနှစ်ပါးထဲမှာ တစ်ခု
အပါအဝင်ဖြစ်ပြီး... သူဟာ လုံးဝဥဿုံ
ယုတ်ညံ့ပြီး ညစ်ညမ်းတဲ့
ရေတစ်မျိုးဖြစ်ပါတယ်။ သူဟာ
ကမ္ဘာကြီးရဲ့ အညစ်ညမ်းဆုံး
အရာတစ်ခုဖြစ်ပြီး... အကြီးမြတ်ဆုံး
မှော်ကျိန်စာတွေနဲ့ စိတ်ဝိညာဉ်
မှော်အိုင်တမ် တွေတောင်မှပဲ...
သူတို့ဟာ

အနည်းငယ်စွန်းထင်းသွားခဲ့ရင်
ဆိုးညစ်သွားမှာဖြစ်ပြီး... သူ့တို့ရဲ့
မှော်စွမ်းအင်တွေကို ဆုံးရှုံးရမှာပဲ
ဖြစ်ပါတယ်။

ဒီကျင့်ကြံမှု ဘုံဗိမာန်ရဲ့ အရင်ပိုင်ရှင်
တောင်မှပဲ ဒီသွေးမြစ်ထဲကို
ပြုတ်ကျသွားခဲ့တာဆိုတော့... ဒီလိုမျိုး
အန္တရာယ်တွေက လင်းဖုန်းကို
အနည်းငယ် ချီတုံချတုံ
ဖြစ်စေခဲ့ပါတယ်။

ပြင်းထန်သော မုန်တိုင်းအဖွဲ့အစည်းက
လူတွေဟာ ဒီမြေအောက်နန်းတော်ရဲ့
အပေါ်ပိုင်း အဆင့်တွေမှာသာ
လှုပ်ရှားသွားလာ နေကြတာဖြစ်ပြီး...
သူတို့ဟာ ဒီနေရာမှာက အလွန်ကိုပဲ
ကြီးမားတဲ့ အန္တရာယ်ကြီး
ရှိနေတယ်ဆိုတာကို မသိနိုင်ကြပါဘူး။

"အင်း... မီးစင်ကပဲ
ကြည့်ကရမှာပေါ့ကွာ...
ဘယ်လိုပဲဖြစ်ဖြစ်
အောက်ဆင်းပြီးတော့ ဇူရီလေးကို
သွားရှာရမှာပဲ... အများဆုံးတော့
အောက်ဆုံးအဆင့် အထိကို

ဆင်းမသွားရရင် ပြီးတာပဲကွ..."
လင်းဖုန်းဟာ အနည်းငယ်မျှ
စဥ်းစားလိုက်ပြီး  နောက်မှာတော့
သူ့ရဲ့စိတ်ကို ပိုင်းဖြတ်လိုက်ပါပြီ။
ပြီးတော့သူက သူ့ရဲ့ဘေးက
တပည့်လေးနှစ်ယောက်ကို
ပြောလိုက်ပြီလေ... "အင်း...
ဒီမြေအောက်နန်းတော်က
သာမာန်မဟုတ်ဘူးဟ...
မင်းတို့နှစ်ကောင်က ငါ့ရဲ့အနားမှာ
နီးနီးလေးနေကြ... လျှောက်ပြီးတော့
သိပ်မဆော့ကြနဲ့ကွ..."

ရှောင်ယန်နဲ့ ရှောင်ပုတန်လေးတို့ဟာ
သူတို့ရဲ့ ဆရာသခင်ရဲ့ မျက်နှာပေါ်က
လေးနက်တဲ့ အမူအရာကို
နှစ်ယောက်စလုံး တွေ့လိုက်ရပါတယ်။
သူတို့ရဲ့ "အနန္တ ဘုန်းတန်ခိုးနဲ့
ပြည့်စုံတဲ့" ဆရာသခင်တောင်မှပဲ
ဒီလောက်အထိ အလေးအနက်
ထားနေတော့...
သူတို့နှစ်ယောက်ကလဲ
ခေါင်းလေးတွေကို တဆတ်ဆတ်နဲ့ပဲ
ညိတ်လိုက်ကြပါတော့တယ်။

လင်းဖုန်းက သူ့ရဲ့အကျႌလက်စတွေကို ဝှေ့ယမ်းလိုက်ပြီး... "ကဲ... သွားကြစို့..."

.............

မြေအောက်နန်းတော်ရဲ့ အောက်ဖက်ပိုင်းမှာတော့... ပြင်းထန်သောမုန်တိုင်း အဖွဲ့အစည်းက လူတွေဟာ ဇူရီလေးကို ခေါ်ပြီးတော့ အလျင်အမြန်ပဲ ချီတက်နေကြပါပြီ။

သူတို့ဟာ ဥမင်လှိုဏ်ခေါင်းတွေရဲ့
အထဲကနေ အပြင်ဘက်ကို
ထွက်လာခဲ့ကြပြီလေ...
သူတို့ရဲ့အရှေ့မှာ ပေါ်လာတာကတော့
တွင်းကြီးတစ်တွင်းပဲ ဖြစ်ပါတယ်။
သူတို့အုပ်စုက လူတွေဟာ တွင်းကြီးရဲ့
အနားသပ် အနားကနေပြီး
ပတ်ပြီးတော့ သွားရပါတော့တယ်...
ကျဥ်းမြောင်းတဲ့ လမ်းကြောင်းလေးဟာ
လူတစ်ယောက်
ဘေးတိုက်သွားစာသာရှိပြီး...
မယုံနိုင်စရာ ကောင်းလောက်အောင်
အန္တရာယ်ကြီးတဲ့ပုံ ပေါက်နေခဲ့ပါတယ်။

ဝတ်ရုံနက်နဲ့ လူကြီးက
လျှောက်နေရင်းနဲ့ပဲ
ပြောလိုက်ပါတယ်... "ဟော့... အားလုံး
သတိထားကြကွ... တကယ်လို့များ
ပြုတ်ကျသွားခဲ့ရင်တော့ မင်းတို့ရဲ့
အရိုးတွေကိုတောင် ရှာလို့တွေ့မှာ
မဟုတ်ဘူးဟ..."

လူအုပ်ထဲက... ဇူရီလေးရဲ့
မျက်လုံးအစုံဟာ တောက်ပသွားပြီး
သူ့ရဲ့ခေါင်းကို ငုံ့လိုက်ပါပြီ။

သူ့ရဲ့ရင်ထဲက အတွေးတွေကို
သိနေတဲ့အတိုင်း…
ဝတ်ရုံနက်လူကြီးက အေးစက်စွာနဲ့ပဲ
ပြောလိုက်ပါတယ်… "ဟဟ… ဘာမှ
မဟုတ်တာ လုပ်ဖို့ကို စိတ်မကူးနဲ့…
ဒီမှာရှိတဲ့ လူတိုင်းဟာ မင်းကို
ခြင်တစ်ကောင်ကို ရိုက်သလိုမျိုး
ရိုက်နိုင်တယ်ကွ…"

အဲ့ဒီတော့မှပဲ ဇူရီလေးဟာ
ငြိမ်သက်သွားခဲ့ပါတော့တယ်။

ပြင်းထန်သောမုန်တိုင်း အဖွဲ့အစည်းက
ကျင့်ကြံသူတစ်ယောက်က
မေးလိုက်ပါပြီ... "ဟာ...
ခေါင်းဆောင်ကြီး... ဒီနေရာက
ကျိုးအင်ပါယာရဲ့
အချက်အချာနေရာက ကျွန်တော်တို့ရဲ့
လျှို့ဝှက်စခန်း မဟုတ်ဘူးလားဗျ?"

ဝတ်ရုံနက်လူကြီးကလဲ
ပြန်ပြီးတော့မှပဲ ဖြေလိုက်ပါပြီ...
"အင်း... ဒီနေရာက အကြီးအကဲ
မာစတာတစ်ယောက်က ချန်ထားခဲ့တဲ့
ကျင့်ကြံမှု ဘုံဗိမာန် တစ်ခုပဲကွ။ သူဟာ
အစွန့်ပစ်ခံထားရတာ

အချိန်အကြာကြီးရှိပြီ… စိတ်ဝိညာဉ်နဲ့
ညစ်ညမ်းတဲ့ စွမ်းအင်တွေဟာ
ရောထွေးပြီးမှ နေကြတယ်ကွ…
ဒီကာလ တစ်လျှောက်လုံးမှာ သူ့ကို
ဘယ်သူမှ ရှာဖွေပြီးတော့
မတွေ့ရှိခဲ့ကြဘူးကွာ… ငါတို့
အဖွဲ့အစည်းက မတော်တဆနဲ့ပဲ
ရှာတွေ့ခဲ့တာ သိပ်ပြီးတော့မှ
မကြာသေးဘူးကွ…"

"စူးစမ်းလေ့လာပြီးတဲ့ နောက်မှာတော့
ဒီနေရာက ကျင့်ကြံမှုတွေကို ပြုလုပ်ဖို့
မသင့်တော်ဘူး ဆိုတာကို
လေ့လာတွေ့ရှိလိုက်ရတယ်ကွာ…

ဒါပေမဲ့လည်း ငါတို့က
သယ်ယူပို့ဆောင်ရေး
ဝက်ပါတစ်ခုကိုတော့
တည်ဆောက်နိုင်တယ်လေ။
ဒီနေရာကလဲ ဟိုဇူးခွေးရဲ့
မင်းနေပြည်တော် ထျန်းကျင်းနဲ့က
သိပ်မဝေးဘူးဆိုတော့... ငါတို့က
ဒီနေရာကို ငါတို့ရဲ့ စစ်ဆင်ရေးပြီးရင်
ဆုတ်ခွာဖို့ လမ်းကြောင်းတစ်ခု အနေနဲ့
သတ်မှတ်ထားခဲ့တာပဲကွ..."

ဒီအထိ ပြောပြီးသွားတော့...
ဒီဝတ်ရုံနက် လူကြီးရဲ့ အမူအရာဟာ
အနည်းငယ် ဖြူဖပ်ဖြူရော်

ဖြစ်သွားခဲ့ပါတယ်… ကြာရှည်စွာ
စွဲကျန်နေခဲ့တဲ့ ကြောက်ရွံ့မှုတွေနဲ့…
သူ့ရဲ့ မျက်နှာပေါ်က အမာရွတ်ကို
ပွတ်ပြီးတော့မှ ပြောလိုက်တယ်လေ…
"ဒါပေမဲ့…
ဒီမြေအောက်နန်းတော်ကြီးထဲမှာ
ငါတို့က ရှာမတွေ့သေးတဲ့ အရာတွေက
အများကြီး ရှိသေးတယ်…
အထူးသဖြင့်တော့
ဒီမြေအောက်နန်းတော်ရဲ့
အနက်ပိုင်းမှာပဲကွ။ အောက်ကိုဆင်းပြီး
သွားစုံစမ်းကြတဲ့ ငါတို့ရဲ့
အပေါင်းအဖော်တွေ မှန်သမျှဟာ
တစ်ယောက်ကိုမှ ပြန်ပြီးတော့

ရောက်မလာကြဘူး… အကုန်လုံးပဲ
ပျောက်ကုန်ကြတယ်ကွ!"

ဒီစကားကို ကြားလိုက်ရတော့…
ပြင်းထန်သောမုန်တိုင်း အဖွဲ့အစည်းက
ကျင့်ကြံသူတွေ အားလုံးဟာ
မသိစိတ်ကနေပဲ သူတို့ရဲ့
ခြေထောက်အောက်က
မည်းနက်နေတဲ့ တွင်းကြီးကို
လှမ်းကြည့်မိကြပါပြီ။ အဲ့ဒီနေရာဟာ
အောက်ခြေမရှိတဲ့ အသူရာ
ချောက်နက်ကြီးနဲ့တူပြီး…
လာစပ်စုရဲတဲ့ သူတွေအားလုံးကို
ဝါးမျိုဖို့အတွက် ဖွင့်ထားတဲ့…

မွန်းစတား တစ်ကောင်ရဲ့ ရောမ
ပါးစပ်ကြီးနဲ့လဲ တူနေခဲ့ပါတယ်။

တစ်ယောက်ကမှ စကားပြောဖို့
စိတ်မပါကြတော့ပါဘူး… အမှောင်ထု
အတွင်းမှာ သူတို့ရဲ့ လက်တွေထဲက
မီးတုတ်ချောင်းလေး တွေကနေသာ
အလင်းရောင်လေးတွေဟာ
မှိတ်တုတ်မှိတ်တုတ်နဲ့ပဲ လင်းလက်လို့
နေကြတာပါ။

ဒီလူစုဟာ ရောမ တွင်းကြီးရဲ့
ဘေးကနေ ပတ်ပြီးတော့

သွားလိုက်ကြပါတယ်… သူတို့ရဲ့
အရှေ့မှာ နောက်ထပ် ဥမင်လှိုဏ်ခေါင်း
ဝင်ပေါက်တစ်ခုဟာ ပေါ်လာခဲ့ပါပြီ။
ဇူရီလေးက အနီးကပ်
လော့လာကြည့်လိုက်တဲ့အခါမှာ…
သူတို့အရင်က ဖြတ်သန်းခဲ့တဲ့
ဥမင်လိုဏ်ခေါင်းတွေနဲ့ မတူပဲ…
ဒီဥမင်လှိုဏ်ခေါင်းဟာ
အသစ်တူးထားတာ ဖြစ်တာကို
တွေ့ရှိလိုက်ရပြီလေ။

ဒီဥမင်ကို ဖြတ်သန်းပြီးတော့
ပြင်းထန်သောမုန်တိုင်း အဖွဲ့အစည်းက
တည်ဆောက်ထားတဲ့

သယ်ယူပို့ဆောင်ရေး ဝက်ပါဆီကို
သွားရမှာပါ။ သူက မပြောင်းလဲတဲ့
နေရာနှစ်ခုရဲ့ အကြားက
လေဟာနယ်ကို
ရွှေ့ပြောင်းပေးနိုင်တယ်လေ…
ဒါပေမဲ့လည်း အကြိမ်တစ်ကြိမ်ပဲ
ရမှာပါ။ တကယ်လို့များ သူတို့က
တခြားရွေးချယ်စရာ မရှိတော့တာမျိုး
မဟုတ်ခဲ့ရင်တော့… ဒီဝတ်ရုံနက်
လူကြီးဟာ သူ့ကို တကယ်ပဲ လုံးဝ
အသုံးမပြုချင်ခဲ့ပါဘူး။

အထူးသဖြင့် ဒီတစ်ခေါက် သူတို့က
ဖော်အထုတ်ခံလိုက်ရ အပြီးမှာပေါ့…

ဒီကျင့်ကြံမှု ဘုံဗိမာန်ကို
ကျိုးအင်ပါယာက အနေးနဲ့အမြန်
ရှာဖွေတွေ့ရှိ သွားတော့မှာလေ။
တကယ်လို့များ သူတို့ဟာ နောက်ထပ်
ဝက်ပါတစ်ခုကို နောက်ထပ်
တည်ဆောက်ချင်သေးတယ်
ဆိုတာတောင် ဘယ်လိုနည်းနဲ့မှ
မဖြစ်နိုင်တော့ပါဘူး။

ဝတ်ရုံနက်နဲ့ လူကြီးက သူ့ရဲ့ခေါင်းကို
ခါလိုက်ပါပြီ... "ဟင်း... ဒီနေရာမှာပဲ
ခဏစောင့်ကြတာပေါ့ကွာ...
တကယ်လို့များ ဟွေကုနဲ့
ကျန်တဲ့သူတွေက

မပေါ်လာရင်တော့လဲ... အရင်ပဲ
သွားကြရတော့မှာပဲဟ..."

"ဟားဟား... တခြားလူတွေ
ပေါ်လာတာ မပေါ်လာတာတွေက
အရေးမကြီးပါဘူးကွာ...
အရေးကြီးတာက ငါတို့က
ပေါ်လာနိုင်ရင်ပဲ ကောင်းလှပါပြီကွ..."

မည်းမှောင်နေတဲ့ နေရာအတွင်းကနေ
အသံတစ်သံဟာ ရုတ်တရက်ပဲ
ထွက်ပေါ်လာခဲ့ပါတယ်။
ပြင်းထန်သောမုန်တိုင်း အဖွဲ့အစည်းက

ကျင့်ကြံသူတွေ အားလုံးရဲ့
မျက်နှာအမူအရာတွေဟာ
ဖြူဖပ်ဖြူရော် ဖြစ်သွားကြပြီလေ။
ခဏအကြာမှာပဲ လေပေါ်မှာ
လူတစ်ယောက်ရဲ့ ပုံရိပ်ကို
တွေ့လိုက်ရပါပြီ...
အသူရာချောက်ကြီးရဲ့ အပေါ်က
လေထုထဲမှာ ဒီအတိုင်းပဲ မြဲမြဲစွာနဲ့
ရပ်နေခဲ့တာပါ။

ဝတ်စုံအနက်နဲ့ လူကြီးရဲ့
စိတ်ဓာတ်ဟာ အောက်ဆုံးအထိကို
ပြုတ်ကျသွားခဲ့ပါတယ်...
နောက်ဆုံးတော့လဲ အမိခံရတာပဲလေ။

ဘောပတ်ဝန်းကျင်
ပတ်ပတ်လည်မှာလဲ စွမ်းအားကြီးတဲ့
မော်စွမ်းအင် လှိုင်းလုံးကြီးတွေဟာ
တစ်လှိုင်းပြီးတစ်လှိုင်း ရိုက်ခတ်လို့
လာခဲ့ပါပြီ… အခုအချိန်မှာတော့
ပြင်းထန်သောမုန်တိုင်း အဖွဲ့အစည်းက
လူတွေအားလုံးရဲ့ စိတ်ဓာတ်ဟာ
အောက်ဆုံးအထိကို ကျသွားခဲ့ပြီလေ။

ခုနှစ်ယောက်…
အခြေခံအုတ်မြစ်အဆင့် ကျင့်ကြံသူ

ခုနှစ်ယောက် တိတိဟာ သူတို့ကို
ဝိုင်းရံထားကြတာပါ။

သူတို့တတွေရဲ့ အထဲမှာကတော့…
ခေါင်းဆောင်ဖြစ်တဲ့ ဝတ်ရုံနက်
လူကြီးက အခြေခံအုတ်မြစ် အဆင့်မှာ
ရှိတာကလွဲလို့… ကျန်တဲ့သူတွေ
အားလုံးဟာ ချီသာဝက အဆင့်မှာပဲ
ရှိကြသေးတာပါ။ တစ်ဘက်မှာကတော့
အခြေခံအုတ်မြစ်အဆင့် ကျင့်ကြံသူက
ခုနှစ်ယောက် တိတိတောင်
ရှိကြတာလေ… ဟိုဘက်က
လူတစ်ဝက်နဲ့တင် သူတို့အားလုံးကို
ရှင်းပစ်ဖို့ကို လုံလောက်နေခဲ့ပါတယ်။

အရှေ့ဆုံးက ခရမ်းရောင်
ဝတ်ကောင်းစားလှ ဝတ်စားထားတဲ့
သက်လတ်ပိုင်း လူကြီးက
ရယ်ပြီးတော့ပဲ ပြောလိုက်ပါတယ်...
"ကဲ... အကုန်လုံး အနောက်မှာပဲ
နေကြဦးဟ..." ပြီးတာနဲ့ သူ့ရဲ့
လက်နှစ်ဘက်ကို လေထဲမှာ
အတူမြှောက်လိုက်ပါပြီ... သူ့ရဲ့
လက်ဝါးဆီကနေ အလင်းတန်း
အကွင်းကိုးကွင်းဟာ လေထဲမှာ
ပျံ့လွင့်လို့ သွားခဲ့ပြီလေ...
ပြင်းထန်သောမုန်တိုင်း အဖွဲ့အစည်းက

ကျင့်ကြံသူတွေရဲ့ ဦးခေါင်းတွေဆီကို
ဦးတည်ပြီး သွားခဲ့ပါတော့တယ်။

ဒီအလင်းတန်း အကွင်းတွေဟာ
ဖြေးဖြေးလေးပဲ ပျံသန်းသွားတယ်လို့
ထင်ရတယ်လေ… သူတို့ရဲ့
ခေါင်းအပေါ်ကို ရောက်သွားတော့
ရုတ်ချည်းပဲ ရပ်တန့်လို့ သွားခဲ့ပါပြီ။
အလင်းတန်း
အကွင်းတစ်ကွင်းဆီကနေ အဖြူရောင်
အလင်းတန်းတိုင်လုံး တစ်ခုကို
ထုတ်လွှတ်လိုက်ပြီး… သက်ဆိုင်ရာ
လူတစ်ယောက်ရဲ့ အပေါ်ကို
ဖြာကျသွားခဲ့ပါတော့တယ်။

ပြင်းထန်သောမုန်တိုင်း အဖွဲ့အစည်းက
ကျင့်ကြံသူ တစ်ယောက်ဟာ
အသံအကျယ်ကြီးနဲ့ အော်လိုက်ပြီး...
ရေမှော်ကျိန်စာ တစ်ခုကို
သုံးလိုက်ကာ... သူ့ရဲ့အရှေ့မှာ
ရေကန့်လန့်ကာ တစ်ခုကို ကာလိုက်ပြီး
အလင်းတန်းကို ခုခံလိုက်ပါတယ်...
ဒါပေမဲ့ ဘာမှ အကျိုးသက်ရောက်မှု
မရှိပဲ... ဒီအလင်းတန်း
တိုင်လုံးကြီးဟာ
ဘာအနှောင့်အယှက်မှ မရှိပဲ
သူ့ရဲ့ကိုယ်ပေါ်ကို တိုက်ရိုက်ပဲ
ကျရောက်လို့ သွားခဲ့ပါတော့တယ်။

ဒီအဖြူရောင် အလင်းတန်း
တိုင်လုံးကြီးဟာ သူ့ရဲ့ ကိုယ်အပေါ်ကို
ဖြာကျလို့ ပြီးသွားခဲ့ပေမယ့်...
ဘာပြောင်းလဲမှုမှ ဖြစ်ပေါ်လို့
မလာခဲ့ပါဘူး။ ဒီပြင်းထန်သောမုန်တိုင်း
အဖွဲ့အစည်းက ကျင့်ကြံသူကလဲ
မှင်သက်လို့ သွားခဲ့တယ်လေ...
ဒီအခြေခံ အုတ်မြစ်အဆင့်
ကျင့်ကြံသူက ဘာဖြစ်လို့ ဒီလိုမျိုး
အဓိပ္ပာယ် မရှိတဲ့ လုပ်ရပ်မျိုးကို
ပြုလုပ်သလဲ ဆိုတာကို သူက
သဘောမပေါက်နိုင်ခဲ့ပါဘူး။

ဒါပေမဲ့လည်း ခဏအကြာမှာပဲ…
ဒီအလင်းတန်း တိုင်လုံးကြီးဟာ
ရုတ်တရက်ပဲ အဖြူရောင်ကနေ
အနီရောင်ဘက်ကို
ပြောင်းသွားခဲ့ပါတယ်။ ဒီအနီရောင်
အလင်းတန်း တိုင်လုံးကြီးရဲ့ ဖြာကျမှု
အောက်မှာတော့…
ဒီပြင်းထန်သောမုန်တိုင်း
အဖွဲ့အစည်းက ကျင့်ကြံသူရဲ့
မျက်လုံးတွေဟာ ချက်ချင်းကိုပဲ
အသက်ကင်းမဲ့လို့ သွားခဲ့ပါပြီ… သူ့ရဲ့
တစ်ကိုယ်လုံးဟာလည်း
ကျောက်ဖြစ်ရုပ်ကြွင်းကျိန်စာ

အတိုက်ခံထားရတဲ့ အတိုင်းပဲ လုံးဝကို
အေးခဲသွားခဲ့ပြီး... လက်ချောင်းလေး
တစ်ချောင်းကိုတောင်မှပဲ လှုပ်လို့
မရခဲ့ပါဘူး။

တစ်ချိန်ထဲမှာပဲ... လေထဲက
အလင်းရောင် အကွင်းဟာ အနီရောင်
အလင်းတန်း တိုင်လုံးရဲ့ အနောက်ကို
လိုက်ပြီးတော့ အောက်ဘက်ကို
ဆင်းလာခဲ့ပါပြီ... သူ့ရဲ့လည်ပင်းကို
ကြိုးကွင်းစွပ်သလိုမျိုး
စွပ်လိုက်ပြီးတော့
ဒီပြင်းထန်သောမုန်တိုင်း
အဖွဲ့အစည်းက ကျင့်ကြံသူကို

လေပေါ်ကို ဆွဲတင်သွားခဲ့ကာ...
ဒီခရမ်းရောင် အဝတ်အကောင်းစားနဲ့
သက်လတ်ပိုင်းလူကြီးထံကို ပျံသန်းလို့
သွားခဲ့ပြီလေ။

ဒီအလင်းရောင်
အကွင်းကိုးကွင်းစလုံးဟာ သူတို့
တစ်ခုချင်းစီရဲ့ တာဝန်တွေကို
ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြပါပြီ...
ပြင်းထန်သောမုန်တိုင်း အဖွဲ့အစည်းက
ကျင့်ကြံသူ ကိုးယောက်ကို
တခဏလေး အတွင်းမှာပဲ
အရှင်ဖမ်းမိလာကြပြီလေ။

ပြန်လည် တိုက်ခိုက်ဖို့ကို မပြောနဲ့...
ဒီပြင်းထန်သောမုန်တိုင်း
အဖွဲ့အစည်းက ကျင့်ကြံသူတွေဟာ
သူတို့ကိုယ်သူတို့
ဘာဖြစ်သွားမှန်းတောင်
မသိလိုက်ကြပါဘူး။

ဒီလူကိုးယောက်ကို ဖမ်းလိုက်ပြီးမှ...
ဒီခရမ်းရောင် အဝတ်အကောင်းစားနဲ့
သက်လတ်ပိုင်း လူကြီးဟာ သူတို့ရဲ့
လည်ပင်းပေါ်က အကွင်းတွေကို
ချွတ်လိုက်ပါတယ်... ဒါပေမဲ့လည်း

သူတို့ဟာ မလှုပ်ရှားနိုင်ကြသေးပါဘူး။
ဒီလူကြီးဟာ နောက်ထပ်တစ်ခေါက်
ဒီအကွက် အတိုင်းပဲ
ထပ်ခင်းလိုက်တယ်လေ...
သူ့ရဲ့လက်ကို ဝှေ့ယမ်းလိုက်အပြီးမှာ
အလင်းရောင် အကွင်းလေး
ကိုးကွင်းဟာ ပြင်းထန်သောမုန်တိုင်း
အဖွဲ့အစည်းက ကျန်ရှိနေသေးတဲ့
ကျင့်ကြံသူတွေဆီကို ထပ်မံတစ်ခေါက်
ပျံသန်းကာ လာခဲ့ပြီလေ။

ဝတ်ရုံနက် လူကြီးဟာ
ဒေါသထွက်စွာနဲ့ အော်ဟစ်လိုက်ပြီးမှ
ဗုံအသေးလေး တစ်လုံးကို

ထုတ်လိုက်ပါတယ်။ ဗုံလေးဆီကနေ
တဒုန်းဒုန်း တဒိန်းဒိန်းနဲ့ အသံတွေဟာ
ပေါ်ထွက်ကာ လာခဲ့ပါပြီ... ဒီစူးရှတဲ့
အသံဟာ တစ်ဘက်ခြမ်းမှာ ရှိနေတဲ့
အခြေခံအုတ်မြစ် အဆင့်က ကျင့်ကြံသူ
ခြောက်ယောက်ကိုတောင်
မျက်မှောင်ကြုတ်စေခဲ့ပါတယ်။

ဒီဗုံသံတွေဟာ မမြင်နိုင်တဲ့
လှိုင်းတွန့်တွေကို
ဂယက်ရိုက်စေခဲ့ပြီး... လေထုထဲက
အလင်းရောင် အကွင်းကိုးကွင်းကို
အရှေ့ကို ဆက်ပြီးတော့ မပျံနိုင်အောင်
တားဆီးခဲ့ပြီလေ။

ခရမ်းရောင် အဝတ်အကောင်းစားနဲ့
သက်လတ်ပိုင်း လူကြီးဟာ
အနည်းငယ်
မျက်မှောင်ကြုတ်လိုက်ပါတယ်...
ပြီးတော့မှပဲ တခြားလူတွေကို
လှမ်းပြီးတော့ ပြောလိုက်ပါပြီ... "ကဲ...
ခေတ်ကြီးငါးပါးဂိုဏ်းက
မိတ်ဆွေတို့ရေ... ကျေးဇူးပြုပြီးတော့
အကူအညီလေး ပေးကြပါဦးခင်ဗျာ..."

ကျန်ရှိနေတဲ့ လူခြောက်ယောက်
အနက်မှ... ငါးယောက်တို့ဟာ

အဝတ်အစားတွေ ဆင်တူ
ဝတ်ဆင်ထားကြပါတယ်… ဒါပေမဲ့
အရောင်ကတော့ မတူကြပါဘူး။
သူတို့ဟာ သတ္တဝါ… သစ်သား… မီး…
ရေ… နဲ့ မြေကြီးတို့ကို ကိုယ်စားပြုတဲ့
အဖြူရောင်.. အစိမ်းရောင်…
အနက်ရောင်… အနီရောင်နဲ့
အဝါရောင်တို့ပဲ ဖြစ်ကြပါတယ်။

ခေါင်းဆောင်ဖြစ်တဲ့ ဝတ်စုံအဝါနဲ့
အဘိုးကြီးက ချောင်းခြောက်တစ်ချက်
ဆိုးလိုက်ပါတယ်… "အဟမ်း…
အဟမ်း… အားနာနေဖို့ မလိုပါဘူး…
တာအိုရောင်းရင်းရဲ့… ဒါက

ကျွန်တော်တို့ရဲ့ တာဝန်တစ်ပိုင်းလဲ
ပါပါတယ်..."

တခဏတာလေး အတွင်းမှာပဲ...
စွမ်းအားကြီးတဲ့ မှော်စွမ်းအင်
လှုပ်ရှားမှုတွေဟာ ဒီလူငါးယောက်ရဲ့
ခန္ဓာကိုယ်ကနေ ထိုးတက်လာပြီး...
လေဟာနယ် တစ်ခုလုံးကို လွှမ်းခြုံလို့
သွားခဲ့တယ်လေ။

ဝတ်ရုံနက် လူကြီးရဲ့ အမူအရာကလဲ
အနည်းငယ် ပြောင်းလဲလို့
သွားခဲ့ပါပြီ... အော်ပြီးတော့

ပြောလိုက်ပြီလေ... "ဟော့... ငါတို့
ပြင်းထန်သောမုန်တိုင်း အဖွဲ့အစည်းက
ဒီနေရာမှာ လှုပ်ရှားနေတာ
ကြာလှပြီကွ... မင်းတို့က အခုမှလာပြီး
ထင်တိုင်းကြဲချင် နေတာလားဟ?"
စကားဆုံးတာနဲ့ သူဟာ
ကျောက်စိမ်းပြားလေး တစ်ခုကို
ချေမွလိုက်ပါတယ်...
ဒီမြေအောက်နန်းတော်ထဲက
ပရမ်းပတာ ဖြစ်နေတဲ့ စိတ်ဝိညာဉ်
စွမ်းအင်တွေဟာ ရုတ်တရက်ပဲ
တည်ငြိမ်လို့ သွားခဲ့ပါပြီ။

မှော်ကျိန်စာဝက်ပါ တစ်ခုဟာ
လေထဲမှာ တောက်ပနေတဲ့
စိတ်ဝိညာဉ် အလင်းတန်း တစ်ခုနဲ့အတူ
ပေါ်ပေါက်ကာ လာခဲ့ပြီလေ…
ဝက်ပါရဲ့ အတွင်းက နေပြီးတော့
ပြင်းထန်တဲ့ လေတိုက်သံတွေဟာ
လွင့်ပျံကာ လာခဲ့ပါပြီ။

ခဏအကြာမှာတော့… ဝက်ပါရဲ့
အထဲကနေ ကြီးမားလှတဲ့
လေဆင်နှာမောင်းတွေဟာ
အဟုန်ပြင်းစွာနဲ့ ထွက်လာခဲ့ပါတယ်…
ဒေါသထွက်နေတဲ့ နဂါးကြီးတွေလိုပဲ
ရွှမ်ကျိုအမတ် ဂေဟာက ကျင့်ကြံသူ

ခုနှစ်ယောက်ဆီကို
ဟိန်းဟောက်ပြီးတော့
ပြေးလာကြပြီလေ။

လေဆင်နှာမောင်းပေါင်း
တစ်ဒါဇင်ခန့်တို့ဟာ ဝရုန်းသုန်းကားနဲ့
ပြေးလွှားသောင်းကျန်း နေကြပါပြီ…
အတူတူ ရောနှောပြီးတော့ပဲ…
ဒီဂူကြီးကို မုန်တိုင်းကမ္ဘာ
အသွင်အဖြစ်ကို
ပြောင်းသွားစေခဲ့တယ်လေ။

လေဆင်နှာမောင်းတွေရဲ့
လမ်းကြောင်းပေါ်မှာရှိတဲ့ အရာဝတ္ထု
မှန်သမျှဟာ မွစာကြဲနေအောင်
စုတ်ဖြဲခြင်းကို ခံခဲ့ရပါပြီ…
ကျောက်တုံးနရံတွေရဲ့ အပေါ်မှာလဲ
ဟက်တက်ကွဲရာ အနက်ကြီးတွေဟာ
ပေါ်ထွက်ကာ လာခဲ့ပြီလေ။

အချိန်အတော်ကြာအောင်…
ပြင်းထန်တဲ့ လေနီကြမ်းတွေဟာ
တဟူးဟူးနဲ့ တိုက်ခတ်နေကြပြီး…
မြေကြီးတွေက အက်ကွဲကုန်ကြပါပြီ…
ကမ္ဘာပျက်နေတဲ့ အတိုင်းပါပဲ။

ဒီမှော်ကျိန်စာ ဝင်္ကပါဟာ
အခြေခံအုတ်မြစ် အဆင့်က ကျင့်ကြံသူ
တွေကိုတောင် စုတ်ဖြဲပစ်နိုင်ဖို့အတွက်
လုံလောက်ပါတယ်…
ရွှေရောင်ဗဟိုချက် အဆင့်က
သူတွေသာ ဘေးကင်းရန်ကင်း
နေနိုင်ကြမှာပါ။

ဒါပေမဲ့လည်း
ဟိုခေတ်ကြီးငါးပါးဂိုဏ်းက ကျင့်ကြံသူ
ငါးယောက်တို့ဟာ
စိတ်မလှုပ်ရှားသွားကြပါဘူး။

တစ်ယောက်ကို
တစ်ယောက်ကြည့်လိုက်ပြီးမှ...
ဝတ်စုံအဝါနဲ့ အဘိုးအိုက
ရယ်ပြီးတော့ပဲ ပြောလိုက်ပါတယ်...
"ကဲ... ငါတို့က ဘာတတ်နိုင်သလဲ
ဆိုတာကို မင်းကို ပြရတာပေါ့ကွာ..."

ဒီလူငါးယောက်တို့ဟာ သူတို့ရဲ့
မှော်ကျိန်စာကို အတူတကွ
ပစ်လွှတ်လိုက်ကြကာ...
သံပြိုင်ဟစ်ကြွေး လိုက်ကြပါပြီ...
"ပြောင်းပြန် ခေတ်ကြီးငါးပါး
နတ်ဆိုးမိစ္ဆာ ဖယ်ရှားခြင်းဝက်ပါ!"

အရောင်ငါးမျိုးနဲ့ နတ်ဘုရား
အလင်းတန်းဟာ
ကောင်းကင်သို့တိုင်အောင်
ထိုးတက်သွားခဲ့ပါတယ်...
ဂူကြီးတစ်ခုလုံးလဲ လင်းထိန်လို့
သွားခဲ့ပါပြီ... မှောက်မိုက်နေတဲ့
အောက်ဘက်က အသူရာချောက်ကြီး
တောင်မှပဲ တောက်ပကာ
လာခဲ့ပြီလေ။

သူတို့ လူငါးယောက်ဟာ
ဂိုဏ်းတစ်ဂိုဏ်း ထဲကနေ

လာကြတာပါ... သူတို့
တစ်ယောက်ချင်းစီကလဲ အရည်အချင်း
မတူညီတဲ့ တာအိုနည်းစနစ်
တစ်မျိုးစီကို
လေ့ကျင့်ထားကြတာလေ။ သူတို့
အတူတကွ
ပူးပေါင်းတည်ဆောက်ထားတဲ့
ပြောင်းပြန် ခ၀တ်ကြီးငါးပါး
နတ်ဆိုးမိစ္ဆာ ဖယ်ရှားခြင်း၀က်ပါဟာ...
ရွှေရောင်ဗဟိုချက် အဆင့်အောက်က
ရန်သူမှန်သမျှကို ဖိနှိပ်နိုင်ဖို့
အတွက်တော့ လုံလောက်ပါတယ်။

ပြင်းထန်သော မုန်တိုင်းဟာ
အရောင်ငါးမျိုးနဲ့ နတ်ဘုရား
အလင်းတန်းရဲ့ လွှမ်းမိုးကြီးစိုးခြင်းကို
ခံလိုက်ရပါပြီ… လေထုထဲမှာ
အေးခဲသွားပြီး… အကြီးအကျယ်
ထိခိုက်ပျက်စီးအောင်..
ကသောင်းကနင်းဖြစ်အောင်
မလုပ်နိုင်တော့ပါဘူး။

ဒီအချိန်မှာတော့ ဒီဝတ်ရုံနက်
လူကြီးဟာ ချွေးတွေနဲ့ စိုရွှဲလို့
နေခဲ့ပါပြီ… တစ်ဖက်မှာက သူဟာ
ဗုံလေးကို ထိန်းချုပ်ပြီး ခရမ်းရောင်
အကောင်းစား ဝတ်စုံနဲ့ သက်လတ်ပိုင်း

လူကြီးရဲ့ အလင်းရောင် အကွင်းတွေကို
ကြားဖြတ်တိုက်ခိုက် နေရပါတယ်...
အခြားတစ်ဖက် မှာကတော့ သူဟာ
တဖက်ရန်သူရဲ့ ပြောင်းပြန်
ခေတ်ကြီးငါးပါး မိစ္ဆာဖယ်ရှားဝက်ပါကို
ကြံ့ကြံ့ခံနိုင်ဖို့အတွက် မှော်ကျိန်စာ
ဝက်ပါကို မောင်းနှင်နေရတယ်လေ။

စစ်မျက်နှာပြင် နှစ်ခု ဖွင့်နေရတော့...
သူ့မှာက အိမ်ကွင်းအားသာချက်ပင်
ရှိသော်ငြားလည်းပဲ သူဟာ
အကြီးအကျယ် ဖိနှိပ်ခြင်းကို
ခံနေရပါတော့တယ်။

သူကနေပြီး စိတ်ပူပန်လာတဲ့
အချိန်မှာပဲ... အသံတစ်သံဟာ
အလောတကြီး မဟုတ်ပဲနဲ့ လွင့်ပျံ့ကာ
လာခဲ့ပါပြီ... "ဟော့...
မင်းတို့ကောင်တွေက ဘာဖြစ်လို့
ဒီလောက်တောင် နှေးနေရတာလဲဟ?
ခုနှစ်ယောက် တစ်ယောက်
ချတာကိုတောင် မင်းတို့က
ဒီလောက်အထိ
အချိန်ယူနေရသလားကွ?"

တခဏတာလေး အတွင်းမှာပဲ...
လေပေါ်မှာ လူတစ်ယောက်ကို
တွေ့လိုက်ရပြီလေ... ဒီအတိုင်းပဲ
အသူရာချောက်ပေါ်က လေထုထဲမှာ
တည်ငြိမ်စွာနဲ့ ရပ်နေခဲ့ပြီး...
အကုန်လုံးကို အပေါ်စီးက နေပြီးတော့
ကြည့်နေခဲ့ပါတော့တယ်။

## စာစဉ် ၄ : အပိုင်း ၂

## အပိုင်း ၄၂ : ခြသေ့်သားရဲတွင်းမှသည် ဝံပုလွေသားအောင်းဂူဆီသို့

သူဟာ ရန်သူတွေနဲ့ တိုက်ပွဲ
အကြိတ်အနယ် ဆင်နွဲနေခဲ့ရပေမယ့်…
ဝတ်ရုံနက် လူကြီးဟာ
ဟိုအခြေခံအုတ်မြစ် အဆင့်က
ကျင့်ကြံသူ ခုနှစ်ယောက်ကို လုံးဝကိုပဲ
လျစ်လျူရှုပြီး ထားလိုက်ပါပြီ။ သူက
ဂရုမစိုက်ချင်လို့တော့ မဟုတ်ပါဘူး…
ဒါပေမဲ့ သူ့ရဲ့ အာရုံတွေကို လေပေါ်က
လူကြီးဆီမှာပဲ အကုန်လုံး
စိုက်ထားရလို့ပါ။

ဒီလူဟာ မှော်စွမ်းအင်
လှုပ်ရှားမှုတွေကို

တစ်စက်ကလေးမှတောင်
မဖော်ပြခဲ့ပါဘူး… ဒါပေမဲ့
အဲ့ဒါကြောင့်ပဲ သူက အမတန်ကိုမှ
ကြောက်စရာ ကောင်းနေခဲ့တာပါ။
မင်းတို့ သိထားရမှာက သူဟာ သူ့ရဲ့
ကိုယ်ပိုင်မှော်စွမ်းအင်ကိုသာ
အသုံးပြုပြီး လေပေါ်မှာ
ကိုယ်ဖော့နေခဲ့တာလေ… သူ့ရဲ့
ခြေထောက်အောက်မှာကတော့
အဆုံးမရှိတဲ့ အသူရာချောက်ကြီးပါ။

သူဟာ သက်လတ်ပိုင်း
လူကြီးတစ်ယောက် ဖြစ်ပါတယ်…

သူဟာ အသားဖြူဖြူ..
ဝဝဖိုင့်ဖိုင့်နဲ့ဖြစ်ပြီး သူပြုံးလိုက်ရင်
အမတန်ကိုမှပဲ သဘောကောင်းတဲ့
လူဝကြီးတစ်ယောက်နဲ့ တူတယ်လေ။
သူက ဇူရီလေးကို ပြသနာ
သွားရှာခဲ့တဲ့ ဖက်တီးဇူထက်တောင်
ပိုပြီးတော့မှပဲ ဝပါသေးတယ်။
ဒီလူပေါ်လာပြီး နောက်မှာတော့…
ရွှမ်ကျိအမတ် ဂေဟာက
အခြေခံအုတ်မြစ်အဆင့် ကျင့်ကြံသူ
ခုနှစ်ယောက်တို့ဟာ
တိုက်ခိုက်မှုတွေကို
ရပ်တန့်လိုက်ကြပါတော့တယ်။

ဝတ်ရုံနက် လူကြီးဟာ အခုအချိန်အထိ
ထိတ်လန့်တုန်လှုပ်နေဆဲ ဖြစ်ပြီး
ဘာကိုမှ ဂမူးရှူးထိုး မပြုလုပ်ရဲခဲ့ပါဘူး။

သက်လတ်ပိုင်း လူဝကြီးဟာ
လူအုပ်ထဲက ဇူရီလေးကို ပြုံးပြီးတော့
ကြည့်လိုက်ကာ နူးညံ့စွာနဲ့ပဲ
ပြောလိုက်ပါတယ်... "ကဲ...
သခင်လေးရီ... သခင်လေးကို
အိမ်ပြန်ခေါ်ဖို့
ကျွန်တော်ရောက်လာပါပြီ..."

သူ့ကိုလာကယ်တဲ့ သက်လတ်ပိုင်း လူကြီးကို ကြည့်လိုက်ပြီး... ဇူရီရဲ့ အမူအယာဟာ ဝတ်ရုံနက်လူကြီး တို့တစ်တွေထက်တောင် ပိုပြီးတော့မှပဲ ပျက်လို့နေခဲ့ပါသေးတယ်။ သူ့ရဲ့ လက်သီးတွေကိုလည်း တင်းကျပ်စွာ ဆုပ်ထားလိုက်ပြီးတော့ ဘာမှကို ပြန်မပြောခဲ့ပါဘူး။

ဝတ်ရုံနက် လူကြီးဟာ အသက်ပြင်းပြင်း တစ်ချက်ရှူလိုက်ပြီး... "ကဲ... ခင်ဗျားကို ဘယ်လိုများ ခေါ်ရပါ့မလဲ?"

သက်လတ်ပိုင်း လူကြီးက ဖွဖွလေးပဲ ပြုံးလိုက်ပါတယ်… "ဟဲဟဲ… ခင်ဗျားကတော့ ကျုပ်ရဲ့နာမည်ကို အရင်ကတည်းက ကြားဖူးပြီးသားတော့ ဖြစ်မှာပါ… ဟွမ်ဖြစ်ပါတယ်… လူတွေကတော့ ကျုပ်ကို ဟွမ်စန်းလို့ ခေါ်ကြတာပဲဗျာ…" (三 … စန်း… ဆိုတာက နံပါတ်သုံး ဖြစ်ပါတယ်… သူက အမတ်ရဲ့ နံပါတ်သုံး ဘဏ္ဍာစိုးပဲ ဖြစ်ပါတယ်။)

လူဝကြီး ဟွမ်စန်းဟာ ဖော်ရွေစွာနဲ့ပဲ
ပြုံးနေပါသေးတယ်… ဒါပေမယ့်လည်း
ပြင်းထန်သောမုန်တိုင်း အဖွဲ့အစည်းက
ကျင့်ကြံသူတွေ အားလုံးရဲ့
မျက်နှာတွေကတော့ သေမင်းနဲ့
တွေ့လိုက်သလိုမျိုး
ဖြူဖွေးကုန်ကြပါပြီ။

ဟွမ်စန်းဟာ… ရွှမ်ကျိအမတ်
ဇူဟုန်ဝူရဲ့ တတိယ ဘဏ္ဍာစိုးဖြစ်ပြီး…
သူ့ရဲ့ အနီးကပ် လူယုံတစ်ဦးလဲ
ဖြစ်ပါတယ်။ သူဟာ အထူးသဖြင့်
ရွှမ်ကျိအမတ်ရဲ့ ကိုယ်ရေးကိုယ်တာ

ကိစ္စတစ်ချို့ကို ဖြေရှင်းပေးဖို့
တာဝန်ရှိသူ တစ်ဦးလဲ ဖြစ်တယ်လေ။
သူဟာ ရက်စက်တတ်ပြီး..
သနားညှာတာမှု ကင်းမဲ့တယ်လို့လဲ
နာမည်ကြီးပါတယ်… ဒါပေမဲ့လည်း
သူဟာ နှိမ့်နှိမ့်ချချ နေထိုင်တတ်သူ
တစ်ဦးဖြစ်ပြီး… သူ့ရဲ့
မျက်နှာအစစ်အမှန်ကို
လူအနည်းငယ်ကပဲ တွေ့ဖူးတာ
ဖြစ်တယ်လေ… ဒါပေမဲ့ ဘယ်သူက
ထင်ထားမိမှာလဲ… သူဟာ
သက်လတ်ပိုင်း လူဝကြီးတစ်ဦး
ဖြစ်နေလိမ့်မယ်လို့။

အခုအချိန်မှာတော့ ဝတ်ရုံနက်
လူကြီးရဲ့ ခန္ဓာကိုယ် တစ်ခုလုံးဟာ
ရေခဲအထဲကို ပြုတ်ကျသွားသလိုမျိုး
ဖြစ်နေခဲ့ပါပြီ… ဘာဖြစ်လို့လဲဆိုတော့
သူ့ရဲ့အရှေ့မှာ ရှိနေတဲ့
သဘောကောင်းပုံရတဲ့
ကုန်သည်ကြီးနဲ့တူတဲ့ ဖက်တီးကြီးဟာ
အရိုးသားဆုံး ဝန်ခံရရင်
ရွှေရောင်ဗဟိုချက် အဆင့်က
ကျင့်ကြံသူတစ်ယောက်
ဖြစ်နေခဲ့လို့ပါပဲ!"

ဒါပေမဲ့လည်း သူ့ရဲ့
ကျဆုံးသွားပြီးဖြစ်တဲ့ အမိနိုင်ငံတော်…
သူ့ရဲ့လူထုတွေအတွက်
လက်စားချေလိုမှု… သူ့ရဲ့မာန… သူ့ရဲ့
အမုန်းတရား… သူ့ရဲ့ ဒေါသတရား…
စတာတွေ အကုန်လုံးကြောင့် သူဟာ
သူ့ရဲ့အရှေ့က လူရဲ့အရှေ့မှာ
အညံ့မခံနိုင်ခဲ့ပါဘူး။

ပြင်းထန်သောမုန်တိုင်း အဖွဲ့အစည်းက
ကျင့်ကြံသူ အားလုံးရဲ့
မျက်နှာတွေမှာလဲ တည်ကြည်ခိုင်မာတဲ့
မျက်နှာထားမျိုးတွေနဲ့ပါ… သူတို့ရဲ့

ခန္ဓာကိုယ်တွေဟာ မသိစိတ်ကနေ
ကြောက်လန့်နေမှုကြောင့်
အလိုအလျောက်ပဲ အနည်းငယ်
တုန်ခါနေပေမယ့်… သူတို့ဟာ
ပခုံးချင်း ယှဉ်ရပ်နေကြကာ… သူတို့ကို
လက်ချောင်းတစ်ချောင်းထဲနဲ့
ချေဖျက်နိုင်တဲ့ စွမ်းအားကြီးတဲ့
ရန်သူကို မျက်နှာချင်းဆိုင်ကာ
ကြည့်နေကြပါပြီ။

ဟွမ်စန်းက သက်ပြင်း အရှည်ကြီး
တစ်ချက်ကို ချလိုက်ပါတယ်…
"ဟင်း… နှင်းမုန်တိုင်းနိုင်ငံ… အိုး…

မဟုတ်သေးဘူး… ကျိုးအင်ပါယာရဲ့
နှင်းမုန်တိုင်းနိုင်ငံ။ မင်းက
ငါ့ကိုမေးမယ်ဆိုရင်တော့… ငါတို့က
အဲ့ဒီနိုင်ငံက လူတွေအကုန်လုံးနဲ့
ကျိုးအင်ပါယာ အတွင်းကို
ပြောင်းရွှေ့လာခဲ့တဲ့
သူတွေအကုန်လုံးကို သတ်ပစ်ဖို့
အကြံပေးမိမှာပဲကွာ… ဒါဆိုရင်တော့
ဘာမှ ဇာတ်လမ်းရှုပ်စရာ
အကြောင်းတွေ မရှိတော့ဘူးလေ…"

ဝတ်ရုံနက်လူကြီးဟာ ဒေါသအိုး
ပေါက်ကွဲသွားပြီး လေဆင်နှာမောင်း

မှော်ကျိန်စာ ဝက်ပါကို
ကြိုးကိုင်ခြယ်လှယ် လိုက်ပါပြီ…
ချက်ချင်းပဲ လေဆင်နှာမောင်း
ဒါဇင်ပေါင်းများစွာတို့ဟာ
သောင်းသောင်းသဲသဲ
အော်မြည်သံတွေနဲ့… ဟွမ်စန်းကို
အရပ်မျက်နှာ ရှုထောင့်ပေါင်းစုံကနေ
တိုက်ခိုက်လိုက်ပါတော့တယ်။

ဟွမ်စန်းကလဲ ရယ်လိုက်ပါတယ်…
သူ့ရဲ့မျက်လုံးအစုံဟာ လုံးဝကို
မမြင်နိုင်လု နီးပါးအထိကို
မှေးသွားခဲ့တယ်လေ… "ဟားဟား…

မင်းတို့တတွေဟာ အခြေအနေနဲ့
အချိန်အခါတွေကို
မသိတတ်ကြဘူးပဲ..."

သူ့ရဲ့ စကားသံတွေ
မကွယ်ပျောက်သွားခင်မှာပဲ...
ဟွမ်စန်းဟာ သူ့ရဲ့လက်ကို
အနည်းငယ် မလိုက်ပါပြီ... ငရဲပြည်ရဲ့
အဆုံးမရှိတဲ့ အနက်က လာတဲ့လိုမျိုး...
လေအေးတွေဟာ
ဒီမြေအောက်နန်းတော်ကြီး
တစ်ခုလုံးဆီကို ချက်ချင်းပဲ
တိုက်ခတ်ကာ လာခဲ့ပြီလေ။

အချိန်ခဏလေး အတွင်းမှာပဲ…
မြေအောက်နန်းတော်ကြီး
တစ်ခုလုံးဟာ ရေခဲဆီးနှင်း ကမ္ဘာကြီး
တစ်ခုအသွင်ကို ပြောင်းလဲလို့
သွားခဲ့ပါတော့တယ်။
ကျောက်နရံကြီးတွေကလဲ
ကြည်လင်လှတဲ့ ရေခဲတစ်လွှာနဲ့
ဖုံးအုပ်ခြင်းကို ခံလိုက်ရပါပြီ…
မျက်စိကျိန်းလှအောင်
ထွန်းလင်းတောက်ပနေတဲ့
အလင်းတန်းတွေဟာ
ပြိုးပြိုးပြက်ပြက်နဲ့
လင်းလက်နေခဲ့ပြီး… ဒီနေရာကြီး

တစ်ခုလုံးဟာလည်း လင်းထိန်လို့
သွားခဲ့ပြီလေ။

အသက်တစ်ခါ ရှူချိန်အတွင်းမှာပဲ…
ဒီမြေအောက်နန်းတော်ကြီး
တစ်ခုလုံးဟာ ရေခဲတွင်းနက်ကြီး
တစ်ခုအသွင်ကို ပြောင်းလဲလို့
သွားခဲ့ပါပြီ။

ဒေါသပြင်းလှတဲ့
လေဆင်နှာမောင်းတွေဟာ သူတို့ရဲ့
လမ်းကြောင်းပေါ်ကနေ အဟန့်တား
ခံလိုက်ရပြီး… ရေခဲတိုင်လုံးကြီးတွေရဲ့

အကြားမှာ ပိတ်မိနေခဲ့ကြပြီလေ။
သူတို့ဟာ သူတို့ရဲ့ အရင်ပုံစံတွေတော့
မပျက်ကြသေးပါဘူး… ဒါပေမဲ့လည်း
သူတို့ကို အခုကြည့်ရတာဟာ
မယုံကြည်နိုင်လောက်အောင်
ရယ်မောဖွယ် ကောင်းနေခဲ့ပါတယ်။

ဒါတွေက အစပဲ ရှိပါသေးတယ်…
ရေခဲတွေရဲ့ အကြားမှာ ပိတ်မိနေတဲ့
အရာတွေဟာ
ဒီလေဆင်နှာမောင်းတွေတင်
မကပါဘူး။

ဝတ်ရုံနက် လူကြီးကနေ စပြီးတော့…
ပြင်းထန်သောမုန်တိုင်း အဖွဲ့အစည်းက
ကျင့်ကြံသူတွေ အားလုံးရဲ့ ခန္ဓာကိုယ်
မျက်နှာပြင်တွေ အပေါ်ကနေပြီးမှ
ပါးလွှာတဲ့ လေထုထဲကနေ အဖြူရောင်
နှင်းခဲတစ်လွှာဟာ ပေါ်ထွက်ကာ
လာခဲ့ပါပြီ။ နောက်ဆုံးမှာတော့
သူတို့အားလုံးဟာ ရေခဲပန်းပု
ရုပ်ထုကြီးတွေ အဖြစ်ကို
အသွင်ပြောင်းလို့ သွားခဲ့ကြပြီလေ။

ဒါပေမဲ့လည်း… သူတို့တတွေရဲ့
အလယ်မှာ ရပ်နေတဲ့ ဇူရီလေးကတော့

မှဲ့တစ်ပေါက်တောင်မှ မစွန်းခဲ့ပါဘူး။
သူဟာ ရေခဲတွေရဲ့ တိုက်ခိုက်မှုကို
မခံခဲ့ရရုံတင် မကဘူး… ဇူရီဟာ
ပတ်ဝန်းကျင်က အပူချိန်
ပြောင်းလဲမှုကိုတောင်မှ
မခံစားခဲ့ရဘူးလေ။

ဝတ်ရုံနက် လူကြီးရဲ့ အမူအရာဟာ
လျင်မြန်စွာနဲ့ပဲ ပြောင်းလဲသွားခဲ့ပါပြီ…
သူ့ရဲ့သွားကို ကိုက်လိုက်ပြီး
လက်ကိုမြှောက်လိုက်ကာ
အဆောင်လက်ဖွဲ့ တစ်ခုကို
ပစ်ခဲ့လိုက်ပြီလေ။

လေထုထဲမှာ... ဟွမ်စန်းရဲ့
မျက်လုံးအစုံဟာ
အရောင်လက်သွားခဲ့ပါတယ်...
"ဟာ... ရွှေရောင်ဇဟိုချက်အဆင့်
အဆောင်လက်ဖွဲ့?"
ဒီဝတ်ရုံနက်လူကြီး ပစ်လွှတ်လိုက်တဲ့
အဆောင်လက်ဖွဲ့ဟာ အံ့အားသင့်ဖွယ်
ကောင်းလောက်အောင်ပဲ
ရွှေရောင်ဇဟိုချက်အဆင့်
အဆောင်လက်ဖွဲ့တစ်ခု
ဖြစ်နေခဲ့တယ်လေ။ သူဟာ
ရွှေရောင်ဇဟိုချက်အဆင့် ကျင့်ကြံသူ
တစ်ယောက်က ဖန်တီးခဲ့တာဖြစ်ပြီး...

သူ့ရဲ့ စွမ်းအားဟာ ရွှေရောင်ဗဟိုချက်
အဆင့်က ကျင့်ကြံသူ တစ်ယောက်ရဲ့
အစွမ်းကုန် တိုက်ခိုက်မှုနဲ့
အဆင့်တူပါတယ်။

ဒီအဆောင်လက်ဖွဲ့လေးဟာ လေထုရဲ့
အလယ်မှာပဲ ပေါက်ကွဲလို့
သွားခဲ့ပါပြီ… မြည်ဟည်းနေတဲ့
လျှပ်စီးမိုးကြိုး အဖြစ်ကို
အသွင်ပြောင်းသွားပြီးခဲ့…
မရေမတွက်နိုင်တဲ့ လျှပ်စီးမြွေတွေဟာ
ဘက်ပေါင်းစုံကနေ ပြေးထွက်ကာ
လာခဲ့ပြီလေ… ချက်ချင်းပဲ ဟွမ်စန်းရဲ့

မှော်စွမ်းအင် အတားအဆီးတွေကို
စုတ်ဖြဲပစ်ခဲ့ပါတယ်။

ရေခဲတွေရဲ့ မျက်နှာပြင် အပေါ်မှာ
အက်ကွဲကြောင်းတွေ အများအပြား
ပေါ်ပေါက်လာခဲ့ပြီး...
ပင့်ကူအိမ်လိုမျိုးပဲ ပြန့်ကားကာ
လာခဲ့ပါပြီ။ စူးရှတောက်ပတဲ့
လျှပ်စီးအလင်းတန်းတွေဟာ
ရေခဲပေါ်မှာ ဝင်းလက်နေခဲ့ပြီး...
ဒီမြေအောက်နန်းတော် တစ်ခုလုံးကို
နေ့ဘက်အလား
မီးထွန်းပေးခဲ့လိုက်ပြီလေ။

မြောက်မြားလှစွာသော
ရေခဲအစိတ်အပိုင်းများဟာ
ကွဲကြေကုန်ကြပါပြီ…
မိုးရွာသွန်းတဲ့အလား အောက်ဘက်က
အသူရာ ချောက်နက်ကြီးရဲ့ အထဲကို
ကျဆင်းကုန်ကြပြီလေ။
ဒီဘေးဒုက္ခတွေ အကြားမှာ…
မြေအောက်နန်းတော်ကြီး
တစ်ခုလုံးဟာ ငရဲပြည်က
အပေါ်ဘက်ကို ရောက်လာတဲ့
အတိုင်းပဲ… ကမ္ဘာပျက်တဲ့နေ့သဖွယ်
ဖြစ်လို့နေခဲ့ပါတယ်။

ဟွမ်စန်းနဲ့ အတူပါလာတဲ့
အခြေခံအုတ်မြစ် အဆင့်က ကျင့်ကြံသူ
ခြောက်ယောက်ရဲ့
အမှူအရာတွေတောင်မှပဲ
ဖြူဖပ်ဖြူရော်တွေ ဖြစ်ကုန်ကြပါပြီ…
သူတို့ကိုယ်သူတို့ တည်ငြိမ်အောင်
အတတ်နိုင်ဆုံး
ကြိုးစားနေကြတယ်လေ။
ဒါပေမဲ့လည်း သူတို့ဟာ
တည်ငြိမ်နေသေးတယ်လို့
ယူဆနိုင်ရပါတယ်… သူတို့ရဲ့
မျက်လုံးတွေ အားလုံးဟာ
ဒီလျှပ်စီးမိုးကြိုးရဲ့

အဓိကပစ်မှတ်ဖြစ်တဲ့... ဟွမ်စန်းကို
ကြည့်နေကြပါပြီ။

ဟွမ်စန်းရဲ့ အမူအရာကလဲ
သာမာန်ပါပဲ... သူ့မှာက
ရယ်ဖို့တောင်မှပဲ အချိန်ပို
ရှိနေခဲ့သေးတယ်လေ... "ဟားဟား...
သေခါနီး ရုန်းကန်မှုလေးပါပဲကွာ..."
သူ့ရဲ့ လက်ဖဝါးနှစ်ဖက်ကို
တွန်းထုတ်လိုက်ပါတယ်...
အဲ့ဒီအချိန်မှာပဲ စွမ်းအားမြင့်
မှော်စွမ်းအင်တွေဟာ သူတို့ရဲ့
မြင့်မားတဲ့ အဆင့်အတန်းကို

ပြသလိုက်ကြပါပြီ… ကျယ်ဝန်းလှတဲ့
အာကာသ တစ်ခုလုံးကလဲ
အေးခဲသလိုမျိုး ဖြစ်သွားခဲ့ပြီလေ…
ဒီအချိန်မှာတော့ တိုက်ခတ်လာခဲ့တဲ့
လေအေးတွေဟာ ပြင်းထန်လှတဲ့
လျှပ်စီးမိုးကြိုးတွေကို တကယ်ကိုပဲ
အေးခဲသွားစေခဲ့ပါတယ်။

နှင်းပွင့်ဖြူတွေလို ချမ်းအေးလှတဲ့
လေပြင်းထဲမှာ…
ခက်ထန်ကြမ်းတမ်းလှတဲ့
မိုးကြိုးလျှပ်စီးတွေဟာ အပြင်းအထန်
ရုန်းကန်နေခဲ့ပါတယ်… ဒါပေမဲ့လည်း

ကြိုးတုတ်ခံထားခဲ့ရတဲ့ နဂါးပျံ
တစ်ကောင်လိုပါပဲ... လေအေးတွေရဲ့
ထိန်းချုပ်မှုအောက်မှာ သူ့ရဲ့
လှုပ်ရှားမှုတွေဟာ ဖြေးဖြေးခြင်းနဲ့ပဲ
ခက်ခဲကာ လာခဲ့ပါပြီ။

ဒီ့မတိုင်ခင်က မြေလျှောင် လှုပ်သလိုမျိုး
ဖြစ်နေခဲ့တဲ့ ဂူကြီးကလဲ...
အခုအချိန်မှာ ပြန်ပြီးတော့
ငြိမ်သက်လာခဲ့ပြီလေ...
ကမ္ဘာပျက်နေသလိုမျိုး ဖြစ်နေခဲ့တဲ့
မြင်ကွင်းဟာလည်း ဟွမ်စန်းရဲ့

သာမာန်သာ ဖယ်ရှားခြင်းကို
ခံလိုက်ရပါပြီ။

ဟွမ်စန်းက ပြုံးပြီးတော့မှပဲ
ပြောလိုက်ပါတယ်... "ဟဲဟဲ...
ရွှေရောင်ဗဟိုချက် အဆင့်က
ကျင့်ကြံသူ တွေမှာလဲ...
အဆင့်မြင့်တဲ့သူနဲ့ နိမ့်တဲ့သူတွေကို
ခွဲထားသေးတယ်ကွ..."

ပြင်းထန်သောမုန်တိုင်း အဖွဲ့အစည်းက
ကျင့်ကြံသူတွေကလဲ ပိုပိုပြီးတော့
ကြောက်ရွံ့ကာ လာကြပါပြီ...

ဟွမ်စန်းက ဒီရွှေရောင်ဗဟိုချက်
အဆင့်က ကျင့်ကြံသူရဲ့ တိုက်ခိုက်မှုနဲ့
တူညီတဲ့ အဆောင်လက်ဖွဲ့လေးကို
ဘာမှမဟုတ်သလိုပဲ
သဘောထားခဲ့တာလေ။

ဝတ်ရုံနက်နဲ့ လူကြီးဟာ ဇူရီကို
တစ်ချက်ကြည့်လိုက်ပါတယ်…
တစ်ချက်ကလေးမှ တွေဝေနေခြင်း
မရှိပဲနဲ့ သူက ဇူရီလေးကို
ဖမ်းကိုင်လိုက်ပြီး… သူတို့ရဲ့
ခြေထောက်အောက်က အသူရာ
ချောက်နက်ကြီးရဲ့ အထဲကို

ပစ်ချလိုက်ပါပြီ။ ပြီးတာနဲ့ တပြိုင်နက်
သူဟာ ဥမင်လှိုဏ်ခေါင်းရဲ့
အောက်ဖက်က သယ်ယူပို့ဆောင်ရေး
ဝက်ပါရှိရာဆီကို နောက်တစ်ချက်မှ
ပြန်လှည့်မကြည့်ပဲနဲ့
ပြေးသွားခဲ့လိုက်ပြီလေ။

ဟွမ်စန်းကတော့ အသာလေးပဲ
ပြုံးလိုက်ပါတယ်… သူ့ရဲ့မှော်စွမ်းအင်
အနည်းငယ်ကို ထုတ်လိုက်ပြီး…
အောက်ကို ပြုတ်ကျနေတဲ့ ဇူရီလေးကို
ဖမ်းယူမလို့ လုပ်လိုက်တယ်လေ…
ဒါပေမဲ့လည်း ရုတ်တရက်ပဲ

ပြင်းထန်တဲ့  ညစ်ညမ်းသော
စွမ်းအင်တွေဟာ
အသူရာချောက်ကြီးရဲ့
အောက်ဖက်ကနေ ထိုးတက်ကာ
လာခဲ့ပါပြီ။

ဒီညစ်ညမ်းတဲ့ စွမ်းအင်တွေဟာ
အိပ်မောကျနေတဲ့ မွန်းစတားကြီး
တစ်ကောင်ဟာ... ပြီးခဲ့တဲ့
ဖြစ်ရပ်တွေကြောင့် ရုတ်တရက်ပဲ
နိုးထလာခဲ့တဲ့ အတိုင်းပါပဲ။

"ဟင်?"... ဟွမ်စန်းရဲ့ မေးနေတဲ့
မျက်လုံးတွေဟာ ဆတ်ကနဲပဲ
ပွင့်လာခဲ့ပါတယ်... သူ့ရဲ့ ဝဝဖိုင့်ဖိုင့်နဲ့
ခန္ဓာကိုယ်ကြီးဟာ နေရာကနေ
ပျောက်သွားခဲ့ပြီး... ချက်ချင်းဆိုသလိုပဲ
ဇူရီလေးရဲ့ အရှေ့မှာ ပေါ်လာခဲ့ပါပြီ...
တစ်ချိန်ထဲမှာပဲ သူဟာ ဒီညစ်ညမ်းတဲ့
စွမ်းအင်တွေနဲ့
ထိတွေ့လိုက်ရတယ်လေ။

အေးမြတဲ့ လေထုဟာ ဟွမ်စန်းရဲ့
ခန္ဓာကိုယ်ကို ရစ်ခွေထားပါတယ်...
အများစုကတော့ ညစ်ညမ်းတဲ့

စွမ်းအင်တွေရဲ့ တိုက်စားခြင်းကို
ခံခဲ့ရပါပြီ… ဒါပေမဲ့လည်း သူဟာ သူ့ရဲ့
စွမ်းအားကြီးတဲ့ မှော်စွမ်းအင်တွေနဲ့
ဒီညစ်ညမ်းတဲ့ စွမ်းအင်တွေကို
ဖိနှိပ်ထားနိုင်ခဲ့တယ်လေ။

ဒါပေမဲ့ ဒီသေးငယ်တဲ့
စိတ်ပျံ့လွင့်မှုလေးကနေ… ဝတ်ရုံနက်
လူကြီးနဲ့ ပြင်းထန်သောမုန်တိုင်း
အဖွဲ့အစည်းက ကျင့်ကြံသူတွေဟာ
အခွင့်အရေးကို အပိုင်အသုံးချပြီး
လှိုဏ်ခေါင်းအတွင်းကို
ပြေးသွားကြကာ…

သယ်ယူပို့ဆောင်ရေး ဝက်ပါကို
အသက်သွင်းလိုက်ကြပါပြီ။

ဟွမ်စန်းရဲ့ မျက်နှာပေါ်က
အပြုံးလေးကလဲ ပျောက်ကွယ်လို့
သွားခဲ့ပြီလေ... သူ့ရဲ့လက်ကို
မြှောက်လိုက်ပြီး မှော်ကျိန်စာ
သင်္ကေတ တစ်ခုကို
ဖော်ထုတ်လိုက်ပါပြီ။ အေးမြတဲ့
လေပြင်းဟာ ရုတ်ချည်းပဲ
တိုက်ခတ်ကာ လာခဲ့ပါတယ်...
ဒီသယ်ယူပို့ဆောင်ရေး

ဝက်ပါကိုတောင် အေးခဲသွားအောင်
ပြုလုပ်ချင်နေခဲ့တယ်လေ။

ဝတ်ရုံနက်နဲ့ လူကြီးကိုတော့
ဆုံးဖြတ်ချက် ပြတ်သားတဲ့သူလို့ပဲ
ဆိုရမှာပါ… အချိန်ကို ပိုရနိုင်ဖို့အတွက်
သူဟာ သူတို့ ခက်ခက်ခဲခဲနဲ့
ဖမ်းဆီးလာခဲ့ရတဲ့ ဇူရီကို ဘာမှ
တုံဆိုင်းနေခြင်း မရှိပဲနဲ့
လွှင့်ပစ်ခဲ့တယ်လေ။ ဒါပေမဲ့လည်း
ဟွမ်စန်းရဲ့ ကျင့်ကြံမှု အဆင့်က
မြင့်မားလွန်းနေခဲ့ပါတယ်… သူဟာ
ဦးစွာ ရွှေရောင်ဗဟိုချက်

အဆောင်လက်ဖွဲ့ကို
တားဆီးရပြီးနောက်မှာ ဇူရီလေးကို
ကယ်တင်ခဲ့ရပေမယ့်လဲ...
နောက်ဆုံးမှာတော့ သူဟာ သူတို့ကို
ကြားဖြတ်တားဆီးနိုင်ဖို့ စွမ်းရည်
ရှိနေခဲ့သေးတယ်လေ။

ကံဆိုးတာက အလွန် အရေးကြီးနေတဲ့
အချိန်မှာပဲ... ထူးဆန်းတဲ့
ညစ်ညမ်းသော စွမ်းအင်
တိမ်တိုက်ကြီးဟာ အသူရာ
ချောက်ကြီးရဲ့ အထဲကနေ
တက်လာပြီး ဝတ်ရုံနက် လူကြီးတို့ကို

ကူညီခဲ့တာပါ။ ဒီတစ်ချက်
နောက်ကျသွားတဲ့
အခိုက်အတန့်ကလေးကပဲ ဟွမ်စန်းကို
ခြေတစ်လှမ်း
နောက်ကျသွားစေခဲ့တာပဲ
ဖြစ်တယ်လေ။

ဒီသယ်ယူပို့ဆောင်ရေး ဝက်ပါကြီးဟာ
စတင်ပြီးတော့ အသက်ဝင်လာခဲ့ပြီ
ဖြစ်ပါတယ်… ဒါပေမဲ့လည်း
ဟွမ်စန်းရဲ့ မှော်စွမ်းအင်ရဲ့
နှောင့်ယှက်မှုတွေအောက်မှာ…
ဒီမှော်ကျိန်စာ ဝက်ပါက

ဖွင့်လှစ်လိုက်တဲ့ လေဟာနယ်ကြီးဟာ
တွန့်လိမ် ပုံပျက်ပြီးတော့
ကွေ့ကောက်လို့ သွားခဲ့ပါပြီ…
ပြင်းထန်သောမုန်တိုင်း အဖွဲ့အစည်းက
ကျင့်ကြံသူ တစ်ယောက်ရဲ့ ခန္ဓာကိုယ်
တစ်ပိုင်းကိုတောင်
စုတ်ဖြဲပစ်ခဲ့တယ်လေ… ဒါပေမဲ့လည်း
နောက်ဆုံးမှာတော့ သူဟာ
ဟင်းလင်းပြင်
လမ်းကြောင်းတစ်ကြောင်းကိုတော့
ပွင့်သွားစေခဲ့ပါတယ်…
ဝတ်ရုံနက်လူကြီးနဲ့
အပေါင်းအပါတွေကလဲ
လွတ်မြောက်လို့ သွားခဲ့ကြပြီလေ။

ဟွမ်စန်းကတော့ တဟားဟားနဲ့
ရယ်ပြီးတော့ပဲ ပြောလိုက်ပါပြီ...
"ဟားဟား... ကြွက်ကလေး
တစ်အုပ်စုပါပဲကွာ... သူတို့ကိုယ်သူတို့
အပြေးမြန်တယ်လို့ ထင်နေကြတာပဲ...
ဒါပေမဲ့ ငါ့ရဲ့
ကြားဝင်နှောင့်ယှက်မှုကြောင့်
မင်းတို့ဟာ အစက ရည်မှန်းထားတဲ့
နေရာကို
မရောက်နိုင်ကြတော့ဘူးလေ။
ဒီဟင်းလင်းပြင် ပဋ္ဋိပက္ခတွေရဲ့
အကြားမှာ မသေခဲ့ရင်ပဲ
ကံကောင်းတယ်လို့ မှတ်လိုက်ဟ..."

သူ့ရဲ့ လက်ထဲမှာ ဖမ်းဆုပ်ခံထားရတဲ့
ဇူရီလေးကတော့ ဘာကိုမှ
မပြောခဲ့ရှာပါဘူး။

ဟွမ်စန်းက ဇူရီကို
စိုက်ကြည့်လိုက်တယ်... သူ့ရဲ့
မျက်လုံးပေါက်တွေကို
ပိတ်လုနီးပါးအထိပဲ ပြုံးလိုက်ပါပြီ...
"ဟဲဟဲ... ဟိုငရှုပ်လေးတွေက
တော်တော်လည်တာပဲ... ဒီလိုမျိုး
မသန့်စင်တဲ့ စိတ်ဝိညာဉ်စွမ်းအင်
ရှိတဲ့နေရာကို ရှာလဲရှာတတ်ပါ့ဗျာ။

သာမာန်လူတွေ ဆိုရင်တော့
ဒီနေရာကို ဘယ်လိုလုပ်ပြီးတော့
ရှာတွေ့နိုင်ပါ့မလဲ… ဒါပေမဲ့လည်း
ဇနပုဒ်က လူတွေကတော့
အမြင်မကျယ်နိုင်ဘူးပေါ့ဗျာ…
သူတို့က ဒီလို နေရာမျိုးမှာလဲ…
ရွှေရောင်ဗဟိုချက် အဆင့်က
လူတွေဟာ သူတို့ရဲ့ ပစ်မှတ်တွေကို
ရှာနိုင်သေးတယ် ဆိုတာကို
သဘောမပေါက်ကြဘူးလေ…"

"ကောင်းကင်ဘုံကို
ကျေးဇူးတင်ရမှာက သခင်လေးရီကို

ဒီလိုမျိုး သူပုန်တွေရဲ့ လက်ထဲကနေ
ကယ်တင်နိုင်ခဲ့တာပဲ…
နို့မဟုတ်ရင်တော့ အမတ်ရဲ့
မျက်နှာဟာ သခင်လေးကြောင့်
အိုးမည်းတော့
အသုတ်ခံရတော့မှာလေ…"

တခြား အခြေခံအုတ်မြစ် အဆင့်က
ကျင့်ကြံသူ ခုနှစ်ယောက် တို့ကလဲ
ဇူရီကို ကြည့်လိုက်ကြပါပြီ… သူတို့ရဲ့
မျက်နှာတွေမှာလဲ ကြောင်ကကြွက်ကို
ကစားနေသလိုမျိုး
သရော်ပြုံးလေးတွေနဲ့ပါ။

ဇူရီလေးဟာ သူ့ရဲ့ရင်ထဲမှာ
ကူရာမဲ့စွာနဲ့ပဲ
ခံစားလိုက်ရပါတော့တယ်…
မျက်စိတစ်ချက် ဝေ့ကြည့်လိုက်ရုံနဲ့
သူက ဒီကျင့်ကြံသူတွေကို
မှတ်မိလိုက်ပါပြီ… သူတို့ဟာ
ရွှမ်ကျိုအမတ်ရဲ့ ပထမဇနီး…
လေဒီဆောင်နဲ့… ဆက်နွယ်နေကြတဲ့
ကျင့်ကြံသူတွေပဲ ဖြစ်ကြတယ်လေ။

သူ့ရဲ့အရှေ့က ဟွမ်စန်းတောင်မှပဲ…
သူဟာ ရွှမ်ကျိုအမတ်ရဲ့

လူယုံဖြစ်သော်ငြားလည်းပဲ… သူက
လေဒီဆောင်ရဲ့ ယုံကြည်ရတဲ့
လက်အောက်ငယ်သား
တစ်ယောက်ဖြစ်ပြီးတော့…
လေဒီဆောင်ရဲ့ လူသိမခံနိုင်တဲ့
ကိစ္စတစ်ချို့ကို ဆောင်ရွက်ပေးရတဲ့
သူလဲဖြစ်ပါတယ်။

ဥပမာအားဖြင့် အခုလိုမျိုး
အချိန်မှာပေါ့… ဇူရီဟာ သူတို့က သူ့ကို
သက်တောင့်သက်သာနဲ့ပဲ
နှုတ်ပိတ်လိုက်ပြီး…
ပြင်းထန်သောမုန်တိုင်း အဖွဲ့အစည်းက

လူတွေရဲ့ အပေါ်ကို
အပြစ်ပုံချလိုက်မယ်လို့
ယုံကြည်နေခဲ့တယ်လေ။

ဒါကတော့ တကယ်ကိုပဲ
ခြသေ့်သားရဲတွင်းထဲက ထွက်လာရပြီး
နောက်မှာတော့
ဝံပုလွေသားအောင်းဂူထဲကို
ဝင်သွားရတာပါပဲ။

သေချာတာပေါ့... ဟွမ်စန်းက
ပြုံးပြီးတော့မှပဲ ပြောလိုက်ပါပြီ...
"အင်း... အသက်ရှိနေသေးတဲ့

သခင်လေးရီဟာ... ဘယ်လိုပဲဖြစ်ဖြစ် လူဆိုးလူသွမ်းတွေရဲ့ လက်ထဲကို ကျရောက်သွားပြီး အမတ်ကို အကျပ်ကိုင်ဖို့ အသုံးချခံ မဖြစ်သင့်ဘူးလေ။ အမတ်ကတော့ အပေးအယူလုပ်မှာ မဟုတ်ပေမယ့်... သတင်းတွေသာ ပြန့်သွားခဲ့ရင် အမတ်ရဲ့ မျက်နှာဟာ အရှက်ရစရာ ဖြစ်သွားလိမ့်မယ်..."

"ဒါပေမဲ့လည်း... တကယ်လို့များ သခင်လေးရီဟာ သူ့ရဲ့ ဖခင်အမတ်ကို မျက်နှာမပျက်စေဖို့ အလိုက်သိစွာနဲ့

ကိုယ့်ကိုယ်ကို သတ်သေလိုက်ပြီး...
သေတာတောင်မှ ဒူးမထောက်
လက်မမြှောက်ခဲ့ဘူး ဆိုရင်တော့...
ဒီသတင်းက ပျံ့နှံ့သွားရင် ပိုပြီးတော့
လှပတဲ့ ပုံပြင်လေးတစ်ပုဒ်
ဖြစ်သွားမှာပေါ့... ဟုတ်တယ်မို့လား?"

စကားပြောနေရင်းကပဲ... ဟွမ်စန်းရဲ့
သေးငယ်ဝိုင်းစက်ပြီး တောက်ပတဲ့
မျက်လုံးအစုံဟာ ဇူရီကို တင်းကျပ်စွာ
စိုက်ကြည့်နေလိုက်ပါပြီ... သူ့ရဲ့
တစ်ကိုယ်လုံးကနေလဲ အန္တရာယ်

အပြည့်နဲ့ အငွေ့အသက်တွေဟာ
ပေါ်ထွက်ကာ လာခဲ့ပြီလေ။

ဇူရီလေးက ချက်ချင်းပဲ
သူ့ရဲ့နှလုံးသားကို မမြင်ရတဲ့
လက်တစ်ဖက်က ဖျစ်ညှစ်လိုက်ပြီး
ပြင်းထန်စွာ ပွတ်သပ်လိုက်သလိုမျိုး
ခံစားလိုက်ရပါပြီ… သူ့ရဲ့
တစ်ကိုယ်လုံးက သွေးတွေဟာလည်း
နှလုံးရှိတဲ့ နေရာကို စုစည်းသွားပြီး…
သူ့ရဲ့နှလုံးကို ပေါက်ကွဲထွက်အောင်
လုပ်ချင်နေခဲ့ပြီလေ!

ဇူရီလေးရဲ့ မျက်လုံးအိမ်တွေကလဲ
တဖြေးဖြေးနဲ့ ကျယ်လာခဲ့ပါပြီ... သူ့ရဲ့
မျက်လုံးအစုံဟာလည်း ဖြည်းညင်းစွာနဲ့
အရောင်မှိန်ကာ လာခဲ့ပြီလေ။

"ဟင်း... ငါ... ငါက တကယ်ပဲ
ဒီနေရာမှာ သေရတော့မှာလားကွာ?"

## စာစဉ် ၄ : အပိုင်း ၃

## အပိုင်း ၄၃ : စူတောင် ခေးသမား

ဇူရီလေးရဲ့ အသက်စွမ်းအင်တွေဟာ
တဖြေးဖြေးနဲ့ပဲ
မှေးမှိန်ပျောက်ကွယ်ကာ လာခဲ့ပါပြီ။

ဟွမ်စန်းရဲ့မျက်နှာ
ပြည့်ပြည့်ဖောင်းဖောင်းကြီးကတော့
အရင်က လိုမျိုးပဲ ရွှင်လန်းပျော်မြူးလို့
နေတုံးပါပဲ... သေးငယ်စူးရှ
တောက်ပတဲ့ မျက်လုံးအစုံတွေကတော့
ရက်စက်တဲ့ အလင်းတန်းတွေကို
ထုတ်လွှတ်နေလို့ပါ။ သူက ဇူရီလေးကို
ဖြေးဖြေးချင်း
နှိပ်စက်ညင်းပန်းနေတုံးမှာပဲ... သူ့ရဲ့
အမူအရာဟာ အနည်းငယ်

ပြောင်းသွားခဲ့ပြီး သူ့ရဲ့
အနောက်ဘက်ကို ကြည့်လိုက်ပါပြီ။

ဥမင်လှိုဏ်ခေါင်းရဲ့ တခြား
အစွန်းတစ်ဘက်မှာ... နှင်းပွင့်လိုမျိုး
ဖြူဖွေးတဲ့ အဝတ်အစားကို
ဝတ်ဆင်ထားပြီး အစိမ်းရောင်
ဝါးဦးထုပ်ကို ဆောင်းထားတဲ့...
လူရွယ်တစ်ယောက်က
ရပ်နေခဲ့ပါတယ်။

ဒီလူရွယ်က ခေါင်းကို မော့လိုက်ပါပြီ...
သူ့ရဲ့ ဝါးဦးထုပ်အောက်က မျက်နှာကို

တွေ့လိုက်ရပြီလေ။ သူရဲ့မျက်နှာဟာ
သာမာန်ပဲလို့ ယူဆနိုင်ပါတယ်… သူ့ရဲ့
အသားအရေဟာ အရမ်းကိုပဲ
ဖြူဆွတ်နေပြီး သူ့ရဲ့ မျက်နှာအပေါ်မှာ
အဖြူရောင် အစက်အပြောက်လေး
တစ်ချို့ကိုတောင်
တွေ့မြင်နိုင်တယ်လေ။

သူ့ရဲ့ ခန္ဓာကိုယ်ပေါ်မှာ အာရုံတွေကို
ဆွဲဆောင်နိုင်မှု အရှိဆုံးကတော့…
သူ့ရဲ့ခါးမှာ ချိတ်ဆွဲထားတဲ့ဓားပဲ
ဖြစ်ပါတော့တယ်။ ဓားအိမ်ရဲ့
အပေါ်မှာက တည့်ကြည့်ငြိမ်သက်ပြီး
ရှေးဟောင်းကျလှတဲ့

ရှုခင်းပန်းချီကားပုံကို
ထွင်းထုထားတယ်လေ။

သတိတဖြေးဖြေး လစ်သွားခဲ့ပြီဖြစ်တဲ့
ဇူရီလေးကလွဲလို့ အခင်းဖြစ်ရာမှာ
ရှိနေကြတဲ့ လူတွေအားလုံးဟာ...
ဒီဓားကို မြင်လိုက်ရတဲ့ အခါမှာ သူတို့ရဲ့
မျက်လုံးသူငယ်အိမ်တွေဟာ
ကျဥ်းမြောင်းလို့ သွားခဲ့ကြပါတယ်...
"ဟာ... စူတောင်ဓားဂိုဏ်းက
လူတစ်ယောက်လားဟ?"

လေပေါ်မှာ ရှိနေတဲ့ ဟွမ်စန်းကို
ခေါင်းမော့ကြည့်နေခဲ့ပေမဲ့လဲ... သူ့ရဲ့
အမူအရာတွေဟာ လုံး၀ကိုပဲ
အထက်စီး ဆန်နေခဲ့တယ်လေ။
သူ့ရဲ့ပါးစပ်ကို ဟလိုက်ပြီး
ပြုံးဖြဲဖြဲနဲ့ပဲ... "ဟော့... ဖက်တီး...
အဖြူရောင် ၀တ်ရုံနဲ့ တာအိုဝတ်စုံကို
၀တ်ထားတဲ့ အသက်ခပ်ငယ်ငယ်နဲ့
တာအိုဆရာ တစ်ယောက်ကို
တွေ့မိသေးလားကွ... သူ့ဆီမှာက
ကလေးလေး နှစ်ယောက်လဲ
ပါသေးတယ်လေ?"

ဒီလူရွယ်ရဲ့ လေသံဟာ
ကရော်ကမည်နိုင်ပြီး
ရိုင်းစိုင်းပါတယ်… ဟွမ်စန်းရဲ့
မျက်နှာပေါ်က အပြုံးဟာ
မပျောက်ကွယ်သေးပေမယ့်… သူ့ရဲ့
မျက်လုံးတွေကတော့ အေးစက်ကာ
လာခဲ့ပါပြီ။

ရွှမ်ကျိအမတ်ရဲ့ အရှေ့မှာတော့…
ဟွန်စန်းဟာ လက်ပါးစေ တစ်
ယောက်ပါပဲ… ဒါပေမဲ့လည်း
ရွှမ်ကျိအမတ်ရဲ့ အတွင်းလူယုံဖြစ်တဲ့
သူ့ကို… တခြားဘယ်သူမှ

အထင်သေးပြီးတော့
မဆက်ဆံရဲခဲ့ဘူးလေ။

ရွှမ်ကျိုအမတ် ဂေဟာမှာ မပြောနဲ့…
ကျိုးအင်ပါယာ
တစ်ခုလုံးမှာတောင်မှပဲ…
လူအတော်များများက သူ့ကိုတွေ့ရင်
မစ္စတာဟွမ်စန်းလို့ လေးလေးစားစား
ခေါ်ရတာပါ။

အထူးသဖြင့် အခြေခံအုတ်မြစ်
အဆင့်က ကျင့်ကြံသူတစ်အုပ်ကလဲ
မကျေနပ်တဲ့ အမှုအရာတွေကို

ဖော်ပြနေကြပါပြီ။ တစ်ခါမှ
မလှုပ်ရှားခဲ့ရသေးတဲ့ အခြေခံအုတ်မြစ်
အဆင့်က ကျင့်ကြံသူ
တစ်ယောက်ကလဲ... သူက
ဘာအကွက်ကိုမှ မပြရရင်
ခွင့်လွှတ်နိုင်စရာ အကြောင်း မရှိဘူးလို့
တွေးမိပြီး... ဟွမ်စန်းကို
မျက်နှာလုပ်ချင်နေတာကြောင့်...
အပြစ်တင်တဲ့ အနေနဲ့
ပြောလိုက်ပါပြီ.... "ဟေ့... ဒါက
ရွှမ်ကျိအမတ် ဂေဟာက
မစ္စတာဟွမ်စန်းကွ...
ကောင်းကောင်းဆက်ဆံဟ...
နို့မဟုတ်ရင်
စူတောင်ခေါ်းဂိုဏ်းကတောင် မင်းကို

အကာအကွယ်ပေးနိုင်မှာ
မဟုတ်ဘူးဟေ့!"

ဒီစကားကို ကြားလိုက်ရတော့...
ဝါးဦးထုပ်နဲ့ လူရွယ်က
တိတ်တခိုးလေးပဲ ရယ်လိုက်ပါတယ်...
သူ့ကို လှည့်တောင်မှ မကြည့်ခဲ့ပါဘူး။

ဒါပေမဲ့ သူ့ရဲ့ ခါးကဓားဟာ
ရုတ်တရက်ပဲ ဓားအိမ်ထဲကနေ
ထွက်လာခဲ့ပြီး... အေးစက်တဲ့
အလင်းတန်း တစ်ခုအသွင်ကို
ပြောင်းသွားပြီး ထိုအခြေခံ

အုတ်မြစ်အဆင့် ကျင့်ကြံသူဆီကို
ပစ်လွှတ်လို့ သွားခဲ့ပြီလေ။

ဟွမ်စန်းရဲ့ မျက်နှာကလဲ
မည်းမှောင်လို့ သွားခဲ့ပါပြီ... "ဟွန့်...
ရိုင်းလိုက်လေ!" အဆုံးအစမဲ့
လေအေးတွေဟာ
သိပ်သည်းသွားခဲ့ပြီး... ဒီဝါးဦးထုပ်နဲ့
လူရွှယ်ရဲ့ဓားကို အေးခဲအောင်
ပြုလုပ်ချင်နေခဲ့ပြီလေ။

ဒါပေမဲ့လည်း ဝါးဦးထုပ်နဲ့ လူရွှယ်ရဲ့
ဓားအော်ရာတွေဟာ

အေးစိမ့်နေတဲ့လေနဲ့
ထိတွေ့ခါနီးမှာပဲ… တကယ်ကို
ချက်ချင်းပဲ ပျောက်ကွယ်လို့
သွားခဲ့ပါတယ်။

ဟွမ်စန်းကလဲ အနည်းငယ်
မှင်သက်သွားခဲ့တယ်လေ…
ခဏနေတော့ သူ့ရဲ့ အမူအရာတွေဟာ
ပြင်းပြင်းထန်ထန်ပဲ
ပြောင်းလဲသွားခဲ့ကာ…
အော်ပြောလိုက်ပါပြီ… "ဟေ့…
သတိထား!"

အတိုက်ခံခဲ့ရတဲ့ အခြေခံအုတ်မြစ်
အဆင့်က ကျင့်ကြံသူဟာ ဘာမှကို
မတုံပြန်နိုင်ခင်မှာပဲ… ခဏနေက
ပျောက်ကွယ်သွားခဲ့တဲ့
ခေါ်းအော်ရာတွေဟာ သူ့ရဲ့အရှေ့မှာ
လက်မအနည်းငယ်သာ ကွာပြီးတော့
ရုတ်ချည်းပဲ ပေါ်ကာလာခဲ့ပြီလေ!

ခေါ်းအော်ရာတွေဟာ သူ့ရဲ့ခေါင်းကို
ထိုးဖောက်လိုက် အပြီးမှာတော့…
ဝါးဦးထုပ်နဲ့ လူရွယ်ရဲ့
ခေါ်းအိမ်အတွင်းကို
ပြန်ပြီးပျံသန်းပြီးတော့ ရောက်ရှိကာ
လာခဲ့ပါတယ်။

ဒီအချိန်မှာပဲ… ဒီအခြေခံ
အုတ်မြစ်အဆင့်က ကျင့်ကြံသူဟာ
နောက်ဆုံးတော့ တုံ့ပြန်နိုင်ခဲ့ပါပြီ။
သူက ပါးစပ်ကို ဖွင့်လိုက်ပြီး
စကားပြောဖို့ ကြိုးစားလိုက်ပါတယ်…
ဒါပေမဲ့ အသံတစ်စက်မှ
ထွက်လို့မလာခဲ့ပါဘူး။ သူ့ရဲ့
မျက်ခုံးနှစ်ဘက် အကြားကနေ…
သွေးစတစ်စဟာ ပေါ်ထွက်လာခဲ့ပြီး…
ခဏအကြာမှာ ရုတ်ချည်းပဲ
ပေါက်ကွဲပြီးတော့ လာခဲ့ပါပြီ…
သွေးစိမ်းရှင်ရှင်တွေဟာ လေထဲမှာ
လွင့်ပျံလို့ သွားခဲ့ပြီလေ။

"ဟာ… မင်းက သတ္တိတော်တော်
ကောင်းပါလားဟေ့…" ဟွမ်စန်းရဲ့
မျက်နှာဟာ ညိုပုတ်သွားခဲ့ပါပြီ…
သူ့ရဲ့လက်ကို ဝှေ့ယမ်းလိုက်ပြီး
ဇူရီလေးကို လက်အောက်ငယ်သား
တစ်ယောက်ဆီကို
ပစ်ပေးလိုက်ပါတယ်။ သူ့ရဲ့
မှော်စွမ်းအင်တွေကို
ဖိနှိပ်ထားခြင်းတွေကို
မခံစားလိုက်ရတော့… ဇူရီကလဲ
သတိပြန်လည်ကာ လာခဲ့ပြီလေ…
ပါးစပ်အပြည့်နဲ့ သွေးပုပ်တစ်လုတ်ကို
အန်ထုတ်လိုက်ပါပြီ။ အပြင်းအထန်

နာမကျန်း ဖြစ်နေခဲ့သလိုမျိုး...
သူ့ရဲ့မျက်နှာဟာ
တစ္ဆေတစ်ကောင်လိုမျိုး
ဖြူဆွတ်ပြီးတော့ နေခဲ့တယ်လေ။

ဒါပေမဲ့လည်း ဒီအချိန်မှာ...
ဟွန်စန်းဟာ သူ့ကို
အာရုံမစိုက်နိုင်တောပါဘူး... သူ့ရဲ့
ပြည့်အစ်နေတဲ့ မျက်နှာကြီးဟာ
နှင်းခဲတွေနဲ့ ဖုံးလွှမ်းနေခြင်းကို ခံ
နေခဲ့ရပါပြီ... "အင်း... လေဟာနယ်ကို
ဖြတ်တောက်ခြင်း... စူတောင်ရဲ့
ရှောင်ဇီခေးဟာ သူ့ရဲ့ ဂုဏ်သတင်း
ကျော်စောမှုနဲ့ လိုက်ဖက်ပါပေတယ်...

ဒါပေမဲ့လည်း မင်းက
နေရာမှားပြီးတော့ ဆရာကြီး
လာလုပ်မိပြီကွ။ ဒါက
ကျိုးအင်ပါယာ... ပြီးတော့ မင်းအခု
သတ်လိုက်တဲ့သူက
ရွှမ်ကျိအမတ်ဂေဟာက လူဟ!"

ဝါးဦးထုပ်နဲ့ လူရွယ်က
သူ့ရဲ့ပါးစပ်ကိုဟပြီး စပ်ဖြီးဖြီး
လုပ်လိုက်ပါပြီ... "ဟော့... ငါကမင်းကို
အဖြူရောင် ဝတ်ရုံနဲ့ တာအိုဝတ်စုံကို
ဝတ်ထားတဲ့ အသက်ခပ်ငယ်ငယ်နဲ့
တာအိုဆရာ တစ်ယောက်က

ကလေးလေးတွေကို ခေါ်ပြီးလာတာ
တွေ့မိလားလို့ မေးနေတာလေ..."

ဟွမ်စန်းက အလွန်အမင်း
ဒေါသထွက်လှစွာနဲ့
အော်ရယ်လိုက်ပါတယ်...
"ဟားဟား... စူတောင်ဓားဂိုဏ်းက
တကယ်ကို မောက်မာနေရတာကို
အကျင့်ပါနေပြီပဲ... ရှမ်ကျိအမတ်
ဂေဟာက လူကိုတောင်မှ
သတ်ရဲတယ်... မင်းက
ကျိုးအင်ပါယာကနေပြီး
အသက်ရှင်လျက်နဲ့ ထွက်သွားဖို့ကို
မစဉ်းစားနဲ့တော့ကွ!"

ဝါးဦးထုပ်နဲ့ လူရွယ်ကလဲ ပြုံးပြီးတော့ ပြောလိုက်ပါပြီ... "အင်း... ကြည့်ရတာတော့ မင်းက ငါ့ရဲ့ မေးခွန်းတွေကို ပြန်ဖြေဖို့ အစီအစဉ် မရှိဘူးနဲ့တူတယ်... ဒါဆိုရင်တော့ မင်းကိုလဲ အသက်အရှင်ထားလို့ ဘာမှ အကျိုးမရှိတော့ဘူးကွာ..."
စကားဆုံးတာနဲ့ပဲ...
ဓားအော်ရာတွေဟာ
နောက်ထပ်တစ်ဖန် ဓားအိမ်ထဲကနေ ထွက်ခွာလို့ သွားခဲ့ပြီလေ။

"ကမ္ဘာကြီးကို ရေခဲတွေနဲ့
ပိတ်ဆို့ခြင်း... ကမ္ဘာကြီးကို
နှင်းခဲများနဲ့ ကာရံခြင်း!" ဟွမ်စန်းဟာ
စိတ်တိုစွာနဲ့ပဲ
အော်ဟစ်လိုက်ပါတယ်... သူ့ရဲ့
လက်နှစ်ဘက်ကလဲ မှော်ကျိန်စာ
သင်္ကေတတွေကို ဖန်ဆင်းလို့
နေခဲ့ပါပြီ။ ချက်ချင်းဆိုသလိုပဲ...
လေပြင်းနဲ့ ဆီးနှင်းတွေဟာ
မြေအောက်နန်းတော်ကြီး တစ်ခုလုံးမှာ
တဖွဲဖွဲနဲ့ ကျဆင်းကာ လာခဲ့ပြီလေ...
အေးမြတဲ့လေထုကြီးဟာ အတူတကွပဲ
သိပ်သည်းသွားခဲ့ပြီး... အဖြူရောင်
မြူနှင်းတွေနဲ့ ဝိုးတိုးဝါးတား

တစ်ပြင်တစ်ခွင် လွင်ပြင်ကျယ်ကြီး
အဖြစ်ကို ပြောင်းသွားခဲ့ပါတော့တယ်။

ကျန်နေသေးတဲ့ အခြေခံအုတ်မြစ်
အဆင့်က ကျင့်ကြံသူတွေနဲ့ ဇူရီလေး
အဖို့ကတော့… သူတို့တတွေဟာ
ဟွမ်စန်းရဲ့ပစ်မှတ်
မဟုတ်ခဲ့ကြပေမယ်…
လှိုင်းဂယက်တွေရဲ့ ရိုက်ခတ်ခြင်းကို
ခံလိုက်ရတာကိုပဲ ရေခဲ
အရိုက်ခံလိုက်ရသလိုမျိုး
တောင့်တောင့်ကြီးတွေ
ဖြစ်သွားကြတယ်လေ။

သူတို့ရဲ့ ခန္ဓာကိုယ်တွေသာ
တောင့်တင်းသွားကြတာ
မဟုတ်ပါဘူး… သူတို့ရဲ့
အတွေးတွေတောင်မှပဲ နှေးကွေးလို့
သွားကြပါပြီ… သူတို့ရဲ့ စိတ်တွေကလဲ
အပြောင်းအလဲတွေ
မလုပ်နိုင်ကြတော့ဘူးလေ။

ဒါက သူတို့ရဲ့
စိတ်ဝိညာဉ်တွေကတောင်
အေးခဲကုန်ကြပြီဆိုတဲ့ အရိပ်နိမိတ်ပါပဲ!

ဟင်းလင်းပြင်ကို လက်ကနဲ
ကျော်လွှားသွားနိုင်တဲ့ ရန်သူရဲ့
ခေးပျံကို ကာကွယ်ဖို့အတွက်…
ဟွမ်စန်းဟာ သူ့ရဲ့ မှော်စွမ်းအင်တွေကို
အစွမ်းကုန် ထုတ်သုံးခဲ့ပါတယ်။ သူ့ရဲ့
ခန္ဓာကိုယ် ပတ်ဝန်းကျင် တစ်ခုလုံးမှာ
လေအေးတွေဟာ တိုက်ခတ်လို့
နေခဲ့တယ်လေ… ခေးပျံလေးက
ဘယ်နေရာမှာပဲ ပေါ်လာပေါ်လာ
သူကတော့ ကောင်းကောင်းကြီး
ခုခံနိုင်မှာပါ။

"အင်း… စုတောင်ရဲ့ ရှောင်ဇီခေးက
ပရိယာယ်များပြီး ခန့်မှန်းရ
ခက်တာကတော့ မှန်ပါတယ်…
ဒါပေမဲ့လည်း သူဟာ အစဉ်အလာ
လမ်းကြောင်းကနေ သွေဖီနေပြီး…
သူရဲ့ တိုက်ရိုက် တိုက်ခိုက်နိုင်တဲ့
စွမ်းအားကလဲ မလုံလောက်ဘူး။
ရွှေရောင်ဗဟိုချက် အဆင့်က
ခေးကျင့်ကြံသူ တစ်ယောက်အနေနဲ့…
အခြေခံအုတ်မြစ် အဆင့်က လူကို
သတ်ဖို့ကတော့ လွယ်လွယ်လေးပေါ့…
ဒါပေမဲ့ ဒါလောက်လေးနဲ့ ငါကို
လာချချင်နေရင်တော့…
မင်းကမှားသွားမှာပေါ့ကွာ!"

ဟွမ်စန်းက အတွေးရေယာဉ်ထဲမှာ
နစ်မျောနေဆဲမှာပဲ... ဝါးဦးထုပ်နဲ့
လူရွယ်ရဲ့ အသံဟာ
လေအေးတွေထဲကနေ သူ့ဆီကို
လွင့်ပျံ့ကာ လာခဲ့ပါပြီ... "ဟွန့်...
ကျိုးအင်ပါယာ? ရွှမ်ကျိအမတ်?
သူတို့တွေဟာ
စွမ်းအားကြီးတာကတော့
မှန်ပါတယ်... ဒါပေမဲ့ ပြဿနာက
မင်းက အရမ်းကို အားနည်းနေတာပဲ။
ငါ့ကို ကျိုးအင်ပါယာကနေ
အသက်ရှင်လျက်နဲ့
ထွက်မသွားနိုင်အောင် လုပ်မယ်...

ဇူဟုန်ဝူကတော့ ပြောလို့ရတယ်...
ဒါပေမဲ့ မင်းကတော့ မရဘူးဟ။
ဇူဟုန်ဝူကိုတောင် ငါက
ထည့်မတွက်ဘူး... ငါက သူ့ကို
တစ်နေ့ကျရင်
ကျော်တက်သွားမှာပဲကွ..."

မြေအောက်နန်းတော်ထဲက
လေအေးတွေဟာ ချက်ချင်းပဲ
အပြင်းအထန် မငြိမ်မသက်
ဖြစ်သွားခဲ့ပါတယ်...
ကြီးစိုးလွှမ်းမိုးနိုင်တဲ့ သံမဏိ
ဓားအော်ရာတွေဟာ လေအေးတွေရဲ့
ဝန်းရံပိတ်ဆို့မှုတွေရဲ့ ကြားကနေပဲ

ပေါက်ကွဲထွက်လာခဲ့ပြီး…
ဟွမ်စန်းရှိရာဆီကို တည့်တည့်ကြီး
ခုတ်ချလိုက်ပါပြီ။

ခေါ်အောင်ရာ အလင်းတန်းဟာ
ထွန်းလင်းတောက်ပနေပြီးတော့
လူတွေကို မျက်စိကျိန်းစေခဲ့ပါတယ်…
ခေါ်ရဲ့ မျက်နှာပြင်ပေါ်က နေပြီးတော့
အေးစက်စက် အလင်းတန်းဟာ
လင်းလက်လို့ နေခဲ့တယ်လေ။
သူ့ဆီကနေ ထုတ်လွှတ်လိုက်တဲ့
အလင်းတန်း တစ်ခုချင်းဆီဟာ
လွှမ်းမိုးခြယ်လှယ်နိုင်ပြီး…

ရုပ်တန့်လို့မရနိုင်တဲ့ ခေးအော်ရာတွေပဲ
ဖြစ်ကြပါတော့တယ်။

ဒီခေးဟာ ခေးအော်ရာပေါင်း
ရာနဲ့ထောင်နဲ့ချီပြီး
စုစည်းထားသလိုပါပဲ…
ထောင်ပေါင်းများစွာသော ခေးတွေဟာ
တစ်ခုထဲ အဖြစ်ကို
ပေါင်းစည်းသွားပြီး… အတားအဆီး..
အနှောင့်အယှက်တွေ မှန်သမျှကို
ဖယ်ရှားပစ်လိုက်ပါတော့တယ်!

ဟင်းလင်းပြင်ကနေ
ရွှေ့ပြောင်းသွားလာနိုင်တဲ့
ရှောင်ဇီခားနဲ့ မတူကွဲပြားလှစွာပဲ...
ဒီခားဟာ ထူးခြားဆန်းပြားတဲ့
ပြောင်းလဲချက်တွေ လုံးဝမရှိခဲ့ပါဘူး...
အကြွင်းမဲ့ လုံးဝဥဿုံ စွမ်းအားသာ
ရှိခဲ့တယ်လေ။

ဟွမ်စန်းဟာ
ထိတ်လန့်တုန်လှုပ်သွားပြီး
ဖြူဖတ်ဖြူရော် ဖြစ်သွားခဲ့ပါပြီ...
"ဟာ... ဒါက ရှောင်ဇီခား မဟုတ်ပဲနဲ့
စူတောင်ရဲ့
ကြောက်မက်ဖွယ်ကောင်းပြီး...

ကြီးစိုးခြယ်လှယ်နိုင်တဲ့ မရီဒီယန်
ခားခြောက်ချောင်းထဲက
ရှောင်ရှန်းခားမလား?!"
အလောတကြီးနဲ့ပဲ ဟွမ်စန်းဟာ သူ့ရဲ့
မှော်စွမ်းအင်တွေ အားလုံးကို
စုစည်းလိုက်ပြီး... သူ့ရဲ့အရှေ့မှာ
မှော်ရေခဲဒိုင်း တစ်ခုကို
ဖန်တီးခဲ့လိုက်တယ်လေ။

ဒါက ဟွမ်စန်းရဲ့ အကောင်းဆုံး ခုခံမှု
နည်းစနစ်ပါ... အစောနက
ရွှေရောင်ဗဟိုချက်အဆင့်
အဆောင်လက်ဖွဲ့ကို
ရင်ဆိုင်တုံးကတောင်

ထုတ်မသုံးခဲ့ပါဘူး... ဒါပေမဲ့လည်း
အခုတော့ သူက လုံးဝကို
တုံဆိုင်းနေခြင်း မရှိပဲနဲ့
အသုံးပြုလိုက်ပါပြီ။

ဒါပေမဲ့ အရာအားလုံးက
အချည်းနှီးပါပဲ... ဒီဝါးဦးထုပ်နဲ့
လူရွယ်ရဲ့ ကောင်းကင်ကိုတောင်
ဖြိုခွဲနိုင်တဲ့ ဓားချက်အောက်မှာ...
အဆုံးအစမဲ့တဲ့
မြူခိုးလေအေးတွေဟာ...
အရပ်မျက်နှာ အသီးသီးသို့ ပျံ့နှံ့လို့
သွားခဲ့ပါပြီ! လျှို့ဝှက်ဆန်းကြယ်တဲ့

ရေခဲဒိုင်းကြီးကလဲ... ကျိုးပျက်လို့
သွားခဲ့ပြီလေ။

ဒီခားအော်ရာဟာ သူ့ရဲ့အရှေ့ကို
ရောက်လာတာကို ကြည့်ပြီးတော့...
ဟွမ်စန်းဟာ ကြိတ်မှိတ်သည်းခံ
မနေနိုင်တော့ပဲ
ဟိန်းဟောက်လိုက်ပါတယ်... "ယား...
ရေခဲခေတ်ကို လှုပ်ယမ်းလို့
မရဘူးဟေ့!"

ဟွမ်စန်းရဲ့ ကိုယ်ပေါ်မှာ ရေခဲဆီးနှင်း
အလွှာတစ်လွှာဟာ ပေါ်ပေါက်လို့

လာခဲ့ပြန်ပါပြီ… သူ့ရဲ့ ကိုယ်ခန္ဓာ
တစ်ခုလုံးကလဲ ရေခဲတုံးကြီးရဲ့
အထဲမှာ အေးခဲထားသလိုပါပဲ…
နှစ်သန်းပေါင်းများစွာက
ရေခဲတုံးကြီးလိုပဲလေ…
မာကျော..တောင့်တင်းပြီး ခွဲဖောက်လို့
မရနိုင်ပါဘူး! တစ်ချိန်ထဲမှာပဲ
ကြည်လင်ပြတ်သားပြီး… ယုံနိုင်ဖွယ်
မရှိအောင် ရှေးကျပြီး
လေးလံလှပါတယ်!

ဒါပေမဲ့… ဒါကလည်း ဘာမှကို
အသုံးမဝင်ခဲ့ပါဘူး!

ဟွမ်စန်းရဲ့ ကြောက်မက်ဖွယ်ရာ
အကြည့်တွေရဲ့ အောက်မှာပဲ...
ဒီဓားအော်ရာဟာ သူ့ရဲ့ ခုခံမှုတွေကို
လုံးဝကိုပဲ လျစ်လျူရှုထားခဲ့ပြီး...
သူ့ရဲ့ခန္ဓာကိုယ်ကို ဓားတစ်ချောင်းနဲ့
တိုဟူးတုံးကို လှီးလိုက်သလိုပဲ
လှီးဖြတ်လိုက်ပါတယ်... ပြီးတော့မှ
သူ့ရဲ့ ကိုယ်ထဲကနေ ပေါက်ကွဲလို့
သွားခဲ့ပါပြီ။ ချက်ချင်းဆိုသလိုပဲ...
ဟွမ်စန်းရဲ့ ကိုယ်ခန္ဓာ အတွင်းကနေ
ထောင်ပေါင်းများစွာသော
ဓားအော်ရာတွေဟာ ထိုးဖောက်ကာ
လာခဲ့ပြီလေ။

ဟွမ်စန်းရဲ့ ခန္ဓာကိုယ်
အတ္တဘောကြီးဟာ ပေါက်ကွဲသွားတဲ့
ဘောလုံးတစ်လုံးလိုပါပဲ… လေထဲမှာ
ဖောင်းကနဲ သွေးမိုးတိမ်ကြီး
တစ်ခုအဖြစ်ကို ပြောင်းလို့သွားခဲ့ပါပြီ။

ပြင်ပကို ပေါက်ကွဲထွက်လာတဲ့
ခေါအော်ရာတွေဟာ ဒီမှာတင်
မရပ်သွားကြသေးပါဘူး…
ဘေးပတ်ပတ်လည်က အေးခဲနေတဲ့
ကျောက်တုံးတွေကို
ရာပေါင်းများစွာသော

အပေါက်တွေအဖြစ် ဆန်ခါပေါက်
ပေါက်သွားစေခဲ့ပြီး…
ဒိန်ခဲတုံးတွေလိုမျိုး
ဖြစ်သွားစေခဲ့ပါတယ်။

ဇူရီလေးဟာ သူ့ရဲ့ခေါင်းကို ခေါင်းအုံးထဲ
ပြန်ထည့်လိုက်တဲ့ ဝါးဦးထုပ်နဲ့
လူရွယ်ကို စိုက်ကြည့်လိုက်ပါပြီ…
သူ့ရဲ့ဘေးမှာ ရှိနေကြတဲ့ ရွှမ်ကျိအမတ်
ဂေဟာက အခြေခံအုတ်မြစ်အဆင့်
ကျင့်ကြံသူတွေကလဲ လုံးဝကို
ကြက်သေသေကုန်ကြပြီလေ။

ခေါးတစ်ချက်... ခေါးတစ်ချက်နဲ့ပဲ
ဒီဝါးဦးထုပ်နဲ့ လူရွယ်ဟာ သူနဲ့အတူတူ
ရွှေရောင်ဗဟိုချက် အဆင့်မှာ ရှိနေတဲ့
ဟွမ်စန်းကို သတ်ခဲ့တာလေ။

ဟွမ်စန်းဟာ သူ့ရဲ့ အင်္ကျီလက်ဝမှာ
သူအသုံးမပြုရသေးတဲ့ ဝှက်ဖဲတွေ
အများကြီး ရှိပါသေးတယ်... သူ့ရဲ့
ရွှေရောင်ဗဟိုချက်ကိုတောင်
ဖောက်ခွဲဖို့ အချိန်မရှိပဲ... ရန်သူရဲ့
သတ်ဖြတ်ခြင်းကို ခံလိုက်ရတာပါ။

ဇူရီလေးဟာ ရုတ်တရက်ပဲ
ရယ်ချင်စိတ် ပေါက်လာခဲ့ပါပြီ...
ဟွမ်စန်းရဲ့ စကားဖြစ်တဲ့...
"ရွှေရောင်ဗဟိုချက်အဆင့်
ကျင့်ကြံသူတွေမှာလည်းပဲ...
အဆင့်မြင့်တဲ့သူနဲ့
အဆင့်နိမ့်တဲ့သူတွေကို
ခွဲခြားထားသေးတယ်ကွ..."
ဆိုတဲ့စကားဟာ သူ့ရဲ့နားထဲမှာ
ပူပူနွေးနွေးပဲ ရှိနေပါသေးတယ်...
ဒါပေမဲ့လည်း အခုတော့ သူဟာ
သူ့စကားရဲ့ အကောင်းဆုံး ဥပမာတစ်ခု
ဖြစ်သွားခဲ့တယ်လေ။

"ဟာ… ခဏနေပါဦး… ဝတ်ရုံဖြူနဲ့
တာအိုအဝတ်အစားနဲ့
တာအိုဆရာငယ်လေး… ဒါက
ငါဟိုတစ်နေ့က ဘုရားကျောင်းမှာ
တွေ့ခဲ့တဲ့လူနဲ့ တော်တော်ကို
တူနေတာပဲဟ…
မဟုတ်မှလွဲရော……." ဇူရီရဲ့ ရင်ထဲမှာ
အတွေးတစ်ခုဟာ
ရုတ်ချည်းပေါ်လာခဲ့ပါတယ်…
ခေါင်းကိုငုံ့လိုက်ပြီး ဘာကိုမှတော့
မပြောခဲ့ပါဘူး… "အင်း…
ဘယ်သူကများ ပိုပြီးတော့
အစွမ်းထက်မလဲ… သူလား…
ဒါမှမဟုတ် ဒီစူတောင်ခေါသမားလား?"

ဝါးဦးထုပ်နဲ့ လူရွယ်က သူတို့ကို
ကြည့်လိုက်ပါပြီ… ပါးစပ်ကိုဟကာ
စပ်ဖြဲဖြဲနဲ့… "ကဲ… ငါ့ရဲ့ နာမည်ကိုလဲ
မှတ်ထားကြဦးဟ… လျှိုယန်တဲ့…
ငါက ဇူဟုန်ဝူကို သတ်မဲ့သူပဲကွ…"

မှင်သက်နေကြတဲ့ လူတွေကို
ကြည့်ပြီးတော့မှပဲ… လျှိုယန်ဟာ သူ့ရဲ့
ဝါးဦးထုပ်ကို ဆွဲချလိုက်ကာ…
လှည့်ထွက်လာခဲ့ပြီလေ… "ဟင်း…
ပျင်းစရာကြီး… အရမ်းကိုပဲ ပျင်းစရာ
ကောင်းတာပဲ… ကြည့်ရတာတော့

မီးလျှံခေးဂိုဏ်းကို အရှက်ခွဲသွားတဲ့ ဟိုတာအို ဆရာငယ်လေးကို ဆက်ရှာမှထင်တယ်..."

သူက သူ့ရဲ့ နှုတ်ခမ်းတွေကို လျှာနဲ့သပ်လိုက်ပြီး တစ်ခစ်ခစ်နဲ့ ရယ်လိုက်ပါပြီ... "အင်း... ဒီလူက ဒီမြေအောက်နန်းတော် ထဲမှာပဲ ရှိမှာပဟ... သူကငါ့ကို အပျင်းပြေအောင် ဖျော်ဖြေတင်ဆက်မှုလေး ပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်ကွာ..."

*************

လင်းဖုန်းရဲ့ လက်ရှိ
စိတ်အခြေအနေဟာ အလွန်အမင်းကိုပဲ
ဆိုးဝါးလို့ နေခဲ့ပြီလေ။

"ဝုန်း... ဝုန်း... ဝုန်း..."
သွေးမြစ်တစ်စင်းဟာ
မြည်ဟည်းသံတွေနဲ့အတူ
သူ့ရဲ့အရှေ့မှာ မာန်ဟုန်ပြင်းပြင်းနဲ့
ပေါ်လာခဲ့ပါပြီ... သူဟာ

မည်းနက်နေပြီး မှုန်မှိုင်းနေလို့ပါ...
နှာခေါင်းကို လာကျူးကျော်နေတဲ့
အော်ဂလီဆန်ဖွယ် ညစ်ညမ်းတဲ့
အနံ့တွေကို ထုတ်လွှတ်နေခဲ့တယ်လေ။
ဒီအနံ့ကို ရှူလိုက်ရတာနဲ့ပဲ...
လင်းဖုန်းဟာ သူ့ရဲ့
ကိုယ်ပိုင်မှော်စွမ်းအင်
လည်ပတ်မှုတွေဟာ ခက်ခဲပြီး
မှေးမှိန်လာခဲ့တယ်လို့
ခံစားလိုက်ရပါတယ်။

ခဏာနေတုံးက... ပြင်းထန်တဲ့
မှော်စွမ်းအင် တုန်ခါမှုကြီး တစ်ခုဟာ
ဒီမြေအောက်နန်းတော်ကြီး အတွင်းမှာ

ရုတ်ချည်းပဲ
ပေါက်ကွဲသွားခဲ့တယ်လေ…
ရလဒ်ကတော့ လေဟာနယ်
လှုပ်ရှားမှုတွေကို ထိခိုက်စေခဲ့ပါတယ်။
လင်းဖုန်းတို့ အဖွဲ့ဟာ လေဟာနယ်
အက်ကွဲကြောင်းကြီး တစ်ခုအတွင်းကို
ဆွဲယူခြင်း ခံလိုက်ရပြီး…
ဒီမြေအောက်နန်းတော်ရဲ့
အနက်ပိုင်းကို
တိုက်ရိုက်ပို့ဆောင်ခြင်းကို
ခံခဲ့လိုက်ရပြီလေ။

ကံကောင်းစွာနဲ့ပဲ သူတို့သုံးယောက်ဟာ
လူစုကွဲပြီးတော့ မသွားကြပါဘူး…

ဒါပေမဲ့လည်း လင်းဖုန်းက သူတို့ဟာ မြေအောက်က ငရဲသွေးမြစ်ရဲ့ ဘေးကို အပို့ဆောင်ခံလိုက်ရမယ်လို့ တစ်ခါမှ တွေးမထားမိခဲ့ဘူးလေ။

လင်းဖုန်းဟာ ဒီကမ္ဘာရဲ့ အစွမ်းကုန် ယုတ်ညံ့ပြီး ညစ်ညမ်းလှတဲ့ ရေတွေကိုကြည့်ပြီး ငိုချင်စိတ်တွေ ပေါက်လာခဲ့ပါပြီ… ဒါပေမဲ့လည်း အပြင်ပန်းမှာကတော့ သူ့ရဲ့တပည့် နှစ်ယောက်ရဲ့ရှေ့မှာ အရာရာတိုင်းဟာ သူ့ရဲ့ ထိန်းချုပ်မှုအောက်မှာ ရှိနေသလိုမျိုး ဟန်ဆောင်ထားခဲ့ပြီး… တည်ငြိမ်စွာနဲ့ပဲ သူ့တို့ကို

ငရဲသွေးမြစ်ရဲ့ အကြောင်းကို
ရှင်းပြခဲ့ကာ အကြွင်းမဲ့
ညစ်ညမ်းမှုရေကို ဝေးဝေးကနေ
ရှောင်ဖို့ကို မှာကြားနေခဲ့တယ်လေ။

ဒီငရဲသွေးမြစ်ရဲ့ အန္တရာယ်
ကြီးမားပုံတွေကို ကြားလိုက်ရတော့…
ရှောင်ယန်နဲ့ ရှောင်ပုတန်လေးတို့ဟာ
နှစ်ယောက်စလုံး မျက်နှာတွေ
ဖွေးဆုတ်သွားကြပြီး… လင်းဖုန်းရဲ့
အနောက်ကို အနီးကပ် ထပ်ကြပ်မကွာ
လိုက်ခဲ့ကြကာ ဒီသွေးမြစ်ကို
ပလိပ်ရောဂါလိုမျိုးပဲ ခပ်ဝေးဝေးကနေ
ရှောင်ရှားခဲ့ကြပါတော့တယ်။

လမ်းလျှောက်နေရင်းကပဲ လင်းဖုန်းက
တစိမ့်စိမ့်နဲ့ တွေးနေခဲ့ပါပြီ... "အင်း...
ဒီမဟာ့ရာတိမ်တိုက်
အလံမှော်အိုင်တမ်ဟာ
ကောင်းတော့ကောင်းပေမယ့်...
ဒီလောက်ကြီးတော့ အရေးမကြီးပါဘူး။
တကယ်လို့များ ကံကောင်းရင်လဲ
ရမှာပေါ့... တကယ်လို့ မရခဲ့ရင်လဲ
ထားလိုက်ပါတော့မယ်။ ဒါပေမဲ့
ဇူရီလေးကတော့...
ဒီလောက်အထိကြီး ခက်ခက်ခဲခဲ
ကြိုးစားထားရပြီးမှ

ဒီတပည့်လေးကိုတော့
ရမှဖြစ်မယ်ကွ..."

စဉ်းစားနေရင်းကပဲ... သူ့ရဲ့
ဘေးမှာရှိတဲ့ ရှောင်ပုတန်လေးက
ရုတ်တရက်ပဲ သူ့ရဲ့ အင်္ကျီလက်စကို
လှမ်းဆွဲလိုက်ပါတယ်... "အား...
ဆရာသခင်... ဟိုမှာ
ကြည့်စမ်းပါဦး..."

လင်းဖုန်းဟာ သူ့ရဲ့ အတွေးတွေရဲ့
အထဲကနေ ရုန်းထွက်လိုက်ပြီးမှ...
ရှောင်ပုတန်လေး ညွှန်ပြတဲ့ဘက်ကို

လှမ်းကြည့်လိုက်ပါပြီ။ အဝတ်ညိုညို..
ဆံပင်တိုတိုနဲ့ လူတစ်ယောက်က
သွေးတွေအပြည့်နဲ့...
ငရဲသွေးမြစ်ရဲ့ဘေးမှာ
တရားထိုင်နေပြီး ကြည့်ရတာ
အခြေအနေ တော်တော်ဆိုးနေတဲ့ပုံ
ပေါက်နေခဲ့တယ်လေ။ သူကတော့
ဘုန်းကြီးဟွေကုကလွဲလို့
တခြားသူမဟုတ်ပါဘူး။

ဟွေကုက နာကျင်ပြီး
စိတ်အားငယ်နေတဲ့
ပုံစံပေါက်နေခဲ့ပါတယ်...
သူ့ရဲ့ကိုယ်ကနေ ရွှေရောင်

ဗုဒ္ဓအလင်းတန်းတွေဟာ တဖျပ်ဖျပ်နဲ့
လက်နေခဲ့တယ်လေ။
အလင်းတန်းတွေရဲ့ မျက်နှာပြင်
အပေါ်မှာတော့… အစိမ်းရောင်
မီးတောက်တွေနဲ့.. အနီရောင်
သွေးစက်တွေဟာ တဖြောက်ဖြောက်နဲ့
ရောယှက်လို့ နေခဲ့ပါပြီ။

လင်းဖုန်းကလဲ
ဘာဖြစ်နေသလဲဆိုတာကို
သဘောပေါက်ခဲ့ပြီလေ… "အင်း…
ဒီဘုန်းကြီး… သူက ငရဲသွေးမြစ်ရေ
အစစ်အမှန်နဲ့ စွန်းထင်းသွားပြီးတော့…
အခုလောလောဆယ်မှာ

ဗုဒ္ဓအလင်းတန်းနဲ့ သူ့ကိုယ်သူ
ကာကွယ်နေပြီး... အစိမ်းရောင်
မီးတောက်တွေနဲ့ စွန်းထင်းနေတဲ့
သွေးတွေကို ညှစ်ထုတ်နေတာပဲ
ဖြစ်ရမယ်..."

ဒီမြင်ကွင်းကို ကြည့်လိုက်ရတော့...
နွေဦးနေဝန်းကဲ့သို့ နွေးထွေးသော
အပြုံးလေး တစ်ခုဟာ
သူ့ရဲ့ဝသီအတိုင်း လင်းဖုန်းရဲ့
မျက်နှာပေါ်မှာ ပေါ်ပေါက်ကာ
လာခဲ့ပြန်ပါပြီ။

## စာစဥ် ၄ : အပိုင်း ၄

# အပိုင်း ၄၄ : ရေနစ်နေသူကို ဝါးလုံးနဲ့ ကူထိုးခြင်း

ဝေဒနာ ကြီးမားစွာနဲ့ ဒီစွန်းထင်းနေတဲ့
သွေးတွေကို ညှစ်ထုတ်နေတဲ့
ဟွေ့ကုကို ကြည့်လိုက်ပြီး…
လင်းဖုန်းရဲ့ မျက်နှာပေါ်မှာ
စူးရှတောက်ပလှတဲ့ အပြုံးလေး
တစ်ခုဟာ ပေါ်ပေါက်လို့
လာခဲ့ပါတယ်။

ရေနစ်နေတဲ့လူကို ဝါးလုံးနဲ့
ကူထိုးပေးရတာဟာ လူတွေရဲ့
စိတ်နှလုံးကို ပျော်ရွှင်စေခဲ့တယ်လေ။

သူ့ရဲ့ တပည့်လေးကလဲ သူနဲ့အတူ
စိတ်တူကိုယ်ပါ ဖြစ်နေခဲ့ပါပြီ။
ရှောင်ယန်ကလဲ ဒီမြင်ကွင်းကို
ကြည့်လိုက်ပြီး... သူ့ရဲ့
လက်ဆစ်တွေကို
တစ်ဖြောက်ဖြောက်နဲ့
ချိုးနေခဲ့ပြီလေ... "ဟွန့်...
ဒီကတုံးနာကြီး... နည်းတောင်
နည်းသေးတယ်ဟ..."

လင်းဖုန်းကလဲ ပြောလိုက်ပါပြီ...
"ကဲ... ယန်ကလေးရေ... မင်းရဲ့
မိုးကြိုးလျှပ်စီးတောင်ဝှေးကို
ဆရာသခင်ကို ပေးဦးဟ..."

ရှောင်ယန်ကလဲ ဒီမိုးကြိုးလျှပ်စီး
တောင်ဝှေးကို ထုတ်လိုက်ပြီး
လင်းဖုန်းရဲ့ စကားအတိုင်း
ပေးလိုက်ပါပြီ။ လင်းဖုန်းကလဲ
ဒီမိုးကြိုးလျှပ်စီး တောင်ဝှေးကို
လက်တစ်ဘက်နဲ့ ဆုပ်ကိုင်ထားပြီး...
တခြား လက်တစ်ဘက်ကနေ

ခိစတိဂါဘ သျှတ္တာရကို
မှတ်တမ်းတင်ထားတဲ့
ရွှေရောင်စာရွက်လေးကို
တိတ်တဆိတ်ပဲ
ထုတ်ယူလိုက်တယ်လေ…
ဒီအိုင်တမ်လေး နှစ်ခုကနေ
တစ်ခါတစ်ရံ ထွက်ပေါ်လာခဲ့တဲ့
မှော်စွမ်းအင် လှုပ်ရှားမှုတွေကို
တိတ်တိတ်လေးပဲ ခံစားနေလို့ပါ။

သူက ဒီမိုးကြိုးလျှပ်စီး တောင်ဝှေးကို
မသန့်စင်ရသေးခင်မှာပဲ…
ဒီရွှေရောင်စာရွက်ကလေးမှာ

မှုမမှန်တာ တစ်ခုခုကို
ခံစားမိနေခဲ့ပြီးသားပါ… ဒါပေမဲ့ သူက
သိပ်ပြီးတော့ အရေးမထားခဲ့ဘူးလေ။
အခုမှ အနီးကပ်
စစ်ဆေးကြည့်ရှုလိုက်တော့မှ…
လင်းဖုန်းဟာ ဒီအိုင်တမ်နှစ်ခုက
တစ်ခုနဲ့တစ်ခု ပဲ့တင်သံလိုမျိုး
အပြန်အလှန် ဆက်သွယ်မှုတွေ
ရှိနေကြတယ် ဆိုတာကို
ကောက်ချက်ချနိုင်ခဲ့ပါတယ်။

လင်းဖုန်းဟာ အဲ့ဒီအကြောင်းကို
တခဏတာမျှ စဥ်းစားလိုက်တယ်…

သူ့ရဲ့ ရင်ထဲမှာတော့ အကြံတစ်ခုက
ရှိပြီးသားပါ။ သူ့ရဲ့
တပည့်နှစ်ယောက်ကို ခေါ်လိုက်ပါပြီ…
မိုးကြိုးလျှပ်စီးတောင်ဝှေးကို
ရှောင်ယန်ထံကို ပေးလိုက်ပြီး…
ရွှေရောင်စာရွက်လေးကိုတော့
ရှောင်ပုတန်လေးဆီကို
လက်ဆင့်ကမ်းလိုက်ပြီလေ။

"အင်း… ဒီကနေ့မှာ ဆရာသခင်က
မင်းတို့နှစ်ယောက်ကို
လေ့ကျင့်ခန်းတစ်ခု ပေးမယ်ဟ…
ဆရာသခင်က နောက်တန်းကပဲ

စောင့်ကြည့်နေပြီး...
လွယ်လွယ်လေးနဲ့တော့ ထွက်ကူမှာ
မဟုတ်ဘူးနော်..." လင်းဖုန်းဟာ
အမှုမထားသလို ခပ်တည်တည်နဲ့ပဲ
ပြောလိုက်ပါပြီ... ရှောင်ယန်နဲ့
ရှောင်ပုတန်လေးတို့ဟာ
တစ်ယောက်မျက်နှာ
တစ်ယောက်ကြည့်လိုက်ပြီး... သူတို့ရဲ့
တံတွေးတွေကို တပြိုင်နက်ထဲ
ဂလုကနဲ မြိုချလိုက်ကြပြီလေ။

ရှောင်ယန်က ချီတုံချတုံ ဖြစ်စွာနဲ့ပဲ
ပြောလိုက်တယ်... "ဟင်း...

ဆရာသခင်ရေ... ဆရာက
ကျွန်တော်တို့ကို နှစ်ယောက်ထဲနဲ့
ဒီကတုံးကြီးကို
သွားချခိုင်းနေတာလားဗျာ?" သူက
အခုဆိုရင် ရေနစ်နေတဲ့
ခွေးတစ်ကောင်နဲ့ တူနေပေမယ့်...
ဘယ်လိုပဲတွက်တွက် သူက
အခြေခံအုတ်မြစ် အဆင့်က ကျင့်ကြံသူ
တစ်ယောက်လေ။ ဒါကို
ထည့်မတွက်ရင်တောင်မှ...
အဓိကအချက်က သူ့ရဲ့
ဟိုမှော်အိုင်တမ်နဲ့ဆိုရင်...
ကျွန်တော့်လိုမျိုး အယောက်တစ်ရာ

ရှိရင်တောင်မှပဲ လုံလောက်မှာ
မဟုတ်ဘူးဗျ..."

ရှောင်ပုတန်လေးကတော့
မျက်လုံးလေးတွေကို ကလယ်ကလယ်
လုပ်လိုက်ပြီး... သူ့ရဲ့လက်ထဲက
ရွှေရောင်စာရွက်လေးကို
ကြည့်လိုက်ကာ... "အား...
ဆရာသခင်မှာ အကြံတစ်ခု
ရှိတယ်မို့လား?"

လင်းဖုန်းကလဲ သူ့ဆီမှာ အနည်းငယ်
အပြစ်ရှိနေသလိုမျိုး ခံစားလိုက်ရပါပြီ။

အကြံတစ်ခုဟာ နောက်ဆုံးတော့လဲ
အကြံတစ်ခုပါပဲ... ဒါ့အပြင် ဒါက သူ့ရဲ့
မှန်းဆတွေးတောမှုတွေနဲ့
ထုတ်ထားတဲ့ အကြံတစ်ခုသာဖြစ်ပြီး...
ဒါက ကျိန်းသေအလုပ် ဖြစ်မယ်လို့လဲ
သူက အာမမခံရဲဘူးလေ။

ဒါပေမဲ့လည်း အပေါ်ယံမှာကတော့...
လင်းဖုန်းဟာ အရာရာတိုင်းဟာ သူ့ရဲ့
ထိန်းချုပ်မှုအောက်မှာ ရှိနေသလိုမျိုး
ပုံစံကို ဖမ်းထားခဲ့ပြီး...
ရှောင်ယန်ဆီကိုတောင်
မျက်စောင်းထိုးပြီးတော့

ကြည့်လိုက်ပါသေးတယ်... "ဟွန့်...
မင်းရဲ့ ဂိုဏ်းတူညီလေး ဆီကနေလဲ
နည်းနည်းပါးပါး အတုယူထားဦး...
ဆရာသခင်က ယုံကြည်မှု မရှိပဲနဲ့
မင်းတို့ကို တစ်ခုခု
လုပ်ခိုင်းပါ့မလားဟ?"

ရှောင်ယန်ကလဲ သူ့ရဲ့ နှုတ်ခမ်း
လေးတွေကို တွန့်လိုက်ပြီး ဘာကိုမှ
ဆက်မပြောတော့ပါဘူး။

လင်းဖုန်းက ပြုံးဖြီးဖြီးနဲ့ပဲ
ဆက်ပြောလိုက်ပါတယ်... "ဟဲဟဲ...

မင်းတို့က ဟိုဘုန်းကြီးကို ဘာမှ
စိတ်ပူစရာ မလိုပါဘူး... ဆရာက
အခုမင်းတို့ကို စစ်မဲ့စာမေးပွဲက
မင်းတို့ကို သူ့ရဲ့ ၂၄ ကောင်းကင်
ရဟန္တာဝက်ပါကို ချိုးဖောက်ဖို့ပဲကွ။
ဆရာက မင်းတို့ကို ပေးထားတဲ့
အိုင်တမ်တွေဟာ ဒီဝက်ပါကို
ချိုးဖောက်ဖို့အတွက် လိုအပ်တဲ့
ပစ္စည်းတွေပဲ။ ခဏနေကြရင် ငါ့ရဲ့
ညွှန်ကြားချက်တွေအတိုင်း
သေသေချာချာ လိုက်နာပြီး
လုပ်သွားရင်... ဒီဝက်ပါကို
ဖြေရှင်းဖို့က မုန့်စားသလိုမျိုး
လွယ်လွယ်လေးပါဟ..."

သူ့ရဲ့ တပည့်နှစ်ယောက်တို့ကလဲ
အားတွေတက်လာခဲ့ကြပါပြီ… သူတို့ရဲ့
လက်ဆစ်တွေကို
တစ်ဖြောက်ဖြောက်နဲ့ ချိုးလိုက်ပြီး
အဝေးက ဟွေကုရှိရာဆီကို
လှမ်းကြည့်လိုက်ကြပြီလေ။
ထျန်းကျင်းမြို့မှာတုံးက သူတို့ဟာ
ဟွေကုရဲ့ စိတ်ငြိုငြင်ဖွယ်ရာ
အနိုင်ကျင့်ခြင်းကို ခံခဲ့ရတယ်လေ…
တကယ်လို့များ ကင်းလှည့်အဖွဲ့နဲ့
မတွေ့ခဲ့ဘူးဆိုရင်တော့…
အခုအချိန်မှာဆို ဟွေကုရဲ့

အကျဥ်းသားတွေ
ဖြစ်နေလောက်ပါတယ်။

ရှောင်ယန်ကတော့ အတိတ်ကို
ပြန်တွေးတွေးပြီးတော့
ကြောက်နေခဲ့ပါပြီ။ ဒီဘုန်းကြီးက
သူ့ရဲ့ဂိုဏ်းက အကြီးအကဲတွေရဲ့
ခတ်တော်တွေကိုတောင်
အလွတ်ပေးခဲ့တာ မဟုတ်ဘူး...
တကယ်လို့များ အဲ့ဒီအချိန်မှာ
သူ့ရဲ့လက်ထဲကိုများ
ကျရောက်သွားခဲ့ရင်... သူ့ဆီကနေ
အေကာလာ ပညာရပ်ကို

ရယူဖို့အတွက် သူ့ကိုဘယ်လိုများ
နှိပ်စက်မလဲဆိုတာကို စဥ်းတောင်မှ
မစဥ်းစားရဲခဲ့ပါဘူး။

ခဏနေတုံးကလဲ သူက
တိုက်ပွဲတစ်ပွဲကို ပြင်းပြင်းထန်ထန်
တိုက်နေဆဲမှာတောင်မှပဲ…
မြွေကြီးတစ်ကောင်ကို
သူ့ဆီကိုလွှတ်ပြီး အမိဖမ်းဖို့ကို
မမေ့ခဲ့ပါဘူး။ တကယ်လို့များ ဒီလူက
မသေခဲ့ရင် ရှောင်ယန်လေးကလဲ
စိတ်အေးနိုင်မှာ မဟုတ်ဘူးလေ။

လင်းဖုန်းဟာ
အချိန်အနည်းငယ်ကြာအောင်
အခြေအနေတွေကို တွက်ချက်ပြီးတော့
နေခဲ့ပါပြီ… အကွက်တွေကို
စနစ်တကျ ချပြီးတဲ့နောက်မှာ… သူက
ရှောင်ယန်နဲ့ ရှောင်ပုတန်လေးတို့ကို
ခေါ်ပြီးမှ အပြင်ကို ထွက်ခဲ့ပြီလေ။

ဟော့ကုဟာ ဒီစွန်းထင်းနေတဲ့
သွေးတွေရဲ့ နှိပ်စက်ကလူ ပြုမှုတွေကို
နာကျင်စွာ ခံစားနေရဆဲပါ။ သူကလဲ
ကံဆိုးတယ်လို့ပဲ ပြောရမှာပါ…
ဒီမြေအောက်နန်းတော်ကို ဝင်လာပြီး

သိပ်မကြာခင်မှာပဲ...
ပြင်းထန်သောမုန်တိုင်း အဖွဲ့အစည်းက
လူတွေရဲ့ သယ်ယူပို့ဆောင်ရေး
ဝက်ပါဆီကို ရောက်လာခဲ့တယ်လေ။
ဟွမ်စန်းက သူတို့ကို ဟန့်တားဖို့
ကြိုးစားခဲ့တော့... နောက်ဆုံးမှာ
ဟင်းလင်းပြင် အရှုပ်အထွေးကြီးတစ်ခု
ဖြစ်သွားခဲ့ပြီး...
ဒီမြေအောက်နန်းတော် တစ်ခုလုံးရဲ့
လေဟာနယ်တွေကို ကစဥ့်ကလျား
ပရမ်းပတာတွေ ဖြစ်စေခဲ့ပါတယ်။

ဟေ့ကု အပို့ဆောင်ခံလိုက်ရတဲ့
နေရာဟာ ဒီငရဲသွေးမြစ်ရဲ့
အပေါ်တည့်တည့်မှာပဲ
ဖြစ်ခဲ့တယ်လေ... မာန်ဟုန်ပြင်းပြင်းနဲ့
လှိုင်းထန်နေတဲ့ သွေးမြစ်ရေတွေရဲ့
အထဲကို တိုက်ရိုက်ပဲ ကျရောက်လို့
သွားခဲ့ပါတော့တယ်။

မဟာမိုးကြိုး ကျောင်းတော်ကြီးဟာ
တစ်ချိန်က မဟာမြင့်မြတ်နယ်မြေ
သုံးခုထဲမှာ တစ်ခုအပါအဝင်
ဖြစ်ခဲ့တာပါ။ သူဟာ
အခုအချိန်မှာတော့

အဖျက်ဆီးခံလိုက်ရပေမယ့်… သူ့ရဲ့ တပည့်ငယ်သားတွေဟာ အသိပညာ ဗဟုသုတတွေနဲ့ ပြည့်စုံပါတယ်။ ဟွေကုဟာ စမြင်လိုက်တာနဲ့ပဲ ဒါဟာ ငရဲသွေးမြစ်လို့ သိလိုက်ပြီး ရင်ထဲကနေပဲ ညည်းတွားလိုက်တယ်လေ… သူဟာ ခါတ်တော်တွေကို ထုတ်တောင်မှ မထုတ်ရဲခဲ့ပါဘူး။

ဒီခါတ်တော်တွေဟာ အတိတ်က မဟာဗုဒ္ဓ ကျင့်ကြံသူတွေရဲ့ အရိုးတွေကနေ သန့်စင်ထားတယ်

ဆိုပေမယ့်… သူတို့ဟာ စွန်းထင်းတဲ့
သွေးတွေနဲ့ ညစ်ညမ်းသွားလို့ရှိရင်…
သူတို့ရဲ့ စိတ်ဝိညာဉ် လိပ်ပြာတွေဟာ
အားနည်းသွားပြီး အသုံးမကျတဲ့
အိုင်တမ်တွေ အဖြစ်ကို
ပြောင်းသွားခဲ့မှာပါ။

သာမာန်ထက်ပိုတဲ့ အားထုတ်မှုကို
ပေးဆပ်ပြီးခဲ့တဲ့နောက်မှာ ဟွေကုဟာ
ဒီသွေးမြစ်ထဲကို တိုက်ရိုက်ပြုတ်ကျ
မသွားဖို့ကို စွမ်းဆောင်နိုင်ခဲ့ပါတယ်…
ဒါပေမဲ့ သူ့ရဲ့ ခန္ဓာကိုယ်ဟာ
သွေးမြစ်ရေတွေ အများအပြားရဲ့

စွန်းထင်းမှုကို ခံလိုက်ရတယ်လေ။
သူ့ရဲ့ ဗုဒ္ဓမျှော်စွမ်းအင် အများစုဟာ
ချက်ချင်းပဲ ညစ်ညမ်းသွားခဲ့ပြီး
အထူးအားစိုက်ကာ လှုပ်ရှားရုန်းကန်
နေရရှာပါပြီ။

စွန်းထင်းနေတဲ့ ရေတွေဟာ သူ့ရဲ့
ခန္ဓာကိုယ်ကို ဆက်ပြီး
မတိုက်စားနိုင်ဖို့အတွက်
ဗုဒ္ဓအလင်းတန်းနဲ့ သူ့ကိုယ်သူ
ကာကွယ်ထားပြီးတဲ့
နောက်မှာတော့… သူဟာ အေကာလာ
ပညာရပ်နဲ့ လေ့ကျင့်ထားတဲ့

ဗုဒ္ဓမီးတောက်နဲ့
ဒီညစ်ညမ်းတဲ့သွေးတွေကို မီးရှို့ပြီး
ရှင်းလင်းအောင် အလောတကြီးနဲ့
ကြိုးစားခဲ့ပေမယ့်လဲ...
တိုးတက်မှုနှုန်းဟာ အမတန်ကိုမှပဲ
နှေးကွေးလို့ နေခဲ့တယ်လေ။

ဟွေကုဟာ စိတ်ထဲကနေ
ပြင်းထန်စွာနဲ့ စိတ်လှုပ်ရှားနေခဲ့ပါပြီ...
"အင်း... တကယ်လို့များ ငါက
ပြည့်စုံတဲ့ အေကာလာ ပညာရပ်ကို
ရထားပြီး... အမျက်ဒေါသ
အေကာလာမီးတောက်ကို

ကျင့်ကြံနိုင်ခဲ့မယ် ဆိုရင်...
ဒီညစ်ညမ်းတဲ့ သွေးတွေကို
ကောင်းကောင်းကြီး
ဖြေရှင်းနိုင်ခဲ့မှာပဲဟ။ ဒီအမျက်ဒေါသ
အေကာလာ မီးတောက်ဟာ မဟာ
အကြွင်းမဲ့မီးတောက် ခုနှစ်ခုထဲမှာ
အပါအဝင်တော့ မဟုတ်ပေမယ့်...
ဒီနေရာက သွေးမြစ်ကလဲ
ငရဲသွေးပင်လယ် အတွင်းက
မြစ်လက်တက်လေး
တစ်ခုသာသာပါပဲ... ဒါက
အသန့်စင်ဆုံးသော အကြွင်းမဲ့
သွေးမြစ်ရေ မဟုတ်သေးဘူးလေ..."

"ဗုဒ္ဓ... အို...ဗုဒ္ဓ... တပည့်တော်ဟာ ဗုဒ္ဓလမ်းကြောင်း အပေါ်မှာ ကိုယ့်ကိုယ်ကို ပေးဆပ်မြုပ်နှံ ထားခဲ့တာပါ... ကျွန်တော်မျိုးမှာမှ ဘာကြောင့် ဒီလိုမျိုး ကံဆိုးမိုးမှောင် ကျရတာလဲ? ဗုဒ္ဓကများ ကျွန်တော်မျိုးကို ကျွန်တော့် အကြီးအကဲတွေရဲ့ ခွတ်တော်တွေကို အလွဲသုံးစားလုပ်လို့ အပြစ်တင်နေ ခဲ့တာများလား?" ဟွေကုဟာ ရင်ထဲကနေပဲ မြည်တမ်းအော်ဟစ်နေခဲ့တယ်လေ...

"အင်း... ဗုဒ္ဓကတော့ အပြစ်တင်မှာ မဟုတ်ပါဘူး... ငါဒီလိုလုပ်ရတဲ့

ရည်ရွယ်ချက်ကလဲ ဗုဒ္ဓဝါဒရဲ့
ဂုဏ်ကျက်သရေတွေကို
ပြန်လည်ပြီးတော့ ပျံ့နှံ့စေဖို့ပဲလေ...
တကယ်လို့များ ဒီအကြီးအကဲတွေက
ခွင့်မလွှတ်နိုင်ခဲ့ရင်တောင်မှပဲ...
ဗုဒ္ဓကတော့ နားလည်သဘောပေါက်
နိုင်မှာပါပဲ!"

သူဆုံးရှုံးခဲ့ရတဲ့
မိုးကြိုးလျှပ်စီးတောင်ဝှေးနဲ့...
သူနှစ်ပေါင်းများစွာ အပြင်းအထန်
ကြိုးစားပြီး မွေးမြူခဲ့ရတဲ့ စိတ်ဝိညာဉ်
စပါးအုံးမြွေကြီးဟာ နောက်ဆုံးတော့

အသတ်ခံလိုက်ရတာကို
စဉ်းစားမိလိုက်တော့... ဟွေကုဟာ
ပိုပိုပြီးတော့ ဒေါသတွေ
ထွက်လာခဲ့ပါပြီ။ သူက
ရှောင်ယန်လေးကို အရဖမ်းပြီးတော့...
သူ့ရဲ့ စိတ်ဝိညာဉ် အိမ်မွေးတိရိစ္ဆာန်ကို
သတ်သွားပြီး.. သူ့ရဲ့ မှော်အိုင်တမ်ကို
လုယူသွားတဲ့သူကို အမှုန့်ချေပစ်ဖို့
ရင်ထဲကနေ တိုင်တည်နေခဲ့ပြီလေ။

ဟွေကုဟာ မျက်နှာကြီး ရှုသိုးသိုး
ဖြစ်နေတုံးမှာပဲ... အဖြူရောင် ဝတ်ရုံနဲ့
တာအိုဝတ်စုံကို ဝတ်ဆင်ထားတဲ့

တာအိုဆရာငယ်လေး
တစ်ယောက်ဟာ သူ့ရဲ့ရှေ့မှာ
ရုတ်တရက် ပေါ်လာခဲ့ပါတယ်။
ပြီးတာနဲ့... ဟွေကုဟာ
ဒီတာအိုဆရာလေးရဲ့
နောက်မှာရှိနေတဲ့
ရှောင်ယန်လေးကိုလဲ
တွေ့လိုက်ရပြီလေ။

လင်းဖုန်းဟာ သူ့ကို ဒေါသတွေနဲ့
စိုက်ကြည့်နေတဲ့ ဟွေကုကို
ကြည့်လိုက်ပြီး... ပြေပြစ်နူးညံ့စွာနဲ့ပဲ
ပြောလိုက်ပါပြီ... "ဟေ့...

ဘာကြည့်နေတာလဲ ဘုန်းကြီးရဲ့?
ခင်ဗျားက ဒီနေ့ရဲ့ အတိဒုက္ခတွေကို
ခံစားနေရတာ ဟိုနေ့က
ကျုပ်ရဲ့တပည့်ကို ဒုက္ခပေးခဲ့လို့ပဲဗျ..."

ဟွေကုကလဲ နှာမှုတ်လိုက်တယ်လေ...
"ဟွန့်... မင်းက ဟိုကောင်လေးရဲ့
ဆရာလား... သူ့ရဲ့ အေကာလာ
ပညာရပ်ကို မင်းက
သင်ပေးထားတာလား? ဒါက
မဟာမိုးကြိုး ကျောင်းတော်ရဲ့ လျှို့ဝှက်
တာအိုနည်းစနစ်ဟာ... မင်းက
ဘယ်ကနေ သင်လာတာလဲ? ငါ့ကို

အခုချက်ချင်း ပြန်ပေးစမ်း...
နို့မဟုတ်ရင်တော့
နောက်ဆက်ဖြစ်မယ့်
အရာတွေအတွက်တော့ ငါ့ကို
အပြစ်မတင်နဲ့ပေါ့ကွာ!"

လင်းဖုန်းက သူ့ရဲ့ခေါင်းကို
ဖြေးဖြေးချင်းပဲ ခါလိုက်ပြီး... "ဟင်း...
ခင်ဗျားက တကယ်ကိုပဲ မယဉ်ကျေး..
မသိမ်မွေ့တဲ့ ဘုန်းကြီးပဲ...
ဒီနေ့ကတော့ ခင်ဗျားကို သင်ခန်းစာ
ကောင်းကောင်းပေးရမယ့် အချိန်ပဲ..."

ဟွေကုရဲ့ မျက်နှာဟာ
မည်းမှောင်နေခဲ့ပါပြီ…
ဘာဖြစ်လို့လဲဆိုတော့ သူက
လင်းဖုန်းရဲ့ ကျင့်ကြံမှု
အဆင့်အတန်းကို ထွင်းဖောက်ပြီး
မမြင်နိုင်ခဲ့လို့ပါပဲ။ ဟွေကုရဲ့
ဗဟုသုတအရ… ဒါဆိုရင် လင်းဖုန်းရဲ့
အဆင့်က သူ့ရဲ့အထက်မှာ
ရှိနေမှာလေ။

သူက ဒါကို တွေးမိလိုက်တော့…
ဟွေကုဟာ ပေါ့ပေါ့ဆဆ
မလုပ်ရဲတော့ပါဘူး…

အသံတိုးတိုးလေးနဲ့ပဲ
အော်လိုက်ပါပြီ... "ဟော့...
တာအိုဆရာစုတ်... မင်းကို လူဝင်စားမှု
သံသရာထဲကို အခုပဲ
ပြန်ပို့ပေးလိုက်တော့မယ်ကွ!" သူက
ပွဲဦးထွက်ကတည်းကပဲ သူ့ရဲ့ ဗုက်ဖဲကို
ထုတ်သုံးလိုက်ပြီလေ... သူ့ရဲ့ လက်ကို
ဝှေ့ယမ်းလိုက်ပြီးတော့ ဒီမှောင်မည်းပြီး
အလင်းရောင် ကင်းမဲ့နေတဲ့
မြေအောက်ကမ္ဘာကြီး တစ်ခုလုံးကို
လင်းထိန်သွားစေခဲ့တဲ့...
တောက်ပနေတဲ့ ဓာတ်တော် ၂၄ပါးကို
ပစ်လွှတ်လိုက်ပါပြီ။

"ကဲ... ၂၄ကောင်းကင်
ရဟန္တာဝက်ပါ... ပွင့်စမ်း!"

ဗုဒ္ဓအလင်းရောင်တွေ ဝင်းလက်သွားတဲ့
နေရာမှာ... ဗုဒ္ဓတရားတွေကို  အသံမစဲ
ရွတ်ဖတ်သံတွေကို အဆက်မပြတ်ပဲ
ကြားနေခဲ့ရပြီး စန္ဒကူးရနံ့တွေကလဲ
လေထဲမှာ မွှေးပျံ့နေခဲ့ပါတယ်။
ငရဲသွေးမြစ်ရဲ့
မြစ်ကမ်းဘေးမှာတော့...
ဗုဒ္ဓအလင်းရောင်တွေဟာ
ဘေးပတ်ပတ်လည် အချင်းဝက်
၃၃ဂမီတာကို ဖုံးအုပ်ထားပြီး...

ဟော့ကုအပါအဝင် လင်းဖုန်းနဲ့ အဖွဲ့ကို
ရစ်ပတ်လွှမ်းခြုံလို့ ထားခဲ့ပါပြီ။

ဗုဒ္ဓအလင်းရောင်တွေ အကြားမှာ
လူပုံရိပ်တွေဟာ တစ်ခုနဲ့တစ်ခု
ထပ်နေကြတယ်လေ...
ပေ၁၀၀ကျော်ရှိတဲ့ ရွှေရောင် ရဟန္တာ
၂၄ပါးတို့ဟာ ဖြေးဖြေးချင်းပဲ
လမ်းလျှောက်ကာ ထွက်လာကြပါပြီ...
လင်းဖုန်းနဲ့ အပေါင်းပါတို့ရဲ့
မြင်ကွင်းထဲကို ဝင်ရောက်ကာ
လာခဲ့ကြပြီလေ။

ဒီအခြေခံအုတ်မြစ်အဆင့် ကျင့်ကြံသူ
၂၄ယောက်တို့ရဲ့ စွမ်းအားကြီးတဲ့
မှော်စွမ်းအင်တွေဟာ ပင်လယ်လိုမျိုး
နက်ရှိုင်းပြီး... အကုန်လုံးစုကာ
ဖိအားပေးနေတော့
လင်းဖုန်းတောင်မှပဲ
လက်မြှောက်ပြီးတော့
အရှုံးပေးချင်စိတ်တွေ
ပေါက်လာခဲ့ပါပြီ။

လင်းဖုန်းဟာ သူ့ရဲ့ အာရုံတွေကို
အတတ်နိုင်ဆုံး စုစည်းလိုက်ပါတယ်...
တည်ငြိမ်နေတဲ့ အကြည့်တွေကို

ထိန်းထားခဲ့ပြီး သူ့ရဲ့ဘေးက
တပည့်လေးနှစ်ယောက်ကို
ကြည့်လိုက်ပါပြီ... "ကဲ...
မင်းတို့အလှည့် ရောက်ပြီဟ..."

ရှောင်ယန်နဲ့ ရှောင်ပုတန်လေးတို့ကလဲ
အတူတကွပဲ
ခေါင်းညိတ်လိုက်ကြပြီး...
ဗုဒ္ဓအလင်းရောင် ရှိရာဆီကို
အပြေးကလေး သွားလိုက်ကြပြီလေ။
မိုးကြိုးလျှပ်စီးတောင်ဝှေးနဲ့
ရွှေရောင်စာရွက်လေးရဲ့
စောင့်ရှောက်မှုတွေနဲ့အတူ...

ဒီရွှေရောင် ရဟန္တာတို့က ပေးနေတဲ့
စိတ်ဖိအားဟာ သူတို့ရဲ့ အပေါ်မှာ
အကျိုးသက်ရောက်မှု အနည်းငယ်သာ
ရှိခဲ့ပါတယ်။

ဒါကို တွေ့လိုက်ရတော့… လင်းဖုန်းက
သူ့ရဲ့ ခန့်မှန်းချက်တွေဟာ
အနည်းနဲ့အများ မှန်နိုင်တယ်
ဆိုတာကို သိလိုက်ရပါပြီ။

ဗုဒ္ဓတာအို နည်းစနစ်တွေနဲ့
ဖန်တီးထားတဲ့
မှော်အိုင်တမ်တွေဟာ… အမျိုးအစား

အတူတူတွေ မဟုတ်ကြပေမယ့်
အချင်းချင်းတော့  အပြန်အလှန်
ဆက်သွယ်မှုတွေ ရှိကြတယ်လေ။

အထူးသဖြင့် ဟို ရွှေရောင် ရဟန္တာ
၂၄ပါးပေါ့… သူတို့မှာက သူတို့ရဲ့
ကိုယ်ပိုင်အတွေးတွေ
မရှိကြတော့ပါဘူး။ သူတို့ဟာ ဟွေကုရဲ့
ထိန်းချုပ်မှု အောက်ကနေ သူတို့ရဲ့
အလိုအလျောက် တုံ့ပြန်မှုနဲ့ပဲ
ပြုမူလုပ်ဆောင် နေကြတာပါ…
ဒါပေမဲ့လည်း အခုတော့ ဟွေကုဟာ
စွန်းထင်းနေတဲ့ သွေးတွေရဲ့

အဆိပ်အတောက် ဖြစ်မှုကို
ကာကွယ်နေရတာတွေနဲ့
အလုပ်ရှုပ်နေတော့... ဒီမှော်ကျိန်စာ
ဝင်္ကပါဟာ တကယ်ကိုပဲ ရှောင်ယန်နဲ့
ရှောင်ပုတန်လေးတို့ကို သူ့ရဲ့
အစိတ်အပိုင်းတစ်ခု အဖြစ်နဲ့
ဆက်ဆံနေခဲ့ပါပြီ။

ဟွေကုဟာလည်း ဒီညစ်ညမ်းတဲ့
သွေးတွေရဲ့ အဆိပ်အတောက်
ဖြစ်စေမှုကို အာရုံစိုက်ကာ
တွန်းလှန်နေရပေမယ့်လဲ... ဒီရွှေရောင်
ရဟန္တာတွေကို အမိန့်တစ်ခုတော့

ပေးနိုင်ပါသေးတယ်။
ချက်ချင်းဆိုသလိုပဲ...
ပေတစ်ရာခန့်မြင့်တဲ့ ရောမရဟန်း
၂၄ပါးဟာ လင်းဖုန်းဆီကို
ခြေလှမ်းကျဲကြီးတွေနဲ့ အမြန်ပြေးကာ
လာခဲ့ပြီလေ။ သူတို့ဆီမှာ
ပိုင်ဆိုင်ထားကြတဲ့
အခြေခံအုတ်မြစ်အဆင့်
ကျင့်ကြံသူတွေရဲ့ မှော်စွမ်းအင်
အဆင့်တွေကို ထည့်မတွက်နဲ့ဦး...
သူတို့ရဲ့ အရပ်အမောင်းနဲ့
ကိုယ်လုံးကိုယ်ထည်တွေကပဲ
လူတွေကို ကြောက်အောင်
ခြောက်လှန့်နေနိုင်ခဲ့ပါပြီ။

ရွှေရောင်ရဟန္တာ တစ်ပါးဟာ
အရင်ဦးဆုံး ရောက်ရှိကာ
လာခဲ့ပြီလေ… သူ့ရဲ့လက်ကြီးနဲ့
လင်းဖုန်းရဲ့ ခေါင်းအပေါ်ကို
အုပ်မိုးထားလိုက်ပါပြီ။
အားမာန်အပြည့်နဲ့
မှော်စွမ်းအင်တွေဟာ
အပေါ်ကနေပြီးတော့
ဖိနှိပ်ချလိုက်ပြီလေ… လင်းဖုန်းက
သူ့ရဲ့ဘေးက လေဟာနယ်ဟာ
လုံးဝကိုပဲ ပိတ်ဆို့ခြင်းကို ခံလိုက်ရပြီး
လေထုကြီးကတောင်

အေးခဲသွားတယ်လို့
ခံစားလိုက်ရပါတော့တယ်။

သူ့ရဲ့ မျက်နှာဆီကို
လေပြင်းတစ်ချက်ဟာ တိုက်ခတ်ကာ
လာခဲ့ပါပြီ… ဒါပေမဲ့လည်း မြေကြီးရဲ့
အပေါ်က ဖုန်မှုန့်လေး တစ်စတောင်မှပဲ
လွင့်တက်လို့ မလာခဲ့ပါဘူး…
အရာအားလုံးဟာ တင်းကျပ်စွာနဲ့ပဲ
ဖိနှိပ်ထားခြင်းကို ခံနေခဲ့ရပြီလေ။

လင်းဖုန်းဟာ အသက်အရှည်ကြီး
တစ်ချက်ကို

ဝအောင်ရှူလိုက်ပါတယ်… သူ့ရဲ့
ခြေနှစ်ချောင်းကို မြေပြင်ပေါ်ကို
ချလိုက်ပြီး… သူ့ရဲ့ တစ်ကိုယ်လုံးမှာ
ရှိနေတဲ့ မှော်စွမ်းအင်တွေကို
လျင်မြန်စွာနဲ့ပဲ လည်ပတ်လိုက်ပါပြီ။
သူအခု အသုံးပြုနေတဲ့
တာအိုနည်းစနစ်ဟာ
ကောင်းကင်ကိုးလွှာ မိုးကြိုးနည်းစနစ်
မဟုတ်သလို အေကာလာ ပညာရပ်လဲ
မဟုတ်ခဲ့ပါဘူး… အထူးသဖြင့်လည်း
အပြာရောင် ပင်လယ်မြစ်ရေ
နည်းစနစ်တော့ ပိုပြီးတော့
မဟုတ်ခဲ့ဘူးလေ။

လင်းဖုန်း အခုသုံးနေတဲ့
တာအိုနည်းစနစ်ဟာ... မူလက
ဇူရီလေး ပိုင်ဆိုင်ခဲ့တဲ့ ခိစတိဂါဘ
သျှုတ္တရပဲ ဖြစ်ပါတော့တယ်။

သူက ဒီအပြာရောင် ပင်လယ်မြစ်ရေ
နည်းစနစ်ကို အသုံးပြုဖို့ စဥ်းတောင်
မစဥ်းစားခဲ့ပါဘူး... ဟုတ်တယ်လေ...
အေကာလာ ပညာရပ်နဲ့
အဆင့်တူဖြစ်တဲ့ ပထမတန်းစား
ဗုဒ္ဓတာအို နည်းစနစ်ကို
ပစ်ပယ်ထားလို့ ဘယ်ရပါ့မလည်း။

သူက ပြိုင်ဘက်ကင်း စွမ်းရည်ဖြစ်တဲ့
ညက်ညောတဲ့ ခိစတိဂါဘ
ကိုယ်ခန္ဓာကို အောင်မြင်စွာ
မလေ့ကျင့်နိုင်သေးခဲ့ပေမယ့်...
အခုအချိန်မှာတော့ လင်းဖုန်းဟာ
"မြေကြီးကဲ့သို့ သည်းခံပြီး
တည်ငြိမ်ခြင်းနဲ့ ကျမ်းစာကဲ့သို့
ငြိမ်သက်ပြီး နက်ရှိုင်းခြင်း" ရဲ့
အနှစ်သာရ အနည်းငယ်ကို
လေ့ကျင့်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။

လက်ရှိအချိန်မှာတော့ လင်းဖုန်းဟာ
ကျယ်ပြန့်ပြီး အဆုံးအစမရှိတဲ့

ကမ္ဘာမြေကြီးလိုပါပဲ… ကမ္ဘာကြီး
အတွင်းက အရာအားလုံးကို
တိတ်ဆိတ်စွာနဲ့ သည်းခံနေကာ…
မင်းက ဘယ်လောက်ပဲ
ရိုင်းစိုင်းကြမ်းကြုတ်.. ကြီးစိုးလွှမ်းမိုးပြီး
မောက်မာပေမယ့်… ငါကတော့
မတ်မတ်မားမားပဲ ရပ်နေပြီးတော့
မတုန်မလှုပ်ပဲ ကြံ့ကြံ့ခံနေတယ်လေ။

ဒီရွှေရောင်ရဟန္တာရဲ့ လှုပ်ရှားမှုဟာ
သိသာမြင်သာစွာနဲ့ပဲ
နှေးကွေးသွားပါတော့တယ်။ သူက
မဟာဗုဒ္ဓ ကျင့်ကြံသူတစ်ယောက်ရဲ့

ခတ်တော်ကနေ
ဖန်ဆင်းထားတာလေ… သူ့ဆီမှာက
အတွေးတွေ မရှိတော့ပဲ
အသိစိတ်တွေကို
မပိုင်ဆိုင်တော့ပေမယ့်… သူ့ရဲ့
စိတ်ဝိညာဉ်ရဲ့ အနက်ရှိုင်းဆုံး
အပိုင်းတွေမှာ ကစဉ့်ကလျား ဖြစ်နေတဲ့
မှတ်ဉာဏ် အပိုင်းအစတွေတော့
ရှိနေပါသေးတယ်။

သူကအခု သူတိုက်ခိုက်နေတဲ့
ပစ်မှတ်ဟာ သူ့ရဲ့ အပေါင်းအဖော်
ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်နေတာကို

အာရုံခံမိလိုက်တော့… ဆက်လက်ပြီး တိုက်ခိုက်ဖို့အတွက် သူ့ကို အမတန်မှပဲ ဝန်လေးစေခဲ့တယ်လေ။

ဟွေကုကလဲ သူ့ရဲ့ရင်ထဲကနေ သတိထားမိလိုက်ပါပြီ… ချက်ချင်းကိုပဲ မှင်သက်သွားခဲ့ပြီလေ… "ဟာ… ဒါ… ဒါက ခိစတိဂါဘ သျှတ္တရပဲ! ဘာဖြစ်လို့ တာအိုဆရာ တစ်ယောက်က ငါတို့ မဟာမိုးကြိုး ကျောင်းတော်ကြီးရဲ့ လျှို့ဝှက် တာအိုနည်းစနစ်တွေ အများကြီးကို တတ်နေရတာလဲ? သူဟာ တကယ်ပဲ ဗုဒ္ဓအနွယ်ဝင်

ဖြစ်ပြီးတော့… လူတွေကို
လှည့်စားရအောင် တာအိုဆရာ
ပုံစံမျိုးကို
ဝတ်စားထားတာများလားဟ?"

သူက စိတ်ရှုပ်ထွေးနေဆဲမှာပဲ…
အခြားတစ်နေရာမှာတော့
လှုပ်ရှားမှုတွေက ဖြစ်ပေါ်လာခဲ့ပါပြီ…
တစ်စုံတစ်ယောက်ဟာ ဝက်ပါရဲ့
မျက်လုံးတစ်လုံးအဖြစ်
ဆောင်ရွက်နေခဲ့တဲ့
ခါတ်တော်တစ်ပါးကို ယူဆောင်ဖို့ကို
ကြိုးစားနေခဲ့တာပါ။

ပြောကုကလဲ ချက်ချင်းပဲ ဒေါသအိုးတွေ
ပေါက်ကွဲသွားခဲ့ပါပြီ... "ဟာ...
ကောင်စုတ်လေးနှစ်ကောင်...
မင်းတို့က သတ္တိအတော်
ကောင်းပါလားဟေ့!"

## စာစဥ် ၄ : အပိုင်း ၅

## အပိုင်း ၄၅ : ငါကလဲ မင်းကို
## စောင့်နေတာဟ... ဘုန်းကြီးရ!

ဟွေကုဟာ ရွှေရောင်ရဟန္တာကို
အသုံးချပြီးတော့ လင်းဖုန်းကို
တိုက်ခိုက်ခဲ့ပါတယ်။ လင်းဖုန်းကလဲ
ခိစတိဂါဘ သျှတ္တရကို
အသုံးပြုပြီးတော့ပဲ
ဒီရွှေရောင်ရဟန္တာရဲ့ တိုက်ခိုက်မှုကို
ယာယီကာကွယ်နိုင်ခဲ့ တယ်လေ။

သူက လင်းဖုန်းဟာ ခိစတိဂါဘ
သျှတ္တရကို တကယ်ကိုပဲ
တတ်ကျွမ်းနေတာကို
အံ့သြသွားခဲ့ပေမယ့်... ဟွေကုရဲ့
တထင့်ထင့်ဖြစ်နေတဲ့ စိတ်ကလေးဟာ

လင်းဖုန်းရဲ့ ကာကွယ်နိုင်တဲ့
စွမ်းအားက ထင်သလောက်
မမြင့်တာကို တွေ့လိုက်ရတော့
သက်တောင့်သက်သာ ဖြစ်သွားခဲ့ပါပြီ။
ရွှေရောင်ဗဟိုချက် အဆင့်ကို
မဆိုထားနဲ့... သူက အခြေခံအုတ်မြစ်
အဆင့်ကိုတောင်
မရောက်သေးဘူးလေ။

ဟွေကုက အေးစက်စက်နဲ့ပဲ
ရယ်လိုက်ပါပြီ... "ဟားဟား...
ဒီလောက်ပညာလေးနဲ့... ငါ့ရဲ့အရှေ့မှာ
စစ်ရေးလာပြဖို့ကို

ထိုက်တန်တယ်လို့များ
ထင်နေသလားဟာ? မင်းက
ဟန်ဆောင်လှည့်စား တတ်တဲ့လူလို့
အစကတည်းကများ
သိခဲ့ရင်တော့ကွာ... ဒီမှော်ကျိန်စာ
ဝက်ပါကို မသုံးပဲနဲ့ မင်းကို လူဝင်စား
သံသရာထဲကို အစောကြီးကတည်းက
ပို့ပေးလိုက်ပြီဟေ့..."

လင်းဖုန်းကလဲ သူ့ကို အေးစက်စက်နဲ့ပဲ
ပြန်ကြည့်လိုက်ပါပြီ... သူက
ထူးမခြားနား လေသံနဲ့ပဲ
ပြောလိုက်ပြီလေ... "ဟွန့်... မင်းက

ဘာမှမဟုတ်ပဲ ရေတွင်းအောက်ခြေက
ဖားကလေး တစ်ကောင်ပါပဲကွာ...
မင်းက ရှေးဘုန်းကြီးတွေရဲ့
အရိုးတွေကို စောင့်ရှောက်နေပြီး...
ဒီနေရာမှာ မဟုတ်မဟပ်တွေကိုပဲ
လျှောက်ပြောနေတာဟ..."

ဟွေကုဟာ ဒေါသထွက်လွန်းလို့
မျက်နှာကြီးတောင် ပြာသွားခဲ့ပါပြီ...
"ဟာ... တာအိုဆရာ အစုတ်ပလုတ်...
မင်းထပ်ပြောရဲရင် ပြောကြည့်စမ်း!"

လင်းဖုန်းကလဲ တည်ငြိမ်စွာနဲ့ပဲ ခေါင်းကို ခါလိုက်ပြီလေ... "ဟင်း... ဒီမှော်ကျိန်စာ ဝင်ပါက မင်းရဲ့ မောက်မာနေရတဲ့ အကြောင်းရင်းလား? ဒီကနေ့တော့ ငါက မင်းရဲ့ ထင်ယောင်ထင်မှား ဖြစ်နေတဲ့ အရာတွေကို အမြစ်ဖြုတ်ပေးလိုက်ပြီး... မင်းရဲ့ ပုံစံအမှန်ကို ဖော်ထုတ်ပေးလိုက်မယ်ကွ..."

ဟွေကုကလဲ အလွန်အမင်း ဒေါသထွက်စွာနဲ့ပဲ

ရယ်မောလိုက်ပါတယ်... "ဟားဟား... ငါကတော့ မင်းဘာမှ မလုပ်နိုင်ခင်မှာပဲ မင်းကို ဖိချေပြီး အသေသတ်ပစ်လိုက်မယ်ကွ... မင်းက ရဟန္တာ တစ်ပါးကိုတော့ ကာကွယ်ကောင်း ကာကွယ်နိုင်မှာပေါ့... ဒါပေမဲ့..."

သူ့ရဲ့ လက်ဝါးနှစ်ဘက်ကို ပွတ်လိုက်ပြီး... ဟွေကုရဲ့ လေသံဟာ အေးစက်နေခဲ့တယ်လေ... "... ဒါပေမဲ့... မင်းက ၂၄ပါးကို တားဆီးနိုင်မှာလား?" သူ့ရဲ့အတွေးနဲ့

လှုံ့ဆော်မှုကနေ… ရွှေရောင်ရဟန္တာ ၂၄ပါးတို့ဟာ လင်းဖုန်းကို အတူတကွပဲ ဝိုင်းရံလို့ ထားလိုက်ကြပါပြီ။ တစ်ပါးချင်းဆီကလဲ မီတာပေါင်း တစ်ဒါဇင်လောက် မြင့်မားပြီး… သူတို့အားလုံး စုပေါင်းလိုက်တဲ့ အချိန်မှာတော့… ကောင်းကင်ယံကို ဖုံးကွယ်သွားပြီး.. အရာအားလုံးကို ဖျက်ဆီးပစ်ချင်တဲ့ ဖိအားတစ်မျိုးဟာ ရုတ်ချည်းပဲ ပေါ်ပေါက်ကာ လာခဲ့ပြီလေ။

ဟော့ကုက လင်းဖုန်းကို
စိုက်ကြည့်လိုက်ပြီး…
စကားတစ်လုံးချင်း
ပြောလိုက်ပါတယ်… "အင်း…
ဒီကနေ့တော့ ငါက မင်းကို ငရဲပြည်ကို
အလည်ပို့လိုက်တော့မယ်…
အေကာလာ ပညာရပ်နဲ့ ခိစတိဂါဘာ
သျှတ္တရ… ဒီနှစ်မျိုးကို မင်းက
လိမ်လိမ်မာမာနဲ့ ငါ့ကို ရွတ်ပြစမ်းဟော့။
သူတို့ဟာ ငါတို့ မဟာမိုးကြိုး
ကျောင်းတော်ကြီးရဲ့
လျှို့ဝှက်နည်းစနစ်တွေပဲ… မင်းလိုမျိုး
နတ်ဆိုးပေါက်စလေးက
ပိုင်ဆိုင်ထားတာကို ငါက

ဘယ်လိုလုပ်ပြီး
လက်ပိုက်ကြည့်နေရမှာလဲကွ!"

လင်းဖုန်းက သူ့ရဲ့ခေါင်းကို
အေးအေးဆေးဆေးပဲ မော့လိုက်ကာ…
သူ့ကိုဝိုင်းထားတဲ့
ရွှေရောင်ရဟန္တာတွေကို
ကြည့်လိုက်ပါတယ်။ အရပ်အမြင့်နဲ့
ခန္ဓာကိုယ် အရွယ်အစားအရဆိုရင်…
သူက ဘီလူးတိုင်းပြည်ကို
ရောက်နေတဲ့အတိုင်း
ဖြစ်နေခဲ့တယ်လေ။

"ဟွန့်... ဘာမှမဟုတ်ပဲ မှော်ကျိန်စာ ဝင်္ကပါ အသေးအမွှားလေးပါကွာ... ငါကိုယ်တိုင်တောင် ဘာမှလုပ်စရာ မလိုဘူး... ငါ့ရဲ့တပည့် နှစ်ယောက်နဲ့ဆိုရင် လိုတာထက်တောင် ပိုနေပါပြီကွ..."

ဟွေကုဟာ ခဏတာအောင် မှင်သက်သွားခဲ့ပါပြီ... ရုတ်ချည်းပဲ ဝင်္ကပါထဲမှာ ဝင်္ကပါရဲ့ မျက်စိအဖြစ် ထားထားတဲ့ ခတ်တော်တစ်ပါးကို တစ်စုံတစ်ယောက်က နေပြီးတော့ ယူဖို့ကြိုးစားနေခဲ့တာကို

အာရုံခံမိလိုက်ပြီလေ။ ဟွေကုဟာ ချက်ချင်းကိုပဲ ပြင်းပြင်းထန်ထန် ဒေါသထွက်သွားခဲ့ပါပြီ... "ဟွန့်... ကောင်စုတ်လေးနှစ်ကောင်... မင်းတို့က သတ္တိတော်တော် ကောင်းကြပါလားကွ!"

လင်းဖုန်းက ဟွေကုကို အာရုံလွှဲထားလိုက်တဲ့ အချိန်မှာ... ရှောင်ယန်နဲ့ ရှောင်ပုတန်လေးတို့ကလဲ ဒီဘုန်းကြီးရဲ့ လှုစ်လှူုရှုထားခြင်းကို ခံလိုက်ရတယ်လေ။

ဟော့ကုရဲ့ အမြင်အရဆိုရင်...
တစ်ယောက်က ချီသာဝက အဆင့်
ဖြ... နောက်တစ်ယောက်က ချီသာဝက
အဆင့် ရ... စိတ်ထဲကနေပဲ
ဗုဒ္ဓအလင်းရောင် ဝင်းပါရဲ့
ဖိနှိပ်ချုပ်ချယ်ခြင်းနဲ့ဆိုရင်
ဒီနှစ်ကောင်ကို ပြိုလဲသွားစေဖို့အတွက်
လုံလောက်နေခဲ့ပါပြီ။

ဒါပေမဲ့လည်း
မိုးကြိုးလျှပ်စီးတောင်ဝှေးနဲ့
ရွှေရောင်စာရွက်လေးတို့က
ပါဝင်ပတ်သတ်လို့ လာခဲ့ပြီလေ။

သူတို့ဟာ ကောင်လေးနှစ်ယောက်ကို ဒီဝက်ံပါရဲ့ ဖိအားတွေကို ခံနိုင်ရည် ရှိစေခဲ့ရုံတင် မကဘူး... ဒီဝက်ံပါကို မျက်စိလည်စေခဲ့ပြီး... သူတို့ကို အချင်းချင်းလို့ အမှတ်မှားစေခဲ့ပါတယ်။

"ဒီမှာဟေ့!" ရှောင်ယန်ဟာ ရှေ့ကနေ ဦးဆောင်ပြီး... ဝက်ံပါရဲ့ ထောင့်တစ်ထောင့်ကို လျှောက်သွားခဲ့ပါပြီ။ ရွှေရောင်အလင်းရောင် မြူခိုးတိမ်တိုက်တွေအောက်က... မြေပြင်ပေါ်မှာ အလင်းတန်း

တစ်စက်ဟာ
တောက်ပနေခဲ့တယ်လေ… အနီးကပ်
သေချာကြည့်လိုက်ရင် အဲ့ဒါက
ခတ်တော်တစ်ပါးပါပဲ။

ရှောင်ပုတန်လေးက
ပျော်ရွှင်မြူးတူးစွာနဲ့ပဲ
အော်ဟစ်လိုက်ပါတယ်… "ရေး…
ဆရာသခင် ပြောထားတဲ့
အတိုင်းပဲဗျ…" လုပ်ငန်းမစခင်…
လင်းဖုန်းက သူတို့ကို
ကြိုပြောထားခဲ့တယ်လေ… ဒီ
၂၄ကောင်းကင် ရဟန္တာ၀က်ပါက

ရိုးရှင်းပြီး တိုက်ရိုက်ကျတယ်လို့ပေါ့…
သူဟာ ထောင်ချောက်ဆင်ပြီး ရန်သူကို
သတ်ဖို့အတွက်သာ အသုံးဝင်ပြီး…
ဒီမှော်ကျိန်စာ ဝက်ပါကိုယ်တိုင်က
တခြား လှည့်စားတတ်တဲ့
ပရိယာယ်မာယာမျိုး ဘာမှမရှိပါဘူး။

ဟေ့ကုဟာ ဒီဝက်ပါကို
တည်ဆောက်တဲ့အခါမှာ…
ဒီခါတ်တော်တွေကို အရင်ဆုံး
ဖြန့်ကြဲလိုက်ပါတယ်။
ဒီခါတ်တော်တွေဟာ
သတ်မှတ်ထားတဲ့ ပုံစံအတိုင်း

မြေပြင်ပေါ်မှာ ကျရောက်သွားပြီး…
နောက်ပိုင်းမှာ နေရာ
ထပ်မပြောင်းတော့ပါဘူး။ မင်းက
ဒီခဲတော်တွေရဲ့ တည်နေရာကို
မှတ်မိသွားပြီဆိုရင်တော့…
ဒီမှော်ကျိန်စာ ဝင်္ကပါအတွင်းကို
ဝင်သွားပြီးရင် သူတို့ကို
ရှာတွေ့နိုင်မှာပေါ့။

ဒါပေမဲ့လည်း ဒီမှော်ကျိန်စာ ဝင်္ကပါရဲ့
တိုက်ခိုက်မှု စွမ်းအားဟာ အလွန်ကိုပဲ
မြင့်မားတယ်လေ… အခြေခံအုတ်မြစ်
အဆင့်က ကျင့်ကြံသူတွေရဲ့

စွမ်းအားကို ပိုင်ဆိုင်ထားတဲ့
ရွှေရောင်ရဟန္တာ ၂၄ပါးကို
ရုပ်လုံးပေါ်စေခဲ့တာပါ။ ရန်သူတွေဟာ
ဒီဝက်ပါ အတွင်းကို ဝင်လာပြီးတာနဲ့
တပြိုင်နက် သူတို့ဟာ ဝိုင်းရံ့ပိတ်ဆို့
တိုက်ခိုက်ခြင်းကို ခံလိုက်ရပြီလေ…
သူတို့က ဒီဝက်ပါရဲ့ မျက်လုံးတွေအဖြစ်
ဆောင်ရွက်နေကြတဲ့
ခတ်တော်တွေကို ရှာဖွေပြီး
ဖျက်ဆီးပစ်ဖို့အတွက် အင်အားတွေ
မရှိခဲ့ကြပါဘူး။

ဒါပေမဲ့ အခုတော့… လင်းဖုန်းဟာ
ဒီမှော်ကျိန်စာ ဝက်ပါနဲ့ ဟွေကုတို့ရဲ့
အာရုံကို ဆွဲဆောင်ထားတော့…
ရှောင်ယန်နဲ့ ရှောင်ပုတန်လေးတို့ဟာ
ချက်ချင်းပဲ ဒီခါတ်တော်တွေကို
သွားရှာဖို့အတွက် အခွင့်အရေးတွေကို
ရရှိသွားခဲ့ပါတယ်။

ဒီခါတ်တော်တွေကလဲ မြေကြီးပေါ်ကို
ကျသွားတာနဲ့ ဘာမှမလှုပ်ရှားပဲ
နေခဲ့ကြတာတော့ မဟုတ်ပါဘူး…
သူတို့ဟာ သူတို့ကိုယ်သူတို့
မြေကြီးအတွင်းထဲကို နက်ရှိုင်းစွာနဲ့

မြုပ်နှံလိုက်ကြပြီး…
ရွှေရောင်ဝင်းလက်နေတဲ့
အလင်းရောင် ဖျော့ဖျော့လေးကို
ထုတ်လွှတ်နေခဲ့ကာ…
ပတ်ဝန်းကျင်မြေပြင် တစ်ခုလုံးကို
ရွှေရောင်အတိ ပြီးစေခဲ့တယ်လေ။

ရောင်ယန်ကလဲ အသံခပ်တိုးတိုးနဲ့
လည်ချောင်းသံ ပြုလိုက်ကာ…
သူ့ရဲ့ခြေထောက်ကို မြှောက်လိုက်ပြီး
ရွှေရောင်မြေပြင်ရဲ့ အပေါ်ကို
ဆောင့်နင်းချလိုက်ပါပြီ။
တန်ပြန်စွမ်းအား အရတော့…

ဒီရွှေရောင်မြေပြင်ဟာ
သံမဏိထက်တောင်
မာကျောနေခဲ့ပါသေးတယ်...
ဒါကတော့ ခေတ်တော်တွေရဲ့
မှော်စွမ်းအင် တန်ခိုးကြောင့် ဆိုတာက
သိသာနေခဲ့တယ်လေ။

ဂိုဏ်းတူညီအစ်ကို နှစ်ယောက်တို့ဟာ
တစ်ယောက်မျက်နှာတစ်ယောက်
ကြည့်လိုက်ကြပါပြီ... ရှောင်ယန်က
ခေါင်းကိုညိတ်လိုက်ပြီး... "ကဲ...
လုပ်ငန်းစလိုက်တော့... ကိုကြီးက

မင်းကို အကာအကွယ်
ပေးထားမယ်..."

ရှောင်ပုတန်လေးကလဲ
ရွှေရောင်စာရွက်ကလေးကို
ထုတ်လိုက်ပြီး... ခါတ်တော်ရဲ့
အနားကို ချဉ်းကပ်သွားခဲ့ပါပြီ...
ခါတ်တော်ဆီကနေလဲ သတိပေးချက်
အနေနဲ့... ဗုဒ္ဓကျမ်းစာ ရွက်ဖတ်သံ
လှိုင်းတွေကို ချက်ချင်းပဲ
ထုတ်လွှတ်လိုက်ပြီလေ။

"ဝါး… ပစ္စည်းကောင်းလေးတွေ
ရတော့မယ်ဟ…"
ရှောင်ပုတန်လေးကလဲ
ပျော်ရွှင်မြူးတူးသွားခဲ့ပြီး သူ့ရဲ့
တောက်ပနေတဲ့ စွယ်သွားလေးတွေကို
ထုတ်ပြလိုက်ပါပြီ။ ပြီးတော့
သူ့ရဲ့လက်ထဲက
ရွှေရောင်စာရွက်လေးကို
လှုပ်ခါလိုက်ပြီး… ခါတ်တော်အပေါ်ကို
အုပ်လိုက်ပြီလေ။

ဒီခါတ်တော်နဲ့ ထိလိုက်တာနဲ့
တပြိုင်နက်… ခါတ်တော်ဟာ

ချက်ချင်းပဲ ငြိမ်ကျသွားခဲ့ပါတယ်…
ဒါပေမဲ့ ရှောင်ပုတန်လေးရဲ့
နောက်ဆက်တွဲ လှုပ်ရှားမှုတွေကတော့
အတန်ငယ်ပဲ
ကြမ်းတမ်းနေခဲ့တယ်လေ။
သူ့ရဲ့လက်ချောင်းတွေကို
ဖြန့်ကားလိုက်ပြီး မြေကြီးကို
ကုတ်လိုက်ကာ… မြေပြင်ပေါ်မှာ
အပေါက်တစ်ပေါက်ကို
အကြမ်းပတမ်းနဲ့ပဲ
တူးလိုက်ပါတော့တယ်။

ရှောင်ပုတန်လေးရဲ့ လက်နှစ်ဖက်ဟာ
အတူတကွ အင်အားစိုက်ကာ…
မုန်လာဥနီတွေကို တူးထုတ်နေသလိုပဲ
မြေကြီးကို တူးဆွနေခဲ့ပါပြီ။

သူ့ရဲ့လက်နဲ့ အတူးခံလိုက်ရတော့…
သံမဏိလိုမျိုး မာကျောပြီး
ရွှေရောင်အလင်းတန်း
ဖျော့ဖျော့လေးကို ထုတ်လွှင့်နေတဲ့
မြေကြီးကလဲ… ရှောင်ပုတန်လေးရဲ့
ဖျက်ဆီးခြင်းကို ချက်ချင်းပဲ
ခံလိုက်ရတယ်လေ…
ရွှေရောင်စက္ကူလေးရဲ့ အလယ်မှာ

အေးချမ်းစွာ တင်နေတဲ့
ခတ်တော်လေးကို
တွေ့လိုက်ရပါတော့တယ်။

ဒီမြင်ကွင်းကို မြင်လိုက်ရတော့
ရှောင်ယန်ရဲ့ နှုတ်ခမ်းတွေဟာ
အနည်းငယ် တွန့်သွားခဲ့တယ်လေ။
ဖြစ်စဉ်တစ်ခုလုံးဟာ လုံးဝကို
အန္တရာယ်ကင်းပုံရတဲ့
လူတစ်ယောက်ဟာ…
အယဉ်ကျေးဆုံး.. အညင်သာဆုံး..
အန္တရာယ် အကင်းဆုံး နည်းလမ်းတွေနဲ့
မြာကလေး တစ်ယောက်ကို

ဆေးခတ်ထားတဲ့ ဖျော်ရည်တစ်ခွက်ကို ညာတိုက်တာနဲ့ တူပါတယ်။ သူမက သတိမေ့သွားတော့… သူက ဇာတိပြလာခဲ့ပြီး… ဒီနေရာမှာတင်ပဲ လုပ်ငန်းစပါတော့တယ်။ (နောက်ဆက်တွဲကိုတော့ ကိုယ့်ကိုယ်ကိုယ်ပဲ ဆက်တွေးလိုက်ကြပါတော့နော်☺)

"ဟာ… ကောင်စုတ်လေးတွေက သတ္တိအတော် ကောင်းနေကြတယ်ဟ!" ဟွေကုရဲ့ ဒေါသတကြီး အော်ဟစ်သံတွေဟာ

သူ့တို့တတွေရဲ့ နားထဲကို
ဝင်ရောက်လာခဲ့ပါပြီ… ပြီးတာနဲ့ ရောမ
ရွှေရောင်ရဟန္တာ တစ်ပါးဟာ သူတို့ရဲ့
အရှေ့ကို ရောက်ရှိလာခဲ့ကာ…
ရှောင်ပုတန်လေးရဲ့ ခေါင်းပေါ်ကို
သူ့ရဲ့လက်သီးနဲ့
ထိုးချလိုက်ပါတော့တယ်။

ရှောင်ယန်ကလဲ
သတိပြန်ဝင်လာခဲ့ပြီး…
လင်းဖုန်းကသူ့ကို သင်ပေးထားတဲ့
နည်းလမ်းအတိုင်း…
မိုးကြိုးလျှပ်စီးတောင်ဝှေးကို

ထုတ်လိုက်ကာ ဒီရွှေရောင်ရဟန္တာကို
တိုက်ခိုက်လိုက်တယ်လေ။

ဒီရွှေရောင် ရဟန္တာရဲ့ လက်သီးဟာ
မိုးကြိုးလျှပ်စီးတောင်ဝှေးနဲ့ ထိမိတာနဲ့
တပြိုင်နက်... စူးရှတောက်ပလှတဲ့
ဗုဒ္ဓအလင်းတန်း တစ်တန်းဟာ
ဒီမိုးကြိုးလျှပ်စီး တောင်ဝှေးကနေ
ပေါက်ကွဲထွက်လာခဲ့ပါတယ်။
ဒီဗုဒ္ဓအလင်းတန်းရဲ့ လည်ပတ်မှု
အကြားမှာ... ရွှေရောင်ရဟန္တာရဲ့
လှုပ်ရှားမှုတွေကလဲ ရုတ်ချည်းပဲ
နှေးကွေးသွားခဲ့ပြီး...

သူထုတ်လွှတ်ခဲ့တဲ့ စွမ်းအားရဲ့
တစ်ဝက်လောက်ကို ပြန်လည်ပြီးတော့
ရုတ်သိမ်းခဲ့တယ်လေ။

ကျန်နေခဲ့တဲ့ ခွန်အားတစ်ဝက်ကလဲ…
ဒီမိုးကြိုးလျှပ်စီး တောင်ပေါ့ကို
ဘာကိုမှ မလုပ်နိုင်ခဲ့ပါဘူး။
ဒီဗုဒ္ဓမော်အိုင်တမ်ရဲ့ စွမ်းအားကြီးလှတဲ့
ခုခံနိုင်မှု စွမ်းအင်ဟာ…
အိမ်တစ်လုံးလောက် အရွယ်ရှိတဲ့
လက်သီးကို တိုက်ရိုက်ပဲ
လွှဲဖယ်ရှောင်ရှား နိုင်ခဲ့ပြီလေ။

ဒီအချိန်မှာတော့ ရှောင်ပုတန်လေးဟာ
ခတ်တော်ကို
ရွှေရောင်စာရွက်လေးထဲမှာ
အပြည့်အဝ ထုပ်ပိုးလို့ ပြီးသွားခဲ့ပါပြီ။
ဒီရွှေရောင်စာရွက်လေးဟာ
ခတ်တော်ရဲ့ ဗုဒ္ဓအလင်းရောင်ကို
သီးသန့်ခွဲထားလိုက်ပြီး...
ခတ်တော်ရဲ့ မှော်စွမ်းအင်တွေကို
ပိတ်ဆို့ထားခဲ့ကာ...
အနည်းငယ်လေးမှ
ယိုပေါက်မရှိစေခဲ့ပါဘူး။

ဟော့ကုကလဲ ပါးစပ်အဟောင်းသား
ဖြစ်သွားခဲ့ပါပြီ… သူ့ရဲ့ ၂၄ကောင်းကင်
ရဟန္တာ ဝက်ပါဟာ
မယုံနိုင်လောက်အောင်
စွမ်းအားကြီးလှတယ်လေ။ သူ့ရဲ့
အားနည်းချက်တွေကို
ပြောပါဆိုရင်တော့… ဒီမှော်ကျိန်စာ
ဝက်ပါရဲ့နေရာဟာ ရွှေ့ပြောင်းလို့
မရနိုင်တာအပြင်… ဝက်ပါရဲ့
မျက်လုံးတွေအဖြစ် ရှိနေတဲ့…
ဒီဓာတ်တော် ၂၄ပါးစလုံးဟာ တစ်ခုမှ
မရှိလို့ မဖြစ်ပါဘူး။

ခါတော်တော်တစ်ခုသာ
ပျောက်ဆုံးသွားမယ် ဆိုရင်တော့...
ဒီမှော်ကျိန်စာ ဝင်ပါကလဲ
ပြိုကွဲသွားမှာပဲ ဖြစ်တယ်လေ။

ဗုဒ္ဓကျမ်းစာ ရွတ်ဖတ်သံတွေဟာ
နားထဲကနေ တဖြေးဖြေး
ပျောက်ကွယ်သွားပြီး... စန္ဒကူးရနံ့
တွေဟာလည်း ဖြေးဖြေးချင်း
လွင့်ပြယ်လို့ သွားခဲ့ပါပြီ...
ရွှေရောင်ဖျော့ဖျော့နဲ့ အလင်းရောင်
တိမ်တိုက်ကြီးကလဲ ဖရိုဖရဲနဲ့
ကွယ်ပျောက်လို့ သွားခဲ့ပြီလေ။

တစ်ချိန်က မစ္စတာလင်းတ အပါအဝင်
အခြေခံအုတ်မြစ် အဆင့်က ကျင့်ကြံသူ
သုံးယောက်တို့ကို ပယ်ပယ်နယ်နယ်
ဆွမ်းကြီးလောင်းထားခဲ့တဲ့…
ဒီ၂၄ကောင်းကင်
ရဟန္တာဝက်ပါကြီးဟာ အခုတော့
တရားဝင်ပဲ ပြိုကွဲသွားခဲ့ပါပြီ!

ရှောင်ယန်နဲ့ ရှောင်ပုတန်လေး
တို့ကလဲ အတန်ငယ်
မှင်သက်သွားကြပါတယ်။ သူတို့ဟာ
လင်းဖုန်းပြောထားတဲ့အတိုင်း

တကယ်ပဲ ဖြစ်လာပြီး… သူတို့က ဒီဝက်ပါကို ဒီလိုမျိုး လွယ်လွယ်လေး ချိုးဖောက်နိုင်ကြလိမ့်မယ်လို့ ထင်မထားကြပါဘူး။

တခြားတစ်ဖက်မှာတော့… လင်းဖုန်းဟာ စိတ်သက်သာရာ ရစွာနဲ့ပဲ လေပူကြီး တစ်ချက်ကို တိတ်တိတ်လေးပဲ မှုတ်ထုတ်လိုက်ပါတော့တယ်… သူ့ရဲ့ တပည့်နှစ်ယောက်ကတော့ သူတို့ရဲ့ ဆရာဟာ နောက်ထပ်တစ်ခေါက် လေထဲက ကြိုးတန်းပေါ်မှာ

လမ်းလျှောက်နေခဲ့ရတယ် ဆိုတာကို
မသိခဲ့ပါဘူး... ဒီတစ်ခေါက်မှာလဲ
တစ်ဘက်ကမ်းကို အောင်မြင်စွာနဲ့ပဲ
လျှောက်သွားနိုင်ခဲ့တာပါ။

သူ့ရဲ့ အောင်မြင်မှုဟာ
မရေမတွက်နိုင်တဲ့
တွက်ချက်မှုတွေနဲ့... ကံတရားရဲ့
ထောက်ပံ့မှု ကြီးကြီးမားမားတွေ
မပါပဲနဲ့ ဖြစ်နိုင်မှာ မဟုတ်ပါဘူး။

ပထမ အနေနဲ့... ဟွေကုကိုယ်တိုင်က
ညစ်ညမ်းတဲ့ ရေတွေရဲ့

တွယ်ကပ်ခြင်းကို ခံနေခဲ့ရတာပါ...
သူ့ရဲ့ အာရုံအများစုဟာ
ဒီရေဆိုးရေညစ်တွေကို သန့်စင်ဖို့
အာရုံစိုက်နေရပြီး... ဒီ၂၄ကောင်းကင်
ရဟန္တာ ဝင်္ကပါကို ထိန်းချုပ်ဖို့ ခွန်အား
တွေ အများကြီး မရှိတော့ပါဘူး။
နို့မဟုတ်ရင်တော့... သူဟာ
ရှောင်ယန်နဲ့ ရှောင်ပုတန်လေးတို့ရဲ့
လှုပ်ရှားမှု အသေးစိတ်ကို
အစကတည်းက တွေ့နိုင်ခဲ့ပြီး...
အချိန်မီ တားဆီးနိုင်ခဲ့မှာပဲ
ဖြစ်ပါတယ်။

ဒုတိယ အနေနဲ့ကတော့... စနစ်ကြီးရဲ့
ဖုံးကွယ်ထားတဲ့
အကျိုးတရားကြောင့်ပါ... ဟွေကုဟာ
လင်းဖုန်းရဲ့ ကျင့်ကြံမှုအဆင့်ကို
ထွင်းဖောက်မမြင်နိုင်ခဲ့ပဲ
မသိစိတ်ထဲကနေ သူ့ကို
ကြောက်မက်ဖွယ်ကောင်းတဲ့
ရန်သူတစ်ယောက်လို့
သတ်မှတ်ထားခဲ့တာလေ။ သူဟာ
ဟွေကုရဲ့ အာရုံအားလုံးကို
ဖမ်းစားထားနိုင်ခဲ့ရုံတင် မကဘူး...
ဟွေကုကလဲ အစကတည်းက
စွမ်းအားပြည့် မတိုက်ခိုက်ရဲခဲ့ပဲ...
ရွှေရောင်ရဟန္တာ တစ်ပါးနဲ့ပဲ သူ့ကို

စမ်းသပ်ကြည့်ခဲ့တာပါ။ ဒါကလဲ
လင်းဖုန်းကို အရေးအကြီးဆုံး
ပွဲဦးထွက် တိုက်ခိုက်ခြင်း လှိုင်းလုံးကို
အောင်မြင်စွာ ကျော်လွှားနိုင်စေခဲ့ပြီး…
ရှောင်ယန်နဲ့
ရှောင်ပုတန်လေးတို့အတွက်
အချိန်ဆွဲပေးနိုင်ခဲ့ပါတယ်။

နောက်ပိုင်းမှာတော့…
လင်းဖုန်းတွက်ဆထားတဲ့
အတိုင်းပါပဲ… ဗုဒ္ဓမှော်အိုင်တမ်တွေ
ဖြစ်ကြတဲ့ မိုးကြိုးလျှပ်စီးတောင်ဝှေးနဲ့
ရွှေရောင်စာရွက်လေးတို့ဟာ

တစ်ခုနဲ့တစ်ခု အပြန်အလှန်
ဆက်သွယ်မှုတွေ ရှိကြတယ်လေ။
ပွဲကိုင်ရှင်ဖြစ်တဲ့ ဟွေကုကိုယ်တိုင်က
ဝင်ရောက်စွက်ဖက်ခြင်း မရှိတဲ့
အခြေအနေမျိုးမှာ... သူတို့ဟာ
ဒီမှော်ကျိန်စာ ဝက်ပါရဲ့
တိုက်ခိုက်ခြင်းတွေကို
အောင်မြင်စွာနဲ့ပဲ ကြံ့ကြံ့ခံနိုင်ခဲ့ပြီး...
ခတ်တော်ကို အောင်မြင်စွာနဲ့
ယူဆောင်နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

နောက်ဆုံးနဲ့ အရေးအကြီးဆုံး
အချက်ကတော့...

ဟွေကုကိုယ်တိုင်ဟာ စွန်းထင်းနေတဲ့
သွေးတွေရဲ့ တိုက်ခိုက်မှုကို ခံနေရပြီး
သူ့ရဲ့ ကိုယ်ပိုင်စွမ်းအင်ဟာ
အကြီးအကျယ် လျော့နည်းနေခဲ့တာပဲ
ဖြစ်တယ်လေ။ နို့မဟုတ်ရင်တော့...
သူတို့ဟာ သူ့ရဲ့ဝက်ပါကို
ချိုးဖောက်နိုင်ခဲ့မယ်
ဆိုတာတောင်မှပဲ... ဟွေကုရဲ့
အခြေခံအုတ်မြစ် ကျင့်ကြံသူရဲ့
အဆင့်နဲ့ဆိုရင် လင်းဖုန်းဟာ
သူ့ရဲ့ပြိုင်ဘက် ဖြစ်နိုင်မှာ
မဟုတ်ပါဘူး။

ဒါတွေဟာ လင်းဖုန်းရဲ့
အောင်ပွဲအတွက် အရေးပါတဲ့
အချက်တွေပဲ ဖြစ်ပါတယ်...
တကယ်လို့များ အချက်တစ်ချက်က
မပြည့်စုံလို့ရှိရင်... သူ့ရဲ့
အကြံအစည်တွေဟာလည်း
ပြီးမြောက်နိုင်မှာ မဟုတ်ပါဘူး။

သူက လုပ်ရဲတယ် ဆိုမှတော့...
အောင်မြင်မယ်လို့ ယုံကြည်ချက်
ရှိလို့ပေါ့!

လင်းဖုန်းက သူ့ရဲ့ခေါင်းကို
လှည့်လိုက်ပြီး ရှောင်ယန်နဲ့
ရှောင်ပုတန်လေးတို့ကို
ပြောလိုက်ပါတယ်... "ကဲကဲ...
ကျန်နေသေးတဲ့
တခြားခတ်တော်တွေကိုလဲ
လိုက်ပြီးတော့ စုဆောင်းလိုက်ဦးဟ..."

ရှောင်ပုတန်လေးကလဲ ပျော်ရွှင်စွာနဲ့ပဲ
ပတ်ကာပြေးပါတော့တယ်...
နေရာအစုံကို လျှောက်သွားပြီး...
ဒီနေရာကို သူ့ရဲ့ကိုယ်ပိုင်
ဟင်းသီးဟင်းရွက် ဥယျာဉ်လေးသဖွယ်

သဘောထားကာ... "မုန်လာဥနီ
ရိတ်သိမ်းခြင်း" တာဝန်ကို
ပျော်ပျော်ရွှင်ရွှင်ကြီး
ထမ်းဆောင်နေခဲ့ပါပြီ။ သူက
ကျန်ရှိနေသေးတဲ့ ခုတ်တော်တွေ
အားလုံးကို လျင်မြန်စွာနဲ့ပဲ
စုဆောင်းလိုက်ပြီး... ပထမ
တစ်ပါးနဲ့အတူ လင်းဖုန်းကို
ပေးခဲ့လိုက်ပြီလေ။

သူ့ရဲ့ အသက်သွေးတွေဟာ လင်းဖုန်းရဲ့
လက်အတွင်းကို
ကျရောက်သွားခဲ့တာကို

ကြည့်ပြီးတော့... ပျော့ကုရဲ့
မျက်လုံးအစုံဟာ သွေးတွေလိုမျိုး
ရဲရဲတောက်နေခဲ့ပါပြီ...
ကျယ်လောင်စွာနဲ့ပဲ
အော်ဟစ်လိုက်ပြီလေ... "တောက်...
တာအိုဆရာ အစုတ်ပလုတ်!" သူ့ရဲ့
အလွန်အမင်း တောက်လောင်နေတဲ့
အမျက်ဒေါသတွေရဲ့ အောက်မှာ သူ့ရဲ့
မှော်စွမ်းအင် တွေဟာလည်း
ရုတ်ခြည်းပဲ မတည်မငြိမ်
ဖြစ်သွားပါတော့တယ်။ အစိမ်းရောင်
မီးတောက်တွေဟာ စွန်းထင်းနေတဲ့
သွေးတွေကို ဖိနှိပ်ထားနိုင်ခြင်း
မရှိတော့ပဲ... သူ့ရဲ့ ဗုဒ္ဓအလင်းရောင်

အကာအကွယ်ဟာ
ဒီစွန်းထင်းတဲ့သွေးတွေရဲ့
တိုက်စားခြင်းကို ရုတ်တရက်ပဲ
ခံလိုက်ရပြီလေ။

လင်းဖုန်းကတော့ ညစ်ညမ်းနေတဲ့
သွေးတွေနဲ့ တစ်ကိုယ်လုံး
စွန်းထင်းနေတဲ့ ဟွေကုကို
စိုက်ကြည့်လိုက်ပြီးတော့…
တိတ်တဆိတ်ပဲ
လက်ပိုက်နေလိုက်ပါတယ်။ သူက
ရှောင်ပုတန်လေးကို
တခြားခါတ်တော်တွေကိုလဲ

စုဆောင်းခိုင်းရခြင်းဟာ
တမင်သက်သက်ပဲ ဟော့ကုကို
ဒေါသထွက်အောင် လုပ်လိုက်ခြင်းပဲ
ဖြစ်တယ်လေ။ တကယ်လို့များ
ဒီဘုန်းကြီးက ဒီစွန်းထင်းနေတဲ့
သွေးတွေရဲ့အောက်မှာ
အရည်ပျော်သွားခဲ့ရင်တော့
အကောင်းဆုံးပေါ့။

ဒါပေမဲ့လည်း ဟော့ကုက သူ့ကို
စိတ်ပျက်စေခဲ့ပါတယ်။
အရှူးတစ်ပိုင်းဖြစ်နေတဲ့ ဘုန်းကြီးဟာ
ချက်ချင်းဆိုသလိုပဲ

တည်ငြိမ်လာခဲ့ပါပြီ… သူ့ရဲ့
ခန္ဓာကိုယ်ကို ကာကွယ်ထားတဲ့
မှော်စွမ်းအင်တွေ အားလုံးကို
ရုတ်သိမ်းလိုက်ပြီး… စွန်းထင်းနေတဲ့
သွေးတွေကို သူ့ရဲ့ တစ်ကိုယ်လုံးမှာ
ပျံ့နှံ့သွားစေခဲ့ကာ…
သူပင်ပင်ပန်းပန်းနဲ့ နှစ်ပေါင်းများစွာ
ကျင့်ကြံကြိုးစား လာခဲ့တဲ့
မှော်စွမ်းအင်တွေကို တိုက်စားပြီး
ညစ်ညမ်းစေခဲ့တယ်လေ။ ဒါပေမဲ့လည်း
ဟွေကုဟာ ဒါတွေကို
ဂရုမစိုက်နိုင်တော့ပဲ… လင်းဖုန်းကိုသာ
အေးစက်စွာနဲ့ စိုက်ကြည့်လို့
နေခဲ့ပါတယ်။

ဒီအချိန်မှာတော့… ရှုံးသွပ်ခြင်း..
စိတ်ကသိကအောက်ဖြစ်ခြင်း..
အမျက်ဒေါသထွက်ခြင်း.. စတဲ့
စိတ်ခံစားမှုတွေဟာ ဟွေကုဆီကနေ
ကွယ်ပျောက်လို့ သွားခဲ့ပါပြီ…
အေးစက်နေတဲ့ လူသတ်လိုစိတ်ကိုသာ
သူ့ရဲ့မျက်လုံးတွေထဲမှာ
မြင်နိုင်ခဲ့ပါတယ်။

လင်းဖုန်းကတော့ ရင်ထဲကနေပဲ
ကျိန်ဆဲလိုက်ပါတယ်… ဟွေကုကလဲ
အေးစက်စွာနဲ့ပဲ ပြောလိုက်ပါပြီ…

"အေး... ငါကတော့ အဝီစိငရဲကို
ကျဖို့ကတော့ ကျိန်းသေနေပြီကွ...
ဒါပေမဲ့ ငါမသွားခင်တော့ မင်းလိုမျိုး
နတ်ဆိုးပေါက်စလေးကို ငါနဲ့အတူ
ခေါ်သွားမယ်ဟေ့!"

ခဏအကြာမှာ...
ထိတ်လန့်တုန်လှုပ်ဖွယ်ရာ
မှော်စွမ်းအင် လှုပ်ရှားမှုဟာ ဟွေကုရဲ့
ကိုယ်ထဲကနေ ပေါက်ကွဲထွက်ကာ
လာခဲ့ပါပြီ။ သူ့ရဲ့ခေါင်းအပေါ်မှာ
အသေးစား တွင်းနက်လေး တစ်ခုဟာ
ပေါ်လာခဲ့ပြီး... သူ့ရဲ့

ဘေားပတ်ပတ်လည်မှာရှိတဲ့ အရာဝတ္ထု
မှန်သမျှကို စုပ်ယူလို့ သွားခဲ့ပြီလေ။

မရေမတွက်နိုင်တဲ့ ဖုန်မှုန့် တွေ..
ကျောက်စရစ်ခဲတွေ... ပြီးတော့
ဟေ့ကုရဲ့ဘေးက ငရဲသွေးမြစ်
အတွင်းက စွန်းထင်းတဲ့
သွေးတွေတောင်မှာပဲ လေထဲကို
လွင့်ပျံလာကာ တွင်းနက်ကြီးဆီကို
ပျံသန်းကာ လာခဲ့ကြပါပြီ။

ဒီလို ကြီးမားတဲ့
ဆွဲငင်မှုတွေရဲ့အောက်မှာ...

ရှောင်ယန်နဲ့ ရှောင်ပုတန်လေး
တို့တောင်မှပဲ မြေကြီးပေါ်မှာ
ရပ်ပြီးတော့ မနေနိုင်ကြတော့ပါဘူး။
သူတို့လေးတွေရဲ့ ခြေထောက်အစုံဟာ
မြေပြင်ပေါ်ကနေ ကြွတက်လာခဲ့ပြီး...
ဒီတွင်းနက်ကြီး အတွင်းကို
တိုက်ရိုက်စုပ်ယူခြင်းကို ခံရတော့မလို
ဖြစ်နေခဲ့ပြီလေ။

ဟွေကုကလဲ ကျယ်လောင်စွာနဲ့ပဲ
ဟစ်ကြွေးလိုက်ပါတယ်... "ကဲ...
နတ်ဆိုးပေါက်စလေး... ငါ့ရဲ့
နောက်ဆုံးတိုက်ကွက်... သံသရာရဲ့

ချမ်းသာသုခ ကို
ရင်ဆိုင်လိုက်စမ်းဟေ့!" ငါတို့ အတူတူ
လူဝင်စား သံသရာထဲကို
ဝင်ပြီးတော့... အဝီစိငရဲကို အတူတကွ
ဆင်းကြစို့ကွာ..."

သူ့ရဲ့စကား မဆုံးခင်မှာပဲ...
ပြိုင်ဘက်ကင်းအောင် တောက်ပပြီး..
ယှဉ်နိုင်သူ မရှိလောက်အောင်
ပြင်းထန်တဲ့ လွန်စွာသန့်စင်တဲ့
အဖြူရောင် လျှပ်စီးတန်း
တစ်တန်းဟာ... သူ့ရဲ့အရှေ့ကို
ရောက်ရှိလို့ လာခဲ့ပါပြီ။ သူ့ရဲ့

မှော်စွမ်းအင်တွေ
ကုန်ခမ်းနေခဲ့ပြီဖြစ်တဲ့ ဟော့ကုကို...
သွေးတိမ်တိုက်ကြီးတစ်ခု အဖြစ်ကို
အသွင်းပြောင်းကာ ပေးလိုက်ပြီလေ။

မြောက်ပိုင်းအရဏ်ဦး
လျှို့ဝှက်အလင်းတန်း!

လင်းဖုန်းဟာ သူ့ရဲ့ ညာဘက်လက်ကို
ဆန့်တန်းလိုက်ပြီး... သူ့ရဲ့
လက်ချောင်းတွေနဲ့
သေနတ်ပစ်လိုက်သလိုမျိုး
လုပ်လိုက်ကာ... နှုတ်ခမ်းရှေ့ကို

ပြန်ယူလာခဲ့ပြီး လေနဲ့မှုတ်လိုက်ပါပြီ...
"ဟဟ... ငါကလည်း မင်းကို
စောင့်နေတာကွ... ကတုံးစုတ်ကြီးရ!"

## စာစဉ် ၄ : အပိုင်း ၆

## အပိုင်း ၄၆ : သွေးမြစ်၏ အရင်းအမြစ်

ဟွေကုဟာ သူ့ရဲ့ ၂၄ကောင်းကင်
ရဟန္တာဝက်ပါကို ဆုံးရှုံးလိုက်ရပြီး...
ဒီကမ္ဘာပေါ်မှာ အဆိုးယုတ်ဆုံးနဲ့
အညစ်ညမ်းဆုံးဖြစ်တဲ့ စွန်းထင်းနေတဲ့
သွေးတွေရဲ့ တိုက်ခိုက်ခြင်းကိုလဲ

ခံစားနေခဲ့ရတာပါ။ သူ့ရဲ့ အလွန်အမင်း
ပြင်းထန်တဲ့
အမျက်ဒေါသအောက်မှာ... သူဟာ
အကုန်လုံးကို သူနဲ့အတူ ခေါ်သွားဖို့ကို
ကြိုးစားခဲ့ပြီး... ဗုဒ္ဓ လျှို့ဝှက်နည်းစနစ်
တစ်ခုဖြစ်တဲ့ သံသရာရဲ့
ချမ်းသာသုခကို အသုံးချပြီးတော့...
လင်းဖုန်းကို သူနဲ့အတူ ဆွဲချသွားဖို့ကို
ဆန္ဒရှိခဲ့ပါတယ်။

လင်းဖုန်းကလဲ သတိအမြဲတမ်း
ကပ်ထားနေခဲ့တာပါ... သူက ဟွေကုရဲ့
လှုပ်ရှားမှု မှန်သမျှကို တစ်ချိန်လုံး
အာရုံစိုက်နေခဲ့တာလေ။

ဒီဘုန်းကြီးဟာ စွန်းထင်းနေတဲ့
သွေးတွေရဲ့ တိုက်ခိုက်မှုကို
လျစ်လျူရှုထားပြီး... သူ့ရဲ့
အကာအကွယ် မှော်စွမ်းအင်တွေကို
ရုတ်သိမ်းလိုက်တာနဲ့ တပြိုင်နက်...
သူဟာ ချက်ချင်းပဲ မစင်ထုတ်ကြီးဟာ
ပန်ကာအပေါ်ကို ကျတော့မယ်
ဆိုတာကို သိလိုက်ပါပြီ။

မြောက်ပိုင်း အရှေ့ဦးခေးကလဲ
ရုတ်ချည်းပဲ ထွက်လာခဲ့ပြီး ဟွေကုရဲ့
မှော်ကျိန်စာ အပြည့်အဝ
မထုတ်လွှတ်ရသေးခင်မှာပဲ...
စွမ်းအားမြင့် လျှပ်စီး အငွေ့အဝိုက်လေး

တစ်ခုဟာ ဒီဘုန်းကြီးကို ထိမှန်သွားပြီး
ခြေတစ်လှမ်းစောကာ သေမင်းနဲ့
သွားတွေ့စေခဲ့ပါတယ်။

ဟွေကုဟာ သေဆုံးသွားခဲ့ပြီး
သူ့ရဲ့ခေါင်းပေါ်က တွင်းနက်ကြီးကလဲ
ရုတ်ချည်းပဲ ထိန်းချုပ်မှု
ကင်းမဲ့သွားခဲ့ကာ… ဖရိုဖရဲ ပရမ်းပတာ
ဖြစ်သွားခဲ့ပါပြီ။

လင်းဖုန်းကလဲ ဒီမြေအောက်
နန်းတော်ကြီးရဲ့
စိတ်ဝိညာဉ်စွမ်းအင်တွေဟာ

ကစဥ့်ကလျား ဖြစ်သွားခဲ့တာကို
ခံစားမိလိုက်ရပြီး… ဘယ်လိုမှ
မထိန်းနိုင်တော့ပဲ အနည်းငယ်
ဖြူဖတ်ဖြူလျော် ဖြစ်သွားခဲ့ကာ သူ့ရဲ့
တပည့်နှစ်ယောက်ကို
လှမ်းအော်လိုက်ပါတယ်… "ဟေ့…
သတိထားကြဦးကွ…"

သူ့ရဲ့စကားသံ
မကွယ်ပျောက်သေးခင်မှာပဲ…
ဒီတွင်းနက်ကြီးဟာ ရုတ်တရက်ပဲ
ပေါက်ကွဲသွားပြီး…
ဒီမြေအောက်နန်းတော်ကြီးရဲ့
ညစ်ညမ်းနေတဲ့ စိတ်ဝိညာဥ်

စွမ်းအင်တွေနဲ့ ရောနှောသွားခဲ့ကာ...
သယ်ယူပို့ဆောင်ရေး
ဝင်္ကပါတစ်ခုလိုမျိုးပဲ...
လေဟာနယ်ကို ရွှေ့ပြောင်းစေခဲ့ပါပြီ။

ဟင်းလင်းပြင်ရဲ့ ကယောက်ကယက်
ဖြစ်မှုတွေရဲ့ အကြားမှာ...
လင်းဖုန်းရဲ့ခေါင်းဟာ ကတုန်ကယင်
ဖြစ်သွားပြီး... သူ့ရဲ့ မျက်လုံးတွေ
အရှေ့မှာ စူးရှတဲ့
အလင်းတန်းတစ်ခုဟာ လက်ကနဲ
ဖြစ်သွားပြီး သူ့ရဲ့အရှေ့က
မြင်ကွင်းတွေဟာ အဆက်မပြတ်ပဲ
ပြောင်းလဲလို့ သွားခဲ့ပါတယ်။

တစက္ကန့် အချိန်လေး
အတွင်းမှာကိုပဲ… လင်းဖုန်းရဲ့
မြင်ကွင်းထဲက ရှုခင်းတွေဟာ
အကြိမ်ပေါင်း များစွာပဲ ပြောင်းလဲလို့
သွားခဲ့တယ်လေ။

မယုံနိုင်စရာ ကောင်းလှတဲ့ အချိန်
တွေဟာ အကြာကြီး
ကုန်လွန်သွားခဲ့သလိုမျိုးပါပဲ…
ဒါပေမဲ့လည်း တကယ်တမ်းကတော့
စက္ကန့်အနည်းငယ်သာ
ကြာခဲ့သေးတာပါ။ ခေါင်းထဲမှာ

မှုးဝေနေခဲ့တဲ့ လင်းဖုန်းလေးဟာ
မြေပြင်ပေါ်ကို ပြင်းထန်စွာနဲ့
ပြုတ်ကျကာ လာခဲ့ပါတယ်။

လင်းဖုန်းကလဲ သူ့ရဲ့ခေါင်းကို
ခါယမ်းလိုက်ပါပြီ…
အချိန်အတော်လေး ကြာသွားမှသာ
သူ့ရဲ့ခေါင်းဟာ ပြန်ပြီးတော့
ကြည်လင်လာခဲ့ပါတယ်။
သူ့ရဲ့ခေါင်းကို မော့လိုက်ပြီး
ဘေးဘီဝဲယာကို ကြည့်လိုက်တဲ့
အခါမှာတော့… သူဟာ
ဥမင်လှိုဏ်ခေါင်းလေး တစ်ခုအတွင်းကို
ရောက်ရှိနေခဲ့တာကို

တွေ့ရှိလိုက်ရပြီလေ။ သူက
သူဘယ်လောက် ဝေးဝေးအထိကို
ပို့ဆောင်ခံလိုက်ရသလဲ
ဆိုတာကိုတော့ မသိခဲ့ပါဘူး...
ဒါပေမဲ့လည်း သူ့ရဲ့ နားအတွင်းမှာ
ငရဲသွေးမြစ်ရဲ့ မာန်ဟုန်ပြင်းပြင်းနဲ့
တရဟော စီးဆင်းနေတဲ့ အသံတွေကို
မကြားရတော့ဘူးလေ... အဲ့ဒီတော့
သူဟာ အတော်ဝေးဝေးမှာ ရှိနေတဲ့
နေရာတစ်ခုကို
အပို့ဆောင်ခံလိုက်ရတယ်လို့
ထင်မြင်ယူဆလို့ ရနိုင်ပါတယ်။

သူ့ရဲ့တပည့်လေး နှစ်ယောက်ကိုတော့
သူ့ရဲ့ဘေးမှာ မတွေ့ရတော့ပါဘူး...
ကြည့်ရတာက သူတို့လဲ
ဒီဟင်းလင်းပြင် ကစဥ့်ကလျား
ဖြစ်မှုအတွင်းမှာ တခြားနေရာ
တစ်ခုကို အပို့ဆောင် ခံလိုက်ရတာနဲ့
တူတယ်လေ။

လင်းဖုန်းကလဲ ကူရာမဲ့စွာနဲ့ပဲ
ရယ်လိုက်ပါတော့တယ်... "အင်း...
ဒုက္ခနဲ့ လှလှနဲ့တော့ တွေ့ပြီဟ..."

ဒါပေမဲ့လည်း အရာရာတိုင်းက
ဆိုးဝါးနေခဲ့တာတော့ မဟုတ်ပါဘူး။

လင်းဖုန်းဟာ သူ့ရဲ့လက်ထဲက
သိုလှောင်အိတ်ကလေးကို လက်နဲ့
ဆကြည့်လိုက်ပါပြီ…
သူ့ရဲ့မျက်နှာကလဲ မှိုရထားတဲ့
အတိုင်းပါပဲ။ ပရမ်းပတာ ဖြစ်စဥ်ကြီးရဲ့
အထဲမှာ သူက ဟွေကုရဲ့
သိုလှောင်အိတ်ကို လျင်မြန်စွာနဲ့ပဲ
ဆွဲယူနိုင်ခဲ့ပါတယ်… ဟိုဘုန်းကြီးရဲ့
သိုဝှက်ထားတဲ့ အရာတွေ အားလုံးဟာ
အခုတော့ သူ့နိုင်ပွဲရဲ့ တိုက်ရာပါ
ပစ္စည်းတွေ ဖြစ်လာခဲ့ပြီလေ။

ဒါပေမဲ့လည်း…
အရေးအကြီးဆုံးကတော့ ခေတ်တော်
၂၄ပါးပဲပေါ့။

လင်းဖုန်းဟာ သူ့ရဲ့ အိတ်ထဲကနေ
၂၄ကောင်းကင် ရဟန္တာဝက်ပါရဲ့ ဝက်ပါ
မြေပုံကားချပ်ပုံစံကို တွေ့လိုက်ရပါပြီ။
အဲ့ဒါကတော့ ရုပ်ပုံကားချပ်ပေါင်း
များစွာပါဝင်တဲ့ စာအုပ်အထူကြီးပဲ
ဖြစ်တယ်လေ… ပထမပိုင်းက
စာရွက်ပေါင်း များစွာမှာက
ပြုပြင်မှုတွေ အများကြီးကို

ပြုလုပ်ထားခဲ့ပါတယ်။
ကြည့်ရတာတော့ ပှော့ကုဟာ...
ဒီဝက်ပါကို ဘယ်လို
အရောင်တင်ရမလဲ ဆိုတာကို
ပုံမှန်စဉ်းစားနေပုံရပြီး... သူ့ရဲ့
လက်ရှိစွမ်းအားကိုရအောင် ဒီဝက်ပါကို
အဆက်မပြတ် တိုးတက်အောင်
ပြုပြင်နေခဲ့တာပဲ ဖြစ်တယ်လေ။

ဒီဝက်ပါ မြေပုံကားချပ် ပုံစံဟာ
ခတ်တော် ၂၄ပါးနဲ့တွဲပြီးတော့
၂၄ကောင်းကင် ရဟန္တာဝက်ပါကို
တည်ဆောက်နိုင်ပါတယ်။

ဒါပေမဲ့လည်း လင်းဖုန်းက
ဒီခါတ်တော်တွေကို အရင်ဦးဆုံး
သန့်စင်ဖို့ လိုပါလိမ့်မယ်… သူဟာ
ဒီခါတ်တော်တွေ အထဲက ဟွေကုရဲ့
မှော်စွမ်းအင် အမှတ်တွေကို အရင်ဆုံး
ဖယ်ရှားပစ်ဖို့ လိုအပ်ပြီး…
သူ့ရဲ့ကိုယ်ပိုင် မှော်စွမ်းအင်တွေကို
ထည့်သွင်းပြီးမှသာ သူတို့ကို
ကောင်းကောင်း အမိန့်ပေးလို့ရမှာပဲ
ဖြစ်ပါတယ်။

ဒီဝက်ပါ ရုပ်ပုံကားချပ် ပုံစံအပြင်…
သိုလှောင်အိတ်ထဲမှာက ဟွေကု
လေ့ကျင့်ထားတဲ့ အေကာလာ
ပညာရပ်လဲ ရှိနေပါသေးတယ်။
လင်းဖုန်းက
တစ်ချက်ကြည့်လိုက်တော့… ဒါက
ထိပ်ဆုံးက အခြေခံ
ဖော်ပြချက်ကလွဲလို့ ကျန်တဲ့ကျမ်းစာ
အပြည့်အစုံပဲ ဆိုတာကို
တွေ့ရှိလိုက်ရပါပြီ။

လင်းဖုန်းကလဲ ပျော်ရွှင်စွာနဲ့ပဲ
ရယ်မောလိုက်ပါတယ်။ သူ့ဆီမှာ
နဂိုရှိပြီးသားဖြစ်တဲ့ အပေါ်ပိုင်းနဲ့

အခုဟော့ကုရဲ့ အပိုင်းနဲ့
ပေါင်းလိုက်ရင်... ပြည့်စုံတဲ့
အောကာလာ ပညာရပ်ကို ရပြီလေ။

တခြားပစ္စည်းတွေဖြစ်တဲ့
ကျင့်ကြံမှုဆေးလုံးများ
စတာတွေဟာ...
လင်းဖုန်းလိုအပ်နေတဲ့ အရာတွေ
ဖြစ်ပေမယ့်... ထူးထူးခြားခြားကြီး
ကောင်းမွန်လှတာ သိပ်ပြီးတော့
မပါပါဘူး။

ဘာပဲပြောပြော မဟာမိုးကြိုး
ကျောင်းတော်ကြီးက
ပျက်စီးသွားခဲ့တာဟာ နှစ်ပေါင်း
၂ဂကျော် ရှိခဲ့ပြီလေ… ဟွေကုက
တန်ဖိုးကြီးတဲ့ ဆေးလုံးတွေကို
ယူလာခဲ့မယ် ဆိုတာတောင်မှပဲ…
သူဟာ အတော်များများကို အသုံးပြုပြီး
ဖြစ်ပါလိမ့်မယ်။

တန်ဖိုးရှိတယ်လို့ တွက်နိုင်တဲ့
အရာကတော့… ဆေးစာအညွှန်း
နှစ်မျိုးပါပဲ။

တစ်မျိုးကတော့ မဟာမိုးကြိုး
ပြန်လည်ရှင်သန်ခြင်းဆေးလုံး
ဖြစ်ပါတယ်... သူကတော့
မဟာမိုးကြိုး ကျောင်းတော်ကြီးရဲ့
ကမ္ဘာကျော် ဒဏ်ရာကုစားနိုင်တဲ့
ဖြေဆေးပဲ ဖြစ်တယ်လေ။ သူဟာ
ပျက်စီးသွားတဲ့ ကိုယ်ခန္ဓာတွေကို
ကုသနိုင်ဖို့.. သေအံ့မူးမူး လူနာတွေကို
ကယ်တင်နိုင်ဖို့.. အရိုးတွေကို
အသစ်တစ်ဖန်
ပြန်လည်ပေါက်ပွားလာဖို့အတွက်
အလွန်အံ့သြဖွယ်ကောင်းတဲ့
အကျိုးသက်ရောက်မှုတွေ ရှိပါတယ်။

တစ်ခြားဆေးတစ်မျိုးဖြစ်တဲ့
အရံအတား ချိုးဖောက်ခြင်း
ဆေးလုံးကလဲ လင်းဖုန်းကို
သွားရည်ယိုစေခဲ့တယ်လေ။ သူဟာ
ကျင့်ကြံသူတွေက သူ့တို့ရဲ့
ကျင့်ကြံမှုတွေမှာ ကြုံတွေ့နေရတဲ့
တစ်ဆို့ကြန့်ကြာနေတဲ့ အရာတွေ..
အဆင့်ငယ်တစ်ခုရဲ့ လမ်းကျဉ်းတွေကို
ကျော်လွှားနိုင်ဖို့ ပုံစံထုတ်ထားတာပဲ
ဖြစ်ပါတယ်။ ဒီအရံအတား
ချိုးဖောက်ခြင်း ဆေးလုံးကို
အသုံးပြုပြီးသွားတာနဲ့…
တစ်ယောက်ဟာ နောက်ထပ်
အဆင့်ငယ် တစ်ဆင့်ကို ချက်ချင်း
တက်လှမ်းနိုင်သွားမှာပဲ ဖြစ်တယ်လေ။

ဒီဆေးလုံးကို
အသုံးပြုလိုက်ခြင်းအားဖြင့် ချီသာဝက
အဆင့်က သူတွေဟာ
အခြေခံအုတ်မြစ် အဆင့်ကို…
ဒါမှမဟုတ် အခြေခံအုတ်မြစ် အဆင့်က
သူတွေဟာ ရွှေရောင်ဗဟိုချက်
အဆင့်ကို တက်လှမ်းနိုင်ဖို့အတွက်
အောင်မြင်မှုနှုန်းကို အများကြီး
မြှင့်တင်ပေးနိုင်ပါတယ်။

ဒါပေမဲ့လည်း ဒီဆေးလုံးနှစ်မျိုးကို
ဖော်စပ်ဖို့အတွက် လိုအပ်တဲ့
အမယ်တွေဟာ အမတန်ကိုမှပဲ
ရှားပါးပြီး… အောင်မြင်စွာ

ဖော်စပ်နိုင်မှု ရာခိုင်နှုန်းကလဲ
အမတန်ကိုမှပဲ နိမ့်တယ်လေ။

လင်းဖုန်းအနေနဲ့ကတော့… ပထမ..
သူက အင်္ဂလိပ်ပညာကို မတတ်ဘူး…
ဒုတိယ.. သူ့မှာက ဆေးအမယ်တွေ
မရှိဘူး.. သူက ဒီနှစ်မျိုးကို
တသသနဲ့သာ ကြည့်နိုင်ပါသေးတယ်။

"အင်း… လောလောဆယ်တော့
သူတို့ကို
အရင်သိမ်းထားလိုက်ဦးမယ်…
နောက်တော့မှ ယန်ကလေးကို

ပေးပြီးတော့ အကြံအဖန်လေး
လုပ်ခိုင်းရမယ်ဟ။ စနစ်ကြီးက
သူ့ဆီမှာ အင်္ဂလိပ်ရတ်ပညာမှာ
ပါရမီပါတယ်လို့ ပြောထားတယ်ကွ…
လိမ်ညာတာတော့
မဟုတ်လောက်ပါဘူးလေ…"
လင်းဖုန်းက
ဒီဆေးဖော်စပ်နည်းတွေကို
အရင်သိမ်းထားလိုက်ပါတယ်…
"အင်း… အခုလုပ်ရမှာက
အပြင်ထွက်ဖို့လမ်းကို မြန်မြန်ရှာပြီး
ဟိုကောင်လေး နှစ်ကောင်ကို
ရှာရမယ်… ပြီးမှ ဇူရီလေးအနားကို
သွားရမယ်ဟ…"

"ဒူရီ... ဟင်း... ဒီကောင်လေးက
ဘယ်အခြေအနေမျိုး ရှိနေပြီလဲ
မသိဘူးကွာ..."

လင်းဖုန်းက
မြေအောက်နန်းတော်ထဲမှာ...
ဒီလေဟာနယ် ရွှေ့ပြောင်းခြင်းလို
ချီးထုတ်ကိစ္စမျိုး ဖြစ်လာလိမ့်မယ်လို့
လုံးဝကို တွေးမထားခဲ့ပါဘူး...
နောက်ဆုံးမှာ အခုတော့
တတိယတပည့်ကိုတောင်
မရသေးဘူး... နဂိုရှိပြီးသား

နှစ်ယောက်တောင်မှပဲ ဘယ်ရောက်လို့ ဘယ်ပေါက်နေမှန်း မသိတော့ဘူးလေ။

နင့်မေကလွှားတဲ့မှပဲ... နှစ်ပေါင်း ၅၀ကျော် ကြိုးစားလာခဲ့ပြီးမှ နောက်ဆုံးမှာ အစကို တစ်ညထဲနဲ့ ပြန်ရောက်သွားသလိုမျိုးများ ဖြစ်နေပြီလား?

"အင်း... ငါက ဒီနေရာကနေ ဘယ်လိုများ ထွက်နိုင်ပါ့မလဲ?" လင်းဖုန်းက ဒုက္ခရောက်နေတုံးမှာပဲ စနစ်ကြီးရဲ့ အကြောင်းကြားချက်ဟာ

ရုတ်တရက်ပဲ သူ့ရဲ့ စိတ်ထဲမှာ
ပေါ်လာခဲ့ပါတယ်... "သင်ဟာ
အရန်မစ်ရှင် အိုင်တမ်ဖြစ်တဲ့...
မဟူရာတိမ်တိုက်အလံရဲ့ အနားကို
ရောက်ရှိလို့ လာခဲ့ပါပြီ..."

ဟာ... မင်းက
လာနှောက်နေတာလား?

လင်းဖုန်းကလဲ အံ့သြမှင်သက်
သွားခဲ့ပါပြီ... ဒါက တကယ့်ကိုပဲ
မုတ်ဆိတ်ပျားစွဲတာပဲဟ။
ဒီမတိုင်ခင်တုံးကတော့ သူဟာ

အရန်မစ်ရှင်ကို မေ့တောင်မှပဲ
မေ့လို့နေခဲ့ပါပြီ... ဘယ်သူက
သိမှာလဲ... ဒီမြေအောက်
နန်းတော်ကြီးထဲက လေဟာနယ်
သယ်ယူပို့ဆောင်ခြင်းကို
နှစ်ခါဆက်တိုက်
ခံခဲ့လိုက်ရအပြီးမှာတော့... သူဟာ
မဟူရာ တိမ်တိုက်အလံရဲ့ အရှေ့ကို
ရောက်လာလိမ့်မယ်လို့။

"ဒီမဟူရာ တိမ်တိုက်အလံဟာ
တာအိုမာစတာ ဟေးယွင်ရဲ့
စိတ်ဝိညာဉ် ပေါင်းစပ်ထားတဲ့
မှော်အိုင်တမ်ဖြစ်တယ်...

တာအိုမာစတာ ဟောဲယွင်ကလဲ
ဒီမဟူရာတိမ်တိုက်
မြေအောက်နန်းတော်ကို
တည်ဆောက်ထားခဲ့တဲ့သူပဲ
ဖြစ်တယ်လေ..." သူ့ရဲ့
နှလုံးသားထဲမှာ အတွေးတစ်ခု
ပေါ်လာပြီး နောက်မှာတော့... သူဟာ
အလျှင်အမြန်ပဲ မစ်ရှင်ရဲ့ အကြောင်းကို
အသေးစိတ် ပြန်ပြီးတော့
ဖတ်လိုက်ပါပြီ။

လင်းဖုန်းက မဟူရာ တိမ်တိုက်အလံရဲ့
အနားကို နီးကပ်လာပြီ
ဖြစ်တဲ့အတွက်ကြောင့်... မစ်ရှင်ရဲ့

ဖော်ပြချက်အတွင်းမှာလဲ မဟူရာ
တိမ်တိုက်အလံရဲ့ အကြောင်းကို
အသေးစိတ် ဖော်ပြလို့ ထားခဲ့ပြီလေ။

မဟူရာတိမ်တိုက်အလံ...
တာအိုမာစတာ ဟေးယွင်ရဲ့
စိတ်ဝိညာဉ် ပေါင်းစပ်ထားတဲ့
မှော်အိုင်တမ်ဖြစ်တယ်...
တာအိုမာစတာ ဟေးယွင်ရဲ့
နာမည်ကျော် မှော်ကျိန်စာ
"မဟာကောင်းကင် ရွှေ့ပြောင်းခြင်း"
ကိုအသုံးပြုပြီးတော့ သန့်စင်ထားတာပဲ
ဖြစ်ပါတယ်။ သူဟာ ခရီးတိုအတွင်းမှာ
လေဟာနယ်ကို အရွှေ့အပြောင်း

ပြုလုပ်နိုင်တယ်... တိုက်ခိုက်မှုနဲ့
ကာကွယ်မှုကိုလဲ တသားထဲ
ပေါင်းစည်းနိုင်တယ်။ သူဟာ လူတွေကို
တင်ပြီးလဲ ပျံနိုင်သေးတယ်...
တခြားအသုံးဝင်တဲ့ နေရာတွေလဲ
မရေမတွက်နိုင်အောင် ရှိပါသေးတယ်။

လင်းဖုန်းရဲ့ မျက်လုံးတွေကလဲ
အရောင်တွေနဲ့ တောက်ပလို့
လာခဲ့ပါပြီ... "ဩော်...
လက်စသတ်တော့ ဒီလိုကို...
ဒီမြေအောက် နန်းတော်ထဲမှာ
လေဟာနယ် အရွေ့အပြောင်းတွေ
ဒီလောက်များတာက ဒီမဟူရာ

တိမ်တိုက်အလံကြောင့်ပဲ
ဖြစ်ပါလိမ့်မယ်။ တကယ်လို့များ ငါက
ဒီမဟူရာ တိမ်တိုက်အလံကို
ရခဲ့လို့ရှိရင်...
ဒီမြေအောက်နန်းတော်ကနေ
ထွက်ခွာဖို့ရာက ငှက်ပျောသီး
အခွံနွှာစားရသလို လွယ်ကူပြီး...
ဟိုကောင်ကလေး သုံးကောင်ကိုလဲ
ရှာဖို့လွယ်သွားလိမ့်မယ်ဟ..."

နည်းလမ်းရှာတွေ့လို့ သွားခဲ့ပြီ
ဖြစ်ပေမယ့်... လင်းဖုန်းဟာ
အရင်ထက်ကို ပိုပြီးတော့တောင်
ဂရုစိုက်လို့ နေခဲ့ပါတယ်။ မဟူရာ

တိမ်တိုက်အလံက အနီးမှာ
ရှိနေတယ်ဆိုတော့…
ငရဲသွေးမြစ်ကလဲ အနားမှာ
ရှိနေမှာပေါ့… ဒါ့အပြင် သူက
ဒီမြေအောက်နန်းတော်က
ငရဲသွေးမြစ်ရဲ့ မူလရင်းမြစ်ပဲ
ဖြစ်တယ်လေ။

သေချာတာပေါ့… လင်းဖုန်းက
အရှေ့ကို အနည်းငယ်
ဆက်လျှောက်သွား အပြီးမှာ…
အဝေးကနေပြီး ရေစီးသံ တဝုန်းဝုန်းကို
ကြားနေခဲ့ရပါပြီ။

အကွေ့အကောက် အနည်းငယ်ကို
ကျော်ဖြတ်လို့ အပြီးမှာတော့...
ဥမင်လှိုဏ်ခေါင်းရဲ့ အဆုံးကို
ရောက်ရှိကာ လာခဲ့ပြီလေ။
လှိုဏ်ခေါင်းအပြင်ကို
ထွက်လိုက်တော့... လင်းဖုန်းရဲ့
အရှေ့မှာ ပေါ်လာတာကတော့
ကြီးမားလှတဲ့
မြေအောက်ရေကန်ကြီးပဲ
ဖြစ်ပါတော့တယ်။

ဒါပေမဲ့ ဒီရေကန်ရဲ့ အထဲမှာက
ရေတွေမရှိပဲ အကြွင်းမဲ့
သွေးမြစ်ရေတွေသာ ရှိနေခဲ့တာပါ…
ပုတ်စော်နံပြီး..
အော်ဂလီဆန်ဖွယ်ကောင်းတဲ့
အနံ့တွေဟာ သူ့ရဲ့ မျက်နှာဆီကို
ပြေးဝင်လာခဲ့ပြီး… သူ့ရဲ့
နှာခေါင်းတွေကို ပြင်းပြင်းထန်ထန်ပဲ
တိုက်ခိုက်ခဲ့တယ်လေ…
လင်းဖုန်းလေးကတော့ လုံးဝကိုပဲ
မူးမေ့သွားလုမတတ်ပါပဲ။

ရေကန်ရဲ့ အပေါ်က လေထုထဲမှာက
မည်းနက်နေတဲ့

ပပ်ကြားအပ်ကြီးတစ်ခု
ရှိနေခဲ့ပါတယ်... ဒါကတော့
လေဟာနယ် အက်ကွဲကြောင်းပဲ
ဖြစ်တယ်လေ။

လေဟာနယ်ကြီးဟာ ပုံဆွဲစက္ကူတစ်ခု
အတိုင်းပါပဲ... တခြားအရာတွေ
အားလုံးဟာ ပုံအထဲက
ရှုခင်းတွေဖြစ်ပြီးတော့...
ဒီပပ်ကြားအက်ကြီးဟာ ဒီပုံဆွဲစက္ကူ
အထဲက စုတ်ဖြဲခံထားရတဲ့
အပေါက်ကြီးနဲ့ တူနေခဲ့ပါတယ်။

ပပ်ကြားအက်ကြီး အထဲကနေ…
အနံ့ဆိုးနဲ့ စွန်းထင်းတဲ့သွေးတွေဟာ
အဆက်မပြတ်ပဲ စီးကျနေခဲ့ကာ…
ရေတံခွန် တစ်ခုလိုမျိုး
အောက်ကရေကန်ကြီးထဲကို
ကျရောက်သွားခဲ့ပါတော့တယ်။

ရေကန်ရဲ့ အပေါ်ဘက်မှာကတော့
မှောင်မည်း.. ထူထဲ.. နီရဲနေတဲ့
သွေးအော်ရာတွေဟာ ယိုစိမ့်ပြီးတော့
နေခဲ့တယ်လေ။

အဝေးမှာပဲ ရပ်နေပြီး ဒီစွန်းထင်းတဲ့
သွေးတွေနဲ့ တိုက်ရိုက်ထိတွေ့ရခြင်း
မရှိသေးတာတောင်မှပဲ...
လင်းဖုန်းဟာ သူ့ရဲ့
မှော်စွမ်းအင်တွေဟာ
နှေးကွေးလာခဲ့တယ်လို့
ခံစားနေရပါပြီ... ဒီထူထဲလှတဲ့
သွေးအော်ရာတွေဟာ လင်းဖုန်းရဲ့
မှော်စွမ်းအင်ကို တကယ်ကိုပဲ
စွန်းထင်းစေခဲ့ပြီလေ။

လင်းဖုန်းက သူ့ရဲ့
ခြေထောက်အောက်က
သွေးရေကန်ဆီကို

လှမ်းကြည့်လိုက်ပါတယ်...
စိတ်ထဲမှာလဲ တွေးနေလို့ပါ...
ဒီသွေးရေကန်ရဲ့ အောက်မှာ
လမ်းကြောင်းတစ်ခု ရှိရမယ်...
ပြီးတော့ ဟောကုရှိတဲ့ နေရာကို
ရောက်သွားတုံးက တွေ့ရတဲ့
ငရဲသွေးမြစ်ရဲ့ မူလရင်းမြစ်ကလဲ
အဲ့ဒီနေရာပဲ ဖြစ်ရမယ်လို့ပေါ့။
ဒါပေမဲ့လည်း အဲဒီသွေးမြစ်ဟာ
ဘယ်ဆီကို စီးဆင်းသွားသလဲ
ဆိုတာကိုတော့ သူမသိခဲ့ပါဘူး။

စနစ်ရဲ့ အကြောင်းကြားချက်ကလဲ
နောက်ထပ်တစ်ဖန် ပေါ်ပေါက်ကာ

လာခဲ့ပါပြီ။ ဒီအချိန်မှာတော့ သူ့ကို
မဟူရာ တိမ်တိုက်အလံရဲ့
နေရာအတိအကျကို
တိုက်ရိုက်ညွှန်ပြခဲ့တယ်လေ။
လင်းဖုန်းက သူ့ရဲ့အာရုံကို
စုစည်းလိုက်ပြီး... ဒီမှော်အိုင်တမ်ကို
အရင်ယူဖို့ ပြင်ဆင်လိုက်ကာ...
ကျန်တာတွေကို နောက်မှပဲ
မီးစင်ကနေ ကြည့်ကတော့မယ်လို့
ဆုံးဖြတ်လိုက်ပါတယ်။

"ဟင်း... ပျင်းစရာကြီးကွာ!"

"ခွမ်း!"

လင်းဖုန်းဟာ ဒီမဟူရာ
တိမ်တိုက်အလံကို ယူဖို့ရာ
ပြင်ဆင်နေတုံးမှာပဲ...
မမျှော်လင့်ထားတဲ့ အသံတစ်ခုဟာ
သူ့ရဲ့နားထဲမှာ ရုတ်တရက်ပဲ
ပေါ်ပေါက်ကာ လာခဲ့ပါပြီ။

ပြီးတာနဲ့ တပြိုင်နက်ထဲ...
ကျောက်စိမ်းခွက် တစ်ခွက်ဟာ
မြေပြင်ပေါ်ကို ကျကွဲသွားတဲ့ အသံကို
ကြားလိုက်ရတယ်လေ။

လင်းဖုန်းဟာ ရုတ်တရက်ပဲ
ထိတ်လန့်သွားခဲ့ပါတယ်…
တစ်စုံတစ်ယောက်ဟာ အနားမှာ
ရှိနေပြီး သူကဒါကို အရင်က လုံးဝကိုပဲ
သတိမထားမိခဲ့ပါဘူး။

အသံထွက်ပေါ်လာရာဘက်ကို
ကြည့်လိုက်တော့… သူဟာ
ခေါင်းပေါ်မှာ ဝါးဦးထုပ်
အစိမ်းရောင်ကို ဆောင်းထားပြီး…
အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားတဲ့
လူရွယ်တစ်ယောက်ဟာ ရောမ

ကျောက်ဆောင်ကြီး တစ်ခုကို
မှီနေခဲ့ပြီး အဖြူရောင်
ကျောက်စိမ်းခွက် တစ်ခွက်ကို
ကိုင်ထားတာကို တွေ့လိုက်ရပါပြီ။
သူရဲ့မျက်နှာက အမူအရာကတော့
လင်းဖုန်းကို ဖွဖွလေးပြုံးပြီး
ကြည့်နေခဲ့တယ်လေ။

လင်းဖုန်းရဲ့
မျက်လုံးသူငယ်အိမ်တွေဟာ အတော်ပဲ
ကျဉ်းမြောင်းလို့ သွားခဲ့ပါပြီ…
ဒီဝါးဦးထုပ်နဲ့ လူရှုယ်ရဲ့
မနီးမဝေးမှာတော့
အဖြူရောင်ကျောက်စိမ်း

အပိုင်းအစတွေဟာ တောင်ပုံယာပုံ
ဖြစ်နေခဲ့ပြီး တောင်ပူစာလေး
တစ်လုံးလိုတောင် ဖြစ်နေခဲ့ပြီလေ။

ဒီကြည်လင်တောက်ပနေတဲ့
အစိတ်အပိုင်းတွေ ကြားထဲကနေ
ကြက်သွေးရောင်ရင့်ရင့်
အနီရောင်ဝိုင်တွေကလဲ တိတ်ဆိတ်စွာ
စီးဆင်းလို့ နေခဲ့ပါတယ်... သူတို့ကို
ကြည့်ရတာ ဒီငရဲသွေးမြစ်ထဲက
စွန်းထင်းနေတဲ့ သွေးတွေနဲ့
တကယ်ကိုပဲ ဆင်တူနေခဲ့တယ်လေ။

ဒီဝါးဦးထုပ်နဲ့ လူရွယ်လေးဟာ
သူ့ရဲ့လက်ထဲက အဖြူရောင်
ကျောက်စိမ်းခွက်လေးကို
မြှောက်လိုက်ပြီး...
ခွက်လေးအတွင်းက အနံ့အရသာနဲ့
ပြည့်စုံလှတဲ့ စပျစ်ဝိုင်ကို
တစ်ကျိုက်သာ သောက်လိုက်ပြီး
နှုတ်ခမ်းကို လျှာနဲ့သပ်လိုက်ကာ...
ကောင်းကင်ပေါ်ကို ကြည့်လိုက်ပြီး
သက်ပြင်းတစ်ချက်ကို ချလိုက်ပါပြီ...
"ဟင်း...
ပျင်းဖို့ကောင်းလိုက်တာကွာ!"

"ခွမ်း!"

သူ့ရဲ့စကားသံ မဆုံးသေးခင်မှာပဲ…
သူ့ရဲ့အထဲက ဝိုင်တွေနဲ့အတူ
အဖြူရောင် ကျောက်စိမ်းခွက်လေးဟာ
မြေပြင်ပေါ်ကို အတူတကွ
ပစ်အချခံလိုက်ရပြီး… ကွဲကြေနေတဲ့
အပိုင်းအစ အပုံကြီးထဲက
အဖွဲ့ဝင်တစ်ခု ဖြစ်သွားပါတော့တယ်။

လင်းဖုန်းရဲ့ မျက်ခုံးတွေဟာလည်း
တဆတ်ဆတ်နဲ့ လှုပ်နေခဲ့ပါပြီ။
အခုအချိန်မှာတော့ ဖြူဖွေးနေတဲ့
ကျောက်စိမ်း အစုအပုံကြီးနဲ့… သူတို့ရဲ့

အကြားကနေ စီးဆင်းနေတဲ့
ဝိုင်တွေဟာ သူ့ရဲ့ မျက်စိထဲမှာတော့
ရော့မ တောင်ကြီးအလားပါပဲ။

ဂယက်ထကာ စီးဆင်းနေတဲ့
သွေးတွေနဲ့… မနှစ်မြို့စရာ
ကောင်းလှတဲ့ အရိုးတွေနဲ့
တည်ဆောက်ထားတဲ့
တောင်ကြီးတစ်လုံးပါ။

ဝါးဦးထုပ်နဲ့ လူရွယ်ဟာ
သူ့ရဲ့လက်ဝါးကို
တစ်ချက်လှုပ်လိုက်ပါတယ်… သူ့ရဲ့

လက်ဖဝါးပေါ်မှာလဲ ဝိုင်တွေအပြည့်
ဖြည့်ထားတဲ့ ပုံစံတူ အဖြူရောင်
ကျောက်စိမ်းခွက်လေး တစ်ခွက်ဟာ...
ပေါ်ပေါက်ကာ လာခဲ့ပြီလေ။

သူက သူ့ရဲ့လက်ထဲက ဝိုင်ခွက်ကို
အနည်းငယ် လှုပ်လိုက်ကာ...
လင်းဖုန်းဘက်ဆီကို ခေါင်းကိုလှည့်ပြီး
ကြည့်လိုက်ပါပြီ။ သူ့ရဲ့ပါးစပ်ကိုဟာကာ
စပ်ဖြဲစပ်ဖြဲ လုပ်လိုက်တယ်လေ...
သူ့ရဲ့ မျက်နှာအပေါ်က အဖြူရောင်
အစက်အပြောက် လေးတွေကလဲ
အတူတကွပဲ လှုပ်ရှားလို့
သွားခဲ့ပါတော့တယ်။

"အင်း... မင်းရဲ့ပုံစံကို ကြည့်ရတာ...
မီးလျှံချောင်းဂိုဏ်းကို ဒုက္ခပေးခဲ့တဲ့
တာအိုဆရာလေး မဟုတ်ဘူးလား?
ကြည့်ရတာ
သိပ်တော့မတူသလိုပဲဟ..."

စာစဥ် ၄ : အပိုင်း ၇

အပိုင်း ၄၇ : မင်းသေမှာကို
စောင့်ကြည့်နေမယ်ကွ!

ဒီဝါးဦးထုပ်နဲ့ လူရွယ်ရဲ့
ခန္ဓာကိုယ်ကနေ အလွန်ကိုမှပဲ
အန္တရာယ်ကြီးတဲ့ အော်ရာတွေဟာ
ထုတ်လွှင့်လို့ နေခဲ့ပါတယ်...
လင်းဖုန်းရဲ့ အသည်းထဲ.. အူထဲက
နေပြီးတော့ အသံနက်ကြီး တစ်သံဟာ
မရပ်မနားပဲ အော်ဟစ်လို့ နေခဲ့ပါပြီ။

"ပြေး!ပြေး!ပြေး!"

ဒါက လုံးဝကို သဘာဝတရားကြီးက
ပေးထားတဲ့ ပင်ကိုယ်အသိစိတ်ပါ...
သူ့ကို သေစေနိုင်တဲ့ အရာတစ်ခုနဲ့

ကြုံတွေ့လာတဲ့ အခါမှာ ပင်ကိုယ်
အသိစိတ်ကပေးတဲ့ သတိပေးချက်ပါပဲ။

လင်းဖုန်းက သူ့ရဲ့ ခန္ဓာကိုယ်ဟာ
ဒီနေရာမှာပဲ ရပ်နေပြီး…
ချက်ချင်းနောက်လှည့်ကာ
မပြေးမိအောင် သူ့ကိုယ်သူ မနည်းကြီး
အဆက်မပြတ် အတင်းအကြပ်ပဲ
ထိန်းချုပ်ထားရတယ်လေ။

ဒီဝါးဦးထုပ်နဲ့ လူရှယ်ရဲ့
ဖုံးကွယ်မထားတဲ့ မှော်စွမ်းအင်
လှုပ်ရှားမှုတွေအရ… သူဟာ

ရွှေရောင်ဗဟိုချက် အဆင့်က
ကျင့်ကြံသူ တစ်ယောက်မှန်း
လင်းဖုန်းက သိလိုက်ရပါပြီ။

ဒါ့အပြင် ဒီရွှေရောင် ဗဟိုချက်အဆင့်
ကျင့်ကြံသူဟာ... သူ့အရင်က
တွေ့ခဲ့ရတဲ့ မီးလျှံမြားဂိုဏ်းက
အကြီးအကဲလီထက်တောင်
ပိုပြီးတော့မှပဲ
စွမ်းအားကြီးမားပါသေးတယ်။

လင်းဖုန်းကတော့ ကူရာမဲ့စွာနဲ့ပဲ
ရင်ထဲကနေ ရယ်နေပါတော့တယ်...

"အင်း... ငါက ငါ့ရဲ့ တပည့်လေးတွေရဲ့ အရှေ့မှာ ဆရာကြီးပုံစံ ဖမ်းပြီးတော့မှ နေခဲ့တာက... ငါ့ရဲ့ဆီမှာ တခြားရွေးချယ်စရာ မရှိတော့လို့ပဲ။ နောက်ဆုံးမှာတော့ ငါက ချီသာဝက အဆင့်က ယင်ကောင်သေးသေးလေးပဲဟ။ ဒီလိုမျိုး ရွှေရောင်ဗဟိုချက် အဆင့်က ကျင့်ကြံသူမျိုးကို နောက်ထပ်ထပ်ပြီးတော့ မလွှတ်ပါနဲ့တော့ဗျာ... ကျွန်တော်က တကယ်ကိုပဲ မတတ်နိုင်တော့လို့ပါ!"

စူတောင်ခေးဂိုဏ်းက
ဂိုဏ်းတပည့်တွေရဲ့ ခေးပုံတွေဟာ
မတူညီကြပါဘူး… ဒါပေမဲ့ သူတို့ရဲ့
ခေးအိမ်တွေ အပေါ်မှာ ထွင်းထုထားတဲ့
ရှုခင်းပုံ ဒီဇိုင်းကတော့ အကုန်လုံး
အတူတူပါပဲ။ ဒါကတော့
မီးလျှံခေးဂိုဏ်းရဲ့
မီးတောက်ဝတ်စုံလိုပဲလေ…
တစ်ကမ္ဘာလုံးက
အသိအမှတ်ပြုထားတဲ့ သက်သေခံ
အမှတ်သင်္ကေတ တစ်မျိုးပဲ
ဖြစ်ပါတယ်။

လင်းဖုန်းကလဲ
တစ်ချက်ကြည့်လိုက်ရုံနဲ့ပဲ
သိလိုက်ပါပြီ... ကိုယ့်ကိုယ်ကိုယ်
နှစ်သိမ့်တဲ့အနေနဲ့
တွေးလိုက်ပြီလေ..."ဟင်း...
ယန့်မင်းရွှဲ့.. ဟွေကု.. ပြီးတော့
ငါ့ရဲ့အရှေ့ကလူ... ဘယ်သူက
ထင်ထားမိမှာလဲ... ဒီလပေါင်း
အနည်းငယ် အတွင်းမှာပဲ ငါက
မဟာမြင့်မြတ်နယ်မြေ သုံးခုက
တပည့်တွေ တစ်ယောက်စီနဲ့
ကြုံတွေ့ရလိမ့်မယ်လို့..."

သူ့ရဲ့ ခြေသလုံးတွေဟာ
တဆတ်ဆတ်နဲ့ အနည်းငယ်
တုန်နေခဲ့ပေမယ့်… လင်းဖုန်းဟာ သူ့ရဲ့
လက်ဖဝါးထဲက ဓါတ်တော်ကို
လျှို့ဝှက်စွာ ကိုင်ထားလိုက်ပြီး…
အချိန်မရွေး အသက်စွန့်ကာ
တိုက်ခိုက်ဖို့အတွက်ကို
ပြင်ဆင်ထားလိုက်ပြီလေ။
မျက်စိမှိတ်ပြီး လက်ကလေးပိုက်ကာ
သေရမှာကို ထိုင်ကြည့်နေဖို့ကတော့
မဖြစ်နိုင်ပါဘူး။

လျှိုယန်ဟာ အဖြူရောင်
ကျောက်စိမ်းခွက် အတွင်းက

ဝိုင်တွေအားလုံးကို မော့ချလိုက်ပြီး…
ရောမ ကျောက်ဆောင်ကြီးပေါ်ကနေ
ခုန်ဆင်းကာ လာခဲ့ပါပြီ။
လင်းဖုန်းဘက်ကို
ခေါင်းလေးစောင်းကာ ကြည့်လိုက်ပြီး..
"ဟော့… သူတို့တတွေ
ပြောထားတာကတော့ မင်းမှာက
ချာတိတ်လေးတစ်ယောက်
ပါသေးတယ်ဆို… သူက ဘယ်မှာများ
ရောက်နေသလဲကွ?"

မူလကတော့ လင်းဖုန်းဟာ
၂၄ကောင်းကင် ရဟန္တာဝက်ပါကို
တည်ဆောက်ဖို့ ပြင်ဆင်နေခဲ့တာပါ…

ဒါပေမဲ့ လျှိုယန်ရဲ့ မေးခွန်းကို
ကြားလိုက်အပြီးမှာတော့…
သူ့ရဲ့ရင်ထဲမှာ အတွေးလေးတစ်ခု
ပေါ်လာခဲ့ပြီး… ပိုမိုကောင်းမွန်တဲ့
အကြံတစ်ခုကို စဥ်းစားမိလိုက်ပါပြီ။

သူ့ရဲ့ရင်ထဲမှာ အသေးစိတ်
အချက်အလက်တွေကို
တွက်ဆလိုက်ပြီး… မသက်ာစရာ
ပြစ်ချက်တွေ ကြီးကြီးမားမား
ဘာမှမရှိဘူး ဆိုတာကို
အတည်ပြုလိုက် အပြီးမှာတော့…
လင်းဖုန်းရဲ့ ပြောင်မြောက်လှတဲ့

သရုပ်ဆောင်မှုကြီးဟာ
စတင်ပါတော့တယ်။

"ဟာ... ချာတိတ်လေး... ဘယ်က
ချာတိတ်လေးလဲဗျာ?" လင်းဖုန်းဟာ
ရိုသေကျိုးနွံပြီး ကြည်ညိုလေးစားတဲ့
ပုံစံကို ဖမ်းထားပါတယ်... သူ့ရဲ့
မျက်နှာလေးကလဲ ပဟေဠိတွေ
အပြည့်နဲ့ပါ။

လျှိုယန်ကလဲ မျက်မှောင်ကြီးကို
ကြုတ်လိုက်ပါပြီ... "ဟေ့...
စကားထာတွေ ဝှက်မနေပါနဲ့ဟ...

ငါက မင်းမီးလျှံခါးဂိုဏ်းက လူတွေနဲ့ တိုက်ခိုက်တုံးက... မင်းနဲ့အတူ ပါလာတဲ့ အသက် ၃,၄ နှစ်လောက်ပဲ ရှိသေးတဲ့ ကလေးလေးကို ပြောနေတာကွ..."

လင်းဖုန်းရဲ့ အမူအယာဟာ အလွန်ကိုမှပဲ အံ့သြမှင်သက် သွားခဲ့ပါတယ်... "ဟာ... ကျွန်တော်က အတွေ့အကြုံ နည်းသေးပေမယ့်... မီးလျှံခါးဂိုဏ်းကိုတော့ ကြားဖူးပါတယ်ဗျ။ သူတို့ဟာ ကောင်းကင်ကိုးလွှာ ခါးမဟာမိတ် အဖွဲ့ဝင် ဖြစ်ပြီး... နာမည်ကြီး

ခေးဂိုဏ်းတွေထဲမှာ တစ်ခုအပါအဝင်
ဖြစ်တာလေ… ကျွန်တော့်လိုမျိုး
လေလွင့်ကျင်ကြံသူ အငယ်လေးက
ဘယ်လိုလုပ်ပြီး သူတို့ကို
ရန်စရဲပါ့မလဲဗျာ?"

ဒီစကားကို ကြားလိုက်ရတော့
လျှိုယန်ဟာ သံသယ ဖြစ်စွာနဲ့ပဲ သူကို
အသေအချာ
စစ်ဆေးလိုက်ပါတော့တယ်… "ဒါ…
ဒါပေမဲ့ အဝတ်အစားတွေကတော့
ဒီအတိုင်းပဲ… မှားဖို့တော့
မရှိလောက်ဘူးဟ…"

လင်းဖုန်းက ကူရာမဲ့စွာနဲ့ပဲ
ရယ်လိုက်ပါပြီ... "အာ... ကျွန်တော်က
ချီသာဝက အဆင့်၁၀သာ ရှိသေးတဲ့
ကျင့်ကြံသူ တစ်ယောက်ပါဗျ...
ကျွန်တော်က ဘယ်လိုလုပ်ပြီး
မီးလျှံခွေးဂိုဏ်းကို ရန်စဖို့
သတ္တိရှိပါ့မလဲဗျာ?"
စကားပြောနေရင်းနဲ့ပဲ လင်းဖုန်းဟာ
သူ့ရဲ့ကိုယ်ပိုင် မှော်စွမ်းအင်
လှုပ်ရှားမှုကို
ထုတ်လွှတ်လိုက်ပါတယ်...
သူ့ရဲ့လက်ကို ဆန့်တန်းလိုက်ပြီး သူ့ရဲ့

မှော်စွမ်းအင်နဲ့ ကျောက်တုံးတစ်တုံးကို ချေမွလိုက်တယ်လေ။

လျှို့ယန်ကတော့ ဒီလောက်အဆင့်က မှော်စွမ်းအင်ကို ဂရုမစိုက်ပါဘူး... ဒါပေမဲ့ အခုတော့ သူဟာ လင်းဖုန်းရဲ့ ကျင့်ကြံမှုအဆင့် အတိမ်အနက်ကို သေချာသိသွားခဲ့ပါပြီ။

ဒါပေမဲ့လည်း သူ့ရဲ့ရင်ထဲမှာက ဇဝေဇဝါ ဖြစ်နေဆဲပါပဲ... "ဟော... ဒါဆိုရင် ဘာဖြစ်လို့ မင်းကဘာမှ မလှုပ်ရှားတုံးမှာ... ငါကမင်းရဲ့

ကျင့်ကြံမှုအဆင့်ကို ဘာဖြစ်လို့
မမြင်ရတာလဲကွ?"

လင်းဖုန်းကလဲ လုပ်ပြုံးလေးတစ်ခုနဲ့
ပြုံးကာပြောလိုက်ပါပြီ... "အာ...
ကျွန်တော်က ကျွန်တော့်ရဲ့
ကျင့်ကြံမှုအဆင့်ကို ဖုံးကွယ်ထားနိုင်တဲ့
မှော်အိုင်တမ်လေး တစ်ခုကို
အမှတ်မထင်ပဲ ရထားခဲ့လို့ပါခင်ဗျာ..."
သူ့ရဲ့တံတွေးတွေကို မျိုချလိုက်ပြီး...
ဖဲကြိုးပြားလေး တစ်ခုကို
ထုတ်လိုက်ကာ လျှိုယန်ဆီကို
ကြောက်ရွံ့နေပြီး
သဘောတွေ့စေနိုင်တဲ့ အပြုံးလေးနဲ့

လှမ်းပေးလိုက်ပြီလေ.. "ဟောဒီမှာ
တစ်ချက်ကြည့်လိုက်ပါ ခင်ဗျ..."

ဒီဖဲကြိုးပြားလေးဟာ သာမာန်အိုင်တမ်
လေး တစ်ခုသာ ဖြစ်ပါတယ်...
ဒါပေမဲ့လည်း လင်းဖုန်းက သူကို့
ထုတ်ပေးပြီးသွားတော့
တမင်သက်သက်ပဲ သူ့ရဲ့ကိုယ်ပိုင်
မှော်စွမ်းအင်တွေကို
ထုတ်လွှတ်လိုက်တယ်လေ...
လျှိုယန်က သူ့ရဲ့ ကျင့်ကြံမှု အဆင့်ကို
မတွေ့နိုင်ခဲ့တာဟာ
ဒီဖဲကြိုးပြားလေးကြောင့်ပဲလို့

ထင်မိသွားအောင်
လှည့်စားလိုက်ပါတော့တယ်။

လျှိုယန်ကလဲ ဒီဖဲကြိုးပြားလေးကို
ယူကြည့်လိုက်ပေမယ့်… အထဲမှာက
ဘာမှော်ကျိန်စာမှ လည်ပတ်နေတာကို
မတွေ့ခဲ့ရပါဘူး။ သူ့ကိုယ်သူ
ပြန်စမ်းကြည့်လိုက်ပေမယ့်လဲ… သူ့ရဲ့
ကျင့်ကြံမှုအဆင့်ကို
မဖုံးကွယ်နိုင်ခဲ့ဘူးလေ။ သူဟာ
သံသယဖြစ်စွာနဲ့ပဲ လင်းဖုန်းကို
ကြည့်လိုက်ပါပြီ… ဒါပေမဲ့
အခုအချိန်မှာတော့ လင်းဖုန်းဟာ
သူ့ရဲ့အရှေ့မှာ လျှို့ဝှက်ချက်တွေ

ဘာဆိုဘာမှ မရှိတော့ပါဘူး... သူက တကယ့်ကိုပဲ ချီသာဝက အဆင့်ဘဂက ကျင့်ကြံသူ တစ်ယောက်ပါပဲ။

"ဟာ... ဒါဆိုရင် အဲ့ဒါက ငါသုံးလိုက်တော့ ဘာဖြစ်လို့ အစွမ်းမပြရတာလဲကွ?" လျှိုယန်ကလဲ မေးလိုက်ပါပြီ။

"အာ... ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ရဲ့ အဆင့်က နိမ့်နေသေးလို့ပဲ ထင်ပါတယ်ဗျ..." လင်းဖုန်းကလဲ ရှက်ကိုးရှက်ကန်းနဲ့ပဲ

ပြောလိုက်ပါတယ်… "ဟင်း…
ဒါကတော့ လှည့်စားမှု
အသေးအဖွဲလေးပါဗျာ…
အရှင်တို့လိုမျိုး စူတောင်ဓားဂိုဏ်းက
မဟာအင်မော်တယ်တွေရဲ့
အချိန်ကုန်ခံရတာနဲ့
မတန်ပါဘူးခင်ဗျာ…"

လျှိုယန်ကလဲ ပြုံးလိုက်ပါပြီ… "ဟော…
မင်းက ငါ့ဟာ စူတောင်ဓားဂိုဏ်းက
ဆိုတာကိုလဲ သိနေတာလားဟ?"

လင်းဖုန်းကလဲ လျှိုယန်ရဲ့ ခါးနားမှာ
ချိတ်ထားတဲ့ ဓားအိမ်လေးကို
တစ်ချက်ငေ့ကြည့်လိုက်ကာ...
ပြုံးပြီးတော့ပဲ ပြောလိုက်ပြီလေ...
"အာ... စူတောင်ဓားဂိုဏ်း...
ဓားပညာအရာမှာ ကမ္ဘာကြီး
တစ်ခုလုံးမှာ နံပါတ်တစ်
မြင့်မြတ်နယ်မြေ... သူ့ရဲ့နာမည်က
မိုးကြိုးလိုပဲ ပွဲတင်သံတွေ
ထပ်နေခဲ့တာလေ။ ကျွန်တော်က
ဘယ်လောက်ပဲ ပညာဗဟုသုတ
ကင်းမဲ့တယ်ပြောပြော...
ဒါလောက်ကတော့ သိပါတယ်ဗျ..."

လှျိုယန်ကလဲ သူ့ရဲ့ နှုတ်ခမ်းတွေကို တွန့်လိုက်ပါပြီ... လင်းဖုန်းရဲ့ အပေါ်မှာလဲ စိတ်ဝင်စားမှုတွေ ကင်းမဲ့သွားခဲ့ပြီလေ... "ဟင်း... ပျင်းစရာကြီးကွာ..." အချိန်အတန်ငယ်ကြာအောင် နားလိုက်ပြီးမှ မေးလိုက်ပါတယ်... "ဟေ့... မင်းလိုမျိုး အဝတ်အစားနဲ့ တာအိုဆရာ အငယ်လေး တစ်ယောက်က... အသက် ၃,၄နှစ်လောက် အရွယ်နဲ့ ကလေးလေး တစ်ယောက်ကို ခေါ်ပြီးသွားနေတာကို ဒီမြေအောက်နန်းတော်ထဲမှာ တွေ့မိသေးလားဟ?"

လင်းဖုန်းကလဲ သူ့ရဲ့ခေါင်းကို ခါလိုက်ပါတယ်။ လျှိုယန်ကလဲ ဆက်ပြီးတော့ မေးလိုက်ပါပြီ... "ကဲ... ဒါဆိုရင် မင်းက ဘာဖြစ်လို့ ဒီမြေအောက်နန်းတော်ထဲကို ဝင်လာရတာလဲကွ?"

"ကျွန်... ကျွန်တော်က ကိုယ့်ကိုယ်ကိုယ် တိုးတက်အောင် အတွေ့အကြုံတွေ ရှာရင်းကနေပြီးတော့... ဒီမြေအောက်နန်းတော်ထဲကို

မတော်တဆ
ရောက်လာတာပါခင်ဗျ..."
လင်းဖုန်းကလဲ မလုံမလဲ
မျက်နှာထားမျိုးနဲ့
ပြန်ဖြေလိုက်တယ်လေ။

လျှိုယန်ကလဲ အေးစက်စွာနဲ့ပဲ
ရယ်လိုက်ပါတယ်... အဆုံးအစမဲ့တဲ့
လူသတ်လိုစိတ်တွေဟာ
ပျံ့လွင့်လာခဲ့ပြီး... လင်းဖုန်းကို
တဖျဉ်းဖျဉ်းနဲ့ ခံစားစေခဲ့ရကာ
တုန်လှုပ်စေခဲ့ပါပြီ။

"အာ... ကျေးဇူးပြုပြီး
စိတ်ကိုလျှော့ပါ... စိတ်ကိုလျှော့ပါ
ခင်ဗျ..." လင်းဖုန်းကလဲ
အလောတကြီးနဲ့ပဲ
ပြောလိုက်တယ်လေ... "အ...
အမှန်ကတော့ ကျွန်တော်က
ဒီမြေအောက် နန်းတော်ကြီးရဲ့
အောက်ခြေမှာ ရတနာတစ်ပါး
မြှုပ်နှံထားတယ် ဆိုတာကို
ကြားလိုက်ရလို့... ကံများ
ကောင်းမလား ဆိုပြီးတော့
ကံလာစမ်းတာပါခင်ဗျ..."

"ရတနာ?" လှျိုယန်ကလဲ အနည်းငယ် အံသြသွားခဲ့ပါတယ်... "ဘာရတနာ မျိုးလဲကွ?"

လင်းဖုန်းကလဲ ရိုးသားစွာနဲ့ပဲ ပြန်ဖြေလိုက်ပါပြီ... "အင်း... ဒဏ္ဍာရီတွေရဲ့ အလိုအရ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀၀၀ ကျော်လောက်တုံးက... ဒီနေရာဟာ လေလွင့်ကျင့်ကြံသူ တစ်ယောက်ဖြစ်တဲ့ တာအိုမာစတာ ဟေးယွင်ရဲ့ ကျင့်ကြံမှု ဘုံဗိမာန်ပဲဗျ။ တာအိုမာစတာ ဟေးယွင်က ဒီသွေးမြစ် အတွင်းမှာ

ကျဆုံးသွားခဲ့တော့ သူ့ရဲ့ စိတ်ဝိညာဉ်
ပေါင်းစပ်ထားတဲ့ မှော်အိုင်တမ်ဖြစ်တဲ့
မဟူရာ တိမ်တိုက်အလံဟာ သူ့ရဲ့
ကျင့်ကြံမှု ဘုံဗိမာန်အထဲမှာ
ကျန်ရစ်နေခဲ့တာဗျ..."

လျှိုယန်ကလဲ သူ့ရဲ့နှုတ်ခမ်းတွေကို
တွန့်လိုက်ပါတယ်... "ဘာလဲ...
တာအိုမာစတာ ဟေးယွင်? တစ်ခါမှ
မကြားဖူးဘူးကွ... သူ့ကိုကြည့်ရတာ
ရွှေရောင်ဗဟိုချက် အဆင့်က
ကျင့်ကြံသူနဲ့ တူပါတယ်...
ရွှေရောင်ဗဟိုချက်အဆင့်

မှော်အိုင်တမ်... ဟင့်...
မက်လောက်စရာ မရှိပါဘူးကွာ..."

လင်းဖုန်းကလဲ တောင်းပန်တဲ့
အကြည့်မျိုးနဲ့ ကြည့်လိုက်ပါပြီ...
"အာ... အရှင်က အရမ်းကိုပဲ
စွမ်းအားကြီးမားတာဆိုတော့...
ဒီလိုမျိုးတွေကို ဂရုမစိုက်ဘူးပေါ့လေ။
ဒါပေမဲ့ ကျွန်တော်က ဒီမဟူရာ
တိမ်တိုက်အလံဟာ
ဟင်းလင်းပြင်တွေကို ကျော်လွှားပြီး
သွားနိုင်တယ်လို့ ကြားထားရတော့...
ဒါဟာ အရမ်းကိုပဲ ရှားပါးတဲ့

အိုင်တမ်မျိုးမို့ ကျွန်တော်က
လာပြီးကံစမ်းရတာပါ..."

"ဟင်... ဟင်းလင်းပြင်တွေကို
ကျော်လွှားနိုင်တယ်?" လျှိုယန်ကလဲ
စိတ်ဝင်စားလာခဲ့ပါပြီ။
ဟင်းလင်းပြင်ကို ရွှေ့ပြောင်းနိုင်တဲ့
ကျိန်စာနဲ့ မှော်အိုင်တမ်တွေဟာ
အလွန်တရာကိုမှပဲ ရှားပါးလှပြီး...
မဆုံးနိုင်တဲ့ အသုံးဝင်မှုတွေ
ရှိကြတယ်လေ... သူတောင်မှပဲ
ဟတ်ထိလို့ သွားခဲ့ပြီလေ။

လှိုင်ယန်ကလဲ ပတ်ဝန်းကျင်
ပတ်ပတ်လည်ကို သေချာစွာ
အာရုံခံလိုက် အပြီးမှာ...
မျက်မှောင်ကြီးကို ကြုတ်ပြီးတော့မှပဲ
ပြောလိုက်ပါပြီ... "ဟော့... ငါကတော့
ဒီနားမှာ ဘာရတနာကိုမှ အာရုံမခံ
မိပါလားကွ..."

လင်းဖုန်းကလဲ ဘေးမှာရှိနေတဲ့
သွေးကန်ကြီးကို တိတ်တိတ်ကလေး
ကြည့်လိုက်ကာ... စကား အ ထစ် အ
ထစ်နဲ့ ပြောလို့ မထွက်နိုင်ခဲ့ပါဘူး။

လှျိုယန်ကလဲ သူ့ရဲ့ အမူအရာတွေကို ကြည့်ပြီးတော့မှပဲ ရယ်လိုက်ပါတယ်...
"ဘာလဲ... အဲ့ဒါက ဒီငရဲသွေးမြစ်ရဲ့ အထဲမှာ ရှိနေတာလား? အကြွင်းမဲ့ သွေးမြစ်ရေတွေနဲ့ ကာဆီးထားတာပေါ့... ငါ့ရဲ့ မှော်စွမ်းအင်နဲ့တော့ စူးစမ်းဖို့ မလွယ်တာကတော့ အမှန်ပဲကွ... ဒါပေမဲ့..."

သူက မျက်စောင်းတစ်ချက် ထိုးလိုက်ပြီး... အပြုံးဖွဖွလေးနဲ့ လင်းဖုန်းကို ကြည့်လိုက်ပါပြီ...
"ဟဲဟဲ... မင်းကငါ့ကို လှည့်စားနေတာ

ဟုတ်မဟုတ်ကို ငါက
ဘယ်လိုလုပ်ပြီးတော့ သိနိုင်မှာလဲ?
ဒီလိုလုပ်ပါလား... မင်းက
အရင်ဆင်းသွားပြီး ငါ့ကို
ရှာပေးလေ..."

"အာ... ကျွန်တော်က
အရင်တုံးကတော့ ရတနာရှာဖို့
ရည်မှန်းချက်ရှိတာက အမှန်ပါပဲ...
ဒါပေမဲ့လည်း ဒီရတနာဟာ
ဒီငရဲသွေးမြစ်ထဲမှာ ရှိတယ်ဆိုတာကို
သိလိုက်ပြီးတော့ ကျွန်တော်က
အကျပ်ရိုက်သွားခဲ့တာပေါ့။
လက်လွှတ်လိုက်ဖို့ ဝန်လေးပေမယ့်...

အောက်ကိုလဲ မဆင်းရဲဘူးလေ..."
လင်းဖုန်းက သူ့ရဲ့ခေါင်းကို
ခပ်သွက်သွက်ပဲ
ခါယမ်းလိုက်ပါတယ်... "ကျွန်တော့်ရဲ့
မဖြစ်စလောက် ကျင့်ကြံမှု
အဆင့်လေးနဲ့... ဘယ်လိုလုပ်ပြီး
ဒီငရဲသွေးမြစ်က စွန်းထင်းနေတဲ့
သွေးတွေရဲ့ တိုက်စားမှုဒဏ်ကို
ခံနိုင်မှာလဲဗျာ? စက္ကန့်ပိုင်းလေး
အတွင်းမှာပဲ အသားတုံးကြီး တစ်တုံး
ဖြစ်သွားမှာပေါ့ဗျ..."

သူ့ရဲ့ မျက်နှာအပေါ်မှာလဲ
ထိတ်လန့်တုန်လှုပ်မှုတွေ

အပြည့်နဲ့ပါ… ပလိပ်ရောဂါပိုးကို
ကြည့်နေရသလိုမျိုးပဲ သူ့ရဲ့အောက်က
ငရဲသွေးမြစ်ကို ကြည့်နေခဲ့တယ်လေ။

ဒီစွန်းထင်းနေတဲ့ သွေးတွေရဲ့ အဝေးကို
တတ်နိုင်သမျှ ရှောင်ချင်နေတဲ့ ပုံစံနဲ့…
လင်းဖုန်းဟာ သွေးကန်ကြီးရဲ့
အပေါ်ဘက်က ချောက်နရံကြီး
ဆီကနေ ငေါ်ထွက်နေတဲ့
ကျောက်ဆောင်လေး တစ်ခုရဲ့
အပေါ်ကို တက်သွားလိုက်ပြီး…
သူ့ရဲ့အောက်က လှိုင်းထန်နေတဲ့
ငရဲသွေးမြစ်ကြီးကို ကြောက်ရွံ့နေတဲ့

မျက်နှာလေးနဲ့ပဲ
လှမ်းကြည့်လိုက်ပါတော့တယ်။

လျှို့ဝှက်ယန်ကလဲ အေးစက်စွာနဲ့ပဲ
ကျယ်လောင်စွာ ရယ်လိုက်ပါပြီ...
"ဟားဟား... ဒီအကြွင်းမဲ့
သွေးမြစ်ရေဟာ ဒီကမ္ဘာပေါ်မှာ
အယုတ်ညံ့ဆုံးနဲ့ အညစ်ညမ်းဆုံး
အရာတစ်ခုဖြစ်ပြီး... မှော်စွမ်းအင်နဲ့
မှော်အိုင်တမ်တွေ အားလုံးကို
စွန်းထင်းစေနိုင်တယ်ကွ။ သူက
တကယ်ကိုပဲ
ရက်စက်ကြမ်းကြုတ်လှပါတယ်...

ဟက်ဟက်... ဒါပေမဲ့လည်း ငါ့ကိုတော့ ဘာဒုက္ခမှ မပေးနိုင်ပါဘူးကွာ..."

"တကယ်လို့များ ရတနာက ဒီငရဲသွေးမြစ်ရဲ့ အောက်မှာ တကယ်ပဲ ရှိနေတယ် ဆိုတာတောင်မှ ဘာမှ ကိစ္စမရှိပါဘူးကွာ... ငါက အပျင်းတောင်မှ ပြေသေးတယ်... ဒါပေမယ့်..." လျှိုရန်က လင်းဖုန်းကို အေးစက်စက် ရယ်သံနဲ့အတူ ကြည့်လိုက်ပါတယ်... "ဒီအောက်မှာ ရတနာတစ်ပါးတော့ ရှိနေမှ ကောင်းလိမ့်မယ်... ဟင်းဟင်း... နို့မဟုတ်လို့ ရှိရင်တော့ မင်းရဲ့

မိခင်ဝမ်းထဲကနေ ထွက်လာခဲ့တာကို
နှောင်တရသွားအောင် ငါက
လုပ်ပေးလိုက်မယ်ဟ!"

အပြင်ပန်းမှာကတော့ လင်းဖုန်းဟာ
ရင်ထဲကနေ အားကျလေးစားတဲ့
အမူအယာမျိုးကို
ပြသနေခဲ့တယ်လေ... "အား...
သူ့ရဲ့ကောင်းတွေကသာ ရတနာတွေနဲ့
ထိုက်တန်ကြတာပါ ခင်ဗျာ...
အာစရိက ရတနာကို ရယူတာက
ကောင်းကင်ရဲ့ အလိုတော်အတိုင်းပါပဲ။
ဘေးကနေပြီးတော့
ကြည့်နေနိုင်တာကပဲ ကျွန်တော့်ရဲ့

အကြီးမားဆုံးသော ကံကောင်းခြင်းပါပဲ
ခင်ဗျ!"

လျှိုယန်ကလဲ နှစ်သက်ချမ်းမြေ့စွာနဲ့ပဲ
ရယ်လိုက်ပါပြီ... လင်းဖုန်းက
ဘေးကနေ သူ့ကို ပြုံးပြနေခဲ့ပေမယ့်...
ရင်ထဲကနေတော့ အေးစက်စွာနဲ့
ရယ်နေခဲ့ပြီလေ... "ဟဲဟဲ...
ငါကတော့ ဘေးကနေပဲ
စောင့်ကြည့်နေရုံပါပဲ... ဒါပေမဲ့ ငါက
မင်းဘယ်လို သေမလဲ ဆိုတာကို
စောင့်ကြည့်နေခဲ့တာဟ!"

စာစဉ် ၄ : အပိုင်း ၈

## အပိုင်း ၄၈ : မင်းက
## လူကောင်းတစ်ယောက်ပါ

ရယ်သံတစ်ခုနဲ့အတူ... လျှိုယန်က
သူ့ရဲ့လက်တွေကို ဝှေ့ယမ်းလိုက်တာနဲ့
သွေးလိုမျိုး နီရဲနေတဲ့ အလံတံခွန်
ကိုးခုတို့ဟာ ပျံသန်းထွက်ပေါ်ကာ
လာခဲ့ပါတယ်။

ဒီသွေးလိုမျိုး နီရဲနေတဲ့ အလံတံခွန်
ကိုးခုဟာ လေထဲကို
ပျံတက်သွားပြီးတော့...
သွေးရေကန်ကြီးရဲ့ အပေါ်မှာ

ရပ်တန့်သွားတာကို လင်းဖုန်းက
တွေ့လိုက်ရပါပြီ။

ဒီသွေးနီရောင် အလံတံခွန်တွေနဲ့
သွေးရေကန်ထဲက စွန်းထင်းနေတဲ့
သွေးတွေဟာ တကယ်ကိုပဲ အချင်းချင်း
အော်ဟစ်ကာ ဆက်သွယ်မှုတွေ
ပြုလုပ်နေကြတာကို အံ့သြဖွယ်ရာပဲ
တွေ့ရှိလိုက်ရပါတော့တယ်။

ဒီသွေးရေကန်ထဲက စွန်းထင်းနေတဲ့
သွေးတွေဟာ အသက်ရှိနေတဲ့
အတိုင်းပဲ ဖြည်းညှင်းစွာ

တက်လိုက်ကျလိုက် ဖြစ်နေကြပါပြီ…
ရှူသွင်းလိုက်.. ရှူထုတ်လိုက်နဲ့
စွဲမက်ဖွယ်ရာ စည်းချက်အတိုင်း
ပြုလုပ်နေကြပြီလေ။

ပြီးတော့ လေထဲမှာလဲ ဒီသွေးနီရောင်
အလံတံခွန်တို့ကလဲ လေမတိုက်ပဲနဲ့…
ဝဲကတော့လိုမျိုး တဖျတ်ဖျတ်
တလွင့်လွင့်နဲ့ လှည့်ပတ်လှုပ်ရှား
နေကြပါပြီ။ သူတို့ရဲ့ နရီစည်းချက်
တွေကလဲ ရေကန်ထဲက စွန်းထင်းတဲ့
သွေးတွေနဲ့ တစ်ညီတစ်ညွတ်ထဲ
စည်းဝါးကိုက်နေကြတယ်လေ…

နှစ်ဘက်စလုံးဟာ
တစ်ဘက်နဲ့တစ်ဘက် အပြန်အလှန်
ဆက်သွယ်နေကြကာ... ပိုပိုပြီးတော့
ပြင်းပြင်းထန်ထန်..
ပြတ်ပြတ်သားသားပဲ
တုန်ခါလာကြပါတော့တယ်။

"ဟာ... ဒီသွေးနီရောင်
အလံတံခွန်တွေဟာ တကယ်တော့
ဒီသွေးမြစ်ရေ အစစ်အမှန်ကို
သုံးပြီးတော့ သန့်စင်ထားတာပဲလား?"
လင်းဖုန်းက ရင်ထဲကနေပြီးတော့
တွေးနေခဲ့ပါပြီ... "ဒါက လုံးဝကို

အမှောင် မှော်အိုင်တမ် တစ်ခုပဲဟာ...
ဒီလူရဲ့ အကျီလက်ဝမှာ ဒီလိုပစ္စည်းမျိုး
ရှိလိမ့်မယ်လို့ ဘယ်သူက
ထင်ထားမိမှာလဲ..."

လှျိုယန်က လင်းဖုန်းကို
မျက်စောင်းထိုးကာ ကြည့်လိုက်ပြီး...
မျက်နှာကို ရှုံ့ကာ ပြောလိုက်ပြီလေ...
"ဟွန့်... ဒီမှော်အိုင်တမ်ဟာ ငါက
အမှောင်ဂိုဏ်းက ကျင့်ကြံသူ
တစ်ယောက်ကို သတ်လိုက်တုံးက
ရထားတာကွ... ဒါက ဒီငရဲသွေးမြစ်ရဲ့

စွန်းထင်းတဲ့ သွေးတွေကိုပဲ အသုံးပြုပြီး သန့်စင်ထားတာလေကွာ..."

ငရဲသွေးမြစ်ရဲ့ အပေါ်မှာ လှုပ်ယမ်းနေတဲ့ သွေးနီရောင် အလံတံခွန်ကိုးခုကို ကြည့်လိုက်ပြီး... လင်းဖုန်းရဲ့ အမူအရာဟာ မပြောင်းခဲ့ပေမယ့် သူ့ရဲ့ လက်ဖဝါးမှာတော့ ချွေးအေးတွေဟာ ထွက်စပြုလာပါပြီ... "အင်း... ဒီလူရဲ့ ကျင့်ကြံမှုအဆင့်က အတော်လေးကိုမြင့်ပြီး သူ့ဆီမှာကလဲ ဒီလိုမျိုး မှော်အိုင်တမ်တစ်ခု ရှိ

နေသေးတယ်ဟ… တကယ်လို့များ
သူကငါ့ကို ဂရုမစိုက်နေတဲ့
အချိန်ကိုရွေးပြီးတော့…
တိတ်တိတ်ကလေး ကျိတ်ပြီး
လုပ်မကြံနိုင်လို့ရှိရင် ငါတော့ဒီနေ့
အသက်ရှင်နိုင်မှာ မဟုတ်ဘူးကွ…"

"ဟဲဟဲ… မင်းက ဘယ်လိုမျိုး
ပါးနပ်တယ်ပဲ ပြောပြော…
ဒီကနေ့တော့ မင်းက ပါပါးလင်းရဲ့
ညစ်ပတ်တဲ့ရေတွေကို
သောက်ရမှာပဲဟ!"

လင်းဖုန်းက ကျောက်ဆောင်ကြီးရဲ့
ထိပ်ပေါ်မှာပဲ ရပ်နေကာ... နှိမ့်ချစွာနဲ့
ဦးညွှတ်လိုက်ပြီးတော့... "အာစရိ
အောင်မြင်ပါစေလို့ ကျွန်တော်က
ဆုတောင်းပေးလိုက် ပါတယ်ခင်ဗျာ!"

လှျိုယန်ကလဲ မယုတ်မလွန်ပဲ
ပြန်ပြီးတော့ ပြုံးလိုက်တယ်လေ။
သူဟာ မောက်မာရုံတင် မောက်မာပြီး
တုံးတော့ မတုံးအပါဘူး... ဒါပေမဲ့
ပြဿနာက သူဟာ ရွှေရောင်ဗဟိုချက်
အဆင့်မှာရှိပြီး... လင်းဖုန်းကတော့
ချီသာဝက အဆင့်၁၀မှာပဲ

ရှိသေးတာပါ… သူ့အတွက်တော့
သာမာန်လူတစ်ယောက်နဲ့
ဘာမှမခြားပါဘူး…
လက်ချောင်းတစ်ချောင်း လေးနဲ့တောင်
သူ့ကို အမှုန့်ခြေပစ်လို့ ရပါတယ်။

သူနဲ့ စွမ်းအားသိပ်မကွာတဲ့
ပြိုင်ဘက်မျိုးနဲ့ ဆိုရင်တော့…
လျှို့ယန်က
နည်းနည်းပါးပါးလောက်တော့
သတိထားချင် ထားဦးမှာပါ… ဒါပေမဲ့
ဒီလိုမျိုး သူ့ရဲ့ ခွန်အားသက်သက်နဲ့ပဲ
ကြိတ်ပစ်နိုင်လောက်အောင်

စွမ်းအားခြားနားမှုဟာ
ကြီးမားနေခဲ့တော့... လျှိုယန်က
သူ့ရဲ့စိတ်ကို အသုံးပြုပြီး
စဥ်းစားဖို့ကိုတောင်
ပျင်းနေခဲ့တယ်လေ။

"အင်း... ဒီငါ့ရဲ့ အရေ့က
ငရဲသွေးမြစ်ကလွဲလို့ ငါ့ကို
ခြိမ်းခြောက်နိုင်တဲ့အရာ တစ်ခုမှ
မရှိဘူးဟ။ အခုလဲ ဒီသွေးရေကန်
အလံတံခွန် ကိုးခုက ဝက်ပါဖွဲ့ပြီး ငါ့ကို
အကာအကွယ် ပေးနေမှတော့...
ဒီစွန်းထင်းတဲ့သွေးတွေက ငါ့ရဲ့

မှော်စွမ်းအင်ကို တိုက်စားမှာကို ဘာမှ
စိတ်ပူနေစရာ မလိုတော့ဘူးကွ။
အကုန်လုံးက အဆင်ပြေပြီးသားပဲ!"

ဒီအထိ စဥ်းစားပြီးတော့... လျှိုယန်က
နှာတစ်ချက် မှုတ်လိုက်ကာ အရှေ့ကို
လျှောက်လာလိုက်ပြီး...
သွေးရေကန်ထဲကို
ဆင်းသက်လိုက်ပါတော့တယ်။

လင်းဖုန်းကတော့
ကျောက်ဆောင်လေးရဲ့ အပေါ်မှာပဲ
ရပ်နေလို့ပါ... သူ့ရဲ့ အမူအရာတွေဟာ

အေးဆေးတည်ငြိမ် နေခဲ့ပေမယ်
ရင်ထဲကနေ အလွန်အမင်း ကိုမှပဲ
စိတ်လှုပ်ရှားလို့ နေခဲ့တယ်လေ။

အခုလှျိုယန်က သွေးရေကန်
အတွင်းကို ဆင်းသက်သွားတော့မှ…
လင်းဖုန်းဟာ ချက်ချင်းပဲ သက်သာရာ
ရစွာနဲ့ပဲ သက်ပြင်းတစ်ချက်ကို
မှုတ်ထုတ်လိုက်ပါပြီ။ လှျိုယန်က
ဘာကိုမှ အမှုမထားသလိုမျိုး
ခပ်တည်တည်နဲ့ပဲ သွေးရေကန်ရဲ့
အလယ်မှာ ရပ်နေခဲ့တာကို
စောင့်ကြည့်နေခဲ့ပါတယ်… သူ့ရဲ့

ခန္ဓာကိုယ်ကို သွေးနီရောင် အလံတံခွန်
ကိုးခုက ဝိုင်းရံထားပြီး လှိုင်းထန်နေတဲ့
စွန်းထင်းတဲ့ သွေးတွေကနေ
အကာအကွယ် ပေးထားခဲ့တယ်လေ။

လင်းဖုန်းက သူ့ရဲ့ နှုတ်ခမ်းတွေကို
တွန့်လိုက်ပါပြီ... "ဟွန့်... သူက
တကယ်ကိုပဲ ဒီနေရာကို သူ့ရဲ့
အိမ်ကွင်းလိုပဲ
သဘောထားနေတာပဲလားဟ?"

ခဏလောက် ပြုံးလိုက်ပြီးတော့...
လျှိုယန်ရဲ့ အမူအယာတွေကတော့

အေးအေးဆေးဆေးပါပဲ။ သူ့ရဲ့လက်ကို ခြောက်လိုက်ကာ မှော်ကျိန်စာ သင်္ကေတ တစ်မျိုးကို ဖန်ဆင်းလိုက်ပါပြီ… သူ့ရဲ့နံဘေးက သွေးရေကန် အလံတံခွန် ကိုးခုတို့ဟာ တုန်ခါသွားကြပြီး… ခရမ်းရောင်ရင့်ရင့် သွေးအော်ရာတို့ဟာ အလံတံခွန်တို့ အနားကနေ ဖွဖွလေး စီးဆင်းကာ သွားကြပြီလေ။

ဒီသွေးအော်ရာတို့ဟာ စီးဆင်းနေကြဆဲမှာပဲ… အတူတကွ ပေါင်းစည်းသွားကြကာ လျှို့ယန်ရဲ့

ခြေထောက်အောက်ထဲက
ငရဲသွေးမြစ်ရဲ့ အတွင်းကို နက်ရှိုင်းစွာ
ဝင်ရောက်သွားခဲ့ပါတော့တယ်။

ချက်ချင်းပဲ... ပွက်ပွက်ထနေခဲ့တဲ့
သွေးရေကန်ကြီးဟာ တဖြည်းဖြည်းနဲ့
တိတ်ဆိတ်ငြိမ်သက်သလိုမျိုး
ဖြစ်လာခဲ့ပါပြီ။ ဒါကို မြင်လိုက်ရတော့
လှျိုယန်ဟာ နှစ်သက်ချမ်းမြေ့စွာနဲ့ပဲ
ပြုံးလိုက်ပြီလေ... မျက်လုံးကိုပင့်ကာ
သူ့ရဲ့အပေါ်က လင်းဖုန်းရှိရာဆီကို
ကြည့်လိုက်ပါတယ်။

လင်းဖုန်းကလဲ ပြန်ပြီးတော့
ပြုံးပြလိုက်တယ်လေ… ဒါပေမဲ့လည်း
သူ့ရဲ့အပြုံးဟာ အရင်ကလိုမျိုး
ကျိုးနွံပြီး အညံ့ခံတဲ့ အပြုံးမျိုးနဲ့
လုံးဝကို ကွဲပြားခြားနားနေခဲ့ပြီး…
ရှင်လန်းအားရစွာနဲ့ အောင်ပွဲခံသလိုမျိုး
ရယ်မောလို့ နေခဲ့ပါပြီ။

လှိုယန်ကလဲ
မျက်နှာပျက်သွားခဲ့ပြီလေ… "ဟေ့…
မင်းက ဘာရယ်နေတာလဲကွ?"

လင်းဖုန်းကလဲ အရယ်မပျက်ပဲနဲ့ ပြန်ပြောလိုက်ပါတယ်... "ဟားဟား... ငါက အခုမှ ဇာတ်လမ်းစတာကို ရယ်နေတာဟ... အရမ်းကောင်းတဲ့ အခန်းတွေက နောက်ပိုင်းမှာ ကျန်နေသေးတယ်ကွ..."

စကားပြောနေရင်းနဲ့ပဲ လင်းဖုန်းဟာ သူ့ရဲ့ ခြေထောက်ကို ဆောင့်လိုက်ပါပြီ... သူရပ်နေတဲ့ ကျောက်ဆောင်ကြီးကို ပြင်းထန်စွာနဲ့ပဲ ဆောင့်နင်းလိုက်ပြီး... ကျောက်ဆောင်ကြီးကို တိုက်ရိုက်ပဲ

ခွဲခြေလိုက်ပြီလေ။ မရေမတွက်နိုင်တဲ့ ကျောက်ဆောင် ကျောက်စတွေဟာ မိုးရွာသလိုမျိုးပဲ သွေးရေကန်ကြီးဆီကို ကျရောက်လို့ သွားခဲ့ပါတယ်။

လှျိုယန်ကလဲ မျက်မှောင်ကြီးကို ကြုတ်လိုက်ပြီး... အံ့အားသင့်မှုနဲ့အတူ ဒေါသထွက်နေတဲ့ အမူအရာဟာ သူ့ရဲ့မျက်နှာပေါ်မှာ ပေါ်ထွက်ကာ လာခဲ့ပါပြီ။

ဒါပေမဲ့လည်း လျင်မြန်စွာနဲ့ပဲ သူ့ရဲ့ မျက်လုံးတွေဟာ

အပေါက်ကျဉ်းကျဉ်းလေးပဲ
ကျန်တော့တဲ့အထိကို
ကျဉ်းမြောင်းသွားခဲ့တယ်လေ။
လင်းဖုန်းက ဒီကျောက်ဆောင်ကြီးကို
ခွဲခြေလိုက်ပြီးတော့...
အရိုးစုတစ်ခုနဲ့အတူ မည်းနက်နေတဲ့
အလံတစ်ခုဟာ
ဒီကျောက်ဆောင်လေးရဲ့ အထဲက
နေပြီးတော့ ထွက်ပေါ်လာခဲ့တာကို
ရုတ်ချည်းပဲ တွေ့ရှိလိုက်ရလို့ပါ။

ဒီအရိုးတွေက နေပြီးတော့
ရွှေရောင်ဖျော့ဖျော့

အလင်းရောင်တွေကို
ထုတ်လွှင့်နေခဲ့ပါတယ်။ ဒါက
ရွှေရောင်ဗဟိုချက် အဆင့်က
ကျင့်ကြံသူတွေဟာ
သေဆုံးသွားပြီးနောက်မှာ သူတို့ရဲ့
ရွှေရောင်ဗဟိုချက်
မှော်စွမ်းအင်တွေဟာ ကွဲပြန့်လို့မသွားပဲ
သူတို့ရဲ့ အရိုးစုတွေနဲ့
ပေါင်းစည်းသွားတာပဲ ဖြစ်တယ်လေ…
ဗုဒ္ဓရဟန္တာတွေရဲ့ ဓာတ်တော်တွေ
လိုမျိုးပဲပေါ့။

ဒါပေမဲ့ လျှိုယန်ကို ပိုပြီးတော့
စိတ်ပူစေတာကတော့...
ဟိုမည်းနက်နေတဲ့ အလံလေးပါပဲ။

ဒီမည်းနက်နေတဲ့ အလံလေးဟာ
ကြည့်ရတာတော့ အလွန်အမင်းကိုမှပဲ
သာမာန်ဆန်လှပါတယ်... သူ့ရဲ့ဆီက
နေပြီးတော့ ဘာမှော်စွမ်းအင်
လှုပ်ရှားမှုမျိုး တစ်စွန်းတစ်စမှ
ပေါ်ထွက်လာခြင်းမျိုး မရှိခဲ့ပါဘူး...
အဲ့ဒီအတွက်ကြောင့်ပဲ လျှိုယန်ကလဲ
သူရှိနေမှန်းကို အရင်က လုံးဝ
သတိမထား မိခဲ့ဘူးလေ။

ဒီအလံလေးဟာ လင်းဖုန်း
ရယူချင်နေခဲ့တဲ့ မဟူရာ
တိမ်တိုက်အလံပဲ ဖြစ်ပါတော့တယ်။

ဒီမဟူရာ တိမ်တိုက်အလံလေးဟာ
ဒီသွေးရေကန်ရဲ့ အောက်ခြေဘက်မှာ
ရှိနေတာ မဟုတ်ပဲနဲ့…
ဒီသွေးရေကန်ရဲ့ အပေါ်က
ကျောက်ဆောင်လေးရဲ့ အတွင်းမှာ
ရှိနေခဲ့တာပဲ ဖြစ်တယ်လေ။

ဒီအရိုးစုနဲ့ မဟူရာ
တိမ်တိုက်အလံလေးကို
ကြည့်ပြီးတော့… လျှိုယန်ဟာ
ဘယ်လိုလုပ်ပြီး သူက
နှုပ်အချခံလိုက်ရပြီ ဆိုတာကို မသိပဲ
ဘယ်နေပါ့မလဲ။ ဒါပေမဲ့ သူကဘာမှကို
မလုပ်နိုင်သေးခင်မှာပဲ… လင်းဖုန်းက
ဒီကျောက်ဆောင်ကို ထုခြေလိုက်
အပြီးမှာ… ချက်ချင်းပဲ အလံတိုင်ကို
ကိုင်လိုက်ပြီး ကျောက်စတွေ အထဲက
မဟူရာ တိမ်တိုက်အလံကို
ဆွဲထုတ်လိုက်ပြီလေ။

ဒီလိုတစ်ချက် ဆွဲလိုက်တာနဲ့ပဲ…
ဆီဒယ်အိုးထဲကို မီးစတစ်စ
ပစ်ထည့်လိုက်သလိုပါပဲ။ ဒီမြေအောက်
နန်းတော်ကြီး တစ်ခုလုံးဟာ
ချက်ချင်းပဲ အကြီးအကျယ် ဖရိုဖရဲနဲ့
ပြိုကွဲလာပါတော့တယ်… ကမ္ဘာကြီး
တစ်ခုလုံးဟာ အဆုံးသတ်ကို
ရောက်သွားတော့မလိုပဲလေ။

လျှိုယန်ရဲ့ မျက်နှာကလဲ
သွေးမရှိတော့သလိုမျိုး
ဖြူဆုပ်သွားခဲ့ပါပြီ။ သူဟာ
ဒီသွေးကန်ရဲ့ အထဲကနေ ပျံထွက်ဖို့ကို

ကြိုးစားလိုက်ပါတယ်... ဒါပေမဲ့
ဘယ်သူက သိမှာလဲ... ခဏနေကပဲ
သူ့ရဲ့ ထိန်းချုပ်မှုအောက်မှာ ရှိနေခဲ့တဲ့
ငရဲသွေးကန်ကြီးဟာ ချက်ချင်းကိုပဲ
တော်လှန်ပုန်ကန် လာလိမ့်မယ်လို့။

ပေါက်ကွဲနေတဲ့ မီးတောင်ကြီးလိုပဲ
မရေတွက်နိုင်လောက်အောင်
များပြားတဲ့ စွန်းထင်းနေတဲ့
သွေးတွေဟာ ကောင်းကင်ပေါ်ကို
ပျံတက်ကာ သွားခဲ့ပါတော့တယ်!

ဒီအချိန်မှာပဲ... နဂိုက ဘာမှ
စိတ်လှုပ်ရှားဖွယ်ရာ မကောင်းတဲ့
မဟူရာတိမ်တိုက် အလံလေးဟာ
စွမ်းအားကြီးတဲ့ မှော်စွမ်းအင်
လှုပ်ရှားမှုတွေကို ထုတ်လွှတ်ပြီး...
အနက်ရောင် အလင်းတန်းတွေဟာ
ထွက်ပေါ်လာကာ သူ့ရဲ့ အစွယ်တွေကို
ထုတ်ပြလာခဲ့တယ်လေ။

ဒါကို မြင်လိုက်ရတော့ လင်းဖုန်းက
တိတ်တိတ်ကလေးပဲ ရယ်လိုက်ပါပြီ...
သူ့ရဲ့ ခန့်မှန်းချက်တွေက
မမှားယွင်းခဲ့ပါဘူး။

ဒီငရဲသွေးမြစ်ဟာ သာမာန်
မြစ်တစ်စင်းမျိုး မဟုတ်ဘူးလေ…
သူ့ရဲ့ အထူးဝိသေသ
လက္ခဏာကတော့ ညစ်ညမ်းစေပြီး
သက်ရှိတွေ အားလုံးကို ဝါးမျိုနိုင်တာပဲ
ဖြစ်တာကြောင့်… အထူးပဲ အန္တရာယ်
ကြီးလှပါတယ်။ ဒီငရဲကမ္ဘာကနေ
လူသားကမ္ဘာကို ဖြတ်သန်းရောက်ရှိ
သွားခဲ့မယ် ဆိုရင်တော့…
ကပ်ဆိုးဘေးဆိုးကြီးတွေ
ဖြစ်ပေါ်လာပြီး ယုတ်ညံ့ဆိုးညစ်တဲ့
အရာမှန်သမျှကို ပြုလုပ်တော့မှာပါ။

ဒါပေမဲ့လည်း အချိန်အကြာကြီး
ကြာသွားခဲ့ပေမယ့်...
ဒီငရဲသွေးရေကန်ကြီးဟာ အပေါ်ယံ
မျက်နှာပြင်ဘက်ကို နည်းနည်းလေးမှ
တက်မလာခဲ့ပဲနဲ့ မြေအောက်မှာပဲ
စီးဆင်းနေခဲ့ပါတယ်။ ဒါက
ဘာကြောင့်လဲဆိုတော့ တာအိုမာစတာ
ဟေးယွင်နဲ့ ဒီမဟူရာ
တိမ်တိုက်အလံလေးကြောင့်ပဲ
ဖြစ်တယ်လေ။

တာအိုမာစတာ ဟေးယွင်ဟာ
လေလွင့်နေတဲ့ ကျင့်ကြံသူ
တစ်ယောက်သာ ဖြစ်ပေမယ့်လဲ…
သူ့ရဲ့ အကြင်နာမေတ္တာနဲ့
ကရုဏာတွေဟာ ကြည်ညိုလေးစား
လောက်ပါပေတယ်။ သူဟာ သူ့ရဲ့
ကျင့်ကြံမှု ဘုံဗိမာန်ကို
တည်ဆောက်ပြီးတော့…
မတော်တဆနဲ့ပဲ ငရဲကမ္ဘာနဲ့
လေဟာနယ် အက်ကွဲကြောင်းတစ်ခုကို
ဆက်သွယ်မိသွားပြီးနောက်မှာ…
ဒီသွေးမြစ်ဟာ လူသားကမ္ဘာထဲကို
ကျူးကျော်ဝင်ရောက် လာခဲ့တယ်လေ။
သူဟာ သူ့ရဲ့ တာဝန်ဝတ္တရားတွေကို

လျှစ်လျူရှုထားခြင်းမျိုး လုံးဝမရှိခဲ့ပဲ…
တစ်ယောက်ထဲနဲ့ ဒီသွေးမြစ်ကြီးက
ကျိုးပေါက်လာခဲ့တာကို
ပိတ်ဆို့ထားခဲ့တာပါ။

တကယ်လို့များ တာအိုမာစတာ
ဟေးယွင်ရဲ့ အရိုးစုနဲ့ သူ့ရဲ့
မှော်အိုင်တမ်တို့ဟာ ဒီငရဲသွေး
မြစ်လက်တက်ကို ဖိနှိပ်ထားခြင်းမျိုး
မရှိခဲ့ဘူးဆိုရင်တော့…
ဒီမြေအောက်နန်းတော်ကို
မဆိုထားနဲ့… ကျိုးအင်ပါယာရဲ့
မင်းနေပြည်တော် အထိတောင်မှပဲ

ဒီငရဲသွေးမြစ်ဟာ စီးဆင်းကောင်း
စီးဆင်းသွားနိုင်ပါတယ်။

နှစ်ပေါင်းဒီလောက်
အများကြီးတိုင်အောင်…
အံ့သြချီးမွမ်းဖွယ်ရာ ကောင်းပေမယ့်
ကျိုးလွယ်ပျက်လွယ်တဲ့
မျှခြေတစ်ခုဟာ ဒီအရိုးစု..
မှော်အိုင်တမ်နဲ့ ငရဲသွေးမြစ်တို့ရဲ့
အကြားမှာ တည်ရှိနေခဲ့ပြီး…
နှစ်ဘက်စလုံးဟာ ညီမျှတူညီစွာနဲ့
ဘက်ညီနေခဲ့တယ်လေ။

ဒါ့ကြောင့်ပဲ ဒီမဟူရာ
တိမ်တိုက်အလံရဲ့ မှော်စွမ်းအင်ဟာ
ယိုစိမ့်ပြီး ထွက်မလာခဲ့ပဲ…
လျှို့ယန်လိုမျိုး ရွှေရောင်ဇဟိုချက်
အဆင့်က ကျင့်ကြံသူမျိုးကတောင်မှပဲ
ဘာမှ အာရုံခံလို့ မရခဲ့တာပဲ
ဖြစ်ပါတယ်… ဘာဖြစ်လို့လဲဆိုတော့
ဒီမဟူရာ တိမ်တိုက်အလံရဲ့
မှော်စွမ်းအင်ဟာ ငရဲသွေးမြစ်ရဲ့
ပယ်ဖျက်ခြင်းကို ခံနေခဲ့ရလို့ပဲ
ဖြစ်ပါတော့တယ်။

အခုတော့ လင်းဖုန်းက ဒီမဟူရာ
တိမ်တိုက်အလံကို
ဆွဲထုတ်လိုက်တော့… မဟူရာ
တိမ်တိုက်အလံက မှော်စွမ်းအင်ရဲ့
ဖိနှိပ်ခြင်းကို မခံရတော့ပဲနဲ့…
ငရဲသွေးမြစ်ဟာ လှောင်အိမ်ထဲကနေ
လွတ်လာတဲ့ ခက်ထန်ကြမ်းကြုတ်တဲ့
မှော်သားရဲ တစ်ကောင်လိုမျိုး…
အော်ဟစ်ဟိန်းဟောက်ပြီးတော့
သောင်းကြမ်းတော့တာပါပဲ။

လျှိုယန်ကလဲ ကစဥ့်ကလျားနဲ့ပဲ
ရုန်းကန်နေရရှာပါတယ်…

ဘေးပတ်ပတ်လည်က စွန်းထင်းနေတဲ့
သွေးတွေဟာ ဧရာမ
လှိုင်းလုံးကြီးတွေလိုမျိုး သူ့ကို
နှစ်မြှုပ်ပစ်ချင် နေခဲ့တာပါ။
အခုအချိန်မှာတော့
သွေးမြစ်အလံတံခွန်
ကိုးခုတို့ဟာလည်း လေပြင်းထဲက
ဖယောင်းတိုင်လေးတွေလိုပဲ...
လျှို့ယန်ကို မကူညီနိုင်ကြတဲ့အပြင်...
လေလွင့်နေကြတဲ့ သားတွေဟာ
အိမ်ကို ပြန်ရောက်လာကြသလိုပဲ...
ဒီငရဲသွေးမြစ်ကြီးရဲ့ ရင်ခွင်ထဲကို
သူတို့ကိုယ်သူတို့
သက်ဆင်းချင်နေကြတယ်လေ။

နောက်ဆုံးမှာတော့ လူ့ျိုယန်
လေ့ကျင့်ထားတာဟာ
သွေးမြစ်လျှို့ဝှက်ပညာရပ်
မဟုတ်ပါဘူး။ ငရဲသွေးမြစ်ကြီးဟာ
တည်ငြိမ်နေတုံးကတော့ သူဟာ
ဒီသွေးကန် အလံတံခွန်တွေကို
အားကိုးပြီး သူ့ကိုယ်သူ
ကာကွယ်ထားနိုင်ခဲ့တာပါ...
ဒါပေမဲ့လည်း အခုတော့
ဒီသွေးရေကန်ကြီးက ဆူပွက်လာတော့
သူက ချက်ချင်းပဲ ဘေးအန္တရာယ်ထဲကို
ကျရောက်လို့ သွားခဲ့ပါပြီ။

လှိုင်ယှန်ရဲ့ မျက်လုံးတွေဟာ
ရဲရဲနီနေပြီး လင်းဖုန်းကို
စိုက်ကြည့်နေခဲ့ပြီလေ... "ဟော့...
တာအိုဆရာ... သေစမ်းကွာ!" သူ့ရဲ့
ခန္ဓာကိုယ်ကို စွန်းထင်းနေခဲ့ကာ...
သူ့ရဲ့ မှော်စွမ်းအင်ကို ညစ်ညမ်းစေခဲ့ပြီး
ဖြစ်တဲ့ သွေးရေတွေကို
ဂရုမထားတော့ပဲနဲ့... လှိုင်ယှန်ဟာ
သူ့ရဲ့ခါးအိမ်ကို ပုတ်လိုက်ပြီး
ဒီသွေးရေကန် ထက်တောင်မှ
ပိုပြီးတော့ သွေးရူးသွေးတန်း ဖြစ်နေတဲ့
ဓားအော်ရာ အလင်းတန်းဟာ

လင်းဖုန်းရဲ့ခေါင်း ရှိရာဆီကို
ပစ်လွှတ်လာခဲ့ပါတော့တယ်။

ရှောင်စန်းခေး... စူတောင်ရဲ့ မရီဒီယန်
ခေးခြောက်ချောင်းထဲမှာ
ကြီးစိုးလွှမ်းမိုးနိုင်စွမ်း အရှိဆုံးခေး...
ပြီးတော့ ဒီကမ္ဘာပေါ်မှာ
ကြီးစိုးလွှမ်းမိုးနိုင်စွမ်း အရှိဆုံး
ခေးနည်းစနစ်!

ဒီခေးအော်ရာဟာ ခေးအိမ်
အထဲကနေတောင်
ထွက်မလာသေးဘူး... လင်းဖုန်းဟာ

သူ့ကို အေးစိမ့်နေတဲ့
လူသတ်လိုစိတ်တွေက
ဝန်းရံထားတယ်လို့ ခံစားလိုက်ရပါပြီ။
သူ့ရဲ့ ဝိညာဉ်လေးတောင်မှပဲ
အေးခဲသွားတော့ မလိုပါပဲ…
အတွေးတစ်ခုဟာ ရပ်တန့်လို့မရပဲ
သူ့ရဲ့ရင်ထဲမှာ ပေါ်လာခဲ့ပါတယ်…
"ဟော့… မရှောင်နဲ့… ဘာမှမထူးဘူး…
ဒီလိုမျိုး စွမ်းအားမြင့်
ခားအော်ရာနဲ့ဆိုရင် သေဖို့က
ကျိန်းသေနေပြီ…"

ဒီခေါ်းအော်ရာဟာ သူ့ရဲ့အရှေ့ကို
တကယ်တမ်း ရောက်လာတော့…
ဒီခေါ်းဖိအားရဲ့ ထိုးစိုက်ခြင်းကို
ခံလိုက်ရတဲ့ လင်းဖုန်းဟာ သူ့ရဲ့
စိတ်အစဥ်ဟာ ရပ်တန့်သွားတယ်လို့
တောင် ခံစားလိုက်ရတယ်လေ…
သူ့ရဲ့ခေါင်းထဲမှာ အတွေးလေး
တစ်ခုတောင်မှပဲ ပေါ်မလာနိုင်ခဲ့ပါဘူး။
ဒီခေါ်းအော်ရာဟာ သူ့ရဲ့ ကိုယ်ခန္ဓာကို
မထိခဲ့ပေမယ့် ဒီခေါ်းရဲ့ လှုပ်ရှားမှုကနေ
ပေါ်လာတဲ့ လေတွေကပဲ သူ့ကို
တစ်စစီဖြစ်အောင် လုပ်နိုင်နေခဲ့ပြီလေ။

တကယ်လို့များ သူကသာ
ကြိုတင်ပြင်ဆင်မှုတွေ
မလုပ်ထားခဲ့ရင်… လင်းဖုန်းဟာ
သံသယ ဖြစ်ဖွယ်ရာမရှိပဲ လျှိုယန်ရဲ့
လက်စားချေ တိုက်ခိုက်မှုရဲ့အောက်မှာ
အသက်ပေးရမှာပဲ ဖြစ်ပါတယ်။

ဒါပေမဲ့ အခုတော့ သူက
မခို့တယို့လေးပဲ ပြုံးလိုက်ပါပြီ…
သူဟာ သူ့ရဲ့ လက်နှစ်ဘက်ကို
ဝှေ့ယမ်းပြီးတော့ လျှိုရန်ဆီကို
တာ့တာဘိုင့်ဘိုင် လုပ်ဖို့တောင်မှပဲ
အချိန်ပိုတွေ ရှိနေခဲ့တယ်လေ။

"ကဲ... ရဲဘော်လေးရေ... မင်းက
တကယ်ကိုပဲ
လူကောင်းတစ်ယောက်ပါကွာ။
မင်းကြောင့်သာ မဟုတ်ရင် ငါက
ဒီအလံကို ဆွဲထုတ်ပြီးရင်
ဒီငရဲသွေးမြစ်ကို ဘယ်လိုလုပ်ပြီး
ပိတ်ဆို့ရမလဲလို့ ...
ဦးနှောက်ခြောက်အောင်
စဉ်းစားနေရတော့မှာဟ...
အခုတော့... ကျေးဇူးအထူးပါဗျာ!"

စကားပြောနေရင်းနဲ့ပဲ... လင်းဖုန်းရဲ့
လက်ထဲက မဟူရာ
တိမ်တိုက်အလံလေးဟာ အနည်းငယ်
လှုပ်သွားပြီး... အနက်ရောင်
အလင်းတန်းတွေဟာ
ထိုးတက်လာခဲ့ကာ ဟင်းလင်းပြင်ကို
လှစ်ဟလိုက်ပြီး... လင်းဖုန်းကို
ခေါ်ဆောင်သွားခဲ့ကာ
မြင်ကွင်းထဲကနေ ပျောက်ကွယ်လို့
သွားခဲ့ပါပြီ။

"မဟုတ်ဘူး!"

လျှိုယန်ဟာ လင်းဖုန်းက နေရာတင်ပဲ
ပျောက်သွားတာကို ကြည့်ပြီးတော့
မျှော်လင့်ချက်တွေ ကင်းမဲ့ပြီးတော့
နေခဲ့ပါတယ်… သူ့ရဲ့
ကြီးစိုးခြယ်လှယ်နိုင်ပြီး
အင်အားကြီးတဲ့ ဓားအော်ရာတွေဟာ
ဘာမှမရှိတဲ့ လေထုကိုပဲ
ခုတ်ပိုင်းမိခဲ့တယ်လေ။

ခဏနေမှာပဲ သူဟာ အဆုံးအစမဲ့တဲ့
သွေးပင်လယ်ကြီးရဲ့ ဝါးမျိုခြင်းကို
ခံလိုက်ရပါတော့တယ်။

******************

"တောက်... တကယ်လို့များ ငါက
မသေခဲ့လို့ရှိရင် မင်းကို ကမ္ဘာအဆုံးထိ
လိုက်ဖမ်းရမယ် ဆိုရင်တောင်မှ...
မင်းကို အပိုင်း၁၀၀၀ ပြည့်အောင်
နှုတ်နှုတ်စဥ်းပစ်မယ်ဟေ့!

လျှိုယန်ရဲ့ ဒေါသဖြစ်စွာနဲ့
ဟိန်းဟောက်သံတွေဟာ လေထုထဲမှာ
ပဲ့တင်သံတွေ ရိုက်ခတ်နေဆဲ
ရှိပါသေးတယ်... လင်းဖုန်းကလဲ သူ့ရဲ့
နားရွက်ကို ကုတ်လိုက်ပြီး... "ကဲ...

အခုလောလောဆယ်တော့
လိမ်လိမ်မာမာနဲ့ ဒီမဟူရာ
တိမ်တိုက်အလံကို
အစားထိုးလိုက်ပြီး... ဒီငရဲသွေးမြစ်ကို
ငါ့အတွက် ဖိနှိပ်ထားပေး
လိုက်ပါဦးကွာ...
ကျန်တာတွေကိုတော့ နောက်မှ
ဆက်ပြောတာပေါ့..."

အစ ပထမကတည်းက သူက
လျှို့ယန်ကို ဂျင်းထည့်ပြီး အလွယ်တကူ
သတ်ဖို့ကို မရည်ရွယ်ထားခဲ့ပါဘူး...
နို့မဟုတ်ရင် သူက မဟူရာ

တိမ်တိုက်အလံကို
ယူသွားပြီးလို့ရှိရင်... ရေကြီးရေလျှံ
ဖြစ်လာတော့မယ့် ငရဲသွေးမြစ်ကို
ထိန်းဖို့အတွက် ခေါင်းအကြီးကြီး
ကိုက်တော့မှာပါ။

အခုတော့ အရာအားလုံးဟာ
အံ့ဝင်ဂွင်ကျပါပဲ။ လျှိုယန်က
ယဇ်ပူဇော်ခံရမဲ့
သိုးလေးတစ်ကောင်အဖြစ်
ဆောင်ရွက်ပေးခဲ့တော့... သူဟာ သူ့ရဲ့
အသက်ဆက်ရှင်နိုင်ရေးအတွက်
ဒီလှိုင်းတံပိုး ထနေတဲ့ သွေးမြစ်ကို

အတတ်နိုင်ဆုံး ဖိနှိပ်ထားရမှာဖြစ်ပြီး...
ဒီသွေးမြစ်က သူ့အတွက်
လျောင်အိမ်သဖွယ် ဖြစ်သွားခဲ့ပါတယ်။

လင်းဖုန်းကလဲ သူ့ရဲ့
ရင်ဘတ်ကြီးထဲကနေပဲ
ကောက်ချက်ချနေခဲ့ပါပြီ... "အင်း...
တော်တော် မြင့်မြတ်တဲ့သူပဲဟ!
ဒီလိုမျိုး သူတပါး
ကောင်းစားရေးအတွက်
ကိုယ့်ကိုယ်ကိုယ် အနစ်နာခံပေးတဲ့
မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တွေဟာ
အမတန်ကိုမှ ရှားပါတာပဲ...

နို့မဟုတ်ရင် ကမ္ဘာကြီးက
ဘယ်လိုလုပ်ပြီး ဒီလိုမျိုး
သာယာလှပနိုင်ပါ့မလဲဟာ?"

တစ်နေ့မှာ ဒီလူက ထွက်လာနိုင်မလား
ဆိုတာကတော့... လင်းဖုန်းလဲ
မသိပါဘူး။ လင်းဖုန်းအတွက်ကတော့
ဒီဖိအားတွေဟာ သူ့ရဲ့အဆင့်ကို
အမြန်ဆုံး မြှင့်တင်နိုင်ဖို့အတွက်
တွန်းအားတွေဖြစ်ပြီး... သူ့ရဲ့
စွမ်းအားတွေကို တတ်နိုင်သမျှ
အမြန်ဆုံး တိုးတက်အောင်လုပ်မှပဲ
ရတော့မှာပါ။

အခုလက်ရှိ အချိန်မှာတော့...
သူလုပ်ရမှာဟာ သူ့ရဲ့
သနားစရာကောင်းလှတဲ့
တပည့်သုံးယောက်ကို အရင်ရှာဖို့ပဲ
ဖြစ်ပါတော့တယ်။

## စာစဥ် ၄ : အပိုင်း ၉

## အပိုင်း ၄၉ : ငါတို့က ယုကလန်ကကွ

လင်းဖုန်းဟာ သူ့ရဲ့ လက်ဝါးအရွယ်ကို ကျုံ့ဝင်သွားခဲ့ပြီဖြစ်တဲ့ မဟူရာ တိမ်တိုက်အလံကို ကလိနေခဲ့ပါတယ်။

ဒါက သူရရှိခဲ့တဲ့ ပထမဦးဆုံးသော ရွှေရောင်ဗဟိုချက်အဆင့် မှော်အိုင်တမ်တစ်ခုပဲ ဖြစ်ပါတယ်။ သူဟာ ငရဲသွေးမြစ်ရဲ့ အစွန်းအထင်းတွေကို ခံခဲ့ရပြီး သူ့ရဲ့ စွမ်းအားတွေဟာ အမြင့်ဆုံးအဆင့်ရဲ့ ၃၀%အောက်ကို ရောက်သွားခဲ့ပြီ ဖြစ်ပေမယ့်... သူကတော့ ထူးခြားဆန်းကျယ်တဲ့

မှော်အိုင်တမ်တစ်ခု ဖြစ်နေဆဲပါပဲ။
အခုလက်ရှိ လင်းဖုန်းမှာ ရှိနေတဲ့
မှော်အိုင်တမ်တွေ အကုန်ထက်ကို
ပိုပြီးတော့မှပဲ စွမ်းအားကြီးပါတယ်...
မြောက်ပိုင်း အရှဏ်ဦးခါးတောင်မှပဲ
သူ့ထက်တော့ အဆင့်တစ်ဆင့်
ပိုနိမ့်တယ်လေ။

ဒီမဟူရာ တိမ်တိုက်အလံဟာ
တိုက်ခိုက်ခြင်းနဲ့ ခုခံခြင်းတို့ကို
တစ်သားထဲ ပေါင်းစည်းနိုင်ပြီး...
ခရီးတိုလေး အတွင်းမှာ
လေဟာနယ်ကို

ရွှေ့ပြောင်းနိုင်ပါတယ်…
အလွန်အမင်းကိုပဲ
ကောင်းလှတယ်လေ။

ပိုပြီး အရေးကြီးတဲ့ အချက်က…
မြောက်ပိုင်းအရုဏ်ဦးခေးနဲ့
ကွဲပြားလှစွာပဲ… ဒီမဟူရာ
တိမ်တိုက်အလံဟာ ရွှေရောင်
ဗဟိုချက်အဆင့် မှော်အိုင်တမ်ဖြစ်လို့…
သူ့ရဲ့အထဲမှာ စိတ်ဝိညာဉ်
စွမ်းအင်တွေကို စုပ်ယူပြီး
ကိုယ့်ကိုယ်ကိုယ် အားဖြည့်ဖို့အတွက်
မှော်ကျိန်စာ ဝင်္ကပါတွေကလဲ

ရှိနေတယ်လေ။ သူ့ကို
အသုံးပြုရတာဟာ...
မြောက်ပိုင်းအရက်ဦးခေါင်းကို
သုံးရတာလောက် မှော်စွမ်းအင်
သုံးစွဲမှုတွေ သိပ်မများလှပါဘူး။

ဒါပေမဲ့လည်း အနာဂတ်မှာ
ဒီအလံထဲက စွန်းထင်းနေတဲ့
သွေးတွေကို ဘယ်လိုသန့်စင်မလဲ
ဆိုတာရယ်... သူ့ရဲ့ နဂိုစွမ်းအင်တွေကို
ဘယ်လိုပြန်ပြီး ဖြည့်တင်းပေးရမလဲ
ဆိုတာက ပြဿနာကြီးတစ်ခု
ဖြစ်လာမှာပါ။

အခုအချိန်မှာ လင်းဖုန်းကို
ပျော်ရွှင်စေခဲ့တာကတော့
သူ့ရဲ့စိတ်ထဲမှာ ပေါ်လာတဲ့ စနစ်ကြီးရဲ့
အကြောင်းကြားချက်ပဲ
ဖြစ်ပါတော့တယ်... "သင်ဟာ မဟူရာ
တိမ်တိုက်အလံကို ရရှိခဲ့ပြီး...
အရန်မစ်ရှင်ဖြစ်တဲ့ မဟူရာတိမ်တိုက်
မြေအောက်နန်းတော်ကို
ပြီးမြောက်ခဲ့ပါပြီ... ဆုလာဘ်အနေနဲ့
ကုန်သွယ်မှုအမှတ် ၅၀၀ ရရှိပါတယ်!"

လင်းဖုန်းကလဲ
ဟက်ဟက်ပက်ပက်ကြီးကို
ရယ်လိုက်ပါပြီ။ ကံစမ်းမဲစနစ်ရဲ့
ပုံစံတွေကို
မဖော်ထုတ်နိုင်သေးခင်မှာတော့…
သူဟာ သူ့ရဲ့ မွဲပြာကျနေတဲ့
ကုန်သွယ်မှု အမှတ်တွေကို ပိုပြီးတော့
လိုလားပါတယ်။

ကံတရား အပေါ်ကို မှီခိုနေရတဲ့
ကံစမ်းမဲစနစ်ကြီးနဲ့ စာရင်တော့…
ဈေးနှုန်းတွေ ကပ်ထားတဲ့
ကုန်သွယ်မှုစနစ်ထဲက

အိုင်တမ်တွေဟာ ပိုပြီးတော့
အားကိုးလို့ရပြီး... သူကြိုက်တာ
သူဝယ်လို့ ရတယ်လေ။ အဲ...
လက်ထဲမှာကတော့...
ကုန်သွယ်မှုအမှတ်တွေ
လုံလုံလောက်လောက် ရှိရမှာပေါ့။

အနည်းငယ် တစိမ့်စိမ့်နဲ့
စဥ်းစားပြီးတဲ့နောက်မှာတော့...
လင်းဖုန်းဟာ
အခုလောလောဆယ်တော့
အလောတကြီးနဲ့ ဘာမှဝယ်ဖို့ကို

မစဉ်းစားသေးပဲ… အမှတ်တွေကို
အရင်စုထားဖို့ ဆုံးဖြတ်လိုက်ပါတယ်။

သူ့ရဲ့ အတွေ့အကြုံအရ…
တတိယတပည့်ကို ရပြီးရင်… ကံစမ်းမဲ
တစ်ခါနှိုက်ခွင့်အပြင် စနစ်ကြီးကလဲ
သူ့ကို ကုန်သွယ်မှုအမှတ် ၅၀၀ကို
ချီးမြှင့်ပေးပါသေးတယ်။

လင်းဖုန်းဟာ အမှတ်တွေကို
စုထားပြီး… နောက်မှပဲ
စိတ်ကြိုက်ဈေးဝယ်ထွက်မှာပါ။

သူခန့်မှန်းထားတဲ့ အတိုင်းပဲ…
တာအိုမာစတာ ဟေးယွင်ရဲ့
စိတ်ဝိညာဉ် ပေါင်းစည်းထားတဲ့
မှော်အိုင်တမ်ဖြစ်တဲ့ မဟူရာ
တိမ်တိုက်အလံဟာ ဒီမဟူရာ
တိမ်တိုက်နန်းတော်နဲ့
ဆက်စပ်နေပါတယ်။ ဒီမှော်အိုင်တမ်ရဲ့
မှော်စွမ်းအင်တွေဟာ
ဒီမြေအောက်နန်းတော်ရဲ့ အထဲမှာ
စီးဆင်းနေတဲ့ စိတ်ဝိညာဉ်တွေနဲ့…
ခွဲခြားလို့ မရနိုင်အောင်
ဆက်စပ်နေခဲ့တယ်လေ။

လင်းဖုန်းက ဒီမဟာရူ
တိမ်တိုက်အလံကို သူ့ရဲ့ကိုယ်ပိုင်
မှော်စွမ်းအင်နဲ့ သန့်စင်ပြီးသွားတော့...
သူ့ရဲ့စိတ်ဟာ ဒီအလံနဲ့
ဆက်စပ်သွားပြီး... ဒီမဟာရူတိမ်တိုက်
မြေအောက်နန်းတော်ရဲ့ အသေးစိတ်
မြေပုံတစ်ခုဟာ သူ့ရဲ့ခေါင်းထဲမှာ
ရုတ်ချည်းပဲ ပေါ်လာခဲ့ပါပြီ။

"အင်း... မြေပုံကိုရလို့ ရှိရင်တော့...
အားလုံးက အဆင်ပြေသွားပြီဟ..."
လင်းဖုန်းက ခေါင်းကို တဆတ်ဆတ်နဲ့
ညိတ်လိုက်ပြီး... ရင်ထဲကနေပဲ

တွေးလိုက်ပြီလေ... "အင်း...
ဒီအလံက ဇူရီလေးနဲ့ တခြားလူတွေရဲ့
နေရာကိုများ ပြနိုင်မလား?"

အတွေးလေး ပေါ်လာတာနဲ့ပဲ...
မြေပုံပေါ်မှာ အစက်ကလေး
သုံးစက်ဟာ ချက်ချင်းပဲ
ပေါ်လာခဲ့ပါတယ်။

လင်းဖုန်းကလဲ အပျော်လုံး
ဆို့သွားခဲ့တယ်လေ... သူက
အခုပေါ်လာတဲ့ အစက်ကလေး
သုံးစက်ဟာ ရှောင်ပုတန်.. ရှောင်ယန်နဲ့

ဇူရီတို့ကို ကိုယ်စားပြုနေတယ်လို့
သိနေခဲ့ပါတယ်… ဒါပေမဲ့ သူ့ကို
ပိုပြီးတော့ အံ့ဩစေခဲ့တာက
ဒီအစက်ကလေး သုံးစက်ဟာ
အတူတကွ စုဝေးနေကြတာပါပဲ။ ဒါက
ဘာကို ဆိုလိုနေသလဲဆိုတော့… သူ့ရဲ့
တပည့်လေး နှစ်ယောက်ဟာ
ဇူရီလေးနဲ့ အတူတူရှိနေကြတယ်
ဆိုတာကိုပါ။

ဒါပေမဲ့လည်း လင်းဖုန်းဟာ
မပျော်နိုင်ခဲ့ပါဘူး… မျက်ခုံးတွေတောင်
အနည်းငယ်

မြင့်တက်သွားပါသေးတယ်။ သူက
မဟူရာ တိမ်တိုက်အလံကို
နောက်ထပ်အမိန့်တစ်ခု
ထပ်ပေးလိုက်ပါပြီ... "ကဲ...
ဒီလူသုံးယောက် အနားမှာ
တခြားလူတွေ ရှိသေးလားဟ?"

အမိန့်သံ ဆုံးတာနဲ့ပဲ...
အလင်းစက်ကလေး ခြောက်စက်ဟာ
မြေပုံရဲ့ အပေါ်မှာ ပေါ်ထွက်ကာ
လာခဲ့ပြီလေ။ တစ်ခုချင်းစီကလဲ
အတော်ကိုပဲ တောက်ပနေကြပြီး

ဗူရီတို့ သုံးယောက်ဘေးမှာ
ရှိနေကြပါတယ်။

လင်းဖုန်းကလဲ သက်ပြင်းတစ်ချက်
ချလိုက်ပါပြီ...
မျှော်မှန်းထားတာတွေထက်တော့
ခက်တော့မှာပဲ။

"လျှိုယန်ကရော ဘယ်မှာလဲ?"

အလင်းစက် အကြီးကြီး တစ်စက်ဟာ
မြေပုံရဲ့ အခြားတစ်ဘက်မှာ
ပေါ်လာခဲ့ပါပြီ... သူ့ရဲ့ တောက်ပမှုဟာ

ဒီအရင် အလင်းစက်တွေ
အားလုံးပေါင်းတာထက်ကို
ပိုလင်းပါတယ်… ဒါပေမဲ့လည်း
လှျိုယန်ကို ကိုယ်စားပြုတဲ့
အလင်းစက်ကြီးဟာ အဆက်မပြတ်ပဲ
မှိတ်တုတ်မှိတ်တုတ်
ဖြစ်နေခဲ့တယ်လေ…
ကြည့်ရတာကတော့ လှျိုယန်ဟာ
ငရဲသွေးမြစ်နဲ့ အကြိတ်အနယ်
နပမ်းလုံးနေရတယ်နဲ့ တူပါတယ်။

လင်းဖုန်းရဲ့ နဖူးပြင်ဟာ အတော်ကိုပဲ
တွန့်သွားခဲ့ပါပြီ။ သူတွေးထားတဲ့

အတိုင်းပဲ… ဒီအလင်းစက်တွေရဲ့
တောက်ပမှုဟာ ပစ်မှတ်တွေရဲ့
အဆင့်အပေါ်မှာ မူတည်နေပါတယ်။

လှျိုယန်ရဲ့ အလင်းစက်ဟာ
အတောက်ပဆုံးဖြစ်ပြီးတော့ သူ့ရဲ့
ရွှေရောင်ဗဟိုချက် အဆင့်နဲ့
ကိုက်ညီပါတယ်။

ဇူရီလေးရဲ့ အလင်းစက်ဟာ
အမှေးမှိန်ဆုံးဖြစ်ပြီး…
သူ့ရဲ့ဘေးနားမှာ ဝိုင်းရံနေတဲ့
အလင်းစက်ကြီး ခြောက်စက်နဲ့

ယှဉ်လိုက်ရင် မြင်ဖို့တောင်
သိပ်မလွယ်ခဲ့ပါဘူး။

ရှောင်ပုတန်လေးရဲ့ လင်းလက်မှုဟာ
ရှောင်ယန်လေးနဲ့ မတိမ်းမယိမ်း
ဖြစ်ပေမယ့် အနည်းငယ်
မှေးမှိန်နေခဲ့ပါတယ်။

ဟိုအလင်းစက်ကြီး ခြောက်စက်ဟာ
အခြေခံအုတ်မြစ် အဆင့်က
ကျင့်ကြံသူခြောက်ယောက်ကို
ကိုယ်စားပြုနေနိုင်တယ်လေ။

ဒါက ဘာကို ပြသနေသလဲဆိုတော့
ဇူရီလေးအပြင်… ရှောင်ယန်နဲ့
ရှောင်ပုတန်လေး တို့တောင်မှပဲ
သူတို့ရဲ့ လက်အတွင်းကို
ကျရောက်သွားခဲ့ပြီ ဆိုတာပါပဲ။
သူတို့ဟာ ပြင်းထန်သောမုန်တိုင်း
အဖွဲ့အစည်းက သူတွေပဲဖြစ်ဖြစ်…
ရွှမ်ကျိအမတ် ဂေဟာက
လူတွေပဲဖြစ်ဖြစ်…
လင်းဖုန်းအတွက်ကတော့
သတင်းကောင်း မဟုတ်ပါဘူး။

"ဟင်း... သူတို့လေးတွေက ဒဏ်ရာမရပါစေနဲ့လို့ ဆုတောင်းပေးရမှာပဲ..." လင်းဖုန်းဟာ မဟူရာတိမ်တိုက်အလံကို ခါလိုက်ပြီး နေရာကနေ ချက်ချင်းပဲ ပျောက်ကွယ်သွားပါတော့တယ်။

နောက်ထပ် ပြန်ပေါ်လာတဲ့အခါမှာတော့... လင်းဖုန်းဟာ ဇူရီလေးတို့ အုပ်စုအနားကို ရောက်လာခဲ့ပါပြီ။

ဒီမဟာ့ရာ တိမ်တိုက်အလံရဲ့
အကူအညီနဲ့… လင်းဖုန်းဟာ
မဟာ့ရာတိမ်တိုက်
မြေအောက်နန်းတော်နဲ့ တစ်သားထဲ
ဖြစ်သွားခဲ့ပြီလေ။ လျှိုယန်တို့..
ဟွမ်စန်းတို့လိုမျိုး ရွှေရောင်ဗဟိုချက်
အဆင့်က ကျင့်ကြံသူမျိုးမှသာ သူ့ရဲ့
နေရာကို အာရုံခံနိုင်မှာ ဖြစ်ပြီးတော့…
ဒီအခြေခံ အုတ်မြစ်အဆင့်က
ကျင့်ကြံသူတွေကတော့
သူရှိလို့ရှိနေမှန်း မသိနိုင်ကြပါဘူး။

လင်းဖုန်းက စစချင်းတော့ သူ့ကိုယ်သူ
ဖော်ထုတ်ဖို့ အစီအစဉ် မရှိပါဘူး…
အခြေအနေတွေကို
စောင့်ကြည့်ရဦးမယ်လေ။

တစ်ချက်ကြည့်လိုက်တာနဲ့ပဲ
လင်းဖုန်းဟာ အတန်ငယ်
အံ့အားသင့်သွားခဲ့ရပါတယ်။

သူရဲ့အတွေးထဲက သူ့ရဲ့တပည့်လေး
သုံးယောက်တို့ဟာ အဖမ်းခံထားရပြီး
အနှိပ်စက်ခံနေရပေမယ့် အနိုင်မခံ

မရှုံးမပေးကြဘူး ဆိုတဲ့မြင်ကွင်းဟာ
ပေါ်မလာခဲ့ပါဘူး။

ဥမင်လှိုဏ်ခေါင်းထဲမှာ...
ရှောင်ပုတန်နဲ့ ရှောင်ယန်တို့
နှစ်ယောက်စလုံးဟာ တည်ငြိမ်နေတဲ့
အမူအရာတွေနဲ့ပဲ ရွှမ်ကျိအမတ်
ဂေဟာက ကျင့်ကြံသူ
ခြောက်ယောက်တို့နဲ့
ပျော်ပျော်ရွှင်ရွှင်ကြီးပဲ စကားလက်ဆုံ
ကျနေကြကာ... မြေပေါ်ကို
အတူတကွ တက်သွားလို့
နေကြပါတယ်။

ဇူရီလေး တစ်ယောက်ကသာ...
အနည်းငယ် စိတ်ညှိုးငယ်နေတဲ့ ပုံစံမျိုး
ဖြစ်နေပေမယ့် တည်ငြိမ်နေခဲ့ပြီး
ဘာဒုက္ခပေးခြင်းကိုမှ
ခံမနေရခဲ့ပါဘူး... အကုန်လုံးရဲ့
အနောက်ကနေပဲ
လိုက်ပါလာခဲ့ပါတော့တယ်။

ပွမ်စန်းဟာ လျှိုယန်ရဲ့
သတ်ဖြတ်ခြင်းကို
ခံလိုက်ရတယ်လေ...ရွှမ်ကျိအမတ်
ဂေဟာက ကျင့်ကြံသူတွေကလဲ

စိတ်ဓာတ်တွေ ကျနေကြပါပြီ။
လှိုငယန်ကလဲ သူတို့တတွေဟာ
ဇူရိလေးနဲ့ အတူတကွ ရှိနေကြတာကို
မျက်စိနဲ့ တပ်အပ်မြင်သွားခဲ့ပြီး
ဖြစ်ပါတယ်။ ဒီလိုမျိုး အချိန်မှာ
သူတို့ဟာ ဇူရိလေးကို သတ်ပြီးတော့...
ပြင်းထန်သောမုန်တိုင်း အဖွဲ့အစည်းရဲ့
အပေါ်ကို အပြစ်ပုံချမယ်ဆိုရင်...
အရှုးလုပ်ဖို့ဆိုတာ ထင်သလောက်
လွယ်ကူတော့မှာ မဟုတ်တော့ပါဘူး။

လှိုငယန်ကတော့ ဒီလိုမျိုး အသေးအဖွဲ
ကိစ္စလေးတွေကို အလေးထားမှာ

မဟုတ်ပေမယ့်… တကယ်လို့များ
သတင်းတွေကသာ ပြန့်သွားလို့ရှိရင်
မကောင်းတော့ပါဘူး။ မျက်နှာကို
အဖတ်ဆယ်ဖို့အတွက်…
ရွှမ်ကျိအမတ်ဟာ သူတို့တတွေကို
သတ်ပြီးတော့ ဇူရီလေးနဲ့အတူ
မြုပ်နှံပစ်မှာ သေချာနေပါတယ်။

ဒီလိုမျိုး အခြေအနေတွေကြောင့်…
အနည်းငယ်
စဥ်းစားချင့်ချိန်ပြီးနောက်မှာ
ဒီလူခြောက်ယောက်ဟာ ဇူရီလေးကို
ဒီအတိုင်းပဲ ပြန်ခေါ်သွားဖို့

ဆုံးဖြတ်လိုက်ကြပါတယ်… ရလဒ်က
ဘယ်လိုပဲထွက်ထွက် ဒါကလဲ
အောင်မြင်မှု တစ်ရပ်လို့ပဲ
ပြောရမှာပဲလေ။

ဒါပေမဲ့ ဘယ်သူက ထင်ထားမိမှာလဲ…
သူတို့တွေဟာ လင်းဖုန်းနဲ့
ကွဲကွာလာခဲ့တဲ့ ရှောင်ပုတန်လေးနဲ့
ရှောင်ယန်တို့ကို
လမ်းမှာဆုံတွေ့မိမယ်လို့။

ဒီနေ့အထိ မင်းက
ဘယ်လိုပဲတွက်တွက်…

ရှောင်ပုတန်လေးဟာ လေးနှစ်ပဲ
ရှိသေးတာလေ။ ချီသာဝက အဆင့် ၆
ဆိုတာက ညအမှောင်ထဲက
ပိုးစုန်းကြူးလေး တစ်ကောင်လို
အရမ်းပဲ မျက်စိကျစရာ
ကောင်းနေခဲ့ပါပြီ။ ဒီအခြေခံ
အုတ်မြစ်အဆင့်က ကျင့်ကြံသူတွေရဲ့
အံ့ဩတုန်လှုပ်မှုတွေဟာ…
ဝူကျိုးမြို့မှာတုံးက မီးလျှံဓားဂိုဏ်းက
လူတွေထက်တောင်မှပဲ
ပိုလို့နေပါသေးတယ်။

အဲ့ဒီအချိန်တုံးက ချီသာဝကအဆင့်

ငှသာ ရှိသေးတဲ့

ရှောင်ပုတန်လေးဟာ...

ရွှေရောင်ဗဟိုချက် အဆင့်ရှိတဲ့

အကြီးအကဲလီကို အံ့သြမှင်သက်

စေခဲ့ပါတယ်။ အခုတော့ သူ့ရဲ့

ချီသာဝက အဆင့် ဖြစ်ရယ်..

ချစ်စရာကောင်းပြီး သန့်ရှင်းနေတဲ့

ကလေးဆန်တဲ့ ပုံစံလေးရယ်...

နဲ့တွဲလိုက်တော့ ဒီအခြေခံ

အုတ်မြစ်အဆင့်က ကျင့်ကြံသူတွေဟာ

သူတို့ရဲ့ တွေးခေါ်ဆင်ခြင်နိုင်စွမ်းကို

ယာယီဆုံးရှုံး သွားခဲ့ကြတယ်လေ။

ပြီးတာနဲ့ သူတို့ဟာ
တုံ့ပြန်လိုက်ကြပါပြီ။ တကယ်လို့များ
သူတို့က ဒီလို ပင်ကိုစွမ်းရည်မျိုးရှိတဲ့
ပါရမီရှင် ကလေးလေးကို
ဂိုဏ်းအထဲကို မသိမ်းသွင်းဘူးဆိုရင်...
လွန်လေပြီးသော
ဂိုဏ်းခေါင်းဆောင်တွေဟာ သူတို့ရဲ့
အုတ်ဂူတွေ အထဲကနေ ဒေါသတကြီးနဲ့
ခုန်ထလာကြမှာ သေချာနေပါတယ်။

ခရမ်းရောင် ဝတ်ကောင်းစားလှနဲ့
သက်လတ်ပိုင်း လူကြီးပဲဖြစ်ဖြစ်...
ဓာတ်ကြီးငါးပါးဂိုဏ်းက

ကျင့်ကြံသူတွေပဲ ဖြစ်ဖြစ်... သူတို့ဟာ
ပြုံးရွှင်နေတဲ့ မျက်နှာတွေနဲ့
ရှောင်ပုတန်လေးဆီကို
ဝိုင်းရုံနေကြပါပြီ။

သူလေးနဲ့ ယှဉ်လိုက်ရင်တော့...
အသက် ၁၅နှစ်နဲ့ ချီသာ၀က
အဆင့်၇မှာပဲ ရှိနေသေးတဲ့
ရှောင်ယန်ကတော့ အဲ့ဒီလောက်ကြီး
မထူးခြားနေခဲ့ဘူးလေ။

မီးလျှံခေးဂိုဏ်းနဲ့ အဖြစ်အပျက်
အပြီးမှာတော့... ရှောင်ပုတန်လေးဟာ

သူ့ရဲ့ အနေအထားကို
သဘောပေါက်သွားခဲ့ပြီး
လူအတော်များများဟာ သူ့ရဲ့
ပင်ကိုစွမ်းရည်ကို
သွားရည်ကျနေကြမယ် ဆိုတာကို
သိနေခဲ့ပြီလေ။

သူလေးဟာ မျောက်ရှုံးအောင်
ဆော့ပေမယ့်...
အချိန်အများကြီးစောပြီးတော့
ရင့်ကျက်နေခဲ့ပါပြီ။ လင်းဖုန်းရဲ့
အနောက်ကို လိုက်ပါနေရတဲ့
အချိန်အတောအတွင်းမှာတော့

အရင်ကထက်ပိုပြီးတော့
ကိုင်ရတွယ်ရတာ
မလွယ်ကူတော့ပါဘူး။

သူ့ရဲ့အနားမှာ ဝိုင်းဝိုင်းလည်နေကြတဲ့
အခြေခံအုတ်မြစ် အဆင့်က
ကျင့်ကြံသူအုပ်စုနဲ့ ရင်ဆိုင်နေတဲ့
နေရာမှာလည်း…
ရှောင်ပုတန်လေးဟာ
ရက်တက်တက်ကြီးနဲ့
ဖြစ်မနေခဲ့ဘူးလေ။ သူ့ရဲ့ ကြီးမားတဲ့
မျက်ဝန်းနက်ကြီးတွေကို
ကလယ်ကလယ်လုပ်ပြီး..

တောက်ပနေတဲ့
သွားစွယ်လေးကိုပေါ်အောင်
ပြုံးလိုက်ကာ..."အား...
ဦးလေးကြီးတို့.. ဘိုးဘိုးကြီးတို့..
နေကောင်းကြရဲ့လား ခင်ဗျာ...
ဂျူနီယာလေး ယုဟောင်က အရိုအသေ
ပေးပါတယ်ခင်ဗျ..."

ရှောင်ယန်ရဲ့ မျက်လုံးတွေကလဲ
လက်ကနဲ ဖြစ်သွားပြီး ယဉ်ကျေးစွာနဲ့ပဲ
ပြောလိုက်ပါပြီ... "ဂျူနီယာ
ယုယန်ကလဲ အားလုံးကို
နှုတ်ခွန်းဆက်သပါတယ် ခင်ဗျာ..."

"ယု?" ဒီကျင့်ကြံသူတွေဟာ
ဂိုဏ်းတွေ.. ဆရာတွေ
မတူကြပေမယ့်... သူတို့ဟာ
ရွှမ်ကျိုအမတ်ဂေဟာ အတွက်
အလုပ်လုပ်နေကြတာ ဖြစ်ပြီးတော့
ဗဟုသုတတွေ ကြွယ်ဝကြပါတယ်။
ရှောင်ပုတန်လေးနဲ့ ရှောင်ယန်တို့က
သူတို့ရဲ့ မျိုးရိုးနာမည် ယု
လို့ပြောလိုက်တာကို
ကြားလိုက်ရတော့... သူတို့ရဲ့
အတွေးထဲကို ပထမဦးဆုံး
ဝင်လာတာက ကျိုးအင်ပါယာရဲ့
အိမ်နီးချင်းနိုင်ငံဖြစ်တဲ့... မဟာချင်

အင်ပါယာရဲ့ ကလန်ကြီး ၄ခုထဲမှာ
တစ်ခုအပါအဝင်ဖြစ်တဲ့ ယုကလန်ပဲ
ဖြစ်တယ်လေ။

ခေတ်ကြီးငါးပါးဂိုဏ်းက
လူငါးယောက်အနက်
ခေါင်းဆောင်ဖြစ်တဲ့ ဝတ်စုံအဝါနဲ့
အဘိုးကြီးက ပြုံးပြီးတော့
မေးလိုက်ပါပြီ... "ကဲ...
ကောင်ကလေးရေ... မင်းရဲ့
မျိုးရိုးနာမည်က ယုဆိုတော့... မင်းက
မဟာချင် အင်ပါယာရဲ့ ယုကလန်က
ကလေးများလားကွယ့်?"

ရှောင်ပုတန်ကလဲ ခေါင်းကို အားရပါးရ
ညိတ်လိုက်ပြီးတော့ အပြုံးလေးနဲ့ပဲ
ပြန်ဖြေလိုက်ပြီလေ... "ရေး...
ဘိုးဘိုးကြီး... ကျွန်တော်တို့က
ယုကလန်က ဆိုတာကို
ဘယ်လိုလုပ်ပြီး သိတာလဲဗျ...
ကျွန်တော့်တို့ကလန်က
တစ်ယောက်ယောက်နဲ့များ
သိလို့လားဗျ?"

"အင်း... ယုကလန်ရဲ့ နာမည်က
မိုးကြိုးလိုပဲ တုန်ဟည်းနေပြီး

မသိတဲ့သူ မရှိဘူးလေ…
ကံမကောင်းစွာနဲ့ပဲ ဘိုးဘိုးက
ကလန်က လူတွေနဲ့ တစ်ခါမှတော့
မတွေ့ဘူးပါဘူးကွာ…" ဒီဝတ်စုံဝါနဲ့
အဘိုးကြီးရဲ့ မျက်နှာဟာ ပိုပိုပြီးတော့
ဖြောင့်မတ်လို့ လာခဲ့ပါပြီ…
ဒါပေမဲ့လည်း သူ့ရဲ့ရင်ထဲမှာတော့
တော်တော်ကြီးကိုပဲ
စိတ်ပျက်သွားခဲ့တယ်လေ။

ယုကလန်က
လူတစ်ယောက်ဆိုတော့…
သိမ်းသွင်းဖို့က မလွယ်တော့ပါဘူး။

ယုကလန်ဟာ မဟာချင် အင်ပါယာရဲ့
ကလန်ကြီး လေးခုထဲမှာ
တစ်ခုအပါအဝင် ဖြစ်တာပါ…
ဒီကမ္ဘာကြီးမှာလဲ
ထင်ရှားကျော်ကြားတယ်လို့
ဆိုရမှာလေ။ မဟာမြင့်မြတ်
နယ်မြေသုံးခုနဲ့ ယှဥ်လို့တော့
မရပေမယ့်… မီးလျှံခါးဂိုဏ်းလိုမျိုးပဲ
သူတို့ နှစ်ဂိုဏ်းစလုံးဟာ မဟာချင်
အင်ပါယာရဲ့ နယ်စပ်မှာ
ကြီးစိုးလွှမ်းမိုးနိုင်တဲ့ စွမ်းအားရှင်တွေပဲ
ဖြစ်ကြပါတယ်။

ယုကလန်ရဲ့
ရိုးရာအမွေအနှစ်တွေဟာ... နှစ်ပေါင်း
တစ်သောင်းလောက်
သက်တမ်းရှိနေပြီဖြစ်တဲ့
မီးလျှံခြားဂိုဏ်းကိုတော့
မယှဉ်နိုင်ပါဘူး... ဒါပေမဲ့လည်း
သူတို့ရဲ့ မိသားစု သွေးနီးမှုကြောင့်
သူတို့ရဲ့ သံယောဇဉ်
နှောင်ကြိုးတွေဟာ
ဂိုဏ်းတစ်ဂိုဏ်းထက်ကို ပိုပြီးတော့
ခိုင်မာပါတယ်။

ဒီအခြေခံ အုတ်မြစ်အဆင့် ကျင့်ကြံသူ
ခြောက်ယောက်တို့ဟာ အချင်းချင်း
ကြည့်လိုက်ကြပြီး... ရင်ထဲကနေပဲ
ကံဆိုးလေခြင်းလို့
ရေရွတ်လိုက်ကြပါပြီ။
ဒီကောင်ကလေးရဲ့
ပင်ကိုစွမ်းရည်အရ...
ယုကလန်ထဲမှာကိုပဲ အဖိုးတန် ရတနာ
ကလေးအဖြစ် ဖူးဖူးမှုတ်ထားခြင်းကို
ခံနေရမှာပါ။ သူတို့လို ဂိုဏ်းမျိုးကို
မပြောနဲ့... စူတောင်ခေါ်ဂိုဏ်းတို့..
ဟင်းလင်းပြင် ဘုရားကျောင်းတို့က
လာပြီးတောင်းဆိုရင်တောင်မှပဲ

သိပ်ပြီးတော့ အရေးလုပ်မှာ
မဟုတ်ပါဘူး။

ခေတ်ကြီးငါးပါးဂိုဏ်းက
သက်လတ်ပိုင်း ကျင့်ကြံသူတစ်ဦးက
ဒီဝတ်စုံဝါနဲ့ အဘိုးကြီးကို လှျို့ဝှက်
အသံလွှင့်ပြီးတော့
ပြောလိုက်ပါတယ်... "အင်း...
ချင်အင်ပါယာရဲ့ နှစ်နိုင်ငံ ချစ်ကြည်ရေး
သံတမန်တွေဟာ ထျန်းကျင်းမြို့ကို
ရက်အနည်းငယ်လောက်တုံးက
ရောက်နေကြတယ်... ယုမိသားစုက
လူတွေများ ပါလာပြီး ဒီကလေးလေး

တွေကလဲ သူတို့ရဲ့ မိသားစုတွေနဲ့
လိုက်လာခဲ့ကြတာများလား?"

ဝတ်စုံအဝါနဲ့ အဘိုးကြီးကလဲ
မျက်တောင်တစ်ချက်မှ မခတ်ပဲနဲ့...
ရှောင်ပုတန်လေးဆီကို
ကြည့်လိုက်ပြီးတော့ ပြုံးကာ
မေးလိုက်ပါပြီ..."ကဲ... မင်းတို့က
ဘယ်လိုလုပ်ပြီးတော့ ဒီကို
ရောက်လာကြတာလဲကွ?"

ရှောင်ပုတန်လေးက
အပြစ်ကင်းစင်စွာနဲ့ပဲ ပြုံးပြီးတော့

ပြန်ဖြေလိုက်ပြီလေ... "အား... ကျွန်တော်နဲ့ ကျွန်တော့်ရဲ့ ကလန်အစ်ကိုတို့က အပြင်ကို အတူထွက်ဆော့ကြရင်း အဝေးကနေ ဂူတစ်လုံးတွေ့လို့ ဝင်ကြည့်မိတာ။ အခုတော့ ပြန်ထွက်လို့ မရတော့ဘူးဗျ... ဘိုးဘိုးကြီးတို့က ကျွန်တော်တို့ကို အပြင်ကို ပြန်ခေါ်သွားပေးပါလား ခင်ဗျာ?"

## စာစဥ် ၄ : အပိုင်း ၁၀

## အပိုင်း ၅၀ : ငြိမ်ငြိမ်နေစမ်း

"အား... ကျွန်တော်နဲ့ ကျွန်တော့်ရဲ့
ကလန်အစ်ကိုတို့က အပြင်ကို
အတူထွက်ဆော့ကြတာပါ...
အဝေးကနေ ဂူတစ်လုံးတွေ့လို့
ဝင်ကြည့်မိတာ။ အခုတော့
ပြန်ထွက်လို့ မရတော့ဘူးဗျ...
ဘိုးဘိုးကြီးတို့က ကျွန်တော်တို့ကို
အပြင်ကို ခေါ်သွားပေးပါလား ခင်ဗျာ?"

မြေအောက်နန်းတော်ကြီးရဲ့
မှောင်မည်းနေတဲ့
ဥမင်လှိုဏ်ခေါင်းထဲမှာ...

ရှောင်ပုတန်လေးရဲ့ ချိုသာတဲ့
ကလေးအသံဟာ ကြွပ်ဆတ်စွာနဲ့ပဲ
လွင့်ပျံလို့ လာခဲ့ပါတယ်။

သူတို့တွေရဲ့ အနောက်ကနေ
တိတ်တိတ်ကလေး လိုက်နေတဲ့
လင်းဖုန်းကလဲ သူ့ရဲ့ခေါင်းကို
ခါယမ်းလိုက်ကာ ပြုံးလိုက်ပါပြီ။
ဒီကောင်လေးက
ချစ်စရာကောင်းအောင် ဟန်ဆောင်ပြီး
အကြောင်ရိုက်တဲ့နေရာမှာ
ဆရာတစ်ဆူ ဖြစ်လို့နေခဲ့ပြီလေ…
စကားအနည်းငယ် ပြောလိုက်ရုံနဲ့ပဲ

ယုကလန် တစ်ခုလုံးကို
ဆွဲထည့်လိုက်နိုင်ပါတယ်။

ဒီမှင်စာလေးဟာ လိမ္မာပါးနပ်ပြီး
ချစ်ခင်နှစ်လိုဖွယ်ရာ
ကောင်းလှပေမယ့်... သူ့တပါးကို
ဘယ်အချိန်မှာ အနှောက်ကနေပြီး
ချောင်းရိုက်ရမလဲ ဆိုတာကို
တွေးနေလောက်ပါပြီ။

အင်း... ငါကလဲ အနာဂတ်မှာ
ဒီကောင်လေးရဲ့ အန္တရာယ်ကင်းပုံ
ပေါက်နေတဲ့ အပြင်ပန်းပုံစံကို

ကြည့်ပြီးတော့ အရှုံးအလုပ်မခံရအောင်
သတိထားမှ ရမယ်... ဒီမှင်စာလေးက
ပြဿနာရှာတဲ့ နေရာမှာတော့
ဘယ်သူမှ လိုက်လို့မမီဘူးဟ။

ရှောင်ပုတန်လေးရဲ့ မေးခွန်းကို
ကြားလိုက်ရတော့... ဒီဝတ်စုံဝါနဲ့
အဘိုးကြီးကလဲ ပြုံးပြီးတော့
ပြန်ပြောလိုက်တယ်... "အေးကွ...
ငါတို့ကလဲ ထျန်းကျင်းမြို့ကို
ပြန်တော့မလို့ပဲ။ မင်းတို့နှစ်ယောက်ကို
အတူခေါ်သွားပေးလို့ ရတာပေါ့။

မင်းတို့ရဲ့ မိသားစုတွေကတော့
စိတ်ပူနေကြတော့မှာပဲဟ..."

စကားဆုံးတာနဲ့ သူ့ရဲ့မျက်လုံးတွေဟာ
ရှောင်ပုတန်လေးရဲ့ အပေါ်မှာ
သေချာစွာနဲ့ စိုက်ကြည့်လို့ နေခဲ့ပါပြီ...
ကျန်တဲ့လူငါးယောက်ကလဲ
အတူတူပါပဲ။

ရှောင်ပုတန်လေးဟာ သူ့ရဲ့
မျက်ဝန်းနက်ကြီးတွေကို
ပုတ်ခတ်ပုတ်ခတ် လုပ်လိုက်ရင်း...
ပျော်ရွှင်မြူးတူးစွာနဲ့ပဲ

ဟစ်ကြွေးလိုက်ပြီလေ… "ဝါး…
ကောင်းလိုက်တာ!"

ဘေးကနေပြီး ကြည့်နေတဲ့
ရှောင်ယန်လေးကလဲ "ငါတို့တော့
လွတ်ပြီ"ဆိုတဲ့ အမူအရာမျိုးကို
ပြသနေခဲ့ပါတယ်။

ရွှမ်ကျိအမတ်ဂေဟာက ကျင့်ကြံသူ
ခြောက်ယောက်တို့ကလဲ သူတို့ရဲ့
ခေါင်းတွေကို လျှို့ဝှက်စွာနဲ့
ညိတ်လိုက်ကြပါပြီ။ ကြည့်ရတာတော့
ဒီကောင်ကလေး နှစ်ယောက်က

ညာနေတာနဲ့ မတူပါဘူး... သူတို့က ယုကလန်ကပဲ ဖြစ်မှာပါ။

ရှောင်ယန်နဲ့ ရှောင်ပုတန်လေးတို့ဟာ ဟိုးအရင်ကတည်းက သဘောတူညီချက် ယူပြီးသားဖြစ်တယ် ဆိုတာကိုတော့ သူတို့က မသိခဲ့ပါဘူး။ တကယ်လို့များ သူတို့က ပြဿနာ တက်ခဲ့လို့ရှိရင် သူတို့ဟာ ယုကလန်ရဲ့ အလံကို ထောင်ပြမယ် ဆိုပြီးတော့ပေါ့။

သူတို့နှစ်ယောက်ဟာ ဇူရီလေးကို
လူချင်းတော့ မတွေ့ဖူးသေးပါဘူး...
ဒါပေမဲ့လည်း လင်းဖုန်းက သူ့ရဲ့ ပုံစံကို
ပြောပြထားတာကို
ကြားဖူးနေတဲ့အတွက်... ဇူရီလေးကို
တစ်ချက်ကြည့်လိုက်တာနဲ့ပဲ
မှတ်မိသွားကြပါပြီ။
ဒီလူခြောက်ယောက်ဟာ
ရွှမ်ကျိအမတ်ဂေဟာက
ဖြစ်ကြသော်လဲ... ဇူရီလေးကို
မိတ်ဆွေမဆန်ကြပဲ တရားခံကို
ဖမ်းခေါ်လာသလိုမျိုးပဲ
ခေါ်ဆောင်လာကြတာပဲ ဖြစ်ပါတယ်။

ဂိုဏ်းတူ ညီအစ်ကိုနှစ်ယောက်တို့ဟာ
အချင်းချင်း ကြည့်လိုက်ကြပြီး...
ညီညွတ်စွာနဲ့ပဲ ဇူရီလေးကို
ကယ်တင်မယ်လို့
ဆုံးဖြတ်လိုက်ကြတယ်လေ။

ဒါပေမဲ့လည်း ဒီလူခြောက်ယောက်ရဲ့
ကြီးမားကျယ်ပြန့်လှတဲ့ မှော်စွမ်းအင်
လှုပ်ရှားမှုက... သူတို့တတွေဟာ
အခြေခံ အုတ်မြစ်အဆင့်က
ကျင့်ကြံသူတွေ ဆိုတာကို
ပြောပြနေခဲ့ပါတယ်။
ခြောက်ယောက်တောင် အတူတူ

ရှိနေတာကို မပြောနဲ့…
တစ်ယောက်ထဲ ဆိုရင်တောင်မှပဲ…
သူတို့နှစ်ယောက်ပေါင်းပြီး
ချတာတောင်မှ နိုင်မှာ မဟုတ်ပါဘူး။

ဝတ်စုံဝါနဲ့ လူကြီးက သူတို့ရဲ့
မိသားစုဟာ ထျန်းကျင်းမြို့မှာ
စောင့်နေတယ် ဆိုတာကို
စဥ်းစားမိတော့…
ရှောင်ပုတန်လေးဟာ ရင်ထဲကနေ
တိတ်တဆိတ်ပဲ ညည်းတွားနေခဲ့ပါပြီ။
သူက ယုကလန်က လူတွေဟာ
မဟာကျိုး အင်ပါယာကို လာခဲ့ပြီး

ထျန်းကျင်းမြို့မှာ ရောက်နေတာကို
မသိခဲ့ပါဘူး။

ရှောင်ယန်ကလဲ သူ့ကို
မျက်စပစ်ပြလိုက်ပြီး...
တည်တည်ငြိမ်ငြိမ်နေဖို့ကို
သတိပေးလိုက်တယ်လေ။
ရှောင်ပုတန်လေးကလဲ
ဟန်ကိုယ်ဖို့လိုက်ပြီး ဇူရီလေးရဲ့
အနားကို သွားလိုက်ကာ ...
စပ်စပ်စုစုနဲ့ မေးလိုက်ပါပြီ... "အား...
အစ်ကိုကြီး... ကိုကြီးကလဲ
အစ်ကိုကြီးရဲ့ အကြီးအကဲတွေနဲ့

အတူလိုက်ပြီးတော့
လှေကျင့်နေတာလားဗျ?"

ဝတ်စုံဝါနဲ့ အဘိုးကြီးကလဲ
ရယ်မောလိုက်ပါတယ်။
တခြားလူတွေကလဲ
ရယ်မောလိုက်ကြပါပြီ။ သူတို့ရဲ့
ပြုံးရယ်နေတဲ့ မျက်နှာတွေဟာ
အတန်ငယ် ထူးခြားနေခဲ့တယ်လေ...
တစ်ယောက်က ရယ်လိုက်ပြီးတော့မှပဲ
ပြောလိုက်ပါတယ်... "ဟဲ့...
ချာတိတ်လေးရ... သူက မင်းတို့နဲ့
မတူဘူးကွ... သူက ဘာမှမဟုတ်ပဲနဲ့...

တာအိုနည်းစနစ်ကို ခွင့်ပြုချက်မရပဲနဲ့ လေ့ကျင့်တဲ့ စာသင်သား တစ်ယောက်ပါပဲကွာ..."

ဒီစကားကို ကြားလိုက်ရတော့... ဇူရီက သူ့ရဲ့ မျက်ခုံးကို ပင့်လိုက်ပြီး တည်ငြိမ်စွာနဲ့ပဲ ပြောလိုက်ပါတယ်... "အင်း... ဒါက ကျွန်တော့်ရဲ့ ကိုယ်ပိုင်ဆန္ဒ မဟုတ်ပေမယ့်... ရလဒ်တွေကို ကြည့်ရခြင်းအားဖြင့် လေ့ကျင့်တယ်လို့တော့ ဆိုနိုင်ပါတယ်..."

ဝတ်စုံဝါနဲ့ အဘိုးကြီးက
မျက်မှောင်အနည်းငယ် ကြုတ်လိုက်ပြီး
ရင်ထဲကနေပဲ ဒေါသ ထောင်းကနဲ
ထွက်သွားခဲ့ပါတယ်။ ဇူရီလေးက
ဟွမ်စန်းဟာ လျှို့ယန်ရဲ့
ခေါင်းတစ်ချက်နဲ့ပဲ
အသတ်ခံလိုက်ရတာကို
ဆိုလိုနေမှန်းကို သူက
သိလိုက်တယ်လေ။

ဒါပေမဲ့ ရှောင်ပုတန်လေးဟာ ဇူရီရဲ့
စကားဟာ ဘာကိုဆိုလိုနေသလဲ
ဆိုတာကို အရေးမထားခဲ့ပါဘူး။

သူ့ရဲ့စိတ်ထဲမှာ သူ့ရဲ့ဆရာဟာ
ဘာဖြစ်လို့များ ဒီဝတ်ရုံစိမ်းနဲ့
စာသင်သားကို
တပည့်တော်ချင်နေရတာလဲ ဆိုတာကို
သိချင်စိတ်တွေ ပြင်းပြနေခဲ့တယ်လေ။

ဒီအချိန်မှာပဲ... တစ်ချိန်လုံး
နှုတ်ဆိတ်နေခဲ့တဲ့ ခရမ်းရောင်
ဝတ်ကောင်းစားလှနဲ့ လူကြီးဟာ...
ခေါင်းမော့လိုက်ပြီးတော့ လေးနက်တဲ့
အသံနဲ့ ပြောလိုက်ပါပြီ... "ဟော့...
ခဏနေကြဦး... တစ်ခုခုတော့
မှားနေပြီဟ..."

အကုန်လုံးကလဲ ရုတ်တရက်
ထိတ်လန့်သွားခဲ့ကြပါတယ်။
ခရမ်းရောင် ဝတ်ကောင်းစားလှနဲ့
သက်လတ်ပိုင်း လူကြီးက ပထမဦးဆုံး
ရှောင်ပုတန်လေးဆီကို
လှမ်းကြည့်လိုက်ပါပြီ... "အင်း...
မင်းက မိုးကြိုးအနွယ်ဝင်
တာအိုနည်းစနစ်ကို
လေ့ကျင့်ထားတာပဲ..." ပြီးမှ
သူ့ရဲ့အကြည့်တွေကို ရှောင်ယန်ဆီကို
ပို့လိုက်ပြီလေ... "မင်းကတော့
မီးအနွယ်ဝင် တာအိုနည်းစနစ်ကို
လေ့ကျင့်ထားတာပဲကွ..."

တခြား အခြေခံ
အုတ်မြစ်အဆင့်ကျင့်ကြံသူတွေကလဲ
တုံပြန်လိုက်ကြပါပြီ... သူတို့ရဲ့
မှော်စွမ်းအင်တွေနဲ့
စုံစမ်းစစ်ဆေးကြည့်လိုက်တော့
အဲ့ဒီအတိုင်း ဖြစ်နေတာကို
သိရှိလိုက်ရတယ်လေ။ သူတို့ရဲ့
မျက်နှာအပေါ်က အမူအယာတွေကလဲ
မှောင်မည်းကာ လာခဲ့ကြပါပြီ။

ဝတ်စုံဝါနဲ့ အဘိုးကြီးက ဖြေးဖြေးချင်းပဲ
ပြောလိုက်ပါတယ်... "အင်း...

ရေအနွယ်ဝင် တာအိုနည်းစနစ်ဖြစ်တဲ့
ရေနတ်ဘုရား ပညာရပ်ဟာ
တစ်ကမ္ဘာလုံးမှာ နာမည်ကျော်တာပဲ...
မင်းတို့နှစ်ယောက်က ဘာဖြစ်လို့
မင်းတို့ကလန်ရဲ့
တာအိုနည်းစနစ်တွေကို
မလေ့လာကြတာလဲကွ?"

ရှောင်ပုတန်လေးနဲ့ ရှောင်ယန်တို့ဟာ
အနည်းငယ် ရင်လေးသွားကြပါတယ်။
သူတို့က သူတို့ရဲ့ အကြံမှာ
အပြစ်အနာအဆာ ရှိလိမ့်မယ်လို့
မတွေးထားခဲ့ကြပါဘူး။

သူတို့နှစ်ယောက်ဟာ လျင်မြန်စွာနဲ့ပဲ
အကြံထုတ်လိုက်ကြပါပြီ...
ရှောင်ပုတန်လေးက
ဟန်ကိုယ်ဖို့ပြီးတော့
ပြောလိုက်ပြီလေ... "အား...
ဆရာသခင်က သင်ပေးတဲ့
တာအိုနည်းစနစ်ကိုပဲ ကျွန်တော်တို့က
သင်ယူရတာလေဗျာ..."

ဝတ်စုံဝါနဲ့ အဘိုးကြီးရဲ့ မျက်နှာဟာ
မှောင်မည်းသွားခဲ့ပါတယ်... "ဟွန့်...
အဓိပ္ပာယ် မရှိတာတွေ...
တကယ်လို့များ မင်းတို့ဟာ

ယုကလန်ရဲ့ တိုက်ရိုက်မျိုးဆက်တွေ ဖြစ်ခဲ့မယ်ဆိုရင် ဘာဖြစ်လို့ အပြင်လူကို ဆရာအဖြစ် မှတ်ယူရမှာလဲဟ?"

"ဟားဟား... ဘာဖြစ်လို့လဲဆိုတော့... သူ့ရဲ့ဆရာက ယုကလန်ထက်တောင် ပိုပြီးတော့ စွမ်းအားကြီးလို့ပဲကွ..."

တည်ငြိမ်နေတဲ့ အသံတစ်သံဟာ လွင့်ပျံကာ လာခဲ့ပါပြီ။ လင်းဖုန်းဟာ ဖြေးဖြေးချင်းပဲ ထွက်လာခဲ့ပြီး

လူတွေအားလုံးရဲ့ အရှေ့ကို
ရောက်ရှိကာ လာခဲ့ပြီလေ။

ရှောင်ပုတန်လေးနဲ့ ရှောင်ယန်တို့ကလဲ
တပြိုင်နက်ထဲ ပြုံးလိုက်ပြီး...
အရိုအသေ ပေးလိုက်ကြပါတယ်...
"အား... မင်္ဂလာပါ... ဆရာသခင်..."

ဝတ်စုံဝါနဲ့ အဘိုးကြီးက
မျက်ခုံးမွှေးတွေကို တွန့်လိုက်ပြီး...
"ဟွန့်... လေလုံးက
ကြီးလှချည်လားဟ... မင်းက
ဘယ်သူများလဲ?"

ဇူရီကလဲ လင်းဖုန်းကို
စိုက်ကြည့်လိုက်ပါပြီ... သူ့ရဲ့
မျက်လုံးတွေမှာ အံ့ဩနေတဲ့
အရိပ်အယောင်တွေကို
တွေ့နေရပေမယ့် ဘာတစ်ခုကိုမှ
မပြောခဲ့ပါဘူး။

သူက ဘာမှ မပြောခဲ့ပေမယ့်
လင်းဖုန်းကတော့ သူ့ရဲ့ဆီကို
ကိုယ်ဘာသာကိုယ်ပဲ
လာခဲ့လိုက်တယ်လေ။ ဇူရီကို အနီးကပ်
အကဲခတ်လိုက်ပြီးမှ

သက်ပြင်းတစ်ချက်ကို ချလိုက်ပါပြီ...
"ဟင်း... ငါက မင်းကို ဟိုတုံးက
လွဲသွားဖို့ နည်းနည်းလေးပဲ
လိုတော့တယ်ဟ... မင်းက တကယ်ပဲ
ပင်းယွင်ရဲ့သားဖြစ်မှန်းကို ငါက
လုံးဝကိုပဲ ထင်မထားခဲ့ဘူးကွာ...
မင်းလေးက ဒီလောက်အထိတောင်
ကြီးလာခဲ့ပြီပဲ..."

ဒီမှတ်ချက်ကြောင့် ဇူရီလေးဟာ
အဲ့ဒီနေရာမှာတင်ပဲ ကျောက်ရုပ်သဖွယ်
ဖြစ်သွားခဲ့ပါတယ်။

အမတ်ဂေဟာက ကျင့်ကြံသူတွေကလဲ
ပဟေဋ္ဌိ ဖြစ်စွာနဲ့ လင်းဖုန်းကို
စိုက်ကြည့်နေခဲ့ကြပါပြီ… ဝတ်စုံဝါနဲ့
အဘိုးကြီးကလဲ မှင်သက်သွားခဲ့ကာ
အံ့ဩတုန်လှုပ်သွားခဲ့တယ်လေ…
"မင်း… မင်းက တကယ်ပဲ
မုန့်ပင်းယွင်ကို သိတယ်?"

လူခြောက်ယောက်ထဲမှာ ဒီအဘိုးကြီး
တစ်ယောက်ကပဲ မုန့်ပင်းယွင်ရဲ့
နောက်ခံကို အနည်းငယ် သိတာပါ။
တခြားလူ ငါးယောက်ကတော့
သူမဟာ ရွှမ်ကျိအမတ်ရဲ့

ကိုယ်လုပ်တော်
တစ်ယောက်အနေနဲ့သာ
သိထားခဲ့ပြီး… သူမရဲ့ နာမည်အရင်းကို
တစ်ခါမှ အလေးမထားခဲ့ကြပါဘူး။

လင်းဖုန်းက ဒီအဘိုးကြီးကို
အရေးတောင် မစိုက်ခဲ့ဘူးလေ…
ဇူရီလေးဆီကိုပဲ စိုက်ကြည့်လိုက်ပြီး…
"ဟင်း… အဲ့ဒီနေ့က
ငါဒီနွေဦးတောင်တန်းကို လာခဲ့တာဟာ
မိတ်ဆွေဟောင်း တစ်ဦးရဲ့ အုတ်ဂူကို
လာလည်တာပဲကွ…
ကံအားလျှော်စွာနဲ့ မင်းကို

တွေ့ခဲ့ပေမယ့် မင်းကို
မမှတ်မိခဲ့ဘူးကွာ..."

"နောက်ပိုင်းမှာ ဘုရားကျောင်းထဲက
ဘုန်းကြီးအိုကြီးကို မေးကြည့်တော့မှ...
မင်းက ပင်းယွင်ရဲ့သားမှန်း
သိလိုက်ရတာကွ..." လင်းဖုန်းကတော့
လေးနက်တဲ့ ခံစားချက်တွေနဲ့
ဆက်ပြီးတော့ ဖောပါတော့တယ်...
"အင်း... မင်းက မင်းမိခင်ရဲ့ အုတ်ဂူကို
ပုံမှန်လာပြီးတော့
လှည်းကျင်းသန့်ရှင်းရေး
လုပ်ပေးတာက အရမ်းကို

ကောင်းတာပါပဲ။ ဒီကမ္ဘာကြီးက
မုန့်ပင်းယွင်ကို
မေ့ပျောက်သွားကြပေမယ့်...
အနည်းဆုံးတော့ သူမက
ဒီကမ္ဘာကြီးပေါ်မှာ တန်ဖိုးရှိတဲ့
အရာတစ်ခုကို ချန်ထားခဲ့တာပဲဟ..."

ဇူရီရဲ့ မျက်လုံးလေးတွေကလဲ
အနည်းငယ် နီရဲလို့ လာခဲ့ပါပြီ။ သူက
ဦးညွှတ်ပြီးတော့မှ ပြောလိုက်ပြီလေ...
"ဟင်း... အမေက အရှင့်ကို
ပြောပြတာ တစ်ခါမှ
မကြားဖူးခဲ့ပေမယ့်...

အမေသေသွားပြီးတာ
ဒီလောက်နှစ်ပေါင်း အများကြီး
ကြာသွားခဲ့တာတောင်... အရင်က
သူမကို မှတ်မိနေသေးတာပဲ။
သူမရဲ့ကိုယ်စား ကျွန်တော်ကပဲ
ကျေးဇူးတင်စကား ဆိုပါရစေခင်ဗျ..."

လင်းဖုန်းရဲ့ မျက်လုံးတွေဟာ
ဇူရီလေးကို
တည့်တည့်စိုက်ကြည့်လိုက်ပါတယ်။
ပြီးတော့မှ ဖြေးဖြေးလေးပဲ
ပြောလိုက်ပါပြီ... "ဟင်း...
အတိတ်တုန်းက ငါကမင်းရဲ့ အမေကို

ကတိတစ်ခု ပေးခဲ့ဖူးတယ်...
မင်းလေးကသာ ဆန္ဒရှိမယ်
ဆိုရင်တော့... ငါကမင်းကို
အမွေဆက်ခံသူအဖြစ် လက်ခံပြီး
ငါမှာသိသမျှတွေကို
သင်ကြားပေးမယ်လို့... မင်းကို
အင်မော်တယ်တို့ရဲ့
လမ်းကြောင်းအပေါ်ကို တင်ပေးပြီး
ထာဝရကမ္ဘာမှာ
အချုပ်အနှောင်ကင်းမဲ့တဲ့ ဘဝမျိုးနဲ့
နေနိုင်အောင်လို့ပေါ့..."

"ကဲ... ဇူရီ... မင်းလေးမှာက
ဆန္ဒရှိသလားကွာ?"

ဇူရီလေးရဲ့ မျက်နှာပေါ်မှာ
လေးလေးနက်နက်နဲ့
ဆင်ခြင်စဉ်းစားနေတဲ့ အမူအရာတွေကို
တွေ့နေရပါပြီ။ လင်းဖုန်းကလဲ သူကို
မလောပဲနဲ့ သူ့နေရာမှာပဲ
တည်ငြိမ်စွာနဲ့ ရပ်နေခဲ့တယ်လေ။

ဒါပေမဲ့လည်း အမတ်ဂေဟာက
ကျင့်ကြံသူတွေကတော့ မပျော်မရွှင်
ဖြစ်ကုန်ကြပါပြီ။ ရှေ့ဆုံးက

အဘိုးကြီးကနေ စပြီးတော့
အကုန်လုံးဟာ လင်းဖုန်းဆီကို
ဒေါသကြီးစွာနဲ့ စိုက်ကြည့်နေကြပြီး
ကျယ်လောင်စွာနဲ့
မြည်တွန်တောက်တီး ကုန်ကြပြီလေ။

"ဟွန့်... သခင်လေးရီက
ရွှမ်ကျိအမတ်ရဲ့ သားဖြစ်တယ်။ သူက
ဘယ်သူ့ကို ဆရာတော်ရမယ်...
သူ့ရဲ့အနာဂတ်မှာ ဘယ်လမ်းကို
လျှောက်ရမယ်... သူဘယ်ဘဝမျိုးကို
လျှောက်လှမ်းရမယ် ဆိုတာကို
အမတ်ကပဲ ဆုံးဖြတ်နိုင်ခွင့်ရှိတယ်။

သခင်လေးဇူ လုပ်ရမှာက အမိန့်ကို
နာခံဖို့ပဲ... ကျုပ်တို့ကတော့ အမတ်ရဲ့
အစီအစဉ်တွေကပဲ အကောင်းဆုံး
ဖြစ်လိမ့်မယ်လို့ ထင်ကြတယ်ဗျ..."

"ရှမ်ကျိအမတ်... အမတ်ဇူဟာ
သူ့ရဲ့ဖခင်ဖြစ်တယ်။ မုန့်ပင်းယွင်ဟာ
အချိန်အကြာကြီး ကတည်းက
သေသွားတာကို ထည့်မတွက်နဲ့ဦး...
သူမက
အသက်ရှင်နေသေးရင်တောင်မှပဲ
သူမဟာ အမတ်ရဲ့ဘေးက
မောင်းမမိသံ

တစ်ပါးမျှသာဖြစ်တယ်... သူမကလဲ အမတ်ရဲ့ ဆုံးဖြတ်ချက်တွေကို ဝင်ရောက်စွက်ဖက်ပိုင်ခွင့် မရှိဘူးကွ!"

"အမတ်ဟာ ငါတို့ ကျိုးအင်ပါယာရဲ့ မိုးကောင်ကင်ကို ထောက်ပေးထားတဲ့ ထောက်တိုင်ကြီးဖြစ်ပြီး... ပင်လယ်အပေါ်က ရွှေရောင်တံတားကြီး ဖြစ်တယ်။ သူက ရွှမ်ကျိအမတ် ဂေဟာရဲ့ အကြီးအမှူးဖြစ်ပြီး... ဒီအမတ်ဂေဟာ အတွင်းက ပုဂ္ဂိုလ်ရေး မှန်သမျှဟာ အမတ်ရဲ့ အစီအစဉ်

ဆုံးဖြတ်ချက်တွေအတိုင်း
လိုက်နာရမှာပဲဖြစ်တယ်...
ဒါမှမဟုတ်ရင် ကောင်းကင်ကို
ဆန့်ကျင်တဲ့လူတွေဟာ ကောင်းကင်ရဲ့
အမျက်ပြစ်ဒဏ်ကို ခံရမှာပဲကွ!"

"ဟော့... တာအိုဆရာ... ခင်ဗျားက
မြန်မြန်သာ ထွက်သွားလိုက်စမ်းပါ။
ကမ္ဘာကြီးက ကျယ်တယ်ဆိုပေမယ့်...
ခင်ဗျားက ရွှမ်ကျိအမတ်ကို
ရန်စမိလို့ရှိရင်... ခင်ဗျားအတွက်
ပုန်းဖို့နေရာ ရှိမှာမဟုတ်ဘူး!"

လင်းဖုန်းကတော့ သူတို့ကို
လှည့်တောင်မှ မကြည့်ခဲ့ပါဘူး... သူ့ရဲ့
မျက်လုံးတွေကို ဇူရီလေးရဲ့ အပေါ်မှာပဲ
တစ်ချိန်လုံး အာရုံစိုက်ထားခဲ့တာပါ။
ဒီအချိန်မှာတော့ သူက
ခေါင်းကိုလှည့်လိုက်ပြီး
စိတ်မဝင်စားစွာနဲ့ပဲ ကြည့်လိုက်ပါပြီ။

"ဟော့... ငါက တခြားလူနဲ့
စကားပြောနေတုံးမှာ
တိတ်တိတ်နေကြကွ..."

စကားဆုံးတာနဲ့ လင်းဖုန်းဟာ
သူ့ရဲ့လက်ကို သာမာန်သာ
ဝှေ့ယမ်းလိုက်ပါတယ်။
စူးရှတောက်ပနေတဲ့
ရွှေရောင်အလင်းတန်းတွေဟာ
လေပေါ်ကို ပျံတက်သွားပြီး...
ဒီဥမင်လှိုဏ်ခေါင်း တစ်ခုလုံးကို
လင်းလက်တောက်ပစေခဲ့ကာ...
ဒီနေရာ တစ်ခုလုံးကို အဆုံးအစမရှိတဲ့
မှော်စွမ်းအင်တွေနဲ့ ဖုံးလွှမ်းစေခဲ့ပြီလေ။